# ပန်းစကြာ ဓားသမား

တက္ကသိုလ် ဝင်းကြွယ်



# ပန်းစကြာ ဓားသမား

တက္ကသိုလ် ဝင်းကြွယ်

စာစဉ် (၁)

## "အခန်း–၁"

'မဆိုင်ရင်ဝင်မရှုပ်နဲ့၊ ဇက်ပြုတ်သွားမယ်၊ မိုးဘုရင်ကျူးစွန့်ရွှေကို မကြားဖူးကြဘူးလား'

အော်ငေါက်ဟိန်းဟောက်လိုက်သံက ယန်စီကျန်မြစ်ယံတခုလုံး လွှမ်းသွားသည်။

အချိန်ကနံနက်ခင်းလင်းစ။ ဟူပေနယ်ကျယ်ကွေးမြို့ ယန်စီကျန်မြစ်ကမ်းတစ်လျှောက်တွင် နဂါးလှေများက ငှက်တောင်စိုက်သလို အစီအရီ ဆိုက်ကပ်ထားကြသည်။ ဟိန်းဟောက်သံ ထွက်ပေါ်လာသည်က ရိုးရိုးသာမန် လှေတစီးပေါ်မှ မဟုတ်။ အချွန်အတက်၊ အပြောက်အမွှမ်းတို့ဖြင့် လှပခံ့ငြားသော အပျော်စီးလှေတစင်းပေါ်မှဖြစ်သည်။ ထိုလှေပေါ်တွင် လူကြီး၁၂ယောက်တို့က လက်နက်အသီးသီး ကိုင်ဆောင်ကာ လှုပ်ရှားနေကြသည်။ လှေပေါ်တွင် သူတို့အား ခုခံနိုင်သူ တဦးတယောက်မျှမရှိကြ။

'ဝုန်း ..'

အခိုင်းအစေဖြစ်ဟန်တူသူ အမျိုးသမီးလေးတယောက်မှာ လူကြီးတယောက်၏ ကန်ကျောက်လိုက်ခြင်းကြောင့် ရေထဲသို့ ပြုတ်ကျလွင့်စဉ်သွားသည်။ လှေပေါ်ရှိလူများမှာ ရုတ်တရက်မထင်မှတ်ဘဲ ဖြစ်ပေါ်လာသော အခြေအနေကြောင့် အံ့အားသင့်နေကြသည်။ မိုးဘုရင်ကျူးစွန့်ရွှေ ဆိုသောအမည်နာမကြောင့်လဲ အကြီးအကျယ်ပင် ထိတ်လန့်တုန်လှုပ်နေကြသည်။ ဓါးကိုင်ထားသော လူ သန် ကြီး၂ယောက်က လှေကုန်းပတ်ပေါ်တွင် စောင့်ကြပ်နေကြပြီး ကျန်လူ၁၀ယောက်က လှေဝမ်းထဲသို့ ဝင်သွားကြသည်။

'အား...'

လှေဝမ်းထဲမှ စူးစူးဝါးဝါးအော်ဟစ်သံတသံ ထွက်ပေါ်လာသည်။ ထို့နောက်တခဏမျှငြိမ်သက်သွားသည်။ လူ သန် ကြီး၁၀ယောက်တို့မှာ လှေကြီးကို အပိုင်ဝင်စီးနိုင်ပြီမို့ လှေဝမ်းထဲမှပစ္စည်းများကိုယူရန် အလျှင်အမြန်ရှာဖွေကြသည်။ ထိုစဉ်လူရိပ်၄ရိပ်က ရုတ်တရက်ထိုလှေကြီး၏ကုန်းပတ်ပေါ်သို့ရိပ်ခနဲရောက်လာကြ သည်။ အစောင့်လူသန်ကြီး၂ယောက်တို့ စိတ်ထဲတွင် ထိတ်ခနဲဖြစ်ကာ ရောက်လာသူ၄ယောက်ကို ကြည့်လိုက်မိသည်။ အသက်၂၀ ဝန်းကျင်လူငယ်၄ယောက်။ တယောက်မှာ ဝတ်စုံဖြူကိုဝတ်ဆင်ကာ စာပေလင်္ကာသမားအသွင်ရှိနေပြီး တယောက်က အရပ်ရှေရှေပိန်ပိန်သွယ်သွယ်။ ကျန်၂ယောက်ကား သာမာန်သိုင်းဝတ်စုံဝတ်ဆင်လျှက် ဒေါသအရိပ်အရောင်များလွှမ်းနေသည်။ လူ သန် ကြီး၂ယောက်မှာ ပထမတွင်စိုးရွံ့ထိတ်လန့်သွားမိကြသော်လည်း လူငယ်ကလေးများ ဖြစ်နေသည်ကိုတွေ့ရသဖြင့် ထီမထင်သည့်ဟန်ဖြင့် ဒေါသထွက်သွားကြသည်။

'မင်းတို့ဘယ်ကကောင်လေးတွေလဲ၊ အသက်မသေချင်ရင် လှေပေါ်ကအမြန်ဆင်းသွားကြစမ်း'

လူ သန် ကြီး၁ယောက်က မာန်ပါပါဟိန်းဟောက်သည်။

လူငယ်၄ယောက်မှာ ထိုသူအားတည်ငြိမ်စွာ စူးစိုက်ကြည့်နေကြသည်။ စာပေလင်္ကာသမားလူငယ်က မျက်ရိပ် တချက်ပြလိုက်သည်နှင့် လူငယ်၃ယောက်လှစ်ခနဲလှုပ်ရှားကာ လှေဝမ်းဗိုက်ထဲသို့ပြေးဝင်သွားကြသည်။ လျှက်ပြက်သည့် အလား သွက်လက်မြန်ဆန်လွန်းသဖြင့် အစောင့်လူ သန် ကြီး၂ယောက်မှာ မယုံကြည်နိုင်အောင် မျက်လုံးမျက်ဆံ ပြူးမိကြသည်။

'ခင်ဗျားတို့က မိုးဘုရင်ကြီးကျူးစွန့်ရွှေရဲ့လူတွေဆိုတော့ လူတွေအများကြီးသတ်ဖူးမှာပေါ့'

စာပေလင်္ကာသမားလူငယ်က မေးသည်။အစောင့်လူ သန် ကြီးတယောက်က ယခုမှသတိဝင်လာဟန်ဖြင့်

'ဟုတ်တယ်၊ လူ၁၀၀လောက်သတ်ခဲ့ဖူးပြီးပြီ၊ အခုမင်းတစ်ယောက် ထည့်ပေါင်းလိုက်ရင်တော့ တရာ့တယောက်ပေါ့'

ပြောပြောဆိုဆိုပင် လူသန်ကြီး၂ယောက်က ဓါးကိုယ်စီကိုင်ကာ ပြေးတက်လာကြသည်။ စာပေသမားလူငယ်က ဆောင်ဓါးကို အသာအယာဆွဲထုတ်ပြီး ပြေးတက်လာသည့် လူ၂ယောက် ကြားသို့တိုးဝင်ကာ ညာလက်ကိုဆတ်ခနဲ၂ချက် လှုပ်ရမ်းလိုက်သည်။ တဆက်တည်းပင်နောက် သို့လှည့်မကြည့်ပဲ လှေဝမ်းထဲသို့ဝင်သွားသည်။ အစောင့်လူသန် ကြီး၂ယောက်ကား အံ့အားသင့်တုန်လှုပ်ခြင်းကြီးစွာ မျက်လုံးများပြူးကျယ်ဝိုင်းစက်လျှက် လည်ပင်းမှ သွေးငေါက်ငေါက် ပန်းထွက်လျှက် လှေကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသေဆုံးသွားကြတော့သည်။ စာပေသမားလူငယ် လှေဝမ်းထဲသို့ ဝင်လိုက်လျှင်အဝ၌ လူသန်ကြီး၂ယောက်က ဆီးကြိုတိုက်ခိုက်ပြန်သည်။ စာပေသမားလူငယ်က ကိုယ်ခန္ဓာကို

သစ်ရွက်လေးတစ်ရွက်လို ပေါ့ပါးစွာလှုပ်ရှားရှောင် တိမ်းလိုက်သည်။ ညာလက်ကလည်း အလိုက်သင့်ပင် ဓားရှည်ကို ဝှေ့ယမ်းသည်။

'အား...'

'အား...'

လူသန်ကြီး၂ယောက် ကျဆုံးသွားရပြန်သည်။ စာပေသမားလူငယ်က လှေဝမ်းထဲကို အကဲခတ်ကြည့်ရှုလိုက်သည်။ စောစောကလူ၃ယောက်မှာ လှေဝမ်းဗိုက်တနေရာတွင် တည်ငြိမ်စွာ ရပ်နေကြသည်။ လူသန်ကြီး ၈ယောက်အနက် ၆ယောက်မှာ လှေပေါ်ရှိမိသားစုများကို ချုပ်ကိုင်လျှက် ရွှေငွေပစ္စည်းများ လုယက်နေကြသည်။ လူသန်ကြီး၂ယောက်မှာမူ တည်ငြိမ်စွာပင် ထိုင်လျှက်ရှိနေကြသည်။ ထိုင်နေသူ၂ယောက်မှာ တယောက်က ရွှေရောင်တောက်ပသော ပုဆိန်ကြီး၂လက်ကို ကိုင်ဆောင်ထားပြီး တယောက်ကလှံတံရှည်ကို ကိုင်ထားကြသည်။ စာပေသမားလူငယ်တို့ ၄ယောက်ကိုလည်း တအံ့တသြကြည့်နေကြသည်။

စာပေသမားလူငယ်ကရွှေပုဆိန်၂လက်ကိုင်ထားသူကိုလက်သီးဆုပ် အရိုအသေပြုပြီး...

'ကောင်းသောနံနက်ခင်းပါ'

လှံတံကိုင်သူ၏မျက်နှာထားကခက်ထန်မာကျောသွားသည်။

'မင်းတို့ဘာဝင်ရှုပ်တာလဲ၊ ငါတို့ဘယ်သူတွေဆိုတာသိရဲ့လား'

စာပေသမားလူငယ်ကအပြုံးမပျက်ပင်ရွှေပုဆိန်၂လက်ကိုင်ဆောင်ထားသူကို လက်ညှိုးညွှန်ကာ...

'ခင်ဗျားကစွဲကျင်းယင်းမဟုတ်လား'

လှံတံရှည်ကိုင်ထားသူဒေါပွသွားသည်။

'မင်းကိုငါမေးနေတာ၊ ငါ့ကိုရောမင်းသိသလား'

စာပေသမားလူငယ်ကလှံတံရှည်ကိုင်ထားသူဘက်သို့လှည့်ကာ... .

'ခင်ဗျားကကျန့်ချီလီ၊ လှံရောက်လူသေကျန့်ချီလီမဟုတ်လား'

'ဟုတ်တယ်၊ မင်းတို့ဒီကိုဘာလာလုပ်ကြတာလဲ'

ရွှေပုဆိန်၂လက်စွဲကျင်းယင်းကဦးခေါင်းကိုမော့လိုက်ကာ. ..

'သူတို့ဒီကိုအသတ်ခံဖို့လာခဲ့ကြတာပဲ'

လှံရောက်လူသေ ကျန့်ချီလီက ကျေနပ်သဘောကျစွာ ရယ်မောလိုက်သည်။ စောစောက မှင်တက်မိနေကြသော လူသန်ကြီးများသည်လည်း ပြန်လည်အသက်ဝင်လာကြသည်။ စာပေသမားလူငယ်ကို သေလူဟုသဘောထားကာ လှေဝမ်းထဲမှ ရွှေငွေပစ္စည်းများ လုယူရန်ဟန်ပြင်ကြသည်။ သို့သော် သူတို့စိတ်ထင်တိုင်းမလှုပ်ရှားနိုင်ကြ။ တဒင်္ဂအတွင်းမှာပင် သူတို့၏ဘယ်လက်များ လှုပ်ရှားမှု ရပ်တန့်သွားကြသည်။ နွားမွေးကဲ့သို့ သေးမျှင်သော အပ်ချောင်းကလေးများ လက်ထဲတွင် စိုက်ဝင်နေသည်ကို တွေ့လိုက်ကြရသည်။ ကျန့်ချီလီမျက်နှာ ကွက်ခနဲပျက်သွားသည်။ စွဲကျင်းယင်းမှာ မျက်မှောင်ကိုသာ ကြုတ်လိုက်မိတော့သည်။ စာပေသမားလူငယ်တို့ လေးယောက်ရောက်လာကတည်းက သူမျက်တောင်မခတ်တမ်း ကြည့်ရှုခဲ့သည်။ စာပေသမားလူငယ်အနီးမှ မျက်နှာသွယ်သွယ်၊ မိန်ကလေးတယောက်ကဲ့သို့ ပျော့နွဲ့နွဲ့ချောမောသော လူငယ်ကလေးက မည်ကဲ့သို့လက်ထုတ်လှုပ်ရှားကာ လက်နက်ပုန်းဖြင့် ပစ်လွှတ်လိုက်သည်ကို စွဲကျင်းယင်းမသိလိုက်ပေ။

စာပေသမားလူငယ်ကရယ်ပြုံးကာလက်နက်ပုန်ပစ်လွှတ်ခဲ့သူလူငယ်ဘက်ကိုလက်ညှိုးညွှန်ပြလျှက်....

'သူကကျုပ်သူငယ်ချင်း ထန်လို၊ တုကျုံးနယ် ထန်မိသားစုထဲက လူတယောက်ပဲ၊ ထန်မျိုးဆက်အကြောင်း ခင်ဗျားတို့ကြားဖူးကြမှာပေါ့'

စာပေသမားလူငယ်၏ စကားအဆုံးတွင် လက်နက်ပုံးထိမှန်ခံရသူအသီးသီးမှာ ကြောက်ရွံ့ခြောက်ခြားကာ လက်နက်ပုန်းအပ်ကလေးများကို အလျင်အမြန်ဆွဲနှုတ်ကြတော့သည်။ တုကျုံးနယ် ထန်မျိုးဆက်ကား သိုင်းလောကတွင် လက်နက်ပုန်းနှင့်ပတ်သက်လျှင် ထိတ်ထိတ်ကြဲ သိုင်းဂိုဏ်းကြီးတဂိုဏ်း ဖြစ်ပေသည်။ အဆိပ်ပညာတွင်လည်း နံ့စပ်ကျွမ်းကျင်ကြသဖြင့် မိုးဘုရင်ဓားပြများ ချောက်ချားထိတ်လန့်စွာ လက်နက်ပုန်းများကို ဆွဲနုပ်လိုက်ကြခြင်းဖြစ်သည်။

စာပေသမားလူငယ်က အရယ်အမောမပျက်ပင်...

'ဟဲ ဟဲ ဟဲ...ခင်ဗျားတို့ ဒီလောက်လဲ ထိတ်လန့်ကြောက်ရွံ့ မနေကြပါနဲ့၊ ညီလေးထန်လိုက လက်နက်ပုန်းမှာ အဆိပ်ထည့် မသုံးတတ်ပါဘူး'

လက်နက်ပုန်းအထိခံရသူ ခြောက်ယောက်မှာ သည်တော့မှ သက်ပြင်းကို ကျိတ်၍ချလိုက်မိကြသည်။ ကျန့်ချီလီမှာ သည်းမခံနိုင်လောက်အောင် ဒေါသဖြစ်လာပြီး လှန်ရှည်ဖြင့် ထန်လို၏လည်မျိုကို အမှတ်မထင် တဆုံးထိုးသွင်းလိုက်သည်။ လုံတံက မြားတစင်းအလား တိုးဝင်ကာ ထန်လို၏လည်မျိုကို ထိုးဖောက်တော့မည်။ ထိုစဉ် လက်တစုံကလှစ်ခနဲ တိုးဝင်လာပြီး ကျန့်ချီလီ၏ လှံတံကို ဖမ်းကိုင်ထားလိုက်သည်။ ကျန့်ချီလီ ရုန်းသည်။ တတောင်ဆစ်ကိုနိမ့်ပြီး ပြောင်းပြန်ထိုးသည်။ လက်နှစ်ဖက်ကား လှံရှည်ကို မိမိရရ ဖမ်းချုပ်မြဲ ဖမ်းချုပ်ထားသည်။ ကျန့်ချီလီ ရင်ထဲ ထိတ်သွားသည်။ လှံရှည်ကို အတင်းဆွဲနုတ်သည်။ ကြီးမားသော ကျောက်တောင်ကြီး အောက်တွင် အပိခံနေရသည့်အလား လှံရှည်က ဆွဲနုတ်၍မရ။ ခေါင်းမော့ကြည့်လိုက်လျှင် အရပ်ရှည်ရှည်၊ပိန်ပိန်သွယ်သွယ် လူငယ်တယောက် ပြုံးလျှက်ကြည့်နေသည်ကို မြင်လိုက်ရသည်။

စာပေသမားလူငယ်က အရပ်ရှည်ရှည်လူငယ်ကို ဦးတည်ကာ...

'သူလဲကျုပ်သူငယ်ချင်းပဲ၊ကျိုကျူးချောက်လန်လို့ခေါ်တယ်၊ ဖမ်းချုပ်လက်သိုင်းနဲ့ ပတ်သက်ရင် သူ့မတူအောင် ထူးချွန်တယ်'

စာပေသမားလူငယ်၏ စကားအဆုံးမှာပင် ကျိုကျူးချောက်လန်က လှံတံကို လက်နှစ်ဖက်ဖြင့် ထိန်ညှပ်ထားရာမှ ဆွဲချိုးပစ်လိုက်သည်။

'ဖြောင်း'

တဆက်တည်းပင် ရှေ့သို့တက်လှမ်းကာ ကျန့်ချီလီအား လက်နှစ်ဖက်ဖြင့် ဝင်ရောက်တိုက်ခိုက်တော့သည်။ တိုင်းကွက် ၃ကွက်သာ ထုတ်ရသေးသည်။ ကျန့်ချီလီမှာ ကျိုကျူးချောက်လန်၏ ထိန်ချုပ်ခြင်း ခံလိုက်ရတော့သည်။ သူ့ပခုံး၊ ကျောပြင်၊ ခါးဆစ်၊ ဆီးစပ် ထိုင်နေရာကို ကျိုကျူးချောက်လန်က လျှက်ပြက်သကဲ့သို့ ဖမ်းကုတ်ထားလိုက်သည်။

ကျိုကျူးချောက်လန်က ရယ်မောလိုက်ကာ...

'ဒါ မိုးနန်းတောင်ဂိုဏ်းရဲ့ ရစ်ပတ်ချည်မျှင်ဖမ်းချုပ် လက်သိုင်းကွက်ပဲ၊ မှတ်ထားနော်'

ကျန့်ချီလီ ဘာမျှ ပြန်မပြောနိုင်။ ကျိုကျူးချောက်လန်၏ ထိန်ချုပ်မှုအောက်တွင်သာ မလှုပ်မယှက် ခံနေရတော့သည်။

စာပေသမားလူငယ်က ရွှေပုဆိန်၂လက် စွဲကျင်းယင်းကို ကြည့်ကာ....

'ကျုပ်မှာ နောက်ထပ် သူငယ်ချင်းတယောက် ရှိသေးတယ်၊ သူက ဟိုင်နန်ဓားဂိုဏ်းက တိန်ယိဟန်လို့ ခေါ်ပါတယ်၊ သိုင်းလောကသားတွေဟာ ဟိုင်နန်ဓားဂိုဏ်းကလူတွေကို လက်ရှောင်တတ်ကြတယ်ဆိုတာ ခင်ဗျားသိပါတယ်၊ သူတို့က မလိုအပ်ရင် လက်မလှုပ်ဘူး၊ လက်လှုပ်တာနဲ့ အသက်တချောင်း ဆုံးရှုံးသွားတတ်ကြတယ်ဆိုတာ သိုင်းလောကသားတိုင်း သိကြပါတယ်'

စာပေသမားလူငယ်၏ နောက်နားတွင်ရပ်နေသည့် ငွေရောင်အင်္ကျီ ဝတ်ဆင်ထားသူလူငယ်က ရှေ့သို့ တိုးထွက်လာသည်။ စွဲကျင်းယင်း မျက်လုံးဝေ့ကြည့်လိုက်သည်။ သူ့စိတ်ထဲတွင် တစုံတရာကို ဆုံးဖြတ်ပြီးသည့်အလား ပုဆိန်၂လက်ကို ဝင့်မြှောက်ကာ တိန်ယိဟန်အား ရုတ်တရက် ခုတ်ပိုင်းချလိုက်လေသည်။ စွဲကျင်းယင်း၏ ပုဆိန်၂လက်က တိန်ယိဟန်အား ဦးတည်နေရာမှ လမ်းခုလတ်တွင် ရုတ်တရက် ဦးတည်ချက် ပြောင်းသွားသည်။ ဤလူငယ် ၄ယောက်ထဲတွင် စာပေသမား လူငယ်မှာ ခေါင်းဆောင်တယောက်ဖြစ်လိမ့်မည်ဟု သူမှတ်ထင်ထားသည်။ ထိုလူငယ်ကို အလျင်ဆုံး နှိမ်နင်းနိုင်မှသာ ထန်လို၊ ကျိုကျူးချောက်လန်နှင့် တိန်ယိဟန်တို့အား ထိန်းချုပ်နိုင်မည်ဟု သူတွက်ဆထားသည်။ ထို့ကြောင့် ပုဆိန်ခုတ်ချက်ကို တိန်ယိဟန်ထံသို့ ဦးတည်နေရာမှ အမှတ်မထင် လမ်းခုလတ်တွင် စာပေသမားလူငယ်ထံသို့ ပြောင်းလဲတိုက်ခိုက်လိုက်တော့သည်။

စာပေသမားလူငယ်၏မျက်နှာ တချက် တင်းခနဲ ဖြစ်သွားသည်။ ညာလက်မှ ဓားရှည်ကိုလည်း ရုတ်တရက် ဝေ့ယမ်းလှုပ်ရှားလိုက်သည်။ ဓားအလင်းရောင်က ရေလှိုင်းများသဖွယ် တရိပ်ရိပ်ထသွားသည်။

'ထန်း...ထန်း'

စွဲကျင်းယင်း၏ပုဆိန်ချလက်နှင့် ထိပ်တိုက်တွေ့သွားသည်။ စွဲကျင်းယင်း လက်ခွကြားတွင် ထုံကျင်ကာ ပုဆိန်ချလက်၏ ဦးတည်ရာလမ်းကြောင်း ဖျက်ထုတ်ခံလိုက်ရသည်။ စာပေသမား လူငယ်၏ နောက်ဆက်တွဲ ဓားတိုက်ကွက် ရောက်မလာမီ စွဲကျင်းယင်းမှာ မာန်သွင်း အော်ဟစ်ကာ လှေကြီး၏ အပြင်ဘက်သို့ ခုန်ထွက်လိုက်သည်။ သူ့ခန္ဓာကိုယ် တချက်လှုပ်သည်နှင့် ကျိုကျူးချောက်လန်ကလည်း ကျန့်ချီလီကိုယ်ပေါ်မှ သွေးကြောကွက်၁၂ကွက်ကို ထိုးပိတ်ထားလိုက်သည်။ ထန်လိုကလည်း လျှပ်ပြက်သလို ဘယ်လက်ကို လှုပ်ရှားလိုက်သည်။

'ဝှစ်...ဝှစ်...ဝှစ်'

အေးစိမ့်သော လေပြည်တချက် တိုက်ခတ်သွားသလို ကြယ်ပျံ လက်နက်ပုံး ၇ခုက စွဲကျင်းယင်းထံသို့ တန်းခနဲ ပြေးဝင်သွားသည်။ စွဲကျင်းယင်း တကိုယ်လုံး ပုဆိန်ရိပ်များ ဖုံးလွှမ်းအောင် ကာရံထားလိုက်သည်။

'ထန်...ထန်...ထန်'

ကြယ်ပျံ လက်နက်ပုန်းများ ရွှေပုဆိန်ဖြင့် ရိုက်ဖယ်ခံလိုက်ရသည်။ လက်နက်ပုန်းတခုက လှေပိုင်ရှင်သဌေးကြီးထံသို့ ဦးတည်လွင့်စဉ်သွားသဖြင့် စာပေသမားလူငယ် ရိပ်ခနဲခုန်ပျံကာ သဌေးကြီး၏ဦးခေါင်းကို လက်ဖြင့် နှိမ့်ချရှောင်တိမ်း ပေးလိုက်ရသည်။ မိုးဘုရင်ကြီး၏ လူသန်ကြီးတယောက်မှာမူ ရှောင်တိမ်းခြင်း မပြုနိုင်ပဲ နဖူးတည့်တည့်တွင် ကြယ်ပျံ လက်နက်ပုန်း စိုက်ဝင်ကာ လဲကျသေဆုံးသွားသည်။ ထိုအချိန်မှပင် တိန်ယိဟန်က ရုတ်တရက် ခုန်ပျံကာ စွဲကျင်ယင်းနောက်သို့ လိုက်ပါသွားသည်။ တဆက်တည်းပင် ဓားရောင်တချက် ပြက်ခနဲ လက်သွား၏။

'အား..'

စွဲကျင်းယင်း၏ ဘယ်ဘက်ပေါင်တွင် ဓားဒဏ်ရာတချက် ထိသွားသည်။ သို့တိုင် သူ့တွင် လှေအပြင်ဘက်သို့ ခုန်ထွက်နိုင်သည့်အင်အား ရှိနေသေးသည်။ ကျိုကျူးချောက်လန်က သူ့ထက်လျင်သည်။ စွဲကျင်းယင်း လှေပေါ်မှ ခုန်ဆင်းဟန်ပြင်လိုက်စဉ် အလျင်ဖမ်းဆွဲထားလိုက်ရသည်။ စွဲကျင်းယင်း လှေကြမ်းပြင်ပေါ်သို့ ပြန်ကျသည်။ ကျကျခြင်း ညာခြေဖြင့် ပတ်ကန်သည်။ ကျိုကျူးချောက်လန်လည်း ရုတ်ခြည်းပင် သူ့လက်ချဖက်ကို ဖမ်းချုပ်လိုက်ပြန်သည်။ စွဲကျင်းယင်း အတင်းရုန်းသည်။ မရ။ ကျိုကျူးချောက်လန်က သူ့တကိုယ်လုံးကို ဖမ်းချုပ်ထားလိုက်သည်။

'ခင်ဗျားတို့ဂိုဏ်းချုပ် မိုးဘုရင်ကျူးစွန့်ရွှေ အခုဘယ်မှာလဲ'

စွဲကျင်းယင်း မဖြေ။ ကျန့်ချီလီမှာလည်း သွေးကြောပိတ် ခံထားရသဖြင့် နေရာတွင် တောင့်တောင့်ကြီးဖြစ်ကာ မျက်လုံးပိတ်ထားသည်။ သူတို့နောက်လိုက်များကား အလျှိုအလျှို ထွက်ပြေးသွားကြလေပြီ။ စာပေသမားလူငယ်က ထိုသူများ ထွက်ပြေးသွားကြသည်ကို မတားဆီး။ သူတို့မှတဆင့် မိုးဘုရင် ကျူးစွန့်ရွှေ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် လွှတ်ပေးလိုက်ခြင်းလည်း ဖြစ်၏။ လှေဝမ်းထဲတွင် ရွှေငွေရတနာများက ပြန့်ကြဲနေသည်။ သန့်ပြန့်ရည်မွန်သော လူငယ်တယောက်၏ ကျောပေါ်တွင် ဓားဒဏ်ရာတချက် ရရှိနေပြီး ထိုဒဏ်ရာမှ သွေးများ တစိမ့်စိမ့် ကျနေသဖြင့် အင်္ကျီ တခုလုံး ရဲရဲနီနေသည်။ စောစောက စာပေသမားလူငယ်က ကြယ်ပျံလက်နက်ပုန်း ထိမှန်မခံရအောင် ကယ်တင်ပေးခဲ့သော သဌေးကြီးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်နေ၏။ အသက်ဖိဝခန့်ရှိပြီဖြစ်သလို သဌေးကြီး၏သွင်ပြင်က အိုစာရုပ်ပေါက်နေသည်။ စာပေသမားလူငယ်အနီးသို့ ပြေးကားဒူးတုပ်လိုက်ပြီး ရှိခိုးဟန်ပြင်သည်။

စာပေသမားလူငယ်က ပျာပျာသလဲပင်...

'ဦးလေး...ဦးလေး၊ ဒီလိုမလုပ်နဲ့လေ'

'ကျုပ်..ကျုပ်အသက်ကို ကယ်ခဲ့တာ ကျေးဇူးတင်လွန်းလို့ပါ၊ ပြီးတော့ ကျုပ်တသက်လုံး ပင်ပင်ပမ်းပမ်း ရှာဖွေထားခဲ့ရတဲ့ ဒီငွေတွေကို ဓားပြတွေ လုယူကြမလို့၊ မောင်ရင်လေးတို့က ကူညီခဲ့လို့ ကျုပ်..ကျုပ် ရှိခိုးပြီး ကျေးဇူး ဆပ်ပါရစေ'

စာပေသမားလူငယ်က သဌေးကြီးကိုအလျင်အမြန်ပင် တွဲထူပေးလိုက်သည်။ လှေဝမ်းဗိုက်ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲနေသော ငွေတုံး၊ရွှေတုံးများကိုလည်း မျက်စိကစားကြည့်လိုက်သည်။ ငွေတုံးများပေါ်တွင် နဝှာဟူသောစာတလုံး ထွင်းထုထားသည်ကို တွေ့ရသည်။

'ဦးလေးက နဝှာအမျိုးအနွယ်လား'

သဌေးကြီး ရုတ်တရက် ငေးကြောင်သွားပြီး....

'ဟုတ်ပါတယ်၊ ကျုပ်ကနဝှာမျိုးဆက်ပေါ့၊ နဝှာလောင်ကြွင်း လို့ခေါ်ပါတယ်။ ဟန်ကြူးနယ်သားတယောက်ပါ၊ မောင်ရင်လေးက ကျုပ်အကြောင်း ဘယ်လိုများသိထားလို့ပါလဲ'

စာပေသမားလူငယ် ဘာမျှပြန်မပြော။ သူ့စိတ်ထဲတွင် နဲ့လောင်ကြွင်းကို လောဘကြီးပြီး ကပ်စေးနဲသူတယောက်ဟု ယုံကြည်သတ်မှတ်လိုက်သည်။

သင်္ဘေးကြီးကို စကားဖြတ်ပြီး စွဲကျင်ယင်းဘက်သို့လှည့်ကာ...

'ခင်ဗျားတို့ခေါင်းဆောင် ဘယ်နေရာမှာရှိသလဲ၊ ကျုပ်တို့ကိုပြောပြလဲကျုပ်တို့ကသူ့ကိုသတ်ချင်မှ သတ်နိုင်လိမ့်မယ်၊ သူကတောင် ကျုပ်တို့ကို ပြန်သတ်ရင်သတ်သွားနိုင်တယ်၊ အဲဒီလို သတ်သွားရင် ခင်ဗျားတို့အတွက် ကလဲ့စားချေပေးလိုက်တာနဲ့ အတူတူပဲ၊ ကဲ ပြော..ခင်ဗျားတို့ ခေါင်းဆောင် ဘယ်မှာလဲ'

စွဲကျင်းယင်း မပြော။ ကျိုကျူးချောက်လန်ကသာ...

'မိုးဘုရင် ကျူးစွန့်ရွှေဟာ ယန်စီကျန် မြစ်ရိုးတလျှောက် ဂိုဏ်းချုပ်ကြီးပဲ၊ သူ့လက်အောက်မှာ သူရဲကောင်း ၃ယောက်၊ တုတ်၄ချောင်း၊ ဓား၅လက်၊ လက်ဝါးဖြေ၊ နတ်၂ပါး ရှိတယ်။ ခင်ဗျားနဲ့ ကျန့်ချီလီက သူရဲကောင်း၃ယောက်ထဲက ၂ယောက်ပဲ၊ မိုးဘုရင်ကျူးစွန့်ရွှေ ဘယ်မှာရှိတယ်ဆိုတာ မပြောချင်ရင်လဲ ခင်ဗျားတို့ရဲ့အကိုကြီး ဓား၂လက်ဖူရုံရှမ်း ဘယ်မှာရှိသလဲဆိုတာကိုသာပြော'

စာပေသမားလူငယ်ကလည်း...

'ခင်ဗျားတို့၃ယောက်ဟာ အမြဲတမ်း အတူတူရှိကြတယ်၊ ဖူယုံရှမ်း ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားသိရမယ်'

စွဲကျင်ယင်း မျက်လုံးလှန်ကြည့်လိုက်သည်။ သူ့မျက်လုံးအိမ်ထဲတွင် တစုံတရာ ထူးကဲသော အရိပ်အရောင်များ ယှက်သန်းနေသည်။ ထိုစဉ်မှာပင်...

'ရှီး...'

လေချွန်သံတသံ ရုတ်တရက် ထွက်ပေါ်လာသည်။ စွဲကျင်းယင်း အေးစက်စက် ရယ်မောလိုက်သည်။

'မင်းတို့ တွေ့ချင်နေတဲ့ အကိုကြီးဖူယုံရှမ်းလာပြီ၊ ဒီကနေ့ မင်းတို့ သေနေ့စေ့ပြီသာ မှတ်လိုက်တော့' သူ့စကားအဆုံးတွင် အပျော်စီးလှေမှာ ရုတ်တရက် လှုပ်ယိမ်းသွား၏။

စာပေသမားလူငယ်၊ ကျိုကျူးချောက်လန်၊ ထန်လိုနှင့် တိန်ယိဟန်တို့ တယောက်မျက်နှာတယောက် ဖျတ်ခနဲကြည့်လိုက်မိကြသည်။ ရုတ်ခြည်းပင် လှေဝမ်းဗိုက် အပြင်ဘက်သို့ ခုန်ထွက်လိုက်ကြသည်။ လှေကုန်းပတ်ပေါ်သို့ရောက်လျှင် သူတို့၏လှေကြီးကို ချည်နှောင်ထားသောကြိုးများအားလုံး ဖြတ်တောက် ခံလိုက်ရပြီး လှေကြီးမှာ ယန်စီကျန်မြစ်ရေစီးနှင့်အတူ မျောပါနေသည်ကို တွေ့လိုက်ရ၏။ ထို့အတူ ကမ်းစပ်ပေါ်တွင် လူတယောက်က ဓား၂လက်ကိုင်ကာ ကျယ်လောင်စွာ ရယ်မောနေသည်ကိုလည်း တွေ့လိုက်ရပြန်သည်။ လှေက ကမ်းစပ်နှင့် ၅ကိုက်ခန့် ကွာလာခဲ့ပြီ။ စာပေသမားလူငယ် ရုတ်တရက် ကမ်းပေါ်သို့ ခုန်ကူးလိုက်သည်။ သူ့ခန္ဓာကိုယ်က သိမ်းငှက်ကြီးတကောင် အတောင်ဖြန့်ဝဲနေသလို လေထုကိုဖြတ်ကာ ကမ်းစပ်တံတားထိပ်သို့ရောက်လာသည်။ ကမ်းစပ်တွင် ဓား၂လက်ကိုကိုင်ကာ ရယ်မောနေသော ဖူယုံရှမ်းသည်ပင် အံ့ဩစိတ်ဖြင့် မှင်တက်နေမိလေသည်။ တိန်ယိဟန်လည်း စာပေသမားလူငယ်နောက်သို့ ကိုယ်ဖော့ခုန်ဝဲလိုက်လာသည်။ သို့သော် အနည်းငယ် နောက်ကျခဲ့သဖြင့် လှေကမ်းစပ်နှင့် အလှမ်းကွာဝေးသွားပြီး စာပေသမားလူငယ်ကဲ့သို့ တံတားထိပ်ပေါ်သို့မရောက်၊ ရေပြင်သို့ကျမည့်ဆဲဆဲ။

ဖူယုံရှမ်းကလည်း မှင်တက်နေမိရာမှ စာပေသမားလူငယ်ကို ဝင်တိုက်သည်။ စာပေသမားလူငယ်ကလည်း လျှပ်ပြက်သလိုပင် ညာလက်ကဓားရှည်ကို ဆွဲထုတ်ပြီး ဘယ်လက်က ခါးပတ်ကိုချွတ်ကာ လေပြင်ထဲသို့ ဝှေ့ယမ်းလိုက်သည်။ ဓားရှည်က ဖူယုံရှမ်း၏ တိုက်ကွက်ကို ခုခံလိုက်ခြင်းဖြစ်ပြီး ခါးပတ်က တိန်ယိဟန်ထံသို့ ပြေးဝင်သွားသည်။ တိန်ယိဟန်ကလည်း အလိုက်သင့်ပင် ခါးပတ်စကို လှမ်းဆွဲလိုက်သည်။ တိန်ယိဟန် ခါးပတ်ကိုကိုင်မိသည်နှင့် စာပေသမားလူငယ်က တုံ့ခနဲဆောင့်ဆွဲလိုက်ရာ တိန်ယိဟန်မှာ ရေပြင်သို့ကျမသွားတော့ပဲ ပျံလွှားငှက်တကောင်ကဲ့သို့ ကမ်းပါးစပ်သို့ ကျဆင်းလာတော့သည်။

'ထန်း....ထန်း....ထန်း...'

စာပေသမားလူငယ်က ဖူယုံရှမ်း၏ဓား၂လက်ကို အလွယ်တကူပင် ချေဖျက်ပစ်လိုက်သည်။ တိန်ယိဟန်ကလည်း ကမ်းပါးပေါ်သို့ရောက်သည်နှင့် တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာသည်။

'သူ့ကိုမင်းကြည့်ထိန်းထားလိုက်'

စာပေသမားလူငယ်က ဖူယုံရှမ်းအား တိန်ယိဟန်လက်ထဲ အပ်လိုက်သည်။

သူကိုယ်တိုင်က တိုက်ပွဲအတွင်းမှ ခုန်ထွက်ကာ ကမ်းစပ်တွင် ဆိုက်ကပ်ထားသော နဂါးလှေ တစင်းပေါ်သို့ ခုန်တက်လိုက်သည်။ သူ့ရင်ထဲတွင် စိုးရိမ်ပူပန်မှု လွန်ကဲနေချေပြီ။ လှေကြီးက ကမ်းစပ်နှင့် အလှမ်းကွာကာ ရေစီးထဲတွင် အရှိန်နှင့် စီးမျောနေလေပြီ။ ကျိုကျူးချောက်လန်နှင့် ထန်လိုတို့ကို သူစိုးရိမ်သည်။ သူတို့၂ယောက်အနေနှင့် စွဲကျင်းယင်နှင့် ကျန့်ချီလီတို့ကို ရင်ဆိုင်ရန် မခက်ခဲ။ ယန်စီကျန်မြစ်ရေစီးကိုမူ မည်သို့မျှ မဟန့်တားနိုင်။ အကြောင်းမှာ အပျော်စီးလှေကြီး ဘေး၂ဘက်ရှိ လှော်တက်အားလုံးမှာ ရိုက်ချိုးခံထားရသောကြောင့်ပင်တည်း။ စာပေသမားလူငယ်သည် စွဲကျင်းယင်းတို့နှင့်အတူ ပါလာပြီး ထွက်ပြေးသွားကြသည့် လူသန်ကြီးများအား ခွင့်လွှတ်ပေးခဲ့သည်ကို နောင်တရနေမိသည်။ ယန်စီကျန်မြစ်ထဲတွင် သူတို့သာမက မိုးဘုရင်ကျူးစွန့်ရွှေ၏ နောက်လိုက်ပါများ မလွဲမသွေ ရှိကြပေဦးမည်။ ရေစီးနှင့် မျောပါသွားတော လှေပေါ်ရှိ ကျိုကျူးချောက်လန်နှင့် ထန်လိုတို့၂ယောက် ထိုလူများကို မည်သို့ရင်ဆိုင်မည်နည်း။ စာပေသမားလူငယ်သည် တုံ့ဆိုင်းမနေတော့ဘဲ နဂါးလှေကြီးကို ဓားနှင့် ခုတ်ဖြတ်လိုက်သည်။

'ဒီလှေကို ခဏယူသုံးမယ်ဗျို့'

မည်သူမည်ဝါဟုမသိရသော ပိုင်ရှင်ကိုအော်ဟစ်တောင်းပန်လိုက်ပြီး လှော်တက်၂ခုကို လျင်မြန်စွာ လှော်ခတ်သွားတော့သည်။ နဂါးလှေဦးက ရေပြင်ကို ထိုးခွဲကာ တရိပ်ရိပ်ပြေးနေသည်။ စာပေသမားလူငယ်၏ တအားကျုံး လှော်ခတ်အားအရှိန်၊ ယန်စီကျန်မြစ်ရေစီး အရှိန်တို့ကြောင့် နဂါးလှေမှာ ရေပေါ် ရှပ်ပျံနေသည့်အလား တရိပ်ရိပ်ပြေးနေသည်။ အပျော်စီးလှေကြီးကလည်း ရေစီးတွင် ပဲ့မပါ၊ ရွက်မပါပဲ တရစပ် မျောနေ၏။ စာပေသမားလူငယ်၏ နဂါးလှေက လိုက်မီရန် အနည်းငယ်သာ လိုတော့သည်။ လှေကြီးမှာ ရေစီးတွင် မျောပါနေရာမှ လှေကြီးရှေ့တည့်တည့် ၁၀ကိုက်ခန့် အကွာတွင် သန္တာကျောက်တန်းကြီးတဆောင် ကန့်လန့်ပိတ်ဆီးခံနေလေသည်။ စာပေသမားလူငယ် ရင်ထိတ်သွားသည်။

'ဟာ'

အာမေဋိတ်သံ လွှတ်ခနဲထွက်ကာ လှေကို တအားကျုံးလှော်လိုက်သည်။နဂါးလှေက လျှောခနဲ ရှေ့သို့အတင်း တွန်းပြေးသည်။ အပျော်စီးလှေကြီးကို မီတော့မည်။ လှေကြီးကလည်း ကျောက်ဆောင်ကို ဝင်တိုးတော့မည်။ စာပေသမားလူငယ်က လှေကြီးနှင့် ကပ်ယှဉ်လိုက်သည်။ ကျောက်ဆောင်ခံနေသဖြင့် မြစ်ရေကလည်း အစီးသန်လွန်းနေသည်။ စာပေသမားလူငယ် လှော်ခတ်ရှိန်ကို မြှင့်တင်လိုက်ပြန်သည်။ အပျော်စီးလှေကြီးကို ကျော်တက်လိုက်သည်။ သူ့လှေက ကျောက်ဆောင်နှင့် အပျော်စီးလှေကြီးတို့အကြားသို့ ရောက်သွားသည်။ ဘယ်လက်က ကျောက်ဆောင်ကို လှမ်းထောက် လိုက်သလို ညာဘက်လက်ကလည်း အပျော်စီးလှေကြီး၏ ဦးပိုင်းနေရာကို လှော်တက်ဖြင့် ဖမ်းထောက်လိုက်သည်။ မိမိစီးနင်းထားသည့် လှေကမငြိမ်။ အပျော်စီးလှေကြီးကလည်း ရေစီးအဟုန်ဖြင့်လွင့်ပါလာရာ စာပေသမားလူငယ်၏ ကြိုးစားမှုက သိပ်အရာမရောက်၊ လှေကြီးကို ခဏမျှ တန့်ရုံသာ တန့်သွားစေသည်။ လှေကြီးနှင့် ကျောက်ဆောင်က ၁၀ပေခန့် သာ လိုတော့သည်။

ထိုစဉ် ကျောက်ဆောင်ထက်တွင် လူတယောက်ရှိနေသည်ကို စာပေသမားလူငယ် သတိပြုမိသည်။ ထိုသူ၏ မုတ်ဆိတ်မွေးများက မြစ်ပြင်တွင် တိုက်ခတ်လာသောလေကြောင့် တလူလူလွင့်နေသည်။ လက်ထဲတွင် သံမဏိကိုင်းတံဖြင့် ပြုလုပ်ထားသော ငါးမျှားတံဖြင့် စိမ်ပြေနပြေ ငါးထိုင်မျှားနေသည်။ အဘိုးကြီးသည် စိတ်အေးလက်အေး ငါးမျှားနေရာမှ စာပေသမားလူငယ်နှင့် အပျော်စီးလှေကြီးတို့၏ အန္တရာယ်ကို တွေ့ရသောအခါ ငါးမျှားတံကို ရေထဲမှ စွပ်ခနဲ ဆွဲထုတ်လိုက်ပြီး လှေကြီး၏ဦးပိုင်းကို လှမ်းထောက်ထားလိုက်သည်။

ငါးမျှားတံက လှေတွန်းအား အရှိန်ကြောင့် လေးကိုင်းသဖွယ် ကွေးညွတ်သွားသော်လည်း အဘိုးအိုကမူ တင်ပျဉ်ခွေ အထိုင်မပျက်ခဲ့။ လှေကြီး တုံ့ခနဲ ရပ်သွားသည်နှင့် လှေကြီးထဲမှ လူရိပ်၂ရိပ်က ခုန်ထွက်လာသည်။ တယောက်က စာပေသမားလူငယ်၏ လှေပေါ်သို့ခုန်တက်လိုက်ပြီး တဦးကမူ အဘိုးကြီးရှိရာ ကျောက်ဆောင်ထက်သို့ ခုန်ဝင်လိုက်သည်။ စာပေသမားလူငယ်၏ လှေပေါ်သို့ ခုန်ဆင်းလာသူမှာ ထန်လိုဖြစ်ပြီး လှေကြီးပေါ်မှ ဆင်းလျှင်ဆင်းချင်း လက်ကို ဝှေ့ယမ်းကာ လက်နက်ပုန်းတဆုပ်ပစ်ခတ်သွားသည်။

'စွပ်..စွပ်..စွပ်'

ရေပြင်တွင် သွေးနီရောင် လွှမ်းသွားသည်။

မိုးဘုရင်ကြီးကျူးစွန့်ရွှေ၏ နောက်လိုက်နောက်ပါများ ရေအောက်တွင် ငုပ်ကာ လှေကြီးကိုဆွဲယူလာပြီး ကျောက်ဆောင်နှင့် တိုက်ရန် ကြိုးစားခဲ့ကြခြင်းဖြစ်၏။ ထိုအချက်ကို သိသောထန်လို၏ လက်ချက်ကြောင့်ကျူးစွန့်ရွှေ၏ လူများမှာ ထန်လို၏ လက်နက်ပုန်းများအောက်တွင် အသက်ပျောက်သွားကြတော့သည်။ အဘိုးကြီးရှိရာ ကျောက်ဆောင်ပေါ်သို့ ခုန်ပျံဝင်ရောက်သွားသူမှာ ကျိုကျူးချောက်လန် ဖြစ်သည်။ သူသည် ကျောက်ဆောင်ပေါ်သို့ ရောက်သည်နှင့် လှေကြီးကို တောင်ဝှေးဖြင့် ထောက်ကာ အဘိုးအိုအား အကူအညီပေး၏။ လှေကြီး၏ ရေစီးအရှိန်နှင့်

တွန်းအားမည်မျှ ပြင်းထန်သည်ကို သူသိလိုက်ရသည်။ ထိုအရှိန်ကို တည်ငြိမ်စွာ တောင့်ခံနိုင်သော အဘိုးအိုအား သူနှုတ်မှ ထုတ်ဖော်ကာပင် ချီးကျူးလိုက်သည်။

'တကယ်ကောင်းတဲ့ လက်ကောက်ဝတ်အားပါလား'

အဘိုးအိုက စကားပြန်မပြော၊ ခပ်ပေါ့ပေါ့သာ ရယ်လိုက်လေသည်။

ကျိုကျူးချောက်လန်သည် ငယ်စဉ်ကတည်းက ထိပ်သီးဖမ်းချုပ်လက်သိုင်းပညာရှင် ရှမ့်စဲ့လူနှင့် သိမ်းငှက်လက်သည်းဘုရင်လွေဖုန်းတို့ထံတွင် ပညာဆည်းပူးခဲ့ရာ လက်ကောက်ဝတ်အင်အား ထက်မြက်လှသည်။ တော်ရုံတန်ရုံလူများ သူ့ကိုမယှဉ်နိုင်ခဲ့။ အဘိုးအိုက သူ့ထက်ပင် လက်ကောက်ဝတ်အား ကောင်းသဖြင့် ကျိုကျူးချောက်လန် လေးစားသွားမိသည်။ တပြိုင်တည်းပင် ၂ယောက်သားမှာ လှေကြီး၏ ဦးတည်ရာကို တွန်းထိုးဖယ်ထုတ်လိုက်ကြသည်။ အဘိုးအိုကလည်း သူတို့၏လားရာအတိုင်း လိုက်တွန်းထုတ်လိုက်သည်။ လှေဦးက တဘက်သို့ ရွေ့သွားသည်။

သို့သော်...

'ဖြောင်း...'

'ဖြောင်း...'

စာပေသမားလူငယ်နှင့် ကျိုကျူးချောက်လန်တို့၏ လှော်တက်များ အသီးသီး ကျိုးပြတ်သွားကြသည်။ အဘိုးအို၏ သံမဏိ ငါးမျှားတံကမူ ဘာမျှဖြစ်မသွား။ လှေကြီးကို သောင်ပြင်သဲစပ်ပေါ်သို့ တွန်းတင်လိုက်ပြီးမှ ငါးမျှားတံကို ဆွဲနှုတ်ယူလိုက်သည်။ စာပေသမားလူငယ်လည်း ထိန်းကန်အား မရှိတော့သဖြင့် လိမ့်လူးကာ ရေစီးနှင့် မျောပါတော့မည့် သူ့နဂါးလှေကို လှော်တက်တချောင်း အလျင်အမြန် ကောက်ယူ ထိန်းကျောင်းလှော်ခတ်ပြီး လှေကြီး ဦးတည်ရာ သောင်စပ်သို့ ကပ်လာသည်။ အဘိုးအိုက သောင်ပြင်ပေါ်မှနေ၍ သူတို့ကို လက်တဖက်ဖြင့် ကမ်းပေါ်ဆွဲတင်သည်။ သောင်ပြင်ပေါ်သို့ ရောက်သည်နှင့် စာပေသမားလူငယ်က အဘိုးအိုအား ကျေးဇူးတင်စကားပြောရန် ဟန်ပြင်လိုက်လျှင် အဘိုးကြီးက ရုတ်တရက် မျက်နှာထား တည်ကြည်စွာ ဖြင့် အပျော်စီးလှေကြီးပေါ်သို့ ရိပ်ခနဲ တက်သွားလေ၏။ စာပေသမားလူငယ် ကြောင်အမ်းအမ်း ဖြစ်သွားမိသည်။

အဘိုးကြီးလှေပေါ်သို့ ရောက်သွားပြီး တခဏအတွင်းမှာပင်...

'အား...'

'အား...'

အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သံ ၂သံက လှေကြီးပေါ်မှ ထွက်ပေါ်လာသည်။ စာပေသမားလူငယ်တို့၃ယောက် လှေကြီးပေါ်သို့ ကမန်းကတန်း ခုန်တက်လိုက်ကြသည်။ လှေကြီး၏ဝမ်းဗိုက်ထဲတွင် အဘိုးကြီးမှာ ငါးမျှားတံကိုင်ကာ ဒေါသတကြီး အမူအရာဖြင့် ရပ်နေသည်။ သူ့အနီးတွင် စွဲကျင်းယင်နှင့် ကျန့်ချီလီတို့ ၂ယောက်မှာ ရုပ်ပျက်ဆင်းပျက် လဲကျသေဆုံးနေကြသည်။

စာပေသမားလူငယ် တအံ့တသြအမူအရာဖြင့်...

'ဘဘ..ခင်..ခင်ဗျားဘယ်လို လုပ်လိုက်တာလဲ'

အဘိုးအိုက နှုတ်ခမ်းကို မဲ့ရွဲ့လိုက်ပြီး...

'ဒီလိုလူစားမျိုးတွေကို လောကကြီးမှာ မထားသင့်လို့ မောင်ထုတ်လိုက်တာပဲ၊ သူတို့ကို တရက်ပိုပြီး အသက်ရှင်ခွင့်ပေးထားရင် လူကောင်းတွေအတွက် တရက်စိတ်ဆင်းရဲ ဒုက္ခရောက်ရလိမ့်မယ်'

စာပေသမားလူငယ်တို့၃ယောက်သား ဘာစကားမျှ မပြောနိုင်ကြ။ အဘိုးကြီး၏ စကားက မှန်ကန်နေသဖြင့် နှုတ်ဆိတ်နေမိကြသည်။

'ဒါနဲ့ မင်းတို့၃ယောက်က အခုမှ သိုင်းလောကထဲကို ဝင်လာကြတဲ့လူတွေမဟုတ်လား'

စာပေသမားလူငယ်က အဘိုးအို၏ ကျေးဇူးတရားနှင့် စွမ်းရည်ကို သိရှိလေးစားမိသဖြင့် ခေါင်းကိုအသာ ညိတ်ပြကာ...

'ဟုတ်ပါတယ်၊ ဘဘက အမြင်မတော်တာရှိရင် ကျနော်တို့ကို သွန်သင်ဆုံးမနိုင်ပါတယ်'

အဘိုးကြီးက သူ၏ ငွေရောင်တောက်နေသော မုတ်ဆိတ်မွေးကို ပွတ်သပ်လိုက်၏။

'ဒီလူသိုက်ဟာ မိုးဘုရင်ကျူးစွန့်ရွှေရဲ့ လက်အောက်ငယ်သား ၃ယောက်ပဲ၊ သူတို့ရှိနေသမျှ ယန်စီကျန်မြစ်ဟာ ဘယ်လိုမှ ငြိမ်းချမ်းနိုင်မှာ မဟုတ်ဘူး၊ မင်းတို့မှာ လူသတ်ချင်လောက်အောင် မရက်စက်တတ်ကြပေမယ့် ယန်စီကျန်မြစ်ရိုးက အပြစ်မဲ့ပြည်သူတွေအတွက် သူတို့ကို အခုလိုပဲ ရက်ရက်စက်စက် ဒဏ်ခတ်ရလိမ့်မယ်၊ သူတို့မှ မသေရင်လဲ မင်းတို့ကို မိုးဘုရင်ရဲ့ တုတ်၄ချောင်း၊ ဓား၅လက်၊ လက်ဝါးဖြခုနဲ့ နတ်ဆိုး၂ပါးက အလွတ်ပေးမှာ မဟုတ်ဘူး'

'ဘဘ ပြောတာမှန်ပါတယ်ဗျာ၊ ဒါနဲ့ ဘဘက...'

အဘိုးကြီးက စကားကို အတင်းဖြတ်ကာ...

'ဟိုဘက်ကမ်းစပ်ပေါ်မှာ မင်းတို့လူတယောက် ဖူယုံရှမ်းနဲ့ တိုက်ခိုက်နေတယ် မဟုတ်လား၊ တို့သူ့အခြေအနေကို အမြန်ဆုံး သွားကြည့်ဖို့သင့်တယ်'

'ဟုတ်ပါတယ်၊ ဒါပေမယ့် တိန်ယိဟန်ရဲ့ သိုင်းပညာနဲ့ဆိုရင် ဖူယုံရှမ်းရဲ့ ဓား၂လက်ဟာ သက်ကယ်ချောင်းလောက်ပဲ အသုံးဝင်တော့မှာပါ'

စာပေသမားလူငယ်က ပြောပြောဆိုဆိုပင် ခြေလှမ်းစတင်လိုက်သည်။

အဘိုးကြီးကလည်း ကပ်လျက်လိုက်ပါလာကာ...

'မင်းတို့၄ယောက်က သူငယ်ချင်းတွေလား'

စာပေသမားလူငယ် သဘောကျစွာ ရယ်မောလိုက်သည်။

'ကျနော်တို့၄ယောက်ဟာ သူငယ်ချင်း ဖြစ်သလို ညီအကိုတွေလဲ ဖြစ်ပါတယ်၊ ကျင်ကျန်းမြစ်တဝိုက်မှာ ကျနော်တို့ ညီနောင်၄ယောက်ကို သိကြပါတယ်'

'ဘယ်လိုသိကြတာလဲ'

ကျိုကျူးချောက်လန်က ကြားဖြတ်လျက်...

'ကျင်ကျန်းညီနောင်၄ဖော် ဆိုရင် သိကြပါတယ်'

မှန်ပေသည်၊ ကျင်ကျန်းမြစ်တလျှောက်တွင် မကောင်းသူပယ် ကောင်းသူကယ်သော ကျင်ကျန်းညီနောင်၄ဖော်ကို လူတိုင်းသိကြပေသည်။ ထိုညီနောင်၄ဖော်တွင် စာပေသမားလူငယ်မှာ အကြီးဆုံး ခေါင်းဆောင်ဖြစ်ပြီး သူ့အမည်မှာ ရောက်ချူးရွှေ ဖြစ်၏။ ရောက်ချူးရွှေသည် ပန်းချောင်းဓားဂိုဏ်းကို စတင်တည်ထောင်သူ ရောက်ချိုးအူ၏ မြေးဖြစ်ပြီး လက်ရှိ ပန်းချောင်း ဓားဂိုဏ်းချုပ်ကြီး ရောက်စီးလို၏ သားထွေး ဖြစ်၏။ ငယ်စဉ်ကပင် စာပေလင်္ကာဘက်တွင် ထူးချွန်ထက်မြက်သလို အကိုဖြစ်သူ ရောက်ယိလင်ထံမှ သိုင်းပညာကို စနစ်တကျ သင်ကြားခဲ့ရသဖြင့် ပန်းချောင်းဂိုဏ်း၏ ဓားသိုင်းပညာကို အကုန်အစင် တတ်ကျွမ်းခဲ့ပေသည်။ အရွယ်ရောက်လာသည့်အခါ သိုင်းလောကအတွင်း လျှောက်သွားရင်း ထန်လို၊ တိန်ယိဟန်၊ ကျိုကျူးချောက်လန်တို့နှင့် တွေ့ဆုံကာ ကျမ်းသစ္စာ မကျိန်ဆိုပဲ သွေးသောက်ညီအကို ဖွဲ့လိုက်ကြသည်။သူတို့၏ အသီးသီး ထက်မြက်လှသော သိုင်းပညာကြောင့် ကျင်ကျန်းမြစ်ရိုးတလျှောက်တွင် ကျင်ကျန်းမြစ်ညီနောင် ၄ဖော်ဟူ၍ ထင်ရှားလာခဲ့ကြပေသည်။

တဘက်ကမ်းသို့ရောက်လျှင် တိန်ယိဟန်က ရောက်ချူးရွှေတို့အား အပြုံးဖြင့် ဆီးကြိုနေသည်ကို တွေ့ရ၏။ သူ့ပခုံးထက်တွင် ဓားဒဏ်ရာ အနည်းငယ်ရထားသဖြင့် ငွေရောင်အင်္ကျီမှာ သွေးတို့ဖြင့် ခြင်းခြင်းနီနေသည်။ မျက်နှာက မည်သို့မျှ ထိခိုက်နာကျင်ဟန်မရှိပဲ ပကတိ တည်ငြိမ်နေသည်။

'ကျုပ် အစတုံးကတော့ သူ့ကို သတ်ဖို့ မရည်ရွယ်ပါဘူး၊ သူ့ကို မသတ်ရင် သူက ကျုပ်ကို သတ်တော့မှာမို့ လက်လွန်ခြေလွန် ဖြစ်သွားမိတယ်' တိန်ယိဟန်က ဖူယုံရှမ်းကို သတ်လိုက်မိသဖြင့် ရောက်ချူးရွှေအား တောင်းပန်သလို တင်ပြသည်။

ရောက်ချူးရွှေ နှစ်သိမ့်ပြုံး ပြုံးလိုက်ကာ...

'သူ့ကို မင်းလက်ထဲ အပ်ခဲ့ကထဲကိုက သူ့ကို သေစေချင်လို့ပဲ၊ သူဟာ လေကြီးတစီးလုံးပေါ်မှာ ရှိတဲ့ လူတွေအားလုံး သေဖို့ လေကြိုးကို ဖြတ်တောက်ခဲ့သူပဲ၊ ဒီလို ကောက်ကျစ် ရက်စက်တဲ့လူမျိုး လောကမှာ ကြာကြာမထားသင့်ဘူး၊ မင်းဒီအတွက် ဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့'

'သူက ကျန့်ချီလီ၊ စွဲကျင်းယင်းတို့ထက် ရင်ဆိုင်ရ ပိုခက်တယ်၊ ဒါနဲ့ အဲဒီလူ၂ယောက်ကော'

‘သေသွားပြီ’

ရောက်ချူးရွှေက အဖြစ်စုံကို ရှင်းပြလိုက်သည်။

ထို့နောက် ကမ်းစပ်ပေါ်တွင် သူတို့လူစုကို ဝိုင်းအုံကြည့်နေကြသည့် လူအုပ်ကြီးအားကြည့်ကာ..

‘စောစောက ကျနော် နဂါးလှေတစင်း ခဏယူသုံးခဲ့ပါတယ်၊ အဲဒီလှေ အခု ယန်စီကျန်မြစ်ထဲက နဂါးဇကောင်နေရာမှာ သောင်တင်နေပါတယ်၊ ပိုင်ရှင်က အဲဒီလှေကို သွားဆွဲပါ၊ ကျသင့်တဲ့စရိတ်ကို ကျနော် ပေးလျော်ပါ့မယ်’

လူအုပ်ကြီးထဲက သက်လတ်ပိုင်း လူတယောက် လျှောက်ထွက်လာသည်။ ရောက်ချူးရွှေ ရှေ့တွင် ရပ်ကာ..

‘ကိုယ်တော်လေးတို့က အန္တရယ်ကို စွန့်စားပြီး မကောင်းသူပယ်၊ ကောင်းသူကယ်တဲ့ အလုပ်ကို လုပ်တာပါ၊ ကျုပ်တို့တရွာလုံးက ကိုယ်တော်လေးတို့ကို ကျေးဇူးတင်ရမှာပါ၊ ဒီလှေစုတ် တစင်းလောက်ကို စကားထဲ ထည့်ပြောဖို့ မလိုပါဘူး’

ထိုသူမှာ ရောက်ချူးရွှေ စီးသွားသော လှေရှင်ဖြစ်ပေသည်။ ရောက်ချူးရွှေမှာ လှေရှင်၏စကားကြောင့် ပြုံးနေလိုက်သည်။

နံဘေးမှ သဌေးကြီး နာ့လောင်ကြွင်းက အလိုက်တသိပင်...

‘မိတ်ဆွေ ခင်ဗျားရဲ့ လှေအစား ကျုပ်လှေအသစ် တစင်းဝယ်ပေးပါ့မယ်၊ ခင်ဗျားအတွက် ဟောဒီ ကိုယ်တော်လေးတွေက လက်ဆောင်ပေးတယ်လို့ပဲ သဘောထားပေါ့’

ရောက်ချူးရွှေ ပြုံးနေလိုက်သည်။ ကပ်စီးနဲ လောဘကြီး သဌေးကြီး နာ့လောင်ကြွင်းတယောက် ရက်ရောနေပုံက သူ့အတွက် ရယ်စရာလို ဖြစ်နေသည် မဟုတ်ပါလား။

ကျိုကျူးချောက်လန်က...

‘အကိုကြီး၊ ကျုပ်တို့ဒီမှာ အချိန်ဖြုန်းနေလို့ မဖြစ်ဘူးလေ၊ ကြည့်စရာ ရှုစရာတွေ ရှိသေးတယ် မဟုတ်လား’

သဌေးကြီး နာ့လောင်ကြွင်းမှာ ရောက်ချူးရွှေ ထွက်ခွာသွားလျှင် နောက်ထပ် အန္တရယ်နှင့် ကြုံတွေ့ရမည်ကို စိုးရိမ်မိသည်။ ထိတ်ထိတ်ပြာပြာ အမူအရာဖြင့်....

‘သူ...သူရဲကောင်းလေးတို့ ထွက်...ထွက်သွားကြတော့မလို့လား’

ရောက်ချူးရွှေ တွေခနဲ ဖြစ်သွားသည်။ လွတ်လွတ်လပ်လပ် လျှောက်သွားချင်ကာမှ အခြေအနေက စိတ်အကျဉ်းအကျပ် ကျစရာဖြစ်လာသည်။ ကယ်တင်တုံးက ကယ်တင်ခဲ့ပေးပြီး စောင့်လျှောက်ရမည့် တာဝန်လစ်ဟင်းလျှင် မည်သို့မျှ အကျိုးထူးကို ခံစားရမည်မဟုတ်။ ရောက်ချူးရွှေ ဘာလုပ်ရမည် မသိ ဖြစ်နေမိသည်။ ငွေရောင်မုတ်ဆိတ်ဖြူနှင့် အဘိုးအိုက ရုတ်ခြည်းပင် ရောက်ချူးရွှေ၏ အခက်အခဲ ပြဿနာကို ဝင်ရောက်ဖြေရှင်းပေးသည်။

‘ငါ့တူတို့မှာ ကိစ္စရှိရင် သွားနိုင်ပါတယ်၊ သဌေးကြီးတို့ လုံခြုံရေးကိစ္စကို ငါအဘိုးကြီးကပဲ တာဝန်ယူလိုက်ပါ့မယ်’

ရောက်ချူးရွှေ မျက်နှာ ဝင်းလက်သွားသည်။

‘ဟာ...ဒါဆို ကောင်းတာပေါ့၊ ဘဘကို ကျေးဇူးတင်ပါတယ်’

‘မလိုပါဘူးကွယ်’

သဌေးကြီး နာ့လောင်ကြွင်းမှာ မျက်စိပျက် မျက်နှာပျက် ဖြစ်ကာ...

‘သူရဲကောင်းလေးတို့ ဒီ..ဒီလိုလုပ်လို့...’

ရောက်ချူးရွှေက နာ့လောင်ကြွင်း၏ ပခုံးကို တရင်းတနှီးပုတ်ကာ ရယ်မောလျက်...

‘ဘာမှမစိုးရိမ်ပါနဲ့ သဌေးကြီး၊ ဟောဒီဘဘရဲ့ သိုင်းပညာက ကျနော်တို့အားလုံးထက် ထက်မြက်နေပါသေးတယ်၊ စိတ်ချလက်ချသာနေ’

နာ့လောင်ကြွင်း ခေါင်းငုံ့သွားသည်။ ရောက်ချူးရွှေတို့ ၄ယောက်လည်း ကမ်းစပ်ပေါ်မှ လူများကို နှုတ်ဆက်ကာ ထွက်ခွာလာခဲ့ကြတော့သည်။

"အခန်း–၂"

ကျယ်ကွေးမြို့သည် ဟူပေနယ်ရှိ ရေလက်ကြား မြို့ဟောင်းတမြို့ ဖြစ်သည်။ မြို့၏ကျောဘက်တွင် မြင့်မားစိမ်းစိုသော တောင်တန်းကြီးက စီးမိုးထားပြီး ရှေ့မျက်နှာစာတွင်မူ ယန်စီကျန်မြစ်က တသိမ့်သိမ့် တသွင်သွင် စီးဆင်းနေသည်။ တောင်စိမ်းစိမ်း၊ ရေပြင်ကြည်ကြည်တို့ကြောင့် ကျယ်ကွေးမြို့ကလေးမှာ သဘာဝအလှနှင့် ပန့်သင့်ကာ စည်စည်ကားကား၊ သိုက်သိုက်မြိုက်မြိုက် ရှိလှပေသည်။

ယနေ့ကား တရုတ်ပြက္ခဒိန် ၅လပိုင်း ၅ရက်နေ့။ နေမွန်းတည့်သည်နှင့် မြစ်ကမ်းတဘက်တွင် လူအုပ်ကြီးက ကြိတ်ကြိတ်တိုး စည်ကားနေသည်။ နိုင်ငံကျော် တရုတ်ကဗျာဆရာကြီး ချိယန်အား လွမ်းဆွတ်သတိရသော အထိမ်းအမှတ်ပွဲတော် နဂါးလှေပြိုင်ပွဲကြီး စတင်ပေတော့မည်။ ကျယ်ကွေးမြို့၏ နဂါးလှေလှော်ပြိုင်ပွဲသည် မိုင်၁၀၀ ပတ်လည်အတွင်း အထင်ကရပွဲတော်ကြီး တခုပင်ဖြစ်ပေသည်။ ကွင်လုံးညွတ်မျှ ပြည့်ကျပ်နေသော လူပရိသတ်တို့၏ လက်ထဲတွင် စာရွက်ကလေးများ အသီးသီး ကိုင်ဆောင်ဝှေ့ယမ်းနေကြသည်။ စာရွက်ကလေးများမှာ အရောင်မတူသော ထီလက်မှတ်ကလေးများ ဖြစ်ကြသည်။ လှေပြိုင်ပွဲက ချိယန်အား လွမ်းဆွတ်သတိရသော အထိမ်းအမှတ် ပွဲတော်နှင့်မတူတော့။ လူများစွာတို့၏ လောင်းကစား ပွဲတော်ကြီး အသွင် ဖြစ်နေတော့သည်။

မြစ်ရေလျင်တွင် အရောင်အသွေး ၁၀မျိုးတိတိရှိသော နဂါးလှေ ၁၀စင်းက အသင့်ရှိနေသည်။ ကမ်းပေါ်တွင် ထီလက်မှတ်ကလေးများနှင့် လောင်းကစားနေကြခြင်း ဖြစ်သည်။ မိမိတို့ ဝယ်ယူထားသော ထီလက်မှတ်ရောင်လှေ အနိုင်ရလျှင် ထီပေါက်သည်နှင့် မခြားပေ။ ၁၀ဖိုးဝယ်လျှင် အနိုင်ရပါက ၁၀၀ဖိုးအလျော်ပြန်ရနိုင်ပေသည်။ ထီလက်မှတ်ကလေးများကို ဒိုင်ခံရောင်းချပေးသည်မှာ ကျယ်ကွေးမြို့လယ်ရှိ ရွှေငွေဘဏ်တိုက် ဖြစ်ပေသည်။ လောင်းကစားလိုသူက ထိုထီလက်မှတ်ကို ရွှေငွေဘဏ်တိုက်တွင် သွားရောက်ဝယ်ယူရပြီး မိမိလှေ အနိုင်ရလျှင် ထိုလက်မှတ်ကို ပြကာ ရွှေငွေဘဏ်တိုက်တွင်ပင် ဆုငွေထုတ်ယူနိုင်ပေသည်။ နဂါးလှေတစင်းတွင် လူ၁၀ယောက်ပါဝင်သည်။ ယန်စီကျန်မြစ်ရေစီးအရှိန်သည် အလွန်ပြင်းထန်လှပေရာ တော်ရုံတန်ရုံအင်အား၊ အတွေ့အကြုံ၊ လှေလှော်နိုင်မှုတို့နှင့် ယှဉ်၍မရ။ ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုသူများမှာ အစိမ်းရောင်နှင့် ခရမ်းရောင်လှေ ၂စင်းကို အားခဲထားကြသည်။ ပြိုင်ပွဲစတော့မည်။

'ဝုန်း...'

ဗျောက်အိုးတချက် ဖောက်လိုက်သည်။

ရောင်စုံ နဂါးလှေ၁၀စင်း တာထွက်သည့်နေရာမှ မြားတံများအလား ပန်းထွက်လာကြသည်။ ပထမစစချင်း လှေ၁၀စင်းလုံး သူမသာ ကိုယ်မသာ။ လက်ဖျက်တတွက် အချိန်မှာပင် ကွဲပြားမှုရှိလာသည်။ လှေ၅စင်းက ရှေ့မှကျော်တက်လာသလို လှေ၅စင်းက နောက်တွင်ကျန်ရစ်သည်။ ရှေ့မှလှေ၅စင်းက ရင်ဘောင်တန်းလှော်ခတ်နေရာမှ အစိမ်းရောင်နှင့် ခရမ်းရောင်လှေ၂စင်းက ရှေ့သို့ ပန်းထွက်လာသည်။ သူတို့နောက်တွင်မှ အဖြူရောင်နှင့် အပြာရောင်လှေ။ ကိုယ်သန်ရာသန်ရာ အော်ဟစ်အားပေးသံများက ဆူညံသွားသည်။

အပြာရောင်လှေကိုကား မည်သည့်အားပေးသံမျှ ထွက်မလာ။ အပြာရောင်လှေကို ဦးစီးလှော်ခတ်သူများမှာ လူငယ်များဖြစ်ပြီး မာန်မာနထောင်လွှားသည့် အသွင်များကလည်း မျက်နှာပေါ်တွင် ထင်ဟပ်နေကြသည်။ မပြောပလောက်သော လူနည်းစုကသာ အပြာရောင်လှေကို အားပေးသည်။ လှေပြိုင်ပွဲမှာ တဖြည်းဖြည်း ပန်းတိုင်နှင့်နီးလာလေလေ စိတ်ဝင်စားစရာ ကောင်းလာလေလေဖြစ်ပြီး အော်ဟစ်အားပေးသံတို့ တိတ်ကာ တထိတ်ထိတ်နှင့် ကြည့်နေကြသည်။ ရောက်ချူးရွှေတို့ အသည်းတယားယား ဖြစ်မိကြသည်။ အစိမ်းရောင်လှေမှာ ပန်းတိုင်နှင့် ၂ကိုက်မျှသာ ကွာဝေးပြီး ခရမ်းရောင်လှေမှာ ၃ကိုက်မျှသာ ကွာဝေးတော့သည်။

သို့သော် အခြေအနေက ရုတ်ခြည်းပြောင်းလဲ သွားသည်။

အစိမ်းရောင်နှင့် ခရမ်းရောင်လှေမှာ လှော်အားပြတ်တောက်သွားသည့်အလား အရှိန်ကျသွားသည်။ အပြာရောင်နှင့် အဖြူရောင်လှေ ၂စင်းကျော်တက်သွားကြသည်။ ပန်းတိုင်နှင့် တကိုက်ခန့်အလိုတွင် အဖြူရောင်လှေက ရှေ့မှဦးဆောင်နေရာမှ လှေလှော်သားအားလုံး ဆက်လက်လှော်ခတ်ခြင်း မပြုကြတော့။ အပြာရောင်လှေက ရေပြင်ကို လျှောခနဲ လျှပ်တိုက်ကာ

ပန်းတိုင်ကို လှမ်းယူလိုက်တော့သည်။ ကမ်းပေါ်မှ ပရိသတ်၏ မကျေမနပ်ရေရွတ်သံက မြစ်ယံတခုလုံး ပဲ့ထင်သွားသည်။ ရောက်ချူးရွှေတို့ လူသိုက်မှာ လှေပြိုင်ပွဲကို ကြည့်ပြီး အားမလိုအားမရ ဖြစ်နေကြသည်။

အစိမ်းရောင်လှေမှ လူများ ကမ်းပေါ်သို့ တက်လာကြသည်။ ထိုအထဲမှ ခန္ဓာကိုယ်ထွားထွားကျိုင်းကျိုင်း လူလတ်ပိုင်းတယောက်၏ မျက်ဝန်းအိမ်တွင် မျက်ရည်စများ စိမ့်စိုနေသည်ကို ရောက်ချူးရွှေ သတိပြုမိလိုက်သည်။ ထိုသူက လူအနည်းငယ်ရှင်းသည့်ဘက်မှ ဦးခေါင်းအောက်စိုက်ကာ ထွက်ခွာသွားသည်။ ရောက်ချူးရွှေနှင့် ထန်လိုတို့ ၂ယောက် ရုတ်ခြည်းပင် နေရာမှထကာ ထိုသူ၏ရှေ့မှ ပိတ်ဆီးရပ်လိုက်ကြသည်။

ရောက်ချူးရွှေက ဦးညွှတ် အရိုအသေပေးကာ..

'နောင်ကြီးကို ကျနော် တခုမေးပါရစေ'

ရောက်ချူးရွှေက အကြည်လင်ဆုံး ပြုံးလိုက်ကာ...

'ကျနော်တို့က ရိုးရိုးသားသား မေးတာပါ၊ အကောက်ကြံဖို့ မဟုတ်ပါဘူး၊ အပြာရောင်လှေကို ဘာကြောင့် အနိုင်ပေးလိုက်ရသလဲ ဆိုတာ စိတ်ထဲက မတင်မကျကြီး ဖြစ်နေလို့ပါ'

အားဝမ် စကားမပြန်။ နောက်မှရောက်လာသော အဘိုးအိုကသာ ရောက်ချူးရွှေတို့ကို အသေအချာ အကဲခတ်ကြည့်ရှုနေသည်။ ရောက်ချူးရွှေမှာ သူတို့၂ယောက်၏ ထူးခြားသော အမူအရာများကို ကြည့်ပြီး ပို၍စူးစမ်းလိုစိတ် ပြင်းထန်လာသည်။

အားဝမ်က လေသံမာမာဖြင့်...

'ဒီကိစ္စတွေ ခင်ဗျားတို့နှင့် မဆိုင်ပါဘူး၊ ခင်ဗျားတို့ ပြဿနာ မရှာချင်ကြပါနဲ့'

ပြောပြောဆိုဆိုပင် ရောက်ချူးရွှေတို့အား ကျော်ခိုင်းထွက်သွားရန် ဟန်ပြင်လိုက်သည်။

ရောက်ချူးရွှေက ကမန်းကတမ်း တားမြစ်သည်။

'ပြဿနာ...ဘာပြဿနာရှိလို့လဲ'

အဘိုးအိုက ရောက်ချူးရွှေကို စူးစမ်းသော အကြည့်ဖြင့် ကြည့်ပြီး... 'မင်းတို့ကို သူတို့က တို့ကျေနပ်သလား၊ မကျေနပ်သလား ဆိုတာ မေးစမ်းဖို့ လွှတ်လိုက်တာလား'

'သူတို့ဆိုတာ ဘယ်သူတွေကို ပြောတာလဲ၊ ကျေနပ်သလား၊ မကျေနပ်ဘူးလား ဆိုတာလဲ ကျနော် နားမလည်ဘူး'

အဘိုးအို သဘောပေါက် နားလည်ဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'မင်းတို့ တခြားနယ်က ရောက်လာကြတဲ့ လူတွေထင်တယ်'

'ဟုတ်ပါတယ်ခင်ဗျာ'

'ဒါဆို မင်းတို့ ဘာမှ နားလည်ကြမှာ မဟုတ်ဘူး၊ ဒီကိစ္စမှာ မင်းတို့ ဝင်မစွက်ဖက်ကြရင် ကောင်းလိမ့်မယ်၊ နို့မို့ဆို ကျယ်ကွေးက အသက်ရှင်လျက် ထွက်သွားနိုင်ကြမှာ မဟုတ်ဘူး'

အားဝမ်က မျက်စိပျက် မျက်နှာပျက် အမူအရာဖြင့်..

'စကားအပိုတွေ ပြောမနေပါနဲ့တော့ဗျာ၊ စကားတခွန်းမှားတာနဲ့ အန္တရယ်က ကျနော်တို့ဆီကို ရောက်လာလိမ့်မယ်၊ ကိုင်း...သွားကြပါစို့'

ရောက်ချူးရွှေတို့မှာ ဘာမှနားမလည်အောင် ကြောင်စီစီ ဖြစ်သွားကြသည်။ ထိုအချိန်မှာပင် အော်ငေါက်သံများ ထွက်ပေါ်လာကာ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူ၆ယောက် လူအုပ်ကိုအတင်းတွန်းဖယ်ကာ ရောက်ချူးရွှေတို့ ရှိရာကို လျှောက်လာကြသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသူ တယောက်က ဒေါကြီးမောကြီးဖြင့်...

'ဟေ့ကောင်တွေ၊ မင်းတို့လေ့ပြိုင်ပွဲ ပြီးသွားပြီ မဟုတ်လား၊ အိမ်မပြန်သေးဘဲ ဒီမှာ ဘာတွေ လာပြောနေတာလဲ'

အားဝမ်မျက်နှာမှာ သွေးဆုတ်ဖြူရော်သွားလောက်အောင်ပင် ထိတ်လန့်တုန်လှုပ်နေသည်။

'ဘာ...ဘာ....ဘာမှ...မပြော....မပြောပါဘူးခင်ဗျာ'

အားဝမ်၏ အသံက တုန်ယင်ထစ်ငေါ့နေသည်။ အဘိုးကြီးမှာမူ မျက်နှာထား တင်းမာခက်ထန်လာပြီး စကားတခွန်းမျှမပြော။

ဝတ်စုံပြာဝတ် ခေါင်းဆောင်ဖြစ်ဟန်တူသူက အားဝမ်နှင့် အဘိုးကြီးကို လက်ဖြင့် တွန်းထုတ်လိုက်ပြီး...

'ဘာမှထပ်မပြောနဲ့၊ မင်းတို့၂ယောက် အိမ်ကိုမြန်မြန် ပြန်ကြစမ်း၊ ဒီနေရာမှာ ဟိုစကား ဒီစကားတွေ ပြောမနေနဲ့'

အားဝမ်က ဘာမှ မတုံ့ပြန်ပဲ ငြိမ်နေသော်လည်း အဘိုးကြီးမှာ ဒေါပွလာသည်။ ဝတ်စုံပြာဝတ်လူ၏ လက်ဝါးကို သူ့လက်ဖြင့် ဖယ်ရှားပစ်လိုက်ပြီး။။။

'မင်းတွန်းစရာ မလိုပါဘူး၊ ငါ့ဘာသာ ငါ့ခြေထောက်နဲ့ သွားတတ်တယ်'

'ဘာ...ဘာပြောတယ်၊ ခင်ဗျားက ကျုပ်ကို ပမာမခန့် ပြန်ပြောနေတာပေါ့ ဟုတ်လား'

အားဝမ် မနေသာတော့။ ဝတ်စုံပြာဝတ်လူနှင့် အဘိုးကြီးတို့ ၂ယောက်အကြားသို့ ကဗျာကယာ ဝင်ကာ...

'စိတ်မဆိုးပါနဲ့ ဆရာကြီးရယ်၊ ကျနော် သူ့ကို ခေါ်သွားပါ့မယ်'

'ခွပ်'

အားဝမ် စကားကို ဆုံးအောင် မပြောလိုက်ရ။ ဝတ်စုံပြာဝတ်လူ၏ လက်သီးတချက်က အားဝမ်၏ နှာခေါင်းကို ထိထိမိမိကြီး ထိုးမိသွားသည်။ အားဝမ်၏ နှာခေါင်းမှ သွေးများ ယိုစီးကျလာသည်။

ဝတ်စုံပြာဝတ်လူက ခနဲ့ပြုံးလေး ပြုံးလိုက်ကာ... 'မင်းကို ဘယ်သူ ဝင်စွက်ခိုင်းသလဲ၊ ဒီအဘိုးကြီးကို ဒီနေ့ ငါဆုံးမပေးရလိမ့်မယ်'

အဘိုးကြီးမှာ နဂိုကပင် စိတ်တိုစိတ်ဆတ်သူတယောက် ဖြစ်ပေရာ သူ့အတွက်ကြောင့် အားဝမ်တယောက် အသားလွတ် အထိုးခံလိုက်ရပြီး သူ့ကိုလည်း ဝတ်စုံပြာဝတ်လူက စော်စော်ကားကားပြောလာသဖြင့် ဘာကိုမျှ ဂရုမစိုက်နိုင်တော့ဘဲ လက်၂ဖက် ဝှေ့ယမ်းကာ တိုက်ခိုက်တော့သည်။

'ဗုန်း...ဗုန်း...ဗုန်း'

အဘိုးအို၏ လက်သီးချက်က ဝတ်စုံပြာဝတ်လူကို မထိ။ ဝတ်စုံပြာ၏ လက်သီး၃ချက်ကသာ အဘိုးအိုကို ထိမှန်သည်။ သို့သော် အဘိုးအိုမှာ သိုင်းပညာ မတတ်သည့်တိုင် လက်သီး၃ချက်ကြောင့် ဘာမျှ ဖြစ်မသွား။

'ဒုန်း'

စွတ်ရမ်းထိုးလိုက်သော အဘိုးအို၏ လက်သီးတချက်ကသာ သိုင်းပညာတတ်သော ဝတ်စုံပြာလူကို ထိမှန်ကာ နာနာကျင်ကျင် ခံစားလိုက်ရသည်။ ဝတ်စုံပြာလူ အကြီးအကျယ် အရှက်ကွဲသွားသည်။ သိုင်းပညာ မတောက်တခေါက် တတ်ရုံနှင့် နောက်ခံအရှိန်အဝါ အားကိုးဖြင့် ရမ်းကားချင်တိုင်း ရမ်းကားခဲ့ရာ မည်သူမျှ သူ့ကို မလွန်ဆန်ရဲကြ။

ယခု အဘိုးအိုက ကိုယ်ထိလက်ရောက် တန်ပြန်ထိုးနက်လာသောအခါ ဒေါသအကြီးအကျယ်ထွက်ကာ သူ့နောက်လိုက် နောက်ပါများအား လက်ဝှေ့ယမ်းလျှက်...

'သူ့..သူ့ကို သတ်ပစ်ကြ'

နောက်လိုက်နောက်ပါ ဝတ်စုံပြာဝတ် ၅ယောက်မှာ ခါးကြားမှ ဓားရှည်များ အသီးသီး ဆွဲထုတ်လျက် အဘိုးအိုအား ဝန်းရံထားလိုက်ကြတော့သည်။ ရောက်ချူးရွှေမှာ နံဘေးမှ ငြိမ်ကာ ရပ်ကြည့်နေရာမှ အဘိုးအိုရှေ့သို့ ခုန်ဝင်လိုက်သည်။

'ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ ဒီလောက်အောင်အထိ ရမ်းရမ်းကားကား လူသတ်ချင်ရတာလဲ'

ခေါင်းဆောင်ဖြစ်သူ ဝတ်စုံပြာနှင့်လူ တအံ့တဩ ဖြစ်သွားသည်။ ရောက်ချူးရွှေကို အသေအချာကြည့်ပြီး တခြားနယ်သားတယောက်ဖြစ်မှန်း သိရှိလိုက်သဖြင့် အေးစက်စက်ရယ်မောလိုက်သည်။

'မင်းတို့က လူတွင်ကျယ် လာလုပ်တာလား၊ သေဖို့သာပြင်ပေတော့'

ခေါင်းဆောင်လုပ်သူ၏ စကားအဆုံးတွင် ဓားရောင်များ လက်ခနဲ ထွက်လာသည်။ သို့သော်...သူတို့ဓားချက် မထုတ်ရခင်မှာပင် လူရိပ်တရိပ်က လှစ်ခနဲ ဝင်ရောက်လှုပ်ရှားလာသည်။

'ဂွတ်...ဂွတ်...ဂွတ်'

'အား...အား...အား'

မျက်စိတမှိတ် လျှပ်တပြက် အချိန်အတွင်းမှာပင် ဝတ်စုံပြာဝတ် ဓားကိုင်လူ၆ယောက်တို့၏ လက်ထဲမှ ဓားလွတ်ကျသွားကြပြီး လက်မောင်းများ သွင်သွင် ကျိုးကုန်ကြတော့သည်။ ဝတ်စုံပြာဝတ် ခေါင်းဆောင်မှာ နာကျင်လွန်းသဖြင့် မျက်နှာတခုလုံး ရှုံ့မဲ့လာကာ ထိန့်လန့် အံ့သြလွန်းသဖြင့်လည်း မျက်လုံးကြီးများ ပြူးထွက်လာသည်။

'မင်း..မင်းဘယ်သူလဲ၊ ဘာဖြစ်လို့ တို့လက်တွေကို ချိုးပစ်ရတာလဲ'

ဝတ်စုံပြာဝတ်လူများအား လက်မောင်း လိမ်ချိုးလိုက်သူကား ကျိုကျူးချောက်လန် ဖြစ်ပေသည်။ ကျိုကျူးချောက်လန်က ခေါင်းဆောင်လုပ်သူကို ဘာမျှပြန်မပြော၊ ညာလက်ကိုသာ ဆက်၍လှုပ်ရှားလိုက်သည်။

'ဂွတ်..'

ခေါင်းဆောင်လုပ်သူ၏ အောက်မေးရိုး အဆက်ပြုတ်ကာ ပါးစပ်မစေ့နိုင်ဘဲ တွဲလောင်းကြီး ကျသွားတော့သည်။

ရောက်ချူးရွှေက အေးစက်စက်လေသံဖြင့်...

'ခင်ဗျားတို့ သွားကြတော့၊ နောက်ထပ် ကျုပ်ညီတော် ၂ယောက်ဝင်ပါလာရင် ဒီထက်ပိုဆိုးလိမ့်မယ်'

ဝတ်စုံပြာဝတ်လူ၆ယောက်မှာ မျက်စိမျက်နှာပျက်ကာ တယောက်ကိုတယောက် ကြည့်လိုက်ကြပြီး ဒရောသောပါး ထွက်ပြေးသွားကြတော့သည်။ ထိုအချိန်မှာပင် လူတယောက်က လူအုပ်အတွင်းမှ အတင်းထိုးထွက်လာကာ...

'ဘာဖြစ်နေကြတာလဲဟေ့၊ ရန်ဖြစ်နေကြတာလား'

ထိုသူ့ကိုယ်ပေါ်တွင် ဘုရင့်အမှုထမ်းဝတ်စုံ ဝတ်ဆင်ထားပြီး ခေါင်းဆောင်းတွင် ငွေရောင်အမွေးတပ်ဦးထုပ်တလုံးကို ဆောင်းထားသည်။ ရောက်ချူးရွှေတို့ အနီးသို့ တိုက်ရိုက်လျှောက်လာပြီး တချက်မျှ အကဲခတ်ကြည့်ကာ..

'ဘယ်လိုဖြစ်တာလဲ'

အဘိုးအိုမှာ ပျင်းရိပျင်းတွဲပုံရှိသော ကျိုကျူးချောက်လန်က ဝတ်စုံပြာဝတ်လူ၆ယောက်အား တဒင်္ဂအချိန်အတွင်း လက်မောင်းအဆက် ဖြုတ်ချလိုက်နိုင်သည်ကို မယုံကြည်နိုင်သည့်အလား တအံ့တဩ ဖြစ်နေသဖြင့် စကားမပြန်နိုင်။

အားဝမ်ကသာ ပြာပြာသလဲ အမူအရာဖြင့်...

'ဆရာဟိုခွန်း ကျုပ်တို့ကို ရွှေငွေဘဏ်တိုက်ကလူတွေ ထပ်ပြီး အနိုင်ကျင့်ကြပြန်ပြီ'

ဟိုခွန်းမှာ အားဝမ်၏ စကားကို ကြားလိုက်ရလျှင် ထိတ်လန့်တကြီး အမူအရာ ဖြစ်သွားသည်။

'ဟာ...မင်းတို့ တယ်ခက်ကြတာပဲ၊ ဘာဖြစ်လို့ သူတို့နဲ့ ပြဿနာ ဖြစ်ချင်ရတာလဲ၊ ဒုက္ခပါပဲ'

ရောက်ချူးရွှေမှာ ဘုရင့်အမှုထမ်းလုပ်သူကပါ ကြောက်လန့်တကြား အမူအရာ ဖြစ်နေသဖြင့် အကြောင်းတခုခုရှိပြီကို သိလိုက်သည်။

'ပြဿနာကတော့ ဖြစ်ပြီးသွားပြီ၊ ဘယ်လိုမှ ပြန်ပြင်လို့ ရတော့မှာ မဟုတ်ဘူး၊ နောင်ကြီးအားဝမ်တို့ကသာ အဖြစ်အပျက် အပြည့်အစုံ ကျနော်တို့ကို ပြောပြပါ၊ ဒါမှ ခင်ဗျားတို့ ပြဿနာကို ကျနော်တို့ ဖြေရှင်းပေးချင်ပေးနိုင်လိမ့်မယ်၊ နို့မဟုတ်ရင်တော့ သူတို့က ခင်ဗျားတို့ကို လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'

ဟိုခွန်းက စိတ်ဆိုးမာန်ဆိုး အမူအရာဖြင့်...

'မင်းတို့ တခြားနယ်က လူတွေ မဟုတ်လား၊ ဒီပြဿနာ ဘယ်လောက်ကြီးတယ်ဆိုတာ မင်းတို့သိမှာ မဟုတ်ဘူး၊ ကိုယ့်ရပ်ကိုယ့်ရွာ အမြန်ဆုံး ပြန်သွားကြပါ'

ရောက်ချူးရွှေ ခနိုးခနဲ့ ပြုံးလိုက်သည်။ ဟိုခွန်းက ဒုစရိုက်သမားများကို ကြောက်ရွံ့ကာကွယ်ပေးနေသည့် အတွက် စိတ်ထဲ၌ မကျေမနပ် ဖြစ်မိသည်။ မိမိတို့ အစွမ်းအစ မည်မျှရှိကြောင်း ပြသမှ ဖြစ်လိမ့်မည်ဟု ဆုံးဖြတ်လိုက်သည်။ သူစိတ်ကူးဆုံးဖြတ်နေစဉ်မှာပင် ထန်လိုက စတင်လှုပ်ရှားလိုက်သည်။

'ဝှစ်...ဝှစ်...ဝှစ်'

လက်ပစ်မြှား၃စင်းက လုစ်ခနဲ ပြေးထွက်သွားပြီး ဟိုခွန်း၏ ဦးထုပ်ပေါ်သို့ အစီအရီ စိုက်ဝင်သွားသည်။ ဟိုခွန်းမျက်လုံးပြူးကာ ပါးစပ်အဟောင်းသား ဖြစ်သွား၏

ထန်လို ပေါ့ပေါ့ပါးပါးပင် ရယ်လိုက်သည်။

'ကျုပ်က စုံ့ချွမ်း၊ တုကျုံးနယ်ထန်မျိုးဆက်ဝင် တယောက်ပဲ'

တုကျုံးနယ် ထန်မျိုးဆက် ဆိုသော စကားကြောင့် ဟိုခွန်းမျက်လုံး ပို၍ ပြူးကျယ်ကာ ပါးစပ်မှာ ပြန်မစေ့နိုင်အောင် ဖြစ်နေ၏။ ထန်လို၏ စကားအဆုံးတွင် ဓားရောင်တချက်က ပြက်ခနဲ လက်သွားပြန်သည်။

'ရှပ်...'

ဟိုခွန်း မုတ်ဆိတ်မွေးများ ငုံးတိတိဖြစ်သွားသည်။

'ဟိုင်နန်ဂိုဏ်း တိန်ယိဖိန်ရဲ့ညီ တိန်ယိဟန်ဆိုတာ ကျုပ်ပဲ'

ဟိုခွန်း ထိတ်ထိတ်ပျာပျာ ဖြစ်နေစဉ်မှာပင် ကျိုကျူးချောက်လန်က လေ့သမားအဘိုးအို လက်ထဲမှ လက်မောင်းလုံးခန့်ရှိသော လှေ့တက်ကို ဆတ်ခနဲ ဆွဲယူချိုးပစ်လိုက်သည်။

'ဖြောင်း'

'ဒါ အလောင်းကောင်ဖမ်းချုပ် လက်ကိုင်သိုင်းကွက်ထဲက အော့လန်တုတ်ချိုးပညာပဲ၊ ခင်ဗျား ဘယ်လို ဖမ်းချုပ် လက်ကိုင်သိုင်းကွက်ကို ကြည့်ချင်သေးလဲ'

ကျိုကျူးချောက်လန်၏ စကားကို ဟိုခွန်းက လက်ခါခါ ခြေခါခါဖြင့်...

'မလို...မလိုတော့ပါဘူး'

ရောက်ချူးရွှေက ပြုံးကာ...

'ကျနော်က ရောက်မျိုးနွယ်ပါ၊ ကျနော့် အရည်အချင်းကိုရော စစ်ဆေးချင်သေးသလား'

'နေ...နေပါစေ၊ ကျနော်က ဟိုခွန်းပါ၊ ကိုယ်တော်လေးတို့မှန်း မသိလို့ ပြောမိတာကို ခွင့်လွှတ်ပါ'

ဟိုခွန်းတယောက် ရောက်ချူးရွှေတို့အပေါ် အနည်းငယ် ဖြို့သွားသည်ကို တွေ့ရလျှင် အားဝမ်က ရောက်ချူးရွှေအနီးသို့ တိုးကပ်ကာ...

'ကိုယ်တော်လေးတို့၏ မေးတဲ့အကြောင်း သိချင်ရင် ကျုပ်အိမ်ကို လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်၊ ကျုပ် စေ့စေ့စုံစုံ ပြောပြပါ့မယ်၊ ကျုပ်တို့မပေါ် ကျရောက်လာမယ့် အန္တရာယ်ကိုလဲ ကိုယ်တော်လေးတို့ ဖြေရှင်းပေးနိုင်လိမ့်မယ်လို့လဲ ယုံကြည်ပါတယ်၊ ဒီနေရာမှာ စကားပြောရတာ သိပ်မလွတ်လပ်ဘူး'

တိန်ယိဟန်က ဟိုခွန်းကို ကြည့်လျက်..

'ဆရာကြီးဟို တကယ်လို့ ခင်ဗျားအလုပ် မရှိဘူးဆိုရင် ကျုပ်တို့နဲ့ လိုက်ခဲ့ပါလား၊ ဒီလိုရမ်းကားနေတဲ့လူတွေကို အရေးယူ ဆုံးမဖို့ ဆရာကြီးဟိုတို့လို လူတွေပါလာရင် ပိုကောင်းလိမ့်မယ်ထင်တယ်'

'ရပါတယ်၊ ကျုပ်အလုပ်အားပါတယ်၊ ကိုယ်တော်လေးတို့နဲ့ လိုက်ခဲ့ပါ့မယ်'

'ကဲ...ဒါဆို သွားကြစို့'

အားဝမ်က ရှေ့မှ ဦးဆောင် ထွက်သွားသည်။ သူ့နောက်မှ ဟိုခွန်း၊ ရောက်ချူးရွှေတို့ ၄ယောက်နှင့် လှေသမား အဘိုးအိုတို့ အသီးသီး လိုက်ပါသွားကြသည်။

ကျယ်ကွေးနယ်တွင် ရွှေငွေဘဏ်တိုက်က အရှိန်အဝါကြီးစွာ လွှမ်းမိုးရမ်းကားနေသည်။ အဆိုးဆုံးမှာ ကျွန်အရောင်း အဝယ် ပြုလုပ်ခြင်းနှင့် ကြေးစားလူသတ်မှုများ ကျူးလွန်ခြင်းပင် ဖြစ်သည်။ သိုင်းလောကတွင် အရှိန်အဝါ နာမည် ကြီးလှသော သြဇာအာဏာဂိုဏ်းက သူတို့ကို အားပေးအထောက်အကူပြုနေသည်။ ရွှေငွေဘဏ်တိုက်ကို သြဇာအာဏာ ဂိုဏ်း၏ ဟူပေနယ်ဂိုဏ်းခွဲတခု အဖြစ်လည်း ခေါ်ဆိုသတ်မှတ်နိုင်သည်။ ရွှေငွေဘဏ်တိုက်တွင် မိုးမြေနတ်ဆိုး၁၉ပါးအနက်မှ တဦးက ဦးစီးကွပ်ကဲနေသည်။ ထို့ကြောင့် ကျယ်ကွေးတွင် ရွှေငွေဘဏ်တိုက်ကို မည်သူမျှ လွန်ဆန်အာခံခြင်း မပြုဝံ့ကြ။ နဂါးလှေလှော်ပြိုင်ပွဲတွင်လည်း လူအများ စိတ်ဝင်စားနေကြသည့် အစိမ်းရောင်နှင့် ခရမ်းရောင်လှေများကို အရှုံးပေးစေလျက် အပြာရောင်လှေကို အနိုင်ရစေကာ လောင်းကစားငွေများ တနင့်တပိုး ရယူခဲ့သည်။

'သူတို့က ကျုပ်တို့ဆီကို အပြာရောင်လှေကို အနိုင်ပေးဖို့ ကြိုတင်သတိပေးထားတယ်၊ သူတို့ကြောသလို မလုပ်ရင် လှေသမားတွေအားလုံး မလွဲမသွေ အသတ်ခံရမှာသေချာတယ်၊ အဲဒီအကြောင်း သတင်းပေါက်ကြားသွားရင်လဲ တအိမ်လုံးအမြစ်ဖြတ်ပစ်မှာ၊ ဒါကြောင့် ကျုပ်တို့ ပန်းဝင်ခါနီးမှာ ဆက်မလှော်ပဲ အရှုံးပေးလိုက်တာပါ'

အားဝမ်က အိမ်ရောက်လျှင်ရောက်ချင်း ရောက်ချူးရွှေတို့ကို နေရာထိုင်ခင်းပေးပြီး ရှင်းပြပြောဆိုသည်။ ထို့ပြင် လောင်းကစားဝိုင်းတွင် အနိုင်ရလျှင်လည်း အရှုံးပေးခဲ့ရကြောင်း၊ အရှုံးမပေးလျှင် အသတ်ခံရကြောင်း၊ ဆောင်ကြာမြိုင်ဖွင့်နိုင်ရန်အတွက် ဟူပေနယ်၏ အမျိုးကောင်း သမီးပျိုကလေးများအား မတရားဖမ်းဆီး ခေါ်ဆောင်ကာ ဇာတ်သွင်းခဲ့ကြောင်းတို့ကိုလည်း အသေအချာ ရှင်းပြသည်။

'ရွှေငွေဘဏ်တိုက် ဒီလောက် ဒုစရိုက်မှုတွေ လုပ်နေတာကို မြို့ဝန်ရုံးကလဲ ဂရုမစိုက်ဘဲ မျက်နှာလွှဲနေတယ်၊ မခံချင်လို့ သွားတိုင်တဲ့လူရှိရင်လဲ အဲဒီလူကို အရင်ဆုံး မဟုတ်မမှန်တာတွေ ပြောရပ့်မလားဆိုပြီး ကြိမ်ဒဏ်အချက်၂၀ရိုက်တယ်၊ ကြာတော့ လူတွေက ကြောက်လန့်လာပြီး ဘယ်သူ့ကိုမှ မတိုင်ရဲဘဲ သူတို့လုပ်သမျှ ငုံ့ခံနေကြရတယ်၊ ဆရာကြီးဟိုတို့ လူနည်းစုကသာ ကျုပ်တို့ဘက်က ဖာဖာထေးထေး ရပ်တည်ပေးကြတယ်၊ မဟုတ်မမှန်တာတွေ့ရင် တတ်နိုင်သလောက် အရေးယူဆောင်ရွက်ပေးတယ်၊ တခြားလူတွေကတော့ ရွှေငွေဘဏ်တိုက်ရဲ့ လက်ကိုင်တုတ်တွေချည်းပဲ'

အားဝမ်က စကားကို အဆုံးသတ်ကာ သက်ပြင်းချလိုက်သည်။ ဟိုခွန်းကလည်း အားဝမ်၏စကားကို ထောက်ခံသည့် အနေဖြင့် ခေါင်းကို ညင်သာစွာ ခါယမ်းသည်။

'ပြောရရင်တော့ ရှက်စရာ ကောင်းပါတယ်၊ ကျုပ်တို့လဲ သူတို့ရဲ့ ခြိမ်းခြောက်တာကို ခံနေရတာပါပဲ၊ အရေးယူ ဖမ်းဆီးတယ်ဆိုတာကလဲ ရွှေငွေဘဏ်တိုက်ရဲ့ လက်အောက်ငယ်သား အစေအပါးတွေလောက်ပဲ လုပ်နိုင်တယ်၊ တခါက ရွှေငွေဘဏ်တိုက်ရဲ့ ခေါင်းဆောင်တယောက်ကို ဖမ်းမိလို့ ညတွင်းချင်းပဲ လူ၃ယောက် အလစ်ချောင်း တိုက်ခိုက်တာ ခံခဲ့ရတယ်၊ အဲဒီတုံးက ခါးမှာ ဒဏ်ရာတချက် ပြင်းပြင်းထန်ထန်ရခဲ့တယ်၊ အဲဒီကထဲက ကျုပ်လဲ သူတို့နဲ့ ထိပ်တိုက် မတွေ့အောင် လက်ရှောင်နေခဲ့တာ အခုအထိပါပဲ'

ကျိုကျူးချောက်လန်က တည်ကြည်သော မျက်နှာထားဖြင့်

'ရွှေငွေဘဏ်တိုက်ရဲ့ တာဝန်ခံပိုင်ရှင်က ဘယ်သူတဲ့လဲ၊ ဘယ်လိုရုပ်ရည်မျိုး ရှိတယ်ဆိုတာကော ခင်ဗျားတို့ သိသလား'

'သူ့ကို ဘယ်သူမှ မတွေ့နိုင်ကြဘူး၊ ကျုပ်တို့ မြို့ဝန်မင်းတောင်မှ တခါလောက်ပဲ တွေ့ဖူးလိမ့်မယ်၊ သူ့နာမည်ကတော့ ပို့အမျိုးအနွယ်လို့ ထင်တာပဲ'

ရောက်ချူးရွှေနှင့် ကျိုကျူးချောက်လန်တို့ ၂ယောက်မှာ ထန်လိုနှင့် တိန်ယိဟန်တို့ထက် သိုင်းလောက ဗဟုသုတ ပိုမိုစုံလင်ပေသည်။ တယောက်မျက်နှာတယောက် ဖျတ်စနဲ ကြည့်ကာ ကျိုကျူးချောက်လန်က...

'သံမဏိလက်ကောက်နတ်ဆိုး ပိုးထင်းယိလား'

'ဟုတ်တယ်'

'ပိုးထင်းယိလက်အောက်မှာ ချန်အမျိုးအနွယ် လူတယောက်ရှိတယ် မဟုတ်လား'

'ရှိတယ်၊ သူက ရွှေငွေဘဏ်တိုက်ရဲ့ ဘဏ္ဍာထိန်းကြီးပဲ၊ ပြောသံကြားရသလောက်တော့ သူလုပ်တဲ့ အလုပ်က သူ့အတွက် အမြတ်သာရှိပြီး အရှုံးမရှိဘူးတဲ့၊ သူ့ကို လူတွေက ရွှေချိန်ခွင်လို့ခေါ်တယ်၊ ဘယ်အလုပ်လုပ်လုပ် သူကရွှေချိန်ခွင်နဲ့ဆက်ပြီးမှ လုပ်တတ်တယ်၊ လုပ်တိုင်းလဲ သူ့အတွက် အကျိုးအမြတ်ရှိတာချည်းပဲ'

'ရွှေချိန်ခွင်ဟာ ပိုးထင်းယိရဲ့ လက်ရုံး၄ဆူထဲက တယောက်ပဲ၊ နောက်တယောက်က ကွမ်အမျိုးအနွယ် ဆိုတာကိုတော့ ကျုပ်သိတယ်'

'သူက ရွှေငွေဘဏ်တိုက်ရဲ့ စီမံရေးမှူးပဲ၊ လူတိုင်းက သူ့ကို အရုပ်စမျက်နှာ အုပ်ထိန်းသူလို့ ခေါ်ကြတယ်'

'ရွှေချိန်ခွင်နဲ့ ကွမ်တို့ထက် ရင်ဆိုင်ရခက်တဲ့ ပိုးထင်းယိရဲ့ လက်ရုံး၂ဆူရှိသေးတယ်၊ လူသတ်သမားနဲ့ အရိပ်မဲ့ကိုယ်တော်ပဲ၊ သူတို့၂ယောက်ကမှ ပိုကြောက်စရာကောင်းတယ်၊ လူသတ်သမား သတ်တော့မယ်ဆိုရင် အဲဒီလူ ဘယ်လိုရှောင်ရှောင် မလွတ်နိုင်ဘူး၊ အရိပ်မဲ့ကိုယ်တော်က လူသတ်သမားထက် ပိုပြီး ရက်စက်ကောက်ကျစ်သေးတယ်၊ နာမည်နဲ့လိုက်အောင် သူ့ကို ဘယ်သူမှ မသိမမြင်နိုင်ကြဘူး၊ အရိပ်မဲ့ကိုယ်တော် ဘယ်သူဆိုတာသိပြီးရင် အဲဒီလူဟာ အရိပ်မဲ့ကိုယ်တော်ရဲ့ လှည့်စားတာ ဒါမှမဟုတ် သတ်ဖြတ်တာကို ခံလိုက်ရတော့တာပဲ'

ကျိုကျူးချောက်လန်က သူသိထားသမျှတို့ကို ထုတ်ပြောလိုက်သည်။

ဟိုခွန်းမှာ တနယ်တကျေးမှ ရောက်လာကြသည့်တိုင် ရွှေငွေဘဏ်တိုက်အကြောင်းကို စေ့စေ့၄၄ သိရှိနေသဖြင့် ကျိုကျူးချောက်လန်တို့ကို အံ့ဩမိလေသည်။ ၄ယောက်စလုံးကလည်း တုံးတိုက်တိုက် ကမ်းဆိုက်ဆိုက် ဆုံးဖြတ်ပြီးသည့်အရာကို မဆုတ်မနစ် လုပ်ရှားဆောင်ရွက်သွားမည့် အသွင်ရှိနေသဖြင့် ဖျောင်ဖျနားချ စကားဆိုသည်။

'သြဇာအာဏာဂိုဏ်းရဲ့ အင်အားနဲ့ အရှိန်အဝါ ဘယ်လောက် ကြီးမားတယ်ဆိုတာတော့ ကျုပ်မသိဘူး၊ သိုင်းလောကရဲ့ ထိပ်တန်းဂိုဏ်းကြီး ၂ဂိုဏ်းဖြစ်တဲ့ ရှောင်လင်နဲ့ ဝူတန်းဂိုဏ်းတို့က တောင် သူတို့ကို အလေးထားကြရတယ်၊ ကိုယ်တော်လေးတို့ရဲ့ သိုင်းပညာက ထူးချွန်ထက်မြက် ပါတယ်၊ ဒါပေမယ့် သူတို့လို အင်အားကြီးမားတဲ့ အဖွဲ့အစည်းနဲ့ ဘာလို့ ထိပ်တိုက်ရင်ဆိုင် ပြဿနာ ရှာကြမှာလဲ၊ ဖြစ်နိုင်ရင် သူတို့ကို သွားတောင်းပန်လိုက်ပါလား၊ ကိုယ်တော်လေးတို့ရဲ့ မျိုးရိုးရာဇဝင်ကို ထောက်ပြီး သြဇာအာဏာဂိုဏ်းက ပြေငြိမ်းလိုက်မှာပါ၊ ပြီးတော့ အားဝမ်နဲ့ ဦးကြီးဟေးတို့ကိုလဲ သူတို့က ခွင့်လွှတ်ကြမှာပါ၊ ဒါဟာ ၂ဦး၂ဖက် ကောင်းမွန်သင့်မြတ်တဲ့ အကြံအစည်ပဲ'

ရောက်ချူးရွှေ အသံမပြု။ သူ့စိတ်ထဲတွင်မူ ထိုအစီအစဉ်ကို လုံးဝ သဘောမတူနိုင်။ သံမဏိလက်ကောက် ပိုးထင်းယိကိုသာ ဆုံးမချင်နေသည်။ နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် ပြဿနာများကို သူမစဉ်းစား၊ ဂရုမစိုက်။

'အား...'

မိန်းမတယောက်၏ အော်ဟစ်သံ ရုတ်တရက် ပေါ်ထွက်လာသဖြင့် အားဝမ်၏မျက်နှာ အမူအရာ ချက်ချင်းပင် ပြောင်းသွားသည်။ သူ့ဇနီး၏ ဆွေးဆွေးမြည့်မြည့် အော်ဟစ်လိုက်သံ ဖြစ်နေသောကြောင့်ပင်တည်း။ ရောက်ချူးရွှေတို့ ၄ယောက် ရိပ်ခနဲ လှုပ်ရှားလိုက်သည်။ အသံထွက်ပေါ်လာရာ လသာဆောင်သို့ ရောက်လျှင် မိန်းမတယောက်၏ခေါင်းတွင်

သွေးခြင်းခြင်းနီရဲကာ မှောက်လျက် လဲကျသေဆုံးနေသည်ကို တွေ့လိုက်ကြရသည်။ သူတို့မျက်ဝန်းထဲတွင် လူရိပ်တရိပ် လှစ်ခနဲ လှုပ်ရှားသွားသည်ကိုသာ မထင်မရှား တွေ့လိုက်ရသည်။ ချက်ချင်းပင် ပြေးလိုက်ကြသော်လည်း လူရိပ်က နောက်ဖေးဝါးပင်တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ဝါးပင်များက ပင်ချင်းယှက်ကာ ထူထူထပ်ထပ် ပေါက်ရောက်နေပြီး နောက်ဘက်တောအုပ်နှင့် ဆက်စပ်နေသည်။ ရှောက်ချူးရွှေတို့ ဆက်မလိုက်နိုင်ကြဘဲ ငေးကြောင်ကြည့်နေမိကြသည်။

ထိုအချိန်မှာပင် အိမ်ထဲမှ အော်ဟစ်သံများက ဆက်တိုက် ထွက်ပေါ်လာပြန်သည်။ ပထမ အော်ဟစ်လိုက်သံက အားဝမ်၏အသံ။ ဒုတိယ အဘိုးကြီးဟေး၏ အသံ။

'ဟိုက်...ဒုက္ခပါပဲ'

ရှောက်ချူးရွှေ အလန့်တကြား ရေရွတ်ကာ အိမ်ဘက်ဆီသို့ အလျင်အမြန် ပြန်ပြေးလာခဲ့သည်။

အိမ်တွင်းမှ မြင်ကွင်းကို မြင်လိုက်ရလျှင် ရှောက်ချူးရွှေမှာ ခြေဖျားလက်ဖျားများ အေးစက်သွားလောက်အောင် ထိတ်လန့် တုပ်လှုပ်သွားရလေသည်။ အားဝမ်၏ မျက်ခုံး၂ခုကြားရှိ ဗဟိုသွေးကြောကွက်တွင် လက်သီးတချက် အပြင်းအထန် ထိမှန်ခံရပြီး ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးသွားခဲ့ရလေပြီ။ အဘိုးကြီးဟေးမှာလည်း ရင်ဝတွင် ဖနှောင့်နှင့် ဆောင့်ကန်ခံရပြီး သေဆုံးနေသည်။ ဟိုခွန်းမှာမူ မြေပြင်ပေါ်တွင် လဲကျနေ၏။ ရှောက်ချူးရွှေ ခုန်လွှားဝင်ကာ သူ့ကို ပွေ့ထူလိုက်သည်။ ဟိုခွန်းသည် ဗိုက်ကိုလက်နှင့် နှိပ်လျက် နာကျင်စွာ တအင်းအင်း ညည်းညူနေသည်။

'အင်း...အကိုပြာနဲ့လူ၊ ရွှေငွေဘဏ်တိုက်ကလူ၊ အလစ်ဝင်ပြီး သတ်သွားတာ၊ ကျုပ်ခုခံရာက တချက် အထိခံရပြီး ကိုယ်တော်လေးတို့ ရောက်လာလို့ ကံကောင်းသွားတာ'

ရှောက်ချူးရွှေ၏ မေးရိုးကြီးများ တင်းမာသွားသည်။ စိတ်ထဲတွင်လည်း ဆုံးဖြတ်ချက်တခုကို ပိုင်ပိုင်နိုင်နိုင် ချမှတ်လိုက်သည်။ ရွှေငွေဘဏ်တိုက်သို့ သွားမည်။ မည်ကဲ့သို့သော အန္တရာယ် သံတံတိုင်းကြီး ကာဆီးထားပါစေ၊ အပြစ်မဲ့သော လူ၃ယောက်အား သတ်ဖြတ်ခဲ့သည့် ရွှေငွေဘဏ်တိုက်ကို သွားရောက် လက်စားချေမည်။

'ရွှေငွေဘဏ်တိုက်ကို သွားကြမယ်၊ ဘာတွေဖြစ်ဖြစ် အပြစ်မဲ့တဲ့ လူ၃ယောက်အတွက် လက်တုံ့ပြန်ရမယ်'

ရှောက်ချူးရွှေ၏ ကြုံးဝါးလိုက်သံက အားဝမ်၏အိမ်တခုလုံး တုန်ခါသွားတော့သည်။

## "အခန်း–၃"

နေမွန်းတိမ်းပြီ။ အပူရှိန်က တညီးညီးထနေသည်။ ရွှေငွေဘဏ်တိုက် အဆောက်အအုံ အတွင်းတွင် လူစည်စည် ကားကားမရှိ။ ငွေလဲလှယ်သူ၊ အရောင်းအဝယ် လုပ်သူ လေးငါးခြောက်ယောက်ခန့်သာ ရှိနေလေသည်။ နေအပူရှိန်ကြောင့် လူအများ သွားလာဝင်ထွက်မှု နည်းပါးနေခြင်းတော့ ဟုတ်ဟန်မတူ။ ယနေ့သည် နဂါးလှေ ပြိုင်ပွဲ၌ ရွှေငွေဘဏ်တိုက်က အနိုင်ရခဲ့သဖြင့် လူစည်ကားနေသင့်သည်။ တစုံတရာ ထူးခြားမှု ရှိနေပြီကို သိသာနိုင်သည်။

ရွှေချိန်ခွင်၏နေရာတွင် သံချိန်ခွင်တခု အစားထိုးရောက်နေသည်။ လူသတ်မှုတခု ပြုလုပ်တော့မည့် သဘောပင်တည်း။ ရောက်ချူးရွှေတို့ ၄ယောက် ရွှေငွေဘဏ်တိုက်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ အဆောက်အအုံထဲသို့ ရောက်သည်နှင့် ငွေလဲလှယ်ရာ စားပွဲရှည်ဆီသို့ တန်းသွားသည်။ စားပွဲခုံရှည်ပေါ်သို့ လက်၄ချောင်း ဆန့်တင်လိုက်လျှင် ရောက်ချူးရွှေနှင့် တိန်ယိဟန်တို့ လက်ထဲ၌ ဓားရှည်တလက်စီ ထန်လို၏လက်ထဲတွင် သံအချွန်များ၊ စီစိုက်ထားသည့် သံလုံး၃လုံး၊ ကျိုကျူးချောက်လန်၏ လက်ထဲတွင် ဘာမျှ မပါရှိ။

ရောက်ချူးရွှေတို့ လက်ထုတ်လိုက်သည်နှင့် စားပွဲခုံနောက်ရှိ လူ၄ယောက်မှာ တွန့်ခနဲ ဖြစ်သွားကြသည်။ ထိုင်ခုံကို တွန်းဖယ်ကာ ချက်ချင်းခုန်ထရန် ဟန်ပြင်လိုက်၏။ သို့သော် ရောက်ချူးရွှေတို့ ၄ယောက်၏ လှုပ်ရှားမှုက ပို၍ မြန်ဆန်သွက်လက်သည်။ ရောက်ချူးရွှေ၏ ဓားရှည်က စားပွဲနောက်မှ လူ၂ယောက်၏ လည်ဝကို တေ့ထောက်မိသည်။ ကျိုကျူးချောက်လန်၏ လက်တဘက်က အခြားလူတယောက်၏ လည်မျိုကို မိမိရရ ဆုပ်ကိုင် ဖျစ်ညစ်ထားသည်။ ထန်လိုကမူ လက်နက်ပုန်း သံဆူးလုံး၃လုံးကို ချိန်ရွယ်ထားသည်နှင့် အခြားကျန်လူတယောက်မှာ တုတ်တုတ်မျှ မလှုပ်ရဲအောင် ငြိမ်သက်နေမိလေသည်။ ဆိုင်အတွင်းရှိ ငွေလဲလှယ်သူ၊ အရောင်းအဝယ် လုပ်သူတို့မှာ ထိတ်ထိတ်လန့်လန့် တုပ်လှုပ်သွားကြသည်။

ရွှေငွေဘဏ်တိုက်၏ အစောင့်အကြပ် ဖြစ်ဟန်တူသူ ဝတ်စုံပြာဝတ် လူ၂ယောက်သည်လည်း ဓားရှည်ကို အသီးသီးဆွဲထုတ် လိုက်ကြသည်။ သို့သော် မလှုပ်ရှားရဲကြ။ သူတို့၏ ခေါင်းဆောင်၄ယောက်မှာ ရောက်ချူးရွှေတို့၏ လက်အောက်တွင် အထိန်းအချုပ်ခံနေရသည် မဟုတ်ပါလား။

'ခင်ဗျားတို့ ၄ယောက်ဟာ ဩဇာအာဏာဂိုဏ်းခွဲ ရွှေငွေဘဏ်တိုက်က အဆင့်အတန်းရှိတဲ့ ခေါင်းဆောင်တွေ ဖြစ်လိမ့်မယ်၊ ဒါပေမယ့် ကျုပ်တို့ လာရှာတာက ခင်ဗျားတို့ မဟုတ်ဘူး၊ ခင်ဗျားတို့ရဲ့ တာဝန်ခံကို ခေါ်ထုတ်ပေးပါ'

ရောက်ချူးရွှေက တည်ငြိမ်သော လေသံဖြင့် ပြောလိုက်၏။ စားပွဲခုံနောက်မှ လူ၄ယောက်မှာကြောက်လန့်လွန်းသဖြင့် တုန်ယင်နေကြပြီး စကားသံပင် မထွက်ဝံ့ကြ။

'ဟား ဟား ဟား...ဘဏ်တိုက်ရဲ့ တာဝန်ခံဟာ ငါပဲ၊ မင်းတို့ ဘာကိစ္စနဲ့ ရောက်လာကြတာလဲ'

ရယ်မောပြောဆိုသံက ကျယ်လောင်စွာ ဟိန်းထွက်လာသည်။

ရောက်ချူးရွှေ အသံထွက်ပေါ်လာရာဘက်သို့ လှမ်းကြည့်ကာ...

'ဘဏ္ဍာထိန်းကြီး ချန်လား'

အတွင်းခန်းဘက်ဆီမှ လူတယောက် ခြေလှမ်းကျဲကြီးဖြင့် လျှောက်ထွက်လာသည်။ အဆက်မပြတ် ရယ်မောရင်းမှ...

'ဘဏ္ဍာထိန်းကြီး ရွှေချိန်ခွင်ချန် ဆိုတာငါပဲ'

ရောက်ချူးရွှေက ထိုလူကို အသေအချာကြည့်ကာ....

'ခင်ဗျားကို ကျုပ်ပစ္စည်းတခု ချိန်ခိုင်းချင်လို့'

'ဘာပစ္စည်းလဲ'

'ခေါင်းတလုံး'

'ဘာခေါင်းလဲ'

'ခင်ဗျားရဲ့ဦးခေါင်း'

ရွှေချိန်ခွင် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ဒီနေရာဟာ ဘယ်လိုနေရာဆိုတာ မင်းသိသလား ချာတိတ်'

'ရွှေငွေဘဏ်တိုက်'

'ရွှေငွေဘဏ်တိုက်ရဲ့ ပိုင်ရှင်က ဘယ်သူလဲဆိုတာကိုကော သိသလား'

'သံမဏိလက်ကောက် နတ်ဆိုး ပိုးထင်းယိ'

'ကောင်းပြီ၊ ဆရာကြီး ပိုးထင်းယိဟာ ဘယ်လိုလူစားဆိုတာကော...'

'မိုးမြေနတ်ဆိုး ၁၉ပါးထဲက မြေနတ်ဆိုး'

'မိုးမြေနတ်ဆိုး ၁၉ပါးကို ဘယ်သူက ဖွဲ့စည်းထားသလဲ'

'ဿဇာအာဏာဂိုဏ်း'

'ဿဇာအာဏာဂိုဏ်းရဲ့ အင်အားနဲ့ အရှိန်အဝါကိုရော မင်းမသိဘူးလား'

'သိသားပဲ၊ သိုင်းလောကရဲ့ အင်အားအကြီးဆုံး ဂိုဏ်းကြီးတဂိုဏ်းပဲ'

'ဒါတွေသိထားလျက်နဲ့ မင်းက ဘာလုပ်ချင်သေးသလဲ'

'ဿဇာအာဏာဂိုဏ်းကြီး တခုလုံးကို ဖြိုခွဲပစ်မယ်'

ရောက်ချူးရွှေ၏ ကြုံးဝါးပြောဆိုသံက ရွှေငွေဘဏ်တိုက်ထဲတွင် ပဲ့ထင်ထပ်မျှ ထွက်ပေါ်သွားသည်။

ရွှေချိန်ခွင်ချန်က ခေါင်းမော့ကာ အော်ဟစ်ရယ်မော လိုက်သည်။

'ဿဇာအာဏာဂိုဏ်းကိုတောင် ဖြိုခွဲဖို့ ကြံစည်ရဲတယ်ဆိုတော့ ငါကမင်းကို သတ်ပစ်လိုက်လို့လဲ အဘိုးကြီး ရောက်စီးလိုကို ဂရုစိုက်စရာ မလိုတော့ဘူး'

စကားဆုံးသည်နှင့် ရွှေချိန်ခွင်ချန်က လက်၂ဘက်မြှောက်လိုက်သည်။ ရောက်ချူးရွှေတို့ ၄ယောက်စလုံး ကျောပြင်တွင် အေးခနဲ ခံစားလိုက်ရသည်။ နောက်ကျောတွင် ဓားရှည်ဖြင့် တေ့ထောက်ခြင်း ခံရပြီဟု သိလိုက်ရ၏။ သို့သော် လက်အစုံက ရှေ့တွင် ရောက်နေသဖြင့် ခုခံရန် နောက်ကျသွားခဲ့ပြီ။ ရှေ့စားပွဲနောက်ရှိ လူ၄ယောက်သည်လည်း သူတို့ချုပ်ကိုင်မှုအောက်မှ လွတ်ကာ နောက်သို့ ခုန်ဆုတ်သွားကြသည်။ ရောက်ချူးရွှေတို့ နောက်ကျောသို့ ဓားရှည်ဖြင့် ထိုးထောက်ကြသူများကား ဆိုင်အတွင်း၌ အရောင်းအဝယ်ပြုလုပ်ရန် ရောင်နေကြသူ အမျိုးသမီး ၄ဦးဖြစ်နေလေသည်။ ရောက်ချူးရွှေသည် ထိုကဲ့သို့ ရုပ်ဖျက်ဟန်ဆောင်ထားလိမ့်မည်ဟု ထင်မှတ်မထားမိခဲ့သဖြင့် လှည့်ကွက်ထဲသို့ မိမိရရပင် တိုးဝင်မိလေတော့သည်။ ရွှေချိန်ခွင်က အောင်ပွဲရသူတယောက်ပမာ အားပါးတရ ရယ်မောလိုက်ပြီး ရောက်ချူးရွှေတို့ အနီးသို့ လျှောက်လာသည်။ သူ့လက်ထဲတွင် သံထည်ဖြင့် ပြုလုပ်ထားသော ချိန်ခွင်တလက် ကိုင်ဆောင်ထားသည်။

ရွှေချိန်ခွင်က လက်ထဲမှ သံချိန်ခွင်ကို လှုပ်ယမ်းကာ....

'မင်းတို့ ပညာစွမ်းလောက်နဲ့ ငါ့ကိုယှဉ်ပြိုင်ဖို့ မစဉ်းစားပါနဲ့ကွာ၊ ဒါနဲ့တောင်မှ ဿဇာအာဏာဂိုဏ်းကို ဖြိုခွင်းဖို့ စိတ်ကူးသေးတယ်ဆိုတော့ ဟား...ဟား...ဟား...ရယ်စရာကောင်းလိုက်တာကွာ'

ရောက်ချူးရွှေ အသံမပြု၊ ထန်လိုကိုသာ မျက်လုံးထောင့်ကပ်ပြီး ကြည့်လိုက်သည်။ ထန်လိုကလည်း ရောက်ချူးရွှေ၏ အကြည့်ကို နားလည်သဘောပေါက်သည်။

'ဝှစ်'

'ဝှစ်'

'စွပ်'

'စွပ်'

လှုပ်ရှားမှုများက မြန်ဆန်သလို တထပ်တည်းကျသွား၏။ ရှောက်ချူးရွှေ နောက်ကျောကို ဓားဖြင့် ထောက်ထားသည့် အမျိုးသမီး နဖူးတွင် ထန်လို၏ သံဆူးလက်နက်ပုန်းတလုံး စိုက်ဝင်ကာ လဲကျသွားသည်။ ရှောက်ချူးရွှေ၏ ဓားရှည်က တိန်ယိဟန်နောက်ကျောရှိ အမျိုးသမီး၏ လည်မျိုကို ထိုးသွင်းပြီး ဖြစ်နေသည်။ တိန်ယိဟန်၏ ဓားရှည်ဖျားကမူ ကျိုကျူးချောက်လန်၏ နောက်ကျောမှ အမျိုးသမီးဆီသို့ ထိုးဝင်သွားသည်။ ထန်လို၏နောက်ကျောမှ အမျိုးသမီးသည်လည်း ထန်လို၏ သံဆူးလက်နက်ပုန်း လက်ရာမိသွားသည်။ တပြိုင်တည်းမှာပင် ရွှေချိန်ခွင်နှင့် စောစောက စားပွဲနောက်မှ ခေါင်းဆောင်၄ယောက်ကလည်း ဓားရှည်များ ဆွဲထုတ်ကာ ရှောက်ချူးရွှေတို့ ၄ယောက်အား သတ်ဖြတ်ရန် ဝင်လာကြသည်။

သို့သော်...ရှောက်ချူးရွှေတို့၏ နောက်တွင် ထိန်းချုပ်ထားသည့် အမျိုးသမီး ၄ယောက်တို့ အတုံးအရုံး လဲကျသေဆုံးသွားကြသဖြင့် အခွင့်မသာတော့ချေ။ ရွှေချိန်ခွင် မဲ့ပြုံးတချက်ပြုံးလိုက်သည်။ ကျိုကျူးချောက်လန် လက်မလှုပ် ရှားသည်ကလွဲ၍ ကျန်၃ယောက်၏ လျင်မြန်သွက်လက်မှုနှင့် သိုင်းပညာအရည်အချင်း ယှဉ်ပြိုင်လျှင် အနိုင်ရမည်ဟု ကိုန်းသေမတွေးရဲ။

မပိုင်နိုင်သော ကိစ္စတခုကို မည်သည့်အခါမှ မပြုလုပ်ဟု ဆုံးဖြတ်ထားသူပီပီ ဟန်ဆောင်ပြုံးပြုံးကာ...

'မင်းတို့ အရောင်းအဝယ်ကိစ္စဆွေးနွေးကြမလား'

ရှောက်ချူးရွှေက တည်ငြိမ်စွာပင်....

'ခင်ဗျား တကယ်ပဲ အရောင်းအဝယ်ကိစ္စပြောမှာလား'

'ငါက ဈေးသည်ပဲ၊ အရောင်းအဝယ်ကိစ္စပြောရမှာပေါ့'

'ကောင်းပြီလေ၊ ဒါဆိုလဲ ဆွေးနွေးကြတာပေါ့'

'မင်းက ဘယ်လို အရောင်းအဝယ် လုပ်ချင်လို့လဲ'

'စောစောက ကျုပ်ပြောပြီးပြီလေ'

ရွှေချိန်ခွင် တခဏမျှ ကြောင်အမ်းအမ်း ဖြစ်သွားပြီး...

'မင်းဘာကို ဆိုလိုတာလဲ'

'လူတယောက်ရဲ့ ခေါင်းဆိုတာပေါ့'

'မင်းပြောချင်တာက...'

'ဟုတ်တယ်၊ ခင်ဗျားရဲ့ ဦးခေါင်း'

ရွှေချိန်ခွင် မဲ့ပြုံးတချက်ပြုံးလိုက်သည်။

'ကျုပ်ခေါင်းကို မရောင်းပါဘူး'

'မရောင်းရင်လဲ လုယူရမှာပဲ'

ရွှေချိန်ခွင် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ထိုစဉ် ရယ်မောသံနှင့်အတူ ကျယ်လောင်သော စကားသံတသံက ရုတ်တရက် ပေါ်ထွက်လာသည်။

'ဟား...ဟား...ဟား...ငါလဲ လူခေါင်းဝယ်ချင်တယ်ဟေ့၊ မင်းတို့ ချာတိတ်၄ယောက်ရဲ့ ခေါင်းပဲ'

စကားသံဆုံးလျှင် လူရိပ်တရိပ် ဖျတ်ခနဲ ရောက်ရှိလာ၏။ အရပ်အမောင်းက မြင့်မားထွားကျိုင်းပြီး ကိုယ်ပေါ်တွင် ရွှေရောင်ဝတ်စုံတစုံကို ဝတ်ဆင်ထားသည်။ လက်ထဲတွင်လည်း သံမဏိတုတ်ချောင်းကြီးတချောင်း ကိုင်ဆောင်လာသည်။ လျှောက်လှမ်းလာပုံက ဟိတ်ဟန်အပြည့်ရှိကာ ကိုယ့်ကိုယ်ကို ယုံကြည်ဝင့်စားမှုကလည်း ရှိနေသည်။

ကိုကြူးချောက်လန်က ထိုသူကိုကြည့်ကာ...

'စီမံရေးမှူးကြီး ကွမ်ပါလား'

'ဟား ဟား ဟား မင်းတယ်သိပါလား၊ အရပ်စမျက်နှာ အုပ်ထိန်းသူ ကွမ်ပေါ့ဖန်းဆိုတာ ငါပဲ'

'ခင်ဗျား လူတယောက်ကို မှတ်မိသေးလား'

'ငါ့တသက်မှာ ဒီပြင်လူတွေကသာ ငါ့ကို အမှတ်ထားလိမ့်မယ်၊ ငါကတော့ ဘယ်သူ့ကိုမှ မှတ်မထားဘူး'

'ခင်ဗျားမေ့နေလို့ ဖြစ်ပါလိမ့်မယ်၊ အဲဒီလူက ကိုချူးအမျိုးအနွယ်၊ နာမည်က တောက်ထိန်တဲ့'

ကွမ်ပေါ့ဖန်၏မျက်နှာထားမှာ ရုတ်ခြည်းပင် တင်းမာခက်ထန်သွားသည်။

'သူက မင်းနဲ့ ဘာတော်သလဲ'

'ကျုပ်အဖေပဲ'

'သူအခု ဘယ်မှာလဲ'

ကွမ်ပေါ့ဖန်း၏ အမူအရာ သိသိသာသာ ပျက်လာကာ စကားသံမှာလည်း ဒေါသကြောင့် ပိုမိုခက်ထန်လာ၏။ကိုကြူးချောက်လန်က ခနိုးခနဲ့လေးပြုံးလျက်..

'ကျုပ်အဖေက ကျုပ်ကိုပြောပြခဲ့ဖူးတယ်၊ လွန်ခဲ့တဲ့ ၁၀နှစ်လောက်တုန်းက မလွှတ်သင့် မလွှတ်ထိုက်တဲ့ လူတယောက်ကို အသက်ချမ်းသာခွင့်ပေးလိုက်မိသတဲ့၊ အဲဒီလူဟာ အခုထက်ထိ မကောင်းမှုတွေ ပြုနေလို့ သူ့စိတ်ထဲမှာ တော်တော်လေး မကျေမချမ်း ဖြစ်နေရသတဲ့၊ အဲဒီလူကိုတွေ့ရင် သူ့ကိုယ်စား ကျုပ်က ဝိညာဉ်နှုတ်ပေးပါတဲ့၊ အခုတော့ အထွေအထူး ရှာမနေရဘဲ ကျုပ်အတွက် အခန့်သင့်သွားရတာပေါ့'

ကွမ်ပေါ့ဖန်း ခြောက်ကပ်ကပ် ရယ်မောလိုက်သည်။

'တယ်လာတဲ့ ချာတိတ်ပါလား၊ မင်းသတ္တိရှိရင် ငါ့ဝိညာဉ်ကို လာနှုတ်လေ'

ကွမ်ပေါ့ဖန်က ပြောပြောဆိုဆိုပင် ၅ပေခန့် ရှည်လျားသော သံမဏိတုတ်ချောင်းကြီးကို ဝှေ့ယမ်းလိုက်သည်။

'ဗိုး..'

တချိန်ထဲမှာပင် ကိုချူးချောက်လန်ကလည်း ရုတ်တရက် ခုန်တက်ကာ ကွမ်ပေါ့ဖန်းအား ရင်ဆိုင်လေတော့သည်။

ကိုကြူးချောက်လန်နှင့် ကွမ်ပေါ့ဖန်းတို့ တိုက်ခိုက်နေကြစဉ်မှာပင် ရွှေချိန်ခွင်က ရုတ်တရက် ရယ်မောကာ...

'ဆရာကြီး ပိုးထင်းယိ ရောက်လာတာ အတော်ပဲ'

ရောက်ချူးရွှေ နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ကြည့်ပြီးခါမှ ရွှေချိန်ခွင်၏ လှည့်စားခြင်း ခံလိုက်ရပြီ ဖြစ်ကြောင်း သိတော့သည်။ သူ့နောက်တွင် မည်သူမျှမရှိ။ တဘက်သို့ လှည့်လိုက်ချိန်တွင် ကျောဘက်ဆီမှ လေဟပ်သံတသံ ကြားလိုက်ရသည်။ ရွှေချိန်ခွင်က သူ့လက်ထဲမှ သံချိန်ခွင်လက်နက်နှင့် လျှပ်ပြက်သည့်အလား လွှဲရိုက်လိုက်ခြင်းပင်တည်း။ ရောက်ချူးရွှေ မတိမ်းရှောင်။ လေဟပ်သံကြားသည်နှင့် သူ့ဓားရှည်က နောက်ပြန်ထိုးသွင်း လိုက်ပြီးဖြစ်နေသည်။ ရွှေချိန်ခွင်မှာ သူ၏ရိုက်လက်စ လက်နက်ကို ကပျာကယာ ရိုက်သိမ်းလိုက်ရသည်။ ဓားရှည်က ချိန်ခွင်လက်နက်ထက် အဝေးရောက်တိုက်ခိုက်မှု သာနေသဖြင့် နောက်သို့ တပတ်ကျွမ်းထိုး ရှောင်တိမ်းပေးလိုက်သည်။

'ထွက်ပြေးဖို့ မကြိုးစားနဲ့'

တိန်ယိဟန်က ဓားရှည်ဝင့်ကာ ရွှေချိန်ခွင်နောက်သို့ လိုက်ရန် ဟန်ပြင်သည်။ ရုတ်တရက် ခေါင်းဆောင်ငယ် လေးယောက်၏ ဓားရှည်များက သူ့ကို စီးမိုးခုတ်ပိုင်းလာသည်။ တိန်ယိဟန် ရှေ့သို့ ရဲဝံ့စွာပင် တိုးထွက်လာသည်။ ခေါင်းဆောင်ငယ်၄ယောက်၏ ဓားချက်များကို ရှောင်တိမ်းကာ သူ့ဓားကွက်တကွက် ထုတ်လိုက်သည်။ တကွက်ဆို ဆိုသလောက် လူတယောက်၏ ဝိညာဉ်ကို နှုတ်ခြွေသည်။ ထိုတယောက်နှင့် တိုက်ခိုက်၍မှ မပြီးသေး၊ ကျန်သုံးယောက်က သူ့ကို ထပ်မံ ခုတ်ပိုင်း တိုက်ခိုက်လိုက်ပြန်သည်။ တိန်ယိဟန် မြန်သည်။ ဓားတန်းလန်းနှင့် ဖြစ်နေသော လူကို သူ့ရှေ့မှာ ဓားစာခံအဖြစ် ဆီးကာပေးလိုက်သည်။ လူသုံးယောက်၏ ဓားချက်များက သူ့ကိုယ်စား လူသေကို ခုတ်ပိုင်းမိသည်။ တိန်ယိဟန်က တဆက်တည်းပင် ဓားရှည်ကို ဆတ်ခနဲ ရှေ့သို့ တွန်းထိုးလိုက်သည်။ သုံးယောက်အနက်မှ တယောက် သူ့ဓားချက်အောက်တွင် အသက်ပျောက်ရပြန်သည်။ ထိုအချိန်တွင် ကျန်၂ယောက်က ဝင်လုံးပြန်သည်။ တိန်ယိဟန်က တယောက်ကို တတောင်ဖြင့် တွတ်လိုက်၏။

'ဒုန်း..'

ထိုလူ လွင့်စဉ်သွားသည်။ ကျန်တယောက်ကိုမူ တံစို့ပမာ ဖြစ်နေသော ဓားရှည်ကို အလျင်အမြန် ဆွဲထုတ် ရင်ဆိုင်သည်။ ထိုသူ၏ ဓားသွားက သူ့ပခုံးပေါ်သို့ ကျလာချိန်တွင် သူက ထိုသူ၏ရင်ဝအတွင်းသို့ ဓားရှည်စိုက်သွင်းပြီး ဖြစ်နေလေသည်။ သစ်ရွက်မလေးတရွက် လေပွေတွင် ဝှေ့ယမ်းလှုပ်ရှားသလို၊ လိပ်ပြာကလေး တကောင် ပန်းပွင့်ရောင်စုံတို့ အကြားတွင် ပျံလွှားလူးလာ ဝတ်ရည်သောက်သုံးသလို လှုလှုပပ အကွက်ကျကျ တိုက်ခိုက်သွားသော တိန်ယိဟန်၏ ဟိုင်နန်ဓားသိုင်းကွက်ကို ကြည့်ပြီး တံတောင်ဖြင့် အတွက်ခံရသူမှာ ထိတ်လန့်တုန်လှုပ် သွားတော့သည်။ ဟိုင်နန်ဓားသိုင်းကွက်ပညာ၏ လျင်မြန်သွက်လက်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းတို့ဖြင့် ရန်သူ၃ယောက်ကို လျှပ်တပြက် အချိန်အတွင်း အတုံးအရုံး လဲကျစေကာ အနိုင်ယူခဲ့လေပြီ။

ရောက်ချူးရွှေနှင့် ရွှေချိန်ခွင်တို့ကလည်း တဘက်မှ တိုက်ခိုက် နေကြဆဲ။ ရွှေချိန်ခွင်က နောက်ကျွမ်းပစ် ရှောင်တိမ်းလိုက်သည်နှင့် ရောက်ချူးရွှေ ကိုယ်ကိုတပတ်ပြန်လှည့်ကာ ရင်ဆိုင်သည်။ သံချိန်ခွင်ဝှေ့ယမ်းသံ၊ ဓားရှည်လေတိုးသံတို့က တဝီးဝီး သဝှစ်ဝှစ် ဖြစ်နေသည်။ ရောက်ချူးရွှေ၏ ဓားရိပ်ဓားကွက်များက လှပသော ပန်းပွင့်တပွင့်သဏ္ဍာန် ပေါ်လွင်နေသည်။

တိုက်ကွက်၁၂ကွက်မျှသာ တိုက်ရသေးသည်။ ရွှေချိန်ခွင်စိတ်ထဲ စိုးထိတ်စပြုလာသည်။ တိန်ယိဟန်နှင့် ခေါင်းဆောင်ငယ် ၄ယောက်တို့၏ တိုက်ပွဲတွင် ခေါင်းဆောင်၃ယောက် ကျဆုံးသွားကာ တယောက်မှာ တံတောင်ဖြင့် အတွတ်ခံခဲ့ရပြီးပြီ။ ရွှေချိန်ခွင် တိုက်ခိုက်နေရင်းမှ ရုတ်တရက် လက်ကိုမြှောက်လိုက်သည်။ သံချိန်ခွင်လက်နက်က ရောက်ချူးရွှေထံသို့ ဝီးခနဲ ပြေးဝင်သွားသည်။ ရောက်ချူးရွှေက အလွယ်တကူပင် ဘယ်လက်ဖြင့် ဆီးဖမ်းလိုက်သည်။ ရောက်ချူးရွှေ ဓားအလှုပ်ရပ်သွားသည့် အခွင့်ကောင်းကိုယူကာ ရွှေချိန်ခွင် ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။

သို့သော် တချိန်လုံး ငြိမ်သက်စွာ ရပ်ကြည့်နေသည့် ထန်လိုက လှုပ်ရှားလာသည်။ သူယူလာသော သံဆူးချွန်၃ခုမှာ တခုသာကျန်တော့၏။ ထိုတခုကို ဆတ်ခနဲ ပစ်တောက်လိုက်သည်။ သံဆူးချွန်လက်နက်ပုန်းက မျက်စိပါသည့်အလား ရွှေချိန်ခွင်ထံသို့ ပြေးဝင်သွားပြီး သူ့မျက်ခုံး ၂ခုကြားရှိ ယင့်ထန်းသွေးကြောကို တည့်တည့်မတ်မတ် စိုက်ဝင်ကာ လဲကျသွားတော့သည်။

ရွှေချိန်ခွင် သေဆုံးသွားလျှင် အရပ်ဇမျက်နှာ အုပ်ထိန်းသူ ကွမ်ပေါ့ဖန်း အကြီးအကျယ် ထိတ်လန့် စိုးရိမ်သွားသည်။ သံမဏိတုတ်ချောင်းကြီးကို အစွမ်းကုန် ဝှေ့ယမ်းတိုက်ခိုက်သော်လည်း စိတ်အာရုံ တည်ငြိမ်မှုမရှိသဖြင့် အကွက်မကျတော့။ ကျိုကျူးချောက်လန်ကမူ စိတ်အေးလက်အေးပင် တိုက်ခိုက်နေသည်။ သူတိုက်ခိုက်သည့် အဓိကပစ်မှတ်က ကွမ်ပေါ့ဖန်း၏ ကိုယ်ခန္ဓာကို မဟုတ်။ သံမဏိတုတ်ချောင်းကို အမိအရ ဖမ်းချုပ်နိုင်ရန်သာ ရည်ရွယ်သည်။ ထိုက်ဆန်းတောင် ကျောက်ခွဲလက်သိုင်း ဖမ်းချုပ်ကွက်မှ မိုးနန်းတောင် ဖမ်းချုပ်လက်ကွက်ကို ပြောင်းလဲအသုံးပြုသည်။ သူ့လက်လှုပ်ရှားပုံ နည်းစနစ်ကျသလို လှပပိရိလွန်းသဖြင့် ကွမ်ပေါ့ဖန်း အခြေအနေ ယိမ်းယိုင်လာသည်။ တိုက်ကွက်ပုံစံ ပျက်လာသည်။ သံမဏိတုတ်ချောင်းကို ကျိုကျူးချောက်လန် မဖမ်းဆုတ်နိုင်အောင် အစွမ်းကုန် ရှောင်တိမ်းနေရသည်။

လက်ဖျစ်တတွက် အချိန်ကလေးမှာပင် ကျိုကျူးချောက်လန်သည် တိုက်ကွက်တကွက် ပြောင်းလိုက်ပြန်သည်။ ဂူတန်းဂိုဏ်း၏ အကြောလွဲ အရိုးခွဲ ဖမ်းချုပ်လက်ကွက်ဖြစ်၏။ သူ့လက်ချောင်းက သံမဏိတုတ်ချောင်းကြီးကို ဦးတည်မထားတော့။ ရိပ်ခနဲနုန်လွှားကာ ကွမ်ပေါ့ဖန်း၏ လည်ပင်းကို ဖက်လိုက်သည်။ ကွမ်ပေါ့ဖန်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လက်ပြန်လှည့်၍ သံမဏိတုတ်ချောင်းဖြင့် ကန့်လန့်လွှဲရိုက်သည်။

'ဗုန်း...'

ရိုက်ချက်က ကျိုကျူးချောက်လန်ကိုမထိ။ မိမိ၏ အားအရှိန်ကို မထိန်းနိုင်သဖြင့် သံမဏိတုတ်ချောင်းတဖက်က သူ့ရင်ဘတ်ကို ပြန်ရိုက်မိသည်။ ကွမ်ပေါ့ဖန်းပါးစပ်မှ သွေးများ အန်ထွက်လာသည်။ ကျိုကျူးချောက်လန်မှာ ခုန်ထွက်သွားသော်လည်း ကွမ်ပေါ့ဖန်း၏လည်ပင်းကို ဖန်းချုပ်ထားသည့် လက်အစုံအား ဖြေလွှတ်ခဲ့သည်မဟုတ်။ ကွမ်ပေါ့ဖန်း သူ့ရင်ဝကို သံမဏိတုတ်ချောင်းဖြင့် ပြန်ရိုက်မိချိန်တွင် သူက ကွမ်ပေါ့ဖန်း၏ ဘေးတဖက်သို့ ရောက်ရှိသွားကာ လည်ပင်းကို ဆွဲလှည့်ပြီး ဖြစ်နေသည်။

'အား....အမယ်လေး'

မျက်နှာက ဘေးတဖက်သို့ အစွမ်းကုန် လည်ထွက်သွားသဖြင့် ကွမ်ပေါ့ဖန်း နာကျင်လွန်းစွာ အော်ဟစ်သည်။ ထိုအချိန်တွင် ရောက်ချူးရွှေမှာ ရွှေချိန်ခွင်နှင့် တိုက်ခိုက်ပြီးပြီမို့ ကျိုကျူးချောက်လန်တို့ အနီးသို့ ရောက်ရှိလာသည်။

'ဒီလူဟာ မကောင်းမှု ဒုစရိုက်တွေကို သူ့ကိုယ်နဲ့မဆံ့အောင် လုပ်ခဲ့တယ်၊ ဒီတော့....'

ရောက်ချူးရွှေက ဓားရှည်ကို ကွမ်ပေါ့ဖန်းရင်ဝသို့ ထိုးစိုက်ချလိုက်သည်။ ကွမ်ပေါ့ဖန်း၏ လည်ပင်းကို ကျိုကျူးချောက်လန်က လက်လွှတ်ပေးလိုက်သဖြင့် သူခန္ဓာကိုယ်မှာ မြေပေါ်သို့ ပျော့ခွေကျသွားတော့သည်။ ရွှေငွေဘဏ်တိုက်၏ ဘဏ္ဍာထိန်းကြီး ရွှေချိန်ခွင်နှင့် စီမံရေးမှူးကြီး အရပ်စမျက်နှာ အုပ်ထိန်းသူ ကွမ်ပေါ့ဖန်းတို့ ကျဆုံးသွားရလေပြီ။

တိန်ယိဟန်၏ တံတောင်တချက် အတွက်ခံလိုက်ရသော ခေါင်းဆောင်ငယ်တယောက်သာ ကျန်ရှိတော့သည်။ စောစောက ဓားဆွဲထုတ်ကာ မာန်ဝင့်ခဲ့သော ယောကျ်ားကြီး ၇ယောက် ၈ယောက်တို့မှာမူ ရွှေချိန်ခွင် ကျဆုံးကတည်းကပင် ရှောင်တိမ်းပြေးသွားခဲ့ပြီ ဖြစ်နေပေသည်။

ရွှေငွေဘဏ်တိုက်တခုလုံးမှာ ရုတ်ခြည်း တိတ်ဆိတ်ငြိမ်သက်သွားသည်။ ထန်လိုက တယောက်တည်းသာ ကျန်ရှိနေသော ခေါင်းဆောင်ငယ်အား အေးစက် စူးရှသော အကြည့်ဖြင့် ကြည့်ကာ...

'နောင်ကြီးအားဝမ်တို့ကို ဘယ်သူသတ်တာလဲ'

ထိုသူ၏ မျက်နှာတွင် ကြောက်ရွံ့စိုးထိတ်မှု အပြည့်ရှိနေသော်လည်း နှုတ်ဟပြောဆိုခြင်းမပြု။ တိန်ယိဟန်က သူ့အနီးသို့ ချဉ်းကပ်ကာ စိတ်မရှည်သော လေသံဖြင့်...

'ပြောလေ၊ နောင်ကြီးအားဝမ်တို့ကို ဘယ်သူသတ်တာလဲလို့ မေးနေတယ်မဟုတ်လား'

'လူသတ်သမား'

လူသတ်တမားသည် ဩဇာအာဏာဂိုဏ်း၏ ဂိုဏ်းခွဲ ရွှေငွေဘဏ်တိုက်တွင် အမိန့်မနာခံသူအား သတ်ဖြတ်ရန် အထူးတာဝန်ယူရ၏။ အရိပ်မဲ့သည် ကိုယ်ယောင်ဖျောက် ကြောင်စရာကောင်းသည် ဆိုသော်လည်း သိုင်းပညာတွင်မူ လူသတ်သမားက များစွာ မြင့်မားထက်မြက်လွန်းလှသည်။

'အခု သူဘယ်မှာရှိသလဲ'

'ကျုပ်မသိဘူး'

တိန်ယိဟန်က ထိုသူ၏မျက်လုံးအစုံကို မလွှဲဖယ်ဘဲ စူးစိုက်ကြည့်ကာ မေးလိုက်ခြင်းဖြစ်ရာ ထိုသူ၏ အဖြေစကားက လိမ်ညာတိမ်ဝှက်ထားခြင်း မရှိကြောင်း သိရှိရပေသည်။

'ဒါဖြင့် သံမဏိလက်ကောက်နတ်ဆိုးရော ဘယ်မှာလဲ'

'ကျုပ်မသိပါဘူး၊ ဘဏ္ဍာထိန်းကြီးချန်နဲ့ စီမံရေးမှူးကြီး ကွမ်ပေါ့ဖန်းတို့တောင်မှ မသိကြပါဘူး၊ ဆရာကြီး ပိုးထင်းယိက သူ့ကို ဘယ်နေရာ၊ ဘယ်အချိန်မှာ ဆုံနိုင်တယ်ဆိုတာ အရိပ်မဲ့ကို စေလွှတ် အကြောင်းကြား စီစဉ်တတ်ပါတယ်'

'အရိပ်မဲ့ဆိုတာက ဘယ်သူလဲ'

ထိုသူက ခေါင်းကို သွက်သွက် ခါယမ်းလိုက်သည်။

'ဒါလဲ ကျုပ်မသိပါဘူး၊ သူရောက်လာတဲ့အခါမှာ တကြိမ်တကြိမ် ရုပ်ရည်ပုံသဏ္ဍာန်ချင်း မတူညီပါဘူး၊ တခါတခါ ယောကျ်ားလို ဝတ်လာပြီ တခါတခါ မိန်းမလို ဝတ်လာတတ်တယ်၊ တခါတလေကျတော့ အဘိုးကြီး အဘွားကြီးလို အမျိုးမျိုး ရုပ်ပြောင်းရုပ်ဖျက်ပြီး လာတတ်ပါတယ်'

တိန်ယိဟန် ဆက်မမေးတော့။ ထိုသူသည် ခေါင်းဆောင်ငယ်တယောက် ဖြစ်သော်လည်း ထိထိရောက်ရောက် ထဲထဲဝင်ဝင် လူတယောက် မဟုတ်ကြောင်း နားလည်ကာ အနည်းငယ် ဆုံးမပြောဆိုပြီးနောက် ဘဏ်တိုက်ထဲမှ ၄ယောက်သား ထွက်လာခဲ့ကြတော့သည်။

ရွှေငွေဘဏ်တိုက် အပြင်ဘက်သို့ ရောက်သည့်တိုင် သူတို့ စိတ်လက်များက မပေါ့ပါးသေး။ ရုတ်တရက် ကြည့်လျှင် ရွှေငွေဘဏ်တိုက် ပြိုကွဲသွားပြီဟု ဆိုရပေမည်။ သို့သော် နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားနေသော အဓိကခေါင်းဆောင် သံမဏိလက်ကောက်နတ်ဆိုး ပိုးထင်းယိ မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို မသိရသေးပေ။ လူသတ်သမားနှင့် အရိပ်မဲ့တို့ မည်သူများ ဖြစ်ပြီး မည်သည့်အရပ်တွင် ရောက်နေကြသည်ကိုလည်း မသိရသေး။ အန္တရာယ်က ရောက်ချူးရွှေတို့၄ယောက်အတွက် အချိန်မရွေး ကျရောက်လာနိုင်ပေသည်။

'ကျုပ်တို့ လူတယောက်ကို သွားရှာရင် ကောင်းမယ် ထင်တယ်'

ကျိုကျူးချောက်လန်က တွေးတွေးဆဆဟန်ဖြင့် ပြောသည်။ ရောက်ချူးရွှေက နားမလည်ဟန်ဖြင့် ကြည့်ကာ...

'ဘယ်သူ့ကို သွားရှာမလို့လဲ'

'ဟိုခွန်းကို သွားရှာမယ်လေ'

ရောက်ချူးရွှေမျက်နှာ အရောင်ဝင်းလက်သွားသည်။ ဟိုခွန်းသည် ဒေသခံလူတယောက် ဖြစ်သည့်အပြင် မင်းမှုထမ်းအလုပ် လုပ်ခဲ့သည်မှာ ၁၀နှစ်ကျော်ပင် ကြာမြင့်ခဲ့ပြီ။ ထိုကဲ့သို့သော လူတယောက်က မိမိတို့ မသိသောလူကို စုံစမ်းလျှင် ပို၍ လွယ်ကူအဆင်ပြေပေမည်။ ပိုးထင်းယိမဟုတ်တောင်မှ လူသတ်တမားနှင့် အရိပ်မဲ့တို့၏ ခြေရာကို ခံမိကောင်း ခံမိနိုင်သည်ဟု ရောက်ချူးရွှေ တွက်ဆလိုက်သည်။

'အေး...ကောင်းတယ်၊ ဟိုခွန်းကို သွားရှာကြမယ်'

တိန်ယိဟန်က ကြားဖြတ်ကာ...

'ဟိုခွန်းကို သွားမရှာခင် ကျုပ်တို့ဗိုက်တွေ အစာဖြည့်ထားကြရင် အကောင်းဆုံးပဲ'

၄ယောက်စလုံးမှာ ဆာလောင်နေကြပြီမို့ တိန်ယိဟန်၏ အစီအစဉ်ကို ကျေနပ်လက်ခံလိုက်ကြသည်။

ကျယ်စင်းလို ပျော်ပွဲစားရုံ။ ကျယ်ကွေးတွင် ဤပျော်ပွဲစားရုံ၏ နာမည်သတင်းကား သင်းပျံ့လှသည်။ တည်နေရာကလည်း အကွက်အကွင်းကျသည်။ ဆိုင်အပေါ်ထပ်မှ ဆီး၍ ကြည့်လိုက်လျှင် မြို့လမ်းမနှင့် ယန်စီကျန်မြစ်ရေပြင်ကို မိုးကြည့်နေနိုင်သည်။ မြစ်ပြင်ကို ဖြတ်၍ တိုက်လာသည့် လေပြည်လေညင်းကိုလည်း ခံစားနိုင်သည်။ စားသောက်ဖွယ်ရာ ဟင်းလျာများကလည်း လက်ရာမမြောက်သည့်တိုင် သင့်တင့်လျောက်ပတ်စွာ စီစဉ်နိုင်သည်။

ဆိုင်ထဲတွင် စားသောက်သူဟူ၍ များများစားစားမရှိ။ ရောက်ချူးရွှေတို့မှအပ စားပွဲဝိုင်း၃ဝိုင်းသာ ရှိသည်။ တဝိုင်းတွင် ယောကျ်ားကြီး၃ယောက်၊ နောက်တဝိုင်းတွင် အဘိုးအိုတယောက်၊ အခြားတဝိုင်းတွင်ကား အသက်

ဒဲစနစ်ခန့်သာရှိသော လူငယ်လေးတယောက်တို့သာ ရှိကြသည်။ သူတို့၏ ဝိုင်းအသီးသီးတွင် အရက်အိုးများ အသင့်ရှိနေသည်။ လူငယ်၏ စားပွဲခုံတွင်ရှိနေသည့် အရက်အိုးက ကျန်၂ဝိုင်းပေါင်း၏ အရက်အိုးထက် ပိုမိုများပြားသည်။ အတော်ပင် အရက်သောက်နိုင်စွမ်းရှိသည့် လူငယ်ဖြစ်ဟန်တူသည်။ ရောက်ချူးရှွေက အပြင်ဘက်သို့ လှမ်းမြင်နိုင်သည့် ပြတင်းပေါက်အနီးရှိ စားပွဲဝိုင်းတွင် နေရာယူသည်။ သူတို့ဝိုင်းတွင် အရက်တအိုးမျှ ရှိမနေ။ သူတို့၄ယောက်မှာ သိုင်းသမားများ ဖြစ်ကြသည့်တိုင် အရက်ကြိုက်နှစ်သက်သူများမဟုတ်။ ဟင်းလျာများ၊ ခေါက်ဆွဲကြော်များ၊ ပေါက်စီများကိုသာ လက်ဖက်ရေကြမ်းနှင့် မှာယူစားသောက်ကြသည်။

စားသောက်အပြီးတွင် ၄ယောက်သား ထွေရာလေးပါး စကားများ ပြောဆိုကြသည်။ ရောက်ချူးရှွေသည် ပြတင်းတံခါးမှ အပြင်ဘက်သို့ ငေးကြည့်နေမိသည်။ နေအေးချိန် ရောက်လာပြီမို့ စားသောက်ဆိုင်ရှေ့ လူသွားလမ်းပေါ်တွင် တဖြည်းဖြည်း လူသွားလူလာ များလာသည်နှင့်အမျှ လမ်းပေါ်တွင် ပြဿနာ တစုံတခု ဖြစ်နေပြီကို ရောက်ချူးရှွေ သတိပြုမိသည်။ ထို့အတူ စားသောက်ဆိုင်ထဲတွင်လည်း စကားသံများ ဆူညံလာသည်။ ရောက်ချူးရှွေသည် စားသောက်ဆိုင်ထဲမှ အသံများကို အာရုံမရောက်။ လမ်းမပေါ်သို့သာ ငေးကြည့်နေမိသည်။ သီချင်းသည် အဘိုးကြီးတယောက်သည် တိုက်အိမ်ကြီးတခုရှေ့မှ ဖြတ်အကျော်တွင် တိုက်အိမ်ကြီးထဲမှ ခွေးသမင်ကြီးတကောင် ထွက်လာကာ ကိုက်ခဲဟန် မာန်ဖီခြင်းခံရသည်။ အဘိုးအိုမှာ ကြောက်ရွံ့ထိတ်လန့်လွန်းသဖြင့် ရောင်တိမ်းလိုက်ရာ မြေပြင်တွင် ပက်လက်လဲကာ သယ်ဆောင်လာသော ပစ္စည်းများ ပြန့်ကြဲကုန်သည်။ ခွေးသမင်ကြီးက ခုန်အုပ်ကာ ကိုက်ခဲရန် ဟန်ပြင်သည်။ အဘိုးအိုသည် ဘာမျှမတတ်နိုင်ဘဲ အနီးရှိ ကျောက်ခဲတခု ကောက်ယူပြီး ခွေးကြီးကို လှမ်းပေါက်သည်။

'ဝုတ်…ဝုတ်'

ခွေးကြီး ခဲထိမှန်ခံရကာ နောက်သို့ ဆုတ်သွားသည်။ ရှေ့သို့ တက်မလာရဲတော့သော်လည်း အစွယ်သွားကြီး ဖြဲကာ မာန်ဖီလျက် အဆက်မပြတ် ဟောင်နေပြန်သည်။ အဘိုးအိုလည်း ပြန့်ကြဲကုန်သော သူ့ပစ္စည်းများကို ကောက်ယူကာ ဒယီးဒယိုင်ဖြင့် မတ်တတ်ရပ်လိုက်သည်။ ထိုအချိန်တွင် တိုက်အိမ်ကြီး၏ ခြံတခါးပွင့်လာပြီး အစိုးရအမှုထမ်း အရာရှိ တယောက်၏သားပုံစံ ဝတ်ဆင်ထားသူလူငယ်တယောက် အစေခံ၂ယောက် ခြံရံကာ ထွက်လာသည်။

'ငါ့ခွေးကို ရိုက်တာ ဘယ်သူလဲကွ၊ အဘိုးကြီး ခင်ဗျားမဟုတ်လား၊ ခင်ဗျား သေချင်လို့လား'

အဘိုးအိုက ရှင်းပြရန် ကြိုးစားသည်။ မရ၊ အစေခံတယောက်က အဘိုးအိုကို အတင်းတွန်းလိုက်ရာ အဘိုးအိုမှာ မြေပြင်ပေါ်သို့ လဲကျသွားပြန်သည်။ အရာရှိသားပုံစံလူငယ်က မြေပြင်ပေါ်တွင် လဲကျနေသော အဘိုးအိုကို ကိုက်ခဲစေရန် သူ့ခွေးသမင်ကြီးအား အမိန့်ပေးနေသည်။ လမ်းပေါ်တွင် ထိုအဖြစ်အပျက်ကို လူအများ ဝိုင်းအုံကြည့်နေကြသော်လည်း မည်သူမျှ ဝင်ရောက်ဖြေရှင်းခြင်းမပြုကြ။ ရောက်ချူးရှွေ ကြည့်မနေနိုင်တော့။ ခွေးသမင်ကြီးက သူ့နောက်တွင် သခင်အားကိုးရှိလာပြီမို့ အဘိုးအိုအား ကိုက်ခဲရန် မာန်ဖီခုန်အုပ်လိုက်သည်။

ရောက်ချူးရှွေလည်း စားပွဲခုံပေါ်မှ တူ၂ချောင်းကို ကောက်ယူလိုက်သည်။ ထိုအချိန်မှာပင် ကျက်စင်းလို ပျောက်ပွဲစားရုံ၏ အပေါ်ထပ်တွင်လည်း ပြဿနာ တခု ဖြစ်လာသည်။ အဘိုးအိုနှင့် ယောကျာ်းကြီး၃ယောက်တို့မှာ အရက်မူးကာ အချင်းချင်း ဆဲဆိုပြီး ရန်ဖြစ်ကြတော့မည်။ ယောကျာ်းကြီး၃ယောက်က စားပွဲမှထကာ အဘိုးအိုကို တိုက်ခိုက်ရန် ပြင်သည်။ တိန်ယိဟန်နှင့် ကျိုကျူးချောက်လန်တို့ ၂ယောက်မှာ အားနည်းသူ အဘိုးအိုတယောက်တည်းကို ယောကျာ်းကြီး၃ယောက် ဝိုင်းဝန်းတိုက်ခိုက်မည်ကို မလိုလားသဖြင့် ထိုင်ရာမှ မတ်တတ်ရပ်လျက် အနားသို့ ချဉ်းကပ်သွားသည်။

ထန်လိုမှာမူ သူ့စိတ်ကူးနှင့်သူ နစ်မျောနေမိသည်။ ရောက်ချူးရှွေက ထိုအရေးအခင်းကို ဂရုမစိုက်ဘဲ အောက်ဘက်လမ်းမသို့သာ တူဖြင့်ပစ်လွှတ်၍ ခွေးသမင်ကြီးအား ဟန့်တားရန် ပြင်ဆင်နေသည်။ ထိုအချိန်မှာပင် တယောက်တည်း အရက်ကို တနင့်တပိုး သောက်နေသောလူငယ်က ရုတ်တရက် ခွက်ကို လွှင့်ပစ်ကာ ဓားအိမ်တွင်းမှ ဓားရှည်ဆွဲထုတ်လျက် စားပွဲခုံအား ခုန်ပျံကျော်ပြီး ရောက်ချူးရှွေ၏ ကျောပြင်ကို ထိုးသွင်းချလိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင်ဟုပင် ဆိုရပေမည်။

ရှောက်ချူးရွှေက တူအစုံကို ကိုင်မြှောက်လိုက်ချိန်တွင် လူငယ်ကလည်း ဓားဖြင့် လှမ်းထိုးရန်အပြင်မို့ ရုတ်တရက် လူငယ်၏ဓားချက် တုံ့ခနဲ ဖြစ်သွား၏။ ရှောက်ချူးရွှေသည် ဓားဦးချွန်ထက်ဓားလေတိုးလာသည်ကို အလျင်ဦးဆုံး ခံစားလိုက်ရသဖြင့် ပြတင်းပေါက်သို့ ခုန်ထွက်လိုက်သည်။သို့တိုင်...

'ရှပ်..'

လူငယ်၏ ဓားချက်က လျှပ်ပြက်သည့်နှယ် မြန်ဆန်သွက်လက်လွန်းသဖြင့် ရှောက်ချူးရွှေ၏ ကျောပြင်တွင် ဓားချက်တချက် ၄လက်မခန့် ဆွဲခြစ်သွားမိသည်။ လူငယ်မှာ အလစ်ဖမ်းလုပ်ကြံတိုက်ကွက် မအောင်မြင်သဖြင့် နောက်ထပ် ဓားရှည်ဖြင့် ဆက်ထိုးသွင်းပြန်သည်။ ရှောက်ချူးရွှေက တဘက်မှ ပြတင်းဘောင်ကိုကိုင်ကာ လက်တဘက်က တူအစုံကို လူငယ်ထံသို့ လက်နက်ပုန်းသဖွယ် ပစ်လွှတ်လိုက်သည်။ လူငယ်က ထိုတူကို ဓားရှည်ဖြင့် ဝှေ့ယမ်းခုတ်ထစ်ပစ်ပြီး ရှောက်ချူးရွှေထံ တိုးဝင်လာပြန်သည်။ ကိုယ့်အတွေးနှင့် ကိုယ်ငြိမ်သက်နေသော ထန်လိုလည်း ရပ်ကြည့်မနေနိုင်တော့။ လက်တဘက်ကို ဝှေ့ယမ်းလှုပ်ရှားလိုက်သည်။

'ဝှီး...'

ပေါက်ဓားတလက်က လူငယ်ထံသို့ ပြေးဝင်သွားသည်။ လူငယ်မှာ ရှောက်ချူရွှေအား ထိုးသွင်းမည့်ဓားချက်ကို အလျင်အမြန် ပြန်ရုပ်သိမ်းပြီး ပေါက်ဓားလက်နက်ပုန်းကို ခုန်ရှောင်ပေးလိုက်သည်။

'ဒုတ်...'

ပေါက်ဓားပျံက စားသောက်ဆိုင်၏ တိုင်တတိုင်တွင် စိုက်ဝင်သွားသည်။ လူငယ်မှာလည်း မိမိ၏လုပ်ကြံမှု မအောင်မြင်သဖြင့် ရှောင်ထွက်သွားရန် အပေါက်ဝသို့ ခုန်ထွက်လိုက်သည်။ သို့သော် လူရိပ်တရိပ်က သူ့ကိုယ်ပေါ်မှ ကျော်လွှားကာ အပေါက်ဝတွင် သူ့ထက်အလျင်ရောက်နှင့်ပြီး ပိတ်ဆို့ထားလိုက်သည်။ ရှောက်ချူးရွှေက ပြတင်းဘောင်ကို ဆုပ်ကိုင်ကာ လူငယ်ရှေ့မှ ဆီးကြိုလျက် သွားလမ်းအား ပိတ်ဆို့ထားလိုက်ခြင်းပင်တည်း။ လူငယ်ခြေလှမ်းတန့်သွားသည်။ အခြေအနေကို မျက်လုံးကစား အကဲခတ်ကြည့်လိုက်လျှင် လှေကားအဆင်းတွင် ကျိုကျူးချောက်လန်က ပိတ်ဆို့ထားပြီး ရှောက်ချူးရွှေက သူ့သွားလမ်းကို ပိတ်ဆို့ထားကြောင်း တွေ့လိုက်ရသည်။ သူ့နောက်ဘက်တွင် ထန်လိုကလည်း အဆင်သင့်ရှိနေပြန်သည်။ လူငယ်မှာ ထွက်ပြေးအလွတ်ရုန်းသွားမည့် အစီအစဉ်ကို လက်လျှော့လိုက်ရသည်။

တိန်ယိဟန်က ဓားရှည်ကို ဆွဲထုတ်ပြီး အဘိုးအိုနှင့် ယောကျ်ားကြီး၃ယောက်ကို ရင်ဆိုင်နေသည်။ ထို၄ယောက်ကလည်း အသီးသီး ဓားဆွဲထုတ်ကာ တိန်ယိဟန်ကို စိုက်ကြည့်နေသည်။ ရှောက်ချူးရွှေလည်း နောက်ကျောမှ ဓားဒဏ်ရာကို ပွတ်သပ်လိုက်ပြီး ရှုံ့မဲ့လိုက်ကာ လူငယ်ကိုကြည့်၍...

'မင်းက လူသတ်သမားလား'

လူငယ်က ခေါင်းညိတ်သည်။

'မင်းဓားကွက်က သိပ်မြန်ပါလား'

'ခင်ဗျားရဲ့ ကိုယ်ဖော့ပညာကလဲ သိပ်ကောင်းပါလား'

'တကယ်လို့သာ ငါ့လက်က တိုက်တိုက်ဆိုင်ဆိုင် လှုပ်ရှားပြီး မင်းရဲ့ဓားအရှိန် တချက်တွန့်သွားတာ မဟုတ်ရင် ငါသေနေတာ ကြာလှပြီ'

'ခင်ဗျား ကံကောင်းသွာတာပေါ့'

'ငါတို့၄ယောက်ထဲမှာ ငါ့ကိုမှရွေးပြီး သတ်ဖို့ကြိုးစားတယ်ဆိုတော့ မင်းနဲ့ငါ သူသေကိုယ်သေ တပွဲလောက် နွှဲကြရတာပေါ့'

လူငယ်က ပေါ့ပေါ့ပါးပါးပင် ရယ်လိုက်ကာ...

'၄ယောက်တယောက် တိုက်ခိုက်ရင်လဲ ရပါတယ်၊ ကျုပ်ကို အားနာစရာမလိုပါဘူး'

'အားနာလို့ မဟုတ်ဘူး၊ မင်းကို တို့၄ယောက် ဝိုင်းတိုက်ဖို့ မလိုသေးလို့ဘဲ'

လူငယ်၏မျက်နှာတွင် ဒေါသအရောက်များ လွှမ်းလာသည်။ လူတယောက်ကို လွယ်လွယ်ကူကူ သတ်ဖြတ်လာခဲ့သော လူသတ်သမား အမည်ခံလူငယ်မှာ လုပ်ကြံမှု မအောင်မြင်သည့်အပြင် ရှောက်ချူးရွှေက အထက်စီးလေသံနှင့် ပြောဆိုခြင်းခံလိုက်ရသဖြင့် အတော်ကလေး မခံမရပ်နိုင်ဖြစ်သွားသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရာ သွေးကြောကြီးများ အပြိုင်းပြိုင်းထနေတော့သည်။

ရှောက်ချူးရွှေက ကျိုကျူးချောက်လန်အား...

'ကျိုချူးချောက်လန်...လမ်းပေါ်က လူယုတ်မာတွေက အဘိုးကြီးတယောက်ကို အနိုင်ကျင့် နေကြတယ်၊ မင်းသွားပြီး ဖြေရှင်းပေးလိုက်'

ကျိုချူးချောက်လန်က ဆတ်ခနဲခေါင်း ညိတ်လိုက်ပြီး အောက်သို့ ခုန်ဆင်းသွားတော့သည်။ ရှောက်ချူးရွှေသည် ကိုယ်တိုင် ပြဿနာနှင့် ရင်ဆိုင်နေရသော်လည်း လမ်းပေါ်မှ အဘိုးအိုအား အကူအညီပေးမည့်ကိစ္စကို မမေ့သေး။ အဘိုးအိုအား ကယ်တင်လိုသော စိတ်ကောင်းစေတနာကြောင့် လူသတ်သမား၏ ဓားချက်မှ သူ့အသက် လွတ်ငြိမ်းချမ်းသာ ခဲ့ရသည်ကို နားလည်သည်။ ထို့ကြောင့် အသက်တခင် ကျေးဇူးရှင်တယောက်အဖြစ် သတ်မှတ်ကာ ကျိုချူးချောက်လန်အား သွားရောက်ဖြေရှင်းခိုင်းလိုက်ခြင်းဖြစ်၏။ ကျိုချူးချောက်လန်ကို စေလွှတ်သည်မှာ အကြောင်းတချက် ရှိပေသေးသည်။ တိန်ယိဟန်သည် ဒေါသကြီးကာ တဆုံးတဆ လုပ်တတ်သည်။ ထန်လိုမှာမူ လက်နက်ပုန်းကို အဓိက အသုံးပြုသည်မို့ တဖက်သားအား နစ်နာထိခိုက်မှု ပြင်းထန်စေနိုင်သည်။ ကျိုချူးချောက်လန်မှာမူ ဖမ်းချုပ်လက်ကွက်ကိုသာ အသုံးပြုပြီး စိတ်ရှည်လက်ရှည် ရှိတတ်သည်မို့ မမှားသင့်တန်သည်ကို မမှားတတ်ပေ။ သို့အတွက် လမ်းပေါ်မှ ပြဿနာကို ဖြေရှင်းရန်အတွက် ရှောက်ချူးရွှေက ရွေးချယ်စေလွှတ်လိုက်ခြင်း ဖြစ်ပေသည်။ တိန်ယိဟန်က သူ့ရှေ့တွင် ဓားရှည်အသီးသီး ဆွဲထုတ်ကာ ရပ်နေကြသော အဘိုးအိုနှင့် ယောကျာ်းကြီး၃ယောက်တို့အား...

'ခင်ဗျားတို့ လုပ်ဇာတ်တွေ ပြီးသွားပြီ၊ ဒီဆိုင်ထဲက အမြန်ဆုံး ထွက်သွားကြပေတော့'

အဘိုးအိုတို့ ၄ယောက်မှာ တယောက်မျက်နှာတယောက်ကြည့်ကာ ငေးကြောင်နေကြသည်။ တိန်ယိဟန် ဒေါသထွက်လာသည်။

'ကျုပ်ခင်ဗျားတို့ကို မသတ်ချင်ဘူး၊ ထွက်သွားဆိုတာ အခုထက်ထိ မလှုပ်ကြသေးဘူးလား'

၄ယောက်သား မလှုပ်ကြ။ လူသတ်သမား လူငယ်က...

'သွားကြ၊ ခင်ဗျားတို့ သူ့ကို မယှဉ်နိုင်ပါဘူး'

လူ၄ယောက်မှာ အမိန့်ကိုနာခံသည့် ရုပ်သေးရုပ်ကလေးများပမာ လူငယ်အား ဦးညွှတ်အရိုအသေပေးကာ ထွက်သွားကြတော့သည်။ သူ့လူများ ထွက်သွားမှ လူသတ်သမားလူငယ်က ဝင့်ထည်သော မျက်လုံးဖြင့် ရှောက်ချူးရွှေအား ကြည့်ကာ ဓားရှည်ကို လက်တဖက်က မြှောက်လျက် ဓားရေးခင်းလိုက်သည်။

'ကဲ...စနိုင်ပါပြီ'

ရှောက်ချူးရွှေကလည်း သူ့ဓားကို ညင်သာစွာပင် ခင်းကျင်းလိုက်သည်။ လူငယ်သည် ရှောက်ချူးရွှေ ဓားရေးခင်း သည်နှင့် သူ့ဓားကို ပစ်ချကာ ကျားခုန်ခုန်၍ ရှေ့သို့ လှမ်းတက်လိုက်သည်။ ရှောက်ချူးရွှေကလည်း တဘက်သားအား လက်နက်နှင့် တိုက်ခိုက်ခြင်း မပြုလိုသဖြင့် ဓားကိုပစ်ချကာ လက်တိုက်ကွက်ဖြင့်ပင် စတင်သည်။ ဓားသမား၂ယောက်က မိမိတို့၏ အားကိုးအားထားရာ လက်နက်အသီးသီး ပစ်ချပြီး လက်ချည်းသက်သက် တိုက်ခိုက်ရန် ပြင်ဆင်လာကြသည်မို့ အံ့အားသင့်နေကြသည်။

လူသတ်သမားလူငယ်က ကျားလက်သည်း သိုင်းကွက်ဖြင့် ရင်ဆိုင်သည်။ ထိုသိုင်းကွက်သည် ရှောင်လင်ဂိုဏ်း၏ ပညာရပ်ဖြစ်ပြီး ကျစ်လစ်သွက်လက်ကာ အင်အားကို အသုံးပြု တိုက်ခိုက်ရသည်။ တိုက်စစ်ရော ခံစစ်ပါ အကွက်ကျကျ လုံလုံခြုံခြုံ တိုက်ခိုက်နိုင်သလို လက်သည်းကွက်တကွက် ထိထိမိမိခံရလျှင် ကျောက်တုံးကျောက်ခဲများပင် ကွဲကြေသွားနိုင်သည့် အရှိန်အဟုန်ပြင်းထန်သည်။ ဤသိုင်းကွက်မျိုးသည် လူသတ်သမားလူငယ်လို ယဉ်ရှယ်သောသူများ အသုံးပြုရန် မသင့်လျော်ပေ။ ရှောက်ချူးရွှေကမူ နတ်မင်းလက်ချောင်းသိုင်းကွက်ကို အသုံးပြုသည်။ ထိုသိုင်းကွက်သည်

ကောက်ဆန်းဂိုဏ်း၏ ထူးခြားသော ပညာရပ်တခု ဖြစ်ပေသည်။ ကော်ဆန်း ဘုရားကျောင်းမှ ကူစင်းဆရာတော်သည် ရှောင်လင် ဘုန်းတော်ကြီးများကို အထင်မကြီးချေ။ ရှောင်လင်ဂိုဏ်း၏သိုင်းပညာ အရှိန်အဝါကိုလည်း မလေးစား မချီးကျူး။ ထို့ကြောင့် နတ်မင်းလက်ချောင်း သိုင်းကွက်ကို တီထွင်ကာ လက်တချောင်းတည်းဖြင့် ၇၂မျိုးသော တိုက်ကွက်ကို ဖြိုခွင်း အောင်မြင်ခဲ့သည်။

နတ်မင်းလက်ချောင်း သိုင်းပညာ တတ်မြောက်လျှင် ရှောင်လင်ကျောင်းတော်၏ လျှို့ဝှက်နက်နဲသော သိုင်းပညာ၇၂မျိုးကို အလွယ်တကူပင် ရင်ဆိုင်နိုင်သည်။ ကူစင်းဆရာတော်မှာ ရှောက်ချူးရွှေ၏ဖခင် ရှောက်စီးလိုနှင့် အလွန်ပင် ခင်မင် ရင်းနှီးသဖြင့် နတ်မင်းလက်ချောင်း တိုက်ကွက်၃ကွက်ကို ရှောက်စီးလိုအား သင်ကြားပြသပေးခဲ့၏။ ရှောက်စီးလိုမှာ ထိုပညာကို ၇နှစ်မျှ အချိန်ယူ လေ့ကျင့်ပါမှ တတ်မြောက်ခဲ့သည်။ သူတတ်မြောက်သည်နှင့် သား၃ယောက်ကို ဆင့်ပွားသင်ကြားပေးသည်။ ရှောက်ချူးရွှေသည် ဉာဏ်ပညာ ထက်မြက်လှသဖြင့် သူ့ဖခင် ၇နှစ်ခန့် အချိန်ယူ လေ့ကျင့်ရသည့်သိုင်းကွက်အနက် တကွက်ခွဲကို တနှစ်မျှ လေ့ကျင့်ရုံနှင့် သင်ကြားတတ်မြောက်ခဲ့သည်။

နတ်မင်းလက်ချောင်းသိုင်းကွက်မှာ တကွက်ခွဲဟုသာ ဆိုရသော်လည်း ဆင့်ပွားကွက်ပြောင်း၊ ကွက်လွဲ များပြားလွန်းသဖြင့် အလွန်ပင် ရှုပ်ထွေးလှပေသည်။ အသေအချာရေတွက်ကြည့်မည်ဆိုလျှင် တိုက်ကွက်ပေါင်း တထောင်ကျော်ပင် ရှိပေသည်။ ရှောက်ချူးရွှေနှင့် လူသတ်သမားလူငယ်တို့မှာ တဒင်္ဂအချိန်အတွင်းမှာပင် တိုက်ကွက်ပေါင်း ၂၇ ကွက် တိုက်ခိုက်ယှဉ်ပြိုင်ပြီးစီးသွားသည်။ မည်သူမျှ အသာစီး မရနိုင်သေး။ တိုက်ကွက် ၃၀ကျော်လျှင် ရှောက်ချူးရွှေမှာ သူ၏ နတ်မင်းလက်ချောင်း သိုင်းကွက် မပြည့်စုံ မလုံလောက်ဟု ထင်မှတ်လာသည်။ လူငယ်၏ ကျားလက်သည်း တိုက်ကွက်မှာမူ တိုက်ခိုက်မှုအချိန် ကြာမြင့်လေလေ ပြင်းထန်အား ပြည့်လာလေလေ ဖြစ်လာ၏။

ရှောက်ချူးရွှေက ရုတ်တရက်ပင် လေချွန်သံတချက်ပေးကာ တိုက်ကွက်ပြောင်းလိုက်သည်။ ရှောက်မျိုးဆက်၏ နာမည်ကျော် ဓားကွက်ကို လက်ဝါးကွက်အဖြစ် ပြောင်းလဲတိုက်ခိုက်နိုင်သော ပန်းပျံလက်ဝါးသိုင်းကွက်ဖြစ်၏။ ပန်းပျံလက်ဝါးသိုင်းကွက်က တည်တည်ငြိမ်ငြိမ် တိုက်ခိုက်ရသည့် တိုက်ကွက်မဟုတ်။ လူရိပ်က ခုန်ပျံလိုက်၊ နိမ်ဆင်းလိုက်၊ ငုံ့ရှောင်လိုက်နှင့် အမျိုးမျိုးပြောင်းလဲ လှုပ်ရှားတိုက်ခိုက်ရသော တိုက်ကွက်ဖြစ်သည်။ ရှောက်ချူးရွှေ၏ လက်ဝါးအစုံသည် လူငယ်၏ သွေးကြောကွက်ကြီး ၇၂ကွက်ကို ဦးတည်တိုက်ခိုက်နေသည်။ လူငယ်ကမူ တည်တည်ငြိမ်ငြိမ် ပြင်းပြင်းထန်ထန်ပင် တိုက်ခိုက်နေသည်။

အချိန်ကြာလာသည်နှင့်အမျှ ရှောက်ချူးရွှေ၏ လှုပ်ရှားမှုများက နှေးကွေးလာသည်။ ခြေအထုတ်၊ လက်အရှုပ်၊ ခေါင်းအနှုတ်တို့ နှေးကွေးလာ၏။ လူငယ်၏ ကျားလက်သည်းတိုက်ကွက်ကမူ ပြင်းထန်အားပါမြဲ၊ လျင်မြန်သွက်လက်မြဲပင် ရှိလေသည်။ ထိုအချိန်မှာပင် ဆိုင်အတွင်းသို့ လူရိပ်တရိပ် ခုန်ဝင်လာ၏။ ကျိုချူးချောက်လန်ပင်တည်း။

'အကိုကြီးရှောက် မောနေပြီထင်တယ်'

တန်ယိဟာန်က ရှောက်ချူးရွှေ တိုက်ကွက်နှေးလာသည်ကို ကြည့်ပြီး မှတ်ချက်ချသည်။ ထန်လိုကမူ လူငယ်ကို စူးစိုက်အကဲခတ်ကြည့်ကာ...

'ဒီလူသတ်သမားရဲ့ အသက် ဘယ်လောက်ရှိပြီလဲ'

ကျိုချူးချောက်လန်က...

'၁၇...၁၈ လောက်ပဲ ရှိမှာပေါ့'

'ဒါဆိုရင် ကျားလက်သည်း သိုင်းပညာကို သူငယ်ငယ်ကတည်းက စွဲစွဲမြဲမြဲ လေ့ကျင့်ခဲ့တာဖြစ်မယ်'

'ဟုတ်လိမ့်မယ်၊ ဒါပေမယ့် ရှောင်လင်ဂိုဏ်းရဲ့ ကျားလက်သည်းသိုင်းကို သူ့ဒီလောက်ထိ ပြင်းထန်ရက်စက်အောင် လေ့ကျင့်တိုက်ခိုက်နိုင်တာဟာ ရှောင်လင်ဂိုဏ်းရဲ့ သိုင်းပညာ အစစ်အမှန် မဟုတ်ဘူးထင်တယ်'

တိန်ယိဟာန်က ကြားဖြတ်ကာ...

'ကျုပ်ပြောသံကြားဖူးတာကတော့ ဩဇာအာဏာဂိုဏ်းရဲ့ မိုးမြေနတ်ဆိုး ၁၉ ပါးထဲမှာ မိုးနတ်ဆိုးတပါးဟာ ရှောင်လင်ဂိုဏ်းရဲ့ သစ္စာဖောက် ဝါစဉ်ကြီး ဘုန်းတော်ကြီးတပါးလို့ ကြားဖူးတယ်'

'မင်းပြောတာ ဘယ်မိုးနတ်ဆိုးလဲ'

ထန်လိုက ဝင်မေးသည်။တိန်ယိဟန်က ဒိုးခနဲ ဒေါက်ခနဲပင်..

'နတ်ဆိုးဘုန်းကြီး သွေးရိပ်ဆရာတော်'

'ဒါဆို ဒီလူငယ်က...'

'ဟုတ်တယ်၊ သွေးရိပ်ဆရာတော်ရဲ့ တပည့်ဖြစ်နိုင်တယ်'

ကျိုချူးချောက်လန်က ဝင်၍ မှတ်ချက်ချလိုက်သည်။ ထိုစဉ်မှာပင် ရှောက်ချူးရွှေ၏ တိုက်ကွက် ထပ်မံ၍ ပြောင်းလဲလာပြန်သည်။ လက်ဝါးကွက်က ရုတ်တရက် နှေးကွေးလိုက်၊ မြန်ဆန်သွက်လက်လာလိုက် ရှိသော်လည်း လက်ဝါးလေဟပ်သံက စိုးစဉ်းမျှ ထွက်ပေါ်မလာဘဲ ညင်သာလွန်းလှသည်။

'ဟာ...အကိုကြီးရှောက်ရဲ့ အမဓာတ် အပျော့အား ဝါဂွမ်းလက်သိုင်းက သိပ်ကိုတိုးတက်လာပါလား'

ကျိုချူးချောက်လန် လွှတ်ခနဲ ရေရွတ်လိုက်မိသည်။ ဤအမဓာတ် အပျော့အား ဝါဂွမ်းလက်သိုင်းကွက်ကို ရှောက်ချူးရွှေ သူ့မိခင်ထံမှတဆင့် သင်ကြားတတ်မြောက်ခဲ့ခြင်း ဖြစ်သည်။ ရှောက်ချူးရွှေ၏မိခင် စွန်းမေ့စန်းသည် မျက်မှောက်သိုင်းလောက၏သိုင်းပညာရှင် ၁၀ဦးအနက် ကြက်ခြေခတ်ဥဏ်ဓား စွန်းယင်းထိန်၏ တဦးတည်းသော သမီးဖြစ်၏။ စွန်းယင်းထိန်၏ အမဓာတ်အပျော့အား ဝါဂွမ်းလက်ဝါးသိုင်းသည် ဝါစန်းဂိုဏ်း၏ ထူးချွန်ထက်မြက်သော ပညာစွမ်းဖြစ်ပြီး လမ်းမှန်အပျော့စား လက်ဝါးသိုင်းများ၏ ထိပ်တန်းတွင် ရှိလေသည်။ ရှောက်ချူးရွှေက ထိုအမဓာတ် အပျော့အား ဝါဂွမ်းလက်ဝါးသိုင်း ထုတ်သုံးလိုက်သည်နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် လူငယ်၏ ကျားလက်သည်း သိုင်းကွက်ကို ချေဖျက်တားဆီးနိုင်ခဲ့သည်။

လူငယ်သည် ရှောက်ချူးရွှေက သိုင်းကွက်၃မျိုး အဆင့်ဆင့် ပြောင်းလဲကာ မိမိအား ထိန်းချုပ်နိုင်မည့် သိုင်းကွက်ထုတ်ဖော် တိုက်ခိုက်နေသည်ကို သိသော်လည်း သူကိုယ်တိုင်ကမူ ကျားလက်သည်းသိုင်းကွက် တမျိုးတည်းကိုသာ အသုံးပြုတိုက်ခိုက်လေသည်။ သိုင်းကွက်တမျိုးတည်းကို ချလေ့ကျင့်ထားသဖြင့် လူငယ်၏ ကျားလက်သည်းတိုက်ကွက်မှာ သူများနှင့် မတူဘဲ တမူထူးခြားကာ ထက်မြက်နက်ရှိုင်းလွန်းနေသည်။ ရှောက်ချူးရွှေ၏ အမဓာတ်အပျော့အား ဝါဂွမ်းလက်ဝါးသိုင်းကွက်က ကျားလက်သည်းသိုင်းကွက်ကို ချေဖျက်ရာတွင် ဆီလျော်သည်ဟု ဆိုသော်လည်း တဖြည်းဖြည်း လူငယ်၏ လက်ဝါးရိပ်များကသာ ရှောက်ချူးရွှေအပေါ် လွှမ်းလာသည်။ လေထုကို လက်ဝါးဖြင့် ရိုက်ခွင်းသံများကသာ တဝီးဝီးတဗုန်းဗုန်း မြည်နေသလို တိုက်ကွက်တခုလုံးတွင် လူသတ်သမားလူငယ်၏ ကိုယ်ရိပ်လှုပ်ရှားမှုကသာ လွှမ်းမိုးနေလေသည်။

ထန်လိုသည် ရှောက်ချူးရွှေ၏ တန်ပြန်တိုက်ခိုက်ခြင်းကို မတွေ့ရသောအခါ ချွေးများပြန်လာတော့သည်။

'အကိုကြီးရှောက် ရှုံးတော့မယ်နဲ့ တူတယ်'

ထန်လို၏ စကားသံက စိုးရိမ်စိတ်ဖြင့် လှုပ်ခတ်နေသည်။ ကျိုချူးချောက်လန်ကမူ တည်ငြိမ်သောအမူအရာဖြင့်ပင်...

'ကြည့်ပါဦးလေ၊ အရှုံးအနိုင်ဆိုတာ နောက်တော့ ကွဲပြားလာရမှာပေါ့'

စကားမဆုံးခင်မှာပင် တိုက်ပွဲအခြေအနေက ရုတ်တရက် ပြောင်းလဲသွားသည်။ လူသတ်သမား၏ လက်ဝါးရိုက်သံများက တဖြည်းဖြည်း အားလျော့လာသည်။ တိုက်စစ်နှင့် ခံစစ်သည်လည်း ကျစ်လျစ်သိပ်သည်းမှုမရှိတော့။ အသက်ရှူသံ ဟောဟဲခတ်ကာ အမောဖောက်လာသည်။ သူ့အတွင်းအား ပညာနှင့် ကျားလက်သည်းသိုင်းကွက်၏ အဆင့်အတန်း မျှတလိုက်ဖက်မှု မရှိကြောင်း သိသာနေသည်။ ရှောက်ချူးရွှေမှာ လူငယ်ကဲ့သို့မဟုတ်။ သူအသုံးပြုတိုက်ခိုက်သည့် လက်ချောင်းသိုင်းကွက်၊ ပန်းပျံ အမဓာတ် အပျော့အား ဝါဂွမ်းလက်ဝါး သိုင်းကွက်တို့မှာ ထူးခြားသော ပညာရပ်များ ဖြစ်ကြပြီး သွက်လက်ပေါ့ပါးလှသည်။ အင်အားကို အကျိုးမဲ့ အသုံးပြုခြင်းမရှိဘဲ အလိုက်အထိုက် ထည့်သွင်းအသုံးပြုရသလို အားပြောင်းအားယူနည်းလည်း ပါရှိနေသဖြင့် ကိုယ်ခန္ဓာရှိ အတွင်းအား ကုန်ခန်းလျော့နည်းမှု သိပ်မရှိ။ တိုက်ပွဲကို ကြာရှည်တိုက်ခိုက်နိုင်စွမ်းရှိသည်။

လူငယ်မှာ အတွင်းအား မလုံလောက်သဖြင့် တိုက်ကွက် တဖြည်းဖြည်း လေးလံတုံ့ဆိုင်းလာသည်။ ရောက်ချူးရွှေကလည်း ခံစစ်မှ တိုက်စစ်သို့ တဖြည်းဖြည်း တိုးမြှင့်လာသည်။ မိမိပြိုင်ဘက် လက်ရည်ကျလာသည့် အချိန်ကျမှ အားကုန်အင်ကုန် အသုံးပြု တိုက်ခိုက်ရသော သံမဏိလက်သီးတိုက်ကွက်ကို ပြောင်းလဲ ထုတ်ဖော်တိုက်ခိုက်လေသည်။ သံမဏိလက်သီးတိုက်ကွက်မှာ ရောက်ချူးရွှေ၏ အကိုကြီး ရောက်ယိလင်ကိုယ်တိုင် တီထွင်ထားသော လက်သီးတိုက်ကွက်ဖြစ်၏။ တကွက်တကွက် လျင်မြန်မှုက ပိုကဲကာ အလွန်ပင် မာကျောပြင်းထန်လှပေသည်။

လူသတ်သမားလူငယ် တန်ပြန်တိုက်စစ်မဆင်သာတော့။ တိုက်ကွက်၄၀ခန့်ရောက်လျှင် လူငယ်မှာ အခြေအနေ ပျက်ယွင်းလာရသည်။ ရောက်ချူးရွှေကလည်း တိုက်ကွက်ကို ရုတ်တရက် ပြောင်းလိုက်ပြန်သည်။ ဒီတခါ ထုတ်ဖော်တိုက်ခိုက်လိုက်သည်မှာ လူငယ်အသုံးပြုခဲ့သော ကျားလက်သည်း သိုင်းကွက်တကွက်ဖြစ်သော ကျားရဲတောင်ဆင်း တိုက်ကွက်ဖြစ်ပေသည်။ လူငယ်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်ကာ ကျား၂ကောင် တံခါးစောင့်တိုက်ကွက်ဖြင့် ခုခံ၏။ ရောက်ချူးရွှေ ခန္ဓာကိုယ်တချက်လှည့်ကာ ကျားငတ်သမင်ဖမ်းတိုက်ကွက်ကို ဆက်တိုက်ဖော်ထုတ်လိုက်ရာ လူငယ်မှာ နောက်သို့ ခြေလှမ်း ၇ လှမ်းခန့် အလျင်အမြန် ဆုတ်ပေးလိုက်ရသည်။ သို့သော်...

'ဖြဲ..'

လူငယ်၏ အင်္ကျီစုတ်ပြဲကာ ပခုံးသားတွင် လက်သည်းရာကြီး ထင်းခနဲ ပေါ်လွင်သွားတော့သည်။ ရောက်ချူးရွှေသည် တကယ်တော့ ကျားလက်သည်းသိုင်းကွက်ကို သင်ကြားခဲ့ဖူးခြင်း မရှိချေ။ ရှောင်လင်ကျောင်းတော်၏ လူဝတ်ကြောင်တပည့် ကုကြွင်းဆန်း ဆိုသူထံမှတဆင့် တတ်မြောက်ခဲ့သည်ဟုလည်း ဆိုနိုင်သည်။ သူ့ဖခင် အသက် ၅၀ ပြည့် မွေးနေ့ပွဲသို့ ကုကြွင်းဆန်း ရောက်လာသည်။ ထိုနေ့တွင် သူ့အိမ်ဂေဟာ၏ အနောက်ဘက်ခြံထဲတွင် အားလပ်ချိန်ရခိုက် ရှောင်လင်ကျောင်းတော် ကျားလက်သည်းသိုင်းကွက်ကို ကုကြွင်းဆန်း လေ့ကျင့်ကစားသည်။ ရောက်ချူးရွှေသည် ဉာဏ်ပညာထက်မြက်သူတယောက် ဖြစ်သည်မို့ ကုကြွင်းဆန်း လေ့ကျင့်နေသည်ကို တခဏမျှ ခိုးကြည့်ပြီး လေ့ကျင့်ကစားကြည့်ရာမှ အတော်အသင့် သိရှိခဲ့သည်။ တဖန် ယခု လူသတ်သမား လူငယ်၏ သိုင်းကွက်များကို အသေအချာ လေ့လာကြည့်ရှုပြန်သောအခါ သူလေ့ကျင့်မိသည့် သိုင်းကွက်၂ကွက်ကို အမှတ်ရ ပီပြင်စွာ တတ်ကျွမ်းလာတော့သည်။

လူငယ် ခွန်အား ယုတ်လျော့ ကုန်ဆုံးချိန်တွင် ထိုသိုင်းကွက်ကို ထုတ်သုံးလိုက်သဖြင့်လည်း လူငယ်အား ဒဏ်ရာရသွားစေခြင်းဖြစ်၏။

'ဘယ်နှယ့်လဲ၊ ငါ့ရဲ့ ကျားလက်သည်း သိုင်းကွက်အဆင့်မီရဲ့လား'

ရောက်ချူးရွှေက ပြုံးရယ်လျက် မေးသည်။ လူငယ်က အေးစက်စက် ရယ်လိုက်သည်။ တဆက်တည်းပင် ကြမ်းပေါ်မှ ဓားရှည်ကို ကောက်ယူကာ ရောက်ချူးရွှေအား လှမ်းထိုးသည်။ အမှတ်မထင် ရုတ်တရက် ပြောင်းလဲလာသည်မို့ ရောက်ချူးရွှေ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ ကမန်းကတန်း ကြမ်းပေါ်တွင် လူးလိမ့်ရှောင်တိမ်းပြီး သူ့ဓားရှည်ကို ကောက်ယူကာ ပြန်လည် ခုခံသည်။

'ထန်း...'

ဓားချင်း ထိခတ်သံ ထွက်ပေါ်လာသည်။ ဓားသမား၂ယောက် ဗလာလက်ချည်း သက်သက်မှ ဓား ဓားချင်းယှဉ်ပြိုင် တိုက်ခိုက်လာကြပြီမို့ တိုက်ပွဲက ကြမ်း၏။ ဓားရိပ်ဓားရောင်များက စားသောက်ဆိုင်တခုလုံး တရိပ်ရိပ်ယှက်ဖြာနေ၏။ လူငယ်၏ ဓားချက်များက သွက်လက်လျင်မြန်သလောက် ရောက်ချူးရွှေ၏ သေကွင်းသေကွက်များကိုသာ ရက်ရက်စက်စက် ရွေးချယ်တိုက်ခိုက် ထိုးနှက်သည်။ ရောက်ချူးရွှေမှာမူ သိုင်းလောကထိပ်သီး ပန်းချောင်းဂိုဏ်း၏ နာမည်ရဓားသိုင်းဖြင့် စည်းစနစ်ကျကျ တိုက်ခိုက်သည်။ ဓားရိပ်နှင့် လူရိပ်တို့ ရောထွေးယှက်ဖြာနေသည်။ ရောက်ချူးရွှေက တဖက်လူ၏ တိုက်ကွက်ကို လေ့လာလိုသဖြင့် ခံစစ်ဖြင့်သာ တိုက်ခိုက်သည်။ လူငယ်က တိုက်စစ်ဆင်သော်လည်း ကျောက်ဆောင်နံရံကဲ့သို့ ခိုင်ခံ့ကျစ်လျစ်လှသော ရောက်ချူးရွှေ၏ ဓားကွက်များကို မထိုးဖောက်နိုင်။ တိုက်ကွက်ပေါင်း ၁၀၀ ကျော်လာသောအခါ...

'ယား..'

လူငယ်က ကျယ်လောင်စွာ မာန်သွင်းအော်ဟစ်လိုက်ပြီး ဓားရှည်ကို ရုတ်တရက် ရောက်ချူးရွှေထံသို့ ပစ်လွှတ်လိုက်၏။

'ဝှီး..'

အမှတ်မထင် တိုက်ကွက်မို့ ဓားရှည်၏ သွားနှုန်းက မြန်ဆန်လွန်းသည်။ နံဘေးမှ ရပ်ကြည့်နေသော ကျိုချူးချောက်လန်၊ တိန်ယိဟန်နှင့် ထန်လိုတို့ ၃ယောက်မှာ ဟင်ခနဲ ဖြစ်သွားကြသည်။ ရောက်ချူးရွှေကား အေးဆေးတည်ငြိမ်စွာပင် လက်တဘက်မှ ဓားအိမ်ဖြင့် ဆီးခံပေးလိုက်သည်။

'ဒုတ်...'

လူငယ်၏ ဓားရှည်အချွန်က ရောက်ချူးရွှေ၏ ဓားအိမ်အတွင်းသို့ စိုက်ဝင်သွားသည်။

'ကဲ....ငါ့အလှည့်ပဲ'

ရောက်ချူးရွှေက ပြောပြောဆိုဆိုပင် အတွင်းအားကို ဓားရိုးမှတဆင့် ဓားသွားပေါ်သို့ ပို့လွှတ်လိုက်သည်။

'ခွမ်း...'

ဓားမှာ ရုတ်တရက် ထက်ပိုင်းကျိုးကာ ဓားအချွန်ပိုင်းက လူငယ်၏ ရင်ဝသို့ ပြေးဝင်စိုက်နစ်သွားတော့သည်။

'တယ်ကောင်းတဲ့ ပန်းချောင်းဓားဂိုဏ်းရဲ့ ပန်းစကြာဓားကွက်ပါလား'

ကျိုချူးချောက်လန်နှုတ်မှ ချီးကျူးရေရွတ်လိုက်သံနှင့်အတူ လူငယ်မှာ ကြမ်းပေါ်သို့ တုန်းခနဲလဲကျ သွားတော့သည်။

ရောက်ချူးရွှေ တကိုယ်လုံး ချွေးဒီးဒီးထနေပြီ။ အချိန်ကြာမြင့်စွာ အပြင်းအထန် တိုက်ခိုက်ခဲ့ရသဖြင့် မောပန်းကာ ဟောဟဲခတ်နေသည်။ ကိုယ်တိုင်မောပန်းနေသည်ကို ဂရုမစိုက်အား။ လူငယ်လဲကျရာသို့ ကမန်းကတန်းပြေးတက်သွားပြီး ဆွဲယူပွေ့ထူလိုက်သည်။ တကိုယ်လုံးတွင် သွေးခြင်းခြင်းနီရဲနေသော်လည်း လူငယ်မှာ အသက်မသေသေး။ ရောက်ချူးရွှေမှာ သိုင်းသမားကောင်းတယောက်ဖြစ်သဖြင့် သိုင်းပညာ ထက်မြက်မြင့်မားသူတယောက်အား အသက်ခြွေတိုက်ကွက် ထုတ်ဖော်အသုံးပြုခဲ့ရသည်ကို မိမိကိုယ်မိမိ မကျေမနပ် ဖြစ်နေသည်။ အသက်ငယ်ရွယ်သူ တယောက်ဖြစ်သလို သိုင်းပညာထက်မြက်သဖြင့် လူသတ်သမားလူငယ်အား နှမြောဝမ်းနည်းနေမိသည်။

'ငါ...ငါ...မင်းကိုရက်စက်လိုက်မိပြီ'

ရောက်ချူးရွှေက လူငယ်ကို ပွေ့ထူရာမှ စိတ်မကောင်းစွာ ရေရွတ်မိသည်။ လူငယ်က ရောက်ချူးရွှေအား ကျေကျေနပ်နပ်ပင် ပြုံးပြလိုက်၏။

'ကျုပ်...ကျုပ်...ကျေနပ်ပါတယ်၊ ခင်ဗျားလက်ချက်ကြောင့် သေရမှာ ဝမ်းမနည်းပါဘူး၊ ခင်ဗျားကိုလဲ အပြစ်မတင်ပါဘူး'

ရောက်ချူးရွှေမှာ ယဉ်ရွယ်သလောက် သူရဲကောင်းစိတ်ဓာတ်ရှိသော လူသတ်သမားအမည်ခံ လူငယ်ကို လေးစားသွားမိသည်။

'မဟုတ်သေးဘူး၊ မင်းကို ငါသေလောက်အောင် မလုပ်သင့်ဘူး၊ မင်းရဲ့သိုင်းပညာကို ငါလေးစားပါတယ်၊ ဒါပေမယ့်....'

'ကျုပ်ကလဲ ခင်ဗျားကို လေးစားပါတယ်၊ ကျုပ်မသေခင်မှာ ခင်ဗျား မေးလိုရာမေးပါ၊ ဖြေပေးခဲ့ပါ့မယ်'

လူငယ်မှာ စကားပြောရင်းမှ အမောဖောက်လာကာ တွန့်လိမ်လာသည်။ ရောက်ချူးရွှေက အသာဖေးမထားရင်း...

'ဟင့်အင်း၊ မင်းဘာမှ မပြောပါနဲ့တော့၊ မင်းကို ငါဘာမှ မမေးချင်ဘူး၊ မေးပြီးရင်လဲ ငါစိတ်ကောင်းနိုင်မှာ မဟုတ်ဘူး'

လူငယ်က သေကောင်ပေါင်းလဲ ဝေဒနာကို ကျိတ်မှိတ်ခံစားရင်းမှ နွေးထွေးကြည်လင်စွာ ပြုံးလိုက်သည်။

'ခင်ဗျားက အထက်စီးလေသံနဲ့ မေးရင်လဲ ကျုပ်က ဖြေချင်မှဖြေမှာပါပဲ၊ အခုဟာက ခင်ဗျားကိုကျုပ် လေးစားလွန်းလို့ ကျုပ်စိတ်ထဲက ဖြေချင်ပြောချင်လွန်းလို့ ခင်ဗျားကို သိလိုရာ မေးခိုင်းတာပါ၊ ကျုပ်တသက်မှာ ဘယ်သူ့လွှမ်းမိုးတာကိုမှ မခံခဲ့ဘူး၊ ဒါပေမယ့် မလွဲမရှောင်သာတဲ့ ကိစ္စကြောင့် ကျုပ်လူသတ်သမား လုပ်ခဲ့ရတယ်၊ အမိန့်ပေးတာကို နာခံခဲ့ရတယ်'

ရောက်ချူးရှွေ ဘာမျှပြန်မပြော။ လူငယ်ကသာ အသက်ကို ဝအောင် ရှူရှိုက်အမောဖြေပြီးမှ ဆက်ပြောပြန်သည်။

'ကျုပ်သိပ်မှားတယ်၊ အမှားတွေ အများကြီး ကျူးလွန်ခဲ့တယ်၊ ကျုပ်အတွက် ဘာမှအကျိုးမရှိဘဲ သတ်ခဲ့ရတဲ့လူတွေ ဘယ်လောက်ရှိပြီဆိုတာ ကျုပ်ကိုယ်တိုင်တောင် မရေတွက်နိုင်တော့ဘူး၊ အခုတော့ ကျုပ်မိုက်ပြစ်ကို ကျုပ်ခံရတာပဲ၊ သူတပါးအသက်ကို ရက်ရက်စက်စက် သတ်ခဲ့သလို ကျုပ်အသက်လဲ သေရတာမဆန်းပါဘူး၊ ခင်ဗျားလက်ချက်ကြောင့် သေရတာကိုတော့ ကျုပ်ဂုဏ်ယူဝမ်းသာတယ်'

'မင်းအခုမှ ကိုယ့်ကိုကိုယ် မှာမှန်းသိတာလား'

'ဟင့်အင်း၊ အလျင်အတည်းကသိတယ်၊ ဒါပေမယ့် ကျုပ်ဘာတတ်နိုင်မှာလဲ၊ သြဇာအာဏာဂိုဏ်းကို ကျုပ်တယောက်ထဲ လွန်ဆန်လို့ ဘယ်မှာ လွယ်ကူလိမ့်မလဲ၊ ဂွတ်...ဂွတ်...ကျုပ်မနေရတော့ဘူး၊ ကျုပ်ကိုကျုပ် သိတယ်၊ ကျုပ်မသေခင် ခင်ဗျားကို သတင်းတခု ပေးသွားမယ်၊ သံမဏိလက်ကောက် နတ်ဆိုးပိုးထင်းယိဟာ အခုဆိုရင် ယန်စီကျန်မြစ်ထဲက နဂါးဇကောင်ပြေး ကန့်လန့် ကျောက်ဆောင်ကြီးပေါ်မှာ ကျုပ်ရဲ့သတင်းကို စောင့်နေတယ်'

လူငယ်မှာ စကားဆုံးသည်နှင့် မျက်ဖြူလန်ကာ အသက်ရှူနေးကွေးလာသည်။ ကျိုချူးချောက်လန်က ရှေ့သို့ အလောတကြီး လှမ်းတက်လာကာ....

'မင်းတို့အထဲက အရိပ်မဲ့ဆိုတဲ့လူ ဘယ်သူလဲ'

လူငယ် မေးထိုးလာသည်။ ကျိုချူးချောက်လန်၏ အမေးစကားကို ကြားနေရသော်လည်း ပါးစပ်မလှုပ်နိုင်တော့၊ ရုတ်တရက် အကြောဆွဲကာ အသက်ထွက်သွားတော့သည်။ ရောက်ချူးရှွေ ဝမ်းနည်းစိတ်မကောင်း ဖြစ်သွား၏။ လူငယ်၏ အလောင်းကို ကြမ်းပြင်ပေါ်သို့ ညင်သာစွာ ချထားပြီး မတ်တတ်ထရပ်လိုက်သည်။ သူ့စိတ်ထဲတွင်လည်း ဆုံးဖြတ်ချက်တခုကို ပိုင်ပိုင်နိုင်နိုင် ချမှတ်လိုက်သည်။ လက်သီး၂ဘက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ရေရွတ်လိုက်သံက ကျိုချူးချောက်လန်တို့ ၃ယောက်လုံးပင် ကြက်သီးဖြန်းဖြန်းထသွားစေသည်။

'ငါအသက်ရှင်နေသရွေ့ သြဇာအာဏာဂိုဏ်းကို အမြစ်လှန်ပစ်မယ်'

ကောင်းကင်တွင် အလင်းတန်းတချက် လက်သွားသည်။ ဆည်းဆာလွန်မြောက် အမှောင်ရောက်လာချိန်တွင် လျှပ်ပြက်ခြင်းနှင့်အတူ မိုးခြိမ်းသံများ ဆင့်ကဲပါလာသည်။ မိုးသက်လေများ နှင်လူသဖြင့် မကြာမီ ပြင်းထန်စွာ မိုးရွာချတော့မည်ကို သိသာစေနိုင်သည်။

“အခန်း–၄”

ကောင်းကင်တစ်ပြင်လုံး အုံ့ဆိုင်း ညှို့မှိုင်းနေသည်မှာ ရုတ်တရက်ပြိုကျလာတော့မည့်နှယ် ရှိနေ၏။ လေပြင်းက တသုန်သုန် တိုက်ခတ်သော်လည်း မိုးတိမ်မိုးသားများက ရွေ့လျားမသွား။ ကမ္ဘာကြီးတစ်ခုလုံး အငြိုးအတေးကြီးစွာ ငွေမြားစက်တို့ဖြင့် ပစ်ပေါက် သွန်းကြဲလိုက်သည့်အလား။ တစ်ချက်တစ်ချက်ပြက်လက်လိုက်သော လျှပ်စီးရောင်တို့က ညှို့အမှောင်ကို သဲကွဲပီပြင်စွာ မြင်သာထင်သာစေသည်။

လူလေးယောက်မှာ ညအမှောင်နှင့်ပြိုကျတော့မည့်မိုးတိမ်မိုးသားများကို ဂရုမစိုက်ဘဲ ခြေလှမ်းကြဲကြီးဖြင့် လျှောက်လှမ်းနေသည်။ ထိုသူလေးယောက်မှာ ရောက်ချူးရွှေ၊ ကျိုချူးချောက်လန်၊ ထိန်ယိဟန်နှင့် ထန်လိုတို့ လေးယောက်ပင်တည်း။ သူတို့၊ ဦးတည်လျှောက်လှမ်းနေသည်ကားမင်းမှုထမ်းဟိုခွန်း၏နေအိမ်။ ဟိုခွန်း အိမ်တံခါးခေါက်လိုက်ချိန်မှာပင် မိုးကစတင်ရွာသွန်းလာသည်။

“ဒေါက်၊ ဒေါက်၊ ဒေါက်”

တံခါးသုံးချက်ခေါက်အပြီးတွင် အိမ်တံခါးပွင့်လာသည်။ ဟိုခွန်းကိုအဆင်သင့်တွေ့ရသည်။

“ဟာ … ကိုယ်တော်လေးတို့ပါလား၊ ညကြီးမင်းကြီး မိုးထဲလေထဲမှာ ဘာအကြောင်းများရှိလို့ရောက်လာတာလဲ”

ရောက်ချူးရွှေက လိုရင်းကိုတိကျစွာပင် ….

‘ယန်စီကျန်မြစ်ထဲက နဂါးကိုးကောင်ပြေး၊ ကန့်လန့်ကျောက်ဆောင်နေရာကို သိသလား’

‘သိပါတယ်၊ အချိန်မရှိမှ ဘာကိစ္စရှိလို့လဲ’

‘သံမဏိလက်ကောက်နတ်ဆိုး၊ အဲဒီမှာရှိနေတယ်၊ ကျုပ်တို့အဲဒီကိုသွားချင်တယ်’

ဟိုခွန်းမှာ သံမဏိလက်ကောက် နတ်ဆိုးဆိုသော အမည်ကြောင့် ရုတ်တရက်မျက်နှာအမူအရာ ပျက်သွားသည်။

ချက်ချင်းပင် အမူအရာပြန်ပြင်လိုက်ပြီး ….

‘ကျုပ်လိုက်ပို့ပေးရမှာလား’

ဟိုခွန်းဘာမှပြန်မပြော၊ အိမ်ထဲသို့ပြန်ဝင်ပြီး အလျင်အမြန်ပင်ထွက်လာသည်။ သူ့လက်ထဲတွင် မိုးရေကာကွယ်ရန် အတွက် ထီးတစ်လက်ပါလာသည်။ ထီးရိုးမှာ သစ်သားရိုးဖြစ်သော်လည်း အလုံးက ကျုပ်ပြားဝိုင်းခန့်တုတ်သည်။ လက်ကိုင်နေရာတွင် ခလုတ်ကဲ့သို့သော မောင်းတံကလေးတစ်ချောင်း ရှိသည်။

‘ကဲ .. လာကြ၊ ကျုပ်ခင်ဗျားတို့ကို လိုက်ပို့ပေးမယ်’

ပြောပြောဆိုဆိုပင် ဟိုခွန်းသည် အိမ်ထဲမှထွက်လိုက်သည်။ မိုးကသိပ်မပြင်းထန်သော်လည်း၊ လေကမူ အဆက်မပြတ်တိုက်ခတ်နေသည်။ ဟိုခွန်းတစ်ယောက်သာ ထီးဆောင်းလိုက်ပါလာသော်လည်း ရောက်ချူးရွှေတို့ လေးယောက်မှာ မိုးစက်အောက် တွင်အဆောင်းမပါဘဲလျှောက်လာကြသည်။ ယန်စီကျန်မြစ်ကမ်းပါးသို့ ရောက်လျှင် မိုးကသည်းထန်စွာရွာသွန်းလာသည်။ လေကလည်း ဟင်းလင်းပြင်အရပ်မို့ အကာအကွယ်မဲ့စွာ တရကြမ်းတိုက်ခတ်နေသည်။

ဟိုခွန်းက ရှေ့မှဦးဆောင်သွားသည်။ လျှပ်အပြက်တွင် အလင်းရောင်ကြောင့် ရှေ့ဆီမှ မြင်ကွင်းကို ရောက်ချူးရွှေတို့ တွေ့လိုက်ရသည်။ ကျောက်ဆောင်ကြီးက မြစ်လင်တွင်ကန့်လန့်ဖြတ်တားဆီးနေသည်။ တစ်ဖက်တွင် မြစ်ရေစီးကြောင့် ကျဉ်းမြောင်းနေသဖြင့် ရေစီးအလျှင်က တဝုန်းဝုန်းစီးဆင်းနေသလို မာန်စွယ်ငေါငေါထသော လှိုင်းတံပိုးများက ကျောက်ဆောင်ကို တဖျပ်ဖျပ်ရိုက်ခတ်နေသည်။ တစ်ဖက်တွင်ကား ကျောက်ဆောင်နှင့် ဆက်စပ်လျက် သဲသောင်ပြင်ရှိသည်။ ရောက်ချူးရွှေတို့ ထိုသောင်ပြင်ဘက်မှ ကျောက်ဆောင်ဆီသို့ တက်လာခဲ့သည်။ ထိုနေရာကိုတွေ့ရသည်နှင့်တပြိုင်နက် မနက်ခင်းဆီက အပျော်စီးလှေကြီးကို ကယ်တင်ခဲ့ရာ နေရာဖြစ်ကြောင်း သိလိုက်ရသည်။ တဖန် ထိုကျောက်ဆောင်ထက်တွင် မုတ်ဆိတ်ဖြူနှင့် ငါးမျှားနေသည့် အဘိုးအိုတစ်ယောက်ကို တွေ့ရသည်။

ထိုအဘိုးအိုသည်လည်း မနက်ခင်းက လှေကြီးကို သံမဏိငါးမျှားတံဖြင့် ထောက်ကန် ရပ်တန့်ခဲ့သော အဘိုးကြီးဖြစ်နေကြောင်း ရောက်ချူးရွှေတို့သိလိုက်ရပြန်သည်။ အဘိုးအိုသည် တဒီးဒီး စီးဆင်းနေသော မြစ်ရေအလျဉ်၊ တဝုန်းဝုန်းရိုက်ခတ်နေသော လှိုင်းတံပိုး၊ တဝေါဝေါတိုက်ခတ်နေသော လေပြင်း၊ တဖြိုင်ဖြိုင်ရွာသွန်းနေသော မိုးရေစက်တို့ကို အလေးမထားဘဲ ကျောက်ဆောင်ထက်တွင် တည်ငြိမ်စွာပင် ထိုင်နေသည်။

ထိုအဘိုးအိုကား သံမဏိလက်ကောက်နတ်ဆိုး ပို့ထင်းယိပင်ဖြစ်တော့သည်။ ပို့ထင်းယိသည် ရောက်ချူးရွှေတို့ ရောက်လာသည်ကို မျက်လွှာမျှပင် ပင့်မကြည့်ဘဲ ....

'ဩ ... မင်းတို့ရောက်လာကြပြီကိုး'

ပို့ထင်းယိ၏လေသံက ပကတိတည်ငြိမ်နေသည်။ စိတ်ဆတ်သူတိန်ယိဟန်က ခက်ထန်သောလေသံဖြင့် ....

'ဟုတ်တယ်၊ ကျုပ်တို့ခင်ဗျားကို အပြတ်ရှင်းဖို့ ရောက်လာကြပြီ'

ပို့ထင်းယိ လှောင်ရယ်ကလေးရယ်လိုက်သည်။

'ငါကတော့ ငါ့လက်အောက်က လူသုံးယောက်သေသွားရတဲ့အတွက် မင်းတို့ကို ကြွေးလာဆပ်တယ်လို့ပဲ အောက်မေ့တယ်'

ကျိချူးချောက်လန်က ခေါင်းခါယမ်းလိုက်ကာ ...

'မဟုတ်ဘူး၊ ကျုပ်တို့ အပြစ်မဲ့တဲ့ လူတွေအတွက် ခင်ဗျား ဆီမှာအသက်ကြွေးလာတောင်းတာ'

'ဟား ... ဟား .. ဟား'

ပို့ထင်းယိ ရယ်မောလိုက်သံက မိုးခြိမ်းသံ၊ ရေလှိုင်းသံများကို ဖုံးလွှမ်းကာ ကျယ်လောင်စွာ မြည်ဟည်း ထွက်ပေါ်လာသည်။ ရယ်သံက ရယ်သံနှင့်မတူ။ မကောင်းဆိုးဝါးတစ်ကောင် အော်ဟစ်သံမျိုးဖြစ်နေသည်။

'မင်းတို့က ငါ့ကိုယှဉ်နိုင်လို့လား'

ပို့ထင်းယိ၏ ခပ်မာမာလေသံက အားငယ်တတ်သူတစ်ဦးအဖို့ လန့်ဖျား ဖျားသွားနိုင်လောက်သည်။ အပျော်စီး လှေကြီးကို ရေစီးအရှိန်တွင် တစ်ယောက်တည်း သံမဏိငါးမျှားတံဖြင့် လှမ်းထောက် ဟန့်တားထားနိုင်သည့်အတွင်းအားက အလွန်ပြင်းထန် နက်ရှိုင်းကြောင်း ရောက်ချူးရွှေသိသည်။

သို့အတွက် စကားကို အလွန်အကျူးမပြောဘဲ ချင့်ချင့်ချိန်ချိန်အမူအရာဖြင့် ...

'တစ်ယောက်ချင်းဆို ကျုပ်တို့ ခင်ဗျားကို မယှဉ်နိုင်ဘူး ... ကျုပ်တို့လေးယောက် ပူးပေါင်းပြီး တိုက်ခိုက်မယ် ဆိုရင်တော့ ခင်ဗျားဘယ်နည်းနဲ့မှ အသာစီးရနိုင်မှာမဟုတ်ဘူး'

ပို့ထင်းယိ၏မျက်နှာထားက ရုတ်ချည်းပင်တင်းမာခက်ထန်သွားသည်။

'မင်းတို့မှာလူလေးယောက်ရှိနေတယ်လို့ မင်းထင်သလား'

'ထင်တာမဟုတ်ဘူး၊ အခုလက်တွေ့ ခင်ဗျားအမြင်ပဲ'

'တကယ်လို့ငါက မင်းတို့ထဲက လူတစ်ယောက်ကို လျှော့ပစ်လိုက်ရင်ကော'

'ခင်ဗျားလျှော့လို့မရနိုင်ပါဘူး'

မိုးခြိမ်းသံတစ်သံက ရုတ်တရက်ဂျိမ်းခနဲ ထွက်ပေါ်လာလေသည်။ မိုးခြိမ်းသံ၏နောက်ကွယ်တွင် လျှပ်ရောင် တစ်ချက် ပြက်လိုက်ပြန်သည်။ လျှပ်စီးအလင်းရောင်အောက်တွင် ပို့ထင်းယိ၏ မျက်လုံးအစုံ တဝင်းဝင်းလက်နေသည်ကို တွေ့ရသည်။ ထိုမျက်လုံးသူငယ်အိမ်ထဲတွင် ကောက်ကျစ်ရက်စက်သည့် လူသတ်လိုသော အငွေ့အသက်များ တဟူးဟူးထွက်နေသည်။

'ကောင်းပြီ၊ မင်းက ဒီလောက်တောင်ကိုယ့်ကိုယ်ကို ယုံကြည်နေမှတော့ မင်းတို့ထဲကလူတစ်ယောက်ကို ငါအရင်ဆုံးလျှော့ချပစ်မယ်၊ ထန်မျိုးဆက်ရဲ့ လက်နက်ပုန်းက ကာကွယ်ရအခက်ဆုံးနဲ့ အန္တရာယ်အကြီးဆုံးပဲ၊ သူ့ကိုငါ အလျင်ဆုံးသတ်ပစ်မယ်'

ပို့ထင်းယိမှာ ခြိမ်းခြောက်ပြောဆိုလိုက်သော်လည်း လူကမူ တစ်ချက်လေးမျှ မလှုပ်ရှား၊ ရောက်ချူးရွှေတို့ လေးယောက်စလုံး ပို့ထင်းယိထံသို့သာ အာရုံစူးစိုက်ကြည့်နေမိသည်။ ထန်လိုနှင့် အနီးဆုံးနေရာတွင် ဟိုခွန်းရှိနေသည်။ ဟိုခွန်းသည် ကျောက်ဆောင်ပေါ်ရောက်သည်နှင့် သူ့ထီးကို ပိတ်လိုက်ပြီး ထန်လိုနှင့်အတူ ကပ်လျက်နေခြင်းဖြစ်သည်။ ထန်လိုက ပို့ထင်းယိထံသို့ အာရုံရောက်နေချိန်တွင် ဟိုခွန်း၏ထီးက ဆတ်ခနဲမြောက်တက်လာပြီး ထန်လို၏ရင်ဝသို့ဦးတည်လာသည်။

'ထောက်'

ခလုတ်နှိပ်သံနှင့်အတူ ထီးထိပ်ဖျားမှ ဓားချွန်တစ်ချောင်း ရုတ်တရက်ထွက်လာသည်။ လျှပ်အပြက်တွင် ဓားရောင်လက်ခနဲ ဖြစ်သွားသည်ကို တွေ့ရသဖြင့် ထန်လိုမှာ နံဘေးသို့ ရှောင်တိမ်းပေးလိုက်ရသည်။ သို့သော် အမှတ်မထင် ဖြစ်ပေါ်လာသော အဖြစ်အပျက်ကြောင့် ရှောင်တိမ်းမရ။ ထန်လို၏ ညာဘက်ရင်ဝသို့ ထိုးစိုက်ခြင်းခံလိုက်ရသည်။ ဟိုခွန်းသည် ထန်လိုအား ဓားဖြင့် ထိုးသွင်းပြီးလျှင် ပြီးချင်း ထီးရွက်ကိုဖွင့်ကာ စကြာရဟတ်အသွင် လှည့်ပတ်ထားလိုက်သည်။ သူ့လုပ်ကြံမှု မအောင်မြင်ခဲ့သည်ရှိသော် ထန်လို၏ လက်နက်ပုန်း ပစ်ခတ်မှုကို ပိတ်ဆို့ကာကွယ်သည့် သဘောပင်တည်း။

ဟိုခွန်းထင်မှတ်ထားသလိုပင် ထန်လိုထံမှ လက်နက်ပုန်းများ ပြေးဝင်လာသည်။ ထီးရွက်ကို ဝေ့ယမ်းလည်ပတ်ကာကွယ်ထားခြင်း၊ တစ်ပြိုင်တည်းပင် နောက်သို့လည်း ခုန်ဆုတ်ထားခြင်းတို့ကြောင့် ထန်လို၏လက်နက်ပုန်းများက ဟိုခွန်း၏ကိုယ်အထက်ပိုင်း သေစေနိုင်သည့်နေရာများသို့ စိုက်ဝင်ခြင်းမရှိ။ သို့တိုင်အောင် မှန်းဆကာကွယ်ရခက်သော ထန်မျိုးဆက်၏ လက်နက်ပုန်းပစ်ခတ်သည့် ပညာဖြစ်သောကြောင့် သံဆူးလက်နက်ပုန်းတစ်ခုကမူ ဟိုခွန်း၏ ခြေသလုံးထဲသို့ စိုက်ဝင်သွားခဲ့သေးသည်။

တိန်ယိဟန်မှာမှင်တက်အံ့အားသင့်နေမိရာမှ ဓားကိုဆွဲထုတ်လိုက်ကာ ...

'ဟင် ... ခင် .. .ခင်ဗျားက အရိပ်မဲ့လား'

ဟိုခွန်းမှာ ခြေသလုံးတွင်စိုက်ဝင်နေသည့် သံဆူး၏အရှိန်က သိပ်မပြင်းထန်သဖြင့် နာကျင်ဟန်မရှိ။ တိန်ထိဟန်အား ခနဲ့ပြုံးပြုံးလိုက်ကာ ...

"ဟုတ်တယ် ၊ ငါအရိပ်မဲ့ပဲ"

ထိုစဉ်မှာပင် ထန်လို၏ခန္ဓာကိုယ်မှာ တဖြည်းဖြည်းပျော့ခွေကာ ကျောက်ဆောင်ပေါ်သို့ လဲကျသွားတော့သည်။ လဲကျနေရင်းမှ နာကျင်ညည်းညူခြင်းမရှိသော လေသံဖြင့် ...

'ခင်ဗျားလက်ချက်ကြောင့် ကျုပ်သေရလိမ့်မယ်လို့ မထင်မိခဲ့ဘူး'

'အေး ... အခု မင်းသိတဲ့အချိန်မှာတော့ နောက်ကျသွားခဲ့ပြီပေါ့ကွာ'

'ဒါပေမယ့် ကျုပ်မသေချင်သေးဘူး'

'မသေချင်လို့မရဘူး၊ မကြာခင်ပဲ မင်းသေရတော့မှာပါ'

ထန်လို မှောက်လျက်လဲကျသည့် အချိန်မှာပင် စကားသံတီးတိုး ထွက်ပေါ်လာသည်။

'ကျုပ်သေသလို ခင်ဗျားလဲ လိုက်သေရမှာပဲ၊ ထန်မျိုးဆက်မိသားစုရဲ့ လက်နက်ပုန်းမှာ ဘယ်လောက်ပြင်းထန်တဲ့ အဆိပ်တွေပါတယ်ဆိုတာ ခင်ဗျားမသိဘူးလား'

အရိပ်မဲ့ဟိုခွန်း အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားလေသည်။

'မင်း ... မင်း ... ငါ့ကို ခြိမ်းခြောက်နေတာလား'

'ကျုပ်နဲ့အတူ လိုက်သေပြီး တမလွန်ဘဝရောက်တော့မှ အဲဒီအဆိပ်အကြောင်း ကျုပ်ပြောပြရမှာပေါ့ဗျာ'

ဟိုခွန်းမျက်နှာ အပျက်ကြီးပျက်သွားသည်။ စောစောက သံဆူးလက်နက်ပုန်း ထိမှန်ထားသည့် ခြေသလုံးနေမှုလည်း ယားယံသလိုလို၊ ထုံကျဉ်သလိုလို စတင်ခံစားလာရတော့သည်။

'ဖြေဆေး ... ဖြေဆေးဘယ်မှာလဲ ၊ ငါ့ကို အဆိပ်ဖြေဆေးပေးစမ်း'

ထန်လိုထံမှ စကားသံထွက်မလာတော့။ မိမိ၏ဓားချက်ဖြင့် သေဆုံးသွားပြီဟု ဟိုခွန်းထင်မှတ်မိသည်။ ရုတ်ခြည်းပင် ထန်လိုထံသို့ခုန်ဝင်ကာ အဆိပ်ဖြေဆေးရှာရန် ဟန်ပြင်လိုက်သည်။ ရှောက်ချူးရွှေတို့သုံးယောက်ကလည်း ဟိုခွန်းကို ထန်လိုထံသို့ ဝင်မသွားနိုင်အောင် တားဆီးထားရန်ကြိုးစားသည်။ သို့သော် သံမဏိလက်ကောက်နတ်ဆိုး ပို့ထင်းယိက သည်အတိုင်းကြည့်မနေ။ လှုပ်ရှားဟန်ပြင်နေသော ရှောက်ချူးရွှေတို့ကို ခုန်လွှားဝင်ရောက်ကာ ဟန့်တားထားလိုက်သည်။ ဟိုခွန်းကလည်း အခွင့်သာလာပြီမို့ လက်ထဲမှထီးကို ပစ်ချကာထန်လိုထံသို့ ပြေးဝင်လာပြီး အဆိပ်ဖြေဆေးရှာတော့သည်။

'အား ...'

ဟိုခွန်း၏ နာကျင်စွာအော်ဟစ်သံက ယန်စီကျင်မြစ်တစ်ခုလုံး ပဲ့တင်ထပ်မျှ ဟိန်းလွင့်သွားသည်။ သူ့မျက်နှာမှာ လက်နက်ပုန်းများ စိုက်ဝင်နေသည်က မြင်မကောင်း။ ဆောင့်ကြောင့်ထိုင်နေရာမှ ခုန်ထလိုက်သည်။ လက်ကပစ်ချထားသော

ထီးဓားဖြင့် ထန်လိုကိုသတ်ရန် လိုက်ရှာသည်။ မျက်နှာတစ်ခုလုံး အပ်များစိုက်ဝင်နေသဖြင့် သူ့အမြင်အာရုံက မပီပြင်တော့။ နောက်ဆုံးတွင် ကျောက်ဆောင်ပေါ်မှ ခြေချော်ကာ တဒီးဒီးမြည်ဟည်းနေသော ယန်စီကျင်ဖြစ်ထဲသို့ထိုးကျသွားတော့သည်။

အရိုပ်မဲ့ဟိုခွန်း ကျောက်ဆောင်ဘက်မှ မြစ်ထဲသို့ ထိုးကျသွားသည်ကို သံမဏိလက်ကောက်နတ်ဆိုး ပို့ထင်းယိ တစ်ခဏ ထိုင်ကြည့်နေမိသည်။ ထိုအခွင့်ကောင်းကိုယူကာ ရောက်ချူးရွှေသည် ထန်လိုထံသို့ ရုတ်တရက်ခုန်ဝင်ပြီး ထန်လိုအားပွေ့ဖက်လိုက်သည်။

'ထန်လို ... ထန်လို'

ရောက်ချူးရွှေ၏အသံက တုန်ယင်လှုပ်ခတ်နေသည်။ ထန်လို၏ဒဏ်ရာမှ သွေးများ တဖြိုင်ဖြိုင်စီးကျနေပြီး မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူလျော်ဖြစ်လာသည်။ ရောက်ချူးရွှေ လှုပ်ယမ်းခေါ်ငင်သောအခါ မျက်လုံး တစ်ဖြည်းဖြည်း ပွင့်လာသည်။

"အ .. .အကိုကြီး ... သူ .. သူက ကျွန်တော်ရဲ့ကိုယ်ထဲမှာ အဆိပ်ဖြေဆေးနိုက်ရှာတယ်၊ အသက်မသေသေးတဲ့ ထန်မိသားစုရဲ့အသားကို ဘယ်သူထိရဲလဲ"

ထန်လို၏ နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာသည်။ စကားကို ခဲခဲယဥ်းယဥ်း ပြောနေရသော်လည်း သူ့မျက်နှာတွင် အပြုံးရိပ်ကလေး အနည်းငယ် ရှိနေပေသေးသည်။ ရောက်ချူးရွှေသည် ထန်လိုကိုကြည့်ပြီး စိတ်ထိခိုက်လာသည်။ နာကြည်းချက်နှင့်အတူ ဒေါသကလည်း တရိပ်ရိပ်တက်လာသည်။

'ညီလေး၊ ထန်လို'

'ကျွန်တော့်ကိုယ်ကျွန်တော် တကယ်သေရတော့မယ်ဆိုတာ သိပါတယ်၊ သူက ကျွန်တော့်လက်နက်ပုန်းမှာ အဆိပ်ရှိတယ်လို့ ထင်နေခဲ့တယ်၊ အဲဒီလိုထင်နေလို့ သူ့ကိုကျွန်တော်နဲ့အတူ သေလမ်းခေါ်သွားနိုင်ခဲ့တာပဲ၊ တကယ်တော့ ကျွန်တော့်လက်နက်ပုန်းမှာ ဘာအဆိပ်မှမရှိဘူး၊ ကိုယ့်ကိုယ်ကို ယုံကြည်တဲ့ အဆင့်မြင့် လက်နက်ပုန်းသမားဆိုတာ ဘယ်တော့မှ အဆိပ်သုံးဖို့မလိုဘူး'

ထန်လိုသည် သူ့မျိုးဆက်မိသားစုတွင် နံမည်ကျော်ကြား သိုင်းပညာမြင့်မားလွန်းသူတစ်ယောက် မဟုတ်သော်လည်း မာန်မာနတရား လွန်စွာမှကြီးမားလှချေသည်။ ရောက်ချူးရွှေ၏ မျက်ဝန်းအိမ်တွင် မျက်ရည်ကြည်များ ရစ်ဝဲလာသည်။ ထန်လိုသည် မျက်စိမှိတ်ကာ အားယူအမောဖြေနေရာမှ မျက်ခွံကိုဖြည်ညင်းစွာဖွင့်လိုက်ပြီး ရောက်ချူးရွှေလက်ကို ကျစ်ကျစ်ပါအောင် ဖမ်းဆုပ်ထားသည်။ သူ့နှုတ်ခမ်းက တလှုပ်လှုပ်ဖြစ်နေသည်။ ပြောလိုသည့်စကားကို အရှိန်ယူနေဟန် တူသည်။

'တကယ်လို့ အကိုကြီး ကျွန်တော်အိမ်ဂေဟာက ထန် .. .ထန်တာ့ကို တွေ့ရင် ထန်မျိုးဆက်မိသားစုဟာ ဘာဖြစ်လို့ သိုင်းလောကရဲ့ ပထမတန်း သိုင်းဂုဏ်းကြီးမဖွဲ့စည်းဘဲ သြဇာအာဏာဂိုဏ်းက လူရမ်းကားတွေကို သောင်း .... သောင်း ကျန်းခွင့် ...ပေးထားတာ ....'

ထန်လို စကားဆုံးအောင် မပြောနိုင်တော့ ၊ ရောက်ချူးရွှေလက်ထဲ၌ ဇက်ကျိုးကျကာ အသက်ထွက်သွားတော့သည်။ မိုးနှင့်လေက သဲသဲမဲမဲ ပြင်းပြင်းထန်ထန်ရွာချနေဆဲ။

ရောက်ချူးရွှေသည် ထန်လို၏ကိုယ်ကို ကျောက်ဆောင်ထက်တွင် ချထားလိုက်ပြီး လေးပင်စွာ မတ်တတ်ထရပ်လိုက်သည်။ တစ်ချက်တစ်ချက် လင်းပြက်လိုက်သော လျှပ်ရောင်တွင်ကြည့်မည်ဆိုလျှင် ရောက်ချူးရွှေ၏မေးကြောကြီးများ တင်းမာထောင်ထနေသည်ကို တွေ့နိုင်ပေသည်။ ပို့ထင်းယိသည် ကျောက်တိုင်ကြီးတစ်တိုင်အလား မလှုပ်မရှားရပ်နေရာမှ ရုတ်တရက် လက်တစ်ဖက်ဖြင့် အချက်ပြလိုက်သည်။ ဘေးတစ်ဖက် ကျောက်ဆောင်ကြီးနောက်ကွယ်မှ လူနှစ်ယောက်ထွက်လာသည်။

ထိုလူနှစ်ယောက်မှာ အမိန့်ကို စောင့်ဆိုင်းနေသည့်နှယ် လက်နှစ်ဘက်နောက်ပစ်ခေါင်းငုံ့ ကာ ပို့ထင်းယိထံမှ ထွက်ပေါ်လာမည့် စကားသံကိုနားစွင့်နေသည်။ ပို့ထင်းယိက အိတ်အတွင်းမှ ငွေတုံးတစ်တုံးကို ထုတ်ယူလိုက်ပြီး ထိုသူနှစ်ယောက်ထံ ပစ်လွှတ်လိုက်သည်။

'အရိပ်မဲ့ကို မြစ်အောက်မှာ သွားဆယ်လိုက်ကြ'

ငွေတုံးကို ထိုသူနှစ်ယောက်ဖမ်းယူရန် လက်ဟန်ပြင်လိုက်သည်။ သို့သော် သူတို့ထက်အလျင်ဦးသော ဓားရှည်တစ်ချောင်းက ရှေ့သို့တိုးထွက်လာပြီး ငွေတုံးအားထိုးစိုက်လိုက်သည်။

ရောက်ချူးရွှေ၏ ဓားရှည်ဖြစ်၏။ ထိုဓားရှည်မှာ သူပိုင်ဓားမဟုတ်၊ စားသောက်ဆိုင်အပေါ်ထပ်တွင် သူနှင့်တိုက်ခိုက် သတ်ဖြတ်ခဲ့သည့် လူသတ်သမားလူငယ်၏ ဓားဖြစ်ပေသည်။ ရောက်ချူးရွှေသည် ဓားဦးချွန်ဖြင့် ထိုးစိုက်လိုက်သော ငွေတုံးကိုကြည့်ပြီး...

'ခင်ဗျား သဌေးကြီး နာ့လောင်ကျွင်းတို့ မိသားစုကို ဘယ်လိုလုပ်လိုက်သလဲ'

ထိုငွေတုံးပေါ်တွင် 'နာ့' ဟူသော ထွင်းစာလုံး တွေ့လိုက်ရပြီး သဌေးကြီး နာ့လောင်ကြွင်းတို့ မိသားစုအား လုံခြုံမှုပေးနိုင်ရန် ပိုးထင်းယိ လက်ထဲသို့ ဘာမသိ ညာမသိ အပ်နှံမိခဲ့သည်ကို ဆက်စပ်စဉ်းစားတွေးတောမိကာ ရောက်ချူးရွှေ မေးလိုက်ခြင်းဖြစ်သည်။ ပိုးထင်းယိ ရယ်မောလိုက်ကာ...

'ငါ့လက်ထဲ ငွေတုံးတွေ ရောက်လာမှတော့ သဌေးကြီး နာ့လောင်ကြွင်းတို့ ဘယ်လိုဖြစ်မယ်ဆိုတာ မင်းမစဉ်း စားတတ်ဘူးလား'

ရောက်ချူးရွှေ အသားများပင် တဆတ်ဆတ် တုန်ယင်လာသည်။ အပြစ်မဲ့သော၊ အားကိုးအားထား ပြုလိုသော မိသားစုတစုကို လျစ်လျူရှုကာ ပါးကွက်အာဏာသား လက်ထဲသို့ အပ်နှင်းမိခဲ့သည့် ကိုယ့်အပြစ်ကို ကိုယ်မကျေမနပ်လည်း ဖြစ်မိသည်။ ထို့ပြင် သူနားလည် သဘောပေါက်သွားသည့် အချက်တချက်လည်း ရှိလာပြန်သည်။ အားဝမ်၏ မိန်းမကို လူသတ်တမားလူငယ်က အလစ်ဝင်၍ လုပ်ကြံကိုယ်ယောင် ဖျောက်သွားပြီး အားဝမ်နှင့် အဘိုးကြီးဟေးတို့အား ဟိုခွန်းက သတ်ဖြတ်ခဲ့ခြင်း ဖြစ်ပေသည်။ သို့အတွက် သူတို့သွားရာ လမ်းကြောင်းကို အရိပ်မဲ့ဟိုခွန်းက သိရှိနေပြီး ပိုးထင်းယိထံ ဆက်သွယ် သတင်းပို့သောကြောင့် ရွှေငွေဘဏ်တိုက်ထဲတွင် ကြိုတင်ထောင်ချောက် ဆင်ထားခဲ့ခြင်း ဖြစ်ပေသည်။ရောက်ချူးရွှေ တွေဝေငေးငိုင် နေစဉ်မှာပင် ကျိုကျူးချောက်လန်က....

'ခင်ဗျားနဲ့ မနက်က ဓားပြတိုက်တဲ့ အဖွဲ့တွေက အတူတူ မဟုတ်ဘူးလား'

'အတူတူဆိုရင် အဲဒီကတည်းက မင်းတို့ကို ငါလက်ပိုက်ကြည့်နေပါ့မလား၊ မိုးဘုရင် ကျူးစွန့်ရွှေတို့ အဖွဲ့ဟာ ငါတို့ သြဇာအာဏာပိုဏ်းကို ဆန့်ကျင်ခဲ့တယ်၊ ဒါကြောင့် တချက်ခုတ် နှစ်ချက်ပြတ် သူ့လူသုံးယောက်ကို အငှားစားနဲ့ အပြတ်ရှင်းပြီး နာ့လောင်ကြွင်း ရဲ့ငွေတွေကိုလဲ အရယူခဲ့တာပဲ'

ဒီတော့မှ ရောက်ချူးရွှေသည် ပိုးထင်းယိ လေ့ကြီးပေါ်သို့ တက်တက်ချင်း စွဲကျင်းယင်းနှင့် ကျန်းချီလီတို့အား နှုတ်ပိတ်သတ်ဖြတ် ခဲ့ခြင်းဖြစ်ကြောင်း ရိပ်မိနားလည်တော့သည်။ အပြောင်းအလဲ အလှည့်အပတ် အရှုပ်အထွေးတို့ကြောင့် ရောက်ချူးရွှေတို့မှာ စကားမပြောနိုင်လောက်အောင် မှင်တက်နေမိကြသည်။

'ကဲ မင်းတို့ မသေခင် ငါ့ကို ဘာမေးချင်ကြသေးသလဲ'

ပိုးထင်းယိက စတင်တိုက်ခိုက်တော့မည် ဟူသော အရိပ်အရောင်ပြ စကားပြောလာသည်။

'ဘာမှ မေးစရာမရှိဘူး'

တိန်ယိဟန်သည် ပါးစပ်မှ ပြောလည်းပြော၊ လက်ကလည်း ဓားရှည်ကို ဝှေ့ယမ်းလှုပ်ရှားလိုက်သည်။

'ရွှပ်...ရွှပ်'

လျှပ်ပြက်သည့်အလား လျင်မြန်သွက်လက်လွန်းသဖြင့် ကျောက်ဆောင်နံဘေးမှ ထွက်လာသော လူနှစ်ယောက်မှာ ဓားထွက်လာသည် ကိုပင်မမြင်လိုက်ရဘဲ လည်ချောင်းသွေးပြတ်ကာ လဲကျသေဆုံးသွားတော့သည်။ ဟိုင်နန်ဓားဂိုဏ်း၏ ထူးခြားရက်စက်ပြီး ဓားချက်တချက်ထဲနှင့် လူနှစ်ယောက်၏ အသက်ကို သတ်ဖြတ်လိုက်နိုင်သော တိန်ယိဟန်၏ အစွမ်းကို ပိုးထင်းယိ အနည်းငယ် ဖြုံသွားသည်။ သူ့အသက်အတွက် စစ်ကူနှစ်ယောက်ကို ဖြတ်တောက်ခံလိုက်ရသဖြင့်လည်း အနည်းငယ် မျက်နှာ ပျက်သွား၏။ ထိုအချိန်မှာပင် ရောက်ချူးရွှေ၏ ဓားသွားထိပ်ကလည်း ပိုးထင်းယိမျက်နှာဆီသို့ တန်းခနဲဝင်လာ၏။ ပိုးထင်းယိက လျင်မြန်စွာပင် လက်ဝါးနှစ်ဘက်ညှပ်ကာ ရောက်ချူးရွှေ၏ ဓားရွက်ကို ဖိကပ်ထားလိုက်သည်။ ရောက်ချူးရွှေ ဓားကို အတင်းဆွဲထုတ်သည်။ မရ။ ကျောက်တောင်အောက်တွင် ပိနေသကဲ့သို့ နန်နဲ့မျှမလှုပ်။

ဓားရှက်ကို လိမ်ကာ ပိုးထင်းယိ၏ လက်ဖဝါးကို လှီးထုတ်ရန် ကြိုးစားပြန်သည်။ အချည်းအနှီးပင်။ ထိုစဥ်မှာပင် ပိုးထင်းယိက ရောက်ချူးရွှေအား ခြေထောက်ဖြင့် ပတ်ကန်သည်။ ရောက်ချူးရွှေ ဓားလက်ကိုင်ရိုးကို ဆုပ်ကိုင်ထားရန် မဖြစ်တော့။ လက်လွှတ်ကာ နောက်ဆုတ် ခုန်ရှောင်လိုက်ရသည်။ ရောက်ချူးရွှေ အဆုတ်တွင် တိန်ယိဟန်၏ ဓားရှည်က ပိုးထင်းယိ၏ ဝမ်းဗိုက်ကို ထိုးချသည်။ ကျိုကျူးချောက်လန်ကလည်း ဘယ်လက်မှ အမာစား ဖမ်းချုပ်ကွက်၊ ညာလက်မှ အပျော့စား ဖမ်းချုပ်ကွက်တို့ဖြင့် ပိုးထင်းယိ၏ ခေါင်းပေါ်သို့ အုပ်မိုးလာသည်။ ပိုးထင်းယိ ရောက်ချူးရွှေ၏ ဓားကို လက်လွှတ်လိုက်ရသည်။ ဘယ်လက်ဖြင့် ကျိုကျူးချောက်လန်၏ တိုက်ကွက်ကို ခုခံပြီး ညာလက်က တိန်ယိဟန်၏ ဓားရှက်ကို ဆုပ်ဖမ်းထားလိုက်သည်။ ရောက်ချူးရွှေလည်း သူ့ဓားကို အမိအရ ပြန်ဖမ်းယူလိုက်သည်။

ကျိုကျူးချောက်လန်၏ လက်နှစ်ဘက်က ပိုးထင်းယိ၏ ဘယ်လက်ကို မထိန်းချုပ်နိုင်သလို တိန်ယိဟန်၏ ဓားကလည်း ဆွဲထုတ်၍မရ။ ရောက်ချူးရွှေ ဓားပြန်ရသွားသဖြင့် ဓားကွက် သုံးကွက် ထုတ်သုံးတိုက်ခိုက်လိုက်မှ ကျိုကျူးချောက်လန် နှင့် တိန်ယိဟန်တို့ အန္တရာယ်မှ လွတ်ကင်းသွားသည်။ ပိုးထင်းယိသည် လက်နှစ်ဘက်တည်းသာ ရှိသည်မို့ ရောက်ချူးရွှေ၏ ဓားရှည်ကို မကာကွယ်နိုင်။ ကျိုကျူးချောက်လန်နှင့် တိန်ယိဟန်တို့ကို လက်လွှတ်ပေးကာ နောက်ကိုခုန်ဆုတ်လိုက်ရာ ကျောက်ဆောင်ကြီး၏ နှုတ်ခမ်းအစပ်သို့ ကျရောက်သွားသည်။ ရောက်ချူးရွှေတို့ သုံးယောက်မှာ တယောက်မျက်နှာ တယောက် ကြည့်လိုက်ကြသည်။ ထိုအကြည့်တွင် အချင်းချင်း နားလည်သဘောပေါက်သည့် အဓိပ္ပာယ်များ ပါဝင်သည်။ တယောက်ကို တိုက်ကွက်တကွက်စီသာ ထုတ်ဖော်တိုက်ခိုက် ပြီးသည်နှင့် တဘက်လူ၏ လက်ကောက်ဝတ်အား ပြင်းထန်ခြင်း၊ သိုင်းပညာ နက်ရှိုင်းမြင့်မားခြင်းတို့ကို သိရှိသွားကြသည်။

မိုးက ပို၍ပင် စိပ်စိပ်ရွာချလာသည်။ မိုးစက်မြားတန်းကြောင့် မျက်စိအမြင် မှုန်ဝါးလာသည်။ ရောက်ချူးရွှေတို့ သုံးယောက်သည် ပိုးထင်းယိထံသို့ တပြိုင်နက်တည်း ခုန်ဝင်လိုက်ကြသည်။ သူ့တို့၏ စိတ်ထဲတွင် ပိုးထင်းယိ၏ လက်နှစ်ဘက်ကို ထိန်ချုပ်ထားနိုင်မှ တိုက်ခိုက်၍ရမည်ကို နားလည်ကြသည်။ ထို့ကြောင့် ကျိုကျူးချောက်လန်က လျှပ်တပြက် ဖမ်းချုပ်လက်ဖြင့် ပိုးထင်းယိအား ဖမ်းချုပ်ရန် ကြိုးစားသည်။ ပိုးထင်းယိကလည်း အသင့် ကြိုဆိုသည်။ သူ့စိတ်ထဲတွင် ကျိုကျူးချောက်လန်၏ လက်နှစ်ဘက်ကို ချိုးပစ်ပြီးမှ တိန်ယိဟန်နှင့် ရောက်ချူးရွှေတို့အား အလွယ်တကူ တိုက်ခိုက်နိုင်မည်ဟု တွက်ဆထားပြီးဖြစ်သည်။ လက်လေးဘက် ဆုံမိသွားသည်။

ကျိုကျူးချောက်လန်၏ လက်နှစ်ဘက်တွင် ကြီးမားသော ဖိနှိပ်အားကြီးတခု သက်ရောက်လာသကဲ့သို့ ခံစားလိုက်ရသည်။ သူ့အနေနှင့် ပိုးထင်းယိအား ထိန်းချုပ်မထားနိုင်။ ထို့အတူ ပိုးထင်းယိကလည်း ကျိုကျူးချောက်လန်၏ လက်ကို မချိုးနိုင်သေး။ ပိုးထင်းယိက အတွင်းအားထုတ် ဖမ်းချုပ်လာတိုင်း ကျိုကျူးချောက်လန်၏ လက်အစုံက တိုက်ကွက်သုံးမျိုး ပြောင်းကာ ပိုးထင်းယိ၏ လက်နှစ်ဘက်ကို မအားလပ်စေရအောင် ပူးကပ်လိမ်ယှက်ထားသည်။ ပိုးထင်းယိ လက်မလှုပ်ရှားနိုင်ချိန်မှာပင် တိန်ယိဟန်နှင့် ရောက်ချူးရွှေတို့ ဓားနှစ်လက်က မြွေနှစ်ကောင် အလား ခေါင်းထိုးဝင်ရောက်လာသည်။ ပိုးထင်းယိက အလိုက်သင့်ပင် ကျိုကျူးချောက်လန်၏ ခန္ဓာကိုယ်နှင့် ဆီးခံပေးသည်။ ကျိုကျူးချောက်လန်၏ ခန္ဓာကိုယ်က လေပင့်ရွက်ကြွေ တရွက်ပမာ အပေါ်သို့ ခုန်မြောက်ပေးလိုက်သော်လည်း လက်နှစ်ဘက်ကမူ ခိုင်မာတင်းရစ်သော ကြိုးတချောင်းသဖွယ် ပိုးထင်းယိ၏ လက်အစုံကို ပူးကပ်ချုပ်နှောင်ထားသည်။

ရောက်ချူးရွှေနှင့် တိန်ယိဟန်တို့ နှစ်ယောက် ဓားချက်ကို ပြန်ရုပ်သိမ်းပြီး ပိုးထင်းယိအား ဘယ်ညာနှစ်ဘက်မှ ခြေဖြင့် ပတ်ကန်သည်။ ပိုးထင်းယိ နောက်သို့ ခြေနှစ်လှမ်း ဆက်တိုက်ဆုတ်ပြီး ကျိုကျူးချောက်လန်အား လေထဲတွင် ဇော့ယမ်းပစ်လွှတ်လိုက်သည်။ ကျိုကျူးချောက်လန် လွတ်ထွက်မသွား။ ပိုးထင်းယိ၏ လက်အစုံကို မြဲမြံစွာ ကိုင်ချုပ်ထားဆဲ။ ကျိုကျူးချောက်လန်ကို မြှောက်ကာ ဇော့ယမ်းလိုက်သဖြင့် ပိုးထင်းယိ၏ ရင်ဘတ်နေရာတွင် အကာအကွယ်ကင်းသွား၏။ ထိုအခွင့်ကောင်းကို ရောက်ချူးရွှေ မိမိရရပင် အသုံးချ၏။ အတွင်းအားကို လက်ဝါးမှတဆင့် ဓားသွားပေါ်သို့ ပို့လွှတ်ချိုးချေပြီး ပစ်လွှတ်လိုက်သည်။ လူသတ်သမားဘွဲ့ခံ လူငယ်အား အနိုင်ယူခဲ့သည့် ပန်းစကြာဓားကွက်ပင်တည်း။ ဓားအကျိုးစများက ပိုးထင်းယိထံသို့ ပြေးဝင်သွားသည်။ သို့သော် ပိုးထင်းယိကလည်း နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်။ ကျိုကျူးချောက်လန်ကို ဆွဲယူကာ ရှေ့မှ ဆီးခံပေးလိုက်သည်။ ကျိုကျူးချောက်လန်မှာ ရောက်ချူးရွှေကို ကျောပေးထားရသဖြင့် ဓားစများက သူ့ထံသို့သာ ပြေးဝင်လာသည်။

ရောက်ချူးရွှေ အလွန်အမင်း ထိတ်လန့်သွားသည်။ သူ့ဓားကျိုးစများကို မည်သို့မျှ ရုတ်သိမ်းထိန်းချုပ်၍ မရပေ။ ထိုစဉ်မှာပင် တိန်ယိဟန်၏ ဓားရှည်က အလင်းတန်းများ ယှက်ဖြာသွားသည်။

'ထန်း...ထန်း....ထန်း...ထန်း'

ရောက်ချူးရွှေ၏ ဓားအကျိုးစများမှာ တိန်ယိဟန်၏ ဓားချက်ကြောင့် ဘေးသို့ လွင့်စင်ထွက်ကုန်တော့သည်။ တောင်ပင်လယ် ဟိုင်နန်ဓားဂိုဏ်း၏ အံ့မခန်းလှသော ပန်းခွေဓားသိုင်းကွက်ပင်တည်း။ တိန်ယိဟန်က ကျိုကျူးချောက်လန်၏ အန္တရယ်ကို ကာကွယ်ပေးလိုက်သဖြင့် ရောက်ချူးရွှေ တအားတက်သွားသည်။ လက်ထဲမှာ ကျန်ရှိနေသေးသော ဓားထက်ပိုင်းပြတ်ဖြင့် ပိုးထင်းယိ၏ ချိုင်းအောက်မှ ပင့်ထိုးလိုက်သည်။ ပိုးထင်းယိသည် ကျိုကျူးချောင်လန် ထိခိုက်ခြင်း မရှိဘဲ ရောက်ချူးရွှေ၏ ဓားကွက်တကွက် ထပ်ထုတ်လာသည်မို့ ထိတ်ခနဲ ဖြစ်သွားသည်။ သို့တိုင် အဆင့်မြင့် သိုင်းသမား တယောက်ဖြစ်သည်မို့ ပျာယာခတ်ခြင်းမရှိ။ ရုတ်တရက် ကိုယ်ကို နောင်သို့ လှန်ချလိုက်သည်။ ရောက်ချူးရွှေ ထပ်မံ၍ အကွက်သုံးကွက် ထုတ်သည်။ ပိုးထင်းယိ ရှောင်တိမ်းယင်းမှ ခြေဖြင့် ပတ်ကန်သည်။

'ဝုန်း....'

ရောက်ချူးရွှေသည် ကျိုကျူးချောက်လန်အား ကယ်တင်လိုစိတ် ပြင်းပြနေသောကြောင့် ပိုးထင်းယိ၏ အရိပ်မဲ့ ခြေကန်ကွက်ကို မကာကွယ်နိုင်ခဲ့။ ခြေတချက်ကန်မိသည်နှင့် လွင့်စင်ထွက်သွားတော့သည်။ ရောက်ချူးရွှေ လွင့်ထွက်သွားသလို ပိုးထင်းယိ၏ မျက်နှာတွင်လည်း စပ်ဖျင်းဖျင်း ခံစားလိုက်ရသည်။ ရောက်ချူးရွှေ၏ ဓားအကျိုးတိုက်ကွက် တကွက်မှန်မိပြီဟု ပိုးထင်းယိ ထင်မှတ်ကာ ထိတ်လန့်တုန်လှုပ်သွားမိသည်။ အမှန်စင်စစ်ကား ရှောင်ချူးရွှေ၏ ဓားကွက် ပိုးထင်းယိကို ထိမှန်ခြင်းမရှိ။ ဓားဝှေ့ယမ်းစဉ် ပိုးထင်းယိ၏ မုတ်ဆိတ်ပါးသိုင်းမွေးများ ဓားနှင့် ရစ်ပတ်ငြိတွယ်မိသည်မို့ ပိုးထင်းယိက လွင့်စဉ်အောင် ကန်ထုတ်လိုက်သောအခါ မုတ်ဆိတ်မွေးများ ဆွဲနှုတ်သလို ဖြစ်သွားခြင်း ဖြစ်ပေသည်။ ပိုးထင်းယိ ထိတ်လန့်မှင်တက်နေမိစဉ်မှာပင် တိန်ယိဟန်၏ ဓားချက်တချက်က သူ့ဘယ်ဘက်ပေါင်ကို ထိုးစိုက်ခြင်း ခံလိုက်ရသည်။

'အား..'

အရိုးခိုက်အောင် နာကျင်လွန်းသဖြင့် ပိုးထင်းယိ အော်ဟစ်လိုက်မိသည်။ လူဟန်ချက် ပျက်သွားစဉ်ပင် ကျိုကျူးချောက်လန်က အားကုန်ထုတ်ကာ နေခြောက်စင်း သံမဏိကျင်းကန်း လက်သိုင်းဖြင့် အတင်းတိုက်ခိုက်သည်။ ပိုးထင်းယိ ခြေချော်ကာ ကျောက်တောင်မှ အောက်သို့ ခြေချော်ကျသည်။ သို့သော် လျှပ်တပြက်ပင် သူနှင့်အတူ ကျိုကျူးချောက်လန်ကို အပါခေါ်ယူသည်။ ကျိုကျူးချောက်လန် လက်ပြန်ရုပ်၍ မရ။ ပိုးထင်းယိနှင့်အတူ ကျောက်ဆောင်အောက်သို့ ကိုယ်တဝက် ကျသွားသည်။ တိန်ယိဟန် မနေသာ။ ဓားရှည်ကို ဓားအိမ်အတွင်း ထိုးသွင်းကာ ကျိုကျူးချောက်လန်ဘက်မှ ကူဆွဲပေးရသည်။

အချိန်ကြာမြင့်စွာ ပိုးထင်းယိလက်ကို မြဲမြဲစွာ ဆုပ်ကိုင်ခဲ့ရသဖြင့် ကျိုကျူးချောက်လန်၏ လက်အင်အားမှာ ကုန်ခန်းခဲ့ရလေပြီ။ တိန်ယိဟန်မှာလည်း ကျိုကျူးချောက်လန်၏ ခါးပတ်ကြိုးကို ဆွဲထားရသော်လည်း လူနှစ်ယောက်၏ အားကို တုံ့ဆွဲယူနေရသဖြင့် လက်မနိုင်တော့။ ထိုအချိန်မှာပင် လွင့်စင်ထွက်သွားသော ရောက်ချူးရွှေ လှုပ်ရှားလာသည်။ လက်ထဲမှ ဓားအကျိုးဖြင့် ကျောက်တောင်အောက်သို့ ပစ်ပေါက်လိုက်သည်။

'ဗိုး...'

'ဒုတ်...'

ဓားအကျိုးမှာ မျက်စိပါသည့်အလား ပိုးထင်းယိ၏ ရင်ဝသို့ စိုက်ဝင်သွားသည်။ ပန်းချောင်းဓားဂိုဏ်း၏ ထူးချွန်ထက်မြက်လှသော ဓားကွက်သုံးကွက်အနက်မှ သက်တန့်တိမ်ဖောက် ဝိဥာဉ်ပျောက် ဓားကွက်ပင်တည်း။ ပိုးထင်းယိသည် ရင်ဝသို့ ဓားထိုးစိုက် ခံလိုက်ရပြီမို့ စူးစူးဝါးဝါး အော်ဟစ်ကာ ယန်စီကျန်မြစ် အတွင်းသို့ ထိုးကျသွားတော့သည်။

ပိုးထင်းယိ၏ အလေးချိန် လျော့သွားသဖြင့် တိန်ယိဟန်က ကျိုကျူးချောက်လန်အား ကျောက်တောင်ပေါ်သို့ ရောက်အောင် ဆွဲတင်သည်။ ကျိုကျူးချောက်လန်ကလည်း အားပြောင်းအားယူနည်းဖြင့် ကိုယ်တချက်လှန်ကာ အပေါ်သို့ တက်လာသည်။ ရောက်ချူးရွှေမှာ ငေးငေးငူငူကြီး ရပ်နေဆဲ။ သူ့မျက်လုံး အကြည့်များက ယန်စီကျန်မြစ် ရေအလျန်ဆီသို့။ ယန်စီကျန်မြစ်ကား အရှိန်အဟုန်ကြီးစွာ စီးဆင်းလျက်။ မိုးမင်းနှင့် လေပြင်းကလည်း ဒေါသမာန်ဟုန်ကြီးစွာ သဲသဲမဲမဲ ရွာချလျက်။ မိုးရေအောက်မှ သူငယ်ချင်းသုံးယောက်ကား ကျောက်ရုပ်ကြီးများပမာ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်လျက် ရှိနေလေသည်တကား။

## “အခန်း–၅”

ချင်ကျန်းမြစ်သည် ချန်တူးမြို့ကို ဖြတ်လျက် စီးဆင်းသွားသည်။

ချန်တူးမြို့သည် စဲ့ချွမ်းနယ်တွင် တည်ရှိသည်။ မြို့ကလေးက သိပ်မကြီးမားသော်လည်း သိုင်းလောကတွင် ထင်ရှားကျော်ကြားသော မိသားစုနှစ်စုကြောင့် လူသိများလှပေသည်။ ထိုမိသားစုနှစ်စုမှာ ပန်းချောင်းဂိုဏ်း ရောက်မျိုးနွယ် မိသားစုနှင့် တုကျုံးနယ် ထန်မျိုးနွယ် မိသားစုတို့ ဖြစ်ပေသည်။

ထန်မျိုးဆက် မိသားစုသည် သိုင်းလောကတွင် လက်များ ရှင်ဟု အမည်တွင်လောက်အောင် လက်နက်ပုန်းပညာတွင် တဖက်ကမ်းခတ်သည်။ မျက်မှောက်ခေတ် သိုင်းလောကတွင် မည်သည့် လက်နက်ပုန်း ပညာရှင်ကမှ ထန်မျိုးဆက် မိသားစု၏ လက်နက်ပုန်းပညာကို မယှဉ်သာကြ။

ပန်ချောင်းဓားဂိုဏ်း ရောက်မျိုးနွယ် မိသားစုမှာ ဓားသိုင်းပညာနှင့် သိုင်းလောကတခွင် ထင်ရှားလှသည်။ ဂိုဏ်းချုပ်ကြီး ရောက်စီးလိုတွင် သားသုံးယောက်နှင့် သမီးတယောက်ရှိသည်။ ရောက်ယိလင်သည် သားအကြီးဆုံး ဖြစ်ပြီး ချွမ်ကျုံးနယ်တွင် နေထိုင်သည်။ ဓားသိုင်းပညာအနေနှင့် ရောက်စီးလိုနှင့်ပင် ပခုံးချင်း ယှဉ်နိုင်သည်။ သားအလတ် ရောင်ခိုက်ယန်မှာ ရိုးသားဖြောင့်မတ်ကာ ဝိယိရရှိပြီး သွက်လက်ဖျတ်လတ်သည်။ တဦးတည်းသမီးဖြစ်သူ ရောင်စွေးယီမှာ ရုပ်ရည်ချောမော လှပကာ ဉာဏ်ပညာ ထက်မြက်သည်။ သီချင်းအဆိုဘက်တွင် ဝါသနာပါကာ သိုင်းပညာလည်း ထက်မြက်သည်။ အငယ်ဆုံးသားကား ရောက်ချူးရွှေ ဖြစ်လေသည်။ သူသည် ငယ်စဉ်ကတည်းက ဉာဏ်ပညာထက်မြက်ကာ စာပေဘက်တွင် နှံ့စပ်သည်။ သိုင်းပညာကိုမူ ဖခင်ဖြစ်သူ ရောင်စီးလိုထံမှ မသင်ယူပဲ အကိုဖြစ်သူ ရောက်ယိလင်ထံမှ တိုက်ရိုက်သင်ယူသည်။

သို့သော် တကျောင်းတဂါထာ တရွာတပုဒ်ဆန်း ဆိုသလိုပင် ပန်းချောင်းဓားဂိုဏ်း၏ ဓားသိုင်းပညာသည် ရောက်ချူးရွှေ လက်ထဲသို့ ရောက်သောအခါ သူမတူအောင် ပြည့်စုံထက်မြက်လာသည်။ သူသည် အရွယ်ရောက်လာသည် ဆိုကထဲက သိုင်းလောကအတွင်းသို့ လှည့်ပတ်သွားလာခဲ့သည်။ ငယ်ရွယ်သော်လည်း အမှန်တရားဘက်မှ ရပ်တည်ကာ မတရားမှုများကို ဖြေရှင်းပေးခဲ့သည်။ ထိုသို့ သွားလာရင်းမှ ထန်မျိုးဆက်မှ ထန်လို၊ တောင်ပင်လယ် ဟိုင်နန်ဓား ဂိုဏ်းချုပ်ကြီး တိန်ယိဖိန်၏ ညီတော် တိန်ယိဟန်၊ ကျိုကျူးချောက်လန်၊ နေရောင်ခြည်ဓားသမားကြီး ခန်းချွတ်ယီ၏သား ခန်းကျီစင်း၊ ထက်ဝင်းရွှဲ၊ ချူးနန်းကု အစရှိသော သိုင်းသမားလူငယ်များနှင့် ခင်မင်ရင်းနှီးမှု ရရှိခဲ့သည်။

ယခုတခေါက် နဂါးတောင်ကုန်းသို့ အသွားတွင် ကျယ်ကွေးမြို့၌ သြဇာအာဏာဂိုဏ်းနှင့် ပြဿနာ ဖြစ်ခဲ့ရသည်။ သူတို့ သူငယ်ချင်းလေးယောက်အနက် ထန်လိုမှာ နဂါးကိုးကောင်ပြေးကျောက်ဆောင်တွင် အသက်ဆုံးရှုံးခဲ့ရသည်။ ရောက်ချူးရွှေ အိမ်မှမထွက်ခင် မိခင်ကရော ဖခင်ကပါ သြဇာအာဏာဂိုဏ်းနှင့် ပြဿနာ မဖြစ်ရန် အတန်တန် မှာကြားခဲ့သည်။

သြဇာအာဏာဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးသည် သိုင်းလောကတွင် ဘုရင်တဆူဟု သူ့ကိုယ်သူ ဘွဲ့အမည် ခံယူထားသော လီချိန်ကြိုး ဖြစ်သည်။ သူ၏ သိုင်းပညာအရည်အချင်း မည်မျှ ထက်မြက်သည်ကို မည်သူမျှ မခန့်မှန်းနိုင်ကြ။ သူ၏ ဇနီးသည် ကျောက်စုယုံနှင့် အကြံပေးပုဂ္ဂိုလ် လျှိုရွှေဖုန်းတို့ နှစ်ယောက်ကိုပင် အနိုင်ရသူဟူ၍ တယောက်မှ မရှိကြသေး။ သို့အတွက် သိုင်းလောက၏ ခန့်မှန်းရခက်သော အင်အားကြီးသိုင်းအဖွဲ့အစည်း ဖြစ်သည့် သြဇာအာဏာဂိုဏ်းအား ပြဿနာမရှာရန် ရောက်စီးလိုနှင့် စွန်းဖေ့စန်းတို့က ရောက်ချူးရွှေအား သတိပေးပြောကြားခဲ့ခြင်း ဖြစ်ပေသည်။

ယခုသော်ကား ပြဿနာ ဖြစ်ခဲ့ရလေပြီ။

ရောက်ချူးရွှေတို့ သူငယ်ချင်းသုံးယောက် ချန်တူးမြို့ရှိ ရောက်မိသားစုဂေဟာ ပန်းချောင်းဂိုဏ်းဌာနချုပ်သို့ ပြန်ရောက်လာသောအခါ သူငယ်ချင်းဖြစ်သူ ခန်းကျီစင်းတယောက် ရောက်ရှိနေသည်ကို တွေ့ရ၏။ ဤကဲ့သို့ ရောက်ရှိလာရန်လည်း ရောက်ချူးရွှေမှာ နေအိမ်သို့ ပြန်မရောက်ခင် သူငယ်ချင်းများအား စာရေးအကြောင်းကြား ထားသောကြောင့် ဖြစ်၏။ ခန်းကျီစင်း ရောက်လာသော်လည်း ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ ရောက်မလာခဲ့။

သူတို့နှစ်ယောက်မှာ ကတိစကား တည်ကြသူများ ဖြစ်ပေသည်။ အဘယ့်ကြောင့် ရောက်မလာကြသည်ကို ရောက်ချူးရွှေတို့ မစဉ်းစားတတ်ပေ။

ခန်းကျီစင်း၏ ဖခင် ခန်းချွတ်ယီမှာမူ သားဖြစ်သူနှင့် အတူလိုက်လာပြီး ရောက်စီးလို၏ သီးသန့်ဆောင်ထဲတွင် စကားစမြည် ပြောဆိုနေကြသည်။ ရောက်ချူးရွှေတို့ သူငယ်ချင်းလေးယောက်မှာ လူကြီးများ ခေါင်းချင်းဆိုင်နေကြပြီမို့ ပြဿနာ တစုံတရာ ကြီးကြီးမားမား ဖြစ်တော့မည်ကို သိနေကြသည်။ လူကြီးများ မျက်စိအောက်တွင် မနေဝံ့သဖြင့် ပန်းခြံထဲ ဆင်းလာခဲ့ကြသည်။

ရောက်ချူးရွှေသည် မိဘ၏ အမှာစကားကို ဖယ်ရှားခဲ့မိသဖြင့် စိတ်ကျဉ်းကျပ်နေခဲ့မိသည်။ ပန်းခြံအတွင်းသို့ ခြေလှမ်းဝင်လိုက်မိမှ အသက်ရှူရ သက်သာသွားလေသည်။ သို့သော် သူ့ကိုယ်ခန္ဓာ တချက်တွန့်ခနဲ ဖြစ်သွားသည်။ သူ့မျက်စိရှေ့တွင် ကြောင်တကောင် သေနေသည်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။ ကြောင်မှာ စဖိုမှူးကြီး ရောက်ဆုံ မွေးထားသော ကြောင်ထီးကြီး ဖြစ်သည်။ ကြောင်၏ ကိုယ်ခန္ဓာပေါ်တွင် ဒဏ်ရာဒဏ်ချက် တခုမျှ မရှိ။ ကြောင်အိုလည်း မဟုတ်။ အဘယ့်ကြောင့် ဤပန်းခြံအတွင်း လာသေနေရလေသနည်း။ ရောက်ချူးရွှေ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသော်လည်း ကြောင်တကောင် သေတာလောက်က အဆန်းမဟုတ်သဖြင့် ဂရုမထား၊ အမှုမဲ့ အမှတ်မဲ့ပင် နေလိုက်သည်။

'ဟိုခွန်းကို အရိပ်မဲ့ ဖြစ်မယ်ဆိုတာ တို့ လုံးလုံးမတွေးမိခဲ့ဘူး၊ အရိပ်မဲ့ဆိုတာ သိလိုက်တဲ့အချိန်ကျတော့ ထန်လိုက လုပ်ကြံခံ နေရပြီ၊ ဒါပေမယ့် သူက သူ့ကို လုပ်ကြံတဲ့ ဟိုခွန်းကို သူနဲ့အတူ သူ့လက်နက်ပုန်းနဲ့ပဲ သေရွာ ခေါ်သွားနိုင်ခဲ့တယ်'

ရောက်ချူးရွှေက ခန်းကျီစင်းအား သူတွေ့ကြုံခဲ့ရသည့် အကြောင်းများ ပြန်လည်ပြောပြသည်။

'မင်းဒီတခါ မလိုက်ခဲ့တာ သိပ်နမြောဖို့ ကောင်းတယ်'

ကျိုကျူးချောက်လန်က တသစ္စာ ပြောသည်။ တိန်ယိဟန်ကလည်း အားပါးတရ အမူအရာဖြင့်...

'ပိုးထင်းယိနဲ့ တိုက်ခဲ့ရတဲ့ တိုက်ပွဲကတော့ ငါ့တသက်မှာ အန္တရာယ်အကြီးဆုံးနဲ့ အပြင်းထန်ဆုံး တိုက်ပွဲတခုပဲ'

'အေး...ငါ့စိတ်ထဲမှာတော့ အခုထက်ထိ ဝမ်းနည်းလို့မဆုံးသေးဘူး၊ တို့သူငယ်ချင်းလေးယောက် ထွက်သွားကြတာ၊ ပြန်လာတော့ သုံးယောက်ထဲ၊ ထန်လိုက ဟိုမှာပဲ သေဆုံးခဲ့ရပြီ၊ ဒီအကြောင်းတွေကို ကိုယ်တော်ကြီး ထန်တာ့ကို ဘယ်လိုလုပ်ပြောပြရမှန်းတောင် မသိတော့ဘူး'

ရောက်ချူးရွှေက စိတ်ပျက်လက်ပျက် အမူအရာဖြင့် ပြော၏။ သူသည် ထန်မျိုးဆက် မိသားစုထဲတွင် လူနှစ်ယောက်ကိုသာ သိကျွမ်းသည်။ ထန်လိုနှင့် ထန်ဖိန်တို့ဖြစ်သည်။ နှစ်ယောက်စလုံးသည် ထန်မျိုးဆက်မိသားစု၏ အဆင့်မြင့်သိုင်းသမားများ ဖြစ်ကြပေသည်။ ထန်မိသားစုသည် မာန်မာနကြီးမားသလို စည်းကမ်းအလွန် တင်းကျပ်သည်။ သိုင်းလောကအတွင်းသို့ ခြေချလာသော ထန်မျိုးဆက်ဟူသမျှ သိုင်းပညာနှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ကြသည်ချည်းဖြစ်၏။

တချိန်လုံး ငြိမ်၍ နားထောင်နေခဲ့သော ခန်းကျီစင်းက အခုမှပင် စကားစတင်ပြောသည်။

'ကျနော် စဉ်းစားမိသလောက်တော့ ဒီကနေ့ လူကြီးတွေ ပြောဆိုဆွေးနွေးနေကြတာ ထန်လိုသေတာနဲ့ သက်ဆိုင်ပတ်သက်နေလိမ့်မယ် ထင်တယ်'

ရောက်ချူးရွှေ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'မင်းက ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ'

'ဒီကို စဲ့ချွမ်းနယ် တုကျုံး ထန်မျိုးဆက် မိသားစုက ကိုယ်တော်ကြီး ထန်တာ့ ရောက်လာလို့ပဲ'

'ဟေ...'

ရောက်ချူးရွှေ၊ တိန်ယိဟန်နှင့် ကျိုကျူးချောက်လန်တို့ သုံးယောက် အံ့အားသင့် တုန်လှုပ်သွားမိကြသည်။ ထန်တာ့သည် ထန်မျိုးနွယ် မိသားစုထဲတွင် ပထမတန်းစား အဆင့်မြင့် နာမည်ကြီး သိုင်းသမားတယောက် ဖြစ်ပေသည်။

ထန်လို၏ လက်နက်ပုန်း ပစ်ခတ်သည့် ပညာမှာ ထန်တာ့က သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ ထန်မျိုးဆက် မိသားစုတွင် အထိုက်အလျောက် ဩဇာအာဏာရှိသူ တယောက်ဖြစ်ပြီး သိုင်းလောကတွင် ဂိုဏ်းအဖွဲ့အစည်း တခုကိုပင် ထူထောင်နိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်ဖြစ်၏။ သိုင်းလောကသားတိုင်းက လေးစားချစ်ခင်ကာ ကိုယ်တော်ကြီးထန်တာ့ ဟူ၍ပင် ခေါ်ဝေါ်ဆက်ဆံကြသည်။

ရှောက်ချူးရွှေသည် ထန်တာ့ကို မမြင်ဘူးသော်လည်း သိုင်းပညာစတင် သင်ကြားစဉ်ကပင် ထန်လို၏အမည်ဂုဏ်သတင်းကို ကြားဖူးခဲ့သည်။ ထန်လိုနှင့် ရင်းနှီးပြီးသည့် နောက်တွင်လည်း ထန်တာ့အကြောင်းကို အကြိမ်ပေါင်းများစွာ ကြားသိရဖူးသည်။ နောက်ဆုံး ထန်လိုသေခါနီးတွင် ပြောခဲ့သည့် စကားကိုပါ သူ့နားထဲ ကြားယောင်လာမိသည်။

'တကယ်လို့ အကိုကြီး ကျွန်တော်တို့အိမ်ဂေဟာက ထန်တာ့ကိုတွေ့ရင် ထန်မျိုးဆက်မိသားစုစာ ဘာဖြစ်လို့ သိုင်းလောကရဲ့ ပထမတန်း သိုင်းဂိုဏ်းကြီးမဖွဲ့စည်းဘဲ ဩဇာအာဏာဂိုဏ်းက လူရမ်းကားတွေကို သောင်းကျန်းခွင့် ပေးထာလာလဲ....... '

ထန်လိုအကြောင်း တွေးမိသောအခါ ရှောက်ချူးရွှေ ဝမ်းနည်းစိတ်မကောင်း ဖြစ်ရပြန်သည်။

ရုတ်ခြည်းပင် မတ်တပ်ထရပ်ကာ .....

'ငါကိုယ်တော်ကြီး ထန်တာ့နဲ့ သွားတွေ့ပြီး ထန်လိုအကြောင်းတင်ပြရမယ်'

ခန်းကျိစင်းလည်းမတ်တပ်ထရပ်လိုက်သည်။

'အကိုကြီးသွားမနေပါနဲ့တော့'

'ဘာဖြစ်လို့လဲ'

'ကိုယ်တော်ကြီးထန်တာ့ ဒီကိုရောက်လာတာ လက်ချည်းသက်သက်မဟုတ်ဘူး၊ ပစ္စည်းတစ်ခုပါလာတယ်'

'ဘာပစ္စည်းလဲ'

'ထန်လိုရဲ့အလောင်း'

'ဟင် ....'

ရှောက်ချူးရွှေအံ့အားသင့်သွားရပြန်သည်။

သူတို့သုံးယောက် နဂါးကိုးကောင်ပြေးကျောက်ဆောင်တွင် ပို့ထင်းယိအား အနိုင်တိုက်ခိုက်ပြီးနောက် ထန်လို၏ အလောင်းကို ရှာဖွေကြည့်ကြသည်။ ယန်စီကျန်မြစ်၏ ရေစီးထဲတွင် မျောပါသွားသဖြင့် မတွေ့ခဲ့ရ။ အကြိမ်ကြိမ် အထပ်ထပ်ပင် မြစ်အောက်၌ ရှာဖွေကြသော်လည်း အလောင်းကိုမရရှိခဲ့။ ယခုကျတော့ အဘယ့်ကြောင့် ထန်တာ့က ထန်လို၏အလောင်းကို ဆယ်ယူရရှိလာရလေသနည်း။

'ဘာပဲဖြစ်ဖြစ် ငါတို့ကိုယ်တော်ကြီးနဲ့ တွေ့ဆုံပြီး ဒီကိစ္စကို ရှင်းလင်းရလိမ့်မယ်၊ တို့အပေါ် သူစိတ်ကြိုက်စီရင်ချက် အပြစ်ပေးတာကိုခံယူမယ်'

ခန်းကျိစင်းက တားဆီးမြဲတားဆီးသည်။

'မသွားပါနဲ့ ..... ထန်လိုရဲ့အလောင်းမှာ ဓားတစ်ချောင်း စိုက်လျက်ပါလာတာကို ကျွန်တော်တွေ့ခဲ့ရတယ်'

ရှောက်ချူးရွှေမျက်မှောင် ကြုတ်လိုက်မိသည်။

'ပါလာရအောင် ဟိုခွန်းရဲ့ဓားက သူနဲ့အတူမြစ်ထဲကျသွားတာပဲ'

'အဲဒါတော့ ကျွန်တော်မသိဘူး၊ သူ့ရင်ဝမှာစိုက်နေတဲ့ဓားက ဟိုခွန်းရဲ့ဓားမဟုတ်တာတော့ သိတယ်'

'ဟေ ... ဒါဖြင့် ဘယ်သူ့ဓားလဲကွ'

ခန်းကျီစင်းက ရောက်ချူးရွှေကိုဖျတ်ခနဲကြည့်ကာ ...

'ဓားလက်ကိုင်ရိုးပေါ်မှာရောက်ဆိုတဲ့ စာလုံးထွင်းထားတယ်၊ အဲဒီဓားဟာ အကိုကြီးရောက်ချူးရွှေရဲ့ဓားပဲ'

ရောက်ချူးရွှေ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။ သူ့ဓားကျိုးက ပို့ထင်းယိရင်ဝသို့ ဖောက်ထွင်းစိုက်ဝင်သွားခဲ့သည်။ အခုအဘယ်ကြောင့် ထန်လို၏ရင်ဝတွင် ရောက်နေရပြန်သနည်း။

'ငါ ... ငါ ... ငါက ဘယ်လိုလုပ်ပြီး ထန်လိုကိုသတ်ရမှာလဲ'

'ကျွန်တော်ကတော့ ယုံတယ်၊ ဒါပေမယ့် ကိုယ်တော်ကြီးထန်တာ့တို့က ယုံပါ့မလား'

တိန်ယိဟန်က သွက်သွက်လက်လက်ပင် ရှေ့တက်ကာ ...

'ငါ အကိုကြီးအတွက် သက်သေလိုက်ပေးမယ်'

'ငါလည်း မျက်မြင်ကိုယ်တွေ့ပဲ၊ မှန်တဲ့အတိုင်းပြောပြမယ်'

ကျိချူးချောက်လန်ကလည်း ဝင်ပြောသည်။ ခန်းကျီစင်းက သက်ပြင်းချကာ

'ဘာပဲပြောပြောလေ၊ ကိုယ်တော်ကြီးထန်တာ့ရဲ့ စိတ်ထဲမှာ ထန်လိုကို အကိုကြီးရောက်ချူးရွှေ သတ်တယ်လို့ တထစ်ချ ယူဆနေရင် မင်းတို့ကိုလည်း အလိုတူအလိုပါလို့ သတ်မှတ်မှာကျိန်းသေပဲ'

ရောက်ချူးရွှေက မဲ့ပြုံးပြုံးလိုက်သည်။

'ဖြစ်တာ ဖြစ်ပစေကွာ၊ ငါတို့ကိုယ်တော်ကြီးထန်တာ့နဲ့ သွားတွေ့မှုကို ဖြစ်လိမ့်မယ်'

ရောက်ချူးရွှေက ပြောပြောဆိုဆိုပင် အိမ်ဂေဟာအတွင်းသို့ လှမ်းဝင်လိုက်သည်။

ခန်းမဆောင်ကြီးအတွင်းသို့ဝင်ရန် ခြေလှမ်းပြင်လိုက်သည်နှင့် ရောက်စီးလို၏ဒေါသတကြီး ရေရွတ်လိုက်သံကို ရောက်ချူးရွှေ ကြားရသည်။ လှမ်းလက်စခြေလှမ်းပင် တုံ့ခနဲရပ်သွားရသည်။ ဖခင်နှင့်မိခင်က အတန်တန်မှာကြားလိုက်သော ဩဗာဒအာဏာဂိုဏ်းနှင့် ရန်ငြိုးမဖွဲ့ရဆိုသောစကားကို ပယ်ရှားခဲ့မိသဖြင့် ဖခင်၏ဒေါသသံကို ကျောချမ်းနေမိသည်။

ကျိချူးချောက်လန်က ခန်းကျီစင်းကိုကြည့်ကာ ....

'သီးသန့်ခန်းထဲမှာ လူဘယ်နှစ်ယောက်ရှိသလဲ'

'ဘဘရောက်စီးလို၊ ဒေါ်ကြီးစွန်းဖေ့စန်းနဲ့ ကိုယ်တော်ကြီးထန်တာ့၊ ငါ့ဆရာအဖေနဲ့ ဦးလေးကျူးတို့ရှိနေတယ်'

ရောက်စီးလို၊ ထန်တာ့၊ စွန်းဖေ့စန်းနှင့် ခန်းချွတ်ယီတို့ကို ကျိချူးချောက်လန်သိသည်။ ဦးလေးကျူးဆိုသူကိုကား သူ့စိတ်ထဲ ဇဝေဇဝါဖြစ်နေ၏။

'ဦးလေးကျူးဆိုတာ ဘယ်သူလဲ'

'ဦးလေး ကျူးရှာဝူ'

ရောက်ချူးရွှေတို့သုံးယောက် အနည်းငယ်မျက်နှာပျက်သွား ကြသည်။ ကျူးရှာဝူသည် သိုင်းလောကတွင် သံအကျီ၊ သံလက်၊ သံမျက်နှာ၊ သံကွန်ချာဟူသော ဘွဲ့အမည်ရရှိထားသူဖြစ်သည်။ သူနှင့်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ၊ သူ့စိတ်ထဲ၌ မကျေနပ်လျှင် ဝင်ရောက်စွက်ဖက်တတ်သည်။ အမှန်တရားဘက်မှ အမြဲတမ်းရပ်တည်ကာ အပြစ်ကျူးလွန် မှားယွင်းသူအား မညှာမတာပင် သတ်ဖြတ်ပစ်တတ်သည်။ စကားကို များများစားစား မပြော။ လုပ်သင့်သည့်အလုပ်ကိုသာ တိတိကျကျလုပ်သည်။ စကားနည်းသလောက် အမှုအခင်းတွင် ပါဝင်သည့်ကိစ္စကလည်း မရှိသလောက်နည်းသည်။ သိုင်းလောကအတွင်းသို့ ဝင်ရောက်ခဲ့သည့် ဆယ့်ခြောက်နှစ်တာကာလအတွင်း လူဆယ့်တစ်ယောက်သာ သတ်ခဲ့ဖူးသည်။ ထိုလူဆယ့်တစ်ယောက်ကို တော်ရုံတန်ရုံလူ မသတ်ရဲ။ ကျူးရှာဝူကမူ အလွယ်တကူပင် အပြစ်ပေးသတ်ဖြတ်နိုင်ခဲ့သည်။

သူသည် နေပြည်တော်၌ နေထိုင်သူတစ်ယောက်ဖြစ်၏။ ယခု အဘယ့်ကြောင့် ချိန်ဟူးမြို့သို့ ရောက်ရှိလာခဲ့ရသနည်း။ ထန်တာ့က ဖိတ်ခေါ်လာခဲ့၍လား။ သို့ဆိုလျှင် သူက မည်သူ့ကို အပြစ်ပေး သတ်ဖြတ်လေမည်နည်း။ ရောက်ချူးရွှေ ထိုအတွေး တွေးမိကာ တိန်ယိဟန်နှင့် ကျိချူးချောက်လန်တို့နှစ်ယောက်ကို ကြည့်လိုက်သည်။ ထိုနှစ်ယောက် မျက်နှာပျက်နေကြသည်ကို

တွေ့ရ၏။ သူတို့နှစ်ယောက်ကို ကြည့်နေမိစဉ်မှာပင် ရောက်ချူးရွှေ၏ မျက်ဝန်းရိပ်ထဲတွင် ထူးဆန်းမှုတစ်စုံတစ်ခုကို တွေ့လိုက်ရပြန်သည်။

ခန်းမဆောင်ကြီး၏အပြင်ဘက် ခြံဝင်းထဲတွင် ခွေးတစ်ကောင် လဲကျသေဆုံးနေသည်။ အဘယ့်ကြောင့် ခွေးတစ်ကောင် အကြောင်းမဲ့ သေဆုံးနေရပြန်သနည်း။ ရောက်ချူးရွှေစိတ်ထဲ သံသယဝင်မိသော်လည်း ပြန်လှည့်မကြည့်တော့။ သီးသန့်ခန်းမဆောင်ထဲသို့သာ ဦးဆောင်ဝင်လိုက်သည်။ ခန်းမဆောင်ထို့ရောက်သည်နှင့် သူတို့လေးယောက်မှာ ဖခင်ဖြစ်သူ ရောက်စီးလိုရှေ့တွင် ဒူးတုပ်ထိုင်ကာ ဂါရဝပြုလိုက်ကြသည်။

ခေါင်းမော့ကြည့်လိုက်လျှင် ရောက်စီးလို၏ မျက်နှာမှာ ဒေါသကြောင့် အရောင်ပြောင်းလဲနေပြီး ငွေရောင် မုတ်ဆိတ်မွေးများပင် လေမတိုက်ပဲ လှုပ်ယမ်းနေသည်ကို တွေ့လိုက်ရ၏။ ရောက်ချူးရွှေစိတ်ထဲ တုန်လှုပ်သွားပြီး ခေါင်းကို အလျင်အမြန်ပင် ပြန်ငုံ့လိုက်ရသည်။

'ဝုန်း…'

ရောက်စီးလို၏ ညာလက်ဝါးက ကုလားထိုင် လက်တန်းကို ရိုက်ချလိုက်ရာ ကျိုးထွက်သွားသည်။

'မင်း ဒီတခေါက် ခရီးထွက်တာ ဘာတွေလုပ်ခဲ့သလဲ'

ရောက်စီးလို၏ လေသံက အေးစက်တင်းမာနေသည်။ ရောက်ချူးရွှေ မော့ကြည့်လိုက်လျှင် နီညိုရင့်ရောင် ဝတ်စုံ ဝတ်ဆင်ထားသည့် လူတယောက်က ထန်လို၏ ရုပ်အလောင်းကို ပေါင်ပေါ်တွင် ပွေ့ချီထားသည်ကို တွေ့လိုက်လျှင် ရောက်ချူးရွှေက ထိုသူကို ကြည့်လျက်မှ ဖခင်ဖြစ်သူအား ယတိပြတ်လေသံဖြင့်…

'ထန်လိုကို ကျနော် သတ်တာ မဟုတ်ဘူး'

ရောက်စီးလို၏ ဒေါသက ထိန်းမရတော့။

'မင်းသတ်တာ မဟုတ်ရင် မင်းရဲ့ဓားကော…'

'ကျနော့်ဓား ကျယ်ကွေးမှာ ပျောက်သွားတယ်'

'ပျောက်သွားတယ် ဟုတ်လား၊ ဒါဖြင့် ဘာကြောင့် ထန်လိုရဲ့ ကိုယ်ပေါ်မှာ မင်းဓားရောက်နေရတာလဲ'

'အဲဒါ ကျနော် မသိဘူး၊ သူ့ကို ကျနော် မသတ်တာတော့ အမှန်ဘဲ'

ကျိုကျူးချောက်လန်က ပြဿနာ မပွားလိုသဖြင့် ကြားဝင်ကာ…

'ဘဘ ကျနော် အခုလို ကြားဝင်ပြောရတာကို ခွင့်လွှတ်ပါ၊ အကိုကြီး ရောက်ချူးရွှေက ဘယ်လိုလုပ်ပြီး ထန်လိုကို သတ်ရမှာလဲ၊ သူ သတ်တာက….'

'တော်စမ်းကွာ၊ ဒီမှာ သက်သေခံက ရှိနေတယ်၊ မင်းတို့ ဘာမှ ဆင်ခြေတက်မနေနဲ့'

'မဟုတ်ဘူးဖေဖေ၊ ထန်လိုကို ကျနော် တကယ် မသတ်တာပါ'

'မင်းသတ်တာ မဟုတ်ရင် ဘယ်သူသတ်တာလဲ'

ထိုအမေးစကားမေးသူက ရောက်စီးလိုမဟုတ်။ ရောက်ချူးရွှေသည် ထိုအမေးစကားမေးသူကို ဖျတ်ခနဲ လှမ်းကြည့် လိုက်သည်။ ထိုသူ၏ ကိုယ်ပေါ်တွင် မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ သူ့မျက်လုံးအစုံက နေရောင်ခြည်ကဲ့သို့ စူးရှတောက်လက်လွန်းသဖြင့် မျက်လုံးအကြည့်ချင်း မဆိုင်ရဲ၊ ရောက်ချူးရွှေ အမြန်ပင် မျက်လုံးလွှဲလိုက်ရသည်။ ခန်းကျီစင်းက ရောက်ချူးရွှေ၏ အင်္ကျီစကို ဆွဲကာ တီးတိုးလေသံဖြင့်…

'အဲဒါ ကျနော့် ဆရာဖေဖေပဲ'

မျက်လုံးစူးရှ တောက်ပြောင်လွန်းသူမှာ နေရောင်ခြည်ဓားသမားကြီး ခန်းချွတ်ယီ ဖြစ်ပေသည်။ ခန်းချွတ်ယီသည် အရှေ့ပင်လယ် လောက်ဆန်းတောင်တွင် နေထိုင်သည်။ နေခြည်မျှော်စင်တခုကို ဆောက်လုပ်ကာ ဆယ်နှစ်ဆယ်မိုးတိုင်တိုင်

နေရောင်ခြည်ကို အမြဲတမ်း ကြည့်ရှုကာ သိုင်းပညာ လေ့ကျင့်ခဲ့သည်။ သူ၏ နေရောင်ခြည်ဓားသိုင်းပညာမှာ သိုင်းလောကတွင် အထူးပင် ကျော်ကြားလှသည်။ သူနှင့် ရှောက်စီးလိုမှာ အလွန် ခင်မင်ရင်းနှီးကြသူများ ဖြစ်သည်။ ရှောက်ချူးရွှေသည် ခန်းချွတ်ယီအား ရင်ဆိုင်မကြည့်ဝံ့သော်လည်း နှုတ်မှမူ တည်ငြိမ်စွာပင် ဖြေရှင်းပြသည်။

'ဘဘခန်းကို ကျနော် ရှင်းပြပါရစေ၊ ထန်လိုကို သတ်တာ ကျနော် မဟုတ်ပါဘူး၊ အရိပ်မဲ့လူပါ'

'အရိပ်မဲ့...အရိပ်မဲ့....ဟုတ်လား'

ခန်းချွတ်ယီက မယုံကြည်သလို ရေရွတ်ကာ ရယ်မောလိုက်သည်။ ရှောက်စီးလိုက ဒေါသသံဖြင့်...

'ဟိတ်ကောင်...တိတ်စမ်း...မင်းလူကြီးကို ဒီလို နောက်ပြောင်ရသလား'

ရှောက်ချူးရွှေ ပြန်မပြောနိုင်ခင်မှာပင် စကားသံတသံက ရုတ်တရက် ထွက်လာသည်။

'ထန်လိုကို သတ်တာ သူမဟုတ်ဘူး'

စကားသံ ထွက်ရာဆီသို့ သီးသန့်ခန်းမဆောင်ထဲရှိ လူအားလုံး လှည့်ကြည့်လိုက်ကြသည်။ ထန်တာ့ ဖြစ်နေလေသတည်း။ ထန်တာ့သည် သိုင်းလောကတွင် ကိုယ်တော်ကြီးဟု ထင်ရှားကျော်ကြားနေသော်လည်း အသက်အားဖြင့် သုံးဆယ်ကျော်မျှသာ ရှိပေသေးသည်။ သူ့မျက်နှာအမူအရာက တည်ကြည် ရဲရင့်သည့်အသွင် ရှိသည်။ ထိုစကားကို ပြောလိုက်စဉ်မှာ သူ့မျက်နှာတွင် အပြုံးရိပ် အနည်းငယ် ယှက်သန်းနေ၏။

ရှောက်စီးလို ကြောင်အမ်းအမ်းဖြစ်သွားကာ...

'ကိုယ်တော်ကြီး ထန်တာ့ ဘယ်လိုပြောလိုက်တာလဲ'

'ထန်လိုကို သတ်တာ ညီလေးချူးရွှေ မဟုတ်ဘူးလို့ ပြောလိုက်တာပါ'

'ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ'

'ညီလေးချူးရွှေဟာ ထန်လိုကို သတ်တယ်လို့ ယူဆမယ်ဆိုရင် ယူဆနိုင်ပါတယ်၊ ဒါပေမယ့် ထန်မျိုးဆက်မိသားစုတခုလုံးကိုတော့ သတ်လိုစိတ်ရှိမှာ မဟုတ်ပါဘူး'

ထန်တာ့၏ မျက်နှာထားက တည်ကြည်လေးနက်လာသည်။ မဟုတ်မခံ မာနရိပ် အငွေ့အသက်များက သူ့နှုတ်ခမ်းတွင် ထင်းထင်းကြီး ပေါ်လွင်နေ၏။ လူအားလုံးမှာ စကားမပြောနိုင်အောင်ပင် သူ့စကားကို နားစွင့်နေကြသည်။

'ညီလေးချူးရွှေဟာ ထန်လိုကို သတ်ခဲ့တယ် ထားဦး၊ သူ့ဓားလက်ကိုင်ရိုးကိုတော့ ထန်လိုရဲ့ ကိုယ်ပေါ်မှာ ချန်ထားခဲ့မှာ မဟုတ်ဘူး၊ ဒါဆိုရင် သူ့အနေနဲ့ ထန်မျိုးဆက် ရဲတိုက်တခုလုံးက လူတွေကို တယောက်မကျန် သတ်ပစ်ရလိမ့်မယ်၊ မျိုးဆက်ဟာ ရန်ငြိုးကို အသက်တချောင်းတည်း ရှိနေပစေ တုံ့ပြန် ကလဲ့စားချေမှာပဲ၊ ညီလေးချူးရွှေနဲ့ ထန်လိုတို့ ရန်ငြိုးရှိတယ်ထားဦး၊ ထန်မျိုးဆက်ရဲတိုက်နဲ့ သူက ရန်ငြိုး မရှိကြဘူး'

မှန်ပေသည်။

ထန်မျိုးဆက် မိသားစုသည် ကျေးဇူးကို ကျေးဇူးနှင့် တုံ့ပြန်တတ်သလို ရန်ကြွေးကိုလည်း အပြီးအပြတ် ကလဲ့စားချေစေရမည်ကို ဝန်မလေးကြ။ ဤအချက်ကို သိုင်းလောကသားတိုင်း သိရှိထားကြသည်။ သို့အတွက် ထန်လို၏ရင်ဝတွင် ရှောက်ချူးရွှေအနေနှင့် သူ့ဓားလက်ကိုင်ရိုး ချန်ထားခဲ့မည် မဟုတ်ကြောင်း လူတိုင်းနားလည် သဘောပေါက်သွားသည်။

ထန်တာ့က ပြုံးရယ်ကာ ဆက်လက်၍...

'ညီလေးချူးရွှေရဲ့ နာမည်ကို ထန်လိုပြောပြလို့ ကျနော်ကြားဖူးခဲ့တယ်၊ သူ့ကို ထန်လိုက အမြဲတမ်း လေးစားပြီး ချီးကျူးတာလဲ ကျနော်သိထားတယ်၊ ဒီတော့ ထန်လိုကို ညီလေးချူးရွှေ သတ်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ကျနော် ယုံကြည်တယ်'

ထန်တာ့မှာ ပြောရင်းမှ ထန်လိုဂ်၏ အလောင်းကို ငုံ့ကြည့်ကာ အံကြိတ်လိုက်မိသည်။

ခန်းချုတ်ယီသည် တခဏမျှ တွေးတောစဉ်းစားပြီးနောက်…

'ကိုယ်တော်ကြီး ထန်တာ့ ပြောတာ ဟုတ်ပါတယ်'

ရှောက်ကတော် စွန်းဖေ့စန်း၏မျက်နှာ သည်တော့မှ ကြည်လင်၍ လန်းဆန်းလာသည်။ ရှောက်ချူးရွှေ အနီးသို့ လျှောက်လှမ်းသွားကာ အသာပင် မထူပေးလိုက်သည်။ ရှောက်ချူးရွှေ အခန်းထဲရှိ လူအားလုံးကို အကဲခတ်ကြည့်မိသည်။ ခန်ချုတ်ယီ၊ ထန်တာ့တို့ထက် အရှေ့ဘက်ကျကျ ထိုင်ခုံတွင် စကားတခွန်းမျှ မပြောဘဲ ငြိမ်သက်စွာ ထိုင်နေသည့်လူတယောက်ကို ပို၍ သတိထားမိသည်။ ထိုသူ၏ အသက်က လေးဆယ်ကျော် ငါးဆယ်ဝန်းကျင်ခန့်ရှိပြီး ကိုယ်ပေါ်တွင် သံကိုယ်ကျပ်အင်္ကျီသိုင်းဝတ်စုံကို ဝတ်ဆင်ထားသည်။ ထိုသူကား သံအင်္ကျီ၊ သံလက်၊ သံမျက်နှာ၊ သံကွန်ချာ ကျူးရှာဂူ ဖြစ်ပေသတည်း။

ထန်တာ့က ရှောက်ချူးရွှေကို စိုက်ကြည့်ကာ…

'ထန်လိုဂ်ကို ဘယ်သူသတ်တာလဲ ညီလေးချူးရွှေ'

'အရိုပ်မဲ့က သတ်သွားတာပါ'

ထန်တာ့ မျက်မှောင်ကြုတ်လိုက်မိသည်။

'အရိပ်မဲ့….ဘယ်လိုအရိပ်မဲ့လဲ'

'အရိပ်မဲ့ဆိုတာ ပိုးထင်းယိရဲ့လက်အောက် အဆင့်မြင့် သိုင်းသမားလေးယောက်ထဲက တယောက်ပေါ့၊ ပိုးထင်းယိဆိုတာလဲ မိုးမြေနတ်ဆိုး ၁၉ ပါးထဲက သံမဏိလက်ကောက်နတ်ဆိုး ဖြစ်တယ်'

သီးသန့်ခန်းမဆောင် တခုလုံး တဒင်္ဂမျှ တိတ်ဆိတ်သွားသည်။

အတန်ကြာမှ ရှောက်စီးလိုက တအံ့တသြလေသံဖြင့်…

'မိုးကိုးခု မြေဆယ်ခု နတ်ဆိုး ဆယ်ကိုးပါးလား'

'ဟုတ်ပါတယ်၊ သြဇာအာဏာဂိုဏ်း လက်အောက်ခံ မိုးကိုးခု မြေဆယ်ခု နတ်ဆိုး ၁၉ ပါးထဲက သံမဏိလက်ကောက် နတ်ဆိုး ပိုးထင်းယိပါ၊ ပိုးထင်းယိရဲ့ တပည့် အရိပ်မဲ့က ထန်လိုဂ်ကို သတ်လိုက်တယ်၊ အရိပ်မဲ့နဲ့ ပိုးထင်းယိကိုတော့ ကျနော်တို့က သတ်ပစ်လိုက်ကြတယ်'

တိတ်ဆိတ်မှုက ပို၍ပင် လွှမ်းခြုံလာပြန်သည်။ လူတိုင်း၏ အသက်ရှူသံကိုပင် ကြားရမလောက် ဖြစ်သွားသည်။ တိတ်ဆိတ်မှုနှင့်အတူ အန္တရယ်၏ အငွေ့အသက်များကိုလည်း လူအသီးသီး ရှူရှိုက်လိုက်ကြသည်။ စကားပြောခြင်းထက် အတွေး လွင့်မြောခြင်းဖြင့်သာ နစ်မွန်းနေကြတော့သည်။

ရှောက်စီးလိုသည် ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်သည်။ သူ့မျက်နှာတွင် အပြုံးရိပ်က လွှမ်းနေသည်။ ထိုအပြုံးမှာ တမင်ဖန်တီးယူထားသော အပြုံးဖြစ်ကြောင်း လူတိုင်း နားလည်ကြသည်။

'နောင်ကြီးတို့ ခရီးဝေးကနေ တကူးတက လာခဲ့ရတဲ့ ကိစ္စတခုတော့ ရှင်းလင်းသွားပါပြီ၊ ထန်လိုဂ်ကို သတ်တဲ့လူက အရိပ်မဲ့၊ အရိပ်မဲ့ကို တာဝန်ပေးတဲ့သူက ပိုးထင်းယိ၊ ပိုးထင်းယိကို ကျုပ်သား ရှောက်ချူးရွှေတို့က သတ်ပစ်ခဲ့ပြီးပြီ၊ ဒီကိစ္စဟာ ခင်ဗျားတို့နဲ့ ဘယ်လိုမှ မပတ်သက်တော့ဘူး၊ ဒါကြောင့် ခင်ဗျားတို့ရဲ့ ဌာနေကို ပြန်သွားနိုင်ကြပါပြီ၊ ကံကောင်းထောက်မပြီး ကျုပ်အသက်ရှင် တည်ရှိနေသေးရင် ခင်ဗျားတို့အိမ်ကို အရောက်လာပြီး ဂါဝရပြု ကျေးဇူးစကား ပြောပါဦးမယ်'

ရှောက်စီးလို၏ စကားက ဧည့်နှင်စကား ဖြစ်နေသည်။ သို့တိုင် မည်သူတဦးတယောက်မျှ ထိုင်နေရာက မထကြ။ ထန်တာ့က ပေါ့ပါးသော အပြုံးကို ပြုံးကာ မတ်တတ်ရပ်လိုက်သည်။ ထို့နောက် သီးသန့်တခါးပေါက်သို့ လျှောက်သွားကာ တံခါးချပ်ကို ဆွဲပိတ်လိုက်ပြီး နေရာတွင် ပြန်ထိုင်သည်။

ခန်ချွတ်ယီကလည်း ရှောက်စီးလိုကို စိုက်ကြည့်ကာ…

'နောင်ကြီး ရှောက်စီးလိုက ကျုပ်တို့ကို ဘယ်လိုလူစားတွေ ထင်နေလို့လဲ၊ ဒီကိစ္စကို ကျုပ်တို့ သိရပြီဆိုတော့ ကျုပ်တို့နဲ့ သက်ဆိုင်နေပြီလို့ သတ်မှတ်ရလိမ့်မယ်၊ ဒီအထဲမှာ ရှိနေတဲ့လူအားလုံး မပတ်သက်ဘဲ ဘယ်သူမှ ရှောင်ထွက် မသွားနိုင်ပါဘူး'

ရှောက်စီးလို ငိုင်တွေနေသည်။ ထန်တာ့က ပြတ်သားသော လေသံဖြင့်…

'ဂိုဏ်းချုပ်ကြီးရှောက်၊ ခင်ဗျားနဲ့ ကျနော်တို့ဟာ မိတ်ဆွေရင်းချာတွေပဲ၊ ခင်ဗျားကို ဒီအတိုင်း မျက်နှာ မလွှဲခဲ့နိုင်ဘူး၊ ခင်ဗျား ကျနော်တို့ကို နောက်ထပ် မောင်းထုတ်ရင် ကျနောင်တို့ ဒီအိမ်ဂေဟာက ထွက်သွားမယ်၊ ကျနော် တယောက်တည်း ဩဇာအာဏာဂိုဏ်းနဲ့ ယှဉ်ပြိုင်တိုက်ခိုက်မယ်'

ရှောက်ချူးရွှေမှာ ထန်တာ့၏ မိတ်ဆွေပီသသော စကားကြောင့် သွေးဆူလာသည်။

နှုတ်မထိန်းနိုင်တော့ဘဲ ကျယ်လောင်သောလေသံဖြင့်…

'ဟုတ်တယ်၊ မိတ်ဆွေတွေပဲ'

ထန်တာ့ ရယ်မောလိုက်ကာ ရှောက်ချူးရွှေ၏ ပုခုံးကို အားပါးတရ ဖက်တွယ်လိုက်သည်။

'ဂိုဏ်းချုပ်ကြီးရှောက်၊ ခင်ဗျား ကျနော့်ကို မောင်းထုတ်ရင်လဲ ကျနော် ဒီဂေဟာက ထွက်မသွားတော့ဘူး၊ ခင်ဗျားသားနဲ့ ကျနော် သူငယ်ချင်းတွေ ဖြစ်သွားကြပြီ၊ သူငယ်ချင်း မိတ်ဆွေအတွက် ချိုင်းနှစ်ဘက်ကို ဓားနှင့် ထိုးစိုက်ပါစေ၊ ကျနော်မတုန်လှုပ်ဘူး'

ရှောက်စီးလို သက်ပြင်းတချက်သာ ချလိုက်မိတော့သည်။ ထန်တာ့အပြင် ခန်းချွတ်ယီနှင့် ကျူးရှာဂူတို့ နှစ်ယောက်သည်လည်း ထိုင်ခုံပေါ်တွင် သံနှင့် ရိုက်ကပ်ထားသကဲ့သို့ မထတမ်း ထိုင်နေကြသောကြောင့်ပင်တည်း။

ထန်တာ့က ရှောက်ချူးရွှေ၏ ပခုံးကို ပုတ်ကာ…

'ညီလေးချူးရွှေ၊ မင်းတို့ ဘယ်လိုကြောင့် ဩဇာအာဏာဂိုဏ်းနဲ့ ရန်ငြိုးဖွဲ့လာမိခဲ့တာလဲ၊ တို့ကို ပြောပြစမ်းပါဦး'

ရှောက်ချူးရွှေ အကြောင်းစုံကို အသေအချာ ရှင်းပြလိုက်သည်။ သူ့စကားဆုံးသောအခါ ညနေဆည်းဆာအချိန်သို့ ရောက်ရှိနေချေပြီ။ ရှောက်ချူးရွှေ၏ စကားအဆုံးတွင် ထန်တာ့က သက်ပြင်းရှည်ကြီး ချလိုက်ကာ…

'ဩဇာအာဏာဂိုဏ်းရဲ့ ထုံးစံအတိုင်းဆိုရင် သူတို့ကို ပြဿနာရှာ ဆန့်ကျင်လာကြရင် ခွေးတကောင် ကြောင်တမြီးတောင်မှ အလွတ်မပေးဘူး၊ သူတို့ရဲ့ လက်တုံ့ပြန်မှုကလဲ မြန်ဆန်တယ်'

ရှောက်စီးလိုက ဒေါသသံဖြင့်…

'ဟွန်း…ဒီကောင်မသေတာ ကံကောင်းလွန်းလို့ပေါ့၊ နို့မို့ဆိုရင်လား…'

'ဒီအချိန်မှာ အပြစ်တင်ဖို့ မသင့်ပါဘူး နောင်ကြီးရှောက်၊ ဩဇာအာဏာဂိုဏ်းနဲ့ ရန်သူတွေ ဖြစ်လာကြပြီဆိုတော့ ကျုပ်တို့ ဘယ်လို ခုခံကာကွယ်ရမယ်ဆိုတာပဲ တိုင်ပင်ဆွေးနွေးသင့်ပါတယ်'

'ကျုပ်စာပို့ခိုကော ခြေမြန်ဆက်သားပါ လွှတ်ပြီး ကွေးလင်နယ်က ညီလေးမုံကို အရေးပေါ် အကြောင်းကြား ခိုင်းလိုက်မယ်'

'ကျုပ်လဲ အပေါင်းအသင်း သူငယ်ချင်းတချို့ကို သွားဖိတ်ခေါ်လာခဲ့မယ်၊ စင့်ဟူချူးက လူတကာကို သိပ်ပြီး ကူညီချင်ပါတယ်'

စင့်ဟူချူးသည် မျက်မှောက်ခေတ်နာမည်ကြီး ဓားသိုင်းပညာရှင် ခုနစ်ဦးထဲမှ တယောက်ဖြစ်ပြီး ခန်းချွတ်ယီနှင့် အဆင့်တူဖြစ်သည်။

ခန်ချွတ်ယီက စင့်ဟူချူးကို အကူအညီတောင်းမည်ဟု ပြောလာလျှင် ထန်တာ့က ရုတ်တရက် ကြားဖြတ်ကာ…

'နေဦး၊ စင့်ဟူချူး သူငယ်ချင်းဟာ ခုံယန်ချင်ဖြစ်တယ် ဆိုတာကိုတော့ မမေ့နဲ့ဦး'

လူအားလုံးမှာ တဒင်္ဂမျှ ငေးငိုင်ကာ သွားကြသည်။

ထန်တာ့က ဆက်လက်၍ အေးတိအေးစက်လေသံဖြင့်...

'မိုးကိုးခု မြေဆယ်ခု နတ်ဆိုး ၁၉ ပါးထဲမှာ သုံးမျိုးထူးချွန် ဓားနတ်ဆိုးတယောက်ရှိတယ်၊ ကျနော် အမှတ်မမှားဘူး ဆိုရင်တော့ အဲဒီလူဟာ ခုံယန်ချင်ပဲ ဖြစ်လိမ့်မယ်၊ ဒီအကြောင်းကို ကျနော် ထန်ဖိန်ဆီက ကြားခဲ့ရတာပဲ'

ခုံယန်ချင်သည်လည်း မျက်မှောက်ခေတ် ဓားသိုင်းပညာရှင် ခုနစ်ယောက်ထဲတွင် ပါဝင်သူဖြစ်သည်။ သူ့အဆင့်အတန်းက ခန်းချွတ်ယီထက် တဆင့်မြင့်ပြီး နာမည်သတင်းလည်း ပိုကြီးသည်။ ထန်ဖိန်မှာ ထန်မျိုးဆက်မိသားစုထဲတွင် အပေါင်းအသင်းဆုံ့လွန်းသူဖြစ်ပြီး သူ့သတင်းက တိကျမှန်ကန်တတ်ပေသည်။ ခန်းချွတ်ယီမှာ ထန်တာ့စကားကြောင့် အနည်းငယ် မျက်နှာညိုသွား၏။ စကားတခွန်းမျှ မပြောဘဲ ငိုင်ကြည့်နေ၏။ ထန်တာ့ကသာ စကားဆက်ပြောသည်။

'ထန်ကန်းဟာ ရှမ်းယန်မြို့မှာ ရှိနေတယ်၊ နို့မဟုတ်ရင် ကျနော် သူ့ကိုပါ ခေါ်လာနိုင်တယ်၊ ထန်ဖန်းကတော့ နေရာ အတည်တကျ မရှိဘူး၊ မကြာခင် ရက်အတွင်း ကျင်ကျန်းကို ခရီးဆက်ချင် ဆက်လိမ့်မယ် ဆိုတာကိုတော့ သိထားတယ်'

ထန်ကန်းသည် ထန်မျိုးဆက်မိသားစုထဲတွင် သိုင်းပညာ အထက်မြက်ဆုံး အပြင်းထန် အမာကျောဆုံး ပုဂ္ဂိုလ်ဖြစ်ပေသည်။ ထန်ဖန်းမှာမူ နေရာအတည်တကျ နေထိုင်ခြင်းမရှိဘဲ ခရီးလှည့်လည်နေတတ်သူဖြစ်၏။ ယခုအချိန်အထိ သိုင်းလောကသားများမှာ ထန်ဖန်း၏ သိုင်းပညာ၊ သုံးနေကျ လက်နက်ပုန်းနှင့် တိုက်ကွက်တို့ကို မသိရှိ မခန့်မှန်းနိုင်ကြချေ။ ထန်တာ့၏ စကားအဆုံးတွင် ခန်ချွတ်ယီ မျက်မှောင်ကြုတ် သွားမိသည်။

ရုတ်တရက် ထိတ်လန့်သော အမူအရာဖြင့်...

'ဖိတ်ခေါ်မယ့်သူရောက်မလာခင် နတ်ဆိုးက ရောက်လာခဲ့ပြီ'

'ဟုတ်တယ်၊ နေတောင်မဝင်သေးဘူး၊ ငှက်တွေ အကုန်သေကုန်ပြီ'

ရှောက်စီးလိုကလည်း ထောင်ခံသည့် အနေဖြင့်...

'ငှက်သံတွေ တိတ်ဆိတ်သွားတာ ဒါကြောင့်ကိုး'

ရှောက်ချူးရွှေသည် ယခုမှပင် ငှက်သံတသံမျှ မကြားရသည်ကို သတိပြုမိတော့သည်။ နေမဝင်ခင် အိပ်တန်းပြန်ငှက်များ ဤမျှအထိ မတိတ်ဆိတ်နိုင်ချေ။ ရှောက်စီးလို၊ ခန်းချွတ်ယီနှင့် ထန်တာ့တို့ ရုတ်ခြည်းပင် မတ်တတ်ရပ်ကာ သီးသန့်ခန်းမဆောင်၏ ပြတင်းတံခါးသုံးပေါက်ကို ဖွင့်လိုက်သည်။ ခြံဝင်းထဲတွင် အသက်ရှင်လျက် ငှက်တကောင်မျှ မရှိတော့။ အားလုံးသည် ဦးခေါင်းပြတ်လျက် အသက်သေဆုံးနေကြသည်။ လေထဲ၌ ပျံသန်းနေစဉ် တစုံတယောက်က ဓားဖြင့် ခုတ်ဖြတ်သတ်ပစ်လိုက်ခြင်း ဖြစ်ပေသည်။ ထန်တာ့ နှုတ်ဆိတ်နေသည်။ ရှောက်စီးလို အံ့အားသင့် ငေးငူနေသည်။ ခန်းချွတ်ယီ၏ နှုတ်ဖျားမှသာ စကားသံထွက်လာသည်။

'ခုံယန်ချင်'

သုံးမျိုးထူးချွန် ဓားနတ်ဆိုး ခုံယန်ချင်၏ ဓားသိုင်းပညာသည် အံ့မခန်း ဆန်းကြယ်လှသည်။ သူ့ဓားလမ်းကြောင်းတလျှောက်တွင် ရှိနေသည့် သက်ရှိသတ္တဝါဟူသရွေ့ အသက်နှင့် ခန္ဓာကိုယ် တည်မြဲနေသည်ဟု မရှိ။ ပြေးနေသော မြင်းတကောင်ကို ဓားချက်တချက်တည်းဖြင့် နှစ်ပိုင်းခုတ်ဖြတ်ပစ်နိုင်သလို လေထဲတွင် ဝဲနေသော ဆံပင်တပင်ကိုပင် နှစ်ပိုင်းပြတ်အောင် ခုတ်ထစ်နိုင်သည်။

ခန်းချွတ်ယီ တအံ့တသြ ရေရွတ်လိုက်စဉ်မှာပင် ခန်းမဆောင်၏ လခြမ်းတံခါးပွင့်သွားကာ အခိုင်းအစေနှစ်ယောက် ပျာယီးပျာယာ ဝင်လာကြသည်။

ရှောက်စီးလိုကို ဦးညွှတ်အရိုအသေ ပေးလိုက်ကြပြီး...

'သခင်ကြီး၊ အခြေအနေ မဟန်တော့ဘူး'

ရှောက်ကတော် စွန့်ဖေ့စန်း သူတို့အနီးသို့ လျှောက်လှမ်းလာသည်။ ညနေခင်း၏ နေရောင်ခြည်က သူမ၏ မျက်ဝန်းပေါ်သို့ ထိုးစိုက်ကျလာရာ ကြည်လင်တောက်လက်နေသည်။

'ဘာကိစ္စကြောင့် ဒီလောက်တောင် ထိတ်ထိတ်ပျာပျာ ဖြစ်နေရတာလဲ'

ဘယ်ဘက်မှ အခိုင်းအစေတယောက်က...

'ကျ...ကျနော် နေဝင်ချိန်မှာ ဘဲတွေ သွားမောင်းပါတယ်၊ ဘဲငန်းအားလုံး တကောင်မှ အသက်ရှင်လျက် ရှိမနေတော့ဘူး'

နောက်တယောက်ကလည်း...

'ကျနော်လဲ စားကျက်ထဲမှာ လွှတ်ထားတဲ့ နွားတွေ သိမ်းဖို့သွားတဲ့အခါမှာ နွားအားလုံး မြက်ခင်းပေါ်မှာ လဲကျသေဆုံးနေတာကို တွေ့ခဲ့ရပါတယ်၊ ဒဏ်ရာဆိုလို့ တချက်မှ မရှိပါဘူး၊ ဒီနွားတွေဟာ ဘာရောဂါမှမရှိဘဲ ကျန်းမာသန်စွမ်းတဲ့ နွားတွေပါ'

ထိုသူ၏ စကားမဆုံးခင်မှာပင် ဘေးတံခါးတချပ် ရုတ်တရက် ပွင့်ကာ သိုင်းဝတ်စုံ ဝတ်ဆင်ထားသည့် လူတယောက် အူယားဖားယား ပြေးဝင်လာပြန်သည်။ ထိုသူသည် ရှောက်စီးလိုရှေ့တွင် ဒူးတုပ် အရိုအသေပေးလိုက်ပြီး...

'ဆရာ...ဆရာကတော်...ကျ..ကျနော် ကင်းစောင့်ဖို့ ထွက်သွားတော့ ခြံထဲက အစောင့် ခွေးတွေအားလုံး သေနေတာကို တွေ့ရပါတယ်၊ တကိုယ်လုံးမှာလဲ ဒဏ်ရာဒဏ်ချက် တစက်မှ မရှိပါဘူး'

ရှောက်စီးလို မျက်ခုံး နှစ်ဘက် ကြုံ့လိုက်ကာ...

'ဒဏ်ရာတချက်မှ မရှိဘူး၊ ဟုတ်လား'

'ဟုတ်ပါတယ်'

ရှောက်စီးလို လက်တဘက်ကို ပင့်မြှောက်လိုက်သည်။ အင်္ကျီလက်အိုးထဲမှ မြားတစင်း မိုးပေါ်သို့ ထောင်တက်သွားပြီး ပြင်းထန်ကျယ်လောင်သည့် အသံတသံ မြည်ဟည်းသွားသည်။

နေရောင်ခြည်က အတော်ပင် အင်အားနည်းပါးသွားပြီမို့ အခန်းထဲတွင် မှောင်စပြုလာသည်။ ရှောက်ချူးရွှေက အစေအပါးများအား အခန်းတွင်း၌ မီးထွန်းညှိရန် ခိုင်းစေလိုက်မှ လင်းလင်းချင်းချင်း ဖြစ်လာသည်။ ရှောက်စီးလိုသည် ကုလားထိုင်တလုံးယူကာ ကျူးရှာဝူ အနီး၌ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။ ကျူးရှာဝူကား ယခုအချိန်ထိ စကားတခွန်းမျှ မပြောဘဲ မလှုပ်မရှား ငြိမ်သက်စွာ ထိုင်မြဲထိုင်နေသည်။ ထိုအချိန်တွင် ခန်းချွတ်ယီလည်း အခန်းတွင်းသို့ ခုန်ဝင်လာသည်။ သူ့လက်ထဲတွင် ခွေးသေတကောင် ပါလာသည်။

'ဒီမှာ ကြည့်စမ်းပါဦး၊ ဒီခွေးရဲ့ ကိုယ်ပေါ်မှာ ဒဏ်ရာဒဏ်ချက် တချက်မှ မရှိဘူး'

ခန်းချွတ်ယီက ပြောပြောဆိုဆိုပင် ခွေးကို မြေပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ခွေးသေ၏ ပါးစပ်မှ သွေးမည်းများ ယိုစီးကျလာ၏။

'ဒီခွေးဟာ အဆိပ်သင့်ပြီး သေသွားခဲ့တာပဲ'

ခန်ချွတ်ယီ၏ စကားကို ထန်တာ့ဝင်၍ မှတ်ချက်ချသည်။

'အဆိပ်က အစာထဲမှာ ထည့်ထားတာ မဟုတ်ဘူး၊ အသက်ရှူနေတုန်း မိတဲ့အဆိပ်၊ လေထဲမှာ ကျဲဖြန့်ထားတဲ့ အဆိပ်ပဲ'

တုကျုံးနယ် ထန်မျိုးဆက် မိသားစုမှာ လက်နက်ပုန်းပညာတွင် ထက်မြက်သလို အဆိပ်ပညာနှင့် ပတ်သက် လျှင်လည်း တဖက်ကမ်းခတ်သည်။ သိုင်းလောကတွင် လက်နက်ပုန်းပညာနှင့် အဆိပ်ပညာတို့ ဒွန်တွဲနေကြသည်

မဟုတ်ပါလား။

ရောက်စီးလို စကားပြန်မပြောနိုင်။ ရန်သူ၏ ရည်ရွယ်ချက်ကိုမူ သိရှိလိုက်ရပေပြီ။ မိမိ၏ ဆိတ်၊နွား၊ဘဲ၊ခွေး တို့ကို လေထဲတွင် အဆိပ်ဓာတ်လွှတ်၍ သတ်ဖြတ်ပြီး မိမိတို့အား စိတ်ချောက်ချားစေရန် ပြုလုပ်နေကြောင်း ရောက်စီးလို သိလိုက်သည်။ထန်တာ့ကလည်း ထိုအချက်ကို သိကာ…

'ခက်တာက ကျနော်တို့က တိရစ္ဆာန်မဟုတ်ကြဘူး'

'ဟုတ်တယ်၊ တိရစ္ဆာန်ကိုသာ အဆိပ်ခတ် သတ်နိုင်ပေမယ့် လူကိုတော့ အဆိပ်ခတ် သတ်ချင်မှ သတ်နိုင်မယ်'

ခန်းချွတ်ယီက ထောက်ခံစကား ပြောသည်။ ထိုစကားကို ခြံဝင်းဘက်သို့လှည့်ကာ ကျယ်လောင်စွာ ပြောလိုက်ခြင်း ဖြစ်ပေသည်။ နေရောင်က တဖြည်းဖြည်း အလင်းပျောက်ဆုံးလာသည်။ ရောက်ကတော် စွန်းဖေ့စန်း အခန်းတွင်းသို့ လျှောက်ဝင်လာသည်။ စောစောက အခိုင်းအစေများနှင့်အတူ ခြံဝင်းအတွင်း စစ်ဆေးရန် ထွက်သွားပြီး ပြန်လာခြင်း ဖြစ်ပေသည်။ သိုင်းလောကတွင် ငယ်စဉ်က ဓားတလက်ဖြင့် လျှောက်သွားနေခဲ့သော ရောက်ကတော် စွန်းဖေ့စန်းမျက်နှာ အတော်ကလေး အိုစာနွမ်းနယ်နေသည်။ ရောက်ရောက်ချင်းပင် ပြတင်းတံခါးဘောင်ကို မှီကာ ရောက်စီးလိုကို ခြံတွင်းမှ အဖြစ်အပျက်များကို တင်ပြသည်။

'နွား ၁၄၇ ကောင်၊ ယုန် ၃၆ ကောင်၊ ဘဲအကောင် ၃၅၀၊ ကြောင် ၁၁ ကောင် အားလုံးသေကုန်ကြပြီ'

ရောက်စီးလို၏ မျက်လုံးသူငယ်အိမ် ပြူးကျယ်လာသည်။

'အားလုံး သေကုန်ကြပြီ ဟုတ်လား'

ရောက်ကတော်က နွမ်းနယ်စွာ ခေါင်းညိတ်ပြလိုက်သည်။ ထန်တာ့ကတော့ တွေးတွေးဆဆ လေသံဖြင့်…

'အချိန်တိုတိုလေးအတွင်းမှာ ဒီလောက်များပြားတဲ့ တိရစ္ဆာန်တွေကို အဆိပ်သင့်နိုင်တဲ့သူဟာ အဆိပ်တရာနတ်ဆိုး ဗာကူးဖန့်ပဲ ရှိတယ်'

ကျူးရှာဂူ ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။ ခန်းချွတ်ယီက ရုတ်တရက် ခေါင်းမော့ ရယ်မောလိုက်ကာ…

'ကောင်းတယ်၊ ဗာကူးဖန့်နဲ့ ခုံယန်ချင်တို့လဲ ရောက်လာကြပြီ ဆိုတော့ အခန့်သင့်ပဲ၊ ကျုပ်က မင်းတို့နဲ့ သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်ချင်တာ'

သူ့စကားမဆုံးခင်မှာပင်…

'ဝှစ်…'

ဓားအလင်းတန်းတတန်း ရုတ်တရက် တိုးဝင်လာသည်။ ခန်းချွတ်ယီက အလွယ်တကူပင် လက်ဆန့်ကာ ဖမ်းယူလိုက်သည်။ သူ့လက်ဝါးကို ဖြန့်ချလိုက်လျှင် ပေါက်ဓားတချောင်းနှင့်အတူ ဓားရိုးပေါ်တွင် စာတစောင်ရှိနေသည်ကို တွေ့လျှင်၊ ရယ်မောလျက်မှပင် ထိုစာကိုဖတ်ပြီး ရောက်စီးလိုထံ ကမ်းပေးသည်။ ရောက်စီးလိုသည် ကျယ်လောင်စွာ အသံထွက် ဖတ်လိုက်သည်။

'ဂိုဏ်းချုပ်ကြီး ရောက်စီးလို ဇနီးမောင်နှံ၊ ကိုယ်တော်ကြီး ထန်တာ့၊ ကိုယ်တော်ကြီး ခန်းချွတ်ယီနှင့် ကိုယ်တော်ကြီး ကျူးရှာဂူ ယနေ့မှစ၍ ရောက်ဂေဟာတွင် ခွေးတကောင်၊ ကြွက်တမြီးမှ အသက်ရှင်လျက် မရှိစေရ၊ ဩဇာအာဏာဂိုဏ်းသည် သိုင်းလောက ဥသျှောင်ဖြစ်သည်၊ ဩဇာအာဏာဂိုဏ်း၏ အမိန့်ကို လိုက်နာလျှင် ကြီးပွားမည်၊ ဆန့်ကျင်လျှင် သေဆုံးမည်၊ စာရသည်နှင့် ရောက်မိသားစုဂေဟာမှ ထွက်ခွာသွားပါ၊ မလိုက်နာလျှင် အသက်အတွက် တာဝန်မယူ

သုံးမျိုးထူချွန် ဓားနတ်ဆိုး အဆိပ်တရာ နတ်ဆိုး ဓားပျံမြေခွေး နတ်ဆိုး'

ရောက်ကတော် စွန်းဖေ့စန်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

'ဓားပျံမြေခွေးနတ်ဆိုး ဆားခန်သိန်းလဲ ပါလာတာကိုး'

ရှောက်စီးလိုက.....

'မိုးမြေခွေးက လမ်းကိုဟောင်တယ်၊ ဓားတဝက်နဲ့ အသက်ပျောက်ဆုံးတယ်၊ မီးအိမ်နီသူ့ရဲ့အရိပ်၊ ဓားတချက် ဝိညာဉ်နှုတ် ဆားချန်သိန်းရဲ့ ဓားပျံကို အထင်သေးလို့ မရဘူး'

ထန်တာ့ ခေါင်းညိတ်လိုက်သည်။

'မြေခွေးနတ်ဆိုး ဆားချန်သိန်းရဲ့ အကြောင်းကို ထန်ဖန်းက ကျနော့်ကို ပြောပြဖူးတယ်၊ သူလက်တချောင်း လှုပ်လိုက်တာနဲ့ ဓားချက်က သိပ်ကို ပြင်းထန်ထက်မြက်လွန်းတယ်တဲ့၊ သူလက်မထွက်ခင် မြေခွေးက လကိုဟောင်သလို အသံပြုတာက သိပ်ပြီး ဆွေးမြည့်စရာ ကောင်းတယ်၊ အဲဒီ အသံမှာ စိတ်ရောက်သွားတာနဲ့ သူ့ဓားချက်အောက်မှာ အသက်ပျောက်သွားရမှာပဲတဲ့'

ကျိုကျူးချောက်လန်က ငြိမ်နားထောင်နေရမှ..

'ဒါပေမယ့် ခုနက ဘဘခန်းက ရယ်မောနေရင်း လက်တချက်လှုပ်လိုက်တာနဲ့ သူ့ဓားပျံကို လက်ခံဖမ်းယူနိုင်ခဲ့တာပဲ'

ခန်းချွတ်ယီ၏ မျက်နှာမှာ ရုတ်တရက် လေးနက်တည်ကြည်သွားသည်။

'ခုနက ဓားပျံလွှတ်လိုက်တဲ့လူဟာ ဆားချန်သိန်း မဟုတ်ဘူး၊ သူ့တပည့်တယောက်ပဲ ဖြစ်တယ်၊ တကယ်လို့ သူကိုယ်တိုင် လက်ထွက်လာရင် ငါဖမ်းယူနိုင်တယ်ထားဦး၊ ရယ်နိုင်တော့မှာ မဟုတ်ဘူး'

ရှောက်ကတော်က စူးစမ်းသည့် အမူအရာဖြင့်...

'ဆားချန်သိန်းမှာ တပည့် ဘယ်နှစ်ယောက်ရှိသလဲ'

'လေးယောက်ရှိတယ်၊ သူ့တပည့်တွေဟာ သူ့သားတွေပဲ၊ ဆားဖုန်း၊ ဆားယွင်၊ ဆားလွေနဲ့ ဆားကျန့်တို့ပဲ'

'ခုံယန်ချင်မှာကော..'

ခန်းချွတ်ယီ ဘာမှမပြော။ ရှောက်စီးလိုက...

'ငါကြားရသလောက်ကတော့ ခုံယန်ချင်မှာ တပည့်မရှိဘူး၊ သူ့လက်အောက်မှာတော့ အဆင့်မြင့် ဓားသမား သုံးယောက် ရှိတယ်'

ရှောက်ကတော်က အနည်းငယ် စဉ်းစားဟန်ပြုပြီးမှ...

'သူတို့ဘက်က ဗုကျူဖန့်၊ ခုံယန်ချင်နဲ့ ဆားချန်သိန်းတို့ ရောက်လာကြသလို ကျမတို့ဘက်မှာလဲ ဆရာကြီးခန်း၊ ကိုယ်တော်ကြီးထန်၊ ကိုယ်တော်ကြီးကျူး၊ ကျမနဲ့ ရှင်တို့ ရှိနေကြတာပဲ'

ရှောက်ကတော်က ရှောက်စီးလိုကို ဦးတည်ပြောလိုက်ခြင်း ဖြစ်ပေသည်။ သြဇာအာဏာဂိုဏ်းမှ နတ်ဆိုးကြီး သုံးယောက် ရောက်လာသော်လည်း မိမိတို့ဘက်မှ ထိပ်သီးသိုင်းသမား ငါးယောက်ရှိနေသည်ကို နှိုင်းယှဉ်ပြလိုက်ခြင်း ဖြစ်သည်။

'ဆားချန်သိန်းမှာ တပည့်လေးယောက်၊ ခုံယန်ချင်မှာ ဓားသမားသုံးယောက်၊ ဗုကျူးဖန့်မှာ တပည့်တယောက်ရှိကြတယ်ဆိုတော့ စုစုပေါင်းရှစ်ယောက်ရှိတယ်။ ကျမတို့ဘက်မှာလဲ ကျိုကျူးချောက်လန်၊ တိန်ယိဟန်၊ ခန်းကျီစင်းနဲ့ သားလေးရှောက်ချူးရွှေတို့ လေးယောက်ရှိနေတော့ သိပ်ဂရုစိုက်စရာတော့ မလိုပါဘူး'

ထန်တာ့က သဘောကျစွာ ပြုံးလိုက်ကာ...

'အရေအတွက်ထက် အရည်အချင်းက ပိုပြီး အဓိကကျပါတယ် ရှောက်ကတော်၊ ရှောက်ယိလင်နဲ့ ရှောက်ခိုက်ယန်တို့ ညီအကိုနှစ်ယောက် ဒီမှာ မရှိကြဘူးလား'

'စောစောပိုင်းရက်တွေတုန်းက ကွေးလင်မှာ ပြဿနာတခု ဖြစ်ခဲ့တယ်၊ အကိုစီးလိုက သူ့ညီလေးမုံ အင်အားနည်းမှာစိုးလို့ ယိလင်နဲ့ ခိုက်ယန်တို့ကို အကူအညီစေလွှတ်ခဲ့တယ်'

ထန်တာ့ သက်ပြင်းချလိုက်မိသည်။

'ရောက်ယိလင်ရဲ့ သိုင်းပညာက ထက်မြက်ပြီး ခေါင်းဆောင်နိုင်တဲ့ အရည်အချင်း ရှိတယ်၊ ခိုက်ယန်ကတော့ တိကျပြတ်သားပြီး အတွင်းအား နက်ရှိုင်းထူထပ်တယ်လို့ ကျနော် ကြားဖူးပါတယ်၊ ဒီနေ့ ဒီအချိန်မှာ သူတို့သာ ဒီမှာ ရှိနေကြမယ်ဆိုရင် သိပ်ကို အသုံးကျမှာ အမှန်ပါပဲ'

'ကိုယ်တော်ကြီးထန်က မြှောက်ပင့်ပြောနေပြန်ပြီ၊ ယိလင်နဲ့ ခိုက်ယန်တို့က ဒီလောက်ပညာစွမ်းလေးနဲ့ ကိုယ်တော်ကြီး တပည့်လုပ်ဖို့တောင် မလုံလောက်သေးပါဖူး'

ထန်တာ့ ရယ်မောလိုက်သည်။

'ရောက်ကတော် စကားက သိပ်မြင့်မားလွန်းလှပါတယ်'

ခန်းချွတ်ယီက စကားလမ်းကြောင်း ပြောင်းသည့်အနေဖြင့်..

'ရောက်ကတော် ပြောသလိုဆိုရင် ဩဇာအာဏာဂိုဏ်းက ရောက်လာတဲ့လူတွေဟာ နတ်ဆိုးသုံးယောက်ထဲဆိုရင် ကျနော်တို့က လူဦးရေပိုများတယ်၊ လူငယ်ဘက်မှာတော့ သူတို့က အသာစီးရမယ်၊ ဒါပေမယ့် ရန်သူက အမှောင်မှာရှိနေပြီး ကျုပ်တို့က အလင်းထဲမှာ ရှိနေတာကို ထည့်စဉ်စားရမယ်၊ ဒါ့အပြင် သူတို့မှာ ဒီလူတွေအပြင် ဩဇာအာဏာဂိုဏ်က လူတွေ ပါလာကြမှာ မလွဲဘူး၊ ဒီတော့ ရောက်ဂေဟာက တပည့်ဂိုဏ်းသားတွေ..'

ရောက်ကတော်က ကိုယ်ကို လှုပ်ခါရယ်မောလိုက်ပြီး ခန်းချွတ်ယီ၏ စကားကို တဝက်တပြက်နှင့် တားလိုက်သည်။

'ဆရာကြီးခန်း၊ ကျေးဇူးပြုပြီး ရှင့်လက်ထဲက ဓားကို အပြင်ဘက် ပစ်လွှတ်ကြည့်လိုက်စမ်းပါ'

ခန်းချွတ်ယီသည် ရောက်ကတော်ကို တချက်လှမ်းကြည့်ပြီး ဓားပျံကို ခြံဝင်းထဲသို့ ပစ်လွှတ်လိုက်သည်။

ဝင်းထရံကို ဖြတ်ကျော်သည်နှင့် လက်နက်ပုန်း သုံးလေးဆယ်လောက်က ရုတ်တရက် ထွက်ပေါ်လာပြီး ဓားပျံကို ရိုက်ထုတ်လိုက်သည်။ ဓားပျံမှာ လက်နက်ပုန်းများ ထိမှန်ကာ ကြေမွလွင့်စဉ်သွားတော့သည်။ သို့သော် ဝင်းထရံကား လူသူတယောက်မျှ မရှိသည့်နှယ် တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ခန်ချွတ်ယီ ဟင်းခနဲ အာမေဋိတ်သံ ပြုလိုက်မိသည်။

ထန်တာ့ကမူ...

'ပန်းချောင်ဓားဂိုဏ်း ဌာနချုပ် ရောက်ဂေဟာက တကယ့်ကို ကြေးနံရံ သံနံရံလို လုံခြုံတောင့်တင်းလှပါလေရဲ့ဗျာ၊ ဘယ်အချိန်ကများ ဒီလောက် ခိုင်မာကျစ်လစ်တဲ့ အကာအကွယ် အစောင့်အရှောက်တွေ ချထားလိုက်ရတာလဲ'

ရောက်ကတော်က ရယ်မောကာ...

'ခုနက အကိုစီးလို အသံမြည်တဲ့ မြားတစင်းပစ်လိုက်တုန်းကပေါ့၊ ဓားပျံပစ်လိုက်တဲ့လူဟာ ထွက်သွားတာ ခြေတလှမ်းနောက်ကျခဲ့ရင် ကျမတို့ရဲ့ သုံးဆယ့်ခြောက်တန်းကင်းပုန်း၊ ခုနစ်ဆယ့်နှစ်တန်း ဖြောင်ကင်းတွေနဲ့ ထိပ်တိုက်တိုးမိပြီး အတောင်တပ်ထားရင်တောင် ပျံထွက်သွားနိုင်မှာ မဟုတ်ဘူး'

ထန်တာ့ ခေါင်းညိတ်လိုက်သည်။ ထိုစဉ် ကျိုကျူးချောက်လန်၏ အထိတ်တလန့် အော်ဟစ်လိုက်သံ ရုတ်တရက်ထွက်ပေါ်လာသည်။

'အို...ဒီမှာ ဘဘခန်းကို ကြည့်ကြပါဦး'

လူအားလုံး လှည့်ကြည့်လိုက်ကြသည်။ ခန်းချွတ်ယီ၏ မျက်နှာမှာ အရောင်အသွေး ပြောင်းလဲကာ မျက်ခုံးအစုံ၏ အလယ်ဗဟို တည့်တည့်တွင် မည်းနက်နေသော အစက်တစက်ရှိနေသည်ကို တွေ့လိုက်ကြရလေတော့သည်။

## “အခန်း–၆”

ရောက်ဂေဟာ၏ သီးသန့်ခန်းမဆောင်ကြီးမှာ တဒင်္ဂမျှ တိတ်ဆိတ်ငြိမ်သက်သွားသည်။ ခန်းချွတ်ယီသည် ဘယ်လက်ကို ညာလက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ သူ့ဘယ်လက် လက်ဝါးအလည်တည့်တည့်တွင် ညိုမြည်းနေပြီး တကိုယ်လုံးမှာ နတ်ဝင်သလို ယိမ်းယိုင်နေသည်။ လဲကျတော့မည် ဖြစ်သဖြင့် ရောက်စီးလိုက အလျင်အမြန်ပင် ခုန်ဝင်ကာ ပွေ့ထူထားလိုက်သည်။

ခန်းချွတ်ယီက တီးတိုးလေသံဖြင့်…

‘ဟို…ဟို…ဓား…ဓားမှာ အဆိပ်…အဆိပ် ရှိနေတယ်’

သူ့တကိုယ်လုံး တုန်ရင်လာပြီး လဲကျသွားသည်။

‘ဆရာ…ဖေဖေ’

ခန်းကျီစင်းက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ရှေ့သို့လှမ်းတက်ကာ ခန်းချွတ်ယီအား ပွေ့ထူသည်။

ထန်တာ့က ခေါင်းကို ခါယမ်းကာ သက်ပြင်းချလျက်…

‘ဓားမှာ အဆိပ်ရှိတာက အကြောင်းမဟုတ်ဘူး၊ ဓားကို လွှင့်ပစ်ပြီးမှ အဆိပ်တက်တာက အကြောင်းဖြစ်တယ်’

‘ဒါ ဗှာကူးဖန့်ရဲ့ လက်ချက်ပဲ’

ရောက်စီးလိုက မှတ်ချက်ချသည်။ ဓားပျံသည် ဆားချန်သိန်း၏ တပည့်ပစ်လွှတ်လိုက်သည် မှန်သော်လည်း ဗှာကူးဖန့်က အဆိပ်သုတ်လိမ်းထားသည်ကို ခန်းချွတ်ယီ မတွေးမိ။ ဓားပျံကို လက်ဖြင့် ဖမ်းယူမိသည့် ခဏ၌ပင် အဆိပ်က ခန်းချွတ်ယီ ကိုယ်တွင်းသို့ ပျံ့ဝင်ပြီးဖြစ်သည်။ သူ့အတွင်းအားနှင့်ဆိုလျှင် ထိုအဆိပ်ကို ပယ်ဖျက်နိုင်သော်လည်း ဗှာကူးဖန့်က အဆိပ်ထိန်းချုပ်ဆေး သုတ်လိမ်းထားသဖြင့် ကြိုတင်မသိရှိခဲ့။ သိရှိသောအခါတွင်ကား အဆိပ်က သူ့လက်မောင်းအတွင်းသို့ ပျံ့နှံ့ဝင်ရောက်ခဲ့လေပြီ။ ထန်တာ့က အလျင်အမြန် ခန်းချွတ်ယီ၏ ဘယ်ဘက်လက်မောင်းရှိ သွေးကြောကွက် ခုနစ်ကွက်ကို ပိတ်ဆို့လိုက်သည်။ အခြေအနေကို သူသုံးသပ်ပြီး မျက်မှောင်ကြုတ်သွားသည်။ အဆိပ်ပညာနှင့် ပတ်သက်လျှင် ထန်မျိုးနွယ်မိသားစုက ကျွမ်းဝင်နှံ့စပ်သဖြင့် ကျန်သူများမှာ ထန်တာ့ဆီသို့သာ အာရုံရောက်နေကြသည်။

‘နောင်ကြီးခန်း မိထားတဲ့ အဆိပ်ကို ကိုယ်ပိုင်အတွင်းအားနဲ့ ညှစ်ထုတ်နေတုန်း ဘယ်သူစောင့်ကြပ် ပေးနိုင်မလဲ’

ထန်တာ့၏ အမေးစကားက တာသွားလှသည်။ ခန်းချွတ်ယီ အသက်မသေဆုံးနိုင်ရေးကို သူတို့လူတယောက် စောင့်ကြပ်ရမည်ဆိုတော့ တိုက်ခိုက်နိုင်မည့် လူတယောက် လျော့နည်းသွားရပေတော့မည်။

‘ကျနော် စောင့်မယ်၊ တပည့် ဆရာကို စောင့်ကြပ်ပေးရတာ ဘာမှ အပန်းမကြီးပါဘူး’

‘ချူးရှေ့ တော်တော်လေးကြာရင် နောင်ကြီးခန်းတို့ သားအဖကို ငါ့စာကြည့်ခန်းထဲမှာ အနားယူဖို့ ခေါ်သွားချည်’

ရောက်စီးလိုက သားဖြစ်သူအား ပြောသည်။ ထန်တာ့က အနည်းငယ် စဉ်းစားဟန်ပြုပြီး…

‘အခု ကျနော်တို့ ဘာဆက်လုပ်ကြမလဲ၊ သူများလာသတ်တာကို စောင့်မလား၊ သူများကိုသတ်ဖို့ စောင့်မလား’

‘ဘာမှ မလုပ်ဘူး၊ လောလောဆယ် ထမင်းစားကြမယ်’

ရောက်ကတော်က ပြောလိုက်ခြင်း ဖြစ်ပေသည်။

‘ဟုတ်တယ်၊ ကျနော်တို့ အင်အားပြည့်အောင် ဖြည့်ထားသင့်တယ်၊ ရန်သူက အပြင်ဘက်က အမှောင်ထဲမှာ၊ ကျနော်တို့က အလင်းထဲမှာ၊ သူတို့ ပင်ပန်းအားပြတ်တာကို စောင့်စားရမယ်’

ရောက်ကတော်က ရယ်ပြုံးလိုက်သည်။ သူမ၏ အပြုံးက အပျိုစင်လေးတယောက်နှယ် ကြည်လင်လန်းဆန်း နေသည်။ ရောက်စီးလိုမှာ ဇနီးသည်အား မြတ်နိုးကြင်နာစွာ ငေးကြည့်နေမိသည်။ အရေးကြုံသောအခါ မိန်းမသားများ၏

တည်ငြိမ်အေးဆေးစွာ ဆုံးဖြတ်နိုင်မှုက ချီးကျူးစရာပင်။ စားသောက်ပွဲများက ဖွယ်ဖွယ်ရာရာ ရှိလှသည်။ အန္တရယ်ကြီးကြီးမားမားနှင့် ရင်ဆိုင်တွေ့တော့မည်ကို သိနေကြသော်လည်း ရောက်ကတော် စွန်းဖေ့စန်း၏ ဟင်းကျွေးအစီအမံကောင်းမွန်မှုကြောင့် စားမြိန်ကြသည်။ စားသောက်၍ ကောင်းနေစဉ်မှာပင် ရောက်ကတောက်က ဟင်းလျာအချို့ကို လင်ဗန်းပေါ်သို့တင်ကာ အခြားတနေရာသို့ ယူဆောင်ဟန်ပြင်သည်။

ထန်တာ့က ထိုလင်ဗန်းကို ကြည့်ပြီး…

'နောက်ထပ် ဧည့်သည်ရှိသေးလို့လား ရောက်ကတော်'

ရောက်ကတော်က ခေါင်းညိတ်ပြလိုက်သည်။ ထိုစဉ်မှာပင် ခြံဝင်း၏ အရှေ့ဘက်ဆောင်ဆီမှ စူးရှသော အချက်ပေးလေချွန်သံများ ထွက်ပေါ်လာသည်။ အသံရှည် သုံးချက်။ အသံတိုတချက်။ အသံရှည်သုံးချက်။ အသံတိုနှစ်ချက်။ နောက်ထပ်တခါ ဤအသံအတိုင်း ထပ်ဆင့် အချက်ပေးသံ ထွက်ပေါ်လာပြန်သည်။ ရောက်စီးလို မျက်နှာအမူအရာထိန်းမရအောင် ပျက်ယွင်းသွားသည်။ ရောက်ကတော်ကို ဖျတ်ခနဲကြည့်ပြီး မျက်ရိပ်ပြလိုက်သည်။ ရောက်ကတော်က လင်ဗန်းကိုယူကာ ဟင်းလျာပို့ရန်အတွက် တည်ငြိမ်စွာပင် ထွက်ခွာသွားသည်။

'ချူးရွှေ ငါနဲ့လိုက်ခဲ့စမ်း'

ရောက်ကတော်က ဟင်းလျာပို့ရန်အတွက် ရောက်ချူးရွှေကို ခေါ်သည်။ ရောက်စီးလိုက မျက်နှာပျက်ပျက်ဖြင့်…

'အရှေ့ဘက်အဆောင် စတုထ္တခွေးအသင်းမှာ ပြဿနာပေါ်နေတယ်၊ ကျုပ်အဲဒီကို သွားကြည့်လိုက်ဦးမယ်'

ပြောပြောဆိုဆိုပင် ထိုင်ရာမှထသည်။ ခြံဝင်းထဲတွင် ဤမျှ အရေးပေါ်ကိစ္စဖြစ်ပျက်နေသည်ကို ရောက်ကတော်က ဧည့်သည်အတွက် ဝတ္တရားမပျက် ဟင်းပို့မြဲပို့နေသည်။ ထိုဧည့်သည် မည်မျှအရေးကြီးသည့် ဧည့်သည်ပင်တည်း။ ရောက်ချူးရွှေ စဉ်းစား၍ မရနိုင်။ ရောက်ကတော်နှင့်အတူ လိုက်ပါရင်းမှ အဆောင်များကို သတိထားကြည့်မိသည်။ မိုးသံနားထောင်ဂေဟာ၊ တွမ်းဟိုမြစ်ဂေဟာ၊ ယန်စီကျန်မြစ်ဂေဟာကို ဖြတ်ကျော်လာသည်။ ကျင်မေဂေဟာရှေ့သို့အရောက်တွင် ရောက်ကတော် ခြေလှမ်း ရပ်တန့်လိုက်သည်။

'ဧည့်သည်ဟာ ကျင်မေဂေဟာမှာ တည်းခိုနိုင်တဲ့ အဆင့်တောင် ရှိနေပါလား'

ရောက်ချူးရွှေ စိတ်ထဲမှ တအံ့တသြ ရေရွတ်မိသည်။

ကျင်မေဂေဟာသည် ယခင်က ရောက်စီးလို အလုပ်လုပ်ရာ၊ စာကြည့်ရာ၊ သိုင်းလေ့ကျင့်ရာ ဂေဟာဖြစ်သည်။ အကြောင်းတစုံတရာ မရှိလျှင် ရောက်ကတော်ပင် ထိုအခန်းတွင်းသို့ ဝင်ခွင့်မရှိ။ ယခုဧည့်သည်က ဤမျှထိန်းချုပ်ထားသော ကျင်မေဂေဟာတွင် တည်းခိုနေလေပြီ။ မည်သည့် ဧည့်သည်မျိုးပေနည်း၊ မည်သည့်အတွက်ကြောင့် ဤမျှ တလေးတစားတခမ်းတနား ကြိုဆိုဧည့်ခံရလေသနည်း။ ရောက်ချူးရွှေ မစဉ်းစားတတ်တော့။ ရောက်ကတော်က အဝင်တံခါးကို လက်ဖြင့်ညင်သာစွာ ခေါက်လိုက်သည်။

'ဒေါက်….ဒေါက်'

အတွင်းဘက်မှ တည်ကြည်အိုမင်းသော လေသံတသံ ထွက်လာသည်။

'ဝင်လာခဲ့ပါ'

ရောက်ကတော် အခန်းတံခါး တွန်းဖွင့်လာခဲ့သည်။ သူမ၏ မျက်နှာအမူအရာက စောစောကနှင့်မတူတော့။ ကြည်ညိုခြင်း၊ လေးစားခြင်း၊ ရိုသေခြင်း အရိပ်အယောင်များ ဖုံးလွှမ်းနေသည်။ ရောက်ချူးရွှေသည် သူ့မိခင် ဤမျှလောက်မျက်နှာ အမူအရာ တည်ကြည်လေးနက်နေသည်ကို မတွေ့ခဲ့ဘူးချေ။ အခန်းက အတော်ပင် ကျယ်ဝန်းသည်။ နံရံ၏လေးဘက်လေးတန်တွင် ပန်းချီကားချပ်များ၊ ကဗျာလင်္ကာစာရွက်ရှည်ကြီးများ အစီအရီ ချိတ်ဆွဲထားသည်။ မှန်ဗီရိုထဲတွင်ကား စာအုပ်စာတမ်းများ အကျအနရှိနေသေးသည်။ အခန်းအလယ်ဗဟို ကျွန်းသားစားပွဲ၏ ကုလားထိုင်တွင် လူတယောက် ထိုင်နေပြီး ကျန်တယောက်က မတ်တတ်ရပ်နေသည်။

မတ်တတ်ရပ်နေသူမှာ အသက်အရွယ် အိုမင်းကြီးရင့်သော အဘွားအိုကြီးတယောက် ဖြစ်သည်။ သူ့အသွင်အပြင်က ထိုင်နေသူအပေါ် အလုပ်အကျွေးပြုစုသည့် သူတယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေ၏။ ထိုင်နေသူကို ကြည့်လိုက်ပြန်သောအခါ ရောက်ချူးရွှေ အံ့အားသင့်သွားရပြန်သည်။ ထိုသူမှာလည်း ရိုးရိုးသာမာန် အဘွားအိုတယောက် ဖြစ်နေသောကြောင့်ပင်တည်း။ ထိုင်နေသူအဘွားအို၏ မျက်နှာတွင် ကြင်နာတတ်သည့် အပြုံးမျိုး ပြုံးနေသည်။ စိတ်သဘောသကာရ ကောင်းပုံရပြီး အိုမင်းမစွမ်း ရှိသော အဘွားအိုတယောက် ဖြစ်သော်လည်း ရောက်ချူးရွှေ သူမကို ကြာကြာမကြည့်ရဲ တချက်ကြည့်လိုက်ပြီးသည်နှင့် မျက်နှာလွဲလိုက်ရသည်။ မမြင်ရသော စိတ်တန်ခိုး စွမ်းအားတရပ်က သူ့ကို ထိန်းချုပ်လွှမ်းမိုး ထားသည်ဟု ခံစားလိုက်ရသောကြောင့် ဖြစ်၏။

'သြော်....ရောက်ကတော်တောင် ရောက်လာပြီကိုး'

ထိုင်နေသူ အဘွားကြီး၏ စကားသံက နူးညံ့ညင်သာလှသည်။ ရောက်ကတော်က ပျပ်ဝပ်ကျိုးနွံစွာ အရိုအသေပေးလိုက်ပြီး...

'မယ်တော်ကြီး၊ ကိုယ်စိတ်နှလုံးကျန်းမာ ချမ်းသာပါရဲ့လားရှင်...'

'အင်း...ငါရောက်လာတာနဲ့ မင်းလဲ အတော်ကလေး အလုပ်ရှုပ်သွားတာပဲနော်'

ရောက်ကတော်မှာ ဝမ်းနည်း စိတ်မကောင်းသည့် အသွင် ဖြစ်သွားမိသည်။

'ဒီလိုမပြောလိုက်ပါနဲ့ မယ်တော်ကြီးရယ်၊ ကျမတို့ဘက်က မယ်တော်ကြီးကို ပြုစုစောင့်ရှောက်တာ လိုတောင် လိုနေပါသေးတယ်၊ ဒီအတွက် ကျမ အနူးအညွတ် တောင်းပန်ပါရစေ၊ သြော်...ဟောဒါ ကျမရဲ့ သားထွေးလေး ရောက်ချူးရွှေပါ၊ ဒီနေ့မှ လုံကျုံးက ပြန်လာတာပါ၊ သား..ချူးရွှေ မယ်တော်ကြီးကို အမြန် ကန်တော့လိုက်စမ်း'

ရောက်ချူးရွှေ စိတ်ထဲတွင် အမှန်တကယ်ပင် ဦးချ ကန်တော့ချင်စိတ် ရှိနေခဲ့သည်။ မိခင်ဖြစ်သူက ပြောလာသောအခါ အလျင်အမြန်ပင် ဒူးတုပ်ကာ ဦးချကန်တော့လိုက်သည်။ မယ်တော်ကြီးဆိုသော အဘွားအိုက ကြည်စင်စွာ ပြုံးလျက် ရောက်ချူးရွှေကို ညင်ညင်သာသာ ပွေ့ထူလိုက်ပြီး...

'အင်း...လူကလေးရဲ့ မျက်လုံးမျက်ခုံးနဲ့ မျက်နှာကျကို ကြည့်ရတာ သာမာန် လူတယောက် မဖြစ်နိုင်ဘူး၊ သူရဲကောင်း တယောက် မုချဖြစ်လိမ့်မယ်၊ တိုင်းပြည်ရဲ့ အားကိုးအားထားရတဲ့ လူတယောက် ဖြစ်လိမ့်မယ်၊ ဒါပေမယ့် ကိုယ့်ကိုကိုယ် ယုံကြည်စိတ် လွန်ကဲနေတယ်'

ရောက်ချူးရွှေ ကြက်သီး ဖြန်းဖြန်း ထသွားမိသည်။ အဘွားကြီးသည် မိမိကို တချက်ကြည့်ရုံမျှနှင့် မိမိအတွင်းစိတ်သဘောကို ဒက်ခနဲ ပြောလိုက်နိုင်သဖြင့် စိတ်ထဲတွင် လေးစားကြည်ညိုမိသည်။

'ဒီကလေးက တနည်းနည်း စိတ်ရိုင်းဝင်တတ်ပါတယ်၊ မယ်တော်ကြီး သူ့ကို မြှောက်ပင့် မပြောပါနဲ့ရှင်၊ တော်ကြာ မာန်မာန ထောင်လွှားသွားရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်ပါလိမ့်မယ်'

မယ်တော်ကြီး သဘောကျစွာ ရယ်မောလိုက်သည်။

'ရောက်ကတော် စိတ်ထင်လို့ပါ၊ လူကလေးက သူ့ကိုယ်သူ ထိန်းချုပ်နိုင်တဲ့ စွမ်းအားရှိပါတယ်၊ အင်း...နည်းနည်းတော့ မာန်မာန ရှိမှာပေါ့၊ ဒါပေမယ့် သူက အလုပ်တခုကို ရည်ရွယ်ချက် ကြီးကြီး လုပ်တတ်ပါတယ်'

ရောက်ကတော် ဘာမျှ မပြောသာတော့။ ဟင်းလျာဗန်းကို စားပွဲပေါ်သို့ တင်လိုက်ပြီးလျှင်...

'ဒီကနေ့ အိမ်ဂေဟာထဲမှာ အရေးပေါ်ကိစ္စလေးတွေ ဖြစ်ပျက်ခဲ့လို့ ဟင်းလျာ လာပို့တာ နောက်ကျသွားပါတယ်၊ မယ်တော်ကြီး နှစ်သက်သလို သုံးဆောင်နိုင်ပါတယ်'

'ကိစ္စမရှိပါဘူးကွယ်၊ မင်းတို့ ဂေဟာကို လာပြီး ဒုက္ခပေးမိတာပဲ ငါ့စိတ်ထဲမှာ မကောင်းလှပါဘူး၊ ရောက်ဂေဟာရဲ့ ဟင်းလျာ လက်ရာကို စားရတာပဲ ငါ့အတွက် လုံလောက်လှပါပြီ'

ထိုအချိန်တွင် အပြင်ဘက်ဆီမှ လေချွန်သံ သံရှည်တချက် သံတိုတချက် ပေါ်ထွက်လာသည်။ ရှောက်ကတော် မျက်စိမျက်နှာ ပျက်သွားသည်။ မယ်တော်ကြီးအား အရိုအသေပြုကာ…

'ဂေဟာထဲမှာ အရေးပေါ် ကိစ္စဖြစ်လာပြန်ပြီ မယ်တော်ကြီး၊ ကျမကို ခွင့်ပြုပါဦး'

မယ်တော်ကြီး မတ်တတ်ရပ်လိုက်သည်။

'ကောင်းပါပြီကွယ်၊ အမေကျန် ရှောက်ကတော်ကို လိုက်ပို့လိုက်ပါ'

နံဘေးတွင် ရပ်နေသော အဘွားကြီးက ခါးညွှတ်ကာ…

'ဟုတ်ကဲ့'

အမေကျန် ဆိုသော အဘွားကြီးက ရှောက်ကတော်တို့ကို အခန်းအပြင်ဘက်ဆီသို့ လိုက်ပို့သည်။ ထို့နောက် ကျင်မေဂေဟာ အတွင်းသို့ ပြန်ဝင်သည်။ ရှောက်ကတော်တို့ ဂေဟာအပြင်သို့ရောက်လျှင် ခြံဝင်းထဲရှိ ပန်းခြံ၏ တောင်ပုကလေး နံဘေးတွင် တခေါင်းလုံး ဆွတ်ဆွတ်ဖြူနေသော ဆံပင်များနှင့် အဘိုးအိုတယောက် ဆေးတံသောက်နေသည်ကို တွေ့လိုက်ရ၏။

ရှောက်ကတော်က ထိုအဘိုးအိုအား လေသံမြှင့်ကာ…

'ဦးလေးချူး….အရက်တွေသိပ်မသောက်နဲ့နော်၊ ဆေးတံချည်းပဲလဲ သိပ်ပြီး ဖိမ်ခံသောက်မနေနဲ့'

ဦးလေးချူးဆိုသူ အဘိုးကြီး မတ်တတ်ရပ်လိုက်သည်။ သူ့ကိုယ်ဟန်က ယိုင်တိယိုင်တိုင်၊ မကြာခင်ကပင် အရက်များစွာ သောက်ထားပုံရနေ၏။

'ဟုတ်ကဲ့၊ ရှောက်ကတော်'

ကျင်မေဂေဟာထဲတွင် မယ်တော်ကြီးကို ဦးလေးချူး ဂရုတစိုက် စောင့်ရှောက်ပေးပါ၊ အမေကျန်ဟာ မိန်းမသား တယောက်ဖြစ်သလို အသက်အရွယ်ကလည်း ဦးလေးချူးထက် ငယ်မှာ မဟုတ်ဘူး၊ ဦးလေးချူးက ဒီအိမ်တော်ထဲမှာ နေလာတာ ဆယ်နှစ်လောက် ရှိပြီဆိုတော့ အခြေအနေအားလုံးကို သိနေတာပဲ၊ သူတို့ကို အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ပါ'

'ဟုတ်ကဲ့'

ဦးလေးချူးက ကတိပေးလိုက်သော်လည်း သူ့ကိုယ်သူပင် ဟန်ပုံမပေါ်၊ ရှောက်ကတော် သက်ပြင်းကျိတ်ချကာ ထိုနေရာမှ ထွက်လာခဲ့သည်။ ရှောက်ချူးရွှေသည် မိခင်နောက်မှ ထပ်ကြပ်မကွာ လိုက်လာခဲ့သည်။ အတန်ငယ် လျှောက်မိလျှင် ရှောက်ကတော်က…

'ချူးရွှေ'

'ခင်ဗျာ…မေမေ'

'ဒီနေ့ မလွဲမသွေ တိုက်ခိုက်ပွဲတွေ ဖြစ်လာလိမ့်မယ်၊ ဘယ်လောက်ကြီးမားတဲ့ အန္တရာယ်ဖြစ်နေပါစေ၊ မင်း ကျင်မေဂေဟာကို စောင့်ရှောက်ဖို့ တာဝန်ယူရလိမ့်မယ်၊ မယ်တော်ကြီး ထိတ်လန့်ကြောက်ရွံ့အောင် ဘယ်သူမှ အနှောင့်အယှက် မပြုပါစေနဲ့'

ရှောက်ချူးရွှေ ရင်ထဲ လှုပ်ခနဲ ခုန်သွားသည်။

မယ်တော်ကြီးအား စောင့်ရှောက်ရမည့် တာဝန်ယူရလျှင် အိမ်တော်အပြင်ဘက်မှ တိုက်ပွဲတွင် ပါဝင်ခွင့် မရှိတော့။

ကပျာကယာပင်…

'မဖြစ်ဘူးထင်တယ် မေမေ'

ရောက်ကတော် မျက်နှာထား တင်းမာခက်ထန် သွားသည်။

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ကျင်မေဂေဟာကို စောင့်ရှောက်ရမှာ မင်းရဲ့ တာဝန်ပဲ'

မိခင်ဖြစ်သူ၏ ယတိပြတ်စကားကို ရောက်ချူးရွှေ မလွန်ဆန်ဝံ့။ အသက်အရွယ် အိုမင်းကြီးရင့်နေပြီဖြစ်သော အဘွားအို ကြီးတယောက်အား အဘယ်ကြောင့် အရေးတယူ ဂရုတစိုက် လုပ်ကြရသည်ကို သူ့စိတ်ထဲတွင် မရှင်းလင်း။

'ဟို...ဟို...မယ်တော်ကြီးက သိုင်းလောကမှာ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်လား မေမေ'

'မဟုတ်ဘူး'

ရောက်ကတော် စကားကို အပြတ်ပြောလိုက်ပြီး ကောင်းကင်သို့ မော့ကြည့်သည်။ ညအမှောင် အတော်ကလေး အားကောင်းလာပြီး ကြယ်တာရာတို့ပင် စုံစုံလင်လင် ထွန်းလင်းနေကြပြီ။ ရောက်ကတော် သက်ပြင်းတချက်ချလိုက်ကာ ဆက်လက်၍...

'မယ်တော်ကြီးက သိုင်းပညာ နည်းနည်းကလေးမှ တတ်တာမဟုတ်ဘူး'

ရောက်ချူးရွှေ စိတ်ထဲတွင် ထူးဆန်းအံ့သြနေမိသည်။ မိခင်ဖြစ်သူသည် လိမ်ညာစကား လုံးဝပြောဆိုတတ်သူ တယောက် မဟုတ်ပေ။ ရောက်ချူးရွှေ စိတ်ထဲတွင် တွေးနေမိသည်။ မယ်တော်ကြီး ဆိုသူမှာ မည်သူနည်း။

'အူး...ဂူး...ဂူး'

ခွေးဟောင်သံက ကျင်မေဂေဟာမှ မိုးမြင့်ဂူဆီသို့ သွားသော စကြီရှည်၏ အနောက်ဘက် တောင်စောင်းမှ ထွက်ပေါ်လာသည်။ ရောက်ကတော်နှင့် ရောက်ချူးရွှေတို့ နှစ်ယောက် ချက်ချင်းပင် ထိုအရပ်သို့ ပြေးသွားသည်။ သူတို့ ရောက်ရှိသွားသောအခါ တောင်တုတခု၏ နောက်ဘက်တွင် ပန်းချောင်းဓားဂိုဏ်း၏ ခွေးအသင်းဝင် လေးယောက်တို့ သေဆုံးနေသည်ကိုသာ တွေ့လိုက်ကြရ၏။ ပန်းချောင်းဓားဂိုဏ်းသား အားလုံးသည် ဓားသိုင်းပညာတွင် အဆင့်မြင့် ကျွမ်းကျင်သူများ ဖြစ်ကြ၏။ ခွေးအသင်းမှ ကင်းစောင့်တာဝန်ယူရ၍ သိမ်းငှက်အသင်းက စုံစမ်းထောက်လှမ်းရေး တာဝန်ယူရသည်။ နဂါးအသင်းက တိုက်ခိုက်ရေး၊ ကျားအသင်းက ဂေဟာ၏ စီမံခန့်ခွဲရေးတာဝန် ယူရကာ ဒေါင်းအသင်းမှာ ရောက်ကတော်၏ ကိုယ်ရံတော်တပ်ဖွဲ့ ဖြစ်ပေသည်။ တောင်တုနံဘေးမှ ခွေးအသင်းသားလေးယောက် အချိန်တိုတိုအတွင်း ဓားပင်မထုတ်နိုင်ဘဲ သေဆုံးသွားရသည်ကို ကြည့်ခြင်းဖြင့် ရန်သူ၏ သိုင်းပညာအဆင့်အတန်း မည်မျှ မြင့်မားထက်မြက်ကြောင်း သိသာနိုင်ပေသည်။ ရောက်ကတော် မျက်နှာထား တင်းမာခက်ထန်သွားသည်။ ရန်သူသည် ရောက်ဂေဟာ၏ ကင်းစည်းကို ထိုးဖောက်ဝင်ရောက်ကာ အတွင်းဆောင်ထဲမှ အစောင့်များအား သတ်ဖြတ်သွားခဲ့ချေပြီ။

သို့သော် ရန်သူ၏ အရိပ်အယောင်ကိုကား မတွေ့ရသေး။ ထိုစဉ်မှာပင် သိမ်းငှက်အော်သံ တသံ ထွက်ပေါ်လာပြန်သည်။ ရောက်ချူးရွှေ ထိတ်လန့် တုန်လှုပ်သွားသည်။ ထိုအချက်ပေးသံမှာ အတွင်းဆောင် ပင်မ ခန်းမဆောင်နှင့် အရှေ့ဘက်အဆောင်တို့တွင် အကြိတ်အနယ် တိုက်ခိုက်နေကြပြီ ဆိုသည့် သဘောပင်တည်း။ အခြေအနေက ရှုပ်ထွေးလာပြီ။ ရောက်ကတော်နှင့် ရောက်ချူးရွှေတို့ ဘာလုပ်ရမည်မသိဘဲ ခဏမျှ ငိုင်တွေသွားသည်။ မိုးမြင့်ဂူသို့ လှမ်းကြည့်လိုက်လျှင် ထွန်းညှိထားသော ဖယောင်းတိုင်တတိုင် မီးညွန့်လှုပ်ခါ သွားသည်ကို တွေ့ရ၏။ လေတိုက်မှသာလျှင် ဖယောင်းတိုင်မီးညွန့် လှုပ်ခါရမည်။ ယခု လေက တိုက်ခတ်မနေ။ ပကတိ ငြိမ်သက်နေ၏။ သို့ဆိုလျှင် အကြောင်း လေတင်၍ ဖယောင်းတိုင်မီး လှုပ်ခါသွားခြင်း ဖြစ်ပေမည်။ ရောက်ကတော်နှင့် ရောက်ချူးရွှေတို့ နှစ်ယောက် တုံ့ဆိုင်းမနေဘဲ မိုးမြင့်ဂူဆီသို့ ပြေးလွှားသွားသည်။

မိုးမြင့်ဂူမှာ ပန်းချောင်းဓားဂိုဏ်း ရောက်မိသားစု၏ ဘိုးဘွားများ အရိုးအိုးထား ကန်တော့ရာ နေရာဖြစ်၏။ မျိုးဆက်ဓား ဖြစ်သော ချန်ကိုးဓားမြတ် ထားရာ နေရာလည်း ဖြစ်၏။ ထိုဓားမြတ်သည် ပန်းချောင်းဓားဂိုဏ်း၏ ဂိုဏ်းထိန်းပစ္စည်းဖြစ်သလို ဂိုဏ်းချုပ်အမှတ်အသားလည်း ဖြစ်သည်။ အထွတ်အမြတ်ပစ္စည်းများ ထားရှိသည့်နေရာ ဖြစ်သောကြောင့် မိုးမြင့်ဂူကို အပြင်လူ ပေးမဝင်ခဲ့။ ယခု ဖယောင်းတိုင်မီး လေဟပ်သည်ကို ကြည့်ခြင်းအားဖြင့် တစုံတရာ ထူးခြားပြီကို ရောက်ကတော် သိလိုက်သည်။

သူတို့ရောက်သွားလျှင် ဂူတွင်းသန့်ရှင်းရေးနှင့် ဝေယျာဝစ္စတာဝန်ယူရသော အဘိုးကြီးကို တွေ့ရသည်။ ထိုအဘိုးကြီး၏ အမည်မှာ ဘဘကွမ်းဟု ခေါ်ပြီး စကားမပြောတတ်၊ ဆွံ့အကာ နားလည်းမကြား၊ ခါတိုင်းရက်များဆိုလျှင် ယခုအချိန်လောက်တွင် ဘဘကွမ်းမှာ အိပ်စက်အနားယူနေပြီ ဖြစ်၏။ ယခုသော်ကား ဂူအပြင်ဘက်တွင် တံမြက်စည်းတချောင်းကိုင်ကာ ထိတ်ထိတ်ပျာပျာ ရပ်တန့်နေလေသည်။

ရှောက်ကတော်က အရေးတကြီး အမူအရာဖြင့်...

'လူစိမ်းကို တွေ့မိသလား'

ဘဘကွမ်း ခေါင်းအဆက်မပြတ် ညိတ်ပြသည်။ ရှောက်ကတော် မျက်ခုံးနှစ်ဘက် တွန့်တက်သွားသည်။

'မိုးမြင့်ဂူထဲကိုကော ဝင်ခဲ့သေးသလား'

ဘဘကွမ်း ခေါင်းကို သွက်လက်စွာ ခါယမ်းသည်။ အိအိအအ အသံများဖြင့် စကားပြောသလိုပြုပြီး စကြံအဆုံး အစွန်ဘက်ရှိ ကျင်မေဂေဟာဆီသို့ လက်ညှိုးညွှန်ပြသည်။ ရှောက်ကတော် အလွန်အမင်း ထိတ်လန့် တုန်လှုပ်သွားသည်။

'ဟာ...ဒုက္ခပါပဲ၊ အခြေအနေ မဟန်တော့ဘူး၊ ရန်သူက တို့ကို ပရိယာယ်ဆင်နေပြီ'

ရှောက်ချူးရွှေ၏ လက်ကိုဆွဲကာ ကျင်မေဂေဟာဆီသို့ အပြေးတပိုင်း ပြန်လှည့်လာပြန်သည်။ ဂိုဏ်းထိန်းပစ္စည်း ချန်ကိုးဓားမြတ်ရှိသော ဘိုးစဉ်ဘောင်ဆက် အရိုးပြာအိုးများရှိသော မိုးမြင့်ဂူ၏ လုံခြုံရေးထက် မယ်တော်ကြီးဆိုသူ အဘွားကြီးအပေါ် အလေးထားနေသည့် မိခင်ဖြစ်သူ၏ အပြုအမူကြောင့် ရှောက်ချူးရွှေမှာ မယ်တော်ကြီးကို ပို၍ စိတ်ဝင်စားလာသည်။

ကျင်မေဂေဟာရှေ့သို့ ရောက်လျှင် လမင်းက တိမ်တိုက်တွင်း တိုးဝင်သွားသဖြင့် အမှောင်ကြီးစိုးနေသည်။ အခန်းထဲတွင်မူ ဖယောင်းတိုင်မီး အလင်းရောင် ရှိနေပြီး စကားသံ တသံမျှ ထွက်မလာ။ ရှောက်ကတော် အလွန်ပင် စိုးရိမ်ကာ တံခါးကို လက်ဝါးဖြင့် ရိုက်ပုတ်တွန်းဖွင့်လိုက်သည်။

'ဝုန်း..'

'ဘယ်သူလဲ'

တံခါးပွင့်သံနှင့်အတူ တည်ငြိမ်အေးဆေးသော စကားသံက ပေါ်ထွက်လာသည်။ မယ်တော်ကြီးသည် ကုလားထိုင်ပေါ်တွင် တည့်မတ်စွာ ထိုင်မြဲထိုင်နေလျက် အမေကျန်ဆိုသော အဘွားကြီးကမူ နံဘေးတွင် ငြိမ်သက်စွာ ရပ်နေသည်။ ရှောက်ကတော်ရင်ထဲမှ အပူလုံးကြီး ဝုန်းခနဲ ကျသွားရသည်။ မိမိ၏ စိုးရိမ်ပူပန်ကြီးမားမှုအတွက်လည်း အနည်းငယ် ရှက်သလို ဖြစ်မိသည်။

'မယ်တော်ကြီးကို ရန်သူက လာပြီး ကျူးကျော်နှောင့်ယှက်တယ် ထင်လို့ ကျမဝင်လာခဲ့မိတာပါ၊ ကျမအတွက်ကြောင့် မယ်တော်ကြီး အနှောင့်အယှက် ဖြစ်သွားရတာကို ခွင့်လွှတ်ပါရှင်'

မယ်တော်ကြီးက ပြုံးသည်။

'ရှောက်ကတော်က ငါ့လုံခြုံရေးအတွက် စိုးရိမ်ပူပန်မိတာကို ငါက ကျေးဇူးတောင် တင်ရမှာပါကွယ်၊ ဘယ့်နှယ် အပြစ်မြင်ရမှာလဲ'

'ကျမမှာ လုပ်စရာ ကိစ္စတွေ ရှိနေပါသေးတယ်၊ မယ်တော်ကြီးတို့ ဘာမှ ပြဿနာ မရှိဘူးဆိုရင် ကျမကို သွားခွင့်ပြုပါ၊ ဩော်...အမေကျန် တကယ်လို့ မသင်္ကာစရာ လူဝင်လာတာကို တွေ့ရင် အသံကျယ်ကျယ်နဲ့ အော်လိုက်ပါ၊ ကျမတို့ အပြင်ဘက်မှာ အသင့်ရှိနေပါ့မယ်'

'ကောင်းပါပြီ ရှောက်ကတော်'

ရောက်ကတော်သည် ရောက်ချူးရွှေကို ခေါ်ကာ ကျင်မေဂေဟာ အပြင်ဘက်သို့ ထွက်ခဲ့သည်။ တိမ်တိုက်အောက်မှ ပြူထွက်လာသဖြင့် လမင်းအလင်းရောင်က အပြင်ဘက်တွင် လင်းလင်းချင်းချင်း ပြန်ဖြစ်လာသည်။ အပြင်သို့ ရောက်သည်နှင့် ရောက်ကတော်က သူ့ဓားရှည်ကို ဆွဲထုတ်လိုက်သည်။

'ချူးရွှေ မင်းဓားကို ဆွဲထုတ်ထားလိုက်၊ ရန်သူက ခြံဝင်းထဲကို ထိုးဖောက်ဝင်ရောက်လာခဲ့ပြီ ဆိုတော့ လက်ချည်း သက်သက်သွားလို့ မဖြစ်တော့ဘူး'

ရောက်ချူးရွှေလည်း ဓားရှည်ကို ဆွဲထုတ်လိုက်သည်။ ထိုခဏအတွင်းမှာပင် လက်ခုပ်သံနှင့်အတူ သီချင်းသံတသံ ထွက်ပေါ်လာသည်။ လရောင်အောက်တွင် လူတယောက်က သီချင်းဆိုနေပြီး ကျန်နှစ်ယောက်က လက်ခုပ်တီးပေးနေသည်။ ဆိုပုံဆိုပေါက်က မကျနမကောင်းမွန်သော်လည်း သီချင်းစာသားက စိတ်ဓာတ်တက်ကြွဖွယ် ကောင်းလှသည်။ သီချင်းဆုံးလျှင် ထိုသူသုံးယောက်က ရှေ့သို့ လှမ်းလျှောက်လာသည်။

ရောက်ကတော် မျက်လုံးမှေးကြည့်လိုက်ကာ...

'မင်းတို့က သုံးမျိုးထူးချွန်ဓားနတ်ဆိုးရဲ့ တပည့်တွေလား'

သုံးမျိုးထူးချွန်ဓားနတ်ဆိုး ခုံယန်ချင်၏ လက်အောက်တွင် မဟာဓားသမားသုံးယောက် ရှိသည်ကို ရောက်ကတော်က သိထားခဲ့သည်။ ယခု လူသုံးယောက်၏ ကိုယ်ပေါ်တွင် ဓားကိုယ်စီ ချိတ်ဆွဲထားပြီး တလက်က ရှေးဟောင်းဓား၊ တလက်က နာမည်ကျော်ကြားဓား၊ တလက်က ဓားမြတ်တစင်း ဖြစ်နေသဖြင့် ရောက်ကတော်က မေးလိုက်ခြင်း ဖြစ်ပေသည်။ သီချင်းဆိုသောလူက ရောက်ကတော်ကို အရိုအသေပြုကာ...

'ကျနော် ရောက်ကတော်ဆီက ပစ္စည်းတခု တောင်းဆိုပါရစေ'

'ဘာပစ္စည်းလဲ'

'လူတယောက်'

'ဘယ်သူလဲ'

ကျင်မေဂေဟာဘက်သို့ လက်ညှိုးညွှန်ပြသည်။ ရောက်ကတော် ခေါင်းကို ခါယမ်းလိုက်၏။ သီချင်းဆိုသူက သက်ပြင်းတချက်ချကာ ဘာမျှမတတ်နိုင်သကဲ့သို့ သူနှင့်အတူပါလာသူ နှစ်ယောကအား ပခုံးတွန့် ပြလိုက်သည်။ တယောက်က ပြုံးလိုက်ကာ တယောက်က အင်္ကျီစကို ဝှေ့ယမ်းသည်။ သီချင်းဆိုသူက...

'ဒါဆိုရင် ကျနော်တို့ မလွှဲမရှောင်သာ ရင်ဆိုင်ရပါတော့မယ်'

ပြောပြောဆိုဆိုပင် ဓားကို ဆွဲထုတ်လိုက်သည်။ သူ့အမူအရာကလည်း ရုတ်ခြည်းပင် လေးနက်တည်ကြည်သွား၏။ ဓားသွားက လရောင်တွင် ပြိုးပြိုးပြက်ပြက် လက်သွားသည်။ ဝိုမေဂိုဏ်း၏ အထွတ်အထိပ် အသက်ခြွေဓားကွက်ပင်တည်း။ ဓားထွက်လာသည်နှင့် ရောက်ချူးရွှေသည် သူ့မိခင်ရှေ့သို့ ခုန်ဝင်ကာ တားဆီးထားလိုက်သည်။ သူ့လက်ထဲမှ ဓားရှည်က သူပိုင်ဓားမဟုတ်။ သူ့ဓားမှာ သံဗဏ်လက်ကောက် ပိုးထင်းယိနှင့် တိုက်ခိုက်စဥ်က ပျက်ဆီးကြေမွသွားခဲ့ပေပြီ။ မိခင်နှင့်အတူ ထွက်လာစဥ် အလျင်းသင့်ရာ ဓားတလက် ကောက်ယူလာခဲ့ခြင်း ဖြစ်၏။ သီချင်းဆိုသူက ခပ်စောင်းစောင်းခြေလှမ်း နှစ်လှမ်းလှမ်းသည်။ ရောက်ချူးရွှေကလည်း လိုက်လှမ်း၏။ ထို့နောက် နှစ်ယောက်သားမှာ တိုက်ခိုက်ခြင်းမပြုသေးဘဲ တယောက်ကို တယောက် စူးစိုက်ကာ စောင့်ကြည့်နေကြသည်။ ထိုအကြည့်တွင် တိုက်ပွဲအငွေ့အသက်များ လွှမ်းနေသည်။

အင်္ကျီစဝှေ့ယမ်းလိုက်သောလူက ရောက်ကတော်ကို ခါးညွှတ် အရိုအသေပြုကာ..

'လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က ရောက်ကတော်ရဲ့ ကြက်ခြေခတ်ဥာဏ်ဓားဟာ သိုင်းလောကမှာ ထင်ရှားကျော်ကြားလှပါတယ်၊ ငါးမန်းဂိုဏ်းကို နှိမ်နင်းချေမှုန်းနိုင်ခဲ့သလို မိကျောင်းနက် စာချီကွမ်ကို သတ်ဖြစ်ဆုံးမခဲ့တယ်၊ လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်လောက်က ချန်ဆားလူဆိုး ကိုးယောက်ကိုလဲ သုတ်သင်ပစ်ခဲ့လို့ သိုင်းလောကမှာ ဂုဏ်သတင်းကြီးလှပါတယ်၊ ဒါပေမယ့် အဲဒီတုန်းက ကျတော်ဟာ ပခက်တွင်းမှာပဲ ရှိနေခဲ့သေးတယ်'

ရောက်ကတော်မှာ မိမိကို ချီးမွမ်းပြောဆိုနေသဖြင့် ရန်သူပင် ဖြစ်သော်လည်း စိတ်ထဲတွင် ကျေနပ်ပီတိဖြစ်နေမိသည်။

'ဒါတွေကို ထပ်ပြောမနေပါနဲ့၊ ရေလှိုင်းဆိုတာ ရှေ့ကရေလှိုင်းကို နောက်ကလှိုင်းက တွန်းဖိတတ်တာပဲ၊ အသက်အရွယ် ပိုကြီးမားပေမယ့် သိုင်းပညာ အဆင့်မြင့်ချင်မှ မြင့်မှာပေါ့'

'ကျနော်နဲ့ ရောက်ကတော် နှိုင်းယှဉ်ကြည့်မယ် ဆိုရင်တော့ ကျနော်က နောင်လာနောင်သား တယောက်ပါ၊ ရောက်ကတော်ရဲ့ ကြက်ခြေခတ်ဉာဏ်ဓားကို စမ်းကြည့်ချင်ပေမယ့် အလုမ်းကွာဝေးတာကြောင့် မိကျောင်းမင်းရေခင်း မပြရဲပါဘူး၊ ဒါပေမယ့်..'

အကျီစင့်ယမ်းသူက စကားကို ဆုံးအောင်မပြော။ ချီတုံချတုံ စဉ်းစားဟန်ပြုပြီးမှ…

'ဒါပေမယ့် ဆရာ့အမိန့်အရ လူတယောက်ကို ခေါ်သွားရမယ့် တာဝန်ရှိပါတယ်၊ ဒါကို ရောက်ကတော်ကလဲ သဘောမတူဘူး၊ ကျနော်ကလဲ မယှဉ်ပြိုင်နိုင်ဘူးဆိုတော့ အခက်တွေ့နေရပါတယ်၊ ရောက်လာပြီဆိုတော့လဲ ဆရာ့အမိန့်ကို မနာခံလို့ မဖြစ်ပြန်ဘူး၊ ကိုယ့်အခြေအနေကို ကိုယ်သိပေမယ့် စွမ်းအားရှိသလောက်တော့ ရောက်ကတော်နဲ့ ရင်ဆိုင်ရပါလိမ့်မယ်'

ရောက်ကတော် စိတ်ထဲက ကျိတ်၍ ရယ်လိုက်မိသည်။ စကားကို လှည့်ပတ်ပြောကာ သူ့ကို မထိခိုက်စေရန် တောင်းပန်နေခြင်း ဖြစ်မည်ဟုလည်း တွေးလိုက်မိသည်။

'ကိစ္စမရှိပါဘူး၊ ဒါဆိုရင် အရှုံးအနိုင်ပေါ်ရုံလောက်ပဲ တို့ယှဉ်ပြိုင်တာပေါ့'

အကျီစ ခါယမ်းသူက ဦးညွှတ်ပြန်ကာ…

'ကျနော် မလွဲမရှောင်သာလို့ ရင်ဆိုင်ရတာပါ၊ ရောက်ကတော် ကျနော့်ကို ခွင့်လွှတ်ပြီး သက်ညှာပါ'

'မင်းရဲ့ ဆရာအတွက် မင်းအလုပ်လုပ်ရတာပဲ၊ မင်းတာဝန်ကို ငါအပြစ်မယူပါဘူး၊ ဓားကိုသာ ထုတ်လိုက်ပါ၊ မင်းထိခိုက်မှု မရှိစေရဘူးလို့ ငါတာဝန်ယူပါတယ်'

အကျီစခါယမ်းသူက ဓားအိမ်တွင်းမှ ဓားရှည်ကို ဖြည်းညင်းစွာ ဆွဲထုတ်သည်။ ဓားရှည်ထွက်လာသည့်အသံက ခေါ်သံအလား ချောက်ချားဖွယ် ကောင်းလှသည်။ ရောက်ကတော် မျက်လုံး အရောင် ပြောင်းသွား၏။

'ဒီဓားနာမည်က ကျောက်ချန်ရှောက် ဓားလား'

'ဟုတ်ပါတယ်၊ ရောက်ကတော် ဆုံးမသွန်သင်ပေးပါဦး'

အကျီစင့်ယမ်းသောသူက ပြောပြောဆိုဆိုပင် ဓားကို ဦးခေါင်းအထက် ပင့်မြှောက်ကာ ခါးညွှတ်ချလိုက်ရာ ဓားထိပ်ဦးက မြေပြင်နှင့် ထိသွားသည်။ တဖက်သားက အရိုအသေပြုလာသည်မို့ ထိခိုက်နစ်နာမှု မဖြစ်စေရန် ရောက်ကတော်သည် ဓားကို ဘယ်လက်သို့ ပြောင်းလဲ ကိုင်ဆောင်လိုက်သည်။

'အရိုအသေ သိပ်မပေးပါနဲ့၊ တိုက်ကွက်သာထုတ်ပေတော့'

အကျီစင့်ယမ်းသောသူက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။ ထို့နောက် ဓားကို ပန်းပွင့်ပုံသဏ္ဌာန် ဝှေ့ယမ်းပြီး တိုက်ထုတ်ဟန် ပြင်သည်။ သို့သော် ဓားရှည်က တိုက်ကွက်မဟုတ်။ ဘယ်လက်ကိုသာ ရုတ်တရက် ပင့်မြှောက်လိုက်သည်။

'ဝှစ်'

ဓားချွန်က ညာဘက်ပခုံးထဲသို့ တလက်မခန့် စိုက်ဝင်သွားသည်။ ရောက်ကတော် အထိတ်တလန့်ပင် နောက်သို့ သုံးလှမ်း ခုန်ဆုတ်လိုက်သည်။ သူ့မျက်နှာသည်လည်း လရောင်အောက်တွင် ဖြူဖပ်ဖြူရော် ဖြစ်သွားတော့သည်။ထိုအချိန်မှာပင် ရောက်ချူးရွှေသည် မိခင်ဘက်သို့ အာရုံတချက် ပျံ့လွင့်သွားသည်။ ထိုအခွင့်ကောင်းကိုယူကာ သီချင်းဆိုသူက စတင်လှုပ်ရှားလာသည်။ ဓားရှည်ကို ဝင့်လိုက်သော်လည်း လမ်းခုလတ်တွင်ပင်

ဓားရိပ်တန့်သွားပြီး နောက်ထပ်ဓားတစင်းက ရိပ်ခနဲ ဝင်လာသည်။ ရှောက်ချူးရွှေမှာ အာရုံလွင့်သွားသော်လည်း ကာကွယ်မှုကို သတိထားနေသဖြင့် ဓားရှည်ကို လျှပ်တပြက် ဝှေ့ယမ်းလိုက်သည်။

'ထန်း…'

'ခြွမ်း..'

သံသံချင်း ထိခတ်သံနှင့်အတူ ရှောက်ချူးရွှေ၏ ဓားရှည်မှာ ထက်ပိုင်းကျိုးပြတ်သွားတော့သည်။ ထိခတ်မိသော ဓားပျံသည်လည်း မည်သည့်နေရာသို့ လွင့်စဉ်ထွက်သွားသည် မသိတော့။ ရှောက်ချူးရွှေ ရုတ်ချည်းပင် ရှောက်ကတော်ရှေ့မှ ခုန်ဝင်တားဆီးလိုက်ပြန်သည်။ သူ့လက်ထဲတွင် ဓားမရှိတော့။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ လူသုံးယောက်အား စူးစိုက်ကြည့်နေသည်။ တခဏအတွင်းမှာပင် ရှောက်ကတော်၏ ပခုံးကို ဒဏ်ရာရစေလျက် ရှောက်ချူးရွှေ၏ဓားအား ဖျက်ဆီးပစ်လိုက်သော ဓားပျံ၏ စွမ်းအင်ထက်မြက်မှုက အံ့မခန်းစရာပင်။ ရှောက်ကတော် စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားမိသည်။

'မင်းတို့ သုံးမျိုးထူးချွန်ဓားနတ်ဆိုးရဲ့ တပည့်တွေ မဟုတ်ဘူး'

ထိုသူသုံးယောက် ပြိုင်တူရယ်မောလိုက်ကြသည်။ တဆက်တည်းပင်…

'မိုးမြေခွေးက လမင်းကိုတောင် ဓားတဝက်နဲ့ ဝိဥာဉ်ခြွေ၊ မီးအိမ်နီသရဲအရိပ်၊ ဓားတချက်နဲ့ အသက်ထွက်'

အသံက တညီတညာတည်း သံပြိုင်ထွက်လာသည်။ အသံဆုံးသည်နှင့် သီချင်းဆိုသောသူက…

'ကျုပ်နာမည်ဆားယွင်လို့ခေါ်တယ်၊ ဓားပျံနတ်ဆိုး ဆားချန်သိန်းကို ခင်ဗျားကြားဖူးမှာပေါ့၊ သူက ကျုပ်တို့ ဆရာပဲ'

အင်္ကျီစ ဝှေ့ယမ်းသောသူကလည်း…

'ကျုပ်နာမည် ဆားကျန့်၊ လက်ထွက်ရင် လျှပ်ပြက်သလို မြန်တယ်၊ ကျုပ်တို့ရဲ့ ဆောင်ဓားက ခင်ဗျားတို့ ဓားရှည်ကို ဟန့်တားရုံပဲရှိတယ်၊ ခုံယန်ချင်ရဲ့ တပည့်လို့ထင်မှားအောင် တမင်ဖန်တီးထားတာလဲ ဖြစ်တယ်၊ ကျုပ်တို့သုံးတာ ဓားပျံ၊ ဘယ်နှယ့်လဲ၊ ကျုပ်ဓားပျံက လျှပ်စီးလက်တာနဲ့ မတူဘူးလား'

ကျန်တယောက်ကလည်း ဝင့်ဝါစွာပင်…

'ကျုပ်က ဆားလွေ့၊ ကျုပ်လုံးဝ မလှုပ်ရှားသေးဘူး၊ လှုပ်ရှားရင် ဘယ်လိုဆိုတာ နောက်တော့ သိလိမ့်မယ်၊ နောက်ထပ် ကျုပ်တို့ အကိုကြီး ဆားဖုန်းဆိုတာ ရှိသေးတယ်၊ သူက လှုပ်ရှားရာမှာ လေပြင်းလို လျင်မြန်တယ်၊ အခုလောက်ဆိုရင်…'

ဆားလွေ့ကတော့ မဆက်ပဲ အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။ ရှောက်ကတော် ဣန္ဒြေဆယ်မရအောင် မျက်နှာပျက်သွား၏။ ဆားချန်သိန်းတွင် သားတပည့်လေးယောက် ရှိသည်။ ယခု ဆားဖုန်းရှိမနေ။ ကျင်မေဂဟာသို့ သွားခဲ့လေပြီလား။ ရှောက်ချူးရွှေလည်း ရင်ထိတ်သွားသည်။ ဖခင်ဖြစ်သူတို့ဘက်တွင် မည်သို့ရှိမည်မသိ။ မိမိတို့ ဘက်တွင်ကား စတင်သည်နှင့် အရှုံးကို ရင်ဆိုင်နေရပြီ။ မိခင်ဖြစ်သူ ပခုံးတွင် ဒဏ်ရာတချက် ရခဲ့သည်။ မိမိ၏ ဓားရှည်လည်း ကျိုးပြတ်ပျက်စီး သွားခဲ့ပြီ။ ဤရန်သူ သုံးယောက်အား မည်ကဲ့သို့ ရင်ဆိုင်ခုခံနိုင်ပါမည်နည်း။ ရှောက်ချူးရွှေ တွေးနေစဉ်မှာပင် ရှောက်ကတော် ရုတ်တရက် လှုပ်ရှားလိုက်သည်။ ကိုယ်ကို တစောင်းလှည့်ကာ ကျင်မေဂေဟာ တံခါးရှေ့သို့ ခုန်ဝင်သည်။

'ဝုန်း…'

တံခါးကို ခြေထောက်ဖြင့် ဆောင့်ကန်ဖွင့်လိုက်သည်။ အထဲတွင် ဖယောင်းတိုင် မီးအရောင် လက်လက်ရှိနေသည်။ လူဆို၍ တဦးတယောက်မျှ ရှိမနေ။ ဘယ်ရောက်သွားပြီလည်း။ ဆားဖုန်း၏ ဖမ်းဆီးခြင်းကို ခံခဲ့ရလေပြီလား။

## “အခန်း–၇”

ရှောက်ကတော်တို့ တဖက်မှ ရင်ဆိုင်နေရသလို ရှောက်ဂေဟာ အိမ်တော်၏ ခြံဝင်း ပတ်ဝန်းကျင်တွင်လည်း တိုက်ပွဲများ ဖြစ်ပေါ်ခဲ့သည်။ ပထမအကြိမ်အဖြစ် ဩဇာအာဏာဂိုဏ်းသား ဆယ့်တစ်ယောက် ဝင်းနံရံကို ခုန်ပျံကျော်လွှား ဝင်ရောက်လာသည်။

နဂါးအသင်းမှ အဆင့်မြင့်သိုင်းသမား ၇ ယောက်နှင့် ဆုံ၏။ နဂါးအသင်းသည် တိုက်ခိုက်ရေးတွင် တာဝန်ယူထား ရသဖြင့် သူတို့၏ သိုင်းသမားများက ကျန်အသင်းများထက် မြင့်မား အကောင်းမွန်ဆုံး ဖြစ်ပေသည်။ သို့သော် ဩဇာအာဏာ ဂိုဏ်းသား ဆယ့်တစ်ယောက်နှင့် ယှဉ်ပြိုင်သောအခါ အားလုံးပင် သေဆုံးခဲ့ရ၏။ ဩဇာအာဏာဂိုဏ်းသားထဲတွင် လည်း တယောက်သာ အသက်ရှင် ထွက်ပြေး လွတ်မြောက်သွားသည်။ ထိုတယောက်မှာ ခြံဝင်းနံရံကို ကျော်လွှားကာ အိမ်တံခါးရှေ့ သစ်ပင်တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

ဒုတိယအကြိမ်တွင် ဩဇာအာဏာဂိုဏ်းသား ၁၇ ယောက် ထပ်မံ ရောက်ရှိလာပြန်သည်။ ထို ၁၇ ယောက်အား ဦးဆောင်လာသူမှာ ပထမအကြိမ်က ထွက်ပြေးလွတ်မြောက်ခဲ့သူ ဖြစ်၏။ သူတို့သည် ဒုတိယ ကျော်လွှားသော စင်္ကြံရှည်ကြီးကို ဖြတ်ကာ ပင်မခန်းမဆောင်ကြီးထဲသို့ လျှောက်ဝင်လာသည်။ တနေရာသို့အရောက်တွင် နဂါးအသင်းဓားသမား ၁၆ ယောက်နှင့် တွေ့ဆုံသည်။ ဒုတိယအသုတ် ရောက်ရှိလာသူများမှာ ပထမအသုတ်ထက် သိုင်းပညာ အဆင့်မြင့်ပုံရသည်။

နာရီဝက်ကြာခန့် တိုက်ခိုက်ကြရာ နှစ်ဘက်စလုံး အကျအဆုံး များသည်။ နဂါးအသင်းမှ သုံးယောက်သာ ကျန်ရစ်ပြီး ဩဇာအာဏာဂိုဏ်းမှ ငါးယောက်သာ အသက်ရှင် ဆုတ်ခွာနိုင်သည်။ ထိုငါးယောက်သည်လည်း သစ်တောထဲသို့ပင် တိုးဝင်ပျောက်ကွယ်သွားပြန်သည်။

ထိုအဖြစ်အပျက်များအား ထန်တာ့၊ ရှောက်စီးလိုနှင့် ကျူးရှာဂူတို့ သုံးယောက် မိုးသံနားထောင်ဂေဟာ အပေါ်ထပ်မှ စောင့်ဆိုင်း ကြည့်ရှုနေခဲ့ကြသည်။ ဒုတိယအသုတ် ဩဇာအာဏာဂိုဏ်းသားများ ဆုတ်ခွာအပြီးတွင် ထန်တာ့က သူ့စိတ်ထဲ မရှင်းမလင်း ဖြစ်နေသည်ကို မေးသည်။

‘ဂိုဏ်းချုပ်ကြီးရှောက်…ဂေဟာခြံဝင်းရဲ့ အတွင်းနဲ့အပြင်မှာ အဆင့်မြင့်သိုင်းသမား ၇၀၊ ၈၀ လောက် ပုန်းအောင်းနေကြသေးတယ် မဟုတ်လား၊ ဘာဖြစ်လို့ သူတို့က တိုက်ပွဲမှာ ဝင်မတိုက်ကြရတာလဲ’

‘ကျုပ်အမိန့် မရရင် သူတို့ ဘယ်တော့မှ ဝင်တိုက်ခိုက်မှာ မဟုတ်ဘူး’

ထန်တာ့ ငြိမ်သွားသည်။

ညလေအေးက တသုန်သုန် တိုက်ခတ်နေသည်။ ရှောက်စီးလို၏ ငွေရောင်မုတ်ဆိတ်မွေးများက လေနှင့်အတူ လှုပ်ရှားဝေ့ဝဲနေသည်။

‘စင်္ကြံအပေါ်အောက်၊ ရေကန်အတွင်းအပြင်၊ ဂေဟာဘေးပတ်ဝန်းကျင်၊ အခန်းတွေရဲ့ ဘေးဘက် အောက်ဘက်တွေမှာ စုစုပေါင်း ကင်းပုန်းချထားတဲ့လူ ၁၄၆ ယောက် ရှိသေးတယ်’

ထန်တာ့ သက်ပြင်းချလိုက်သည်။

‘တယ်လဲ ကျစ်လစ်သိပ်သည်းတဲ့ ရှောက်ဂေဟာပါလား၊ ဘယ်လိုရည်ရွယ်ချက်နဲ့ အခုလို စောင့်ဆိုင်းနေရတာလဲ ဆိုတာ သိပါရစေ’

‘ပထမအသုတ် ရောက်လာတဲ့ ဩဇာအာဏာဂိုဏ်းက ကျုပ်တို့ရဲ့ အင်အားကို စမ်းသပ်ကြည့်တာပါ၊ ကျုပ်တို့ လူဦးရေ သိပ်မများတာကို တွေ့တော့ မယုံကြည်ကြဘူး၊ ဒါနဲ့ ဒုတိယအသုတ် စေလွှတ်လိုက်ပြန်တယ်၊ ကျုပ်တို့ လူဦးရေက နည်းလဲနည်းနေသေးတယ်၊ ဒါကြောင့် သူတို့စိတ်ထဲမှာ နည်းနည်းယုံကြည်မှု ရှိလာတယ်၊ ဒါပေမယ့် သူတို့ကလဲ အင်အားအလုံးအရင်း မသုံးသေးဘူး၊ ဒီအချိန်မှာ ကျုပ်တို့ ရှိသမျှ အင်အားတွေ ထုတ်သုံးပြလိုက်ရင် တဖက်လူက ကျုပ်တို့အင်အားကို သိသွားပြီး ဘယ်လို ဗျူဟာဆင်ရမယ်ဆိုတဲ့ အချက်တွေ သိသွားမှာပေါ့’

ထန်တာ့စိတ်ထဲမှ ရှောက်စီးလို၏ အစီအမံကို ချီးကျူးနေမိလေတော့သည်။ ထိုအချိန်မှာ ဩဇာအာဏာဂိုဏ်းသား ၇၂ ယောက်တို့သည် ခြံဝင်းတံခါးမကြီးကို ကန်ကျောက်ဖွင့်ကာ ရဲရဲတင်းတင်း ဝင်ရောက်လာကြသည်။ သူတို့နှင့် မလှမ်းမကမ်း ညာဖက်နှစ်ဘက်ဆီမှလည်း ဩဇာအာဏာဂိုဏ်းသား ၂၄ ယောက်စီ တိတ်တဆိတ် ရောက်လာပြန်သည်။

ထို ၄၈ ယောက်တို့၏ ကိုယ်ဟန်လှုပ်ရှားမှုကို ကြည့်ရုံနှင့် သိုင်းပညာအမြင့်မားဆုံးအဖွဲ့ တဖွဲ့မှ ဖြစ်ကြောင်း သိသာနိုင်ပေသည်။

ထိုအသုတ်နှစ်သုတ်တို့ ပင်မ ခန်းမဆောင်ကြီးသို့ အရောက်တွင် နဂါးအသင်းသာ ဆယ်ယောက်ကျော်နှင့် ရင်ဆိုင်တိုးသည်။ အင်အားမမျှသဖြင့် နဂါးအသင်းရှုံးနိမ့်ကာ အတွင်းခြံဝင်းထဲသို့ ဆုတ်ခွာသည်။ နောက်ထပ် နဂါးအသင်းသား ဆယ်ယောက်ကျော်က ထပ်၍ စစ်ကူဖြည့်သည်။ မကြာမီမှာပင် နဂါးအသင်းသား ထက်ဝက်ကျော် သေဆုံးကာ တချို့ ဒဏ်ရာရကြသည်။ မတတ်နိုင်သဖြင့် ယန်စီကျန်မြစ် ဓားခန်းထဲသို့ ဆုတ်ဝင်ကြသည်။ ဩဇာအာဏာဂိုဏ်းသားများကလည်း လိုက်လံတိုက်ခိုက်သည်။

အခြေအနေက ရုတ်ခြည်း ပြောင်းလဲသွား၏။ စောစောက ငါးယောက်ခြောက်ယောက်ခန့်သာ ကျန်ရှိသော နဂါးအသင်းသား ဓားသမားများမှာ အင်အား ၅၀ ကျော်ခန့် ဖြစ်လာသည်။ နံရံအပြင်ဘက်၊ အိမ်ခေါင်မိုးပေါ်၊ အခန်းအပြင်ဘက်တို့တွင် ဓားသမား ၁၀၀ ခန့် တိုးပွားလာပြန်သည်။ သိမ်းငှက်အသင်း၊ ခွေးအသင်း၊ ကျားအသင်းတို့ ပင်တည်း။ ဩဇာအာဏာဂိုဏ်းသားများမှာ အနိုင်ရပြီဟု ဂုဏ်ယူဝင့်ကြွားကာ မဆင်မခြင် ရှေ့သို့ တိုးဝင်ခဲ့သဖြင့် ဝိုင်းဝန်းပိတ်ဆို့ထားခြင်း ခံလိုက်ရတော့သည်။

ထိုအချိန်တွင် အသက်ငယ်ရွယ်ကြွံခိုင်သော လူငယ်တယောက် မိုးသံနားထောင်ဂေဟာ အပေါ်ထပ်သို့ ရောက်လာသည်။ သူ့မျက်လုံးအစုံက စူးရှတောက်ပြောင်နေပြီး ရောက်စီးလိုအား စကားအနည်းငယ်ဆိုသည်။

'တယောက်မှ အသက်ရှင်လျက် မကျန်စေနဲ့'

ရောက်စီးလို၏ အမိန့်ချမှတ်သံကသာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထိုလူငယ် ချက်ချင်းပင် ထွက်သွားသည်။ သူထွက်ခွာပြီး တခဏမှာပင် ခုတ်ထစ်တိုက်ခိုက်သံများက မိုးယံသို့ ထိုးဖောက်မတတ် ဆူညံသွားတော့သည်။

'ခုနကလူက ဘယ်သူလဲ'

ထန်တာ့က ရောက်စီးလိုကို မေးသည်။ ရောက်စီးလိုက သူ့မုတ်ဆိတ်မွေးများကို ပွတ်သပ်ကာ...

'နဂါးအသင်းခေါင်းဆောင် ကျန်းချန်ကုန်း'

ထန်တာ့ ခေါင်းညိတ်သည်။ တမဟုတ်ချင်းမှာ တိုက်ခိုက်ခုတ်ထစ်သံများ တိတ်ဆိတ်သွားသည်။ ကျန်းချန်ကုန်းလည်း မိုးသံနားထောင် အပေါ်ထပ်သို့ တက်လာပြန်သည်။

'ရောက်လာတဲ့ ရန်သူ ၁၂၀ မှာ တယောက်မှ အသက်ရှင်လျက် မကျန်တော့ပါဘူး၊ ကျနော်တို့ နဂါးအသင်းက ၃၃ ယောက်၊ သိမ်းငှက်အသင်းက ၁၉ ယောက်၊ ခွေးအသင်းက ၆ ယောက်၊ ကျားအသင်းက ၄ ယောက် ကျဆုံးပါတယ်'

ကျန်းချန်ကုန်းက အစီရင်ခံသည်။ ရောက်စီးလို ခေါင်းညိတ်ပြလိုက်လျှင် အောက်သို့ ပြန်ဆင်းသွားသည်။

'သိုင်းလောကသားတွေက တုကျုံးနယ် ထန်မျိုးဆက် ရဲတိုက်ကို နတ်နဂါးဂူ၊ ကျားရဲဂူလို့ သတ်မှတ်ပြောဆိုခဲ့ကြတယ်၊ တကယ်တော့ ပန်းချောင်းဓားဂိုဏ်း ရောက်မိသားစုဂေဟာကမှ ကြေးနံရံ သံနံရံကြီးပဲ'

ထန်တာ့က မှတ်ချက်ချ ရေရွတ်သည်။ ထိုအချိန်မှာပင် ခြံဝင်းအပြင်ဘက် မှောင်ကြီးမဲမဲထဲမှ လူနှစ်ယောက် လျှောက်ထွက်လာသည်။ ရောက်စီးလို မျက်နှာ ချက်ချင်းပင် တင်းခနဲ ဖြစ်သွား၏။

'အခုက ရန်သူ ရောက်လာပြီ'

ရောက်လာသူမှာ အဘိုးကြီးတယောက်နှင့် လူငယ်တယောက် ဖြစ်ပေသည်။ အဘိုးကြီးက အသားမည်း၍ လူငယ်မှာ ဖြူဖပ်ဖြူရော် ဖြစ်သည်။ အဘိုးကြီးက ရှေ့မှ လျှောက်လာပြီး လူငယ်က နောက်မှ လိုက်လာသည်။ လမ်းလျှောက်သည့် ပုံစံက လူသေအလောင်းကဲ့သို့ ဖြောင့်မတ်တောင့်တင်းကာ အေးတိအေးစက် လျှောက်လာသည်။

'ဗုာကူးဖန့်ပါလား'

ရောက်စီးလိုနှင့် ထန်တာ့တို့၏ စကားသံမဟုတ်။ တေမိကဲ့သို့ ငြိမ်သက်တိတ်ဆိတ်နေသော ကျူးရှာဝူ၏ ပထမဆုံး စကားသံသာ ဖြစ်ပေသည်။ ဗုာကူးဖန့်၏ နောက်တွင် လိုက်ပါလာသော လူငယ်မှာ သူ့တပည့်ရင်း နန်ကုန်းရှုံဟွမ် ဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိချေ။

နန်ကုန်းမျိုးဆက် မိသားစုသည် ယခင်က သိုင်းလောကတွင် နာမည်ကျော်ကြား ဂုဏ်သတင်းကြီးလှပေသည်။ ရိုးသားဖြောင့်မတ်ပြီး သစ္စာတရားကို လက်ကိုင်ထားသူများအဖြစ်လည်း အဖြူရောင်သိုင်းလောကတွင် သတင်းမွှေးသည်။

ယခုသော်ကား နန်ကုန်းရှုံးပွမ်မှာ သြဇာအာဏာဂိုဏ်းထဲသို့ ဝင်ရောက်ကာ နန်ကုန်းမျိုးဆက်၏ အမည်နာမကို ဖျက်ဆီးခဲ့ချေပြီ။

သူတို့နှစ်ယောက်သည် လျှောက်လှမ်းလာရာမှ ရောက်ဂေဟာ၏ ခြံဝင်းတံခါးမကြီး ရှေ့အရောက်တွင် ခြေလှမ်းရပ်လိုက်ကြသည်။ လရောင်အောက်တွင် တောင့်တောင့်ကြီးရပ်ကာ ဝတ်စုံစများ လေနှင့်အတူ လွင့်ပျံနေသသည်မှာ တစ္ဆေသရဲနှစ်ကောင်အလား။

သူတို့နှစ်ယောက် ရပ်နေစဉ်မှာပင် နဂါးဓားသမား လေးယောက်က လေဟုန်အလား ဓားဆွဲထုတ်ကာ ထိုးခုတ်ကြသည်။ အဆင့်မြင့်ဓားသမားများ ဖြစ်သဖြင့် လျှပ်ပြက်သလို လျင်မြန်သည်။ သို့သော် သူတို့၏ ဓားသွားက ဗုကူးဖန့်နှင့် နန်ကုန်းရှုံးပွမ်ကို မထိမိ။ ရုတ်ချည်းပင် သူတို့လေးယောက်မှာ နောက်သို့ ပက်လက်လှန်လဲကျသေဆုံးသွားကြရလေသည်။

ဗုကူးဖန့်နှင့် နန်ကုန်းရှုံးပွမ်တို့ကား တုတ်တုတ်မျှပင် မလှုပ်။ လူလေးယောက်သေဆုံးသည်မှာ သူတို့နှင့် မသက်ဆိုင်သည့်အလား တောင့်တောင့်ကြီး ရပ်မြဲရပ်လျက် ရှိနေသည်တကား။

လမင်းက ပြည့်ပြည့်ရွှန်းရွှန်း ထိန်သာနေသည်။ တိမ်ကင်းစင်သွားသဖြင့် ကြယ်ပြောက်များသည် ညီလာခံဝင်နေကြသည်။ လေပြေက ညင်သာစွာ တိုက်ခတ်နေရာမှ ပြင်းထန်လာသည်။ ရောက်စီးလိုသည် ခြံဝဆီမှ မြင်ကွင်းကို ကြည့်ပြီး ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။

'ကျနော်သွားပါရစေ'

ထန်တာ့က ရောက်စီးလိုထံ ခွင့်ပန်သည်။ ရောက်စီးလိုက ခေါင်းခါယမ်း ရယ်မောလိုက်ကာ...

'ဒါက ညှော်သည်ကို ညှော်ခံတဲ့ နည်းလမ်း မဟုတ်ဘူး'

'ကျနော်က ညှော်သည်မှ မဟုတ်တာ'

ထန်တာ့နှင့် ရောက်စီးလိုတို့ နှစ်ယောက်အနက် တယောက်သာလျှင် အောက်သို့ ဆင်းသွားနိုင်ခွင့် ရှိလေသည်။ သြဇာအာဏာဂိုဏ်းဘက်မှ နှစ်ယောက်သာလာခဲ့သဖြင့် မိမိတို့ဘက်မှလည်း သိုင်းလောကစည်းကမ်းအရ နှစ်ယောက်တည်းသာ သွားရင်ဆိုင်သင့်ပေသည်။

'ထန်တာ့ သွားပါစေ၊ သူက အဆိပ်ပညာနဲ့ ပတ်သက်လို့ နားလည် တတ်ကျွမ်းတာပဲ'

ကျူးရှာဝူက ဝင်ပြောလာသဖြင့် ရောက်စီးလို မငြင်းသာ။ ထန်တာ့က ကျိုကျူးချောက်လန်နှင့် တိန်ယိဟန်ဘက်သို့ လှည့်ကာ...

'သူက တပည့်တယောက် ခေါ်လာတယ်ဆိုတော့ မင်းတို့နှစ်ယောက်ထဲက ဘယ်သူ ငါနဲ့ လိုက်ခဲ့ချင်သလဲ'

ကျိုကျူးချောက်လန်က အလျင်အမြန်ပင်...

'ကျနော် လိုက်ခဲ့မယ်'

'ရှင်..'

ဓားရှည်တလက်က ကျိုကျူးချောက်လန်၏ လည်မျိုကို ရုတ်တရက် တေ့ထောက်ထားလိုက်သည်။ တိန်ယိဟန်၏ ဓားရှည်ပင်တည်း။

'ငါက မင်းထက်ပိုရက်စက်တယ်၊ ငါလိုက်သွားမယ်'

မှန်ပေသသည်။ အဆိပ်တရာ နတ်ဆိုး၏ တပည့်ကို တိုက်ခိုက်လျှင် ရက်စက်မှ ဖြစ်ပေမည်။ ထိုပြင် တိန်ယိဟန်၏ တောင်ပင်လယ် ဟိုင်နန်ဓားသိုင်းပညာက သူမတူအောင် လျင်မြန်သွက်လက်မှုလည်း ရှိပြန်ရာ ထန်တာ့ သဘောကျ လက်ခံသွားသည်။

'ဟုတ်တယ်၊ တိန်ယိဟန် ငါနဲ့လိုက်ခဲ့၊ ကျိုကျူးချောက်လန်က ဖမ်းချုပ်လက်သိုင်းကိုသာ ကျွမ်းကျင်တာ၊ နန်းကုန်းရှုံပွမ်လို အဆိပ်တရာနတ်ဆိုးရဲ့ တပည့်ကို ဖမ်းချုပ်ဖို့ မပြောနဲ့၊ အသားချင်းထိမိလို့တောင် မဖြစ်ဘူး'

နန်ကုန်းရှုံပွမ်ကိုပင် ဤမျှလောက် သတိထားနေရလျှင် အဆိပ်တရာနတ်ဆိုး ဗုကူးဖန့် ဆိုလျှင်ကား ပြောစရာမရှိတော့။ ထန်တာ့နှင့် တိန်ယိဟန်တို့ နှေးကွေးတည်ငြိမ်စွာ ဆင်းလျှောက်လာခဲ့သည်။အဝင်တံခါးကို ဖွင့်ကာ

ကျောက်လှေကားထစ်များ အတိုင်း ဆင်းပြီး ဗုာကူးဖန့်တို့နှင့် ငါးပေခန့်အကွာတွင် ရပ်တန့် တွေ့ဆုံသည်။ တိန်ယိဟာန်က ထန်တာ့၏ နောက်ကျောဘက်တွင် တည်ငြိမ်စွာ ရပ်သည်။ ထန်တာ့က လှောင်ရယ် ရယ်လိုက်ပြီး…

'ကျန်းမာရဲ့နော်'

အဘိုးကြီး မျက်ခုံးနှစ်ဘက် ရှုတ်တရက် ကြွ့သွားသည်။

'သြ…မင်းကိုး'

'ဟုတ်တယ်၊ ကျုပ်ပဲ'

'စုံချွမ်းနယ် ထန်မျိုးဆက်က ဒီကိစ္စကို ဝင်မစွက်ဖက်လို့ မရဘူးလား'

'မရဘူး'

'ပြောသံကြားရတာတော့ မင်းလဲ အဆိပ်ပညာ တတ်တယ်ဆို'

'လက်နက်ပုန်းပညာ တတ်တဲ့လူဟာ အဆိပ်ပညာ မကျွမ်းကျင်ဘူးဆိုတာ မရှိသလောက်ပဲ'

'ဒါဆို မင်းသေပေတော့'

အဘိုးကြီးက ပြောပြောဆိုဆိုပင် ခါးညွှတ်လိုက်သည်။ တိန်ယိဟာန်သည် အဘိုးကြီးက အဆိပ်ထုတ်တော့မည်ကို သိလိုက်သော်လည်း မည်သို့ ရှောင်တိမ်းရမည်ကို မစဉ်းစားတတ်ပေ။ ထန်တာ့၏ လက်နှစ်ဘက်က ရှုတ်တရက် လက်နက်ပုန်အိတ်ထဲသို့ ထိုးသွင်းလှုပ်ရှားလိုက်သည်။ အိတ်ထဲမှ လက်ထုတ်လိုက်သည်နှင့် သူ့လက်ထဲတွင် လက်နက်ပုန်း ပစ္စည်းမှ ရှိမနေတော့။

'အား…'

နာနာကျင်ကျင် အော်ဟစ်လိုက်သံတသံ ထွက်ပေါ်လာလေသည်။ အဘိုးအိုထံမှ ထွက်ပေါ်ခြင်း မဟုတ်၊ လူငယ်ထံမှ ဖြစ်၏။ လူငယ် ယိုင်တိယိုင်ထိုး ဖြစ်ကာ လဲကျမတတ် ဖြစ်နေ၏။ အဘိုးကြီးမှာ ထိုအဖြစ်ကိုတွေ့လျှင် မျက်နှာတပြင်လုံး သွေးဆုတ်ဖြူရော်သွားသည်။ လူငယ်သည် ယိုင်တိယိုင်တိုးနှင့်ပင် ရှေ့သို့ ခြေလှမ်းသုံးလှမ်းခန့် တက်လာသည်။ သုံးလှမ်းအပြည့်တွင် ဆက်မလှုပ်ရှားနိုင်တော့။ ထန်တာ့အား မျက်လုံးပြူးကြည့်ကာ…

'မင်း…မင်း…ငါ့…ငါ့ကို…ဗုာကူးဖန့်မှန်း ဘယ်လို…ဘယ်လိုလုပ် သိသလဲ'

ထန်တာ့က မျက်နှာအမူအရာမပျက် တည်ငြိမ်စွာ ရပ်လျက်မှပင်…

'ကျုပ်ကလဲ အဆိပ်ပညာရှင်တယောက်ပဲ၊ မျက်စိအကြည့် တချက်ဝေ့လိုက်တာနဲ့ ဒီအဘိုးကြီးဟာ အဆိပ်ရည်စိမ်ထားတာ ငါးနှစ်တောင် မပြည့်သေးမှန်း သိလိုက်တယ်၊ ဗုာကူးဖန့်ဆိုတဲ့ ခင်ဗျားက လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကတည်းက သိုင်းလောကမှာ အဆိပ်ပညာရှင်တယောက် အဖြစ် ထင်ရှားခဲ့တာဆိုတော့ အသိသာကြီးပဲ' ထန်တာ့က အဘိုးကြီးအဖြစ် သရုပ်ဆောင်ထားသူကို တချက်မျှကြည့်လိုက်ပြီး လူငယ်အသွင် ရုပ်ဖျက်ထားသည့် ဗုာကူးဖန့်အား…

'ခင်ဗျားကသာ ဗုာကူးဖန့် ဖြစ်တယ်၊ သူက ခင်ဗျားတပည့် နန်ကုန်းရှုံဟွမ်ပဲ၊ သူ့ကို အသုံးချပြီး ခင်ဗျားက ကျုပ်ကို စိတ်အာရုံ လွဲမှားစေတယ်၊ ဒါမှ ခင်ဗျား အခွင့်ကောင်း ယူပြီး ကျုပ်ကို အဆိပ်နဲ့ တိုက်ခိုက်နိုင်မှာကိုး၊ ကျုပ်ကလဲ မသိဟန်ဆောင်ပြီး ခင်ဗျားကို တချက်တည်းနဲ့ တိုက်ခိုက် သတ်ဖြတ်ပစ်တာ မလွန်ပါဘူး'

လူငယ် ဟန်ဆောင်ထားသော ဗုာကူးဖန့်သည် ကျယ်လောင်စွာ အော်ဟစ်လျက် ရှေ့သို့ လှမ်းတက်သည်။ ထန်တာ့ မလှုပ်၊ ရပ်မြဲ ရပ်နေသည်။ ဗုာကူးဖန့် ခြေနှစ်လှမ်းသာ လှမ်းလိုက်ရပြီး မြေပြင်ပေါ်သို့ မှောက်လျက် လဲကျသွားတော့သည်။ သူ့ကျောပြင်ထက်တွင် ကြိုးတပ်ထားသော သံမြားခုနှစ်စင်းက စိုက်ဝင်နေကာ သွေးများ ယိုစီးကျနေသည်။

တိန်ယိဟာန် ထိတ်လန့် အံ့အားသင့်သွားသည်။ ထန်တာ့သည် ဗုာကူးဖန့်နှင့် မျက်နှာချင်းဆိုင် ရပ်တန့်နေပြီး လက်နက်ပုန်း ပစ်ခတ်လိုက်သည်ကို မြင်ပင်မမြင်ရ။ ယခုသော်ကား လက်နက်ပုန်းက မျက်လုံးပါသလို ကွေ့ဝိုက်ကာ ဗုာကူးဖန့်၏ ကျောပြင်သို့ စိုက်ဝင်ခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပေပြီ။ အဘိုးကြီးအသွင် ဆောင်ထားသော နန်ကုန်းရှုံဟွမ် တုန်တုန်ယင်ယင် ဖြစ်လာသည်။

'ဒါ…ဒါ…အကွေ့…အကွေ့တထောင်သံမြားလား'

ထန်တာ့က ရယ်မောလျက်...

'ဟုတ်တယ်၊ တုကျုံးနယ် ထန်မျိုးဆက် မိသားစုရဲ့ အကွေ့တထောင် သံမြားပဲ'

ပြောပြောဆိုဆိုပင် လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ သံမြားခုနစ်စင်းက ဝှာကူးဖန့်ကျောပြင်မှ နုတ်ထွက်ပြီး ထန်တာ့လက်ထဲသို့ ပြန်ရောက်သွားသည်။ ထန်တာ့က ထိုလက်နက်ပုန်းကို အိတ်တွင်းသို့ ပြန်ထည့်ထားလိုက်သည်။ နန်ကုန်းရှုံဟွမ်မှာ အံ့အားသင့်လွန်းသဖြင့် စကားပင် မပြောနိုင်တော့ချေ။

'မင်း...ငါ့ကို ယုဉ်ဦးမလား၊ ဒါမှမဟုတ် ဟောဒီ တောင်ပင်လယ်ဟိုင်နန်ဓားဂိုဏ်းက တိန်ယိဟန်နဲ့ ယှဉ်မလား၊ ဒီလိုမှ မယှဉ်ချင်ရင် မင်းဆရာ အလောင်းကို ထမ်းပြီး ပြန်မလား'

နန်ကုန်းရှုံဟွမ်၏ မျက်လုံးအစုံ ရုတ်တရက် လင်းလက်သွားသည်။ ထန်တာ့ကို ပြုံးရယ်ကြည့်လျက်...

'ခင်ဗျားနဲ့ကျုပ် ယှဉ်ဖို့ မလိုတော့ဘူး'

ထန်တာ့ မျက်နှာအမူအရာ ပြောင်းလဲသွားသည်။ ထိတ်လန့်တုန်လှုပ်စွာပင် သူ့လက်ဝါးနှစ်ဘက်ကို လရောင်တွင် ဖြန့်ကြည့်မိသည်။ လက်နှစ်ဘက်က ခရမ်းရောင်အသွင် ပြောင်းလဲနေ၏။

'ဟင်....လူသေအလောင်းကောင် အဆိပ်ပါလား'

'ကျုပ်ဆရာ မသေခင်မှာ ခင်ဗျားရဲ့ သံမြားပေါ် အဆိပ်တွေ ထည့်ပေးလိုက်တယ်၊ ဒါကို ခင်ဗျားက မသိဘဲ သံမြားကို ပြန်ရုတ်သိမ်းတော့ အဆိပ်မိသွားတာပေါ့...ဟား...ဟား..ဟား'

ထန်တာ့ ကျယ်လောင်စွာ အော်ဟစ်လိုက်ကာ ခါးကြားမှ လက်နက်ပုန်းအိတ်ကို လက်ပြန် ရိုက်ချလိုက်သည်။ အိတ်လွင့်ထွက် မသွားခင်မှာပင် သူ့ခန္ဓာကိုယ်က မြေပြင်ပေါ်သို့ လဲကျသွားတော့သည်။ နန်ကုံးရှုံဟွမ်သည် ထန်တာ့ကို ကြည့်နေရာမှ တိန်ယိဟန်ဆီသို့ မျက်လုံးရောက်လာသည်။ တိန်ယိဟန်မှာလည်း ကျောချမ်းသွားမိပြီးလျှင် ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်သည်။ တောင်ပင်လယ် ဟိုင်နန်ဓားသိုင်းမှာ လျင်မြန်သွက်လက်မှုကို အဓိကထားသည်။ ယခု တိန်ယိဟန်၏ ဓားထုတ်လိုက်ဟန်က နေးကွေးညင်သာလွန်းသဖြင့် တဘက်လူအနေနှင့် တိုက်ခိုက်ရန် ဟာကွက်လွတ်ကွက် မရှိ။

နန်ကုန်းရှုံဟွမ် မျက်နှာကွက်ခနဲ ပျက်သွားသည်။ ဓားက မြွေဆိုးတကောင်အလား မာန်စောင်နေသဖြင့် ရှောင်တိမ်းရန် မဝံ့ရဲ။ လှုပ်လိုက်သည်နှင့် ဓားဦးက လည်မျိုကို ထိုးဖောက်သွားပေမည်။ အဆိပ်နှင့် တိုက်ခိုက်လျှင်လည်း နှစ်ယောက်စလုံး သေဆုံးကြရမည်။ ဘာလုပ်ရမည်မသိ။ တိန်ယိဟန်လည်း ဓားကိုရှေ့သို့ တိုးမထုတ်ရဲ။ နန်ကုံးရှုံဟွမ်၏ အဆိပ်ကို သူရှောင်ရှားနိုင်သလား၊ မရှောင်ရှားနိုင်ဘူးလား ဆိုတာ သူကိုယ်သူ မသေချာ။ နန်ကုံးရှုံဟွမ်၏ ကျောပြင်တွင် ချွေးစေးများ ပြန်လာသော်လည်း မျက်လုံးအစုံက ကောက်ကျစ်သည့် အရိပ်အရောင်များ လွှမ်းလာသည်။

'ငါဟာ ဝှာကူးဖန့်ရဲ့ တဦးတည်းသော တပည့်ဆိုတာ မင်းသိတယ် မဟုတ်လား'

တိန်ယိဟန်သည် သူ့ဓားသွားပေါ်တွင်သာ အာရုံစူးစိုက်ထားသည်။ စကားမတုံ့ပြန်။ နန်ကုံးရှုံဟွမ်က ဟန်လုပ်ရယ်ကာ...

'ငါ့ဆရာရဲ့ အဆိပ်ပညာစွမ်းကို မင်းမျက်မြင်ပဲ၊ ကိုယ်တော်ကြီး ထန်တာ့ရဲ့ လက်နက်ပုန်း သူ့ကိုယ်ကို ထိလိုက်တာနဲ့ အဆိပ်ဖြစ်သွားတယ်၊ အဲဒီ ပစ္စည်းနဲ့ပဲ ကိုယ်တော်ကြီးထန်တာ့ အဆိပ်သင့် လဲကျသွားတာ မင်းအတွေ့ပဲ'

တိန်ယိဟန် နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေသည်။ နန်ကုံးရှုံဟွမ်က လဲကျနေသော ထန်တာ့ကို ကြည့်ပြီး...

'ကိုယ်တော်ကြီး ထန်တာ့ကတော့ အဆိပ်သင့်သွားပြီး၊ မင်းနဲ့ငါ အခု ရန်ဆောင်နေကြတယ်'

တိန်ယိဟန် သူ့ဓားသွားအပေါ်တွင်သာ အာရုံရှိသည်။ နန်ကုံးရှုံဟွမ်မှာ ထိတ်လန့်စိတ်ကြောင့် နဖူးပြင်တွင် ချွေးသီးကလေးများ စို့လာသည်။

'ငါ့ဆရာလဲ သေဆုံးသွားပြီ၊ ငါ့သူ့ကို ထမ်းပြန်ဖို့ ဆန္ဒမရှိဘူး၊ မင်းဓားလှုပ်လိုက်တာနဲ့ ငါလည်း အဆိပ်နဲ့ တိုက်ခိုက်ရမှာပဲ၊ မင်းဓားချက်ကို ငါရှောင်ချင်မှ ရှောင်နိုင်မှာ ဖြစ်သလို မင်းလဲ ငါ့အဆိပ်ကို ရှောင်ရှားချင်မှ ရှောင်ရှားနိုင်မယ်၊ ပြီးတော့ ငါတယောက်တည်း အေးအေးဆေးဆေး ပြန်သွားချင်တယ်၊ မင်းလဲ ကိုယ်တော်ကြီး ထန်တာ့ကို ထမ်းပြီး အဆိပ်ဖြေ ကုသနိုင်မယ်'

ထန်တာ့ သေသလား၊ ရှင်သလား မသိရသေး။ ဤသို့သာ အချိန်ဆွဲသွားပါက သေဖို့က ပိုများနေသည်။ တိန်ယိဟန် တွေဝေသွားသည်ကို တွေ့ရလျှင် နန်ကုန်းရှုံဟွမ်က ပိုင်နိုင်သောလေသံဖြင့်...

'ငါပြောတာကို သဘောတူရင် မင်းဓားကို ပြန်ရုတ်သိမ်းလိုက်၊ ငါဒီက အရင်ထွက်သွားပြီးမှ မင်းကိုယ်တော်ကြီးကို ထမ်းပြီးပြန်ပါ၊ သဘောမတူဘူးဆိုရင်တော့ မင်းဓားချက်ကို ထုတ်လိုက်တော့'

နန်ကုန်းရှုံဟွမ် စကားထပ်မပြောတော့။ တိန်ယိဟာန်၏ ဓားဦးကိုသာ ကြည့်နေသည်။ တိန်ယိဟာန်၏ ဓားက တည်ငြိမ်စွာ ရပ်တန့်နေဆဲ။ တခဏကြာမှ ဓားကို ဖြည်းဖြည်းချင်း ရုတ်သိမ်းသည်။ နန်ကုန်းရှုံဟွမ် သက်ပြင်းတချက်ချကာ လက်ဝှေ့ယမ်းပြီး နောက်သို့လှည့်ကာ လျှောက်ထွက်သွားတော့သည်။ တိန်ယိဟာန်က ဓားဦးကို မြေပြင်တွင်ထောက်ကာ တောင့်တောင့်ကြီး ရပ်နေသည်။ နန်ကုန်းရှုံဟွမ်ကို မြင်ကွင်းထဲတွင် မတွေ့ရတော့မှ တင်းမာနေသော ကြွက်သားနှင့် အကျဉ်းအကျပ်ကျခဲ့သော စိတ်တို့ကို ဖြေလျော့လိုက်သည်။ ဓားကို မကာ ဓားအိမ်အတွင်းသို့ ထိုးသွင်းဟန်ပြင်သည်။

သူ့စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားမိသည်။ ရောက်ချူးရွှေနှင့် သုံးနှစ်မျှ ပေါင်းသင်းခဲ့သဖြင့် အန္တရယ်၏ အငွေ့အသက်ကို ကြိုတင်သိမြင်သည့် စိတ်ခံစားချက်အား သူသည်လည်း ဓာတ်ကူးရရှိခဲ့လေပြီ။ လရောင်ခြည်က ဓားသွားနေရာသို့ ထိုးကျနေသည်။ တိန်ယိဟာန် ဓားသွားကို ကြည့်လိုက်သည်။ ဓားအလင်းရောင်က ရိုးရိုးအလင်းရောင်မဟုတ်၊ စိမ်းဖန့်ဖန့်အရောင် ဖြစ်နေသည်။ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး အသေအချာ စူးစိုက်ကြည့်မိသည်။ ဓားထိပ်ဖျားမှာ အရည်ကဲ့သို့သော အရာများက ဓားကိုယ်ထည်ပေါ်သို့ တရွေ့ရွေ့ စီးမျောလာသည်။ တိန်ယိဟာန် ဓားကိုထောင်ကာ အနီးကပ် ကြည့်လိုက်သည်။ ရာထောင်မက သေးငယ်လွန်းလှသည့် အဆိပ်ပိုးများပင်တည်း။ နန်ကုန်းရှုံဟွမ်သည် ထွက်ခွာခါနီးတွင် လက်ဝှေ့ယမ်း၍ မြောက်ကျန်နယ် အောက်လမ်း အဆိပ်ပိုးများ ဓားသွားပေါ် ကြဲဖြန့်သွားခြင်း ဖြစ်ပေသည်။

တိန်ယိဟာန် ကျောပြင်တလျှောက် စိမ့်အေးလာပြီး ဓားရှည်ကို ဓားအိမ်ထဲသို့ မထည့်၊ အဝေးသို့ လွှင့်ပစ်လိုက်တော့သည်။

'ကံကောင်းလို့ အသက်ဥာဏ်စောင့်တာပါလား'

ထို့နောက် ထန်တာ့ကို ပွေ့ထူကာ ရောက်ဂေဟာအိမ်တော်ထဲသို့ ပြေးဝင်လာခဲ့လေတော့သည်။

ရောက်စီးလိုသည် ထန်တာ့၏ လက်ကောက်ဝတ်သွေးကြောကို စမ်းသပ်ကြည့်သည်။ ထို့နောက် အရောင်မတူသော ဆေးသုံးလုံးကို ထန်တာ့ပါးစပ်ထဲသို့ ထိုးသွင်းလိုက်သည်။ ထန်တာ့ အသက်ငွေ့ငွေ့သာ ကျန်နေတော့သည်။

'တိန်ယိဟာန်...ကိုယ်တော်ကြီးထန်ကို ဟွမ်ဟိုမြစ် အခန်းထဲ သယ်သွား၊ သူ့ရောဂါကုနေချိန်မှာ မင်းစောင့်ကြပ်နေလိုက်ပါ'

တိန်ယိဟာန် ဟုတ်ကဲ့ဟုဆိုကာ ထန်တာ့အား ပွေ့ချီလျက် ဟွမ်ဟိုမြစ် အခန်းဘက်ဆီသို့ ထွက်သွားသည်။ ကျိုကျူးချောက်လန်က သိချင်စိတ်ကို မထိန်းနိုင်ဘဲ..

'ကိုယ်တော်ကြီးထန်ရဲ့ ဒဏ်ရာအခြေအနေက ဘယ်လိုရှိပါသလဲ'

ရောက်စီးလို လေပူတချက် မှုတ်ထုတ်လိုက်သည်။ သူ့မျက်နှာပေါ်တွင် ဝမ်းနည်းစိတ်မကောင်းသည့် အသွင်ထင်ရှားနေ၏။

'ပျောက်ကင်းဖို့က ဆယ်ပုံမှာ ငါးပုံပဲ သေချာတယ်၊ အခု ဒီနေရာမှာ ဗုဂ္ဂကူးဖန့်ရဲ့ အဆိပ်ကို ဖြေနိုင်တဲ့သူကလဲ ကိုယ်တော်ကြီးထန် တယောက်ပဲ ရှိတယ်၊ ငါ့ဆေးလုံး သုံးလုံးမှာ တလုံးက အဆိပ်တက်တာကို ထိန်းချုပ်ပြီး တလုံးက အတွင်းအားနဲ့ အသက်ရှူခြင်းကို အထောက်အကူပေးတယ်၊ ကျန်တလုံးကတော့ ကိုယ်တော်ကြီးထန် သတိပြန်လည်လာအောင် နှိုးဆွတဲ့ အာနိသင် ရှိတယ်၊ သူသတိရလာတော့မှ အဆိပ်ဖြေဖို့ နည်းလမ်း မေးကြည့်ရမှာပဲ'

ကျိုကျူးချောက်လန် စိတ်ဝင်တစားပင် နားထောင်နေ၏။ ရောက်စီးလိုက ဆက်လက်၍...

'ကိုယ်တော်ကြီးထန် ခဏကြာရင် ကျိန်းသေ သတိရလာမှာဘဲ၊ တိန်ယိဟာန်ကလဲ စောင့်ကြပ်နေတော့ သူ့ကိုယ်သူ ရောဂါကုသတာကိုပဲ ငါတို့ စောင့်ကြည့်ကြရမယ်၊ အဲဒါကလဲ ငါးဆယ်ရာခိုင်နှုန်းပဲ သေချာမယ်'

ထိုအချိန်မှာပင် ဆွေးဆွေးမြည့်မြည့် အော်ဟစ်သံ ထွက်ပေါ်လာသည်။ မှောင်ကြီးမည်းမည်းတွင် မြေခွေးတကောင်က လမ်းကို ထိုးဟောင်နေသည့်အသွင် လွမ်းဆွတ်ဖွယ် ကောင်းလှသည်။ အသံသုံးချက်ထွက်ပေါ်လာပြီးနောက် အသံတချက်ထပ်ထွက်လာကာ ရပ်တန့်သွားသည်။ ထိုအသံရပ်သည်နှင့် နောက်တွင် လူတယောက်ရှိနေသည်။ အလင်းရောင် နီရဲရဲက မျက်စိအမြင်အာရုံကို စူးရှစေသည်။ မီးအိမ်နီနောက်မှ လူကို ရုတ်တရက် မတွေ့နိုင်။

'ဆားချန်သိန်း ရောက်လာပြီကိုး'

ရောက်စီးလို စိတ်လှုပ်ရှားစွာ ရေရွတ်လိုက်မိလေသည်။ တဒင်္ဂမျှ အခြေအနေကို စောင့်ကြည့်နေပြန်သည်။ မီးအိမ်နီနောက်မှလူသည် တချက်ကလေးမျှပင် မလှုပ်ရှား၊ ကောင်းကင်တွင် လသာနေပါလျက်၊ ကြယ်တာရာများ ပြည့်စုံကာ ရာသီဥတု သာယာနေပါလျက် လျှပ်ပြက်သကဲ့သို့ အလင်းတန်းတချက် လက်သွားသည်။ ရောက်စီးလို အသေအချာ ကြည့်လိုက်လျှင် မြင်ကွင်းထဲ၌ လူတယောက် တိုးလာသည်ကို တွေ့လိုက်လျှင် စောစောက ပြက်လက်သွားသော အလင်းရောင်မှာလည်း ဓားအလင်းတန်းတချက် ဖြစ်ကြောင်း ရောက်စီးလို သိလိုက်သည်။

နောက်ထပ်ရောက်လာသူကား သုံးမျိုးထူးချွန် နတ်ဆိုး ခုံယန်ချင်ပင်တည်း။ ရောက်စီးလိုသည် ကျူးရှာဝူကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ကျူးရှာဝူက ခေါင်းညိတ်ပြပြီးနောက် ခြေလှမ်းကျဲကြီးဖြင့် လျှောက်လှမ်းထွက်လိုက်သည်။ မိုးသံနားထောင် ဂေဟာမှ ဆင်းကာ ခြံဝင်းထဲသို့ တောက်လျှောက် လျှောက်လာသည်။

ရောက်စီးလိုက လေသံမျှဖြင့်...

'ကျိုကျူးချောက်လန်'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ ဘဘ'

'မင်းဒေါ်လေးနဲ့ ချူးရွှေတို့ ပြန်မလာကြသေးဘူး၊ ကျင်မေဂေဟာမှာ ပြဿနာဖြစ်နေမှာ ကျိန်းသေပဲ၊ ကိုယ်တော်ကြီးထန်နဲ့ ဆရာခန်းတို့ နှစ်ယောက်စလုံးလဲ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရနေကြတယ်၊ ကျီစင်းနဲ့ ယိဟန်က သူတို့ကို စောင့်ရှောက်နေကြတယ်၊ ငါနဲ့ နောင်ကြီး ကျူးရှာဝူ ဒီလူ နှစ်ယောက်ကို ရင်ဆိုင်ရလိမ့်မယ်၊ ဒီတိုက်ပွဲရဲ့ အရှုံးအနိုင်က ကြိုတင်ခန့်မှန်းလို့ မရနိုင်ဘူး၊ ဒီနေရာမှာ ခဏစောင့်ရှောက်နေပါ'

'ဟုတ်...ဟုတ်ကဲ့ဘဘ'

ကျိုကျူးချောက်လန်၏ အသံက တိမ်ဝင်နေသည်။ အခြေအနေက သူတို့အတွက် ကောင်းကွက်တကွက်မျှ မရှိ။ အန္တရယ်၏ လွှမ်းခြုံမှုက အသက်ရှုရပင် ကျပ်စေသည် မဟုတ်ပါလား။ ရောက်စီးလို အောက်သို့ ငုံ့ကြည့်လိုက်လျှင် ကျူးရှာဝူသည် တံခါးမကြီးကို ဖြတ်ကာ ကျောက်လှေကားအတိုင်း ဆင်းသွားနေသည်ကို တွေ့လျှင် တံခါးအပြင်ဘက်မှ လူနှစ်ယောက်က ခုနစ်ပေခန့် အကွာတွင် ငြိမ်သက်စွာ ရပ်လျက် စောင့်ဆိုင်းနေကြသည်။ မီးအိမ် အလင်းရောင်တန်းက သွေးမျှင်တန်းများပမာ ယှက်ဖြာနေပြီး ခုံယန်ချင်၏ ဓားက နှင်းငွေ့များပမာ အေးစိမ့်သည့် အရောင်များ ပျံ့လွင့်နေသည်။

ရောက်စီးလိုသည် ဓားလက်ကိုင်ရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ရင်ကော့ဆင်းလျှောက်သွားသည်။ သူ့ခြေလှမ်းများက တံခါးမကြီးအပြင်ဘက်ဆီသို့.....................................................။

## "အခန်း–၈"

ရောက်ကတော်၏ မျက်နှာမှာ သွေးရောင်ပျောက်ကာ ဖြူရော်လာသည်။ သူ့လေသံကလည်း ခက်ထန်မာကျောနေ၏။

'မယ်တော်ကြီး ဘယ်မှာလဲ'

ရောက်ချူးရွှေမှာ သူ့မိခင် ယခုလို စိတ်နာကြည်းခက်ထန် နေသည်ကို တကြိမ်တခါမျှ မမြင်ဖူး။ ဆားယွင်၊ ဆားလွေ၊ ဆားကျန်တို့ ရယ်မော လှောင်ပြောင် လိုက်ကြသည်။ ရောက်ကတော် ဓားကိုမြှောက်ကာ ရှေ့သို့ ခြေလှမ်းတက်သည်။ ဆားညီနောင်သုံးယောက်က ဝန်းရံထားလိုက်ကြသည်။ ရောက်ချူးရွှေနှင့် ဆားယွင်တို့ မျက်နှာချင်းဆိုင် ဆုံပြီး ရောက်ကတော်နှင့် ဆားလွေ၊ ဆားကျန်တို့ ဆုံသည်။ ရောက်ချူးရွှေ လက်ထဲတွင် မည်သည့်လက်နက်မျှ ရှိမနေ။ သိုင်းပညာအရ သူက သာလွန်သော်လည်း လက်နက်မဲ့ ရင်ဆိုင်ရသဖြင့် တပန်းရှုံးနေသည်။

ရောက်ကတော်သည်လည်း သာမာန်အချိန်ဆိုလျှင် ဆားလွေတို့နှစ်ယောက်ကို အလွယ်တကူပင် အနိုင်ယူနိုင်ပေသည်။ ပခုံးထက်တွင် ဓားဒဏ်ရာတချက် ပြင်းထန်စွာ ရရှိထားသည်မို့ စိတ်သွားတိုင်း ကိုယ်မပါနိုင်။ သားအမိနှစ်ယောက်စလုံးမှာ တိုက်စစ်ထက်ခံစစ်ကိုသာ အဓိကထား လုံခြုံအောင် ကာကွယ်နေရတော့သည်။ သို့တိုင် ရောက်ကတော်၏ ပေါင်တဖက်တွင် ဆားလွေ၏ ဓားပျံက တဝက် အစိုက်ခံရပြန်သည်။ ရောက်ချူးရွှေ စိတ်ထဲ ထင့်သွားသည်။ နောက်မဆုတ်သာ ရှေ့မတိုးသာသည့် အခြေအနေ။ ဆားညီနောင်သုံးယောက်တို့ ဓားရေး ပြင်လိုက်ကြသည်။

'ဓားတချက် ဝိညာဉ်ပျောက်'

သုံးယောက်သား ပြိုင်တူအော်ဟစ်လိုက်ကြသည့် အသံက ညဥ့်ယံကို တုန်ဟည်းသွားစေ၏။ ထိုစဉ် လူရိပ်တရိပ်နှင့် ဓားအလင်းတန်းတချက် လက်သွား၏။ ထိုအလင်းတန်းကို မြင်ရသည့် ခဏမှာပင် ဆားယွင်မှာ ကာကွယ်ချိန်ပင် မရဘဲ ရင်ဝကို ဓားဖြင့် ထိုးဖောက်ခြင်း ခံလိုက်ရ၏။ တဆက်တည်းပင် ဓားလမ်းကြောင်းက လျှပ်ပြက်သကဲ့သို့ လက်ခနဲဖြစ်ပြီး ဆားကျန့်၏ နောက်ကျောပြင်ကို ထိုးဖောက်လိုက်ပြန်သည်။ ဓားထုတ်ရာတွင် လျင်မြန်သွက်လက်လှပါသည်ဆိုသော ဆားကျန့်မှာ တဖက်ရန်သူ၏ မျက်နှာကို မမြင်လိုက်ရဘဲ နာကျင်စွာ အော်ဟစ်လဲကျသွားတော့သည်။

လူရိပ်က ဆားလွေထံသို့ ခုန်ဝင်လာသည်။ ဆားလွေလည်း ဓားဖြင့် အလျင်အမြန် ထိုးသွင်းလိုက်သည်။ ဓားချက်က ခုန်ဝင်လာသူကို မိမိရရ ထိုးမိသည်။ သို့သော ထိုလူရိပ်မှာ နောက်သို့ဆုတ်မသွား။ ဆားလွေကိုယ်ပေါ်သို့ ပိကျလာ၏။ ဆားလွေ အချိန်မီ ရှောင်ရှားခြင်း မပြုနိုင်။ နှစ်ယောက်သား လုံးထွေးကျသွား၏။ မြေပြင်ပေါ်တွင် အရှိန်နှင့်ကျသဖြင့် ဆားလွေ နှာခေါင်း ရောင်ကိုင်းလာသည်။ ကမန်းကတန်းပင် ကိုယ်ပေါ်မှ လူကို တွန်းဖယ်လိုက်၏။ အသက်ရှိနေသော လူတယောက်မဟုတ်။ ဆားညီနောင်တို့၏ အကိုအကြီးဆုံး ဆားဖုန်း၏ အလောင်း ဖြစ်နေလေသည်။

'ဆားယွင်၊ ဆားကျန် ဒီ...ဒီမှာ အကိုကြီး ဆားဖုန်းကို ကြည့်ကြပါဦး'

ဆားလွေ အထိတ်တလန့် အော်သည်။ ဆားဖုန်းမှာ ဆားလွေ၏ဓားပျံ မထိမှန်ခင်ကပင် လည်မျိုတွင် ဓားထိုးခံရကာ သေဆုံးနေပြီ ဖြစ်၏။ ဆားလွေ အော်ဟစ်လိုက်ပြီးမှ ပို၍ ထိတ်လန့်သွားပြန်သည်။ ဆားယွင်နှင့် ဆားကျန်တို့လည်း အသက်သေဆုံး နေကြသောကြောင့်ပင်၊ မိမိတို့ ညီနောင်လေးယောက်တွင် မိမိတယောက်တည်း အသက်ရှင်ကျန်တော့သဖြင့် ဆားလွေမှာ တုန်လှုပ်ချောက်ချားလာသည်။ ပတ်ဝန်းကျင်ကို သတိထားကြည့်လျှင် လူတယောက် ပိုတိုးလာသည်ကို တွေ့ရ၏။

ထိုလူသည် အရပ်မြင့်မြင့် ခါးကိုင်းကိုင်းနှင့် အတော်ပင် အကြည့်ရဆိုးသည်။ ထို့ထက်ပို၍ အံ့အားသင့်စရာ ကောင်းသည်မှာကား ယောကျ်ားတယောက် မဟုတ်ဘဲ အသက်အရွယ် ကြီးရင့်ကာ ချည့်ချည့်နဲ့နဲ့အသွင်ရှိသော အဘွားကြီးတယောက် ဖြစ်သောကြောင့်ပင်တည်း။ အဘွားကြီး၏ လက်ထဲတွင် ဓားရှည်တလက်ကိုင်ဆောင်ထားသည်မှာ လူနှင့်ပင် မလိုက်။ ဆားလွေထက် အံ့အားသင့်နေကြသူတို့မှာ ရောက်ကတော်နှင့် ရောက်ချူးရွှေတို့ သားအမိ ဖြစ်ပေသည်။ လျှပ်ပြက်သလို လျင်မြန်သွက်လက်လှသော ဓားချက်ဖြင့် လူသုံးယောက်၏ အသက်ကို တမဟုတ်ချင်း နုတ်ချွေလိုက်သည့် အဘွားအိုမှာ မယ်တော်ကြီး အစေအပါး အဘွားအို အမေကျန် ဖြစ်နေသောကြောင့်ပင်တည်း။

အမေကျန်၏လက်ထဲမှ ဓားရှည်မှာ ကိုယ်ထည်တခုလုံး မည်းနက်နေသည်။ သိုင်းလောကတခွင်တွင် ဤဓားမျိုး တလက်တည်းသာ ရှိပေသည်။ အဖိုအမဓားဖြစ်၏။ အဖိုအမဓားသည် ငှက်မွေးကဲ့သို့ ပေါ့ပါးလှသဖြင့် စိတ်တိုင်းကျ လျင်မြန်သွက်လက်စွာ တိုက်ခိုက်နိုင်သည်။ သိုင်းပညာအစွမ်းကုန်လည်း အသုံးချတိုက်ခိုက်နိုင်ပေသည်။ ထိုဓား၏သခင်မှာ သိုင်းလောကမှ ရှောင်တိမ်းပုန်းအောင်းနေသည့် သိုင်းပညာရှင်ကြီး တယောက်ဖြစ်၏။ အမည်မှာ ကျန်လိန်ယိဟူ၏။

ကျန်လိန်ယိ၏ သိုင်းပညာစွမ်းသည် အထူးပင်မြင့်မား၍ ရန်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်စဉ်အတွင်း တိုက်ကွက်ကို ကြိုက်သလို ပြောင်းလဲတီထွင်နိုင်စွမ်း ရှိသည်။ အဖိုအမဓားကလည်း ရှိနေပြန်ရာ ကျားကို အတောင်တပ်ပေးသလို ဖြစ်နေတော့သည်။ သူ၏ဓားသိုင်းပညာသည် မျက်မှောက်ခေတ် နာမည်ကျော် ထိပ်သီးဓားသိုင်းပညာရှင် ခုနစ်ယောက်ထက် သာလွန်မြင့်မားသည်ဟု အဆိုရှိသည်။ သူ့စိတ်ဓာတ်က ဆန်းကြယ်ရာ တိုက်ခိုက်ရာတွင် အလွန်ပင် ရက်စက်လှပေသည်။ လူလတ်ပိုင်းအရွယ်တွင် ဓားသိုင်းပညာအပေါ်တွင် အထူးစိတ်ဝင်စားစွာ ခင်တွယ်မိသဖြင့် အိမ်ထောင်ရေးကို အလေးမထားခဲ့။

တနေ့တွင် သိုင်းပညာကို လေ့လာလေ့ကျင့်ရင်း ဇနီးသည်ကို လက်လွန်ကာ သတ်မိခဲ့သည်။ ဇနီးသည်သေမှ သူကိုယ်သူ နောင်တရ စိတ်နာကျည်းမိသည်။ ချစ်ချင်းမေတ္တာအကြောင်းကိုလည်း နားလည် သဘောပေါက်ကာ ရှူးမတတ်ခံစားခဲ့ရသည်။ မကြာခဏပင် ဇနီးသည်၏ ဝတ်စားဆင်ယင်ပုံအတိုင်း ဝတ်ဆင်ကာ သိုင်းလောကတွင် သွားလာလည်ပတ်သည်။ နောက်ပိုင်းတွင်ကား သူ့သတင်းကို မကြားရတော့။ အဆင့်မြင့်ပုဂ္ဂိုလ်တယောက်၏ သိမ်းသွင်းခံရကာ စိတ်ရိုင်းများ ပြေပျောက်သွားသည်ဟု သိုင်းလောကသားများ ပြောဆိုခဲ့ကြသည်။ သို့တိုင် အဖိုအမဓားသမား၏ အမည်နာမကို ကြားမိလျှင် သိုင်းလောကသားတိုင်း ကျောချမ်းမြဲပင် ရှိသေးသည်။ ဤမျှ ဓားစွမ်းထက်မြက် ကျော်ကြားသော အဖိုအမ ဓားသမားတယောက် ဤအသွင် ဖြစ်နေလိမ့်မည်ဟု မည်သူမျှ မထင်မှတ်နိုင်ကြပါပေ။

မယ်တော်ကြီးသည် သိုင်းပညာတတ်ကျွမ်းခြင်း မရှိသော်လည်း သူ၏အစေအပါးက ထိတ်ထိတ်ကြဲ သိုင်းသမားကြီးတယောက် ဖြစ်သည်ကို ရှောက်ကတော်ပင် မသိချေ။ အံ့အားသင့်ကာ စကားမပြောနိုင်လောက်အောင် ဖြစ်နေတော့သည်။

ကျန်လိန်သည် လရောက်အောက်တွင် ကျောက်တိုင်ကြီးတခုပမာ တောင့်တောင့်ကြီး ရပ်နေရာမှ ဆားလွေ့ဘက်သို့ လှည့်ကြည့်လိုက်သည်။ ဆားလွေ့မှာ လိပ်ပြာလွင့်စင်မတတ် ထိတ်လန့်သွားပြီး ဓားပျံကို ဆွဲထုတ်လိုက်သည်။ သို့သော် ဓားပျံက သူ့လက်ထဲတွင် ပါမလာ။ အောက်သို့ လွတ်ကျသွားရသည်။

'အမေကျန်...သူ့အသက်ကို ချမ်းသာပေးလိုက်ပါ'

ကြင်နာမှုအပြည့်နှင့် တည်ကြည်လေးနက်မှုရှိသော စကားသံတသံက ရုတ်တရက် ထွက်ပေါ်လာသည်။ ကျန်လိန်ယိမှာ စောစောက ကပ်နေသော ဒေါသမာန်မာန အရိပ်များ လုံးဝလွင့်စဉ် ပျောက်ကွယ်သွားသည်။ ယုန်သူငယ်ကလေးတကောင်ပမာ လက်နှစ်ဘက် အောက်ချကာ ခေါင်းငုံ့လိုက်၏။ ထိတ်ထိတ်ကြဲ ဓားသမားကြီးသည် ပီဘိအစေအပါးတယောက်သဏ္ဍာန် ဖြစ်သွားတော့သည်။

သူ့အား အမိန့်ပေးလိုက်သူက မယ်တော်ကြီးပင် ဖြစ်လေသည်။ မယ်တော်ကြီးက ဖြည်းညင်းစွာ လျှောက်လှမ်းလာပြီး ရှောက်ကတော်ကို ကြင်နာစွာ ထွေးပိုက်လိုက်သည်။

'ငါ့အတွက်နဲ့ မင်းဒုက္ခရာရခဲ့တာ စိတ်မကောင်းပါဘူး ရှောက်ကတော်'

ရှောက်ကတော် အားတင်းကာ ရယ်လိုက်မိသည်။ သူ့ရယ်သံက ရယ်ခြင်းနှင့်မတူ၊ ဝမ်းနည်းသံ ပါနေ၏။

'ကျမက မယ်တော်ကြီးရဲ့ လုံခြုံမှုကို အကာအကွယ် မပေးနိုင်တဲ့အပြင် မယ်တော်ကြီးရဲ့ အစေအပါး ကိုယ်တော်ကြီး ကျန်လိန်ယိကတောင်မှ ကျမအသက်ကို ကယ်ခဲ့ရပါသေးတယ်၊ ကျမညံ့ဖျင်းမှုအတွက် တကယ့်ကိုပဲ ရှက်မိပါတယ်'

ရှောက်ချူးရွှေ စိတ်ထဲတွင် အခုမှပင် အတွေးပေါက်တော့သည်။ ဩဇာအာဏာဂိုဏ်းသည် သူက ရန်ငြိုးဖွဲ့မိသောကြောင့် ရှောက်မိသားစု ပန်ချောင်းဓားဂိုဏ်းကို ဖြိုခွဲရန် ရောက်လာခြင်းမဟုတ်။ လူတိုင်းက ကြည်ညိုလေးစားသော မယ်တော်ကြီးအတွက် ကြောင့်ပင်ဖြစ်သည်။ သို့အတွက် အင်အားအလုံးအရင်းနှင့် ခြံဝင်းအပြင်

ဘက်တွင် ဟန်ပြအာရုံဆွဲဆောင်ထားပြီး ခြံဝင်း အတွင်းသို့မှ အဆင့်မြင့်သိုင်းသမားများကို တိတ်တဆိတ် ဝင်ရောက်စေခဲ့ပြီး မယ်တော်ကြီးအား ဖမ်းဆီးခေါ်ဆောင်သွားရန် ရည်ရွယ်သည်ဟု ရောက်ချူးရှွေ တွေးမိသည်။ ထိုသို့တွေးမိလျှင် စိတ်ထဲ၌ သက်သာရာ ရသွားသလို မယ်တော်ကြီး မည်သူမည်ဝါဖြစ်သည် မည်သို့သော အဆင့်အတန်းရှိသည်တို့ကို ပို၍ စိတ်ဝင်စား လာတော့သည်။

'အမေကျန်..ဒီသူငယ်ကို စကားနည်းနည်းလောက် မေးစမ်းကြည့်လိုက်ပါ'

မယ်တော်ကြီးက အမိန့်ပေးသည်။ အမေကျန် (ကျန်လိန်ယိ) က ခါးညွတ်အရိုအသေပြုကာ..

'ကောင်းပါပြီ မယ်တော်ကြီး'

တဆက်တည်းပင် ဆားလွေဘက်သို့ လှည့်လိုက်သည်။

'မင်းတို့အခု ခြံဝင်းထဲကို စုစုပေါင်း လူဘယ်နှစ်ယောက်လာကြသလဲ'

ဆားလွေ နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်ထားသည်။ စကားသံ တသံမျှ ထွက်မလာ။ ကျန်လိန်ယိက စူးစိုက်ကြည့်ကာ ဆက်မေးသည်။

'မင်းတို့ လူဘယ်နှစ်ယောက်လာခဲ့ကြသလဲ'

စကားသံက မထူးခြားသော်လည်း မျက်လုံးအကြည့်ထဲတွင် လူသတ်လိုသည့် အခိုးအငွေ့အသက်များ ထွက်ပေါ်နေသဖြင့် ဆားလွေ ကြက်သီးမွေးညှင်းများ ထောင်ထသွားသည်။ နှုတ်ဆိတ်၍ မနေရဲတော့ .....

'သုံး...သုံးရာ့ခြောက်ဆယ်ကျော်'

'ဘယ်သူတွေလဲ'

'ကျနော်တို့ ဆရာဖေဖေ၊ ဂိုဏ်းဆရာ ခုံယန်ချင်၊ ဂိုဏ်းဆရာ ဗုကူးဖန့်တို့က ဂိုဏ်းသားတရာစီ ခေါ်လာကြပါတယ်၊ နောက်ထပ်လူပေါင်း ခြောက်ဆယ်ကတော့ ကျနော်တို့ ညီအကိုလေးယောက်၊ အကို နန်ကုန်းရှုံဟွမ်နဲ့ ဂိုဏ်းဆရာ ခုံယန်ချင်ရဲ့ လက်အောက် ဓားသမားသုံးယောက်ရဲ့ သူငယ်ချင်းမိတ်ဆွေတွေပါပဲ'

'ခေါင်းဆောင်က ဆားချန်သိန်း၊ ခုံယန်ချင်နဲ့ ဗုကူးဖန့်တို့ သုံးယောက်လား'

'ဟုတ်ပါတယ်'

ကျန်လိန်ယိ ရုတ်တရက် ရှေ့သို့တိုးတက်လာသည်။ ဆားလွေ အကြီးအကျယ် ထိတ်လန့်ကာ မျက်နှာတပြင်လုံး သွေးဆုတ်ဖြူရော်လာသည်။ ကျန်လိန်ယိက ဓားလက်ကိုင်ရိုးဖြင့် ဆားလွေဗိုက်ကို ဆောင့်ထိုးသည်။

'အွန်..'

'မင်းငါ့ကို လိမ်ပြောတာလား၊ ငါ့ကို ဘယ်သူမှ လိမ်လို့မရဘူး'

ဆားလွေမှာ နာကျင်လွန်းသဖြင့် မျက်နှာရှုံ့မဲ့ကာ ဗိုက်ကိုနှိပ်နေရသည်။ ကျန်လိန်ယိက ဆက်လက်၍...

'မင်းကိုငါ ထပ်မေးမယ်၊ မိုးကိုးခု မြေဆယ်ခု နတ်ဆိုး ၁၉ ပါးထဲက ဘယ်နှစ်ယောက် လာခဲ့သလဲ'

ဆားလွေ ခေါင်းမော့လိုက်သည်။ ကျန်လိန်ယိ၏ မျက်လုံးအကြည့်ဒဏ်ကို သူမခံနိုင်။

ထစ်ထစ်ငေါ့ငေါ့ လေသံဖြင့်...

'လေး...လေးယောက် ရောက်လာပြီးပါပြီ'

'နောက်ထပ်လာဦးမလား'

'နောက်တယောက် လာပါဦးမယ်'

ကျန်လိန်ယိ ခေါင်းညိတ်သည်။

'ဟုတ်ပြီ၊ လီချိန်ကြီးက ရောက်မိသားစု ပန်းချောင်းဓားဂိုဏ်းကို ဖြိုခွဲမယ်၊ မယ်တော်ကြီးကို ဖမ်းဆီးခေါ်ဆောင်သွားမယ်ဆိုတော့ ဘယ်လိုလုပ် နတ်ဆိုးသုံးပါးထဲ စေလွှတ်လိုက်မလဲ၊ တခြားနှစ်ယောက်က ဘယ်သူတွေလဲ'

တိတ်ဆိတ်ငြိမ်သက် သွားသည်။ ကျန်လိန်ယိ၏ မျက်လုံးကမူ ဆားလွေ၏ မျက်လုံးမှတဆင့် ရင်ထဲသို့ ထိုးဖောက်စူးနစ်သည့် အကြည့်ဖြင့် ကြည့်နေလေသည်။ ဆားလွေမှာ ထိုသို့သော အကြည့်ဒဏ်နှင့် တိတ်ဆိတ်မှုဒဏ်တို့ကို မခံစားရဲ။ ဦးခေါင်းထက်သို့ မိုးကြိုးပစ်ချတော့မည့်အလား မှတ်နေရသည်။

'ကျ..ကျနော် တကယ့်ကို မသိပါဘူး၊ ကျနော် သိသလောက်ပြောရရင် ရောက်လာပြီးတဲ့လူက အမည်မဲ့ဂိုဏ်းဆရာပါ၊ နောက်ထပ်ရောက်လာမဲ့သူကတော့ အပေါက်တခု ဂိုဏ်းဆရာပါ၊ သူတို့နှစ်ယောက်ကို ကျနော် တကယ်ပဲ မတွေ့ဖူးပါဘူး'

ဩဇာအာဏာဂိုဏ်းသားများသည် သိုင်းလောကမှ နတ်ဆိုးဘွဲ့ခံသူများအား ဂိုဏ်းဆရာဟု ခေါ်ဝေါ်ကြသည်။ မိုးမြေနတ်ဆိုး ၁၉ ပါးကို သူတို့က မိုးပေါ်တက် မြေအောက်လျှိုး နတ်ဂိုဏ်းဆရာ ၁၉ ပါးဟု ခေါ်ကြလေသည်။ ထိုနတ်ဆိုး ၁၉ ပါးထဲတွင် အမည်မဲ့နတ်ဆိုးသည် အမျိုးမရှိ၊ အမည်မရှိ၊ တည်နေရာ အတည်တကျလည်း မရှိပေ။ နတ်ဆိုး ၁၉ ပါးကိုယ်တိုင်မှအပ သူ့ကို မည်သူမည်ဝါမှန်း မသိကြ။ အလွန်ပင် လျှို့ဝှက်လွန်းကာ ကြောက်စရာ ကောင်းလှပေသည်။

အပေါက်တခုနတ်ဆိုး၏ အမည်မှာမူ ကျိုခန်စင်းဖြစ်၏။ သို့သော် မည်သည့်အတွက်ကြောင့် အပေါက်တခုနတ်ဆိုးဟုခေါ်ဆိုသည်ကိုမူ မသိကြချေ။ ကျန်လိန်ယိ အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။

'မင်းသွားနိုင်ပြီ'

ဆားလွေ မတ်တတ်ထရပ်လိုက်သည်။ ကျန်လိန်ယိက သွားနိုင်ပြီဟု ခွင့်ပြုသော်လည်း ခြေမလှမ်းရဲသေး။ ကမ္ဘာလောကကြီးသည် သူ့အတွက် ကျဉ်းမြောင်းကျပ်တည်းသွားသည်ဟု ထင်မှတ်မိသည်။ ဩဇာအာဏာဂိုဏ်း၏ လျှို့ဝှက်ချက်ကို ထုတ်ဖော်သဖြင့် သူ့ဆရာဖခင် ဆားချန်သိန်းကလည်း သူ့ကို အကာအကွယ် မပေးနိုင်တော့။ မယ်တော်ကြီးက ဆားလွေ၏ အဖြစ်ကို သိသဖြင့်...

'မင်းမှာ ခိုလှုံစရာနေရာ မရှိတော့ဘူးဆိုရင် ငါ့နဘေးနားမှာ နေနိုင်တယ် လူကလေး'

မယ်တော်ကြီး၏ စကားသံက တည်ငြိမ်ကာ ကရုဏာသံအပြည့် ပါနေသည်။ ဆားလွေ၏ စိတ်များ ညွတ်ပြောင်းသွားသလို အလိုလိုပင် မယ်တော်ကြီးရှေ့၌ ဒူးတုပ်ထိုင်ချလိုက်သည်။ မယ်တော်ကြီး၏ မေတ္တာရိပ်သည် သူ့အတွက် လုံခြုံသော အကာအကွယ်တရပ်ဟု အားကိုးထင်မှတ်လိုက်တော့သည်။

'အမေကျန် ရောက်ကတော် ဒဏ်ရာရနေပြီ၊ မင်းသူ့ကို ကုသပေးလိုက်ပါ'

မယ်တော်ကြီးက ကျန်လိန်ယိအား အမိန့်ပေးသည်။ ကျန်လိန်ယိ၏ ပိုးမွှေးအသက်ဆက်တော်ဆေးသည် သိုင်းလောကတွင် နာမည်ကျော်ကြားသော ဒဏ်ရာလိမ်းဆေးတရပ် ဖြစ်သည်။ ရောက်ကတော်၏ မျက်နှာမှာ စက္ကူဖြူတရွက်ကဲ့သို့ ဖြူလာသည်။ အားတင်ပြုံးလိုက်ကာ...

'ကျမက ဘာမှ အရေးမကြီးပါဘူး၊ ငါးကြည့်ဆောင်ထဲမှာ ဆရာခန်းချွတ်ယီတယောက် ရှိနေပါသေးတယ်၊ သူဝှာကူးဖန့်ရဲ့ အဆိပ်သင့်ခံနေရတယ်၊ သူ့ကိုသာ အလျင်ဆုံး သွားပြီး ကုသပေးစေချင်ပါတယ်'

ကျန်လိန်ယိ ချီတုံချတုံ ဖြစ်နေ၏။ မယ်တော်ကြီးကပဲ...

'သွားသာသွားပါ၊ ရန်သူဆုတ်သွားပါပြီ၊ မင်းငါ့ကိုချည်းပဲ စောင့်ရှောက်မနေနဲ့'

'ကောင်းပါပြီ မယ်တော်ကြီး'

ကျန်လိန်ယိက ရိုရိုသေသေပင် ပြန်ပြော၏။ မယ်တော်ကြီးက ဆားလွေကို လက်ယပ်ခေါ်ကာ...

'မင်းငါနဲ့ လိုက်ခဲ့'

ပြောပြောဆိုဆိုပင် ကျင်မေဆောင်ထဲသို့ လှမ်းဝင်သွားသည်။ မယ်တော်ကြီးတို့ ထွက်သွားမှ ရောက်ကတော်က..

'လူကြီးမင်းကျန်၊ ငါးကြည့်ဆောင်က စကြာရဲ့ အရှေ့ဘက် ဘယ်ဘက်ခပ်စောင်းစောင်းမှာ ရှိပါတယ်၊ ကွေ့လိုက်တာနဲ့ ရောက်နိုင်ပါတယ်'

စကားမဆုံးခင်မှာပင် ဒဏ်ရာအရှိန်ကြောင့် နောက်သို့ ပက်လက်လန် လဲကျသွားတော့သည်။

'မေမေ'

ရောက်ချူးရွှေ အပြေးအလွှားပင် ရောက်ကတော်ကို ပွေ့ထူသည်။ ကျန်လိမ်ယိက ရောက်ကတော်ကို တချက်မျှ ကြည့်ပြီး..

'ငါ့သူ့ကို အလျင်ဆုံး ကုသမယ်၊ ပြီးမှ ငါးကြည့်ဆောင်ကို သွားမယ်၊ မင်းအမေကို ကျင်မေအဆောင်ထဲ ထမ်းခေါ်သွား'

ရောက်ချူးရွှေလဲ မိခင်ဖြစ်သူကို ပွေ့ချီကာ ကျင်မေဆောင်ဘက်သို့ လျှောက်ထွက်ခဲ့ရလေတော့သည်။

ရောက်စီးလိုနှင့် ကျူးရှာဂူတို့နှစ်ယောက် ပခုံးချင်း ယှဉ်လျက် ရပ်နေကြသည်။ တယောက်နှင့်တယောက် ခုနှစ်ပေခန့်သာ ကွာကြသည်။ ရောက်စီးလိုက ခုံယန်ချင်နှင့် မျက်နှာချင်းဆိုင်လျက်ရှိပြီး ကျူးရှာဂူက ဆားချန်သိန်းနှင့် တည့်တည့်တွင် ရှိလေသည်။ အကွာအဝေးကလည်း ခုနှစ်ပေခန့်သာ။ လူလေးယောက်မှာ စတုရန်းပုံစံ ရပ်နေကြခြင်း ဖြစ်သည်။

လွန်ခဲ့သည့် ၂၈ နှစ်ခန့်က အာမခံဌာနတခုတွင် တညတည်း လူရှစ်ယောက်တိတိ အသတ်ခံခဲ့ရသည်။ သတ်သွားသည့်သူမှာ ဆားချန်သိန်း ဖြစ်၏။ သည်ကတည်းက ကျူးရှာဂူသည် ဆားချန်သိန်း၏ ဓားပုံကို သူအနိုင်ယူဖို့ မသေချာသေး။ လွန်ခဲ့သော ငါးနှစ်ခန့်ကမှ သူ့သိုင်းပညာသည် ပို၍ အောင်မြင်ထက်မြက်လာခဲ့သည်။ ဆားချန်သိန်းအား ပိုင်နိုင်သည့်အဆင့်သို့ ရောက်လောက်ပြီဟု ယုံမှတ်လာခဲ့သည်။ ထိုအချိန်တွင် ဆားချန်သိန်းက သြဇာအာဏာ ဂိုဏ်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ကျူးရှာဂူအနေနှင့် ယခုအချိန်တွင် ဆားချန်သိန်းအား အနိုင်ရမည်ဟု အသေအချာ မပြောနိုင်တော့။

လွန်ခဲ့သည့် လေးနှစ်ခန့်က ဆားချန်သိန်းသည် နေလသံချိတ်ကောက် လက်နက်ရှင် ယန်ဖတ်ကို အနိုင်ယူသတ်ဖြတ်ခဲ့သည်။ နွေဦးရာသီ ဓားသမား ဆောက်ဟွမ်ယန်းကိုလည်း ဓားပုံတလက်ဖြင့် လွန်ခဲ့သော နှစ်နှစ်ခန့်က သတ်ဖြတ်ခဲ့သည်။ ထိုယန်ဖတ်နှင့် ဆောက်ဟွမ်ယန်းတို့၏ သိုင်းပညာ အဆင့်အတန်းက ကျူးရှာဂူနှင့် သိပ်မကွာ။

ရောက်စီးလိုသည် နေရာတွင် ဖြစ်သလိုပင် ရပ်နေသည်။ ဓားက ခါးကြားတွင်သာ ရှိပြီး ဓားသွားကလည်း ဓားအိပ်အတွင်း၌သာ ရှိသေးသည်။ ခုံယန်ချင်မှာ ရောက်စီးလို ဓားမထုတ်သေးသော်လည်း ဓာထုတ်ပြီးသည့်အလား စိတ်ထဲတွင် ခံစားနေရသည်။ နေရာတွင် ဖြစ်သလို ရပ်နေသော်လည်း မိမိခြေတလှမ်း လှုပ်သည်နှင့် ရောက်စီးလို၏ ဓားက တဒင်္ဂအတွင်း အသက်ဝိညာဉ် နှုတ်ခြွေသွားနိုင်မည်ကိုသိ၏။

ရောက်စီးလိုသည် သိုင်းလောကတွင် ထင်ရှားသော ဓားသိုင်းကွက် ၃၇ မျိုးကို တတ်ကျွမ်းသည်။ ဓားမြတ်လေးဆယ့်နှစ်ချောင်းကိုလည်း အသုံးပြုဖူးသည်။ ဓားသိုင်းခုနှစ်ကွက်ကိုလည်း တီထွင်ခဲ့သည်။ ထိုသိုင်းကွက်ထဲမှ မည်သည့်တိုက်ကွက်ဖြင့် ခုံယန်ချင်ကို အနိုင်ယူတိုက်ခိုက်ရမှန်း ရောက်စီးလို မစဉ်းစားတတ်။ လူလေးယောက်မှာ ကိုယ့်အတွေးနှင့်ကိုယ်ရှိကာ တယောက်နှင့်တယောက် မျက်နှာချင်းဆိုင် ရပ်နေကြသည်။ ထိုစဉ်မှာပင် သစ်တောအတွင်းမှ မီးတောက်မီးလျှံ တလူလူတက်ကာ ရောက်မိသားစုဂေဟာသို့ ကူးစက်လောင်ကျွမ်းလာသည်။ မီးတောက်မီးလျှံများနှင့်အတူ အော်ဟစ်တိုက်ခိုက်သံများကလည်း ဆူညံစွာ ထွက်ပေါ်လာသည်။

သြဇာအာဏာဂိုဏ်းက မီးကုန်ယမ်းကုန် ထိုးစစ်ဆင်ပြီ။ ပန်းချောင်ဓားဂိုဏ်းကလည်း ကြံ့ကြံ့ခံ ရင်ဆိုင်ပြီ။ ရောက်စီးလိုတို့ လေးယောက်မှာမူ ထိုမီးတောက်မီးလျှံများ၊ တိုက်ခိုက်သံများဘက်သို့ အာရုံမရောက်၊ ကိုယ်နှင့် မျက်နှာချင်းဆိုင် ရပ်နေသည့် ရန်သူပေါ်သာ အာရုံစူးစိုက်နေမိသည်။ စိတ်တချက်ပျံ့လွင့်မိသည်နှင့် ရန်သူ၏ လက်ဦးမှုကို ခံလိုက်ရမည် မဟုတ်ပါလား။

ရောက်စီးလို စတင်၍ လှုပ်ရှားသည်။ ရှေ့သို့ တလှမ်းနင်းသည်။ ထိုခြေလှမ်းကား ပေါ့ပါးလွန်းသည်။ ဆယ်ပုံ ခုနစ်ပုံလောက်က ဟန်ပြလှုပ်ရှားခြင်း။ ခုံယန်ချင် ခြေတလှမ်း နောက်ဆုတ်သည်။ ခြေထိပ်က မြေပြင်ကို ပေါ့ပါးစွာ ထောက်ထားပြီး ခြေဖဝါးတွင် အားဖြည့်သည်။ ခြေလှုပ်ရှားသော်လည်း ခန္ဓာကိုယ်အပေါ်ပိုင်းက ငြိမ်သက်လျက်။

ခဏအကြာတွင် ရောက်စီးလို၏ ခြေလှမ်းက ရှေ့သို့ တိုးတက်လှုပ်ရှားပြန်သည်။ခုံယန်ချင်ကလည်း ခြေတဖက်ဖြင့် မတ်တပ်ရပ်ကာ ထခုန်သည်။ တိုက်ကွက်စပြီ။

လူရိပ်များ ရှုပ်ထွေးနေသည်။လှုပ်ရှားမှု အရှိန်အဟုန်က မြန်ဆန်လွန်းသဖြင့် သဲကွဲစွာ မမြင်ရ။ တဖက်နှင့် တဖက် ခြေကွက်ချင်း ယှဉ်နေရသော်လည်း တယောက်ကိုတယောက် ထိခိုက်မှု မရှိကြ။ ကျူးရှာဝူနှင့် ဆားချုန်သိန်း တို့ကိုလည်း အနှောင့်အယှက် မဖြစ်။ ကွမ်းတရာညက်ခန့်ကြာလျှင် နှစ်ယောက်စလုံး ရုတ်တရက် ရပ်တန့်လိုက်ကြသည်။

'ရှီ..'

ခုံယန်ချင်သည် လေချွန်သံတချက်ပြုကာ နောက်ကျွမ်းပစ်လျှက် နောက်ဘက်ရှိ သစ်တောတွင်းသို့ ပြေးဝင်သွားတော့သည်။ ရောက်စီးလိုနှင့် ခုံယန်ချင်တို့ ခြေကွက်ချင်း ယှဉ်ပြိုင်နေစဉ် ကျူးရှာဝူနှင့် ဆားချုန်သိန်းတို့ နှစ်ယောက်ကား မျက်နှာချင်းဆိုင် ရန်စောင်နေမြဲ။ မီးအိမ်မီး၏ အလင်းရောင်က ပို၍ လင်းလက်လာသည်။ မီးတောက်က ပို၍ လောင်ကျွမ်းလာသည်။ ကျူးရှာဝူ မလှုပ်ရှားသေး။ ဆားချုန်သိန်းမှာ ကျူးရှာဝူ စိတ်လှုပ်ရှားရှုပ်ထွေးမည့် အချိန်ကို စောင်းဆိုင်းနေသည်။ စိတ်တချက် ရှုပ်ထွေးသည်နှင့် တိုက်ခိုက်မည်။

ကျူးရှာဝူကား တည်ငြိမ်နေမြဲ။ သူ၏မျက်နှာက မီးရောင်အောင်တွင် လက်လက်ထကာ အမှုအရာမရှိသကဲ့သို့ သူ့မျက်လုံးများက မီးအိမ်ကိုထိုးဖောက်ကာ မီးအိမ်မီးနောက်မှ လူကို စူးစိုက်ကြည့်နေသကဲ့သို့ မီးအိမ်မီး၏ ပြင်းထန်စွာ တောက်လောင်လာသော အလင်းရောင်က သူ့မျက်လုံး အကြည့်အာရုံကို တချက်ကလေးမျှ မတိမ်းစောင်း မပျက်စီးစေသကဲ့သို့၊ ထိုမီးအိမ်မီးသည် သိုင်းလောက အဆင့်မြင့် သိုင်းသမား ၁၉ ယောက်၏ မျက်လုံးကို လွဲမှားပြာဝေ သွားစေခဲ့သည်။ အဆင့်မြင့် သိုင်းသမား ခုနစ်ယောက်ကို မျက်လုံးကန်းစေခဲ့သည်။ ထို့နောက် ဓားပျံဖြင့် သူတို့၏ အသက်ဝိညာဉ်ကို နှုတ်ခြွေယူနိုင်ခဲ့သည်။ ယခု ကျူးရှာဝူ ဘာမျှ မဖြစ်သေး။ မီးအလင်းရောင် ပို၍ တောက်ကျွမ်းလာပြန်သည်။

ရောက်စီးလိုနှင့် ခုံယန်ချင်တို့၏ တိုက်ကွက်များကလည်း ပို၍ လျင်မြန်လာသည်။ ဆားချုန်သိန်း စိတ်ထဲ ရှုပ်ထွေးနောက်ကျိလာသည်။ ရောက်ဂေဟာကို လောက်စွဲသော မီးညွန့်များကလည်း ကျိုးကျသေဆုံးသွားပြီ။ စောစောက ထိုးဖောက်ဝင်ရောက်ခဲ့သော ဩဇာအာဏာဂိုဏ်းသားများလည်း တဝက်ခန့်ပင် မကျန်ဘဲ အလုအယက် ထွက်ပြေးနေကြပြီး ပန်းချောင်းဓားဂိုဏ်း၏ စေ့စပ်သေချာသော အစီအမံကြောင့် ဩဇာအာဏာဂိုဏ်းသားများ အရှုံးနှင့် ရင်ဆိုင်ရပြီ။

'ငါ့သားလေးယောက် ဘာဖြစ်လို့ ထွက်မလာရသေးတာလဲ။ ဒီအဘိုးကြီးနှစ်ယောက်ကို ငါတို့ ဘယ်လောက်ကြာအောင် အချိန်ဆွဲထားရမှာလဲ'

ဆားချုန်သိန်း စိတ်ထဲမှ တွေးလိုက်မိသည်။ ရောက်ဂေဟာမှမီး၊ သစ်တောထဲမှမီး အားလုံးငြိမ်းသွားပြီ။ မီးအိမ်မီးက ကျူးရှာဝူ အာရုံကို မဆွဲဆောင်နိုင်တော့။ ခုံယန်ချင်ကလည်း ထွက်ပြေးပြီ။ ကွင်းထဲ၌ သူတယောက်တည်းသာ ကျန်တော့သည်။ ရောက်စီးလိုကလည်း သူ့ဘက်သို့ နှေးကွေးစွာ ကိုယ်လှည့်လာခဲ့ပြီ။ ဆားချုန်သိန်း စိတ်လှုပ်ရှားသွားသည်။ သို့သော် ကိုယ်ခန္ဓာကမူ မလှုပ်ရဲ၊ ရောက်စီးလိုနှင့် လှည့်ရင်ဆိုင်လျှင် ကျူးရှာဝူ၏ သံကွန်ချာက သူ့ကို အုပ်မိုးမိမည်။ ကျူးရှာဝူ၏ သံလက်ကလည်း သူ့လည်ပင်းကို ချိုးပစ်လိမ့်မည်။ ရောက်စီးလိုဘက် မလှည့်လျှင်ကော… ပန်းချောင်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးကို မည်သို့ ခုခံနိုင်ပါမည်နည်း။

'ဖောင်း…'

ပေါက်ကွဲသံတခု ရုတ်တရက် ထွက်လာသည်။ အလင်းရောင်က ရုတ်ခြည်းပျောက်ကွယ်သွားကာ မည်းနက် ပျစ်ချွဲသော အရည်များ ပန်းထွက်လာသည်။

'အဆိပ်ငါးမျိုးသွေးရည်'

ရောက်စီးလို အထိတ်တလန့် အော်ဟစ်ကာ အလျင်အမြန် ရှောင်တိမ်းပေးလိုက်သည်။ တဆက်တည်းပင် မီးခတ်နှင့် မီးခြစ်လိုက်သည်။ အလင်းရောင်ထွက်လာသည်။ ဆားချန်သိန်းမရှိတော့။ မီးအိမ်နီက အစိတ်စိတ် အမြွှာမြွှာ ကွဲကြေနေသည်။ ဆားချန်သိန်းသည် အခြေအနေ မဟန်သောကြောင့် လက်ထဲမှ မီးအိမ်နီကို စွန့်ကာ အဆိပ်ရည်ဖြင့် ပက်ပစ်ခဲ့သည်။ ရောက်စီးလိုတို့ ရှောင်ရှားနေစဉ် အခွင့်ကောင်းယူကာ ထွက်ပြေးသွားခြင်း ဖြစ်ပေသည်။ ကျူးရှာဝူနှင့် ရောက်စီးလိုတို့ တယောက်မျက်နှာတယောက် ကြည့်လိုက်ကြသည်။ စကားမပြောကြသော်လည်း သူတို့၏ အကြည့်များက အဓိပ္ပါယ်အပြည့် ပါဝင်နေသည်။

တကယ်တမ်း မတိုက်ခိုက်လိုက်ဘဲ ရန်သူကို အနိုင်ရကာ အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့ရသဖြင့် ဝမ်းသာကျေနပ်သော အကြည့်များ ဖြစ်ပေသည်။ ညလေအေးက တသုန်သုန် တိုက်ခိုက်လာပြန်သည်။ ကျူးရှာဝူနှင့် ရောက်စီးလိုတို့ နှစ်ယောက် ဂေဟာအတွင်းသို့ ပြန်လည်လျှောက်လှမ်းလာခဲ့ကြတော့သည်။

ရောက်ချူးရွှေသည် ကျန်လိနယ်ယိနှင့်အတူ ကျင်မေဂေဟာဆောင်မှ ထွက်လာခဲ့သည်။ အခန်းအပြင်သို့ရောက်လျှင် အဝေးတနေရာမှ မီးတောက်မီးလျှံများနှင့် အော်ဟစ်တိုက်ခိုက်သံများ ကြားရသဖြင့် ခြေလှမ်း တုံ့ခနဲ ရပ်ပစ်လိုက်သည်။ ကျန်လိနယ်ယိက ခေါင်းတချက်သာ မော့ကြည့်ပြီး တည်ငြိမ်စွာပင်...

'ဒီလောက်ကလေးကိုတောင်မှ ပန်းချောင်းဓားဂိုဏ်းက မကျော်လွှားနိုင်ရင် မင်းတို့ဂိုဏ်း မျိုးပြုတ်ရင်လဲ ပြုတ်သင့်ပါပြီ၊ ကဲ...ငါ့ကို မြန်မြန်သာ ငါးကြည့်ဆောင်ကို ခေါ်သွားပေတော့'

ရောက်ချူးရွှေ စိတ်ထဲ ရှက်လဲရှက် ဒေါသလဲ ထွက်သွားမိ၏။ ရုတ်တရက် ဘာကို ဆုံးဖြတ်ရမှန်းမသိ ဖြစ်သွားကာ...

'ကျနော် ခင်ဗျားကို အရင်ဆုံး ငါးကြည့်ဆောင်ကို ခေါ်သွားမယ်၊ ဘဘခန်းကို ကုသမယ်၊ ပန်းချောင်းဂိုဏ်းရဲ့ ကိစ္စကို သူတို့ဘာသာသူတို့ လွယ်လွယ်ကူကူ ခုခံနိုင်တယ်ထားဦး၊ ကျနော့်လို သားတပည့်လုပ်တဲ့ လူတယောက်က ဂရုတစိုက်သွားပြီး ပါဝင်သင့်တယ်၊ ဒီအတွက် သေသွားလဲ ကျနော့်အသက်ကို ကျနော် မနှမြောဘူး'

ကျန်လိနယ်ယိသည် ရောက်ချူးရွှေအား မျက်လုံးမှေးကြည့်သည်။ ထို့နောက် သဘောကျစွာ ရယ်မောကာ...

'ကောင်းတယ်၊ ဒီဆယ်နှစ်တာ ကာလအတွင်းမှာ ငါ့ကို ပြန်ပြောရဲတဲ့ လူငယ်ဟာ မင်းတယောက်ပဲ ရှိသေးတယ်'

ပြောပြောဆိုဆိုပင် ငါးကြည့်ဆောင်ဘက်သို့ လျှောက်ထွက်လာခဲ့ကြသည်။ ခန်းချွတ်ယီ၏ မျက်နှာမှာ သွေးရောင်ပျောက်ကာ ဖြူရော်နေသည်။ မျက်ခုံးနှစ်ခုကြားမှ မည်းနက်သောအရာမှာလည်း ပို၍ အရောင်ရင့်လာသည်။ ဗှာကူးဖန့်၏ အဆိပ်ရည်ကား အလွန်ပင် အစွမ်းထက် ပြင်းထန်လှချေသည်တကား။ ခန်းကျီစင်းမှာ ဖခင်အတွက် အလွန်ပင် စိုးရိမ်ပူပန်လွန်းသဖြင့် မျက်လုံးအစုံ နီရဲအောင် ငိုကြွေးထားပုံရ၏။ ကျန်လိနယ်ယိနှင့် စကားပြောနေစဉ်မှာပင် မျက်ရည်များ ရစ်ဝဲနေသည်။

'ဆရာကြီးရယ်...ကျနော့် ဖေဖေအား ကယ်တင်ပေးပါ'

ကျန်လိနယ်ယိက ဘာမျှ ပြန်မပြော။ ရောက်ချူးရွှေကသာ ခန်းကျီစင်းကို ဖေးမထားသည်။ ခန်းကျီစင်း စိတ်မထိန်းနိုင်တော့ဘဲ ရောက်ချူးရွှေကို ဖက်ကာ ငိုကြွေးသည်။ ကျန်လိနယ်ယိသည် ခန်းချွတ်ယီ၏ လက်ကောက်ဝတ် သွေးကြောကို အတင်းဆုပ်ထားပြီးမှ ပြန်လွှတ်လိုက်သည်။ သူ့ခေါင်းထဲတွင် စဉ်းစားတွေးတောပြီး ထပ်၍တခါ သွေးကြောကို စမ်းပြန်သည်။ အတန်ကြာအောင် စမ်းသပ်ပြီးမှ သက်ပြင်းတချက်ချကာ...

'သူ့အဆိပ်သင့်တာ ဗှာကူးဖန့်ရဲ့ အဆိပ်လား'

ခန်းကျီစင်းက တိတိကျကျပင် ခေါင်းညိတ်သည်။ ကျန်လိနယ်ယိ မျက်ခုံးနှစ်ဘက် တွန့်ကွေးသွားသည်။

'ဗှာကူးဖန့်ရဲ့ အဆိပ်ပညာက ပိုပြီး နက်ရှိုင်းထက်မြက်လာပါလား'

မှတ်ချက်ချသံနှင့်အတူ လက်ကောက်ဝတ်သွေးကြောကို ခပ်ကြာကြာ ဆုပ်ကိုင်စမ်းသပ်ပြန်သည်။ ပြီးမှ ခါးပိုက်ထောင်ထဲမှ ဆေးသုံးလုံးကို ထုတ်ယူသည်။ အဖြူ၊ အမည်း၊ အနီရောင် ဆေးလုံးသုံးလုံး ဖြစ်သည်။

'ရော့…ဘဝသုံးဆက်ဆေးကို တိုက်ကြည့်စမ်း၊ ဒီဆေးလုံးတွေကို အရက်ထဲမှာစိမ်ပြီး အပူပေးပြီးမှ တိုက်ရမယ်၊ ကြားလား'

ခန်းကျီစင်းအား ဆေးတိုက်ရမည့် အချက်အလက်တို့ကို ညွှန်ကြားပြီး ဆေးလုံးများ ထုတ်ပေးသည်။ ထို့နောက် ရောက်ချူးရွှေနှင့်အတူ ငါးကြည့်ဆောင်ထဲမှ ပြန်ထွက်လာခဲ့ကြသည်။ သူတို့စိတ်ထဲတွင် အသီးသီး လေးလံထိုင်းမှိုင်းနေကြသည်။

စကြရှည်၏ ခုနစ်ထပ်ကွေ့သို့ရောက်လျှင် ကျန်လိပ်ယိက ကျင်မေဆောင်သို့၊ ရောက်ချူးရွှေက မိုးသံနားထောင်ဂေဟာ အဆောင်ဘက်ဆီသို့ လမ်းခွဲထွက်လာခဲ့ကြသည်။ မိုးမြင့်ဂူကို ဖြတ်ကျော်ရမည့်နေရာသို့ရောက်လျှင် ရောက်ချူးရွှေစိတ်ထဲတွင် ထူးဆန်းစွာ ခံစားလိုက်ရသည်။ ထိုခံစားချက်ကား အသိအာရုံက စေ့ဆော်ကြိုတင်သတိပေးသည့် ခံစားချက်မျိုးပင်တည်း။ ထိုသို့ ခံစားကာ သတိထားမိစဉ်မှာပင် အလင်းတန်းတချက်က သူ့မျက်နှာ အနီးတွင် ပြက်လက်သွားသည်။ ဓားရှည်တစင်းက မြွေတကောင်ကဲ့သို့ လျောခနဲ ထိုးထွက်လာခြင်းပင်တည်း။ မထင်မှတ်သောအချိန်၊ မယုံကြည်နိုင်လောက်အောင် လျင်မြန်သွက်လက်မှုတို့ကြောင့် ရောက်ချူးရွှေ ရှောင်ရှားနိုင်ခြင်း မပြုနိုင်။ သို့သော် စိတ်အာရုံစေ့ဆော်မှုကြောင့် သတိထားနေသည်ဖြစ်ရာ ဓားဦးချွန်က နဖူးတည့်တည့်သို့ ထိုးဖောက်ခါနီးတွင် ကိုယ်ကို နောက်သို့ လှန်ချလိုက်သည်။

'ဝှစ်..'

ဓားက သူ့မျက်နှာပေါ်မှ စပါးလုံးတထောက်စာ ကပ်ကျော် ဖြတ်သွားသည်။ တဖက်ရန်သူ ဓားချက်ဆက်မထုတ်ခင်မှာပင် ပါးစပ်ဟကာ ဓားရွက်ကို သွားဖြင့် ဖမ်းကိုက်ထားလိုက်သည်။ မမြင်ရသော တဖက်ရန်သူ အကြီးအကျယ် အံ့အားသင့် တုန်လှုပ်သွားသည်။ ဤမျှ ပိုင်နိုင်သော အလစ်ဖမ်း လုပ်ကြံမှုကို ရောက်ချူးရွှေ ရှောင်တိမ်းခြင်း ပြုနိုင်မည်ဟု မထင်မိခဲ့။ ယခုလည်း ပွတ်ကာသီကာလေး ရှောင်တိမ်းပေးလိုက်ပြီး ဓားသွားကိုပင် သွားဖြင့် ဖမ်းကိုက်ထားသဖြင့် ရောက်ချူးရွှေ၏ သိုင်းပညာ အဆင့်အတန်း အလွန်မြင့်မား နက်ရှိုင်းလိမ့်မည်ဟု ထင်မှတ်ကာ ဓားကို အမြန်ဆွဲနှုတ်ပြီး ထွက်ပြေးသွားတော့သည်။ သူ၏ ကိုယ်ဖော့ပညာက နဂါးငွေ့တန်းပမာ ရိပ်ခနဲ ပျောက်သွားလောက်အောင် လျင်မြန်ကောင်းမွန်သည်။

ရောက်ချူးရွှေ ကိုယ်လုံးလှန်ထားရာမှ ခုန်ထလိုက်သည်။ တဖက်လူ၏ လျှပ်ပြက်သကဲ့သို့ ဓားထုတ် ထိုးသွင်းမှု လျင်မြန်ခြင်း၊ လေပွေပမာ ကိုယ်ဖော့ပညာ ကောင်းခြင်းတို့ကြောင့် သူ့တကိုယ်လုံး ဈေးချွေးများ ပြန်လာသည်။ ရန်သူသည် လုပ်ကြံမှု မအောင်မြင်သဖြင့် လစ်ခနဲ ကိုယ်ယောက်ဖျောက်သွားရာ ယောကျ်ားလား၊ မိန်းမလား ဆိုသည်ကိုပင် ရောက်ချူးရွှေ မသိလိုက်။ စိတ်ထဲတွင် သိလိုစိတ် ပြင်းထန်လာသဖြင့် ပတ်ဝန်းကျင်ကို စစ်ဆေးကြည့်ရှုလိုက်သည်။ ထိုနေရာတွင် ကင်းပုန်းချထားသော ခွေးအသင်းသား သိုင်းသမားနှစ်ယောက်မှာ စကြိုခြေရင်း၌ ဓားဒဏ်ရာနှင့် သေဆုံးနေသည်ကို တွေ့လိုက်ရသည်။ မိမိအား လုပ်ကြံသူ၏ လက်ချက်ဖြစ်ကြောင်း ရောက်ချူးရွှေ မစဉ်းစားဘဲ သိရှိလိုက်သည်။ ထိုသူ မည်သူနည်း။ အဘယ်ကြောင့် ဤမျှ လျင်မြန် သွက်လက်လွန်းနေသနည်း။ ရောက်ချူးရွှေ စိတ်ဝင်စားလာသည်။

သူ့ခြေလှမ်းများကမူ မိုးသံနားထောင်ဂေဟာအဆောင်စီသို့ ဦးတည် လျှောက်လှမ်းနေသည်။ လမ်းပေါ်တွင် သူတယောက်တည်း လျှောက်နေမိသော်လည်း အနီးအနားမျက်ကွယ်နေရာများတွင် ကျားအသင်းမှ အဆင့်မြင့်သိုင်းသမားများ ပုန်းအောင်းစောင့်ဆိုင်းနေကြသည်ကို ရောက်ချူးရွှေ သိနေသည်။ ပန်းချောင်းဓားဂိုဏ်းသည် မျက်မှောက်ခေတ် သိုင်းလောကထိပ်သီး ဓားဂိုဏ်းသုံးဂိုဏ်းတွင် တခုအပါအဝင် ဖြစ်ရသည်မှာ အကြောင်းမဲ့မဟုတ်။ သိုင်းပညာ ထက်မြက်သလို စီမံကာကွယ်မှု စေ့စပ်သေချာလှသောကြောင့်ပင်တည်း။

## "အခန်း–၉"

'အား..'

နာနာကျင်ကျင် အော်ဟစ်သံတသံက ညဥ့်ယံကို ဖောက်ထွက်လာသည်။ ရောက်ချူးရွှေ ခြေလှမ်းပင် တုံ့ခနဲ ဖြစ်သွားသည်။ အော်ဟစ်သံ ထွက်ပေါ်လာသည့်နေရာက သူ့ရှေ့ဘက်ရှိ ဟွမ်ဟိုမြစ်ဂေဟာ အဆောင်ဘက်ဆီမှ၊ သူ့ခြေလှမ်း တုံ့နေစဉ်မှာပင် အော်ဟစ်တိုက်ခိုက်သံများ ထွက်ပေါ်လာပြန်သည်။ ရောက်ချူးရွှေ ခြေလှမ်းများက မြင်းရိုင်းတကောင်အလား သွက်လက်လှုပ်ရှားသွားသည်။ တိုက်ခိုက်သည့်နေရာသို့ရောက်လျှင် သူတဒင်္ဂမျှ ငေးကြောင်သွားမိသည်။ သူ့မျက်လုံးအကြည့်က ဟွမ်ဟိုမြစ်ဂေဟာရှေ့ရှိ ဇရပ်အလေးပေါ်သို့ စိုက်ရောက်နေသည်။ ထိုဇရပ်အလေးအောက်တွင်ကား ပန်းချောင်းမြစ်ရေကလည်း တသွင်သွင် စီးဆင်းနေသည်။ ဇရပ်ပေါ်တွင်ကား လူတယောက် တင်ပျဉ်ခွေထိုက်ကာ မြစ်ရေစီးကို မျက်နှာမူပြီး အတွင်းအား လည်ပတ်လေ့ကျင့်နေသည်။ သူ၏ အသက်ရှူထုတ်မှုကလည်း လုံးဝမရှိတော့။ သူ့ကိုယ်ခန္ဓာ တောင့်တောင့်ကြီး ဖြစ်ကာ မလှုပ်ရှားနိုင်တော့။ သူ၏ နောက်ကျော သတ္တာမခြောက် ကျောရိုးနေရာတွင် ဓားဒဏ်ရာကြီးက အထင်းသား ရှိနေ၏။

ထိုသူကား တုကျုံးနယ် ထန်မျိုးဆက်မိသားစု၏ အကြီးအကဲ ကိုယ်တော်ကြီး ထန်တာ့ပင်တည်း။ ရောက်ချူးရွှေ မျက်လုံးသွေးများ ဆူပွက်လာသည်။ သူ့ သူငယ်ချင်း ထန်လို သေခဲ့ရပြီးပြီ။ ယခုတခါ မိမိ၏ အိမ်ဂေဟာဝင်းထဲတွင် ယနေ့မှ သူကိုယ်တိုင်က သူငယ်ချင်းဟု သတ်မှတ်ခဲ့သော ကိုယ်တော်ကြီး ထန်တာ့လည်း လုပ်ကြံခံခဲ့ရပေပြီ။ သူ့အသည်းနှလုံးကို ကုတ်ခြစ်ခံရသကဲ့သို့ ရောက်ချူးရွှေ ရင်ထဲ နာကျင်လာသည်။

'ယား..'

မာန်သွင်းအော်ဟစ်သံနှင့်အတူ ရှေ့သို့ ပြေးတက်သွားပြီး ကျားအသင်းသား တယောက်ဆီမှ ဓားကိုလုယူလျက် တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်သည်။ တိုက်ပွဲဝင်နေသူကား တိန်ယိဟန်နှင့် ဝတ်စုံနက် ဝတ်ဆင်ထားသော လူတယောက်။ ဝတ်စုံနက်မှာ မျက်နှာကို ပဝါနက်ကလေး ဖုံးအုပ်ထားသည်။ တိန်ယိဟန်သည် မုန်းတီးနာကျည်းစွာပင် ထိုဝတ်စုံနက်အား အပြင်းအထန် တိုက်ခိုက်သည်။ ဟိုင်နန်ဓားဂိုဏ်း၏ အထွတ်အထိပ် သိုင်းကွက်များနှင့် အစွမ်းကုန် တိုက်ခိုက်သည်။ သို့သော် သူ့သိုင်းကွက်များက မည်မျှပင် ထက်မြက်ထက်မြက် မည်မျှပင် ရက်စက်ရက်စက် ဝတ်စုံနက်ကို မထိခိုက်။ ဝတ်စုံနက်မှာ တိန်ယိဟန်၏ ဓားကွက်များကြားတွင် လိပ်ပြာကလေးတကောင် ပျံဝဲသကဲ့သို့ လှပစွာ ခုခံရှောင်တိမ်းနေသည်။

ရောက်ချူးရွှေသည် တိန်ယိဟန်၏ အနီးသို့ ရောက်သည်နှင့် သူ့ဓားရှည်ကို ပန်းပွင့်ပုံသဏ္ဍာန် အကွက်ဖေါ်လိုက်သည်။ ဓားချက် ဆတ်ခနဲ ထုတ်လိုက်သည်နှင့်..

'ဖျပ်..'

သူ့ဓားဦးက ဝတ်စုံနက် မျက်နှာဖုံးပဝါကို ထိုးကလော်လိုက်သည်။ ဝတ်စုံနက် မရှောင်တိမ်းလိုက်နိုင်။ ကိုယ်ကို ကမန်းကတန်း တိမ်းစောင်းလိုက်ရသည်။ ကလစ်ဟူသောအသံနှင့်အတူ မျက်နှာဖုံးပဝါ လွင့်ဖယ်သွားကာ မည်းနက်သော ဆံပင်များ ဖွာခနဲ လက်ဖြာသွားတော့သည်။ တိန်ယိဟန်နှင့် ရောက်ချူးရွှေတို့နှစ်ယောက် အံ့အားသင့် မှင်တက်နေမိကြသည်။ သူတို့ရင်ဆိုင်တိုက်ခိုက်နေသည့် ဝတ်စုံနက်လူမှာ ယောကျ်ားသားတယောက် မဟုတ်ဘဲ မိန်းကလေးတယောက် ဖြစ်နေသောကြောင့်ပင်တည်း။

မိန်းမပျို၏ ဆံပင်များက နက်မှောင်ကာ အလုံးအဆန် ကောင်းလှသည်။ သောက်ရွှန်းကြယ် ညီနောင်ကဲ့သို့ ရွှန်းလက်ကြည်စင်သော မျက်လုံးများကလည်း အရည်လဲ့နေပြီး ကော့ညွှတ်သော မျက်တောင်များက မျက်ဝန်းအလှကို ပံ့ပိုးပေးနေပြန်သည်။ ပါးလွှာသော နှုတ်ခမ်းသည် လုံးဝန်းသွယ်စင်းနေသော နှာသီး နှာတံတို့ဖြင့် မိန်းကလေး၏ အလှကျက်သရေတို့ကလည်း လရောင်အောက်တွင် ထွန်းထိန်နေသည်။ သို့သော် သူမ၏ မျက်ဝန်းထဲတွင် ဒေါသငွေ့များက တဟူးဟူးထနေသည်။ ရောက်ချူးရွှေ ငေးကြောင်ကြည့်နေစဉ်မှာပင် မိန်းမပျိုလေး၏ လက်စတင် လှုပ်ရှားလာသည်။

'စွပ်…'

ရောက်ချူးရွှေ ဘယ်ဘက်လက်အောက်တွင် ပေါက်ဓားတလက် စိုက်ဝင်သွားသည်။ သတိဖျတ်ခနဲဝင်ကာ ဒေါသထွက်လာသည်။ ကိုယ့်ကိုကိုယ်လည်း မိန်းမပျိုကလေးတယောက်၏ အလှအပတွင် ဤမျှ တိမ်းမူးမက်မော ရပါမည်လားဟု ရက်စိတ်ဝင် အပြစ်တင်မိသည်။ ထိုအချိန်တွင် တိန်ယိဟန်မှာ ဝတ်စုံနက် မိန်းကလေးနှင့် တိုက်ခိုက်နေပြီ ဖြစ်သည်။ မိန်းကလေး၏ လှုပ်ရှားမှုက အလွန်ပင် လျင်မြန်သွက်လက်လှသည်။ သိုင်းပညာစွမ်းတွင် ရောက်ကတော်ထက် ညံ့မည်မဟုတ်။

'ချွင်..'

တိန်ယိဟန်၏ လက်ထဲမှ ဓားရှည်မှာ မိန်းမပျိုလေး၏ ပရစ်ပျံကျောက်ခဲ လက်နက်ပုန်းသုံးခု ထိမှန်ခံရကာ မြေပြင်ပေါ်သို့ လွတ်ကျသွားရသည်။ လျင်မြန်သွက်လက်မှုတွင် စံထားရသော တောင်ပင်လယ် ဟိုင်နန်ဂိုဏ်း၏ ဓားသိုင်းပညာကား မိန်းမပျိုကလေး၏ လက်နက်ပုန်းအောက်တွင် လက်နက်မဲ့ဘဝ ရောက်သွားခဲ့ ရချေပြီ။ ရောက်ချူးရွှေ အံ့သြစိတ်၊ ဒေါသစိတ်တို့ဖြင့် ရှေ့သို့ တိုးတက်သွားသည်။

အမျိုးသမီး၏ လှုပ်ရှားဟန်နှင့်ဆိုလျှင် ရောက်ချူးရွှေအား လက်နက်ပုန်းနှင့် သုံးကြိမ် ပစ်ခတ်ချိန် ရပေသည်။ သို့သော် မိန်းကလေးက မပစ်။ သူမ၏ မျက်နှာဖုံးပိတ်စကို ဖယ်ရှားလိုက်သော ခဏ့ညားယောကျ်ားပီသလှသည့် လူတယောက်ဖြစ်ကြောင်း သိလိုက်ရသဖြင့် ရင်ထဲတွင် လှုပ်ခနဲ ခံစားရကာ လက်နက်ပုန်း မထုတ်မိတော့။ ထိုအချိန်တွင် ရောက်ချူးရွှေသည် သူမအနီးသို့ ရိပ်ခနဲ ရောက်ရှိသွားသည်။ အနီးကပ် ဖြစ်လာပြီမို့ လက်နက်ပုန်း ပစ်ခတ်၍ မရတော့။ ရောက်ချူးရွှေ လက်ထဲတွင် ဓားမရှိ။ တဘက်က လက်သီးဖြင့် ထိုးဟန်ပြကာ တိုက်ခိုက်သည်။ မိန်းမပျိုလေးက လက်ကောက်ဝတ်နှစ်ဘက်ဖြင့် ဆီးခံသည်။

သူမ၏ တိုက်ခိုက်မှုပညာက လက်နက်ပုန်းပစ်ခတ်သည့် ပညာလောက် မထက်မြက်။ မိန်းမပျိုလေး၏ လက်မောင်းနှစ်ဘက် ထုံကျင်သွားရသည်။ ရောက်ချူးရွှေသည် အခြားလွတ်နေသော လက်တဘက်ဖြင့် မိန်းကလေး၏ မျက်နှာကို ဖြတ်ရိုက်ဟန်ပြင်သည်။ ထိုလက်ကား မိန်းမပျိုလေး၏ ပေါက်ဓားလက်နက်ပုန်း ထိမှန်ခံထားရသည့် လက်ဖြစ်၏။ ရောက်ချူးရွှေ၏ လက်ဝါးရိုက်ချက်က ထိုဒဏ်ရာအတွက် လက်စားချေခြင်းနှင့် ကိုယ်တော်ကြီး ထန်တာ့ အတွက် အကြွေးဆပ်ခြင်းဖြစ်၏။

သို့သော် သူ့လက်ဝါးက မိန်းမပျိုကလေး၏ မျက်နှာအနီးသို့ ရောက်စဉ်မှာပင် သူ့စိတ်ထဲတွင် တမျိုးတမည် ခံစားလိုက်ရသည်။ ပိရိသောနှုတ်ခမ်း၊ ဖြောင့်စင်းသောနှာတံ၊ ကြည်စင်သောမျက်ဝန်း တို့ဖြင့် ပေါင်းစပ်ထားသော မိန်းမပျိုကလေး၏ မျက်နှာကျကို သူကောင်းစွာ ရင်းနှီးသလို ခံစားလိုက်ရသည်။ သူ့ရင်ထဲတွင်လည်း သိမ့်ခနဲ လှုပ်ရှားသွားသည်။ သူတိုက်ခိုက်နေသည်မှာ မိန်းမပျိုကလေး တယောက်ပါလား ဟူသော အတွေးက သူ့ကို ဝင်ရောက်ဟန့်တားလာသည်။

သက်ပြင်းတချက်ချကာ ရိုက်လက်စလက်ဝါးကိုလည်း လမ်းခုလတ်တွင်ပင် ရပ်တန့်ရုပ်သိမ်း လိုက်တော့သည်။ ရောက်ချူးရွှေက လက်ကွက်ကို ရုတ်သိမ်းလိုက်သော်လည်း မိန်းမပျိုလေးမှာမူ စောစောကပင် ရက်စက်သော တိုက်ကွက်ကို ထုတ်သုံးခဲ့ပြီးဖြစ်သည်။ လက်နှစ်ဘက်ကို ခွဲပြီး ငါးထောင်ချွန်မြားလေးချောင်းကို ကွေ့ဝိုက်ပစ်လွှတ်လိုက်သည်။ ထိုမြားလေးစင်းက ရောက်ချူးရွှေ၏ ကျောဆီသို့ ဝင်လာသည်။ ဤသို့ ဖြစ်လာသည်ကို ရောက်ချူးရွှေ မသိ။ လက်ဝါးရိုက်ချက်ကို ရုပ်သိမ်းပြီး နောက်သို့ဆုတ်လိုက်ရာ လက်နက်ပုန်းများနှင့် ပို၍ နီးစပ်တိုးဝင်သလို ဖြစ်သွား၏။

မိန်းမပျိုလေးမှာ ရောက်ချူးရွှေက ဤသို့ မိမိအပေါ် သက်ညှာလိမ့်မည်ဟု မထင်ခဲ့။ တိုက်ကွက်ရုပ်သိမ်းကာ နောက်ဆုတ်လိုက်သည်ကို မြင်လျှင် အံ့အားသင့် ထိတ်လန့်သွားသည်။

'အို..'

သူမ၏ လက်နက်ပုန်းကို သူကိုယ်တိုင် ပြန်မရုပ်သိမ်းလိုက်နိုင်တော့။ လက်နက်ပုန်းများက ရောက်ချူးရွှေကို ထိမှန်တော့မည်။ ထိုစဉ် .....

'ဖပ်..ဖပ်'

တိန်ယိဟန် အလျင်အမြန်ပင် လက်နက်ပုန်းများကို ပြေးဖမ်းသည်။ ငါးထောင့်ချွန်မြားနှစ်စင်းကိုသာ သူဖမ်းလိုက်နိုင်သည်။ သူ့လက်ဖဝါးနှစ်ဖက်တွင် သွေးချင်းချင်းနီရဲသွားသည်။ နောက်ထပ် ငါးထောင့်ချွန်မြားနှစ်စင်း။ ထိုမြားကို မည်သို့ ဖယ်ရှားမည်နည်း။ ရောက်ချူးရွှေ၏ ကျောပြင်သို့ ထိုးဖောက်ဝင်တော့မည်။ မိန်းမပျိုလေးမှာ သူ့လက်နက်ဖြင့် တဘက်လူ သေဆုံးသွားမည်ကို မကြည့်ရက်မမြင်ရက်သဖြင့် မျက်လုံးအစုံကို မှိတ်လိုက်မိသည်။ သို့သော် သူမ၏ မြားနှစ်စင်းက ရောက်ချူးရွှေ၏ ကျောပြင်ကို ဖောက်မဝင်လာ။ လူရိပ်တရိပ်က ခုန်ဝင်ကာ ထိုလက်နက်ပုန်းနှစ်ခုကို အလွယ်တကူ ဖမ်းဆီးလိုက်သည်။

တိန်ယိဟန်၏ လက်နှစ်ဘက်တွင် သွေးချင်းချင်းနီရဲသွားသော်လည်း ထိုသူ၏ လက်တွင် သွေးတစက်မျှ မထွက်၊ ဒဏ်ရာ တစက်မျှ မရ။

'ဦးလေးကျူး..'

တိန်ယိဟန် ဝမ်းသာအားရ အော်ဟစ်ခေါ်လိုက်မိသည်။ လက်နက်ပုန်းများအား ဖမ်းဆီးလိုက်သူကား သံလက်၊ သံမျက်နှာ၊ သံအင်္ကျီ၊ သံကွန်ချာ ဘွဲ့ရှင် ကျူးရှာဝူ ဖြစ်နေလေသတည်း။

ကျူးရှာဝူနှင့်အတူ ရောက်စီးလိုပါ လိုက်လာခဲ့သည်။ ရောက်ချူးရွှေမှာ မိန်းကလေးတယောက်အပေါ် စိတ်တိမ်းညွှတ်မိသဖြင့် အသက်ပျောက်ရမလို ဖြစ်ခဲ့ရသည့် မိမိအဖြစ်ကို ရှက်စိတ်ဝင်သွားလေသည်။

'ကိုယ်တော်ကြီး ထန်တာ့ ဘယ်လိုသေသွားရတာလဲ'

ရောက်စီးလိုမေးသည်။ တိန်ယိဟန်မျက်နှာ သွေးဆုတ်ဖြူရော်သွားသည်။ သူ့တာဝန်က ထန်တာ့ကို စောင့်ဆိုင်းရမည့်တာဝန်။ ယခု ထန်တာ့ သေဆုံးသွားခဲ့ရပေသည်။ လူသတ်တရားခံကို သူကိုယ်တိုင်ပင် မသိ။ သို့သော် သူ့စိတ်ထဲတွင် သင်္ကာမကင်းဖြစ်နေသော ဝတ်စုံနက်ဝတ် မိန်းကလေးအား လက်ညိုးညွှန်ကာ..

'သူ သတ်တာပဲ'

မိန်းမပျိုကလေး၏ မျက်လုံးများ အရောင်တောက်သွားသည်။ ဒေါသအရိပ်အယောက်မှ အံ့သြထူးဆန်းသည့်အသွင် ပြောင်းလာသည်။ ရောက်စီးလိုက ထိုမိန်းကလေးကို ဖျတ်ခနဲ ကြည့်သည်။ ထို့နောက် တိန်ယိဟန်အား ဆက်မေးသည်။

'ဖြစ်ပျက်ပုံ အားလုံးကို ပြောပြစမ်း တိန်ယိဟန်'

'ကျနော် ကိုယ်တော်ကြီး ထန်တာ့ကို ဟွမ်ဟိုမြစ်ဂေဟာအဆောင် အထိလိုက်ပို့တဲ့အခါမှာ ကိုယ်တော်ကြီး ထန်တာ့ ပြန်သတိရလာပါတယ်၊ အဆိပ်ကို ပြင်းပြင်းထန်ထန်မိထားပေမယ့် သတိကတော့ အင်မတန် ကောင်းပါတယ်၊ ကျနော့်ကိုလည်း ဒီနေရာ သိပ်လုံခြုံတယ်၊ ငါ့အတွက် မစိုးရိမ်နဲ့၊ အဆိပ်ဒဏ်ကို ငါ့ဘာသာ ကုသရင် ရပြီဆိုပြီးတော့ ဆေးလုံးထုတ်သောက်နေတယ်၊ နောက်တော့ ဒီဇရပ်ပေါ်မှာ အတွင်းအား ကျင့်စဉ်လေ့ကျင့်တယ်၊ ကျနော် သူ့နဘေးမှာ သတိဝိရိယနဲ့ စောင့်ကြပ်နေခဲ့ပါတယ်၊ အဲဒီအချိန်မှာပဲ ဝတ်စုံနက်နဲ့ လူတယောက် ရိပ်ခနဲ ရောက်လာပြီး ကျနော့်မျက်နှာကို ဓားနဲ့တချက် လှမ်းထိုးတိုက်ခိုက်တယ်'

ရောက်ချူးရွှေ စိတ်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ မိမိကိုလည်း စကြာအကွေ့တနေရာတွင် အမည်မသိလူတယောက်က မျက်နှာဆီသို့ ဓားဖြင့် လှမ်းထိုးခဲ့သည် မဟုတ်ပါလား။ အချိန်ကာလကို တွေးဆကြည့်လျှင် ထိုသူသည် မိမိအား လုပ်ကြံပြီးနောက် တိန်ယိဟန်အား လာရောက်လုပ်ကြံခြင်း ဖြစ်မည်ဟု တွေးမိလေသည်။

အဲဒီလူရဲ့ ဓားသိုင်းပညာက မြင့်မားပေမယ့် ထိတ်ထိတ်ပျာပျာ ပြေးလာရတဲ့အတွက် သူ့ဓားကွက်က ပုံစံပျက်နေတယ်၊ ကျနော်က သူ့ကို ဓားကွက်သုံးကွက်တိတိ ရင်ဆိုင်ခုခံတယ်၊ အဲဒီလူဟာ လက်ဦးမှုရပေမယ့် စိတ်လောပြီး နောက်ဆုတ်ပြေးတယ်၊ ခြေလှမ်းလေးငါးလှမ်းလိုက်ပြီးခါမှ ကိုယ်တော်ကြီး ထန်တာ့ကို သတိရပြီး နောက်ကို ချက်ချင်း ပြန်ပြေးလာခဲ့တယ်၊ ဒါပေမယ့် ကျနော် နောက်ကျသွားတယ်၊ မထင်မှတ်ဘဲ ဝတ်စုံနက်လူကို ကိုယ်တော်ကြီးထန်တာ့ဘေးမှာ

ရပ်နေတာကို တွေ့လိုက်ရတယ်၊ အဲဒီအချိန်မှာ ကိုယ်တော်ကြီးထန်တာ့ လုပ်ကြံခံနေရပြီးပြီ၊ ဒီမိန်းကလေးဟာ ကိုယ်တော်ကြီးထန်တာ့ကို သတ်လိုက်တဲ့ တရားခံပဲ'

ဝတ်စုံနက်ဝတ် မိန်းကလေး အမူအရာ ပြောင်းလဲသွားသည်။ တိန်ယိဟန်ကို အထင်သေးသည့် မျက်လုံးများဖြင့် ကြည့်နေသည်။ ရှောက်စီးလိုက အခြေအနေကို သုံးသပ်ပြီး...

'ဒီမိန်းကလေးနဲ့ မင်းတို့တိုက်ခိုက်တုံးက သူ့ဓားထုတ်သုံးခဲ့သလား'

'ဟင့်အင်း...မသုံးခဲ့ပါဘူး'

'ဒီမိန်းကလေးရဲ့ ကိုယ်ပေါ်မှာ ဓားမှ မရှိဘဲ၊ ကိုယ်တော်ကြီ ထန်တာ့က ဓားဒဏ်ရာနဲ့ သေဆုံးနေတာ မဟုတ်လား'

တိန်ယိဟန် မကျေမနပ် ဖြစ်သွားသည်။

'သူက အဓိက တရားခံ မဖြစ်လဲ အလိုတူအလိုပါတော့ ဖြစ်မှာပေါ့'

'လုံးဝ အလိုတူ အလိုပါ မဖြစ်နိုင်ဘူး'

စကားဝင်ပြောလိုက်သူကား ကျူးရှာဂူ ဖြစ်လေသည်။ တိန်ယိဟန်နှင့် ရှောက်ချူးရွှေတို့ အကြည့်က ကျူးရှာဂူထံသို့ စုပြုံရောက်ရှိလာသည်။ ကျူးရှာဂူက ပြတ်သားသော လေသံဖြင့်..

'ဒီမိန်းကလေးနာမည်က ထန်ဖန်း ဖြစ်တယ်၊ ထန်တာ့ရဲ့ ညီမအရင်း၊ ထန်မျိုးဆက် မိသားစုထဲမှာ အတည်တကျ မရှိဆုံးလူ၊ အလျှို့ဝှက်ဆုံးလူပဲ'

သိုင်းလောကတွင် ထန်ဖန်း၏အမည်ကို ကြားဖူးကြသော်လည်း သူ့ရုပ်ရည်နှင့် သူ့သိုင်းကွက်ကို မြင်ဖူးသူ အလွန်ပင် ရှားပါးလှပေသည်။ ကျူးရှာဂူသည် သူ့လက်နှစ်ဖက်ကို ဖြည်းညင်းစွာ ဖြန့်ချလိုက်သည်။

'ခြွင်...ခြွင်'

ငါးထောင့်ချွန်သံမြား နှစ်ခုက အောက်သို့ ပြုတ်ကျသွားသည်။ ထိုလက်နက်ပုန်း၏ ကိုယ်ထည်ပေါ်တွင် ထန်ဆိုသော အမည် စာလုံးတလုံးက လရောင်အောက်တွင် ထင်ထင်ရှားရှား မြင်တွေ့နေရသည်။

'ဒီလို ရှေ့ဘက်ကနေ နောက်ကျောကို ထိမှန်အောင် ပစ်နိုင်တဲ့ သားအမိဝိညဉ်သံမြား လက်နက်ပုန်းကို ထန်မိသားစုကလွဲလို့ ဘယ်သူမှ ပစ်ခတ်နိုင်စွမ်း မရှိဘူး'

ကျူးရှာဂူ ခိုင်မာလေးနက်စွာ ပြောချလိုက်သည်။ ရှောက်ချူးရွှေစိတ်ထဲ ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ အမျိုးအမည်မသိသော ပူဆွေးဆွတ်ကြင်မှုတခုက သူ့နှလုံးသားတွင် ပေါက်ဖွားလာသည်။ မိန်းမပျိုကလေးသည် ထန်မျိုးဆက်မှ ထန်ဖန်းဖြစ်သည်ဆိုလျှင် ကိုယ်တော်ကြီးထန်တာ့ကို သတ်သည့် တရားခံ မဟုတ်နိုင်တော့ ဆိုသည့် အသိက သူ့စိတ်ကို ဝမ်းသာကြည်နူးသွားစေသည်။ ထန်ဖန်းမှာ ငိုင်တွေရပ်နေရင်းမှ မျက်လုံးအိမ်မှ မျက်ရည်များ ယိုစီးကျလာသည်။

'ဘဘကျူး၊ ဘဘရှောက်'

နှုတ်မှ ရေရွတ်ကာ မြေပြင်တွင် ဒူးတုပ်လျက် လက်အုပ်ချီ အရိုအသေပြုလိုက်သည်။ ရှောက်စီးလိုက သူမအား ညင်သာစွာ ထူမလိုက်ကာ...

'မိန်းကလေးထန်ဖန်း...တို့ မင်းကို အထင်လွဲမှားခဲ့တာ ခွင့်လွှတ်ပါကွယ်'

ထန်ဖန်း စကားမပြန်။ ဝမ်းနည်းပူဆွေးမှုကြသာ သူမရင်ထဲ ပြည့်သိပ်နေသည်။ ထန်တာ့သည် သူမအား အချစ်ခင်ဆုံးဖြစ်သလို သူမကလည်း သူမအကိုကြီးအပေါ်တွင် နားအလည်ဆုံးဖြစ်ပေသည်။

'အကိုကြီးရယ်..ညီမလေး အရောက်နောက်ကျခဲ့လို့ အကိုကြီး အခုလို မသေသင့်ဘဲ သေသွားရတာပါ'

ထန်ဖန်းမှာ ဝမ်းနည်းပူဆွေးသည့် လေသံဖြင့် ရေရွတ်သည်။ တိန်ယိဟန်မှာ သိလိုစိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ..

'မိန်းကလေးထန်ဖန်း၊ ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာရတာလဲ'

ထန်မျိုးဆက်မိသားစုတွင် ထန်ဖန်း၏ ကိုယ်ဖော့ပညာက အထူးချွန် အထက်မြက်ဆုံး ဖြစ်ပေသည်။ ရောက်ဂေဟာ၏ ကာကွယ်စောင့်ရှောက်မှုကို သူမ၏ ကိုယ်ဖော့ပညာဖြင့် အလွယ်တကူ ထိုးဖောက်ဝင်ရောက်လာနိုင်စွမ်းရှိပေသည်။ ထန်ဖန်းက ခေါင်းကို ခါယမ်းလိုက်သည်။ သူမ မျက်ဝန်းအိမ်ထဲမှ မျက်ရည်စက်တချို့ ဘေးသို့ လွင့်စဉ်ထွက်သွားသည်။

'ကျမ အကိုကြီး ဒီမှာ ရှိတယ်ဆိုတာ သိလို့ လာခဲ့တာပဲ၊ အပြင်ဘက်ရောက်တော့ သြဇာအာဏာဂိုဏ်းသားတွေ ဒီခြံဂေဟာကို ဝန်းရံထားတာ တွေ့ရတယ်၊ ဒါနဲ့ အထဲကို တိတ်တဆိတ် ခိုးဝင်လာခဲ့တယ်၊ အတွင်းဆောင်ကို လျှောက်ပြီး အကိုကြီးကို ချောက်လှန့် နောက်ပြောင်ဖို့ စိတ်ကူးခဲ့တယ်၊ ကျမရောက်လာတဲ့အချိန်မှာ အကိုကြီးရဲ့ ကိုယ်ပေါ်မှာ ဓားဒဏ်ရာနဲ့ သွေးတွေ ယိုစီးကျနေပြီ၊ အဲဒီတုန်းက ရှင်ဟာ ဝတ်စုံနက်လူတယောက်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေသေးတယ်၊ ကျမစိတ်ကို ကျမ ထိန်းသိမ်းလိုက်နိုင်တဲ့အချိန်မှာ ရှင်ပြန်ရောက်လာပြီး မပြောမဆိုနဲ့ ကျမကို တိုက်ခိုက်တော့တာဘဲ၊ နောက်ပြီးတော့ ဟောဒီလူ…ဟောဒီလူ'

ထန်ဖန်း၏ အသံလေးက ကြည်လင်အေးမြနေသည်။ ရောက်ချူးရွှေကို လက်ညိုးညွှန်ပြီး စကားကို တပိုင်းတစနှင့် ရပ်ပစ်လိုက်သည်။ ရောက်ချူးရွှေနှင့် တိန်ယိဟန်တို့ ကပျာကယာပင် တောင်းပန်စကားဆိုကြသည်။ ကျူးရှာဂူက လက်ကာပြကာ…

'ချူးရွှေက မျက်နှာဖုံးပိတ်စကို ဟလိုက်ပြီးတဲ့အချိန်မှာ တိန်ယိဟန်က နှစ်ယောက်တယောက် ဝင်မတိုက်ဘူး၊ ချူးရွှေကလည်း တကွက်အသာရပေမယ့် ကိုယ့်ဒေါသကို ကိုယ်ပြန်ရုပ်သိမ်းနိုင်တယ်၊ ဒါဟာ ကောင်းမြတ်တဲ့ အကျင့်သီလပဲ၊ တချိန်ချိန်မှာ မင်းတို့ဟာ သိုင်းလောကရဲ့ သူရဲကောင်းတွေ ဖြစ်လာလိမ့်မယ်လို့ ငါယုံကြည်တယ်'

စကားပြောခဲ့သော၊ နှုတ်နည်းသော ကျူးရှာဂူကိုယ်တိုင် ချီးကျူးစကားဆိုလာသဖြင့် ရောက်ချူးရွှေတို့နှစ်ယောက်၏ ရင်ထဲတွင် ပီတိလှိုင်းများ ဝေဖြာသွားတော့သည်။ ထန်ဖန်းသည် ဇရပ်ပေါ်သို့ တက်လိုက်ပြီး ထန်တာ့၏ အလောင်းနဘေးတွင် ဒူးတုပ်ထိုင်ကာ ကတိသစ္စာဆိုသည်။ သူမ၏ မျက်နှာကလေးက ပူဆွေးသောကကြောင့် နွမ်းနယ်ဟန်ရှိသော်လည်း သူမ၏ မျက်လုံးများကမူ လရောင်ထဲတွင် တလက်လက်တောက်ပနေသည်။ လူအားလုံးမှာ ထန်ဖန်းကို ကြည့်ကာ နှုတ်ဆိတ်ငြိမ်သက်နေကြသည်။ ထိုငြိမ်သက်မှုကို ဖြိုခွဲလိုက်သည်ကား ငါးကြည့်ဆောင်ဘက်မှ ဒေါသတကြီး အော်ဟစ်လိုက်သံပင်တည်း။

'ဟာ…ဘာတွေ ဖြစ်ကုန်ပြီလဲ မသိဘူး'

ရောက်စီးလို အထိတ်တလန့် ရေရွတ်သည်။ ရောက်ချူးရွှေနှင့် တိန်ယိဟန်တို့ ချက်ချင်းပင် လှုပ်ရှားလိုက်ကြသည်။ သို့သော် ကျူးရှာဂူ၏ ခန္ဓာကိုယ်က သူ့တို့ကိုယ်ပေါ်မှ ဟူးခနဲ ကျော်ဖြတ်ထွက်သွားသည်။ ကျူးရှာဂူက ရှေ့မှ ဦးဆောင်ကာ ငါးကြည့်ဆောင်ဘက်သို့ ပြေးသည်။ အဆောင်ရှေ့သို့ရောက်သောအခါ ကိုယ်လုံးကိုယ်ဆစ် အချိုးအစားကျနလှပသောသူတယောက် ငါးကြည့်ဆောင်တံခါး တွန်းဖွင့်ဝင်သွားသည်ကို တွေ့လိုက်ရသည်။ သူ့ထက် ကိုယ်ဖော့ပညာကောင်းသူရှိနေသဖြင့် ကျူးရှာဂူ အံ့အားသင့်မိသည်။ တံခါးဖွင့်ဝင်သွားသူကား ထန်ဖန်းပင်တည်း။

ထန်ဖန်း အခန်းတွင်းသို့ ဝင်လိုက်သည်နှင့် လူငယ်တယောက်က အော်ဟစ်ကာ ဓားကို ဝှေ့ယမ်းတိုက်ခိုက်ဟန် ပြင်သည်။ ထိုအချိန်မှာပင် ကျူးရှာဂူ ရောက်ရှိလာသည်။

'ကျီစင်း…ရပ်လိုက်စမ်း'

ကျူးရှာဂူ အမိန့်ပေး အော်ဟစ်လိုက်သံကြောင့် ခန်းကျီစင်း ဓားကို ရပ်တန့်လိုက်သည်။ သူ့မျက်နှာတွင်ကား ဒေါသကြောင့် နီရဲနေသည်။ ရောက်စီးလိုက ရောက်ရောက်ချင်းပင်…

'ဘာတွေဖြစ်နေသလဲ ကျီစင်း'

ကျူးရာဝူ၏ စိတ်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ ငါးကြည့်ဆောင်ဘက်သို့ မိမိပြေးလာစဉ်တွင် ရောက်စီးလို လုပ်ပင်မလှုပ်သေး။ ယခုသူက မိမိနှင့် ရှေ့ဆင့်နောက်ဆင့် ဝင်လာခဲ့သည်ကို မိမိကိုယ်တိုင်ပင် မသိလိုက်။ စိတ်ထဲတွင် ကျိတ်ရှက်ခလေး ဖြစ်သွားမိသည်။

'အဖေ...အဖေ'

ခန်းကျီစင်းအသံက တုန်ယင်နေသည်။ ရောက်စီးလို ရိပ်ခနဲပင် ခန်းချွတ်ယီထံ ခုန်ဝင်လာသည်။ ခန်းချွတ်ယီ၏ မျက်နှာတပြင်လုံး မဲနက်နေသည်။ ထိုအချိန်တွင် တိန်ယိဟန်နှင့် ရောက်ချူးရွှေတို့ အပြေးအလွှား ရောက်ရှိလာကြသည်။ ခန်းချွတ်ယီ၏ မျက်နှာအရောင်အသွေးကို ကြည့်ပြီး သူတို့ နှစ်ယောက်လုံး တုန်လှုပ်သွားကြသည်။ ရောက်စီးလိုက သူ့စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်ပြီး ...

'မင်းအဖေရဲ့ သိုင်းပညာစွမ်းနဲ့ဆိုရင် အဆိပ်ကို ထိန်းချုပ်နိုင်လောက်ပြီ၊ အခု ဘယ်လို အခြေအနေ ဖြစ်ရတာတုံး'

ခန်းကျီစင်းက ဒေါသသံဖြင့်..

'ဟိုဆေး...ဟိုဆေး ကြောင့်ပေါ့'

'ဘယ်ဆေးလဲ'

ရောက်ချူးရွှေ၏ မျက်လုံးက စားပွဲပေါ်သို့ ဖျတ်ခနဲ ရောက်သွားသည်။ အရက်ခရားကို လှမ်းတွေ့လိုက်သဖြင့်..

'ဘဘကျန်လိန်ယိရဲ့ ဆေးလား'

'ဟုတ်တယ်၊ အဲဒီဆေးပေါ့၊ သူပြောတဲ့အတိုင်း အဲဒီ ဆေးအရက် သောက်ပြီးတာနဲ့ အဖေဟာ နာနာကျင်ကျင် အော်ဟစ်တယ်၊ အဆက်မပြတ် ညီးညူတယ်၊ နောက်ဆုံး အခုပုံစံအတိုင်း ဖြစ်သွားရတာပဲ'

ရောက်ချူးရွှေသည် ခန်းချွတ်ယီအား အသေအချာ ကြည့်မိသည်။ မျက်နှာပြင် တခုလုံး ခရမ်းပြာရောင် မည်းနက်နေပြီး အသက်ကို ပုံမှန်အတိုင်း မရှူနိုင်တော့။ ဝင်သက်ထွက်သက်က ပိုများနေသည်။

'ဘဘကျန်လိန်ယိက ဘဘခန်းချွတ်ယီ မိထားတဲ့ အဆိပ်က သိပ်ပြီး ထူးဆန်းတယ်တဲ့၊ သူစစ်ဆေးလို့လဲ အဖြေမရဘူး၊ ဒါကြောင့် ဒီဆေးကို အရက်နဲ့စိမ် အပူပေးပြီးမှ သောက်ဖို့ မှာကြားခဲ့တယ်'

ရောက်ချူးရွှေက ကျူးရာဝူတို့အား ရှင်းပြသည်။ ကျူးရာဝူ ခဏမျှ စဉ်းစားလိုက်ပြီးမှ...

'ဆေးကို အရက်ထဲ စိမ်ထားတဲ့အချိန်မှာ မင်း အပြင်ဘက်ကို ထွက်မိသေးလား ကျီစင်း'

ခန်းကျီစင်း ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားပြီး..

'ထွက်သွားမိပါတယ်၊ ကျနော် အပေါ့အပါးတခါ ထွက်သွားမိပါတယ်'

'အပြင်က ပြန်လာပြီးမှာ မင်းအဖေကို ဆေးတိုက်တာပေါ့ ဟုတ်လား'

'ဟုတ်ကဲ့'

ကျူးရာဝူ ဘာမျှ ပြန်မပြောဘဲ ငြိမ်နေ၏။ ရောက်စီးလိုမှာ မအောင့်အီးနိုင်ဘဲ...

'နောင်ကြီးကျူး စိတ်ထဲမှာ တူမောင် အပြင်ထွက်သွားတုန်းက အခြားတယောက်ယောက် အရက်ထဲမှာ အဆိပ်ခတ်လိုက်တယ်လို့ ထင်သလား'

ကျူးရာဝူ တအောင့်မျှ စဉ်းစားပြီးမှ...

'နောင်ကြီး ကျန်လိန်ယိက ဘယ်လိုလုပ်ပြီး ခင်ဗျားရဲ့ အိမ်ဂေဟာကို ရောက်နေရတာလဲ၊ သူ့ကိုရော ယုံကြည်စိတ်ချရရဲ့လား'

ရောက်စီးလို သက်ပြင်းရှည်ကြီး ချလိုက်၏။ ပြောသင့်မပြောသင့် အကြိမ်ကြိမ် စဉ်းစားဟန်ပြုပြီးမှ...

'မလိမ်ညာ မထိန်ဝှက်ဘဲ ပြောရမယ်ဆိုရင် မယ်တော်ကြီး ကျုပ်အိမ်ဂေဟာထဲမှာ ရောက်နေတယ်'

ကျူးရှာဝူ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'မယ်တော်ကြီး ဟုတ်လား'

'ဟုတ်တယ်'

ကျူးရှာဝူ၏ မျက်နှာတွင် လေးစားကြည်ညိုသည့် အရိပ်အယောင်များ လွှမ်းမိုးလာသည်။ ရှောက်စီးလိုက ဆက်လက်၍...

'နောင်ကြီး ကျန်လိနယ်ဖိက မယ်တော်ကြီးရဲ့ ကိုယ်ရံတော်ပဲ'

'ဒါ..ဒါဆိုရင် နောင်ကြီး ကျန်လိနယ်ဖိအပေါ် လုံးဝသံသယ မရှိပါဘူး'

ရှောက်ချူးရှွေ မျက်ခုံးကျုံ့သွား၏။ ထန်ဖန်းနှင့် တိနယ်ဖိဟန်တို့နှစ်ယောက်မှာ နားမလည်နိုင်လောက်အောင် ဇဝေဇဝါ ဖြစ်သွား၏။ မယ်တော်ကြီးဆိုသူမှာ မည်သူနည်း။

'ဒါဆို အဆိပ်ခတ်တဲ့လူက ဘယ်သူလဲ'

ရှောက်စီးလို မေးသည်။ ကျူးရှာဝူ ပြန်မဖြေနိုင်။

'အား...'

ဆွဲဆွဲငင်ငင် အော်ဟစ်လိုက်သံတသံက ထပ်မံ ထွက်ပေါ်လာပြန်သည်။ အော်ဟစ်သံ ကျင်မေအဆောင်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်ပေရာ ရှောက်စီးလိုမှာ ထိန်းချုပ်မရအောင် မျက်နှာပျက်သွား၏။ ချက်ချင်းပင် သူ့အရိပ်လည်း ပျောက်ကွယ်သွား၏။ ထန်ဖန်းသည်လည်း သူနှင့် တဆက်တည်းလိုပင် ပြေးထွက်သွား၏။ ကျူးရှာဝူက ထွက်ခွာမသွားခင် ခန်းကျီစင်းအား..

'မင်းဒီနေရာမှာပဲ စောင့်ရှောက်နေရစ်ခဲ့'

ပြောပြောဆိုဆိုပင် လူရိပ်ကလည်း လှစ်ခနဲ ပြေးလွှားပျောက်ကွယ်သွားလေသည်။

ကျင်မေဂေဟာအဆောင်ရှေ့တွင် လူတယောက် ရပ်နေသည်။ သူ့ဓားရှည်က ဓားအိမ်မှ တဝက်ခန့်သာ ဆွဲထုတ်ရသေးသည်။ ရန်သူ၏ ဓားချက်တချက်ကမူ သူ့အားထိုးဖောက် ဝင်ရောက်သွားခဲ့လေပြီ။ အသက်ပျောက်ဆုံးသွားသော်လည်း အာရုံငွေ့ငွေ့ ရှိနေသေးသဖြင့် မြေပြင်ပေါ်သို့ လဲကျမသွားသေး။ သူ့မျက်လုံးအစုံက ပြူးကျယ်နေသည်။ ထိတ်လန့်တုန်လှုပ်ခြင်း၊ မယုံသင်္ကာဖြစ်ခြင်းတို့က ထိုမျက်လုံးထဲတွင် အငွေ့အသက်အဖြစ် ထင်ရှားကျန်ရစ်နေသည်။ ထိုသူကား မျက်မှောက်ခေတ်ဓားသိုင်း အကျော်အမော် ခုနှစ်ဦး၏ အဆင့်ထက် ကျော်လွန်မြင့်မားသော အဖိုအမဓားသမား ကျန်လိနယ်ဖိ ဖြစ်ပေသည်။ ထန်ဖန်းမှာ လှုပ်ရှားနေသော စိတ်ကို မထိန်းနိုင်ဘဲ...

'သူ...သူက ဘဘကျန်လိနယ်ဖိ ဆိုတာလား'

ကျန်လိနယ်ဖိ သေဆုံးနေသော မျက်နှာအမူအရာက တကယ်ပင် ကြောက်ရွံ့စရာ ကောင်းနေသည်။ ရှောက်စီးလိုမှာ အံ့အားအသင့်ကြီးသင့်ကာ ရေရွတ်လိုက်မိ၏။

'နောင်ကြီး ကျန်လိနယ်ဖိထက် ဓားရေးပိုလျင်မြန်တဲ့လူများ ရှိနေသေးလို့လား'

ကျူးရှာဝူက ခေါင်းခါယမ်းလိုက်ကာ...

'ရန်သူရဲ့ ဓားက မြန်တာ မဟုတ်ဘူး၊ နောင်ကြီး ကျန်လိနယ်ဖိ စိတ်ထဲမှာ တဘက်လူ ဓားထုတ်လိမ့်မယ်လို့ မထင်ဘဲ အခုလို ဖြစ်သွားရတာ'

ရှောက်စီးလိုသည် ကျန်လိနယ်ဖိ၏ မျက်လုံးနှင့် မျက်နှာကို အသေအချာ လေ့လာကြည့်ရှုပြီးမှ ခေါင်းညိတ်ပြလိုက်သည်။ ကျူးရှာဝူက ဆက်လက်၍..

'ဒါပေမယ့် တဘက်လူရဲ့ ဓားကလဲ တကယ်ပဲ လျင်မြန်ပါတယ်၊ ရုတ်တရက် အလစ် ဝင်တိုက်ခိုက်တယ် ထားဦး၊ နောင်ကြီး ကျန်လိန်ယိကို ဒီလို အလွယ်တကူ မသတ်ဖြတ်နိုင်ပါဘူး'

'ဟုတ်တယ်၊ နောင်ကြီး ကျန်လိန်ယိသာ ဓားဆွဲထုတ်မယ်ဆိုရင် အဲဒီလူရဲ့ အသက်နဲ့ခန္ဓာ အိုးစားကွဲသွားပြီ'

'ဒါကြောင့် လူသတ်သမားဟာ နောင်ကြီး ကျန်လိန်ယိ ထင်မှတ်မထားတဲ့ ငုပ်ကောင်တကောင် ကျိန်းသေဖြစ်ရမယ်'

ရောက်စီးလို မျက်ဝန်းက နေရာအနှံ့အပြားကို လှည့်ပတ်ကြည့်ရှုလိုက်ပြီး...

'ဒါ..ဒါဖြင့် လူသတ်သမားဟာ ကျုပ်တို့နဲ့လဲ ရင်းရင်းနှီးနှီး သိကျွမ်းနေတဲ့သူ ဖြစ်ရမယ်'

ကျူးရှာဝူ ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

'အဲဒီလူဟာ ကိုယ်တော်ကြီး ထန်တာ့ကို သတ်တယ်၊ နောင်ကြီး ခန်းချွတ်ယီကို အဆိပ်ခတ်တယ်၊ ယိဟန်နဲ့ ချူးရွှေတို့ကို အလစ်ဝင် တိုက်ခိုက်တယ်၊ အခုတခါ နောင်ကြီး ကျန်လိန်ယိကိုလဲ သတ်ဖြတ်ခဲ့ပြန်ပြီ'

ကျူးရှာဝူ၏ မျက်နှာထားက ပြောနေရင်းမှ မာထန်လာသည်။ ရောက်ချူးရွှေတို့ လူသိုက်မှာ အန္တရယ်အငွေ့အသက်ကို ရှူမိသဖြင့် အသက်ရှူကျပ်သလို ခံစားလာရသည်။ သေခြင်းတရားသည် လေထဲတွင် ပျံ့နှံ့ကာ ရောက်ဂေဟာ မိသားစုအတွင်းရှိ လူများ၏ နှာခေါင်းပေါက်မှ တဆင့် ဝင်ရောက်လာတော့မည်လား။ ရောက်ချူးရွှေ အထိတ်တလန့် အမူအရာဖြင့်...

'ဒီ...ဒီအတိုင်းဆိုရင် ကျင်မေဂေဟာ အဆောင်ထဲမှာကော..'

ကျင်မေဂေဟာအဆောင်ကို စောင့်ကျပ်ရသော ကျန်လိန်ယိ လုပ်ကြံခံရပြီဆိုလျှင် ဂေဟာအတွင်းမှာကော လုံခြုံမှု ရှိနိုင်ပါမည်လား။ မယ်တော်ကြီးနှင့် ရောက်ကတော်တို့ ကျင်မေဂေဟာ အဆောင်ထဲတွင် ရှိနိုင်ပါဦးမည်လား။ ရောက်စီးလို၏ စိုးရိမ်စိတ်က ကြီးထွားလာသည်။ ချက်ချင်းပင် အခန်းတံခါးမရှေ့သို့ ခုန်ဝင်လိုက်ပြီး ခြေဖြင့် ဆောင့်ကန်ရန် ဟန်ပြင်လိုက်သည်။ သူ့ခြေထောက် ကန်ပင်မကန်လိုက်ရ။ တံခါးချပ်က ရုတ်တရက် ဖျတ်ခနဲ ဖွင့်လာပြီး ရောက်ကတော်နှင့် မယ်တော်ကြီးတို့ တံခါးဝတွင် ပေါ်ထွက်လာ၏။

ရောက်စီးလိုသည် မယ်တော်ကြီးကို တွေ့သည်နှင့် အလျင်အမြန်ပင် ခါးညွတ်အရိုအသေပြုလိုက်သည်။ ကျူးရှာဝူသည်လည်း မြေပြင်တွင် ဒူးတုပ်ထိုင်ကာ ဦးချရှိခိုး လိုက်မိတော့သည်။

'အို...ဒီလောက်ထိ အရိုအသေပေးဖို့ မလိုပါဘူးကွယ်'

မယ်တော်ကြီးက ညင်သာပျော့ပျောင်းစွာ တားမြစ်သည်။ ကျူးရှာဝူက ဒူးတုပ်မြဲ တုပ်လျက်မှပင် ရိုသေကျိုးနွံသော လေသံဖြင့်...

'ကျနော်ဟာ စစ်သူကြီးရဲ့ လက်အောက်က စုံစမ်းရေးတပ်ဖွဲ့မှာ အကြပ်တပ်သား လုပ်ခဲ့ဖူးပါတယ်ခင်ဗျာ'

မယ်တော်ကြီး သတိရ မှတ်မိသွားသည်။

'မင်းက ကျူးကျက်ရှင်းလား'

ကျူးရှာဝူ ဝမ်းသာအားရ ဖြစ်သွားသည်။

'ဟုတ်ပါတယ် မယ်တော်ကြီး၊ ကျနော် ကျက်ရှင်းပါ၊ မယ်တော်ကြီး ကျနော့်ကို မှတ်မိလိမ့်မယ်လို့ မထင်မိပါဘူး'

မယ်တော်ကြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံးရယ်လိုက်သည်။

'အခုက စစ်တပ်ထဲမှာလဲ မဟုတ်ဘူး၊ ဖေးအော်လဲ ရှိမနေဘူး၊ ဘာဖြစ်လို့ ဒီလောက်အထိ အရိုအသေပေးနေရတာလဲ'

ကျူးရှာဝူကား ဒူးတုပ်မြဲတုပ်လျက်၊ ရိုသေမြဲ ရိုသေလျက်။ ရောက်ချူးရွှေ ဦးနှောက်ထဲတွင် ဒိန်းခနဲ အသဥာဏ်တချက် လင်းလက်သွားသည်။ ဖေးအော်...ဖေးအော်ဆိုသော အမည်က သူ့နှလုံးသားထဲတွင် ပဲ့ထင်တုန်ဟည်းနေ၏။ တရုတ်ပြည်တပြည်လုံးတွင် ကျော်ကြားနေသောအမည်။ ချန်ကျူးနယ်တွင် မွန်ဂိုတာတာတို့ကို

အောင်ပွဲခံခဲ့သော၊ တာတာစစ်သူရဲ အူးကျူ၏ တပ်မဟာကို နွားခေါင်းတောင်တွင် အပြတ်အသတ် အနိုင်ယူခဲ့သော မျိုးချစ်စစ်သူရဲကောင်းကြီး ရွှဲ့ဖေးများလား၊ မယ်တော်ကြီးသည် ရွှဲ့ဖေး၏ မိခင်ဖြစ်နေသည်လား။ ရောက်ချူးရွှေ နှလုံးသွေးများ ဆူပွက်လာသည်။ စိတ်ထဲတွင် ကြည်ညိုလေးစားမှုကို မည်သို့မှ ထိန်းချုပ်မရနိုင်တော့ဘဲ မယ်တော်ကြီးရှေ့တွင် ဒူးတုပ်ကာ ရှိခိုးကန်တော့မိတော့သည်။

'ဒီလောက်ကြီးလဲ ငါ့ကို အလေးမထားကြပါနဲ့ကွယ်၊ ရွှဲ့ဖေးကလဲ သာမာန်လူသားတယောက်ပါပဲ၊ သူနဲ့ မင်းတို့မှာ တူညီတဲ့သွေးတွေ ရှိတယ်၊ တူညီတဲ့ တိုင်းပြည်ချစ်စိတ်ရှိတယ်၊ သူက မင်းတို့ထက် နည်းနည်းပိုပြီး အမျိုးသားရေးတာဝန်ကို ထမ်းရွက်ခဲ့ရုံနဲ့ ငါ့ကို တန်ခိုးရှင်တယောက်လို မကိုးကွယ် မသတ်မှတ်ကြပါနဲ့၊ ဆုန့်မင်းဆက်ရဲ့ တိုင်းကြီးပြည်ကြီးသား တယောက်လို့ ကိုယ့်ကိုကိုယ် သတ်မှတ်ရင် ရွှဲ့ဖေးကို လေးစားဂါဝရပြုမယ့်အစား သူ့လုပ်ငန်းတွေကို အထောက်အကူ ပြုပေးရင် လုံလောက်ပါတယ်'

မယ်တော်ကြီးက တည်ကြည်လေးနက်စွာ ပြောသည်။ သူသည် ရွှဲ့ဖေး၏မိခင် မယ်တော်ကြီးရွှဲ့ ဖြစ်ပေသည်။ မယ်တော်ကြီးရွှဲ့၏ ဆုံးမသွန်သင်မှုကြောင့် ရွှဲ့ဖေးမှာ ထူးချွန်ထက်မြက်သော စစ်သူရဲကောင်းကြီး တယောက် ဖြစ်လာခဲ့ရသည်။ သားကောင်းတယောက် ဖြစ်လာရေးမှာ မိခင်သည် အခရာ ဖြစ်ပေ၏။

'ရွှဲ့ဖေးဟာ ရန်သူတာတာတွေကို တိုက်ခိုက်နှိမ်နင်းနေတယ်၊ တာတာစစ်သူကြီး ကျင်းအူးကျူက ရွှဲ့ဖေးရဲ့ စစ်ရေးစစ်ရာကို အနှောင့်အယှက်ပေးပြီး အကျပ်ကိုင်ချင်လို့ ငါနဲ့ငါ့ချွေးမကို ဖမ်းဆီးဖို့ ကြိုးစားတယ်၊ ငါကတော့ ချန်တူးနယ်ဘက်ကို ပြေးလာပြီး ငါ့ချွေးမက ကွမ်ကျီနယ်ကို ထွက်ပြေးခဲ့တယ်၊ ငါ့အသက်အရွယ်ဟာ ကြီးရင့်နေပါပြီ၊ သေရမှာကို ငါမကြောက်ပါဘူး၊ ဒါပေမယ့် ငါ့ကြောင့် ရွှဲ့ဖေးရဲ့ တက်ကြွနေတဲ့ စစ်သွေးစစ်မာန်တွေကို အဟန့်အတားမဖြစ်စေချင်ဘူး၊ ဒါကြောင့် ထွက်ပြေးခဲ့ရတာပဲ'

မယ်တော်ကြီးရွှဲ့၏လေသံက အားမာန် အပြည့်ပါနေသည်။ ရောက်ချူးရွှေမှာ မယ်တော်ကြီးအား လေးစားပြီးရင်း လေးစားနေမိတော့သည်။ ရောက်စီးလိုက အားမလို အားမရဖြစ်ဟန်နှင့် သက်ပြင်းချကာ...

'စစ်သူရဲကောင်းကြီးရွှဲ့ဖေးက တိုင်းပြည်ရဲ့ ရန်သူတွေကို ရှုပ်ရှုပ်ချွံချွံ သုတ်သင်ချေမှုန်းနေတဲ့အချိန်မှာ မယ်တော်ကြီးက ရန်သူရဲ့ အနှောင့်အယှက်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရတယ်၊ ကျုပ်တို့ဟာ စစ်မှုထမ်းတွေ မဟုတ်ပေမယ့် မယ်တော်ကြီးရဲ့ အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးသင့်တယ်၊ အခုလို မယ်တော်ကြီး စိတ်အနှောင့်အယှက်ဖြစ်အောင် ကျုပ်တို့ဘက်က တာဝန်မကျေတာကိုဘဲ စိတ်ထဲ တကယ့်ကို ရှက်နေမိတယ်'

'ကိုယ်တော်ကြီးရောက်က ကိုယ့်ကိုကိုယ် နှိမ့်ချပြောနေတာကိုး၊ တကယ်တော့ အခုလို မင်းတို့ရဲ့ ဂေဟာကို ဩဇာအာဏာဂိုဏ်းက ကျူးကျော်တိုက်ခိုက်ပြီး လူတွေ သေဆုံးခဲ့ရတာ ငါ့အဘွားကြီးကြောင့်ပါကွယ်'

'ဒီလိုပြောလို့မရပါဘူး မယ်တော်ကြီး၊ ကျနော်က စစ်သူရဲကောင်းကြီး ရွှဲ့ဖေးလို ရှေ့တန်းစစ်မျက်နှာ ထွက်ပြီး တိုင်းပြည်အတွက် အသက်စွန့် တိုက်ခိုက်နိုင်တာမှ မဟုတ်ဘဲ၊ ကျနော်တို့ရဲ့ သူရဲကောင်းကြီးအတွက် မယ်တော်ကြီးရဲ့ လုံခြုံရေးကို ကျနော့်ဘက်က အပြည့်အဝ တာဝန်ယူနိုင်ရမှာပေါ့၊ ကျနော်အသက်ငွေ့ငွေ့လေး ရှိနေရင်တောင်မှ မယ်တော်ကြီးကို ကာကွယ် စောင့်ရှောက်ပေးသွားမယ်ဆိုတာ စိတ်ဆုံးဖြတ်ပြီးသားပါ၊ ဒါပေမယ့် အခု ကျနော်တို့ ရင်ဆိုင်နေရတာက အင်အားအရှိန်အဝါကြီးမားလွန်းတဲ့ ဩဇာအာဏာဂိုဏ်း ဖြစ်နေတယ်၊ ပြီးတော့ သူတို့ဟာ တာတာတွေနဲ့ အဆက်အသွယ်ယူထားတဲ့အပြင် အမျိုးသားသစ္စာဖောက်အမတ်ကြီး ချင်ကွေ့နဲ့လဲ ပတ်သက်နေတော့ သူတို့အင်အားက နိုင်းမရအောင် ခိုင်မာနေတယ်'

'ဟုတ်တယ်၊ ဒီလမ်းခရီးတလျှောက်မှာ ငါဟာ အကြိမ်ပေါင်းများစွာ လုပ်ကြံခံခဲ့ရတယ်၊ ငါကိုယ်တိုင် သိုင်းပညာ တတ်မထားတာက ငါ့အတွက် အားနည်းချက်တခုပဲ၊ တလမ်းလုံး အမေကျန်က ငါ့ကို ကျောက်ဆောင်ကျောက်သားကြီးလိုပဲ ကြံ့ကြံ့ခံ ကာကွယ်စောင့်ရှောက်ပေးခဲ့ရတယ်'

ရောက်စီးလို မျက်နှာ ကွက်ခနဲ ပျက်သွား၏။ စကားတခွန်းကို အနိုင်နိုင် အားယူ၍ ပြောနေရရှာသည်။

'မယ်တော်ကြီးကို ကျနော် တင်ပြပါရစေ၊ အမေ...အမေကျန်ဟာ ခုနတုန်းက ရန်သူရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်'

ပြောပြောဆိုဆို ရောက်စီးလို ဘေးသို့ကပ်ကာ လဲကျခြင်း မရှိသေးသော ကျန်လိန်ယိ၏ ရုပ်အလောင်းကို မယ်တော်ကြီး မြင်သာအောင် ပြလိုက်သည်။

'အို..'

မယ်တော်ကြီးမှာ တောင်ဝှေးတချက်ယမ်းကာ ယိမ်းယိမ်းယိုင်ယိုင် ဖြစ်သွား၏။ ရောက်ကတော် အလျင်အမြန်ပင် ဖေးမထားကာ..

'စောစောက ကျမအခန်းထဲမှာ ရှိနေတုန်း အပြင်ဘက်က ရုတ်တရက် ဓားထုတ်လိုက်တဲ့ အသံတော့ ကြားလိုက်မိတယ်၊ မယ်တော်ကြီးကို စောင့်ရှောက်နေရလို့ အပြင်ထွက်မကြည့်ခဲ့မိဘူး၊ အခုတော့..'

ရောက်ကတော် စကားကို ဆုံးအောင် ဆက်မပြောနိုင်။ မယ်တော်ကြီး၏ ဒေါသ လောဘ မောဟကင်းစင်သော မျက်ဝန်းအိမ်တွင် မျက်ရည်ကြည် ကလေးများ ဝန်းခိုလာသည်။ သို့သော် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုသော တရားများနှင့် ဖြေသိမ့်ကာ စိမ့်ယိုကျလုလု မျက်ရည်ကို ထိန်းချုပ်ထားလိုက်သည်။

'အမေကျန်ဟာ မိန်းမတယောက် မဟုတ်ဘူးဆိုတာ ငါသိတယ်၊ သူဟာ ရဲကျုံး ရဲ့သွေးသောက် ညီအကိုပဲ၊ သူငါ့ကို စောင့်ရှောက်ဖို့ အမေကျန် ဟန်ဆောင်ပြီး တမင်ရောက်လာတာ၊ ငါကလည်း သူ့ကို အမေကျန်လို့ဘဲ ခေါ်ခဲ့တယ်၊ ရှေ့တန်းစစ်မျက်နှာမှာ ဆုန့်မင်းဆက်ရဲ့ မျိုးချစ်တပ်မတော်နဲ့ အတူ ရွှဲဖေးဟာ တိုက်ပွဲဝင်နေတုန်းက ကျင်းအူကျူးက အထောက်တော် လွှတ်ပြီး အကြောင်းကြားလာတယ်၊ ရွှဲဖေး အသတ်ခံလိုက်ရပြီတဲ့၊ ငါနဲ့ ငါ့ချွေးမ မျက်ရည်တစက် မကျခဲ့ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီသတင်းကို မယုံကြည်လို့ပဲ၊ ကိုယ့်တိုင်းပြည် ကိုယ့်နိုင်ငံကို ပြန်မသိမ်းပိုက်နိုင်မချင်း ရွှဲဖေးရဲ့ ရည်ရွယ်ချက် အဟန့်အတား ဖြစ်မှာ မျိုးချစ်ရဲဘော်တွေရဲ့ စိတ်ဓာတ်တွေ ပျက်ပြားသွားမှာကို လုံးဝမလိုလားဘူး'

မယ်တော်ကြီး၏ ရဲရဲတောက် စကားများကြောင့် ရောက်ချူးရွှေ့ အသားများပင် တဆတ်ဆတ် တုန်လာကာ ဇာတိသွေး ဇာတိမာန် တက်ကြွလာသည်။

'မယ်တော်ကြီး တာတာတွေ လက်ထဲလုံးဝ ကျရောက်မသွားရအောင် ကျနော်တို့ အစွမ်းကုန် ကာကွယ် တာဝန်ယူမယ်'

ရောက်ချူးရွှေ့၏ အော်ဟစ်သတိပေးလိုက်သံက လူအားလုံး၏ စိတ်ကို နိုးကြွသွားစေတော့သည်။

“အခန်း–၁၀”

အရုဏ်သစ်စအချိန်။ အရှေ့ဗျူဟာအရပ်ဆီမှ ထွက်ပြူလာမည့် အလင်းတန်းက ပျပျမှေးမှေးကလေးသာ။ ပတ်ဝန်းကျင်တခုလုံး ပိန်းပိတ်အောင် ကျဆင်းနေသော နှင်းသားထုကို နေရောင်က မထိုးဖောက်နိုင်။ ရှောက်စီးလိုသည် ကျင်မေဂေဟာသို့ သွားရောက်ကာ မယ်တော်ကြီးအား နေ့သစ်အတွက် နှုတ်ခွန်းဆက်သည်။ ထို့အတူ ထန်ဖန်းကိုလည်း မိုးမြင့်ဂူ၏ ဘိုးဘွားစဉ်ဆက် အရိုးပြာအိုးများရှေ့တွင် ရှိခိုးကန်တော့ရန် ခေါ်ဆောင်လာသည်။ သာမာန်အချိန်တွင်မူ ရှောက်မိသားစု ဘိုးဘွားအရိုးပြာများ ထားရှိရာ မိုးမြင့်ဂူသို့ အပြင်လူ ဝင်ရောက်ရှိခိုး ကန်တော့ခွင့်မရှိ။ ယနေ့သော်ကား မလွှဲမရှောင်သာသော ကိစ္စတခုကို ပြုလုပ်ရမည် ဖြစ်သောကြောင့် ထန်ဖန်းအား ခေါ်ဆောင်လာခဲ့ရသည်။ ရှောက်မိသားစုခြံဝင်း၏ ဘေးပတ်ပတ်လည်တွင် ဩဇာအာဏာဂိုဏ်းသားများက ပုန်းကွယ်ဝန်းရံ စောင့်ဆိုင်းနေကြသည်။

ခြံဝင်းထဲမှ အသုဘ ဈာပနနှစ်ခုကိုလည်း သဂြိုလ်ရဦးမည်။ ထိုဈာပနနှစ်ခုမှာ ကိုယ်တော်ကြီးထန်တာ့နှင့် ကျန်လိန်ယိတို့ ဖြစ်ကြသည်။ သူတို့နှစ်ယောက်အား ခြံဝင်းအပြင်ဘက်ရှိ သင်္ချိုင်းဂူတွင် မြှုပ်နှံ၍လည်းမဖြစ်၊ အခြားနေရာများတွင် ထားသို၍လည်းမရ။ ရှောက်မိသားစုဘိုးဘွားစဉ်ဆက် အရိုးပြာများ ထားရှိရာ မိုးမြင့်ဂူ၌သာ ခေတ္တထားသိုနိုင်သည်။ ကျန်လိန်ယိ၏ အလောင်းကို ရှောက်စီးလို ကိုယ်တိုင် ဦးဆောင်ပြီး ထန်တာ့အလောင်းကိုမူ သူ၏ ညီမ ထန်ဖန်းက ပို့ဆောင်သင်္ဂြိုလ်မှ သင့်လျော်ပေသည်။ သို့အတွက် ထန်ဖန်းအား သွားရောက် ခေါ်ဆောင်ရခြင်း ဖြစ်ပေသည်။

ရှေ့မှ အစေခံလေးယောက်သည် အခေါင်းထမ်းကာ မိုးမြင့်ဂူဘက်ဆီသို့ တရွေ့ရွေ့ လျှောက်သည်။ ရှောက်စီးလို၊ ထန်ဖန်းနှင့် ရှောက်ချူးရွှေတို့က နောက်မှ လိုက်လာသည်။ သူတို့သုံးယောက်၏ စိတ်ထဲတွင် ဝမ်းနည်းကြေကွဲနေမိကြသော်လည်း နှင်းမြူထုထပ်ပြီး အလင်းရောင် အားမကောင်းသေးသည့်အချိန်တွင် ရန်သူ ဝင်ရောက်တိုက်ခိုက်နိုင်သော အခြေအနေရှိသဖြင့် သတိဝီရိယ ထားနေမိကြသည်။ ရှောက်စီးလိုစိတ်ထဲတွင် မနေ့က ကျန်လိန်ယိ လုပ်ကြံခံရပြီးနောက် အိမ်ဂေဟာတွင် အတွင်းရန်သူရှိနေပြီကို သဘောပေါက်မိသည်။ ရန်သူက မည်သူမည်ဝါ ဆိုသည်ကိုမူ မသိရသေး။ သို့အတွက် ဓားလက်ကိုင်ရိုးပေါ်တွင် လက်ကို အသင့်တင်ထားမိသည်။ ထို့ပြင် ရှောက်ချူးရွှေနှင့် ထန်ဖန်းတို့ကိုလည်း ကာကွယ်စောင့်ရှောက်ရန် အာရုံမပြတ်ထားနေရသေးသည်။

ထန်ဖန်းသည်လည်း မပေါ့ဆ။ ညာလက်တွင် သံသီးခုနှစ်လုံးဆုပ်လျက် ဘယ်လက်တွင် သံမဏိ အပ်ချောင်းကလေးများ ဆုပ်ထားသည်။ ရှောက်ချူးရွှေ၏စိတ်တွင်မူ ထန်ဖန်းနှင့်အတူ တွဲလျှောက်နေရသည်ကို ကြည်နူးပီတိ ဖြစ်နေသည်။ မိုးမြင့်ဂူသို့ရောက်သောအခါ နှင်းသားထုက အနည်းငယ် ပါးလာသည်။ မိုးမြင့်ဂူ တံခါးရှေ့တွင် ဆွံ့အနားမကြားသော ဘဘကွမ်းက စောင့်ဆိုင်းနေသည်။ ရှောက်စီးလိုကို မျက်လုံးလှန် ခေါင်းထောင်ကြည့်ပြီး တံခါးဖွင့်ပေးလိုက်သည်။ ထို့နောက် သူ၏ ပြုမြဲကိစ္စဖြစ်သော တံမြက်စည်းလှည်းခြင်း အလုပ်ကို ဆက်လုပ်နေသည်။ ဂူအတွင်းဘက်တွင် ဖုန်မှုန့်တစက်မျှ မရှိအောင် ပြောင်ရှင်းသန့်ရှင်းနေသည်။ ဖယောင်းတိုင်မီးများကလည်း ရုပ်တုများရှေ့တွင် ထွန်းညှိပူဇော်ထား၏။ စင်တခုပေါ်တွင်ကား ဟောင်းနွမ်းသံချေးတက်နေသော ဓားအိမ်နှင့် ဓားတချောင်း ရှိနေပေသည်။

ပန်းချောင်းဓားဂိုဏ်း၏ ဂိုဏ်းထိန်းပစ္စည်း ချန်ကိုးဓားမြတ်ပင်တည်း။ ဂူ၏ အနောက်ဘက်ခန်းမှာ အတော်ပင် ကျယ်ဝန်းလှသည်။ ထိုအထဲတွင် ထန်တာ့နှင့် ကျန်လိန်ယိတို့ အခေါင်းအပြင် ခေါင်းတလားပေါင်း တရာကျော်ခန့် ရှိနေသည်။ မနေ့ကြ သေဆုံးခဲ့ရသော ပန်းချောင်းဓားဂိုဏ်းသားတို့၏ အလောင်းများ ဖြစ်ပေသည်။ ထန်တာ့နှင့် ကျန်လိန်ယိတို့၏ အလောင်းကို စင်္ကြံရှည်ကြီးပေါ်တွင် ချထားသည်။ ထန်ဖန်း၏ မျက်ဝန်းအိမ်မှ မျက်ရည်စီးကြောင်းများ တသွင်သွင် ကျဆင်းနေသည်။

ရှောက်စီးလိုမှာ သစ်သားပြားတချောင်းရှေ့တွင် ငေးကြောင် ရပ်ကြည့်နေပြီး သူ့အနီးတွင် ရှောက်ချူးရွှေ ရှိနေသည်။ သစ်သားပြားပေါ်တွင်ကား ပန်းချောင်းရှောက်မျိုးဆက် ဆယ့်ရှစ်ဆက်မြောက် ဓားဂိုဏ်း စတင်တည်ထောင်သူ ရှောက်ချီးအူ၏

ရုပ်ကလာပ်ဟူသော စာတန်းရေးထိုးထားသည်။ သစ်သားပြားကို စားပွဲခုံတခုပေါ်တွင် တင်ထားပြီး အမွေးတိုင်မီးများဖြင့် ထွန်းညှိပူဇော်ထားသည်။

စားပွဲခုံနောက်တွင် ရုပ်တုတခု ရှိနေသည်။ အမွေးတိုင် မီးငွေ့များကြောင့် ထိုရုပ်ထုကို သဲကွဲပီပြင်စွာ မတွေ့မြင်နိုင်။ ရောက်စီးလိုနှင့် ရောက်ချူးရွှေတို့ နှစ်ယောက်သည် ထိုရုပ်တုရှေ့တွင် ဒူးတုပ်ရှိခိုးဟန် ပြင်လိုက်သည်။ ထန်ဖန်းမှာ ထိုရုပ်တုကို အသေအချာ စိုက်ကြည့်မိသည်။ ရုပ်တုက အသက်ဝင်နေသည့်အလား။ ရုပ်တု၏ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် အဝတ်အစားများက အစေအပါးတယောက်နှင့် အသွင်တူနေသည်။ ရောက်စီးလိုနှင့် ရောက်ချူးရွှေတို့က ထိုအချက်ကို သတိမပြုကြ။ မိမိ၏ဖခင်၊ မိမိ၏ဘိုးတော်ကို အမြဲတစေ ထိတွေ့သိရှိနေရသဖြင့် အမှုမဲ့ အမှတ်မဲ့ ထားကာ လှည့်၍ပင်မကြည့်။ ထန်ဖန်းကသာ မမြင်ဖူးသဖြင့် အထူးဂရုစိုက် ကြည့်ရှုမိခြင်း ဖြစ်သည်။

ကြည့်ရင်း ကြည့်ရင်း သူ့စိတ်ထဲတွင် သင်္ကာမကင်း ဖြစ်လာသည်။ ရုပ်တုကြီးက မျက်တောင်ခပ်နေသလိုလို။

'အို...'

ထန်ဖန်း အံ့သြထိတ်လန့်စွာ အော်ဟစ်ရေရွတ်လိုက်မိသည်။ သူအော်ဟစ်ရေရွတ်သံနှင့် တဆက်တည်းပင် ရုပ်တုက အသက်ဝင် လှုပ်ရှားလာသည်။ အမွေးတိုင်မီးငွေ့များကြားမှ ရုတ်ခနဲ ခုန်ထွက်လာကာ ရောက်စီးလိုထံသို့ ဓားချက်တချက် ထိုးသွင်းလိုက်သည်။ ဓားချက်က မြန်သည်။ အလင်းတန်းတခုသာ ဖြစ်ပေါ်လာပြီး မြွေခေါင်းထိုးသလို ရောက်စီးလို၏လည်မျိုဆီသို့ ဦးတည်လာသည်။ ရောက်စီးလို ဒူးတုပ်ဟန်ပြင်နေရာမှ မျက်လုံးထောင့်စွန်းတွင် ရိပ်ခနဲမြင်လိုက်ရသဖြင့် ဓားရှည်ကို ဓားအိမ်မှ ဆွဲထုတ်သည်။ သူ့ဓားက ဓားအိမ်မှ တဝက်သာသာခန့်ပင် ရှိသေးသည်။ ရောက်ချူးရွှေလည်း ထိတ်ထိတ်ပျာပျာဖြစ်ကာ ဓားကို ဆွဲထုတ်ရာ ဓားအိမ်တွင်းမှ သုံးပုံတပုံခန့်ပင် ထုတ်နိုင်သေး၏။ ရုပ်တုဟန်ဆောင်ထားသော အဘိုးအို၏ ဓားကမူ ရောက်စီးလို၏ လည်မျိုကို ထိုးစိုက်မိတော့မည်။ ဟန့်တားရန် အချိန်မရှိတော့။ ရောက်စီးလိုမှာ သေခြင်းတရားကို စောင့်ဆိုင်းနေရုံသာ ရှိတော့သည်။

ထိတ်လန့်တုန်လှုပ်စွာနှင့်ပင် မိမိအား လုပ်ကြံလာသူကို ကြည့်လိုက်သည်။ ထိုအခါမှပင် အကြီးအကျယ် အံ့အားသင့်သွားရတော့သည်။ ထိုသူကား အခြားမဟုတ်။ ကျင်မေဂေဟာ အဆောင်ရှေ့ ပန်းခြံကလေးရှိတောင်ကုန်းတွင် ဆေးတံတလက်နှင့် အမြဲအရက်မူးနေသော ဘဘချူးဆိုသည့် အဘိုးကြီး ဖြစ်ပေသတည်း။ ဘဘချူး၏ ဓားရှည်က ရောက်စီးလို၏ လည်မျိုကို ထိုးဖောက်တော့မည့် အခြေအနေတွင် ပြောင်းလဲမှုတခုက ရုတ်ချည်း ဖြစ်ပေါ်လာသည်။

'ဝှစ်...ဝှစ်...ဝှစ်'

ထန်ဖန်းက လက်နက်ပုန်းသုံးခုနှင့် ပစ်လွှတ်လိုက်ခြင်း ဖြစ်၏။ ဘဘချူး၏ဓား ရောက်စီးလို လည်မျိုနားရောက်နေသလို ထန်ဖန်း၏ လက်နက်ပုန်းကလည်း ဘဘချူးဆိုသော အဘိုးကြီး အနီးသို့ အရှိန်ပြင်းစွာ တိုးဝင်လာ၏။ ဘဘချူး ဘာလုပ်မလဲ။ ဓားရှည်ကို ရှေ့သို့ ထိုးလျှင်ကား ရောက်စီးလိုကိုပဲ သတ်မလား၊ ဓားကို ပြန်ရုပ်သိမ်းပြီး လက်နက်ပုန်းများကို ကာကွယ်ရိုက်ထုတ် ဖျက်ဆီးပစ်မလား။ သို့မဟုတ် လက်တဖက်က လက်နက်ပုန်းများကို ဖမ်းယူပြီး ညာလက်မှ ဓားရှည်က ရောက်စီးလို၏ လည်မျိုကို ဆက်ထိုးမလား။ လျှပ်တပြက်အတွင်းမှာပင် သူ့ခေါင်းထဲ၌ အလုပ်ပေးရလေသည်။ ထန်ဖန်းရဲ့ လက်နက်ပုန်းကို သူမဖမ်းရဲ။ တကျုံးနယ် ထန်မိသားစု၏ လက်နက်ပုန်းပစ်ပညာကို သူကောင်းစွာ ကြားဖူးထားသည်။

ထို့ပြင် လက်နက်ပုန်း ဆိုသည်နှင့် အဆိပ်ဟူသော နောက်ဆက်တွဲ လက်နက်တခုက သူ့ကို ချောက်ချားထိတ်လန့်စေသည်။ သို့နှင့် သူက ဓားကို ရောက်စီးလို၏ လည်မျိုအနီးမှ အလျင်အမြန်ရုပ်သိမ်းကာ ထန်ဖန်း၏ လက်နက်ပုန်းများအား ရိုက်ခတ်ဖယ်ရှားလိုက်ရသည်။

'ထန်း...ထန်း...ထန်း'

လက်နက်ပုန်းသုံးခုက ဓားဖြင့် ထိမှန်ပြီး ဘေးသို့ လွင့်စဉ်ကာ တဖက် တိုင်သုံးလုံးသို့ သွားရောက်စိုက်ဝင်သည်။ ထိုအချိန်တွင် ရောက်စီးလို၏ ဓားရှည်မှာ ဓားအိမ်မှ ထွက်လာသည်။ လှုပ်ရှားမှုက မပြုနိုင်သေး။ ဘဘချူးသည် ရောက်စီးလိုနှင့် ရင်ဆိုင်လျှင် မိမိကိုယ်ကို မိမိ ပိုင်နိုင်မည်မဟုတ်ဟု မယူဆရဲ။ တဖန် ရောက်ချူးရွှေနှင့် ထန်ဖန်းတို့ကလည်း

ရှိနေပြန်သေးသည်။ သို့အတွက် လုပ်ကြံမှုမအောင်မြင်သည်နှင့် နောက်ကျွမ်းပစ်ကာ စားပွဲခုံပေါ်သို့ ခုန်တက်လိုက်သည်။ တဆက်တည်းပင် စားပွဲခုံထက်မှ သိမ်းငှက်တကောင်အလား ဟူးခနဲ ခုန်ပျံ ထွက်သွားတော့သည်။ ထန်ဖန်းမှာ နောက်ထပ် ဒုတိယအကြိမ် လက်နက်ပုန်း ပစ်ခတ်ရင်း အချိန်မမီတော့သော်လည်း စကားအခွန်းကို ဘဘချူး ကြားသာအောင် အော်ဟစ်၍ ပြောဖြစ်အောင် ပြောလိုက်ချေသေးသည်။

'ဟင်း…ဟင်း…ဟင်း…ရှင်စိတ်ကူး လွဲသွားပြီ၊ ကျမရဲ့ လက်နက်ပုန်းမှာ ဘယ်တုန်းကမှ အဆိပ် သုတ်လိမ်း မထားခဲ့ဘူး'

မှန်ပေသည်။ ထန်မျိုးဆက်မိသားစုသည် သိုင်းလောက၏ အဖြူရောင် သိုင်းသမားများ ဖြစ်သလို သိုင်းပညာနှင့် ပတ်သက်လျှင် မာန်မာနကြီးမားသူများလည်း ဖြစ်ကြပေသည်။ လက်နက်ပုန်းပစ်ပညာကို တဖက်ကမ်းခတ်အောင် တတ်ကျွမ်းကြပြီး အဆိပ်ပညာ၌ နှံ့စပ်ကျွမ်းကျင်သော်လည်း သူတို့၏ လက်နက်ပုန်းကို မည်သည့်အခါမျှ အဆိပ်နှင့် တွဲမသုံးခဲ့ပေ။ သူတို့၏ မျိုးဂုဏ်နှင့် မာန်မာနကို ထိန်သိမ်းသောအားဖြင့် လက်နက်ပုန်းပေါ်တွင် ထန်ဆိုသော စာလုံးကလေးကို အမြဲတမ်း ထွင်းထည့်ထားတတ်ပေသည်။ ထန်ဖန်းက သူတို့မျိုးဆက်၏ ထိန်သိမ်းထားသော မာန်မာန စကားတခွန်းကို လွယ်လင့်တကူ ပြောလိုက်သော်လည်း ထိုစကားတခွန်းက ဘဘချူးအတွက် အလွန်အမင်း ဒေါသထွက်သွားစေခဲ့သည်။

သူ့စိတ်ကူးမလွဲဘဲ လက်နက်ပုန်းကို လက်တဖက်က ဖမ်းထားပြီး ကျန်ဓားကိုင်လက်က ရောက်စီးလို၏ လည်မျိုကို ထိုးသွင်းလိုက်လျှင် လုပ်ကြံမှု အောင်မြင်ရပေမည်။ ယခုကဲ့သို့လည်း အရှုံးနှင့် ရင်ဆိုင်ကာ ခွေးပြေးဝက်ပြေး ပြေးရမည် မဟုတ်ပါချေ။ ရောက်စီးလိုသည် သေတွင်းမှ လွတ်ကင်းသည်နှင့် နာမည်တခုကို နှုတ်မှ အလိုအလျောက် ရေရွတ်လိုက်မိသည်။

'စင့်ဟူချူး'

ရောက်ချူးရွှေမှာ ဖခင် ရေရွတ်လိုက်သော အမည်နာမကြောင့် မယုံကြည်နိုင်လောက်အောင် မျက်လုံး ပြူးကျယ် ဝိုင်းစက်သွားရသည်။ စင့်ဟူချူးသည် မျက်မှောက်ဓားသိုင်းပညာရှင် ခုနစ်ဦးထဲတွင် တဦးအပါအဝင် ဖြစ်၏။ သူ၏ ဘွဲ့အမည်မှာ အမျိုးဖြုတ်နတ်ဓား စင့်ဟူချူး ဟူ၏။ ထိုစင့်ဟူချူးသည် ရောက်ဂေဟာခြံဝင်းထဲသို့ လွန်ခဲ့သည့် ဆယ်နှစ်ခန့်ကပင် ရောက်ရှိလာပြီး အမြဲတစေ အရက်မူးကာ ဆေးတံတလက်နှင့် ကိုယ့်ကိုယ်ကို ဟန်အောင် မရပ်နိုင်သည့် ဘဘချူးအဖြစ် နေခဲ့လေသည်။ ရောက်ချူးရွှေ ရုတ်တရက် ငေးကြောင်သွားမိပြီး သတိဝင်လာလျှင် ရောက်စီးလို နောက်သို့ ပြေးလိုက်သည်။ ရောက်စီးလိုနှင့် ထန်ဖန်းတို့မှာ သူ့ရှေ့ဘက် အတန်ခပ်လှမ်းလှမ်းသို့ပင် ရောက်ရှိနေလေပြီတကား။

စင့်ဟူချူးသည် ဓားထုတ်ရာတွင် လျင်မြန်သွက်လက်သလောက် ကိုယ်ဖော့ပညာကလည်း ကောင်းမွန်ထက်မြက်လှပေသည်။ မိုးမြင့်ဂူထဲမှ ပြေးထွက်လာပြီးသည်နှင့် ကိုးထပ်ကွေ့ စကြံထဲသို့ လေပွေပမာ ရောက်ရှိလာသည်။ ထိုနေရာ၌ လူတယောက်ကို လှမ်းတွေ့လိုက်ရသည်။ ထိုသူကား မိုးမြင့်ဂူ၏ သန့်ရှင်းရေး တာဝန်ယူရသော ဆွံ့အနားမကြား အဘိုးအို ဘဘကွမ်း ဖြစ်ပေသည်။ ဘဘကွမ်းသည် သူ့ထုံးစံအတိုင်း တံမြက်စည်းလှည်းနေသည်။ စင့်ဟူချူး ရောက်ဂေဟာတွင် ဆယ်နှစ်ခန့် နေလာသဖြင့် ဂေဟာရှိ လူအားလုံးကို သိနေသည်။ ဘဘကွမ်းလို ဆွံ့အနားမကြားသော သန့်ရှင်းရေး အစေအပါး တယောက်ကို ဂရုမစိုက်၊ ရပ်ပင်မရပ်ပဲ ဘဘကွမ်းကို ကျော်ဖြတ်လျှောက်လျက် ဆက်ပြေးသည်။

တောင်တုကို ကျော်လွှားပြီး ပန်းခြံကို ဖြတ်လိုက်လျှင် ဇရပ်ကလေးတခုသို့ ရောက်မည်။ ထိုမှတဆင့် ရောက်စီးလို၏ အချက်ပေးအမိန့် ထွက်မလာခင် ဤအိမ်ဂေဟာ ခြံဝင်းအတွင်းမှ လွတ်အောင် ပြေးထွက်ရမည်။ အပြင်ဘက်တွင် ဩဇာအာဏာဂိုဏ်းသားများက သူ့ကို ကြိုဆိုနေကြလိမ့်မည်။ ထိုစိတ်ကူးနှင့်အတူ စင့်ဟူချူးသည် ဇရပ်ကလေးရှိရာသို့ အားသွန်ပြေးသည်။ ဇရပ်ကလေးရှေ့သို့ရောက်လျှင် လူတယောက်ကို တွေ့ရပြန်သည်။ ထိုသူသည်လည်း သန့်ရှင်းရေးအလုပ်သမား ဘဘကွမ်းပင် ဖြစ်နေ၏။ ဘဘကွမ်း မော်၍မျှပင် မကြည့်ဘဲ သူ့အလုပ် သူလုပ်နေသည်။ စင့်ဟူချူး စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသော်လည်း ရပ်နားခြင်းမပြုဘဲ ဆက်ပြေးပြန်သည်။ သူ့စိတ်ထဲတွင် ရောက်အိမ်တော် ဝင်းအတွင်းမှ လွတ်မြောက်အောင် ထွက်ပြေးနိုင်ရေးသာ အဓိက ဖြစ်နေသည်။

ဇရပ်ကို ကျော်လွှားကာ ရေကန်ကို ဖြတ်သန်းပြီးနောက် ဟွမ်ဟိုမြစ်ဂေဟာ အဆောင်ရှေ့သို့ ရောက်သည်။ ထိုအဆောင်ရှေ့တွင်လည်း ဘဘကွမ်းကို တံမြက်စည်းလှဲလျက် ဆုံရပြန်သည်။ စင့်ဟူချူး မျက်မှောင်ကြုတ်သွားသည်။ ဘဘကွမ်း၏ ဦးခေါင်းပေါ်မှ ဖြတ်ကျော်ကာ မပြေးရဲတော့။ သူ ထိုသို့ ဖြတ်ကျော်ပြေးစဉ်က ဘဘကွမ်းက လုပ်ကြံမည်ဆိုလျှင် ခြောက်ကြိမ်ထက်မနည်း သူအသက်သေဆုံးခဲ့ရမည် ဖြစ်သည်ကို သူသိသည်။ ဘဘကွမ်းကား သူရောက်နေသည်ကို မသိသည့်အလား၊ တံမြက်စည်းကိုသာ အာရုံစူးစိုက် လှည်းကျင်းနေသည်။ စင့်ဟူချူးသည် ဘဘကွမ်းကို ကွေ့ပတ်ကာ ခြေသံလုံလုံ လျှောက်သည်။ ဘဘကွမ်းနှင့် ခြေလှမ်းဆယ်လှမ်းခန့် အကွာသို့ ရောက်သောအခါမှ အားကုန်ထုတ်ကာ ပြေးတော့သည်။

စင့်ဟူချူး၏ ကိုယ်ရိပ်က နဂါးငွေ့တန်းပမာ ဟူးခနဲ လွင့်ပျံနေသည်။ ငါးကြည့်ဆောင်ကို ကျော်ဖြတ်ကာ ကျင်မေဂေဟာဆောင် ရှေ့သို့ ရောက်လာသည်။ အနည်းငယ် ဆက်သွားလျှင် မိုးသံနားထောင်ဂေဟာသို့ ရောက်တော့မည်။ ထိုဂေဟာဆောင်သည် ပန်းချောင်းဂိုဏ်းဌာနချုပ်၏ ပင်မ အချက်အချာ အဆောင်ဖြစ်သည်။ ခြံဝင်း၏ တံခါးမကြီးနှင့်လည်း အနီးဆုံးဖြစ်သည်။ ထိုအဆောင်ကို ကျော်ဖြတ်ပြီးလျှင် ရောက်ဂေဟာ ခြံဝင်း အပြင်ဘက်သို့ အလွယ်တကူ ထွက်နိုင်ပေတော့မည်။ စင့်ဟူချူး အားတက်သွား၏။

သို့သော် သူ့မြင်ကွင်းထဲတွင် မြင်တွေ့လိုက်ရသော ပုံရိပ်တခုကြောင့် စိတ်လှုပ်ရှားသွားရလေသည်။ ဘဘကွမ်းသည် မိုးသံနားထောင်ဂေဟာဆောင်အောက်ထိ တလွင့်လွင့်ကြွေနေသော ပန်းပွင့်ကလေးများအား တံမြက်လှည်းကျင်းကာ သူ့ရှေ့မှ ဆီးကြိုနေသောကြောင့်ပင်တည်း။ စင့်ဟူချူး ပြေးနေသော ခြေလှမ်းကို ရပ်လိုက်သည်။ ထို့နောက် တံမြက်လှည်းနေသော ဘဘကွမ်းရှိရာသို့ တလှမ်းချင်း လျှောက်သွားပြီး သူ၏ ခြေလှမ်းဟန် ကိုယ်ယိမ်းနွဲ့ဟန်တို့က မာန်ပါ ဝင့်ထယ်လှသည်။ ဘဘကွမ်းဆိုသူ အဘိုးကြီးနှင့် ဆယ်ပေခန့်အကွာသို့ ရောက်လျှင် ခြေလှမ်း ရပ်တန့်လိုက်သည်။ သူခြေလှမ်းရပ်သလို ဘဘကွမ်း၏ တံမြက်စည်းသည်လည်း အလှည်းရပ်သွားသည်။ စင့်ဟူချူး ဆေးတံရှည်ကို ဆွဲထုတ်လိုက်သည်။ ဘဘကွမ်းက မြေပြင်တွင် ဖွေးဖွေးလှုပ်နေသော ပန်းကြွေများကို ခေါင်းငုံ့ကြည့်မြဲကြည့်ကာ သက်ပြင်းတချက်ချလျက်...

'မနေ့ကြ ပန်းပွင့်တွေ သိပ်ကြွေတာပါပဲလား...'

ဆွံ့အနားမကြားသူ ဘဘကွမ်းက စကားပြောလာသဖြင့် စင့်ဟူချူး အကြီးအကျယ် အံ့အားသင့် မျက်နှာပျက်သွားသည်။

'ကျုပ် ခင်ဗျားကို သုံးနေ့နဲ့ သုံးညလုံး အသေအချာ အကဲခတ် လေ့လာကြည့်ခဲ့တယ်၊ အိမ်မက်ယောင်ပြီးတော့ စကားတခွန်း မပြောခဲ့ဘူး၊ ဒီနေ့မှ ခင်ဗျား စကားမပြောတတ်တဲ့ အ အ တယောက်မဟုတ်မှန်း သိရတော့တယ်'

ဘဘကွမ်းက သဘောကျစွာ ရယ်မောကာ...

'အေး....အအမဟုတ်သလို နားပင်းတဲ့သူလဲ မဟုတ်ဘူး'

စင့်ဟူချူး မျက်လုံးအိမ် ပြူးကျယ်ဝိုင်းစက်လာသည်။

'ခင်ဗျားက ဘယ်သူလဲ'

ဘဘကွမ်း ခေါင်းကို ဖြေးညင်းစွာ မော့လာသည်။ စင့်ဟူချူးကို မျက်လုံးမေးစင်းစွာ ကြည့်ကာ...

'ပန်းချောင်းဂိုဏ်း မိသားစုထဲက ရောက်တုံးကွမ်းဆိုတဲ့ နာမည်ကို မင်းကြားဖူးသလား'

စကားဆုံးသည်နှင့် ကိုယ်ကို ဆန့်ထုတ်လိုက်သည်။ ကုန်းနေသောခါးက မတ်လာသည်။ ကိုယ်နေဟန်ထားက အစေခံတယောက်နှင့် မတူတော့။ မျက်လုံးကလည်း စွမ်းအားရှင်တယောက်လို အရောင်တောက်လက်လာသည်။ ထိုအချိန်တွင် မိုးသံနားထောင်ဂေဟာ အဆောင်အောက်သို့ ရောက်စီးလို၊ ထန်ဖန်းနှင့် ရောက်ချူးရွှေတို့ ရောက်ရှိလာသည်။ ဂေဟာဆောင်အပေါ်ထပ်မှာ ကျူးရှာဝူ၊ ကျိုကျူးချောက်လန်နှင့် တိန်ယိဟန်တို့သည်လည်း အောက်ဖက်ဆီမှ အခိုင်းအစေ အဘိုးကြီးနှစ်ယောက် စကားပြောဆိုနေသံ ကြားသဖြင့် အောက်သို့ ဆင်းလာခဲ့သည်။ ဆွံ့အ နားမကြားသော ဘဘကွမ်းက ရောက်တုံးကွမ်းဆိုသော အမည်နာမကို ထုတ်ဖော်ပြောလိုက်သံ ကြားရသဖြင့် ရောက်ချူးရွှေ အံ့အားသင့်သွားသည်။

ဟုတ်သလားဆိုသော စကားမေးသည့် အကြည့်မျိုးဖြင့် ရောက်စီးလိုအား ဖျတ်ခနဲ လှမ်းကြည့်သည်။ ရောက်စီးလို၏ မျက်နှာမှာ ဝမ်းနည်းစိတ်မကောင်းဟန် ညှိုးနွမ်းနေသည်။ သားဖြစ်သူ၏ အကြည့်ကို နားလည်သဘောပေါက်စွာဖြင့် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ကာ...

'ဟုတ်တယ်၊ ဘဘကွမ်းက မင်းရဲ့ ဘကြီးအရင်းပဲ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကတည်းက သိုင်းလောကမှာ နာမည်ကျော်ကြားခဲ့တဲ့ ဓားလက်ဝါး ရောက်တုံးကွမ်း ဆိုတာ သူပဲ'

ရောက်တုံးကွမ်းသည် ပန်းချောင်းဓားဂိုဏ်းကို စတင်တည်ထောင်သူ ရောက်ချီးအူ၏ မထင်မရှားသော မိန်းမတယောက်မှ မွေးဖွားခဲ့သူ ဖြစ်သည်။ အမြှောင်မယားမှ မွေးဖွာခဲ့သော်လည်း အသက်အရွယ် ဝါစဉ်အရမူ ရောက်စီးလိုထက် ကြီးပေသည်။ သို့သော် ရောက်ချီးအူသည် သားဖြစ်သူအား ထင်ထင်ပေါ်ပေါ် မပြောဝံ့ပဲ တူတော်မောင် တယောက်အဖြစ် ကြွေးကြော်ကာ ရောက်ဂေဟာသို့ ခေါ်လာပြီး စီမံခန့်ခွဲရေးမှူး တယောက်အဖြစ် နေရာပေးခဲ့သည်။ သိုင်းပညာကိုလည်း သင်ကြားပေး၏။ ရောက်တုံးကွမ်းသည် နဂိုကပင် မထင်မရှား သားတယောက်ဘဝ ဖြစ်ခဲ့ရသဖြင့် ကိုယ့်ကိုကိုယ် သိမ်ငယ်နေခဲ့မိသည်။ မဝံ့မစား ရှိခဲ့သည်။

သို့သော် သိုင်းပညာကိုမူ လောဘတကြီး အပတ်တကုတ် ကြိုးစားသင်ယူသည်။ သူ၏ လက်သုံးဓားမှာ နာမည်ကျော်ကြားလှသော ရှေးဟောင်း ထင်းရှူးခါးအကျိုးတလက် ဖြစ်လေသည်။ ပန်းချောင်းဂိုဏ်း၏ ဓားသိုင်းပညာကို လက်တဆုံးသင်ယူ လေ့ကျင့်ခဲ့သဖြင့် သူ၏ ဘွဲ့ထူးဂုဏ်ထူး အရှိန်အဝါမှာ ရောက်စီးလိုထက် မြင့်မားခဲ့သည်။ သို့နှင့် သူ့အရှိန်အဝါ ဩဇာအာဏာ ကြီးမြင့်လာသော အချိန်တွင် ရောက်ချီးအူမှာ ရုတ်တရက် သေဆုံးသွားခဲ့ရသည်။ ရောက်ချီးအူ မသေခင်က ရောက်စီးလိုအား စွန်းဖေ့စန်းနှင့် လက်ထပ်သွားသဖြင့် သဘောမတူဘဲ ဂိုဏ်းအတွင်းမှ နှင်ထုတ်ပစ်ခဲ့သည်။ သေဆုံးသောအခါတွင်ကား ရောက်စီးလိုအား ပန်းချောင်းဓားဂိုဏ်းချုပ်အဖြစ် ဝါစဉ်ကြီး သိုင်းသမားကြီးများ ရှေ့တွင် သေတမ်းစာ ရေးခဲ့သည်။

ရောက်စီးလိုသည် ဖခင်သေဆုံးပြီးနောက် ပန်းချောင်းဓားဂိုဏ်းသို့ ပြန်ရောက်လာသည်။ ရောက်တုံးကွမ်းက လက်မခံ။ မိဘ သဘောမတူသည့်သူနှင့် ယူခဲ့သဖြင့် ဖခင် သေဆုံးခဲ့ရကြောင်း အမျိုးမျိုးသော အကြောင်းပြချက်နှင့် ပုတ်ခတ်စွပ်စွဲခဲ့သည်။ ဂိုဏ်းတွင်း၌ သူ့အရှိန်အဝါ ဩဇာအာဏာရအောင် စည်းရုံးထားခြင်းကြောင့် ရောက်စီးလို ဘာမျှ မပြောသာဘဲ ရှောင်ထွက်ပေးခဲ့ရသည်။ ရောက်တုံးကွမ်းသည် ရောက်ချီးအူ၏ သေတမ်းစာကို ဖျက်ဆီးပစ်လိုက်သည်။ သက်သေအဖြစ်ရှိခဲ့သော ဝါစဉ်ကြီး သိုင်းသမားကြီးများအား ကွပ်မျက်သတ်ဖြတ်ပစ်လိုက်သည်။ ဂိုဏ်းသားများကို အကျပ်ကိုင် ခြိမ်းခြောက်မှုပြုသည်။ ထို့နောက် ပန်းချောင်းဂိုဏ်း၏ ဂိုဏ်းချုပ်အဖြစ် ခံယူရန် ကြိုးစားသည်။

ရောက်စီးလိုကလည်း အပြင်ပန်းချောင်းဓားဂိုဏ်းဟူသော ဂိုဏ်းခွဲတခုကို ထူထောင်သည်။ ထို့နောက် လင်မယားနှစ်ယောက် ပူးပေါင်းကာ အတွင်းပန်းချောင်းဓားဂိုဏ်း ရောက်တုံးကွမ်းကို တိုက်ခိုက်သည်။ ရောက်စီးလိုနှင့် စွန်းဖေ့စန်းတို့ လက်အောက်တွင် ရောက်တုံးကွမ်း အရေးနိမ့်သွားသည်။ အနိုင်ရသူဖြစ်သော်လည်း မအေတူ ဖအေကွဲ ညီအကိုဆိုသော သံယောဇဉ် အသိစိတ်ဖြင့် ရောက်တုံးကွမ်းကို ရောက်စီးလိုက သတ်ဖြတ်ခြင်း မပြုခဲ့။ လွတ်ကင်းရာသို့ သွားခွင့်ပြုခဲ့သည်။ သို့သော် ရောက်တုံးကွမ်း ထွက်မသွား။ သူ့အမှားများကို နောင်တရလာသည်။

ညီဖြစ်သူ၏ မေတ္တာစေတနာကို နားလည်သဘောပေါက်လာသည်။ သူ့အပြစ်များကို ဆေးကြောသည့် အနေနှင့် ယခင်က ထိပ်သီးသိုင်းသမားကြီး တယောက်ဆိုသည့် ဂုဏ်ထူးကို ဖျောက်ဖျက်ပစ်သည်။ ဆွံ့အ နားမကြားသူအဖြစ် ဟန်ဆောင်သည်။ ဘိုးဘွားတို့၏ အစဉ်အဆက် အရိုးပြာအိုးများ ထားရှိရာဂူတွင် သန့်ရှင်းရေးလုပ်သည့် အစေအပါး တယောက်အဖြစ် တောင်းဆိုသည်။ ရောက်စီးလိုနှင့် စွန်းဖေ့စန်းကိုလည်း မိမိအား အကိုတယောက်အဖြစ် မသတ်မှတ်ရန်၊ ဓားလက်ဝါး ရောက်တုံးကွမ်းဘဝကို ကန့်လန့်ကာချထားရန် ကတိတောင်းသည်။ သို့နှင့် ရောက်တုံးကွမ်းသည် မိုးမြင့်ဂူ၏ သန့်ရှင်းရေးလုပ်ရသည့် ဆွံ့အနားမကြားသော အစေအပါးကြီး ဘဘကွမ်းဘဝသို့ ရောက်လာသည်။

သိုင်းလောကသားများ၏ အသိစိတ်ထဲတွင်မူ အတွင်းပန်းချောင်းဓားဂိုဏ်းနှင့် အပြင်ပန်းချောင်းဓားဂိုဏ်းတို့၏ တိုက်ပွဲတွင် ဓားလက်ဝါး ရောက်တုံးကွမ်းတယောက် သေဆုံး သွားခဲ့ပြီဟူ၍သာ သိရှိနားလည်ခဲ့သည်။ သည်ကတည်းက

ဓားလက်ဝါး ရောက်တုံးကွမ်း၏ ဘွဲ့အမည်နှင့် ဂုဏ်သတင်းသည် သိုင်းလောကတွင် မေးမှိန်ပျောက်ကွယ်သွားတော့သည်။ ထိုအဖြစ်အပျက်များကား လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က အဖြစ်အပျက်များပေတည်း။

စင့်ဟူချူးသည် ရောက်တုံးကွမ်းကိုသာ အာရုံစူးစိုက် ကြည့်နေမိသည်။ သူ့ပတ်လည်တွင် ရန်သူက ဝန်းရံထားပြီကို သိရှိနေ၏။ သူ့အနေနှင့် လွတ်မြောက်လိုလျှင် ပထမဦးဆုံး ရောက်တုံးကွမ်းကို အနိုင်ယူသတ်မှ သာလျှင် ဖြစ်နိုင်ပေမည်။ ရောက်တုံးကွမ်း အဆင့်အတန်းက ယခုအချိန်တွင် မည်မျှ ရှိနေသေးသနည်း။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်က ရှေးဟောင်း ဓားပြတ်တချောင်းဖြင့် မိုးယမ္မဓားသမား ငါးယောက်ကို ယှဉ်ပြိုင်တိုက်ခိုက်သည့်တိုင် အရှုံးအနိုင် မရှိခဲ့။ သည်ကတည်းက သိုင်းလောကသားများသည် သူ့အား မဟာဓားသိုင်းပညာရှင် ခုနစ်ယောက် ဥဿျောင် ဓားသမားတယောက် အဖြစ် အသိအမှတ် ပြုထားခဲ့ကြသည်။

ရောက်စီးလိုက ပန်းချောင်းဓားဂိုဏ်းနှစ်ခုကို ပေါင်းစည်း အနိုင်ယူတိုက်ခိုက်ပြီးနောက်မှ ရောက်တုံးကွမ်း၏ အမည်စာရင်းကို ဓားသိုင်းပညာရှင် ခုနစ်ဦးထဲမှ ပယ်ဖျက်ခဲ့သည်။ ယခုကား ထိုအချိန်မျိုး မဟုတ်တော့။ အနှစ်နှစ်ဆယ် ကျော်လွန်လာခဲ့ပြီ။ ရောက်တုံးကွမ်း၏ ဓားသည် ယခုတိုင် ထက်မြက်နိုင်ပါဦးမည်လား။ စင့်ဟူချူး တွေးလိုက်သည်နှင့် ဓားကို ဖြေးညင်းစွာ ဆွဲထုတ်လိုက်သည်။ သူ့ဓားအိမ်ကား သူသောက်သုံးနေကျ ဆေးတံရှည်ကြီး ဖြစ်ပေသည်။ ဓားကိုယ်ထည်က ပြားပြားသေးသေးကလေး။ တပေခန့်သာ ရှည်လျားပြီး နီညိုရောင် ပြေးနေသည်။ ဓားဆွဲထုတ်လိုက်သည်နှင့် ပတ်ဝန်းကျင်တခုလုံး လူသတ်အငွေ့အသက်များ လွှမ်းသွားသည်။ ဓားဦးချွန်ကို ရောက်တုံးကွမ်း ရှေ့မြေပြင်သို့ ထိုးသွင်းထားလိုက်သည်။ ရောက်တုံးကွမ်းသည် စင့်ဟူချူး၏ နီညိုရောင်ဓားတိုကလေးကို မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေမိသည်။

'ပန်းချူးနတ်ဓားက ဓားကောင်းဓားမြတ် တလက်ပါပဲ'

'အပိုစကားတွေ ပြောမနေနဲ့၊ ခင်ဗျားဓားကို ဆွဲထုတ်လိုက်'

ရောက်တုံးကွမ်း မလှုပ်။ တံမြက်စည်းကိုသာ ကိုင်မြဲကိုင်ထားရင်း...

'လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုံးက မင်းဟာ ရိကျန့်ချည်နဲ့အတူ မဟာဓားသိုင်းပညာရှင် ခုနစ်ဦးထဲမှာ စာရင်းဝင်ခဲ့တယ်၊ ဒါပေမယ့် မင်းဟာ မာန်မာနတက်ပြီး အဲဒီလောက်နဲ့ ကျေနပ်တင်းတိမ် မနေခဲ့ဘူး၊ သိုင်းလောကသားတွေက နံပါတ်တစ် အဆင့်မြင့်သိုင်းသမားလို့ အသိအမှတ်ပြုထားတဲ့ ဩဇာအာဏာဂိုဏ်းချုပ် လီချိန်ကြိုးနဲ့ ပြိုင်ချင်ခဲ့တယ်'

စင့်ဟူချူးမှာ ရောက်တုံးကွမ်း၏စကားကို နားထောင်ရင်း ဇောချွေးများ ပြန်လာသည်။ လက်ကလည်း ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။ ရောက်တုံးကွမ်းက ဆက်လက်၍ တည်ငြိမ်စွာပင်...

'လီချိန်ကြိုးဟာ သူနဲ့ယှဉ်ပြိုင်လာတဲ့သူကို ဘယ်တော့မှ အရှင်မထားခဲ့ဘူး၊ မင်းနဲ့ ယှဉ်ပြိုင်တဲ့အခါတုန်းကတော့ မင်းကို အသက်ချမ်းသာခွင့် ပေးခဲ့တယ်၊ ဒါကို ငါ့စိတ်ထဲမှာ မသင်္ကာ ဖြစ်ခဲ့မိတယ်၊ မင်းဟာ ခုံယန်ချင်နဲ့အတူ ဩဇာအာဏာဂိုဏ်းကို ဝင်သွားတော့မှ လီချိန်ကြိုး မင်းကို မသတ်ခဲ့တဲ့ အကြောင်းကို နားလည်သဘောပေါက်တော့တယ်'

စင့်ဟူချူးသည် မိမိအကြောင်းကို ရောက်တုံးကွမ်းက အပ်ချမတ်ချ ပြောပြနေသဖြင့် ရင်တထိတ်ထိတ် ခုန်လာသည်။ သို့တိုင် စကားတခွန်းမျှ ပြန်မပြော။ ရောက်တုံးကွမ်းကသာ ဦးဆောင်ပြောနေသည်။

'လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုံးက မင်းပန်းချောင်းဓားဂိုဏ်း ဌာနချုပ် ရောက်ဂေဟာကို ရောက်လာခဲ့တယ်၊ အဲဒီအချိန်က မင်းအပေါ်မှာ ငါမယုံသင်္ကာ မဖြစ်မိသေးဘူး၊ နောက်နှစ်နှစ် ကြာလာတဲ့ တညမှာတော့ မင်းရဲ့ ဇာတိရုပ်ကို ငါသိခဲ့ရတော့တယ်၊ ငါဘယ်လိုသိခဲ့ရတယ် ဆိုတာကော မင်းရိပ်မိရဲ့လား'

စင့်ဟူချူး ခေါင်းခါယမ်းသည်။

'မင်းဟာ ရောက်ဂေဟာထဲမှာ နှစ်နှစ်လောက် ဒီအတိုင်း ထိုင်နေတာကို သည်းမခံနိုင်တော့ဘူး၊ လီချိန်ကြိုးက မင်းကို သူလျှိုလုပ်ခိုင်းပြီး ဘာမှ မလှုပ်ရှားသေးတော့ သိုင်းလောကမှာ မင်းနာမည် ပျောက်ကွယ်မေးမှိန်သွားမှာ စိုးရိမ်လာတယ်၊ ဒါနဲ့ အရက်မူးတယ်ဆိုတဲ့ ဆင်ခြေပေးပြီး ရောက်ဂေဟာ အပြင်ဘက် တိတ်တဆိတ် ခိုးထွက်တယ်၊ သိုင်းလောကသားတချို့နဲ့

ဓားသိုင်းယှဉ်ပြိုင်ပြီး မင်းရဲ့ အမျိုးဖြုတ်နတ်ဓါးဘွဲ့ကို ဆက်ထိန်းခဲ့တယ်၊ မင်းက တိတ်တဆိတ် လျှို့ဝှက်လှုပ်ရှားပေမယ့် တိုက်တိုက်ဆိုင်ဆိုင် ငါကလဲ တွေ့ဖြစ်အောင် တွေ့ခဲ့တယ်၊ ဒီကတည်းက မင်းဟာ တို့ဆီမှာ သူလျှိုလာလုပ်ယုံတင် မကဘူး၊ မိုးမြေနတ်ဆိုး ၁၉ ပါးထဲက တယောက်ပဲဆိုတာ သိခဲ့ရတယ်'

စင့်ဟူချူး၏ မျက်နှာမှာ သွေးဆုတ်ဖြူရော်လာသည်။ မိမိကိုယ်မိမိ ပိရိလှပြီဟု ထင်ထားသမျှ တဘက်လူက စောစီးကပင် ကြိုတင်သိရှိထားသဖြင့် ထိတ်လန့်တုန်လှုပ်စိတ်ပင် ဝင်မိသည်။ ရှောက်တုံးကွမ်းက စင့်ဟူချူး၏ဓားကို ကြည့်ကာ ဆက်လက်၍...

'မင်းရဲ့ ပန်းချူးနတ်ဓားက အစွမ်းထက်မြက်သလို ငါ့ ရှေးဟောင်းထင်းရှူးဓားပြတ်လဲ မညံ့လှဘူး၊ ဒါပေမယ့် မင်းနဲ့ငါ ကွာခြားတာ တချက်ရှိသေးတယ်၊ မင်းက ရှောက်ဂေဟာကို ရောက်လာတဲ့ ဆယ်နှစ်အတွင်း အပြင်ထွက်ပြီး ဓားလက်ရည်စမ်းဖို့ စိတ်ဆန္ဒ အမြဲတမ်းပြင်းထန်ခဲ့တယ်၊ ငါကတော့ အနှစ်နှစ်ဆယ်ကျော်လုံးလုံး ဓားသိုင်းပညာကို လေ့ကျင့်နေခဲ့တယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က မျက်မှောက်ခေတ် မဟာဓားသိုင်းပညာရှင် ခုနစ်ယောက်ထဲမှာ ငါ့နာမည် ပါဝင်ခဲ့ပေမယ့် အခုမရှိတော့ဘူး၊ ငါ့ရဲ့ ဓားသိုင်းပညာကတော့ ကျန်လိန်ယိရဲ့ အထက်မှာ ရှိမြဲရှိ နေသေးတယ်၊ ဒီတိုက်ပွဲမှာ မင်းကို ရာနှုန်းပြည့် အနိုင်ယူဖို့ ငါ့ဘက်က သေချာနေတယ်၊ မင်းကျတော့ ဘာအခွင့်အရေးမှ မရနိုင်ဘူး'

စင့်ဟူချူး ချွေးသီးချွေးပေါက်ကြီးများ စီးကျလာသည်။ ဓားကို ဆုပ်ကိုင်ထားသော လက်သည်လည်း တဆတ်ဆတ် တုန်ယင်လှုပ်ရှားလာသည်။

'ခင်ဗျား ဓားထုတ်လိုက်၊ ကျုပ်နဲ့ ယှဉ်ပြိုင်ကြမယ်'

စင့်ဟူချူးအသံက တည်ငြိမ်မှုမရှိ။ ရှောက်တုံးကွမ်း စကားကို ရပ်လိုက်သလို လက်ကလည်း လှုပ်ရှားလာသည်။ တံမြက်စည်း လက်ကိုင်ရိုးထဲမှ ဓားတချောင်းကို ဆွဲထုတ်လိုက်သည်။ ထက်ပိုင်းပြတ်နေသော ရှေးဟောင်း ထင်းရှူးဓားတလက်တည်း။ ရှောက်တုံးကွမ်းသည် ဓားဆွဲထုတ်ပြီးသည်နှင့် သူ့လုပ်ငန်းသုံး တံမြက်စည်းကို သူ့ခြေထောင်နှင့် တပေခန့်အကွာ မြေပြင်ပေါ်တွင် ညင်သာစွာ ချထားလိုက်သည်။ တံမြက်စည်း ချထားပုံက တန်ဖိုးကြီးမြင့်လှသော ရတနာပစ္စည်းတခုကို တရိုတသေ အမြတ်တနိုး ချထားသည့်နှယ်ရှိ၏။ ရှောက်ချူးရွှေသည် ရှောက်တုံးကွမ်း လှုပ်ရှားပုံကို ကြည့်ပြီး စိတ်ထဲ မည်သို့သော အကြောင်းကိစ္စ ဆိုသည်ကိုမှ သူကိုယ်တိုင်မသဲကွဲ။

မျက်လုံးအကြည့်ရှုတ်ပြီး တဘက်သို့လွှဲလိုက်လျှင် ထန်ဖန်းနှင့် မျက်လုံးချင်းဆုံသည်။ ထန်ဖန်း၏ မျက်လုံးအိမ်တွင်လည်း အဓိပ္ပာယ်ကောက်ယူရန် မစွမ်းသာသော အရိပ်အယောင်များ ထွက်ပေါ်နေသည်။ ရှောက်ချူးရွှေနှင့် အကြည့်ချင်းဆုံလျှင် ကပျာကယာ တဘက်တို့ မျက်နှာလွှဲလိုက်ရင်း...။ စင့်ဟူချူး၏ မျက်လုံးများက ဒေါသဖြင့် နီရဲလာသည်။

'ယား...'

မာန်သွင်းအော်ဟစ်လိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ သို့တိုင် သူ့လက်ကမူ မလှုပ်ရှားသေး။ စင့်ဟူချူး လှုပ်ရှားပြီဟု ထင်မှတ်ကာ ရှောက်စီးလိုပင်လျှင် ဓားလက်ကိုင်ရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်မိသည်။ ရှောက်တုံးကွမ်းသည်လည်း အသံနှင့်အတူ စင့်ဟူချူး လက်မထွက်သေးသဖြင့် ဓားကိုဆုပ်ကိုင်လျက်မှ မျက်မှောင်ကြုတ်လိုက်မိသည်။

တကယ်တမ်း စင့်ဟူချူး ဓားကိုင်လက် ထွက်သည့်အချိန်ကား မည်သူမျှ ထင်မှတ်မထားသော အချိန် ဖြစ်နေသည်။ မာန်သွင်းအော်ဟစ်လိုက်ပြီး သုံးစက္ကန့်လောက်အကြာတွင်မှ ဓားရှည်က ရှောက်တုံးကွမ်း၏ လည်မျိုဆီသို့ တန်းခနဲ ထိုးထွက်လာသည်။ ဓားကွက်က ရိုးရိုးရှင်းရှင်းကလေးပင်။ ကွက်ပြောင်းကွက်လွှဲမရှိ။ ဓားသွားလေတိုးသံပင် မထွက်။ ရှောက်တုံးကွမ်း တကွက်နောက်ကျစွာ လက်ထဲမှ ဓားဖြင့် ဆီးခံပေးလိုက်ရသည်။

'ထန်း....'

ဓားချင်း ထိခတ်သံပေါ်ထွက်လာပြီး စင့်ဟူချူး၏ ပန်းချူးနတ်ဓားက ရှောက်တုံးကွမ်း၏ ရှေးဟောင်း ထင်းရှူးဓားပြတ်ကို ဖိကပ်အုပ်မိုးထားသည်။ အသာစီးကို စစချင်း ရလိုက်ပြီမို့ စင့်ဟူချူး ဝမ်းသာအားတက်မိသည်။ သို့သော်

သူမထင်မှတ်သည့်ကိစ္စတခုကို ရောက်တုံးကွမ်းက ပြုလုပ်လိုက်ပြန်သည်။ ဓားချင်းထိခတ်မိသည်နှင့် သူ့လက်ထဲမှ ထင်းရှူးဓားပြတ်ကို စွန့်လွှတ်လိုက်ခြင်းပင်တည်း။ ရောက်တုံးကွမ်း လက်ထဲ၌ ဓားမရှိတော့။ လက်ချည်းသက်သက်ဖြင့် စင့်ဟူချူးအား မည်သို့ တိုက်ခိုက်နိုင်ပါမည်နည်း။ ထို့ပြင် စင့်ဟူချူးက ရောက်တုံးကွမ်း၏ ဓားကို ဘယ်လက်ဖြင့် ဖမ်းယူလိုက်ပြန်သောကြောင့် အခြေအနေက အပြောင်းလဲကြီး ပြောင်းလဲသွားသည်။

ရောက်တုံးကွမ်းသည် ဓားကို စွန့်လွှတ်ပြီးသည်နှင့် ရုတ်ချည်းပင် မြေပေါ်ချထားသော တံမြက်စည်းကို ခြေထောက် မြှောက်ကော်ကာ မယူသည်။ လက်ထဲသို့ရောက်သည်နှင့် တပြိုင်နက် အမှိုက်လှည်းသည့် တံမြက်စည်းတံဘက်ဖြင့် စင့်ဟူချူး၏ မျက်နှာကို လှမ်းလိုက်သည်။ စင့်ဟူချူး ပျာယာခတ်သွားသည်။ လက်ထဲတွင် ကိုင်ဆောင်ထားသော ဓားနှစ်လက်ဖြင့် ကြက်ခြေခတ် ဝှေ့ယမ်းတားဆီးလိုက်သည်။ မရ။ များပြားလှသော တံမြက်စည်းရိုးတံများကို မဖယ်ရှားနိုင်။ သူ့မျက်စိ အာရုံကို ရှုပ်ထွေးသွားစေ၏။

သည်စဉ်မှာပင် ရောက်တုံးကွမ်းက လျင်မြန်သော အရှိန်ဖြင့် အကွက်ပြောင်းလိုက်သည်။ တံမြက်စည်း လက်ကိုင်ရိုး ပြောင်းပြန်လှည့်ကာ စင့်ဟူချူး ဝမ်းဗိုက်တည့်တည့်သို့ ထိုးသွားလိုက်သည်။

'ဗွပ်...'

'အား...'

ငယ်သံပါအောင် အော်ဟစ်လိုက်သံနှင့်အတူ စင့်ဟူချူးသည် ရောက်တုံးကွမ်းအား တအံ့တသြ မျက်လုံးများဖြင့် ကြည့်သည်။ ရောက်တုံးကွမ်းက နောက်သို့ ခြေလှမ်းသုံးလှမ်း ခုန်ဆုတ်ကာ တည်ငြိမ်စွာပင် ရပ်လိုက်သည်။

'လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ငါ့အတွက် ဓားမရှိတော့ဘူး၊ ငါ့စိတ်ထဲမှာ ဓားဆိုတာ ရှိနေသမျှ ကာလပတ်လုံး အရာအားလုံးဟာ ထက်မြက်တဲ့ လက်နက်တွေချည်းပဲ ဆိုတာ နားလည်ခဲ့တယ်'

ရောက်တုံးကွမ်း၏ စကားအဆုံးတွင် စင့်ဟူချူးမှာ မြေပြင်ပေါ်သို့ ဝုန်းခနဲ လဲကျ သေဆုံးသွားတော့သည်။ ရောက်တုံးကွမ်း၏ တံမြက်စည်းလက်ကိုင်ရိုးထိပ်မှ ဓားသွားအချွန်သည်ကား စင့်ဟူချူး၏ သွေးတို့ဖြင့် ရဲရဲနီလျက်...။

ရောက်ချူးရွှေ အတန်ကြာအောင် ငိုင်တွေ စဉ်းစားနေမိသည်။ စင့်ဟူချူးနှင့် ရောက်တုံးကွမ်းတို့၏ တိုက်ပွဲက သူတို့အတွက် သင်ခန်းစာ ယူစရာတွေ အများကြီး ရှိနေသည်။ တနေရာတွင်ကား တိန်ယိဟန်၊ ကျိုကျူးချောက်လန်နှင့် ထန်ဖန်တို့ သုံးယောက်သား စကားစမြည် ပြောနေကြ၏။ ရောက်ချူးရွှေလည်း သူ့အတွေးကို ရုပ်သိမ်းပြီး ထိုစကားဝိုင်းသို့ လျှောက်လာခဲ့သည်။ ရောက်ချူးရွှေ အနီးသို့ ရောက်သောအခါ တိန်ယိဟန်က အားတက်သရော လေသံဖြင့်...

'စင့်ဟူချူးရဲ့ ဓားကွက်က ဓားသိုင်းပညာအရ ထက်မြက်ပေမယ့် ဘဘရောက်တုံးကွမ်းရဲ့ ဘယ်အရာမဆို ဓားဖြစ်တယ်၊ ဘယ်အရာမဆို လက်နက်ဖြစ်တယ်ဆိုတဲ့ လူနဲ့ လက်နက်တထပ်တည်း ကျနေတဲ့ အချက်ကိုတော့ မကာကွယ်နိုင်ဘူး၊ ဘဘရောက်တုံးကွမ်းရဲ့ လှုပ်ရှားမှုတိုင်းက ဓားကွက်ဖြစ်နေတာပဲ'

တိန်ယိဟန်သည် တောင်ပင်လယ် ဟိုင်နန်ဓားဂိုဏ်း၏ အဆင့်မြင့် သိုင်းသမားတယောက် ဖြစ်ပေရာ သိုင်းကွက်ကို လေ့လာအကဲခတ်ရာတွင်လည်း အတော်ပင် မှန်ကန်လှပေသည်။

'ဒါဆို မင်းရဲ့ တောင်ပင်လယ်ဓားသိုင်းနဲ့ နှိုင်းယှဉ်ရင် ဘဘရောက်တုံးကွမ်း ဘယ်လိုနေမလဲ'

ကျိုကျူးချောက်လန်က မေးသည်။ တိန်ယိဟန်က တခဏမျှ တွေးတော စဉ်းစားပြီး သက်ပြင်းတချက်ချကာ...

'ဟင့်အင်း...မနှိုင်းယှဉ်ရဲဘူး၊ ဒါပေမယ့် ငါ့အကို ဆိုရင်တော့ တကွက်နှစ်ကွက်လောက် ယှဉ်ပြိုင် တိုက်ခိုက်ရင် တိုက်ခိုက်နိုင်လိမ့်မယ်၊ ငါ့အကိုဟာ လျင်မြန်မှု၊ ဓားကွက်ဆန်းသစ်မှုနဲ့ ကြမ်းတမ်းရက်စက်မှုကို တွဲပြီး အသုံးပြု တိုက်ခိုက်တတ်တယ်၊ အဲဒီ အချက်သုံးချက်ဟာ ဓားသိုင်းရဲ့ သော့ချက် ဖြစ်တယ်လို့ သူငါ့ကို ပြောခဲ့ဖူးတယ်၊ တို့ရဲ့ ဓားသိုင်းက ပုံသေကွက် မရှိဘူး၊ ရက်စက်ကြမ်းကြုတ်မှုကို အဓိကထားတယ်၊ ဘဘရောက်တုံးကွမ်းရဲ့ ဓားကွက်က တမျိုးတဘာသာ တီထွင်ထားသလို ပညာစွမ်းအလွန်မြင့်တယ်'

တိန်ယိဟန်သည် တောင်ပင်လယ်ဟိုင်နန်ဂိုဏ်းချုပ် တိန်ယိဖိန်၏ ညီအရင်း ဖြစ်ပေသည်။ ကျိုကျူးချောက်လန်က နောက်ထပ် လျှောက်ဝင်လာသော ရောက်ချူးရွှေကို ကြည့်ကာ...

'အကိုကြီးကလဲ ဓားသမားတယောက်ပဲ၊ တိန်ယိဟန် ပြောတာတွေကို ဘယ်လိုမြင်သလဲ'

'ငါ့အမြင် ငါ့သဘောက တိန်ယိဟန်နဲ့ အများအားဖြင့်တော့ တူပါတယ်၊ ဒါပေမယ့် ဘဘရောက်ရဲ့ ဓားသိုင်းဟာ တမျိုးတဘာသာ တီထွင်ထားတယ် ဆိုတာတော့ လက်မခံဘူး'

'ဘာဖြစ်လို့လဲ'

'ဘဘရောက်ရဲ့ တံမြက်စည်းတံနဲ့ မျက်နှာကို ထိုးတဲ့အကွက်က တကယ်တော့ တို့ပန်းချောင်းဓားဂိုဏ်း သိုင်းကွက်က ပြောင်းလဲ ပေါ်လာခဲ့တာပဲ၊ တို့ဂိုဏ်းရဲ့ ဓားကွက်တွေက သိပ်ကို ရှုပ်ထွေး များပြားလှတယ်၊ ဘဘရောက်က တကယ်လက်တွေ့ကျကျ အသုံးဝင်တဲ့အကွက်ရယ်၊ လှပဆန်းသစ်တဲ့အကွက်ရယ်ကို ရွေးချယ်ပြီး အသုံးမဝင်တဲ့ အကွက်တွေကို ပယ်ဖျက်ထားတာပဲ'

ကျိုကျူးချောက်လန်တို့ ငြိမ်နားထောင်နေသည်။ ရောက်ချူးရွှေက အားမာန်ပါပါဖြင့်ပင်...

'တံမြက်စည်းရိုးတံတွေက သိပ်ကို များပြားတယ်၊ ဘဘရောက်က စင့်ဟူချူးရဲ့ မျက်နှာကို ထိုးလိုက်တဲ့အကွက်က ပန်းချောင်းဓားဂိုဏ်းရဲ့ ကြယ်စုံကောင်းကင် တိုက်ကွက်တွေနဲ့ တူတယ်၊ တံမြက်စည်းလက်ကိုင်ရိုး ထိုးစိုက်တဲ့ အကွက်က ပြောင်းပြန်မြစ်ရေစီးတိုက်ကွက်နဲ့ အတူတူပဲ၊ ပန်းချောင်းဓားသိုင်းရဲ့ သိုင်းပညာကို အလိမ္မာဆုံး အတိကျဆုံး သုံးသွားတယ်လို့ ငါယူဆတယ်၊ သူ့အနေနဲ့ အသစ်တီထွင် သုံးစွဲသွားတာလို့ မယုံကြည်ဘူး၊ ဒါကြောင့် ငါ့တို့ ပန်းချောင်းဓားဂိုဏ်းဟာ သိုင်းလောကမှာ ထွန်းတောက်ကျော်ကြားလာဦးမယ်၊ ငါတို့က ကြိုးစား မလေ့ကျင့်နိုင်တာရယ်၊ သိပ်သတိမထားမိသေးတာရယ်၊ ဓားနဲ့လူကို တခုတည်းဖြစ်အောင် မပေါင်းစည်းနိုင်တာရယ်ကြောင့်သာ သိပ်မထက်မြက်သေးတာ'

'ခစ်...ခစ်...ခစ်'

ရောက်ချူးရွှေက မာန်ပါပါဖြင့် ပြောနေသည်ကို ထန်ဖန်းက ခိုးခိုးခစ်ခစ်ကလေး ရယ်မောလိုက်သည်။ ရောက်ချူးရွှေ ရှက်အမ်းအမ်း ဖြစ်သွား၏။ ထန်ဖန်းဘက်သို့ လှည့်ကြည့်ကာ...

'မင်းဘာရယ်တာလဲ'

'ရယ်စရာကောင်းလို့ပေါ့'

ထန်ဖန်းက ရယ်လျက်မှပင် ပြန်ဖြေသည်။ တိန်ယိဟန်နှင့် ကျိုကျူးချောက်လန်တို့လည်း လိုက်ရယ်ကြသဖြင့် ရောက်ချူးရွှေ ကိုယ့်ကိုကိုယ် မလုံ ဖြစ်သွားရသည်။

'ငါဘာတွေများ စကားမှာသွားလို့ ဒီလောက်တောင် ရီနေရတာလဲ'

'ဟင့်အင်း....စကားမမှားပါဘူး၊ ရှင့်အမူအရာ ဟန်ပန်က လူကြီးတယောက်လို သိပ်ဝံ့ကြွားလွန်းလို့ ရီမိတာပါပဲ'

ရောက်ချူးရွှေ ပို၍ပင် ရှက်အမ်းအမ်း ဖြစ်သွားရသည်။

'အကိုကြီးတို့က ဓားသိုင်းအကြောင်း ဆွေးနွေးနိုင်ပေမယ့် ကျနော်က ဓားသမား မဟုတ်တော့ ဘာမှ ဝင်မပြောနိုင်ဘူး၊ ဒီတော့ ကျယ်ကျယ်ပြန့်ပြန့် ပြောရအောင် ကျီစင်းဆီ သွားကြမယ်၊ သူ့ဓားသိုင်းပညာလည်း ထက်မြက် ကောင်းမွန်ပါတယ်'

ခန်းကျီစင်းသည် နေရောင်ခြည်ဓားသမား ခန်းချွတ်ယီ၏ သားတပည့်ဖြစ်သဖြင့် သိုင်းပညာ ထက်မြက်လှပေသည်။ ခန်းချွတ်ယီမှာ မျက်မှောက်ခေတ် ဓားသိုင်းပညာရှင် ခုနစ်ဦးထဲ၌ တဦးအပါအဝင် ဖြစ်လေရာ သူ၏ နေရောင်ခြည်ဓားသိုင်းကွက်က သိုင်းလောကတွင် ကျော်ကြားလှပေသည်။ ကျိုကျူးချောက်လန်က သတိပေးလိုက်သည်နှင့်

လေးယောက်သားမှာ ငါးကြည့်ဆောင်ဘက်သို့ ထွက်လာခဲ့ကြသည်။ အတန်ကြာလျှောက်မိလျှင် ထန်ဖန်းက ရှောက်ချူးရွှေအား...

'အကို ကျီစင်းက ချန်ကျန်းမြစ်ညီနောင်ထဲက တယောက်လား'

ရှောက်ချူးရွှေ ခေါင်းကို ခါရမ်းလိုက်သည်။

'မဟုတ်ဘူး၊ ချန်ကျန်းမြစ်ညီနောင်လေးဖော်က ငါရယ်၊ ကျိုကျူးရယ်၊ တိန်ယိဟန်ရယ်နဲ့ ထန်လိုတို့ပဲ'

'အားလို(ထန်လို)ကို ပြောတာလား၊ ဒါဆို ရှင်က ညီနောင်လေးဖော်ထဲမှာ အကိုကြီးပေါ့'

'ဟုတ်တယ်၊ သူက တို့ရဲ့ အကိုကြီးပဲ'

ကျိုကျူးချောက်လန်က ဝင်ပြောသည်။ ထန်ဖန်းသည် ရှောက်ချူးရွှေကို ပြုံး၍ ကြည့်လိုက်သည်။ သူမ၏ ရယ်သံက တိုးတိုးညင်းညင်း ညင်ညင်သာသာ ရှိလှသည်။

'အားတာ့(ထန်တာ့)ဟာ ကျမရဲ့ အလေးစား အခင်မင်ဆုံး အကိုကြီး ဖြစ်သလို အားလိုက ကျမရဲ့ အချစ်ဆုံး မောင်လေးပဲ၊ သူက ကျန်ကျန်းမြစ်ညီနောင် လေးယောက်အကြောင်း ခဏခဏ ပြောပြဖူးတယ်၊ သူက အဲဒီလေးယောက်ထဲမှာ အငယ်ဆုံး ဖြစ်ပြီး ကျန်တဲ့သုံးယောက်က ထူးချွန်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တယ်တဲ့၊ အထူးသဖြင့် အကိုကြီးက ပိုပြီး ထူးချွန်တယ်၊ ဒါပေမယ့် ဘယ်သူက အကိုကြီး၊ ဘယ်သူက ဒုတိယအကို၊ ဘယ်သူက တတိယအကိုကိုတော့ တခါမှ ပြောမပြခဲ့ဘူး'

ထန်ဖန်းက ရှင်းပြသည်။ တိန်ယိဟန်က စူးစမ်းသလို သဘောဖြင့်..

'ထန်လိုက မင်းရှေ့မှာ တို့အကြောင်း ဘာတွေ ပြောထားလဲ'

'ရှင်တို့ နှစ်ယောက်ကရော ဘယ်သူက ဒုတိယ၊ ဘယ်သူက တတိယအကိုလဲ'

ကျိုကျူးချောက်လန်က သွက်လက်စွာပင်...

'ငါက ဒုတိယအကို၊ တိန်ယိဟန်က တတိယအကို'

'အားလိုက ပြောတယ်၊ တတိယအကိုရဲ့ ဓားသိုင်းက သိပ်ထက်မြက်တယ်၊ ထူးဆန်းပြောင်မြောက်လွန်းတယ်တဲ့၊ တခါက တိုက်ပွဲတခုမှာ စိတ်ပေါက်ကွဲပြီး ရက်ရက်စက်စက် တိုက်ခိုက်လိုက်တာ ဓားချက်တချက်က ရန်သူကို မထိုးမိဘဲ ကိုယ့်တင်ပါးကိုယ် ထိုးမိတယ်တဲ့'

'ဟား...ဟား....ဟား'

ကျိုကျူးချောက်လန် ကျယ်လောင်စွာ ရယ်မောလိုက်သံက တိန်ယိဟန်ကို အရှက်ပိုသွားစေသည်။ စိတ်ဆိုးရအခက် ရယ်ရအခက်နှင့် မျက်နှာ အထားရခက်နေ၏။ ရှောက်ချူးရွှေ ရယ်မောခြင်းကို ထိန်းချုပ်လိုက်ပြီး...

'ဒုတိယအကို ကျိုကျူးချောက်လန်ကိုကော ဘာပြောသေးသလဲ'

'ဒုတိယအကိုက ဖြစ်သလို နေတတ်တယ်တဲ့၊ လူကလဲ ပျင်းရိတယ်တဲ့၊ ဒါပေမယ့် သူ့လှုပ်ရှားမှုက သိပ်မြန်သိပ်သွက်လက်သတဲ့၊ တခါက လက်သီးသိုင်းပညာရှင် သုံးယောက်နဲ့ သိုင်းပညာပြိုင်ကြရာမှာ သိုင်းဆရာသုံးယော်ကရဲ့ လက်ခြောက်ဘက်ကို သူ့လက်တစုံတည်းနဲ့ ဖမ်းချုပ်ထားနိုင်ခဲ့သတဲ့၊ သူ့ရဲ့ ဖမ်းချုပ်လက်သိုင်းကွက်က တကယ့်ကို ကြောက်စရာကောင်းလွန်းသတဲ့၊ ဒါပေမယ့်...'

ထန်ဖန်း စကားကို တိခနဲ ဖြတ်ထားလိုက်၏။ ကျိုကျူးချောက်လန် သိချင်စိတ်ကို မထိန်းနိုင်။

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ဒါပေမယ့် အီးသိပ်ပေါက်တယ်တဲ့၊ တချိန်က လက်ကိုးချောင်းနဂါး ကျန်းယိဟိုင်နဲ့ သိုင်းပညာ ပြိုင်ကြတာ အချိန်ကြာတဲ့အထိ လက်ရည်တူနေကြသတဲ့၊ နောက်ဆုံး ဒုတိယအကို လေလည်လိုက်မှ ဆရာကြီးကျန်း အနံ့မခံနိုင်ဘဲ အတင်းထွက်ပြေး ရတော့သတဲ့'

တိန်ယိဟန်မှာ သူ့အလှည့်ရောက်လာပြီမို့ ခွက်ထိုးခွက်လန်ပင် ရယ်မောပစ်လိုက်သည်။ ကျိုကျူးချောက်လန်မှာ ရှက်လွန်းသဖြင့် မျက်နှာကြီး နီရဲနေပြီး...

'ထန်လိုဆိုတဲ့ကောင် တော်တော်ရှုပ်တာပဲ၊ ဒီအကြောင်းတွေကအစ လျှောက်ပြီး ပြောရသလား'

တိန်ယိဟန်က ရယ်ရှိန်သတ်ကာ...

'အကိုကြီးကျတော့ကော ထန်လိုက ဘာပြောလဲ'

'သူ့ကိုလား'

ထန်ဖန်းက ရောက်ချူးရွှေကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ထိုအကြည့်တွင် ရင်းနှီးခင်မင်မှု အရိပ်အယောင်များ လွှမ်းနေ၏။ ရောက်ချူးရွှေ ပျာပျာသလဲပင်....

'နေ...နေပါစေ၊ မ...မပြောပါနဲ့၊ ငါ...ငါမကြားချင်ဘူး'

တိန်ယိဟန်က လက်ခါခါ ခြေခါခါဖြင့်...

'မလိုချင်ဘူး၊ မလိုချင်ဘူး၊ အကိုကြီး မကြားချင်ပေမယ့် ကျနော်တို့ ကြားချင်တယ်'

ထန်ဖန်းက ခိုးခိုးခစ်ခစ်လေးရယ်ကာ ရောက်ချူးရွှေကို မျက်လုံးရွဲကြီးဖြင့် လှမ်းကြည့်လိုက်ပြန်သည်။ ရောက်ချူးရွှေမှာ ပုန်းအောင်းစရာနေရာ ရှာမရလောက်အောင် စိတ်ထဲတွင် အကျဉ်းအကျပ် ဖြစ်သွားရသည်။

'အားလိုက ပြောတော့ အကိုကြီးက လူမဟုတ်ဘူးတဲ့၊ လူနဲ့မတူအောင် စိတ်သဘောထားက ဆန်းကြယ်ထူးခြားတယ်၊ သူ့တသက်မှာ အကိုကြီး ထန်တာ့နဲ့ အကိုကြီး ရောက်ချူးရွှေတို့ကို အလေးစားဆုံးပဲတဲ့၊ အကိုကြီးထန်တာ့က အသက်သုံးဆယ်ကျော်မှ သိုင်းလောကရဲ့ ကိုယ်တော်ကြီးဘွဲ့ကို ရပြီး သူရဲကောင်းတွေအပေါ် ဦးဆောင်နိုင်ပေမယ့် ရောက်ချူးရွှေကတော့ အသက်နှစ်ဆယ်ကျော် အရွယ်လေးနဲ့ မိုးဘုရင်ကျူးစွန့်ရွှေကို ပြဿနာ ရှာရဲတယ်၊ ခွေးတကောင် အနှိပ်စက် အညှင်းပန်း ခံရတာကို မခံနိုင်ဘဲ ခြသေ့်မောင်နံ့ သိုင်းသမားကြီးနှစ်ယောက်နဲ့ အပြင်းအထန် တိုက်ခိုက်ဖူးတယ်၊ စာပေကဗျာလင်္ကာကိုလဲ ချစ်မြတ်နိုးတယ်၊ ရှေးကဗျာ ဆရာကြီးတွေ နေထိုင်ရာ မြို့ရွာတွေကိုလဲ လျှောက်သွားတယ်၊ သူ့စိတ်ထားက ထူးခြားပေမယ့် မျက်မှောက်ခေတ် သိုင်းလောကရဲ့ ထူးချွန်တဲ့ ပုဂ္ဂိုလ်ဖြစ်သတဲ့'

ထန်ဖန်း၏ အကြည့်များက အဝေးတနေရာဆီသို့ ငေးရီကြည့်ရှုနေ၏။ ရောက်ချူးရွှေမှာ အစပိုင်းက စိတ်ကျဉ်းကျပ်သလို ဖြစ်ပေါ်ခံစားခဲ့ရသော်လည်း ထန်ဖန်း၏ မျက်နှာကလေး ညိုးရီသွားသဖြင့် စိတ်ထဲတွင် ဝမ်းနည်းစိတ်မကောင်း ဖြစ်သွားမိသည်။

'မိန်းကလေးထန်ဖန်း...မင်းရဲ့မောင်လေး ထန်လို နဂါးကိုးကောင်ပြေး ကန့်လန့်ကျောက်ဆောင်မှာ...'

'သူကျဆုံးသွားတာ ကျမသိပါတယ်'

စကားသံများ ရုတ်ချည်း တိတ်ဆိတ်သွား၏။ ဝမ်းနည်းစိတ်မကောင်းသည့် အငွေ့အသက်များကို လေးယောက်စလုံး ရင်ထဲတွင် ခံစားနေမိသည်။ လမ်းလျှောက်နေရင်းမှ ထန်ဖန်းက ဆက်၍ပြောသည်။

'အကိုကြီးထန်တာ့က ကျမကို စာပို့ခိုင်းနဲ့ လှမ်းအကြောင်းကြားပြီးခဲ့ပါပြီ၊ စာရရချင်း လိုက်လာခဲ့တာ၊ အခုတော့ မထင်မှတ်ပဲ အကိုကြီးပါ အလုပ်ကြီခံခဲ့ရပြန်တယ်'

'တို့ ကျင်ကျန်းမြစ် ညီနောင်လေးယောက်မှာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းတွေ ရှိနေသေးတယ်၊ အခုလောလောဆယ် ရောက်နေတဲ့ ခန်းကျီစင်းဟာလဲ တို့ရဲ့သူငယ်ချင်းပဲ'

'သူ့အကြောင်းကိုတော့ ထန်လိုက ကျမကို ပြောမပြဖူးဘူး'

'ကျီစင်းရဲ့ နေရောင်ခြည်ဓားသိုင်းဟာ တကယ့်ကို ထက်မြက်လှတယ်၊ တို့နဲ့ သူတို့ သားအဖ ချန်တူးမြို့မှာ ဆုံခဲ့ကြတယ်၊ အဲဒီတုန်းက သူတို့ဟာ မိုးဘုရင်ကျူးစွန့်ရွှေရဲ့ လက်ရင်းတပည့်တွေနဲ့ အကြီးအကျယ် တိုက်ခိုက်နေခဲ့တယ်၊ ငါတို့လဲရောက်သွားရော ကျူးစွန့် ရွှေရဲ့ တပည့်တွေ ဖနောင့်နဲ့ တင်ပါး တသားတည်းကျအောင် ထွက်ပြေးသွားရတော့တယ်'

ထန်ဖန်း၏ မျက်နှာကလေးမှာ ကြည်လင်လန်းဆန်းလာ၏။

'ရှင်တို့ ဘဝက သိပ်ပျော်စရာ ကောင်းတာပဲနော်'

တိန်ယိဟန်က ကြားဝင်ကာ...

'ဒါတွင် ဘယ်ကမလဲ၊ အကိုကြီးချူးရွှေမှာ နောက်ထပ် သူငယ်ချင်းကောင်းနှစ်ယောက် ရှိသေးတယ်၊ တယောက်က ထက်ဝင်ရွှဲ၊ နောက်တယောက်က ချူးနန်းကုလို့ ခေါ်တယ်'

စကားဝိုင်းကလေး ပြန်လည် စိုပြေလာသည်။ ဝမ်းနည်းစိတ်မကောင်းသည့် အရိပ်အငွေ့တို့ မရှိတော့။ တယောက်နှင့် တယောက်လည်း အလွန် ခင်မင်ရင်းနှီးသည့် သူငယ်ချင်းများပမာ ဖြစ်သွားကြတော့သည်။

လေးယောက်သား စကားတပြောပြော လျှောက်လာကြရာ ယန်စီကျန့်မြစ် ဓားခန်းအနီးသို့ ရောက်လာကြသည်။ နေမင်းက ဦးခေါင်းတည့်တည့်သို့ ရောက်လာပြီ။ အပူချိန်ကမူ စူးစူးရဲရဲ မရှိသေး။ ထန်ဖန်းက တစုံတရာ စဉ်းစားမိဟန် မျက်မှောင်ကလေး ကြုတ်လိုက်ကာ...

'မနေ့ကြ ကျမရောက်ဂေဟာထဲကို မဝင်ခင် ဩဇာအာဏာဂိုဏ်းရဲ့ ဝိုင်းဝန်းပိတ်ဆို့ထားတာကို ကျော်ဖြတ်ခဲ့ရတယ်၊ သူတို့ အချင်းချင်း ပြောစကားအရ အပေါက်တခုနတ်ဆိုး ရောက်လာပြီဆိုတဲ့ စကားသံကိုလဲ ကြားခဲ့ရတယ်၊ ဒီအတိုင်းဆိုရင် သူတို့ဘက်မှာ အပေါက်တခုနတ်ဆိုး၊ ဓားပုံနတ်ဆိုး၊ သုံးမျိုးထူးချွန်ဓားနတ်ဆိုးတို့ ရှိနေပြီ၊ အင်း....ဒါပေမယ့် ကျမတို့ဘက်မှာလဲ ဘဘရောက်တုံးကွမ်း၊ ဘဘရောက်စီးလိုနဲ့ ဦးလေးကျူးရှာဂူတို့ ရှိနေကြပြီဆိုတော့ ရင်ဆိုင်မယ်ဆိုရင်လဲ ရင်ဆိုင်နိုင်ပါတယ်လေ'

ရောက်ချူးရွှေက စိုးရိမ်မကင်းဟန်ဖြင့်...

'သူတို့မှာ အပေါက်တခုနတ်ဆိုး ဆိုတဲ့ အင်အားကြီးတခုတိုးလာတာတောင် ပြန်မတိုက်ခိုက်သေးဘူး ဆိုတော့ လျှို့ဝှက်ပရိယာယ်တွေ ရှိကောင်း ရှိနိုင်တယ်'

ထိုစဉ် အင်္ကျီလေဟပ်သံတသံ ဝူးခနဲ ထွက်လာသဖြင့် ထန်ဖန်းသည် နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။ ရောက်တုံးကွမ်း ဖြစ်နေသတည်း။

'မင်းတို့ အခု ဘယ်သွားကြမလို့လဲ'

ရောက်တုံးကွမ်းက ပြုံးရယ်ကာ မေးသည်။ ရောက်ချူးရွှေက တရိုတသေပင်...

'ငါးကြည့်ဆောင်ဘက်သွားပြီး ဘဘခန်းချွတ်ယီရဲ့ ရောဂါ အခြေအနေ သွားကြည့်မလို့ပါ'

'အင်း...ကောင်းတယ်၊ ကောင်းတယ်၊ ငါလဲ ငါးကြည့်ဆောင် သွားမလို့ပဲ၊ မင်းနဲ့ ငါ စကားပြောစရာ နည်းနည်းရှိလို့ တို့နှစ်ယောက် အရင်သွားကြရအောင်'

'ဟုတ်ကဲ့'

အတော်ဝေးဝေးသို့ရောက်လျှင် ရောက်တုံးကွမ်းက စကားစသည်။

'မိုးမြင့်ဂူကို စောင့်ရောက်ခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ကျော်သွားခဲ့ပြီ၊ အဲဒီအတွင်း မင်းဟာ မိုးမြင့်ဂူထဲဝင်ပြီး ဘိုးဘွားတွေကို ကန်တော့တာ အတော်နည်းတာပဲ၊ ဖအေနဲ့အတူ ဝင်ရှိခိုးရင်လဲ စိတ်မပါ့တပါပဲ၊ ငါပြောတာ မင်းဝန်ခံသလား'

ရောက်ချူးရွှေ စိတ်ထဲ ရှက်သွားမိသော်လည်း ပွင့်လင်းစွာပင် ဝန်ခံ၏။

'ဟုတ်ပါတယ်'

ရောက်တုံးကွမ်း ကျယ်လောင်စွာ ရယ်မောလျက် ရောက်ချူးရွှေ၏ ပခုံးကို ပုတ်ကာ...

'အေး....အဲဒီလို ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူး ဆိုတဲ့ ပွင့်ပွင့်လင်းလင်း စိတ်ဓာတ်ကို ငါကြိုက်တယ်'

ရောက်ချူးရွှေစိတ်ထဲ နွေးခနဲ ဖြစ်သွား၏။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က သိုင်းလောကတွင် ဓားလက်ဝါးဟူသော ဘွဲ့နာမည်ဖြင့် ဖိမ့်ဖိမ့်တုန် ကျော်ကြားခဲ့သော ရောက်တုံးကွမ်း၏ ခန့်ညား ရဲရင့်သော အသွင်သဏ္ဌာန်ကိုလည်း မျက်စိထဲတွင် ထင်ဟပ်မြင်ယောင်လာသည်။

'မင်းရဲ့ ဒုတိယအကို ခိုက်ယန်ကတော့ မိဘတိုးဘွားကို အရိုသေဆုံးပဲ၊ ဂေဟာထဲမှာရှိတဲ့ ဘိုးဘွားကို နေ့တိုင်း ရှိရှိသေသေ လာကန်တော့တတ်တယ်၊ မင်းအကိုကြီး ယိလင်ကတော့ နေ့ထူးနေ့မြတ်တွေမှာ တည်တည်ကြည်ကြည် ခန့်ခန့်ညားညား လာကန်တော့တတ်တယ်၊ မင်းတယောက်ပဲ ရှိခိုးကန်တော့တဲ့ နေရာမှာ ကလေးကစားသလို ရှိတတ်တာ၊ ဒါပေမယ့်...'

ရောက်ချူးရွှေ တလေးတစား နားထောင်နေသည်ကို တွေ့မှ ဆက်လက်၍...

'ဒါပေမယ့် အခမ်းအနားပွဲတွေ အိမ်မှာ အကြောင်းကိစ္စရှိတဲ့နေ့တွေ ဘိုးဘွားတွေရဲ့ ကွယ်လွန်တဲ့ ရက်လည်နေ့တွေဆိုရင် သူများတကာထက် မင်းကပိုပြီး ရှိသေလေးစား ကန်တော့တတ်တယ်၊ လွန်ခဲ့တဲ့ လေးနှစ်လောက်တုံးက မင်းအမေ အကြီးအကျယ် ဖျားနာနေတော့ မင်းဟာ တနေ့သုံးခါလောက် လာကန်တော့တယ်၊ မင်းကန်တော့တဲ့ အကြောင်းကိုလဲ ဘယ်သူ့ကိုမှ ထုတ်မပြောဘူး၊ မင်းရဲ့ ရှိခိုးကန်တော့တဲ့ စာသားကလဲ ပုံမှန်မရှိဘူး၊ ပြောချင်ရာတွေ လျှောက်ပြောတယ်၊ သိုင်းလောကထဲမှာ ဓားဝင်စမ်းမယ်လို့လဲ ဆုတောင်းတယ်၊ ဖေဖေနဲ့ မေမေ အသက်ရာကျော် ရှည်ပါစေလို့လဲ ဆုတောင်းတယ်၊ တခါတခါကျတော့ ဇနီးချောချောကလေး ရပါစေလို့ ဆုတောင်းတတ်ပြန်ရော'

ရောက်ချူးရွှေ ခေါင်းမမော့ရဲတော့၊ မိမိက ဆွံ့အနားမကြားဟု ထင်မှတ်ကာ ဘဘကွမ်းရှေ့တွင် တောင်းလိုသော ဆုများကို စိတ်ရှိတိုင်း ရေရွတ် တောင်းဆိုခဲ့သည့်အတွက် ရှက်နေမိတော့သည်။ ရောက်တုံးကွမ်းက ရယ်မောလိုက်ပြန်ကာ...

'ဒါ ဘာရှက်စရာ လိုသလဲ၊ ငါလဲ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က သိုင်းလောကထဲမှာ သောင်းကျန်းခဲ့တာ ဓားစမ်းချင်လို့ပဲ၊ သိုင်းလောကကို လွှမ်းမိုးချင်လို့ပဲ၊ ဒါပေမယ့် အာဏာနဲ့ အရှိန်က ငါ့ရဲ့ အမှန်တရားမျက်စိကို ဖုံးကွယ်ခဲ့ပြီး အမှားတွေ ကျူးလွန်မိခဲ့တယ်၊ အဲ့ဒီအမှားကို ဆေးလျှော်တဲ့ အနေနဲ့ အနှစ်နှစ်ဆယ်ကျော် ကျွန်ခံခဲ့တယ်၊ ဒါပေမယ့် ငါ့စိတ်ထဲမှာ အခုထက်ထိ အမုန်းတီးဆုံးလူဟာ သူတော်ကောင်းယောင်ဆောင်တဲ့ လူယုတ်မာပဲ၊ စကားပြောရာမှာ စည်းစောင့်၊ အပြုအမူ စည်းစောင့်ပြီး လုပ်ရည်ကိုင်ရည် မရှိတဲ့လူတွေပဲ'

ရောက်ချူးရွှေ ရင်ထဲ ဝမ်းသာကြည်နူးမှု ဖြစ်ပေါ်လာရသည်။ ဖခင်ရောက်စီးလိုသည် ညီအကိုသုံးယောက် ရှိသည့်အနက် အထွေးဆုံးဖြစ်သော မိမိကို စိတ်တိုင်းမကျ နားမလည် သဘောမပေါက်ကြောင်း ရောက်ချူးရွှေ သိထားသည်။

'ရော့ ဟောဒီ ဓားကို ယူထား'

ရောက်တုံးကွမ်းက ဓားတချောင်းကို ဆွဲထုတ်ကာ ရောက်ချူးရွှေအား လှမ်းပေးရင်းပြောသည်။ ရောက်ချူးရွှေ ကမန်းကတန်းပင် လှမ်းယူလိုက်မိသည်။ အသေအချာကြည့်လိုက်သောအခါ စင့်ဟူချူး၏ ပန်းချူးနတ်ဓား ဖြစ်နေသဖြင့် အကြီးအကျယ် ထိတ်လန့်အံ့အားသင့်သွားသည်။

'ဒီ...ဒီဓားကို ကျနော် လက်မခံရဲဘူး'

ရောက်တုံးကွမ်း မျက်လုံး ဝိုင်းစက်လာကာ...

'ဟေ...ဘာလို့ လက်မခံရဲရတာလဲ၊ ဓားမြတ်မှာ အလင်းရောင်မရှိဘူး၊ ဂုဏ်သိက္ခာရှိတဲ့ လူသုံးမှ အလင်းရောင် ထွက်ပေါ်တယ်၊ ကိုင်တဲ့လူရဲ့ စိတ်တန်ခိုးအရ ဓားရဲ့ဂုဏ်ပုဒ်ကလဲ ဖြစ်ပေါ်လာတယ်၊ နတ်ဆိုးကသုံးရင် နတ်ဆိုးဓားဖြစ်မယ်၊ သူရဲကောင်းက သုံးရင် သူရဲကောင်းဓားမြတ် တလက်ဖြစ်မယ်၊ တနေ့ကျရင် မင်းဒီဓားကို သုံးရလိမ့်မယ်၊ မင်းနဲ့အတူ ဒီဓားရဲ့ ဂုဏ်သတင်း ကျော်ကြားမွှေးပျံ့လာလိမ့်မယ်လို့ ငါယုံကြည်တယ်'

ရောက်တုံးကွမ်းက ဆက်လက်၍...

'မင်းဒီဓားကို သုံးရင်တော့ ပန်းချောင်းဓားဂိုဏ်းရဲ့ ပန်းစကြာဓားသိုင်းကွက်ကိုတော့ အသုံးမပြုနိုင်တော့ဘူး'

ပန်းစကြာ ဓားသိုင်းကွက်သည် ပန်းချောင်းဓားဂိုဏ်း၏ အထွတ်အထိပ်သိုင်းကွက် သုံးကွက်မှ တကွက်ဖြစ်သည်။ ထိုဓားကွက်ကို သုံးစဉ် အတွင်းအားဖြင့် ဓားကိုယ်ကို တုန်ခါချိုးပစ်ကာ ဓားစကြာအဖြစ် လည်ပတ်စေလျက် ရန်သူကို တိုက်ခိုက်ရသည်။ မထင်မှတ်သောနေရာမှ လက်နက်ဓားအကျိုးအစများ ဝင်ရောက်လာသဖြင့် တဘက်ရန်သူ မည်သို့မျှ မခုခံနိုင်။ ပန်းချူးဓားသည် ဓားကောင်းဓားမြတ်တလက်ဖြစ်သဖြင့် အတွင်းအားနှင့် ချိုးဖျက်ချေမွပစ်ရန် မဖြစ်နိုင်ပေ။

'ဒါပေမယ့် တခုတော့ရှိတယ်၊ တို့ ပန်းချောင်းရောက်မျိုးဟာ ဓားကို ပုံသေကွက် ထုတ်သုံးတတ်ကြတာ မဟုတ်ဘူး၊ တို့ ဘိုးဘွားတွေ သိုင်းလောကမှာ ထင်ရှားလှုပ်ရှားခဲ့တုန်းက သူတို့လဲ ရတနာ ဓားမြတ်အသီးသီးကို ကိုင်ဆောင် သုံးစွဲခဲ့ကြတာပဲ၊ ပန်းစကြာဓားကွက်ကို မသုံးနိုင်ဘူးလို့ ပြောလို့မရဘူး၊ ဒီဓားသိုင်းကွက်ကလဲ ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းအမွေခံခဲ့ရတဲ့ မျိုးဆက်သိုင်းကွက်ပဲ၊ သုံးပုံသုံးနည်း ခြားနားတာ တခုပဲ ရှိလိမ့်မယ်'

'ဘယ်လို သုံးရမလဲ ဘဘ'

ရောက်ချူးရွှေက သိလိုစိတ်ဖြင့် ကောက်ကာငင်ကာ မေးသည်။

'ခုနက ငါနဲ့ မင်းအဖေ ဆွေးနွေးတိုင်ပင်ခဲ့ကြတယ်၊ တို့တတွေ ဒီနေရာမှာ ဒီအတိုင်း ခုခံကာကွယ်နေလို့ အကြောင်းထူးမှာ မဟုတ်ဘူး၊ ကွေးလင်ကို လူလွှတ်ပြီး အကြောင်းကြားရမယ်၊ တစ်အချက်....ကွေးလင်မှာရှိတဲ့ ပန်းချောင်းဓားဂိုဏ်းကို ကျစ်ကျစ်လစ်လစ် သတိဝီရိယ ရှိစေရမယ်၊ နှစ်အချက်.... လူစုပြီး ဂေဟာကို အမြန်ဆုံး လာကယ်တင်ရမယ်၊ မယ်တော်ကြီးရွှေ ဒီမှာရှိနေတော့ တို့ဟာ စစ်ကြောင်းနှစ်ခု ခွဲမနေသင့်ဘူး၊ မယ်တော်ကြီးရဲ့ အန္တရယ်ကို စောင့်ရှောက် ကာကွယ်ဖို့က သိပ်အရေးကြီးနေတယ်'

ရောက်ချူးရွှေ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်၏။

'ဩဇာအာဏာဂိုဏ်းက ပန်းချောင်းရောက်ဂေဟာထဲ ဝင်ခဲ့ပြီဆိုတော့ ကွေးလင်မှာရှိတဲ့ ဂိုဏ်းခွဲရဲ့ အန္တရာယ်ကိုလဲ မကာကွယ်လို့ မရဘူး၊ စင့်ဟူချူးရဲ့ မိန်းမဟာ တခါက အပြင်ပန်းချောင်းဓားဂိုဏ်း ညီလေးမုံဆီမှာ တည်းခိုခဲ့ဘူးတယ်၊ သူက ပရိယာယ်နဲ့ ဝင်လာမှာ စိုးရတယ်'

ရောက်ချူးရွှေက ရောက်တုံးကွမ်း၏ စကားအဓိပ္ပာယ်ကို နားလည်သဘောပေါက်သည့် အသွင်ဖြင့်...

'အခုအချိန်မှာ ဘဘ၊ ဖေဖေနဲ့ ဦးလေးကျူးတို့ ဒီမှာပဲ ရှိနေပြီး အခြေအနေကို ထိန်းချုပ်ထားသင့်ပါတယ်၊ ကျနော်က ပညာအစွမ်းသိပ်မရှိတော့ ဒီမှာနေရင်လဲ ဘာမှထူးခြားမှာ မဟုတ်ပါဘူး၊ အထပ်ထပ် ဝန်းရံထားတဲ့ ရန်သူကို ထိုးဖောက်ပြီး ကွေးလင် အရောက်သွား အကြောင်းကြားပေးပါ့မယ်'

ရောက်တုံးကွမ်း ခေါင်းညိတ်လိုက်ပြီးမှ နောက်တခါ ခေါင်းခါယမ်းလိုက်ပြီး သက်ပြင်းရှည်ကြီးချလိုက်သည်။

'မင်းမှာ ဒီလို စိတ်ဆန္ဒရှိတာ သိပ်ကောင်းပါတယ်၊ ဒါပေမယ့် မင်းတယောက်တည်း သွားလို့တော့ မဖြစ်ဘူး၊ အန္တရယ် သိပ်ကြီးမားတယ်၊ မင်းရဲ့ ညီအကိုတွေနဲ့ အတူသွားမှ ဖြစ်မယ်၊ ပြီးတော့ အခုချက်ချင်း သွားရဦးမှာ မဟုတ်ဘူး၊ ခုံယန်ချင်၊ ဆားချန်သိန်းနဲ့ ကျိချန်စင်းတို့ အပြင်ဘက်မှာ ရှိနေတယ်၊ မင်းမှာ ခေါင်းသုံးလုံး လက်ခြောက်ဘက် ရှိနေလဲ ထိုးဖောက်ထွက်နိုင်မှာ မဟုတ်ဘူး'

'သူတို့ မလွဲမသွေ ငါတို့ကို လာတိုက်ခိုက်ကြမှာပဲ၊ အဲဒီလို အကြိတ်အနယ် တိုက်ခိုက်နေတဲ့ အချိန်ကျမှ မင်းနဲ့ မင်းညီအကိုတွေ ထိုးဖောက်ထွက်သွားရမယ်၊ ချန်တူးမြို့က ထွက်ပြီး မြစ်ဝါမြစ်ကို ဖြတ်တဲ့ လမ်းအတိုင်း ကွေးလင်ကို သွားရမယ်၊ ဩဇာအာဏာဂိုဏ်းက ဒုတိယအကြိမ် ပြန်တိုက်ခိုက်ဖို့ လူအင်အား မစုစည်းခင် မင်းက အရင်ဆုံး ယိလင်၊ ခိုက်ယန်နဲ့ စွေ့လီတို့ကို အကြောင်းကြားရမယ်၊ ငါ့စိတ်ထဲ တွေးမိသလောက်တော့ သူတို့ဘက်က အဆင့်မြင့် သိုင်းသမားတွေဟာ ကွေးလင်နဲ့ ချန်တူးမြို့ကို အဆက်အသွယ် ဖြတ်တောက် ပိတ်ဆို့ထားမှာ အမှန်ပဲ'

'နို့မဟုတ်ရင် တို့ရဲ့ သိမ်းငှက်အသင်းက လူတယောက်မှ ဘာလို့ ပြန်မရောက်လာသလဲ၊ ကွေးလင်ဘက်က သတင်းလဲ ဘာလို့ ရောက်မလာလဲ၊ စာပို့ခိုနဲ့ သတင်းပို့လိုက်တာတောင် ခိုကောင်မှ စာနဲ့အတူ ဘာလို့ ပြန်မရောက်လာရတာလဲ၊ လီချိန်ကြီးဟာ ဉာဏ်အမြော်အမြင်ကြီးတယ်၊ အဆက်အသွယ် အားလုံးကို မလွဲမသွေ ဖြတ်တောက်ထားမှာပဲ၊ အေး...ငါမသေသေးဘူး ဆိုတာကိုတော့ သူသိမှာ မဟုတ်ဘူး၊ ကျူးရှာဝူ နဲ့ ထန်တာ့တို့ကလဲ တိုက်တိုက်ဆိုင်ဆိုင် ရောက်ဂေဟာမှာ ရောက်နေခဲ့ကြတယ်၊ ဒါကြောင့် ဆားချန်သိန်း၊ ကျိချန်စင်း၊ ခုံယန်ချင်၊ ဗုကူးဖန်နဲ့ စင့်ဟူချူး နတ်ဆိုးကြီး ငါးပါးရောက်လာတာတောင် ရောက်ဂေဟာကို အနိုင်မရခဲ့တာပေါ့'

ရောက်ချူးရွှေ မျက်ခုံးတဘက်ပင့်ကာ...

'ဆားချန်သိန်းသား ဆားလွေကို ဘဘကျန်လိန်ယိ စစ်ဆေးကြည့်တော့ အမည်မဲ့ နတ်ဆိုးတပါး ရောက်လာသေးတယ် ပြောတယ်'

'အား...'

ရောက်ချူးရွှေ၏ စကားအဆုံးတွင် ငယ်သံပါအောင် အော်ဟစ်လိုက်သံတသံက ရုတ်တရက် ပေါ်ထွက်လာသည်။ အသံက သူတို့နှင့် ပေတရာမျှပင် မကွာလှမ်းတော့သော ငါးကြည့်ဆောင်ထဲမှ အော်ဟစ်လိုက်သည့်အသံ။ တိတိကျကျ ပြောရလျှင် ခန်းချွတ်ယီ၏ သေမင်းငင်သံ။ ရောက်တုံးကွမ်း ဆတ်ခနဲ လှုပ်ရှားလိုက်၏။ သူ့ခန္ဓာကိုယ်က မီးခိုးငွေ့ပမာ ငါးကြည့်ဆောင်သို့ ပြေးလွှားသွားသည်။ မျက်စိတမှိတ် လျှပ်တပြက် အတွင်းမှာပင် ငါးကြည့်ဆောင်သို့ ရောက်၏။ ရောက်ရောက်ချင်း အခန်းတံခါးကို ကန်ဖွင့်လိုက်သည်။ ရောက်တုံးကွမ်းက မျက်လုံးဝေ့ အကဲခတ်ကြည့်လိုက်ပြီး ခန်းကျီစင်းအား...

'ဘယ်လိုဖြစ်တာလဲ'

ခန်းကျီစင်း ငိုသံစွက်သော လေသံဖြင့်...

'လူတယောက် ရုတ်တရက် ရောက်လာပြီး ဖေဖေ့ကို ဓားနဲ့ ထိုးသတ်လိုက်တာပါပဲ'

ထိုအချိန်တွင် ရောက်ချူးရွှေ ရောက်လာပြီး အခြေအနေကို ငေးကြောင်ကြည့်နေမိသည်။ ရောက်တုံးကွမ်းက ခန်းချွတ်ယီ၏ ကိုယ်ပေါ်တွင် ဒဏ်ရာမတွေ့သဖြင့် အော်ငေါက်ကာ...

'ဘယ်နေရာကို ထိုးသတ်သွားတာလဲ'

'နောက်ကျောပါ'

ရောက်တုံးကွမ်း မျက်မှောင်ကြီး ကြုတ်သွားမိသည်။

'သတ်သွားတဲ့လူက ဘယ်က ဝင်လာတာလဲ'

ခန်းကျီစင်း ပြတင်းပေါက်ကို လက်ညှိုးညွှန်ပြ၏။ ထိုစဉ် မြေပြင်တွင် လဲကျနေသော ခန်းချွတ်ယီ ရုတ်တရက် ခုန်ထလာသည်။ သူ့လက်ထဲမှ နေရောင်ခြည်ဓားက အလင်းရောင် ဖျတ်ခနဲ လက်သွား၏။ နေရောင်ခြည် ဝနေသော ဓားဖြစ်သဖြင့် အခန်းတခုလုံး လျှပ်စီးလက်သလို ထိန်လင်းသွား၏။ ရောက်တုံးကွမ်း မျက်စိကျိန်းစပ်ကာ ဘာကိုမျှ မမြင်ရတော့။ ချက်ချင်းပင် တံမြက်စည်းလက်ကိုင်ရိုးထဲမှ ဓားဆွဲထုတ်ရန် ဟန်ပြင်သည်။ မရ။ တစုံတယောက်က သူ့လက်ကို ဆွဲဖိထားသည်။ သူ့နောက်ကျောဘက်တွင် ခန်းကျီစင်း ရှိနေသည်ကို သတိထားမိသည့် အချိန်တွင် နေအလင်းတန်းတခုက တိုးဝင်လာလေသည်။ နာကျင်သော ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရပြီးနောက် မြေပေါ်သို့ တုံးခနဲ လဲကျသွားတော့သည်။ ရောက်ချူးရွှေ ထိတ်လန့် အံ့အားသင့်သွားသည်။

'ဟင်...မင်း...မင်းတို့..'

စကားကို ဆုံးအောင် မပြောနိုင်။ ရောက်တုံးကွမ်း ဓားဆွဲထုတ်မည့် ညာလက်ကို ဘယ်လက်ဖြင့် ဖိထားခဲ့သော ခန်းကျီစင်းက အခြားလက်တဘက်မှ ဓားသွားဖြင့် ရောက်ချူးရွှေ လည်ပင်းကို တေ့ထောက်ထားသောကြောင့်ပင်တည်း။

'ဘဘ..'

ရောက်ချူးရွှေ ဆို့ဆို့နစ်နစ် အော်ဟစ်လိုက်မိသည်။

'ကျီစင်...မင်းတို့ ဘယ်လို လုပ်လိုက်တာလဲ'

ရောက်ချူးရွှေ နာနာကျည်းကျည်းပင် အော်ဟစ်ရေရွတ်လိုက်၏။ ခန်းကျီစင်း၏ မျက်နှာမှာ ပကတိ တည်ငြိမ်နေသည်။ အေးခဲရက်စက်မည့် အသွင်သဏ္ဍာန်က သူ့နှုတ်ခမ်းနှင့် မျက်လုံးတို့တွင် ပေါ်လွင်နေသည်။

'ငါမင်းကို မသတ်သေးဘူး၊ မင်းက ငါတို့အတွက် အသုံးကျနိုင်သေးတယ်၊ မင်းအဖေနဲ့ အမေကို အကျပ်ကိုင် ခြိမ်းခြောက်ရမယ်'

ခန်းကျီစင်းက ဝင့်ထယ်သည့် လေသံဖြင့် ပြော၏။ ရောက်ချူးရွှေ၏ မျက်လုံးနှစ်လုံးမှာ ဒေါသကြောင့် အရောင်တောက်လက်နေပြီး မျက်လုံးအိမ်ထဲမှ ခုန်ထွက်လုမတတ် ပြူးကျယ်လာသည်။

'ငါ..ငါ..မင်းကို ယုံကြည်တာ မွေ့ပွေး ခါးပိုက်ပိုက်မိတာပဲ'

ခန်းချွတ်ယီက မခိုးမခန့် ပြုံးကာ....

'မင်းသိပ်ပြီး ထိတ်လန့် အံ့ဩမနေပါနဲ့ကွာ၊ အမည်မဲ့နတ်ဆိုး ဆိုတာ တကယ်တော့ ဘွဲ့နာမည် ရှိတဲ့ ဓားသိုင်းပညာရှင်တယောက်ပဲ၊ နေရောင်ခြည်ဓားသမား ခန်းချွတ်ယီဆိုတဲ့ ငါဟာ အမည်မဲ့နတ်ဆိုးပဲ'

ရောက်ချူးရွှေ အံ့အားသင့်သွားသည်။ ရန်သူသည် အခင်မင်၊ အရင်းဆုံးလူအဖြစ် မိမိတို့ ရောက်မိသားစုအတွင်းသို့ တိုးဝင်နေခဲ့ပြီ မဟုတ်ပါလား။

This Book Is Proudly Brought To You By Moe Lay

Missing Part Is Fill By CluClu

PDF And Layout DESign By nchertz

# ပန်းစကြာ ဓားသမား

## တက္ကသိုလ် ဝင်းကြွယ်

## စာစဉ် (၂)

# အခန်း (၁)

ရောက်ချူးရွှေသည် စိတ်လှုပ်ရှားမှု ပြင်းထန်လာသဖြင့် ခေါင်းထဲတွင် မူးဝေနောက်ကျိနေသည်။ အတန်ကြာမှ ဦးနှောက်ကြည်လင်လာသလို စဉ်းစားတွေးခေါ်ဉာဏ်လည်း ပွင့်လင်းလာခဲ့သည်။

သြဇာအာဏာဂိုဏ်းက စင့်ဟူချူးကို သူလျှိုအဖြစ် စေလွှတ်ထားခဲ့လျှင် ဒုတိယလူတယောက် စေလွှတ်ထားနိုင်ကြောင်း သူမစဉ်းစားမိခဲ့။ သူ့ထက် ဉာဏ်အမြော်အမြင် ကြီးမားသော ရောက်တုံးကွမ်းသည်လည်း မတွေးတောမိခဲ့။

ခန်းချွတ်ယီက ရယ်မောလိုက်ကာ...

"တို့ဂိုဏ်းချုပ်က လူနဲ့လူအတယောက် မဟုတ်ဘူး၊ စင့်ဟူချူး အရက်မူးတယ်ဆိုတဲ့ ဆင်ခြေနဲ့ အပြင်ကို ခဏခဏထွက်ပြီး ဓားရေးယှဉ်ပြိုင်တာကို သိထားတယ်၊ သူနဲ့ ပတ်သက်ပြီး ရောက်ဂေဟာက သံသယနဲ့ သတိရှိနေမယ်ဆိုတာကိုလဲ နားလည်ထားတယ်၊ ဒါကြောင့် ငါ့ကို စေလွှတ်ပြီး ရောက်စီးလိုနဲ့ ရင်းနှီးခင်မင်စေတယ်၊ ပြီးမှ တစစနဲ့ ရောက်ဂေဟာကို လွှမ်းမိုးမယ်၊ တို့ဂိုဏ်းချုပ်က အဲဒီလို ကြိုတင်ပြီး ဉာဏ်အမြော်အမြင်ကြီးတယ်"

ရောက်ချူးရွှေမှာ ဒေါသကြီးလာသည်။

"ဒါဆို ခင်ဗျား လုံးဝ အဆိပ်သင့်တာ မဟုတ်ဘူးပေါ့"

"ဟဲ ... ဟဲ ... ဟဲ ... ဒါပေါ့ကွာ၊ ဗုာကူးဖန့် အဆိပ်က ငါ့ကို ဘယ်လိုလုပ်ပြီး အဆိပ်သင့်နိုင်ပါ့မလဲ"

မှန်ပေသည်။

ထို့ကြောင့်သာ ကိုယ်တော်ကြီးထန်တာ့နှင့် ကျန်းလိန်ယိတို့မှာ သူ့တွင် သင့်နေသော အဆိပ်ကို စဉ်းစားတွေးတော မရနိုင်ခြင်း ဖြစ်ပေသည်။

ရောက်ချူးရွှေက ခန်းကျီစင်းဘက်သို့ လှည့်လိုက်ပြန်ကာ...

"မင်းကိုငါ စကားပြောချင်စိတ်တောင် မရှိတော့ဘူး၊ ဒါပေမယ့် ငါသိချင်တာ တခုတော့ မေးရလိမ့်မယ်၊ မင်းနဲ့ငါဟာ သူငယ်ချင်း မိတ်ဆွေတွေပဲ၊ ဘာကြောင့် သစ္စာဖောက်ပြီး ဒီလို လုပ်ရတာလဲ"

ခန်းကျီစင်းက အေးတိအေးစက် ရယ်လိုက်သည်။ သူ့ရယ်ပုံက ထိမထင်သည့်ဟန်။

"ငါ့မှာ သူငယ်ချင်းဆိုတာ မရှိဘူး၊ ဂိုဏ်းချုပ်ကြီးလီက ငါ့ကမ္ဘာပဲ"

ရောက်ချူးရွှေ မျက်နှာမှာ အကြည့်ရဆိုးလောက်အောင် ဒေါသရိပ် လွှမ်းသွားသည်။ သြဇာအာဏာဂိုဏ်း၏ လွှမ်းမိုးချုပ်ကိုင်မှုကြောင့် ညီအကို အရင်းတမျှ ချစ်ခင်ကြသော သူငယ်ချင်းများ စိတ်ထားပြောင်းလဲသွား ရသည်ကိုလည်း သူရင်နာမိသည်။

"ဘဘခန်းချုတ်ယီ၊ ခင်ဗျားသားကို ကျုပ်လည်ပင်းက ဓားရုပ်သိမ်းခိုင်းလိုက်ပါ၊ ခင်ဗျားနဲ့ကျုပ် အသေအကြေ တိုက်ကြရအောင်'

ရောက်ချူးရွှေက ပြောသည်။

သူ့စိတ်ထဲတွင် ရောက်တုံးကွမ်းအတွက် ကလဲ့စားချေဖို့ စိတ်အားထက်သန်နေသည့်အတွက် ပြောလိုက်ရသော်လည်း သူ့အဆင့်နှင့် ခန်းချုတ်ယီအဆင့်က မနှိုင်းသာအောင် ကွာလှမ်းသည်။

ခန်းချုတ်ယီမှာ ရောက်ချူးရွှေ၏ စကားကို ပြက်လုံးတခုပမာ သဘောထား ရယ်မောပစ်လိုက်သည်။

"မင်းဟာ တို့လက်ခုပ်ထဲက ရေဖြစ်နေပြီ၊ ကျီစင်းကသာ ဓားကို ရှေ့တချက် တိုးလိုက်ရင် မင်းအသက် ချက်ချင်းထွက်သွားရမှာ၊ ငါမင်းနဲ့ ယှဉ်ပြိုင်နေဖို့တောင် မလိုဘူး"

"ဒါဆို ဘာလို့ ကျုပ်ကို ခင်ဗျား မသတ်သေးတာလဲ"

"မင်းကို မသတ်နိုင်သေးဘူး၊ မင်းပါးစပ်က ကယ်ကြပါ၊ ကယ်ကြပါလို့ အဆက်မပြတ်အော်ရမယ်၊ မင်းအမေ ဒီအခန်းထဲ ဝင်လာတဲ့အထိ အော်ရမယ်"

"ကျုပ်မအော်နိုင်ဘူး"

ခန်းကျီစင်းက ဓားကို ရှေ့သို့ တွန်းထုတ်ဟန်ပြင်ကာ...

"မင်းမအော်ရင် ဟောဒီမှာ တွေ့လား"

ခန်းကျီစင်းစိတ်ထဲတွင် ရောက်ချူးရွှေအား ခြိမ်းခြောက်ချင်နေသည်။ တကယ်ပင် လက်ရှေ့တိုးကာ လည်ပင်းမှ သွေးအနည်းငယ် စို့အောင် လုပ်လိုက်ချင်သည်။ သို့သော် သူ့စိတ်ကူးအတိုင်း မလှုပ်ရှားနိုင်ခဲ့။ ရုတ်တရက် သူ့လက်မောင်းတခုလုံး ထုံကျဉ်စွာ ခံစားလိုက်ရသည်။

လက်မောင်းပေါ်တွင် နှားမွေးကဲ့သို့ သေးသွယ်သော ငွေအပ် ဆယ်ချောင်း တန်းစီ စိုက်ဝင်နေသည်။

"ဖုန်း.."

မှင်တက်ငေးကြောင်နေမိသော ခန်းကျီစင်းအား ရောက်ချူးရွှေက အခွင့်ကောင်းယူကာ ခြေထောက်နှင့် ကန်ထုတ်လိုက်သည်။ ခန်းကျီစင်း ခပ်လှမ်းလှမ်းသို့ လွင့်စဉ်ကာ ရောက်ချူးရွှေလည်း သူ၏ဓားဖြင့် ထိန်းချုပ်မှုအောက်မှ လွတ်မြောက်သွားသည်။

"ထန်ဖန်း ..."

ရောက်ချူးရွှေ ဝမ်းသာအားရ အော်ဟစ်ခေါ်လိုက်မိ၏။

ထိုအချိန်တွင် ခန်းချုတ်ယီက ဓားရှည်ဆွဲထုတ်ကာ သူ့ထံသို့ ရိပ်ခနဲ ခုန်ဝင်လာသည်။ သို့သော် ခန်းချုတ်ယီ၏ ကိုယ်ခန္ဓာ ရောက်ချူးရွှေထံသို့ မရောက်လိုက်။ ငွေရောင်ဓားရိပ်တရိပ်နှင့် မြွေတကောင်နယ် မာန်ဖီတိုးထွက်လာသည့် လက်တစုံက ပိတ်ဆီးဟန့်တား ထားလိုက်သည်။ ရောက်ချူးရွှေ၏ ဝမ်းသာပီတိဖြစ်မှုမှာ မထိန်းချုပ်နိုင်တော့။

"တိန်ယိဟန်၊ ကျိုကျူးချောက်လန်"

ခန်းချုတ်ယီ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ကျိုကျူးချောက်လန်၊ တိန်ယိဟန်နှင့် ထန်ဖန်တို့ ရောက်ချူးရွှေနှင့် မရှေးမနှောင်း လိုက်ပါလာကြလိမ့်မည်ဟု သူမထင်မှတ်ခဲ့။ ထို့ကြောင့်လည်း ရောက်တုံးကွမ်းကို လုပ်ကြံပြီး ရောက်ချူးရွှေအား ဓားစာခံအဖြစ် ဖမ်းဆီးအကျပ်ကိုင်ရန် စိတ်ကူးလုပ်ဆောင်ခဲ့ကြခြင်း ဖြစ်ပေသည်။

ယခု သူတွက်ဆသလို ဖြစ်မလာဘဲ ကျိုကျူးချောက်လန်တို့ ရောက်လာသောအခါ စိတ်ထဲတွင် ထိတ်လန့်တုန်လှုပ် သွားမိသည်။

ထိတ်လန့်သော်လည်း တိုက်ကွက်ကမပျက်၊ နေရောင်ခြည်ဓားကို ဝှေ့ယမ်းတိုက်ခိုက်နေသည်။

ကျိုကျူးချောက်လန်က မဟာဖမ်းချုပ် လက်သိုင်းကွက်ဖြင့် ခန်းချုတ်ယီ၏ တိုက်စစ်ဆင်မှု ယုတ်လျော့အောင် နံဘေးမှ ထိန်းချုပ်တိုက်ခိုက်သည်။

တိန်ယိဟန်ကလည်း ရှေ့မှ ထိပ်တိုက်ဝင်ကာ ဓားရှည်ကို ဝှေ့ယမ်းလျက် မနားတမ်း တိုက်ခိုက်သည်။

ခန်းချုတ်ယီမှာ တိုက်ကွက်သုံးဆယ်ကျော် တိုက်ခိုက်ပြီးသော်လည်း တိန်ယိဟန်နှင့် ကျိုကျူးချောက်လန်တို့ လူငယ်နှစ်ယောက်ကို အနိုင်မရရှိသေးသဖြင့် စိတ်လောကြီးလာသည်။ လက်ထဲမှ ဓားရှည်က ရုတ်တရက် အလင်းတန်းများ ပိုဖြာထွက်လာသည်။ အခန်းထဲတွင်လည်း အပူလှိုင်းများ သက်ရောက်လာသကဲ့သို့ ခံစားလိုက်ကြရသည်။

ကျိုကျူးချောက်လန်နှင့် တိန်ယိဟန်တို့ မျက်ဖြူဆိုက်ရပြီ။

ခန်းချုတ်ယီ၏ တိုက်ကွက်များတွင် ကသောင်းကနင်း ဖြစ်လာသည်။

တိုက်စစ်ထက် ခံစစ်ကိုပင် လုံခြုံအောင် ဖန်တီးနေရသည်။

သေတွင်းမှ လွတ်ကင်းလာရသဖြင့် ရုတ်တရက် မှင်တက်နေမိသော ရောက်ချူးရွှေ စတင်လှုပ်ရှားသည်။ စောစောကမှ သူ့ဘဘ ရောက်တုံးကွမ်း ပေးထားခဲ့သော ဓားကို ဆွဲထုတ်လိုက်၏။ စင့်ဟူချူး၏ ပန်းချူးနတ်ဓား။

ပန်းချူးနတ်ဓားနှင့် ရောက်ချူးရွှေ တိုက်ကွက်ထဲသို့ ဝင်ပါလာသည်။

တိန်ယိဟန်၏ တောင်ပင်လယ်ဟိုင်နန် ဓားသိုင်းကွက်က ရက်စက်ကြမ်းကြုတ်မှု၊ စွန့်စားတိုက်ခိုက်မှု၊ ထူးခြားဆန်းကြယ်မှုတို့ဖြင့် အကွက်ကျသည်။ မထင်မှတ်သော နေရာများမှ အလစ်ဖမ်း တိုက်တတ်သည်။

ရောက်ချူးရွှေ၏ ပန်းချောင်းဓားသိုင်းက လျင်မြန်သွက်လက်မှုကို အခြေခံသည်။ တိုက်ကွက်က တိကျပိရိသည်။ ဓားပိုက်ကွန်သဖွယ် တဘက်ရန်သူကို ဖုံးအုပ်နိုင်စွမ်းသည်။

ထိပ်သီးဓားသိုင်းပညာနှစ်ရပ်က နေရောင်ခြည်ဓားကို ပြိုင်တူထိုးနှက်ကြပြီ။

ရောက်ချူးရွှေက ဟန့်ကွက်၊ တိန်ယိဟန်က တိုက်ကွက်။

ဘက်စုံလုံခြုံအောင် စေ့စေ့စပ်စပ်တိုက်သည်။

သို့တိုင် သူတို့နှစ်ယောက်၏ ဓားနှစ်စင်းက ခန်းချွတ်ယီ၏ နေရောင်ခြည်ဓားတလက်ကို မထိုးဖောက် မချေဖျက်နိုင်။

ခန်းချွတ်ယီ၏ တိုက်ကွက်ကိုပင် အကြိတ်အနယ် ရင်ဆိုင်နေရသည်။

အပူလှိုင်းများကြောင့် တကိုယ်လုံး ချွေးပြန်နေကြပြီ။

ခန်းချွတ်ယီ ထုတ်ဖော်တိုက်ခိုက်သည့် တိုက်ကွက်က နေကိုးစင်းသိုင်းကွက်၊ အဓိက သိုင်းကွက်ကြီး ကိုးကွက်ရှိသည်။ သိုင်းကွက်တကွက်တွင် ကွက်ပြောင်းကွက်လွှဲ ကိုးကွက်စီ ရှိသည်။

ထိုသိုင်းကွက်ကို ထုတ်ဖော်လာသောအခါ ရောက်ချူးရွှေနှင့် တိန်ယိဟန်တို့ နှစ်ယောက်မှာ ဓားကွက်တကွက်ချင်းကို ဂရုစိုက် ဖယ်ရှားခုခံနေရသည်။ တခုတော့ တော်သေးသည်။

ခန်းချွတ်ယီ စိတ်ထင်တိုင်း မတိုက်ခိုက်နိုင်။ ကျိုကျူးချောက်လန်၏ မဟာဖမ်းချုပ်လက်ကွက်က ရောက်ချူးရွှေတို့ အလူးအလဲ ဖြစ်ခါနီးတိုင်း ခန်းချွတ်ယီကို ဝင်၍ ထိန်းချုပ်ထားသည်။ တချက်တချက်တွင် ခန်းချွတ်ယီ၏ သေကွင်းသေကွက်ကိုပင် ချုပ်ကိုင်နိုင်ရန် ခြိမ်းခြောက်လာသည်။

ခန်းချွတ်ယီမှာ ရှေ့မှထက်မြက်သော ဓားနှစ်စင်းကို ခုခံတိုက်ခိုက်ရာ၊ ဘေးမှ ကျိုကျူးချောက်လန်၏ သံမဏိသဖွယ် မာကျောသော ဖမ်းချုပ်လက်အစုံကို တိမ်းရှောင်ရနှင့် အခြေအနေက မဆုတ်သာ၊ မတက်သာ။

ရောက်ချူးရွှေနှင့် တိန်ယိဟန်တို့ကလည်း လက်ရည်မကျသေးဘဲ အစွမ်းကုန် တိုက်ခိုက်နေပြန်သဖြင့် အပြတ်ရှင်းဖို့ အခွင့်မသာ။ ဤလူငယ်များကို ယနေ့ အပြတ်မရှင်းနိုင်လျှင် တချိန်ချိန်၌ မိမိအတွက် ကြီးမားသော ရန်သူကြီးများ ဖြစ်လာကြမည်ကို ခန်းချွတ်ယီ တွေးပူလာသည်။

ကျင်ကျန်းမြစ်ညီနောင် လေးဖော်၏ ဘွဲ့အမည် ထိုက်တန်ပါသည်ဟုလည်း ချီးကျူးမိသည်။

တပြိုင်နက်တည်းပင် သူ့ဓားအရှိန်ကို မြှင့်တင်လိုက်သည်။

ကျိုကျူးချောက်လန်၏ တင်းမာတိကျလှသော မဟာဖမ်းချုပ် လက်ကွက်က ဓားရောင်ခြည် အလင်းတန်းကြောင့် သွေးကြောကွက်များကို တည့်မတ်စွာ မထိန်းချုပ် မဖမ်းကိုင်နိုင်။ တိန်ယိဟန်နှင့် ရောက်ချူးရွှေတို့သည်လည်း ဖိနှိပ်အားကို မခံနိုင်။

ခန်းချွတ်ယီ အသာစီးသို့ လုံးလုံးလျားလျား ရောက်ရှိသွားသည်။

"တော်သေးတယ်၊ ထန်လိုသေသွားလို့၊ သူတို့လေးယောက်သာ ပူးပေါင်းတိုက်ခိုက်ရင် မလွယ်ဘူး"

ခန်းချွတ်ယီမှာ အသာစီးရသည်နှင့် ဝမ်းသာအားရ တွေးလိုက်မိသည်။ ထန်လို သေဆုံးပြီကို သူသိသော်လည်း ထန်လို၏နေရာသို့ အစားထိုး ဝင်ရောက်လာသော ထန်ဖန်းကိုကား သူမသိရှိသေးချေတကား။

ခန်းကျီစင်းသည် လက်မောင်းတွင် ထုံကျဥ်သွားပြီးနောက် မိမိလက်နက်ပုန်း အထိခံရပြီကို သိရသည်။ သိသိချင်းပင် လက်နက်ပုန်းဟု ကျယ်လောင်စွာ အော်ဟစ်လိုက်သော်လည်း ရောက်ချူးရွှေက ဖုန်းခနဲ ကန်ကျောက်ပစ်လိုက်ခြင်း၊ လက်မောင်းတခုလုံး ထုံကျဥ်လာခြင်းတို့ကြောင့် လက်ထဲမှ ဓားရှည် ချွင်ခနဲ အောက်သို့ လွတ်ကျသွားသည်။ စိတ်ထဲတွင် ပူထူလာကာ ဘယ်ဘက်လက်ဖြင့် လွတ်ကျသွားသော ဓားကို ကောက်ယူရန်ပြင်သည်။

သို့သော် သူ့မျက်ဝန်းရိပ်ထဲတွင် မိန်းကလေးတယောက်အသွင် လှစ်ခနဲ မြင်မိသဖြင့် ခေါင်းမော့ကြည့်မိသည်။

နှင်းလိုဖြူဆွတ်ပြီး သမက်မျက်လုံးလို တောက်ရှန်းသော မျက်ဝန်းအစုံရှိသည့် မိန်းမလှလေး တယောက်ကို သူတွေ့လိုက်ရသည်။

မိန်းမလှလေး၏ စူးစိုက်အကြည့်က သူ့ကို ချောက်ချားစေကာ လှမ်းလက်စ ဘယ်ဘက်လက်ပင် တုံ့ခနဲ ရပ်သွား၏။

"ရှင်က သူတို့ သူငယ်ချင်းလား"

မိန်းမလှလေးက မေးသည်။ ခန်းကျီစင်းက ကမန်းကတန်း ခေါင်းညိတ်ပြလိုက်မိသည်။ မိန်းကလေးက သြော် .... ခနဲ အာမေဋိတ်သံတခု ပြုခိုက်ပြီး...

"ဒါဆို ရှင်ဓားကို သွားမကောက်တာ အကောင်းဆုံးပဲ၊ ကျမ သူတို့ရဲ့ သူငယ်ချင်းကို မသတ်ချင်ဘူး"

ခန်းကျီစင်းသည် ဒဏ်ရာရသော လက်ကို ဘယ်လက်ဖြင့် ဖေးမ ပင့်တင်ကာ နေရာတွင်ပင် ရပ်နေမိသည်။ သူ့အသွင်က ထိုင်သည်လည်းမဟုတ်၊ ထသည်လည်းမဟုတ်၊ ကိုးရိုးကားရား ကုန်းကုန်းကြီး ဖြစ်နေ၏။

"ကျမက ထန်မျိုးဆက် မိသားစုထဲက ထန်ဖန်းပဲ"

မိန်းမလှလေး၏ ညင်သာတိုးညင်းစွာ ပြောလိုက်သည့် စကားသံက ခန်းကျီစင်း နားထဲသို့ ဗုံးပေါက်ကွဲသည့်အလား ဖြစ်သွားတော့သည်။

သူ့တကိုယ်လုံး တောင့်တင်းသွားသည်။

ကျောရိုးတလျှောက် အေးစိမ့်သွားသည်။

ဓားသွားကောက်ဖို့ မပြောနှင့်၊ မတ်မတ်ပင် ပြန်မရပ်နိုင်။ ကျောက်ရုပ်တရုပ်လို ကုန်းကုန်းကြီးသာ ရှိနေတော့သည်။ ထိုအချိန်တွင် ရှောက်ချူးရွှေ၊ တိန်ယိဟန်နှင့် ကျိုကျူးချောက်လန်တို့မှာ ခန်းချွတ်ယီ၏ တိုက်စစ်အောက်တွင် မလူးသာမလွန့်သာအောင် ဖြစ်နေရသည်။ အပူလှိုင်းများ၊ နေအလင်းတန်းများကြောင့် အကြီးအကျယ် ဒုက္ခတွေ့နေရသည်။

"ချွမ်း"

တိန်ယိဟန်၏ဓား ထက်ပိုင်းပြတ် ကျိုးသွားသည်။

ရှောက်ချူးရွှေ၏ဓားမှာ ပန်းချူးနတ်ဓား ဖြစ်နေသဖြင့် မကျိုးသေး။

ဓားနှစ်လက်နှင့် ရင်ဆိုင်ရသည်ပင် အောက်စည်းရောက်နေ ရသည့်အထဲ တိန်ယိဟန်၏ ဓားတလက် ကျိုးပြတ်သွားသောအခါ အခြေအနေက မည်သို့မျှ မကောင်းနိုင်တော့။

ခန်းချွတ်ယီ ဓားကို ဝင့်လိုက်ပြန်သည်။

သည်ဓားချက်က အသက်ခြွေမည့်ဓား။

ဓားသွားက တိန်ယိဟန် ကိုယ်ပေါ်သို့ ကျရောက်တော့မည်။

အလင်းတန်းများ၊ အပူလှိုင်းများ၏ ခြိမ်းခြောက်ဟန့်တားမှုကြောင့် တိန်ယိဟန် မရှောင်နိုင်၊ ခန်းချွတ်ယီ၏ ဓားသွားအောက်တွင် အသက်ပျောက်ရတော့မည်။

ထိုစဉ်...

"ဝှစ် ..."

"ထန် ..."

"ချလွမ် ..."

အဖြစ်အပျက်က ဆက်တိုက်ဖြစ်ပေါ် ပြောင်းလဲသွားသည်။

ငွေရောင်မြားတစင်းက အဟုန်ပြင်းစွာ ပြေးထွက်လာပြီး ခန်းချွတ်ယီ၏ ကိုင်မြှောက်ထားသော ဓားကိုယ်ထည်ကို ထိမှန်သည်။ ထိချက်က တိကျသည်။ ဓားရွက်၏ အလယ်ဗဟို တည့်တည့် အဓိကနေရာ။

ခန်းချွတ်ယီ လက်ထဲမှဓား လွတ်ထွက်သွားသည်။ လက်ပစ်မြားတံလည်း ထက်ပိုင်းကျိုးသွား၏။

ထို့အတူ ဓားကိုယ်ထည်၏ အဓိကကျသော နေရာကို လက်နက်ပုန်းမြားတံက ထိမှန်လိုက်သဖြင့် ဓားအလင်းတန်းနှင့် အပူလှိုင်းတို့လည်း ရုတ်ခြည်း ပျောက်ကွယ်သွားသည်။

ခန်းချွတ်ယီ ရုတ်တရက် ငေးကြောင်ကာ လက်နက်ပုန်းပစ်သူကို လှမ်းကြည့်လိုက်မိသည်။ ထန်ဖန်းပင်တည်း။

ထန်ဖန်းက တိန်ယိဟန်၏ အသက်ကို လက်နက်ပုန်းမြားဖြင့် ပစ်ပေါက်ကာကွယ် ကယ်တင်လိုက်ချိန်တွင် ခန်းကျီစင်းက လျှပ်တပြက် လှုပ်ရှားလာသည်။

အခွင့်အခါပေါ်ပြီမို့ လွတ်ကျသွားသောဓားကို ဘယ်လက်ဖြင့် ကောက်လိုက်သည်။ သူ့လက်ထဲ ဓားရောက်သွားချိန်တွင်မှ ထန်ဖန်းမှာ ကိုယ်ပြန်လှည့်လာနိုင်ပြီး ကြယ်ပျံလက်နက်ပုန်း သုံးခုနှင့် ပစ်ပေါက်လိုက်သည်။ ခန်းကျီစင်းမှာ ကမန်းကတန်းပင် ဓားကို စကြာလို ဝှေ့ယမ်းလိုက်သည်။

"ထန်...ထန်....ထန်"

လက်နက်ပုန်းသုံးခုတို့ လွင့်စဉ်ထွက်သွားကြသည်။

ခန်းကျီစင်းသည် ဓားရသည်နှင့် ပြတင်းပေါက်မှ ရိပ်ခနဲ ပျံပြေးထွက်သွားသည်။ ဖခင်ဖြစ်သူအား ကူညီရန် စိတ်မျှပင်မကူး။

သို့သော် သူ့ခန္ဓာကိုယ်က ပြတင်းပေါက်မှ ကျော်လွန်မသွားသေး။ ထန်ဖန်း၏ နောက်ဆက်တွဲ လက်နက်ပုန်းသုံးခုက ပြေးဝင်လာသည်။ ခန်းကျီစင်း ခုခံသေးသည်။ မရ၊ လက်နက်ပုန်းတခုက သူ့ပခုံးတွင် စိုက်ဝင်ပြီး ဗုန်းခနဲ လဲကျသွားတော့သည်။ ခန်းကျီစင်း လဲကျစဉ်မှာပင် ခန်းချွတ်ယီကလည်း လှုပ်ရှားသည်။

လက်ဝါးနှစ်ဘက်ကို ရုတ်တရက် ဆန့်တန်းကာ ကျိုကျူးချောက်လန်ကို ရိုက်ထုတ်သည်။ အမှတ်မထင် တိုက်ခိုက်လာသဖြင့် ကျိုကျူးချောက်လန် ဖမ်းချုပ်လက်ကွက်ထုတ်ကာ ရင်မဆိုင်နိုင်။ တဖန် ခန်းချွတ်ယီက အတွင်းအားအပြည့် ထည့်သွင်းရိုက်ထုတ်လိုက်သဖြင့် တောင့်မခံနိုင်။

"ဝုန်း..."

ကျိုကျူးချောက်လန်၏ ခန္ဓာကိုယ်တချက်တုန်ခါလျက် ငါးပေခန့် လွင့်စဉ်သွားသည်။

ခန်းချွတ်ယီ ချက်ချင်းပင် ဓားကို ကောက်ယူသည်။

တိန်ယိဟန်ကလည်း ချက်ချင်းပင် မြေပြင်တွင် လိမ့်ကာ ဓားတချောင်း ကောက်ယူသည်။ သူကောက်ယူလိုက်သည်က ရောက်တုံးကွမ်း၏ ရှေးဟောင်း ထင်းရှူးဓားပြတ်။

သူတို့နှစ်ယောက်ထက် လက်ဦးလျင်မြန်သည်က ရောက်ချူးရွှေ။ ခန်းချွတ်ယီက ကျိုကျူးချောက်လန်ကို ရိုက်ထုတ်ပြီး နေရောင်ခြည်ဓားအား ကောက်ယူဟန်ပြင်သည်နှင့် သူ့ပန်းချူးနတ်ဓားက ဓားကွက်တကွက် ထုတ်ဖော်ပြီးနေပြီ။

"ရွှမ်း..."

ဓားချက်တချက်က ခန်းချွတ်ယီ၏ ဘယ်ဘက်လက်မောင်းကို အလျားလိုက် ဆွဲခြစ်မိသည်။ သွေးနီအစင်းကြောင်းတခု ခန်းချွတ်ယီ၏ လက်မောင်းပေါ်တွင် ထင်းခနဲ ပေါ်လာလေသည်။

ရောက်ချူးရွှေ နောက်ထပ် ဓားကွက်တကွက် ထုတ်လိုက်လျှင် ခန်းချွတ်ယီမှာ လက်ထဲသို့ နေရောင်ခြည်ဓား ရရှိသွားပြီမို့ ပြန်လည်၍ ထိပ်တိုက်ခုခံပေးလိုက်သည်။

"ထန်း..."

ထိုအချိန်မှာပင် တိန်ယိဟန်လည်း ထင်းရှူးဓားပြတ် ရရှိထားပြီမို့ ခန်းချွတ်ယီကို နဘေးမှ ဝင်ကာ လှမ်းထိုးသည်။

ခန်းချွတ်ယီ မခုခံ။

ချက်ချင်းပင် နောက်ဂျမ်းတချက်ပစ်ကာ ပြတင်းပေါက်မှ ခုန်ပျံထွက်သွားတော့သည်။ ထန်ဖန်း၏ ထိန်းချုပ်ခြင်းခံနေရသော သားဖြစ်သူ ခန်းကျီစင်းအား ကယ်တင်ရန်ပင် စိတ်မကူး။

ဩဇာအာဏာဂိုဏ်းသားများ၏ ကိုယ်ကျိုးနှင့် ပတ်သက်လာလျှင် မည်သူ့ကိုမဆို စတေးဝံ့သည်ဆိုသည့် သဘောပင်တည်း။

"လိုက်ကြ"

ရောက်ချူးရွှေ၏ အော်ဟစ်အမိန့်ပေးလိုက်သံက ခန်းချွတ်ယီ ထွက်သွားသည်နှင့် ထွက်ပေါ်လာသည်။

တိန်ယိဟန် စတင်ကာ ရိပ်ခနဲ ပြေးလိုက်သည်။

နောက်တဖန် နောက်ဆုံးမှ ရောက်ချူးရွှေ လိုက်သည်။

ကျိုကျူးချောက်လန်မှာမူ ထန်ဖန်း ပစ်လွှတ်ချခဲ့သော ခန်းကျီစင်းကို ထိန်းချုပ်ကာ ကျန်ရစ်ခဲ့သည်။

---

# အခန်း (၂)

ခန်းချွတ်ယီ လေအဟုန်ကဲ့သို့ အစွမ်းကုန် ပြေးသွားသည်။

သူ့လျှို့ဝှက်ချက် ပေါ်သွားပြီ။

သတင်းမပျံ့ခင် အန္တရယ်နယ်မြေမှ လွတ်မြောက်အောင် ထွက်ပြေးရမည်။ ပန်းချောင်းရောက်ဂေဟာ တံခါးမကြီးမှ ကျော်ထွက်သည်နှင့် ဩဇာအာဏာဂိုဏ်းမှ လူတွေနှင့် ပူးပေါင်းရမည်။

ဆားချန်သိန်း၊ ခုံယန်ချင်၊ အပေါက်တခုနတ်ဆိုး ကျိုချန်စင်းတို့က သူ့ကို ကြိုဆိုကြမည်။ အထူးသဖြင့် ကျိုချန်စင်း၏ သိုင်းပညာနက်နဲမှု အစွမ်းအစကို သူသိသည်။ ကျိုချန်စင်း ရှိနေလျှင် ရောက်စီးလိုကို မှုစရာမလို။

ပြေးလွှားရင်းမှ မိုးသံနားထောင်ဂေဟာအဆောင်သို့ ရောက်ရှိလာသည်။ ထိုအဆောင်ကို ကျော်ဖြတ်သည်နှင့် ရောက်ဂေဟာ အပြင်ဘက်သို့ ရောက်တော့မည်။

ထိုအချိန်မှာပင် သူသည် ရောက်စီးလိုကို တွေ့လိုက်ရတော့သည်။

ခန်းချွတ်ယီ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားမိ၏။

ဓားကလည်း လက်ထဲတွင် ဆုတ်ကိုင်လျက်၊ လက်မောင်းတွင်လည်း ဓားဒဏ်ရာကြောင့် သွေးများ စီးကျလျက်။ ဘယ်လိုလုပ်ရပါ့မလဲ။

ရောက်စီးလို၏ မျက်လုံးများကလည်း ဓားနှင့်ဒဏ်ရာဆီသို့သာ စူးစိုက်ကြည့်နေသည်။ သူ့နံဘေးတွင်လည်း ကျူးရှာဂူက ကပ်လျက်။

ခန်းချွတ်ယီ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သို့သော် သူ့စိတ် သူ့အမူအရာကို ချက်ချင်းပင် ပြန်လည် ထိန်းချုပ်လိုက်သည်။

သူ့အကြောင်းကို ရောက်စီးလို မသိနိုင်သေး။

ရောက်တုံးကွမ်းအား သတ်ဖြတ်လိုက်သည့် သတင်း မပျံ့နှံ့နိုင်သေး။ မိမိ၏ ပရိယာယ်ဖြင့် ရောက်စီးလိုတို့ကို အယုံသွင်းမည်။ လက်ဦးမှုယူကာ ကျူးရှာဂူနှင့် ရောက်စီးလိုတို့ထဲမှ တယောက်ယောက်ကို အပြတ်ရှင်းမည်။ အမိက ရန်သူတယောက် ကျဆုံးလျှင် ကျန်တယောက်ကို ရင်ဆိုင်နိုင်လိမ့်မည်။

ထိုအတွေးကြောင့် ခန်းချွတ်ယီ အားပြန်တက်လာသည်။

သူ၏အမိက ပစ်မှတ်က ရောက်စီးလို။

ကျူးရှာဂူ၏ သိုင်းပညာ နက်ရှိုင်းမှုကို မခန့်မှန်းနိုင်သဖြင့် သူ့အနေနှင့် လက်ဦးမှုမယူရဲ။ ရောက်စီးလိုကိုသာ လက်ဦးမှုယူကာ အပြတ်ရှင်းရမည်။

ရောက်စီးလိုနှင့်သူ နီးကပ်လာသည်။

သူမရောက်ခင်မှာပင် ရောက်စီးလိုက သူ့ထံသို့ ခုန်ဝင်ရောက်ရှိလာသည်။

"နောင်ကြီး ခန်းချွတ်ယီ...ဘယ်လိုဖြစ်လာရတာလဲဗျာ"

ရောက်စီးလိုက ဂရုတစိုက် ကြင်နာသံဖြင့် မေးသည်။

ခန်းချွတ်ယီက တမင်ပင် မောဟိုက်ပင်ပန်း ယောင်ဆောင်ကာ ...

"ဩ ... ဩဇာအာဏာဂိုဏ်းက လူ ... လူတွေ ဂေဟာထဲကို တိတ်တဆိတ် ခိုးဝင်လာကြပြီ၊ ကျုပ် ... ကျုပ် ... သူတို့ထဲက တယောက် နှစ်ယောက်ကိုပဲ သတ်နိုင်ခဲ့တယ်၊ သူတို့ အစွမ်းအစ သိပ်ထက်မြက်တယ်၊ ကျုပ်လဲ ခုံယန်ချင်ရဲ့ ဓားချက်တချက် အထိခံလိုက်ရတယ်'

သူ့စကားအဆုံးတွင် နောက်ဖက် ခပ်လှမ်းလှမ်းဆီမှ လူရိပနှစ်ရိပ် ပြေးဝင်လာကြသည်။

ရောက်ချူးရွှေနှင့် တိန်ယိဟန်တို့ ဖြစ်ကြသည်။ ရောက်ချူးရွှေမှာ မိုးသံနားထောင်ဂေဟာအောက်တွင် ရောက်စီးလိုက ခန်းချွတ်ယီကို တွဲယူထူမနေသည်ကို လှမ်းတွေ့လိုက်သဖြင့် စိတ်လှုပ်ရှားသွားသည်။

အော်ဟစ်သတိပေးရန် ဟန်ပြင်လိုက်စဉ်မှာပင် ခန်းချွတ်ယီက အကင်းပါးစွာဖြင့် ကျယ်လောင်စွာ....

"ဟိုမှာ....ဟိုမှာ....သူတို့လိုက်လာကြပြီ"

ရောက်ချူးရွှေတို့၏ အသံကို ဖုံးအုပ်လောက်အောင် ပြောပြီး လက်ညိုးညွှန်ပြသည်။ သူ့လက်ညိုးက ရောက်ချူးရွှေနှင့် တိန်ယိဟန်တို့ဆီ ဦးတည်နေသည်။

ရောက်စီးလနှင့် ကျူးရှာဂူတို့နှစ်ယောက် သူလက်ညိုး ညွှန်ရာသို့ ကြည့်လိုက်မိကြသည်။
ထိုအချိန်မှာပင် ခန်းချွတ်ယီ စတင်လှုပ်ရှားသည်။

သူ့ပရိယာယ်ဆင်ကွက်ထဲသို့ ရောက်စီးလိုတယောက် တိုးဝင်လာခဲ့ပြီဟု ယူဆကာ အပိုင်နိုင်ဆုံး ထိုးသွင်းချလိုက်သည်။

သူ့ဓားရှည်က ရောက်စီးလို၏ ရင်ဝတည့်တည့်သို့ တိုးဝင်လာသည်။

"ချွမ်.."

သံသံချင်း ထိခတ်သံ ရုတ်တရက် ပေါ်ထွက်လာသည်။

ခန်းချွတ်ယီက ပိုင်ပြီဟု ယုံကြည်ကာ ထိုးသွင်းလိုက်သော ဓားချက်။

ထိုဓားချက်ကို ဓားတလက်က ဆီးကြို ခံဆောင်ပေးလိုက်၏။

ရောက်စီးလို၏ ဓားရှည်ပင်တည်း။

ရောက်စီးလိုသည် ခန်းချွတ်ယီနှင့် တွေ့ဆုံစဉ်က ဓားလွတ်ကို ကိုင်မထား။ ခန်းချွတ်ယီ လက်လှုပ်စဉ်မှာပင် သူ့လက်က ဆတ်ခနဲ လှုပ်ရှားပြီး ဖြစ်သည်။ ကြိုတင်သတိရှိထားသည့်အလား သူ့ဓားရှည်က ဓားအိမ်အတွင်းမှ လျှပ်စီးလက်သလို ထွက်လာသည်။ ခန်းချွတ်ယီ၏ ဓားလမ်းကြောင်းကို ဆီးကြိုပိတ်ဆို့ ထားလိုက်သည်။

ခန်းချွတ်ယီ အံ့အားသင့်သွားမိသည်။ ရောက်စီးလို၏ ဓားအထုတ် လျင်မြန်မှုကို မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိသည်။

သို့သော် သူကြာကြာ မအံ့ဩနိုင်။

ချုပ်နှောင်မှုတခုက သူ့တကိုယ်လုံး မလှုပ်ရှားနိုင်အောင် တင်းတင်းကျပ်ကျပ် ရစ်ပတ်ထားသည်။

ကျူးရှာဂူ၏ သံပိုက်ကွန်က ထိန်းချုပ်ထားခြင်းဖြစ်၏။

ခန်းချွတ်ယီမှာ လှောင်အိမ်တွင်းသို့ ရောက်ရှိသွားသော သားရဲတကောင်ပမာ မလှုပ်ရှားနိုင်တော့။ အတွင်းအားထုတ်ကာ ရုန်းကြည့်သည်။ မရ။ ရုန်းလေရှုန်းလေ ပိုက်ကွန်က ပို၍ ကျုံ့ကျုံ့လာသည်။ အသက်ရှူရပို၍ ကျပ်လာသည်။

နောက်ဆုံး မလှုပ်မရှက်သာ ရပ်နေရတော့သည်။

ထိုအချိန်တွင် ရောက်ချူးရွှေနှင့် တိန်ယိဟန်တို့သည် ရောက်ရှိလာခဲ့သည်။

လျှပ်တပြက် အချိန်အတွင်းမှာပင် ရောက်ချူးရွှေ၏ စိတ်အာရုံက အမျိုးမျိုး အပြောင်းအလဲ ဖြစ်ပေါ်ခံစားခဲ့ရ၏။ ခန်းချွတ်ယီ လွတ်ထွက်သွားမည့်အတွက် ပူပန်သောစိတ်၊ ခန်းချွတ်ယီ၏ ပရိယာယ် ဆင်ကွက်ထဲ တိုးဝင်မိကာ ဖခင်ဖြစ်သူ ရောက်စီးလို လုပ်ကြံခံရတော့မလား ဟူသော စိုးရိမ်သောကစိတ်၊ ခန်းချွတ်ယီကို ကျူးရှာဂူ၏ သံပိုက်ကွန်ဖြင့် အမိအရ ဖမ်းချုပ်လိုက်နိုင်သောကြောင့် ဝမ်းသာပီတိဖြစ်စိတ်၊ ထိုစိတ်များက သူ့ရင်ထဲတွင် ဆက်တိုက်ဆက်တိုက်ပင် အလျင်မပြတ် ဖြစ်ပေါ်လာခဲ့သည်။

ရောက်ချူးရွှေတို့ ရောက်ရှိလာချိန်မှာပင် မိုးသံနားထောင်ဂေဟာထဲမှ လူတယောက် ရိပ်ခနဲ ခုန်ထွက်လာသည်။

ထိုလူ၏ ကိုယ်ဟန်လှုပ်ရှားပုံက ပေါ့ပါးသွက်လက်လွန်းလှသည်။

ထိုလူကို တွေ့သည်နှင့် ခန်းချွတ်ယီ စိတ်ဓာတ် အကြီးအကျယ် ကျဆင်းသွားရတော့သည်။

တင်းထားသမျှ မာန်များ လျော့ကျသွားသည်။

လက်ထဲမှ နေရောင်ခြည်ဓားသည်ပင်လျှင် အောက်သို့ လွတ်ကျသွားသည်။

မိုးသံနားထောင်ဂေဟာ အတွင်းမှ ခုန်ထွက်လာသူကား ထန်ဖန်း ဖြစ်နေလေသတည်း။

“မင်းကို ဒီလို သစ္စာမဲ့တဲ့ လူသားတယောက် ဖြစ်လိမ့်မယ်လို့ ငါတကယ်ပဲ မထင်မိခဲ့ဘူး”

ရောက်စီးလိုက ခန်းချွတ်ယီကို စူးစိုက်ကြည့်ကာ ခက်ထန်စွာ ပြောသည်။

ခန်းချွတ်ယီ ခွန်းတုံ့မပြန်၊ ကျူးရှာဂူကသာ စက်ဆုတ်သည့် အကြည့်ဖြင့် ကြည့်ပြီး...

“မိန်းကလေး ထန်ဖန်းရဲ့ ကိုယ်ဖော့ပညာက မင်းထက် အများကြီး မြင့်မားတယ်၊ သူက မင်းထက် ခြေလှမ်းဆယ်လှမ်းလောက် အရင်ကြိုရောက်လာခဲ့တယ်၊ ဒါပေမယ့် တို့ကို စကားတခွန်းပဲ ပြောနိုင်ခဲ့တယ်၊ အဲဒီအချိန်မှာ မင်းရောက်လာတယ်၊ တို့မှာ စဉ်းစားတွေးတောဖို့ အချိန်မရတာနဲ့ သူ့ကို ပုန်းအောင်းနေခိုင်းလိုက်တယ်၊ မင်းရဲ့ အခြေအနေကို စောင့်ကြည့်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ အဲဒီအချိန်မှာပဲ မင်းကစပြီး တို့ကို တိုက်တယ်၊ လက်ဦးမှုယူပြီး လုပ်ကြံတယ်၊ ကြိုတင်သိရှိထားလို့ မင်းရဲ့ လုပ်ကြံမှု မအောင်မြင်ခဲ့ဘူး”

ရောက်စီးလိုကလည်း

“မိန်းကလေးထန်ဖန်းက တို့ကို အချိန်တိုတိုအတွင်း ဘယ်လိုပြောပြခဲ့သလဲ ဆိုတာ မင်းသိရဲ့လား”

ခန်းချွတ်ယီ ဘာမျှ ပြန်မပြောနိုင်။

ရောက်စီးလိုကိုသာ ပြူးကြောင်ကြောင် ကြည့်နေ၏။

သူ့အသွင်က မုဆိုးရှေ့ရောက်နေသည့် ဝံပုလွေတကောင်ပမာ ဖြစ်နေ၏။

ရောက်စီးလိုကသာ ဆက်၍

“သူပြောသွားတာက အတိုဆုံးနဲ့ အထိမိဆုံးပဲ၊ အဲဒါကတော့ ခန်းချွတ်ယီ အဆိပ်မသင့်ဘူး၊ ဘဘကွမ်းကို သူသတ်လိုက်တယ်တဲ့”

ခန်းချွတ်ယီ ခေါင်းငိုက်စိုက်ကျသွားသည်။

သူကသာ ပိုင်နိုင်ပြီဟု မယူဆဘဲ အားကုန်အင်ခန်း အလစ်ဝင်ရောက်တိုက်ခိုက်ခြင်း မပြုလျှင် ရောက်စီးလိုတို့ သူ့ကို တကွက်တည်းနှင့် အမိအရ မဖမ်းနိုင်ဟု တွေးမိကာ နောင်တရနေတော့သည်။

ကျူးရှာဂူက ခန်းချွတ်ယီ၏ အဓိက သွေးကြောကွက် ခုနစ်ကွက်ကို ဆတ်ခနဲ ထိုးပိတ်လိုက်ပြီး သံပိုက်ကွန်ကို ပြန်လည်ရုပ်သိမ်းကာ ခါးကြားတွင် ချည်နှောင်သိမ်းဆည်းသည်။

“မင်းဘာပြောချင်သေးသလဲ”

ခန်းချွတ်ယီ မလှုပ်။

တလျှောက်လုံး အကြံအစည် အောင်မြင်ခဲ့ပါလျက် ယနေ့သူ့အတွက်အချက်များ တက်တက်စင် လွဲမှားခဲ့ရသည်။

ပထမဆုံး သူရှိနေသည့် ငါးကြည့်ဆောင်သို့ ရောက်တုံးကွမ်းနှင့် ရောက်ချူးရွှေတို့အပြင် တိန်ယိဟန်၊ ကျိုကျူးချောက်လန်နှင့် ထန်ဖန်းတို့ပါ ရောက်ရှိလာလိမ့်မည်ဟု ထည့်မတွက်မိခဲ့။

ထိုအတွက် သူ့ဇာတိရုပ် ပေါ်သွားခဲ့ရသည်။

တဖန် ထန်ဖန်းသည် သူ့ထက် အများကြီး အသက်ငယ်သော်လည်း ကိုယ်ဖော့ပညာတွင် သူ့ထက် သာလွန်မြင့်မားမည်ဟု ယောင်လို့ပင် မတွေးမိခဲ့။

သည့်အတွက် သူရန်သူ့လက်တွင်းသို့ တကွက်တည်းနှင့် ဖမ်းချုပ်ထိန်းကွပ်ခြင်း ခံခဲ့ရသည်။

သူ့နောင်တက သူ့စိတ်နှလုံးကို ညှိုးချုံးသွားစေသည်။

"ငါတို့ဟာ အစတုန်းက မိတ်ဆွေ သူငယ်ချင်းတွေပဲ၊ ဒီသံယောဇဉ်နဲ့ မင်းသစ္စာဖောက်တာကို ငါခွင့်လွှတ်နိုင်တယ်၊ ဒါပေမယ့် မင်းငါ့အကိုကွမ်းကိုတော့ မသတ်သင့်ဘူး"

ရှောက်စီးလို အေးဆေးတည်ငြိမ်စွာ ပြောသည်။

ရှောက်ချူးရွှေ စိတ်မထိန်းနိုင်ဘဲ..

"ဒါတင် မကဘူးဖေဖေ၊ ဘဘကျန်လိန်ယိနဲ့ ကိုယ်တော်ကြီး ထန်တာ့ကိုလဲ သူပဲ သတ်ပစ်တာ"

"ဘာ...သူပဲသတ်တာ ဟုတ်လား"

ရှောက်စီးလို၏ တအံ့တသြ ဒေါသတကြီး အော်ဟစ်လိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထန်တာနှင့် ကျန်လိန်ယိတို့ လုပ်ကြံခံရခြင်းသည် ခန်းချွတ်ယီနှင့် မဆိုင်၊ သူလျှိုအဖြစ် ဟန်ဆောင် ဝင်လာခဲ့သည့် စင့်ဟူချူးလက်ချက်ဟု ထင်မှတ်ထားခဲ့ကြသည်။

ယခု ရှောက်ချူးရွှေက ထုတ်ဖော်ပြောဆိုလိုက်သောအခါ အံ့အားသင့်ကုန်ကြသည်။

ခန်းချွတ်ယီသည်လည်း ဟုတ်မှန်နေသည်မို့ ဘာမျှ ပြန်မပြောဘဲ ခေါင်းငိုက်စိုက်ကျသွားသည်။

ထန်ဖန်း အကြီးအကျယ် ဒေါသထွက်သွားတော့သည်။

သူအလေးစားဆုံး အချစ်ခင်ဆုံး အကိုကြီး ထန်တာ့အား လုပ်ကြံသူကို ကလဲ့စားချေလိုစိတ်က တားမရတော့။ ခန်းချွတ်ယီ၏ လည်မျိုဆီသို့ ဓားပျံတချောင်း ရုတ်တရက် ပစ်လွှတ်လိုက်တော့သည်။

"ဝှစ် .."

"ထန်း ..."

ထန်ဖန်း၏ ဓားပျံက ခန်းချွတ်ယီ၏ လည်မျိုဆီသို့ ရောက်လုရောက်ခင်မှာပင် နောက်ထပ် ဓားပျံတချောင်း ပေါ်ထွက်လာကာ ပထမ ဓားပျံကို ရိုက်ခတ်ဖယ်ရှား ပစ်လိုက်တော့သည်။

ခန်းချွတ်ယီ သေဘေးမှ လွတ်ကင်းသွား၏။

ထို့အတူ အရပ်လေးမျက်နှာမှ ငြာသံပေး အော်ဟစ်လိုက်သံများလည်း ရှောက်ဂေဟာထဲတွင် ဆူညံသွားလေတော့သည်။

## အခန်း (၃)

ဩဇာအာဏာဂိုဏ်းသား အင်အားတရာကျော်က ရှောက်ဂေဟာအား ဝိုင်းဝန်းတိုက်ခိုက်လာကြသည်။ ပန်းချောင်းဓားဂိုဏ်းမှ သားတပည့်များကလည်း ရှုပ်ရှုပ်ရွှံရွှံ ရင်ဆိုင်ကြသည်။

တိုက်ပွဲက လုံးထွေး ရှုပ်ယှက်ခတ်နေသည်။

ဂေဟာ၏ ဝင်ပေါက်တံခါးမကြီးတွင်မူ ရှင်းလင်းနေ၏။ ကြွကြွခိုင်ခိုင် ရင်ဆိုင်ကြသော ပန်းချောင်းဂိုဏ်းသားများ ထွေးခနဲ ထွေးခနဲ ကျဆုံးကုန်၏။ အခုအခံ အတားအဆီးမဲ့သွားသဖြင့် အဝင်တံခါးမကြီး ဝုန်းခနဲ ပွင့်ထွက်သွားသည်။

ထိုတံခါးမကြီးမှ လူသုံးယောက် ဝံ့ဝံ့ကြွားကြွား လျှောက်လှမ်းလာသည်။ ထိုသုံးယောက်အနက် တယောက်ကား ဆားချန်သိန်း ဖြစ်၏။

ခန်းချွတ်ယီအား သတ်ဖြတ်ရန် ပစ်လွှတ်လိုက်သည့် ထန်ဖန်း၏ ဓားပျံကို နောက်ထပ် ဓားပျံတလက်ဖြင့် ဖယ်ရှားပစ်လိုက်သူမှာ ဆားချန်းသိန်းပင် ဖြစ်ပေသည်။

ကျူးရှာဝူသည် ဆားချန်သိန်းကို တွေ့သည်နှင့်...

"မင်းရဲ့ မီးအိမ်ကော ..."

ဤစကားတခွန်းက ဆားချန်သိန်း၏ အရှိုက်ကို အထိုးခံလိုက်ရသလို နာကျင်သွားစေသည်။ မျက်နှာလည်း ထိန်းချုပ်မရအောင် ဣန္ဒြေပျက်သွား၏။

မီးအိမ်နီသည် သူ့အမှတ်တံဆိပ်တခု ဖြစ်သည်။

မီးအိမ်နီဖြင့် ပွဲတိုင်းအောင်ကာ ကျော်ကြားမှု ရခဲ့သည်။

ယခု မီးအိမ်နီကား မနေ့ညက ကျူးရှာဝူကြောင့် ကွဲကြေ ပျက်စီးခဲ့ရချေပြီ။

သူ့ ဂုဏ်သိက္ခာသည်လည်း ညှိုးနွမ်း အရှက်ရသွားစေခဲ့သည်။

ကျူးရှာဝူ၏ အမေးစကားကို နှုတ်တုံ့မပြန်နိုင်။

"သံမျက်နှာ ကျူးရှာဂူ...ခင်ဗျားက လျှာစောင်းထက်တာကို အားကိုးနေတာလား"

ခွန်းတုံ့ပြန်လိုက်သူကား ဆွတ်ဆွတ်ဖြူသော ဝတ်စုံကို ဝတ်ဆင်ကာ ကျောတွင် ဓားရှည်တစင်း လွယ်သိုင်းထားသည့် သုံးမျိုးထူးချွန် ဓားနတ်ဆိုး ခုံယန်ချင် ဖြစ်ပေသည်။

ခုံယန်ချင်၏ စကားအဆုံးတွင် ရှောက်စီးလိုက ရယ်မောလိုက်ကာ...

"လျှာစောင်းထက်တာ အားမကိုးရရင် ဓားသွားထက်တာကို အားကိုးရမှာလား"

ဤစကားတခွန်းက တာသွားလှချေသည်။

ရှောက်စီးလိုက ခုံယန်ချင်အား စိန်ခေါ်လိုက်ခြင်းပင်တည်း။

ခုံယန်ချင်၏ မျက်နှာပြင်တွင် ဒေါသအရိပ်အယောင်များ ထူထဲစွာ လွှမ်းမိုးလာသည်။

မနေ့ညက ရင်ဆိုင်ပွဲတွင် ရှောက်စီးလိုက သူ့အား ဓားရေးမယှဉ်ပြိုင်ခင်မှာပင် ခြေလှမ်းသိုင်းကွက် အနိုင်ရ နောက်ဆုတ်သွားစေခဲ့သည် မဟုတ်ပါလား။

"ဟဲ...ဟဲ...ဟဲ...မင်းအကိုကို သူတပါးက သတ်လိုက်ပြီဆိုတော့ မင်းရဲ့ ဂိုဏ်းချုပ်ရာထူး ခိုင်မြဲသွားတာပေါ့၊ ဒီတော့ မောက်မာမယ်ဆိုလဲ မောက်မာလောက်တာပေါ့လေ"

ဤစကားကို ပြောလိုက်သူမှာ ဝတ်ရုံရှည်ကြီး ခံဝတ်ထားသော လူတယောက် ဖြစ်ပေသည်။

သူ့ဝတ်ရုံက ဖားဖားကြီး ဖြစ်နေသဖြင့် သူ့ကိုယ်လုံး ကိုယ်ထည်ကိုပင် ခန့်မှန်းမရနိုင်ပေ။

သူ့စကားက ရှောက်စီးလိုသည် အကိုဖြစ်သူ ရှောက်တုံးကွမ်းကို ဂိုဏ်းချုပ်ရာထူးအတွက် အမြဲတစေ စိုးရိမ်နေသည့် သဘော သက်ရောက်စေပေသည်။

ပန်းချောင်းဂိုဏ်းသားများ သူတို့၏ ဂိုဏ်းချုပ်ကို စော်ကားမော်ကား ပြုလာသဖြင့် ဒေါသထွက်သွားကြသည်။

ရှောက်စီးလိုကမူ တည်ငြိမ်စွာ ထိုသူကို စေ့စေ့စပ်စပ် ကြည့်လိုက်၏။

"မင်းက အပေါက်တခုနတ်ဆိုးလား"

"ဟုတ်တယ်၊ ငါ ကျိချန်စင်းပဲ"

ကျိချန်စင်း၏ အသွင်က အရာရာကို ထီမထင်သည့် ပုံစံ။

ကျူးရှာဂူနှင့် ရှောက်စီးလိုတို့ကို သိုင်းလောက၏ ထိပ်သီး အဆင့်မြင့် သိုင်းသမားများဟု သတ်မှတ်ပုံပင်မရ။

ကျူးရှာဂူက ရှေ့သို့ ရုတ်တရက် လှမ်းတက်ကာ ...

"နောင်ကြီး ရှောက်စီးလို၊ ဒီလူ့ကို ကျုပ်လက်ထဲ အပ်လိုက်ပါ"

ရှောက်စီးလို ကြောင်စီစီလေး ဖြစ်သွား၏။

"ကျုပ်သူ့ကို မယှဉ်နိုင်ဘူးလို့ နောင်ကြီးကျူး ထင်နေသလား"

"မဟုတ်ဘူး၊ ကျုပ်သူနဲ့ ယှဉ်ဖို့ ရွေးချယ် ဆုံးဖြတ်ပြီးပြီ၊ ခင်ဗျား ကျုပ်ကို မတားဆီးပါနဲ့"

ရှောက်ဂေဟာသို့ ရောက်ရှိလာကြသော ရန်သူကြီးသုံးယောက်အနက် အပေါက်တခုနတ်ဆိုး ကျိချန်စင်း၏ သိုင်းပညာက အလျှို့ဝှက်ဆုံး၊ ခန့်မှန်းရအခက်ဆုံး ဖြစ်ပေသည်။

ခုခံရလည်း အခက်ဆုံး ဖြစ်၏။

ကျိချန်စင်းက သူ့ပြိုင်ဘက်အဖြစ် ရှောက်စီးလိုကို ရွေးချယ်သလို ကျူးရှာဂူကလည်း သူ့ကိုသာ ရွေးချယ်နေပြန်သည်။

ကျိချန်စင်း မျက်နှာထား တင်းမာ ခက်ထန်သွားသည်။

ထိုစဉ်မှာပင် ကျူးရှာဂူက စတင်၍ တိုက်ခိုက်သည်။

ထီမထင်သလို နေခဲ့သော ကျိချန်စင်း ထိတ်ခနဲ ဖြစ်သွားသည်။

ကျူးရှာဂူ၏ သံပိုက်ကွန်က သူ့အပေါ် ရုတ်တရက် အုပ်မိုးကျရောက်လာသည်။

ငြိမ်နေ၍ မဖြစ်တော့။

"ခြွမ်း ... ခြွမ်း"

ကျိချန်စင်း၏ လက်နှစ်ဘက်တွင် လင်းကွင်းလက်နက်နှစ်ခု ရောက်ရှိလာသည်။

လင်းကွင်း၏ နံဘေးသားတလျှောက်တွင် အလွန်ပင် စူးရှထက်မြက်သော ခွေးသွားစိတ်ဘီးများ ပါရှိသည်။

ကျိချန်စင်း လက်လှုပ်လိုက်သည်နှင့် ကျူးရှာဂူ၏ သံပိုက်ကွန် ကြိုးများ ပြတ်တောက်ကုန်သည်။

ကျိချန်စင်းလည်း ဝတ်ရုံစကို တချက်ယမ်းခါလိုက်ကာ သံပိုက်ကွန်ကို ဖောက်ထွက်လာခဲ့သည်။

ရှောက်ချူးရွှေ စိတ်လှုပ်ရှားနေသည်။

ကျိချန်စင်းနှင့် ကျူးရှာဂူတို့ အကြိတ်အနယ် တိုက်ပွဲစနေပြီ။

သူတို့နှစ်ယောက် မည်သူရှုံး၍ မည်သနိုင်မည်ကို မခန့်မှန်း မတွက်ဆနိုင်။

အကယ်၍ ဖခင်ဖြစ်သူ ရှောက်စီးလိုက ခုံယန်ချင်နှင့် တိုက်ခိုက်လျှင် ဆားချန်သိန်းကို မည်သူ ထိန်းချုပ်ထားမည်နည်း။ မိမိလား၊ တိန်ယိဟန်လား၊ ကျိုကျူးချောက်လန်လား၊ သို့မဟုတ် မိမိတို့ စုပေါင်း တိုက်ခိုက်ကြရမည်လား။

ဆားချန်သိန်း၏ သိုင်းပညာအစွမ်းအစကလည်း နယ်နယ်ရရ မဟုတ်။

ရှောက်ချူးရွှေ မည်သို့မျှ မစဉ်းစားတတ်အောင် ဖြစ်နေမိသည်။

ထိုစဉ် မိုးသံနားထောင် ဂေဟာ အပေါ်ထပ်ဆီမှ လူတယောက် ရုတ်တရက် ထွက်ပေါ်လာပြန်သည်။

ထိုသူ၏ တကိုယ်လုံး မည်းမည်းမှောင်အောင် အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူ့မျက်နှာကမူ အိုမင်းမစွမ်းသည့် သက်ကြီးအိုတယောက်အသွင် ဖြစ်ပေါ်နေသည်။

ထိုသူကို မြင်သည်နှင့် တိန်ယိဟန် တချက်မျှ တုန်ခါလှုပ်ရှားသွားသည်။

ရှောက်ချူးရွှေ အနီးသို့ တိုးကပ်ကာ လေသံမျှဖြင့်...

"အဲဒါ အဆိပ်တရာနတ်ဆိုးရဲ့ တဦးတည်းသော တပည့် နန်ကုန်းရှုံဟွမ် ဆိုတာပဲ"

ရန်သူကြီးတယောက်တည်းကိုပင် မိမိတို့ တိုက်ခိုက်ဖို့ အစီအစဉ် မချနိုင်သေးသည့်အထဲ နန်ကုန်းရှုံဟွမ် ပေါ်ပေါက်လာသဖြင့် ရှောက်ချူးရွှေ ထိတ်လန့်သွားမိသည်။

နန်ကုန်းရှုံဟွမ်အပြင် မိုးမြေနတ်ဆိုး ဆယ့်ကိုးပါး၏ မည်သည့် တပည့်တပန်းများ ရောက်ရှိလာဦးမည်နည်း။

ရောက်မလာဘူးပဲထား၊ နန်ကုန်းရှုံဟွမ်ကို ထန်ဖန်းတယောက်တည်း ရင်ဆိုင်နိုင်ပါ့မလား။

ရှောက်ချူးရွှေ ခေါင်းထဲတွင် အလုပ်ရှုပ်နေမိသည်။

ထိုအချိန်မှာပင် ဖခင်ဖြစ်သူ ရှောက်စီးလိုက အနီးသို့ တိုးကပ်ကာ တီးတိုးလေသံဖြင့်...

"အခွင့်အရေးရတာနဲ့ မင်းဒီက ထိုးဖောက် ထွက်သွား၊ ကွေးလင်ဌာနခွဲက လူတွေကို အကြောင်းကြား စုစည်းပြီး ဒီကို အရောက်ခေါ်ခဲ့၊ စိတ်လိုက်မာန်ပါ ဘာမှ မလုပ်နဲ့၊ အရေးကြီးတာကို အဓိကထားစဉ်းစား"

ပြောပြီးသည်နှင့် နောက်ဆုတ်ကာ ကျူးရှာဂူတို့၏ တိုက်ပွဲ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

ရှောက်ချူးရွှေကား တကိုယ်လုံး တောင့်တင်းသကဲ့သို့ ဖြစ်သွား၏။

မိမိဖခင်၊ မိမိမိခင်၊ မိမိသူငယ်ချင်းများ ရန်သူနှင့် ရင်ဆိုင်နေရချိန်တွင် မိမိက ထိုးဖောက် ထွက်သွားရမည်လား။

မသွားဘူး၊ မသွားဘူး၊ ဘယ်နည်းနဲ့မှ မထွက်သွားသင့်ဘူး။

အားလုံးနှင့်အတူ ရန်သူကို ရင်ဆိုင်ပစ်မယ်။

ရှောက်ချူးရွှေ စိတ်ထဲက ကြုံးဝါးလိုက်မိသည်။

သို့သော် ဖခင်၏ အရေးကြီးတာကို အဓိကထား စဉ်းစားဟူသော စကားက သူ့ကို တွေဝေမိန်းမော စေပြန်သည်။

ပိုးထင်းယိကို ရင်ဆိုင်ခဲ့ရစဉ်က သူမကြောက်ရွံ့ခဲ့။

ခန်းချွတ်ယီနှင့် ရင်ဆိုင်တုန်းကလည်း မထိတ်လန့်ခဲ့။

ယခုမူ ရန်သူနှင့် ရင်မဆိုင်ပါဘဲလျက် သူ့စိတ်များ ချောက်ချားနေမိသည်။

ထိုးဖောက်ထွက်သွားမလား။

အိမ်သားစု၊ မိတ်ဆွေသူငယ်ချင်းများနှင့် သေအတူ ရှင်မကွာ တိုက်ပွဲဝင်သွားမလား။

လမ်းနှစ်ခွကို ရွေးချယ်စဉ်းစား ဆုံးဖြတ်နေရသည်က သူ့တကိုယ်လုံးတွင် ချွေးစေးများပင် ပြန်လာသည်။

စိတ်အကျဉ်းအကျပ်ကျနေစဉ် သူ့ခေါင်းကို တဘက်သို့ လှည့်ကြည့်လိုက်မိသည်။

နက်မှောင်ဖြာဝေသော ဆံကေသာများကြားမှ အလှတမျက်နှာ။ ကော့ပျံနေသည့် မျက်တောင်အောက်မှ ကြည်စင်ဝင်းလက်သော မျက်ဝန်းအစုံကို သူ ဖျတ်ခနဲ တွေ့လိုက်ရသည်။

ထိုမျက်နှာ ထိုမျက်ဝန်းတို့က သူ့ရင်ကို နွေးထွေးသွားစေသည်။

တွေဝေမိန်းမူးနေသည့် စိတ်များ တဒင်္ဂ လွင့်ပါးကာ ကြည်လင်လန်းဆန်းလာသည်။

တို့ရင်ကို စိုးမိုးလှချည်လား ထန်ဖန်းရယ်။

ကျိချန်စင်းသည် သံပိုက်ကွန်ကို ဖောက်ဖြဲကာ ထွက်လာနိုင်ခဲ့သည်။

အပြင်သို့ ရောက်သည်နှင့် ကျူးရှာဂူ၏ ဘယ်၊ညာ လက်ဝါး၊ လက်သီး၊ ခြေဖျား၊ ဒူးပျံတို့က သူ့ကိုယ်ပေါ်သို့ တရစပ် လွှမ်းခြုံတိုက်ခိုက်လာတော့သည်။

ကျူးရှာဂူ၏ ခြေတိုက်ကွက်၊ လက်တိုက်ကွက်တို့က တခုနှင့်တခု မတူညီ၊ ဘယ်လက်က ချွေယင်ဆန်းတောင်၏ မိုးဖော်လက်ဝါး၊ ညာလက်က ရှောင်လင်ကျားနိုင်လက်သီး၊ ဘယ်ခြေက မိုင်တထောင်ခရီးသွား သိုင်းသမား ကျိုထင်းထဲ့၏ မြင်းရိုင်းဒူးပုံ၊ ညာခြေက မြေလိုမ့်သိုင်းကွက်မှ ရွက်ကြွေလေပြင်းခြေဖျား။

လူတယောက်ထဲက လက်နှစ်ဘက်၊ ခြေနှစ်ဘက် တပြိုင်တည်း တိုက်ခိုက်ဖို့ပင် မလွယ်ကူ။ ကျူးရှာဂူကမူ ခြေလက်တဘက်စီတွင် မတူညီသော သိုင်းကွက်များကို ရောယှက်အသုံးပြု တိုက်ခိုက်လာသည်။

ကျိချန်စင်း မျက်နှာပျက်သွားသည်။

သူ၏ လင်ကွင်းနှစ်ချက်ဖြင့် ကျူးရှာဂူ၏ လက်နှစ်ဘက်ကို ချက်ချင်းပင် ဆီးကြိုခုတ်ချသည်။

ကျူးရှာဂူ လက်ကို အမြန် ရုတ်ဖယ်လိုက်ရသည်။

သံဖြင့် ပြုလုပ်ထားသော ပိုက်ကွန်ကိုပင် ဖြတ်တောက်ဖောက်ထွကနိုင်သော လင်ကွင်းလက်နက်အား သံဖြင့်ပြုလုပ်ထားခြင်း မဟုတ်သော သူ့လက်နှစ်ဘက်နှင့် မရင်ဆိုင်ရဲ။

သို့သော် ခြေထောက်ကမူ ဆက်လက်၍ လှုပ်ရှားတိုက်ခိုက်သည်။

သူ့ခြေထောက်နှစ်ဘက်စလုံး ကျိချန်စင်း၏ ဗိုက်တည့်တည့်ကို ကန်ချလိုက်သည်။

ကျိချန်စင်း မကာကွယ်မိ။

ကျူးရှာဂူသည် သံမျက်နှာ၊ သံလက်၊ သံအကျီ၊ သံကွန်ခြာ ဘွဲ့ရထားသူ ဖြစ်သည်မို့ သူ့လက်ကိုသာ ကျိချန်စင်း ဂရုစိုက်ထားသည်။

သူ့ခြေထောက်ကိုမူ အစဉ်အလာ ကျော်ကြားမှုမရှိသဖြင့် အလေးမထား။

ဤတကွက်က သူ့အတွက် အမှားပင်။

ကျူးရှာဂူသည် ၁၉ နှစ်သား အရွယ်ခန့်ကပင် ခြေထောက်နှစ်ဘက်ဖြင့် ကျားတကောင်ကို ဗုန်းဗုန်းလဲ သေဆုံးအောင် ကန်ကျောက်သတ်ဖြတ်ပစ်နိုင်စွမ်း ရှိခဲ့သည်။

ထိုခြေတိုက်ကွက်ကို အသုံးမပြုတော့သည့် နောက်ပိုင်းတွင် သူ၏ သံမျက်နှာ၊ သံလက်၊ သံအကျီ၊ သံကွန်ခြာ ဆိုသော ဘွဲ့အမည် ရလာခြင်း ဖြစ်လေသည်။

သူ့ခြေထောက်နှစ်ဘက်က အကာအကွယ်မဲ့နေသော ကျိချန်စင်း၏ ဝမ်းဗိုက်တည့်တည့်သို့ ကန်ကျောက်မိချေပြီ။

"ဗြ ..."

ကျိချန်စင်း၏ ဝတ်ရုံကြီး ဝမ်းဗိုက်နေရာမှ ပြဲထွက်သွားသည်။

ကျူးရှာဂူ၏ ခြေထောက်အစုံသည်လည်း လေဟာနယ်တခုထဲသို့ ရောက်သွားသည့်နှယ် ဟာခနဲ ခံစားလိုက်ရသည်။ ထို့အတူ ပုပ်စပ်နံဟောင်သော အနံ့အသက်တမျိုးကလည်း ကျိချန်စင်းထံမှ လွင့်ပျံလာသည်။

မိမိ အပိုင်အနိုင် ကန်ထည့်လိုက်ပါလျက် ကျိချန်စင်း၏ ဝမ်းဗိုက်ကို အဘယ်ကြောင့် မထိမိရသလဲဟု ကျူးရှာဂူ ရုတ်တရက် အံ့အားသင့်သွားသည်။

ဝတ်ရုံစ ပွင့်ဟဆုတ်ပြဲသွားသော ဝမ်းဗိုက်နေရာကို မြင်လိုက်ရသောအခါတွင်မူ ကျူးရှာဂူ ထိတ်လန့်၍ပင် သွားတော့သည်။

ကျိချန်စင်း၏ ဝမ်းဗိုက်က ဟောင်းလောင်းပေါက်ကြီးလို ဟာလာဟင်းလင်းကြီး ဖြစ်နေသည်။

နောက်ဘက် ကျောရိုးနှင့် အသားခြမ်းအနည်းငယ်ကသာ ခန္ဓာကိုယ်ကို ထောက်ပိုးထားသည်။

ထိုနေရာမှ ပုပ်ဟောင်သော အနံ့ဆိုးများ ထွက်နေသည်။

ဤသို့သော လူမျိုးကို တသက်တာတွင် မတွေ့ဘူးသည်မို့ ကျူးရှာဂူ မျက်လုံးပြူးသွားသည်။

ထိုအချိန်တွင် ကျိချန်စင်း၏ လင်ကွင်းနှစ်ခုက ဆက်တိုက်ပင် လှုပ်ရှားလာသည်။

ညာဘက်လင်ကွင်းက ကျူးရှာဂူ၏ မျက်နှာဆီသို့ ခုတ်ချ၍ ဘယ်ဘက်လင်ကွင်းက ကျူးရှာဂူ၏ ရင်ဘတ်သို့ စိုက်ချသည်။

"ဒုတ် ..."

"ခွမ် ..."

အံ့အားသင့် မှင်တက်နေမိသော ကျူးရှာဂူ မည်သို့မျှ မခုခံ မကာကွယ်နိုင်။ သူ့မျက်နှာတွင် လင်ကွင်းသွား ခုတ်ထစ်မိ၍ သွေးများ တသွင်သွင် ယိုစီးကျလာသည်။

ရင်ဘတ်သို့ စိုက်ချလိုက်သည့် လင်ကွင်းကား သံအကျီခံနေသဖြင့် အထဲသို့ မထိုးဖောက်နိုင်။ မျက်နှာပေါ်မှ သွေးများ မြင်မကောင်းအောင် ယိုစီးကျနေသောလည်း ကျူးရှာဂူ လဲကျမသွားသေး။

သည်တခါ အံ့အားသင့်ကသူက ကျိချန်စင်း။

သူ့လင်ကွင်းအနား ခွေးသွားစိတ်များက ဓားထက်ပင် ပို၍ ထက်မြက်စူးရှသည်။ သူ့လက်အားနှင့် တချက်ခုတ်လိုက်လျှင် ကျောက်ဆောင်ကျောက်တုံးများပင် ကြေမွသွားနိုင်ပေသည်။

လူတယောက်၏ အခိုက်နေရာဖြစ်သော မျက်နှာနှင့် ရင်ဘတ်တို့ကို ထိုလင်ကွင်းနှင့် ခုတ်ဖြတ်ပါလျက် အဘယ်ကြောင့် လဲမကျနိုင်ဘဲ ကျောက်သံတိုင်ကြီးလို မတ်မတ်ခိုင်ခိုင် ရှိနေရသလဲ။

ထိုအတွေးနှင့်အတူ သူ့ခေါင်းထဲသို့ အတွေးတခု လင်းလက်လာသည်။

ကျူးရှာဂူ၏ ဘွဲ့အမည်မှာ သံလက်၊ သံမျက်နှာ၊ သံအင်္ကျီ၊ သံကွန်ခြာ။ သံကွန်ခြာကို သူဖျက်ဆီးပြီးပြီ။ သံမျက်နှာနှင့် သံအင်္ကျီတို့ကို လင်ကွင်းနှင့် ခုတ်ဖြတ်ခဲ့ပြီးပြီ။ ဘာကျန်သေးသနည်း။ သံလက်ကျန်ပါသေးသလား။

ကျိချန်စင်း ထိတ်ခနဲ ဖြစ်သွားသည်။

သို့သော် သူ့အသိက နောက်ကျခဲ့ပြီ။

ကွယ်ဝှက်ရုပ်သိမ်းခဲ့သော ကျူးရှာဂူ၏ လက်နှစ်ဘက်က ရုတ်တရက် ထွက်ပေါ်လာကာ ကျိချန်စင်း၏ ဘယ်ညာနားထင်နှစ်ဘက်ကို အားကုန်ထိုးချလိုက်သည်။

"ဝုန်း ..."

ရုတ်တရက် မျက်စိတမှိတ် လျှပ်တပြက်အတွင်း ပြောင်းလဲဖြစ်ပေါ်ခဲ့သော အခြေအနေများကြောင့် မည်သူမျှ ဟန့်တားကာကွယ်ခြင်း မပြုနိုင်ကြ။ ကျူးရှာဂူ အသုံးပြုလိုက်သော ရှောင်လင်ဂိုဏ်း၏ ခေါင်းလောင်းနှစ်ဘက် တပြိုင်နက်ထု တိုက်ကွက်ကြောင့် ကျိချန်စင်းမှာ ဗုန်းခနဲ လဲကျသွားတော့သည်။

သူနှင့် မရှေးမနှောင်းပင် ကျူးရှာဂူလည်း ခြေလှမ်းနှစ်လှမ်းခန့် ဒယီးဒယိုင်ဆုတ်ကာ လဲကျသွားရပြန်သည်။

ရောက်စီးလို စိုးရိမ်စိတ်ဖြင့် ခုန်ဝင်ကာ ကျူးရှာဂူအား ဖက်ထားလိုက်သည်။ ကျူးရှာဂူ တကိုယ်လုံးတွင် သွေးများ ရဲရဲနီနေပြီး အသက်ကိုလည်း မနည်းကြီး ရှူရှိုက်နေရလေသည်။

ရောက်စီးလိုသည် ကျူးရှာဂူ၏ သွေးကြောကွက်အနည်းငယ်ကို အလျင်အမြန် ထိုးပိတ်လိုက်သည်။

အိတ်ထဲမှ ဒဏ်ရာကု ဆေးလုံးကို ထုတ်ကာ ရောက်ချူးရွှေကို လှမ်းပစ်ပေးပြီး ဆေးအထည့်ခိုင်းလိုက်သည်။

ထို့နောက် ဖြေးညင်းစွာပင် မတ်တတ်ထရပ်လိုက်သည်။

သူ့မျက်လုံးတွင် ဝမ်းနည်းဒေါသစိတ်ကြောင့် မျက်ရည်ကြည်တို့ ဝဲလာသည်။

သူ့လက်အစုံက ဓားရိုးပေါ်သို့ တင်လိုက်သည်။

မေးရိုးကြီးများက တင်းအစ်လျက်...

ခုံယန်ချင်သည်လည်း ဓားလက်ကိုင်ရိုးပေါ်သို့ လက်တင်ကာ အဆင်သင့် ပြင်ပြီး ဖြစ်နေသည်။

"အဟင်း ... ဟင်း ... နမြောစရာကောင်းလိုက်တာ"

ခုံယန်ချင်က ခနဲ့သံဖြင့် ပြောသည်။

ရောက်စီးလို ဂရုမစိုက်၊ သူ့နားထဲတွင် စကားသံများ မကြားမိ။ ရောက်ဂေဟာ၏ အဖြစ်ဆိုးများကိုသာ အာရုံရောက်နေမိသည်။

လွန်ခဲ့သော နှစ်ရက်မှစ၍ ယခုအထိ ရောက်ကတော် ဒဏ်ရာရရှိခဲ့ပြီ။ ခန်းချွတ်ယီ သစ္စာဖောက်သည်။

ထန်တာ့ လုပ်ကြံခံခဲ့ရသည်။ ကျူးရှာဂူ သူ့အနီးတွင် အမြဲတမ်း နီးနီးကပ်ကပ် ရှိနေခဲ့သည်။

ယခု ကျူးရှာဂူ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး သေမည်ရှင်မည်ကို မစဉ်းစားနိုင်သေး။

ထိုအတွေးဝင်လာသောအခါ ရောက်စီးလို၏ နှလုံးသွေးများ ပွက်ပွက်ဆူလာလောက်အောင် ဒေါသဖြစ်ရလေသည်။

"ဘာနမြောစရာကောင်းတာလဲ"

ဆားချန်သိန်းက ခုံယန်ချင်အား စကားဝင်ထောက်သည်။

မိမိ၏ ဂုဏ်သိက္ခာနှင့် အရှက်ကို နှိမ့်ချစေခဲ့သူ ရန်သူတော်ကြီး ကျူးရှာဂူ သေအံ့မူးမူး ဖြစ်နေသည့်အတွက် ဆားချန်သိန်း ဝမ်းအသာကြီးသာနေမိသည်။

ကျိချန်စင်းအသက်နှင့် လဲလှယ်ရသည်ဟု မှတ်ထင်ထားသည်။

"ကျိချန်စင်းဟာ ငယ်ငယ်က သံကောင်ရောဂါဖြစ်ခဲ့တယ်၊ သံကောင်တွေ များလွန်းမက များပြီး သူ့ရဲ့ အူနဲ့ အစာအိမ်ကို စားပစ်လိုက်ကြတယ်၊ ဝမ်းဗိုက်တခုလုံး ပုပ်ပွယောင်ကိုင်းလာခဲ့တယ်၊ ဒါကြောင့် တို့ဂိုဏ်းသား ဆေးဘုရင်က သူ့အူနဲ့ အစာအိမ်ကို လှီးဖြတ်ပစ်တယ်၊ သူ့ဗိုက်ကိုလည်း ဟောင်းလောင်းပေါက်ကြီး တခုလို ဆေးပညာနဲ့ ဖန်တီးပေးခဲ့တယ်၊ အဲဒီ ခန္ဓာကိုယ် ချို့ယွင်းချက်၊ ပျော့ညံ့ချက်တခုက သူတပါးရဲ့အသက်ကို သေစေနိုင်တဲ့ အခိုက လက်နက်တခုပဲ"

ခံ့ယန်ချင်က ရှင်းပြသည်။

ဆေးဘုရင်ဆိုသည်မှာ ဩဇာအာဏာဂိုဏ်းချုပ် လီချိန်ကြိုး၏ လက်အောက် မိုးဘုရင်ရှစ်ပါးတွင် အပါအဝင် ဖြစ်လေသည်။ မိုးဘုရင် ရှစ်ပါးမှာ သူရဲဘုရင်၊ ဓားဘုရင်၊ နှစ်ဘက်သွားဓားဘုရင်၊ မီးဘုရင်၊ မြွေဘုရင်၊ ရေဘုရင်၊ လှူဘုရင်နှင့် ဆေးဘုရင်တို့ ဖြစ်ကြသည်။

ဆေးဘုရင်၏ ဆေးပညာမှာ မျက်မှောက်ဆေးပညာလောကတွင် ဒုတိယအဆင့် ရှိလေသည်။

သူ၏ ဆေးကုသည့် နည်းပရိယာယ်ကလည်း မခန့်မှန်းနိုင်အောင် ကြွယ်ဝထက်မြက်လှသည်။

တချိန်က ဆေးပညာရှင် ရှာတိုသည် ချောင်ချောက်ဆိုသူ၏ ခေါင်းကိုက်ရောဂါ စွဲကပ်နေသည်ကို ဦးဏှောက်ခွဲစိတ်၍ ကုသပေးခဲ့သည်။

ကွမ်းယီဆိုသူ၏ ဒဏ်ရာကိုလည်း အရိုးခြစ်၍ အဆိပ်ဖြေကုသပေးခဲ့သည်။

ဆေးဘုရင်ကမူ လူတယောက်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော အူနှင့်အစာအိမ်တို့ကို လှီးဖြတ်ထုတ်ယူကာ ကုသပေးခဲ့သည်။

ဝမ်းဗိုက်တခုလုံး၏ အဓိကအစိတ်အပိုင်းများဖြစ်သော အူနှင့်အစာအိမ်တို့ မရှိကြသည့်တိုင် ကျိချန်စင်း အသက်မသေဘဲ ရပ်တည်နေနိုင်သည်က ဆေးဘုရင်၏ ကုထုံးကုနည်းကို အံ့ဩချီးကျူးစရာကောင်းနေသည်။

ကျိချန်စင်း အသက်ပြင်းသောကြောင့်ဟုလည်း ဆိုနိုင်သည်။

ယခုကျိချန်စင်းကာ ကျူးရှာဂူ၏ လက်ချက်ကြောင့် မြေပြင်တွင် ဖုန်းဖုန်းလဲခဲ့ရလေပြီ။

ခံ့ယန်ချင်က သက်ပြင်းတချက်ချလိုက်ကာ…

“နမြောစရာကောင်းတာက ကျိချန်စင်းဟာ အန္တရယ်ကြီးကြီးမားမားနဲ့ တွေ့ခဲ့ရပေမယ့် အသက်မသေဆုံးခဲ့ဘူး၊ သူ့ဘွဲ့ သူ့အမည်ကိုတောင် ပိုကျော်ကြားအောင် လုပ်ဆောင်လာနိုင်ခဲ့တယ်၊ အခုသူနဲ့ ရင်ဆိုင်ရတဲ့ နောင်ကြီး ကျူးရှာဂူရဲ့ သံလက်သီးက သိပ်ပြီး ပြင်းထန်လွန်းတယ်”

ကျိချန်စင်းသည် ထူးခြားဆန်းကြယ်သော ရောဂါရလျက် ထူးခြားဆန်းကြယ်သော သိုင်းပညာများ သင်ကြားတတ်မြောက်နိုင်သည်မှာ ထူးခြားဆန်းကြယ်သော ပုဂ္ဂိုလ်တယောက် ဖြစ်ပေသည်။

ပွဲတိုင်းအောင် တိုက်တိုင်းနိုင်ခဲ့သော ကျိချန်စင်း ရင်ဆိုင်ရသူက ကျူးရှာဂူ ဖြစ်နေသည်။

သိုင်းပညာကို ခြေလက်၊ ကိုယ်ခန္ဓာသာမက မျက်နှာပေါ်အထိ ပြင်းပြင်းထန်ထန် လေ့ကျင့်ထားသူ ဖြစ်နေသည်။

ကျူးရှာဂူလက်ချက်ဖြင့် သူတစုံတခု ဖြစ်ရလျှင်လည်း ဝမ်းနည်းစရာ မရှိချေ။

“ကျုပ်တို့ဘက်က ကျိချန်စင်းတယောက် လျော့နည်းသွားသလို ခင်ဗျားတို့ဘက်ကလည်း ကျူးရှာဂူ လဲကျ လျော့နည်းသွားခဲ့ပြီ၊ ဒါပေမယ့် ကျုပ်တို့မှာက ကျုပ်ရယ်၊ နောင်ကြီး ဆားချန်သိန်းရယ် နှစ်ယောက်တောင် ရှိနေသေးတယ်၊ ခင်ဗျားဘက်ကတော့ ခင်ဗျားတယောက်တည်း”

ခံ့ယန်ချင်က ရှောက်စီးလိုအား စကားဖြင့် ခြိမ်းခြောက်လိုက်သည်။

ထို့နောက် သူ့လက်တဘက်က ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်လေတော့သည်။

အချိန်က နေမွန်းတည့်ကို ကျော်လွန်လာခဲ့ပြီ။

နေအပူရှိန်က တဖြည်းဖြည်း လျော့ပါးလာသည်။ အလင်းအားပင် ဖျော့တော့သွားသလိုလို။

“နောင်ကြီးခန်း…ကျုပ်ရဲ့ သုံးမျိုးထူးချွန် ဓားသိုင်းအကွက်ဟာ ခင်ဗျားရဲ့ နေရောင်ခြည်ဓားသိုင်းနဲ့ နှိုင်းယှဉ်ရင် ဘယ်လိုနေမလဲ”

ခံ့ယန်ချင်က ခန်းချွတ်ယီအား တည်ကြည်လေးနက်စွာ မေးလိုက်သည်။ ခန်းချွတ်ယီ မဖြေခင်မှာပင် ရှောက်စီးလိုက …

“ဘာမှ အပိုတွေပြောမနေနဲ့၊ မင်းတို့အားလုံး တက်လာကြ”

ခံ့ယန်ချင် မျက်မှောင်ကြုတ်သွားသည်။

“သြော်…ခင်ဗျားက ကျုပ်တို့ နှစ်ယောက်လုံးကို စိမ်ခေါ်တယ်ပေါ့”

“ဟုတ်တယ်၊ ဟိုစကား သည်စကားတွေနဲ့ ငါ့စိတ်အာရုံကို ဆွဲဆောင်မနေနဲ့၊ ငါသာလက်ထွက်လိုက်ရင် ဆားချန်သိန်းရဲ့ ဓားပုံက မင်းရဲ့ ဓားရှည်ထက် နောက်ကျပြီး ရောက်မလာဘူး ဆိုတာ ငါသိတယ်၊ ဒီတော့ မင်းတို့ နှစ်ယောက်စလုံးသာ တက်ခဲ့ကြတော့”

ခံ့ယန်ချင် မျက်နှာ ရဲခနဲ ဖြစ်သွား၏။

မိမိတို့၏ အတွင်းစိတ်ကို တဘက်လူက သိရှိနေသဖြင့် စကားပင် ပြန်မပြောနိုင်အောင် ရှက်သွားမိသည်။

ဆားချန်သိန်းက ကျယ်လောင်စွာ အော်ဟစ်ရယ်မော လိုက်ချေ၏။

"ဟုတ်လိုက်လေဗျာ...ဒီလို အတွေးအခေါ်ကောင်းနေလို့ ပန်းချောင်းဓားဂိုဏ်းချုပ်ကြီး တယောက် ဖြစ်နေတာပဲ၊ ခင်ဗျားက ကျုပ်တို့နှစ်ယောက် တက်ခဲ့ကြဆိုတော့ ခင်ဗျားဘက်က ခင်ဗျားတယောက်ထဲ၊ တူညီမှုမှ မရှိဘဲဗျာ"

"ကျမရှိသေးတယ်"

ကြည်လင် ချိုမြသော်လည်း ရဲစွမ်းသတိ အပြည့်ရှိသော စကားသံတသံက ရုတ်တရက် ပေါ်ထွက်လာသည်။

"မင်း ဘယ်သူလဲ"

"ထန်ဖန်း...ထန်မိသားစုရဲတိုက်က"

ဆားချန်သိန်းက ခနဲ့ကြည့်ဖြင့် ကြည့်ကာ...

"မင်းက ထန်အမျိုးလား၊ ငါကြည့်ရတာတော့ မင်းက ရှောက်အမျိုး ဖြစ်နေသလိုပဲ"

ထန်ဖန်းမျက်နှာ ရှက်သွေးတက်ကာ ရဲရဲနီသွားသည်။

ဆားချန်သိန်းက သူမကို ရှောက်ချူးရွှေနှင့် စွပ်စွဲပေးစား ပြောဆိုလာသဖြင့် ရှောက်ချူးရွှေဘက်ကို ရဲရဲမျှပင် မကြည့်ရဲတော့။

ရင်ထဲတွင်မူ နွေးထွေး ဆွတ်ကြင်စွာ ခံစားလိုက်ရ၏။

ခုံယန်ချင်က ဆားချန်သိန်းအား တိုးညင်းသော လေသံဖြင့် ကမန်းကတန်းပင်...

"နောင်ကြီးဆား...ကျုပ်တို့ ရှောက်အမျိုးနဲ့ပဲ ဦးတည်တိုက်ခိုက်သင့်တယ်၊ ထန်အမျိုးကို ရန်မဖွဲ့မိစေနဲ့"

ခုံယန်ချင်က တီးတိုးပြောဆိုသော်လည်း ထန်ဖန်းက ကြားဖြစ်အောင် ကြားမိသေးသည်။

"ရှင်တို့ဟာ ကျမရဲ့ မောင်လေး ထန်လိုကို သတ်ခဲ့ပြီးပြီ၊ ကျမရဲ့ အကိုကြီး ထန်တာ့ကိုလဲ သတ်ပစ်ခဲ့ပြီးပြီ၊ ဒီရန်ငြိုးအတွက် တုကျုံးနယ် ထန်မိသားစု ရဲတိုကဂေဟာက သြဇာအာဏာဂိုဏ်းကို ကမ္ဘာကျေပေမယ့် ဥဒါန်းမကျေဘူး မှတ်ပါ"

ခုံယန်ချင် မျက်နှာ အပျက်ကြီး ပျက်သွားပြန်သည်။

"မိန်းကလေးထန်၊ ဒီစကားကို မင်းတို့ ထန်မိသားစုက အရင်ဆုံး စပြောတာနော်"

ထန်ဖန်း ဒေါသဖြစ်မိသော်လည်း နှုတ်ဖျားကမူ ဘာမျှ ပြန်မပြောတော့။

ဆားချန်သိန်းကသာ အေးတိအေးစက် ရယ်မောကာ...

"အဟင်း..ဟင်း...မင်းရဲ့ သိုင်းပညာ ဘယ်လောက်အထိ အစွမ်းထက်မလဲ၊ ထန်တာ့ထက်တော့ ပိုမမြင့်နိုင်ပါဘူး၊ မင်းက ငါနဲ့ ယှဉ်ပြိုင် တိုက်ခိုက်မယ်ဆိုတော့ ကိုယ့်သေလမ်း ကိုယ်ရှာတာနဲ့ အတူတူပဲ၊ ဒါပေမယ့် ဒီလောက်လှပတဲ့ မင်းကို ငါမသတ်ရက်ဘူး၊ မယားငယ် အဖြစ်နဲ့ပဲ .. "

ထန်ဖန်း၏မျက်နှာ ရဲနေရာမှ မည်းမှောင်သွားတော့သည်။ သိုင်းလောက၏ အဆင့်မြင့် ထိပ်သီးသိုင်းသမား တယောက်ဖြစ်သည့် ဆားချန်သိန်းထံမှ ထိုသို့ ယုတ်ညံ့သော စကားမျိုး ထွက်ပေါ်လာလိမ့်မည်ဟု မထင်မှတ်ခဲ့။

ဒေါသက သူ့ရင်ထဲသို့ အလိပ်လိုက် အလိပ်လိုက် တက်လာတော့သည်။

ထိုအချိန်မှာပင်...

"ယား ..."

အော်ဟစ်သံတသံနှင့်အတူ လူရိပ်ကလည်း ဆားချန်သိန်းနှင့် ထန်ဖန်း၏ အကြားသို့ ခုန်ပျံရောက်ရှိလာသည်။

ရှောက်ချူးရွှေပင်တည်း။

ရှောက်ချူးရွှေအား ဖခင်ဖြစ်သူက အခွင့်အရေးသာလျှင် ဖောက်ထွက်သွားခိုင်းခဲ့သည်။

သူက ထွက်မသွား။

ရန်သူနှင့်ပင် ရင်ဆိုင်ရန် ရှေ့သို့ လှမ်းတက်ခဲ့ပြန်ချေသည်။ ထန်ဖန်းအား စော်ကားလျှင် သူ့ဒေါသက အမောက်ကြွ လာပေလိမ့်မည်။

ဆားချန်သိန်းမှာ လူပင်ငယ်သော်လည်း သတိအားမာန်တို့နှင့် ပြည့်ဝနေသော ရှောက်ချူးရွှေနှင့် ထန်ဖန်းတို့ကို ကြည့်ပြီး စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိသည်။

သို့သော် ရုတ်ချည်းပင် သူ့မျက်လုံးများ၌ ကောက်ကျစ်ရက်စက်သည့် အရိပ်အငွေ့များ ထွက်ပေါ်လာသည်။

ရှောက်ချူးရွှေအား တဆက်တည်းနှင့် လက်စတုံး လုပ်ပစ်လိုက်မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

အခြေအနေက တင်းမာလာပြီ။

ရောက်ချူးရှေ့ကလည်း ဓားကိုင်ကာ အဆင်သင့်ပြင်လျက်။ ဆားချန်သိန်း၏ မျက်လုံးများကလည်း လူသတ်လိုသည့် အရိပ်အငွေ့များ ထွက်ပေါ်လာနေလျက်။

ထိုစဉ်မှာပင် ခပ်အောအော ခပ်တိုးတိုး အသံတသံက ရုတ်တရက် ထွက်ပေါ်လာသည်။

"ရပ်လိုက်ကြစမ်း"

ရှေ့သို့ ဆက်လှမ်းတက်မည့် ရောက်ချူးရှေ့တို့ တုံ့ခနဲ ရပ်မိသည်။

အော်ငေါက်လိုက်သံကြောင့် မဟုတ်။

အသံရှင်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

အသံရှင်မှာ ရောက်ဂေဟာ စည်းရိုးတခုအောက်တွင် ရပ်နေသည်။

အမှောင်ရိပ်က သူ့ကို ဖုံးကွယ်ပေးထားသောကြောင့် လူလုံးမကွဲ။

သူ့လက်ပေါ်က ဓားကလည်း မည်းမှောင်နေသည်။

အရောင် လုံးဝမရှိသကဲ့သို့ ထိုဓားကို မြင်လိုက်သည်နှင့် အဖိုအမနတ်ဓား ဖြစ်ကြောင်း သိရှိကြသည်။

အဖိုအမနတ်ဓားကို သိသည်နှင့် ဓားရှင်မှာ ကျန်လိန်ယိ ဖြစ်ရမည်ဟု မည်သူမဆို ခန့်မှန်းသိရှိနိုင်ပေသည်။

"ကျန် ... ကျန်လိန်ယိ ... ကျန်လိန်ယိ"

ဆားချန်သိန်းနှင့် ခုံယန်ချင်တို့ နှစ်ယောက် ထိန်းမရအောင် ဣန္ဒြေပျက်သွားကြသည်။

အဖိုအမနတ်ဓား ကျန်လိန်ယိသည် မိမိတို့ထက် သိုင်းလောကထဲသို့ စောစီးစွာ ဝင်ရောက်ခဲ့ပြီး မျက်မှောက်ခေတ် မဟာဓားသမားခုနစ်ဦး၏ အထက်တွင် သူ့အဆင့်က ရှိနေသည်ကို ခုံယန်ချင်တို့ သိထားကြသည်။

အစက ရောက်စီးလို တယောက်တည်းကို ရင်ဆိုင်ရမည် ဖြစ်သော်လည်း တဖက်မှ အဆင့်လွန် ဓားသိုင်းပညာရှင် အဖိုအမနတ်ဓား ကျန်လိန်ယိ ရောက်လာပြန်သောအခါ ခုံယန်ချင်တို့ တွေးပင် မတွေးရဲအောင် ရှိနေသေးသည်။

အခြေအနေက သူတို့အတွက် ကောင်းနိုင်စရာ အကြောင်းမရှိတော့။

နှစ်ယောက်သာ မျက်မှောင်ကြုတ်လိုက်မိသည်။

ထိုအချိန်မှာပင် မြေပြင်ပေါ်မှ လူတယောက် ရုတ်တရက် ခုန်ထလာသည်။

တဆက်တည်းပင် ခန်းချွတ်ယီ၏ ကိုယ်ပေါ်မှ သွေးကြောကွက်များကို ဖြေဖွင့်ပေးသည်။

အမှတ်မထင် လျှပ်တပြက် ဖြစ်သွားသော လှုပ်ရှားမှုများကြောင့် ရောက်စီးလိုမှာ ဟန့်တားချိန်ပင်မရ။

မြေပြင်မှ အမှတ်မထင် ထလာသူမှာ ခန်းချွတ်ယီ၏ သွေးကြောကွက်များ ဖွင့်ပေးပြီးသည်နှင့် ဗုန်းခနဲ ပြန်လဲကျသွားသည်။

ထိုသူကား ကျိချန်စင်း ဖြစ်ပေသည်။

ခန်းချွတ်ယီသည် သွေးကြောပြေပွင့် လွတ်မြောက်လျှင် လက်တဘက်က ကျိချန်စင်းကို ဆွဲထူကာ ရှေ့သို့ ဆယ်ပေခန့် ခုန်ထွက်လိုက်သည်။

"ပြေးကြစို့"

တဆက်တည်း ဆားချန်သိန်းတို့အား စိုးရိမ်တကြီး အော်ဟစ်သတိပေးသည်။

ကျန်လိန်ယိကို သူလုပ်ကြံခဲ့ဖူးသည်။

ယခု ကျန်လိန်ယိ သူ့မျက်စိရှေ့မှောက်တွင် ပြန်ပေါ်လာသောအခါ ထိန်းချုပ်မရအောင်ပင် တုန်လှုပ်လာသည်။ စောစောက ရောက်စီးလိုနှင့် ကျူးရှာဂူတို့ကို ရှုံးနိမ့်ခဲ့သဖြင့်လည်း တိုက်ခိုက်လိုသည့် စိတ်မာန်များ ကွယ်ပျောက်နေခဲ့သည်။

တဘက်လူများကို ပြန်လည်ရင်ဆိုင်ရန် မစဉ်းစား၊ အလွတ်ရုန်းထွက်ပြေးရန်သာ နိုးဆော်နေမိသည်။

ဆားချန်သိန်းနှင့် ခုံယန်ချင်တို့ တယောက်ကိုတယောက် ကြည့်လိုက်ကြသည်။

ထို့နောက် နှစ်ယောက်သား နောက်သို့လှည့်ကာ ခန်းချွတ်ယီနှင့်အတူ ထွက်ပြေးကြတော့သည်။

ခန်းချွတ်ယီက ကျိချန်စင်းကို ပွေ့ချီလာခဲ့သည်။

ကျိချန်စင်းသည် ကျူးရှာဂူ၏ သံလက်တိုက်ခိုက်ချက်ကို ခံနိုင်သောကြောင့်မဟုတ်၊ သူက ကျူးရှာဂူကို အရင်ထိခိုက်အနာတရ ဖြစ်စေခဲ့သဖြင့် ကျူးရှာဂူ၏ အတွင်းအားများ ယုတ်လျော့သွားခဲ့သည်။ ထို့ကြောင့် ကျိချန်စင်းအား သေဆုံးအောင် မတိုက်ခိုက်နိုင်ခဲ့။

သို့သော် ကျိချန်စင်းမှာ တိုက်ခိုက်ရန် အင်အားမရှိသည့်အပြင် ထွက်ပြေးရန်လည်း မဖြစ်နိုင်တော့။

သတိရလာသည်နှင့် ချက်ချင်းပင် သူ့နံဘေးမှ ခန်းချွတ်ယီကို အရင်ဆုံး ကယ်တင်ပြီး ခန်းချွတ်ယီ၏ အကူအညီဖြင့် ထွက်ပြေးနိုင်မည်ဟု ဆုံးဖြတ်ကာ လှုပ်ရှားခဲ့ခြင်း ဖြစ်ပေသည်။

ကျိချန်စင်း စိတ်ကူး မှန်သွားသည်။

ခန်းချွတ်ယီက အမှန်တကယ်ပင် ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ပွေ့ချီကာ ထွက်ပြေးလာခဲ့သည် မဟုတ်ပါလား။

ခုံယန်ချင်တို့ ဆုတ်ခွာထွက်ပြေးသည်နှင့် ဩဇာအာဏာဂိုဏ်း၏ နောက်လိုက်ငယ်သားများလည်း တဟုန်ထိုး ပြေးလွှားဆုတ်ခွာကြသည်။

ပန်းချောင်းဂိုဏ်းသားများ အတင်းဝိုင်းဝန်းလိုက်လံ တိုက်ခိုက်သဖြင့် အင်အားတဝက်ကျော်ခန့် ကျဆုံးပြီးမှ သစ်တောအုပ်တွင်းသို့ ဝင်ရောက်သွားနိုင်ခဲ့သည်။

အခြေအနေအားလုံး အေးငြိမ်းသွားလျှင် ရောက်စီးလိုက သူ့မုတ်ဆိတ်မွေးများကို ပွတ်သပ်လိုက်ပြီး ကျေနပ်စွာ ရယ်မောလိုက်သည်။

"ဖေ့စန်း၊ ဒီကနေ့ ရှောက်ဂေဟာ ဘေးအန္တရာယ် ကင်းသွားရတာဟာ မင်းရဲ့ ပိရိပြောင်မြောက်တဲ့ လုပ်ဆောင်ချက်ကြောင့်ပါပဲကွယ်"

ရှောက်စီးလို ကျန်လိန်ယိကို ပြောသည်။

ကျန်လိန်ယိကလည်း ရယ်မောကာ...

"ကျမ ရှင့်ကိုတော့ လိမ်ညာလို့မရဘူးဆိုတာ အစကတည်းက သိထားပါတယ်လေ"

ပြောပြောဆိုဆိုပင် မျက်နှာပေါ်မှ ရုပ်ဖျက်ဆေးများကို ပွတ်သပ်ပယ်ဖျက်လိုက်သည်။

ရောက်ကတော် စွန်းဖေ့စန်း၏ မျက်နှာသွင်ပြင်က ထင်းခနဲ ပေါ်လာတော့သည်။

ရှောက်ချူးရွှေ၊ တိန်ယိဟန်နှင့် ထန်ဖန်းတို့ မအံ့ဩမိ။

ကျန်လိန်ယိ အမှန်တကယ် သေဆုံးခဲ့ပြီကို သူတို့ ကိုယ်တိုင် မျက်မြင် သိထားပြီ ဖြစ်၏။

ခန်းချွတ်ယီသာလျှင် အလစ်ဖမ်းကာ ကမန်းမတန်း လုပ်ကြံခဲ့ရသဖြင့် ကျန်လိန်ယိ သူ့လက်ချက်ဖြင့် တချက်တည်း သေဆုံးခဲ့ရသည်ကို ကွဲကွဲပြားပြား မသိခဲ့။

ရောက်ကတော် စွန်းဖေ့စန်း၏ မိခင် ဖေ့ကုန်းဝိုမှာ သိုင်းလောက ရုပ်ပြောင်းဝိဇ္ဇာ သုံးယောက်ထဲတွင် တဦးအပါအဝင် ဖြစ်၏။

သို့အတွက် စွန်းဖေ့စန်းမှာ ရုပ်ပြောင်းရုပ်လွှဲ ပညာကို တတ်ကျွမ်းနေခြင်းဖြစ်၏။

"အင်း...ရန်သူတွေကတော့ မင်းရဲ့ ပိရိယာယ်ကြောင့် ဆုတ်ခွာခဲ့ကြပြီ၊ ဒါပေမယ့် သူတို့ဆုတ်ခွာသွားကြတာဟာ တခဏ အချိန်ကလေးပဲ ဖြစ်တယ်၊ တို့ရဲ့ လုံခြုံငြိမ်းချမ်းမှုဟာလဲ တဒင်္ဂအချိန်ကလေးပဲ ဖြစ်တယ်၊ ဒီနတ်ဆိုးလေးပါး ထပ်ရောက်လာကြရင် တို့ဘယ်လိုလုပ်ပြီး ခုခံနိုင်ကြမှာလဲ"

ရှောက်စီးလို သက်ပြင်းချကာ ပြောသည်။

ရှောက်ကတော်ကမူ တည်ငြိမ်စွာပင်...

"ဘာပဲဖြစ်ဖြစ် ခန်းချွတ်ယီတို့ဟာ ဆက်စပ်စဉ်းစားမိတာနဲ့ ကျန်လိန်ယိ သေသွားပြီဆိုတာ သိလိမ့်မယ်၊ အဲဒီအချိန်ကျရင် ကျမတို့ဆီကို ထပ်ပြီး ကျူးကျော်တိုက်ခိုက်လာမှာပဲ၊ ဒါကိုသိပြီး ကျမတို့ စိတ်ဓာတ်ကျဖို့မလိုဘူး၊ လောလောဆယ် ရတဲ့အချိန်လေးမှာ ကိုယ့်ကိုယ်ကို အားမွေးရမယ်၊ ပထမဆုံး ဆရာကြီး ကျူးရှာဝူကို ဒဏ်ရာ ဆေးကုသပေးရမယ်၊ နောက်ပြီးရင် ကျမတို့ ဝဝလင်လင် စားသောက်ကြမယ်၊ ဘယ်လောက်ကြီးမားတဲ့ ပြဿနာကြီးတွေပဲ ဖြစ်ဖြစ် ဗိုက်ဖြည့်ပြီးမှ ဆွေးနွေးတိုင်ပင်ကြမယ်"

ရှောက်ကတော်၏ တည်ငြိမ်စွာ ဆုံးဖြတ်ချက်ချနိုင်သည်ကို ထန်ဖန်းစိတ်ထဲက လေးစားနေမိသည်။

ထို့နောက် ရှောက်ချူးရွှေ၊ တိန်ယိဟန်နှင့် အတူ ငါးကြည့်ဆောင်သို့သွားကာ ကျိုကျူးချောက်လန်နှင့် တွေ့ဆုံသည်။ ငါးကြည့်ဆောင်ထဲတွင်ကား ကျိုကျူးချောက်လန်တယောက်တည်းသာ ရှိနေပြီး ခန်းကျီစင်းကို မတွေ့ရတော့။

"ကျီစင်း ဘယ်မှာလဲ"

တိန်ယိဟန် အလောတကြီး မေးသည်။

ကျိုကျူးချောက်လန်က တည်ငြိမ်စွာပင်။

"ငါ သူ့ကို လွှတ်ပေးလိုက်ပြီ၊ အကိုကြီးနဲ့ မင်းရဲ့ သဘောတူညီချက်မရဘဲ လွှတ်ပေးလိုက်တာ ငါမှားတယ်၊ ဒီတော့ မင်းတို့ ငါ့ကို ကြိုက်သလို အပြစ်ပေးစီရင်ပါ"

တိန်ယိဟန် ကျွဲမြီးတိုသွားသော်လည်း စကားသံ ထွက်မလာ။

ရောက်ချူးရှွေက ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ကာ..

"မင်းစိတ်ထားကို ငါသိပါတယ်၊ တကယ်လို့ မင်းနေရာမှာ ငါတို့ နေရပြီး ကျီစင်းကို စောင့်ကျပ်နေရရင် မင်းလို လုပ်မိမှာပါပဲ"

ရောက်ချူးရှွေ၏ အပြစ်တခုကို မလိုအပ်ပဲ ပုံကြီးချဲ့ အပြစ်ဖို့ခြင်း မရှိသည့် ခွင့်လွှတ်စိတ်ကို ကျိုကျူးချောက်လန် လေးစားသွားမိသည်။

စိတ်ဓာတ်မြင့်မားသူတယောက်အား ရင်မဆိုင်ဝံ့သည့်အလား မျက်လွှာချ ခေါင်းငုံ့နေမိသည်။

ထန်ဖန်းကမူ မျက်မှောင်ကလေး ယောင်ယောင် ကြုတ်လျက်...

"ရှင်က ဘာဖြစ်လို့ သူ့ကို လွှတ်ပေးလိုက်ရတာလဲ"

"သူဟာ တို့သူငယ်ချင်းပဲ"

"ဟုတ်တယ်၊ ညီအကို အရင်းလို့တောင် ဆိုရင်ဆိုနိုင်တယ်"

ရောက်ချူးရှွေကပါ ဝင်ပြောသည်။

ထန်ဖန်း သက်ပြင်းတချက်ချလိုက်၏။

တိန်ယိဟန်ကမူ...

"တနေ့ ညီအကိုဖြစ်ရင် တသက်လုံး ညီအကိုဖြစ်တယ်ဆိုတော့ သူ့အနေနဲ့ တို့ကို မရောင်းစားသင့်ဘူး၊ ငါသာဆို သူ့ကို အသေသတ်ပစ်ဖို့ပဲ စိတ်ထဲမှာ ရှိတယ်"

တိန်ယိဟန်၏ ဒေါသကား ချေဖျက်မရနိုင်သေး။

ကျူးရှာဝူသည် ရောက်စီးလို၏ ဂရုတစိုက်ပြုစု ကုသပေးမှုကြောင့် အသက်မသေဘဲ စိုးရိမ်ရမည့် အခြေအနေမှ သက်သာလာခဲ့သည်။

သို့သော် တိုက်ခိုက်နိုင်မည့် စွမ်းအင်တော့ မရှိသေး။

ဩဇာအာဏာဂိုဏ်းက နောက်ထပ် မည်သည့် အချိန်တွင် ဝင်ရောက်တိုက်ခိုက်လိမ့်ဦးမည်ကို မခန့်မှန်းနိုင်သေး။ ရောက်စီးလိုက ကျားအသင်းသား ငါးဆယ့်ခြောက်ဦးကို ကျူးရှာဝူ၏ လုံခြုံရေးအတွက် တာဝန်ယူ စောင့်ရှောက်စေသည်။

ရောက်စီးလိုမှာ ဩဇာအာဏာဂိုဏ်း နောက်ထပ်ရောက်ရှိလာမည့် အချိန်ကို စိုးရိမ်ပူပန်နေမိသည်။

သည်တကြိမ်ထပ်ရောက်လာလျှင် ယခင်ကထက် လူဦးရေ ပိုများပြားလာမည်ကို သူတွက်ဆမိသည်။

"ချူးရှွေ၊ ဒီတခါတော့ မင်းမလွဲမသွေ ထိုးဖောက်ထွက်သွားရတော့မယ်၊ ကွေးလင်က မင်းဦးလေးမုံ၊ ယိလင်နဲ့ ခိုက်ယန်တို့ကို ခေါ်လာခဲ့။ သတင်းကြားရတာကတော့ တိန်ယိဖိန်၊ ထန်ကန်းနဲ့ ထန်ဖိန်တို့လဲ အဲဒီမှာ ရှိနေကြတယ် ပြောတယ်။ သူတို့လဲ မင်းရောက်သွားရင် တို့ဆီ လိုက်လာခဲ့မှာပဲ၊ ဒီတော့မှ ဩဇာအာဏာဂိုဏ်းနဲ့ အပြတ်အသတ် တိုက်ခိုက်ကြရလိမ့်မယ်"

ထမင်းစားအပြီး ဝိုင်းထိုင်ကာ လက်ဖက်ရည်သောက်ရင်း ရောက်စီးလိုက ပြောသည်။

ဦးလေးမုံဆိုသည်မှာ သူ၏ဆရာတူညီ မုံရှမ်းဖုန် ဖြစ်၏။

ဓားတောင်ပံ မုံရှမ်းဖုန်ဟူ၍ သိုင်းလောကတွင် အမည်ထင်ရှားသည်။

ယိလင်နှင့် ခိုက်ယန်မှာ ရောက်ချူးရှွေ၏ အကိုနှစ်ယောက် ဖြစ်သည်။

တိန်ယိဖိန်မှာ တောင်ပင်လယ် ဟိုင်နန်ဓားဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးဖြစ်ပြီး တိန်ယိဟန်၏ အကိုအရင်း တော်စပ်သည်။ ထန်ကန်းနှင့် ထန်ဖိန်တို့ကား ထန်မျိုးဖက် မိသားစုဝင်များ ဖြစ်ကြ၏။

ရောက်စီးလိုသည် အင်အားကို တနေရာတည်းတွင် အလုံးအရင်း စုစည်းပြီး ရန်သူအား ရင်ဆိုင်ခုခံမည့် သဘော ဖြစ်ပေသည်။

"ကျနော်တို့အားလုံး စုစုစည်းစည်းနဲ့ ရန်သူကို ထိုးဖောက်နှိမ်နင်းပြီး ကွေးလင်ကို အတူသွားကြရင် မကောင်းဘူးလား"

ရောက်ချူးရှွေက သူ့ထင်မြင်ချက်ကို ပေးသည်။

အထူးသဖြင့် သူ့စိတ်ထဲတွင် ရောက်ဂေဟာ ပန်းချောင်းဓားဂိုဏ်းသားများ၊ အဖေနှင့်အမေတို့ကို ချန်ထားရစ်ပြီး မသွားလိုပေ။ သို့အတွက် စိတ်ထဲရှိရာ ပြောလိုက်ခြင်း ဖြစ်ပေသည်။

ရောက်စီးလိုမှာ ရောက်ချူးရှွေ၏ စကားကြောင့် ဒေါသပင် ထွက်သွားမိသည်။

"မင်းဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီနေရာဟာ ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းထားရတဲ့ နေရာကွ၊ ပြောင်းချင်တိုင်းပြောင်း ရွှေ့ချင်တိုင်းရွှေ့လို့ ဘယ်ရမလဲ၊ ပြီတော့ အခုအခြေအနေအရ ဩဇာအာဏာဂိုဏ်းက တို့ထက်ပိုပြီး အဆင့်မြင့် သိုင်းသမားအင်အားများတယ်၊ တို့ကို လွယ်လွယ်နဲ့ ဝင်ပြီး တိုက်စစ်မဆင်သေးတာကလဲ သူတို့မှာ ခိုင်လုံတဲ့ အကြောင်း ရှိတယ်၊ သူတို့ သူလျှိုအဖြစ် ထားရှိတဲ့ စင့်ဟူချူး သေသွားပြီ၊ ခန်းချွတ်ယီလဲ သူ့အကြောင်း ငါတို့သိသွားလို့

အနားမကပ်နိုင်တော့ဘူး၊ ဒီတော့ သူတို့အနေနဲ့ ငါတို့ရဲ့ အတွင်းရေးကိစ္စတွေ ပြောင်းလဲလိုက်မယ့် အခြေအနေတွေကို မသိနိုင်တော့ဘူး"

ရောက်ချူးရွှေ ငြိမ်၍သာ နားထောင်နေရ၏။ ရောက်စီးလိုကသာ ဆက်ရှင်းပြနေသည်။

"နောက်တခါ သူတို့စိတ်ထဲမှာ နောင်ကြီး ကျန်လိန်ယိ ရှိနေသေးတယ်လို့ ဇဝေဇဝါ ဖြစ်နေသေးတယ်၊ သူတို့နဲ့ အတူ ပါလာတဲ့ ဂိုဏ်းသားတွေကလဲ တဝက်လောက်က သေကြေဒဏ်ရာ ရကုန်ကြပြီ၊ စစ်ပန်းလို့ ခဏ အရှိန်ယူနေသလို နောက်ထပ် ရောက်လာမယ့် စစ်ကူကိုလဲ စောင့်ဆိုင်းနေတာ ဖြစ်နိုင်တယ်၊ ငါတို့က သူတို့ အင်အားပြည့်လာမယ့် အချိန်ကို စောင့်နေရမလား၊ တယောက်ယောက်က သူတို့ကို ထိုးဖောက်ထွက်ပြီး သိုင်းလောက အဖြူရောင် မိတ်ဆွေတွေကို အကူအညီတောင်းဖို့ မသင့်ဘူးလား၊ အဖြူရောင် သိုင်းသမားတွေဟာ ဩဇာအာဏာဂိုဏ်းဆို ကြောက်ရွံ့ကြပေမယ့် အခုလို တစုတစည်းတည်း တိုက်ခိုက်ကြမယ်ဆိုရင်တော့ အကူအညီပေးကြမှာပဲ"

ရောက်စီးလိုက စကားခဏဖြတ်ကာ ရေနွေးကြမ်းတခွက်ကို ငုံ့သောက်သည်။

ပြီးမှ ချောင်းတချက်ဟန့်ကာ...

"တို့တတွေ လှောင်ချိုင့်ထဲက ကြက်တွေလို သေမယ့်ရက် စောင့်နေမယ့်အစား ခုနက ငါပြောသလို မင်းဖောက်ထွက်သွားတာ အကောင်းဆုံးပဲ၊ နောက်ဆုံး ငါတို့ကို ဘယ်သူမှ လာမကူနိုင်ဘူးထား၊ တို့က ဩဇာအာဏာဂိုဏ်းကို ယှဉ်ပြိုင်ခုခံတယ်ဆိုတဲ့ သတင်းကတော့ ပြန့်သွားမှာပဲ၊ သိုင်းလောက မိစ္ဆာကောင်ကြီးကို ရင်ဆိုင်ရဲတဲ့လူတသိုက်၊ အဖွဲ့အစည်း ရှိပါသေးသလားဆိုတာ သိသွားကြရင် တို့အတွက် အမြတ်ပဲ"

ရောက်ချူးရွှေ မငြင်းသာတော့။

"ကောင်းပါပြီဖေဖေ၊ ဖေဖေပြောတာကို ကျတော် သဘောပေါက် နားလည်ပါပြီ"

"အေး...မင်းစိတ်ဓာတ်ကို ငါသိပါတယ်၊ အခက်အခဲ အန္တရာယ်နဲ့ ကြုံကြိုက်နေတဲ့အခါမှာ သေရင်လဲ အတူတူ၊ ရှင်ရင်လဲ အတူတူ မိဘနဲ့ လက်တွဲရင်ဆိုင်သွားမယ်ဆိုတာ မှန်ကန်သင့်မြတ်ပါတယ်၊ ဒါပေမယ့် တို့ ရောက်မျိုးဆက် မိသားစုအတွက်၊ ပန်းချောင်းဓားဂိုဏ်းအတွက်၊ အဖြူရောင် သိုင်းလောကသားတွေ အတွက် မင်းမလွဲမသွေ ဒီက ဖောက်ထွက်ရလိမ့်မယ်၊ ဒါဟာ မင်းကိုယ်မင်း အလွတ်ရုန်းထွက်ပြေးသွားတာ မဟုတ်ဘူး၊ ကြီးမားတဲ့ တာဝန်ကြီးတရပ် ထမ်းဆောင်ဖို့ ထွက်သွားရတာပဲဆိုတာ မင်းနားလည်ပါ"

ရောက်ချူးရွှေ၏ ဇာတိသွေးများ ဆူပွက်လာသည်။

ရုတ်ခြည်းပင် မတ်တတ်ထရပ်လိုက်ကာ အသံကျယ်ကြီးဖြင့်..

"သွားမယ်၊ ကျနော် သူတို့ကို ထိုးဖောက်ထွက်သွားမယ်"

"ဟုတ်ပြီ၊ မင်းသွားမယ်ဆိုပေမယ့် သူတို့ကို ထိုးဖောက်ထွက်နိုင်မှ ထွက်နိုင်လိမ့်မယ်၊ မင်းတယောက်တည်းရဲ့ အကြံဉာဏ်၊ ကြိုးစားမှု စွမ်းရည်အင်အားနဲ့ မလုံလောက်သေးဘူး၊ အခုတို့နေရာက ပိတ်လှောင်မိနေတဲ့ လှောင်ချိုင့်တခု ဖြစ်ပေမယ့် ခုခံဖို့ လွယ်ကူသေးတယ်၊ ထိုးဖောက်ထွက်ရမယ့် နေရာကျတော့ ကိုယ်ကအလင်း သူကအမှောင်နေရာ ဖြစ်နေပြီ၊ သူ့ဆီကို ကိုယ်က တိုးဝင်သွားရမှာ၊ အန္တရာယ်ထဲကို တိုးဝင်သွားရမှာ ဖြစ်နေပြီ၊ တယောက်သွားရင် လူသေ၊ နှစ်ယောက်သွားရင် လူရှင်၊ သုံးယောက်ပေါင်းတော့ လောင်းကျော်တဲ့၊ မင်းတယောက်တည်းဆိုရင် သိပ်ပြီး အန္တရာယ်ကြီးမားတယ်""

"ကျနော် လိုက်သွားမယ်"

တိန်ယိဟန်က ရဲဝံ့စွာ ထပြောသည်။

တပြိုင်တည်းလိုလိုမှာပင် ကျိုကျူးချောက်လန်ကလည်း...

"ကျနော်လဲ လိုက်သွားမယ်၊ ကျနော်တို့ ညီအကိုသုံးယောက် အတူတူ သွားကြမယ်"

"ကျမလဲ ရှင်တို့နဲ့ အတူတူ လိုက်ခဲ့မယ်"

နောက်ဆုံး စကားသံက ကြည်လင်ချိုအေးလှသော ထန်ဖန်း၏ စကားသံ ဖြစ်နေသည်။

အားလုံးမှာ အမှတ်မထင် ဝင်ပြောလိုက်သော ထန်ဖန်း၏ စကားကြောင့် အံ့အားသင့်ကာ ရုတ်တရက် ငြိမ်သက်သွားကြသည်။

ရောက်ချူးရွှေမှာ ရင်ထဲတွင် သိမ့်ခနဲ ကြည်နူးပီတိ ဖြစ်သွားမိသော်လည်း မျက်နှာပြင်မှာမူ ရှက်စိတ်ကြောင့် ထူပူသွားမိသည်။

"အကို ထန်ကန်းနဲ့ မောင်လေးထန်ဖိန်တို့လဲ ဟိုမှာ ရှိနေကြတယ်ဆိုတော့ အကျိုးသင့် အကြောင်းသင့် ကျမကိုယ်တိုင် ရှင်းပြတော့ ပိုပြီး အဆင်ပြေတာပေါ့"

ထန်ဖန်းက ရှင်းပြသည်။

ရောက်ကတော်မှာ ဝမ်းသာကြည်နူးစွာ ပြုံးလိုက်မိရင်း...

"မိန်းကလေးထန်ပါ လိုက်သွားမယ်ဆိုရင် သိပ်ကောင်းတာပေါ့၊ မိန်းကလေးရဲ့ လက်နက်ပုန်းတွေက ရန်သူကို မလွဲတမ်း ပစ်ခတ်နိုင်တော့ အန္တရာယ်တွေ အများကြီး လျော့သွားနိုင်တာပေါ့"

ရောက်ချူးရွှေက စိုးရိမ်မကင်းသည့် အသွင်ဖြင့်...

"သူလိုက်လာမယ်ဆိုတော့ ဖေဖေနဲ့ မေမေတို့မှာ အကူအညီ အင်အား လျော့သွားမှာပေါ့၊ ပြီးတော့...ပြီးတော့ လမ်းခရီးမှာ ..."

ရောက်ချူးရွှေ စကားမဆက်နိုင်၊ လမ်းခရီးတွင် အန္တရာယ် အများကြီး တွေ့နိုင်တယ်ဟု ဆိုလိုချင်သည့် သဘောပင် ဖြစ်၏။

ထန်ဖန်းနှင့် အတူတူ ခရီးထွက်ချင်သလို၊ အန္တရာယ်တောထဲသို့လည်း ခေါ်မသွားရက်။

ရောက်ကတော် အသံထွက်အောင်ပင် ရယ်လိုက်ကာ ...

"မိန်းကလေးထန်ဖန်းရဲ့ လက်နက်ပုန်းပညာက မင်းထက် အများကြီးသာတယ် ချူးရွှေ၊ သူ့အတွက် စိုးရိမ်စရာ မရှိပါဘူး၊ ဒါပေမယ့် မိန်းမသားတယောက်ဆိုတော့ ခရီးသွားတဲ့နေရာမှာ မင်းတို့လောက်တော့ အဆင်မပြေဘူးပေါ့၊ မင်းတို့ သူ့ကို သေသေချာချာ စောင့်ရှောက်သွားကြရင် ဖြစ်ပါတယ်၊ ဒီနေရာမှာတော့ ဩဇာအာဏာဂိုဏ်းကသာ အတင်းတိုက်စစ်ဆင်ရင် မိန်းကလေးထန်ရှိနေလဲ ဘာမှ အကျိုးထူးလာနိုင်မှာ မဟုတ်ဘူး"

ရောက်ကတော်၏ လျော်ကန်သင့်မြတ်သော စကားကြောင့် ရောက်ချူးရွှေ ပါးစပ်ပိတ်သွားသည်။

ရောက်စီးလိုက တည်ကြည်လေးနက်သည့် အမူအရာဖြင့်...

"မင်းတို့ကို ငါတခုတော့ မှာလိုက်မယ်၊ မင်းတို့ ပြောင်ပြောင်တင်းတင်း ထိုးဖောက် ထွက်သွားမယ် ဆိုရင်တော့ ဩဇာအာဏာဂိုဏ်းကို ထိပ်တိုက်ဝင်တိုးတာနဲ့ တူနေမှာပဲ၊ ပရိယာယ်ဆင်ကွက်နဲ့ သူတို့ မထင်မှတ်တဲ့အချိန်၊ မထင်မှတ်တဲ့ နေရာကနေ ထိုးဖောက်လုပ်ရှားတတ်ရမယ်၊ ဒါမှ မင်းတို့အတွက် မျှော်လင့်ချက် ရှိလိမ့်မယ်၊ စဲ့ချွမ်း၊ ကွေ့ကျိုးနဲ့ ကွမ်စီးနယ်တွေကို ဖြတ်သွားရလိမ့်မယ်"

"ကောင်းပါပြီ ဖေဖေ"

"အေး..ဒါဆိုရင် မင်းတို့ ဒီနေ့ညပဲ ထိုးဖောက်ထွက်ရလိမ့်မယ်၊ ခရီးသွားဖို့ ပြင်ဆင်စရာ ရှိတာ ပြင်ဆင်ထားတော့"

ရောက်စီးလိုက ပြောပြောဆိုဆိုပင် ထိုင်နေရာမှ ထရပ်လိုက်၏။

သူအထင်မကြီးဆုံး၊ သူအားမကိုးဆုံး သားတယောက်ကို အန္တရာယ်တောထဲ ထိုးဖောက်ကာ ကြီးမားလှသော တာဝန်ကြီးတရပ် ထမ်းဆောင်ခိုင်းရမည်မို့ စိတ်ထဲက မကောင်း။

ရောက်စီးလို၏ မျက်ဝန်းအိမ်တွင် သားထွေးအတွက် စိုးရိမ်ရိပ်များ၊ သောကရိပ်များ ယှက်သန်းကာ မျက်ရည်ကလေးများပင် ဝိုင်းလာလေတော့သည်။

## အခန်း (၄)

ညနေဆီးရီက တိမ်ပဝါခြုံလျက် ဝင်ရောက်လာခဲ့ပြီ။

ညဦးဦးလေပြေက တိမ်ပဝါစကို အသာအယာ လှပ်ဟလာ၏။

ညအပျိုမက တိမ်ပဝါစကို ဆွဲဆွဲချလျက်။

ကောင်းကင်တွင် ကြယ်ပြောင်တချို့သာ မျက်စိမှိတ်လျက်။

လသတို့သမီးက အရှက်ကြီးစွာ ပုန်းအောင်းနေသည်။

အမှောင်က တဖြည်းဖြည်း ရင့်ရော်လာသည်။

ဉာဥ်ပိုးကောင်တို့၏အသံမှာ ပတ်ဝန်းကျင်ကို တဖြည်းဖြည်း လွှမ်းမိုးစ ပြုလာသည်။

ရှောက်ချူးရှွေတို့ လေးယောက် ခရီးထွက်ရန်အတွက် ယူငင်စရာများ ပြင်ဆင်ကာ ရှောက်ဂေဟာ၏ ပင်မတံခါးမကြီးနှင့် အနီးဆုံးနေရာတွင် စောင့်စားနေကြသည်။

"အချိန်စေ့ပြီ .."

ရှောက်စီးလိုက အေးစက်တည်ငြိမ်စွာ ပြောပြီးနောက် အသံထွက် မြားတစင်း ပစ်လွှတ်ကာ အချက်ပေးလိုက်သည်။ မီးရောင်များ ရုတ်တရက် လင်းထိန်သွား၏။

အင်အား ငါးဆယ်တရာခန့်ရှိသော နဂါးအသင်းသား ဓားသမားတသုတ် လက်နက်ကိုယ်စီ ကိုင်ဆောင်ကာ ရောက်ရှိလာကြသည်။

ဘယ်လက်တွင်ကား မီးတုတ်ကိုယ်စီ ကိုင်ဆောင်ထားသဖြင့် အလင်းရောင်အားက ထိန်ထိန်လင်းနေသည်။

"ငါတို့ အရှေ့တောင်ဘက်က အစွမ်းကုန် ထိုးဖောက်တိုက်ခိုက်မယ်၊ ငါတို့သွားတဲ့ဘက်က တိုက်ခိုက်သံတွေ ထွက်လာရင် မင်းတို့ အနောက်မြောက်ဘက်ကနေ ချက်ချင်း ထိုးဖောက် ထွက်သွားကြတော့၊ သတိဝိရိယ ရှိပစေ ကြားလား"

ရှောက်စီးလိုက အစီအစဉ်ကို အသေအချာ အထပ်ထပ်မှာသည်။

ပြီးနောက် ရှောက်ကတော်နှင့်အတူ နဂါးအသင်းသားများကို ဦးဆောင်လျက် ထွက်သွားသည်။

မိမိတို့ အန္တရယ် ကင်းရှင်းနိုင်ရေးအတွက် မိမိ၏မိဘနှစ်ပါးနှင့် ပန်းချောင်းဓားဂိုဏ်း နဂါးအသင်းသားများ အန္တရာယ်တောထဲ ထိုးဖောက်ဝင်ရောက်သွားရသဖြင့် ရှောက်ချူးရှွေ စိတ်မကောင်း။

မျက်ရည်ကြည်လေးများ ဝေ့တက်လာအောင်ပင် ဆို့နင့်စွာ ခံစားလိုက်ရသည်။

တခဏအတွင်းမှာပင် နဂါးအသင်းသားများနှင့် ရှောက်စီးလိုတို့ အရှေ့တောင်ဘက် သစ်တောအစပ်သို့ ရောက်ရှိသွားကြသည်။

ထိုအချိန်မှာပင် ခရာတွတ်သံလေးချက် ကြားလိုက်ရပြီး မီးရောင်အောက်တွင် ဩဇာအာဏာဂိုဏ်းသားများ ထွက်ပေါ်လာကာ ဝိုင်းဝန်းတိုက်ခိုက်ကြသည်ကို ရှောက်ချူးရွှေတို့ တွေ့ကြရသည်။

တမုဟုတ်ချင်းပင် ခုတ်သံထစ်သံ တိုက်ခိုက်သံများနှင့် လူများ ရောထွေး ရှုပ်ယှက်ကုန်သည်။

ရှောက်ချူးရွှေက ဓားရှိုးကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်မိသည်။ စိတ်ပေါက်ကွဲကာ သွားရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ တစုံတယောက်က မိမိ၏ အင်္ကျီစအား ဆွဲထားသည်ကို သတိပြုမိ၏။

နောက်သို့ လှည့်ကြည့်လျှင် ကြည်လင်ဝိုင်းစက်သော ထန်ဖန်း၏ မျက်လုံးကြည်ကြည်ကို တွေ့လိုက်ရသဖြင့် စိတ်မာန်ကို လျှော့ချလိုက်ရသည်။

တိုက်ခိုက်နေသည့်နေရာကို ကြည့်လိုက်လျှင် အရှေ့တောင်ဘက်မှ တိုက်ပွဲဆီသို့ အနောက်မြောက်ဘက်ရှိ ဩဇာအာဏာဂိုဏ်းသားများ အင်အားလာဖြည့်သည်ကို တွေ့ရသည်။

ပန်းချောင်းဓားသမားများက စည်းကမ်းရှိသည်။

အဆုတ်အတက်၊ အထွက်အဝင်၊ အထိုးအခုတ် စနစ်ကျသည်။

တယောက်ကျလျှင် ထိုတယောက်ကို ထမ်းထုတ်သွားသည်။

တယောက်ဒဏ်ရာရလျှင် တယောက်က ပွေ့ချီလာသည်။

လွတ်ကင်းရာ တနေရာသို့ ပို့ဆောင်ပြီးမှ တိုက်ပွဲသို့ ဆက်လက်ဝင်ရောက်သည်။

ဩဇာအာဏာဂိုဏ်းသားများကမူ စည်းကမ်းမရှိကြ၊ လဲနေသူကို ထူမဖို့ မကြိုးစား၊ နင်းဖြတ်ကျော်လွှားကာ ကိုယ့်အသက် ရှင်သန်ရေးအတွက်သာ တိုက်ပွဲဝင်ကြသည်။

ပန်းချောင်းဓားဂိုဏ်းသား တယောက်တလေကိုမျှ သစ်တောအုပ်ကို ထိုးဖောက်ကာ တောင်အောက်သို့ ဖြတ်ကျော်ဆင်းခွင့်မပေးကြ။

ရှောက်ချူးရွှေ အသားများ တုန်ယင်လာသည်။

ဖခင်နှင့် မိခင်ထံသို့ ပြေးလွှားကာ ရန်သူအား တိုက်ခိုက်ချင်လာသည်။

တဘက်တိုက်ပွဲက အရှိန်အဟုန်ပြင်းလာသလို သူတို့လည်း ရှောက်မိသားစုဂေဟာမှ ထွက်ခွာဖို့ အချိန်သင့်ပြီ။

ရှောက်ချူးရွှေမှာ စိတ်လှုပ်ရှားနေသေးသဖြင့် အခွင့်ကောင်းကို အသုံးမချနိုင်သေး။

"အချိန်ကျပြီ"

ထန်ဖန်းက ရုတ်တရက် အော်ဟစ်ကာ မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

တိန်ယိဟန်နှင့် ကျိုကျူးချောက်လန်တို့ နှစ်ယောက်လည်း ကြိုတင်တိုင်ပင်ထားသည့်အလား ရှောက်ချူးရွှေအား လက်နှစ်ဘက်ဖြင့် ပွေ့ဖက်ကာ မြင်းပေါ်သို့ မတင်လိုက်ကြသည်။

သူတို့ကိုယ်တိုင်လည်း မြင်းပေါ်သို့ ခုန်တက်လိုက်ကြ၏။

"ဟီး ... ဟီး ... "

မြင်းဟီသံများ ထွက်ပေါ်လာလျှင် မြင်းလေးကောင် ပတပ်ရပ်လိုက်ကြသည်။

ရာမှရှားသော မြင်းကောင်းမြင်းမြတ်လေးကောင်သည် ကိုယ်ပေါ်သို့ လူရောက်သည်နှင့် ပြေးလွှားမှုကို စတင်သည်။

ရှောက်ဂေဟာ၏ ပင်မဝင်းတံခါးမကြီး ဖျတ်ခနဲ ပွင့်သွားသည်။

မြင်းလေးကောင်သည် ညို့မှလွှတ်လိုက်သော မြားတံပမာ တဟုန်ထိုး ပြေးထွက်သွားကြသည်။

ရဲတိုက်တံခါးသည်လည်း မြင်းလေးကောင် အပြင်သို့ ရောက်လျှင်ရောက်ချင်း အလျင်အမြန်ပင် ပြန်ပိတ်သွားသည်။ အပြင်ဘက်တွင် လေပြင်းများ တိုက်ခတ်နေသည်။

ရှောက်ချူးရွှေတို့ မြင်းလေးကောင်ကား အဟုန်ပြင်းစွာ ပြေးနေဆဲ၊ အမှောင်အားကောင်းသလို မိုးက သဲကြီးမဲကြီး ရွာချလာသဖြင့် ပတ်ဝန်းကျင်ကို သဲကွဲစွာ မမြင်နိုင်၊ မြင်းခွာသံများကိုသာ ကြားရပြီး တယောက်နှင့်တယောက် သဲကွဲစွာ မမြင်ရ။

သစ်တောအစပ်သို့ အရောက်တွင် လက်နက်ပုန်းများ ပြေးထွက်လာသည်။

ရှောက်ချူးရွှေ ဓားရှည်ထုတ်ကာ ငုံ့ယမ်းကာကွယ်ရသည်။

ရန်သူက အမှောင်တွင်းမှ စတင် တိုက်ခိုက်လာခဲ့ပြီ။

မမြင်မစမ်း တိုက်ရသောတိုက်ပွဲ။

ကိုယ်က ရန်သူကို မမြင်ရသလို ကိုယ့်အချင်းချင်းလည်း မတွေ့ရ၊ တယောက်နှင့် တယောက် အချက်ပေးကာသာ ထိုးဖောက်နေကြရသည်။

ရောက်ချူးရွှေ တကိုယ်လုံး ရွှဲရွှဲစိုနေသည်။

ချွေးနှင့် မိုးရေတို့ ရောထွေးနေ၏။

ထန်ဖန်း၏ အော်ငေါက်သံနှင့်အတူ တိုက်ခိုက်နေသံများ ကြားရ၏။

ထန်ဖန်းတယောက် ရန်သူ၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းခံရပြီကို ရောက်ချူးရွှေ သိသည်။

မိုးကန့်လန့်ကာ ညပဝါကြောင့် ထန်ဖန်းဘက်သို့ မမြင်ရ။ မြင်းကို အသာရပ်ကာ အခြေအနေကို နားစွင့်၏။ ထိုအချိန်မှာပင် သူ့ထံသို့ ရန်သူ ခုနစ်ယောက်ခန့် ခုန်ဝင်တိုက်ခိုက်လာသည်ကို တွေ့လိုက်ရ၏။

ရောက်ချူးရွှေ ကမန်းကတန်းပင် ဓားရှည်ဖြင့် ဝှေ့ယမ်းခုခံသည်။

ဓားကို ရဟတ်လို ဝှေ့ယမ်းနေရင်းမှ..

"ကျိုကျူးချောက်လန်နဲ့ ယိဟန်၊ ထန်ဖန်းဘက်မှာ အန္တရာယ်တွေ့နေတယ်၊ မင်းတို့ သွားကူလိုက်"

ကျိုကျူးချောက်လန်၏ ပြန်ပြောသံနှင်အတူ မြင်းထွက်သွားသံကို ရောက်ချူးရွှေ ကြားရသည်။

တဆက်တည်းပင် ရန်သူကို ဖမ်းချုပ်လက်သိုင်းကွက်ဖြင့် အနိုင်ယူလိုက်သည့် အသံကိုလည်း ကြားရ၏။

ရောက်ချူးရွှေ ဝမ်းသာသွားသည်။

"ရှမ်း..."

အာရုံပျံ့လွင့်သွားသောကြောင့် ရန်သူ၏ ကျာပွတ်ရိုက်ချက်တချက်က ရောက်ချူးရွှေ၏ ကျောပြင်ကို ထိမှန်ခံရ၏။

"ဂွစ် .."

"ဂွစ် ..."

"အား .."

"အား .."

ရောက်ချူးရွှေ စိတ်မထိန်းနိုင်တော့၊ ဝိုင်းရံထားသူများအား အစွမ်းကုန် တိုက်ခိုက်ရာ ရန်သူနှစ်ယောက် သူ့ဓားချက် မိသွားသည်။

ထိုစဉ်မှာပင် တိန်ယိဟန်၏ အော်ငေါက်သံ၊ လက်နက်ချင်း ထိခတ်သံတို့ အပြင် ဖခင်ဖြစ်သူ၏ အော်ဟစ်ကြိုးဝါးလိုက်သံကိုပါ ရောက်ချူးရွှေ နားထဲတွင် ပိုးတိုးဝါးတား ကြားလိုက်ရသည်။

ဒဏ်ရာရထားသောအမေ၊ ရန်သူကို မိမိဘက်သို့ အာရုံမရောက်စေရအောင် တဖက်မှ ခုခံတိုက်ခိုက်ရင်း ဆွဲဆောင်ထားသည့်အမေ။

အမေ ဘာများ ဖြစ်လေသလဲ။

အဖေ...အဖေကော ဘာဖြစ်လို့ အော်ငေါက် ကြိုးဝါးလိုက်ရတာလဲ။

ရောက်ချူးရွှေ စိတ်ထဲတွင် မခံမရပ်နိုင်အောင် နာကျည်းပေါက်ကွဲလာသည်။

သူ့ဓားရှည်က မြွေရိုင်းတကောင်လို ဝုန်းဒိုင်းကြဲသွား၏။

ရှိသမျှ ခွန်အားကို ဓားသွားပေါ်တွင် အကုန်တင်ပစ်လိုက်သည်။

မာန်သွင်းတိုက်ခိုက်မှုကြောင့် ရန်သူတို့ အတုံးအရုံး ကျဆုံးသည်။

သူ့ကိုယ်ပေါ်တွင်လည်း ကျာပွတ်တချက် အရိုက်ခံရကာ ခြေလှမ်းငါးလှမ်းခန့် လွင့်စဉ်ယိမ်းယိုင် သွားရ၏။

ထိုအချိန်မှာပင် မျက်နှာချင်းဆိုင်ဘက်မှ လူတယောက်တက်လာခဲ့သဖြင့် ရောက်ချူးရွှေ ဓားဖြင့် လှမ်းထိုးလိုက်သည်။

ထိုသူက ရောက်ချူးရွှေ၏ ဓားချက်သုံးချက်တိတိကို ရှောင်ရှားပြီး ဓားသွားကို လက်ဖြင့် ဖမ်းလိုက်သည်။

ထိုသူ၏ သိုင်းပညာထက်မြက်မှုကြောင့် ရောက်ချူးရွှေ ရင်ထိတ်သွား၏။

"မင်း ကျိုကျူး မဟုတ်လား"

"ဟာ...အကိုကြီးပါလား၊ ဟုတ်တယ်၊ ကျနော်ပဲ"

ကျိုကျူးချောက်လန် ကမန်းမတန်းပင် ဓားကိုင်လက်ကို လွှတ်ပြီး လူချင်းခွဲလိုက်ရသည်။

ရန်သူများ အုံကျင်းဖွဲ့ကာ ဝိုင်းလာကြပြန်သည်။

အလင်းရောင်ကလည်းမရှိ၊ လေနှင့်မိုးကလည်း ဝုန်းဒိုင်းကြဲနေသလို တိုက်ပွဲကလည်း ပြင်းထန်လာသည်။

ရောက်ချူးရွှေ၏ ဓားရိပ်များ တလက်လက် ယှက်ဖြာနေသလို ရန်သူများ အတုံးအရုံး ကျဆုံးကုန်သည်။

သူ့တကိုယ်လုံး မိုးရေများ၊ ချွေးများ၊ သွေးများဖြင့် အလူးလူးအလိမ်းလိမ်း ဖြစ်နေကြသည်။

"တိန်ယိဟာန်၊ ထန်ဖန်း မင်းတို့ ဘယ်မှာလဲ"

ရောက်ချူးရွှေ တိုက်ခိုက်နေရင်းမှ အသံပြုသည်။

တိန်ယိဟာန်တို့ဘက်မှ တုံ့ပြန်သံ မကြားရ။

ကျိုကျူးချောက်လန်၏ ပြန်လည် အော်ခေါ်သံကသာ ထွက်လာသည်။

ရောက်ချူးရွှေမှာ ထန်ဖန်းတို့ ပြန်ထူးသံ မကြားရသည့်အပြင် ရန်သူကို ထိုးဖောက်မထွက်နိုင်သေးသဖြင့် စိတ်ဆိုးဒေါသထွက်လာသည်။

"ကျိုကျူး ... တို့ ထိုးဖောက်ထွက်ကြစို့၊ နောက်မှ ပြန်ဆုံကြမယ်"

ရောက်ချူးရွှေ အော်ဟစ်ပြောဆိုကာ ဖောက်ထွက်နိုင်ရန် ကြိုးစားသည်။

ရန်သူအင်အားက များပြားလှသဖြင့် သူ့ဓားအောက်တွင် ထွေးခနဲ ထွေးခနဲ ကျသွားသလို သူကိုယ်တိုင်လည်း ဒဏ်ရာရလာသည်။

ပင်ပန်းနွမ်းနယ်လာသည်။

သို့တိုင် ရောက်ချူးရွှေ စိတ်မလျှော့။

တိုက်ခိုက်ရင်းမှ အတင်းတိုးထွက်လာခဲ့လေသည်။

ရာသီဥတုက ကြည်လင်သာယာလာသည်။

မိုးငွေ့မိုးနံ့ကလေးများ၊ မိုးစက်သစ်ရွက်ကလေးများကိုသာ သတိမထားမိလျှင် ညက မိုးရွာခဲ့သည်ဟုပင် ထင်မှတ်စရာမရှိ။

မနက်ခင်း၏ နေခြည်က ရှင်းရှင်းသန့်သန့်ပင် ထွန်းလင်းနေသည်။

နေခြည်ဖျန်းအပက်တွင် ဝါးရုံစိမ်းစိမ်းများနှင့် ဝါးရွက်ဝါးပင်တို့တွင် တင်ကျန်သည့် မိုးစက်တို့က မြရောင် စိန်ရောင် ဝင်းနေသည်။

ထိုဝါးရုံတောထဲတွင် လူတယောက် အနိုင်နိုင်အားခဲကာ လျှောက်လှမ်းနေသည်။

အားအင်ကုန်ခန်း ပင်ပန်းနွမ်းနယ်ရသည့်အထဲ ရွံ့ဗွက်များက ခြေထောက်ကို ဆွဲဆွဲထားသဖြင့် ခြေလှမ်းများက ဒယီးဒယိုင်။

ထိုသူ၏ တကိုယ်လုံးတွင် သွေးများ ချွေးများဖြင့် မြင်မကောင်း။

လက်တဖက်တွင် ဆုပ်ကိုင်ထားသည့် ဓားရှည်ကလည်း လက်မှ လွတ်ကျတော့မည့်အသွင် လျော့လျော့လျဲလျဲ။

သို့သော် ထိုသူသည် ဝါးရုံပင်များကို အားပြုကာ တရွေ့ရွေ့ လျှောက်လှမ်းနေပြန်သည်။

ထိုသူကား ရောက်ချူးရွှေ ပင်တည်း။

ရောက်ချူးရွှေသည် ရန်သူများကို မည်ကဲ့သို့ ထိုးဖောက်လာခဲ့သည်ကို သူကိုယ်တိုင်ပင် မသိတော့။

ဤဝါးရုံတောထဲသို့ မည်သည့်နည်းဖြင့် ရောက်ရှိလာသည်ကိုလည်း မတွေးတတ်တော့။

တညလုံး ရန်သူများနှင့် မည်ကဲ့သို့ တိုက်ခိုက်နိုင်ခဲ့သည်ကိုလည်း မမှတ်မိတော့။

သူ့တကိုယ်လုံးတွင် ဒဏ်ရာဒဏ်ချက်တို့ဖြင့် ပြည့်နှက်နေသော်လည်း မနာကျင်။

သူ့သွေးသောက်ညီနောင်များနှင့် ထန်ဖန်းတို့ အတွက်သာ စိတ်ပူသည်။

ထန်ဖန်း ရှိသေးသလား။

ကျိုကျူး လွတ်အောင် ဖောက်ထွက်နိုင်ပါ့မလား။

ယိဟာန် မသေနိုင်ပါဘူးနော်။

ရောက်ချူးရွှေ ရင်ထဲ ထိုသုံးယောက်ကသာ စိုးမိုးနေသည်။ စိုးရိမ်သောကကြောင့် ရင်ထဲတွင် နာကျင်စွာ ခံစားနေရသည်။

သို့သော် သူ့ခြေလှမ်းများကမူ တရွေ့ရွေ့ လှမ်းနေဆဲ။

စိတ်ဆောင်နေသဖြင့်သာ သူ့ခန္ဓာကိုယ်က သူ့ခြေထောက်ပေါ်တွင် မဏ္ဍိုင်ပြု ရပ်နေနိုင်ခြင်း ဖြစ်၏။

သို့မဟုတ်ပါက ဗုန်းဗုန်းလဲကျ သွားနိုင်ပေသည်။

ဝါးတောထဲတွင် လျှောက်လှမ်းသွားရင်းမှ မည်သည့်နေရာသို့ ရောက်ရှိလာပြီကို ရောက်ချူးရွှေ စဉ်းစားကြည့်သည်။

ကွေ့ဟူဒေသ ပတ်ဝန်းကျင် ဖြစ်မည်ဟု ခန့်မှန်းမိသည်။

တနေရာအရောက်တွင် ဝါးပင်ကို ကိုင်ကာ အနားယူရန် စိတ်ကူးလိုက်သည်။

ထိုအချိန်မှာပင် ကြည်လင် သာယာလှသော ပလွေသံ တသံကြောင့် ရောက်ချူးရွှေ၏ နွမ်းနယ်နေသော စိတ်ဓာတ်များ နိုးကြားလာသည်။

ပလွေသံလာရာဘက်ဆီသို့ ခေါင်းမော်ကာ ကြည့်မိသည်။

ဝါးရုံတော၏ အတွင်းဘက် ခပ်ဝေးဝေးဆီမှ အသံ။

ရောက်ချူးရွှေ အနားမယူတော့။

ခြေလှမ်းကို သွက်နိုင်သမျှသွက်အောင် ဝါးရုံတောထဲသို့ တိုးဝင်သည်။

ဝါးရုံတောအပြင်ဘက်သို့ရောက်လျှင် မြင်ကွင်းကို သူမြင်တွေ့လိုက်ရသည်။

စိမ်းလဲ့ကြည်လင်သော ရေကန်၏ တဖက်တွင် အစိမ်းရောင်အုပ်ကြွပ်များ မိုးထားသည့် ဇရပ်တဆောင်။

ရေကန်ပေါ်တွင် နင်းငွေ့နှင့်မြူများက မှုန်မှေးနွမ်းဖျော့စွာ ကြာပွင့်ကြာရွက်များကို နမ်းကြူနေသည်။

ရေကန်၏ သည်ဘက်ကမ်းနှင့် ဟိုဘက်ကမ်းကို အနီရောင် တံတားတခုက လဲလျောင်းဆက်သွယ်ထားသည်။ တံတားတဘက်ထိပ်က ဇရပ်ဆီသို့ ဦးခိုက်နေသည်။

ဤကန်၊ ဤတံတား၊ ဤဇရပ်များကို ရောက်ချူးရွှေ ကောင်းကောင်းကြီး ရင်နှီးကျွမ်းဝင်သည်။ ကွေ့ဟူကန်၊ ဟန်ချူးတံတား၊ လိန်ရှမ်းဇရပ်။

ပလွေသံက ဟန်ချူးတံတား၏ တဘက်ထိပ် လိန်ရှမ်းဇရပ်ဆီမှ ငြိမ့်ငြိမ့်အေးအေး ထွက်ပေါ်လာခြင်း ဖြစ်၏။

ရောက်ချူးရွှေသည် ဒယီးဒယိုင်နှင့်ပင် ဟန်ချူးတံတားကို ကျော်ဖြတ်သည်။ တံတားအဆုံးသို့ အရောက်တွင် သစ်ခွပန်းရနံ့ကို ရှူရှိုက်ရသည်။

သစ်ခွရနံ့ကို ရှူရှိုက်ရင်း ဇရပ်ပေါ်သို့ ကြည့်လိုက်သည်။ လူသုံးယောက် ကန္တေ့ရစွာ ထိုင်နေကြသည်ကို တွေ့ရ၏။

ပလွေသံက ထိုသုံးယောက်ထံမှ ထွက်ပေါ်လာလေသလား။

ရောက်ချူးရွှေ တွေးနေဆဲ ပလွေသံက တိခနဲ ရပ်တန့်သွားသည်။

တဆက်တည်းပင် တယောသံတသံက နန့်ညင်သက်စွာ ထွက်ပေါ်လာသည်။

ခင်မင်မှု၊ မေတ္တာတရား၊ သံယောဇဉ်တို့ကို ညွှန်းဆိုဖွဲ့နွဲ့သည့် တေးဂီတသံစဉ်။

ရောက်ချူးရွှေ ရင်ထဲ လှိုက်တက်လာသည်။

စိတ်မထိန်းနိုင်ပဲ ဇရပ်ဆီသို့ ခပ်သွက်သွက် လျှောက်လှမ်းသွားသည်။

ဇရပ်အနီးသို့ ရောက်လျှင် တယောသံက ပို၍ တိုးညင်းလာသည်။

နောက်ဆုံးအသံ ပျောက်ကွယ်သွားပြီး သူ့နေရာတွင် မိကျောင်းဂစ်တာသံတသံက အစားထိုး ဝင်ရောက်လာသည်။ မိကျောင်ဂီတာသံက ကျောက်ဆောင် ကျောက်တုံးများအား တိုးဖြတ်ကာ ရေစီးဆင်းသွားသံမျိုး၊ လက်နက်ချင်း စနစ်တကျ

ထိခတ်သံမျိုး၊ စစ်ချီတေးသံမျိုး။

ရောက်ချူးရွှေ သွေးဆူလာသည်။

ငယ်စဉ်ကတည်းက စာပေကဗျာ၊ လင်္ကာ၊ ဂီတ၊ အနုပညာဘက်တွင် မွေ့လျော်ခဲ့သူ ဖြစ်သည်မို့ ဂီတသံက သူ့ကို ဖမ်းစားထားချေပြီ။

ဇရပ်ပေါ်သို့ လှမ်းတက်ကာ ဂီတသံကို ငြိမ်နားထောင်မိသည်။

ဇရပ်ပေါ်တွင် လူသုံးယောက် ရှိနေသည်။

ယောကျ်ားနှစ်ယောက်၊ မိန်းမတယောက်၊ အားလုံးမှာ သူနှင့် အသက်မတိမ်းမယိမ်းလောက်ပင် ရှိကြသည်။

ထိုသူသုံးယောက်အနက် ပလွေမှုတ်ခဲ့သူမှာ မိန်းမပျိုလေးဖြစ်သည်။

ပလွေသံ သာယာကြည်လင်လှသော်လည်း သူ့ရုပ်ရည်ကမူ ရွက်ကြမ်းရေကျိုသာ။ သူမ၏ ပလွေက အခြား သာမာန်ပလွေနှင့် မတူ။

တုတ်ခိုင်ကြီးမားကာ ပလွေပေါက်လည်း ကျယ်သည်။ ကျောက်စိမ်းဖြင့် ပြုလုပ်ထားဟန်တူသည်။ ပလွေအရောင်က အစိမ်းရောင် ပြေးနေသည်။

မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသူ၏ လက်ထဲတွင် တယောရှိနေသဖြင့် တယောသမား ဖြစ်ဟန်တူသည်။

တယောက ရှေးဟောင်း ဘူးခြောက်တယောပုံစံမျိုး၊ တယောသံရှင် အသွင်က နဖူးမောက်မောက်၊ ပိန်ပိန်ရှည်ရှည်၊ မိုင်းမိုင်းကိုင်းကိုင်း၊ လူငယ်တယောက် ဖြစ်သော်လည်း ငါးဆယ်ကျော် အဘိုးကြီး တယောက်ကဲ့သို့ ဖျတ်လတ်သွက်လက် လန်းဆန်းမှုမရှိ။

မိကျောင်းဂီတာတီးခတ်နေသူကား အတော်ပင် သန့်သန့်ပြန့်ပြန့် ရှိသည်။ နပိုကြည်လင်ပြီး ယောကျာ်းချောချောသည့် မျက်နှာပိုင်ရှင် ဖြစ်သည်။

အဖြူရောင်ဝတ်စုံက သူ၏လန်းဆန်းတက်ကြွမှုကို လေးနက်စေသည်။

သူ့ဒူးပေါ်တွင် တင်ထားသည့် မိကျောင်းဂီတာက ရှည်လျားကျယ်ဝန်းလှသည်။

ဂီတာလက်သံကလည်း စိတ်အာရုံကို ဆွဲဆောင်လွှမ်းမိုးနိုင်လောက်အောင် ပြောင်မြောက်လှသည်။

“ဖြောင်း....ဖြောင်း....ဖြောင်း”

တေးသွားတပုဒ်အဆုံးတွင် ရောက်ချူးရွှေ ဩဘာလက်ခုပ် တီးပစ်လိုက်မိသည်။

မိကျောင်းဂီတာ တီးခတ်သူ ဝတ်ရုံဖြူနှင့် လူက အတီးရပ်လိုက်ကာ ပြုံးရွှင်သော အမူအရာဖြင့်...

“အခုလို ချီးမြင့်တာကို ကျေးဇူးတင်ပါတယ်ဗျာ...ခဏတဖြုတ် နားနားနေနေ စကားလေးဘာလေး ပြောကြရအောင်လား”

ရောက်ချူးရွှေကလည်း ပြုံးရယ်လိုက်ကာ...

“ကျနော်က ဒီနေရာကို ဖြတ်သန်းသွားရင်း ခင်ဗျားတို့ရဲ့ ထက်မြက်ငြိမ့်ညောင်းတဲ့ ဂီတာသံနဲ့ ကံကောင်းထောက်မ ကြုံကြိုက်ခဲ့ရတာပါ၊ ခင်ဗျားတို့ရဲ့ အတီးအမှုတ်ကို အနှောင့်အယှက် ပြုမိရင် ခွင့်လွှတ်ပါ”

မိန်းမပျိုကလေးက ကောက်ကာငင်ကာပင်...

“ရှင့်မျက်လုံး မျက်ခုံးနဲ့ ရှင့်စကားသံကြားရတာ တမျိုးပဲ၊ သူတပါးက သတ်ဖြတ်တာခံရပြီး ဒီနေရာကို ရောက်လာခဲ့တာလား”

ရောက်ချူးရွှေ ကြောင်အမ်းအမ်းပင် ဖြစ်သွားရသည်။ လက်ထဲမှ ဓားရှည်ကို လွှင့်ပစ်လိုက်ပြီး သက်ပြင်းရှည်တချက် ချကာ...

“ဟုတ်ပါတယ်၊ ကျနော် ရှောင်ရှားပြေးလွှား လာခဲ့ရတာပါ၊ ဒီကြားထဲ မိတ်ဆွေသူငယ်ချင်းတွေနဲ့ ကွဲကွာသွားလို့ ဝမ်းနည်းစိတ်မကောင်း ဖြစ်နေရပါတယ်”

မီးခိုးရောင် ဝတ်စုံနှင့် လူက...

“နောင်ကြီးက ဒုက္ခကြီးကြီးမားမားနဲ့ တွေ့ကြုံခံစားခဲ့ရတော့ ကျုပ်တို့မှာ တာဝန်ရှိနေပြီ၊ နောင်ကြီးရဲ့ ညစ်ညူးနေတဲ့ စိတ်တွေ ပြေပျောက်အောင် ကျုပ်တို့ နောက်ထပ် သီချင်းတပုဒ်လောက် ထပ်ပြီး တီးမှုတ်သင့်တယ်၊ ဘယ်နှယ့်လဲ”

“ဟုတ်တယ်”

“ဟုတ်တယ်”

မိန်းမပျိုကလေးနှင့် ဝတ်စုံဖြူတို့က ခေါင်းညိတ်၍ ထောက်ခံကြသည်။

ဂီတပညာကို ခုံမင်တွယ်တာသော၊ ယဉ်ကျေးသိမ်မွေ့မှုကို လေးစားအားနာတတ်သော ရောက်ချူးရွှေမှာ စိတ်ထဲတွင် ဖော်မပြနိုင်လောက်အောင် ဝမ်းသာကြည်နူးသွားမိသည်။

“ကျေးဇူးတင်ပါတယ်ဗျာ၊ ကျနော်က ခရီးဝေးကို သွားရမယ့်လူ၊ သေသလား၊ ရှင်သလားဆိုတာ ကိုယ်ကိုကိုယ်လဲ မခန့်မှန်းနိုင်တဲ့ အခြေအနေ၊ နေမဝင်ခင် ခင်ဗျားတို့ သုံးယောက်ရဲ့ ငြိမ့်ညောင်းလှတဲ့ ဂီတသံကို နားထောင်ခွင့်ရတာ ကျနော် အင်မတန် ကုသိုလ်ကံ ထူးလို့ပါပဲ”

“နောင်ကြီးက ကျေကျေနပ်နပ် လက်ခံတယ်ဆိုတော့ ကျုပ်တို့ စပြီး တီးမှုတ်ကြတာပေါ့”

မီးခိုးရောင် ဝတ်စုံဝတ်လူက တယောကို ယူပြီး ပေါင်ကြားထဲတွင် ထားကာ ပြောသည်။

မိန်းမပျိုနှင့် ဝတ်စုံဖြူတို့ ခေါင်းညိတ်ပြကြသည်။

ထို့နောက် တဆက်တည်းပင် လှုပ်ရှားမှုကို စတင်ကြ၏။

မိကျောင်းဂီတာထဲမှ...

တယောထဲမှ...

ပလွေထဲမှ လင်းပြက်အေးစက်သော ဓားသုံးစင်း ရုတ်ခြည်း ထွက်ပေါ်လာသည်။

ဓားရောင် ထွက်ပေါ်လာသည်နှင့် ဓားဦးချွန်များက ရောက်ချူးရွှေ၏ လည်မျိုဆီသို့ ထိုးသွင်းပြီး ဖြစ်နေတော့သည်။

ရောက်ချူးရွှေ အံ့အားအသင့်ကြီးသင့် သွားမိသည်။

မထင်မှတ်သော လှုပ်ရှားမှု၊ မထင်မှတ်သော မြန်ဆန်ခြင်းတို့ဖြင့် ဂီတသမားသုံးယော်က သူ့လည်ပင်းကို ဓားဦးချွန်ဖြင့် တေ့ထောက်ထားကြလေပြီ။

သူမရှောင်ရှား။

ရှောင်ရှားနိုင်ရန်လည်း အချိန်မရှိ။

မျက်တောင်မခတ်တမ်းသာ ငေးကြောင့်ကြည့်နေမိသည်။

သူ့စိတ်ထဲတွင် အံ့သြစရာ ကောင်းလောက်အောင်ပင် ကြောက်ရွံ့ထိတ်လန့်ခြင်း မလျဉ်းမဖြစ်ခဲ့။

နှုတ်ဆိတ်၍သာ အခြေအနေကို အကဲခတ်သည်။

သူ့ဓားရှည်က ဇရပ်တွင်း မြေပြင်တွင် စိုက်လျက် ရှိနေဆဲ။

"သတ္တိကောင်းလှချည်လား၊ ရှင်သေရမှာကို မကြောက်ဖူးနဲ့ တူတယ်"

မိန်းမပျိုကလေးက လှောင်သလို အမူအရာကလေးဖြင့် မေးသည်။

ရှောက်ချူးရွှေက တည်ငြိမ်စွာပင်..

"ကြောက်တာပေါ့၊ သေရမှာကို မကြောက်တဲ့လူ ဘယ်သူရှိမလဲ၊ ကျုပ်အကြောက်ဆုံးက သေရမှာကိုပဲ"

"ခုတော့ ရှင်က ဘာလို့ အကြောက်အလန့် မရှိရတာလဲ"

"ကြောက်လို့လဲ ဘာထူးမှာလဲ၊ သေရမှာပဲ မဟုတ်လား"

"တကယ်လို့ ကျမတို့က ရှင်ကြောက်လန့်နေတာကို ကြည့်ပြီး သနားလို့ မသတ်ပဲ လွှတ်ပေးရင်ကော"

"ကျုပ်ရဲ့ သေခြင်းတရားကို ခင်ဗျားတို့ ဆုံးဖြတ်စရာ မလိုသေးပါဘူး"

"ရှင်ဒီလိုပဲ သတ်မှတ်ထားသလား"

"ဟုတ်တယ်၊ သတ်မှတ်ထားတယ်"

မိန်းမပျိုလေး မျက်လုံးအိမ်ထဲတွင် အရောင်တချက် လက်သွား၏။

ရှောက်ချူးရွှေ၏ သတ္တိနှင့် ဗျတ္တိကို စိတ်ထဲက လေးစား အသိအမှတ် ပြုလိုက်မိသည်။

"ကျုပ် ခင်ဗျားကို လေးစားချီးကျူးပါတယ်"

ဝတ်စုံဖြူဝတ်လူက ကောက်ကာငင်ကာ ပြောသည်။

ရှောက်ချူးရွှေကလည်း တည်ကြည်လေးနက်စွာပင်..

"ကျုပ်ကလဲ ခင်ဗျားတို့ကို လေးစားချီးကျူးပါတယ်"

ဝတ်စုံဖြူ အထူးအဆန်းကို ကြားလိုက်ရသလို ဖြစ်သွား၏။

"ဘာကြောင့် လေးစားချီးကျူးရတာလဲ"

"ကျုပ်လေးစားချီးကျူးတာက ခင်ဗျားတို့ရဲ့ ဓားထွက်တာ လျင်မြန်လွန်းလို့ မဟုတ်ဘူး၊ ခင်ဗျားတို့ရဲ့ တေးဂီတလက်သံကောင်းမွန်လွန်းလို့ပဲ"

ဂီတသမားသုံးယောက် မှင်တက်နေမိကြသည်။

ရှောက်ချူးရွှေ လည်ပင်းတွင် တေ့ထားသော ဓားကိုမူ မရုပ်။

ရှောက်ချူးရွှေက ဆက်လက်၍..

"ခင်ဗျားတို့ရဲ့ တေးဂီတသံစဉ်က သိပ်ကို ကောင်းမွန်လှပါတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ ပူးတွဲ မတီးမှုတ်ဘဲ တယောက်စီ အလှည့်ကျ တီးမှုတ်ကြရတာလဲ၊ ခင်ဗျားတို့ရဲ့ ပူးပေါင်းဓားကွက်က မြင့်မားထက်မြက်သလို တေးဂီတသံစဉ်ကိုလဲ ပူးတွဲ တီးမှုတ်ကြရင် သိပ်ကို နားဝင်ပီယံ ရှိလိမ့်မယ်လို့ ကျုပ်ထင်တယ်"

သေခြင်းတရားနှင့် ရင်ဆိုင်နေစဉ်မှာပင် ရှောက်ချူးရွှေက တေးဂီတအကြောင်းကို တလေးတစား ပြောဆိုနေသဖြင့် ဝတ်စုံဖြူနှင့် မိန်းမပျိုလေး နှစ်ယောက်တို့မှာ ဓားကိုင်လက်ပင် တုန်ခါသွားလောက်အောင် အံ့အားသင့်သွားကြသည်။

"ခင်ဗျား ကျုပ်တို့ကို စိတ်မဆိုးဘူးလား၊ အပြစ်မတင်ဘူးလား"

ဝတ်စုံဖြူ စိတ်လှုပ်ရှားစွာ ပြောသည်။

ရှောက်ချူးရွှေ မျက်မှောင်ကြုတ်ကာ...

"ဘာဖြစ်လို့ အပြစ်တင် စိတ်ဆိုးရမှာလဲ"

"ခင်ဗျားကို ကျုပ်တို့က ပရိယာယ်နဲ့ ဖျားယောင်းဖမ်းဆီးလိုက်တာပဲ၊ အခု ကျုပ်လက်တချက် ရှေ့ကို တိုးလိုက်ရင် ခင်ဗျား ဘာဖြစ်သွားမလဲ"

"ကျုပ် သေသွားမှာပေါ့၊ ခင်ဗျားတို့က ကျုပ်ကို တေးဂီတနဲ့ ဆွဲဆောင်တယ်၊ ကျုပ်ကတော့ တေးဂီတမှာ နစ်မြောသွားလို့ ရှုံးနိမ့်ခဲ့တယ်၊ ဒီအတွက် ခင်ဗျားတို့ကို ဘာအပြစ်တင်စရာ ရှိသလဲ၊ အင်း..ကျုပ်စိတ်မကောင်းဖြစ်မိတာက ကျုပ်ထမ်းဆောင်ရမယ့် တာဝန်ဝတ္တရားတွေ မပြီးဆုံးသေးတာပဲ"

ဝတ်စုံဖြူလူငယ် စိတ်မကောင်းဖြစ်ဟန်ဖြင့် ...

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့က ခင်ဗျားကို လိမ်ညာလှည့်ဖျားခဲ့တာပဲ၊ ပြီးတော့ ခင်ဗျားကိုလဲ သတ်ရလိမ့်ဦးမယ်"

"ကျုပ်သိပါတယ်"

"ဘာကြောင့် ခင်ဗျားကို သတ်ရတာလဲဆိုတာကော သိလား"

"မသိဘူး၊ အကြောင်းတခု ရှိလိမ့်မယ်လို့တော့ ကျုပ်စဉ်းစားမိတယ်"

"ဟုတ်တယ်၊ ကျုပ်တို့ သုံးယောက်ဟာ သုံးမျိုးထူးချွန်နတ်ဓားရဲ့ တပည့်သုံးယောက်ပဲ၊ ပလွေဓား ကျန်းရှုယင်း၊ မိကျောင်းဓား ဝန်းယန့်ယန့်၊ တယောဓား တိန်တောက်ယန်ဆိုတာ ကျုပ်တို့ရဲ့ ဘွဲ့နာမည်တွေပဲ"

ဝတ်စုံဖြူ၏ စကားအဆုံးတွင် မီးခိုးရောင် ဝတ်စုံလူငယ်၏ အော်ဟစ်အမိန့်ပေးသံ ထွက်ပေါ်လာသည်။

"ဓားရုပ်သိမ်းလိုက်ကြ"

မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် ဓားသုံးချောင်းက ရုတ်ခြည်း ပျောက်ကွယ်သွားသည်။

မိကျောင်း၊ တယော၊ ပလွေထဲသို့ တိုးဝင် နစ်မြုပ်သွားသည်။

ရောက်ချူးရွှေသည် သူ့လည်ပင်း သူစမ်းကာ တံတွေးကို မျိုချလိုက်မိသည်။

သက်ပြင်းတချက်ချကာ လက်သီးဆုပ် အရိုအသေပေးလိုက်ပြီး...

"ဆရာ ခုံယန်ချင်ရဲ့ တပည့်ကြီးတွေ ဖြစ်လျက်နဲ့ ကျုပ်ကို ဘာဖြစ်လို့ မသတ်ကြရတာလဲ"

မီးခိုးရောင်ဝတ်စုံလူက အသံအောအောဖြင့်...

"ကျုပ်တို့မှာ အကြောင်းရှိလို့ပဲ၊ ခင်ဗျားဟာ သေရမှာတောင် မကြောက်ရွံ့တဲ့ ယောကျ်ားကောင်း တယောက်ဖြစ်တဲ့အပြင် ကျုပ်တို့ရဲ့ တေးဂီတသံစဉ်ကို နားလည်သဘောပေါက်တဲ့လူလဲ ဖြစ်တယ်၊ ဂီတချစ်မြတ်နိုးတဲ့သူကို ကျုပ်တို့ အခွင့်အရေး ပေးရလိမ့်မယ်၊ ဒါပေမယ့် ဆရာ့အမိန့်ကို မလွန်ဆန်ဝံ့တော့ ခင်ဗျားကို သတ်ရဦးမှာပဲ"

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"ခင်ဗျား ဓားကိုသာ ဆွဲထုတ်လိုက်ပါ"

ရောက်ချူးရွှေ နားလည်သဘောပေါက်သွားသည်။

ဂီတသုံးပါး မဟာဓားသမား သုံးယောက်သည် မိမိအား လက်နက်မဲ့နေသည့်အတွက် တဖက်သက် အနိုင်မယူဘဲ ယှဉ်ပြိုင်တိုက်ခိုက်ပြီးမှ သုတ်သင်ပစ်မည့် သဘောပင်တည်း။

ရောက်ချူးရွှေ သူ့ဓားရှည်ကို လှမ်းယူပြီး ဓားအိမ်ထဲမှ ဖြည်းညင်းစွာ ဆွဲထုတ်လိုက်သည်။

မီးခိုးရောင် ဝတ်စုံလူက ရောက်ချူးရွှေ၏ ဓားကို ကြည့်ပြီး မျက်ခုံးနှစ်ဖက် တွန့်သွားသည်။

"ပန်းချူးနတ်ဓား မဟုတ်လား"

"ဟုတ်တယ်"

"တယ်ကောင်းတဲ့ ဓားပဲ"

"ခင်ဗျားတို့ ဩဇာအာဏာဂိုဏ်းထဲက လူတွေလား"

"မဟုတ်ဘူး၊ တို့ဟာ ငယ်ငယ်လေးထဲက မိဘမဲ့တွေ၊ ဆရာက ကျွေးမွေးစောင့်ရှောက်ခဲ့လို့ ဒီလိုဖြစ်လာခဲ့ရတာ၊ ဒါကြောင့် သူက ဘာလုပ်ခိုင်းခိုင်း တို့က လက်မရွံ့ဘဲ လုပ်ပေးရလိမ့်မယ်"

"ခင်ဗျားတို့ရဲ့ ဂီတသံစဉ်တွေကို နားထောင်ကြည့်ရုံနဲ့ ခင်ဗျားတို့ဟာ စိတ်ထားယုတ်မာတဲ့ လူတွေ မဟုတ်နိုင်ဘူးဆိုတာ ကျုပ်ခန့်မှန်းမိတယ်၊ ခင်ဗျားတို့ဆရာဟာ ဩဇာအာဏာဂိုဏ်းရဲ့ ရုပ်သေးတရုပ်လို ဖြစ်နေတယ်၊ ဩဇာအာဏာဂိုဏ်းဟာ သိုင်းလောကရဲ့ ဒုစရိုက်မှန်သမျှ လျှောက်လုပ်နေတယ်ဆိုတာ ခင်ဗျားတို့ မကြားမိကြဘူးလား"

တခဏမျှ တိတ်ဆိတ်သွားသည်။

မီးခိုးရောင် ဝတ်စုံဝတ်လူက အတန်ကြာမှ အေးဆေးတည်ငြိမ်စွာ ပြောသည်။

"ကျုပ်တို့ဟာ သွေးအေးအေးနဲ့ ရက်စက်တတ်ကြတဲ့ လူတွေ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျေးဇူးတရားဆိုတာ ကျုပ်တို့ကို ဘယ်လိုမှ မေ့ပျောက်ချေဖျက်လို့ မရနိုင်ဘူး၊ ခင်ဗျားစိတ်ထဲမှာ ကျုပ်တို့ကို မကျေနပ်ဘူးဆိုတာ သိတယ်၊ ဒါပေမယ့် တလုပ်စားဖူး သူ့ကျေးဇူးဆိုတဲ့ စကားပုံရှိသလို ဆရာ့ ထမင်းဟင်းတွေကို ကျုပ်တို့ စားခဲ့ရတာ နှစ်ပေါင်း နှစ်ဆယ်ကျော် ရှိခဲ့ပြီ၊ ဒီတော့ မှားတာမှန်တာ သင့်မြတ်တာ မသင့်မြတ်တာထက် သူ့ဆန်စားမိတော့မှ ရဲရတော့မှာပဲ"

"ခင်ဗျားတို့ စိတ်ဓာတ်ကို ကျုပ်နားလည်တယ်၊ ဒါပေမယ့် တေးဂီတဆိုတာ လူတွေရဲ့ စိတ်ထားကို နူးညံ့ပျော့ပျောင်းစေတယ်၊ ဒေါသနဲ့ မာန်မာနကို ချေဖျက် ပြေပျောက်စေတယ်၊ အခုတော့ ခင်ဗျားတို့ဟာ ဂီတသမားတွေနဲ့ မတူတော့ဘူး၊ စိတ်ကြမ်းခက်ထန်တဲ့ သားသတ်သမားတွေလို ဖြစ်နေပြီ"

မီးခိုးရောင် ဝတ်စုံနှင့်လူ စိတ်မရှည်တော့။

ရှေ့သို့ ခြေတလှမ်းတက်ကာ ခက်ထန်မာကျောသော လေသံဖြင့်...

"အပိုတွေ ပြောမနေနဲ့တော့၊ ခင်ဗျားပြောလဲ ကျုပ်တို့ နားဝင်မှာ မဟုတ်ဘူး၊ ခင်ဗျားကို နောက်ဆုံးအနေနဲ့ သတိတော့ ပေးလိုက်မယ်၊ ကျုပ်တို့ သုံးယောက်ဟာ ဂီတကိုသာ ပူးတွဲ မတီးမှုတ်ပေမယ့် ဓားသိုင်းပညာကိုတော့ အတူတူ ပူးပေါင်းလေ့ကျင့်နေကျ"

"အခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ်၊ ကျုပ်ကတော့ မသေခင်မှာ ခင်ဗျားတို့ကို တတ်နိုင်သလောက် ဖျောင်းဖျရဦးမှာပဲ၊ အမှန်တရားနဲ့ သစ္စာတရားကို ခင်ဗျားတို့ နားမဝင်ရင်လဲ မတတ်နိုင်ဘူး၊ ခင်ဗျားတို့ သုံးယောက် ပူးပေါင်း တိုက်ခိုက်တာကို ကျုပ်အနေနဲ့ ယှဉ်ပြိုင်နိုင်မယ် မဟုတ်မှန်း ကြိုသိပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ ကျုပ်ကို မညှာတာပါနဲ့၊ တာဝန်ကျေကျေသာ ထမ်းဆောင်ကြပါ၊ သေခြင်းရှင်ခြင်းဆိုတာ ကံကြမ္မာရဲ့ အဆုံးအဖြတ်ပေါ်မှာသာ မူတည်တာပါ၊ ကံမကောင်း အကြောင်းမလှလို့ ကျုပ်ရှုံးနိမ့်ခဲ့ ရရင်လဲ ခင်ဗျားတို့ရဲ့ သိုင်းပညာကို မမီလို့ ရှုံးနိမ့်ရတယ်လို့ မှတ်ယူပါ့မယ်၊ ခင်ဗျားတို့ကို အငြိုးအတေးမထားဘူးဆိုတာ ယုံပါ"

စကားဆုံးသည်နှင့် ရောက်ချူးရွှေ ဓားကိုမကာ မီးခိုးရောင် ဝတ်စုံဝတ် တိန်တောက်ယန်အား လှမ်းထိုးလိုက်တော့သည်။

တိုက်ပွဲစပြီ။

ရောက်ချူးရွှေ၏ ဓားကွက်က ဟန်ဆောင် ဓားကွက်ဖြစ်၏။

တိန်တောက်ယန် ကိုယ်ခန္ဓာနောက်သို့ တလှမ်းဆုတ်လိုက်ပြီး တယောအိမ်ထဲမှ ဓားရှည်ကို ဆွဲထုတ်သည်။

ရောက်ချူးရွှေ ဆက်မလိုက်။

နေရာတွင်ပင် အာရုံစူးစိုက်ရပ်နေသည်။

တိန်တောက်ယန်က ဓားရှည်ဆွဲထုတ် ပြီးသည်နှင့် ရောက်ချူးရွှေ၏ ချိုင်းအောက် အချက်အချာနေရာကို ထိုးသွင်းသည်။

ရောက်ချူးရွှေက ဓားကိုယ်ထည်ဖြင့် ဖိကပ်ကာ 'ပန်းရွှေကျောက်ခိုး' တိုက်ကွက်ဖြင့် ခုခံသည်။

သူ့ဓားက တိန်တောက်ယန်၏ ဓားကို ဖိကပ်မိတော့မည့်အချိန်တွင် တိန်တောက်ယန် ရုတ်တရက် တိုက်ကွက်ပြောင်းသွားသည်။

"ရွှပ် ... ရွှပ် ... ရွှပ်"

ဓားအလင်းတန်း သုံးချက်ပြက်ကာ ဓားရှည်တချောင်းထဲက ဓားသုံးစင်းအသွင် ဖြစ်ပေါ်လျက် ရောက်ချူးရွှေထံ တိုးဝင်လာသည်။

ရောက်ချူးရွှေ ထိပ်တိုက် ရင်မဆိုင်ရဲတော့။ ဓားရှည်ကို ရုပ်သိမ်းကာ ခုန်ပျံ နောက်ဆုတ် ပေးလိုက်ရ၏။ သို့တိုင် ဓားသွားနှင့် ရုပ်ထိမိကာ သူ့ဝတ်စုံ အနည်းငယ် ဆုတ်ပြဲသွားရသည်။

"နည်းနည်း ကြမ်းသွားတာ ခွင့်လွှတ်ပါ"

တိန်တောက်ယန်က အေးတိအေးစက် လေသံဖြင့် ပြောပြီး ဓားကွက် ခင်းကာ ရှေ့သို့ တက်လာသည်။

တချိန်တည်းမှာပင် မိန်းမပျိုလေး ကျန်းရှုယင်းနှင့် ဝတ်စုံဖြူဝတ် ဝန်းယန့်ယန့်တို့ နှစ်ယောက်သည် အခြားထောင့်နှစ်ဘက်မှ ဝင်ရောက်တိုက်ခိုက်လာသည်။

ရောက်ချူးရွှေ အားတင်းကာ ပန်းချောင်းဓားဂိုဏ်း၏ ရှုပ်ထွေးထူးခြား ပြောင်မြောက်သော တိုက်ကွက်များဖြင့် တိုက်ခိုက်သည်။

အထိုးအခုတ်၊ အဆုတ်အတက်၊ အပက်အကာ မလစ်ဟာရလေအောင် တိုက်ကွက် ဆယ့်ခုနစ်ကွက် ထုတ်ဖော်တိုက်ခိုက်သည်။

ဂီတသုံးပါး မဟာဓားသမား သုံးယောက်ကလည်း ရောက်ချူးရွှေ၏ တိုက်ကွက်ကို အကွက်ကျကျ ခုခံချေဖျက်သည်။

လူလေးယောက် ရောထွေးတိုက်ခိုက် နေကြသည်မှာ ငှက်ကလေး လေးကောင် အတောင်ပံဖြန့်ကာ တကောင်နှင့် တကောင် ကျီစယ်နေသည့်အလား ရှိတော့သည်။

တိုက်ကွက်ပေါင်း သုံးဆယ်လောက်အထိ ရောက်ချူးရွှေက တိုက်စစ်နှင့် ရင်ဆိုင်နိုင်သေးသည်။

တိုက်ကွက် လေးဆယ်သို့ ရောက်လျှင် လက်ရည်တူလာပြီး လေးဆယ်ကျော်လာသော အခါတွင်ကား ရောက်ချူးရွှေမှာ အောက်စည်းသို့ လုံးလုံးလျားလျားပင် ရောက်ရှိသွားတော့လေသည်။

တန်ပြန် တိုက်စစ်ဆင်ကွက် လုံးဝမရှိတော့။

နဖူးပေါ်တွင် ချွေးများ အသီးသီးထလာသည်။

တကိုယ်လုံးရှိ ဒဏ်ရာများကလည်း နာကျင်ကိုက်ခဲလာသည်။

ဓားသုံးစင်းက သူ့ဝိဥာဉ်ကို နုတ်ခြွေတော့မည်။

ရောက်ချူးရွှေ ဓားရှည်ကို ကန့်လန့်ဖြတ်လွဲကာ ဓားသုံးစင်းကို ဖယ်ထုတ်သည်။

"ထန် ... ထန် .... ထန်"

သံချင်းထိခတ်သံ သုံးချက်က ဂီတသံအလား ထွက်ပေါ်လာသည်။

ဓားသုံးစင်း၏ ဓားဦးချွန်များက ရောက်ချူးရွှေ၏ ဓားကိုယ်ထည်ကို ထိုးစိုက်သွားမိခြင်းပင်တည်း။အခြေအနေ မဟန်တော့သဖြင့် ရောက်ချူးရွှေသည် သိမ်းငှက်တကောင်အလား ခုန်လွှားကာ ဇရပ်အပြင်ဘက်သို့ ထွက်ရန်ပြင်သည်။

ဓားသုံးစင်းက သူနှင့်အတူ ကပ်လျက် လိုက်ပါလာသည်။

ရောက်ချူးရွှေ၏ ကိုယ်ခန္ဓာက လေထဲတွင် မြောက်တက်နေသည်။

ဓားသုံးစင်းကလည်း တပါတည်း လိုက်လံတိုက်ခိုက်နေပြန်သည်။ ရှောင်ရှားဖို့ မလွယ်တော့။

သို့သော် ရောက်ချူးရွှေသည် ပန်းချောင်းဓားသိုင်းကွက်ထဲမှ လေငြိမ်ပန်းကြွေသိုင်းကွက်ကို ထုတ်သုံးလိုက်သည်။

သူ့ခန္ဓာကိုယ်မှာ လေဟာနယ်ထဲမှ အောက်သို့ တည့်မတ်စွာ ပြုတ်ကျလာသည်။

ဓားသုံးစင်းကလည်း သူ့မျက်စိရှေ့၊ နှာခေါင်းထိပ်၊ အင်္ကျီရင်ဘတ်တို့ ရှေ့မှ ပွတ်ကာသီကာ ဖြတ်ကျော်သွားကြသည်။ လေငြိမ်ပန်းကြွေ တိုက်ကွက်မှာ ရောက်ချီးအူက ပန်းပွင့်ကြွေကျသည်ကို ကြည့်ပြီး တီထွင်ခဲ့ခြင်းဖြစ်သည်။

ရုတ်တရက် လေအလျင်ကဲ့သို့ ထပျံနိုင်ပြီး အမှီအခို ကင်းမဲ့စွာ ရုတ်ချည်း ပြုတ်ကျလာနိုင်ပေသည်။

ရောက်ချူးရွှေ ဓားချက်သုံးချက်မှ လွတ်ကင်းကာ အောက်သို့ပြုတ်ကျလာသလို ဂီတသုံးပါး မဟာဓားသမားသုံးယောက်၏ ဓားဦးချွန်များကလည်း ချက်ချင်းပင် အောက်သို့ လှည့်ပြောင်း ထိုးစိုက်လာပြန်သည်။

ရောက်ချူးရွှေ၏ ခြေဖျား မြေပြင်နှင့် ထိစအချိန်မှာပင် ဓားသုံးစင်းက သူ့မျက်စိ၊ နှာခေါင်း၊ ရင်ဘတ်တို့ဆီသို့ ဦးတည်လာသည်။

ရုတ်ချည်းပင် ရောက်ချူးရွှေ ခန္ဓာကိုယ်ကို နောက်သို့ ကွေးလှန်ချလိုက်သည်။

ဓားသုံးစင်း၏ တိုက်ကွက်မှ လွတ်သွားသည်။

သို့သော် ဂီတသုံးပါး မဟာဓားသမား သုံးယောက်၏ ဓားသုံးချောင်းက ရောက်ချူးရွှေ၏ ဦးခေါင်းပေါ်မှ ဖြတ်ကျော်လျက် နောက်ကျောသို့ ထိုးသွင်းသည်။

ရှေ့တွင်လည်း လူရိပ်က ရှိနေပြန်သည်။

ရောက်ချူးရွှေ မည်သို့မျှ မတတ်နိုင်တော့။

ရှေ့သို့ တက်လမ်းမရှိသလို နောက်သို့ ဆုတ်၍လည်း မဖြစ်တော့။

ခုခံရန်လည်း ခါးကို ကွေးညွတ်ထားရာ အခွင့်မသာတော့။

ထိုစဉ်မှာပင်....

"ဒလန် ... ဒလန် ... ဒလန်'

လက်နက်ချင်း ထိခတ်သံများ ထွက်ပေါ်လာပြီး ရောက်ချူးရွှေ၏ အသက်ဇီဝိန်ကို နုတ်ခြွေမည့် ဓားသုံးလက် ရုတ်တရက် ပျောက်ကွယ်သွားသည်။

ရောက်ချူးရွှေလည်း ငါးဖယ်ခုန်ခုန်ကာ မတ်တတ်ထရပ်လိုက်မိသည်။

အန္တရာယ်အလုံးကြီးကျသွားသလို ဝမ်းသာပျော်ရွှင်မှုက သူ့ရင်ထဲသို့ အစိုင်အခဲ ကြီးမားစွာ ဝင်ရောက်လာတော့သည်။

ပလွေဓားရှင် ကျန်းရှူယင်း၏ ဓားသွားသည် ပလွေပေါ်တွင် ဆက်နေသဖြင့် ဓားတချက် ဆွဲခြစ်လိုက်တိုင်း ပလွေပေါက်က လေထုကို ထိုးဖောက်မိရာ ပလွေသံစဉ် ထွက်ပေါ်လာ၏။

ရောက်ချူးရွှေ၏ နောက်ကျောဘက်မှ သေကွင်းသေကွက်နေရာသို့ ဓားဦးချွန်နှင့် ထိုးစိုက်ရတော့မည့်အချိန်တွင် သူမစိတ်ထဲ ဝမ်းပန်းတနည်း ခံစားလိုက်ရသည်။

ရဲရင့်တည်ကြည်သော၊ ယောကျာ်းပီသလှသော သူရဲကောင်းတယောက်အား သတ်ရမည်ကို မလုပ်ရက်အောင် ဖြစ်လာသည်။

သို့သော် တာဝန်နှင့် ကျေးဇူးတရားက ဟန့်တားလိုက်သောအခါ သူမဓားကွက်က သတ်ဖြတ်ကွက်သို့ ပြောင်းလဲလာသည်။

သူမ၏ လက်တချောင်း တုန်ခါလိုက်လျှင် ဓားချက် ဆယ့်သုံးချက် ထိုးထွက်လာနိုင်သည်။

ဂီတသုံးပါး မဟာဓားသမား သုံးယောက်ထဲတွင် သူမ၏ လှုပ်ရှားမှုက အသွက်လက် အဖျတ်လတ်ဆုံး ဖြစ်သည်။

ယခုသော်ကား သူမအနေနှင့် ရောက်ချူးရွှေကို သတ်ဖြတ်ကွက် ထုတ်စဉ်မှာပင် ဓားရှည်တလက်က လျှပ်တပြက် ဓားချက် ဆယ့်ခုနစ်ချက် ထွက်ပေါ်ဟန့်တားလာသည်။

ဆယ့်သုံးချက်သာ ခုခံနိုင်ပြီး အချက်ပို လေးချက်က သူမ၏ ပလွေဓားကို တုန်ခါ လွင့်ထွက်စေခြင်း၊ လက်ကောက်ဝတ်ကို ထိုးခုတ်စေခြင်း၊ နောက်ဆုတ်လမ်းကို ပိတ်ဆို့စေခြင်းတို့ ပြုလုပ်ခဲ့သည်။

နောက်ဆုံး စတုတ္ထဓားချက်ကမူ သူမ၏ လည်ပင်းပေါ်၌ ရုတ်တရက် ရပ်တန့်သွားခဲ့ရလေသည်။

ကျန်းရှုယင်း မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

သေမည့်အချိန်ကို စောင့်မျှော်နေသော်လည်း တဖက်သားက လှုပ်ရှားမှု မရှိသဖြင့် မျက်လုံးအစုံကို ပြန်ဖွင့်ကြည့်လိုက်သည်။

မာန်မာန ကြီးရင့်သည့် မျက်နှာထား၊ ရက်စက်သည့် အရာတွင် ကရုဏာတရား ကင်းမဲ့သည့် မျက်လုံး၊ ရဲရင့်တည်ကြည်သော အသွင်တို့ဖြင့် ဝတ်ရုံဖြူဝတ်လူငယ်တယောက်ကို တွေ့လိုက်ရသည်။

ကျန်းရှုယင်းမှာ ထိုသူကို တွေ့လိုက်သည်နှင့် စိတ်ထဲတွင် တုန်လှုပ်ချောက်ချားသွားမိသည်။

ဦးနှောက်ထဲတွင်လည်း အမည်နာမတခုကို ဖျတ်ခနဲ သတိရလိုက်သည်။

"တောင်ပင်လယ် ဟိုင်နန်ဓားဂိုဏ်းက တိန်ယိဖိန်ဆိုတာ ရှင်လား"

လူငယ်၏ မျက်လုံးအိမ်တွင် အပြုံးရိပ်ငွေ့ငွေ့ သန်းလာသဖြင့် ရက်စက်မှု အရိပ်အယောင်များ လျော့ပါးသွားသည်။

ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ကာ...

"တိန်ယိဖိန် မဟုတ်ဘူး၊ ကျုပ် တိန်ယိဟန်"

ကျန်းရှုယင်းမှာ ငေးကြောင်နေမိတော့သည်။

သူမဘက်က ရှုံးနိမ့်သလို ဝန်းယန့်ယန့်သည်လည်း ကျိုးကျူးချောက်လန်၏ မဟာဖမ်းချုပ်လက်သိုင်းကွက်ကြောင့် လက်ထဲမှ ဓားရှည် လွတ်ကျကာ ဖမ်းဆုပ် ထိန်းချုပ်ထားခြင်း ခံနေရ၏။

ထို့အတူ တိန်တောက်ယန်မှာမူ ဘယ်ဘက်လက်မောင်းတွင် ထန်ဖန်း၏ ဓားပျံစိုက်ဝင်ခံရကာ လက်ထဲမှ ဓားရှည်လည်း လွတ်ကျသွားခဲ့ရ၏။

ဓားပျံစိုက်ဝင်မှုကြောင့် သူ့လက်မောင်းတဖက်လုံးတွင် သွေးများ ရဲခနဲ ဖြာကျလာ၏။

ဤမျှ သွက်လက်မြန်ဆန်လှသော တိုက်ကွက်တကွက်ကို ချောမောလှပလွန်းသည့် မိန်းကလေးတယောက်က ဖန်တီးနိုင်လိမ့်မည်ဟု မထင်ခဲ့သဖြင့် ငေးစိုက်ကြည့်နေမိသည်။

ပြောင်းလဲသွားသော အဖြစ်အပျက်များ အပြီးတွင် စတင်လှုပ်ရှားလာနိုင်သူမှာ ရောက်ချူးရွှေ ဖြစ်ပေသည်။

"ထန်ဖန်း ... ထန်ဖန်း .... မင်းတို့ ရောက်လာကြပြီနော်"

ရောက်ချူးရွှေသည် ဝမ်းသာပီတိဖြစ်လွန်းမှုကို မထိန်းချုပ်နိုင်ဘဲ ထန်ဖန်း၏လက်ကို သွားရောက် ဆွဲငင်ဆုပ်ကိုင်မိသည်။

ထန်ဖန်း မရှန်းဖယ်၊ ဝမ်းသာပီတိဖြစ်သော မျက်ဝန်းတစုံဖြင့်သာ ရောက်ချူးရွှေကို ငေးရီကြည့်နေမိသည်။

"ကျိုချူး...ယိဟန်...မင်းတို့လဲ လိုက်လာကြပြီနော်"

တဆက်တည်းပင် ကျိုးကျူးချောက်လန်တို့အား ဝမ်းသာအားရ နှုတ်ဆက်သည်။

ကျိုချူးချောက်လန်က ရယ်မောလိုက်ကာ...

"မသေသေးရင် လာနိုင်တာပေါ့"

တိန်ယိဟန်ကလည်း...

"အခုလို ရောက်လာတာ အချိန်မီသေးတယ် ခေါ်ရမယ်"

၂ရောက်ချူးရွှေ ဘာမျှ ပြန်မပြော။

ဝမ်းသာလွန်းသဖြင့် သူ့နှုတ်ဖျားက ဆွံ့အသလို ဖြစ်နေ၏။

"ဒီလူသုံးယောက်ကို သတ်ပစ်မလား၊ မသတ်ပစ်ဘူးလား"

ထန်ဖန်းက ရုတ်တရက် မေးသည်။

ရောက်ချူးရွှေ ခဏမျှ ငေးငိုင်သွားပြီးမှ ...

"ဟင့်အင်း...သူတို့ကို မသတ်ဘူး"

"ဘာကြောင့် မသတ်ရတာလဲ"

"ခုနက သူတို့ ငါ့ကို မသတ်ခဲ့လို့ဘဲ၊ မင်းတို့ကို ဘယ်လို ရှင်းပြရမှန်းတောင် မသိတော့ဘူး၊ ငါ့စိတ်ထဲမှာ ဝမ်းသာလွန်းလို့ စကားတောင် မပြောနိုင်အောင် ဖြစ်နေရပြီ"

ထန်ဖန်း ရယ်ပြုံးလိုက်ပြန်သည်။

"ကျမ နားလည်ပါတယ်၊ ကဲ..ရှင်လဲ သွားပေတော့"

ထန်ဖန်းသည် ရှောက်ချူးရွှေကို ပြောရင်းမှ တိန်တောက်ယန်ကို တဆက်တည်း ပြောလိုက်သည်။

ကျိုချူးချောက်လန်က ဝန်းယန့်ယန့်အား ဖမ်းချုပ်ထားရာမှ လက်ဖြေလွှတ်လိုက်သလို တိန်ယိဟန်ကလည်း ကျန်းရှုယင်း၏ လည်ပင်းတွင် တေ့ထောက်ထားသော ဓားကို ရုပ်သိမ်းလိုက်သည်။

ဂီတသုံးပါး မဟာဓားသမား သုံးယောက် ဇရပ်တွင်းမှ ထွက်ခွာရန် ဟန်ပြင်စဉ်မှာပင် ရှောက်ချူးရွှေက ကမန်းမတန်းပင်...

"ခင်ဗျားတို့ သုံးယောက် စောစောက ကျုပ်ကို မသတ်ခဲ့တာ ကျေးဇူးတင်ပါတယ်၊ အခုတော့ ကျုပ်တို့ နှစ်ဘက်စလုံး ကျေးဇူးတင်စရာ မလိုတော့ဘူး၊ ကျုပ်ညီတောနှစ်ယောက်နဲ့ မိန်းကလေးထန်ဖန်းတို့ ရောက်လာကြပြီ၊ ခင်ဗျားတို့ ကျုပ်တို့ကို ဘယ်လိုမှ သတ်နိုင်ဖို့ မျှော်လင့်ချက် မရှိတော့ဘူး၊ ခင်ဗျားတို့ရဲ့ စိတ်ထားတွေဟာ မြင့်မြတ်ကြပါတယ်၊ ဒုစရိုက် အားပေးတဲ့ အလုပ်တွေကို ဘာလို့ ဆက်လုပ်ကြမှာလဲ၊ သိက္ခာရှိရှိ ထင်ထင်ပေါ်ပေါ်နဲ့ သစ္စာတရား လက်ကိုင်ထားပြီး သိုင်းလောက လူဆိုးလူသွမ်းတွေကို နှိမ်နင်းကြပါ၊ ခင်ဗျားတို့ရဲ့ ဂီတသံတွေက လူတွေရဲ့ စိတ်ဓာတ်ကို ညှတ်နူးပျော့ပျောင်းအောင် ဆွဲဆောင်နိုင်သလို ခင်ဗျားတို့ရဲ့ သိုင်းပညာနဲ့ သိုင်းလောကကြီးကို မဆွဲဆောင်နိုင်ကြတော့ဘူးလား၊ ခင်ဗျားတို့ဟာ ကျေးဇူးနဲ့ ရန်ငြိုးကို ဝေခွဲတတ်တယ်၊ အရှုံးအနိုင်ကိုလဲ ညစ်ပတ်ကောက်ကျစ်တဲ့ စိတ်နဲ့ မဖန်တီးတတ်ဘူး၊ လူကောင်းလူတော်တွေ ဖြစ်လျက်နဲ့ ဘာကြောင့် ဒုစရိုက်သမားဆီမှာ မှီခိုပြီး ကိုယ့်နာမည် ကိုယ့်ဂုဏ်သိက္ခာကို ညှိုးနွမ်းနံစော်စေချင်ရတာလဲ၊ ခင်ဗျားတို့ အချိန်မီ ပြုပြင်ကြ၊ ပြောင်းလဲကြပါလို့ ကျုပ်တောင်းပန်ပရစေ'

ဝန်းယန့်ယန့် မျက်လုံးထဲတွင် တွေဝေမိန်းမောသည့် အရိပ်အယောင်များ ထွက်ပေါ်လာသည်။

တိန်တောက်ယန်ကမူ လေးလေးစားစား တည်တည်ကြည်ကြည် ခါးညွတ်အရိုအသေ ပြုလိုက်သည်။

ထို့နောက် စကားတခွန်းမျှ မပြောဆိုဘဲ ဝန်းယန့်ယန့်နှင့် ကျန်းရှုယင်းတို့ကို ဦးဆောင်ကာ ဇရပ်တွင်းမှ ထွက်ခွာသွားတော့သည်။

ရှောက်ချူးရွှေတို့လည်း ဇရပ်ထဲတွင် ကြာကြာအချိန် မဖြုန်းနိုင်။

အနည်းငယ် စကားစမြည် ပြောဆိုကြပြီးနောက် ရှေ့သို့ ခရီးဆက်ခဲ့ကြလေတော့သည်။

## အခန်း (၅)

ရောက်ချူးရှွေတို့ လေးယောက်သည် လိပ်ရှမ်းဇရပ်မှ အေးချမ်းစွာပင် ထွက်လာခဲ့ကြသည်။

စဲ့ချွမ်းနယ်ကို ဖြတ်ကျော်ပြီးနောက် ကွေ့ကျိုးနယ်ထဲသို့ ဝင်လာသည့်တိုင် အန္တရယ်အတားအဆီး တစုံတခုမျှ ရင်ဆိုင်တွေ့ကြုံခြင်း မရှိခဲ့။

ကွေ့ကျိုးနယ် ဟွမ်ဟိုရေတံခွန်အတိုင်း အူကျန်းမြစ်ကို ဖြတ်သန်းသွားလျှင် ကွမ်းစီးနယ်သို့ မကြာခင်ပင် ရောက်ရှိမည် ဖြစ်သည်။

ကွမ်းစီးသို့ရောက်လျှင် ကွေးလင်သို့ ရောက်နိုင်ပေပြီ။

ခရီးတဝက်လောက် ကျိုးလာခဲ့ပြီမို့ ရောက်ချူးရှွေတို့ လေးယောက်မှာ အားတက်ဝမ်းသာနေမိကြသည်။

သူတို့ နန့်မိန်ချောင်းကမ်းနဖူးတွင် တည်ဆောက်ထားသည့် ကျရှုပျော်ပွဲစားရုံဘက်သို့ လျှောက်လာခဲ့သည်။

ကျရှုပျော်ပွဲစားရုံဘေးနားတွင် ချီဟုန်တံတားတခု ရှိသည်။

ရောက်ချူးရှွေတို့လေးယောက်သည် ကျရှုပျော်ပွဲစားရုံအတွင်းသို့ ဝင်လာခဲ့ပြီး ဟင်းလျာများ မှာယူသည်။

ဟင်းလျာများ ရောက်လာလျှင် ရောက်ချူးရှွေက တူဖြင့် နှိုက်ဟန်ပြုသည်။

ထန်ဖန်းက တားမြစ်လိုက်ပြီး ဆံပင်ထဲတွင် ထိုးစိုက်ထားသော ငွေအပ်ကို ထုတ်ယူကာ ဟင်းခွက်တိုင်းတွင် ထိုးစိုက်ကြည့်သည်။

ထိုအပ်ကား အဆိပ်ရှိမရှိ စမ်းသပ်သည့် ငွေအပ်ဖြစ်ပေ၏။

ဟင်းထဲတွင် အဆိပ်ခတ်ထားခြင်းမရှိသည်ကို သိတော့မှ ထန်ဖန်းက စားခွင့်ပြုသည်။

"မင်းက တကယ့်ကို သတိကြီးတာပဲကိုး၊ ဂီတသုံးပါး မဟာဓားသမား သုံးယောက်က ငါ့ကို ကွေ့ဟူကန်မှာ တားဆီးတိုက်ခိုက်တယ်ဆိုတော့ ကွေးလကိုသွားမယ့် ခရီးလမ်း တလျှောက်လုံး အန္တရယ်က ကင်းမှာမဟုတ်ဘူး၊ ဒီလို သတိကြီးကြီးထားနိုင်မှ တော်ကာ ကျမယ်"

ရောက်ချူးရှွေက စားသောက်ရင်းမှ မှတ်ချက်ချသည်။

ကျိုချူးချောက်လန်က တည်ငြိမ်စွာပင်...

"ဒီအတိုင်းဆိုရင် အဆိပ်တရာ နတ်ဆိုးရဲ့ တပည့်၊ အပေါက်တခုနတ်ဆိုးရဲ့ လက်ရုံးနှစ်ဆူလဲ လိုက်လာကြလိမ့်မယ် ထင်တယ်"

"သူမလာမှာကိုပဲ စိုးရိမ်နေသေးတယ်၊ တကယ်လို့ နန်ကုန်းရှုံဟွမ် ရောက်လာခဲ့ရင် ငါ့ဓားနဲ့ သူ့ကို ငါကိုယ်တိုင် ရှင်းလင်းပစ်လိုက်မယ်"

တိန်ယိဟုန်က မာန်ဝင့်စွာ ဝင်ပြောသည်။

ထန်ဖန်းက စဉ်းစဉ်းစားစားဟန်ဖြင့်...

"ဒီလူတွေက သိပ်ဂရုစိုက်စရာ မဟုတ်ပါဘူး၊ ခန်းချွတ်ယီနဲ့ ဆားချန်သိန်းတို့နှစ်ယောက် ရောက်လာကြရင်တော့ ခုခံဖို့ လွယ်မှာ မဟုတ်ဘူး"

"သူတို့ လိုက်လာကြရင်လဲ ခပ်ကောင်းကောင်းပဲ၊ ပန်းချောင်းဓားဂိုဏ်းရဲ့ အဓိကရန်သူကြီး အချို့တဝက်ကို တို့ကဖယ်ရှားပေးလိုက်သလို ဖြစ်သွားတာပေါ့"

ရောက်ချူးရွှေ ဝင်ပြောသည်။

ထန်ဖန်းသည် ရေဘဲဟင်းကို တူဖြင့် ညှပ်ယူစားလိုက်ပြီး...

"ဒါနဲ့ ရှင်တို့မှာ ခန်းကျီစင်းအပြင် တခြား ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်း ထက်ဝင်ရွှဲနဲ့ ချူးနန်းကုတို့ ရှိသေးတယ်မဟုတ်လား၊ သူတို့လဲ ရောက်ဂေဟာကို လိုက်လာကြမယ် မဟုတ်လား"

"ဟုတ်တယ်၊ သူတို့ဟာ တခါမှ ကတိမဖျက်ဖူးဘူး၊ ဒါပေမယ့် အခုထက်ထိ ရောက်မလာသေးပုံ ထောက်ရင် ဩဇာအာဏာဂိုဏ်းရဲ့ တားဆီးတာ ခံနေရပြီထင်တယ်"

တိန်ယိဟုန်က သူ့ထင်မြင်ချက်ကို ပြောသည်။

အစားကို အငမ်းမရ စားနေသော ကျိုချူးချောက်လန်မှာ ယခုမှပင် အစားကို ရပ်ကာ...

"မင်းပြောတာ ဟုတ်တယ်၊ ငါ ကျီစင်းကို လွှတ်မပေးခင်မှာ အစ်အောက်မေးခဲ့တယ်၊ ထက်ဝင်ရွှဲနဲ့ ချူးနန်းကုတို့ရဲ့ ရှိမယ့်နေရာကို မေးတော့ သူတို့နှစ်ယောက် ခုလောက်ဆို တားဆီးခံနေရလောက်ပြီတဲ့၊ အသက်သေသလား ရှင်သလားဆိုတာကိုတောင် မခန့်မှန်းနိုင်ဘူးတဲ့"

ရောက်ချူးရွှေ သက်ပြင်းရှည်ကြီး ချလိုက်မိသည်။

"အင်း...ထက်ဝင်ရွှဲက စိတ်မြန်တယ်၊ အလောသုံးဆယ် တစွပ်ထိုးလုပ်တတ်တယ်၊ ချူးနန်းကု သူ့ကို ထိန်းနိုင်မယ်လို့ မျှော်လင့်နေရတော့မှာပဲ"

"မထူးပါဘူးဗျာ...ချူးနန်းကုလည်း ရူးပေါပေါပါပဲ"

ကျိုချူးချောက်လန်၏ စကားအဆုံးတွင် ထန်ဖန်းက ခေါင်းကလေးငဲ့စောင်း၍...

"ကျမပြောသံကြားရတာလောက်တော့ ထက်ဝင်ရွှဲနဲ့ ချူးနန်းကုတို့အပေါ် ရှင်တို့ ခင်မင်ရင်းနှီးခဲ့ကြတာ ခန်းကျီစင်းထက် ပိုသေးတယ်ဆို .."

"သိပ်ဟုတ်တာပေါ့၊ ကျီစင်းထက် အများကြီး ပိုခင်တာပေါ့"

သုံးယောက်စလုံး ပြိုင်တူပင် ဖြေလိုက်ကြသည်။

ကျိုချူးချောက်လန်က ဆက်လက်၍...

"ထက်ဝင်ရွှဲက သိပ်ပြီး အီးပေါက်(လေလည်)တယ်၊ ချူးနန်းကုကတော့ ဘာမဆို ကောင်းပါရဲ့၊ ဒါပေမယ့် သရဲ သိပ်ကြောက်တတ်တာ တခုပဲ ဆိုးတယ်"

ထန်ဖန်း ရယ်မောလိုက်သည်။

သူတို့၏ စားပွဲ သောက်ပွဲကလေးမှာ ရယ်မောသံတို့ဖြင့် စည်စည်ကားကားလေး ဖြစ်နေသည်။

တဖြည်းဖြည်း မွန်းတည့်ချိန်သို့ပင် ရောက်လာသည်။

စကားကုန်သွားသကဲ့သို့ပင် သူတို့စားပွဲဝိုင်းလည်း ငြိမ်သက်သွားသည်။

ထိုစဉ် စားပွဲထိုးတယောက်မှာ သူတို့ စားပွဲဝိုင်းအနီးသို့ လျှောက်လာပြီး ထွေးခံခွက်ကို ခြေထောက်ဖြင့် တိုက်မိသဖြင့် ရှေ့သို့ ဟပ်ထိုးယိမ်းယိုင်သွားသည်။

သူ့ခန္ဓာကိုယ်က ရောက်ချူးရွှေတို့ စားပွဲထောင့်ကို တိုက်မိပြီး လက်က စားပွဲခုံပေါ်သို့ ဗုန်းခနဲ ထောက်မိသည်။ ရောက်ချူးရွှေ ဖျတ်ခနဲ ကြည့်လိုက်ရာ ထူးခြားမှုတခုကို တွေ့မြင်မိသည်။

"ဒီလူ ရုပ်ဖျက်ထားတဲ့ ရန်သူပဲ"

စားပွဲထိုးသည် ရောက်ချူးရွှေ၏ စကားကြောင့် ကိုယ်လုံးဆန့်ကာ နောက်သို့ခုန်ဆုတ်သွားသည်။

နောက်ပြန် ခုန်ဆုတ်လိုက်သည့်အတွက် လျင်မြန်သွက်လက်လှသော ရောက်ချူးရွှေ၏ ဓားချက်တချက်ကို ရှောင်ရှားနိုင်ခဲ့သည်။

သို့သော် ကျိုချူးချောက်လန်၏ လက်ကိုကား မရှောင်ရှားနိုင်ခဲ့။

ကျိုချူးချောက်လန်၏ လက်တဘက်က သူ၏အင်္ကျီကော်လာစကို ဖမ်းဆုတ်မိပြီး လက်တဘက်က ကျားလက်သည်းတိုက်ကွက်ဖြင့် မျက်နှာကို ဖမ်းကုတ်သည်။

ထိုသူက အစွမ်းကုန် ရှောင်တိမ်းလိုက်ရာ မျက်နှာ အရေပြား မျက်နှာဖုံးမှာ ဖမ်းကုတ်ခံရပြီး ကွာကျသွား၏။

အင်္ကျီကော်လာစလည်း ဆုတ်ပြဲသွားကာ ပြတင်းပေါက် အပြင်ဘက်သို့ ခုန်ထွက်ရန် ဟန်ပြင်သည်။

"ဟင်...နန်ကုန်းရှုံဟွမ်'

တိန်ယိဟန်သည် မျက်နှာဖုံးအတု ကွာကျသွားသော ထိုသူ၏ မူလရုပ်သွင်ကို မြင်လိုက်ရလျှင် တအံ့တသြ ရေရွတ်မိသည်။

တဆက်တည်းပင် သူ့လက်ကလည်း ဇယ်ဆက်သလို လှုပ်ရှားလိုက်သည်။

"ရှပ် ..."

ပြတင်းပေါက်မှ ခုန်ထွက်လိုက်သော နန်ကုန်းရှုံဟွမ်မှာ တိန်ယိဟန်၏ ဓားချက်တချက် မိသွားသည်။

ထို့နောက် ပြတင်းပေါက်မှ တဆင့် နန့်မိန်ချောင်းထဲသို့ ထိုးကျသွားသည်။

သူအကျတွင် ထန်ဖန်းကလည်း ပြတင်းပေါက်မှတဆင့် လက်နက်ပုန်း လေးငါးခု ရေထဲသို့ ပစ်လွှတ်လိုက်သည်။

ရေပြင်တွင် သွေးနီရောင်များ ဂယက်ထလာသည်။

နန်ကုန်းရှုံဟွမ် ...။

အဆိပ်တရာနတ်ဆိုး ဂုာကူးဖန့်၏ လက်ရင်းတပည့်ကြီး နန်ကုန်းရှုံဟွမ် သေသွားရမည်မှာ မြေကြီးလက်ခတ် မလွဲတော့။

တခဏအတွင်းမှာပင် အခြေအနေက ပြန်လည်တည်ငြိမ်လာသည်။

စားပွဲတွင် စုစုစည်းစည်း ပြန်ထိုင်မိကြသည်။ စားပွဲပေါ်တွင် မှာကြားထားသော ဟင်းလျာများ ရှိနေပေသေးသည်။

သူတို့လေးယောက်မှာ လူတယောက် အသက်သတ်ဖို့ ဝန်လေးကြသော်လည်း နန်ကုန်းရှုံဟွမ်လို ဒုစရိုက်သမားတယောက် သေဆုံးသွားရသည့်အတွက် စိုးစဉ်းမျှပင် စိတ်မလှုပ်ရှားမိကြ။

စားပွဲဝိုင်းတွင် ပကတိ တည်ငြိမ်စွာပင် ပြန်ထိုင်နေနိုင်ကြသည်။

"ကဲ...စားစရာရှိတာကို မြန်မြန်လေး စားလိုက်ကြ၊ ဗိုက်ဝပြီးရင် ခရီးနှင်လို့ကောင်းတယ်၊ ကွေးလင်ကို စောစောရောက်ရင် စောစောကိစ္စပြတ်တာပဲ"

ကျိုချူးချောက်လန်က ဟင်းတတုံးကို တူဖြင့် ညှပ်ယူပြီး ပြောသည်။

ထန်ဖန်းက ပြုံးရယ်ကာ ခေါင်းခါယမ်းလိုက်ပြီး...

"ကျုပ်တော့ ဗိုက်ပြည့်သွားပြီ၊ ရှင်တို့သာ ဆက်စားကြပါ"

ရောက်ချူးရွှေ၊ ကျိုချူးချောက်လန်နှင့် တိန်ယိဟန်တို့ ကျန်ရှိနေသေးသော ဟင်းလျာအနည်းငယ်ကိုပင် ဆက်စားလိုက်ကြသည်။

သူတို့ စားသောက်အပြီးတွင် လူတယောက်၏ ရယ်မောသံနှင့်အတူ စကားသံတသံက ရုတ်တရက် ထွက်လာလေသည်။

"ဟား...ဟား...ဟား...စားကြ၊ စားကြ၊ များများစားထားတော့ များများဗိုက်ဝမယ်၊ များများဗိုက်ဝတော့ မြန်မြန်ငရဲကို သွားနိုင်ကြတာပေါ့"

ရောက်ချူးရွှေ ထိတ်လန့်သွားသည်။ အသံထွက်ပေါ်လာရာဘက်သို့ ကြည့်လိုက်လျှင် သူနှင့် မျက်နှာချင်းဆိုင်စားပွဲ၌ လူသန် ကြီး တယောက် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

ရောက်ချူးရွှေရှေ့ရှိ လူသန် ကြီး က အရပ်ခြောက်ပေခန့်မျှ မြင့်မားပြီး ကြွက်သားအမြှောင်းမြှောင်းများက သူ့တကိုယ်လုံး ဖုထစ်ရှုန်းကြွနေသည်။

မျက်လုံးနှစ်လုံးက ပုဇွန်မျက်လုံးလို ပြူးကျယ်ဝိုင်းစက်သလို မုတ်ဆိတ်ပါးမြိုင်းမွေးများက နက်မှောင်နေပြန်ရာ အတော်ပင် အကြည့်ရဆိုးလေသည်။

ရောက်ချူးရွှေသည် ထိုသူကို စားသောက်ဆိုင်ထဲသို့ ဝင်လာစဉ်ကပင် တွေ့မြင်ပြီးဖြစ်၏။

သူ၏ခန္ဓာကိုယ် ကြီးမားထွားကျိုင်းပုံကို ကြည့်ပြီး ထိတ်လန့်တုန်လှုပ်သွားခြင်း မဖြစ်ခဲ့။

သိုင်းသမားကောင်းတို့ မည်သည် အသားစိုင်များကို အားကိုးကာ တိုက်ခိုက်နေရသည်မဟုတ်။

သာမာန်ကိုယ်ခန္ဓာ အချိုးအဆက်ရှိသူများသာ သိုင်းပညာထူးချွန်တတ်မြောက်သည့် အဆင့်သို့ ရောက်ရှိသင်ကြားနိုင်သည်ကိုလည်း နားလည်ထားသည်။

သို့သော် ထို လူသန် ကြီး ကို ကြည့်ပြီး ရောက်ချူးရွှေ စိတ်ထဲ အနည်းငယ်ပင် တုန်လှုပ်သွား၏။

သူ့ကိုယ်ခန္ဓာအင်အား ဗလများကြောင့်မဟုတ်။ ဘယ်ညာလကနှစ်ဘက်တွင် ခွဲကိုင်ထားသည့် အပ်သေးသေးလေး နှစ်ချောင်းကြောင့်ပင်တည်း။

ဤမျှ ထွားကျိုင်းသန်မာသူတယောက် လက်နက်ကလေးက သေးငယ်လွန်းလှသော အပ်ကလေးနှစ်ချောင်း ဖြစ်နေသည်မှာ ထူးဆန်းသလို ရယ်စရာလည်း ကောင်းလှသည်။

ထန်ဖန်းသည် မျက်နှာကွက်ခနဲပျက်ကာ လူတယောက်ကို တွေးမိပြီး လွှတ်ခနဲ မေးလိုက်မိသည်။

"ရှင်...ရှင်က မြင်ရုံနဲ့ကန်း လျှိုယိုခုံ၊ အပေါကနှစ်ခုလျှိုလား"

လူသန်ကြီးက ကျယ်လောင်စွာ ရယ်မောလိုက်ကာ...

"ဟား...ဟား...ဟား...မင်းကအမှန်အတိုင်း ပြောနိုင်သားပဲ၊ ဟုတ်တယ်၊ မြင်ရုံနဲ့ကန်းဟာငါပဲ၊ ငါ့ရဲ့ ဟောဒီပန်းထိုးအပ်တစုံက ငှက်ရုပ်လဲ မထိုးဘူး၊ ပန်းပွင့်လဲ မသိဘူး၊ လူတယောက်ရဲ့ မျက်လုံးကိုပဲ အကန်းဖြစ်အောင် ထိုးဖောက်တတ်တယ်၊ ငါသူတို့ရဲ့ မျက်လုံးတွေ ကန်းအောင်လုပ်ပြီးရင် မင်းနဲ့အတူ ပျော်ပျော်ပါးပါး စကားပြောကြတာပေါ့"

ထန်ဖန်း၏ မျက်နှာတပြင်လုံး ဖြူဖပ်ဖြူရော် ဖြစ်သွားမိသည်။

လက်နက်ပုန်း ပစ်လွှတ်ရန် ပခုံးတချက်လှုပ်လိုက်စဉ် နောက်ကျောဘက်ဆီမှ ပြင်းထန်သော လေတိုးသံတချက် ပေါ်ထွက်လာသည်။

"ရှိ .."

ထန်ဖန်းမှာ လက်နက်ပုန်း ပစ်ခတ်ရန် အချိန်မမှီတော့၊ နောက်ကျောဘက်ဆီမှ အလစ်ဝင် တိုက်ခိုက်မှုကြောင့် စားပွဲမှ ခုန်ပျံရှောင်တိမ်းလိုက်၏။ လျှိုယိုခုံ၏ ပန်းထိုးအပ်နှစ်ချောင်းက လျှပ်ပြက်သလိုပင် သူမ၏ ထောက်ခွမ်နှင့် စုံပိုင်းသွေးကြောကွက် နှစ်ခုကို ထိုးပိတ်လိုက်ပြီ ဖြစ်နေ၏။

ထန်ဖန်း မြေပြင်ပေါ်သို့ လဲကျသွားသည်။

သူမ၏ နောက်ကျောဘက်မှ အလစ်ဝင် တိုက်ခိုက်သူကိုလည်း တွေ့လိုက်ရ၏။ ထိုသူ၏ အသွင်က ဈေးသည်တယောက်ပမာ ဝဝဖိုင့်ဖိုင့်။ လက်ထဲတွင်လည်း တုတ်ရှည်တချောင်းကို ကိုင်ဆောင်ထားသည်။

ထိုတုတ်ရှည်က သာမာန်ရိုးရိုး တုတ်ရှည်နှင့် ပုံစံမတူ။

အရင်းပိုင်းတွင် ဟင်းသောက်ပန်းကန်လုံးအဝလောက် တုတ်ခိုင်ပြီး အဖျားသို့ တဖြည်းဖြည်း သွယ်ဆင်းသွားသည်။ ထိပ်သို့ ရောက်လျှင် အပ်တချောင်းပမာ သေးသွယ် ချွန်မြနေသည်။ တုတ်အရှည်က ခြောက်ပေကျော်ခန့် ရှိမည်။

ထိုတုတ်ဖြင့် တုတ်သိုင်း၊ ဓားသိုင်း၊ လှံသိုင်းတို့ ကစားနိုင်သည်။ ဤလက်နက်မျိုး ကိုင်ဆောင်သူမှာ သိုင်းလောကတွင် တယောက်တည်းသာ ရှိသည်။ လည်ပင်း အပေါက်ဖောက် ကျုံးဂူလီ သို့မဟုတ် အပေါက်တခုကျုံးပင်တည်း။

လျှိုယိုခုံနှင့် ကျုံးဂူလီတို့ နှစ်ယောက်သည် အပေါက်တခုနတ်ဆိုး ကျီချန်စင်း၏ လက်ရုံးနှစ်ဆူပင် ဖြစ်ပေသည်။

ကျီချန်စင်းက ဗိုက်တွင်ရှိသော အပေါက်ကြီး တပေါက်ကို အသုံးပြုကာ လူသတ်သည်။

သူ့လက်ရုံးနှစ်ဆူမှာ လူကို အပေါက်ဖြစ်အောင် တိုက်ခိုက်ခြင်းဖြင့် နာမည်တွင်သည်။

လျှိုယိုခုံက မျက်လုံးနှစ်ခုကို အပေါက်ဖြစ်အောင် တိုက်ခိုက်သဖြင့် အပေါကနှစ်ခုလျှိုဟု အမည်တွင်သည်။

ကျုံးဂူလီမှာမူ လူတယောက်၏ လည်ပင်းကို အပေါက်ဖောက် ထိုးသတ်တတ်သဖြင့် အပေါက်တခုကျုံးဟု ကျော်ကြားသည်။

ထန်ဖန်းမှာ သွေးကြောပိတ်ခံရကာ လဲကျနေရာမှ ရောက်ချူးရွှေတို့ ဘာကြောင့် လက်ထွက်ပြီး မတိုက်ခိုက်ရသလဲဟု သင်္ကာမကင်း ဖြစ်လာသည်။

သူမလှည့်ကြည့်မိသည့်အခါတွင် ရောက်ချူးရွှေတို့သုံးယောက်မှာမူ မြေပေါ်တွင် လဲကျနေခဲ့ပြီး ဖြစ်၏။

သို့သော် ရောက်ချူးရွှေတို့ လေးယောက်မှာ ခြေလက်မလှုပ်နိုင်ကြသော်လည်း မျက်လုံးမှာမူ ပွင့်နေဆဲ။

စိုးရိမ်ကြောင့်ကျသည့် အရိပ်အယောင်များက မျက်ဝန်းထဲတွင် ပေါ်လွင်နေဆဲ။

ထန်ဖန်း အခြေအနေကို သိလိုက်သည်။

အဆိပ် ...

နန်ကုန်းရှုံ့ဟွမ်က စားပွဲခုံကို လက်နှင့် ပုတ်လိုက်စဉ်မှာပင် ဟင်းလျာထဲသို့ အဆိပ်ခတ်ခဲ့ခြင်း ဖြစ်မည်။ ထိုဟင်းလျာများကို မိမိတယောက်တည်းသာ ဆက်လက်စားသောက်ခြင်း မပြုဘဲ ရှောက်ချုံးရွှေတို့က ဆက်လက်၍ စားသောက်ခဲ့ကြသည်။

ယခု သူတို့အားလုံး အဆိပ်မိကြပြီ။

မိမိတယောက်တည်း အဆိပ်မမိသော်လည်း သွေးကြောပိတ်ခြင်းကိုကား ခံနေခဲ့ရပြီ။

ထန်ဖန်းမှာ ဒေါသစိတ်နှင့်အတူ ဝမ်းနည်းကြေကွဲစွာ ခံစားလာရသည်။ သူသေမှာကို ကြောက်၍မဟုတ်၊ ရှောက်ချုံးရွှေ အဆိပ်သင့်ခံ နေရသောကြောင့် မျက်ရည်များပင် ရစ်ဝဲလာမိသည်။

"မင်းတို့က နန်ကုန်းရှုံ့ဟွမ်ကို သတ်လိုက်နိုင်ပေမယ့် စားပွဲခုံကို တချက်အပုတ်မှာ မင်းတို့ဟင်းခွက်ထဲ အဆိပ်တွေခတ်ထည့်နိုင်ခဲ့တယ်၊ သူသေရတော့မယ် ရန်သူကဝိုင်းတိုက်ခိုက်နေပြီဆိုတာ သိလျက်နဲ့ လက်ပိုက်ကြည့်နေခဲ့လို့ မင်းတို့က တို့နန်ကုန်းရှုံ့ဟွမ်နဲ့ တဖွဲ့တည်းလို့ မထင်မှတ်ခဲ့ကြဘူး၊ ဒါဟာ တို့ရဲ့ အောင်မြင်မှုအတွက် အကြီးမားဆုံး အထောက်အကူပဲ၊ မင်းတို့ကို အဆိပ်သင့်စေခဲ့တဲ့ အအောင်မြင်ဆုံး သည်းခံမှုကြီးပဲ"

ကျုံးဂူလီက ဝင့်ကြွားစွာ ပြောသည်။

သူ့ရှင်းပြချက်က ထန်ဖန်း၏ရင်ထဲတွင် ခိုအောင်းနေသော ပဟေဠိကို အဖြေညှိပေးလိုက်သလို ဖြစ်သွား၏။

လျှို့ယိုခုံက ရယ်မောလိုက်ကာ...

"မင်းတို့ကို ခပ်လိုက်တဲ့အဆိပ်က ဘာအဆိပ်လဲ သိလား၊ ဟား...ဟား...ဟား ဘာမှမဖြစ်လောက်တဲ့ ထုံကျဉ်ဆေး အဆိပ်ပဲ၊ အခုမင်းတို့မှာ ခြေထောက်ရှိလျက်နဲ့ လမ်းမလျှောက်နိုင်၊ လက်ရှိလျက်နဲ့ မလှုပ်ရှားနိုင်၊ ပါးစပ်ရှိလျက်နဲ့ စကားမပြောနိုင် ဖြစ်နေပြီ မဟုတ်လား၊ ဟား...ဟား...ဟား"

ကျုံးဂူလီက ဖြည့်စွက်ကာ...

"ဒီအဆိပ်ဆေးရဲ့ အာနိသင်က ထမင်းအိုးတလုံး ကျက်တဲ့ အချိန်လောက်အတွင်း ပျက်ပြယ်သွားနိုင်တယ်၊ ဒါပေမယ့် တို့အနေနဲ့ ဒီလောက်အခြေအနေရရင်လဲ လုံလောက်နေပါပြီလေ"

ပြောပြောဆိုဆိုပင် ကိုယ်ကိုင့်ကာ တချက်ဆန့်တန်းလိုက်သည်။

ရှောက်ချုံးရွှေ၏ စကားမပြောနိုင်သော သွေးကြောကွက်ကို လျှပ်တပြက်အတွင်း ထိုးပိတ်လိုက်ပြီးဖြစ်သည်။

ရှောက်ချုံးရွှေ နည်းတူပင် ကျိုချုံးချောက်လန်၏ သွေးကြောကွက်ကိုလည်း ထိုးပိတ်ပြန်သည်။

တဘက်မှလည်း လျှို့ယိုခုံကလည်း တိန်ယိဟန်၏ သွေးကြောကွက်ကို ထိုးပိတ်လိုက်ပြီး...

"မင်းတို့ရဲ့ အတွင်းအားတွေ မကြာခင် ပြန်ပြည့်လာပြီး အဆိပ်အာနိသင် ပျက်ပြယ်တော့မယ်၊ အခုကတည်းက မင်းတို့ သွေးကြောကွက်တွေကို ထိုးပိတ်ထားတော့ စိတ်ချသွားရတာပေါ့၊ ပြောသာပြောရတာပါ၊ မင်းတို့ဟာ ငါတို့လက်ခုပ်ထဲက ဘယ်လိုမှ ပြေးလို့မလွတ်နိုင်ဘူး၊ ဒီနေရာက ကံကောင်းလို့ လွတ်သွားရင်လဲ နောက်တဖွဲ့က မင်းတို့ကို ရှင်းလင်းဦးမှာပဲ၊ ဒီအဖွဲ့မှာက မိုးမြေနတ်ဆိုးတွေချည်းပဲ၊ မင်းတို့ဘယ်လိုလုပ်ပြီး ပြေးလို့ လွတ်နိုင်တော့မှာလဲ"

ကျုံးဂူလီက သူ့လက်နက်သံတုတ်ကို မြှောက်လျက် ဝှေ့ယမ်းလိုက်ပြီး လှောင်ပြောင် သရော်စကားဆိုသည်။

"ဟား...ဟား..ဟား မင်းတို့အတွက် ကံကောင်းစရာဆိုလို့ တကွက်ကလေးမှ မရှိတော့ဘူး၊ အခုအချိန်မှာ မင်းတို့ဟာ ငါတို့ပြုသမျှ နရတော့မယ့် လှောင်အိမ်ထဲက ကြက်ကလေးတွေပဲ"

လျှို့ယိုခုံက ထန်ဖန်းအား ရမ္မက်ခိုးဝေသော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေသည်။

ထန်ဖန်းတကိုယ်လုံးကို နေရာလပ်မကျန်အောင် ကြည့်ရှုလိုက်ပြီးနောက် မျက်လုံးမှေးစင်းကာ...

"ဟီး...ဟီး...ဟီး မင်းတို့ကို သတ်ပစ်ချင်ပေမယ့် ဟောဒီ နှင်းပွင့်လို ပန်းလိုလှတဲ့ ရေဆေးငါး မိန်းကလေးကိုတော့ ဟီး .. ဟီး .. ဟီ"

ထန်ဖန်း၏ မျက်နှာမှာ ရှက်စိတ်ကြောင့် မဲ့သွားသည်။

မျက်လုံးထဲမှလည်း ဒေါသခိုး ဒေါသငွေ့များက တလူလူ ထွက်ပေါ်လာသည်။

ရှောက်ချုံးရွှေ၏ မျက်လုံးများကလည်း ဒေါသကြောင့် နီရဲလာလေသည်။

ကြိတ်မနိုင်ခဲမရ ဖြစ်လာသဖြင့် ဒေါသကို ဖြေဖျောက်သည့်အလား နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်လိုက်မိသည်။

နှုတ်ခမ်းပေါက်ပြဲကာ သွေးများက ရှောက်ချုံးရွှေ၏ နှုတ်ခမ်းထောင့်စွန်းမှ ယိုစီးကျလာသည်။

လျှို့ယိုခုံသည် ရှောက်ချုံးရွှေ၏ အမူအရာ ထန်ဖန်း၏ အမူအရာတို့ကို ကြည့်ပြီး ချက်ချင်းပင် နားလည် သဘောပေါက်သွားသည်။

ဒေါသစိတ်လည်း ပေါက်ကွဲလာသည်။

"ဟီး … ဟီး … ဟီး … မင်းက မိန်းကလေးရဲ့ သူရဲကောင်းကြီးလား၊ ငါ့ကို ကြည့်လို့ မရဘူးထင်ပါရဲ့၊ ဟဲ … ဟဲ … ဟဲ ငါကလဲ မင်းမမြင်ရအောင် မင်းမျက်လုံးတစုံကို ထိုးဖောက်ပေးပါ့မယ်"

လျှိုယိုခုံသည် ပြောပြောဆိုဆိုပင် ရှေ့သို့ တလှမ်းချင်း လျှောက်သွား၏။

လက်ထဲမှ အပ်နှစ်ချောင်းဖြင့် ရောက်ချူးရှွေ၏ မျက်လုံးနှစ်လုံးကို ထိုးဖောက်ပစ်ရန် လက်ရွယ်လိုက်၏။

ထိုစဉ် ပျော်ပွဲစားရုံ အောက်ဘက်ဆီမှ လူတယောက် ကျယ်လောင်စွာ ပြောဆိုလိုက်သံက ရုတ်တရက် ထွက်ပေါ်လာသဖြင့် သူ့လက် တွန့်ခနဲ ရပ်တန့်သွားသည်။

"ဟာ…ဒီမှာ ပျော်ပွဲစားရုံတရုံ ရှိနေပါလား"

လူက ချီဟုန်တံတားပေါ်မှာပင် ရှိနေသေးသော်လည်း စကားသံကမူ ပျော်ပွဲစားရုံထဲတွင် ပြောနေသည့်အလား ကျယ်လောင်စူးရှလှသည်။

ကျုံးဂူလီနှင့် လျှိုယိုခုံတို့နှစ်ယောက် အချင်းချင်း လှည့်ကာ လျင်မြန်စွာပင် လှုပ်ရှားလိုက်ကြသည်။

ရောက်ချူးရှွေတို့ လေးယောက်အား စားပွဲအောက်သို့ ကန်ထည့်လိုက်ပြီး စားပွဲခင်းစများနှင့် အုပ်ဆိုင်းလျက် ကုလားထိုင်တို့နှင့် ဖိထားလိုက်သည်။

ပျော်ပွဲစားရုံ၏ ပစ္စည်းသိုလှောင်ခန်းတခုပမာ ဖြစ်သွားတော့သည်။

"မင်းတို့ ခဏလောက်စောင့်နေကြဦး၊ အခုရောက်လာတဲ့လူတွေကို ရှင်းလင်းပြီးမှ မင်းတို့ကို ဆက်စီစဉ်မယ်"

ကျုံးဂူလီ အသံတိုးတိုးဖြင့် ပြောပြီး ဟန်မပျက်နေလိုက်လေသည်။

ရောက်ချူးရှွေတို့ လေးယောက်မှာ စားပွဲအောက်တွင် ကတ်ကတ်သတ်သတ်နေရသဖြင့် စိတ်ကျဉ်းကျပ်နေကြရသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထန်ဖန်း၏ ဦးခေါင်းက ရောက်ချူးရှွေ၏ ရင်ဘတ်ရှေ့တွင် ခေါင်းမှေးတင်နေပြီး ဆံနွယ်စများက ရောက်ချူးရှွေ၏ မျက်နှာအနီးတွင် ဝေ့ဝဲနေသည်။

ရောက်ချူးရှွေ စိတ်အကြီးအကျယ် လှုပ်ရှားသွားရသည်။

---

## အခန်း (၆)

လူနှစ်ယောက်သည် ချီဟုန်တံတားပေါ်သို့ လှမ်းတက်လာကြသည်။

သူတို့၏ အသွင်သဏ္ဌာန်က ရှုးပေါပေါ ကျပ်မပြည့်သူများနှယ်။

ကျူရှူပျော်ပွဲစားရုံနှင့် ပေတရာခန့်အကွာသို့ ရောက်လာမှ အသံအောအောနှင့်လူက ...

“ဟာ...ဒီမှာ ပျော်ပွဲစားရုံတရုံ ရှိနေပါလား”

အခြားတယောက်က လေသံမာမာဖြင့်...

“ဒီလောက် ဆိုင်ကြီးတဆိုင်လုံးကို မင်းက အခုမှ မြင်သလား၊ ဘာလဲ ... မင်းမျက်စိ ကန်းနေလို့လား”

“ငါက အစောကြီးကတည်းက မြင်ပြီးသား၊ မင်းမမြင်ဘူးထင်လို့ တမင်သက်သက် ပြောပြနေတာ၊ ဒီပျော်ပွဲစားရုံဟာ ကျူရှူပျော်ပွဲစားရုံလို့တောင် ခေါ်တာ သိသေးတယ်”

“ဟ...ဒါအဆန်းလားကွ၊ ကျူရှူပျော်ပွဲစားရုံဆိုတဲ့ စာလုံးကြီးဆိုင်မျက်နှာစာမှာ ရေးထားတာ သုံးမိုင်လောက်ကတောင် တွေ့နိုင်တာပဲ၊ မင်းက ငါ့ကို ပြောပြနေရသေးလား”

အသံအောအောနှင့် လူက ဒေါသထွက်လာသည်။

“ငါမင်းကို ပြောတာ မဟုတ်ဘူး”

“ငါကလွဲလို့ ဒီနေရာမှာ ဘယ်သူမှ မရှိဘူး၊ ငါ့ကို ပြောတာမဟုတ်ရင် မင်းက သရဲနဲ့ စကားပြောနေတာလား”

“ဟိုဘက်မှာ ခွေးတကောင်ရှိတယ်၊ အဲဒီခွေးကို ငါပြောပြတာ”

“ဩော်...မင်းက ခွေးလိုစကား ပြောတတ်တယ်၊ ဒါဆို မင်းလဲ ခွေးပဲ ဖြစ်မှာပေါ့”

“ငါ အခုလဲ ခွေးနဲ့ စကားပြောနေတာပဲ”

“ဟီး ... ဟီး ... ဟီး ... ခွေးစကားက လူစကားနဲ့ တူသလိုပဲ”

အသံအောအောနှင့်လူက ဒေါပွသွားသည်။

“မင်း အီးပေါက်တာလား”

အဖော်ယောကျ်ားကလည်း ဒေါသသံဖြင့် ...

“မင်းသာ အီးပေါက်ခွေးအော်တာ ..”

စကားသံ ခဏမျှ တိတ်ဆိတ်သွားသည်။

အတန်ကြာမှ အသံအောအောနှင့်လူက ခွက်ထိုးခွက်လန် ရယ်မောပစ်လိုက်သည်။

"ခွေးမသား၊ ဘာရယ်တာလဲ"

အဖော်ယောကျ်ားက ဒေါသတကြီး အော်ငေါက်သည်။

အသံအောအောနှင့်လူက အဆက်မပြတ်ပင် ရယ်မောနေပြန်သည်။

"ဟား...ဟား..ဟား..မင်းရှုံးပြီ၊ ဟား...ဟား...ဟား"

"ငါဘာရှုံးတာလဲ၊ ပြောစမ်း...ပြောစမ်း"

"ဟား...ဟား..ဟား..ဘယ်လိုလုပ်ပြီး အီးပေါက်ခွေးအော်နိုင်မှာလဲ၊ မင်းစကားပြော မှားသွားပြီ၊ ငါတို့အရင်က ပြောဖူးတယ်မဟုတ်လား၊ စကားငြင်းခုံရင် အတိုက်အခံ ငြင်းခုံလို့ရတယ်၊ ဒါပေမယ့် အကြောင်းရင်း မမှန်ကန်ရင် အရှုံးပဲ၊ အခုမင်းရှုံးပြီ။ ဟား...ဟား...ဟား"

အသံအောအောနှင့်လူ၏ ရယ်မောသံက မိုးမြေသိမ့်သိမ့်ခါလောက်အောင်ပင် အတွင်းအား မြင့်မားပြီး နက်ရှိုင်းလှသည်။

ပျော်ပွဲစားရုံထဲမှ လျှိုယိုခုံနှင့် ကျုံးဂူလီတို့ပင် မျက်နှာကွက်ခနဲ ပျက်သွားကြရသည်။

အသံအောအောနှင့် လူက အရယ်ရပ်ပစ်လိုက်ပြီး လေထဲသို့ လက်သီးတချက် ဒေါသတကြီး ထိုးသွင်းချလိုက်သည်။

"ဟူး.."

အဖော်ယောကျ်ားလည်း လိုက်ရယ်နေရာမှ အရယ်ရပ်ကာ အသံအောအောနှင့်လူ နည်းတူ လေထဲသို့ လက်သီးတချက် ထိုးသွင်းလိုက်ပြန်သည်။

"ဟူး.."

လက်သီးနှစ်လုံး ထိပ်တိုက်တွေ့ဆုံကြသည်။

"ဝုန်း"

ကျယ်လောင်သော မြည်ဟည်းသံကြီး ထွက်ပေါ်လာသည်။

နှစ်ယောက်စလုံး မရယ်မောနိုင်တော့။

ကျုံးဂူလီနှင့် လျှိုယိုခုံတို့ နှစ်ယောက်ပင် ထိုသူနှစ်ယောက်၏ လက်သီးအရှိန်ပြင်းထန်မှုကြောင့် တုန်လှုပ်သွားရသည်။

"မင်းက ဘာလို့လိုက်ရယ်ရတာလဲ"

အသံအောအောနှင့်လူက မေးသည်။

အဖော်ယောကျ်ားက ဟင့်ခနဲ တချက်ပြုံကာ ...

"ဘာလို့ လိုက်မရယ်ရမှာလဲ"

"မင်းရယ်စရာ အကြောင်းမရှိဘူး၊ မင်းဘက်က အကြောင်းခိုင်လုံချက် မရှိဘူး၊ ငါကတော့ ရယ်လို့ရတယ်"

"မင်းကကော ဘာလို့ ရယ်ခွင့်ရှိသလဲ"

"ငါ့မှာ ခိုင်လုံတဲ့ အကြောင်းပြချက်ရှိတယ်လေ"

"ငါလဲ ခိုင်လုံတဲ့ အကြောင်းပြချက် ရှိတာပဲ"

"မင်းမှာ ဘယ်လို ခိုင်လုံတဲ့ အကြောင်းပြချက်ရှိမှာလဲ၊ မင်းရှုံးပြီ"

"ဘာလို့ ရှုံးရမှာလဲ၊ အီးပေါက်တာ ခွေးအော်သံမထွက်ဘူးလို့ ဘယ်သူပြောသလဲ၊ မယုံရင် မင်းကို ငါပေါက်ပြမယ်"

အသံအောအောနှင့်လူက အူတက်မတတ် ရယ်လိုက်ကာ ...

"အီးပေါက်တာကို ကြည့်ရအောင် ဘယ်လိုလုပ်ပြနိုင်မှာလဲ၊ ဘောင်းဘီချွတ်ပြီး အီးပေါက်တာမှ မဟုတ်ပဲ"

"မကြည့်ရင်လဲ နားထောင်လို့ရတယ်၊ ကဲ...သေသေချာချာ နားထောင်၊ မင်းကို ငါပေါက်ပြမယ်"

ပြောပြောဆိုဆိုပင် ထိုသူက ဖင်ကို နောက်သို့ပစ်ကာ အီးပေါက်ဟန်ပြုသည်။

"ဂိန် ..."

အီးပေါက်သံက အမှန်တကယ်ပင် ခွေးအော်သံကဲသို့ ထွက်ပေါ်လာသည်။

လူက ချီဟုန်တံတားပေါ်တွင် ရှိနေသေးသော်လည်း အီးပေါက်သံကမူ ကျူရှုပျော်ပွဲစားရုံအပေါ်မှ ပီပြင်စွာ ကြားရလေသည်။

ထန်ဖန်းမှာ အန္တရယ်တောထဲသို့ ရောက်နေသော်လည်း ထိုသူနှစ်ယောက်၏ အပြောအဆို အီးပေါက်သံတို့ကြောင့် ရယ်ချင်လာသည်။

ဣန္ဒြေပျက်မည်စိုးသဖြင့် ရောက်ချူးရွှေတို့ဘက်သို့ မျက်လုံးလှန်ကြည့်မိသည်။

ရောက်ချူးရွှေ၊ ကျိုချူးချောက်လန်နှင့် တိန်ယိဟန်တို့မှာ စကားမပြောနိုင်ကြသော်လည်း မျက်လုံးထဲတွင်မူ အဓိပ္ပာယ်အပြည့်ရှိသော စကားလုံးများ စီနေကြသည်။

ပြုံးရယ်ခြင်း၊ ဝမ်းသာခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့က သူတို့မျက်လုံးတွင် ပေါ်လွင်နေသည်။

ဘာကြောင့် သည်လို အဓိပ္ပာယ်ရှိတဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြတာလဲ။

ထန်ဖန်း သဘောမပေါက်၊ နားမလည်နိုင်ပေ။

မေးလည်း မမေးမြန်းနိုင်။

ရောက်ချူးရွှေတို့ကမူ ထိုသူနှစ်ယောက်၏ စကားသံများကို နားစွင့်နေကြသည်။

ထန်ဖန်းကလည်း သူတို့နီးတူ အာရုံစိုက်လိုက်လျှင် အသံအောအောနှင့်လူ၏ စကားသံ ထွက်ပေါ်လာသည်။

"ဖွီး ... အမယ်လေးလေ .... နံလိုက်တာ ... နံလိုက်တာ"

အီးပေါက်ပြသူက ရယ်မောလိုက်ကာ..

"ဒီလောက်လဲ မချီးမွမ်းပါနဲ့လေ၊ လူ့လောကကြီးမှာ အီးပေါက်တာ အနံ့ဆုံးက အီးဘုရင်ပဲ၊ ငါမဟုတ်ဘူး"

အသံအောအောနှင့်လူက ရုတ်တရက် ငေးကြောင်ကြောင် ဖြစ်သွား၏။

"အီးဘုရင်က ဘယ်သူလဲ"

"အီးဘုရင် ထက်ဝင်းရွှဲလေ၊ ထက်ဝင်းရွှဲဆိုတာ မင်းပဲပေါ့"

အသံအောအောနှင့်လူက စိတ်မဆိုးသည့်အပြင် ရယ်မောလိုက်၏။

"ဟီး..ဟီး..ဟီး..ဟုတ်တယ်၊ ဟုတ်တယ်၊ ချူးနန်းကု..မင်းပြောတာ မှန်တယ်၊ အီးပေါက်တာနဲ့ ပတ်သက်ရင် မင်းငါ့ကို မယှဉ်နိုင်ဘူး"

ထန်ဖန်း စိတ်ထဲတွင် အခုမှပင် ရှင်းလင်းသွားတော့သည်။

ရောက်ချူးရွှေတို့ မျက်လုံးထဲမှ စကားအဓိပ္ပာယ်ကိုလည်း နားလည်သွားသည်။

စားသောက်ဆိုင်အောက်မှ လူနှစ်ယောက်မှာ ရောက်ချူးရွှေ၏ ညီရင်းအကိုတမျှ ရင်းနှီးသော သူငယ်ချင်း ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ ဖြစ်ကြပေသတည်း။

"အီးပေါက်တာပြောရရင် မင်းက အီးဘုရင်ပဲ၊ စကားပြောတာနဲ့ ပတ်သက်ရင်တော့ ငါသံပါးစပ် ချူးနန်းကုက မင်းထက် အများကြီးသာတယ်၊ အီးပေါက်တဲ့နေရာမှာတောင် မင်းကို မမီပေမယ့် ခွေးအော်တဲ့အသံ ပေါက်ပြနိုင်တာတော့ မင်းဝန်ခံပါတယ်နော်"

ချူးနန်းကု တဟီးဟီး ရယ်မောပြီး ပြောသည်။

ထက်ဝင်းရွှဲက ပြုံးလိုက်ပြီးလျှင်...

"ဟုတ်ပါတယ်၊ ငါဝန်ခံပါတယ်၊ ငါကလဲ မင်းလိုပဲ စွမ်းဆောင်နိုင်ပါတယ်၊ ခွေးအော်သံအပြင် ကြောင်အော်သံ၊ ဝက်အော်သံ၊ ကြွက်အော်သံ၊ မိကျောင်းအော်သံ၊ ဘာအော်သံဖြစ်ဖြစ် ငါရအောင် ပေါက်ပြမယ်၊ မင်းနားထောင်မလား"

"မ ... မ ... မလုပ်ပါနဲ့၊ နားမထောင်ပါရစေနဲ့၊ ငါအကြောက်ဆုံးက မင်းအီးပေါက်မှာကိုပဲ၊ ဒီလိုလုပ်...မင်းနဲ့ငါ ဘယ်သူမှ မရှုံးမနိုင်ဘူး၊ သရေပဲ၊ ဘယ့်နှယ်လဲ"

"အေး...ကောင်းပြီ"

ထက်ဝင်းရွှဲ လက်ခံစကားဆိုလိုက်သည်။

ထို့နောက် တအံ့တဩလေသံဖြင့်...

"ဟ..ဘယ်လိုဖြစ်တာလဲ၊ ဒီပျော်ပွဲစားရုံ ဆိုင်းဘုတ်က ဘယ့်နှယ့်ကြောင့် ကွက်လပ် ဖြစ်နေရတာလဲ"

ချူးနန်းကုကလည်း ဆိုင်းဘုတ်ကို ကြည့်ကာ ...

"မဟုတ်သေးပါဘူး၊ ဗလာဆိုင်းဘုတ်ရယ်လို့ မရှိပါဘူး၊ ငါတက်ပြီး ချွတ်ကြည့်လိုက်မယ်"

ပြောပြောဆိုဆိုပင် ခုန်ပျံလိုက်သည်။

ဆယ်ပေကျော် ဆယ့်ငါးပေမြင့်သော ဆိုင်းဘုတ်ဆီသို့ ခုန်တက်သွားသည့် ချူးနန်းကု၏ ကိုယ်ဖော့ပညာကို ကြည့်ပြီး လျှိုယိုခုံနှင့် ကျုံးဂူလီတို့ မျက်နှာပျက်သွားမိကြသည်။

စားသောက်ဆိုင်ရှေ့ ဆိုင်းဘုတ်တွင် ဖုံးလွှမ်းကာရံထားသော ပိတ်စ လွတ်ဟကျွာကျသွားသည်။

စာတန်းတတန်းက ထိုဆိုင်းဘုတ်ပေါ်တွင် ထင်ထင်ရှားရှား ပေါ်လွင်လာ၏။

ထက်ဝင်းရွှဲက အသံထွက် ဖတ်ကြည့်သည်။

"လိ ... ဘာ ... ဟွမ်း၊ ဟွမ်းလဲမဟုတ်၊ ဘာ .. လိ ... ဘာကျီးလဲ"

ချူးနန်းက စိတ်တိုသည့် အသံဖြင့် ...

“ဘာ ... ဟွမ်းလိကျီးလဲ၊ အဲဒါ ဩဇာအာဏာခေါ်တယ်၊ ဟွမ်းဆိုတဲ့ စာလုံးတောင် မသိဘူး ဟုတ်လား”

“ဘယ်သိမလဲကွ၊ လက်ရေးဆက်တွေ ဒီလောက် ရှုပ်ထွေးအောင် ရေးထားတာ ဘယ်ဖတ်တတ်မလဲ”

“မင်းကို လက်ရေးဆက်လို့ ဘယ်သူပြောသလဲ”

“လက်ရေးဆက်မဟုတ်လို့ဘာလဲ၊ ကျောက်စာလုံးလား၊ ပေစာလုံးလား”

ချူးနန်းကုက ဝင့်ကြွားဟန်ဖြင့် ...

“မှတ်ထား၊ အဲဒါ ပေစာလုံးကွ”

လျှိုယိုခုံနှင့် ကျုံးဂူလီတို့နှစ်ယောက်မှာ ထက်ဝင်းရွှဲတို့ ကပေါက်ကချာ စကားများကြောင့် ခေါင်းပင်မူးနောက်သွားမိကြသည်။

ရောက်ချူးရွှေတို့မှာမူ သွေးကြောပိတ်ခြင်း မခံထားရလျှင် ရယ်မောမိကြပေလိမ့်မည်။

သို့သော် ရောက်ချူးရွှေမှာ သူတို့နှစ်ယောက်၏ စကားကြောင့် ကိုယ့်ကိုကိုယ် အပြစ်တင်နေမိသည်။

သူတို့ ဤစားသောက်ဆိုင်သို့ ဝင်လာစဉ်ကလည်း ပိတ်စဖြင့် အုပ်ဆိုင်းထားသော ဗလာဆိုင်းဘုတ်တခုကို တွေ့ခဲ့ရသည်။

ချူးနန်းကုတို့လို ချွတ်ဖွင့်မကြည့်ခဲ့။

ကြည့်မိခဲ့လျှင် ဆိုင်းဘုတ်မှ စာအရ ဩဇာအာဏာဂိုဏ်း၏ နေရာဌာနတခုဖြစ်ကြောင်း သိရှိမည်ဖြစ်ပြီး လုပ်ကြံမှုလည်း ခံရမည်မဟုတ်ပေ။

ရှောက်ချူးရွှေသည် အမှုမဲ့ အမှတ်မဲ့ သတိမထား ပေါ့ဆမိသော မိမိ၏ ဆင်ခြင်တုံတရားကို အပြစ်တင်ပုံချနေမိတော့သည်။ နားစွင့်လိုက်လျှင် စားသောက်ဆိုင်ထဲသို့ ချူးနန်းကုတို့ နှစ်ယောက် ဝင်ရောက်လာခဲ့ပြီကို သတိပြုမိသည်။

သူတို့လေးယောက်သည် စားပွဲခုံအောက်တွင် ထည့်ထားခြင်းခံနေရပြီး အပေါ်မှ ပိတ်စများ၊ ကုလားထိုင်များ ဖိထားသော်လည်း ပိတ်စနှစ်ခု အစပ်နေရာမှ အပြင်ဘက်သို့ လှမ်းမြင်နေနိုင်ပေသည်။

ထန်ဖန်းသည် ထိုအစပ်နေရာမှ စူးစမ်းကြည့်ရှုနေမိသည်။

ကျုံးဂူလီနှင့် လျှိုယိုခုံတို့၏ ခြေထောက်နှစ်ချောင်းက တနေရာတည်းတွင် ရပ်နေသည်။

လေ့ကားမှ ခြေသံနှစ်သံကို ကြားရသဖြင့် စောင့်ကြည့်ရာ ပထမဦးစွာ ဦးခေါင်းကို မြင်ရသည်။

ရုပ်သွင်က အတော်ပင် ထူးဆန်းလှ၏။

တယောက်မှာ ခန္ဓာကိုယ်ထွားကျိုင်းသန်မာသလောက် ဦးခေါင်းက ကွာစေ့ပုံသဏ္ဍာန်အတိုင်း သေးငယ်ကာ လည်ပင်းပေါ်တွင် တင်ထားသကဲ့သို့ ဖြစ်နေသည်။

အခြားတယောက်ကာ ကိုယ်ခန္ဓာ ပိန်ပိန်သေးသေးဖြစ်သော်လည်း ဦးခေါင်းကမူ ဖရဲသီးတလုံး ဝါးလုံးပေါ် တင်ထားသကဲ့သို့ ဖြစ်နေသည်။

ခေါင်းသေးကိုယ်ကြီးသူမှာ ထက်ဝင်းရွှဲဖြစ်ပြီး ကိုယ်သေးခေါင်းကြီးသူက ချူးနန်းကု ဖြစ်ပေသည်။

သူတို့နှစ်ယောက် စားသောက်ဆိုင်ပေါ်သို့ ခြေလှမ်းကျဲကြီးများဖြင့် တက်လာခဲ့ကြသည်။

ထက်ဝင်းရွှဲက ဆိုင်အတွင်းသို့ အကဲခတ်ကြည့်လိုက်ပြီးလျှင်...

“အင်း...ဘာဖြစ်လို့ စားသောက်ဆိုင်ဖြစ်ပြီး လူမရှိရတာလဲ၊ ဟင်းရှိပြီး စားပွဲထိုးမရှိရတာလဲ”

ချူးနန်းကုက ...

“ဟို ... ဟိုမှာ လူနှစ်ယောက်ရှိနေတယ် မဟုတ်လား”

ကျုံးဂူလီနှင့် လျှိုယိုခုံတို့နှစ်ယောက်ကို ကြည့်ပြီး ပြောလိုက်ခြင်း ဖြစ်၏။

ကျုံးဂူလီတို့လည်း ရှေ့သို့ လှမ်းတက်သွားကြသည်။

ကျုံးဂူလီက သွားသုံးဆယ့်နှစ်ချောင်းလုံး ပေါ်အောင် ပြုံးရယ်လိုက်ကာ...

“ဒီနေရာက စားသောက်တဲ့လူ သိပ်မလာတတ်ပါဘူး၊ ဒီနေ့ဆိုရင် ပိုပြီးတော့ အရောင်းပါးလှပါတယ်၊ ဆရာတို့ ဘာသုံးဆောင်ချင်ကြပါသလဲ၊ ကျနော်က ဆိုင်ရှင်ပါ၊ စားပွဲထိုးတော့ မရှိဘူး၊ ကျနော်ကကိုယ်တိုင်ပဲ ခင်ဗျားတို့အတွက် စားစရာ စီစဉ်ပေးနိုင်ပါတယ်”

ထက်ဝင်းရွှဲက ဟန်ပါပါဖြင့် ...

“ကျုပ်ဗိုက်သိပ်ဆာနေပြီ၊ စားကောင်းတာ အကုန်လုံးသာ ယူလာခဲ့”

"ဟုတ်...ဟုတ်ကဲ့ခင်ဗျ"

ကျုံးဂူလီ တရိုတသေပင် ပြန်ပြော၏။

ချူးနန်းကုက ကျုံးဂူလီအားမှ လှျိုယိုခုံကို ကြည့်ကာ...

"နေစမ်းပါဦး၊ ဒီလူက ဘယ်သူလဲ စားပွဲထိုးလား"

ကျုံးဂူလီ ပျာပျာသလဲပင်...

"မ..မဟုတ်ပါဘူး၊ သူက ကျနော့်ညီလေးပါ"

"ခင်ဗျားညီက ခင်ဗျားကို ဘာမှ ကူမလုပ်ပေးဘူးလား၊ သူက ဒီလောက်ပဲ ဆိုးနေသလား"

"ဆရာတို့ မသိလို့ပါ၊ သူက သိပ်ပြီး ကျပ်မပြည့်ဘူး"

"ဟင် ... ကျပ်မပြည့်ဘူး ဟုတ်လား"

ချူးနန်းကုက တအံ့တဩဟန်ဖြင့် ပြောသည်။

ကျုံးဂူလီ သက်ပြင်းတချက်ချလိုက်ကာ...

"ဟုတ်ပါတယ်၊ သူက ငယ်ငယ်တုန်းက ဓားလုံနဲ့ ကစားချင်ခဲ့တယ်၊ တနေ့တော့ အဆင့်မြင့် သိုင်းသမားတယောက်နဲ့ တွေ့ပြီး သူ့ကို ဆုံးမလိုက်တာ တခါတည်း ကျပ်မပြည့်တဲ့လူဖြစ်သွားတာပဲ၊ ထုံထုံထိုင်းထိုင်း၊ နုံနုံအအနဲ့ ထမင်းကျတော့ စားလိုက်တာ တပြည်ချက်လောက်ကို ကုန်တယ်၊ ခန္ဓာကိုယ်ကြီး နွားပေါက်လို ဖြစ်နေတာသာ ကြည့်ပါတော့"

"ဟ ... တယ်မြင့်မားတဲ့ သိုင်းပညာပါလား၊ လူကို ဆော်ထည့်လိုက်တာ ကျပ်မပြည့်တဲ့လူ ဖြစ်သွားသတဲ့"

ကျုံးဂူလီ သွားဖြဲကာ ခေါင်းညိတ်ပြလိုက်၏။

ထက်ဝင်းရွှဲက ချူးနန်းကုကို ဂရုမစိုက်ဘဲ ကျုံးဂူလီအား ဖြတ်မေးသည်။

"သူ့ကို ဆုံးမလိုက်တဲ့လူက ဘယ်သူလဲ"

"ကျနော်မသိဘူး၊ ဟိုလူက ကျနော့်ညီလေးရဲ့ မျက်ခုံးပေါ်ကို လက်ချောင်းနှစ်ချောင်းနဲ့ ထိုးလိုက်လို့ ဒီလို ကျပ်မပြည့် ဖြစ်သွားရတယ်ဆိုတာကိုတော့ သိတယ်"

"မျက်ခုံးပေါ် ထိုးလိုက်တာနဲ့ ဘယ်လိုကြောင့် ဒီလို ဖြစ်သွားရတာလဲ၊ အံ့ဩစရာပဲ"

ထက်ဝင်းရွှဲက တယောက်တည်း ပြောသလို ရေရွတ်သည်။

ရောက်ချူးရွှေမှာ စားပွဲခုံအောက်မှ နားထောင်နေရင်း စိတ်ထဲတွင် တုန်လှုပ်ချောက်ချားသွားရသည်။

ကျုံးဂူလီက တမင်ပင် ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ လှျိုယိုခုံ၏ မျက်စိကို သွားစစ်ဆေးရန် ဆွဲဆောင်ပြောဆိုနေခြင်း ဖြစ်ပေသည်။

အကယ်၍ ကျုံးဂူလီ၏ ပိရိယာယ် ထောင်ချောက်ထဲသို့ ထက်ဝင်းရွှဲတို့ ဝင်ရောက်မိလျှင် လှျိုယိုခုံ၏ အပ်တစုံက သူတို့မျက်စိကို ထိုးဖောက်ပစ်လိုက်ပေလိမ့်မည်။

ရောက်ချူးရွှေ ထိုအသိဝင်လာတော့ အသံကုန်အော်ဟစ် သတိပေးလိုက်ချင်သည်။

အော်လို့ကလည်းမရ၊

စိတ်လှုပ်ရှားလွန်းသဖြင့် သူ့နဖူးထက်တွင် ဆီးကင်းစေ့မျှ ချွေးများ စို့ရွှဲစီးကျလာသည်။

ထန်ဖန်းသည်လည်း ထက်ဝင်းရွှဲတို့အတွက် အကြီးအကျယ် စိုးရိမ်နေမိတော့သည်။

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ အခြေအနေ မကောင်းလျှင် မိမိတို့သည် ရန်သူလက်တွင်း၌ လည်စင်းခံရပေတော့မည်။

"ဒါ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ သူ့မျက်ခွံကို ကျုပ် စမ်းသပ်ကြည့်ရမယ်"

ထက်ဝင်းရွှဲ၏ အသံထွက်ပေါ်လာသလို သူ့ခြေလှမ်းကိုလည်း စသည်။

ရောက်ချူးရွှေ၏ နှလုံးသားမှာ ပါးစပ်ပေါ်မှ ခုန်ထွက်သွားမတတ် လှုပ်ခုန်နေတော့သည်။

ချူးနန်းကုက ထက်ဝင်းရွှဲနောက်သို့ လိုက်ကာ ပိတ်တွန်းပစ်လိုက်သည်။ ထက်ဝင်းရွှဲ ခြေလှမ်း လေးငါးလှမ်းခန့် ယိမ်းယိုင်ထွက်သွား၏။

"မင်းက ဘာလို့ ကြည့်ရမှာလဲ၊ မင်းကိုမင်း သမားတော်ကြီးတယောက် အောက်မေ့နေလို့လား၊ ငါကြည့်မယ်၊ မင်းသွား ... လာ ... ခင်ဗျားမျက်နှာကို လှန်လိုက်"

ပြောပြောဆိုဆိုပင် ချူးနန်းကုက ခြေဖျားကို ထောက်ကာ လှျိုယိုခုံ၏ မျက်ခွံကို စစ်ဆေးဟန်ပြင်သည်။

ထက်ဝင်းရွှဲ ဒေါသဖြစ်သွားကာ ...

"မင်း ... မင်းဘာဖြစ်လို့ ငါ့ကို တွန်းလွှတ်ရတာလဲ၊ မင်းကကော ကုသနိုင်လို့လား"

ကျုံးဂူလီ စတင်လှုပ်ရှားလာသည်။

လက်ထဲမှ သံတုတ်ဖြင့် ထက်ဝင်းရွှေ၏ လည်ပင်းနောက်ဘက်ကို ထိုးချလိုက်သည်။

"စွပ် ..."

သံတုတ်ချွန် လေ့တိုးသံကြောင့် ထက်ဝင်းရွှေ ကမန်းကတန်းပင် နောက်သို့ လှည့်ကြည့်လိုက်သည်။

သံတုတ်ချွန်က သူ့လည်မျိုကို ထိုးဖောက်တော့မည်။

ရှောင်တိမ်းခုခံ၍ မရတော့။

ရုတ်ခြည်းပင် ညာလက်သီးကို ဆန့်ထုတ်ကာ သံတုတ်ချွန်အား ထိပ်တိုက်ထိုးချလိုက်တော့သည်။

"ဖြောင်း"

ကျုံးဂူလီ မျက်လုံးများ ပြူးကျယ် ဝိုင်းစက်အောင်ပင် အံ့အားသင့်သွား၏။

သူအားအကိုးဆုံး လက်နက်အပေါက်တခုကျုံးဘွဲ့ အမည်ကို ရယူနိုင်ခဲ့သည့် လက်နက်၊ ထိုလက်နက်ကို ထက်ဝင်းရွှေက လက်သီးဖြင့် ထိပ်တိုက်ရင်ဆိုင် ထိုးပစ်ခဲ့သည်။

ထက်ဝင်းရွှေထံမှ အသားနာကျင်သည့်အတွက် ညည်းညူအော်ဟစ်သံ ထွက်မလာ။

တုတ်ထိပ်ဖျားမှ အချွန်ကလေးပင် ကျိုးသွားခဲ့ရချေပြီ။

မထင်မှတ်သော အဖြစ်အပျက်ကြောင့် ကျုံးဂူလီ မှင်တက်ငေးကြောင်နေမိသည်။

ထက်ဝင်းရွှေကမူ ငြိမ်မနေ။ နောက်ထပ် လက်သီးတလုံးကို ကျုံးဂူလီ၏ နှာခေါင်းတည့်တည့်သို့ ထိုးချလိုက်တော့သည်။

"ဝုန်း"

မရှောင်တိမ်းနိုင်သော ကျုံးဂူလီမှာ ထက်ဝင်းရွှေ၏ လက်သီးချက်အထိခံရကာ နောက်သို့ လွင့်စဉ်ထွက်သွား၏။

ကံအားလျော်စွာ ရှောက်ချူးရွှေတို့ကို ဝှက်ထားသည့် စားပွဲခုံအား တိုက်မိကာ ဖုံးအုပ်ထားသည့် စားပွဲခင်းက ကွာကျသွားတော့သည်။

ရှောက်ချူးရွှေတို့လည်း အကာအကွယ်မဲ့ကာ ထင်းထင်းကြီး ပေါ်လာတော့သည်။

ကျုံးဂူလီ လှုပ်ရှားသည်နှင့် တဘက်မှ လျှိုယိုခုံကလည်း လှုပ်ရှားပြီး ဖြစ်နေသည်။

မိမိမျက်ခွံအား ဖြဲကြည့်ရန် ကြိုးစားနေသည့် ချူးနန်းကုကို ပန်းထိုးအပ်ဖြင့် ထိုးစိုက်ရန် လက်ဟန်ပြင်လိုက်၏။

သို့သော် ချူးနန်းကုက လျှပ်တပြက်ပင် သူ့ခန္ဓာကိုယ်ကို ပွေ့ဖက်ပစ်လိုက်သည်။

လက်နှစ်ဘက်ကိုပါ ဖမ်းချုပ်သိမ်းဖက်ထားသဖြင့် သူဘာမျှ မတတ်နိုင်တော့၊ နှစ်ယောက်သားမှာ တယောက်ထွက်သက် ဝင်သက်ကို တယောက် ရှူရှိုက်နေရပြီး နှုတ်ခမ်းချင်း၊ နှာခေါင်းချင်း ထိလုထိခင် ဖြစ်လာသည်။

တယောက်ကို တယောက် အတန်ကြာအောင် ပြူးကြည့်နေပြီးမှ ချူးနန်းကုက အတင်းပင် ရယ်မောကာ ...

"ဟီး ... ဟီး ... နေကောင်းတယ်နော်"

လျှိုယိုခုံမျက်နှာတွင် ဒေါသရောင် သန်းသွားသည်။

"မင်း ... မင်း .."

"ဟီး ... ဟီး ... ဒေါသကြီးလှချည်လား၊ ဘယ့်နယ့်အခုလို ယောကျ်ားကြီးနှစ်ယောက် မျက်နှာချင်းကပ်၊ ကိုယ်ချင်းပူးကပ်နေတာ ဘယ်လောက်ကြည့်လို့ ကောင်းလဲ၊ ဟဲ ... ဟဲ .. ခင်ဗျားကို ကျုပ် လက်လွှတ်ပေးလိုက်ရင် ကျုပ်မျက်စိနှစ်လုံးလုံး ကန်းသွားမှာပေါ့၊ မတတ်နိုင်ဘူး၊ ဒီလိုပဲ ဖက်ထားရတော့မှာပဲ"

လျှိုယိုခုံ ဒေါသထွက်လွန်းသဖြင့် စကားမဆိုနိုင်လောက်အောင် ရှူးရှူးရှားရှား ဖြစ်နေသည်။

ချူးနန်းကုက တမင်ပင် စပ်ဖြဲဖြဲ အမူအရာဖြင့်...

"ခင်ဗျား သိပ်စိတ်ဆိုးနေလား၊ ဟဲ ... ဟဲ ... ကျုပ်တို့က ချီဟုနန်တံတားကို ဖြတ်လာကတည်းက အခြေအနေမဟန်မှန်း သိပြီးသား၊ ဘာဖြစ်လို့ ချောင်းရေထဲမှာ ငါးတွေ ဗိုက်လန်ပြီး သေနေရတာလဲ၊ ဒါဟာ အဆိပ်ရှိလို့ပဲပေါ့၊ ပြီးတော့ ဒီပျော်ပွဲစားရုံမှာ လူသူမရှိပဲ ခင်ဗျားတို့နှစ်ယောက်ပဲ ထူးထူးခြားခြား ဘာလို့ ရှိနေရတာလဲ၊ ဆိုင်းဘုတ်ပေါ်မှာ ရေးထားတဲ့ သြဇာအာဏာစခန်းသာဆိုတဲ့ စာလုံးကို ဘာဖြစ်လို့ ပိတ်စနဲ့ ဖုံးအုပ်ထားရတာလဲ၊ ခင်ဗျားက ကျုပ်တို့ကို အကန်းတွေ၊ ငတုံးတွေ၊ ငအတွေလို့ ထင်နေသလား၊ ဒီနေရာဟာ သြဇာအာဏာဂိုဏ်းနဲ့ ပတ်သက်နေရမယ်ဆိုတာ ကျုပ်တို့ မတွေးမိဘူး ထင်နေသလား၊ ဟဲ .. ဟဲ ... ဒီဆိုင်ထဲကို ဝင်မလာခင်ကတည်းက ကျုပ်တို့စိတ်ထဲမှာ သတိဝီရိယဆိုတာ ရှိပြီးသား၊ ကြိုတင်ကာကွယ်ဖို့ ကြိုးစားပြီးသားပဲ"

"တောက်..."

လျှိုယိုခံ တောက်ခေါက်ကာ အော်ဟစ်ရုန်းကုန်သည်။ ချူးနန်းကုက အလွတ်မပေး၊ ကြားလေသွေးမှာ စိုးကြောက်သည့် ချစ်သူများအလား အတင်းဖက်တွယ်ထားသည်။

ထန်ဖန်းမှာ သည်တော့မှ ချူးနန်းကုတို့အပေါ် စိတ်ချသွားမိသည်။

နန်းမိန်ချောင်းထဲမှ ငါးသေများသည် နန်ကုန်းရှုံဟွမ်၏ အလောင်းတွင် အဆိပ်ရှိနေသောကြောင့် ငါးများသေဆုံးသွားရခြင်း ဖြစ်မည်ကိုလည်း တွေးမိသည်။

ထိုစဉ်မှာ ဂုန်းဆိုသော အသံနှင့်အတူ ဖုံးကွယ်ထားသော စားပွဲခင်းစ လစ်ဟင်းအသွားတွင် လူတသိုက်ကို တွေ့လိုက်ရသဖြင့် အံ့သြဝမ်းသာသွားမိသည်။

"ဟာ ... ငါ့လူတွေပဲ၊ ဟီး .. ဟီး ... ဟီး .. ဝမ်းသာလိုက်တာ"

ထက်ဝင်းရွှဲသည် ပြောရင်းမှ ရှေ့သို့ တိုးတက်လာပြီး ရောက်ချူးရွှေ၏ လက်ကိုဆွဲလျက် အဆက်မပြတ် လှုပ်ခါယမ်းလိုက်သည်။

"ဟီး ... ဟီး ... အကိုကြီး နေကောင်းတယ်နော်၊ မတွေ့ရတာတောင် ကြာသွားပြီ"

ပြီး ကျိုချူးချောက်လန်နှင့် တိန်ယိဟန်တို့ကို လက်သီးဖြင့် တချက်စီ ထိုး၏။

"ဟား ... ဟား ... ဟား ကျိုချူးနဲ့ ယိဟန် မင်းတို့က ဒီကို ရောက်နေကြတာကိုး၊ တို့ ထပ်တွေ့ကြပြန်ပြီနော်"

တဖန် ထန်ဖန်းကို စိုက်ကြည့်လိုက်သည်။ ထန်ဖန်းမှာ ထိတ်လန့်ကာ မူးမေ့သွားမတတ်ပင် ဖြစ်နေရသည်။

ထက်ဝင်းရွှဲက ထန်ဖန်းကို ကြည့်ရင်းမှ မျက်မှောင်ကြုတ် ခေါင်းခါယမ်းလိုက်ပြီး...

"တကယ်ထူးဆန်းပါလား၊ ဒီလောက်ချော ဒီလောက်လှတဲ့ ကောင်မလေးကို ငါဘာလို့ မတွေ့ဖူးရတာလဲ"

ရောက်ချူးရွှေဘက်သို့ လှည့်ကာ လက်သီးတချက် လှမ်းထိုးလိုက်ပြန်သည်။

"ဟီး .. ဟီး .. အကိုကြီးက ရည်းစားတွေ ဘာတွေတောင် ရှိနေပြီကိုး၊ ဘာဖြစ်လို့ ကျနော်တို့ကို အသိမပေးရတာလဲ"

ထက်ဝင်းရွှဲမှာ ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်နေတော့သည်။

ရောက်ချူးရွှေတို့ တသိုက်မှာ သွေးကြောပိတ်ခံထားရသဖြင့် သူပြောသမျှ လုပ်သမျှ ခံနေရသည်။

ပြန်၍ စကားမပြောနိုင်၊ မလှုပ်နိုင်။

"ဟား ... ဟား ... ချူးနန်းကု ဒီမှာ အကိုကြီးတို့ ရောက်နေပြီကွ၊ ငါသိပ်ပျော်တာပဲ"

ထက်ဝင်းရွှဲက ဝမ်းသာပျော်ရွှင်စွာ အော်ဟစ်ပြောဆိုလိုက်သည်။

ထိုစဉ်မှာပင် စောစောက လွင့်စဉ်ထွက်သွားသော ကျုံးဂူလီသည် ကုလားထိုင်အကျိုး၊ ပန်းကန်အကွဲများကြားမှ ထွက်လာခဲ့သည်။

ထက်ဝင်းရွှဲက တွေ့လိုက်ရလျှင် ...

"ဟင်...ခင်ဗျား အခုထက်ထိ မသေသေးဘူးလား၊ လာခဲ့...လာခဲ့ ကျုပ်ခင်ဗျားကို လက်သီးနှစ်ချက် ထပ်ပြုစုလိုက်မယ်"

ပြောပြောဆိုဆိုပင် ကျုံးဂူလီထံသို့ ပြေးဝင်သွား၏။

ကျုံးဂူလီမှာ မာန်သွင်းအော်ဟစ်ကာ သံတုတ်ဖြင့် ဖြတ်ရိုက်သည်။

ထက်ဝင်းရွှဲမှာ အပျော်လွန်နေသဖြင့် ရှောင်ရှားရန် သတိမရ။

ကျုံးဂူလီ သံတုတ်က သူ့ကျောပြင်ကို ရိုက်ချသွားမိတော့သည်။

"ဖုန်း ..."

ကျုံးဂူလီသည် ထက်ဝင်းရွှဲ၏ လက်သီးတချက် အမိခံရကာ ဒဏ်ရာရရှိနေခဲ့သည့်အတွက် အတွင်းအားများ ယုတ်လျော့နေသည်။

ထက်ဝင်းရွှဲအား ရိုက်ချလိုက်သည့် သံတုတ်ရိုက်ချက်မှာ အားအင် သိပ်မပါလှ။

သို့သော် ထက်ဝင်းရွှဲ၏ ကျောပြင်ကို ထိမှန်ပြီး ကွေးညွှတ်သွားလေသည်။

ထက်ဝင်းရွှဲက ထိုသံတုတ်ကို လက်ဖြင့် ဖမ်းလုယူပြီး ပေါင်ကြား၊တံတောင်ကြားတို့တွင် ထည့်သွင်းကာ စပိရိန်တခုလိုဖြစ်အောင် ကွေးညွှတ်ပစ်လိုက်သည်။

ကျုံးဂူလီ လိပ်ပြာလွင့်စဉ်မတတ် ထိတ်လန့်ချောက်ချားသွားတော့သည်။

ထို့နောက် ခြေကုန်သုတ်ကာ ထွက်ပြေးလေသည်။

"ပြေးလို့ လွတ်မတဲ့လား"

ထက်ဝင်းရွှဲ့ကလည်း နောက်မှ အတင်းအကျပ်ပြေးလိုက်သည်။ နှစ်ယောက်သားမှာ စားသောက်ဆိုင်ပေါ်တွင် လိုက်တမ်းပြေးတမ်း ကစားသည့်ပမာ ပတ်ချာလည်လှည့်ပြေးနေတော့သည်။

ချူးနန်းကုသည် လျှိုယိုခုံအား အတင်းအကျပ်ပင် ပွေ့ဖက်ထားဆဲရှိ၏။ လျှိုယိုခုံ ရုန်းကန်သော်လည်း မရသဖြင့် စိတ်တိုကာ ဆဲဆိုတော့သည်။

ချူးနန်းကု ဒေါသထွက်သွားသည်။

ရုတ်ခြည်းပင် ပါးစပ်ဟကာ လျှိုယိုခုံ၏ နှာသီးဖျားကို ကိုက်ချလိုက်တော့သည်။

မထင်မှတ်သော တိုက်ကွက်။

လျှိုယိုခုံ မရှောင်တိမ်းနိုင်ပဲ ချူးနန်းကု၏ ကိုက်ဖြတ်ခြင်း ခံလိုက်ရသည်။ လျှိုယိုခုံ၏ နှာခေါင်းမှာ သွေးစက်စက်ကျလျက် တိတိရိရိ ပြတ်ထွက်သွားတော့သည်။

"အား ..."

နာနာကျင်ကျင် အော်ဟစ်လိုက်သည်နှင့်အတူ လျှိုယိုခုံက ချူးနန်းကု၏ မျက်နှာကို ခေါင်းနှင့် ဆောင့်ပစ်လိုက်သည်။

"ခွပ် ..."

ချူးနန်းကု မဟန်နိုင်ဘဲ လျှိုယိုခုံကို လက်လွှတ်ပေးလိုက်ရပြီး နောက်သို့ ခြေလှမ်းလေးလှမ်းခန့် ဆုတ်ပေးလိုက်ရသည်။

ရှေ့သို့ ထပ်တိုးတက်ရန် ဟန်ပြင်စဉ်မှာပင် လျှိုယိုခုံက အပ်နှစ်ချောင်းကို ရုတ်တရက် ပစ်လွှတ်လိုက်သည်။

"ဝှစ် ... ဝှစ်"

အပ်နှစ်စင်းက လျင်မြန်သော အရှိန်အဟုန်ဖြင့် ပြေးထွက်လာလေသည်။

ချူးနန်းကုထံသို့ကား မဟုတ်။

စားပွဲခုံအောက်တွင် သွေးကြောပိတ်ခံထားရသည့် ထန်ဖန်းနှင့် တိန်ယိဟန်တို့ထံ ဦးတည်သွားသည်။

လျှိုယိုခုံသည် သူ့အပ်နှစ်စင်းကို ချူးနန်းကု၏ သိုင်းပညာနှင့် အလွယ်တကူ ဖမ်းယူချေဖျက်နိုင်မည်ကို နားလည်သဘောပေါက်သည်။ ထို့ကြောင့် မလှုပ်ရှားနိုင်သော တိန်ယိဟန်နှင့် ထန်ဖန်းတို့ထံ ပစ်လွှတ်သည်။

ချူးနန်းကုက သွားရောက်ကယ်တင်လျှင် အလွတ်ရုန်း ထွက်ပြေးသွားတော့မည် ဆိုသည့်သဘောတည်း။

ချူးနန်းကုနှင့် ထက်ဝင်းရွှဲ့တို့သည် တကယ်ပင် လူထူးလူဆန်းများ ဖြစ်ကြသည်။

ကြီးကြီးမားမား ကိစ္စများတွင် သတိရှိတတ်ကြသော်လည်း အသေးအမွှားကိစ္စတွင် ပေါ့ဆတတ်ကြသည်။

ထိုအသေးအမွှား မထင်မှတ်သောကိစ္စက ကြီးမားသော ပြဿနာကြီးတခု ဖြစ်လာနိုင်သည်ကို သူတို့ မစဉ်းစားတတ်။ လျှိုယိုခုံက အပ်နှစ်ချောင်းကို တိန်ယိဟန်တို့ထံသို့ အဘယ်ကြောင့် ပစ်လွှတ်ရသည်ကို သူမတွေး။ သူ့ခေါင်းထဲတွင် ထိုအပနှစ်စင်းလောက်ကို ရှောက်ချူးရွှေနှင့် တိန်ယိဟန်တို့ အလွယ်တကူပင် ရှောင်ရှားနိုင်လိမ့်မည်ဟု ထင်မှတ်ယုံကြည်ထားလေသည်။

ထို့ကြောင့် ကယ်တင်ရန် မစဉ်းစားပဲ လျှိုယိုခုံထံ ခုန်ဝင်လိုက်လေသည်။

အခြေအနေကို ဒဏ်ရာရနေသည့် နှာခေါင်းအား လက်ဖြင့်အုပ်ကာ စောင့်ကြည့်နေစဉ် ချူးနန်းကု ခုန်ဝင်လာသောအခါ မည်သို့မျှ မတတ်နိုင်တော့။ မျက်လုံးထဲတွင် လက်တဘက် ရိပ်ခနဲသာ တွေ့လိုက်ရသည်။

"အား ..."

ထို့နောက် နာနာကျင်ကျင် အော်ဟစ်လိုက်မိပြီး မျက်လုံးအိမ်ထဲတွင် မျက်လုံးတလုံး မရှိတော့သည်ကိုသာ သိလိုက်ရသည်။ ကြောက်လန့်တုန်လှုပ်လွန်းကာ အရူးတယောက်လို အော်ဟစ်လျက် ပြေးထွက်သွားရာ ပြတင်းပေါက်မှ ချောင်းထဲသို့ ပြုတ်ကျသွား၏။

ချူးနန်းကု ဆက်မလိုက်။ သူ၏ ဗျိုင်းနုတ်သီး လက်ချောင်းတိုက်ကွက်က လျှိုယိုခုံ၏ အသက်ဝိညာဉ်ကို မနုတ်ခြွေနိုင်သော်လည်း မျက်လုံးတဘက် ထုတ်ယူလိုက်နိုင်သဖြင့် ကျေနပ်ပီတိဖြစ်သွားသည်။

အပ်နှစ်ချောင်းကိစ္စကို သူသတိမရသေး။

အပ်နှစ်ချောင်းက သူ့အရှိန်နှင့်အတူ သွားနေဆဲ။

တချောင်းက ထန်ဖန်း၏ လင်ကျုံးသွေးကြောကွက်ကို ဦးတည်လျက်။ တချောင်းက တိန်ယိဟန်၏ မျက်ခုံးနှစ်ဘက်ကြားသို့ ဦးတည်နေသည်။

ထိမိသည်နှင့် တချက်တည်း သေဆုံးသွားစေနိုင်သည့် သေကွင်းသေကွက်နေရာ။

အပ်အရှိန်က မလျော့။ တဖြည်းဖြည်း နီးကပ်လာပြီး တိန်ယိဟန်နှင့် ထန်ဖန်းတို့၏ အသက်ဝိညာဉ်ကို နုတ်ခြွေတော့မည်။ ကယ်တင်မည့်သူကလည်း တဦးတယောက်မျှ မရှိ။ ထန်ဖန်းနှင့် တိန်ယိဟန်တို့မှာ သေမိန့်ကို စောင့်စားနေရုံမျှတပါး ဘာမျှမတတ်နိုင်တော့။

ရောက်ချူးရွှေ အကြီးအကျယ် တုန်လှုပ်လာသည်။

အချိန်က လက်မတင်အချိန်ကလေး။

ရှိသမျှ အတွင်းအားများကို ဖျစ်ညှစ်ထုတ်ကာ မာန်သွင်းအော်ဟစ်လိုက်သည်။

"ယား .."

အော်ဟစ်သံနှင့်အတူ သူ့ခန္ဓာကိုယ်က မြောက်တက်လာသည်။

ဘာလုပ်မလဲ။

ရောက်ချူးရွှေ ဘာလုပ်ရမလဲ။

တချိန်တည်း တပြိုင်တည်း ဝင်ရောက်လာသည့် အပ်နှစ်စင်းကို ဘယ်လို ကာကွယ်ရမလဲ။

ထန်ဖန်းထံသို့ ဝင်ရောက်လာသည့်အပ်နှင့် တိန်ယိဟန်ထံသို့ ပြေးဝင်လာသည့်အပ်နှစ်စင်းက ကွာဝေးလှသည်။

လက်နှစ်ဘက် ဆန့်တန်းဖမ်းဆီး၍ မမှီ။ တယောက်ကို ကယ်တင်လျှင် တယောက် အသက်ဆုံးရှုံးရတော့မည်။

တိန်ယိဟန် အသေခံမလား။

ထန်ဖန်းကို အသေခံမလား။

မဖြစ်နိုင်။ နှစ်ယောက်လုံးကို အသေမခံနိုင်။

သို့ဆိုလျှင် ...

ရောက်ချူးရွှေ၏ ခန္ဓာကိုယ်သည် လေထဲတွင်ပင် ကန့်လန့်ဖြတ် လဲလျောင်းလိုက်သည်။

လက်နှစ်ဘက်ကို ပူးယှက်ကာ ခေါင်းပေါ်သို့မြှောက်လျက် ခြေထောက်နှစ်ချောင်းကို ဆန့်ထုတ်သည်။

လက်နှစ်ဘက်က အလိုက်သင့်ပင် တိန်ယိဟန်ထံသို့ ပြေးဝင်လာသည့်အပ်ကို ဖမ်းဆုပ်လိုက်သည်။

တိန်ယိဟန်ကို ကယ်တင်ပြီးပြီ။

ထန်ဖန်းပဲ ကျန်တော့သည်။

သူ့ခြေထောက်နှစ်ဖက်က မဖျတ်လတ်နိုင်သေး။

သွေးကြောကွက်များ ပွင့်ခါစမို့ အတွင်းအားကို စိတ်တိုင်းကျ အသုံးမချနိုင်သေး။

နောက်ဆုံးတွင် ထန်ဖန်းအား စိုက်ဝင်မည့် အပ်တချောင်းကို သူ့ခြေထောက်ဖြင့် ထိုးခံကာ အစိုက်ခံလိုက်တော့သည်။

နှစ်ယောက်လုံး၏ အသက်ကို ကယ်တင်ပြီးပြီ။

သူကိုယ်တိုင်ကမူ အပ်စိုက်ခံရဖြင့် ဝုန်းခနဲ လဲကျသွားတော့သည်။

တိန်ယိဟန်၏ မျက်လုံးထဲတွင် ကျေးဇူးတင်သည့် အလင်းရောင်များ ထွက်ပေါ်လာသည်။

ကျိုချူးချောက်လန်၏ မျက်ဝန်းအိမ်တွင် လေးစားချီးကျူးသည့် အရိပ်အယောက်များ တလက်လက် တောက်ပလာသည်။

ထန်ဖန်း၏ မျက်လုံးအိမ်တွင်မူကား ဝမ်းသာဝမ်းနည်း ဖြစ်ကာ မျက်ရည်များ ပြည့်ဖြိုးလာတော့သည်။

ထက်ဝင်းရွှဲ့သည် ကျုံးဂူလီနှင့် ပြေးတမ်းကစားနေသည်။ ကျုံးဂူလီက ရှေ့မှပြေး၊ သူကနောက်လိုက်နှင့် စားသောက်ဆိုင်ထဲတွင် ဝိုင်းကြီးပတ်ပတ်လည်နေ၏။

အပ်နှစ်စင်း သူ့ရှေ့မှ ဖြတ်ပြေးသွားသည်ကို တွေ့သော်လည်း မဖမ်း။

ဖမ်းလျှင် အလွယ်တကူ မိနိုင်သည်။

သူ့စိတ်ထဲတွင် ကျုံးဂူလီကို အမိဖမ်း ဆုံးမဖို့သာ အာရုံစိုက်နေသည်။

အခန်းထဲတွင် ဆယ်ပတ်ခန့် ပြေးလွှားပြီးပြီ။

နောက်က လိုက်နေရသည်ကို ထက်ဝင်းရွှဲ့ စိတ်ပျက်လာသည်။ ခြေထောက်လည်း ဖိနပ်ပေါက်ပြဲကာ ခြေခုံတခုလုံး ပြူထွက်လာပြီ။

စိတ်ပျက်လက်ပျက်ပင် ဆောင့်ကြောင့်ထိုင်ချကာ ဖိနပ်ကို ပြုပြင်ရန် ကြိုးစားလိုက်သည်။

ထိုစဉ်...

"ဖုန်း ..."

လူတယောက်က သူ့ကို ဝင်တိုက်မိသဖြင့် ကိုယ်ကိုမတ်မတ် ပြန်ဆန့်လိုက်ရာ ထိုသူအောက်သို့ လိမ့်ကျသွား၏။

ထက်ဝင်းရွဲ့ ဒေါသဖြစ်ဖြစ်ဖြင့် ထိုသူကို မျက်နှာချင်းဆိုင်လိုက်သည်။

ကျုံးဂူလီ ဖြစ်နေပေသတည်း။

ကျုံးဂူလီ နှာခေါင်းရိုးကျိုးကာ နာကျင်လွန်းသဖြင့် ထက်ဝင်းရွဲ့ နောက်မှလိုက်နေသည်ကို လွတ်မြောက်ဖို့သာ စိတ်စောနေသောကြောင့် ထက်ဝင်းရွဲ့ ထိုင်ချလိုက်သည်ကို မသိ။

နောက်မှ ဆက်လိုက်နေသည်ဟု ထင်မှတ်ကာ စွတ်ရွတ်ပြေးနေ၏။

အခန်းကို ပတ်မိသောအခါ ထက်ဝင်းရွဲ့ကို ခလုတ်တိုက်မိခြင်း ဖြစ်တော့သည်။

သူ့ရှေ့တွင် ထက်ဝင်းရွဲ့ ရောက်နေသည်ကို တွေ့ရလျှင် ကျုံးဂူလီ အကြီးအကျယ် တုန်လှုပ်သွား၏။

သူတုန်လှုပ်ချိန်ပင် မရလိုက်။

ထက်ဝင်းရွဲ့၏ လက်သီးချက်များက မိုးသီးမိုးပေါက်များပမာ သူ့ကိုယ်ပေါ်သို့ ကျလာသည်။

လက်သီးချက် လေးငါးချက်ကို ခုခံနိုင်သေးသည်။

အင်အား ပြင်းထန်လွန်းသောကြောင့် နောက်ပိုင်းတွင် ဆက်မခံနိုင်။

ထက်ဝင်းရွဲ့၏ လက်သီးချက် ဆယ်ချက်ခန့် သူ့ဝမ်းဗိုက်နှင့် ရင်ဘတ်တို့တွင် အထိခံလိုက်ရတော့သည်။

"ဖုန်း ... ဖုန်း ... ဖုန်း"

အင်အားပြင်းထန်လွန်းသည့် လက်သီးချက်များကြောင့် ကျုံးဂူလီ သေမတတ် နာကျင်သွားသည်။

တကိုယ်လုံးတွင် ရှိရှိသမျှသော အရိုးများ ကျိုးကြေကုန်ပြီဟု ထင်မှတ်လိုက်ရ၏။

နောက်ဆုံးတွင် ထက်ဝင်းရွဲ့ကို တွန်းဖယ်ကာ ပြတင်းပေါက်မှ ခုန်ဆင်းသွားတော့သည်။

ထက်ဝင်းရွဲ့ ဆက်မလိုက်။

အောင်နိုင်သူတယောက်ပမာ ဝင့်ကြွားစွာ ရပ်နေသည်။

ရှောက်ချုံးရွှေသည် သွေးကြောအပိတ်ခံထားရပါလျက် အဘယ့်ကြောင့် ခုန်ပျံလှုပ်ရှားနိုင်ရသနည်း။

နတ်သိကြားများက လာရောက် ကယ်တင်လိုက်ခြင်း မဟုတ်ပေ။

သူသည် သွေးကြောအပိတ်ခံရပြီးကတည်းက မိမိ၏ အတွင်းအားဖြင့် ကျိတ်၍ သွေးကြောကွက်များ ပြန်ဖွင့်နေခဲ့သည်။

သူတို့လေးယောက်ထဲတွင် သူ့အတွင်းအားက အကောင်းဆုံးဖြစ်သလို အလျှို့ဝှက် အနက်နဲဆုံးလည်း ဖြစ်ပေသည်။

သို့တိုင် သူ့အတွင်းအားဖြင့် ပိတ်ထားသော သွေးကြောကွက်များကို အလိုအလျောက် မဖွင့်နိုင်သေး။

ကံတရား၏ အဖေးအမဟုပင် ဆိုရချေမည်။

ထက်ဝင်းရွဲ့ ရောက်ရှိလာပြီး ဘုမသိဘမသိ ရှောက်ချုံးရွှေတို့သုံးယောက်ကို လက်သီးနှင့် လိုက်ထိုးကာ နှုတ်ဆက်သည်။

ရှောက်ချုံးရွှေအား ထိုးနှက်လိုက်သည့် ထက်ဝင်းရွဲ့၏ လက်သီးချက်က ရှောက်ချုံးရွှေအတွက် များစွာ အကျိုးသက်ရောက်သွားသည်။

စောစောကတည်းကပင် ကြိုတင်ပြင်ဆင်မှု ရှိထားသဖြင့် ထက်ဝင်းရွဲ့၏ လက်သီးချက်ကို အတင်းထိုးခံကာ အားပြောင်းအားယူနည်းဖြင့် အတွင်းအားကို လည်ပတ်လိုက်သည်။

ထက်ဝင်းရွဲ့သည် အတွင်းအားကောင်းသူတယောက် ဖြစ်သည်မို့ လက်သီးချက်တွင်လည်း အားပါသည်။ ထိုအတွင်းအားကို ဆွဲယူကာ ပိတ်ထားသည့် သွေးကြောကွက်များနေရာသို့ လိုသလို ပို့ဆောင်လိုက်သောကြောင့် ရှောက်ချုံးရွှေ လှုပ်ရှားလိုနိုင်ခြင်း ဖြစ်၏။

ထိုကဲ့သို့ အတွင်းအား ရွှေပြောင်းခြင်းသည် ခန္ဓာကိုယ်ကို အလွန်ပင် ထိခိုက်နစ်နာစေသည်။ ထို့ပြင် သွေးကြောကွက် ပွင့်လျှင်ပွင့်ချင်း အစွမ်းကုန် အားစိုက်ကယ်တင်ရခြင်း၊ စိတ်လှုပ်ရှားရခြင်းတို့ကြောင့် အတွင်းကလီစာများ ပြောင်းဆန်ကုန်အောင်ပင် ထိခိုက်သွားသည်။

ယခုတဖန် အပ်တချောင်းက ခြေထောက်ကို ထိုးစိုက်ခံရပြန်သောအခါ သူ့မျက်နှာမှာ သွေးဆုတ်သွားအောင်ပင် ဖြူရော်လာ၏။

လူကလည်း အင်အားကုန်ခမ်း မောဟိုက်နေပြီ။

သို့သော် သူအနားမယူနိုင်သေး။

ချက်ချင်းပင် ကျိုချုံးချောက်လန်၏ သွေးကြောကွက်များကို ဖြေဖွင့်ပေးလိုက်သည်။ ကျိုချုံးချောက်လန်ကလည်း သူ့သွေးကြောကွက် ပွင့်သည်နှင့် တိန်ယိဟန်နှင့် ထန်ဖန်းတို့၏ သွေးကြောကွက်များကို ထိုးဖွင့်ပေးသည်။

သူတို့လေးယောက် သွေးကြောကွက်ပွင့်သည့် အချိန်မှာပင် ထက်ဝင်းရွှဲ့နှင့် ချူးနန်းကုတို့သည် ကျုံးဂူလီနှင့် လျှိုယိုခဲ့တို့အား တိုက်ခိုက်ဆုတ်ခွာစေခဲ့ပြီး သူတို့ထံသို့ ရယ်မောကာ လျှောက်လာကြသည်။

ထန်ဖန်းသည် မောဟိုက်နွမ်းနယ်နေသော ရှောက်ချူးရွှေကို ညင်သာစွာ ပွေ့ထူထားသည်။

ကျိုချူးချောက်လန်နှင့် တိန်ယိဟန်တို့ နှစ်ယောက်မှာမူ မတ်တပ်ထရပ်ကာ ထက်ဝင်းရွှဲ့နှင့် ချူးနန်းကုတို့ထံသို့ လျှောက်သွားသည်။ အနီးသို့ရောက်လျှင် ချူးနန်းကုက စပ်ဖြဲဖြဲ အမူအရာဖြင့်...

"ဟေး ... ဟေး ... တလနှစ်လလောက် မတွေ့ရတဲ့ အချိန်ကလေးမှာ အကိုကြီးက ဘယ့်နှယ့်ကြောင့် ချောင်းဆိုးရင်ကြပ်ရောဂါ ရလာရတာလဲ"

ရှောက်ချူးရွှေ မောဟိုက်နေသည်ကို ပြောလိုက်ခြင်း ဖြစ်၏။

ထက်ဝင်းရွှဲ့ကလည်း ရယ်မောကာ ...

"ဘယ်လိုလဲ၊ မင်းတို့ကကော ခုနက ဟိုနေရာမှာ မြေကြီးတွေ ငုံ့စားနေကြတာလား"

ကျိုချူးချောက်လန်က ပြုံးရယ်ကာ ထက်ဝင်းရွှဲ့၏ လက်နှစ်ဘက်ကို ဖမ်းဆုပ်လိုက်သည်။

"မြေကြီးစားတာ မဟုတ်ဘူး၊ မင်းကို လက်သီးစားခိုင်းမလို့"

တပြိုင်တည်းပင် တိန်ယိဟန်ကလည်း ချူးနန်းကု ပခုံးကိုပုတ်ကာ ရယ်မောလျက် ...

"အကိုကြီး ရင်ကျပ်ရောဂါစွဲတာထက် မင်းက ဗိုက်အောင့်ရောဂါ ရစေရမယ်"

ပြောပြောဆိုဆိုပင် နှစ်ယောက်သားမှာ ထက်ဝင်းရွှဲ့နှင့် ချူးနန်းကုတို့အား လက်သီးနှင့် တဖုန်းဖုန်း ထိုးထည့်လိုက်တော့သည်။

သူတို့သည် အလွန်ခင်မင်ကြသော သူငယ်ချင်းများ ဖြစ်သဖြင့် တယောက်အားနည်းချက်ကို တယောက်သိကြသည်။ ကျိုချူးချောက်လန်နှင့် တိန်ယိဟန်က ထက်ဝင်းရွှဲ့နှင့် ချူးနန်းကုတို့ အားပျော့သည့် အချက်အခြာနေရာသို့ ထိုးချလိုက်ရာ မခံနိုင်ကြဘဲ ခါးကွေးညွတ်သွားကြတော့သည်။

"ခွေးမသား ... အား ... ကျွတ် .. ကျွတ် ... ဒီလောက်အားနဲ့အင်နဲ့ ထိုးရသလားကွ ... ကျွတ် ... ကျွတ်"

ထက်ဝင်းရွှဲ့က ဒေါသဖြင့် ဆဲသည်။

ချူးနန်းကုက ဗိုက်ကိုနှိပ်နေပြီး ...

"ဟင် ... မင်း ... မင်း ... ငါ့ကို လုပ်ကြံတာလား .... ကျွတ် .. ကျွတ် ... မင်းသေချင်လို့လား"

"မင်းတို့ အလုည့်ကျတော့ နာတတ်ကြသလား၊ ခုနက မင်းတို့ ငါတို့ကို နာကျင်အောင် ထိုးခဲ့လို့ ပြန်ကလဲ့စားချေတာ"

တိန်ယိဟန်က ပြန်ချေပသည်။

ချူးနန်းကု မျက်လုံးပြူး မျက်ဆန်ပြူးကာ...

"မင်းဘာစကား ပြောတာလဲ၊ တို့အမြဲတမ်းတွေ့ရင် ဒီလို အရှိအသေပေး နှုတ်ဆက်နေကြပဲကွ"

"တို့သွေးကြောအပိတ် ခံထားရပြီး စဥ့်နီတုံးပေါ်မှာ လည်စင်းထားရတာ ... မင်းတို့က လျှောက်လာပြီး တို့သွေးကြောကွက်တွေကိုတော့ ဖြေမပေးပဲ ဂရုမစိုက်လုပ်တယ်၊ နာအောင်ကျင်အောင် လက်သီးနဲ့ ထိုးသေးတယ်၊ အဲဒါ မင်းတို့လုပ်တာ မှန်တယ်ပြောမလို့လား"

ထက်ဝင်းရွှဲ့က ရှောက်ချူးရွှေကို ကြည့်ပြီး ..

"ဒါဆို အကိုကြီးလဲ ဘယ်လိုလုပ်ပြီး လှုပ်ရှားနိုင်မလဲ၊ မင်းတို့ လိမ်ညာပြောတယ်ဆိုတာ ထင်ရှားနေတာပဲ"

ကျိုချူးချောက်လန် ဒေါသထွက်သွားသည်။

"အကိုကြီးသာ မင်းထိုးလိုက်တဲ့ လက်သီးချက်ကို အားပြောင်းအားယူနည်းနဲ့ အတွင်းအား ပြောင်းရွှေ့ပြီး သွေးကြောမဖွင့်နိုင်ခဲ့ရင် အားလုံးဒုက္ခရောက်ကုန်ပြီ၊ အပ်နှစ်စင်းကို ကိုယ်နဲ့ မကာကွယ်ပေးခဲ့ရင် တိန်ယိဟန်နဲ့ ထန်ဖန်း သေတာကြာလှပြီ၊ မင်းတို့ ကယ်တင်တာကို စောင့်နေလို့ကတော့ ... ဟင်း ... အလောင်းပဲကျန်မယ်'

ထက်ဝင်းရွှဲ့နှင့် ချူးနန်းကုတို့ ငိုင်တွေသွားကြသည်။ အသေးအမွှားများကို သတိမထားမိသည့် သူတို့အပြစ်ကိုလည်း ပြန်မြင်လာကြသည်။

ဆက်၍ မငြင်းခုံရဲတော့။

တိန်ယိဟန်က ဒေါသမပြေသေးပဲ ...

"ခွေးမသားတွေ မင်းတို့ အရှူးနှစ်ကောင်ကြောင့် အားလုံးသေကုန်ကြတော့မလို့"

ထက်ဝင်းရွှဲ့က စိတ်မကောင်းဟန် ငိုမဲ့မဲ့ မျက်နှာဖြင့် ...

"တို့ ... တို့က မင်းတို့ သွေးကြောပိတ်ခံထားရမှန်း ဘယ်လိုလုပ်သိမှာလဲ"

"မင်းအခုထက်ထိ ဆင်ခြင်ပေးချင်သေးသလား"

တိန်ယိဟန် စိတ်ဆိုးမာန်ဆိုး ပြောလာသဖြင့် ရောက်ချူးရွှေက အားတင်းရယ်ကာ ဝင်ထိန်းရသည်။

"တော်ကြပါတော့၊ ဘာပဲပြောပြော ထက်ဝင်းရွှဲနဲ့ ချူးနန်းကုတို့ ရောက်လာတာ တို့အသက်ကို ကယ်တင်လိုက်တာပဲ၊ သူတို့ကို ကျေးဇူးတောင် တင်သင့်တယ်"

"ဟုတ်တယ် ... ဟုတ်တယ် ... တို့က မင်းတို့အပေါ် အသက်ကယ်တဲ့ ကျေးဇူးရှိတယ်၊ ငါတို့က မင်းတို့ရဲ့ ကျေးဇူးရှင်တွေ၊ ဟဲ .. ဟဲ ... ကျေးဇူးရှင်ကို မစော်ကားရဘူး၊ ဒါနဲ့ နေစမ်းပါဦး၊ မင်းတို့အစက ချန်တူးမြို့ ပန်းချောင်းဓားဂိုဏ်း ရောက်ဝေဟာမှာ ရှိနေကြတာ မဟုတ်ဘူးလား၊ ဘယ်လိုလုပ် ဒီနေရာ ရောက်လာပြီး သွေးကြောအပိတ်ခံနေရတာလဲ"

ချူးနန်းကု သဘောကျ ဝင့်ကြွားစွာ ပြောပြီး အခြေအနေကို မေးသည်။

ရောက်ချူးရွှေက ဘာမျှမပြောသေး။ အားတင်းကာ ပြုံးလိုက်ပြီးမှ ...

"မင်းတို့နှစ်ယောက် ကြည့်ရတာ သိုင်းပညာတွေ အများကြီး တိုးတက်လာသလိုပဲ"

ရောက်ချူးရွှေသည် ထက်ဝင်းရွှဲတို့ နှစ်ယောက်အား စမ်းသပ်ကြည့်ပြီးမှ မေးမြန်းခြင်းမဟုတ်၊ အကျိုးသင့် အကြောင်းသင့် စဉ်းစားဝေဖန်ပြီးမှ မေးလိုက်ခြင်း ဖြစ်ပေသည်။

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ နှစ်ယောက်နှင့် သူတိုက်ခိုက်ဖူးသည်။

ကျိုချူးချောက်လန်နှင့် တိန်ယိဟန်တို့နှစ်ယောက်ထက် အနည်းငယ် သာလွန်သော်လည်း သူ့ကိုတော့မမှီ။ သူ့အောက်တွင်သာ ရှိသည်။

ကျုံးဝူလီနှင့် လျှိုယိုခုံတို့၏ သိုင်းပညာသည် ကျိုချူးချောက်လန်နှင့် တိန်ယိဟန်တို့ကို မမှီနိုင်သော်လည်း သိပ်ကွာခြားမည် မဟုတ်။

ယခု ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့နှစ်ယောက်က တခဏအတွင်း ထွက်ပြေးသွားအောင် တိုက်ခိုက်နိုင်လိုက်သည်မှာ ပေါ့သေးသေးမဟုတ်။

သူတို့နှစ်ယောက်၏ သိုင်းပညာစွမ်း မြင့်မားလာသောကြောင့် ဖြစ်ရပေမည်။

ထို့ကြောင့် ရောက်ချူးရွှေက မေးမြန်းလိုက်ခြင်း ဖြစ်ပေသည်။

# အခန်း (၇)

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့နှစ်ယောက်သည် ယခင်တခေါက် ရောက်ချူးရွှေနှင့် ခွဲခွာပြီးနောက် ကွေးလင်မြို့ရှိ ပန်းချောင်းဓားဂိုဏ်းခွဲသို့ သွားကာ ရောက်ယိလင်အား တွေ့ဆုံဂါရဝ ပြုခဲ့သည်။

ထိုသို့ သွားရောက်တွေ့ဆုံခြင်းမှာ သူတို့ကိုယ်တိုင်က ရောက်ယိလင်၏ သတ္တိနှင့် စိတ်ထားတည်ကြည်မှုကို လေးစားကြည်ညိုသည်က တကြောင်း၊ ရောက်ချူးရွှေက သူ့အကိုကြီးကို ချီးမွမ်းညွှန်းဆိုသည်က တကြောင်းတို့ကြောင့် ဖြစ်လေသည်။

သူတို့နှစ်ယောက်မှာ ရောက်ယိလင်နှင့် တွေ့ဆုံလျှင် တွေ့ဆုံချင်း ရင်းနှီးခင်မင်မှု ရရှိသွားကြသည်။

ရောက်ယိလင်က သူတို့နှစ်ယောက်ကို သိုင်းပညာ လမ်းညွှန်မှုပေးသည်။

ထက်ဝင်းရွှဲသည် အပင်ပန်းခံနိုင်သည်။ သတ္တိကောင်းသည်။ အနာအကျင် ခံနိုင်စွမ်းရှိသည်။ သစ္စာစောင့်ထိန်းသည်။

လက်နက်မဲ့ တိုက်ကွက်ကို အဓိက ထားသည်။

ထိုအချက်များကို သိရှိနေသောကြောင့် မိမိ၏ ခွန်အားကို အသုံးချကာ တဘက်ရန်သူ၏ လက်နက်ကို ဖျက်ဆီးစေနိုင်သည့် သံမဏိလက်သီးသိုင်းကို လေ့ကျင့်ရန် ရောက်ယိလင်က လမ်းညွှန်မှုပေးသည်။

ချူးနန်းကုသည် ကောက်ကျစ်ဉာဏ်များသည်။ မတရားမှု မှန်သမျှ ဝင်ရောက်စွက်ဖက်တတ်သည်။ သိုင်းပညာကို အလျင်းသင့်သလို ထုတ်ဖော်တိုက်ခိုက် အသုံးချတတ်သည်။ လျင်မြန်သွက်လက်မှုကို အခြေခံသည်။

ထို့ကြောင့် လျင်မြန်မှုကို အဓိကထားကာ တဘက်လူ၏ တိုက်ကွက်ကို အဓိကမထားဘဲ မထင်မှတ်နိုင်သော ခုခံရန်မလွယ်ကူသော သိုင်းကွက်သိုင်းဟန်များကို လေ့ကျင့်စေရန် ရောက်ယိလင်က လမ်းညွှန်ပေးသည်။

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ကလည်း ရောက်ယိလင်၏ ဝေဖန်သုံးသပ်ချက် မှန်ကန်သဖြင့် ထိုလမ်းညွှန်ချက်များကို လိုက်နာရန် ဆုံးဖြတ်လိုက်သည်။

သို့နှင့် တိုက်ကွက်များအား သုံးလကြာမျှ အချိန်ယူ ကြိုးစားလေ့ကျင့်ခဲ့ရာ သိုင်းပညာတွင် ယခင်နှင့်မတူအောင် တိုးတက်ကောင်းမွန်လာခဲ့သည်။

ထူးချွန်ကွက်များတွင် ပိုထူးချွန်၍ အားနည်းချက်များ ပပျောက်ကုန်သည်။

ရောက်ယိလင်မှာ လူတယောက်၏ သိုင်းပညာအခြေခံကို အကဲခတ်ရုံနှင့် လိုက်လျောညီထွေသော သိုင်းကွက်သိုင်းဟန် လမ်းညွှန်မှုပေးရာတွင် ထက်မြက်လှပေသည်။

မိမိ၏ပန်းချောင်းစားဂိုဏ်းသား မဟုတ်ပဲ မည်သည့်ပြင်ပလူကိုမျှ အစဉ်အလာ မျိုးဆက်သိုင်းပညာ သင်ပေးခွင့်မရှိဟူသော ဂိုဏ်းစည်းကမ်းချက်အရ ထက်ဝင်းရွှဲ့တို့အား မျိုးဆက်သိုင်းပညာကို သင်ကြားမှုမပေးခဲ့။ ထူးချွန်ထက်မြက်စေမည့် နည်းလမ်းများကိုသာ ညွှန်ပြပေးခဲ့သည်။

ထိုသို့ ညွှန်ပြပေးခြင်းမှာလည်း မိမိညီတော်၏ သူငယ်ချင်းများ ဖြစ်သောကြောင့်မဟုတ်၊ ထက်ဝင်းရွှဲ့နှင့် ချူးနန်းကုတို့၏ စိတ်ဘောထားကို သဘောကျ နှစ်ခြိုက်သောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ထက်ဝင်းရွှဲ့မှာ ယခင်က လက်သီးတချက်နှင့် အုပ်ကြွပ်တချပ်ကို ချေမှုန်းနိုင်ခဲ့ရာမှ ယခုအခါတွင် ကျောက်တုံးတတုံးကိုပင် ကွဲကြေလာစေနိုင်သည်။

ချူးနန်းကုသည် ယခင်က လျှပ်ပြက်သလို လျင်မြန်လှသော လက်သီးကွက်များ ထုတ်ဖော်တိုက်ခိုက်ခဲ့ရာမှ ယခုဆိုလျှင် ခြေသိုင်းကပါ လက်နှင့်အတူ လျင်မြန်သွက်လက်လာသည်။

သူတို့နှစ်ယောက်သည် ငယ်စဉ်ကတည်းက ခိုက်ရန်ဖြစ်ပွားမှု များပြားလှသဖြင့် ခန္ဓာကိုယ် နာကျင်သည့်ဒဏ်ကို ခံနိုင်ရည် ရှိလာသည်။ ထိုတိုက်ပွဲ အတွေ့အကြုံများကို သင်ခန်းစာယူပြီး ကိုယ်ပိုင်တိုက်ကွက်များ၊ အရေးပေါ် အသုံးချကွက်များ တီထွင်ကြိုးစားလာခဲ့ကြရသည်။

ရောက်ချူးရွှေနှင့် မသိကျွမ်းမီခင်ကပင် သူတို့နှစ်ယောက်သည် ဆရာလည်းမရှိ၊ ဂိုဏ်းဂဏလည်း မရှိပေ။ အခြားသိုင်းသမားများကလည်း မိတ်ဆွေအဖြစ် အသိအမှတ်ပြု ဆက်ဆံခြင်း မရှိခဲ့၊ နောက်ဆုံး သူတို့နှစ်ယောက်သားပင် တယောက်နှင့်တယောက် မသိကျွမ်းခဲ့ကြ။

ရောက်ချူးရွှေနှင့် ပတ်သက်ပြီးမှသာလျှင် သူတို့နှစ်ယောက်လည်း သိကျွမ်းကာ ကျင်ကျန်းမြစ်ညီနောင် လေးဖော်တို့နှင့် သူငယ်ချင်းများပမာ ဖြစ်လာကြခြင်း ဖြစ်ပေသည်။

သူတို့နှစ်ယောက်၏ ဆရာမှာ ရောက်ချူးရွှေဟုပင် ပြောဆိုနိုင်ပေသည်။

ရောက်ချူးရွှေက သူတို့တတ်မြောက်ထားသည့် တိုက်ခိုက်မှုပညာများအား မကောင်းသည်ကိုပယ်ဖျက်၊ ကောင်းသည်ကို ထပ်မံဖြည့်စွက်ပေးသဖြင့် သိုင်းပညာ တိုးတက်လာခဲ့ခြင်း ဖြစ်၏။

ယခု ရောက်ယိလင်နှင့် ထပ်မံတွေ့ဆုံရပြန်သောအခါတွင်ကား သူတို့၏ သိုင်းပညာမှာ ယုံမှတ်စရာ မရှိလောက်အောင်ပင် ထက်မြက်မြင့်မားလာခဲ့လေသည်။

ထိုအကြောင်းများကို ထက်ဝင်းရွှဲ့တို့က ပြောပြပြီးသောအခါ ရောက်ချူးရွှေကလည်း သူတို့ တွေ့ကြုံဖြစ်ပျက်ခဲ့သမျှကို ပြန်ပြောပြသည်။

ကျယ်ကွေးတွင် ဩဇာအာဏာဂိုဏ်းနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ပုံ၊ ယန်စီကျန်မြစ်ထဲတွင် သံမဏိလက်ကောက်နတ်ဆိုး ပိုးထင်းယိအား တိုက်ခိုက်သတ်ဖြတ်ခဲ့ပုံ၊ ရောက်ဂေဟာမှ တိုက်ပွဲ၊ စင့်ဟူချူးနှင့် ခန်းချွတ်ယီတို့က မယ်တော်ကြီးရွှဲ့ကိုစောင့်ရှောက်နေရသည့် ကျန်းလိန်ယိအား လုပ်ကြံသတ်ဖြတ်ပုံ၊ ရန်သူကို ထိုးဖောက်၍ ထွက်လာရပုံမှအစ လက်ရှိအခြေအနေအထိ အသေးစိတ်ပင် ရောက်ချူးရွှေက ရှင်းပြသည်။

စကားအဆုံးတွင် ထက်ဝင်းရွှဲ့ စိတ်မထိန်းနိုင်ပဲ ရုတ်တရက် ခုန်ထလိုက်ကာ ...

"ခွေးမသား ... သူများ လုပ်ကြံတာဆိုရင် ငါသည်းခံနိုင်သေးတယ်၊ ဒီကောင်လေး ခန်းကျီစင်းက တို့ကိုရောင်းစားတာတော့ ဘယ်နည်းနဲ့မှ ငါသည်းမခံနိုင်ဘူး"

ချူးနန်းကုကလည်း လေသံကျယ်ကျယ်ဖြင့် ...

"ဒါကြောင့်မို့လို့ မင်းကိုငါ ပြောတာပေါ့ ... ဟုတ်ဟုတ် မဟုတ်ဟုတ် အတင်းထိုးဖောက်ထွက်သွားပါလို့ .. အခုတော့ ပွဲကြီးပွဲကောင်းတွေ လက်လွတ်ကုတ်ပြီ"

"စိတ်ချလက်ချသာ နေစမ်းပါကွာ၊ တို့ကွေးလင်ကို စစ်ကူတောင်းပြီး ပြန်သွားရင် ပွဲကြီးပွဲကောင်း ကြုံရဦးမှာပါ"

တိန်ယိဟန်က အေးဆေးတည်ငြိမ်စွာပင် ဝင်ပြောသည်။

ထက်ဝင်းရွှဲ့က မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ...

"အမယ်လေး...ကွေးလင်ကို သွားပြီး တပ်ကူတောင်းရဦးမယ်၊ အဲဒီကမှတဆင့် ချန်တူးမြို့ကို ပြန်သွားရဦးမယ်၊ တကယ်လို့ အားလုံးသေသွားကြရင် ပြဿနာပဲ၊ ပျော်စရာ ကောင်းတော့မှာ မဟုတ်ဘူး"

ရောက်ချူးရွှေ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ကျိုချူးချောက်လန်က ထက်ဝင်းရွှံ၏ဗိုက်ကို လက်သီးဖြင့် ထိုးသည်။ ထက်ဝင်းရွှံ နာကျင်စွာ အော်ဟစ်နေစဉ်မှာပင် ချူးနန်းကုက တည်ကြည်လေးနက်သော အမူအရာဖြင့် ..

“မင်းစကားကို အဲဒီလိုပဲ မဆင်မခြင် ပြောရသလား၊ ထက်ဝင်းရွှံ ... စကားဆိုတာ စိတ်ထဲရှိတိုင်း အလွတ်မဲ့ လျှောက်မပြောရဘူးကွ၊ မင်းတော်တော် အသုံးမကျတဲ့ကောင်ပဲ၊ အကိုကြီး ဒီအရူးစကားတွေကို ဗွေမယူပါနဲ့”

ထက်ဝင်းရွှံမှာ သူ့အမှားသူသိကာ ငြိမ်နေလိုက်ရတော့သည်။

ထန်ဖန်းက စကားဝိုင်းကို ဝင်ထိန်းသည့် အနေနှင့် ...

“ကျမတို့ကို ဘာဘရှောက်က လူလိုအပ်နေသည့်အချိန်မှာ ရန်သူကို အတင်းထိုးဖောက် ထွက်ခိုင်းတာ အကြောင်းမဲ့ မဟုတ်ဘူး၊ ကွေးလင်ကို သွားခိုင်းတာက အကူအညီတောင်းခိုင်းတာ ဖြစ်သလို ပန်းချောင်းဓားဂိုဏ်း ဌာနခွဲကို အကာအကွယ်ယူ အသင့်ပြင်ဆင်ဖို့ စေခိုင်းလိုက်တာပဲ၊ နောက်တချက်က ဒီသတင်းကို သိုင်းလောကအတွင်း ပျံ့နှံ့စေပြီး သိုင်းလောကသစ္စာသမားတွေ စုစုစည်းစည်းနဲ့ အတူတကွ ရန်သူကို ခုခံဖို့လဲ ဖြစ်တယ်၊ ဒီတော့ ကျမတို့ဟာ ပန်းချောင်းဓားဂိုဏ်းခွဲကို မလွဲမသွေ တခေါက်တော့ သွားရလိမ့်မယ်၊ ဒါနဲ့ အကိုတို့နှစ်ယောက်က ကွေးလင်က လာတာဆိုတော့ ပန်းချောင်းဓားဂိုဏ်း ဌာနခွဲ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ မသိရဘူးလား”

ချူးနန်းကု လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

“မင်း ... မင်း သူတို့ ပြောတဲ့ ထန်ဖန်းလား”

“ဟုတ်ပါတယ်”

တိန်ယိဟန်စိတ်ထဲတွင် မရှင်းမလင်းဖြစ်ကာ ...

“ဒါဆို မင်းတို့က ကွေးလင်မှာ ကောင်းကောင်းမွန်မွန် ရှိလျက်နဲ့ ဘာဖြစ်လို့ ဒီနေရာကို ရောက်လာရတာလဲ”

“ဟင်...မင်းတို့ပဲ သင်္ချိုင်းကန်တော့ပွဲနေ့ကြီးမှာ ပန်းချောင်းဓားဂိုဏ်း ဌာနချုပ် ရောက်ဂေဟာမှာ တွေ့ဆုံဖို့ ချိန်ဆိုထားတယ် မဟုတ်လား”

ရောက်ချူးရွှေမှာ သည်တော့မှ အသက်ရှူချောင်သွားရတော့သည်။

“အင်း .. ဒါဖြင့် မင်းတို့လာတဲ့အချိန်မှာ ကွေးလင်မှာ ပြဿနာမဖြစ်ဘူးပေါ့”

ထက်ဝင်းရွှံက ကုန္တြေရရ ဝင်ပြောသည်။

“ဘာမှ မဖြစ်ဘူး၊ ဟိုမှာ ဦးလေးမုံရှမ်းဖုန်၊ အကို ယိလင်နဲ့ ခိုက်ယန်တို့ ရှိနေတာပဲ၊ ပြီတော့ မိန်းကလေးထန်ရဲ့ အကိုနဲ့ ယိဟန်ရဲ့ အကိုလည်း ရောက်နေကြတယ်၊ ဘာကြောက်စရာ ရှိမလဲ၊ သူတို့ ဘယ်လိုပြဿနာ လာရှာရဲကြမလဲ၊ ပြီးတော့ တို့နှစ်ယောက်ကလဲ ရှိနေသေးတာပဲ”

တိန်ယိဟန် ဝမ်းသာပီတိဖြစ်သွားမိသည်။

“ငါ့အကိုလဲ ရောက်လာပြီလား”

“အေး ... လာတော့လာတယ်၊ ဒါပေမယ့် တို့နဲ့မင်း ပေါင်းသင်းတာကို ပျက်စီးနေတယ်လို့ ထင်နေတဲ့ပုံစံပဲ”

တိန်ယိဟန် ရှက်ကိုးရှက်ကန်း မျက်နှာ ထူပူသွားသည်။

လေပြေလေးနှင့် ရှင်းချက်ထုတ်သည်။

“သူက ဒီလိုပဲ၊ ဘယ်တော့မှ ငါ့ကို စိတ်မချဘူး၊ အပြစ်တင်ဖို့လောက် စဉ်းစားနေတာ”

ထက်ဝင်းရွှံ ဘာမျှ မပြောတော့။

တိန်ယိဟန် စိတ်သက်သာရာရစေရန် ငြိမ်နေလိုက်သည်။

ထန်ဖန်းက ဝမ်းသာအားရ အမူအရာဖြင့် ...

“ကျမအကိုဆိုတာ ဘယ်သူလဲ၊ အကိုကန်းလား၊ ဒါမှမဟုတ် မောင်လေးဖိန်လား”

“ဒါတော့ ငါလဲ မသိဘူး”

ထန်ဖန်းက တအောင့်ကြာမျှ စဉ်းစားဟန်ပြုပြီးမှ ...

“သူက စကားအပြောကောင်းသလား၊ ဒါမှမဟုတ် ခပ်ပြတ်ပြတ် ခပ်တင်းတင်း နေတတ်သလား”

“ခပ်ပြတ်ပြတ် ခပ်တင်းတင်းနေတာ မတွေ့ရပါဘူး၊ လူချစ်လူခင်တော့ တော်တော်များသလိုပဲ”

“ဒါဆိုရင်တော့ မောင်လေးထန်ဖိန်ပဲ၊ သူက လူချစ်လူခင် သိပ်ပေါတယ်”

ထန်ဖန်း၏ မှတ်ချက်ချ စကားအပြီးတွင် စကားဝိုင်းက တခဏမျှ ငြိမ်သက်သွားသည်။

နေက အတော်ပင် စောင်းနေပြီ။

အလင်းနှင့် အပူချိန်တို့ တဖြည်းဖြည်း အားပျော့လာသည်။

လေပြည်က ပကတိ ငြိမ်သက်လျက်။

ကျုရှုပျော်ပွဲစားရုံထဲတွင် ရောက်ချူးရွှေတို့ လူသိုက်ခြောက်ယောက်တို့ ရှိနေကြဆဲ။

အတန်ငယ် ငြိမ်သက်နေပြီးမှ ကျိုချူးချောက်လန်က တစုံတခုကို တွေးမိဟန်ဖြင့် ထက်ဝင်းရွှဲ့တို့ကို ကောက်ခါငင်ခါမေးသည်။

"ဒါနဲ့ နေစမ်းပါဦး၊ မင်းတို့က ဘာဖြစ်လို့ စုံချွမ်းနယ်က ရှောက်ဂေဟာကို မသွားဘဲ ကွေ့ကျိုးနယ်က ဒီကျုရှုပျော်ပွဲစားရုံကို ရောက်လာရတာလဲ"

ထက်ဝင်းရွှဲ့က ဒေါကြီးမောကြီးဖြင့်...

"မင်းက တို့ကို ဒီနေရာမှာ နေချင်တယ်ထင်နေလို့လား၊ စုံချွမ်းကို လာဖို့ ဘယ်လိုမှ ထိုးဖောက်မထွက်နိုင်ဘူး၊ စုစုပေါင်း ခုနစ်ကြိမ်တိတိ ကြိုးစားပြီး ထိုးဖောက်ထွက်တာ နောက်ဆုံးအကြိမ်မှာ တုဖူကို ရောက်လာခဲ့တယ်၊ ဒါပေမယ့် ဓားသမားသုံးယောက်နဲ့ တွေ့ဆုံရင်ဆိုင်ရပြန်တယ်၊ တယောက်က ပုလွေ၊ တယောက်က မိကျောင်း၊ တယောက်က တယောကိုင်ကြတယ်၊ နေ့ဝက်လောက်ကြာအောင် တိုက်ခိုက်ရပေမယ့် အခြေအနေ သိပ်မဆိုးဘူး၊ ဒါပေမယ့် သံမဏိမြင်းစီးနတ်ဆိုး ထပ်ရောက်လာတာနဲ့ တို့လဲ မိုင်ရှစ်ဆယ်လောက် နောက်ဆုတ်ပြေးလိုက်ရပြီး ကွေ့ကျိုးနယ်ထဲ ပြန်ရောက်လာခဲ့တာပဲ"

ရှောက်ချူးရွှေ မျက်နှာတချက် ပျက်သွားသည်။

"သံမဏိမြင်းစီးနတ်ဆိုး ဟုတ်လား"

"ဟုတ်တယ်၊ သံမဏိမြင်းစီးနတ်ဆိုး ယန်ကွေကွေနဲ့ သူ့တပည့် ငရဲတရားသူကြီး ခြောက်ယောက်တို့ပေါ့"

"ဒီတကြိမ်မှာတော့ ဩဇာအာဏာဂိုဏ်းဟာ တဂိုဏ်းလုံးလိုလို ထွက်လာကြတာပဲ၊ သံမဏိလက်ကောက်နတ်ဆိုး ပိုးထင်းယိ၊ အမည်မဲ့နတ်ဆိုး ခန်းချွတ်ယီ၊ အပေါက်တခုနတ်ဆိုး ကျိုချန်စင်း၊ ဓားပျံနတ်ဆိုး ဆားချန်သိန်း၊ သုံးမျိုးထူးချွန်ဓားနတ်ဆိုး ခုံယန်ချင်၊ အဆိပ်တရာနတ်ဆိုး ဝှာကူးဖန့်၊ အမျိုးဖြုတ်နတ်ဆိုး စင့်ဟူချူး၊ အခုတခါ သံမဏိမြင်းစီးနတ်ဆိုး ယန်ကွေကွေပါ ရောက်လာပြန်ပြီ"

ရှောက်ချူးရွှေ စိတ်မသက်မသာဟန်ဖြင့် ပြောသည်။

ချူးနန်းကုက တွေးတွေးဆဆလေသံဖြင့်...

"ယန်ကွေကွေကို တွေ့တာနဲ့ ပန်းချောင်းဓားဂိုဏ်းဌာန ရှောက်ဂေဟာမှာ အခြေအနေ မကောင်းနိုင်တော့ဘူးဆိုတာ ကျနော်တို့ စဉ်းစားမိတယ်၊ ဒါကြောင့်လဲ အသေအကြေ အသက်စွန့်ပြီး ထိုးဖောက်တယ်၊ ယန်ကွေကွေက တော်တော် အစွမ်းထက်မြက်တာပဲ၊ ကျနော်တို့နှစ်ယောက် ဝိုင်းတိုက်တာတောင် သူ့ကို အသာစီး မရနိုင်ခဲ့ဘူး၊ သူ့တပည့် ခြောက်ယောက်ပါ ပေါင်းလိုက်တော့ ပိုဆိုးသွားတာပေါ့"

"သူ့တပည့် ခြောက်ယောက်မှာ တယောက်က မြင်းရိုက်ကျာပွတ်၊ နှစ်ယောက်က လှံရှည်၊ တယောက်ကကြိုး၊ တယောက်က သံကွင်းဆက်ကြိုးရှည်၊ နောက်ဆုံးတယောက်ကတော့ မြင်းကုန်းနှီးကို သုံးတယ်၊ သူတို့ရဲ့ ပူးပေါင်းတိုက်ကွက်က တော်တော် အဆင့်မြင့်တယ်၊ ကျနော်တို့ နောက်ဆုတ် ပြေးခဲ့တာဟာ အကြိမ်ကြိမ်ပဲ၊ ဒီရက်အတွင်းမှာ ကျနော်တို့လဲ သူတို့ကို ပြောင်ပြောင်မြောက်မြောက် ပညာပေးခဲ့တယ်"

ကျိုချူးချောက်လန် လှောင်ပြုံးကလေး ပြုံးလိုက်မိသည်။

"မင်းတို့က ဘယ်လိုများ ပြောင်ပြောင်မြောက်မြောက် ဘာပညာ ပေးခဲ့တာလဲ"

ချူးနန်းကုက ဟိတ်ဟန်အပြည့်ဖြင့် မျက်လုံးမှေးစင်းလိုက်ကာ...

"တို့နှစ်ယောက်က သူတို့ခုနစ်ယောက်ကိုနိုင်အောင် မတိုက်ခိုက်နိုင်တော့ တိုက်ခိုက်ရင်းနဲ့ ထွက်ပြေးတယ်၊ သူတို့အနားယူတဲ့အချိန်မှာ အမှတ်မထင် ဝင်တိုက်တယ်၊ ဝင်တိုက်ရင်း သူတို့ရဲ့မြင်းကို ယူပြီး ထွက်ပြေးတယ်"

ထန်ဖန်း ခိုးခိုးခစ်ခစ် ရယ်လိုက်သည်။

"ရှင်တို့က မြင်းလုတာလား"

ထက်ဝင်းရွှဲ့ ကြွားဝင့်သည့်အသွင်ဖြင့် ပေါင်ကို လက်ဝါးနှင့် ဖြန်းခနဲ ပုတ်ရိုက်လိုက်သည်။

"ဟုတ်တယ်၊ မြင်းလုတာပဲ၊ တို့က သူတို့ကိုမနိုင်တော့ သူတို့ မြင်းကို လုတယ်၊ တကြိမ်ကို မြင်းနှစ်ကောင်လုတာ၊ သုံးကြိမ်မှာ မြင်းခြောက်ကောင်ရတာပေါ့၊ ဟိုခွေးမသားခြောက်ကောင် မြင်းမရှိရင် လိပ်ကို ပက်လက်လှန်သလို ယက်ကန်ယက်ကန် ဖြစ်ကုန်ကြရော၊ ပြန်သွားပြီး မြင်းရှာတယ်နဲ့ တူပါရဲ့"

ချူးနန်းကုက ရယ်မောလိုက်ကာ...

"သူတို့ မြင်းထပ်ရှာလာရင် တို့ကလဲ ထပ်ပြီး ခိုးယူကြတာပေါ့"

"မလိုတော့ဘူးလေ၊ တို့မှာ အခု လူလေးယောက်ထပ်တိုးလာပြီပဲ၊ ဘာကြောက်စရာလိုတော့မလဲ"

ရောက်ချူးရွှေ အတော်ကလေး သဘောကျသွားသည်။

"မင်းတို့ ဒီနေ့မှ ဒီနေရာ ရောက်လာနိုင်တာက ငရဲတရားသူကြီးခြောက်ယောက် မြင်းသွားရှာနေကြလို့ပေါ့ ဟုတ်လား"

ချူးနန်းကု ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီကောင်တွေ မြင်းကို ခိုးဖို့ လွယ်ပေမယ့် ယန်ကွေကွေရဲ့ မြင်းကျတော့ မလွယ်ဘူး၊ တကြိမ် နှစ်ကြိမ်လောက် စမ်းပြီး ခိုးကြည့်တာ မအောင်မြင်ဘူး"

"သူတို့ဟာ ဒီအနီးအနား ပတ်ဝန်းကျင်မှာပဲ ရှိနေသေးတယ်၊ ဒီကနေ့ ကျရှုပျော်ပွဲစားရုံမှာ မယုံသင်္ကာကောင်းတဲ့ လူစိမ်းလေးယောက် ရောက်လာတယ်လို့ စုံစမ်းမိလို့ လာခဲ့တာ၊ မထင်မှတ်ပဲ မင်းတို့ ဖြစ်နေကြတယ်"

ထက်ဝင်းရွှဲက ဝင်ပြောသည်။

ရောက်ချူးရွှေ ဆက်မေးသည်။

"တော်သေးတာပေါ့၊ မင်းတို့ ရောက်လာတာ တို့ကို ကယ်တင်လိုက်သလို ဖြစ်သွားတာပေါ့၊ ဒါနဲ့ မြင်းတွေကော.."

"သိမ်းထားပါတယ်၊ မြင်းတွေက သိပ်ကောင်းတဲ့ မြင်းကောင်းမြင်းသန့်တွေပဲ"

ထန်ဖန်းသည် စကားဝိုင်းတွင် ဝင်မပြောဘဲ ငြိမ်သက်နေခဲ့၏။

သူ့စိတ်ကူးနှင့် သူနေခဲ့၏။

ယခုမှ မည်သို့ တွေးမိသည်မသိ။

ကောက်ကာငင်ကာ ဝင်ရောက်မေးမြန်းတော့သည်။

"ရှင်တို့ ထွက်လာခဲ့ကြတုန်းက ကွေးလင် ပန်းချောင်းဓားဂိုဏ်းဌာနခွဲမှာ တကယ်ပဲ ထူးခြားတဲ့ အဖြစ်အပျက် တခုမှ မရှိဘူးလား"

"ဟင့်အင်း...မရှိပါဘူး"

ထက်ဝင်းရွှဲ ဖြေအပြီးတွင် ချူးနန်းကုက ရုတ်တရက် စဉ်းစာမိဟန်ဖြင့်...

"ရှိတယ်"

"ဘာတွေထူးခြားလဲ"

"ဒီပြင့် ကိစ္စတွေကတော့ ပုံမှန်ပါပဲ၊ ဒါပေမယ့် တို့ထွက်လာတဲ့ရက်ကတော့ ပန်းချောင်းဓားဂိုဏ်းဌာနခွဲမှာ ကြောင်၊ဘဲ အကောင်ကိုးရာလောက်ဟာ ရုတ်တရက် သေကုန်ပြီး ကျန်တဝက်က ရောဂါရကုန်ကြတယ်၊ အဲဒီ ထူးခြားချက်တခုပဲ သတိပြုမိတယ်"

ရောက်ချူးရွှေ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဟာ...ဒီနည်းဟာ တို့ပန်းချောင်းဓားဂိုဏ်းဌာနချုပ်ကို တိုက်ခိုက်မယ့်ပုံစံနဲ့ တထပ်တည်းပဲ"

ကျိုချူးချောက်လန်က စဉ်းစားဟန်ပြုလိုက်ပြီးမှ...

"ဌာနချုပ်မှာ ဒီလို ရက်ရက်စက်စက် ဖန်တီးတဲ့လူက အဆိပ်တရာနတ်ဆိုး ဗှာကူးဖန့်ပဲ၊ ဗှာကူးဖန့် သေသွားပြီဆိုတော့ ကွေးလင်ဌာနခွဲမှာ အဆိပ်ခတ်တဲ့လူဟာ ရောဂါပိုးနတ်ဆိုး ယီခုယီ ဖြစ်မှာ ကျိန်းသေပဲ၊ ဒီလူရဲ့ အဆိပ်ပညာက လက်ဖျားခါလောက်တယ်၊ ဗှာကူးဖန့်ထက် ပိုကြောက်စရာကောင်းတယ်"

ထန်ဖန်း သက်ပြင်းရှည်တချက် ချလိုက်သည်။

"အင်း ... ဒါဆိုရင်တော့ ရှင်တို့ ကွေးလင်ကနေ ချန်တူးမြို့ကို ထွက်လာတဲ့အချိန်မှာ သြဇာအာဏာဂိုဏ်းက ကွေးလင်ပန်းချောင်းဓားဂိုဏ်းခွဲကို အကြီးအကျယ် တိုက်ခိုက်ပြီလို့ ယူဆရတော့မှာပဲ"

"ဟင်...မဖြစ်တော့ဘူး၊ ဒီအတိုင်းဆို တို့မြန်မြန်သွားကြရလိမ့်မယ်"

ထက်ဝင်းရွှဲက မျက်နှာပျက်ပျက်ဖြင့် ပြောသည်။

ချူးနန်းကု၊ တိန်ယိဟန်နှင့် ကျိုချူးချောက်လန်တို့လည်း ပျာပျာသလဲ ဖြစ်ကုန်ကြသည်။

ထန်ဖန်းကမူ ဣန္ဒြေရရပင်...

"နေဦး ... ကျမတို့ ဒီအတိုင်းသွားလို့ မဖြစ်ဘူး"

ထက်ဝင်းရွှဲက နားမလည်ဟန် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဒီအတိုင်းမသွားလို့ ဘယ်အတိုင်းသွားရမှာလဲ"

"ရှင်တို့လုယူထားတဲ့ မြင်းတွေ ရှိတယ် မဟုတ်လား၊ အဲဒီမြင်းတွေနဲ့ သွားကြမယ်"

"ဟာ...ဟုတ်သားပဲ၊ တို့လုယူထားတဲ့ မြင်းကလဲ ခြောက်ကောင်၊ တို့လူကလဲ ခြောက်ယောက်၊ တကယ့်ကို အံကိုက်ပဲ၊ ဒါဆိုရင် ခရီးတွင်မယ်၊ ဒီမြင်းတွေကို တို့သေသေချာချာ သိမ်းထားပါတယ်၊ အခုပဲ သွားယူကြရအောင်"

ပြောပြောဆိုဆိုပင် ခြောက်ယောက်စလုံးသည် မြင်းများယူရန် ထွက်လာခဲ့ကြသည်။

ခွာယိတံတားအတိုင်း ဟန်ပိတံတားကို ကျော်ဖြတ်ကာ လိပ်မျှားဆိပ်ကမ်းအနီးတွင် သိမ်းဝှက်ထားသည့် မြင်းခြောက်ကောင်ကို ရှာတွေ့သည်။

မြင်းများက အုန်းခွံရောင်ပြေးနေပြီး ဆယ်ပေခန့်ပင် မြင်းမားလှသည်။

အမွေးအမှင်များက ဒူးဆစ်အထိ ထူထပ်စွာ ပေါက်ရောက်နေပြီး အလွန် ဝင့်ဝင့်ကြွားကြွား သန်သန်မာမာ ရှိလှသည်။

တနေ့လျှင် မိုင်တထောင်ခန့် ခရီးပေါက်အောင် ပြေးနိုင်စွမ်းရှိသည်။

သံမဏိမြင်းစီးနတ်ဆိုးသည် အနောက်တောင်ပိုင်းမှ လူထူးလူဆန်းတယောက်ဖြစ်သည်။

သူ့မြင်းများကလည်း စိအော်မြစ်ဘေး တာ့ဝမ်ပြည်နယ်မှ ယူဆောင်လာခြင်း ဖြစ်သည်။

ယန်ကွေကွေမှာ မြင်းစီးအတတ် ကျွမ်းကျင်လွန်းသဖြင့် ကိုက်တရာအတွင်း လူသတ်နိုင်စွမ်းသည်။

ဤသို့သော မြင်းစီးသမားတယောက်၏ မြင်းများမှာ တထောင်တွင် တကောင်၊ တသောင်းတွင် တကောင်၊ ရှားမှရှားသော မြင်းကောင်းမြင်းသန့်များသာ ဖြစ်ပေသည်။

ရောက်ချူးရွှေတို့ ခြောက်ယောက်သည် မြင်းပေါ်သို့ ကိုယ်စီကိုင်စီတက်မိလျှင် စိတ်အာရုံကြည်လင် လန်းဆန်းကာ တက်ကြွလာခဲ့ကြသည်။

"ကဲ...အချိန်မဖြုန်းဘဲ ခရီးဆက်ကြရအောင်၊ ဒီကနေ လိုဆန်းတောင်ကို တက်ပြီး တိမ်ဖြူတောင်ကိုထိပ်ကို ဖြတ်မယ်၊ ကျင်ကျန်းမြစ်ကို ကူးပြီးရင် အရှေ့မြောက်ဘက်ကို ဆက်သွားရမယ်၊ ဒါဆိုရင် ကွမ်စီးနယ် ကွေးလင်မြို့ကို ရောက်ပြီ"

ရောက်ချူးရွှေက ခရီးစဉ်ကို ပြောပြသည်။

ထို့နောက် မြင်းဇက်ကို လွှတ်ပေးလိုက်သည်။

မြင်းခြောက်ကောင်မှာ ညနေဆည်းဆာအောက်တွင် ညို့ကြိုးမှလွှတ်သော မြားတံများပမာ ရှေ့နောက်စီတန်းလျက် တဟုန်ထိုး ပြေးထွက်သွားတော့သည်။

လိုဆန်းတောင်သည် ကျွန်းယိနယ်မြောက်ဘက်တွင် တည်ရှိသည်။

တာ့လိုဆန်းတောင်ဟုလည်း ခေါ်ဆိုကြသည်။

လိုဆန်းတောင်တန်း၏ တောင်ထွတ်တခုမှာ မိုးတိမ်ကို ဖောက်ထွက်မတတ် မြင့်မားမတ်လှသည်။

အဝေးမှ ကြည့်လျှင် တောင်ထိပ်သစ်ပင်များကို စိမ်းစိမ်းစိုစို ပြာပြာညိုညို အရောင်အသွေးတို့ဖြင့် မမြင်ရ။

တိမ်သားတိမ်စိုင်ကြီးတခု ဖြစ်ပေါ်နေသည့်အလား မြင်တွေ့ရသည်။

ထို့ကြောင့်လည်း ထိုတောင်ထိပ်ကို တိမ်ဖြူတောင်ထိပ်ဟု ခေါ်ဆိုကြပေသည်။

လိုဆန်းတောင်ပေါ်တွင် ဟိုင်ပိုင်ဇရပ်နှင့် နတ်မင်းဇရပ်တို့ ရှိသည်။

ရောက်ချူးရွှေတို့ ခြောက်ယောက်သည် ဟိုင်ပိုင်ဇရပ်ကို ကျော်ဖြတ်ကာ နတ်မင်းဇရပ်သို့ ရောက်ရှိလာကြသည်။

ညဥ့်က အတော်နက်ပြီမို့ ထိုဇရပ်တွင်ပင် တည်းခိုအနားယူရန် ဆုံးဖြတ်လိုက်ကြသည်။

နတ်မင်းဇရပ်မှာ အတော်ပင် ယိုယွင်းပျက်စီးနေချေပြီ။

အနားယူနိုင်စရာ အမိုးအကာရှိသည့်နေရာ အနည်းငယ်သာ ရှိနေသည်။

လဆုတ်ပိုင်းမို့ လတခြမ်းပဲ့က အလင်းရောင်အား သိပ်မပြန့်ဖြူးနိုင်။

မိုးတိမ်မိုးသားတို့က ကောင်းကင်ယံတွင် တပ်ဖြန့်ထားသဖြင့် လတခြမ်းပဲ့မှာ မြုပ်ချည် ပေါ်ချည် ဖြစ်နေရသည်။

ချူးနန်းကုက မီးခတ်ဖြင့် မီးခြစ်ကာ ဖယောင်းတိုင် ထွန်းညှိသည်။

အလင်းရောင်ရလာလျှင် မြင်းများကို ဇရပ်၏ တိုင်လုံးအကျိုးအပျက်များနောက်တွင် ချည်နှောင်ထားပြီး နံရံပျက်ကို မှီကာ အနားယူကြသည်။

မရပ်မနားခရီးဆက်လာရသဖြင့် အားလုံးမှာ မောပန်းနွမ်းနယ်နေကြပြီ။

မြင်းများ၏ ပြေးအားနှင့်တွက်လျှင် မနက်ဖြန်လောက်တွင် ကွမ်စီးနယ်သို့ ရောက်နိုင်သည်။

ကွမ်စီးနယ်သို့ ရောက်လျှင် တိုက်ခိုက်ရဦးမည်။

သို့အတွက် အနားယူအားမွေးရန် ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်၏။

နံရံကို မှီကာ အနားယူနေကြသည် ဆိုသော်လည်း သူတို့၏ မျက်လုံးများက ဖွင့်ချည်တခါ မှိတ်ချည်တလှည့် လုံးလုံးလျားလျား အနားယူခြင်း မပြုနိုင်ကြ။

တယောက်နှင့် တယောက် စကားစမြည် ပြောဆိုခြင်း မပြုသော်လည်း သူတို့၏ စိတ်ထဲတွင်ကား သတိဝီရိယ ရှိနေကြသည်။

အန္တရာယ်ကို မည်သို့တွန်းလှန် ဖြိုဖျက်ရမည်ကို စဉ်းစားနေကြသည်။

"ဟီ ... ဟီ"

ရုတ်တရက် မြင်းတကောင်က ရှည်လျားစွာ ဟီလိုက်သံတသံ ထွက်ပေါ်လာသည်။

တဆက်တည်းပင် ကျန်မြင်းငါးကောင်ကလည်း လိုက်ဟီကြသည်။

ရောက်ချူးရွှေတို့ ခြောက်ယောက် တုန်လှုပ်သွားကြသည်။

ရုပ်ချည်းပင် ကိုယ်ကိုမတ်ကာ အခြေအနေကို အကဲခတ်ကြည့်သည်။

ထူးခြားမှုမရှိ။

မြင်းဟီသံများ တိခနဲ ရပ်ဆိုင်းသွားပြီး ညပိုးကောင်ကလေးများ၏ ပစိုးပစီအသံကသာ ထွက်ပေါ်နေသည်။ မြင်းက ဘာကြောင့် ဟီရတာလဲ။

ရောက်ချူးရွှေ ခေါင်းထဲ သံသယဝင်လာသည်။

သူထိုင်နေသည့်နေရာက ဖယောင်းတိုင် အလင်းရောင်၏ ရှေ့တည့်တည့်။

ဖယောင်းတိုင်၏ အခြားတဘက်တွင် ရောက်ချူးရွှေ မျက်နှာမူရာ အရပ်က သစ်တောအုပ်။

ရောက်ချူးရွှေ သစ်တောအုပ်ဘက်သို့ လှမ်းကြည့်သည်။

ဘာမျှ မထူးခြား။

မြင်းက ဘာကြောင့် ဟီရတာလဲ။

ဒီမြင်းတွေက မြင်းကောင်းမြင်းသန့်တွေပဲ။

အကြောင်းမဲ့တော့ အော်မှာ ဟီမှာ မဟုတ်။

ထိတ်လန့်တာ၊ အန္တရယ်နဲ့တွေ့တာ မဟုတ်ရင် ဟီမှာ မဟုတ်။

ခုနက ဟီသံက ထိတ်လန့်လို့ ဟီသံမျိုးမှ မဟုတ်ပဲ၊ ဒါဖြင့် ဘာလို့ ဟီသလဲ။

နှုတ်ဆက်တဲ့ ဟီသံ။ လူစင်လူရင်းကို တွေ့လို့ ဟီသံ။

သခင်ဟောင်းကို နှုတ်ဆက်တဲ့အသံ။

သခင်ဟောင်းက ဘယ်သူတွေလဲ။

သံမဏိမြင်းစီးနတ်ဆိုး ယန်ကွေကွေ။

ရောက်ချူးရွှေ ခေါင်းထဲသို့ အတွေးကွင်းဆက် ဝင်သည်နှင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

ထိုစဉ်မှာပင် ...

'ဝှစ် ...'

အဖြူရောင်အလင်းတန်းတခုက ရောက်ချူးရွှေ၏ မျက်နှာဆီသို့ အရှိန်အဟုန်ပြင်းစွာ တန်းတန်းမတ်မတ် ပြေးဝင်လာ၏။

ပေါက်ဓားပျံတလက်။

ဓားပျံက လမ်းခုလပ်တွင် ရှိသော ဖယောင်းတိုင်မီးကို ဟုတ်ခနဲ ငြိမ်းသတ်သွားပြီး ရောက်ချူးရွှေထံ ပြေးဝင်လာသည်။ သာမာန်အချိန်ဆိုလျှင် ထိုဓားပျံကို ရောက်ချူးရွှေ မည်သို့မျှ ရှောင်တိမ်းနိုင်မည် မဟုတ်။

သို့သော် အတွေးကွင်းဆက်ကို ဆက်စပ်တွေးတောမိပြီး ဖြစ်သဖြင့် အန္တရာယ်ရှိပြီဟု သိလိုက်သည်။

လူကလည်း ကြိုတင်ပြင်ဆင်မှုဖြင့် ဓားရှည်ကို ဆွဲထုတ်ထားပြီး ဖြစ်၏။

ဓားပျံ ပြေးဝင်လာသောအခါ အလွယ်တကူပင် ဓားရှည်ဖြင့် ရိုက်ထုတ်လိုက်သည်။

ရောက်ချူးရွှေ ဓားပျံကို ရိုက်ထုတ်ဖယ်ရှားလိုက်ချိန်မှာပင် ကျာပွတ်သံတသံက ရွှမ်းခနဲ မြည်လာသည်။

ထိုကျာပွတ်က ရောက်ချူးရွှေအား ရိုက်ချသည်မဟုတ်။

ထန်ဖန်း၏ လည်ပင်းဆီသို့ လွှဲဖြတ်ရိုက်ချလိုက်ခြင်း ဖြစ်၏။

လျှပ်တပြက် အမှောင်ထဲတွင် ရိုက်ချလိုက်သည်မို့ ထန်ဖန်းအနေနှင့် ရှောင်ရှားရန်မလွယ်ကူ။

သို့သော် ထန်ဖန်းမှာ ဉာဏ်ကောင်းသူတယောက်ဖြစ်ရာ မီးငြိမ်းသွားသည်နှင့် ကြိုတင်၍ နေရာ ရွှေ့ပြောင်းထားပြီး ဖြစ်၏။

"ရှမ်း .."

ကျားပွတ်က သူမကို မရိုက်မိ။ သူမထိုင်နေခဲ့ရာ နေရာရှိ ကျောက်ပြားတချပ်ကိုသာ ကွဲကြေသွားစေခဲ့သည်။

ကျိုချူးချောက်လန်၊ တိန်ယိဟန်၊ ထက်ဝင်းရွှဲနှင့် ချူးနန်ကုတို့လည်း အော်ဟစ်ကာ အသင့်ပြင်ဆင်လိုက်ကြ၏။

သို့သော် နောက်ထပ် တိုက်ခိုက်မှုက ဖြစ်ပေါ်မလာ။

"အားလုံး စိတ်ကို တည်တည်ငြိမ်ငြိမ်ထားကြ၊ ထိတ်ထိတ်ပျာပျာ မဖြစ်ကြနဲ့၊ ထန်ဖန်း မင်းဘယ်မှာလဲ"

ရောက်ချူးရွှေက လေသံအုပ်အုပ်ဖြင့် သတိပေး ပြောဆိုလေသည်။

အခြားထောင့်တနေရာမှ ထန်ဖန်း၏ တည်ငြိမ်သော ဖြေကြားသံ ထွက်လာ၏။

"ကျမရှိပါတယ်၊ ဘာမှ မဖြစ်ပါဘူး၊ ဓားပျံနဲ့ ပစ်ပေါက်တဲ့သူက ဆားချန်သိန်းပဲ"

ဓားပျံက ဖယောင်းတိုင်ကို ငြိမ်းသတ်စဉ်အတွင်း လက်စလက်နကို ကြည့်ပြီး မည်သူမည်ဝါ ဖြစ်ကြောင်း ထန်ဖန်းက သဲသဲကွဲကွဲ ပြောဆိုလိုက်နိုင်ပေသည်။

"ကျားပွတ်နဲ့ ရိုက်တဲ့သူက ယန်ကွေကွေပဲ"

ချူးနန်းကုက ဝင်၍ မှတ်ချက်ချသည်။

ညရက်ပိုင်းအတွင်း သူနှင့်ထက်ဝင်းရွှဲတို့နှစ်ယောက် ယန်ကွေကွေနှင့် အကြိမ်ပေါင်းများစွာ ရင်ဆိုင်တွေ့ဆုံဖူးပြီမို့ ယန်ကွေကွေ၏ ကျားပွတ်သံကို ကောင်းစွာ ရင်းနှီးနေခဲ့သည်။

ထို့ပြင် မြင်းများ၏ သခင်ဟောင်းမှာ ယန်ကွေကွေပင် ဖြစ်သည် မဟုတ်ပါလား။

အမှောင်က ကြီးစိုးနေသလို တိတ်ဆိတ်မှုကလည်း နက်ရှိုင်းနေဆဲ။

ရောက်ချူးရွှေတို့ ခြောက်ယောက်မှာ စိတ်ထဲတွင် လေးလံကာ သတိဝီရိယနှင့် စောင့်ကြည့်နေကြသည်။

အထူးသဖြင့် ရောက်ချူးရွှေ၏ စိတ်ထဲတွင် အတော်ပင် စိုးရိမ်ပူပန်နေမိသည်။

မိမိတို့နောက်သို့ ဓားပျံနတ်ဆိုး ဆားချန်သိန်းကိုယ်တိုင် လိုက်လာသည်ဆိုတော့ ချန်တူးနယ် ပန်းချောင်းဓားဂိုဏ်း၌ာနချုပ် ရောက်ဂေဟာ၏ အခြေအနေက မည်သို့မည်ပုံ ရှိနေလေသနည်း။

ပြိုကွဲပျက်စီးသွားပြီလား။

ဒါမှမဟုတ် ဆားချန်သိန်းတို့ တပ်ပြန်ရုပ်ခဲ့လေသလား။

အစွန်းနှစ်ဘက် အတွေးကြားတွင် ရောက်ချူးရွှေ၏ သောကကနစ်မြုပ်နေတော့သည်။

လှုပ်ရှားမှုက ဆက်လက် မဖြစ်ပေါ်တော့။

ရန်သူသည် အလစ်ဖမ်း လုပ်ကြံမှု မအောင်မြင်သည်နှင့် ထပ်၍ ကိုယ်ယောင်မပြတော့။

ထက်ဝင်းရွှဲသည် မာန်ဖီနေသော ကျားသစ်ရိုင်းတကောင်ပမာ အချိန်မရွေး ခုန်ထွက်တိုက်ခိုက်တော့မည်။

တိန်ယိဟန်က ဓားဆွဲထုတ်ထားပြီး မြွေဆိုးတကောင်လို တိုက်ခိုက်တော့မည်။

ရန်သူက ထပ်၍ အသံမပေးတော့။

"တို့ဒီည နားလို့ မဖြစ်တော့ဘူး၊ ရန်သူက နောက်ကလိုက်နေပြီဆိုတော့ ညတွင်းချင်းပဲ ကွေကျိုးနယ်ကို ဖြတ်ပြီး ကွမ်စီးအရောက် သွားကြစို့"

ရောက်ချူးရွှေက လေသံအုပ်အုပ်ဖြင့် ပြောသည်။

ထက်ဝင်းရွှဲကမူ အသံကျယ်ကြီးဖြင့် ...

"ကောင်းပြီ၊ တို့ကိုတားရင် လူသေ၊ လမ်းဖွင့်ပေးရင် လူရှင်ပဲ"

ညတွင်းချင်းပင် ခြောက်ယောက်သားမှာ မြင်းကိုယ်စီဖြင့် တိမ်ဖြူတောင်ထိပ်ကို ကျော်ဖြတ်ခဲ့ကြတော့သည်။

သစ်သီးဝါရွာ။

သစ်သီးဝါရွာနှင့် မလှမ်းမကမ်းတွင် သစ်သီးဝါရေတံခွန် ရှိသည်။

အမြင့်ပေ နှစ်ရာခန့်မှ တရိုန်ထိုးစီးကျလာသော ရေတံခွန် ဖြစ်သည်မို့ တရုတ်ပြည်၏ အကြီးဆုံး ရေတံခွန်များထဲတွင် တခုအပါအဝင် ဖြစ်သည်။

သစ်သီးဝါရွာသို့ ရောက်ချူးရွှေတို့ရောက်တော့ သန်းခေါင်ပင်တိုင်ခဲ့ပြီ။

ရွာလယ်လမ်းမတွင် လူသွားလူလာဟူ၍ တယောက်တလေမျှပင် မရှိ။ သို့သော် ရေတံခွန်ဆီမှ လွင့်ပျံလာသော ရေမှုံရေမွှား ရေငွေ့များကမူ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသည်။

ရေတံခွန်၏ တဝေါဝေါ စီးဆင်းနေသည့် အသံကြီးက ညဥ့်ယံတွင် မကောင်းဆိုးဝါး အော်သံကဲ့သို့ ချောက်ချားစရာ ကောင်းလှပေသည်။

ရှောက်ချူးရွှေသည် မြင်းဇက်ကို ဆွဲလျက်မှ လျှော့လိုက်ကာ…

"ဒီကနေ ကျော်သွားရင် ကြွေရေအိုင်ရှိတယ်၊ တရုတ်ပြည်ကြီးရဲ့ အကြီးဆုံးရေတံခွန်လဲ အဲဒီနေရာမှာ ရှိတယ်လို့ ပြောသံကြားဖူးတယ်"

ထက်ဝင်းရွှဲ့ကလည်း သူ့မြင်းဇက်ကို တုံ့ခနဲ ဆွဲလိုက်သည်။ မြင်းညိုကြီးက ရှည်လျားစွာ ဟီလိုက်ပြီး ပတပ်ရပ်လိုက်သည်။

ထက်ဝင်းရွှဲ့က စိတ်ဓာတ်တက်ကြွလာသည့်အသွင်ဖြင့်….

"ဟုတ်တယ် … ဒီနေရာဟာ သစ်သီးဝါရေတံခွန်နေရာပဲ၊ ကြွေအကောင်တထောင် ပြိုင်တူအော်နေသလို၊ အိုးစည်ဗုံမောင်း တသောင်း ပြိုင်တူတီးခတ်နေသလို၊ ကြက်ဥအလုံး တသိန်း ပြိုင်တူလိမ့်ဆင်းလာသလို သိပ်ကို ကြီးမားတဲ့ ရေတံခွန်ကြီးပဲ"

ချူးနန်းကု သဘောကျစွာ ရယ်မောလိုက်သည်။

"တော်ပါတော့ကွာ၊ မင်းထပ်ပြီး စကားမပြောပါနဲ့တော့၊ မင်းရဲ့ အဖွဲ့အနွဲ့တွေက ရီစရာကောင်းအောင် ပြောင်မြောက်လွန်းလို့ပါ"

ထက်ဝင်းရွှဲ့ ငြိမ်သွားသည်။

ရှောက်ချူးရွှေကမူ ထန်ဖန်းအား စူးစိုက်ကြည့်ကာ…

"ဒီနေရာကို တို့အရင်က နေ့ခင်းဘက်မှာ တခါဖြတ်ကျော်ခဲ့ဖူးတယ်၊ ရေငွေ့ရေမှုန်တွေက တဖွားဖွားကျလာတာကို နေခြည်က ထိုးဖောက်ထားတော့ စိန်ပွင့်စိန်တုံးကလေးများ တလွင့်လွင့် ပြုတ်ကျလာသလို သိပ်ကြည့်လို့ ကောင်းတယ်၊ မျက်စိပသာဒ သိပ်ကောင်းတယ်၊ အခုပဲ …ကြည့်စမ်း..သစ်သီးဝါရွာဟာ သစ်သီးဝါရေတံခွန်နဲ့ အလှမ်းဝေးတာတောင် ရေမှုန်ရေငွေ့တွေဟာ တရွာလုံးကို ဖုံးနေပြီ"

'ကျမတို့ အဲဒီကို သွားကြည့်ရရင် မကောင်းဘူးလား'

"လမ်းတော့ သင့်နေတာပဲ၊ တို့ခရီးစဥ်က ရေဖြူမြစ်ကိုကွေ့ပြီး ဖန်ကျန်းမြစ်ကမ်း တလျှောက်ကနေ အူးကျန်းမြစ်ကို ဖြတ်ကျော်ရမှာ၊ ရောက်တုံးရောက်ခိုက် သစ်သီးဝါ ရေတံခွန်ကို သွားကြည့်ကြတာပေါ့"

ရှောက်ချူးရွှေက ပြောပြောဆိုဆိုပင် မြင်းဇက်ကြိုးကို လျှော့လိုက်သည်။

သူ့မြင်းက ဟီသံတချက်ပေးကာ ရှေ့မှ ပြေးထွက်သွားသလို နောက်မြင်းငါးကောင်ကလည်း ယှဥ်လျက် ပြေးထွက်လာသည်။

ကွေ့ကျိုးနယ်သည် တောတောင်ထူထပ်ကာ ရေတံခွန် စိမ့်စမ်းပေါ်များသည့် နယ်တနယ် ဖြစ်သည်။

ရေဖြူမြစ်သည် ကွေ့ကျိုးနယ်ကို ဖြတ်လျက် စီးဆင်းသည်။

တောင်အထပ်ထပ်ကို ဖြတ်ကျော်ခဲ့ရာမှ သစ်သီးဝါရွာအနီးသို့ အရောက်တွင် အမြင့်ပေနှစ်ရာခန့် ရှိသော ချောက်ကမ်းပါးတခုထဲသို့ စီးဆင်းသွားသည်။

ရေစီးသံတဝုန်းဝုန်းက အသည်းယားစရာ ကောင်းသလို ချောက်ထဲမှ လွင့်စဥ်ပျံတက်လာသည့် ရေခိုးရေငွေ့များကလည်း မိုးနှင်းမိုးဖွဲများပမာ အမြဲတမ်းပင် ဖြာကျနေသည်။

ရှောက်ချူးရွှေတို့ခြောက်ယောက် ရေတံခွန်ထိပ်အနီးသို့ ရောက်လာခဲ့ကြသည်။

ရေမှုန်ရေမွှားတို့ကြောင့် သူတို့တကိုယ်လုံးနှင့် မြင်းများပါ ရွှဲရွှဲစိုသွားကြသည်။

ရေဖြူမြစ်က တရှဲရှဲအသံပေးကာ ခပ်ကြမ်းကြမ်း ရမ်းရမ်းစီးဆင်းလာသည်။

ထို့နောက် ချောက်ထဲသို့ တဝုန်းဝုန်း လိမ့်ဆင်းသည်။

ရှောက်ချူးရွှေတို့ ဖြတ်သန်းရမည့် ရေဖြူချောင်းက ရေစီးသန်သလို ကျောက်ဆောင်ကျောက်ကမ်းပါးများ ပေါများလှသည်။

ရှောက်ချူးရွှေသည် ဖြတ်သန်းရမည့် ရေဖြူချောင်းက ရေစီးသန်သလို ကျောက်ဆောင် ကျောက်ကမ်းပါးများ ပေါများလှသည်ကို စိတ်ထဲ ထင့်ခနဲ ဖြစ်သွားမိသည်။

ဆင္ဍမအာရုံ ထူးထူးကဲကဲ သတိပေးချက်။

အန္တရာယ်အငွေ့အသက်ကို ခံစားရပြီဟု ထင်လိုက်သည်။

သူထင်လိုက်စဉ်မှာပင် ရေစီးသန်သော ချောင်းရေထဲမှ အလင်းရောင်တချက် ရုတ်တရက် လှုပ်ရှားသွားသည်။

"အား ..."

"ယား ..."

ရောက်ချူးရွှေ မာန်သွင်းအော်ဟစ်ကာ ကိုယ့်ကိုယ်ကို လှည့်၍ ထန်ဖန်း၏ ပုခုံးပေါ်သို့ လက်ဝါးတချက် ရိုက်ထုတ်လိုက်၏။

လျှပ်တပြက် လှုပ်ရှားမှုမို့ ထန်ဖန်း ရှောင်တိမ်းရန် အချိန်မမီ။ ဖုန်းခနဲ မြင်းပေါ်မှ လိမ့်ကျသွားသည်။

"အကိုကြီး ... ခင် ... ခင်ဗျား"

ကျိုချူးချောက်လန် ဒေါသတကြီး အော်ဟစ်လိုက်၏။ သို့သော် သူ့စကားကို ဆုံးအောင်ပင် မပြောလိုက်ရ။

ထန်ဖန်းစီးလာသောမြင်း၏ ကျောပြင်ထက်မှ သွေးစွန်းနေသော ဓားဦးချွန်တခုကို တွေ့လိုက်ရသောကြောင့်ပင်တည်း။ ကျိုချူးချောက်လန် အံ့အားသင့်သွားသည်။

ပြေးလွှားနေသော မြင်းတကောင်၏ ဝမ်းဗိုက်ကို ထိုးဖောက်ကာ မြင်းကုန်းနှီးကိုပင် ထိုးဖောက်လာသည့်ဓား၊ ရုတ်ချည်းပင် ပြန်လည်ရုပ်သိမ်းသွားသောဓား၊ ဤသို့သော ဓားချက်မျိုးကို မည်သူစွမ်းဆောင်နိုင်ပါမည်နည်း။

ဓားဖြင့် ထိုးဖောက်ခြင်း ခံရသော မြင်းကြီးမှာ ရှေ့သို့ ငါးလှမ်းခြောက်လှမ်းခန့် အရှိန်နှင့် ဆက်ပြေးသေးသည်။

နောက်မှ နာကျင်စွာ အော်ဟစ်လျက် ချောင်းရေစီးနှင့်အတူ ရေတံခွန်အောက်သို့ ကျသွားတော့သည်။

ထန်ဖန်းသာ မြင်းပေါ်တွင် ဆက်လက်ရှိနေသေးလျှင် ...

စဉ်းစားဝံ့စရာပင် မရှိ။

ထန်ဖန်း မြင်းပေါ်မှ လိမ့်အကျတွင် ကျိုချူးချောက်လန်က လက်တဖက်ဖြင့် ဖမ်းဆုပ်လိုက်သလို ရောက်ချူးရွှေကလည်း ဘယ်ဘက်လက်ဖြင့် ဆွဲယူပြီး သူ့မြင်း နောက်ကျောပေါ်သို့ တင်လိုက်သည်။

လက်ဖျစ်တတွတ်အချိန်အတွင်းမှာ လှုပ်ရှားမှုက မြန်ဆန်လှသည်။

ထန်ဖန်းမှာ ရောက်ချူးရွှေ၏ နောက်ကျောပေါ်တွင် အထိတ်တလန့် မပြေသေးဘဲ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

"သတ္တိရှိရင် ထွက်ခဲ့စမ်း"

ရောက်ချူးရွှေ ဒေါသဖြင့် အော်ငေါက်လိုက်သည်။

သူ့အသံက ရေတံခွန်၏ တဝုန်းဝုန်း စီးကျသံကိုပင် ထိုးဖောက်ထွက်လာသည်။

သူ့စကားအဆုံးတွင် ရေဖြူချောင်းရေစီးထဲမှ ဓားတလက်နှင့် လူတယောက် ဖြုန်းခနဲ ထွက်လာပြီး ကျောက်ဆောင်ကျောက်တုံးတခုပေါ်သို့ ဟူးခနဲ ခုန်တက်သွား၏။

ညအမှောင်က စိုးမိုးနေသော်လည်း ထိုလူ၏လက်ထဲမှ ဓားရှည်က နှင်းကဲ့သို့အေးစက်ကာ အလင်းတန်းများ ဖြာထွက်နေသည်။

သုံးမျိုးထူးချွန်ဓားနတ်ဆိုး ခုံယန်ချင်။

ချောင်းရေက တသွင်သွင် စီးဆင်းနေသည်။

ကျောက်တုံးတတုံးပေါ်တွင်ကား ခုံယန်ချင်က ရပ်လျက် ...

လက်ထဲမှ ဓားကို ကိုင်ဆောင်ရင်း ထီမထင်စွာ ရယ်မောလိုက်သည်။

"ငါ့ရဲ့ဓားက ရေအောက်မှာ လေ့ကျင့်အောင်မြင်ထားတဲ့ဓားပဲ၊ ချိန်းကြိုးဖြူရေခွဲဓားလို့ခေါ်တယ်၊ အဲဒါ သုံးမျိုးထူးချွန်မှုတရပ်ပဲ"

ပြောရင်းမှ ဓားရှည်ကို ခပ်စောင်းစောင်း ခုတ်ချလိုက်သည်။

ရေစီးမှ ရေပန်းရေမှုန်များ ဖွားခနဲ လွင့်စဉ်ထွက်သွားပြီး ဓားထိပ်ဖျားတွင်လည်း ကျောက်စကျောက်နကလေးများ ကပ်ပါလာ၏။

"တယ်ကောင်းတဲ့ ဓားပါလား၊ ဒါပေမယ့် ခင်ဗျားနဲ့ မတန်ဘူး"

ရောက်ချူးရွှေက ဓားကို ချီးကျူးပြီး လူကို ရှုံ့ချသည်။

ခုံယန်ချင်က မကျေမနပ်ဖြင့် ...

"ဘာကြောင့် မတန်ရတာလဲ"

"ခင်ဗျားက လူယုတ်မာတယောက်ဖြစ်လို့၊ တခေတ်တယောက် ထွန်းတောက်တဲ့ ဓားသိုင်းပညာရှင် ဖြစ်လျက်နဲ့ ဒီလောက် ယုတ်ညံ့တဲ့ လုပ်ကြံတာမျိုး လုပ်တတ်လို့"

ကျိုချူးချောက်လန်က ဝင်၍ မှတ်ချက်ချသည်။

ခံ့ယန်ချင် အသားများ တုန်ယင်အောင်ပင် ဒေါသထွက်လာသည်။

တခဏအကြာတွင် ခေါင်းမော့၍ ရယ်မောပစ်လိုက်သည်။

"ဟား ... ဟား ... ဟား ... မင်းတို့က အကိုက်ကောင်းတဲ့ ခွေးလိုပဲ၊ ပါးစပ်ကသာ ဟောင်ရဲကြတာပါ၊ ဒီကနေ့ညက ကျော်လွန်ပြီး မင်းတို့ အသက်ရှင်ဖို့ အခွင့်အလမ်း မရှိတော့ဘူး"

"အပိုတွေ ပြောမနေနဲ့"

ရောက်ချူးရွှေတို့ ခြောက်ယောက် ပြိုင်တူ အော်ငေါက်ကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြ၏။

ရောက်ချူးရွှေက ဓားရှည်ကို ဆွဲထုတ်ကာ ရှေ့မှ ဦးဆောင်သည်။

ခြေလှမ်းလှမ်းရင်းမှ သူ့စိတ်အာရုံ၏ စေ့ဆော်မှုတခုကို ရုတ်တရက် ခံစားလိုက်ရပြန်သည်။

"ဝှစ် ..."

ဓားအလင်းတန်းတတန်းက လျှပ်ပြက်သလို ပြေးဝင်လာသည်။

ရောက်ချူးရွှေသည် ကမန်းကတန်းပင် တိန်ယိဟန်၏ နောက်ကျောကို ဆောင့်တွန်းလိုက်သည်။

တိန်ယိဟန် ခြေလှမ်း ခုနစ်လှမ်းခန့် လွင့်စဉ်သွားသည်။

သို့သော်ဓားက သူ့နောက်ကျောထဲသို့ စူးနစ်ဝင်ရောက်ပြီး ဖြစ်နေသည်။

'အား ... '

တိန်ယိဟန် ကျယ်လောင်စွာ အော်ဟစ်လျက် ခြေလှမ်းရပ်တန့်သွားသည်။

ကျိုချူးချောက်လန်က လက်တဖက်ဖြင့် ထူမထားလိုက်သည်။

"သတိရှိကြ၊ ရှုပ်ထွေးမနေနဲ့၊ ဘေးနားမှာ ချောင်းမြောင်းနေတဲ့ ရန်သူရှိသေးတယ်"

ရောက်ချူးရွှေ အော်ဟစ်သတိပေးသည်။

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့နှစ်ယောက်ကမူ ရှေ့သို့ လှမ်းတက်သွားပြီး ဖြစ်နေသည်။

သူတို့ထက် မြန်ဆန်သည်က ထန်ဖန်း၏ လက်နက်ပုန်း၊ ခံ့ယန်ချင် ဟိန်းဟောက်နေကတည်းက နာကြည်းမုန်းတီးလွန်းသဖြင့် ပန်းခက်အပ်သုံးတန်းနှင့် ပစ်ပေါက်ခဲ့သည်။

ခံ့ယန်ချင်က ဓားပန်းပွင့်သုံးပွင့်ပုံ ဖော်ထုတ်လိုက်သည်။

ပန်းခက်အပ်သုံးတန်း လက်နက်ပုန်းကို ဖယ်ရှားလိုက်နိုင်သောလည်း ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့က သူ့အနီးသို့ ရောက်သွားခဲ့လေသည်။

ထန်ဖန်းသည် လက်နက်ပုန်းကို ခံ့ယန်ချင်ထံသို့ ဆက်မပစ်တော့။

တိန်ယိဟန်ကို ဓားထိသွားကြောင်း သိသဖြင့် ဓားပျံထွက်ပေါ်လာရာဘက်သို့ ရွှေအပ်တဆုပ်ကို လက်ပြန်ပစ်လွှတ်သည်။

လူရိပ်တခုက ကျောက်ဆောင်ကျောက်တုံးတခု၏ နောက်ကွယ်မှ ခုန်ထွက်လာသည်။

ထန်ဖန်းက မျက်နှာလှည့်ကာ ထိုသူ့ကို ရင်ဆိုင်သလို ရောက်ချူးရွှေ၏ ဓားဦးချွန်ကလည်း ထိုသူထံသို့ ဦးတည်ထားသည်။

သို့သော် ရုတ်ခြည်းပင် ထိုလူရိပ်ကို မတွေ့တော့။

မီးအိမ်နီတခုအဖြစ် ပြောင်းလဲသွား၏။

"မီးအိမ်နီကို သတိထား၊ ဒီလူဟာ မီးအိမ်နီဓားပျံနတ်ဆိုး ဆားချန်သိန်းပဲ"

ကျိုချူးချောက်လန်က အော်ဟစ်သတိပေးသည်။

မီးအိမ်နီက မှောင်ကြီးမည်းမည်းတွင် လူတွေ သတိပြု အာရုံစိုက်စရာ ဖြစ်နေသည်။

မီးအိမ်ပေါ်သို့ အာရုံစိုက်လျှင် မီးအိမ်နောက်မှ မမြင်ရသော သူ၏ ဓားပျံက အသက်ကို နုတ်ခြွေသွားပေမည်။

ရောက်ချူးရွှေသည် ဆားချန်သိန်း၏ သားတပည့်များနှင့် တိုက်ခိုက်ဖူးသည်။

ဆားအမျိုးအနွယ်တို့၏ ဓားပျံအစွမ်း ပြင်းထန်ထက်မြက်ကြောင်းလည်း သဘောပေါက်ထားသည်။

ကျိုချူးချောက်လန်ကမူ ဆားချန်သိန်းနှင့် ကျူးရှာဂူတို့၏ တိုက်ပွဲကို မြင်တွေ့ခဲ့ရသဖြင့် မီးအိမ်နီ၏ အစွမ်းအစကို သိသည်။

မီးအိမ်နီကို မဖျက်ဆီးနိုင်သမျှ ဆားချန်သိန်းကို သတ်ဖို့ မလွယ်။

တိန်ယိဟန်၏ ကျောပခုံးရိုးနေရာတွင် ဆားချန်သိန်း၏ ဓားပျံစိုက်ဝင်နေသဖြင့် မျက်နှာပြင်မှာ စက္ကူဖြူတရွက်လို ဖြူဖွေးလာသည်။

ရှောက်ချူးရွှေကသာ အချိန်မီ တွန်းဖယ်ခြင်း မပြုခဲ့လျှင် ရေစီးနှင့်အတူ ရေတံခွန်အောက်သို့ မျောပါသေဆုံးသွားရပေတော့မည်။

ရှောက်ချူးရွှေတို့ ဆားချန်သိန်းနှင့် ရင်ဆိုင်နေစဉ်မှာပင် ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့နှစ်ယောက် ခုံယန်ချင်ကို တိုက်ခိုက်နေသည့်အသံက ဆူညံစွာ ပေါ်ထွက်လာသည်။

ရှောက်ချူးရွှေ၊ ထန်ဖန်း ကျိုချူးချောက်လန်တို့ ဘက်သို့ အာရုံမရောက်၊ ခေါင်းမလှည့်ရဲ၊ ခေါင်းလှည့်လိုက်သည်နှင့် ဆားချန်သိန်း၏ ဓားပျံက အမှတ်မထင် ဝင်ရောက်လာမည် မဟုတ်ပါလား။

အားလုံး ငြိမ်သက်နေကြသည်။

ဆားချန်သိန်း၏ မီးအိမ်နီ ပျက်စီးနိုင်လောက်အောင် သူတို့တတွေသည် ကျူးရှာဂူလောက် မျက်စိစူးရှမှု မရှိသေး။ စိတ်တန်ခိုးအား၊ သမာဓိအား မကောင်းသေး။

မီးအိမ်နီ အလင်းရောင်ကြောင့် သူတို့ကို ဆားချန်သိန်းက မြင်တွေ့နေရသော်လည်း ဆားချန်သိန်းကိုမူ သူတို့ လုံးဝမမြင်ရ။

ကြာလျှင် အမှောင်ထဲမှ လူက အလင်းထဲမှ လူကို အာရုံစူးစိုက်မိပြီး အနိုင်ယူပေတော့မည်။

ရှောက်ချူးရွှေတို့နှစ်ယောက် ချွေးပြန်လာကြသည်။

ထိုစဉ်မှာပင် တိမ်တိုက်ကြားတွင် ပုန်းကွယ်နေသည့် လမင်းက ရုတ်တရက် ပြေးထွက်လာသည်။

လအလင်းရောင် စူးခနဲ ဖြာသွားမှုက မီးအိမ်နီ၏ အလင်းရောင်ကို ဖုံးလွှမ်းသွားသည်။

မီးအိမ်နီ၏ နောက်ကျောမှ လူရိပ်ကိုလည်း မြင်တွေ့လာရလေသည်။

ထိုစဉ်မှာပင ...

လက်နက်ပုန်းသမားသည် အခွင့်အရေးကို မလွတ်တမ်း အသုံးချနိုင်ရသည်။

ထန်ဖန်းသည် ထိုအခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင်ကြီး အသုံးချလိုက်၏။

လအထွက် အလင်းရောင်နှစ်ခုက အားအပြိုင်တွင် ထန်ဖန်းက လက်နက်ပုန်းတခုကို ဆတ်ခနဲ ပစ်လွှတ်လိုက်သည်။

သူ့လက်နက်ပုန်းက ဆားချန်သိန်းထံသို့ မဟုတ်။

မီးအိမ်နီသို့သာ ပစ်ခတ်သည်။

"ချလွမ်"

မီးအိမ်နီ ကွဲသွားသည်။ သွေးရည်ကဲ့သို့ အရည်များ ပန်းထွက်လာ၏။

တချိန်တည်းပင် ဓားအလင်းတခုက ထန်ဖန်းဆီသို့ ပြေးဝင်လာသည်။

ထန်ဖန်း၏ သိုင်းပညာတွင် အထူးချွန် အထက်မြက်ဆုံးက ကိုယ်ဖော့ပညာ။ လက်နက်ပုန်းကို ပစ်လွှတ်ပြီးသည်နှင့် သူ့ကိုယ်ခန္ဓာကလည်း နေရာပြောင်း လုပ်ရှားပြီး ဖြစ်နေသည်။

ဆားချန်သိန်း၏ ဓားပျံက ထန်ဖန်းကို မထိနိုင်တော့ပဲ အရှိန်ရှိသလောက် ဆက်ပြေးသွားတော့သည်။

မီးအိမ်ကွဲအက်သည်နှင့် ရှောက်ချူးရွှေလည်း ဓားကိုဝင့်ကာ ရှေ့သို့တက်လာသည်။

သို့သော် မီးအိမ်မှ ပန်းထွက်လာသော သွေးရည်ကဲ့သို့ နီစွေးစွေး ပုပ်ဟောင်ဟောင် အရည်များကြောင့် ဆက်မတက်နိုင်ပဲ ရှောင်ရှားနေရ၏။

ထိုအချိန်တွင် ဆားချန်သိန်း နောက်သို့ခြေလှမ်းဆုတ်သည်။ မရ။ တစုံတယောက်က သူ့ခြေထောက်ကို ဖမ်းချုပ်ထားကြောင်း သိလိုက်ရသည်။

ကန်ကျောက်ရန် ကြိုးစားသည်။ မရ။

ရုန်းထွက်ရန် ဟန်ပြင်သည်။ အခွင့်မသာ။

သံမဏိလက်ချောင်းများပမာ မြဲမြံခိုင်မာလှသော ကျိုချူးချောက်လန်၏ လက်အစုံက ခြေချင်းဝတ်မှ တရစပ် ဖမ်းချုပ်ရွေ့လျားလာရာ ဆားချန်သိန်း၏ ပေါင်နှစ်ဘက်ကြားအတွင်း ပေါင်စောင်းရှိ ထုံကျဉ်ကြောကို ဖမ်းကုတ်မိသည်။

မျက်စိတမှိတ် လျှပ်တပြက်အချိန်အတွင်းမှာပင် ဆားချန်သိန်း၏ အောက်ပိုင်းတခုလုံး အရိုးကွဲ အကျောထုံကာ တလှမ်းမျှ မရွေ့လျားနိုင်တော့။

သိုင်းလောက၏ ဖမ်းချုပ်လက်သိုင်းကွက်နံပတ်တစ် ရှမ့်စုံလူနှင့် သိမ်းငှက်လက်သည်းဘုရင် လွေဖုန်းတို့၏ တပည့် ကျိုချူးချောက်လန်ကား ဆရာ့ခြေရာနင်းကာ ဖမ်းချုပ်လက်ကွက် ထက်မြက်လှတော့သည်။

သို့သော် ဆားချန်သိန်းကလည်း နယ်နယ်ရရမဟုတ်။

သူ့တွင် လက်နှစ်ဖက် ရှိနေသေးသည်။

ရှိသည့် အခွင့်အရေးအရပင် ဓားပျံနှစ်လက်ကို ကျိုချူးချောက်လန်ထံ ပစ်လွှတ်သည်။

ဤမျှ နီးကပ်လွန်းသော အကွာအဝေးကို ဓားပျံဖြင့် ပစ်ခတ်နိုင်စွမ်းရှိသည်မှာ ဆားချန်သိန်း၏ အရည်အချင်းပင်တည်း။

ဆားချန်သိန်းလိုပင် ထန်ဖန်း၏ လက်နက်ပုန်း ပညာကလည်း အဆင့်မြင့်လွန်းသည်။

ဆားချန်သိန်း၏ ဓားပျံနှစ်လက်ကို ကျောက်ခဲနှစ်လုံးနှင့် ပစ်ပေါက် ဟန့်တားထားလိုက်သည်။

ဆားချန်သိန်း အံ့အားသင့်သွားသည်။

ဤလူငယ်များ၏ အစွမ်းအစ တိုက်ရည်ခိုက်ရည်တို့ကို သူအသိအမှတ် ပြုလာရသည်။

ထိုအချိန်မှာပင် ရှောက်ချူးရွှေ၏ ဓားရှည်က သူ့ထံသို့ တိုးဝင်ရန် ကြိုးစားသည်။

သူကလည်း ဓားပျံတချက် ပစ်လွှတ်သည်။ သည်တကြိမ်တွင်တော့ ထန်ဖန်းမှာ လက်နက်ပုန်းနှင့် ပစ်ခတ်၍ မရတော့။ ရှေ့တွင် ရှောက်ချူးရွှေက ခံနေသည် မဟုတ်ပါလား။

ဆားချန်သိန်း၏ ဓားချက်က ရှောက်ချူးရွှေကို အပိုင်သတ်မည့်အကွက်၊ ရှောက်ချူးရွှေကလည်း ပန်းစကြာဓားကွက်ဖြင့် ဆားချန်သိန်းကို အပိုင်သတ်ဖြတ်မည့် အကွက်။

နှစ်ဦးနှစ်ဘက်စလုံး သေကြမည့် အခြေအနေ။

ထိုအချိန်မှာပင် လူရိပ်တရိပ်က ဖျတ်ခနဲ လှုပ်ရှားလာသည်။

သူ့ကိုယ်လုံးက ရှောက်ချူးရွှေရှေ့တွင် ဆီးကာပေးလိုက်ပြီး သူ့လက်ထဲမှ ဓားရှည်ကိုလည်း ဆားချန်သိန်းထံ ထိုးသွင်းလိုက်လေသည်။

ရှောက်ချူးရွှေထံ စိုက်ဝင်မည့် ဓားပျံက သူ့ရင်ဘတ်ထဲ နစ်ဝင်သွားသည်။

သူ့ဓားရှည်ကလည်း ဆားချန်သိန်း၏ လည်မျိုကို ထိုးဖောက်သွားသည်။

ဆားချန်သိန်း ဝုန်းခနဲ လဲကျသည်။ သူလဲကျသည့်နေရာက မီးအိမ်မီးမှ ပန်းထွက်ခဲ့သော နီစွေးစွေး ပုပ်ဟောင်ဟောင် အရည်များပေါ်သို့ ...

"အား ... အား"

ဆားချန်သိန်း တကိုယ်လုံး မီးလောင်သည့် ညှော်နံ့များ ထွက်လာသည်။

ထို့နောက် ခုန်ဆွ ခုန်ဆွ ဖြစ်ကာ မြစ်ရေနှင့်အတူ ရေတံခွန်အောက်သို့ မျောကျ သေဆုံးသွားတော့သည်။

ရှောက်ချူးရွှေရှေ့မှ ခုန်ဝင်လိုက်သူကား တိန်ယိဟန် ဖြစ်နေလေသည်တကား။

ကျိုချူးချောက်လန်သည် ဆားချန်သိန်းအား လက်မှ လွှတ်ပေးလိုက်ပြီး တိန်ယိဟန်ကို ပွေ့ထူထားလိုက်သည်။

တိန်ယိဟန် မျက်နှာက သွေးဆုပ် ဖြူရော်နေသည်။ ရင်ဘတ်နှင့် နောက်ကျောတွင် သွေးရည်တို့ ရွဲရွဲစိုနေသည်။

ပါးစပ်ကို လှုပ်သည်ဆိုရုံသာ လှုပ်ပြီး နှုတ်ခမ်းက ပြုံးရောင်သမ်းလာသည်။ ထို့နောက် ရှောက်ချူးရွှေကို မျက်လုံးလှန်ကြည့်ကာ အကြောတချက်ဆွဲပြီး အသက်ထွက်သွားတော့သည်။

ထန်ဖန်း၊ ကျိုချူးချောက်လန်နှင့် ရှောက်ချူးရွှေတို့ရင်ထဲတွင် လပ်ဟာသွားကြရလေသည်။

ထက်ဝင်ရွှဲ ဘာကိုမျှ ဂရုမစိုက်၊ လက်သီးတွင် အတွင်းအား အကုန်စုစည်းကာ တိုက်ခိုက်နေသည်။

ခံယန်ချင်၏ ဓားချက်ထိပြီးသော်လည်း အပြင်းအထန် တိုက်ခိုက်နေဆဲ။

မိမိ၏ သေရေးရှင်ရေးကိုပင် ဂရုမစိုက်တော့ပဲ အသက်စွန့်တိုက်ခိုက်နေသည့် ရန်သူကို မတွေ့ကြုံဖူးသေးသဖြင့် ခံယန်ချင် ထိတ်လန့်ချောက်ချားလာသည်။

ထို့ပြင် ချူးနန်းကု၏ မြွေဟောက်လက်သီးကလည်း သူ့အတွက် အသက်ရှုကျပ်စေသည်။

သူ့ဓားထွက်လာသည်နှင့် ချူးနန်းကုက သူ့ချိုင်းအောက်မှ ကျွမ်းရှင့်သွေးကြောကွက်ကို ဖမ်းတိုက်သည်။

သူဓားပြန်ရုပ်သိမ်းလျှင် ချူးနန်းကုက သူ့ခြေထောက်ကို တက်နင်းထားပြီးဖြစ်၏။

ခံယန်ချင်သည် ရေထဲတွင် ဓားကွက်ထုတ်နိုင်သည်က ထူးချွန်မှုတခုဖြစ်သလို စိတ်နှစ်ခုခွဲကာ ရန်သူနှစ်ယောက်အား တပြိုင်တည်း တိုက်ခိုက်နိုင်သည်က ဒုတိယထူးချွန်မှုဖြစ်သည်။

သူ့ဓားသည် နှင်းမြူကဲ့သို့ နှစ်ခြမ်းကွဲအက်ကာ ချူးနန်းကုနှင့် ထက်ဝင်ရွှဲတို့၏ တိုက်ကွက်ကို ခုခံနိုင်၏။

ထက်ဝင်းရွှဲ စိတ်လောကြီးလာသည်။

အကျႌကို ဆွဲချွတ်လိုက်ပြီး ခံယန်ချင်၏ဓားရှည်ကို လက်ဖြင့် ဖမ်းကိုင်သည်။

ဖမ်းမိသည်နှင့် ချိုးချသည်။

သာမာန်ဓားဆိုလျှင် ကျိုးသွားပေမည်။

ချိန်းကြိုးဖြူရေစွဲဓား ဖြစ်သည်မို့ ကွေးကောက်ရုံသာကွေးကောက်သွားသည်။

ခုံယန်ချင် မျက်နှာပျက်လာသည်။

ထိုစဉ်မှာပင် ရေအလင်းတန်းတခုက သူ့ထံသို့ တိုးဝင်လာသည်။

ရေငွေ့ပြန်ခြင်း ဖြစ်မည်ဟု ထင်မှတ်ကာ ဂရုမစိုက်။

မျက်နှာကို ထိမှန်တော့မှ ပူစပ်နာကျင်ကာ မျက်စိလည်း ဖွင့်မရတော့။

ထိုရေအလင်းတန်းကား ချူးနန်းကု အနီးကပ် တံတွေးနှင့် ထွေးလိုက်ခြင်းပင်တည်း။

ခုံယန်ချင် မျက်လုံးဖွင့်မရစဉ်တွင် ချူးနန်းကုက ရှေ့တက်ပြီး မြွေနှင့်ကြွက် တွင်းထွက်တိုက်ကွက် ခြေထောက်ဖြင့် ပတ်ကန်သည်။

ခုံယန်ချင် နာကျင်စွာ အော်ဟစ်လျက် နောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်လိုက်ရသည်။

ချူးနန်းကုက ရှေ့သို့ လှမ်းတက် တိုက်ခိုက်ရန်ပြင်သည်။

ဓားအလင်းတန်းတချက်က သူ့ထံတိုးဝင်လာသည်။

ငုံ့ရှောင်လိုက်သော်လည်း ပခုံးတွင် တချက် ခြစ်မိသွားသည်။

ခုံယန်ချင်မှာ မျက်လုံးနှစ်ဘက် ပိတ်ထားသော်လည်း လက်ထဲမှ ချိန်းကြိုးဖြူရေစွဲဓား အလင်းတန်းနှစ်ခုကမူ နဂါးနှစ်ကောင် ခုန်ပျံနေသလို ချူးနန်းကုနှင့် ထက်ဝင်းရွှဲ့တို့၏ သေကွင်းသေကွက် နေရာများသို့ လျင်မြန်စွာ ရောက်ရှိလာသည်။

ဤအချက်ကာ ခုံယန်ချင်၏ တတိယထူးချွန်ကွက်ပင်တည်း။

ဓားအလင်းတန်းနှစ်ခုအနက် ချူးနန်းကုကို အောင်မြင်စွာ ခုခံထားနိုင်သော်လည်း ထက်ဝင်းရွှဲ့ကိုမူ ဓားကွေးကောက်နေသဖြင့် ထိရောက်အောင် မကာကွယ် မခုခံနိုင်ချေ။

သုံးယောက်သား အကြိတ်အနယ် ရင်ဆိုင်နေစဉ် ဓားရိပ်တရိပ်က ချူးနန်းကုထံ တိုးဝင်နေသော ခုံယန်ချင်၏ ဓားအရှိန်ကို ပိတ်ဆို့ချေဖျက်လိုက်သည်။

ခုံယန်ချင် နှာခေါင်းရှုံ့သွား၏။

"ပန်းချောင်းဓားလား"

ခုံယန်ချင်က မေးသော်လည်း ရောက်ချူးရွှေ ပြန်မဖြေ။

ဓားအရှိန်ကိုသာ တိုးမြှင့်တိုက်ခိုက်သည်။

ဓားကွက်များက ရေပန်းရေမွှားများပမာ ဖြစ်နေသည်။

နဂါးတကောင်က ပုလဲလုံးများကို မှုတ်ထုတ်လိုက်သလို စီစီရီရီ ရှိနေသည်။

ခုံယန်ချင် ကြိုးစားခုခံကာကွယ်သည်။

ထိုအချိန်တွင် ချူးနန်းကုက အခွင့်ကောင်းယူကာ ထိုးဖောက်တက်လာသည်။

ခုံယန်ချင် ဒေါသထွက်လာသည်။

တဘက်ရန်သူများကို မဟုတ်။

ဆားချန်သိန်း သူ့ကို လာရောက်မကယ်တင်ခြင်း၊ ရောက်ချူးရွှေတို့အား ဟန့်တားမထားခြင်းကြောင့် ဖြစ်သည်။

ဆားချန်သိန်း သေသွားခဲ့ပြီကိုမူ သူမသိ။

သူသိသည်က သူ့အခက်အခဲ အကျပ်အတည်းသာ ဖြစ်သည်။

ရောက်ချူးရွှေ ဝင်ရောက်လာသည်နှင့် ချူးနန်းကုနှင့် ထက်ဝင်းရွှဲ့တို့နှစ်ယောက် တိုက်စစ်အရှိန်အဟုန် မြင့်တင်၏။ ခုံယန်ချင် မဟန်နိုင်တော့။

တကိုယ်လုံး ချွေးရွှဲရွှဲစိုနေသည်။

ကျယ်လောင်စွာ အော်ဟစ်လျက် ဓားပျံနှစ်လက် ပစ်လွှတ်သည်။

ထက်ဝင်းရွှဲ့က ဓားပျံတလက်ကို လက်သီးဖြင့် ထိုးထုတ်ဖယ်ရှားပြီး ချူးနန်းကုက ခေါင်းငုံ့ရှောင်သည်။

အခွင့်အရေးရသည်နှင့် ခုံယန်ချင် ခုန်ထွက်လိုက်သည်။

မနိုင်ရင် ထွက်ပြေးရမည့် နည်းဗျူဟာ။

သို့သော် မရ။

သူ့ခြေထောက်နှစ်ချောင်းက လက်တစုံ၏ ဖမ်းချုပ်ခြင်း ခံထားရသည်။
ခြေထောက်ကို တချက်ဆွဲထုတ်ရာ မရသဖြင့် အားထုတ်ကာ ရုန်းရန်ဟန်ပြင်သည်။
ထိုစဉ် သူ့တကိုယ်လုံး စပ်ဖျဉ်းဖျဉ်း ဖြစ်သွား၏။
ထန်ဖန်း၏ နှင်းမိုးလက်နက်ပုန်းများက သူ့ထံတိုးဝင်လာခြင်း ဖြစ်၏။
သူစိတ်ဓာတ်ကျသွားသည်။
ထိုအချိန်မှာပင် ဓားအလင်းတန်းတခု လက်သွား၏။
ရောက်ချူးရှွေ၏ သက်တန့်ရှည်နေဖောက် ဓားကွက်။
ခုံယန်ချင် မည်သို့မျှ မဟန့်တားနိုင်တော့။
ဓားရှည်က သူ့ဝမ်းဗိုက်သို့ တိုးဝင်သွားသည်။
"အား .."
ခုံယန်ချင် အသံနက်ကြီးဖြင့် အော်ဟစ်လိုက်စဉ်မှာပင် ကျိုချူးချောက်လန်က လက်ကို လွှတ်ပေးလိုက်သည်။
အသက်ဝိဉာဉ်ကင်းမဲ့နေပြီဖြစ်သော ခုံယန်ချင်၏ ကိုယ်ခန္ဓာကြီးမှာ မြစ်ရေစီးနှင့် မျောပါလျက် သစ်သီးဝါရေတံခွန်အောက်သို့ ကျသွားတော့သည်။
သူနှင့်အတူ ဓားမြတ်နှစ်လက်လိုက်ပါသွားသည်။
ချိန်ကြိုးဖြူရေခွဲဓားနှင့် ပန်းချူးနတ်ဓားတို့ပင်တည်း။
ရောက်ချူးရှွေသည် တိန်ယိဟန်၏ အလောင်းကို ပွေ့ချီယူလိုက်သည်။
သြဇာအာဏာဂိုဏ်းကို တိုက်ခိုက်ရသည့် တိုတောင်းသည့် အချိန်ကာလအတွင်း သူ၏ ကျန်ကျန်းမြစ်ညီနောင်လေးဖော်မှ စတုတ္ထနှင့် တတိယညီတော်တို့ ကျဆုံးခဲ့ရလေပြီ။
သူရဲကောင်းတို့ မျက်ရည် မြေဝယ်မကျဆိုသော်လည်း ရောက်ချူးရှွေ၏ မျက်လုံးတွင် မျက်ရည်များ ပြည့်လျှမ်းလာသည်။
သူ့ရင်ထဲတွင် ဒေါသမီးလျှံများ၊ ဆွေးမြည့်ကြေကွဲခြင်းများက ဒွန်တွဲလျက် ဖြစ်ပေါ်ခံစားနေရသည်။
ထက်ဝင်းရွှဲ၊ ချူးနန်းကု၊ ကျိုချူးချောက်လန်နှင့် ထန်ဖန်းတို့သည်လည်း အသီးသီး မျက်ရည်များ ဝဲနေကြပြီ။
ရေဖြူချောင်းကမ်းပါးတနေရာတွင် တိန်ယိဟန်ကို ကောင်းမွန်စွာ မြုပ်နှံသင်္ဂြိုလ်လိုက်ကြသည်။
ထို့နောက် ရှေ့သို့ ခရီးဆက်လာခဲ့ကြတော့သည်။

## အခန်း (၉)

မနက်ခင်း၏ နေခြည်က ရွှေရောင်တောက်နေ၏။

ဖန်ကျန်းမြစ်က ရွှေရောင်ပုလဲခက်ကလေးများ ဖန်တီးလျက် တငြိမ့်ငြိမ့်တညင်ညင် စီးဆင်းနေသည်။

ရောက်ချူးရွှေတို့ ငါးယောက် ဖန်ကျန်းမြစ်ကမ်းပါးသို့ ရောက်လာကြသည်။

သဘာဝရှုခင်းက စိမ်းစိမ်းစိုစိုသာသာယာယာ ရှိသော်လည်း သူတို့စိတ်ထဲတွင် မလန်းဆန်း မကြည်နူးနိုင်ကြ။

ရင်ထဲတွင် ဟာလာဟင်းလင်း ဖြစ်နေကြသည်။

လူတယောက် ရုတ်တရက် လျော့ပါးသွားသဖြင့် ပျင်းခြောက်ခြောက် ဟာတာတာကြီးလို ခံစားနေကြရသည်။

ရှောက်ချူးရွှေ မျက်နှာက ညို့ညို့မှိုင်းမှိုင်း ဖြစ်နေသလို ထန်ဖန်း၏ မျက်လုံးများက နီရဲကာ မျက်ရည်ကြည်ကလေးများ ဝေ့ဝဲနေသည်။

တခဏမျှ တွေ့ကြုံသိကျွမ်းရသော်လည်း ရောက်ချူးရွှေတို့အပေါ် ခင်မင်သံယောဇဉ် ဖြစ်နေမိသည်။

ကြီးမားခိုင်မြဲသော ရင်းနှီးကျွမ်းဝင်မှု ဖြစ်ပေါ်နေခဲ့လေသည်။

တိန်ယိဟန်အတွက် ဝမ်းနည်းမှုကို သူဘယ်လိုမျှ ချုပ်တီးထားနိုင်စွမ်းမရှိ။

ခရီးစဉ်တလျှောက်လုံး သက်မဲ့အရုပ်များပမာ မည်သူမျှ စကားမဆိုခဲ့ကြ။

တိတ်ဆိတ်ငြိမ်သက်ခြင်းဖြင့် ဝမ်းနည်းမှု အထိမ်းအမှတ် ပြုခဲ့ကြသည်။

ထက်ဝင်းရွှဲက သက်ပြင်းလေးတချက်ချကာ ...

“ပိုးထင်းယိ၊ ဆားချန်သိန်းနဲ့ ခုံယန်ချင်တို့ နတ်ဆိုးသုံးယောက် တို့လက်ထဲမှာ ကျဆုံးသွားခဲ့ရပြီ၊ သြဇာအာဏာဂိုဏ်းနဲ့ တို့လဲ အဓိကရန်သူကြီးတွေလို ဖြစ်သွားကြပြီ၊ တို့တတွေ သိုင်းလောကမှာ တည်ရှိနေပါလားဆိုတာ သူတို့သိသင့်ပြီ”

“တို့တည်ရှိနေတယ်ဆိုတာ သိရုံတင်မဟုတ်ဘူး၊ တနေ့ကျရင် သြဇာအာဏာဂိုဏ်းဟာ တို့လက်ထဲမှာ ပျက်စီးပြိုကွဲသွားရမယ် ဆိုတာလဲ သိစေရမယ်”

ချူးနန်းက အားမာန်တက်ကြွစွာ ပြောသည်။

ဤစကားများက ငယ်ရွယ်သော၊ သိုင်းပညာ ထက်မြက်မြင့်မား ရဲစွမ်းသတ္တိရှိသော၊ အမှန်တရားကို ခံမင်တန်ဖိုးထားသော သူတို့၏ စိတ်ဓာတ်များကို သွေးနိုးပေးလိုက်ခြင်းပင်တည်း။

ဩဇာအာဏာဂိုဏ်းအား မျက်နှာချင်းဆိုင်လျက် စိန်ခေါ်လိုက်ခြင်းပင်တည်း။

ရောက်ချူးရွှေ ရင်ထဲ လှုပ်ခတ်သွားမိသည်။

အငြိုးစိတ်သည် ဖျတ်ခနဲ နိုးကြားပေါ်ထွက်လာခဲ့သည်။

အကယ်၍ ရောက်ဂေဟာတွင် အန္တရာယ်နှင့် ကြုံတွေ့လျှင် သိုင်းလောက၏ သူရဲကောင်းများ လာရောက်ကယ်တင်ပါက ဩဇာအာဏာဂိုဏ်းကို မည်သို့လျှင် ကြောက်ရွံ့စရာ လိုမည်နည်း။

ယခုကား ထိုသို့မဟုတ်။

လူတွေက ကိုယ့်ကိစ္စသာ ကိုယ်တန်ဖိုးထားတတ်ကြသည်။

သူတပါးအတွက် ခေါင်းငဲ့မကြည့်တတ်ကြ။

ရေနစ်သူကို ဝါးကူထိုးချင်ကြသည်။

ဘာသိဘာသာ နေလိုကြသည်။

သို့အတွက်ကြောင့်လည်း ဒုစရိုက်အမှောင်သမားများက ရဲတင်းရမ်းကား လာကြခြင်းဖြစ်၏။

အမည်းရောင်အဖွဲ့အစည်းကား အလင်းထဲမှာပင် အဖြူရောင်အဖွဲ့အစည်းအဖြစ် ရဲရဲတင်းတင်း ပေါ်ပေါ်လွင်လွင် လှုပ်ရှားလာကြသည်။

ထိုအတွေးများ တွေးမိလျှင် ရောက်ချူးရွှေ၏ စိတ်ဓာတ်တက်ကြွလာတော့သည်။

“မင်းတို့ ပြောတာမှန်တယ်၊ တို့ကို ဩဇာအာဏာဂိုဏ်းသာမကဘူး၊ တို့ကို သိုင်းလောကတခုလုံးက သိလာစေရမယ်၊ အမှန်တရားအတွက်၊ သစ္စာတရားအတွက် ရဲရဲရင့်ရင့် ရင်ဆိုင်တိုက်ခိုက်တဲ့ အဖွဲ့အစည်းတခုအဖြစ် သိလာစေရမယ်၊ အမှန်တရားနဲ့ ပတ်သက်ရင် အကြိမ်တထောင် အသက်သေရပါစေ၊ တို့စွန့်စားပြီး တိုက်ခိုက်ကြမယ်၊ အမှန်တရားကို အရယူကြမယ်၊ တို့တတွေ အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းကြရလိမ့်မယ်”

ရောက်ချူးရွှေ၏ စကားကြောင့် လူအားလုံးမှာ စိတ်ဓာတ်တက်ကြွလာကြသည်။

လောလောလတ်လတ်ပင် သိုင်းလောက၏ ထိပ်သီးအဆင့်မြင့် ပုဂ္ဂိုလ်နှစ်ယောက်ကို အနိုင်ယူခဲ့ကြသဖြင့် သွေးဆူနေသည့် အချိန်လည်း ဖြစ်ပေသည်။

“ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဒါပေမယ့် တို့ဒီလောက် လူလေးနဲ့ပဲ ဖွဲ့ကြရမှာလား”

ကျိုချူးချောက်လန်က တက်ကြွတဝက်၊ အားပျက်တဝက်ဖြင့် ပြောသည်။

ထက်ဝင်းရွဲ့က အားကြီးမာန်တက်ပင် ...

“ကိစ္စမရှိဘူး၊ တို့ရှိတဲ့လူနဲ့ပဲ လုံလောက်ပြီ၊ နောက်ကျမှာ တို့နဲ့ ခံယူချက်ချင်း၊ ရည်မှန်းချက်ချင်း တူညီတဲ့လူတွေ လာပေါင်းစည်းကြလိမ့်မယ်၊ အင်အားများတိုင်း အဓိကမဟုတ်ဘူး၊ အရည်အချင်းမရှိတဲ့လူတွေ ပါလာရင် ဆွမ်းဆန်ထဲ ကြွက်ချေးရောသလို ဖြစ်နေမှာပဲ”

ရောက်ချူးရွှေ အားမာန်တက်ကြွ နိုးကြားလာသည်။

“ဟုတ်တယ်၊ အဖွဲ့အစည်းဆိုတာ ကျစ်ကျစ်လစ်လစ် ခိုင်ခိုင်မာမာရှိဖို့သာ အဓိကပဲ၊ တို့က အမှန်တရားကို ရှာဖွေပေမယ့် ကိုယ်နဲ့အယူအဆ မတူတဲ့လူကို ရှုတ်ချဖို့မလိုဘူး၊ တို့အဖွဲ့အစည်းထဲမှာ မပါနိုင်တိုင်း ပုတ်ခတ်ဖို့မလိုဘူး၊ တို့ဦးတည်ချက်ကို ဖျက်ဆီးမယ့်လူကိုသာ တိုက်ခိုက်ချေမှုန်းရမယ်၊ ကြောက်တတ်တဲ့လူကို သူ့အကြောက်တရားအတိုင်း သူ့လမ်းသူ လျှောက်စေရမယ်”

ချူးနန်းက မြင်းတင်ပါးကို လက်ဝါးဖြင့် တချက်ပုတ်လိုက်သည်။

မြင်းကြီးတချက်ဟီကာ ပတပ်ထရပ်သည်။

“အကိုကြီးသဘောတရားနဲ့ ငါနဲ့ ကိုက်ညီတယ်၊ တို့တတွေ အမှန်တရား အလံတော်ကြီး စိုက်ထူလိုက်တာနဲ့ အမှန်တရားချစ်တဲ့လူတွေ တို့ဆီတိုးလာမှာပဲ၊ တို့အဖွဲ့ထဲ မဝင်တောင်မှ တို့ရဲ့အင်အားတွေ ဖြစ်လာမှာပဲ၊ ဒါနဲ့ တို့အဖွဲ့ကို ဘယ်လိုအမည်ပေးကြရင် ကောင်းမလဲ”

ရောက်ချူးရွှေ ကျေနပ်စွာ ပြုံးလိုက်သည်။

“တို့ ကျမ်းကျိန်ပြီး သွေးသောက်ဖွဲ့ကြမယ်၊ ကျမ်းကျိန်သွေးသောက်အဖွဲ့လို့ပဲ လွယ်လွယ်ခေါ်ကြတာပေါ့၊ ပြီးရင် သေအတူရှင်အတူ ညီညီညွတ်ညွတ်နဲ့ အမှန်တရားဘက်က ရပ်တည်မယ်၊ နိုင်ငံအကျိုး ဆောင်ရွက်ကြမယ်”

ထန်ဖန်းက ငြိမ်လျက်နားထောင်နေရာမှ ရယ်မောကာ ...

"သိပ်ကောင်းတဲ့နာမည်ပဲ၊ ဒါပေမယ့် တရုတ်ပြည်မြောက်ပိုင်းဟာ နယ်ချဲ့လက်အောက်ရောက်နေတော့ တိုင်းပြည်နိုင်ငံအရေးကို အဓိကထား ဦးစားပေးရမယ်၊ ကျမ်းကျိန်ဆိုတဲ့ စာလုံးနှစ်လုံးကို ပယ်ဖျက်လိုက်ပြီး ပြည်မကြီးသွေးသောက်လို့ ခေါ်ရင် မကောင်းဘူးလား"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

ရှောက်ချူးရွှေ လက်ခုပ်တီးလိုက်သည်။

"ကောင်းတယ်၊ အဲဒီနာမည် အကောင်းဆုံးပဲ"

အားပါးတရ မှတ်ချက်ချလိုက်ပြီမှ တစုံတခုကို တွေးမိသလို သက်ပြင်းတချက်ချလိုက်ကာ...

"တို့ဒီလို သွေးသောက်ဖွဲ့တာကို သိုင်းလောကသားတွေ ဘယ်လိုပြောကြမလဲ မသိဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သွေးသောက်ဖွဲ့ရသလား၊ အန္တရယ်ကို မသိဘူးလား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်မှန်းချက် ကြီးကြီးမားမား ရှိလို့လား၊ ကိုယ့်ကိုကိုယ် မာန်မာန ကြီးလှချည်လားလို့ ပြောကြမလားမသိဘူး၊ ဟား ... ဟား ... ဟား"

"ဘာပဲပြောပြော ကျုပ်တို့ကိစ္စက ကျုပ်တို့ကိစ္စပဲ၊ သူရဲကောင်းတွေ၊ ယောကျ်ားကောင်းတွေဆိုတာ မဟုတ်မမှန်တဲ့ သွားပုပ်လေလွင့်စကားကို ဘယ်တော့မှ မတုန်လှုပ် ဂရုမစိုက်ဘူး၊ ပြောချင်တာ ပြောကြပါစေ"

ထက်ဝင်းရွှဲက လေးလေးနက်နက် ပြောသည်။

ချူးနန်းကုကလည်း ...

"မာန်မာနကြီးတယ် ပြောတော့လဲ ဘာဖြစ်သလဲ၊ လုပ်ငန်းတခုလုပ်ရင် အောင်မြင်မှုမရှိသေးခင် အထင်လွဲတာတွေ၊ ပုတ်ခတ်စော်ကားတာတွေ မလွဲမသွေ တွေ့ရမယ့် ကိစ္စပဲ၊ မဆန်းပါဘူး"

ထန်ဖန်း ပန်းပွင့်ကလေးတပွင့် ပွင့်လာသည့်နှယ် လိုက်လိုက်လှဲလှဲပင် ပြုံးလိုက်သည်။

"ရှင်တို့က ကံကောင်းတဲ့လူတွေဆိုတော့ အန္တရာယ်လိုင်းတံပိုးတွေကို ကျော်ဖြတ်နိုင်ကြမှာပါ၊ တနေ့ကျရင် သိုင်းလောကရဲ ဦးစီးဦးဆောင်တွေတောင် ဖြစ်ချင်ဖြစ်လာကြမှာ၊ ရှင်တို့ရဲ့ အမှန်တရား အလံတော်ကြီး စိုက်ထူနိုင်ကြမှာပါ"

'ကဲ ... ပြောနေကြာတယ်။ ဒီဖန်ကျန်းမြစ်မှာပဲ တို့တတွေ သွေးသောက်ဖွဲ့ကြစို့"

ကျိုချူးချောက်လန်က နိုးဆော်သည်။

ရှောက်ချူးရွှေ မြင်းပေါ်မှ ခုန်ဆင်းသည်။

"ဒီအချိန်မှာ ယိဟန်နဲ့ ထန်လိုတို့ ရှိနေရင် သိပ်ကောင်းမှာပဲကွာ"

ရှောက်ချူးရွှေ စိတ်မထိန်းနိုင်ပဲ အလိုလိုပြောမိသော စကားကြောင့် လူအားလုံးမှာ သတိရ စိတ်မကောင်း ဖြစ်သွားကြသည်။

ထို့နောက် မြင်းပေါ်မှဆင်းကာ မြေကြီးကို ဆုပ်ကိုင်၍ ကျမ်းသစ္စာကျိန်ဆိုသည်။ သွေးဖောက်သောက်သည်။

ထန်ဖန်းသည် မိန်းကလေးတယောက် ဖြစ်သဖြင့် သွေးသောက်ညီအကိုထဲတွင် မပါဝင်သော်လည်း ပြည်မကြီးသွေးသောက် အဖွဲ့အစည်းတွင်ကား ပါဝင်ခဲ့သည်။

ကျမ်းသစ္စာဆိုခြင်း၊ သွေးသောက်ခြင်းတို့ ပြီးစီးသောအခါ ခရီးဆက်ကြပြန်သည်။

ရှောက်ချူးရွှေနှင့် ထန်ဖန်းတို့က နောက်တွင် ချန်နေရစ်သည်။

ရှောက်ချူးရွှေသည် ထန်ဖန်း၏ မျက်နှာလေးကို ဘေးတိုက်ကြည့်ရင်း ရင်ထဲတွင် နှစ်သိမ့်ကြည်နူးစွာ ခံစားနေရသည်။ ကမ်းဘေးတနေရာအရောက်တွင် သစ်ပင်အချို့ကို တွေ့ရ၏။ ဘာအပင်မှန်းတော့မသိ။

အရွက်ကစိမ်းစိုသလို မမှည့်သေးသော အသီးများကလည်း စိမ်းဖန့်ဖန့် အရောင်ရှိသည်။ မှည့်သောအသီးများကမူ နီဝါဝါအရောင်ရှိသည်။

ထိုသစ်ပင်များကို ကြည့်ပြီး ရှောက်ချူးရွှေ စိတ်ထဲ အမျိုးအမည်မသိသော ခံစားချက်တခု ခံစားလာရသည်။

အနီးအနားသို့ ရောက်ရှိသွားပြီး မှည့်နေသည့် သစ်သီးတွဲတတွဲကို ခူးဆွတ်လိုက်သည်။

ထို့နောက် ထန်ဖန်းဆီသို့ ပြန်လျှောက်လာပြီး ထန်ဖန်း၏ လက်ဖြူဖြူသွယ်သွယ်ကလေးကို လှမ်းကိုင်လိုက်သည်။

"ရော့ ... ဒီသစ်သီးကလေးတွေ ယူထားနော်"

ထန်ဖန်းလက်ထဲသို့ သစ်သီးတွဲ ထည့်ပေးသည်။

ထန်ဖန်း မျက်လွှာချကာ ခေါင်းငုံ့နေသည်။

ပါးပြင်ထက်တွင် ပန်းနုရောင် ရှက်သွေးကလေးသမ်းနေ၏။

ဘာမျှ အဖိုးမတန်သော သစ်သီးတွဲများ ဖြစ်သော်လည်း ထန်ဖန်း၏ ရင်ထဲတွင် အလိုလို သိရှိနေသည်။

ထိုသစ်သီးမှာ ရောက်ချူးရွှေ၏ အချစ်များပေလား။

ရောက်ချူးရွှေ၏ နှလုံးသားများပေလား။

ရင်ထဲတွင်တော့ အချင်းချင်း သိနေနိုင်ကြလိမ့်မည် ဖြစ်ပေသည်။

အူကျန်းမြစ်သည် ကွေ့ကျိုးနယ် ယန်လင်မြို့ အနောက်ဘက် နတ်ရစ်ပါးပင်လယ်မှ မြစ်ဖျားခံ၍ အရှေ့မြောက်အရပ် စုံ့ချွမ်းနယ်ထဲသို့ စီးဝင်သည်။

အူကျန်းမြစ်၏ ကမ်းနှစ်ဘက်စီတွင် တောင်တန်းများက အပြိုင်သွယ်တန်းနေကြသည်။

ကွေ့ကျိုးနယ်တွင် အမည်ကျော်ကြားသော တတိုက်၊ တကျောင်း၊ တမြစ်၊ တဂူထဲတွင် ပါဝင်၏။

တတိုက်မှာ ကျရှုတိုက်ဖြစ်ပြီး တကျောင်းမှာ ဟန်ဖိုဘုရာကျောင်းဖြစ်သည်။

တဂူသည် နတ်သိကြားဂူဖြစ်ပြီး တမြစ်မှာမူ အူကျန်းမြစ်ကို ဆိုလိုခြင်း ဖြစ်ပေသည်။

ရောက်ချူးရွှေတို့သည် ကွမ်စီးနယ်သို့ရောက်လိုလျှင် အူကျန်းမြစ်အား ဖြတ်ကျော်ရပေမည်။

ဤအပိုင်းသည် အခဲယဉ်းဆုံးသော ခရီးစဉ်တခုပင် ဖြစ်ပေသည်။

အူကျန်းမြစ်ရေက မကျယ်ဝန်း မနက်ရှိုင်းသော်လည်း နယ်စပ်ဖြစ်သဖြင့် တိုက်ပွဲများစွာ ကြုံတွေ့ဖြစ်ပေါ်ဖူးသော နေရာလည်း ဖြစ်ပေသည်။

ရောက်ချူးရွှေတို့ ငါးယောက်မှာ မြစ်၏ အတိမ်ပိုင်းဘက်မှ ကူးဖြတ်လာကြသည်။

မြစ်လယ်သို့ရောက်လျှင် တဖက်ကမ်း မျက်နှာချင်းဆိုင်မှ မြင်းခုနှစ်ကောင် ပြေးဆင်းလာကြသည်ကို တွေ့လိုက်ရလျှင်…

ထက်ဝင်းရွှဲ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

မြင်းများက ကြီးမားထွားကျိုင်းသော မြင်းကောင်းမြင်းသန်းများချည်း ဖြစ်သည်။

မြင်းခြောက်ကောင်က ရှေ့မှ ပြေးကာ တကောင်က နောက်မှ လိုက်သည်။

မြင်းခြောက်ကောင်ပေါ်မှ လူခြောက်ယောက်တို့သည် မတူညီသော လက်နက်များ ကိုင်ဆောင်ထားကြသည်။

လှံရှည်၊ ကြိုးပျံ၊ ကြေးလှံ၊ ကျာပွတ်၊ သံကွင်းဆက်ကြိုး၊ သားရေမြင်းနှီးကုန်း၊ ထိုလက်နက်များကို အဆက်မပြတ်ပင် ဝှေ့ယမ်းလာကြသည်။

သူတို့နောက်ဘက်တွင်မူ ပို၍ ကြီးမားထွားကျိုင်းသော မြင်းကြီးတကောင် ပါလာပြီး ထိုမြင်းကြီးပေါ်တွင် လူကြီးတယောက်က လိုက်ပါလာသည်။

ထိုလူမှာ အရပ်ရှည်လွန်းလှသဖြင့် ထိုင်လျက်ပါလာသည်ကိုပင် မတ်တတ်ရပ်လျက် စီးနင်းလိုက်လာသည့်နှယ် ထင်မှတ်ရပေသည်။

ထိုသူ၏ လက်ထဲတွင် ကျာပွတ်တချောင်း ကိုင်ထားသည်။

ကျာပွတ်၏ ရှေ့ပိုင်းမှာ သံချိန်းကြိုးဖြစ်ပြီး လက်ကောက်ဝတ်တွင် ချည်နှောင်ထားသည်။

အလယ်ပိုင်းက ကြိုးရှည်ဖြစ်ကာ ကွင်းအရှင်များ တပ်ဆင်ထားသည်။

နောက်ဆုံးပိုင်းကား သားရေကျာပွတ် ဖြစ်ပေသည်။

ထိုသူများကို မြင်တွေ့လိုက်ရလျှင် ချူးနန်းကုက မြင်းကို ဇက်သတ်ရပ်လိုက်ပြီး ရောက်ချူးရွှေအား ရှင်းပြသည်။

“ရှေ့ဘက်က သံမဏိမြင်းစီးငရဲတရားသူကြီး ခြောက်ယောက်ပဲ၊ နောက်ကတော့ သံမဏိမြင်းစီးနတ်ဆိုး ယန်ကွေကွေပဲ၊ ကျုပ်တို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ”

“အူကျန်းမြစ်ဟာ ဖြတ်ကျော်ဖို့ မလွယ်ဘူး”

ကျိုချူးချောက်လန်က ပြောသည်။

ထက်ဝင်းရွှဲက မကျေမနပ်ဖြင့် …

“ဘာလို့ မလွယ်ရမှာလဲ၊ ရအောင် ထိုးဖောက်ထွက်ရမှာပဲ”

တယောက်တပေါက် ပြောနေကြသော်လည်း အားလုံးမှာ ရောက်ချူးရွှေ၏ အဆုံးအဖြတ်ကိုသာ စောင့်လင့်နားစွင့်နေကြသည်။

ရောက်ချူးရွှေက လေးလေးနက်နက်ပင် ခေါင်းညိတ်လိုက်ကာ …

“ဟုတ်တယ်၊ မရ ရအောင် ထိုးဖောက်ထွက်ရမှာပဲ၊ ဒါပေမယ့် အကြံဉာဏ်သုံးပြီး စနစ်တကျ ထိုးဖောက်ထွက်ရလိမ့်မယ်”

"ရှင်တို့နှစ်ယောက်က သူတို့နဲ့ ရင်ဆိုင်တိုက်ခိုက်ဖူးတယ်၊ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ပြောပြစမ်းပါဦး"

ထန်ဖန်းက ထက်ဝင်းရွှဲနှင့် ချူးနန်းကုကို မေးသည်။

ချူးနန်းကုက အနည်းငယ် စဉ်းစားဟန်ပြုပြီးမှ...

"ငရဲတရားသူကြီးခြောက်ယောက်နဲ့ တိုက်တာ အနိုင်မရပေမယ့် အရှုံးတော့မပေါ်ဘူး"

"ဒါဆို နှစ်ယောက်နဲ့ ခြောက်ယောက်တိုက်တာ လက်ရည်တူရှိတာပေါ့"

"ဟုတ်တယ်၊ ဒါပေမယ့် ယန်ကွေကွေ ရောက်လာတော့ ခုခံဖို့တောင် မလွယ်တော့ဘူး၊ တို့ကနှစ်ယောက်၊ သူက တယောက်တည်းကို ဆယ်ပုံတပုံတောင် မယှဉ်နိုင်ဘူး"

ထက်ဝင်းရွှဲမှာ ဆင်ခြင်ဉာဏ်နည်းသူ ဖြစ်သည်မို့ စိတ်မြန်လက်မြန်ပင် ...

"ဘာကြောက်စရာ ရှိသလဲ၊ သူတို့နဲ့ ရင်ဆိုင်ပြီး သူသေကိုယ်သေ တိုက်ကြရုံပေါ့"

တဖက်ရန်သူများက တဖြည်းဖြည်း နီးကပ်လာကြသည်။

ရောက်ချူးရွှေ တွေးတွေးဆဆဖြင့် ...

"ကြောက်စရာတော့ မရှိပါဘူး၊ ဒါပေမယ့် မလိုအပ်ပဲ တို့အထဲက တယောက်မှ မိုက်မိုက်ကန်းကန်း အသေမခံနိုင်ဘူး၊ တို့ညီအကိုတတွေ သွေးသောက်ဖွဲ့ထားတာ ကိုယ်ကျိုးအတွက် လုပ်ဖို့မဟုတ်ဘူး၊ သိုင်းလောကကြီးတခုလုံး အကျိုးပြုဖို့ ဖွဲ့စည်းထားကြတာ၊ ဘယ်အရာမဆို တဇောက်ကန်း လုပ်လို့ မရဘူး"

ရောက်ချူးရွှေ၏ ပြတ်သားလေးနက်လှသော စကားကြောင့် ထက်ဝင်းရွှဲ ခေါင်းငိုက်စိုက်ကျသွားသည်။

ထန်ဖန်းက သူ့စိတ်ထဲရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ပြော၏။

"ဒါဆို ရှင်တို့လေးယောက်က ငရဲတရားသူကြီး ခြောက်ယောက်ကိုတိုက်၊ ကျမက ယန်ကွေကွေကို ရင်ဆိုင်မယ်"

ကျိုချူးချောက်လန် မျက်မှောင်ကြုတ်သွားသည်။

"ဘယ်ဖြစ်မလဲ၊ မင်းရဲ့ လက်နက်ပုန်းပညာက တို့ထက် တဝါလောက်သာပေမယ့် ယန်ကွေကွေကို တယောက်တည်း တိုက်ခိုက်ဖို့ဆိုတာ ဘယ်လိုမှ မလုံလောက်နိုင်ဘူး၊ သိပ်စွန့်စားလွန်းရာ ကျနေတယ်"

"ဒီနည်းက ရန်သူကို မထင်မှတ်ဘဲ တယောက်စီဖြိုခွင်းတဲ့ နည်းဗျူဟာပဲ၊ ရန်သူရဲ့ သေးငယ်တဲ့ အင်အားကို ပထမဦးဆုံး ကိုယ့်ဘက်က အင်အားကြီးကြီးမားမားနဲ့ တိုက်ခိုက်ရမယ်၊ အနိုင်ယူပြီးတဲ့ အခါကျမှ အဓိကျတဲ့ရန်သူကြီးကို စုပေါင်းပြီး အလုံးအရင်းနဲ့ ဖြိုခွင်းရမယ်"

ရောက်ချူးရွှေ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ငါနားလည်ပြီ၊ ထန်မျိုးဆက်မိသားစုရဲ့ သေနင်္ဂဗျူဟာ စစ်ပညာ ကျွမ်းကျင်တယ် ဆိုတဲ့ ဂုဏ်သတင်းကို မင်းနဲ့တွေ့မှ ငါအပြည့်အဝ ယုံသွားပြီ"

ထန်ဖန်း ရှက်စနိုး ခေါင်းငုံ့လိုက်သည်။

မိမိသံယောဇဉ် ဖြစ်ရသူတဦးက မိမိ၏ ဂုဏ်သိက္ခာကို ထုတ်ဖော်ချီးကျူးခြင်း ခံရသည့်အတွက် ရင်ထဲတွင်မူ ကျေနပ်ပီတိ ဖြစ်သွားမိသည်။

ရောက်ချူးရွှေက အားလုံးကို ဝေ့ကြည့်လိုက်ပြီး ...

"ငါအစီအစဉ်ချမယ်၊ ထန်ဖန်းတယောက်တည်း ယန်ကွေကွေကို စွန့်စားပြီး ခဏအချိန်ဆွဲ တိုက်ခိုက်ထားခိုင်းမယ်၊ တို့က ငရဲတရားသူကြီးခြောက်ယောက်ကို အမြန်ဆုံး ချေမှုန်းပြီး ထန်ဖန်းကို အကူအညီပေးရမယ်၊ ဒီနည်းလမ်းက ကောင်းကျိုးဖြစ်နိုင်သလို ထန်ဖန်းအတွက် ဆိုးကျိုးလဲ ဖြစ်နိုင်တယ်၊ ဒါပေမယ့် ဒီနည်းဟာ အကောင်းဆုံးပဲ၊ မလိုလားအပ်တဲ့ သေဆုံးမှုလဲ ကင်းလွတ်ပြီး ထူးထူးခြားခြား အောင်မြင်နိုင်မယ်၊ အထူးသတိထားရမှာက စွန့်စားတိုက်ခိုက်ရမှာ ဖြစ်ပေမယ့် စိတ်လိုက်မာန်ပါ မိုက်ရူးရဲ မလုပ်ရဘူး"

"ကျုပ်တို့ကလေးယောက် တဖက်ကခြောက်ယောက်ဆိုတော့ ကျုပ်တို့ဘက်က လူနှစ်ယောက်က တယောက်နဲ့ နှစ်ယောက် တိုက်ခိုက်ကြရလိမ့်မယ်"

ထက်ဝင်းရွှဲက အခြေအနေကို တင်ပြသည်။

ရောက်ချူးရွှေက အလျင်အမြန်ပင် ...

"ငါနဲ့ ချူးနန်းကုတို့က ရန်သူနှစ်ယောက်စီကို တိုက်မယ်၊ မင်းနဲ့ ကျိုချူးက ရန်သူကို အမြန်ဆုံး ချေမှုန်းပြီး ထန်ဖန်းကို ချက်ချင်းသွားကူညီ"

"ကောင်းပြီ၊ ဒီအတိုင်းပဲ လုပ်ကြစို့"

ထိုအချိန်မှာပင် တဖက်ရန်သူများက ဆယ်ပေကျော်ကျော် အကွာအဝေးသို့ ရောက်လာခဲ့သည်။

"တက် ..."

ရှောက်ချူးရှွေ အော်ဟစ်အမိန့်ပေးလိုက်လျှင် မြင်းငါးစီးမှာ မာန်သွင်းအော်ဟစ်လျက် ရှေ့သို့ ထိုးဖောက်တက်သွားကြတော့သည်။

ငရဲတရားသူကြီးခြောက်ယောက် အရှိန်အဟုန်ပြင်းစွာ တက်လာစဉ် ရှောက်ချူးရှွေတို့ မြင်းငါးစီး ငြိမ်ရပ်နေကြသည့်အတွက် မိမိတို့ကို ထိတ်လန့်ကြောက်ရွံ့နေသည်ဟု ထင်မှတ်လိုက်ကြ၏။ ရန်သူကို အထင်သေးနေစဉ် ရှောက်ချူးရှွေတို့ငါးယောက် လုပ်ရှားလာကြသောအခါ သူတို့သည်ပင် ပြန်၍ စိတ်ချောက်ချားသွားမိကြသည်။

သူတို့သည်လည်း ကြိုတင်၍ အကြံအစည် ရှိထားခဲ့ကြသည်။

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ ယခင်က တိုက်ခိုက်ဖူးသဖြင့် အစွမ်းအစ ထက်မြက်ကြောင်း သိထားကြသည်။

ကျိုချူးချောက်လန်၊ ထန်ဖန်းနှင့် ရှောက်ချူးရှွေတို့ကိုမူ ဂရုမျှပင် မစိုက်ပေ။

ထို့ကြောင့် ငရဲတရားသူကြီးခြောက်ယောက်က ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ကို အချိန်ဆွဲ၍ ယန်ကွေကွေက ကျန်လူသုံးယောက်ကို တိုက်ခိုက်ရှင်းလင်းပစ်မည်။ နောက်ပိုင်းတွင်မှ အတူပူးတွဲကာ ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့အား တိုက်ခိုက်ကြမည် ဖြစ်သည်။

နှစ်ဖက်စလုံးက သူ့အကြံနှင့်သူ။

မြင်းများက ရေလယ်တွင် ဆုံမိကြလေပြီ။

ထက်ဝင်းရွှဲသည် မြားတစင်းကဲ့သို့ ထိုးဖောက်တက်သွားသည်။

သူရွေးချယ်ထားသည့် လူအနီးသို့ရောက်လျှင် မြင်းပေါ်မှ ခုန်ပျံထွက်ကာ ထိုသူအား ဝင်ပူးရန် ကြိုးစားသည်။

သူ့ရန်သူမှာ ရိုက်ကျာပွတ်လက်နက် ကိုင်ဆောင်သူဖြစ်၏။

ရိပ်ခနဲ ခုန်ဝင်လာသည့် ထက်ဝင်းရွှဲအား ကျာပွတ်ဖြင့် တချက်လွှဲရိုက်သည်။

"ရွှမ်း .."

ရိုက်ချက်ကပြင်းသည်။

ကျောက်တုံးများပင် ကွဲအက်သွားစေနိုင်လောက်သည်။

သူ့ဘွဲ့အမည်ကပင် ကျာပွတ်တချက် ကျောက်တုံးအက် တရားသူကြီး ဝဲ့ဟူဖြစ်၏။

ထက်ဝင်းရွှဲ ကျာပွတ်ရိုက်ချက်ကိုမရှောင်၊ ကျောကုန်းဖြင့် တင်းခံပေးသည်။

ပြီးနောက် နာကျင်စွာ အော်ဟစ်ကာ တရားသူကြီးဝဲ့၏ မြင်းပေါ်သို့ ခုန်တက်သွားတော့သည်။

မြင်းပေါ်ရောက်သည်နှင့် တရားသူကြီးဝဲ့၏ လည်ပင်းကို လိမ်ချိုးပစ်လိုက်သည်။

ထို့နောက် သူ့မြင်းပေါ်သို့ သူခုန်တက်လိုက်သည်။ ဒီတော့မှ အသက်ပျောက်ဆုံးနေပြီဖြစ်သော တရားသူကြီးဝဲ့၏ ကိုယ်ခန္ဓာ မြင်းပေါ်မှ ရေထဲသို့ ဝုန်းခနဲ ထိုးကျသွား၏။

ထက်ဝင်းရွှဲ ကျောပြင်တွင်လည်း ကျာပွတ်ရိုက်ချက် အစင်းရာကြီး ထင်းခနဲ ပေါ်သွား၏။ သို့သော် ရန်သူ၏တိုက်ခိုက်မှုကို အမာခံလေ့ကျင့်ထားသည်ဖြစ်ရာ ဂရုမစိုက်။ သူ့တာဝန်ကျေပွန်ပြီ ဖြစ်သည့်အတွက် ထန်ဖန်းအား ကူညီရန် မြင်းကို ဝိုင်းလိုက်တော့သည်။

ထက်ဝင်းရွှဲ ပြေးထွက်သွားသလိုပင် မျက်နှာချင်းဆိုင်မှ မြင်းတစီးကလည်း အခြားမြင်းခြောက်စီး၏ ခေါင်းပေါ်မှ ကျော်ဖြတ်ကာ ဦးဆောင်သူအဖြစ် ရောက်ရှိလာခဲ့သည်။

နောက်ဘက်မှ ဖြေးညှင်းစွာ လိုက်လာခဲ့သော ယန်ကွေကွေ၏မြင်း ဖြစ်သည်။

ထိုမြင်း လေပြင်ထဲတွင် ခုန်ပျံနေစဉ် ထန်ဖန်းက လက်တဖက်မြှောက်ကာ ရွှေမြားလက်နက်ပုန်းသုံးခု ပစ်လွှတ်လိုက်သည်။

ယန်ကွေကွေကလည်း နုယ်နုယ်ရရ မဟုတ်ပေ။

ကျာပွတ်သုံးချက်ကို အလိုက်သင့် ဝှေ့ယမ်းလိုက်ရုံနှင့် ရွှေမြားလက်နက်ပုန်းသုံးခုမှာ ချက်ချင်းပင် ကြေမွလွင့်စဉ်သွား၏။ လက်နက်ပုန်းကို ကျာပွတ်ဖြင့် ရိုက်ဖမ်းစဉ်၊ မြင်းအောက်သို့ ပြန်ပြုတ်ကျဟန်၊ ရေပွားများ လွင့်စဉ်ထွက်သွားဟန်တို့က လျှပ်တပြက်အတွင်း ဖြစ်ပေါ်ခဲ့ပြီး ကြည့်၍အလွန် ကောင်းလှသည်။

ထန်ဖန်းသည် တဆက်တည်းပင် ငွေလုံးနှစ်လုံး ထပ်မံပစ်လွှတ်လိုက်ပြန်သည်။

ယန်ကွေကွေမှာ အောက်သို့ ပြန်ကျစဉ် ရေမှုန်ရေစက်များက သူ့အမြင်အာရုံကို ဖုံးကွယ်ထားသလို ရေပြင်ထဲကျသည့်ခွာသံကလည်း လက်နက်ပုန်းလေတိုးသံကို ကာကွယ်ပေးထားသဖြင့် သတိမထားနိုင်။

သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။

ရန်သူကို အထင်သေးပြီး လေထဲတွင် မြင်းစီးခုန်လွှားခဲ့သည့် အမှားကို နောင်တရမိသည်။

တဘက်မိန်းကလေး၏ လက်နက်ပုန်းပစ်ပညာကိုမူ ဤမျှ မြန်ဆန်ထက်မြက်လိမ့်မည်ဟု မထင်မှတ်ခဲ့သည့် အမှားကိုလည်း နောင်တရမိသည်။

ငွေလုံးနှစ်လုံးအနက် တလုံးက မြင်းကိုယ်ထည်ကို ထိမှန်၍ ကျန်တလုံးမှာ ယန်ကွေကွေ၏ ရင်ဘတ်ကို ထိမှန်ပြီး ငွေလုံးနှစ်ခုစလုံး ပြန်ကန်ထွက်လာသည်။

ယန်ကွေကွေ တချက်တုန်ခါသွားပြီး မြင်းနက်ကြီးကလည်း ဟီသံရှည်ကြီး တချက်ကိုသာ ပြုကာ ဘာမျှ အနာတရ ကြီးကြီးမားမား မဖြစ်လိုက်။

ထန်ဖန်း အံ့အားသင့်သွားသည်။

ယန်ကွေကွေ၏ ခန္ဓာကိုယ်နှင့် မြင်းကြီး၏ ခံနိုင်ရည်စွမ်းအားတို့က ထက်မြက်နေသည် မဟုတ်ပါလား။

ထန်ဖန်းသည် ချက်ချင်းပင် ဘယ်လက်တွင် ဓားပျံငါးစင်း ညာလက်တွင် အဆိပ်သဲမှုန့် လက်တဆုပ်ကို ဆုပ်ယူလိုက်၏။

သို့သော် သူ့အတွက် ပစ်လွှတ်ရန် အခွင့်အရေးမရတော့။

"ဖြန်း ... ဖြန်း ... ဖြန်း"

ယန်ကွေကွေက ရေမျက်နှာပြင်ပေါ်သို့ ကျာပွတ်ဖြင့် ဆယ်ချက်ဆယ့်ငါးချက်ခန့် ရိုက်ချလိုက်သည်။

ရေစက်ရေမှုန်များက ထန်ဖန်းမျက်နှာဆီသို့ တန်းဝင်လာသည်။

အမြင်အာရုံ မရှင်းလင်းတော့။

ရေမှုန်များကို ဖယ်ရှားဟန်ပြင်စဉ် ယန်ကွေကွေက မြင်းဖြင့် အတင်းတိုးဝင်လာသည်။

သူ့လက်ထဲတွင်ကား စစ်သုံးဓားရှည်ကြီးတလက် ကိုင်ဆောင်ထားသည်။

ဓားရှည်၏ အလေးချိန်မှာ ပေါင်ငါးဆယ်ကျော်လေးပြီး ကြီးမားလှသည်။

ထိုဓားရှည်ဖြင့် ထန်ဖန်းခေါင်းပေါ်သို့ စီးမိုးခုတ်ချလာ၏။

ထန်ဖန်းအတွက် လက်နက်ပုန်းပစ်ရန် နောက်ကျသွားခဲ့လေပြီ။

ဓားရှည်ကြီးက သူနှင့် မြင်းကြီးကို နှစ်ပိုင်းစီ ခုတ်ဖြတ်တော့မည်။

ကျိုချူးချောက်လန်သည် ကြိုးရှည်ကိုင်ဆောင်သည့် ရန်သူနှင့် ရင်ဆိုင်နေရသည်။

ရန်သူက လက်ဦးမှုယူကာ ခြောက်ပေခုနစ်ပေခန့် အကွာကတည်းကပင် ကြိုးရှည်ကို ဝှေ့ယမ်းပစ်လွှတ်သည်။

ရုတ်တရက် ကြည့်မည်ဆိုလျှင် ထိုကြိုးရှည်အား ရှောင်တိမ်းရန် လွယ်ကူပေမည်။

သို့သော် ကြိုးရှည်က လေထဲဝဲလွင့်နေစဉ်မှာပင် ကွင်းသုံးကွင်းအဖြစ် ပြောင်းလဲလာသည်။

မည်သို့ပင် ရှောင်တိမ်းရှောင်တိမ်း ကြိုးကွင်းတကွင်းတွင် အစွပ်ခံရပေမည်။

အစွပ်ခံရသည်နှင့် တင်းကျပ်စွာ ဆောင့်ဆွဲခံရမည်။

ပြီးလျှင် ကိုယ့်ကိုကိုယ် ဆွဲကြိုးချသေသလို အသက်ပျောက်သွားရပေမည်။

ကြိုးရှည်ကိုင်ဆောင်သူက ကြိုးဆွဲချတရားသူကြီးစု ဖြစ်ပေသည်။

သူသည် သာမာန်လူကိုးယောက်ကို ကြိုးတချောင်းနှင့် တပြိုင်တည်း ညှစ်သတ်နိုင်စွမ်းရှိသူ ဖြစ်ပေသည်။

ကျိုချူးချောက်လန်မှာ သာမာန်လူတယောက်မဟုတ်။

တန်းဝင်လာသော ကြိုးကွင်းသုံးခုစလုံးကို အစွပ်ခံလိုက်၏။

ကြိုးကွင်းမတင်းကျပ်ခင် မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် ကြိုးကွင်းအထုံးများကို ဖြေသည်။

ကြိုးစကို လက်ဝါး၊ လက်မောင်း၊ ခါးကြားတို့တွင် ရစ်ပတ်သည်။

လူကလည်း ကြိုးစအတိုင်း လိုက်ပါလှုပ်ရှားသည်။

တမုဟုတ်ချင်းပင် သူ့ခန္ဓာကိုယ်က တရားသူကြီးစု၏ မြင်းပေါ်သို့ ရောက်သွားသည်။

တရားသူကြီးစု မျက်လုံးပြူးသွားသည်။

သူ့လက်ထဲတွင် ကြိုးအရှည်က တပေပင် မပြည့်တော့။

သူ့စိတ်မတည်ငြိမ်ခင်မှာပင် ကျိုချူးချောက်လန်၏ လက်တဘက်က သူ့လည်ပင်းအား ဖျစ်ညှစ်ထားပြီး ဖြစ်နေသည်။

"သိုင်းလောကရဲ့ နံပါတ်တစ် ဖမ်းချုပ်လက် သိုင်းဆရာဟာ တပည့်ကို အရင်ဆုံး ကြိုးထုံးဖြေနည်း တနှစ်ကြာ သင်ကြားပေးတယ်၊ သိမ်းငှက်လက်သည်းဘုရင်ရဲ့ ပထမဆုံး သင်ခန်းစာက လက်နက်မဲ့ ကြိုးဖြတ်တာကို သင်ပေးတယ်၊ ငါသူတို့ရဲ့ တပည့်အရင်းပဲ"

စကားဆုံးလျှင်ဆုံးချင်း တရားသူကြီးစုက သိုင်းပညာ မကျွမ်းကျင်သူကို ကြိုးဖြင့် ညှစ်သတ်သလို သူ့လည်ပင်းကိုလည်း ကျိုချူးချောက်လန်က လက်တဘက်ဖြင့် ညှစ်သတ်လိုက်တော့သည်။

ယန်ကွေကွေ၏ဓားရှည်က ထန်ဖန်းကို ခုတ်မိတော့မည်။ သူ့ဓားချက်က ကျောက်တုံးကျောက်ခဲကိုပင် ကွဲအက်သွားစေနိုင်လောက်သည်။ ခုခံနိုင်သူဟူ၍ သူ့သက်တမ်းတလျှောက်တွင် မကြုံဖူးသေး။

ထန်ဖန်း မလွဲမသွေ ဓားချက်သင့်ကာ သေရပေတော့မည်။

သို့သော် ထန်ဖန်း၏ ဦးခေါင်းနှင့် ယန်ကွေကွေ၏ဓား ထိမိရန် တထွာခန့်အကွာမှာပင် လူရိပ်တရိပ်က လှစ်ခနဲ ဝင်ရောက်လာသည်။

ချက်ချင်းပင် ဓားရွက်ကို လက်နှစ်ဘက်ဖြင့် ဖမ်းချုပ်လိုက်၏။

ခုတ်ချ၍ မရတော့။

မိမိ၏ ဓားချက်ကိုပင် လက်နှင့် ဖမ်းဆုပ်နိုင်သဖြင့် ယန်ကွေကွေ ဒေါသထွက်သွားသည်။

အားထုတ်ကာ အတင်းဖိချသည်။

မရ။

သူ့စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

ဆက်လက်၍ တင်းခံနေလျှင် အခြေအနေကောင်းမည် မဟုတ်။

ထန်ဖန်းက အနားတွင် ရှိနေသေးသည်။

သူ့အသက်ရွှေ လက်နက်ပုန်းက နေမည်မဟုတ်။

ပစ်လွှတ်လာလျှင် မရှောင်သာ။

သူစဉ်းစားမိသကဲ့သို့ပင် ထန်ဖန်းကလည်း လက်နက်ပုန်းကို ပစ်လွှတ်သည်။

ယန်ကွေကွေရှေ့တွင် လူတယောက် ကာဆီးနေသောကြောင့် အဆိပ်သဲမှုန့်နှင့် ဓားပျံတို့ကို မပစ်လွှတ်နိုင်။

ကုက္ကိုလ်ရွက်ဓားကိုသာ ပစ်လွှတ်လိုက်ရသည်။

ယန်ကွေကွေ အလောတကြီးပင် နောက်ကိုဆုတ်သည်။

သူ့ဓားကို ဆုပ်ကိုင်ထားသူ၏ လက်ထဲတွင် လွှတ်ထားခဲ့ရ၏။

ကုက္ကိုလ်ရွက်ဓားလည်း သူ့နောက်သို့ လျင်မြန်စွာ လိုက်၏။

ယန်ကွေကွေက အမြန်ဆုတ်သည်။

အနည်းငယ် ကွာလှမ်းတော့မှ ကျာပွတ်ဖြင့်ရိုက်ကာ ကုက္ကိုလ်ရွက်ဓားနှစ်စင်းကို ဖယ်ရှားပစ်လိုက်သည်။

"ရှမ်း...ရှမ်း"

လက်နက်ပုန်းရန် အေးတော့မှ သူ့ဓားကို လာရောက်ဖမ်းဆုပ်ခဲ့သူအား လှမ်းကြည့်သည်။

အသားညိုညို ကိုယ်ခန္ဓာတောင့်တောင့်တင်းတင်း ပါးစပ်ပြဲပြဲ လူတယောက်။

သူ၏ စစ်သုံးဓားရှည်ကြီးကို သွေးယိုစီးကျသောလက်ဖြင့် ဆုပ်ကိုင်ထားနေသည့် သူ့မျက်နှာက ပြုံးဖြဲဖြဲ။

ဘာမျှ မခံစားရသည့်အသွင်။

ထိုလူငယ်ကား ထက်ဝင်းရွှဲ့ပင်တည်း။

ထက်ဝင်းရွှဲ့အား ထန်ဖန်းအတွက် ပထမဦးဆုံး အကူအညီ ပေးရမည့်သူဖြစ်ကြောင်း ရောက်ချူးရွှေ အရွေးအချယ် မှန်ကန်သွားသည်။

ကိုယ့်တာဝန်ကို ကိုယ်ကျေအောင် ထမ်းဆောင်ပြီး ထန်ဖန်းအား ပထမဦးဆုံး အကူအညီပေးနိုင်သူမှာ ထက်ဝင်းရွှဲ့ ဖြစ်နေသည် မဟုတ်ပါလား။

# အခန်း (၁၀)

ရောက်ချူးရွှေမှာ မြင်းစီးသမားရန်သူနှစ်ယောက်ကို ဓားတလက်တည်းဖြင့် ခုခံရင်ဆိုင်နေရသည်။

ရန်သူတယောက်က လှံရှည်ကို ကိုင်ဆောင်လျှက် ကျန်ရန်သူတယောက်က မြင်းကုန်းနှီးလက်နက်ကို ကိုင်ဆောင်သည်။

လက်နက်ရှည်နှင့် လက်နက်တို။

ရောက်ချူးရွှေမှာ ထိုရန်သူနှစ်ယောက်နှင့် တိုက်ကွက်ငါးကွက် တိုက်ခိုက်ခဲ့ပြီးသော်လည်း အရှုံးအနိုင် မပေါ်သေး။

လှံသမား၏ တိုက်ကွက်များကို ဝဲကာပျံကာ၊ ဝှေ့ကာဝိုက်ကာ၊ တိမ်းကာငဲ့ကာဖြင့် ခုခံဖယ်ရှားခဲ့ရသည်။

လှံသမားမှာ လှံတချက်အသက်ခြွေ တရားသူကြီး ရှမ့်ဟူ၏။

တရားသူကြီးရှမ့်မှာ သူ့တိုက်ကွက်အတွင်း တဖက်ရန်သူမသေသေးသဖြင့် ဒေါကြောင်တုန်လှုပ်သွားသည်။

ရောက်ချူးရွှေကား လှံတချက်အသက်ခြွေ တရားသူကြီးရှမ့်ကို မစိုးရိမ်၊ ဂရုမစိုက်။

မြင်းကုန်းနှီးကိုင်သူကိုသာ သတိထားနေရသည်။

ထိုသူသည် မြင်းကုန်းနှီးကို ဒိုင်းအဖြစ်အသုံးပြုသလို လက်နက်အဖြစ်လည်း အသုံးပြုနိုင်သည်။

လက်နက်၏ သဘောတရားတွင် လက်နက်တိုလေ အန္တရာယ်ကြီးလေ ကြောက်စရာကောင်းလေ ဖြစ်သည်။

သိုင်းပညာ နက်ရှိုင်းစွာ တတ်ကျွမ်းသူ မဟုတ်လျှင် လက်နက်တိုကို မကိုင်ဆောင်ဝံ့ကြ။

လက်နက်ရှည်ကိုသာ ကိုင်ဆောင်အသုံးပြုတတ်ကြသည်။

အထူးသဖြင့် ငရဲတရားသူကြီးခြောက်ယောက်ထဲတွင် သူတယောက်သာ လက်နက်တိုသုံးပြီး အနီးကပ်တိုက်ခိုက်မှုကို အဓိကထားလေသည်။

တလျှောက်လုံး လက်ထွက်လုပ်ရှားခြင်း မရှိသေးသော်လည်း ဘေးနားမှနေ၍ ရောက်ချူးရွှေ၏ ဆုတ်ကွက်များကို ပိတ်ဆို့ခဲ့တတ်ပေရာ ရောက်ချူးရွှေ အတော်ပင် ထိတ်လန့်ခဲ့သည်။

ထိုသူအနီးသို့ ကပ်လာလျှင် မလွဲမသွေ အန္တရာယ်ကြီးကြီးနှင့် ရင်ဆိုင်ရပေမည်။

အကပ်မခံဘဲ အဝေးမှ တိုက်လျှင်လည်း တရားသူကြီးရှမ့်၏ လက်နက်ရှည်လှံတံက ရှိပေသေးသည်။

တယောက်က လက်နက်ရှည်၊ တယောက်က လက်နက်တို၊ အံဝင်ခွင်ကျ ပေါင်းစပ်တိုက်ခိုက်လိုက်သောအခါ ရောက်ချူးရွှေမှာ အတော်ကလေး ကိုးရိုးကားယား ဖြစ်နေရပေသည်။

မြင်းကုန်းနီးလက်နက်ကိုင်ဆောင်သူမှာ တချက်ရိုက်မြင်းပေါ်မှကျ တရားသူကြီးအန်း ဖြစ်ပေသည်။

ရောက်ချူးရွှေမှာ ထိုသူနှစ်ယောက်နှင့် ရင်ဆိုင်တိုက်ခိုက်ဖူးခြင်း မရှိသဖြင့် အဝေးမှတိုက်လျှင် တရားသူကြီးရှမ့်၏ ထိန်းချုပ်ခြင်းကို ခံရပြီး အနီးကပ်တိုက်ခိုက်လျှင် တရားသူကြီးအန်း၏ ထိန်းချုပ်ခြင်းကို ခံနေရပေသည်။

မရှုံးနိမ့်သော်လည်း ထိုနှစ်ယောက်ကို အနိုင်မတိုက်ခိုက်နိုင်သေး။

ထိုအချိန်မှာပင် ကျိုချူးချောက်လန် ရောက်လာခဲ့သည်။

သူ့ဦးတည်ရာက ထန်ဖန်းဆီသို့။ ရောက်ချူးရွှေကို ကူညီရန်မဟုတ်။ သို့သော် ထန်ဖန်းဆီသို့ သွားရာ လမ်းကြောင်းတွင် ရောက်ချူးရွှေနှင့် တရားသူကြီးရှမ့်၊ တရားသူကြီးအန်းတို့ အနီးမှ ဖြတ်သွားရလေသည်။

ကျိုချူးချောက်လန် မြင်းကို ဖြတ်အမောင်း ရေမှုန်ရေမွှားများ လွင့်စဉ်လာသဖြင့် တရားသူကြီးအန်းမှာ အလစ်ဝင်တိုက်ခိုက်လာသည်ဟု ထင်မှတ်မိသည်။

ရုတ်ချည်းပင် မြင်းကုန်းနီးကို ဟူးခနဲ တိုက်ဆောင့်ချလိုက်လေသည်။

အခြေအနေက တမုဟုတ်ချင်း ပြောင်းလဲသွားသည်။

ကျိုချူးချောက်လန်မှာ ဤကဲ့သို့ တိုက်ခိုက်ခြင်းခံရမည်ဟု ထင်မှတ်မထားသောကြောင့် ကာကွယ်မှု ပြုမထား၊ ရှောင်ရှားရန်လည်း မလွတ်တော့။

ကမန်းကတန်းပင် ဘယ်လက်မှ အငယ်စား ဖမ်းချုပ်ကွက်ဖြင့် မြင်းကုန်းနီးကို ဖိထားလိုက်သည်။

အရှိန်က ပြင်းထန်သဖြင့် လက်တဖက်တည်းနှင့် မနိုင်။ ညာလက်ဖြင့် သိမ်းငှက်တွန် ကျားဟိန်း တိုက်ကွက်ကို အသုံးပြုကာ ထပ်ဖမ်းလိုက်သည်။

မြင်းကုန်းနီးကို ဖမ်းမိသည်နှင့် ကျိုချူးချောက်လန် ချက်ချင်းပင် ဖမ်းချုပ်လက်သိုင်းဖြင့် လုယူရန် ဟန်ပြင်သည်။

ထိုအချိန်မှာပင် သူ့လက်နှစ်ဖက်လုံး နာကျင်စွာ ခံစားလိုက်ရသည်။ အခြေအနေ မဟန်တော့။

မြင်းကုန်းနီးတွင် ချွန်ထက်သော ချိတ်ကောက်များက ပြည့်နှက်နေသည်။ သံဆူးနှင့် ချိတ်ကောက်အားလုံးက သူ့လက်ဝါးထဲ စိုက်ဝင်နေသည်။

ကျိုချူးချောက်လန် အကြီးအကျယ် ထိတ်လန့်သွားသည်။

လက်ရုပ်သိမ်းရန် ဟန်ပြင်လိုက်လျှင် တရားသူကြီးအန်းက မြင်းကုန်းနီးကို ဖိပြီး သူ့လက်နှစ်ဖက်ကို ချိတ်ထားလိုက်၏။

တအားကုန် ဆွဲနုတ်သိမ်းလိုက်ပါကလက်မှ အရိုးပင် ကျိုးသွားနိုင်လေသည်။

ကျိုချူးချောက်လန်မှာ သိုင်းလောကထဲ ဝင်ရောက်ခဲ့ပြီး ဖမ်းချုပ်လက်သိုင်းကွက် အသုံးပြုခဲ့ရာ တခါမျှ ဤသို့ အန္တရာယ်ကြီးကြီးမားမား မကြုံတွေ့ခဲ့ရချေ။

သေလုနီးပါးပင် အခြေအနေက ဆိုးနေ၏။

ရောက်ချူးရွှေမှာမူ အခြေအနေ အကြီးအကျယ် ပြောင်းလဲသွားခဲ့ရသည်။

ကျိုချူးချောက်လန်နှင့် တရားသူကြီးအန်းတို့ ရင်ဆိုင်မိသည်နှင့် တရားသူကြီးရှမ့်ကို အစွမ်းကုန် တိုက်စစ်ဆင်တော့သည်။ အားအဟုန် တိုက်ကွက်တို့က စောစောကတိုက်ခဲ့ပုံနှင့် လုံးဝမတူတော့။

တရားသူကြီးရှမ့်က မာန်တင်းကာ လှံဖြင့် တချက်လှမ်းထိုးသည်။

ရောက်ချူးရွှေက ဓားဖြင့် ခုတ်ပိုင်းသည်။

မြင်းနှစ်စီး အရှိန်လွန်ကာ မျက်နှာချင်းဆိုင် ဖြတ်ကျော်သွားကြသည်။

ရောက်ချူးရွှေ မြင်းကို နောက်သို့ ဇက်ကြိုးပြန်လှည့်လာသည်။ တရားသူကြီးရှမ့်က ခေါင်းပြန်မလှည့်။

ရောက်ချူးရွှေက တည်ငြိမ်စွာပင် မြင်းကို လှည့်မောင်းပြီး တရားသူကြီးရှမ့် လက်ထဲမှ လှံတံရှည်ကို ဆွဲယူလိုက်သည်။

"ဝုန်း ..."

တရားသူကြီးရှမ့် ရေထဲသို့ ပြုတ်ကျသွားသည်။

ရေပြင်တခုလုံး သွေးတို့ဖြင့် နီရဲသွားသည်။

စောစောက ဓားတချက် လှံတချက် ယှဉ်ပြိုင်စဉ်တွင် ရှောက်ချူးရွှေက တရားသူကြီးရှမ့်၏ လှံချက်ကို ရှောင်တိမ်းနိုင်ခဲ့ပြီး တရားသူကြီးရှမ့်ကမူ ရှောက်ချူးရွှေ၏ ဓားချက်ကို မရှောင်တိမ်းနိုင်ဘဲ ပိုင်းဖြတ်ခံရကာ သေဆုံးသွားခြင်းဖြစ်သည်။

ရှောက်ချူးရွှေသည် လှံတံကိုင်မိသည်နှင့် လက်ပြန်ပစ်ပေါက်လိုက်ပြီး ထန်ဖန်းတို့ထံသို့ တဟုန်ထိုး ပြေးဝင်သွားတော့သည်။

ယန်ကွေကွေသည် အဝေးသို့ ဆုတ်ခွာခဲ့သည်မို့ ကျာပွတ်ရှည်ကို အစွမ်းကုန် ဝှေ့ယမ်းတိုက်ခိုက်တော့သည်။

ကျာပွတ်ရိပ်များက ထန်ဖန်းနှင့် ထက်ဝင်းရွှဲတို့အပေါ် လွှမ်းခြုံထိန်းချုပ်ထား၏။ ကျာပွတ်ဦးတည်ချက်က ထန်ဖန်းဆီသို့ အများဆုံးထားပြီး ထက်ဝင်းရွှဲကို သဘောလောက်သာ တိုက်ခိုက်သည်။

ထက်ဝင်းရွှဲမှာ ရဲရင့်ကြမ်းတမ်းသော်လည်း ကျာပွတ်ဒဏ်ကို မခံနိုင်။

တရားသူကြီးဝှဲ၏ ကျာပွတ်နှင့် မတူ။ ယန်ကွေကွေ၏ ကျာပွတ်က ထူးခြားသလို ရိုက်ချက်ကလည်း အလွန်ပြင်းထန် ထက်မြက်လှသည်။

ရေကို ထိမှန်သဖြင့် လွင့်စဉ်လာသော ရေမှုန်ရေစများကပင် ခဲလုံးနှင့် ပစ်ပေါက်သလောက် နာကျင်စေသည်။

ထက်ဝင်းရွှဲ အလူးအလဲ ရှောင်တိမ်းပေးနေရသည်။

သို့တိုင် ယန်ကွေကွေမှာ ကျာပွတ်ရိုက်ချက်များကို များများစားစား ရိုက်မထုတ်နိုင်။

ထန်ဖန်း၏ လက်နက်ပုန်းက အချိန်မရွေး ရောက်ရှိလာနိုင်သလို ထက်ဝင်းရွှဲ လက်ထဲရှိ စစ်သုံးဓားရှည်ကြီးကလည်း အဝေးမှ တိုက်ခိုက်နိုင်သဖြင့် ကာကွယ်ရန် သတိထားနေရသည်။

ထိုအချိန်မှာပင် ရှောက်ချူးရွှေ ရောက်ရှိလာ၏။

ယန်ကွေကွေ၏ နောက်ကျောဘက်မှ ဝင်ရောက်လာခြင်း ဖြစ်သော်လည်း အလစ်ဖမ်း မလုပ်ကြံလိုသဖြင့် အသံပေးအော်ဟစ်လိုက်သည်။

"ဓားကို ကြည့်ရှောင်ဟေ့"

သူ့ဓားမရောင်ခင်မှာပင် ယန်ကွေကွေက ကိုယ်မလှည့်ပဲ ကျာပွတ်ဖြင့် နောက်ပြန် ရိုက်ချသည်။

"ရွှမ်း ..."

ကျာပွတ်က ရှောက်ချူးရွှေ၏ ဓားကို လိပ်မိသွားသည်။

ယန်ကွေကွေ တအားကုန် ဆောင့်ဆွဲယူသည်။

ရှောက်ချူးရွှေက ဓားကို မလွှတ်။

ဓားနှင့်အတူ ကျာပွတ်နောက်သို့ လိုက်ပြီး ယန်ကွေကွေအား တိုက်ဆောင့်ပစ်လိုက်သည်။

သူစီးလာသည့် မြင်းကြီးမှာလည်း အရှိန်မထိန်းနိုင်ဘဲ ယန်ကွေကွေ၏ မြင်းကို ပစ်တိုက်မိတော့သည်။

"ဝုန်း .."

ယန်ကွေကွေ မြင်းပေါ်မှ ကျသည်။

ရှောက်ချူးရွှေမှာမူ ကြိုတင်ပြင်ဆင်ထားမှုကြောင့် မြင်းလည်ဆံမွေးများကို လက်တဖက်ဖြင့် ဆုပ်ကိုင်ထားသောကြောင့် မြင်းပေါ်မှ မကျ။

ယန်ကွေကွေ၏ ကြီးမားလှသော ကိုယ်ခန္ဓာကြီးကို ဆောင့်တိုက်မိသဖြင့် အနည်းငယ် မူးဝေသွားရသည်။

ယန်ကွေကွေ၏ တိုက်ခိုက်မှု စွမ်းရည်သည် မြင်းပေါ်တွင် တဝက်ခန့် ရှိသည်။

ထို့ကြောင့် ရှောက်ချူးရွှေ စွန့်စားကာ ယန်ကွေကွေ မြင်းပေါ်မှ ကျအောင် ဆောင့်တွန်းပစ်လိုက်ခြင်း ဖြစ်သည်။

သူ့လက်ထဲတွင်မူ ဓားရှည်မရှိတော့။

ယန်ကွေကွေ၏ ကျာပွတ်က လိပ်ယူသွားသဖြင့် ယန်ကွေကွေနှင့်အတူ ရေထဲသို့ ပြုတ်ကျသွားပြီ ဖြစ်သည်။

ပန်းချူးနတ်ဓားသည် ခုံယန်ချင်ကို သတ်ဖြတ်စဉ်က ရေတံခွန်အိုင်အတွင်းသို့ ကျဆင်းခဲ့ရသည်။

ယခု ရှောက်ချူးရွှေ အသုံးပြုသည်က သူ့ဘကြီး ရှောက်တုံးကွမ်း ကိုင်ဆောင်ခဲ့သည့် ရှေးဟောင်းထင်းရှူးဓားပြတ် ဖြစ်သည်။

ဓားအကျိုးတလက်ပင် ဖြစ်သော်လည်း ရှားမှရှား တွေ့ရခဲသည့် ရတနာ ဓားမြတ်တလက် ဖြစ်သည်။

ယန်ကွေကွေ ရေထဲမှ လူးလဲထကာ ကျာပွတ်ကို ကမန်းကတန်း ဝှေ့ယမ်းလိုက်လျှင် လိပ်ပါလာခဲ့သော ထင်းရှူးခားပြတ်မှာ ဟူးခနဲ မြောက်တက်သွားပြီး ရေပြင်တနေရာသို့ ပြုတ်ကျသွားတော့သည်။

ယန်ကွေကွေ ရေထဲသို့ ကျသောအချိန်မှာ ကျိုချူးချောက်လန်၏ အခြေအနေ အပြောင်းအလဲ ဖြစ်နေသော အချိန်ပင်တည်း။

ရှောက်ချူးရွှေသည် လုံတံကို နောက်ပြန်ပစ်လွှတ်ခဲ့သည်မှာ ကျိုချူးချောက်လန်နှင့် ရင်ဆိုင်နေသော တရားသူကြီးအန်းထံသို့ ပစ်လွှတ်လိုက်ခြင်း ဖြစ်သည်။

တရားသူကြီးအန်းမှာ ကျိုချူးချောက်လန်ကို လက်နှစ်ဖက်ဖြင့် မြင်းကုန်းနီးကိုင်ကာ ရင်ဆိုင်နေရသည်။

ချိတ်ကောက်အားကို အသုံးပြုကာ ကျိုချူးချောက်လန်၏ လက်နှစ်ဖက်အား ပြောင်းပြန်လာရာအတိုင်း လိမ်လှည့်လျှင် ကျိုးကြေပျက်စီးသွားနိုင်ပေသည်။

အခြေအနေက အင်အားကို အဓိကထားရမည့်အချိန်။

ကျိုချူးချောက်လန်ကလည်း နာကျင်မှုကို အောင့်အည်းသည်းခံကာ ကြိုးစား၍ ကျားကန်ထားသည်။

ထိုအချိန်မှာပင် ရှောက်ချူးရွှေ၏ လုံတံက ပြေးဝင်လာသည်။

ရန်သူနှင့် အားကုန်အင်ခန်း ရင်ဆိုင်နေရသည့် အချိန်တွင် တိုးဝင်လာသော လုံရှည်ကို ယခင်ကလို လွယ်လွယ်ကူကူ မကာကွယ်နိုင်။

ကျိုချူးချောက်လန်ကိုလည်း လွှတ်ပေး၍မရ။

လုံရှည်ကို မခုခံလို့လည်း မဖြစ်။

ဘယ်လိုလုပ်ရမလဲ။

တရားသူကြီးအန်း ရုတ်တရက် စိတ်ကူးကောင်းတခု ရလိုက်သည်။

လက်နှစ်ဖက်ကို မြင်းကုန်းနီးတွင် ကိုင်ထားရင်းမှ အားပြောင်းအားယူနည်းဖြင့် ကျိုချူးချောက်လန်၏ လက်ကောက်ဝတ် တစုံကိုပါ လွှဲယူပြီး လုံတံအား ကာထားလိုက်သည်။

မြင်းကုန်းနီးက အရှိန်ဖြင့် ဝင်လာသော လုံတံကို ဒိုင်းသဖွယ် ဖယ်ထုတ်ပစ်လိုက်သည်။

သို့သော် ကျိုချူးချောက်လန်၏ လက်အစုံမှာ ချိတ်ကောက်များနှင့် လားရာ တဖက်တည်း ရွေ့လျားလိုက်သဖြင့် လွတ်ထွက်သွားသည်။

တရားသူကြီးအန်း ကြောင်စီစီလေး ဖြစ်သွား၏။

ထိုအချိန်မှာပင် ကျိုချူးချောက်လန်၏ လက်နှစ်ဖက်က သူ့လက်ကောက်ဝတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိတော့သည်။

သူ့လက်နှစ်စလုံး ထုံကျဉ်သွားသည်။

ထို့အတူ မြင်းကုန်းနီးသည်လည်း ရေထဲသို့ ပြုတ်ကျသွားတော့သည်။

"ဂျွတ် .. .ဂျွတ် ..."

အရိုးကျိုးသံ ထွက်ပေါ်လာသည်။

တရားသူကြီးအန်း၏ လက်ကောက်ဝတ်အရိုးနှစ်ခုမှာ ကျိုချူးချောက်လန်၏ လက်နှစ်ဖက်က သူ့လက်မောင်းနှစ်ဖက်အား လျှပ်ပြက်သည့်အလား ဖမ်းချုပ်ထားပြန်သည်။

"ချွတ် ... ချွတ်"

လက်မောင်းရိုးနှစ်ဖက် ကျိုးသွားပြန်သည်။

တဆက်တည်းပင် ကျိုချူးချောက်လန်၏ လက်နှစ်ဖက်က ပခုံးပေါ်ရောက်သွားပြီး ညှပ်ရိုးနှစ်ခုကို ချိုးပစ်လိုက်ပြန်သည်။

တရားသူကြီးအန်း၏ လက်နှစ်ဖက်မှာ ထန်းလည်ဆစ်ရိုးကျိုး သကဲ့သို့ တွဲလောင်းကြီး ကျသွားတော့သည်။

သူ့မျက်နှာသည်လည်း နာကျင်လွန်းသဖြင့် အရုပ်ဆိုးလောက်အောင် ရှုံ့မဲ့နေပြီး ချွေးသီးချွေးပေါက်များ တဖြိုင်ဖြိုင် ကျဆင်းလာသည်။

ကျိုချူးချောက်လန် နောက်သို့ ဆုတ်သွားသည်။

သူ့လက်ဝါးနှစ်ဖက်စလုံး သွေးများရဲကာ လူလည်း မောဟိုက်ပင်ပန်း လွန်းနေပြီ။

"မင်းရဲ့ သိုင်းပညာ သိပ်ကောင်းတယ်၊ မြင်းကုန်းနီးမှာ ပရိယာယ်ဆင်ပြီး ငါ့ကို တိုက်ခိုက်ပေမယ့် မင်းကိုငါ အနိုင်ရတာလဲ တရားမျှတမှု မရှိဘူး၊ မတရားတဲ့ အလုပ်ကို တို့ဘယ်တော့မှ မလုပ်ဘူး၊ သွား...မင်းသွားတော့...မင်းကိုငါ မသတ်ဘူး"

တရားသူကြီးအန်းသည် ကျိုချူးချောက်လန်အား နာကျည်းအခဲမကျေစွာ စူးစိုက်ကြည့်လိုက်သည်။

လက်နှစ်ဖက် လှုပ်ရှား၍ မရနိုင်တော့ပြီမို့ မြင်းကိုယ်ထည်ကို ခြေထောက်ဖြင့် အတင်းညှပ်ကာ ထွက်သွားတော့သည်။

ကျိုချူးချောက်လန်သည် အားအင်ကုန်ခန်း မောပန်းလှပြီမို့ ယိုင်တိယိုင်ထိုး ဖြစ်နေသည်။

ရေပြင်ထဲသို့ လဲကျမသွားစေရန် မြင်းကို အသာမှီထားလိုက်ရသည်။

မောဟိုက်လွန်းသဖြင့် အသက်ကို အငမ်းမရ ရှူနေရသည်။

သူ့လက်ဝါးမှ အပေါက်များတွင် သွေးယိုစီးနေသည်။ သွေးက သန့်စင်သော နီစွေးစွေးသွေးမဟုတ်။ အမည်းရောင် သန်းသောသွေး၊ အဆိပ်မိထားသော သွေးဖြစ်သည်။

တရားသူကြီးအန်း၏ မြင်းကုန်းနီးဆူးချိတ်တွင် စိုက်ဝင်မိကတည်းက အဆိပ်တက်ကာ သေဆုံးသွားရမည် ဖြစ်ပေသည်။

ကျိုချူးချောက်လန်က သိမ်းငှက်လက်သည်းဘုရင် လွေဖုန်း၏ သင်ကြားမှုကြောင့် သိမ်းငှက်လက်သည်းသိုင်းဖြင့် အဆိပ်ငါးမျိုးဖမ်းသည့် ပညာကို တတ်ကျွမ်းခဲ့သည်။

မြွေဖမ်းလည်း လက်မထိ အဆိပ်မတက်၊ ကင်းမြီးကောက် ဖမ်းလည်း လက်မထိ အဆိပ်မတက်သော လေ့ကျင့်မှုများ ပြုလုပ်ခဲ့ရသည်။

ထို့ကြောင့် သူ့လက်နှစ်ဖက်သည် တရားသူကြီးအန်း၏ မြင်းကုန်းနီးပေါ်ရှိ ဆူးချိတ်မှ အဆိပ်ကို အတင်းချေဖျက် တောင့်ခံထားနိုင်ခြင်း ဖြစ်ပေသည်။

ယန်ကွေကွေသည် ရေထဲသို့ ကျပြီးသည်နှင့် ကျယ်လောင်စွာ မာန်သွင်းအော်ဟစ်လျက် ကျာပွတ်ကို ဝှေ့ယမ်းလိုက်သည်။

သူသည် ဩဇာအာဏာဂိုဏ်း၏ မိုးမြေနတ်ဆိုး ဆယ့်ကိုးပါးထဲမှ တပါးဖြစ်ရာ အောက်စည်းသို့ ကျရောက်သော်လည်း စိတ်ရှုပ်ထွေး ပျာယာခတ်ခြင်း မရှိ။

ထန်ဖန်းက ရုတ်တရက် သံဆူးလက်နက်ပုန်း သုံးခုကို ပစ်လွှတ်လိုက်သည်။

"ဝှစ် ... ဝှစ် ... ဝှစ်"

"ရွှမ်း ... ရွှမ်း ... ရွှမ်း"

ယန်ကွေကွေကလည်း ကျာပွတ်ကို ဝှေ့ယမ်းကာ လက်နက်ပုန်းသုံးခုအား ရိုက်ထုတ်ဖယ်ရှားသည်။

ထိုအချိန်တွင် ထက်ဝင်းရွှဲက ရှေ့သို့လှမ်းတက်ပြီး စစ်သုံးဓားရှည်ကြီးဖြင့် ဆီးခုတ်သည်။

ဓားက ကြီးလည်းကြီး၊ လေးလည်းလေးသလို ထက်ဝင်းရွှဲက အားကုန်ထုတ် ခုတ်ပိုင်းချလိုက်သည်မို့ ဓား၏ ခုတ်အားမှာ ပေါင်တရာ့ငါးဆယ်ကျော်ခန့် ပြင်းထန်လှသည်။

ယန်ကွေကွေမှာ ဓားချက်ကို ကျာပွတ်ဖြင့် ခုခံ၍ မဖြစ်။

ရုတ်တရက်ပင် ဘီလူးခေါင်းကြေးကွင်းတပ် ဓားရှည်ကြီးတလက်ကို ဆွဲထုတ်ကာ ခုခံပေးလိုက်ရသည်။

"ထန်း .."

သံသံချင်းထိခတ်သည့်အသံက ကျယ်လောင်စွာပင် ထွက်ပေါ်သွားသည်။

ပြင်းထန်သော အရှိန်များကြောင့် ထက်ဝင်းရွှဲမှာ ရေထဲတွင် ခြေလှမ်းခုနစ်လှမ်းခန့် ဆုတ်ပေးလိုက်ရပြီး ယန်ကွေကွေမှာမူ ရေထဲသို့ ဖင်ထိုင်လျက် လဲကျသွားတော့သည်။

ထိုအချိန်ကား တကယ့်အခွင့်ကောင်းဖြစ်၏။

သို့သော် ရှောက်ချူးရွှေမှာ မူးဝေနောက်ကျိပြီး အသိစိတ် ပြန်လည် မပွင့်လင်းသေး၊ ထန်ဖန်းသည် ယန်ကွေကွေတွင် ထက်ဝင်းရွှဲ၏ ဓားချက်ကို ခုခံနိုင်ရန် နောက်ထပ် ဓားတချောင်း မရှိဟု ထင်မှတ်ထားသဖြင့် အံ့ဩမှင်တက်နေမိသည်။ လက်နက်ပုန်း ပစ်လွှတ်ရန် အချိန် မရှိတော့။

သူတို့ တချက် တုံ့နှေးသွားသော်လည်း ယန်ကွေကွေကမူ တချက်ကလေးမျှ တုံ့ဆိုင်းခြင်းမရှိ၊ ဖင်ထိုင်ကျနေရမှာ ထရပ်လာပြီးလျှင် ကျာပွတ်နှင့် ဓားရှည်ကို အကွက်ကျကျ ဝှေ့ယမ်းကာ ရှောက်ချူးရွှေ၊ ထက်ဝင်းရွှဲနှင့် ထန်ဖန်းတို့ သုံးယောက်အား အကြိတ်အနယ် တိုက်ခိုက်လေတော့သည်။

ချူးနန်းကုသည် လုံရှည်ကိုင် ရန်သူတယောက်နှင့် သံချိန်းကြိုးကိုင် ရန်သူတယောက်ကို ရင်ဆိုင်နေရသည်။ နှစ်ယောက်စလုံး လက်နက်ရှည်သမားများမို့ ချူးနန်းကု ရင်ဆိုင်ရသည်မှာ မှုတသည်။

သံချိန်းကြိုးကိုင် ရန်သူမှာ ငရဲပြည်သော့ခတ်တရားသူကြီးကျဲဖြစ်ပြီး လုံရှည်ကိုင်ဆောင်သူမှာ လုံတချက်နှလုံးဖောက် တရားသူကြီးမော် ဖြစ်လေသည်။

သူတို့သုံးယောက်မှာ တိုက်ကွက် ဆယ်ကွက်ကျော်ကျော် တိုက်ခိုက်ပြီးသည့်တိုင် အခြေအနေက မထူးခြားသေး။

ချူးနန်းကုသည် လျင်မြန်သွက်လက်မှုကို အမိကထားကာ ရှောင်တိမ်းခုခံနေသည်။

တရားသူကြီးကျဲ၏ သံချိန်းကြိုးကို ရှောင်တိမ်းရန် လွယ်ကူသော်လည်း တရားသူကြီးမော်၏ လုံရှည်ကိုမူ အတော်ပင် သတိထားနေရသည်။

လုံတချက် ပစ်လွှတ်တိုင်း သေမင်းနှုတ်ခမ်းအဝသို့ ရောက်သွားသလို ခံစားရသည်။

တရားသူကြီးမော်၏ တတိယလုံကို အတင်းကြိုးစား ရှောင်တိမ်းပြီးချိန်တွင်မူ တရားသူကြီးကျဲ၏ သံချိန်းကြိုးရိုက်ချက်တချက်က သူ့တင်ပါးကို ထိမှန်မိလေသည်။

ချူးနန်းကုမှာ အလွန်ပင် နာကျင်စွာ ခံစားလိုက်ရသည်။

သူအကျဉ်းအကျပ်ကျသည့်အချိန်မှာ ကျိုချူးချောက်လန်က တရားသူကြီးစုကို သတ်ပြီး ရှောက်ချူးရွှေ၏ အန္တရာယ်ကို ဝင်ရောက်ကာကွယ် နေရသည့် အချိန်ဖြစ်သည်။

ချူးနန်းကု ရန်သူ အခြေအနေကို ကြည့်ပြီး သုံးသပ်လိုက်သည်။

ဤအတိုင်း ဆက်သွားပါက အခြေအနေ သိပ်မဟန်။

ဥပါယ်တံမျဉ်ဖြင့် မည်သို့ တိုက်ခိုက်ရမည်ကို စဉ်းစားသည်။ ထိုအချိန်မှာပင် တရားသူကြီးမော်က စတုတ္ထလုံကို ပစ်လွှတ်တော့မည့် အချိန်။

ချူးနန်းကုသည် မြင်းပေါ်တွင် ကျွမ်းတပတ်ထိုးလိုက်ပြီး ...

"ဟိတ် ... မင်းတို့က ငါဘယ်သူဆိုတာ သိလို့လား"

ချူးနန်းကု၏ ထူးထူးခြားခြား အမေးကြောင့် တရားသူကြီးမော် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ပစ်လွှတ်ရမည့် လုံတံကို မပစ်လွှတ်ပဲ တရားသူကြီးကျဲဘက်သို့ လှည့်ကြည့်မိသည်။

ချူးနန်းကုမှာ သူ့ပရိယယ်ထဲ ဝင်ရောက်လာတော့မည်ကို ရိပ်မိလိုက်သဖြင့် ဝင့်ကြွားသော အမူအရာဖြင့် ဟိန်းဟောက်လိုက်သည်။

"ငါ မုံယုံမိသားစုက လူကွ၊ မင်းတို့ကိုသာ ငါတကယ်တမ်း သတ်ချင်ရင် အစောကြီးကထဲက ဘယ်နှစ်ခါလောက် သေသွားပြီလဲဆိုတာ မင်းတို့ သိမှာမဟုတ်ဘူး"

တရားသူကြီး ကျဲနှင့်မော်တို့ မျက်နှာ ကွက်ခနဲ ပျက်သွားကြသည်။

ထိုအချိန်တွင် သိုင်းလောကထဲတွင် မိသားစုလေးစုမှာ အလွန်ပင် နာမည်ကျော်ကြားနေကြသည်။

မုံယုံ၊ မက်၊ နန်ကုန်းနှင့် ထန် မိသားစု လေးစုတို့ ဖြစ်၏။

ထန်မိသားစုမှာ သိုင်းလောကထဲသို့ သုံးယောက်ထွက်ပေါ် ဝင်ရောက်လာခဲ့ပြီး နန်ကုန်းမိသားစုမှ နန်ကုန်းရှုံဟွမ် ထွက်ပေါ်လာခဲ့ပြီး ဖြစ်သည်။

မက်မိသားစုမှာ မက်အမျိုးအနွယ် ဖြစ်၏။

မက်တီသည် တရုတ်ပြည်မကြီးမှ ပထမဦးဆုံး ကိုယ်တော်ကြီး ဖြစ်ပြီး အများအကျိုး ဆောင်ရွက်သည်။

သူတပါး၏ အခက်အခဲကို ကူညီပံ့ပိုးပေးသည်။ သစ္စာတရားအတွက် သေမင်းနှင့် ရင်ဆိုင်အံတုသည်။

မုံယုံမိသားစုမှာ ထိုကျော်ကြားသော မိသားစုလေးစုထဲတွင် ထိပ်ဆုံးမှ တည်ရှိသည်။

ရုပ်ပြောင်းရုပ်လွှဲပညာ၊ သံအင်္ကျီစသိုင်းပညာ၊ ဓားသိုင်းပညာတို့တွင် နာမည်ကျော်သည်။

အထင်ရှားဆုံးမှာ 'သူ့အရိုးနှင့်သူ့ပြန်ထိုး' လျှို့ဝှက်ပညာစွမ်းက သူမတူအောင် ထက်မြက်သည်။

သူ့အရိုးနှင့်သူပြန်ထိုး လျှို့ဝှက်တိုက်ကွက်မှာ ထူးထူးဆန်းဆန်းတော့မဟုတ်၊ မိမိ၏ ပြိုင်ဘက်သုံးသည် လက်နက်၊ သိုင်းပညာတို့ဖြင့် တုံ့ပြန်အသုံးပြု တိုက်ခိုက်ခြင်းပင် ဖြစ်သည်။

တဖက်က ရန်သူသည် မည်သည့် ဆန်းပြားသည့် လက်နက်ကို သုံးသုံး၊ မည်မျှ ခက်ခဲနက်နဲသော လျှို့ဝှက်ပညာကို ထုတ်ဖော်ထုတ်ဖော်၊ သူ့လက်နက် သူ့ပညာစွမ်းဖြင့် သူ့ကို ပြန်သတ်နိုင်စွမ်းရှိကြသည်။

သို့အတွက် သိုင်းလောကတွက် မုံယုံမိသားစု အမည်ကြားရသည်နှင့် ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြသည်။

မိမိတို့၏ လျှို့ဝှက်နက်နဲသော လက်နက်နှင့် သိုင်းပညာကို အစွမ်းကုန် ထုတ်ဖော်မပြသရဲကြ။

ချူးနန်းကုက သူ့ကိုယ်သူ မုံယုံမိသားစုမှ လူဟု ထုတ်ဖော်ပြောကြားလာရာ တရားသူကြီးကျဲနှင့် မော်တို့ အလွန်ပင် တုန်လှုပ်သွားကြသည်။

သူတို့ အသုံးပြုသည့် သံချိန်းကြိုးနှင့် လုံရှည်ကလည်း သိုင်းလောက၏ ထူးဆန်းသော ပညာရပ်ဖြစ်နေပြန်ရာ မုံယုံမိသားစုမှ လူနှင့်တွေ့ဆုံလျှင် ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်နေသည် မဟုတ်ပါလား။

ချူးနန်းကုသည် ထိုစကားကို တဖက်ရန်သူနှစ်ယောက် ထိတ်လန့်ချောက်ချားပြီး စိတ်တည်ငြိမ်မှု မရအောင် ပြောလိုက်ခြင်း ဖြစ်သည်။

သို့သော် ထိုစကား၏ အကျိုးဆက်ကား နောင်တချိန်တွင် ကြီးမားသော အန္တရာယ်ကြီးများနှင့် ကြုံတွေ့ခဲ့ရပေသည်။ တရားသူကြီးကျဲနှင့်မော်တို့သည် တယောက်ကို တယောက်ကြည့်လိုက်ကြပြီး တရားသူကြီးမော်က မရဲသော်လည်း ပြေးခဲစေ အဆိုစကားအတိုင်း သွေးတိုးစမ်းလိုက်၏။

"မင်းမဟုတ်မဟပ်တွေ လျှောက်ပြောမနေနဲ့၊ တကယ်တမ်း မုံယုံမိသားစုကလူဆိုရင် ဘာဖြစ်လို့ သူ့အရိုးနဲ့သူ့ပြန်ထိုး ပညာစွမ်းမတတ်ရတာလဲ"

တဖက်လူနှစ်ယောက် မိမိစကားအပေါ် အနည်းငယ်ယုံကြည်သွားသည်ကို ရိပ်စားမိသဖြင့် ချူးနန်းကု ကျေနပ်ပီတိ ဖြစ်မိ၏။

"ငါ့ရဲ့ သက်ညှာတဲ့ စိတ်ထားကြောင့် မင်းတို့ကို ထုတ်သုံးမပြသေးတာပဲ၊ ကောင်းပြီ၊ မင်းတို့ မယုံသင်္ကာဖြစ်လာရင် မင်းတို့ရဲ့ လျှို့ဝှက်ပညာကို ထုတ်သုံးလိုက်၊ ငါလုံးဝ မသက်ညှာနိုင်တော့ဘူး၊ သူ့အရိုးနဲ့သူ့ပြန်ထိုးပညာ ဆိုတာ ဘာလဲလို့ မင်းတို့ သိသွားစေရမယ်"

တရားသူကြီးမော်နှင့်ကျဲတို့ နှစ်ယောက် အချင်းချင်း မျက်ရိပ်ပြလိုက်ကြပြီး တိုက်စစ်ဆင်သည်။

ချူးနန်းကုမှာ တယောက်နှင့်နှစ်ယောက် ရင်ဆိုင်နေရသဖြင့် အထူးပင် ကြိုးစားခုခံနေရသည်။

သို့သော် တဖက်ရန်သူနှစ်ယောက်မှာ မယုံ့ဝုံ့၊ ယုံဝုံ့ဝုံ့ ရှိနေသည်မို့ လက်ကုန်မတိုက်ရဲ။ ပညာကုန်တိုက်လျှင် ကိုယ့်ကိုကိုယ် သေကြောင်းရှာသလို ဖြစ်နေမည်ကို စိုးရိမ်မိကြလေသည်။

သံချိန်းကြိုးရိုက်ချက်က သိပ်မပြင်းထန်တော့။

လုံရှည်ကလည်း ဆက်တိုက်ဝင်မလာဘဲ အချိန်အခါ အခွင့်အလမ်းကို စောင့်ပြီးမှ ပစ်လွှတ်သည်။

ချူးနန်းကု အသက်ရှူချောင်သွားသည်။

ထိုအချိန်တွင် တဖက်မှ ကျိုချူးချောက်လန်က တရားသူကြီးအန်းကို အောင်နိုင်လိုက်သလို၊ ရှောက်ချူးရွှေကလည်း ယန်ကွေကွေအား မြင်းပေါ်မှ လိမ့်ကျအောင် တိုက်ဆောင့်လိုက်ချိန် ဖြစ်သည်။

သည်ဘက်တွင်လည်း တရားသူကြီးမော်က ချူးနန်းကုအား လုံရှည်ဖြင့် တချက်ပစ်သွင်းလိုက်သည်။ လုံပစ်စဉ် စိတ်မတည်မငြိမ် ဖြစ်နေသဖြင့် အားမပြင်းထန်၊ ချူးနန်းကု ဖမ်းဆုပ်ယူလိုက်နိုင်သည်။

တဆက်တည်းပင် သံချိန်းကြိုးရိုက်ချက်ကိုလည်း လုံဖြင့် ခံဆောင်ပေးလိုက်သည်။

"ဒလန် .."

လုံနှင့်သံကြိုး ထိမှန်သည်နှင့် ချူးနန်းကုသည် လုံလက်ကိုင်ကို ရေပြင်တွင် ထိုးထောက်ပြီး ခုန်ပျံလိုက်၏။

သူ့ခန္ဓာကိုယ်မှာ တရားသူကြီးမော် ခေါင်းပေါ်မှ ကျော်၍ မြင်းနောက်ဖက်တွင် ကျသည်။

တရားသူကြီးမော်တွင် လုံကိုးချောင်းရှိရာ လေးချောင်းပစ်လွှတ်ပြီး လက်ထဲတွင် တချောင်းကိုင်ထားသဖြင့် မြင်းကျောကုန်း ဘယ်ညာနှစ်ဖက်တွင် လုံနှစ်ချောင်းစီသာ ကျန်တော့သည်။

သူသည် လုံကို ဆွဲနုတ်ကာ တည်နေရာကို အတိအကျပင် ပစ်လွှတ်တတ်သည်မို့ နောက်ကိုလှည့်ပြီး လုံတံကို ဆွဲနုတ်စရာ မလိုပေ။ ယခု ချူးနန်းကုက သူ့နောက်သို့ ရောက်နေသည်မို့ မြင်းခေါင်းကို လှည့်ရပေတော့မည်။

သူမြင်းခေါင်းလှည့်စဉ်မှာပင် ချူးနန်းကုက သူ့လက်ထဲမှ လုံရှည်ကို တရားသူကြီးမော်၏ မြင်းဖင်ဘေး သားရေအိတ်ထဲသို့ အလျင်အမြန်ပင် ပြောင်းပြန်ထိုးသွင်းလိုက်သည်။

သူ့လှုပ်ရှားမှုကို မမြင်မသိလိုက်၊ တရားသူကြီးကျဲကမြင်တွေ့လိုက်ရသော်လည်း အဓိပ္ပါယ် နားမလည်နိုင်။

ရုတ်ချည်းပင် ချူးနန်းကုထံသို့ ချိန်းကြိုးဖြင့် လွှဲချလိုက်သည်။

တရားသူကြီးမော်ကလည်း မြင်းခေါင်းလှည့်ပြီးပြီမို့ လုံတံကို ပစ်လွှတ်သည်။

ချူးနန်းကုသည် သံကြိုးကြီးကို လှမ်းဖမ်းပြီး လုံရှည်ကိုမူ ထိုသံကြိုးဖြင့် ရစ်ပတ်လိုက်သည်။

ထို့နောက် သံကြိုးတွင် ရစ်ပတ်နေသော လုံရှည်ကို ဖြုတ်ယူရန်ပြင်သည်။

ထိုအချိန်ကား အချိန်ကောင်းအခါကောင်းပင်တည်း။

တရားသူကြီးမော်သည် အခွင့်ကောင်းကို လက်လွှတ်မခံ။

ချက်ချင်းပင် လှံတချောင်းကို ထုတ်ယူစဉ်တွင် သူ့အိတ်ထဲ၌ လှံတချောင်းပိုနေသဖြင့် တချက်တွန့်သွားမိသည်။

ပစ်လွှတ်ရန်အချိန်တွင်လည်း လက်ထဲတွင် လိုက်လျောညီထွေမှုမရှိသဖြင့် တုံ့သွားမိသည်။

သို့သော် အခွင့်အရေးကို လက်လွှတ်မခံလိုသဖြင့် စစ်ဆေးမနေပဲ ချူးနန်ကုထံ လှံကို ပစ်လွှတ်ခဲ့သည်။

သူ့လက်တုံ့မှု နှစ်ကြိမ်ဖြစ်နေသည့်အတွက် ချူးနန်းကုသည် သံချိန်းကြိုးမှ လှံကို ဖြုတ်ယူခွင့် သာခဲ့သည်။ တရားသူကြီးမော်ထံသို့လည်း လှံရှည်ကို လှမ်းပစ်နိုင်ခဲ့သည်။

နှစ်ယောက်စလုံး တချိန်တည်း တပြိုင်တည်း လှုပ်ရှားသလို ဖြစ်နေသဖြင့် မည်သူမျှ ရှောင်တိမ်းနိုင်ခြင်းမရှိ။ ထိမှန်ခံရတော့သည်။

"စွပ် ..."

"ဒုတ် .."

ထိမှန်ပုံခြင်းက မတူ။

တရားသူကြီးမော်မှာ ချူးနန်းကု၏ လှံတံ ဝမ်းဗိုက်မှ နောက်ကျောသို့ ဖောက်ထွက်သွားခြင်းကို ခံရ၏။

ချူးနန်းကုမှာမူ လက်ကိုင်ရိုးဖြင့်သာ ရင်ဘတ်ကို ဆောင့်ထိုးခြင်း ခံရ၏။

တရားသူကြီးမော် မြင်းပေါ်မှ လိမ့်ကျသေဆုံးပြီး ချူးနန်းကု ပါးစပ်မှ သွေးတလုပ်စာ အန်ထွက်သွားသည်။

တရားသူကြီးကျဲ့သည် ထိုအဖြစ်အပျက်ကို တွေ့ရလျှင် အကြီးအကျယ် တုန်လှုပ်သွားသည်။

သံချိန်းကြိုးကို ဆောင့်ဆွဲယူသည်။

သံချိန်းကြိုးပါလာသည်။

ချိန်းကြိုးချည်းသက်သက် မဟုတ်။

ချူးနန်းကုကပါ သစ်ရွက်လေးတရွက်လို ခုန်ပျံလိုက်ပါလာခြင်း ဖြစ်၏။ တရားသူကြီးကျဲ့ ထိတ်ထိတ်ပျာပျာဖြင့် ကမန်းကတန်းပင် သံချိန်းကြိုးကို လက်မှ လွှတ်လိုက်ရသည်။

သည်တွင်ပင် ချူးနန်ကုက သံချိန်းကြိုးကို လေတွင် ဝှေ့ယမ်းပြီး လွှဲရိုက်ချလိုက်သည်။

တရားသူကြီးကျဲ့ကို ရိုက်ခြင်းမဟုတ်။ မြင်းတင်ပါးကို ရိုက်လိုက်ခြင်းသာဖြစ်၏။

မြင်းမှာ တချက်ဟီလိုက်ပြီး ကမ်းစပ်ပေါ်သို့ ပြေးတက်သွားသည်။

"ဟား ... ဟား .. ဟား ... တွေ့တယ်မဟုတ်လား၊ အခုငါမင်းတို့ကို သူ့အရိုးနဲ့သူ့ပြန်ထိုး တိုက်ကွက် ထုတ်ပြလိုက်တာလေ"

ချူးနန်းကု အော်ဟစ်ပြောလိုက်သည်။

တရားသူကြီးကျဲ့မှာ မြင်းကို နောက်ပြန်လှည့်ပြီး ရင်ဆိုင်ရန် စိတ်ကူးလိုက်သေးသည်။ သို့သော် တိုက်ပွဲမြင်ကွင်းက အခြေအနေမကောင်း။

ယန်ကွေကွေသည် မြင်းပေါ်မှ ပြုတ်ကျကာ အတင်းပင် ကြိုးစားတိုက်ခိုက်နေရသည်၊ တရားသူကြီးဝဲ့၊ တရားသူကြီးမော်၊ တရားသူကြီးရှမ့်နှင့် တရားသူကြီးစုတို့ သေဆုံးသွားရပြီ။ တရားသူကြီးအန်းလည်း ထွက်ပြေးသွားခဲ့ပြီ။ ထပ်ရင်ဆိုင်လျှင် ကိုယ့်တရားကိုယ်ရင်ဆိုင်သလို ဖြစ်တော့မည်။

တဖန် ချူးနန်းကုသည် တရားသူကြီးမော်ကို သူ့လှံနှင့်သူ ပြန်သတ်သည်။ မိမိကိုလည်း သံချိန်းကြိုးဖြင့် ဆုတ်ခွာစေသည်။ ချူးနန်းကုသည် တကယ်ပင် မုံယုံမိသားစုမှလူ ဖြစ်လေရော့သလား၊ မုံယုံမိသားစုကလူလက်ထဲမှာ ရှုံးနိမ့်ရတာ သိုင်းလောကမှာ ရှက်စရာ မဟုတ်ပါဘူးလော ဟူသော အတွေးဖြင့် တရားသူကြီးကျဲ့ နောက်ပြန်မလှည့်တော့။ မြင်းကို ခွာစုံချကာ အတင်းပြေးထွက်သွားတော့သည်။

ချူးနန်းကု သည်တော့မှ မဲ့ပြုံးတချက် ပြုံးလိုက်မိသည်။

တရားသူကြီးကျဲ့၏ သံကြိုးက သူ့တင်ပါးတွင်တချက်၊ တရားသူကြီးမော်၏ လှံရိုးက သူ့ရင်ဘတ်တွင် တချက် ထိမှန်ခဲ့ရသည် မဟုတ်ပါလား။

ယန်ကွေကွေသည် မိမိသေရတော့မည်ကို သိလိုက်၏။

သူ၏ ဘီလူးခေါင်း ကြေးကွင်းစွပ် ဓားကြီးကို ထက်ဝင်းရွဲ့ စစ်သုံးဓားရှည်ကြီးဖြင့် ထိန်းချုပ်ထားသည်။

သူ၏ ကျာပွတ်ရှည်ကလည်း ထန်ဖန်း၏ ကိုယ်ဖော့ပညာနှင့် ရှောက်ချူးရွှေ၏ နတ်လက်ချောင်း၊ ပန်းပျံလက်ဝါး တိုက်ကွက်များကို မလွှမ်းမိုးနိုင်။

ကျင်ကျန်းညီနောင်လေးဖော်မှာ ရောက်ချူးရွှေ၊ ကျိုချူးချောက်လန်နှင့် တိန်ယိဟန်တို့သည် သုံးယောက်အားဖြင့် သံမဏိလက်ကောက်နတ်ဆိုး ပိုးထင်းယိကို သတ်ဖြတ်နိုင်ခဲ့သည်။

ယခု ရောက်ချူးရွှေ၊ ထန်ဖန်းနှင့် ထက်ဝင်းရွှဲတို့ သုံးယောက်က သံမဏိမြင်းစီးနတ်ဆိုး ယန်ကွေကွေကို ရင်ဆိုင်နေ၏။

ထက်ဝင်းရွှဲ၏ သိုင်းပညာသည် တိန်ယိဟန်အထက်တွင်သာ ရှိသည်။

တဖန် ထန်ဖန်း၏ ကိုယ်ဖော့ပညာနှင့် လက်နက်ပုန်းပညာကလည်း ကျိုချူးချောက်လန်ထက် သာသည်။

ယန်ကွေကွေ၏ သိုင်းပညာမှာမူ ပိုးထင်းယိထက် မမြင့်။

သည့်အပြင် သူ့မြင်းပျောက်ဆုံးရသလို၊ သူ့လက်အောက်ငယ်သား ဧရဲတရားသူကြီးခြောက်ယောက်လည်း သေသူသေ ထွက်ပြေးသူထွက်ပြေးမို့ အကြီးအကျယ် စိတ်ဓာတ်ကျသွား၏။

တိုက်ခိုက်လိုစိတ်မရှိတော့၊ အလွတ်ရုန်းထွက်ပြေးနိုင်ရန်သာ စိတ်ကူးတော့သည်။

လက်ထဲက ကျာပွတ်ကို ဟန့်ကွက်အနေဖြင့် ဝှေ့ယမ်းလိုက်သည်။

"တောက် .."

ကျာပွတ်ပြတ်ထွက်သွားသည်။

သူအကြီးအကျယ် အံ့သြသွားရပြန်သည်။

ကျာပွတ်သည် ဖြတ်ရန် မလွယ်ကူ။

မည်သူမျှ ဖြတ်တောက်ခုတ်ထစ်ခြင်း မရှိပါပဲ အဘယ့်ကြောင့် ပြတ်တောက်သွားရသနည်း။

ယန်ကွေကွေ စဉ်းစား၍ မရ။

အကြောင်းမှန်မှာ သူသည် ထိုကျာပွတ်ဖြင့် ရောက်ချူးရွှေ၏ဓားကို လိပ်ကာ ဆွဲယူခဲ့သည်။

ရောက်ချူးရွှေ အလိုက်သင့် လိုက်ပါလာသဖြင့် ဓားက ကျာပွတ်ကို ကျိတ်လှီးသလို ဖြစ်သွားခဲ့သည်။

ရောက်ချူးရွှေ၏ ဓားကလည်း နှယ်နှယ်ရရဓားမဟုတ်။

ရှေးဟောင်းထင်ရှူးဓားပြတ်။ ဟောင်းနွမ်းသလို အသွားတုံးသယောင် ထင်ရသည်။

သို့သော် ယန်ကွေကွေ၏ ကျာပွတ်မှာမူ ပြတ်လုတဲတဲ ဖြစ်သွားခဲ့၏။

ကျာပွတ်ကို အားထုတ်ရိုက်ချဖန် များလာသောအခါ ဓားထိထားသောနေရာမှ ပြတ်တောက်သွားခြင်း ဖြစ်ပေသည်။

ယန်ကွေကွေ စိတ်ထင်တိုင်း မတိုက်ခိုက်နိုင်တော့။

ရောက်ချူးရွှေနှင့် ထက်ဝင်းရွှဲတို့က အစွမ်းကုန် တိုက်စစ်ဆင်သည်။

ယန်ကွေကွေ၏ ဘီလူးခေါင်းကြေးကွင်းစွပ်ဓားကြီးကို ထက်ဝင်းရွှဲက ထိန်းချုပ်ထားသည်။

ရောက်ချူးရွှေ၏ နတ်လက်ချောင်းနှင့် ပန်းပျံလက်ဝါးတို့က ကျာပွတ်ကို နေရာမရွှေ့နိုင်အောင် လွှမ်းမိုးထားသည်။

ထိုအချိန်မှာပင် ထန်ဖန်းသည် စောစောက နှိုက်ထုတ်ထားသော အဆိပ်သံမှုန့်နှင့် ဓားပျံငါးလက်ကို တပြိုင်နက်တည်း ပစ်လွှတ်လိုက်တော့သည်။

အဆိပ်သံမှုန့်များ ပျံ့လွင့်လာသဖြင့် ယန်ကွေကွေ ဘာမျှ မမြင်ရတော့။

ထန်ဖန်းသည် အဆိပ်သံမှုန့် ပစ်လွှတ်စဉ်တွင် ပါးလွှာသော လက်အိတ်စွပ်ထားသဖြင့် သူ့ကို ဘာမျှ မထိခိုက်။

ထို့ပြင် အဆိပ်ဟူ၍ အပျော့စားလောက်သာ ရှိသည်။

သူသုံးသည့် လက်နက်ပုန်းထဲတွင် ထိုအဆိပ်သံမှုန့်က အပြင်းထန်ဆုံး ဖြစ်ပေသည်။

သူကိုယ်တိုင် အဆိပ်ကို မုန်းတီးသဖြင့် အဆိပ်ဖြင့် ရန်သူကို မသေစေနိုင်ပေ။

ဓားပျံငါးစင်းက ယန်ကွေကွေ၏ ကိုယ်ပေါ်သို့ စူးနစ်ဝင်ရောက်သွားသည်။

ယန်ကွေကွေ၏ ကိုယ်ခန္ဓာသည်လည်း ရေပြင်ထက်သို့ ဝုန်းခနဲ လဲကျသွားတော့သည်။

သည်တော့မှ ရောက်ချူးရွှေတို့ သုံးယောက်မှာ သက်ပြင်းချနိုင်တော့သည်။

"ဟူး ... တော်သေးတာပေါ့၊ စောစောစီးစီး ပြီးသွားလို့၊ ကျမမှာကလဲ လက်နက်ပုန်း ကုန်တော့မယ်၊ နို့မဟုတ်ရင် မစဉ်းစားစရာပဲ'

ထန်ဖန်းက နှစ်လိုစဖွယ် ပြုံးရင်း ပြော၏။

ရန်သူအားလုံး ချုပ်ငြိမ်းသွားကြပြီ။

သူတို့ငါးယောက်လည်း အသီးသီး မြင်းပေါ်သို့ ခုန်တက်လိုက်ကြသည်။

တကိုယ်လုံးတွင် ရေမှုန်များ၊ ချွေးများဖြင့် ရွှဲရွှဲစိုနေကြသော်လည်း စိတ်လက်ပေါ့ပါးနေကြသည်။

မြစ်ပြင်တွင် ဖြတ်တိုက်လာသည့် လေပြည်ကြောင့် လန်းဆန်း ရွှင်လန်းနေကြသည်။

## အခန်း (၁၁)

ယန်စိုနယ်သည် တောတောင်ထူထပ်သော နယ်တနယ် ဖြစ်ပေသည်။

သဘာဝရှုခင်းများသည် လှပတင့်မောခြင်း၊ ရာသီဥတု သာယာခြင်းတို့ကြောင့် ဂုဏ်သတင်းလည်း ရှိလှပေသည်။

ရှောက်ချူးရွှေသည် ယန်စိုနယ်သို့ ဝင်ရောက်မိသည်နှင့် နဝမကောင်းကင် ပန်းချောင်းမြှားကို ပစ်လွှတ်လိုက်၏။

မြှားသည် လေပြင်ကို ထိုးခွဲတက်သွားပြီး အမြင့်ပေငါးဆယ် ခြောက်ဆယ်ခန့် ရောက်လျှင် ဝုန်းခနဲ ပေါက်ကွဲကာ မီးကျည်မီးပန်းများ ယှက်ဖြာထွက်သွား၏။

ဤနဝမမိုးကောင်းကင်ပန်းချောင်းမြှားသည် ပန်းချောင်းဓားဂိုဏ်း၏ အချက်ပြ ဆက်သွယ်ရေးကိရိယာ ဖြစ်ပေသည်။ ပန်းချောင်းဓားဂိုဏ်း၏ သားတပည့်များသည် ထိုမီးကျည်မီးပန်းကို တွေ့သည်နှင့် လုပ်လက်စ မည်သည့် အလုပ်ကိုမဆို ရပ်ဆိုင်းကာ လာရောက်ဆက်သွယ်ရပေသည်။

ထက်ဝင်းရွှဲက ရှောက်ချူးရွှေကို နားမလည်နိုင်စွာ ကြည့်ကာ...

'အကိုကြီး နေ့ခင်းကြောင်တောင် မီးရှူးမီးပန်းတွေ လွှတ်ပြီး ဘာလုပ်နေတာလဲ'

'အဲဒါ အချက်ပြ မီးပန်းကွ၊ ပန်းချောင်းဓားဂိုဏ်းရဲ့ အရေးပေါ် ဆက်သွယ်ရေး အချက်ပြ ပစ္စည်း သိရဲ့လား'

ကျိုချူးချောက်လန် ရယ်မောလျက် ဝင်ပြောသည်။

'အဲဒီ အချက်ပြက အသုံးကျလို့လား'

ထက်ဝင်းရွှဲ အမေးစကားကို ရှောက်ချူးရွှေက ဖြေပေးသည်။

'ဒီနေရာဟာ ယန်စိုနယ်ပဲ၊ ကွေးလင်နဲ့နီးနေပြီ၊ ကွေးလင်တဝိုက် ပန်းချောင်းဓားဂိုဏ်းက တပည့်တပန်းတွေ ဒီမီးရှူးမီးပန်းကို တွေ့တာနဲ့ မဖြစ်မနေ လာကြရတယ်၊ ပန်းချောင်းဓားဂိုဏ်းနဲ့ ခင်မင်ရင်းနှီးတဲ့သူတွေ မြင်းမိရင်လဲ လာတတ်ကြတာပဲ'

ရောက်ချူးရွှေ စကားဆုံးသည်နှင့် ဝေးလံသောအရပ်မှ လေချွန်သံရှည်တချက် ပေါ်ထွက်လာသည်။

'ဟော...ကြိုတဲ့သူ ရောက်လာပြီ'

ရောက်ချူးရွှေ ဝမ်းသာအားရ မှတ်ချက်ချသည်။

မကြာခင်မှာပင် ခပ်လှမ်းလှမ်းမှ မြင်းတကောင် ပြေးလွှားလာနေသည်ကို တွေ့လိုက်ကြရ၏။

မြင်းကြီးက ထွားကျိုင်း မြင့်မားလှသည်။

မြင်းပေါ်တွင် ထိုင်လျက် လိုက်ပါလာသူကမူ ပုပုသေးသေး။

မြင်း၏ ပြေးနှုန်းက လေထုကို ထိုးခွဲလာသလို မြန်ဆန်လှသည်။

မြင်းနောက်ဖက် ပြေးလမ်းတလျှောက်တွင် ဖုန်လုံးများက အလိပ်အလိပ်ထကာ ကျစ်ရစ်သည်။

မိမိရည်မှန်းရာ နေရာသို့ ရောက်ရှိရေးမှတပါး အခြားဘာကိုမျှ အလေးမထားပဲ ဂရုမစိုက်ဘဲ ပြေးလွှားလာသည်။

ထိုမြင်းသည် ရောက်ချူးရွှေတို့ ငါးယောက်ရှေ့သို့အရောက်တွင် မြင်းစီးသမားက ဇက်သတ်လိုက်သည်။

အရှိန်နှင့် ပြေးလာသော မြင်းမှာ ခြေလှမ်းတချက် ကျွံထွက်မသွား။

ဇက်သတ်သည်နှင့် သံပတ်ကုန်သော အရုပ်ပမာ တုံ့ခနဲ ရပ်သည်။

'တယ်ကောင်းတဲ့ မြင်းပါလား'

'တယ်ကောင်းတဲ့ လက်မောင်းအားပါလား'

ချူးနန်းကုနှင့် ထက်ဝင်းရွှဲတို့နှစ်ယောက် ပြိုင်တူပင် လွှတ်ခနဲ ချီးကျူးစကားဆိုလိုက်ကြ၏။

မြင်းပေါ်မှလူသည် ခြေသံမကြားရအောင် ခုန်ဆင်းလိုက်သည်။

မြေပြင်တွင် ဖိနပ်နှင့် တပြေးတည်း ချိုင့်ခွက်နှစ်ခွက် ဖြစ်နေ၏။

'တယ်လဲ ထူထပ်နက်ရှိုင်းတဲ့ အတွင်းအားပါလား'

ကျိုချူးချောက်လန် အံ့အားသင့်မှုကို မထိန်းနိုင်ဘဲ ပြောလိုက်မိ၏။

ရောက်ရှိလာသူ လူပုကလေးက ဘာကိုမျှ ဂရုမစိုက်။

ရောက်ချူးရွှေကိုသာ လက်သီးဆုပ် အရိုအသေ ပြုလိုက်၏။

ရောက်ချူးရွှေက ဝမ်းသာအားရဟန်ဖြင့်...

'မာကျင်ကျုံး၊ ခင်ဗျားက ပန်းချောင်းဓားဂိုဏ်းမှာ ရှိနေသေးတာကိုး'

လူပုကလေးက ရယ်မောလိုက်ကာ..

'ကျုပ်အသက်ရှင်နေရင် ပန်းချောင်းဓားဂိုဏ်းကလူပဲ၊ ကျုပ်အသက်သေရင် ပန်းချောင်းဓားဂိုဏ်းမှာ သရဲ ဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့ ပန်းချောင်းဓားဂိုဏ်းမှာ မရှိရမှာလဲ၊ ကျုပ်တို့ ထပ်ဆုံကြရပြန်ပြီနော် သခင်လေးရောက်'

ထက်ဝင်းရွှဲမှာ မာကျင်ကျုံးဆိုသော အမည်ကြောင့် ရှေ့သို့ လှမ်းတက်သွားကာ မျက်နှာထား ခက်ထန်တင်းမာစွာဖြင့်...

'ခင်ဗျားက ရေသောက်မြစ်မြေမကွာ မာကျင်ကျုံးလား'

လူပုကလေးက ထက်ဝင်းရွှဲဘက်သို့ လှည့်ကာ အေးတိအေးစက် လေသံဖြင့် ပြန်ဖြေသည်။

'ဟုတ်တယ်၊ ရေသောက်မြစ်မြေမကွာ မာကျင်ကျုံးဆိုတာ ငါပဲ၊ မင်းက ဘာကိစ္စရှိလို့လဲ'

'ကွေးလင်ပန်းချောင်းဓားဂိုဏ်းခွဲက အသက်ကိုးချောင်းစီမံရေးမှူး ရေသောက်မြစ်မြေမကွာ မာကျင်ကျုံးလား'

'ဟုတ်တယ်၊ မင်းဘာလုပ်ချင်လို့လဲ'

မာကျင်ကျုံး စိတ်မရှည်စွာ ပြောသည်။

ထက်ဝင်းရွှဲက မာကျင်ကျုံး၏ ပခုံးကို ပုတ်၍ လက်ကို ဝမ်းသာအားရ ဆွဲယမ်းပြီးလျှင်...

'ဟေး..ဟေး...ဟေး..ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ခင်ဗျားကို ကျုပ်ပေါင်းသင်းမယ်'

မာကျင်ကျုံး ကြောင်တောင်တောင် ဖြစ်သွား၏။

ရောက်ချူးရွှေက ထက်ဝင်းရွှဲ၊ ထန်ဖန်း၊ ကျိုချူးချောက်လန်နှင့် ချူးနန်းကုတို့အား မာကျင်ကျုံးနှင့် မိတ်ဆက်ပေး၏။ မာကျင်ကျုံး တယောက်ချင်း အသိအမှတ်ပြု နှုတ်ဆက်ပြီးလျှင်...

'သခင်လေးရောက်၊ အရေးပေါ် နဝမမိုးကောင်းကင် ပန်းချောင်းမြား ပစ်လွှတ်တာ ဘာအရေးကိစ္စရှိလို့လဲ'

ရောက်ချူးရွှေက သြဇာအာဏာဂိုဏ်းက ရောက်ဂေဟာကို ဝန်းရံတိုက်ခိုက်ပုံ၊ ထန်တာ့၊ ကျန်လိန်ယိ၊ ရောက်တုံးကွမ်းတို့ လုပ်ကြံခံရပုံ၊ ခန်းချွတ်ယီ၊ ခန်းကျီစင်းနှင့် စင့်ဟူချူးတို့ သစ္စာဖောက်ကြပုံမှ အစပြုကာ သူတို့တတွေ အကျန်းမြစ်ကို ထိုးဖောက်ကျော်ဖြတ်ပြီး ယန်စို့နယ်ထဲသို့ ရောက်လာခဲ့ပုံများအား အသေအချာ ပြောဆိုရှင်းပြသည်။

မာကျင်ကျုံးမှာ နားထောင်ရင်းမှ တဖြည်းဖြည်း အကြည့်ရဆိုးလောက်အောင်ပင် မျက်နှာပျက်လာသည်။

ရောက်ချူးရွှေ စိတ်ထဲတွင် တမျိုးတမည် ဖြစ်ကာ...

'ကွေးလင်မှာကော ဦးလေးမုံတို့ ရန်သူနဲ့ ဆုံကြသေးသလား'

မာကျင်ကျိုး ဣန္ဒြေပြန်ဆယ်လိုက်သည်။

'ဟင့်အင်း၊ ရန်သူနဲ့တော့ မတွေ့ဆုံပါဘူး၊ ဒါပေမယ့် ကျုပ်တို့ ဆရာမုံဆီကို အမြန်ဆုံး အကြောင်းကြားရလိမ့်မယ်၊ ချန်တူးမြို့ ပန်းချောင်းဓားဂိုဏ်း ဌာနချုပ်ကို မလွဲမသွေ ကယ်တင်ရလိမ့်မယ်'

'ကောင်းပြီ၊ ဒါနဲ့ ကျနော် ချန်တူးမှာ ရှိနေတုန်းက ခင်ဗျား ပန်းချောင်းဓားဂိုဏ်းက နုတ်ထွက်သွားတယ်လို့ ကြားခဲ့ရတယ်၊ အခု ခင်ဗျားက ဆက်ရှိနေသေးတော့ ကျုပ်တကယ်ကိုပဲ ဝမ်းသာမိပါတယ်'

မာကျင်ကျိုး မျက်လုံးထဲတွင် ဒေါသရောင် တောက်လာ၏။

'ဒါ တမင်သက်သက် ဩဇာအာဏာဂိုဏ်းက လုပ်ကြံ သတင်းဖြန့်တာပဲ၊ သူတို့က အစောကြီးကတည်းက ပန်းချောင်းဓားဂိုဏ်းကို ဖြိုခွဲဖို့ အကွက်ချထားတာပဲ၊ ကျုပ်တို့အချင်းချင်း စိတ်ဝမ်းကွဲအောင် သွေးထိုးပရိယာယ်ဆင်တဲ့ စကားတွေပါ၊ ကျုပ်ရောက်ဂေဟာမှာ ဆယ့်နှစ်နှစ်ကြာအောင် နေလာခဲ့တယ်၊ ကျုပ်အသက် နှစ်ဆယ်အရွယ်လောက်ကတည်းက ဘဘရောက်နဲ့ ဆရာမုံတို့ မြေတောင်မြှောက်မပေးခဲ့ရင် သိုင်းလောကမှာ ကျုပ်အတွက် နေရာရှိပါ့မလား'

မာကျင်ကျိုးသည် တကယ်ပင် စိတ်ခံစားနေရဟန်တူ၏။

ပြောရင်းမှ မျက်ရည်များ ရစ်ဝဲလာခဲ့သည်။

'အခုရက်ပိုင်းအတွင်းမှာ သိုင်းလောကဟာ ဩဇာအာဏာဂိုဏ်းရဲ့ စိတ်ဝမ်းခွဲ အကောက်ကြံတာကို ခံနေခဲ့ရပြီ၊ ကွာချန်းဂိုဏ်း၊ ခုံတုံဂိုဏ်းနဲ့ စီးကွမ့်မိသားစုတို့ ဖြိုခွဲသိမ်းသွင်းခံလိုက်ရပြီ'

ရောက်ချူးရွှေ ထခုန်မိမတတ် ဖြစ်သွား၏။

'ဟင်...ဒီလောက်များတဲ့ ဂိုဏ်းတွေ ဖြိုခွဲခံရတယ် ဟုတ်လား'

'ဒါတွင် ဘယ်ကမလဲ၊ ကောက်ဆန်းဂိုဏ်းလဲ အကုသိုလ် ဝင်ခဲ့ရတာပဲ၊ ဖူကျန့်ရောင်လင်ဂိုဏ်းဟာ အရပ်ရပ်က ရောင်လင်ဂိုဏ်းတပည့်တွေ ကယ်တင်တာ မရှိခဲ့ရင် မစဉ်းစားရဲအောင် အခြေအနေဆိုးလိမ့်မယ်၊ ကျားငါးကောင်ဖိန်ဂိုဏ်း၊ ထင်းချန်ဂိုဏ်း၊ မီးခိုးရောင်အင်္ကျီဂိုဏ်း၊ နံ့ကောင်ဂိုဏ်းတွေဟာလဲ ဩဇာအာဏာဂိုဏ်းလက်အောက်ကို ဝင်သွားတယ်၊ သံအင်္ကျီဂိုဏ်းနဲ့ ဟင်ဆန်းတောင်ဂိုဏ်းကတော့ အညံ့ခံလိုက်ကြတယ်၊ ခုခံကာကွယ်ကြတဲ့ ပြည်မကြီးအာမခံ သယ်ယူပို့ဆောင်ရေးဌာန၊ ဟွမ်ဆန်းတောင်ဂိုဏ်း၊ သွေးတံဆိပ်ဂိုဏ်း၊ ချန်လုံဂိုဏ်း၊ ကြားနေဂိုဏ်းတို့တော့ အဖြိုခွဲခံကြရပြီးပြီ'

ကျိုချူးချောက်လန်က မျက်စိပျက် မျက်နှာပျက်ဖြင့်...

'ဒီလိုဆို ဩဇာအာဏာဂိုဏ်းက သိုင်းလောကကို တဦးတည်း စိုးမိုးအုပ်ချုပ်ချင်တာ အမှန်ပဲပေါ့'

'ဟုတ်တယ်၊ အခုသိုင်းလောကသားတွေက ရောင်လင်ဂိုဏ်းနဲ့ ဂူတန်းဂိုဏ်းကို ခေါင်းဆောင်အဖြစ် တင်မြှောက်ပြီး ဩဇာအာဏာဂိုဏ်းကို စုပေါင်းချေမှုန်းကြလိမ့်မယ်၊ ဒါပေမယ့် စီစဉ်တိုင်း အဖျက်ဆီးခံရလို့ မအောင်မြင်သေးဘူး၊ တောင်ပင်လယ် ဟိုင်နန်ဂိုဏ်းချုပ် တိန်ယိဖိန်နဲ့ ထန်မိသားစုက ကိုယ်တော်လေးနှစ်ယောက် ဒီရက်တွေမှာ ကွေးလင်မှာ ရောက်နေကြတယ်၊ ဆရာကြီးမုံ၊ ကိုယ်တော်ကြီး ရောက်ယိလင်တို့နဲ့ ဒီအကြောင်းတွေ တိုင်ပင်ဆွေးနွေးနေကြတယ်'

'ဒါဆို ကျုပ်တို့ ဘာလို့ အချိန်ဆွဲနေတော့မလဲ၊ မြန်မြန် သွားကြတာပေါ့'

ချူးနန်းကုက စကားစဖြတ်သည်။

မာကျင်ကျိုး မြင်းပေါ်သို့ ခုန်တက်လိုက်၏။

မြေကြီးပေါ်တွင် ဖိနပ်ရာနှစ်ခုက ထင်းခနဲ ကျန်ရစ်သလို မြင်းပေါ်တွင်လည်း သံနှင့် ရိုက်ထားသကဲ့သို့ မြဲမြဲ ထိုင်နေသည်။

'ကဲ...အခုပဲ သွားကြစို့'

မာကျင်ကျိုးက ပြောသည်။

ထက်ဝင်းရွှဲ့မှာ မာကျင်ကျိုး၏ လှုပ်ရှားပုံကို ကြည့်ပြီး စိတ်မထိန်းနိုင်ဘဲ ချူးနန်းကု အနားသို့ကပ်ကာ တီးတိုးလေသံဖြင့်...

'ဒီလူ ငယ်ငယ်တုန်းက အမြင့်ကနေ ခဏခဏ လိမ့်ကျဖူးမယ်၊ ခဏခဏ ချော်လဲဖူးလိမ့်မယ်၊ ဒါကြောင့် ခြေလှမ်းတိုင်းလိုလို မြေကြီးက မကွာအောင် ရေသောက်မြစ်အတိုင်း ကျင့်ကြံနေတာ'

'ဟုတ်တယ်၊ ဒီလိုပဲ ဖြစ်ရမယ်၊ ငါကတော့ သူ့ဘွဲ့အမည်ကို ရိုက်သံလို့တောင် ပြောင်းခေါ်ချင်တယ်'

ချူးနန်းက ပြန်ပြောသည်ကို ရောက်ချူးရွှေ အမှတ်မထင် ကြားလိုက်ရသည်။ ပေါ့ပေါ့ပါးပါးပင် ရယ်လိုက်ကာ...

'မှန်တယ်၊ တို့သူ့ကို ရိုက်သံလို့ပဲ ခေါ်တယ်၊ ဘယ်သူမဆို သူလိုက်တာခံရရင် ပြေးမလွတ်တော့ဘူး၊ ဘယ်အရာမဆို သူ့ရဲ့ လက်နဲ့ဖမ်းဆုပ်တာခံရရင် မလွတ်နိုင်ဘူး၊ ဘယ်နေရာမဆို သူ့ခြေထောက်တစုံနဲ့ သံရိုက်ထားရင် ဆွဲမနုတ်နိုင်ဘူး'

ချူးနန်းက ငြိမ်နားထောင်နေသည်။

ရောက်ချူးရွှေက ဆက်လက်၍..

'သူဟာ တို့ပန်းချောင်းဓားဂိုဏ်းရဲ့ အသက်ကိုးချောင်း စီမံရေးမှူးပဲ၊ ညမြေခွေးတို့ လူတသိုက်နဲ့ တိုက်ခိုက်ခဲ့ဖူးတယ်၊ ရှုံးနိမ့်ပေမယ့် မသေဘူး၊ မိုးဘုရင်ကြီးကျူးနဲ့လဲ တိုက်ခိုက်ခဲ့တယ်၊ ဒဏ်ရာရပြီး မသေဘူး၊ ဒီလို အခြေအနေဆိုးမျိုး ရင်ဆိုင်ပြီး အသက်ရှင်နေနိုင်တာ သူတယောက်ပဲ ရှိသေးတယ်'

လူခြောက်ယောက်စလုံး မြင်းပေါ်တွင် အသင့်ရှိနေကြပြီ။

မာကျင်ကျုံးက ဦးဆောင်ကာ ရှေ့ဆုံးမှ စီးနင်းထွက်သွား၏။

မြင်းခြောက်စီးက လေအဟုန်စီးကာ လွင့်ပျံသွားသည့် ငှက်ကြီးခြောက်ကောင်အလား တဟုန်ထိုး ပြေးလွှားနေသည်။

လင်ကွေ့မြို့ ဆင်ခြေဖုံးနေရာတခုသို့အရောက်တွင် မာကျင်ကျုံးက သူ့မြင်းကို ဇက်သတ်ရပ်လိုက်သည်။

ကျန်မြင်းများသည်လည်း သူ့နည်းတူ ရပ်လိုက်ကြသည်။

မာကျင်ကျုံးက မြင်းပေါ်မှ မဆင်းသေးဘဲ...

'ဒီနေရာဟာ ရှုခင်းတွေ သိပ်ကို သာယာလှပလွန်းတယ်၊ လက်ဖက်ရည်ကြမ်းလေးဘာလေး သောက်ပြီးမှ ခရီးဆက်ရရင် မကောင်းဘူးလား'

ရောက်ချူးရွှေ စိတ်မသက်မသာပင် ပြုံးလိုက်သည်။

'ရှုခင်းသာယာလဲ ကျနော်တို့စိတ်ကို ဆွဲဆောင်နိုင်မှာ မဟုတ်ပါဘူးဗျာ၊ ကွေ့လင်ကိုပဲ မြန်မြန် ရောက်ချင်လှပါပြီ'

'ကျုပ်တို့ မနားချင်ပေမယ့် မြင်းကိုတော့ အနားပေးသင့်ပါတယ် ကိုယ်တော်လေး၊ ပြီးတော့ ကျုပ်ရဲ့ ဇာတိနေအိမ်ကလဲ ဟောဒီမှာ ရှိနေပါတယ်'

မာကျင်ကျုံးတယောက် ခရီးတထောက် နားခိုက် မိမိအိုးအိမ်သို့ ပြန်လိုကြောင်း ရောက်ချူးရွှေတို့ နားလည်သဘောပေါက်သွားမိကြသည်။

စစ်ရေးစစ်သွေး တက်ကြွလွန်းသော စစ်သေနာပတိချုပ်သည်ပင် စစ်သားစစ်ဗိုလ်တယောက်ကို စစ်မထွက်ခင် မိမိဇာတိမြေသို့ ပေးပြန်သင့်ပေသည်။

ယခု ချန်တူးမြို့ ပန်းချောင်းရောက်ဂေဟာ၏ အန္တရာယ်ကို သွားရောက်ဖြေရှင်းရာတွင် မိမိဇာတိမြေသို့ ပြန်ရောက်နိုင်မလား၊ မရောက်နိုင်ဘူးလားဆိုတာ ဘယ်သူမှ မဝေခွဲ မခန့်မှန်းတတ်။

ယခုလို အလှဉ်းသင့်သည့် အချိန်တွင် မာကျင်ကျုံး၏ တောင်းဆိုချက်ကို ကျေကျေနပ်နပ် လိုက်လျောသင့်ပေသည်။

'ဆရာမာကျင်ကျုံး ရှင့်ဇာတိနေရာက ဘယ်နေရာလောက်မှာ ရှိသလဲ'

ထန်ဖန်းက မေးသည်။

မာကျင်ကျုံးက ရှေ့သို့ လက်ညှိုးညွှန်ပြကာ...

'ဒီအနီးအနားတဝိုက်မှာပါပဲ၊ ဒီကနေ လျှောက်သွားရင် တံတားကျော်တာနဲ့ ရောက်ပါလိမ့်မယ်၊ ပြီးတော့ ကျုပ်မိန်းမလဲ အိမ်မှာရှိနေတယ်၊ ကျုပ်ပြန်လာမယ်ဆိုတာသိလို့ ဟင်းလျာအနည်းအကျဉ်းလဲ ချက်ထားပါလိမ့်မယ်'

ရောက်ချူးရွှေက သူ့လူများကို အကဲခတ်ကြည့်လိုက်သည်။

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့မှာ ဆာလောင်နေသည့်အသွင် ပေါ်လွင်နေသည်။

ကျိုချူးချောက်လန်ကမူ လိုက်သွားကြရအောင် ဟူသော မျက်နှာရိပ် မျက်နှာပေးပြသည်။

'ကဲ...ဒါဆိုရင် ကျုပ်တို့ ခဏတဖြုတ်လောက်တော့ ဝင်ပြီး အနားယူ လက်ဖက်ရည်ကြမ်းလေး ဘာလေးသောက်ကြတာပေါ့'

ရောက်ချူးရွှေ၏ ခွင့်ပြုချက်ရလျှင် မာကျင်ကျုံးက မြင်းပေါ်မှဆင်းကာ ဇက်ကြိုးဆွဲပြီး သစ်သားတံတားဆီသို့ လျှောက်သွားသည်။

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့နှစ်ယောက်က နောက်မှလိုက်ပြီး ရောက်ချူးရွှေနှင့် ထန်ဖန်းတို့နှစ်ယောက်က နောက်ဆုံးမှ လိုက်သည်။

တံတားလေးအောက်တွင် ကြည်လင်သော ရေများက တငြိမ့်ငြိမ့် စီးဆင်းနေသည်။

ချောင်းရိုးကလေးတခုဖြစ်သဖြင့် သိပ်မကျယ် တံတားလည်း သိပ်မရှည်။

တံတားကို ကျော်ဖြတ်လိုက်လျှင် ပျဉ်ထောင်အိမ်ကလေး တလုံးကို တွေ့ရ၏။

အိမ်တွင်းမှ ချက်ပြုတ်၊ ကြော်လှော်သည့် အနံ့နှင့် မီးခိုးငွေ့များက တလူလူထွက်နေသည်။

မာကျင်ကျုံးက တံခါးတွန်းဖွင့်လိုက်သည်နှင့် ဝတ်စုံစိမ်းဝတ် မိန်းမတယောက်ကို တွေ့လိုက်ရသည်။

'ရှင်ပြန်လာပြီလား'

'အေး...ခုချက်ချင်း ပြန်ထွက်သွားရဦးမှာ'

မာကျင်ကျုံး၏ အဖြေစကားကြောင့် ဝတ်စုံစိမ်းဝတ် အမျိုးသမီး ဆတ်ခနဲ တချက်တုန်ယင်သွားသည်။

သို့သော် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်သဖြင့် သူ့အမူအရာ ပျက်သွားသည်ကို မည်သူမျှ မသိလိုက်။

ရောက်ချူးရွှေတို့ လူသိုက်ကို ဝေ့ကြည့်လိုက်ပြီး...

'ဒါဆို ရှင်တို့အတွက် ကျမညစာထမင်းစားပွဲ အခုချက်ချင်း ပြင်ပေးလိုက်မယ်လေ'

'အေးအေးဆေးဆေးသာ လုပ်ပါ၊ ကျနော်တို့ ညစာစားပြီးမှ ဖြည်းဖြည်းပဲ သွားကြမှာပါ'

ရောက်ချူးရွှေက ကပျာကယာ ဝင်ပြောသည်။

မာကျင်ကျုံး၏ ဇနီးသည် မျက်နှာကလေး ညှိုးနွမ်းနေသည်။

သို့သော် စားပွဲသောက်ပွဲများအတွက်မူ အလျှင်အမြန်ပင် စီစဉ်၏။

လင်သားကို တခဏသာတွေ့ရပြီး ထပ်ခွဲခွာရဦးမည်ဆိုတော့ သူမရင်ထဲ နင့်နင့်နဲနဲ ခံစားနေရဟန် တူသည်။

တဖန် ရင်ထဲတွင် ရင်သွေးငယ်ကလေး ပိုက်ထွေးထားရပြန်သဖြင့် စိတ်ထင့်မည်ဆိုလျှင် ထင့်စရာပင်။

ထန်ဖန်းသည် စိတ်မကောင်းစရမြင်ကွင်းကြောင့် မျက်ရည်ကလေးများပင် ဝေ့ဝဲလာရသည်။

မာကျင်ကျုံးသည် ရောက်ချူးရွှေတို့အား တဖက်မှ ဧည့်ခံသလို တဖက်မှ မီးခိုချောင်ထဲရှိ ဇနီးသည်ထံသို့ လှမ်းလှမ်းကြည့်တတ်သည်။

ဇနီးသည်အား စိတ်မချ ကြည့်မဝသည့် သဘောပင်တည်း။

ဇနီးသည်ဖြစ်သူက ဟင်းလျာနှစ်ပွဲလာချပေးလျှင် ထက်ဝင်းရွှဲက....

'ငရုတ်သီးစိမ်း မရှိဘူးလား၊ ကျုပ်က ငရုတ်သီးစိမ်း မပါရင် ထမင်းမစားတတ်ဘူး'

ချူးနန်းကုကလည်း...

'ကဲ...အကိုကြီး မာကျင်ကျုံး၊ ခင်ဗျားပဲ မီးဖိုချောင်ထဲသွားပြီး ငရုတ်သီးစိမ်း ယူပေးစမ်းပါဦး၊ အေးအေးဆေးဆေးမှ ပြန်လာလဲ ရပါတယ်'

'ဟုတ်တယ်...ဟုတ်တယ်၊ ကျနော့်သူငယ်ချင်းနှစ်ယောက်က ထူးထူးဆန်းဆန်း အကျင့်ရှိတယ်၊ ခင်ဗျား သွားယူပေးလိုက်ပါ'

ရောက်ချူးရွှေကပါ ထောက်ခံသည့်စကားမျိုး ဝင်ပြောသည်။

မာကျင်ကျုံး သူတို့ကို တခဏကြည့်ပြီး မီးဖိုချောင်ထဲသို့ ခြေလှမ်းကျဲကြီးဖြင့် ထွက်ခွာသွားသည်။

မီးဖိုချောင်ထဲမှ ဟင်းလျာနံ့များက မွှေးကြိုင်စွာ ထွက်ပေါ်လာသည်။

မာကျင်ကျုံး မီးဖိုချောင်ထဲ ဝင်သွားမှ ထက်ဝင်းရွှဲ ချူးနန်းကုကို မျက်စိမှိတ်ပြသည်။

ချူးနန်းကုက ကျိုချူးချောက်လန်ကို မေးငေါ့ပြ၏။

ကျိုချူးချောက်လန်က ထန်ဖန်းကို ခေါင်းညိတ်ပြသည်။

ထန်ဖန်းက ရောက်ချူးရွှေကို ရယ်ပြ၏။

ထိုအရယ်အပြုံးတွင် အဓိပ္ပါယ်တို့ဖြင့် ပြည့်လျှံနေသည်။

ဟင်းလျာများ တမျိုးပြီးတမျိုး ရောက်လာသည်။

ရောက်ချူးရွှေတို့မှာ မာကျင်ကျုံးနှင့် သူ့ဇနီးသည်တို့ လိုက်ပွဲအလျှင်မမီအောင်ပင် စားပစ်လိုက်ကြသည်။

လင်မယားနှစ်ယောက်မှာ မီးဖိုချောင်ထဲမှ မထွက်ရတော့။

မာကျင်ကျုံး၏ဇနီးသည် ဟင်းလိုက်ပွဲတပွဲ လာအပို့တွင် ထန်ဖန်းက ရုတ်တရက် မေးသည်။

'မာကတော်ရဲ့ အမည်က အို့ရန်အမျိုး စန်းယိလို့ ခေါ်ပါသလား'

မာကျင်ကျုံး၏ ဇနီးသည်မှာ တအံ့တသြဖြစ်ကာ ငေးကြောင်သွားမိသည်။

မာကျင်ကျုံးက မီးဖိုချောင်ထဲမှ ထွက်လာကာ...

'ဟုတ်တယ်၊ သူက သိုင်းလောကထဲမှာ မူးယစ်ဆေးနတ်မိမယ်ဆိုတဲ့ ဘွဲ့ရခဲ့တဲ့ အို့ရန်စန်းယိပဲ'

ထန်ဖန်းက နှစ်လိုဖွယ် ရယ်လိုက်ရင်း…

'တချိန်တုန်းက အဖြူရောင်ဂိုဏ်း၊ အနက်ရောင်ဂိုဏ်းတွေရဲ့ နာမည်ကို တုန်လှုပ်စေခဲ့တဲ့ အမျိုးသမီး အို့ရန်စန်းယိက အခုတော့ မာကတော်ဖြစ်ပြီး မီးဖိုချောင်ထိန်းတဲ့ အိမ်ရှင်မကောင်းတယောက် ဖြစ်နေပြီးကိုး၊ ကျမတို့ မလေးမစားရှိခဲ့ရင် ခွင့်လွှတ်ပါ'

အို့ရန်စန်းယိ ဘာမှပြန်မပြောဘဲ မျက်နှာကလေးဝုက်ကာ မီးဖိုချောင်တွင်းသို့ ပြန်ဝင်သည်။

မာကျင်ကျုံးကသာ ရောက်ချူးရွှေတို့ တဝက်ကျော်ကျော် စားသောက်ပြီးသော ဟင်းလျာပွဲများကို ကြည့်ကာ မျက်နှာ ညှိုးမှိုင်းသွားသည်။

တုန်ယင်သော လေသံဖြင့်…

'သခင်…သခင်လေးရောက်၊ ကျုပ်..ကျုပ် မာကျင်ကျုံး သေသင့်ပါတယ်၊ သခင်လေးရောက် အပေါ်မှာ ကျုပ်မကောင်းတာ ရှိခဲ့ရင် နောင်ဘဝမှာ မြေခံပြီး ကျေးဇူးဆပ်ပါ့မယ်'

မာကျင်ကျုံး၏ အဆက်အစပ်မရှိသော စကားကြောင့် ရောက်ချူးရွှေ အံ့အားသင့်သွားမိသည်။

'နောင်ကြီး မာကျင်ကျုံး၊ ခင်ဗျား ဘာပြောလိုက်တာလဲ၊ ဘာအဓိပ္ပါယ်နဲ့ ဒီစကားမျိုး ပြောရတာလဲ'

မာကျင်ကျုံး ဆို့နင့်ကြေကွဲသည့် အပြုံးမျိုး ပြုံးလိုက်၏။

'သခင်လေးရောက်၊ ကျုပ်…ကျုပ်ဟာ မလွဲမရှောင်သာတဲ့ အလုပ်တခုကို လုပ်လိုက်မိတယ်၊ ခင်ဗျားတို့ စားတဲ့ ဟင်းထဲမှာ သုံးရက် မူးမေ့သွားစေနိုင်တဲ့ ဆေးမှုန့်တွေ ခပ်ထားတယ်'

'ဘာ…'

ရောက်ချူးရွှေ အာမေဋိတ်သံတချက် ထွက်လိုက်နိုင်သည်။

ရုတ်တရက် ကြမ်းပြင်ပေါ်သို့ မှောက်လျက် လဲကျသွား၏။

ချူးနန်းကု၊ ထန်ဖန်း၊ ထက်ဝင်းရွှဲ့နှင့် ကျိုချူးချောက်လန်တို့လည်း အသီးသီး ရှေ့ဆင့်နောက်ဆင့် မူးမေ့လဲကျသွားတော့သည်။

မာကျင်ကျုံး စိတ်မကောင်းစွာ ကြည့်လိုက်ပြီး…

'မင်းတို့ဟာ တကယ်တော့ ဩဇာအာဏာဂိုဏ်းနဲ့ ရန်မူဖို့ မသင့်ဘူး၊ တို့ဟာလဲ သိုင်းလောကရဲ့ နံပါတ်တစ်ဂိုဏ်းကြီးကို ဖြိုခွင်းနိုင်မှာ မဟုတ်ဘူး၊ မင်းတို့ကို မလွဲမရှောင်သာလို့ ဒီလိုလုပ်လိုက်ရတာ ခွင့်လွှတ်ပါ'

မာကျင်ကျုံး တွေတွေကြီး ငိုင်နေသည်။

အို့ရန်စန်းယိ မီးဖိုချောင်ထဲမှ ထွက်လာသည်။

အတုံးအရုံးလဲကျနေကြသော ရောက်ချူးရွှေတို့ လူသိုက်ကို ကြည့်ကာ နှုတ်ခမ်းကို သွားဖြင့် ကိုက်လိုက်သည်။ သူ့မျက်နှာပြင်မှာ ဖြူဆွတ်နေသည်။

နှုတ်ခမ်းမှားက တဆတ်ဆတ်တုန်နေသည်။

မျက်ဝန်းအိမ်တွင် မျက်ရည်ကြည်များ ဝန်းခိုလာကြသည်။

'အကိုကျင်ကျုံး၊ ရှင်…ရှင် ကျမအတွက်နဲ့ ဒီလိုလုပ်လိုက်ရတာ ကျမသိတယ်၊ ဒါ..ဒါပေမယ့် ရှင်မလုပ်သင့်ဘူး'

မာကျင်ကျုံးက ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါသည်။

'မတတ်နိုင်ဘူးလေ၊ ငါလုပ်ခဲ့မိပြီးပြီပဲ'

'ဒါကောင်းတဲ့ အလုပ်မဟုတ်ဘူး၊ သူတို့မသေဘဲ ကျမသေသွားတာမှ ပိုကောင်းလိမ့်ဦးမယ်'

'မင်းမသေရဘူး၊ မင်းသေလို့မရဘူး၊ မင်းဗိုက်ထဲမှာ တို့ရဲ့ မျိုးဆက်ရင်သွေးလေး ရှိနေပြီ၊ တို့တခေတ်မှာ မကောင်းမှုကို ကျူးလွန်မိခဲ့ပေမယ့် တို့ရဲ့ မျိုးဆက်ခေတ်ကျရင် ကျေးဇူးပြန်ဆပ်ခိုင်းရမယ်၊ ကောင်းမြတ်တဲ့ လုပ်ရပ်တွေ လုပ်ခိုင်းရမယ်'

အို့ရန်စန်းယိ မျက်လုံးတွင် မျက်ရည်များ လျှံကျလာပြီ။

'အကိုရယ်၊ ရှင့်စိတ်ဓာတ်ကို ကျမနားလည်ပါတယ်၊ ကျမနဲ့ ကျမတို့ ရင်သွေးလေးအပေါ် ရှင်ဘယ်လောက် ချစ်တယ်၊ ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ ကျမသိပါတယ်၊ ဒါပေမယ့်…'

'ရှင်မရယ်…မင်းစိတ်ဆင်းရဲအောင် မနေပါနဲ့၊ ဘာမှလဲ တွေးမနေနဲ့၊ ငါကိုယ်တိုင်လဲ စိတ်ထဲမှာ တနုံ့နုံ့နဲ့ ခံစားနေရပါတယ်၊ တို့ဟာ အကျပ်ကိုင်ခံရပြီး နီးရာဓား ကြောက်ခဲ့ရတာ မဟုတ်လား'

'အခုတော့ ရှင်သူတို့ခိုင်းတဲ့အတိုင်း မလုပ်လို့ မရတဲ့ အခြေအနေ ဖြစ်သွားပြီ၊ ရှင်သူတို့ကို ဘယ်လို ဆက်လုပ်မလဲ'

'ယုဖုမှာရှိတဲ့ ဩဇာအာဏာဂိုဏ်း ဌာနခွဲကို သွားပို့ရမယ်'

'သူတို့က လူငါးယောက်တောင်ဆိုတော့ ဘယ်လိုပို့မလဲ'

'မြင်းလှည်းနဲ့ တင်သွားမယ်လေ၊ ဘာမှပြဿနာ မရှိပါဘူး'

မာကျင်ကျုံးက ဇနီးသည်၏ ပါးပြင်မှ မျက်ရည်စများကို လက်ညှိုးကလေးဖြင့် တို့သုတ်ပေးနေသည်။

ထိုစဉ်...

'မြင်းလှည်းပေါ်တင်လိုက်ရင် အလုပ်မရှုပ်ဘူးလား'

'ကျုပ်တို့ကိုယ်တိုင် ခြေလျင် လျှောက်သွားရင် အချိန်လဲ သက်သာ အင်အားလဲမကုန် ပိုမကောင်းဘူးလား'

'ပိုကောင်းတယ်၊ ခက်တာက ဗိုက်ထဲမှာ အစာမရှိတော့ လမ်းလျှောက်လို့ သိပ်မကောင်းဘူး'

စကားများက အစီအရီ ပေါ်ထွက်လာသည်။

ပထမ ပြောလိုက်သူက ရှောက်ချူးရွှေ၊ နောက်ချူးနန်းကု၊ နောက်ဆုံးပြောလိုက်သူက ထက်ဝင်းရွှဲတို့ ဖြစ်ကြသည်။

စကားသံနှင့်အတူ လဲကျနေသူ ငါးယောက်လုံး ပြန်ထလာခဲ့ကြသည်။

မာကျင်ကျုံး အကြီးအကျယ် ထိတ်လန့်အံ့အားသင့်သွား၏။

အို့ရန်စန်းယိက ဣန္ဒြေမဆယ်နိုင်အောင် မျက်နှာပျက်သွားသည်။

စိတ်မထိန်းနိုင်ဘဲ...

'ရှင်...ရှင်...ရှင်တို့ ဟို...ဟိုဟင်းတွေကို စားလိုက်တယ် မဟုတ်လား'

သူ့အဆိပ်ဆေးခတ်ထားသည့် ဟင်းကို စားပါလျက် ဘာမျှ မဖြစ်ကြသဖြင့် အို့ရန်စန်းယိက တအံ့အဩ မေးလိုက်ခြင်း ဖြစ်၏။

'စားလို့ရရင်တော့ သိပ်ကောင်းတာပေါ့၊ မစားခင်မှာ ထန်ဖန်းက အဆိပ်စမ်းတဲ့ ငွေဆံထိုးနဲ့ စမ်းကြည့်တယ်လေ၊ဟဲ..ဟဲ...ငွေဆံထိုးက မည်းမသွားပေမယ့် မီးခိုးရောင် သမ်းသွားတယ်၊ အဆိပ်မပြင်းဘူးဆိုတာတော့ သိလိုက်တာပေါ့'

'ခင်ဗျားတို့ ဟင်းတွေကို ကျုပ်တို့က စားဟန်ဆောင်ပြီး အင်္ကျီစတွေထဲ ထည့်ပစ်လိုက်တယ်၊ ခင်ဗျားတို့ ဘာလုပ်မယ်၊ ဘယ်လိုစီစဉ်မယ်ဆိုတာကို သိချင်လို့ မူးမေ့လဲကျသွားဟန်ဆောင်ခဲ့ကြတာပဲ'

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့နှစ်ယောက်က တယောက်စီ အလှည့်ကျ ပြောသည်။

သူတို့၏အသွင်က ဝင့်ဝင့်ကြွားကြွား ရှိနေသည်။

သူတို့သည် ခရီးစဉ်တလျှောက်လုံး အစားအသောက် စားခါနီးတိုင်း ထန်ဖန်းက ငွေဆံထိုးကလေးဖြင့် အဆိပ်ရှိမရှိ စမ်းသပ်ကြည့်ခဲ့ကြသည်။

ယနေ့ ဟင်းလျာများကို စမ်းသပ်နိုင်စေရန် မာကျင်ကျုံးအား ငရုတ်သီးစိမ်းတောင်းသည့် အနေနှင့် မီးဖိုချောင်ထဲသို့ သွားအောင် ဥပါယ်တံမျဉ် ကြံလိုက်ကြခြင်း ဖြစ်သည်။

မာကျင်ကျုံး စကားမပြော။

ငိုင်တွေနေရာမှ ရုတ်တရက် စားပွဲကို ခြေထောက်ဖြင့် ကန်သည်။

စားပွဲခုံက ထက်ဝင်းရွှဲကို ဝင်ဆောင့်သည်။

တဆက်တည်းပင် ကိုယ်ကိုလှည့်ကာ အို့ရန်စန်းယိအား အပြင်ဘက်သို့ တွန်းထုတ်လိုက်သည်။

'ထွက်ပြေး၊ ဒီနေရာက အမြန်ဆုံးပြေး၊ ကလေးကို အသက်နဲ့ လဲပြီး စောင့်ရှောက်'

ပြောပြောဆိုဆိုပင် မာကျင်ကျုံးသည် ဓားရှည်ကို ဆွဲထုတ်ကာ သူ့ဗိုက်ကို သူပြန်ထိုးချလိုက်တော့သည်။

အမှတ်မထင် တဒင်္ဂလေးအတွင်း ဖြစ်ပျက်သွားသော အဖြစ်အပျက်။ မည်သူမျှ သတိမထားမိကြ။

မာကျင်ကျုံးသည် ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်ခြင်းအမှု အောင်မြင်သွားနိုင်ပေသည်။

သို့သော် ဇနီးသည်နှင့် မခွဲရသေးသော ရင်သွေးအပေါ် သံယောဇဉ် အမျှင်တန်းကာ အမှာစကားပြောကြား နေရသည့်အတွက် အချိန်က တုံ့နှေးသွားသည်။

သူအော်ဟစ် သတိပေးလိုက်ချိန်မှာပင် ကျိုချူးချောက်လန်က ရိပ်ခနဲ လှုပ်ရှားပြီး ဖြစ်နေသည်။

လက်နှစ်ဖက်က မာကျင်ကျုံး၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ပြီး ဖြစ်နေသည်။

မိမိဝမ်းဗိုက်ကို မိမိထိုးစိုက်ချမည့် မာကျင်ကျုံး၏ ဓားရှည်သည် လမ်းခုလတ်တွင်ပင် ရပ်တန့်သွားရ၏။

ကျိုချူးချောက်လန်၏ သံမဏိလက်အစုံတွင် မာကျင်ကျုံး မရုန်းဖယ်နိုင်အောင် အဖမ်းချုပ်ခံနေရစဉ်မှာပင် အို့ရန်စန်းယိက အခန်းတွင်းသို့ ပြန်ဝင်လာခဲ့သည်။

'အကိုကျင်ကျုံး ရှင်တယောက်တည်း သေစရာမလိုဘူး၊ ကျမပါ အတူတူ ရှင်နဲ့လိုက်သေမယ်'

အို့ရန်စန်းယိက အော်ဟစ်ပြေးဝင်လာသည်။

စားပွဲခုံဖြင့် ဆောင့်မိသော ထက်ဝင်းရွှဲက ဖြုန်းခနဲ ခုန်ထလာပြီး မိုးကြိုးခြိမ်းသံအလား အော်ငေါက်လိုက်တော့သည်။

'မသေရဘူး၊ ဘယ်သူမှ မသေရဘူး၊ ဘာကြောင့် သေရမှာလဲ'

'ဟုတ်တယ်၊ သေစရာ မလိုဘူး၊ ကျုပ်တို့ အေးအေးဆေးဆေး စကားပြောကြမယ်'

ရောက်ချူးရွှေက တည်ငြိမ်စွာပင် ပြောသည်။

ကျိုချူးချောက်လန်က မာကျင်ကျုံးလက်ကို လွှတ်ပေးလိုက်သည်။

မာကျင်ကျုံး ထွက်ပြေးမည်မဟုတ်သလို ကိုယ့်ကိုကိုယ် သတ်သေမည် မဟုတ်တော့ကြောင်း သိလိုက်သောကြောင့်ပင်တည်း။

သူတို့သည် မလွှဲမရှောင်သာသော ကိစ္စတခုကြောင့် မာကျင်ကျုံး လုပ်ကြံရကြောင်းကို ဂရုဏာသက်ကာ အမှန်တရားသာ ဖော်ထုတ်လိုကြသည်။

မာကျင်ကျုံးတို့ ဇနီးမောင်နှံနှစ်ယောက် ကုလားထိုင်တွင် ဝင်ထိုင်ကြသည်။

ရောက်ချူးရွှေတို့ ငါးယောက်က မတ်တတ်ရပ်လျက်။

တိတ်ဆိတ်မှုက အခန်းထဲတွင် လွှမ်းမိုးနေသည်။

လူအားလုံးမှာ စိတ်လှုပ်ရှားနေကြ၏။

ငြိမ်သက်မှုကို သည်းမခံနိုင်သည့်အလား မာကျင်ကျုံးက အက်ကွဲဆို့နင့်သော အသံဖြင့် စတင်သည်။

'ကျုပ်...ကျုပ် သေပဲသေချင်တယ်၊ ကျုပ်ကို သေခွင့်ပေးပါ၊ ခင်ဗျားတို့ ခွင့်လွှတ်တာကို ကျုပ်မခံစားနိုင်ဘူး'

ရောက်ချူးရွှေက တည်ငြိမ်စွာပင်...

'ခွင့်လွှတ်တယ်၊ ခွင့်မလွှတ်ဘူးဆိုတာက တကဏ္ဍပဲ၊ ခင်ဗျားကို သေခွင့်မပေးနိုင်ဘူး၊ ခင်ဗျားကို ခိုင်းစေတဲ့သူ ဘယ်သူလဲဆိုတာပဲ ကျနော်တို့ကို ပြောပြ၊ ပြီးရင် ကျနော်တို့ သူနဲ့ သွားဖြေရှင်းမယ်'

ဆိတ်ငြိမ်နေသော ကျိုချူးချောက်လန်ကလည်း...

'ဟုတ်တယ်၊ ကျုပ်တို့ အတူတူသွားပြီး အဲဒီလူနဲ့ ဖြေရှင်းမယ်'

မာကျင်ကျုံး ဆတ်ခနဲ တုန်ယင်ကာ ဇဝေဇဝါ ဖြစ်သွား၏။

'ကျုပ်..ကျုပ်တို့ အတူတူသွားပြီး ဖြေရှင်းမယ် ဟုတ်လား'

ထန်ဖန်းက မာကျင်ကျုံးအား စူးစိုက်ကြည့်ကာ...

'အသက်ရှင်ရင် ပန်းချောင်းဓားဂိုဏ်းကလူ ဖြစ်တယ်၊ အသက်သေရင် ပန်းချောင်းဓားဂိုဏ်းက သရဲဖြစ်တယ်လို့ ရှင်ပြောဖူးတယ် မဟုတ်လား၊ ဒီနေ့ကိစ္စဟာ ရှင့်ရဲ့ တဒင်္ဂအတွင်းမှာ မှားယွင်းတဲ့ အမှားအယွင်းလို့ပဲ သတ်မှတ်တယ်၊ ရှင့်ကို ပန်းချောင်းဓားဂိုဏ်းရဲ့ သူရဲကောင်းအဖြစ်ပဲ ဒီနေ့အထိ ကျမတို့ ယုံကြည်တယ်၊ ဒါကြောင့် အတူတူသွားပြီး ဩဇာအာဏာဂိုဏ်းနဲ့ တိုက်ခိုက်ရမယ်'

မာကျင်ကျုံး တွေခနဲ ဖြစ်သွား၏။

ဝမ်းနည်းဝမ်းသာ ခံစားရကာ သူ့မျက်လုံးများ နီရဲလာသည်။

သက်ပြင်းလေးလေးကြီး တချက်ကို ချကာ...

'ခင်ဗျားတို့ ကျုပ်ကို ခွင့်လွှတ်မယ်ဆိုတာ ကျုပ်သိတယ်၊ ဒါပေမယ့် ကျုပ်ကတော့ ကျုပ်ကိုကျုပ် ခွင့်မလွှတ်နိုင်ဘူး'

အို့ရန်စန်းယိ စိတ်မထိန်းနိုင်တော့။

တအင့်အင့် ရှိုက်ငိုလေပြီ။

'သူ...သူလုပ်တာတွေ အားလုံးဟာ ကျမအတွက်ကြောင့် ဖြစ်ရတာပါ၊ ဩဇာအာဏာဂိုဏ်းက ရှင်တို့အားလုံးကို သတ်ပစ်ဖို့ သူ့ကို တောင်းဆိုတယ်၊ သူက လက်မခံခဲ့ဘူး၊ ဒါ...ဒါပေမယ့် ဩဇာအာဏာဂိုဏ်းက ကျမကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်လာတော့ သူမငြင်းရဲတော့ဘူး၊ သူဟာ အမြဲတမ်း အမှန်တရားဘက်က ရပ်တည်ခဲ့တဲ့သူ၊ သစ္စာတရားကို အလေးထားခဲ့တဲ့သူ၊ ကျမနဲ့ သူ့ရင်သွေးလေးအတွက် သူအရှုံးပေးခဲ့ရတယ်၊ ဒါပေမယ့် သူရှင်တို့ကို မသတ်ရက်ဘူး၊ အဆိပ်မခတ်ရက်ဘူး၊ မူးမေ့တဲ့ဆေးကိုသာ ခပ်ခဲ့တယ်'

ထန်ဖန်း သက်ပြင်းတချက် ချလိုက်သည်။

'မူးမေ့ဆေး ခတ်လို့သာပေါ့၊ အဆိပ်ဆေးသာ ခတ်ခဲ့ရင် ကျမတို့လဲ ရှင်တို့ကို ဒီလို မဆက်ဆံတော့ဘူး'

အို့ရန်စန်းယိ မျက်ရည်များကို လက်ခုံဖြင့် သုတ်လိုက်သည်။

မာကျင်ကျုံးမှာ ကိုယ့်အမှားတခုအတွက် ယူကျုံးမရ ဖြစ်ကာ ခေါင်းငိုက်စိုက်ကျနေသည်။

ရှောက်ချူးရှွေက....

'ဩဇာအာဏာဂိုဏ်းရဲ့ ခြိမ်းခြောက်မှုကို ခင်ဗျားက ဘာဖြစ်လို့ ကျနော့် အကိုကြီးကို ပြောမပြတာလဲ၊ ဘာဖြစ်လို့ ဦးလေးမုံကို ပြောမပြတာလဲ၊ သူတို့က ခင်ဗျားအတွက် နည်းကောင်းလမ်းကောင်းတွေ ရှာပေးနိုင်တာပေါ့'

မာကျင်ကျုံး ခေါင်းပြန်မော့လာသည်။

သူ့ရဲကောင်းတယောက်အသွင် အမြဲတမ်း စူလက်နေသော သူ့မျက်လုံးများက ကိုယ့်ကိုကိုယ် ယုံစားမှု မရှိသူတယောက်ပမာ မှိန်ဖျော့ညိုးနွမ်းနေသည်။

'ဩဇာအာဏာဂိုဏ်းရဲ့ အင်အားက သိပ်တောင့်တင်းတယ်၊ ကျုပ်..ကျုပ် ဆရာမုံကို ပြောပြဖို့ သတ္တိမရှိဘူး၊ ဆရာမုံရဲ့ နံဘေးနားမှာတောင် ဩဇာအာဏာဂိုဏ်းရဲ့ လူတွေ ရှိနေတယ်၊ ပြီးတော့...ပြီးတော့ စန်းယိဗိုက်ထဲမှာ ကျုပ်တို့ရဲ့ ရင်သွေးကလေးလဲ ရှိနေပြီ'

မာကျင်ကျုံးက ပြောရင်းမှ အို့ရန်စန်းယိအား လှမ်းကြည့်လိုက်သည်။

ထိုအကြည့်ထဲတွင် ကြီးမားခိုင်မြဲလွန်းသော သံယောဇဉ် အကြင်နာရိပ်များ ပြည့်လျှမ်းနေသည်။

ညမြေခွေးကို အသက်စွန့်တိုက်ရဲသော...

မိုးဘုရင်ကျူးကို ရဲရဲဝံ့ဝံ့တိုက်ရဲသော...

ပန်းချောင်းဓားဂိုဏ်း အသက်ကိုးချောင်း စီမံရေးမှူးတယောက် ဖြစ်သော...

သေခြင်းတရားကို မျက်တောင်မခတ်တမ်း ရင်ဆိုင်ဝံ့သော မာကျင်ကျုံးတယောက် မေတ္တာအငွေ့အသက်၊ သံယောဇဉ် နွေးထွေးမှုတို့ကြောင့် သေခြင်းတရားကို အလေးဂရုပြုခဲ့ရလေပြီတကား။

'ခုနက ခင်ဗျားပြောခဲ့တဲ့ ဦးလေးမုံနားမှာ ဩဇာအာဏာဂိုဏ်းက လူရှိတယ်ဆိုတာ ဘယ်သူလဲ'

ရှောက်ချူးရှွေက မေးသည်။

မာကျင်ကျုံး နှုတ်ခမ်းကို ကိုက်လိုက်ကာ...

'ခန်းချွတ်ယီနဲ့ စင့်မြောက်ချန်'

'ခန်းချွတ်ယီ အဲဒီကို ရောက်လာပြီ ဟုတ်လား'

'ဟုတ်တယ်၊ မနေ့က ကွေးလင်ကို ရောက်လာတယ်၊ ခင်ဗျားတို့ကို သတ်ဖို့ စေခိုင်းတာလဲ သူပဲပေါ့'

'တောက်..'

ကျိုချူးချောက်လန်၏ ဒေါသတကြီး တက်ခေါက်သံက ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

'သိပ်ယုတ်မာပက်စက်တဲ့သူပဲ၊ သူသာ အဆိပ်သင့်ခံရသလို ဟန်ဆောင်တာ မဟုတ်ရင် ကိုယ်တော်ကြီးထန်တာ့၊ ဘဘကြီးရှောက်တုံးကွမ်းနဲ့ ဘဘကျန်လိန်ယိတို့ အလုပ်ကြံမခံရဘူး၊ ဒါဆိုရင် ကျုပ်တို့ဟာ အစောကြီးကတည်းက ပန်းချောင်းဓားဂိုဏ်း ဗဟိုဌာနချုပ်ရဲ့ အခြေအနေကို ထိန်းချုပ်ထားနိုင်တယ်'

မာကျင်ကျုံးက တအံ့တဩလေး ဖြစ်သွားသည်။

'လက်စသတ်တော့ သူက စဲ့ချွမ်းနယ်ကနေ ကွေးလင်ကို လာခဲ့တာကိုး'

'ဟုတ်တယ်၊ စင်းမြောက်ချန်က စင့်ဟူချူးရဲ့ သမီးပဲ၊ စင့်ဟူချူးကတော့ ပန်းချောင်းဓားဂိုဏ်း ဌာနချုပ်မှာ ဘဘကြီးကွမ်း လက်ချက်နဲ့ သေသွားခဲ့ပြီ၊ ဘာမှ အန္တရာယ်မရှိတော့ဘူး'

ရှောက်ချူးရှွေက ဝင်ပြောသည်။

မာကျင်ကျုံးက အနည်းငယ် အသက်ရှူချောင်သွားသည်။

'စင့်ဟူချူး သေသွားပြီလား'

ထန်ဖန်းက ကိုယ်ကလေး လှုပ်ရှဲ ရယ်လိုက်ကာ...

'ဟုတ်တယ်၊ ရှင်စဉ်းစားကြည့်စမ်းပါ၊ ဩဇာအာဏာဂိုဏ်းဟာ ပြိုင်ဘက်ကင်း အဖွဲ့အစည်း ဟုတ်သလား မဟုတ်ဘူးလားဆိုတာ၊ စင့်ဟူချူး သေရုံတင်မကဘူး၊ ဗုာကူးဖန့်လဲ သေဆုံးသွားခဲ့ရပြီ'

မာကျင်ကျုံးငေးကြောင်ကြောင် ဖြစ်သွားသည်။

ရှောက်ချူးရှွေက တစုံတရာ စဉ်းစားမိဟန်ဖြင့်...

'စင့်မြောက်ချန် အခု ကွေးလင်ဂိုဏ်းခွဲမှာ ရှိနေသေးသလား'

မာကျင်ကျုံး ခေါင်းညိတ်၏။

'ဒါဆို အခြေအနေ မကောင်းဘူး၊ ဦးလေးမုံက စင့်ဟူချူးကို ဩဇာအာဏာဂိုဏ်းရဲ့ သူလျှိုဖြစ်မှန်း သိမနေဘူး၊ ခန်းချွတ်ယီကို ကောက်ကျစ်ယုတ်မာတဲ့ လူဖြစ်မှန်း မသိဘူး၊ ကျနော်တို့ အမြန်ဆုံးသွားပြီး အကြောင်းကြားမှ ဖြစ်မယ်'

'နေဦး၊ ခန်းချွတ်ယီ အခုဘယ်မှာ နေသလဲ၊ ဒီငနဲအိုကြီးက စက်ဆုပ်ရွံရှာဖို့ကောင်းတယ်၊ ကျုပ်တို့ အရင်ဆုံး သူ့ကို ဖမ်းသွားပြီး ဆရာမှုံလက်ထဲအပ်ရင် မကောင်းဘူးလား'

ချူးနန်းကုက သူ့အစီအစဉ်ကို ဝင်ပြောသည်။

မာကျင်ကျုံး ဂုန်းခနဲ ခုန်ထလိုက်သည်။

'သူဘယ်မှာရှိတယ်ဆိုတာ ကျုပ်သိတယ်၊ ကျုပ်ခင်ဗျားတို့ကို ခေါ်သွားမယ်'

ရဲရင့်ပြတ်သားစွာ ပြောလိုက်ပြီးမှ သူ့မျက်ဝန်းက အို့ရန်စန်းယိထံသို့ တချက်ဝေ့ကြည့်လိုက်သည်။

တင်းထားသောစိတ်များ ပြေကျကာ ခန္ဓာကိုယ်သည်လည်း ညွတ်ကွေးလုမတတ် ဖြစ်သွားတော့သည်။

အို့ရန်စန်းယိသိသည်။

သူ့ခင်ပွန်းသည် သူ့အတွက် နောက်ဆံတင်းနေပြီ ဆိုသည်ကို နားလည်၏။

ခင်ပွန်းသည်၏ မေတ္တာတရားကို ခံစားရသောအခါ ရင်ထဲတွင် ဆို့နင့်လာသည်။

မျက်ရည်များ တတွေတွေ စီးဆင်းလာသည်။

'အကိုကျင်ကျုံး…ရှင်ဟာ သူရဲကောင်းတယောက်ပါ၊ အရာရာကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ရဲတဲ့သူတယောက်ပါ၊ ကျမကို ဂရုစိုက်မနေပါနဲ့၊ ကျမအတွက်နဲ့ အမှားကြီးတခုကို ထပ်မကျူးလွန်မိပါစေနဲ့၊ ရှင်လုပ်စရာရှိတာသာ သွားလုပ်ပါ၊ ကျမကို ရှင်ခွဲမသွားဘူးဆိုတာ ကျမယုံကြည်တယ်၊ ရှင်နဲ့အတူ ကျမလိုက်ခဲ့ပါရစေ'

ဇနီးသည်၏ အားပေးစကားကြောင့် စိတ်ဓာတ်ပြန်တက်လာခဲ့သောလည်း မာကျင်ကျုံးမှာ ခေါင်းကိုသာ တွင်တွင် ခါယမ်းနေ၏။

'မဖြစ်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ အန္တရယ်က သိပ်ကို ကြီးမားတယ်၊ ပြီးတော့ မင်းမှာကလဲ ကိုယ်ဝန်ကြီးနဲ့'

'ကျမသူ့ကို စောင့်ရှောက်ပေးပါ့မယ်'

ထန်ဖန်းက တည်ကြည်လေးနက်စွာ ပြောသည်။

မာကျင်ကျုံးသည် ထန်ဖန်းဘက်သို့ လှည့်ကြည့်လိုက်သည်။ ကြည်လင်စူးရှသော ထန်ဖန်း၏ မျက်လုံးထဲတွင် ယုံကြည်ရဲရင့်မှုကို ရှာတွေ့၏။ သို့တိုင် ခေါင်းကို ခါယမ်းနေ၏။

ထက်ဝင်းရွှံ စိတ်မရှည်တော့။

'ယောကျ်ားကောင်းတယောက်ဆိုတာ ဘာမှ မတင်မကျနဲ့ တွေဝေမနေသင့်ဘူး၊ လုပ်စရာရှိတာကို ပြတ်ပြတ်သားသား လုပ်ရတယ်၊ ခံစရာရှိရင်လဲ ရဲရဲဝံ့ဝံ့ခံရတယ်'

မာကျင်ကျုံး ထက်ဝင်းရွှံကို ဖျတ်ခနဲ ကြည့်သည်။

ချူးနန်းကုက ဝင်ပြောပြန်သည်။

'တွေဝေယိမ်းယိုင်တယ်ဆိုတာ လူညံ့လူဖျင်းတွေရဲ့ အလုပ်ပဲ၊ သူရဲဘောကြောင်တဲ့ သူတွေရဲ့ အလုပ်ပဲ'

မာကျင်ကျုံး ကိုယ်ခန္ဓာ ဆတ်ခနဲ တုန်သွားသည်။

ထက်ဝင်းရွှံက ချူးနန်းကု စကားအဆုံးတွင် ပြောပြန်သည်။

'ဟိုတချိန်တုံးက ခင်ဗျားဟာ ညမြေခွေးနဲ့ တယောက်တည်းသွားပြီး တိုက်ခိုက်ခဲ့တယ်၊ ညမြေခွေးဆိုတာ အဲဒီအချိန်က ခင်ဗျားထက် သိုင်းပညာဆယ်ဆလောက်သာတဲ့ လူတွေတောင်မှ ပြဿနာ မရှာခဲ့ဘူး၊ ခင်ဗျားကတော့ တယောက်တည်း ရဲရဲရင်ဆိုင်ခဲ့တယ်၊ မိုးဘုရင် ကျူးစွန့်ရွှေဆိုတာလဲ နယ်နယ်ရရ မဟုတ်ဘူး၊ ယန်စီကျန်မြစ်ထဲမှာ ဘုရင်တဆူလို သောင်းကျန်းနေခဲ့တာ၊ ဒီလူကို ခင်ဗျားက ရေသောက်မြစ်မြေမကွာ တိုက်ကွက် တကွက်တည်းနဲ့ သွားရင်ဆိုင်ဝံ့ခဲ့တယ်၊ အဲဒီတုန်းက ခင်ဗျား ဘယ်လောက် ရဲရင့်သလဲ၊ ဘယ်လောက်ခံ့ညားသလဲ၊ ဘယ်လောက်သတ္တိရှိသလဲ၊ ဒီနေ့ကျတော့ ခင်ဗျားရဲ့ သတ္တိတွေ၊ ခင်ဗျားရဲ့ တည်ကြည်တဲ့ စိတ်ဓာတ်တွေ ဘယ်ရောက်ကုန်ပြီလဲ၊ အရာရာကို တွေးကြောက်တတ်တဲ့ ယုန်သူငယ်လေးလို ဖြစ်နေပြီလား'

မာကျင်ကျုံး မျက်လုံးများ ပြူးကျယ်လာသည်။

မှုန်မေး မှိုင်းမောင်ခဲ့သည့် မျက်ဝန်းရိပ်များ လွင့်စဥ်လာသည်။

'ဟိုတချိန်တုံးက မူးမေ့ဆေးနတ်မိမယ် အို့ရန်စန်းယိဆိုတာ လုပ်ရဲရင် ခံရဲတဲ့ ဆတ်ဆတ်ကြဲ အာဇာနည် အမျိုးသမီးတယောက် ကျားသစ်ပျိုလေး တယောက်လို ဖျတ်လတ်ရဲရင့်တဲ့ အမျိုးသမီးတယောက်၊ ဒီနေ့တော့ ဘယ့်နှယ့်ကြောင့် သတ္တိကြောင်နေရတာလဲ၊ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေရတာလဲ၊ ဩဇာအာဏာဂိုဏ်းကို ပြဿနာမရှာရဲအောင် ဘာတွေ ဖြစ်နေလို့လဲ၊ ဟား...ဟား...ကျုပ်တို့ လူငယ်လေးတွေက ပြဿနာရှာပြီးပြီ၊ သတ္တိရှိရင် ကျုပ်တို့ ပြည်မကြီး သွေးသောက်အဖွဲ့နဲ့ ပူးပေါင်းပြီး သိုင်းလောက အမှန်တရား၊ သစ္စာတရား အလံတော်အောက်ကို ခိုဝင်လာကြ၊ ဘယ်လောက်ပြင်းထန်တဲ့ လေမုန်တိုင်းတွေကို ဂရုစိုက်နေကြရမှာလဲ'

ချူးနန်းကုက ဆက်၍ပြောပြန်သည်။

မာကျင်ကျုံး မျက်လုံးများ စူးရှလာသည်။ အသားများ တဖြည်းဖြည်း တုန်ယင်လာသည်။

ထက်ဝင်းရွှဲက ထပ်၍ပြောမည်ပြုစဉ် ဝုန်းခနဲ ခုန်ထလိုက်တော့သည်။

ခြေထောက်တဘက်က ကုလားထိုင်ကို နင်းကာ ခြေထောက်တဘက်က စားပွဲခုံပေါ် တက်နင်းထားလိုက်သည်။ သူ့အသွင်က ကျားနာတကောင်လို မာန်ဖီနေသည်။

'မင်း...မင်းတို့က ကိုယ့်ကိုကိုယ် သူရဲကောင်းလို့ ထင်ပြီး ကျန်တဲ့လူတွေကို သတ္တိကြောင်တယ်လို့ ထင်နေသလား၊ ခွေးမသားတွေ.. ငါဆိုတဲ့ မာကျင်ကျုံးဟာ မျိုးစေ့တခုအတွက် မဟုတ်ရင် ဩဇာအာဏာဂိုဏ်းမကလို့ ဘာကောင်တွေမှ ဂရုမစိုက်ဘူး၊ ဘာမှမကြောက်ဘူး၊ မင်းတို့လို အိမ်ထောင်မရှိတဲ့ကောင်တွေ၊ သံယောဇဉ်မရှိတဲ့ကောင်တွေက ငါ့အခက်အခဲကို ဘယ်သိမလဲကွ၊ ဟေ့...အခက်အခဲတွေ ဘာတွေ နားမလည်ဘူး၊ မင်းတို့နှစ်ယောက်တောင် သွားရဲသေးတာ၊ ငါက ဘာမို့လို့ မသွားရဲရမှာလဲ၊ မင်းတို့ မှတ်ထားလိုက်ကြစမ်း၊ မာကျင်ကျုံးဆိုတဲ့ကောင်က သစ္စာတရားနဲ့ ပတ်သတ်လာရင် သေမင်းရဲ့ နှုတ်ခမ်းမွေးကိုတောင် သွားနုတ်မယ်ဆိုရင်တောင် အဖော်လိုက်ရဲတယ်ကွ...နားလည်လား'

မာကျင်ကျုံး၏ စကားသံက ဟိန်းလွင့်နေသည်။

သူ့မျက်လုံးထဲတွင် စိုးရွံ့တွေဝေသည့် အရိပ်အယောင်တို့ ကင်းပျောက်ကုန်သည်။

သူ့မျက်နှာက တဖြည်းဖြည်း အနီရောင် ပြောင်းကာ တင်းမာလာသည်။

သူလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ မေးကြောကြီးများ ထောင်ထလာသည်။

သတ္တိသွေးတို့ ဆူကြွလာခဲ့ချေပြီ။

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့နှစ်ယောက် တယောက်ကိုတယောက် ကြည့်လိုက်ပြီး ပြိုင်တူ ရယ်မောလိုက်ကြသည်။

'ဟား...ဟား...ဟား...ကောင်းတယ်၊ သိပ်ကောင်းတယ်၊ အဲဒီလို သတ္တိ၊ အဲဒီလို သွေးမျိုးကို လိုချင်တာ၊ ကျုပ်တို့ အမှန်းခံ ပြောရကျိုးနပ်ပြီ'

တကယ်တော့ ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့မှာ မာကျင်ကျုံး မခံချင်စိတ်ပေါ်လာအောင် သွေးထိုး နှိုးဆွပေးနေခြင်း ဖြစ်ပေသည်။

မာကျင်ကျုံးမှာ ထက်ဝင်းရွှဲတို့ နှစ်ယောက်ကို ကြည့်ပြီး အံ့ဩသွားရသည်။

မိမိကို ဒေါသထွက်အောင် ပြောဆိုခဲ့ကြောင်းကို ယခုမှ သိရတော့သည်။

ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ဘဲ ဣန္ဒြေပျက်လောက်အောင် ဖြစ်ခဲ့မိသည့်အတွက် ရှက်သလိုလို ခံစားလာရသည်။

သို့သော် ပျောက်ဆုံးနေသော သတ္တိသွေးများ၊ မှုန်ဝါးမှေးမှိန်နေခဲ့သော လမ်းစများ ပေါ်ပေါက် လာခဲ့ရသည့်အတွက် ကိုယ့်ကိုကိုယ် ကျေနပ်အားရ ဖြစ်မိပြန်သည်။

မတ်တတ်ရပ်နေရာမှ ကုလားထိုင်ပေါ် ဆင်းထိုင်လိုက်သည်။

အိုရန်စန်းယိ၏ မျက်နှာတွင် အပြုံးရိပ်များ ထွန်းလင်းလာသည်။ ငိုထားသော မျက်ရည်များအကြားမှ သူ့အပြုံးက ကြည်လင်တောက်ပလို့ နေသည်။

'သူတို့ပြောတာ မှန်တယ် အကိုကျင်ကျုံး၊ သူတို့ရဲ့ စိတ်စေတနာကို အကို မစော်ကားသင့်ဘူး'

အို့ရန်စန်းယိက မာကျင်ကျုံး၏ လက်မောင်းကို နွေးထွေးစွာ ဆုပ်ကိုင်လျက် ပြောသည်။

ရှောက်ချူးရွှေက ကျေနပ်ပီတိဖြစ်စွာ ပြုံးလိုက်ကာ...

'တကယ်တော့ လူဆိုတာ သေရတာချည်းပဲ၊ တဘက်သားရဲ့ ပြုသမျှကို နရမယ့်ဘဝကနေ ငြိမ်ပြီးအသေခံရမှာထက် ထိုးဖောက်တော်လှန်ပြီး အသေခံရတာက ပိုပြီး မြတ်ပါတယ် နောင်ကြီးမာကျင်ကျုံး'

မာကျင်ကျုံး အသက်ကို တဝရှူသွင်းလိုက်သည်။

အံကို တင်းတင်းကြိတ်လိုက်သည်။

'ဟုတ်တယ်၊ တန်ဖိုးရှိရှိသေရတာ လူ့ဘဝမှာ အမြတ်ဆုံးပဲ၊ ကျုပ်ဆုံးဖြတ်လိုက်ပြီ၊ ဩဇာအာဏာဂိုဏ်းကို ကျုပ်အသက် မသေသမျှ ဘယ်တော့မှ အရှုံးမပေးဘူး၊ ခင်ဗျားတို့နဲ့ အတူတူ လက်တွဲရင်ဆိုင်မယ်၊ ခင်ဗျားတို့ကို ခေါ်ပြီး ခန်းချွတ်ယီကို သွားရှာမယ်'

ချူးနန်းကုက အလောတကြီးပင်..

'ခန်းချွတ်ယီ အခုဘယ်မှာရှိသလဲ'

'ယန်ဖုမှာ ရှိတယ်'

'သူတယောက်တည်းလား'

'မဟုတ်ဘူး၊ ချိုဟန်စန်းနဲ့အတူ အရက်သောက်နေလိမ့်မယ်'

'ချိုဟန်စန်းဆိုတာက ယန်စို့က တုန်လှုပ်စေသူ ချိုဟန်စန်းလား'

'ဟုတ်တယ်'

လူအားလုံး၏ မျက်လုံးများ အရောင်တောက်လက်သွားတော့သည်။

ရဲရင့်ခြင်း၊ တက်ကြွခြင်း၊ စည်းလုံးချစ်ကြည်ခြင်းတို့က သူတို့၏ ရင်ထဲတွင် နွေးထွေးဆွတ်ပျံ့စွာ ဖြစ်ပေါ်နေတော့၏။

---

စာစဉ် (၂) ပြီး

# ပန်းစကြာ ဓားသမား

## တက္ကသိုလ် ဝင်းကြွယ်

## စာစဉ် (၃)

## အခန်း (၁)
## 'မဟာအမှန်တရားဇရပ်'

ဆိုင်းဘုတ်ကြီးက ခန့်ထည်ကြီးမားလှသည်။

ဆိုင်းဘုတ်က ခန့်ထည်သလို မဟာအမှန်တရားဇရပ်ကလည်း အချွန်အတက်၊ တုရင်၊ မှန်ကင်းတို့ဖြင့် တင့်တယ်နေ၏။

ကြီးမားသော တိုင်လုံးကြီးများ၊ ကနုတ်ပန်းဆိုင်းများ၊ အနုပညာလက်ရာ အပြောက်အမွမ်းများဖြင့် ဝင့်ထည်နေသည်။

ဇရပ်ထဲတွင်ကား စားပွဲဝိုင်းများဖြင့် လူအတော်များများ စားသောက်ပျော်ပါးနေကြသည်။

တစုံတရာသော အောင်ပွဲအထိမ်းအမှတ် မဟုတ်ပါပဲ စိတ်အေးချမ်းသာမှု ရှိနေကြသည်။

စားပွဲဝိုင်းကြီး တဝိုင်းတွင်မူ လူပေါင်းဆယ့်နှစ်ယောက်တိတိ ဝိုင်းဖွဲ့စားသောက်နေကြသည်။

ဇရပ်အလယ် ဗဟိုရုံတိုင်များတွင် ချိတ်ဆွဲထားသော မီးမှန်အိမ်များ၏ အလင်းရောင်အောက်တွင် ထိုစားပွဲက ပေါ်လွင်ထင်ရှားနေသည်။

ဇရပ်၏ အဝင်အထွက် တံခါးပေါက်တည့်တည့်တွင် ထိုင်နေသောကြောင့် မဟုတ်။

ထိုဝိုင်းတွင် စားသောက်နေကြသော လူများ၏ ထူးခြားသည့် ဥပမိရုပ်သွင်တို့ကြောင့် ဖြစ်ပေသည်။

ထိုလူဆယ့်နှစ်ယောက်ထဲတွင် ပိန်ပိန်ရှည်ရှည်၊ မုတ်ဆိတ်ကျင်စွယ်များဖြင့် ရင့်ရော် ခန့်ညားသည့် အဘိုးအိုကြီး တယောက်က ပို၍ပင် ထင်ပေါ်လှသည်။

အခြားအခြားသော စားပွဲဝိုင်းများနှင့် လူအများက ဆူညံနေသော်လည်း ထိုအဘိုးအိုကမူ မည်သည့်အသံဗလံကိုမျှ စိတ်မဝင်စား။

တည်ငြိမ်အေးဆေးသောဟန်ပန်၊ အရာရာကို အောင်နိုင်လွှမ်းမိုးနိုင်သော အမူအရာ၊ ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်အဝ ရှိသော အသွင်အပြင်တို့က ထိုအဘိုးအိုတွင် ထင်ရှားနေ၏။

ထိုအဘိုးအို၏ နံဘေးတွင် လူတယောက် ထိုင်နေသည်။

ထိုလူက အဘိုးအိုကို ပြုံးရယ်ရွှင်ပျသော အမူအရာနှင့် တက်တက်ကြွကြွပင် စကားဆိုနေသည်။

သူ့အသွင်က ပကတိ သူတော်ကောင်းတယောက်ပမာ။

ရိုးသားဖြောင့်မတ်သည့် သစ္စာဘက်တော်သားတယောက်ပမာ။

ထိုသူကား ခန်းချွတ်ယီ ဖြစ်ပေသည်။

ခန်းချွတ်ယီ၏ နံဘေးတွင် သူ့သား ခန်းကျီစင်းက ဣန္ဒြေရရ ထိုင်လျက်ရှိသည်။

ခန်းချွတ်ယီတို့ သားအဖနှစ်ယောက်ကို တွေ့လိုက်ရလျှင် ရောက်ချူးရွှေ ဒေါသဖြစ်သွားမိသည်။

သို့သော် သူ့ဒေါသကို သူချုပ်တည်းထားလိုက်နိုင်သည်။

ဒေါသကို မချုပ်တည်းနိုင်သူက ထက်ဝင်းရွှဲ။

အရက်နှင့်ဟင်းလျာများ စားသောက်နေသော စားပွဲဝိုင်းတွက် မည်သူတွေ ထိုင်နေသည်ကို သူဂရုမထား။

မိတ်ဆွေအပေါ် သစ္စာဖောက်သော သူငယ်ချင်းအပေါင်းအသင်းကို တွေ့ရသည်နှင့် ဆုံးမချင်စိတ် ဝုန်းခနဲ ပေါက်ကွဲတော့သည်။

ထိုစားပွဲဝိုင်းဆီသို့ လှစ်ခနဲ ပြေးထွက်သွားသည်။

ရောက်ချူးရွှေ လှမ်းဆွဲလိုက်သော်လည်း မမှီတော့။

ထက်ဝင်းရွှဲသည် စားပွဲဝိုင်းသို့ ရောက်သည်နှင့် မပြောမဆိုပင် ခန်းကျီစင်း၏ နှာခေါင်းတည့်တည့်ကို လက်သီးဖြင့် ဝုန်းခနဲ ထိုးချလိုက်သည်။

အမှတ်တမဲ့မို့ ခန်းကျီစင်း မရှောင်တိမ်း မကာကွယ်နိုင်။

အထိမှန်ခံရကာ စားပွဲနောက်သို့ လန်ကျသွားသည်။

စားပွဲပေါ်ရှိ အရက်အိုးများ၊ ဟင်းလျာများ ပန်းကန်များ ဖရိုဖရဲ မှောက်လဲကုန်သည်။

ထက်ဝင်းရွှဲ နောက်ထပ် လက်သီးတချက် ထပ်သွင်းရန် ကြိုးစားသည်။

လေအဟုန်ကဲ့သို့ မြန်ဆန်သော၊ ကျောက်တုံးကိုပင် ကွဲကြေသွားအောင် မာကျောလှသော သူ့လက်သီးက ရှေ့သို့ မတိုးနိုင်။

တစုံတယောက်၏ လက်တဖက်ဖြင့် ဖတ်ခနဲ တားဆီးခြင်း ခံလိုက်ရသည်။

ဘယ်ဘက်လက်သီးကို ဟူးခနဲ ထပ်ထိုးသွင်းပြန်သည်။

ထိုသူကပင် လက်ဝါးတဖက်ဖြင့် ဖမ်းဆုပ်လိုက်ပြန်သည်။ ထက်ဝင်းရွှဲ၏ လက်သီးနှစ်စုံမှာ ပင်လယ်ပြင်ထဲသို့ ကျဆင်းသော ကျောက်တုံးတတုံးလို ဖြစ်သွားသည်။

ထက်ဝင်းရွှဲ အထိတ်တလန့် ဖြစ်မိသည်။

သူ့လက်သီးအစုံက အခြားသူတယောက်၏ လက်နှစ်ဘက်ဖြင့် ဖမ်းချုပ်ထားခြင်း ခံလိုက်ရပေပြီ။

သူခေါင်းကို အသာမော့ကြည့်လိုက်သည်။

ဝတ်ရုံဖြူဖွားဖွားကြီးကို ဆင်မြန်းထားသော လူတယောက်။

အရပ်အမောင်းက ပုပြတ်သော်လည်း ခန္ဓာကိုယ်က ကြံ့ခိုင်သန်မာလှသည်။

သွင်ပြင်အမူအရာက အေးစက်တည်ငြိမ်လှသည်။

ထိုသူကို တွေ့ရသည်နှင့် ထက်ဝင်းရွှဲ ဦးနှောက်ထဲတွင် အမည်တခုကို ဖြတ်ခနဲ သတိရလိုက်သည်။

ကျန်းယိဟန်။

လက်ကိုးချောင်း နဂါးဖမ်း ကျန်းယိဟန်။

ထက်ဝင်းရွှဲ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။

ကျိုချူးချောက်လန်သည် သိုင်းလောကနံပါတ်တစ် ဖမ်းချုပ်လက်သိုင်းကွက် ပညာရှင် ရှုပ်စဲ့လူနှင့် သိမ်းငှက်လက်သည်းဘုရင် လွေဖုန်းတို့၏ တဦးတည်းသော တပည့်ရင်းဖြစ်၏။

အသက်ဆယ့်ငါးနှစ်အရွယ်တွင် အနက်ရောင်သိုင်းလောကမှ နာမည်ကျော်ကြားလှသော သံကွင်းစွပ် ထုံးကျင်းပေကို အနိုင်ယူခဲ့သည်။

သို့သော် သူ့အသက် ဆယ့်ရှစ်နှစ်ကျော်ကျော်တွင် လက်ကိုးချောင်းနဂါးဖန်း ကျန်းယိဟန်နှင့် ရင်ဆိုင်တွေ့ခဲ့ရပေသည်။

ကျိုချူးချောက်လန် မခုခံနိုင်ဘဲ အကြီးအကျယ် ရှုံးနိမ့်ခဲ့ရသည်။

ကျန်းယိဟန်၏ ဖမ်းချုပ်လက်ကွက်အောက်တွင် ကြောင်းလက်သည်းကြားမှ ကြွက်ကလေးပမာ ဖြစ်ခဲ့ရသည်။

ကံကောင်းထောက်မစွာ အီးတချက်ပေါက်လိုက်မိသောအခါမှ ကျန်းယိဟန်မှာ ကျိုချူးချောက်လန်၏ လက်ကိုလွှတ်ပြီး ဆုတ်ခွာပေးခဲ့ရသည်။

သို့မဟုတ်ပါက ကျိုချူးချောက်လန် အသက်ပျောက်ရမည် မလွဲပေ။

ယခု ထိုလက်ကိုးချောင်းနဂါးဖန်း ကျန်းယိဟန်နှင့် ထက်ဝင်းရွှဲ ဆုံရပေပြီ။

ကျန်းယိဟန်၏ လက်ဝါးနှစ်ဖက်ကြားတွင် ပြုတ်တူနှင့် ညှပ်ထားသလို သူ့လက်သီးများက ဖမ်းချုပ်ခံထားရချေပြီ။

"ခင်ဗျားက ကျုပ်လက်ကို မလွှတ်ဘူးလား၊ ကျုပ်အီးတချက် ပေါက်မိတော့မယ်နော်၊ အီးဘုရင်ဆိုတာ ကျုပ်ပဲ၊ ဘာမှတ်လို့လဲ"

ထက်ဝင်းရွှဲ ကျန်းယိဟန်၏ အကြောင်းကို သိထားသဖြင့် ရုတ်တရက် ဖြတ်ထိုးဉာဏ်ဖြင့် ပြောချလိုက်ခြင်း ဖြစ်သည်။

ကျန်းယိဟန်မှာ သန့်ရှင်းမှုကို အလွန်ပင် ခုံမင်နှစ်သက်သူ ဖြစ်ပေရာ ကမန်းကတန်းပင် လက်ကို လွှတ်ပေးလိုက်ပြီးနောက် နောက်သို့ ဆုတ်ခွာသွားသည်။

ထက်ဝင်းရွှဲလည်း လက်လွှတ်သည်နှင့် စားပွဲခုံပေါ်သို့ ခုန်တက်ပြီး အရက်အိုးနှင့် ဟင်းလျာပန်းကန်များကို ကန်ကျောက်ပစ်လိုက်သည်။

စားပွဲဝိုင်းမှ လူအားလုံးလိုလိုမှာ ခပ်ဝေးဝေးသို့ ဆုတ်ခွာသွားကြ၏။

ခန်းကျီးစင်းက သွေးများယိုစီးကျနေသော နှာခေါင်းနှင့် ပါးစပ်ကို လက်ဖြင့်ပိတ်ကာ ဖြည်းညင်းစွာ မတ်တတ်ထရပ်လာသည်။

ကျန်းယိဟန်က အတော်ဝေးကွာသော အရပ်မှ စောင့်ကြည့်နေသည်။

စားပွဲဝိုင်းတွင် တည်ငြိမ်အေးဆေးစွာ ထိုင်နေသေးသော လူတယောက်သာ ရှိသည်။

ပိန်ပိန်ရှည်ရှည် မုတ်ဆိတ်ကျင်စွယ်တို့ဖြင့် အဘိုးအိုပင်တည်း။

အဘိုးအိုက ဘာမျှ မဖြစ်သလိုပင် ထက်ဝင်းရွှဲကို ပြုံးရယ်လျက် ကြည့်နေသည်။

"ခင်ဗျား ဘယ်သူလဲ"

ထက်ဝင်းရွှဲက အဘိုးအိုကို မေးသည်။

အဘိုးအိုက အပြုံးမပျက်ပင်...

"ငါ့အမျိုးအနွယ်က ချီ၊ ငါ့နာမည်က ဟန်စန်း"

အဘိုးအိုကား ယန်စို့နယ်ကို တုန်လှုပ်စေသူ ချီဟန်စန်းပင် ဖြစ်တော့သတည်း။

ချီဟန်စန်းမှာ ယန်စို့နယ်ကိုသာမက ကွမ်စီးနယ်ကိုပင် တုန်လှုပ်နိုင်စွမ်းသူ ဖြစ်၏။

သိုင်းလောကတခုလုံးကို တုန်လှုပ်စေနိုင်သူ ဟူ၍လည်း ခေါ်ဆိုနိုင်သည်။

သူ့အမည် သူ့အရှိန်အဝါသည် သိုင်းလောက၏ မဟာဓားသိုင်းပညာရှင် ရှောက်စီးလိုကိုပင် လွှမ်းမိုး ကျော်လွန်နိုင်သည်။

ကွမ်စီးသိုင်းလောက၏ ခေါင်းဆောင်ဖြစ်သလို ဝါစဉ်အမြင့်ဆုံး ပုဂ္ဂိုလ်လည်း ဖြစ်သည်။

သူ၏ ဓားသိုင်းပညာသည် မဟာဓားသိုင်းပညာရှင် ခုနစ်ဦးတို့နှင့် လက်ရည်တူ ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်း ရှိသည်ဟုပင် သတင်းကြီးသည်။

ထို့ပြင် ရိုးသားဖြောင့်မတ်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ စာပေပညာတွင် နံ့စပ်ကျွမ်းကျင်ခြင်းတို့က သူ့ဂုဏ်သတင်းကို ပို၍ မွှေးပျံ့စေသည်။

သူသည် ခုနစ်နှစ်သားအရွယ်ကတည်းက ဓားသိုင်းကို လေ့ကျင့်ခဲ့ရာ ယခုအသက်ငါးဆယ့်ခုနစ်နှစ်အထိ စဉ်ဆက်မပြတ် လေ့ကျင့်ဆဲဖြစ်၏။

ဆယ်နှစ်တာကာလအတွင်း သူ့အား ယှဉ်ပြိုင်နိုင်သူဟူ၍ မရှိလောက်ပင် ရှားလှသည်။

ဘွဲ့အမည်၊ သိုင်းပညာ၊ အတွင်းအားတို့တွင် ယှဉ်နိုင်သူဟူ၍ ကွမ်တုံနယ်မှ သက်တန့်ကိုးမျိုးယန်တို တယောက်သာ ရှိပေသည်။

ဤမျှ နာမည်ကြီးလှသော သိုင်းအဓိပတိကြီးတယောက်ကို ကြုံတွေ့နေရသော်လည်း ထက်ဝင်းရွှဲက ဂရုမစိုက်၊ လှောင်ရယ် ကလေးပင် ရယ်မောလိုက်သေးသည်။

"ဟား...ဟား...ဟား..ခင်ဗျားက ချီဟန်စန်းလား၊ ဒါဆို ကွေးနိုင်ဆန့်နိုင် အအေးခံအပူခံနိုင်တာပေါ့"

ထက်ဝင်းရွှဲ၏ ကတ်သီးကတ်သပ် ရှာရှာကြံကြံ ပြောလိုက်သော စကားကြောင့် လူအားလုံးမှာ ပွဲကျသလို ရယ်မောလိုက်မိကြသည်။

ချီဟန်စန်းကမူ အပြုံးမပျက်။

ထက်ဝင်းရွှဲအား တည်ငြိမ်စွာ ကြည့်လျက်...

"မင်းကကော ဘယ်သူလဲ"

"ကျနော့်နာမည် ထက်ဝင်းရွှဲလို့ခေါ်ပါတယ်"

ချီဟန်စန်း ခေါင်းခါယမ်းလိုက်သည်။

"မကြားဖူးပါလား"

"ထက်ဝင်းရွှဲလေ၊ ချောက်ကျိုးနယ်က အီးဘုရင် ထက်ဝင်းရွှဲဆိုတာ ခင်ဗျား မကြားဖူးဘူးလား၊ ဖူကင်နယ်က သံပါးစပ် ချူးနန်းကုနဲ့ ဘွဲ့နာမည် တဆင့်တည်းလေ"

ထက်ဝင်းရွှဲက ဒေါနှင့်မာန်နှင့် ပြောသည်။

ချီဟန်စန်းက မပြုံးရယ်တော့။

မျက်နှာထား တည်ကြည်လာသည်။

"မင်းအခု စားပွဲပေါ်က ဆင်းမလား မဆင်းဘူးလား"

မျက်နှာထားက တည်ကြည်သလို စကားသံက အေးစက်ကာ အမိန့်သြဇာသံပါသည်။

ထက်ဝင်းရွှဲလို ခပ်ရွှပ်ရွှပ် ခပ်ကြမ်းကြမ်းလူတယောက်ပင် ကျောချမ်းလာသည်။

"ခဏနေမှ ဆင်းမယ်၊ မဆင်းတာက ကျနော့်အတွက်ပိုပြီး ဘေးအန္တရာယ်ကင်းတယ်၊ ခင်ဗျားက ဘာကိစ္စရှိလို့လဲ"

"မင်းကို ငါမေးခွန်းတခုမေးစရာ ရှိတယ်၊ မင်းဆင်းလာမယ်ဆိုရင် မင်းဆင်းလာတာကို စောင့်ပြီးမှ ငါမေးမယ်၊ မဆင်းဘူးဆိုရင်တော့ အခုပဲ မေးရလိမ့်မယ်"

ထက်ဝင်းရွှဲက ထီမထင်သည့်ဟန်ဖြင့် ခေါင်းမော့လိုက်သည်။

"ဒါဆို ခင်ဗျား အခုပဲ မေးပေတော့"

"မင်းနဲ့ မင်းသူငယ်ချင်းတွေဟာ ကြိုတင်အကြောင်းမကြားဘဲ ငါ့ရဲ့အမှန်တရားဇရပ်ထဲ ထိုးဖောက်ဝင်လာခဲ့တယ်၊ ဒီစားပွဲကို မဖိတ်ခေါ်ဘဲ ငါ့ဧည့်သည်တယောက်ကို လက်သီးနဲ့ ထိုးတယ်၊ ပန်းကန်ခွက်ယောက်တွေကိုလဲ ကန်ကျောက်ပစ်လိုက်တယ်၊ ပြီးတော့ ငါထမင်းစားတဲ့ စားပွဲပေါ်မှာ ခြေထောက်နဲ့ မတ်တတ်ရပ်လို့ ငါကခေါင်းမော့ပြီး စကားပြောနေရတယ်၊ ဒီတော့ မင်းငါ့ကို အမှန်အတိုင်း၊ တရားနည်းလမ်းအတိုင်း ဖြေရှင်းပေရမယ်၊ ဒီလိုမှမဟုတ်ရင် ငါမင်းရဲ့ နှာခေါင်းကို ပြားအောင် လုပ်ပေးလိုက်မယ်၊ မင်းရဲ့ သွားတွေကို မင်းနဖူးပေါ်မှာ စိုက်ပေးလိုက်မယ်၊ မင်းရဲ့နားရွက်တွေကို မင်းမျက်ခွံပေါ်မှာ ချိတ်ပေးလိုက်မယ်၊ ငါပြောတာကို မင်းယုံသလား"

ချီဟန်စန်း၏လေသံ တဖြည်းဖြည်း တင်းမာလာသည်။

စကားလုံးများကမူ ထက်ဝင်းရွှဲ၏ မကြောက်တရားကို တလွှာစီ တလွှာစီ ခွာချလိုက်သလို ဖြစ်နေသည်။

ထက်ဝင်းရွှဲ မယုံ၍မဖြစ်။ ယုံသည်။

သူ့တသက်တွင် အကြောက်တရားဟူ၍ တခါတရံမျှ မဖြစ်ပေါ်ခဲ့ဖူးပေ။

ယန်ကွေကွေနှင့် တိုက်ခိုက်ရစဉ်မှာပင် ကြောက်စိတ်ဟူ၍ မြူတမှုန်မျှပင် မရှိခဲ့။

ချီဟန်စန်းကိုမူကား စကားပြောမိယုံနှင့်ပင် ကျောချမ်းလာခဲ့သည်။

ကြက်သီးတဖျင်းဖျင်း ထလာခဲ့သည်။

စကားပြောမထွက်နိုင်အောင်ပင် တုန်လှုပ်နေမိသည်။

ထိုအချိန် ရှောက်ချူးရွှေ သူတို့ဆီသို့ ဦးတည်လျှောက်လာသည်။

ရှောက်ချူးရွှေ မရောက်ခင်မှာပင် နံဘေးရှိစားပွဲဝိုင်းများမှ လူများ၏ စကားသံများက အသီးသီး ထွက်ပေါ်လာသည်။

"ဘယ်ကလာတဲ့ကောင်လဲကွ၊ မဟာအမှန်တရားဇရပ်ပေါ်မှာ သောင်းကျန်းဝံ့လောက်အောင် အတင့်ရဲလှချည်လား"

"ရောက်လာတာနဲ့ လူကို တိုက်ခိုက်တာ ဒီချာတိတ်နာချင်ပြီနဲ့တူတယ်"

"ကိုယ်တော်ကြီးချီကို မရှိမသေလုပ်တဲ့ကောင် လောကကြီးကို ငြီးငွေ့ပြီထင်တယ်"

ထိုစကားသံများ၊ ကြိမ်းဝါးသံများကို ဖောက်ထွက်သော စကားသံတသံ ရှိသည်။

အတွင်းအား ထည့်သွင်းပြောဆိုလိုက်သဖြင့် တယောက်တပေါက် ပြောနေကြသော စကားသံများကို လွှမ်းမိုးနိုင်လေသည်။

"နှစ်ပေါင်းသုံးဆယ်အတွင်း ကိုယ်တော်ကြီးချီကို ဘယ်သူကမှ ဒီလိုမပြောရဲဘူး၊ ကိုယ်တော်ကြီးချီကသာ စကားတခွန်းပြောလိုက်စမ်းပါ၊ ကျုပ်အဘိုးကြီးထွက်ပြီး တာဝန်ယူလိုက်မယ်"

ထိုစကားက ထက်ဝင်းရွှဲ၏ သေမိန့်ကို ချမှတ်လိုက်သည်နှင့် မခြား။

ထိုစကားပြောလိုက်သူကား နေရောင်ခြည်ဓားသမား ခန်းချွတ်ယီ ဖြစ်နေပေသည်။

ခန်းချွတ်ယီသည် မိမိ၏သား ခန်းကျီစင်း လက်သီးနှင့် အထိုးခံရသည့် ကိစ္စကို စကားတခွန်းမျှမဟ။

ချီဟန်စန်း၏ မကျေနပ်မှုကို တာဝန်ယူဖြေရှင်းမည့် စကားမျိုးသာဆိုလာသည်။

သားအရေးအတွက် ဒေါသမဖြစ်။

ရင်ထဲတွင် မခံစားရ။

ချီဟန်စန်းအပေါ် စော်ကားသည်ကိုသာ နာကျည်းစိတ် ဖြစ်မိသည့်အသွင်။

ခန်းချွတ်ယီကား ဒေါသကို မျိုသိပ်ထားတတ်သူ၊ အခွင့်ကောင်းကို စိတ်ရှည်သည်းခံ စောင့်ဆိုင်းတတ်သူ ဖြစ်ကြောင်း ဤအဖြစ်အပျက်များက သက်သေပြနေလေသည်တကား။

အခြေအနေက ဆိုးဝါးလာတော့မည့် အရိပ်အယောင်။

တင်းမာလာတော့မည့် အစိုင်အခဲ။

ရောက်ချူးရွှေက ကမန်းကတန်းပင် ရှေ့သို့တိုးဝင်လာပြီး စကားတခွန်းကို အလောတကြီး ပြောချလိုက်သည်။

"ကိုယ်တော်ကြီးချီ၊ ကျနော့်ရဲ့ညီအကိုတော် ထက်ဝင်းရွှဲ အရှိအသေကင်းမဲ့သလို မိုက်ရိုင်းစော်ကားမိတာဟာ ဟောဒီက နေရောင်ခြည်ဓားသမား ခန်းချွတ်ယီကြောင့် ဖြစ်ပါတယ်"

ရောက်ချူးရွှေ စကားသံ ထွက်လာသည်နှင့် အားလုံး နှုတ်ဆိတ်ငြိမ်သက်သွားရသည်။

နှုတ်မဆိတ်နိုင်သူက ခန်းချွတ်ယီ။

မိမိ၏ လိမ်ညာ ဟန်ဆောင်မှုများ၊ ထုတ်ဖော်ပြောဆိုခံရတော့မည်မို့ ဒေါသထွက်လာသည်။

ခန္ဓာကိုယ် ပေါက်ထွက်သွားမတတ်ပင် ရောက်ချူးရွှေကို စူးစူးရဲရဲ ကြည့်သည်။

"မင်းက ငါ့ကို ရွှေးချယ်တယ်ဆိုတော့ ငါကလဲ မင်းကို အဖော်ပြုပေးရတာပေါ့"

ခန်းချွတ်ယီ စကားသံက အေးစက်နေသည်။

ပြောပြီးသည်နှင့် ဓားရှည်ကို ဖြေးညှင်းစွာ ဆွဲထုတ်ရန် လက်ဟန်ပြင်သည်။

သူ့လက်က ဓားလက်ကိုင်ရိုးပေါ် အုပ်ကိုင်မိစဉ်မှာပင် စကားသံတသံက ရုတ်တရက် ထွက်ပေါ်လာသည်။

"ခဏနေဦး၊ ဘယ်လိုကိစ္စလဲဆိုတာ သူ့ကို ပြောခွင့်ပေးလိုက်ပါ"

ချီဟန်စန်းက ပြောဆိုလိုက်ခြင်းပင်တည်း။

ခန်းချွတ်ယီ ဓားကိုင်လက်တွန့်သွားသည်။

ဓားရိုးပေါ်မှ ဖယ်ရှားပေးလိုက်ရသည်။

သူ့မျက်နှာကမူ တင်းမာခက်ထန်လျက်။

ရောက်ချူးရွှေက ချီဟန်စန်းကို ခါးညွတ်အရိုအသေ ပေးလိုက်သည်။

"ပန်းချောင်းဓားဂိုဏ်းက နောင်လာနောက်သား ကျနော်ရောက်ချူးရွှေ ကိုယ်တော်ကြီးချီကို ဂါရဝပြုပါတယ်ခင်ဗျား"

ချီဟန်စန်း ပြုံးရယ်လိုက်ကာ...

"ရောက်စီးလို နေကောင်းရဲ့လား၊ ဇရပ်အပြင်ဘက်က ညီငယ်ညီမငယ်တွေလဲ ဇရပ်ထဲကို ဝင်လာခဲ့ကြပါဦး"

ရောက်ချူးရွှေကို ပြောရာမှ ဇရပ်အပြင်ဘက်သို့ လှမ်းအော်ပြောလိုက်သည်။

အပြင်ဘက်တွင် လူရှိနေမှန်းသိနေသည့်၊ လူများ၏ အသက်အရွယ်တို့ကို ခန့်မှန်းတွက်ချက်သိရှိနိုင်စွမ်း ရှိသော ချီဟန်စန်း၏ အာရုံစူးရှထက်မြက်မှုကို ရောက်ချူးရွှေ လေးစားသွားမိ၏။

ချီဟန်စန်း စကားအဆုံးတွင် ထန်ဖန်း၊ ကျိုချူးချောက်လန်နှင့် မာကျင်ကျုံးတို့ ပြိုင်တူလိုလိုပင် ထွက်လာကြသည်။

"ဒီမိန်းကလေးရဲ့ ခြေလှမ်းက အပေါ့ပါးဆုံးပဲ၊ ကြည့်ရတာ လက်နက်ပုန်းသမား ဖြစ်ပုံရတယ်၊ အခုတလော သိုင်းလောကမှာ ကိုယ်ဖော့ပညာ ထူးချွန်တယ်လို့ နာမည်ကျော်ကြားလာတဲ့ သူရဲကောင်းမယ် မိန်းကလေး ထန်ဖန်းထင်ပါရဲ့"

ထန်ဖန်းက လက်သီးဆုပ် ဂါရဝပြုလိုက်သည်။

"မှန်ပါတယ်၊ ကိုယ်တော်ကြီးချီကို ဂါရဝ ပြုပါတယ်ရှင်"

ချီဟန်စန်း ခေါင်းညိတ်ပြသည်။

တဆက်တည်းပင် ကျိုချူးချောက်လန်နှင့် မာကျင်ကျုံးတို့အား...

"ဒီတယောက်ကတော့ ဆရာရှမ့်နဲ့ အကိုလွေတို့ရဲ့ တပည့်၊ ကိုယ်တော်လေး ရှောက်ချူးရွှေရဲ့ သူငယ်ချင်း ကိုယ်တော်လေး ကျိုချူးချောက်လန်ဖြစ်မှာပေါ့၊ နောက်တယောက်က မြေကျအမြစ်ပေါက် ရေသောက်မြစ် မြေမကွာ ညီလေးမာကျင်ကျုံး ဖြစ်လိမ့်မယ် ထင်တယ်"

ချီဟန်စန်းက တယောက်စီကို ခွဲခြားပြောဆိုနေသည်။

ခြေလှမ်းသံကို နားထောင်ကာ ခွဲခြားစီစစ်ပြောဆိုနိုင်စွမ်းရှိသည့် ချီဟန်စန်း၏ ပညာကို ထက်ဝင်းရွဲ့ ကျောချမ်းပြီးရင်း ကျောချမ်းလာသည်။

စားပွဲပေါ်မှ အလျင်အမြန်ခုန်ဆင်းကာ ချီဟန်စန်းအား တရိုတသေပင် ဂါရဝ ပြုလိုက်ရတော့သည်။

"ဆရာကြီးချီ..ခင်ဗျား ကျနော့်ကို သတ်တာမသတ်တာက အရေးမကြီးပါဘူး၊ ခင်ဗျားရဲ့ ဂုဏ်သိက္ခာနဲ့ ကျော်ကြားမှုကို ကျနော်သိပါတယ်၊ စောစောက မရှိမသေ လုပ်မိတာကို တောင်းပန်ပါတယ်၊ ဒီလို တောင်းပန်ဂါရဝပြုတာ ကျနော့်ကို အပြစ်က သက်ညှာစေချင်လို့ မဟုတ်ဘူးဆိုတာကိုတော့ ခင်ဗျားသိစေချင်ပါတယ်"

ရှောက်ချူးရွှေက ထက်ဝင်းရွဲ့ နောက်ထပ်စကားကြောရှည်နေမည် စိုးသဖြင့် အလျင်အမြန်ပင် စကားဖြတ်ပြောရတော့သည်။

"ကိုယ်တော်ကြီးချီ၊ ခုနကကိစ္စမှာ ကျနော်တို့ မရှိမသေ စည်းမဲ့ကမ်းမဲ့ မိုက်ရိုင်းမိတာ မှန်ပါတယ်၊ ကိုယ်တော်ကြီးက အပြစ်ဒဏ်ခတ်ရင်လဲ ကျနော်တို့ နာခံပါ့မယ်၊ ဒါပေမယ့် ဒီကိစ္စဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းကတော့ ဟောဒီက လူကြီးမင်း ခန်းချွတ်ယီက...."

"တိတ်စမ်း...ပေါက်ကရတွေ လျှောက်ပြောမနေနဲ့"

ခန်းချွတ်ယီက မျက်နှာအပျက်ပျက်နှင့် ဒေါသတကြီး အော်ငေါက်လိုက်သည်။

ချီဟန်စန်းက အသာလက်ကို ဝှေ့ယမ်းပြလိုက်ပြီး...

"ဘယ်လိုဖြစ်တာလဲ ဆက်ပြောစမ်း"

"ခန်းချွတ်ယီဟာ ဩဇာအာဏာဂိုဏ်းက စေလွှတ်ထားတဲ့ သူလျှိုတယောက် ဖြစ်ပါတယ်"

ရှောက်ချူးရွှေ စကားကို သိုင်းဝိုင်းစီစဉ် ဖွဲ့နွဲ့မနေတော့၊ တဲ့တိုးပင် ပြောချလိုက်သည်။

သူ့စကားကြောင့် ဇရပ်အတွင်းရှိ လူအားလုံးမှာ မှင်တက်ငေးကြောင် သွားမိကြလေတော့သည်။

ခန်းချွတ်ယီ ရှူးရှူးရှားရှား ဖြစ်သွား၏။

"မင်း...မင်း...ငါ့ကို သက်သက်မဲ့ စွပ်စွဲနေတာ၊ ငါသိုင်းလောကရဲ့ အဖြူရောင်ဂိုဏ်းတွေနဲ့ ပူးပေါင်းပြီး ဩဇာအာဏာဂိုဏ်းကို တွန်းလှန်ခဲ့တဲ့လူကွ၊ အဲဒီတုန်းက မင်းနှပ်ချေးတွဲလောင်းပဲ ရှိသေးတယ်"

"ဆရာကြီးချီ ဒီလိုမသိနားမလည်ဘဲ အရမ်းမဲ့ လျှောက်ပြောနေတဲ့ ကလေးတယောက်ရဲ့ စကားကို ဆက်ပြီး နားထောင်ဖို့ မလိုဘူးလို့ ကျနော်ပြောပါရစေ"

နံဘေးဘက်ရှိ လူလတ်ပိုင်းတယောက်က ဝင်ပြောသည်။

ထိုသူ၏ ကိုယ်ပေါ်တွင် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မျက်နှာထားက သုန်သုန်မှုန်မှုန် ရှိနေသည်။

လက်တွင်လည်း ပါးလွှာသော လက်အိတ်ကို စွပ်ထား၏။

လက်ကိုးချောင်းနဂါးဖမ်း ကျန်းယိဟန်ကလည်း...

"သူပြောတာတွေကို ဆက်နားထောင်နေရင် ဆရာကြီးခန်းရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းသွားရုံပဲ ရှိပါလိမ့်မယ်"

ချီဟန်စန်း ခေါင်းညိတ်လိုက်သည်။

"ကိုယ်တော်လေးရှောက်၊ ဒီလောက်ကြီးမားတဲ့ ကိစ္စကြီးတခုကို အလွတ်မဲ့ စွပ်စွဲပြောဆိုလို့ မရပါဘူး၊ မင်းမှာ သက်သေ သာဓက ရှိသလား၊ မရှိဘဲနဲ့ ထပ်မပြောပါနဲ့"

ရောက်ချူးရွှေ ကပျာကယာပင်...

"လက်တွေ့အဖြစ်မှန်အတိုင်း ကျနော်ပြောနေတာပါ၊ ခန်းချွတ်ယီဟာ အစက စုံချွမ်းနယ် ချန်တူးမြို့ ပန်းချောင်းဓားဂိုဏ်း ဌာနချုပ် ရောက်ဂေဟာမှာ ရှိနေခဲ့ပါတယ်၊ ဩဇာအာဏာဂိုဏ်းက လာတိုက်ခိုက်တဲ့အချိန်မှာ ကျနော့်ဖေဖေ၊ ခန်းချွတ်ယီ၊ ကိုယ်တော်ကြီးထန်တာ့နဲ့ ကိုယ်တော်ကြီး ကျူးရှာဂူတို့ ရှိနေခဲ့ပါတယ်၊ ဒါပေမယ့် ခန်းချွတ်ယီဟာ ကျနော်တို့ကို အကူအညီမပေးတဲ့အပြင် ကိုယ်တော်ကြီးထန်တာ့၊ ဘဘကြီးရောက်တုံးကွမ်းနဲ့ လူကြီးမင်း ကျန်လိန်ယိတို့ကို လုပ်ကြံသတ်ဖြတ် ခဲ့ပါတယ်"

ချီဟန်စန်း မျက်လုံးအရောင်မှာ ဝင်းလက်တောက်ပလာခဲ့သည်။

"ဒီကိစ္စဟာ တကယ်ပဲလား"

"မဟုတ်နိုင်ဘူး၊ ဩဇာအာဏာဂိုဏ်းက ရောက်ဂေဟာကို ဝန်းရံတိုက်ခိုက်တဲ့သတင်း ကျုပ်မကြားသိခဲ့ရဘူး၊ မျက်မှောက် သိုင်းလောကသားတွေဆိုရင် ပိုပြီးတောင် သိမှာမဟုတ်ဘူး၊ နောက်ပြီး မနေ့ကမှ ကျုပ်ကွေးလင် ပန်းချောင်းဓားဂိုဏ်းခွဲက ထွက်လာတာ၊ ကွေးလင်ကလူတွေလဲ ဒီအကြောင်းမသိကြသေးဘူး၊ ပြောလဲမပြောခဲ့ကြဘူး၊ ကိုယ်တော်လေး ရောက်တယောက်တည်းက သိနေတယ်ဆိုတော့ ဟုတ်နိုင်ပါ့မလား"

ချီဟန်စန်းနံဘေးနားမှ ခြေထောက်တဖက်တည်း ရှိပြီး သံချိုင်းထောက်ကြီး ထောက်ရပ်နေသည့် လူတယောက်က ရောက်ချူးရွှေ မဖြေခင် ဖြတ်ပြောလိုက်ခြင်းဖြစ်၏။

အဝါရောင် ဝတ်စုံဝတ်ကာ လက်အိတ်စွပ်ထားသူက ထပ်ဆင့်၍ သံသယ စကားဆိုသည်။

"ဒီလိုဆိုရင် ဒီချာတိတ်ဟာ ရောက်ချူးရွှေ တကယ်အစစ်အမှန် ဟုတ်ရဲ့လားလို့တောင် စစ်ဆေးဖို့ လိုနေပါပြီ"

"စစ်ဆေးဖို့ မလိုပါဘူး၊ သူက ရောက်ချူးရွှေ အစစ်အမှန်ပါပဲ၊ ဒါပေမယ့် သူဟာ ပန်းချောင်းဓားဂိုဏ်း ရောက်ဂေဟာမှာ အနောက်ပြောင်တတ်ဆုံး၊ လူကြီးကိုလူကြီးမှန်း မသိတတ်ဆုံး သူငယ်ပဲ၊ အကိုစီးလိုဟာ သူ့သားဆိုးအတွက် အမြဲတမ်း ခေါင်းခဲနေရတယ်"

ခန်းချွတ်ယီက ထောက်ခံသလိုလိုနှင့် ကန့်ကွက်စကားဆိုသည်။

ရုတ်တရက်ကြည့်လျှင် အခွင့်အလမ်းကို အရမယူဘဲ မြင့်မြတ်သည့် စိတ်သဘောထား ရှိသယောင်ယောင် ထင်မှတ်ရပေသည်။

ရောက်ချူးရွှေမှာ သူ့စကားကြောင့် ဒေါသထွက်သွား၏။

"ခင်ဗျားက လူမျက်နှာနဲ့ ခွေးအသည်းရှိတဲ့လူပဲ၊ လုပ်ကြံတာ မအောင်မြင်လို့ ကျုပ်ဖေဖေနဲ့ ကိုယ်တော်ကြီး ကျူးရှာဂူတို့က မသတ်ဘဲ အသက်ချမ်းသာပေးခဲ့တာတောင် ကျုပ်ကို ဒီလိုပြောထွက်သေးသလား"

ဝတ်စုံဝါလူက ဒေါသတကြီးလေသံဖြင့်...

"မင်းဘာကောင်လဲ၊ ဒီနေရာမှာ ဆရာခန်းကို ဒီလိုစကားမျိုး ပြောဝံ့သလား"

"ခင်ဗျားကကော ဘာလဲ၊ ဒီနေရာမှာ ကျုပ်အကိုကြီးကို ဒီလို အရိုအသေမဲ့ရသလား"

ထက်ဝင်းရွှဲက မခံမရပ်နိုင်ဖြစ်ကာ ဝင်အော်သည်။

ဝတ်ရုံဝါလူက ဟွန့်ခနဲ နှာခေါင်းမှ လေတချက် မှုတ်ထုတ်လိုက်ကာ...

"ငါလက်နက်ပုန်း သုံးဆယ့်ခြောက်ကွက်၊ ကင်းပုန်းသုံးဆယ့်ခြောက်ကွက် ဟူကွန်ပဲ၊ မင်းကြားဖူးရဲ့လား"

ရောက်ချူးရွှေမှာ ထိုဘွဲ့အမည်ကို ကြားလိုက်ရသည်နှင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိသည်။

ထက်ဝင်းရွှဲမှာ ဘာကိုမျှ ဂရုမစိုက်သလို ဘွဲ့နာမည်ကိုလည်း မကြားဖူးသဖြင့် စိတ်ထဲရှိရာကိုသာ စွပ်ရွတ် လုပ်တော့သည်။

"ဟူကွန်...ဘာဟူကွန်လဲ၊ ဟူကွန်က ဘာမို့လို့လဲ"

"ဘာ...မင်း.."

ဟူကွန်က ဒေါသတကြီး အော်ဟစ်လိုက်သော်လည်း ချီဟန်စန်းက လက်ဝါးကာပြ တားဆီးထားသဖြင့် အောင့်အည်း သည်းခံနေလိုက်ရသည်။

ရောက်ချူးရွှေကလည်း ဒေါသတကြီး ဖြစ်နေသော ထက်ဝင်းရွှဲကို အတင်းဆွဲထားရသည်။

တီးတိုးလေသံဖြင့်လည်း သတိပေးစကားဆိုရသည်။

"မင်းဒီလို တစွပ်ထိုး လျှောက်မလုပ်နဲ့လေ၊ အဲဒီလူဟာ ဟူကွန်ပဲ၊ လက်နက်ပုန်းနဲ့ အကွက်ဆင်တာ ထူးချွန်တယ်၊ ကိုယ်တော်ကြီးထန်တာ့နဲ့ လက်ရည်တူ အဆင့်လောက်ရှိတယ်၊ ဒီလို အချိန်မျိုးမှာ သူ့ကို ပြဿနာ မရှာသင့်ဘူး"

ထက်ဝင်းရွှဲမှာ ဒေါသလည်းထွက် မကျေမနပ်လည်း ဖြစ်နေဆဲပင် ဖြစ်သည်။

"ကျုပ်သူ့ကို ကြည့်လို့မရဘူး၊ မောက်မာထောင်လွှားတဲ့ လူစားမျိုးကို ကျုပ်အမုန်းဆုံးပဲ၊ သူ့ပုံစံက ဆောင့်ကြွားကြွားနဲ့.."

ရောက်ချူးရွှေ အတင်းဆွဲထားသဖြင့်သာ ထက်ဝင်းရွှဲမှာ သူ့ဒေါသမာန်စွယ်ကို ချလိုက်ရသည်။

ထိုအချိန်မှာပင် လူလတ်ပိုင်းအရွယ်ရှိ စာပေလင်္ကာသမား ပုံစံနှင့်လူတယောက်က ခေါက်ယပ်တောင်တချောင်းကို ဖြည်းညင်းစွာ ခါယမ်း၍ ဝင်လာခဲ့သည်။

ထို့နောက် ရောက်ချူးရွှေကို ကြည့်လိုက်ပြီး ယပ်တောင် အခပ်မပျက်ပင်...

"အကိုရောက်စီးလိုရဲ့ သားဆိုးကိုတော့ ကျုပ်လဲပြောသံ ကြားဖူးတယ်"

ပြောပြောဆိုဆိုပင် ခေါက်ယပ်တောင်ကို ဆတ်ခနဲ ဖြန့်လိုက်သည်။

"မိုးမြင်းမိုးပေါ်ပြေး" ဟူသော စာတမ်းတတမ်းက ယပ်တောင်ပေါ်တွင် ထင်းခနဲ ပေါ်လွင်လာ၏။

# အခန်း (၂)

ချီဟန်စန်းသည် မည်သို့ ဆုံးဖြတ်ရမည်မသိ ဖြစ်နေ၏။

ရောက်ချူးရွှေက အခိုင်အမာပင် စွပ်စွဲပြောဆိုနေသည်။

ခန်းချွတ်ယီကလည်း ငြင်းဆန်သည်။

သိုင်းလောက၏ ဝါစဥ်ဘွဲ့အမည်ရ ပုဂ္ဂိုလ်များကလည်း ရောက်ချူးရွှေကို ထောက်ခံမှုမပေးကြ။

အတန်ကြာအောင် တွေဝေစဥ်းစားပြီးမှ....

“ကိုယ်တော်လေးရောက်...မင်းက ဆရာခန်းကို စွပ်စွဲပြောဆိုနေတယ်ဆိုတော့ မင်းမှာ သက်သေ အထောက်အထား ဘာများရှိသလဲ”

“သက်သေပစ္စည်းအနေနဲ့ အခုလောလောဆယ် ဘာမှ ပြစရာမရှိပါဘူး၊ ဒါပေမယ့် ခန်းချွတ်ယီဟာ ဩဇာအာဏာဂိုဏ်းရဲ့ သူလျှိုတယောက်၊ လက်ပါးစေတယောက်ဆိုတာတော့ ကျနော်နဲ့ ဟောဒီက မိန်းကလေး ထန်ဖန်းက ဂုဏ်သိက္ခာ၊ အသက်နဲ့ ထပ်ပြီး သက်သေပြုပါတယ်”

ရောက်ချူးရွှေက ရဲရဲဝံ့ဝံ့ စကားဆိုသည်။

ချီဟန်စန်းက ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်၏။

“မင်းတို့က သိပ်ငယ်ရွယ်လွန်းသေးတယ်”

ထိုစကား၏ အဓိပ္ပါယ်က ကျယ်ဝန်းနက်ရှိုင်းလှပေသည်။

အသက်ငယ်ရွယ်ပြီး ဘွဲ့နာမည် သိပ်မရှိသဖြင့် သူတို့စကားကို မယုံကြည်နိုင် ဆိုသည့်သဘော သက်ရောက်ပေသည်။

ရောက်ချူးရွှေက စိုးရိမ်တကြီးလေသံဖြင့်...

"ကိုယ်တော်ကြီးချီ...ကျေးဇူးပြုပြီး သူ့ကို အရင်ဆုံး ဖမ်းဆီးပေးပါ၊ ကျနော် သုံးရက်အတွင်း ကျနော့်ဖေဖေနဲ့ ကိုယ်တော်ကြီး ကျူးရှာဂူတို့ကို ခေါ်လာပြီး တာဝန်ယူခိုင်းပါ့မယ်"

ခေါက်ယပ်တောင်ကို ကိုင်ထားသူက သူ့ယပ်တောင်ကို တဘက်သို့ ပြန်လှန်လိုက်သည်။

"မိုးမြင်းမိုးပေါ်ပြေး" ဆိုသော စာတန်းက ယပ်တောင်၏ နောက်ကျောဘက်တွင် ပေါ်လွင် ထင်ရှားနေသည်။

ထိုသူက ချီဟန်စန်း မပြောခင်မှာပင်...

"တို့အနေနဲ့ မင်းရဲ့စကားတခွန်းအတွက်ကြောင့် ဆရာခန်းကို အချောင်သက်သက် သုံးရက်ဖမ်းချုပ် ဒုက္ခမပေးထားနိုင်ဘူး"

"ကျနော်သက်သေလုပ်မယ်ဗျာ"

ရုတ်တရက် ကျယ်လောင်စွာ အော်ပြောလိုက်သံတသံ ထွက်လာသည်။

မာကျင်ကျုံး ဖြစ်ပေသည်။

မာကျင်ကျုံးသည် စိတ်လှုပ်ရှားလွန်းသောကြောင့် အသံများ တုန်ယင်လှုပ်ခါနေသည်။

ကြောက်ရွံ့၍ မဟုတ်။

မခံချင်သောကြောင့် ဒေါသထွက်သောကြောင့် သူ့စိတ်ကို ထိန်းချုပ်မရနိုင်အောင် ဖြစ်နေ၏။

"ကျနော် သက်သေခံမယ်၊ သူဟာ ကျနော့်ကို တောက်လျှောက်ဖိအားပေး ခြိမ်းခြောက်ပြီး မနေ့ကပဲ ကိုယ်တော်လေးရောက်တို့ကို လုပ်ကြံခိုင်းခဲ့တယ်၊ ဒါမှ ချန်တူးမြို့ ပန်းချောင်စားဂိုဏ်းရဲ့ အရေးပေါ် အန္တရာယ်ကိစ္စကြီး အပြင် သိုင်းလောကကို မပေါက်ကြား မပျံ့နှံ့မှာ ဖြစ်ပါတယ်၊ ဒီ..ဒီလိုမှ မဟုတ်ရင် ကျနော့် မယားကို သတ်ပစ်မယ်လို့ အကျပ်ကိုင် ခြိမ်းခြောက်ခဲ့ပါတယ်"

မာကျင်ကျုံး၏ ပိုင်ပိုင်နိုင်နိုင် ပြောချလိုက်သော စကားကြောင့် ခန်းချွတ်ယီ ဒေါသထွက်ခါ မျက်လုံးများ ပြူးကျယ် ဝိုင်းစက်လာသည်။

"အလကား မဟုတ်ကဟုတ်ကတွေ ပြောနေတာ"

"အကိုချီ..ဒီကိစ္စ ပေါ့ပေါ့သေးသေး ထားလို့မရဘူး၊ အသေအချာ စစ်ဆေးမှ ဖြစ်လိမ့်မယ်၊ အခုစကားပြောလာတဲ့ မြေကျ အမြစ်ပေါက် မာကျင်ကျုံးရဲ့ အကျင့်စာရိတ္တကို ကျနော်သိတယ်၊ မဟုတ်ဘဲနဲ့တော့ သူ့အလွတ်မဲ့ လျှောက်မပြောဘူးထင်တယ်"

ဤစကားကို ပြောလိုက်သူကား မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသော အဘိုးအိုတယောက် ဖြစ်ပေသည်။

ဤစားပွဲဝိုင်းတွင် လူဆယ့်နှစ်ယောက် ရှိနေခဲ့သည်။

ရောက်ချူးရွှေတို့ ဝင်ရောက်လာပြီး ပြဿနာဖြစ်လျှင် စကားတစုံတရာ ဝင်ရောက်ပြောဆိုခြင်း မပြုသူ ငါးယောက်ရှိသည်။

ထိုငါးယောက်ထဲမှ အဘိုးအိုက သူ့ထင်မြင်ချက်ကို မထိန်းနိုင်ဘဲ ဝင်ရောက်ပြောဆိုခြင်း ဖြစ်ပေသည်။

ချီဟန်စန်း ပြုံးလိုက်သည်။

"အခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ် အကိုကု"

မီးခိုးရောင်ဝတ်စုံဝတ် အဘိုးအိုအား ပြောလိုက်ပြီးလျှင် ချီဟန်စန်းသည် ရောက်ချူးရွှေတို့ဘက်သို့ လှည့်ကာ...

"အခုဒီမှာ ရှိနေကြတဲ့ လူတွေဟာ သိုင်းလောကရဲ့ နာမည်ကျော် ပုဂ္ဂိုလ်တွေချည်းပဲ၊ မင်းတို့ကို ငါတယောက်စီနဲ့ မိတ်ဆက်ပေးမယ်၊ ခုနက စကားပြောတဲ့လူက စိတ်ခတ်ကျနတ်အဘိုးအို ကုကြွင်းစန်းပဲ၊ အကိုကုရဲ့ ဘေးနားက လေးယောက်က သိုင်းလောကမှာ နာမည်ကျော်ကြားတဲ့ ထူးချွန်လေးယောက် ကိုယ်တော်ကြီးတပါးထဲက ထူးချွန်လေးယောက်ပဲ၊ လက်ဝါးသိုင်းထူးချွန် ဟွမ်ယင်ယုံ၊ တံတောင်ဆစ်သိုင်းထူးချွန် ယောင်တုအာ၊ လက်သီးသိုင်းထူးချွန် ပိထင်းထုံးနဲ့ ခြေသိုင်းထူးချွန် ဝန်ပိန်စွမ်းတို့ပဲ၊ သူတို့ကိုတော့ မင်းတို့ သိဖူးကြားဖူးမှာပေါ့"

ကိုယ်တော်ကြီးတပါး၊ ထူးချွန်လေးယောက်မှာ လွန်ခဲ့သော ဆယ့်ငါးနှစ်ကတည်းကပင် နာမည်ကျော်ကြားခဲ့သည်။

လူဆိုးကို ရန်သူလို မညှာမတာ တိုက်ခိုက်သတ်ဖြတ်သဖြင့် သူတို့၏ အကျင့်စာရိတ္တက အဖြူရောင်နှင့် အနက်ရောင်ဂိုဏ်းများကြားထဲတွင် ရှိနေပေသည်။

သို့သော်...သိုင်းလောက၏ သစ္စာတရားကိုမူကား အလွန်ပင် အလေးအနက်ထားသည်။

သည့်အတွက် ဩဇာအာဏာဂိုဏ်းနှင့် ရန်ဘက်များ ဖြစ်လာသည်။

ဩဇာအာဏာဂိုဏ်း၏ ကတိဖောက်၊ သစ္စာမဲ့လုပ်ရပ်များကို အလွန်ပင် မနှစ်မြို့ သဘောမတွေ့ခဲ့။

ချီဟန်စန်းက ခေါက်ယပ်တောင်ကိုင်ထားသူ စာပေသမားနှင့် ဆက်လက်၍ မိတ်ဆက်ပေးပြန်သည်။

"သူကတော့ ခေါက်ယပ်တောင် မြင်တာနဲ့ ဘယ်သူလဲဆိုတာ မင်းတို့ သိပြီးဖြစ်လိမ့်မယ်ထင်တယ်၊ သိုင်းလောက အဖြူရောင် အနက်ရောင်ဂိုဏ်းတွေကို ဖိမ့်ဖိမ့်တုန်စေတဲ့ မြေပေါ်မြင်းမိုးပေါ်ပြေး လျှို့ချုန်းပြင်ဆိုတာ သူပဲ"

လျှို့ချုန်းပြင်သည် သိုင်းလောကတွင် မိုးမြင်းကိုယ်ဖော့ပညာကို တယောက်တည်း တတ်မြောက်ထားသူ ဖြစ်၏။

သူ၏ လူ့ခန္ဓာကိုယ်ရှိ သွေးကွက်ကြီး သုံးဆယ့်ခြောက်ကွက်၊ သွေးကွက်ငယ် ခုနှစ်ဆယ့်နှစ်ကွက်တို့ကို ထိုးရိုက်နိုင်သည့် ပြောင်းလဲခြင်း အမျိုးမျိုးရှိသော ခေါက်ယပ်တောင် လက်နက်က ကြောက်စရာ ကောင်းလှသည်။

ချီဟန်စန်းက ဆက်လက်၍...

"ဟောဒီ သံချိုင်းထောက်နဲ့ အဆင့်မြင့် သိုင်းသမားကြီးကတော့ ကွမ်စီးနယ် နဂါးကျားစခန်းက ခြေတဘက်နဲ့ တောင်တတောင် ဖိန်ကျုံ ဆိုတာပဲ"

ခြေတဘက်ချိုင်းထောက်နှင့် အဘိုးအိုက သွားဖြဲကာ ရယ်ပြ၏။

ချီဟန်စန်းက...

"ကျန်တဲ့လူတွေကိုတော့ မင်းတို့ သိပြီးကြပြီ၊ အခုဒီမှာ ရှိနေတဲ့ လူတွေအားလုံးဟာ သိုင်းလောကရဲ့ သူရဲကောင်းတွေချည်းပဲ၊ ဒီတော့ အခုကိစ္စကို အမှန်တရားအတိုင်း ဖြစ်အောင် ဒီပုဂ္ဂိုလ်တွေ ရှေ့မှာ ဆုံးဖြတ်ရလိမ့်မယ်"

ရောက်ချူးရွှေ နားစွင့်နေ၏။ ဘာမျှ ဝင်မပြော။

ထက်ဝင်းရွဲ့ကိုလည်း မျက်နှာရိပ် မျက်နှာကဲဖြင့် သတိပေးထားရသည်။

ချီဟန်စန်း မျက်လုံးများ အရောင်တဖျပ်ဖျပ် တောက်လာသည်။

"ကိုယ်တော်လေးရောက်တို့ရဲ့ လုပ်ရပ်က တဖောက်ကန်းဆန်ပေမယ့် ဩဇာအာဏာဂိုဏ်းရဲ့ သူလျှိုဆိုတာကတော့ သိုင်းလောကသားတွေရဲ့ ရွံမုန်းအော့နလုံး နာစရာကောင်းတဲ့ ကိစ္စပဲ၊ ဒီတော့ ဆရာခန်းအနေနဲ့ ရှေ့ကို ထွက်ပြီး အားလုံးကို ရှင်းပြစေချင်ပါတယ်"

စကားသံက သာမာန်ပြောလိုက်ခြင်း ဖြစ်သော်လည်း ဇရပ်အဆောင်အတွင်းရှိ လူအားလုံး၏ နားစည်များကို အုန်းအုန်းထ တုန်ခါသွားစေတော့သည်။

ခန်းချွတ်ယီ၏ မျက်နှာအမူအရာမှာ အလွန်ပင် အကြည့်ရဆိုးသွားတော့သည်။

အကွက်ကောင်း အချက်ကောင်းတွင် ဝင်ပြောတတ်သော၊ ဟန်ဆောင်ပရိယာယ် ကောင်းလွန်းသော ခန်းချွတ်ယီမှာ ကျားရှေ့ရောက်သည့် ယုန်သူငယ်တကောင်လို ဖြစ်နေတော့သည်။

"ကိုယ်တော်ကြီးချီ၊ လွန်ခဲ့တဲ့လက ကျုပ် ကိုယ်တော်လေးနဲ့ စကားပြောရတာ အဆင်မပြေ ဖြစ်ခဲ့ပါတယ်၊ ကျုပ်ကို မဖွယ်မရာ ဆက်ဆံတယ်လို့လဲ စိတ်ထဲမှာ ထင်မှတ်မိခဲ့တယ်၊ ဒါကြောင့် နောင်ကြီးရောက်စီးလိုကို သူ့အကြောင်း လျှာရှည်ပြီး နည်းနည်းပါးပါး တိုင်တန်းပစ်ခဲ့မိတယ်၊ ဒါကို အငြိုးထားပြီး ကိုယ်တော်လေးရောက်က ကျုပ်ကို ချောက်တွန်းတာ ဖြစ်ပါလိမ့်မယ်၊ ဟောဒီက ညီလေး မာကျင်ကျုံးကိုတော့ ကျုပ်လုံးဝမသိတာ အမှန်ပါပဲ"

"ဟုတ်ပါ့မလား"

အေးစက်စက် စကားသံတသံက ရုတ်တရက် ဖြတ်မေးလိုက်သည်။

ခန်းချွတ်ယီက အချောက်ချောက်အချားချား ဖြစ်ကာ စကားဆိုလာသူအား လှည့်ကြည့်လိုက်သည်။

တံတောင်ဆစ်သိုင်းထူးချွန် ယောင်အုတု ဖြစ်နေသောကြောင့် အကြီးအကျယ် ဒေါသထွက်သွားရတော့သည်။

"ခင်ဗျား ဘာစကားပြောတာလဲ"

ယောင်အုတုက စကားမဟ။

လက်ဝါးသိုင်းထူးချွန် ဟွမ်ယင်ယုံကကသာ...

"စိတ်မကောင်းစရာပဲ၊ ကျုပ်တို့တတွေ မနေ့က ကွေးလင်ကို ရောက်ခဲ့တယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ ခင်ဗျားက ညီလေးမာကျင်ကျုံးနဲ့ စကားများနေတာ တွေ့လိုက်တယ်၊ ကျုပ်တို့ မြင်လိုက်ရတာကတော့ ခင်ဗျားဓားဆွဲထုတ်လိုက်တာ၊ ကျုပ်တို့ ကြားရတဲ့ စကားကတော့ 'မင်းသဘောမတူဘူးလား၊ ဒါဆိုရင် မင်းအသက် ဆက်ရှင်ချင်သေးသလား၊ မင်းမိန်းမ အသက် ဆက်ရှင်ချင်သေးသလား၊ မင်းမိန်းမ ဗိုက်ထဲက မင်းတို့ ရင်သွေးရဲ့ အသက်ကိုကော လိုချင်သေးသလား' ဆိုတဲ့ စကားပဲ၊ တကယ်တော့ ကျုပ်တို့ ကိုယ်တော်ကြီးချီကို လာရှာတာ ခင်ဗျားရဲ့ကိစ္စကို အဆုံးအဖြတ် အစီရင်ခိုင်းမလို့ပဲ"

ခန်းချွတ်ယီ မျက်နှာမှာ သွေးမရှိတော့။

ချီဟန်စန်းက ဒေါသသံဖြင့်..

"ဒါအမှန်တကယ်ပဲလား"

ခန်းချွတ်ယီ၏ မုတ်ဆိတ်မွေးများ လှုပ်ယမ်းလာ၏။

ဘာပြန်ဖြေရမည် မသိ။

ဖြေစရာစကားလည်း မရှိတော့။

စိတ်ဓာတ်ကျနတ်အဘိုးကြီး ကုကြွင်းစန်းက ခက်ထန်စွာဖြင့်...

"သူတော်ကောင်းပဲ ဖြစ်ဖြစ်၊ သူယုတ်မာပဲ ဖြစ်ဖြစ်၊ ဘာကိုမှ ကျုပ်ဂရုမစိုက်ဘူး၊ ကျုပ်အမုန်းဆုံးကတော့ သူတော်ကောင်း ယောင်ဆောင်တဲ့ သူတော်ယောင်ပဲ"

ရောက်ချူးရှွေမှာ ကုကြွင်းစန်း၏ စကားကြောင့် ဝမ်းသာအားတက်လာသည်။

ချီဟန်စန်းကလည်း...

"အဖြူရောင်ဂိုဏ်းတွေ အနက်ရောင်ဂိုဏ်းတွေ ကျုပ်မသိဘူး၊ သစ္စာတရားနဲ့ စည်းကမ်းကိုပဲ တန်ဖိုးထားတယ်၊ ကျုပ်သိုင်းလောကမှာ လူသတ်ခဲ့တာ သစ္စာတရားကင်းမဲ့ပြီး စည်းကမ်းမရှိတဲ့ လူဆိုးလူယုတ်တွေပဲ ဖြစ်တယ်"

ခန်းချွတ်ယီမှာ တယောက်တပေါက် ပြောလာသော စကားများကြောင့် သည်းမခံနိုင်တော့။ ဒေါသယမ်းအိုး ပေါက်ကွဲလာတော့သည်။

"ခင်ဗျားတို့က ကျုပ်ကို ဝန်ခံလာအောင် ဖိနှိပ်ပြောဆိုနေကြတာလား၊ ကဲ...ကျုပ်ဘာကိုမှ မပြောချင်တော့ဘူး၊ ကိုယ်တော်ကြီးချီ...ခင်ဗျားကျုပ်ကို ဘာလုပ်ချင်သလဲ"

ဟူကွန်က ရုတ်တရက် ထွက်လာပြီး ခန်းချွတ်ယီ နံဘေးတွင် ရပ်သည်။

ချီဟန်စန်းနှင့် ကုကြွင်းစန်းတို့အား အေးတိအေးစက် လေသံဖြင့်...

"ခင်ဗျားတို့ တဖက်သားကို သိပ်အနိုင်မကျင့်ရင် ကောင်းလိမ့်မယ်"

ဟူကွန်၏ လက်နှစ်ဖက်က နောက်ကျောဘက်တွင်သာ ရှိနေသည်။

သို့သော် သူထွက်လာပြီဆိုသည်နှင့် အခြားလူတို့ ကြက်သီးမွေးညှင်း ထစေနိုင်သည်။

သူ့ကိုယ်ပေါ်တွင် ဓားတလက်မျှပင် မရှိ။ ထို့ပြင် လက်နက်ပုန်း ဟူ၍လည်း မရှိ။

သူလက်တဖက်မြှောက်လျှင် လက်နက်ပုန်း လေးငါးခြောက်မျိုး တပြိုင်နက်တည်း ပစ်လွှတ်နိုင်မည်။

ထိုလက်နက်ပုန်းထဲတွင် အဆိပ်လူးထားသော လက်နက်ပုန်းအချို့လည်း ရှိကောင်းရှိနိုင်မည်ဟု ထန်ဖန်းက တွေးထားမိပြီး ဖြစ်သည်။

ထိုအချိန်မှာပင် တချိန်လုံး ငြိမ်သက်နေခဲ့သော လက်ဝါးသိုင်းထူးချွန် ပိထင်းထုံးက ရှေ့ထွက်လာရပ်သည်။

သူ့အမူအရာက အေးဆေးတည်ငြိမ်ကာ လေသံက လေးနက်အေးစက်လွန်းသည်။

"ဟူကွန်...ခင်ဗျားကို သတိထား ကြည့်နေခဲ့တာ ကြာပြီ၊ အခုတလော ခင်ဗျားဟာ ဟူပေနယ်ကနေ ဟူနန်၊ ဟူနန်ကတဆင့် ကျန်စီးကို လှည့်လည်နေတာ ဘာကြောင့်လဲ၊ ခင်ဗျားကို စိတ်ထဲမှာ သံသယဝင်မိတာနဲ့ ခြေရာခံခဲ့မိတယ်၊ ဖူကင်နယ်ကို ရောက်မှပဲ ခင်ဗျား ဘယ်လိုလုပ်ရှားတယ်ဆိုတာ သက်သေအထောက်အထား ရလိုက်တော့တယ်"

ဟူကွန်၏ မျက်နှာ ရုတ်ခြည်းပင် နီရဲလာ၏။ မျက်လုံးများကလည်း မီးတောက်မီးလျှံများလို ယိုဖိတ်လာသည်။

"ဘာသက်သေလဲ၊ ခင်ဗျားက ကျုပ်ကို ဘာပေါက်ကရတွေ ပြောချင်သေးလို့လဲ"

ပိထင်းထုံးက ပြက်လုံးတခုပမာ ရယ်မောလိုက်သည်။

"ဟား...ဟား...ခင်ဗျား လုံချန်မှာ သြဇာအာဏာဂိုဏ်းရဲ့ နတ်ဆိုးဆယ့်ကိုးပါးထဲက ရောဂါပိုးနတ်ဆိုး ယီခုယီနဲ့ တွေ့တော့ ဘာပြောလိုက်သလဲ"

"သြဇာအာဏာဂိုဏ်းရဲ့ သွေးရဲအမိန့်လွှာ"

ဟူကွန်က ဖြေခြင်းမဟုတ်။

ပိထင်းထုံး နံဘေးမှ တံတောင်ဆစ်သိုင်းထူးချွန် ယောင်အုတုက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

ဟူကွန် မျက်နှာ အကြီးအကျယ် ပျက်သွား၏။

မျက်မှောင်ကြီးကိုလည်း ကြုတ်လိုက်မိသည်။

ထန်ဖန်း စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွား၏။

သူသည် ထန်မျိုးဆက်မိသားစုမှ လူတယောက်ဖြစ်ပြီး လက်နက်ပုန်းပညာနှင့် ပတ်သက်လျှင် ကျွမ်းကျင်ထက်မြက်သည်။

ဟူကွန်၏ မျက်မှောင်အကြုတ်ကို ကြည့်ပြီး လက်နက်ပုန်း ပစ်လွှတ်တော့မည်ကို အလိုလိုသိနေမိသည်။

ထို့အပြင် လက်နက်ပုန်းသည်လည်း အဆိပ်ပြင်းလက်နက်ပုန်း ဖြစ်ကာ ဖမ်းဆုပ်၍ မရနိုင်ကြောင်းလည်း တွက်ဆမိသည်။

"သတိထား"

ထန်ဖန်း အလျင်အမြန်ပင် သတိပေး အော်ဟစ်လိုက်သည်။

သို့သော် ပိထင်းထုံးက ရုတ်တရက် ရှေ့သို့ တိုးထွက်သွားသည်။

တချိန်တည်းမှာပင် ဟူကွန်ကလည်း လက်နှစ်ဖက်ကို ဆတ်ခနဲ မြှောက်လိုက်တော့သည်။

## အခန်း (၃)

ထန်ဖန်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ဟူကွန် ပစ်လွှတ်လိုက်သော လက်နက်ပုန်းများက များများစားစားမဟုတ်။

အပြာရောက် အလင်းစက်ကလေး နှစ်စက်မျှသာ။

ဤလက်နက်ပုန်းမျိုးက အစုလိုက်အထွေးလိုက် ပစ်လွှတ်ရသော လက်နက်ပုန်းမျိုး ဖြစ်၏။

နည်းနည်း ပစ်လွှတ်လျှင် အလွန်ပင် ခက်ခဲလှပေသည်။

လက်နှစ်ဖက် မြှောက်ရုံနှင့် နှစ်လုံးသာ ပစ်လွှတ်နိုင်ခြင်းကို ထန်ဖန်းပင် မစွမ်းဆောင်နိုင်သေး။

အဆိပ်အပြင်းထန်ဆုံးသော လက်နက်ပုန်း ဖြစ်ပေသည်။

ပိထင်းထုံးက မရှောင်ရှား။

လက်သီးနှစ်ဖက်ကို ရုတ်တရက် ထိုးထုတ်လိုက်သည်။

"ဒုန်း...ဒုန်း"

လက်နက်ပုန်းနှစ်ခုက လွင့်စဉ်ထွက်သွားသည်။

ပိထင်းထုံးက လက်သီးကို ပြန်မရုပ်သိမ်း။

ဟူကွန်ထံသို့ ဆက်လက်ထိုးသွင်းသည်။

ရှောက်ချူးရွှေ စိတ်ထဲ လှုပ်ရှားသွားသည်။

ထိုလက်သီးတိုက်ကွက်က ကျူးရှာဝူ၏ အရာရာကို ဖျက်ဆီးနိုင်သော လက်နက်လက်သီးသိုင်း ဖြစ်နေသော ကြောင့်ပင်တည်း။

ဟူကွန် လက်နှစ်ဖက်မြောက်ကာ ပိထင်းထုံး၏ လက်သီးကို ဖမ်းဆုပ်ရန် ဟန်ပြင်သည်။

သူမလှုပ်ရှားနိုင်ခင်မှာပင် လူရိပ်တရိပ်က လှစ်ခနဲ ခုန်ဝင်လာပြီး ပိထင်းထုံး၏ သေကွင်းသေကွက်ကို ခေါက်ယပ်တောင်ဖြင့် လှမ်းထိုးလိုက်သည်။

လျှို့ချန်းပြင်၏ အလစ်ဖမ်းတိုက်ခိုက်မှု။

ဟူကွန်ကို အာရုံစူးစိုက်စွာ ရင်ဆိုင်တိုက်ခိုက် နေရသဖြင့် ပိထင်းထုံး မရှောင်ရှားနိုင်။

သို့သော် လျှို့ချန်းပြင်၏ ခေါက်ယပ်တောင် ပိထင်းထုံး၏ သွေးကြောကွက်ကို မထိုးဖောက်နိုင်ခင်မှာပင် တံတောင်ဆစ်သိုင်းထူးချွန် ယောင်အုတုက ပြေးဝင်ကာ လျှို့ချန်းပြင်အား တံတောင်ဖြင့် တွတ်သည်။

လျှို့ချန်းပြင်မှာ အလျင်အမြန်ပင် ယပ်တောင်ကို ပြန်ရုပ်သိမ်းပြီး ဖွင့်လိုက်ကာ ယောင်အုတု၏ တံတောင်ကို ကာဆီးသည်။

ယောင်အုတုက ညာတံတောင်ဆစ်ဖြင့် ထပ်တွက်သည်။

လျှို့ချန်းပြင် ကိုယ်ကိုလှန်ကာ ကျွမ်းပစ်ဆုတ်ပေး၏။

တံတောင်တိုက်ကွက် လွဲချော်သွား၏။

သို့သော် ယောင်အုတုက ဘယ်တံတောင်ဖြင့် နောက်ပြန်တွက်သည်။

လျှို့ချန်းပြင် ချက်ချင်းပင် လေထဲသို့ ခုန်ပျံလိုက်၏။

"ဝုန်း.."

တံတောင်ဆစ်က ဇရပ်နံရံကို ဆောင့်မိကာ နံရံတဝက်ခန့် ပြိုကျသွားသည်။

ထိုအချိန်မှာပင် သံချိုင်းထောက် ဖိန်ကျိုက ပိထင်းထုံး၏ ငယ်ထိပ်တည့်တည့်သို့ ချိုင်းထောက်ဖြင့် ရိုက်ချသည်။

ဟူကွန်နှင့် အကြိတ်အနယ် တိုက်ခိုက်နေရသဖြင့် ပိထင်းထုံး မရှောင်နိုင်။

ပိထင်းထုံး၏ အခက်အခဲကို ခြေသိုင်းထူးချွန် ဝန်ပိန်စွမ်းက ဝင်ရောက်ဖြေရှင်းလိုက်သည်။

ရိပ်ခနဲ ခုန်ဝင်ကာ သံချိုင်းထောက်ကို လေထဲတွင် ဖမ်း၍ ခြေပျံကန်ချက် နှစ်ချက် ထုတ်လိုက်သည်။

"ဒုန်း.."

ကန်ချက်က ဖိန်ကျိုကို မထိ။ သံချိုင်းထောက်ကိုသာ ထိမိကာ သံချိုင်းထောက် ကွေးသွားသည်။

ဝန်ပိန်စွမ်းလည်း တကိုယ်လုံး တုန်ခါလျက် ခပ်လှမ်းလှမ်းသို့ လွင့်ထွက်သွားသည်။

ထိုအချိန်မှာပင် ခန်းချွတ်ယီက ဓားကိုဆွဲထုတ်လာသည်။

နေရောင်ခြည်ဓား၏ အလင်းရောင်က အခန်းထဲတွင် လင်းရှင်းသွားသည်။

သူဓားဆွဲထုတ်သည်နှင့် လက်ဝါးတစုံက သူ့ကို ဖုံးလွှမ်းလာသည်။

လက်ဝါးသိုင်းထူးချွတ် ဟွမ်ယင်ယု၏ လက်ဝါးတခုပင်တည်း။

ခန်းချွတ်ယီမှာ စိတ်ထင်တိုင်း မလှုပ်ရှားနိုင်။

လက်ဝါးရိပ်များကို အလူးအလဲ ခုခံနေရ၏။

ခန်းချွတ်ယီတို့ကိုကြည့်ပြီး လက်ကိုးချောင်းနဂါးဖမ်း ကျန်းယိဟိုင် လှုပ်ရှားပါဝင်လာချင်သည်။

လက်ဟန်တပြင်ပြင် ဖြစ်နေသည်။

သို့သော် စိတ်ဓာတ်ကျနတ်အဘိုးကြီး ကုကြွင်းစန်း၏ စူးရှတောက်လက်သော အကြည့်ကြောင့် ကျန်းယိဟိုင်မှာ မလှုပ်ရဲ။

"မင်းငြိမ်ငြိမ်ကလေးနေတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"

ကုကြွင်းစန်းက အေးစက်တည်ငြိမ်သော လေသံဖြင့် ပြောသည်။

ကျန်းယိဟိုင်မှာ ကုကြွင်းစန်း၏ သိုင်းပညာမြင့်မားထက်မြက်လွန်းသည်ကို သိနေသဖြင့် စကားကို တသွေမတိမ်း နားထောင်နေရသည်။

ဟူကွန်နှင့် ပိထင်းထုံး၊ လျှို့ချန်းပြင်နှင့် ယောင်အုတု၊ ဖိန်ကျိုနှင့် ဝန်ပိန်စွမ်း၊ ခန်းချွတ်ယီနှင့် ဟွမ်ယင်ယုံတို့က အကြိတ်အနယ် အပြင်းအထန် တိုက်ခိုက်နေတော့သည်။

ဇရပ်အတွင်း၌ စောစောက စားသောက်နေကြသူ အချို့လည်း ကိုယ်နှင့်မသက်ဆိုင်သည်မို့ အပြေးအလွှားပင် ထွက်သွားကြသည်။

ရှောက်ချူးရွှေ၊ ထန်ဖန်း၊ ကျိုချူးချောက်လန်၊ ထက်ဝင်းရွှဲနှင့် မာကျင်ကျုံးတို့သာလျှင် တိုက်ပွဲကို စိတ်ဝင်တစား ကြည့်နေမိကြသည်။

ကုကြွင်းစန်းက ကျန်းယိဟိုင်ကို ကြည့်ရင်းမှ ချီဟန်စန်းအား လက်သီးဆုပ် အရိုအသေ ပြုလိုက်သည်။

"နောင်ကြီးချီဟန်စန်း၊ ကျုပ်ကို စကားပြောခွင့်ပြုပါ"

ချီဟန်စန်းကလည်း ပြန်လည် အရိုအသေပြုကာ...

"ပြောပါနောင်ကြီးကု...ပြောနိုင်ပါတယ်"

ကုကြွင်းစန်း သက်ပြင်းတချက် ချလိုက်သည်။

"ဒီကနေ့ ကျုပ်တို့ ခင်ဗျားဇရပ်ကို လာပြီး အနှောင့်အယှက်ပေးမိတာ၊ ခြေလွန်လက်လွန် တိုက်ခိုက်မိတာတွေဟာ နောင်ကြီးချီရဲ့ စည်းကမ်းကို ချိုးဖောက်မိတာပါပဲ၊ ဒီအတွက် ကျုပ်တို့မှာ အပြစ်ရှိပါတယ်"

"နောင်ကြီးကုရဲ့ အကျင့်စာရိတ္တနဲ့ ဂုဏ်သိက္ခာကို ကျနော် လေးစားပါတယ်၊ သိပ်မရင်းနှီး မခင်မင်ပေမယ့် ကျနော့်စိတ်ထဲမှာ အမြဲတမ်း ကျွမ်းဝင် ရင်းနှီး နေပြီးသားပါ၊ နောင်ကြီးကု ဒီကိစ္စအတွက် ဘာမှာမစိုးရိမ် အားနာစရာ မလိုပါဘူး"

"ဟုတ်ပါတယ်၊ ကျုပ်ကလဲ နောင်ကြီးချီရဲ့ ဂုဏ်ဒြပ်တွေကို အမြဲလေးစား ကြည်ညိုခဲ့တာပါ၊ ကျုပ်တို့ အချင်းချင်း မရင်းနှီးပေမယ့် ပတ်သက်မှုကတော့ ရှိနေကြတယ်လေ၊ နောင်ကြီးချီနဲ့ ကိုယ်တော်ကြီးယန်တိုကို သိုင်းလောကသားတွေက အရှေ့အနောက် ကိုယ်တော်ကြီးနှစ်ပါးလို့ ခေါ်ကြတယ်မဟုတ်လား၊ ဒါပေမယ့် ကွမ်စီးနယ်မှာတော့ ကွမ်စီးစန်းသုံးစန်းဆိုတာ ထင်ရှားကျော်ကြားလှတယ်၊ အဲဒါဘယ်သူတွေကို ခေါ်သလဲဆိုတာ နောင်ကြီးချီ သိမှာပေါ့"

"သိပါတယ်၊ တောင်အနေနဲ့ ပြောရရင် လျှို့ရှုမ့်တောင်၊ တာ့မိန်တောင်နဲ့ တာ့ယုတောင်တို့ နာမည်ကြီးပါတယ်၊ လူပုဂ္ဂိုလ် အနေနဲ့ ပြောရရင် နောင်ကြီး ကုကြွင်းစန်း၊ မုံကျန်းမြစ်က နောင်ကြီး တုရွှဲစန်းနဲ့ ကျနော် ချီဟန်စန်းတို့ကို ရည်ရွယ်တာပါ"

ကုကြွင်းစန်းက ဝင့်ကြွားစွာပင် ခေါင်းကို ဆက်ညိတ်လိုက်၏။

"ကျုပ်တို့ သိုင်းလောကသားတွေက စန်းသုံးစန်းလို့ ခေါ်တာဟာ ကျုပ်တို့ရဲ့ နာမည်အဖျားတွေမှာ တိုက်တိုက်ဆိုင်ဆိုင် စန်းဆိုတဲ့ စာလုံးတွေပါနေသလို ကျုပ်တို့ဟာ လိမ်ညာဟန်ဆောင်တာကို မုန်းတီးပြီး သူတပါးရဲ့ အခက်အခဲဒုက္ခတွေကို ကူညီပေးတတ်ခဲ့ကြလို့ပဲ"

ချီဟန်စန်း တွေငိုင်စဉ်းစားနေသည်။ စကားမပြော။ ကုကြွင်းစန်းကသာ ဆက်ပြောသည်။

"ကျုပ်တို့ကနေ့ နောင်ကြီးချီရဲ့ နေရာမှာ ဟောဒီသူတော်ယောင်တွေကို နှိမ်နင်းတိုက်ခိုက်ရတာဟာ မဟာအမှန်တရားဇရပ်ရဲ့ သစ္စာတရား၊ အမှန်တရားကို လေးစားလို့၊ အဖက်ကလဲ နောင်ကြီးချီကို လေးစားကြည်ညိုလို့လဲ ဖြစ်ပါတယ်"

ချီဟန်စန်း သက်ပြင်းလေပူ မှုတ်ထုတ်သည်။

"ဒီလောက်ကြီးလဲ ကျနော့်ကို အမွှမ်းတင်စရာ မလိုပါဘူးလေ၊ နောင်ကြီးကုက တခေတ်တယောက် ထွန်းတောက်တဲ့ ရှားရှားပါးပါး စံနမူနာ ထားထိုက်တဲ့ ပုဂ္ဂိုလ်ပါ၊ ဒါပေမယ့် နောင်ကြီးကုတို့ မှားများမှာနေသလား၊ သေချာမှသေချာပါ့မလားလို့ပဲ ကျနော်စိုးရိမ်နေမိပါတယ်"

"လုံးဝ မမှားဘူး၊ အခု သုံးလလောက်အတွင်း ကျုပ်တို့ တောက်လျှောက်လိုက်ပြီး စုံစမ်းခဲ့တယ်၊ ကျုပ် အသေအချာ ပြောနိုင်တာကတော့ ခန်းချွတ်ယီဟာ ဩဇာအာဏာဂိုဏ်းက မိုးမြေနတ်ဆိုး ဆယ့်ကိုးပါးထဲက အမည်မဲ့နတ်ဆိုး ဖြစ်တယ်၊ လျှို့ချန်းပြင်က အရိပ်မဲ့နတ်ဆိုး၊ ဟူကွန်က လက်တထောင်နတ်ဆိုး၊ ဖိန်ကျိုက ခြေတဖက်နတ်ဆိုးဆိုတာ ကျုပ်တို့ သိခဲ့ရတယ်၊ ဟောဒီ ကျန်းယိဟိုင်ကတော့ ဩဇာအာဏာဂိုဏ်းရဲ့ လူဖြစ်ပေမယ့် အဆင့်အတန်းနဲ့ ရာထူးကို မသိဘူး၊ ဒါကျုပ်တို့ အတိအကျ ရထားတဲ့ သတင်းပဲ၊ လုံးဝ အမှားအယွင်း မရှိနိုင်ဘူး"

"မမှားဘူးဆိုရင်တော့ ကောင်းတာပါပဲ"

"အဲ...နမြောစရာကောင်းတာက သူတို့နဲ့ ဆက်သွယ်နေတဲ့ သစ်တောထဲကလူနဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အဆိပ်ရောဂါပိုးနတ်ဆိုး ယီခုယီကို ကျုပ်တို့ အခုထက်ထိ ရှာမတွေ့သေးတာပဲ၊ နို့မဟုတ်ရင် အားလုံးကို သတ်ပစ်လိုက်နိုင်တယ်'

ချီဟန်စန်း မျက်လုံးထဲတွင် ဒေါသအရိပ်အယောင်များ လွှမ်းမိုးလာသည်။ ရုတ်တရက် ခေါင်းမော့ကာ ကျယ်လောင်စွာ ရယ်မောလိုက်သည်။'

"ဟား..ဟား...အားလုံးသတ်ပစ်တာ လူ့လောကရဲ့ ပျော်စရာတခုပဲ"

ရယ်သံကို တိခနဲ ရပ်ပစ်လိုက်ပြီး ကျန်းယိဟိုင်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ထိုအကြည့် ထိုမျက်လုံးကြောင့် ကျန်းယိဟိုင်မှာ လိပ်ပြာလွင့်စဉ်လုမတတ် ထိတ်လန့်သွားတော့သည်။

"မင်းရဲ့ သေခြင်းရှင်ခြင်းကို ကံကြမ္မာပေါ်မှာ အပြစ်ပုံချပေတော့"

ချီဟန်စန်းက ပြောပြောဆိုဆိုပင် သိမ်းငှက်ကြီးတကောင်အလား ကျန်းယိဟိုင်ထံသို့ ခုန်ပျံ ဝင်လာတော့သည်။

ကျန်းယိဟိုင်သည် ခြေတလှမ်းနောက်သို့ ဆုတ်လိုက်ပြီး တဖက်မှ ချီဟန်စန်းအား ခုခံရင်ဆိုင်ရန် ဟန်ပြင်ထားသည်။

သူ့တွက်ကိန်းလွဲသွားသည်။

ချီဟန်စန်းသည် သူ့ထံသို့ ဝင်လာရာမှ လမ်းခုလတ်တွင် ရုတ်တရက် လားရာဘက် ပြောင်းလဲသွားသည်။

အမူအရာ၊ ဟန်ပန်၊ အားအဟုန်တို့လည်း လုံးဝမတူတော့။

သူ့လားရာဘက်က ဟူကွန်နှင့် ပိထင်းထုံးတို့၏ တိုက်ပွဲဆီသို့။

ခုန်ပျံနေစဉ်မှာပင် သူ့လက်ထဲ၌ ဓားအလင်းရောင်တချက် တလက်လက် တောက်ပလာသည်။ ဓားမြတ်တစင်း။

ပိထင်းထုံးမှာ ဟူကွန်ကို ထိန်းချုပ်တိုက်ခိုက်နေရာမှ လူရိပ်တရိပ် လှုပ်ရှားလာပြီး ဓားအလင်းရောင် တချက် လက်သွားသဖြင့် ငေးကြောင်ကြည့်နေမိသည်။

ထိုအချိန်မှာပင် ချီဟန်စန်း၏ ဓားရှည်က သူ့ရင်ဝသို့ ထိုးသွင်းပြီး ဖြစ်နေလေတော့သည်။

"အား…"

ပိထင်းထုံး ဆွေးမြည့်စွာ အော်ဟစ်လိုက်သည်။

ချီဟန်စန်းကမူ ဓားရှည်ကို ဆွဲထုတ်ကာ ရုတ်ချည်းပင် နောက်ပြန်ခုန်လွှား၍ လျှို့ချုန်းပြင်နှင့် ယောင်အုတုတို့ တိုက်ပွဲကို ဝင်ရောက်လာသည်။

လက်တချက်လှုပ်လိုက်သည်နှင့် ဓားမြှောင်တချောင်းက ယောင်အုတုလည်မျိုကို ထိုးစိုက်ဝင်သည်။

ယောင်အုတုမှာ နာကျင်စွာ အော်ဟစ်လိုက်ပြီး ချီဟန်စန်း၏ ရင်ဝကို တံတောင်ဆစ်ဖြင့် အဟုန်ပြင်းစွာ တိုက်ဆောင့်ကာ လဲကျသွားတော့သည်။

"ဖုန်း…"

သေခါနီးလူတယောက်၏ နောက်ဆုံးအသုံးပြုသွားသော အားအင်ဖြစ်သဖြင့် ပြင်းထန်လှသည်။

ချီဟန်စန်း လွင့်စဉ်ထွက်သွားသည်။

နစ်ကိုက်ခန့် လွင့်စဉ်မိလျှင် အနီးရှိ ထင်းရှူးပင်တပင်ကို လက်ဖြင့် ဖမ်းဆွဲထားလိုက်သည်။

ပြီးမှ ကိုယ်ကို ပြန်လွှဲကာ ရှေ့သို့ ထွက်ရပ်၏။

ယောင်အုတု၏ ပြင်းထန်သော တံတောင်ဆစ်အားကို ထင်းရှူးပင်ပေါ်သို့ လွှဲပြောင်းပေးလိုက်သဖြင့် ထင်းရှူးပင်မှာ ဝုန်းခနဲ ထက်ပိုင်း ကျိုးပြတ်သွားတော့သည်။

"ဟား…ဟား..ဟား"

ချီဟန်စန်း ကျယ်လောင်စွာ ရယ်မောလိုက်သည်။

ထိုအချိန်မှာပင် ကုကြွင်းစန်းကလည်း စူးရှသော လေချွန်သံတသံ ပြုလိုက်သည်။

လေချွန်သံက နားအုံကွဲလောက်အောင် စူးရှလွန်းသဖြင့် ချီဟန်စန်း ရုတ်ချည်းပင် အရယ်ရပ်ကာ ကုကြွင်းစန်းဘက်သို့ လှည့်လိုက်သည်။

"ဝုန်း.."

မဟာအမှန်တရားဇရပ်ထဲမှ ကျယ်လောင်သော အသံတသံနှင့်တူ ကြမ်းပြင်တွင် အပေါက်တပေါက် ဖြစ်ပေါ်လာသည်။

ထိုအပေါက်ထဲမှ လူရိပ်တရိပ် ရုတ်တရက် ခုန်ပျံထွက်လာပြီး ခန်းချွတ်ယီနှင့် ဟွမ်ယင်ယုတို့၏ တိုက်ပွဲဆီသို့ ဝင်ရောက်သွားသည်။

"ယီခုယီ"

ကုကြွင်းစန်း လွှတ်ခနဲ အော်ဟစ်လိုက်မိသည်။

သူ့အသံထွက်ချိန်မှာပင် တိုက်ကွင်းဆီမှ လူရိပ်က ကွဲပြားလာသည်။

ဟွမ်ယင်ယုမှာ ခြေလှမ်းခုနစ်လှမ်းခန့် လွင့်စဉ်သွားပြီး မျက်နှာတပြင်လုံး သွေးဆုတ်ဖြူရော်လာသည်။

"ဟင်.."

ကုကြွင်းစန်း ထိတ်လန့်အံ့သြသွားကာ ဟွမ်ယင်ယုထံသို့ ခုန်ဝင်သည်။

ဖိန်ကျုံက အခွင့်ကောင်း ကြုံကြိုက်လာသဖြင့် တောင်ဖြိုပင်လယ်တွန်းတိုက်ကွက်ကို အသုံးပြုကာ ကုကြွင်းစန်း၏ ခါးလယ်သို့ သံချိုင်းထောက်ဖြင့် ဖြတ်ရိုက်လိုက်သည်။

ကုကြွင်းစန်း မရှောင်ရှား။
ရှေ့သို့ တိုးထွက်မြဲ တိုးထွက်သည်။
"ဖုန်း.."
ဖိန်ကျုံ၏ သံချိုင်းထောက်က ခါးလယ်ကို ဖြတ်ရိုက်မိသည်။
သူ၏ သွားရှိန်ကမပျက်။ ချိုင်းထောက်ကသာ လခြမ်းသဏ္ဍာန် ကွေးညွတ်သွား၏။
ကုကြွင်းစန်းသည် နောက်သို့ ဒယီးဒယိုင် ဆုတ်နေသော ဟွမ်ယင်ယုကို ထူမပေးလိုက်သည်။
"အဆိပ်...အဆိပ်...ရောဂါပိုး နတ်ဆိုး"
ဟွမ်ယင်ယုမှာ ထိုစကားတခွန်းသာ ပြောထွက်နိုင်ပြီး မျက်နှာက မီးခိုးမှိုင်းအရောင်သို့ ပြောင်းလဲလာသည်။
ထို့နောက် တခဏမျှ အကြောဆွဲပြီး မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့မှ သွေးများ ယိုစီးထွက်လာကာ အသက်သေဆုံးသွားတော့သည်။
ကုကြွင်းစန်း မျက်လုံးများ ဒေါသကြောင့် နီရဲစူးရှလာသည်။
အသားများ တဆတ်ဆတ်တုန်လာသည်။
ဟွမ်ယင်ယု၏ အလောင်းကို အသာချထားလိုက်ပြီး အသံကုန်မာန်သွင်း အော်ဟစ်လိုက်သည်။
သူ့အသံက ကြားရသူအပေါင်း၏ စိတ်အာရုံကို တုန်လှုပ်ချောက်ချားစေသည်။
ခြေသိုင်းထူးချွန် ဝန့်ပိန်စွမ်းသည် ထိုအသံထွက်လာသည်နှင့် ဖိန်ကျုံအား နောက်ဆုတ်စေကာ ကုကြွင်းစန်းအနီးသို့ ခုန်လွှားရောက်ရှိလာသည်။
နှစ်ယောက်သား တယောက်မျက်နှာ တယောက်ကြည့်မိကြသည်။
ဝမ်းနည်းကြေကွဲခြင်း၊ နာကျည်းဒေါသဖြစ်ခြင်းတို့က သူတို့မျက်ဝန်းများတွင် အရောင်တလက်လက် ထွက်နေသည်။
ချီဟန်စန်းသည် နေရာတွင်ပင် ပစ္စလက်ခတ် ရပ်နေသည်။
သူ့တကိုယ်လုံးတွင် ဓားတချောင်းမျှ မရှိသကဲ့သို့ သူ့ထံမှ စကားသံ တသံမျှ မထွက်။
ထိုကဲ့သို့သော စကားမပြောခြင်းကပင် စကားပြောသည်ထက်ပို၍ ကြောက်စရာကောင်းနေသည်။
စောစောက ကြမ်းပြင်အပေါက်ဝမှ ဝုန်းခနဲ ထွက်လာသူ၏ တကိုယ်လုံးတွင် ဆွတ်ဆွတ်ဖြူသော ဝတ်စုံကို ဝတ်ဆင်ထားသည်။
သူ့မျက်နှာက ပေါင်မုန့်တလုံးကို ရေစိမ်ထားသလို ပွရောင်းရောင်း ရှိနေသည်။
သို့သော် မျက်စိပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်တို့က အလွန်ပင် ကျဉ်းမြောင်းသေးကွေးလှရာ အချိုးမကျဘဲ ပြိတ္တာကြီးလို ဖြစ်နေသည်။
အဆိပ်ရောဂါပိုးနတ်ဆိုး ယီခုယီပင်တည်း။
ယီခုယီက ချီဟန်စန်းဘေးနားသို့ လျှောက်လာပြီး အရိုအသေပေးလိုက်သည်။
လျှပ်တပြက်အတွင်း ပြောင်းလဲသွားသော အခြေအနေကြောင့် ရောက်ချူးရွှေတို့ အုပ်စုမှာ နားမလည်နိုင်အောင် ဖြစ်သွားရသည်။
ကုကြွင်းစန်း နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေသည်။
ဖိန်ကျုံ၏ သံချိုင်းထောက်ရိုက်ချက်က မသက်သာလှ။
သူ့မျက်လုံးများက ချီဟန်စန်းကို ပေါက်လုမတတ် စူးစိုက်ကြည့်နေသည်။
သူ့သေဖော်ရှင်ဖက် ညီအကိုတော်များအား တခဏအတွင်း ရက်စက်စွာ သတ်ဖြတ်ခဲ့သည့်အတွက် မကျေနပ်စိတ်က အစိုင်အခဲ ကြီးထွားလှသည်။
ချီဟန်စန်းလည်း ကုကြွင်းစန်းကို ပြန်၍ စိုက်ကြည့်သည်။
သူ့မျက်လုံးထဲတွင်မူ ဒေါသအရိပ်အရောင်များ အလျဉ်းမရှိ။
"မင်း...မင်းဘယ်သူလဲ"
ကုကြွင်းစန်းက ချီဟန်စန်းကို မေးသည်။
ချီဟန်စန်း ရှောင်လွှဲ၍ မရတော့။
တသက်လုံး ဟန်ဆောင်ဖုံးကွယ်ထားသမျှ အထုပ်ပြေကျသွားသဖြင့် ဝန်ခံရတော့သည်။
"တကယ်တမ်း မလိမ်မညာဘဲ ပြောရရင် ကျနော်ဟာ ဩဇာအာဏာဂိုဏ်းရဲ့ မိုးဘုရင်ရှစ်ပါးထဲက ဓားဘုရင်ပါပဲ"
ကုကြွင်းစန်း ရယ်မောလိုက်သည်။

သူ့ရယ်သံက ရယ်မောခြင်းနှင့်မတူ။ ဆွေးဆွေးမြေ့မြေ့ နာနာကျည်းကျည်း ငိုကြွေးလိုက်သလို ဖြစ်နေ၏။

"ကောင်းတယ်၊ သိပ်ကို ကောင်းတယ်၊ ငါဒီလူတသိုက်ကို လိုက်စုံစမ်းခဲ့တာ မင်းကို မတွေ့မိခဲ့ဘူး၊ တော်တော်ပိရိသေချာပါပေတယ်၊ ဒါကြောင့် မင်းက ဒီလူတွေနဲ့ ဒီမှာ တစုတဝေးတည်း ဖြစ်နေရတာကိုး၊ ဟွန်း…မင်းနဲ့အတူ ကွမ်စီးနယ်စန်းသုံးစန်းထဲမှာ ငါ့နာမည်ပါရတာ သိပ်ကို ရှက်ဖို့ ကောင်းနေပြီ"

"နောင်ကြီးကုက ဘာဖြစ်လို့ ဒီလောက်တောင် စိတ်လိုက်မာန်ပါ ဖြစ်နေရတာလဲ၊ ဩဇာအာဏာဂိုဏ်းက ထူးချွန်ထက်မြက်တဲ့လူကို အလိုရှိပါတယ်၊ အမြဲတမ်း တံခါးဖွင့်ထားပါတယ်"

"ဟား…ဟား…မင်းတော်တော် ရယ်စရာ ပြောတတ်တဲ့ ကောင်ပဲ၊ ငါ့ညီတော် သုံးယောက်ကို ရက်ရက်စက်စက် သတ်ပြီးခါမှ ငါ့ကိုတောင် ဒီလိုစကားမျိုး ပြောဝံ့တယ်ဆိုတော့ အံ့ပါရဲ့ကွာ"

ကုကြွင်းစန်း၏ အသွင်သဏ္ဌာန်က ကျားနာ တကောင်လို ဖြစ်နေသည်။

ချီဟန်စန်းကို ပြောရင်းမှ ဝန်ပိန်စွမ်းအား လေသံတိုးတိုးဖြင့်….

"ငါသူ့ကို ထိန်းထားမယ်၊ မင်းလွတ်အောင် ထွက်ပြေးပေတော့"

ပြောပြောဆိုဆိုပင် စူးရှသော လေချွန်သံတချက် ပြုလိုက်ပြီး ဝန်ပိန်စွမ်းကို လက်ဝါးဖြင့် တွန်းထုတ်သည်။

သူကိုယ်တိုင်ကမူ ချီဟန်စန်းထံသို့ ခုန်ဝင်သွားသည်။

ပေတံကောက်လက်နက်တချောင်းကို ဆွဲထုတ်ကာ ချီဟန်စန်းကို အစွမ်းကုန် တိုက်ခိုက်တော့သည်။

ချီဟန်စန်းက တဘက်သို့ ခုန်လွှားရှောင်တိမ်းလိုက်ပြီး…

"နောင်ကြီးကုက အခုထက်ထိ ခေါင်းမာနေသေးတုန်းပဲကိုး"

အဆင့်မြင့်သိုင်းသမားအချင်းချင်း အသေအလဲ တိုက်ခိုက်ကြရာတွင် စကားပြောဆိုနိုင်ရန် အခွင့်အလမ်းမရှိ။

ချီဟန်စန်းက အေးဆေးတည်ငြိမ်စွာပင် စကားပြောဆိုနေနိုင်သဖြင့် သိုင်းပညာအရည်အချင်းကို နှိုင်းဆကြည့်လျှင် သိနိုင်ပေသည်။

သို့သော် သူစကားကို ရှည်ရှည်လျားလျား ဆက်မပြောနိုင်။

ကုကြွင်းစန်း၏ သံပေတံကောက်က မြွေဟောက်မြွေဆိုးများပမာ တိုးဝင်လာသဖြင့် မပေါ့ဆရဲတော့။

ဝန်ပိန်စွမ်းသည် ကုကြွင်းစန်းက တွန်းလွှတ်လိုက်သဖြင့် တကိုက်ကျော်မျှ လွင့်ထွက်သွားခဲ့ရသည်။

အားလုံးသတိ မထားမိခင်တွင် အခွင့်ကောင်းယူကာ နောက်ဆုတ်ထွက်ပြေးသွားနိုင်သည်။

သို့သော် ဝန်ပိန်စွမ်းက ထွက်မပြေး။

"အကိုကြီး ကျုပ်ခင်ဗျားနဲ့ အတူတူ ရင်ဆိုင်မယ်"

မာန်သွင်းအော်ဟစ်လိုက်ပြီးလျှင် ချီဟန်စန်းထံသို့ ပြေးဝင်သည်။

ထိုအချိန်တွင် ယီခုယီနှင့် ကျန်ယိပ်ဟိုင်တို့က သူအား တားဆီးသည်။

ရောက်ချူးရွှေတို့ အုပ်စုမှာ ငြိမ်သက်မနေနိုင်တော့။

"သူသေ ကိုယ်သေ ဝင်တိုက်ကြစို့"

ထက်ဝင်းရွှဲ ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

တဆက်တည်းပင် သူ့လက်နှစ်လက်ကို ဝှေ့ယမ်းကာ တိုက်ကွင်းဆီသို့ ပြေးဝင်၏။

ချီဟန်စန်းတို့ဆီ မရောက်ခင်မှာပင် ဖိန်ကျုံက ရှေ့မှ ဖြတ်ကာ သံချိုင်းထောက်ဖြင့် ရိုက်ချသည်။

"ခင်ဗျားလာတာ အတော်ပဲ၊ ကျုပ်ကလဲ ခင်ဗျားနဲ့ တွေ့ချင်နေတာ"

ထက်ဝင်းရွှဲက မခံချင်အောင်ပြောပြီး ဖိန်ကျုံနှင့် ရင်ဆိုင်သည်။

ရောက်ချူးရွှေက ထက်ဝင်းရွှဲ လှုပ်ရှားပြီးနောက် ရှေ့သို့ လှစ်ခနဲ တိုးထွက်သည်။

သူ့ခြေလှမ်း သုံးလှမ်းပင် မလှမ်းလိုက်ရ။

ဓားအလင်းတန်းတခုက စူးရှပြင်းထန်စွာ ရုတ်တရက် ပေါ်ထွက်လာသည်။

နေရောင်ခြည်ဓား။

နေရောင်ခြည်ဓားသမား ခန်းချွတ်ယီသည် ရောက်ချူးရွှေကို အရှိုးခိုက်အောင် မုန်းတီးနေဟန်တူသည်။

ရောက်ချူးရွှေ လှုပ်ရှားသည်နှင့် သူကဦးအောင် တာဝန်ယူ ရင်ဆိုင်လိုက်သည်။

မာကျင်ကျုံးလည်း စဉ်းစားမနေဘဲ တိုးထွက်လာသည်။

လျှိုချန်းပြင်က သူ့ကို ခေါက်ယပ်တောင်ဖြင့် ဖြတ်တားလာသည်။

ခြေလှမ်းကို ကမန်းကတန်း ရပ်လိုက်ရသောကြောင့် ယပ်တောင်ရိုက်ချက်မှ ပွတ်ကာသီကာ လွတ်ကင်းသွားရသည်။ ထန်ဖန်းနှင့် ရင်ဆိုင်ရသူက ဟူကွန်။

ဟူကွန်က လှောင်ရယ် ရယ်လိုက်ကာ…

“မင်းဟာ ထန်မျိုးနွယ် မိသားစုက မဟုတ်လား၊ မင်းမှာ လမ်းနှစ်လမ်းပဲ ရွေးစရာရှိတယ်၊ တလမ်းက ငါ့စကားကို လိမ်လိမ်မာမာ နားထောင်၊ နောက်တလမ်းကတော့ ငါ့လက်နက်ပုန်းရဲ့ အစွမ်းကို ခံရလိမ့်မယ်”

ထန်ဖန်းက စကားပြန်မပြော။

လက်ဆယ်ချောင်းကိုသာ ရုတ်ခြည်းလှုပ်ရှားလိုက်သည်။

ကြယ်ပျံလက်နက်ပုန်း ဆယ်ခုကျော်က ဟူကွန်ထံသို့ လှစ်ခနဲ ပြေးဝင်သွားသည်။

တဒင်္ဂအချိန်အတွင်းမှာပင် တိုက်ပွဲက ပြင်းထန်လာသည်။

ကုကြွင်းစန်း၏ သံပေတံကောက်က ချီဟန်စန်းအား မုန်တိုင်းလေရိုင်းပမာ အဆက်မပြတ် တရကြမ်း တိုက်ခိုက်သည်။ ချီဟန်စန်းလက်တဘက် လှုပ်လိုက်သည်နှင့် ဓားရှည်တချောင်း ရောက်ရှိလာသည်။ ရိုးရိုးသာမာန် ဓားတလက်သာတည်း။

“နောင်ကြီးကုကို ရတနာဓားမြတ်နဲ့ တိုက်ခိုက်ရင် အထင်သေးရာ ရောက်နေလိမ့်မယ်၊ ကျနော် ဒီသာမာန်ဓား သုံးတာကို အပြစ်မတင်ပါနဲ့”

ချီဟန်စန်းသည် ယောင်တုအုကို တိုက်ခိုက်စဉ်က ဓားမြတ်ကို ထုတ်သုံးခဲ့သည်။

ယခု ကုကြွင်းစန်းအား တိုက်ခိုက်ရာတွင် ဓားမြတ်ထုတ်မသုံးဘဲ ရိုးရိုးသာမာန်ဓား ထုတ်သုံးသည်မှာ အကြောင်းမဲ့ သက်သက်မဟုတ်။

သူလို ထိပ်သီးဓားပညာရှင်တယောက်အနေနှင့် ဓားမြတ်ကို သုံးလျှင် ဝန်ထုပ်ဝန်ပိုး တခုလို ဖြစ်နေပေသည်။

သာမာန်ရိုးရိုးဓားပင် သူ့လက်ထဲ၌ အစွမ်းထက်လွန်းသော ဓားကောင်းရတနာတပါး ဖြစ်နေတော့သည်။

ဝန်ပိန်စွမ်းမှာ ယီခုယီနှင့် ကျန်းယိဟိုင်တို့အား တယောက်ချင်းယှဉ်မည်ဆိုလျှင် အောက်စည်းသို့ မရောက်နိုင်ပေ။ နှစ်ယောက်နှင့်တယောက် တိုက်ခိုက်ရသောအခါတွင် စိတ်သွားတိုင်း ကိုယ်မပါတော့။

ကျန်းယိဟိုင်၏ ဖမ်းချုပ်လက်သိုင်းပညာက အစွမ်းအစ မသေးသလို ယီခုယီကလည်း ပို၍ပင် ကြောက်စရာ ကောင်းလွန်းလှသည်။

သူ့ကိုယ်ခန္ဓာနှင့် အဆိပ်မှာ ကင်းကွာသည် မရှိသဖြင့် အသားချင်းပင် မထိရဲ။

စောစောက ဟွမ်ယင်ယုံမှာ သူ့ကို လက်ဝါးရိုက်ချက် တချက်ရိုက်ထုတ်မိသဖြင့် အဆိပ်သင့်သေဆုံးခဲ့ရသည် မဟုတ်ပါလား။

ဝန်ပိန်စွမ်းသည် ခြေထောက်တိုက်ကွက်ဖြင့် အကွက်ကျကျ တိုက်ခိုက်နေသော်လည်း ကျန်းယိဟိုင်က သူ့ခြေလှမ်းကို ထိန်းချုပ်ထားသဖြင့် ထိမှန်အောင် မကန်နိုင်။

ယီခုယီအား ထိမှန်အောင် မကန်နိုင်သည်ကပင် သူ့အတွက် ကံကောင်းခြင်းတရပ်ဟု ဆိုရပေမည်။

ဝန်ပန်စွမ်း အခက်အခဲ အကျပ်အတည်း ကျနေစဉ်မှာပင်…

တိုက်ကွက်အတွင်းသို့ လူတယောက် တိုးလာသည်။

ကျိုချူးချောက်လန်ပင်တည်း။

ကျိုချူးချောက်လန်သည် ရောက်ရောက်ချင်းပင် သူယခင်က ရှုံးနိမ့်ခဲ့သော ကျန်းယိဟိုင်ကို ရင်ဆိုင်သည်။

ရှုံးကြွေးကို ပြန်ဆပ်နိုင်ရန် အပြင်းအထန်ပင် တိုက်ခိုက်သည်။

သူက ကျန်းယိဟိုင်ကို တာဝန်လွှဲပြောင်းယူလိုက်သဖြင့် ဝန်ပိန်စွမ်းမှာ ယီခုယီအား အာရုံစူးစိုက်စွာ စိတ်ချလက်ချ တိုက်ခိုက်နိုင်သည်။

သို့သော် ယီခုယီ၏ အဆိပ်ကိုကား ထိတ်လန့်နေရသေးသည်။

ထို့အတူပင် ယီခုယီမှာလည်း ဝန်ပိန်စွမ်း၏ ခြေကန်ချက်များကို ကြောက်လန့်နေရသဖြင့် တိုက်ပွဲက တဒင်္ဂအတွင်း အရှုံးအနိုင် မသဲကွဲသေး။

ထက်ဝင်းရွှဲသည် ဖိန်ကျုံရိုက်ချလာသော သံချောင်းထောက်ရိုက်ချက်ကို အကြောက်အလန့် မရှိဘဲ လက်ဖြင့် ဆန့်ထုတ် ဖမ်းဆီးသည်။

ဖိန်ကျုံမှာ သူ့ချိုင်းထောက်ရိုက်ချက်ကို ထက်ဝင်းရွှဲက ဖမ်းယူထားနိုင်သဖြင့် အံ့အားသင့် ငေးကြောင်သွားမိသည်။

ထိုအချိန်မှာပင် ထက်ဝင်းရွှဲ၏ လက်သီးချက်က သူ့ထံသို့ လျှပ်တပြက် ဝင်လာပြန်သည်။

ဖိန်ကျုံ ကမန်းကတန်းပင် ရှောင်တိမ်းလိုက်ရ၏။

တဆက်တည်းပင် ထက်ဝင်းရွှေ၏ ရင်ဘတ်ပေါ်သို့ ခြေထောက်ဖြင့် ဖြတ်ကန်လိုက်သည်။

"ဗုန်း..."

ထက်ဝင်းရွှေ မှင်တက်သွားသည်။

ခြေထောက်တဖက်တည်း ရှိသူက အဘယ်ကြောင့် ခြေထောက်နှင့် ကန်ကြောက်နိုင်သနည်း။

ဖိန်ကျုံသည် ထက်ဝင်းရွှေ့က သံချိုင်းထောက်ကို ဖမ်းကိုင်ထားသဖြင့် ပြန်မဆွဲနုတ်နိုင်သောကြောင့် ခြေတဖက်တည်းကိုပင် အားပြုကာ ခုန်ပျံကန်ကျောက်လိုက်ခြင်းဖြစ်၏။

ဤတုံ့ပြန်မှု အမှတ်မထင် လှုပ်ရှားတတ်မှုက ဖိန်ကျုံ၏ ထူးခြားထက်မြက်သော အရည်အချင်းပင်တည်း။

ထက်ဝင်းရွှေအား ကန်ကျောက်ပြီးသည်နှင့် ဖိန်ကျုံမှာ မြေပေါ်တွင် ခြေတဖက်တည်းနှင့် ခိုင်မြဲစွာ ရပ်နေနိုင်ပြန်၏။

သို့သော် သူ့စိတ်ထဲတွင် အတော်ကလေး အံ့သြသွားရ၏။

သူ့ခြေကန်ချက် တချက် ကျကျနန ထိမှန်ခံရသည့်တိုင် ထက်ဝင်းရွှေ့က သံချိုင်းထောက်ကို မလွှတ်တမ်း ကိုင်ထားနိုင်သေးသည် မဟုတ်ပါလား။

ထက်ဝင်းရွှေကလည်း ကိုယ့်အကြောင်းနှင့် ကိုယ်ပါပေ။

ဖိန်ကျုံ၏ ခြေကန်ချက်ကြောင့် သူ့ရင်ဘတ်တခုလုံး ပေါက်ထွက်လုမတတ် နာကျင်စွာ ခံစားရသော်လည်း သံချိုင်းထောက်ကို လက်မှ မလွှတ်ရဲ။ လွှတ်ပေးလိုက်သည်နှင့် သူ့အတွက် ခုခံရ ပို၍ ခက်ပေတော့မည်။

သူ့အတွက်ပို၍ပင် အန္တရာယ်ကြီးမားပေတော့မည်။

သို့အတွက် သံချိုင်းထောက်ကို အားတင်းကာ ဖမ်းဆုပ်ထားရခြင်း ဖြစ်ပေသည်။

ထန်ဖန်းမှာလည်း အခြေအနေ မကောင်း။

သူမ၏ လက်နက်ပုန်းများ ပစ်လွှတ်လိုက်သည်နှင့် ဟူကွန်က လိမ့်ဝင်လာခဲ့သည်။

ရှောင်ရှားခြင်း မဟုတ်။

နောက်သို့ ဆုတ်ခွာသွားခြင်းလည်း မရှိ။

အနီးသို့သာ မြေတွင် လိမ့်ဝင်လာခဲ့သဖြင့် လက်နက်ပုန်း အားလုံးလွဲချော်သွားရသည်။

ထန်ဖန်း စိတ်ထဲ ထင့်ခနဲ ဖြစ်ကာ ရုတ်တရက် ကိုယ်ဖော့ပညာဖြင့် ခုန်တက်လိုက်သည်။

ခုနစ်ပေခန့် မြင့်တက်သွားသည့် အချိန်တွင် စောစောက သူရပ်နေသော နေရာဆီသို့ တိုးညှင်းသော လက်နက်တိုးသံ နှစ်ခုကို ကြားလိုက်ရ၏။

အလွန်စူးရှထက်မြက်သော လက်နက်ပုန်းတခု၏ လေတိုးသံပင်တည်း။

ထန်ဖန်းလက်ဖဝါးများပင် အေးစက်သွားရ၏။

အသက်ဉာဏ်စောင့်သောကြောင့် သေတွင်းမှ လွတ်ကင်းခဲ့ရသည် မဟုတ်ပါလား။

နောက်ထပ် အတင့်မရဲဝံ့တော့။

အခြေအနေကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်နေရတော့သည်။

မာကျင်ကျုံးမှာ လျှို့ချန်းပြင်၏ ခြေသိုင်းကွက်သုံးမျိုး၊ ကိုယ်ဖော့ပညာလေးမျိုး ပြောင်းလဲသုံးကာ တိုက်ခိုက်ခြင်းကို ခံနေရ၏။

သတိတချက် လစ်သည်နှင့် လျှို့ချန်းပြင်၏ ခေါက်ယပ်တောင်က အချိန်မရွေး၊ ဓားအဖြစ် ပြောင်းလဲကာ သူ့အသက်ဇီဝိန်ကို နုတ်ခြွေသွားပေမည်။

ရိုက်သံတချောင်းကဲ့သို့ မြေပြင်တွင် တည်ငြိမ်စွာရပ်ပြီး လျှို့ချန်းပြင်၏ လှုပ်ရှားမှုကို မျက်တောင်မခပ်တမ်း စောင့်ဆိုင်း အကဲခတ်နေရတော့သည်။

ရောက်ချူးရွှေသည် ခန်းချွတ်ယီနှင့် ယခင်က တကြိမ်တိုက်ခိုက်ခဲ့ဖူးသည်။

ထိုစဉ်က တိန်ယိပဟန်က ခန်းချွတ်ယီ၏ အလယ်ဓားလမ်းကြောင်းကို ပိတ်ဆို့ပေးထားပြီး ကျိုချူးချောက်လန်၏ ဖမ်းချုပ်လက်ကွက်က နောက်ဘက်မှ ဟန့်တားခြိမ်းခြောက်ထားခဲ့သည်။

ထန်ဖန်းကလည်း လက်နက်ပုန်းဖြင့် ပစ်ခတ်ရန် စောင့်ဆိုင်းနေသဖြင့်သာ ခန်းချွတ်ယီကို ထောင့်တနေရာသို့ ထိန်းချုပ်တိုက်ခိုက်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ယခုသော်ကား ခန်းချွတ်ယီကို သူတယောက်တည်း တိုက်ခိုက်ရချေပြီ။

သူ့ဖခင်ရောက်စီးလိုနှင့် မဟာဓားသိုင်းပညာရှင် ခုနစ်ဦးထဲတွင် စာရင်းဝင် ရင်ဘောင်တန်းနေသော ဓားသမားကြီးနှင့် ရင်ဆိုင်ရချေပြီ။

သူ့လက်ထဲမှ ဓားက တိန်ယိဟန်၏ ဓားရှည်။

ထိုဓားရှည်ကို ကိုင်ထားရသဖြင့် ရောက်ချူးရွှေ ရင်ထဲတွင် အားမာန်သတ္တိများ ပိုမိုနိုးကြွားလာရသည်။

ခန်းချွတ်ယီကို ဓားသိုင်းကွက် တခုတည်း အားကိုးကာ တိုက်ခိုက်နေခြင်း မဟုတ်တော့။

တိန်ယိဟန်၏ ဓားသိုင်းပညာ အတွေးအခေါ်ဖြစ်သော ဓားကွက်မြန်ဆန်ခြင်း၊ ဓားကွက်ထူးဆန်းခြင်း၊ သတ်ကွက်ရက်စက်ခြင်းတို့က ခေါင်းထဲတွင် ဝင်လာသည်။

ရောက်တုံးကွမ်း၏ စိတ်ထဲတွင် ဓားရှိနေလျှင် မည်သည့် လက်နက်ဖြစ်စေ စူးရှထက်မြက်နေရမည် ဆိုသော အတွေးအခေါ်၊ ဓားနှင်လူ ခွဲခြားမမြင်ရ၊ ဓားနှင့်လူ တထပ်တည်း ကျနေရမည် ဟူသော မိမိ၏ ဓားသိုင်းပညာ အယူအဆတို့က သူ့ရင်ထဲ လွှမ်းမိုးလာသည်။

ထို့ကြောင့် သူ့တိုက်ကွက်များက ယခင်နှင့်မတူအောင် ကြောက်စရာကောင်းလာသည်။

ပန်းချောင်းဓားဂိုဏ်း၏ ဓားသိုင်းပညာတခုတည်းသာ မဟုတ်၊ သူတွေ့မြင်ဖူးခဲ့သော စင့်ဟူချူး၏ တိုက်ကွက်သုံးမျိုး၊ သုံးမျိုးထူးချွန်ဓားနတ်ဆိုး ခုံယန်ချင်၏ ဓားသိုင်း၊ ကျန်လိန်ယိ၏ အဖိုအမဓားသိုင်းတို့ကိုပါ ရောယှက် အသုံးပြုတိုက်ခိုက်လာ၏။

ခန်းချွတ်ယီ အကြီးအကျယ် ထိတ်လန့်တုန်လှုပ် အံ့အားသင့်လာ၏။

ဓားသိုင်းပညာသက်သက်ဖြင့် ရောက်ချူးရွှေကို မထိန်းချုပ်နိုင်တော့။

သို့သော် အတွေ့အကြုံ သက်လုံနှင့် အတွင်းအားများ ပေါင်းစပ်လာသောအခါတွင်ကား ရောက်ချူးရွှေမှာ ခန်းချွတ်ယီ လက်အောက်၌ ရှုံးနိမ့်ရမည် မလွဲပေ။

---

## အခန်း (၄)

တိုက်ပွဲအခြေအနေက သိသိသာသာ ပြောင်းလဲသွားပြီ။

ချီဟန်စန်းသည် လက်ရပ်တန့်ကာ ခြေဖျားတချက်ထောက်လျက် ငါးပေခန့်သို့ ခုန်ဆုတ်သွားသည်။

သူ့လက်ထဲတွင် ဓားမရှိတော့။

ဓားလက်ကိုင်ရိုးက ကုကြွင်းစန်း၏ ရင်ဘတ်ရှေ့တွင် ကျန်ရစ်သည်။

ကုကြွင်းစန်း၏ လက်တဖက်က ရင်ဘတ်ကိုကိုင်ကာ ခန္ဓာကိုယ် ယိုင်တိယိုင်ထိုး ဖြစ်နေသည်။

"ကျနော် အစောကြီးကထဲက ပြောခဲ့တာကို နောင်ကြီးက ခေါင်းမာခဲ့တာပဲ၊ အခုတော့ ကျနော်လဲ မတတ်နိုင်တော့ဘူး"

ချီဟန်စန်း ခနဲ့ပြုံးကာ ပြောသည်။

"ယား ..."

ကုကြွင်းစန်းက မာန်သွင်းကာ အော်ဟစ်ပြီး ရုတ်ချည်းပင် ခုန်ပျံကာ နောက်ကျောဘက်ရှိ ယီခုယီ၏ ငယ်ထိပ်တည့်တည့်သို့ သံပေတံကောက်ဖြင့် ရိုက်ချသည်။

သေခါနီး ရိုက်ချက်မို့ အားအကုန်ထုတ်သုံးကာ ပြင်းထန်ရက်စက်လှသည်။

ယီခုယီမှာ ဝန်ပိန်စွမ်းနှင့် တိုက်ခိုက်နေရာမှ အသေအလဲ ရှောင်တိမ်းပေးလိုက်ရသည်။

ရိုက်ချက်မှ လွတ်သွားသော်လည်း လေအဟုန် ဟပ်မှုကြောင့် သူ့ညာလက်တဖက်လုံး ထုံကျဉ်ကာ ရုတ်တရက် လှုပ်၍ပင် မရတော့။

"အကိုကြီး ..."

ဝန်ပိန်စွမ်း၏ အော်ဟစ်လိုက်သံက ဆို့နစ်ကြေကွဲစွာ ထွက်ပေါ်လာသည်။

ကုကြွင်းစန်းမှာ မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ်သလို လဲကျသွားသည်။

သူ့တကိုယ်လုံး သွေးတို့ဖြင့် ခြင်းခြင်း နီရဲနေလေပြီ။

အသက်ကို အနိုင်နိုင် ရှုရှိုက်နေရသည့်တိုင်...

"ပြေး...မြန်မြန်ထွက်ပြေး..."

ဝန်ပိန်စွမ်းကို အော်ဟစ်သတိပေးနေသေးသည်။

ဝန်ပိန်စွမ်းက စိတ်ဒုန်းဒုန်းချထားဟန်ဖြင့်...

"မပြေးဘူး၊ ကျုပ်ဘယ်တော့မှ မပြေးဘူး"

ကုကြွင်းစန်း မျက်လုံးအစုံ ပြူးထွက်လာသည်။

"မင်းထွက်မပြေးရင် ဘယ်သူက ဒီကောင်တွေရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်မလဲကွ"

ဝန်ပိန်စွမ်း အသိစိတ်ဝင်ကာ ဆတ်ခနဲ နောက်သို့ ခုန်ဆုတ်လိုက်မိသည်။

ထိုအချိန်မှာပင် ချီဟန်စန်း ခုန်ဝင်လာသည်။

ကုကြွင်းစန်းက ရုတ်တရက် ခုန်ထလိုက်ပြီး...

"ပြေး...မြန်မြန်ထွက်ပြေး"

ဝန်ပိန်စွမ်းကို အော်ဟစ်တိုက်တွန်းလိုက်သလို ချီဟန်စန်းအား သံပေတံကောက်ဖြင့် ရိုက်ချသည်။

ချီဟန်စန်း မရှောင်ရှား။

ခုလဲမခုခံ။

လက်တဘက်ကို မြှောက်ကာ ကုကြွင်းစန်း၏ ကိုယ်ပေါ်မှ ဓားရှည်အား ဆွဲနုတ်လိုက်သည်။

ဓားနှင့်အတူ သွေးများက ဝေါက်ခနဲ ပန်းထွက်လာသည်။

တအားကုန် ရိုက်ချဟန်ပြင်ထားသော ကုကြွင်းစန်း၏ သံပေတံကောက်သည်လည်း လေထဲတွင်ပင် ပြုတ်ကျသွားသည်။

အသက်မဲ့ ခန္ဓာကိုယ်သည်လည်း ဗုန်းခနဲ လဲကျသွားတော့သည်။

ဝန်ပိန်စွမ်း ခေါင်းထဲတွင် အသိတရား မရှိတော့။

နာကျည်းခြင်းနှင့် ဒေါသတရားတို့က ရင်ထဲတွင် အစိုင်အခဲအဖြစ် ပေါက်ကွဲလာသည်။

"ယား..."

ကျယ်လောင်စွာ အော်ဟစ်လိုက်သံနှင့်အတူ သူ၏ခြေထောက်နှစ်ဖက်က ချီဟန်စန်းကို လျှပ်စီးလက်သည့်အလား ကန်ကျောက်တိုက်ခိုက်တော့သည်။

ကုကြွင်းစန်း၏ သတိပေးစကားသံက ဝန်ပိန်စွမ်းအတွက် အကျိုးမသက်ရောက်သော်လည်း ရှောက်ချူးရွှေ၏ သိစိတ်ထဲ၌မူ ဖုံးပေါက်ကွဲသလို နိုးကြားရှင်သန်လာစေသည်။

"ငါမထွက်ပြေးရင် ပန်းချောင်ဓားဂိုဏ်း ဗဟိုဌာနချုပ်ရဲ့ သတိပေး သတင်းစကား ဘယ်လိုလုပ် ပို့ပေးနိုင်မလဲ"

ထိုအတွေးက သူ့ရင်ကို စိုးမိုးလာသည်။

ဘာကိုမျှ ဂရုမစိုက်တော့။

တမုဟုတ်ချင်း ဓားချက်သုံးချက် ဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။

ဓားကွက်များက စည်းကမ်းမရှိ။

ခန်းချွတ်ယီက အခွင့်ကောင်းယူကာ အင်အားကြီးမားလှသော နေရောင်ခြည်ဓားဖြင့် ရှောက်ချူးရွှေ၏ဓားကို တုန်ခါလွင့်ထွက်သွားစေသည်။

သို့သော်...

သူမတိုက်ခင်မှာပင် ရှောက်ချူးရွှေက လက်မှဓားကို လွှတ်ကာ ပစ်ပေါက်လိုက်ပြီး ဖြစ်နေသည်။

ခန်းချွတ်ယီ အံ့အားသင့်သွားရသည်။

ဓားသမားဟူသည် ဓားကို လက်မှလွတ်ထွက်မသွားစေရ။

မသေမချင်း မြဲမြံစွာ ဆုပ်ကိုင်ထားတတ်သည်။

ဓားသမားအဖို့ ဓားနှင့်ကိုယ် ကင်းကွာလျှင် အသက်သေဆုံးရခြင်းနှင့် ဘာမျှမခြားတော့။

ယခုသော်ကား ရှောက်ချူးရွှေက ဓားရှည်ကို လက်လွှတ်ကာ ပစ်ပေါက်လိုက်ချေပြီ။

ခန်းချွတ်ယီ ခုခံချိန်မရ။

နောက်ဆုတ်ရှောင်သည်။

ဓားက သူ့လားရာအတိုင်း အဆက်မပြတ်လိုက်သည်။

နောက်ဆုံး ခုန်ပျံရှောင်တိမ်းပြီးမှ ဓားရှည်ကို လက်တဖက်ဖြင့် ဖမ်းဆီးဆယ်ယူလိုက်သည်။

ထိုအချိန်မှာပင် ရောက်ချူးရွှေက သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

ရောက်ချူးရွှေသည် နောက်သို့ဆုတ်သွားသည်နှင့် ချက်ချင်းပင် မြေပေါ်တွင် လိမ့်ပြီး သဲတဆုပ်ကောက်ယူပစ်လွှတ်လိုက်သည်။

"မိုးအဆိပ်၊ မြေအဆိပ်၊ နတ်အဆိပ်၊ လူအဆိပ်၊ အဆိပ်တရာ သဲမှုန့် အဆိပ် လာပြီဟေ့"

သူ့အော်ဟစ်သံအဆုံးတွင် သဲမှုန့်များက ဟူကွန်ထံ တန်းဝင်သွားတော့သည်။

လူမုဆိုးက ကျားမုဆိုးကို ကြောက်သလို၊ ဓားသမားက ဓားကိုကြောက်သလို၊ အဆိပ်သမားက အဆိပ်ကိုကြောက်ပေသည်။

အမျိုးအမည် ထူးထူးဆန်းဆန်း လက်နက်ပုန်းကို ကြားလိုက်ရသဖြင့် ဟူကွန် ပျာယာခတ်သွားသည်။

လက်ဖြင့် မဖမ်းရဲ၊ ပြန်လည်၍လည်း မတိုက်ခိုက်ဝံ့။

မြေပြင်တွင် ဆယ်ပေမျှ နောက်ဆုတ်လိမ့်ရှောင် ပေးလိုက်ရသည်။

ကျလာသော သဲမှုန့်များက ပကတိ အဆိပ်ကင်းသော ရိုးရိုးသဲမှုန့်များ ဖြစ်ကြောင်း သိလာရသောအခါ သူအကြီးအကျယ် ဒေါပွသွားသည်။

ရှိသမျှ လက်နက်ပုန်းအားလုံး ရောက်ချူးရွှေ ကိုယ်ပေါ်သို့ ပစ်စိုက်လိုက်ချင်သည်။

သို့သော် ရောက်ချူးရွှေက သူ့ရှေ့တွင် မရှိတော့။

"အမြန်ဆုံး ဖောက်ထွက်"

ထန်ဖန်းအား လျင်မြန်စွာ ပြောလိုက်ပြီးလျှင် ကျန်းယိဟိုင်ထံသို့ ခုန်အုပ်ဝင်သည်။

ထန်ဖန်းက လျှို့ချွန်းပြင်ဆီသို့ ပြေးဝင်သည်။

လူမရောက်ခင်မှာပင် ထန်ဖန်း၏ လက်နက်ပုန်းများက ရောက်ရှိပြီး ဖြစ်နေသည်။

လျှို့ချွန်းပြင်မှာ မာကျင်ကျုံးအား သတ်ဖြတ်ကွက်ထုတ်ရန် ဟန်ပြင်နေစဉ်မှာပင် နောက်ကျောဘက်မှ လက်နက်လေတိုးသံ ကြားရသဖြင့် ပျာယာခတ်ကာ နောက်သို့လှည့်၍ ခါက်ယပ်တောင်ဖြင့် ရိုက်ချသည်။

ထန်ဖန်းက မာကျင်ကျုံးဘေးနားသို့ အလျင်အမြန်ရောက်လာပြီး ထွက်ပြေးရန် ပြောသည်။

ရောက်ချူးရွှေသည် ကျန်းယိဟိုင်အနီးသို့ ရောက်သည်နှင့် အကျီဆွဲချွတ်ကာ ကျန်းယိဟိုင်၏ ဦးခေါင်းပေါ်သို့ အုပ်ချလိုက်သည်။

ကျန်းယိဟိုင်မှာ ကျိုချူးချောက်လန်နှင့် လက်ချင်းယှက်သန်းချိတ်ဆွဲကာ အပေါ်စီးရနေစဉ် အကျီအုပ်ချလာသဖြင့် ဘာမှန်းမသိဘဲ ထိတ်လန့်ကာ လက်လွှတ်၍ နောက်သို့ ခုန်ဆုတ်လိုက်သည်။

"ပြေး.."

ရောက်ချူးရွှေက ကျိုချူးချောက်လန်အား သတိပေးလိုက်သည်။

ထိုအသံက ထက်ဝင်းရွှဲ့ကို သတိပေးလိုက်သလိုလည်း ဖြစ်သွားသည်။

ထက်ဝင်းရွှဲ့မှာ တုံးတိုက်တိုက် ကျားကိုက်ကိုက် မိုက်ရူးရဲဖြစ်သော်လည်း ရောက်ချူးရွှေ၏ အမိန့်စကားကိုမူ တသွေမတိမ်း နားထောင်တတ်သည်။

ရောက်ချူးရွှေက ပြေးဆိုသည်နှင့် ဘာကိုမျှ မစဉ်းစား။

ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး နှာချေလိုက်သည်။

"ဟတ်ချိုး"

နှာရည်က ဖိန်ကျို၏ မျက်နှာဆီသို့ တန်းဝင်သည်။

ဖိန်ကျုံမှာ ထက်ဝင်းရွှဲ့အား သံချိုင်းထောက်ဖြင့် ပိတ်ဆို့ထားပြီး နောက်ထပ်ခြေကန်ချက်တချက် သုံးကာ တိုက်ခိုက်ရန်တာဆူနေသည်။

ရုတ်တရက် အရည်များက သူ့မျက်နှာသို့ ဝင်လာသောအခါ ဒေါပွပြီး မျက်နှာကို လက်ဖဝါးဖြင့် လှမ်းသုတ်သည်။

သူလက်တဖက်လွှတ်လိုက်သည်နှင့် ထက်ဝင်းရွှဲ့က ချိုင်းထောက်ကို တအားကုန် တွန်းလွှတ်လိုက်သည်။

ဖိန်ကျုံမှာ ခြေထောက်တချောင်းတည်းနှင့် နောက်သို့ ခြေလှမ်း ခြောက်လှမ်း ခုနစ်လှမ်းခန့် ဆုတ်ပေးလိုက်ရတော့သည်။

ရှောက်ချူးရွှေ၊ ကျိုချိုးချောက်လန်၊ ထန်ဖန်း၊ ထက်ဝင်းရွဲ့နှင့် မာကျင်ကျုံးတို့ ငါးယောက် တစုတဝေးတည်း စုမိကြပြီ။ အခွင့်ကောင်းယူကာ အလွတ်ရုန်းထွက်ပြေးရန်သာ ရှိတော့သည်။

သို့သော် ဝန်ပိန်စွမ်း၏ နာနာကျင်ကျင် အော်ဟစ်လိုက်သံက သူတို့ခြေလှမ်းများကို ဆွဲတုံ့ထားသည်။

ဝန်ပိန်စွမ်းအား လှည့်ကြည့်မိကြသည်။

ဝန်ပိန်စွမ်း၏ ဘယ်ဘက်မျက်လုံးမှ သွေးများ ယိုစီးကျနေသည်။

ချီဟန်စန်း၏ လက်ထဲတွင် ဓားမြတ်တချောင်း ရောက်ရှိနေကာ ဝန်ပိန်စွမ်း၏ ခြေထောက်တဖက်ကို ထိခိုက်ဒဏ်ရာ ရရှိစေပြန်သည်။

ကိုယ်လွတ်ရုန်းပြေးမလား။

ဝန်ပိန်စွမ်းကို အရကယ်တင်မလား။

ထိုအတွေးက သူတို့ငါးယောက်လုံး၏ ခေါင်းထဲတွင် တပြိုင်နက်တည်း ပေါ်ပေါက်လာသည်။

ဤအချိန် ဤအခါတွင် အလွတ်ရုန်းပြေးမည်ဆိုပါက သူတို့အတွက် မလွတ်ကင်းနိုင်စရာ အကြောင်းတစုံတရာမျှ မရှိ။

ချီတုံချတုံဖြစ်နေလျှင် သူတို့နောက်ဆုတ်စေခဲ့သော ယီခုယီ၊ လျှိုချုန်းပြင်၊ ကျန်းယိဟိုင်၊ ခန်းချွတ်ယီနှင့် ဖိန်ကျဲတို့က ပိတ်ဆို့ဟန့်တားကြပေလိမ့်မည်။

ဘာလုပ်ကြမလဲ။

တိုင်ပင်စရာမလို။

ငါးယောက်စလုံး တချက်ကလေးမျှ မတွန့်။

တချက်ကလေးမျှ မဆိုင်း။

ဝန်ပိန်စွမ်း ထံသို့သာ ပြေးဝင်သွားတော့သည်။

သူတို့၏ လွတ်မြောက်ရေးက အဓိကမဟုတ်။

အန္တရာယ်နှင့် ရင်ဆိုင်နေရသော သစ္စာဘက်တော်သား တယောက်ကို ကူညီစောင့်ရှောက်ရခြင်းကသာ သူတို့အတွက် အရေးကြီးနေသည်။

ရှာမှရှားသော ရဲရဲတောက် စိတ်ဓာတ်နှင့် လူငါးယောက်ဖြစ်ကြလေသည်တကား။

ရှောက်ချူးရွှေ လက်ထဲတွင် ဓားမရှိ။

သို့သော် ရှောင်လင်ဂိုဏ်း ကူစင်းဆရာတော်၏ လျှို့ဝှက်နက်နဲသော လက်ချောင်းသိုင်းဖြင့် ချီဟန်စန်းအား ဝင်ရောက်တိုက်ခိုက်သည်။

ထန်ဖန်းကလည်း ဓားပျံလက်နက်ပုန်း နှစ်ချောင်းဖြင့် ပစ်ခတ်တိုက်ခိုက်သည်။

သူ့လက်နက်ပုန်းနှစ်ခုက ချီဟန်စန်း၏ မျက်လုံးနှစ်လုံးဆီသို့ ဦးတည်သည်။

မာကျင်ကျုံးကလည်း ခုန်လွှားဝင်ရောက်တိုက်ခိုက်ကာ မြေကျရွှေခွဲတိုက်ကွက်ဖြင့် ချီဟန်စန်းနှင့် ဝန်ပိန်စွမ်းတို့ကို ခွဲထုတ်လိုက်သည်။

ကျိုချူးချောက်လန်က ချီဟန်စန်းကို ဖမ်းဆွဲချုပ်နိုင်ရန် ကြိုးစားသည်။

သို့မှသာ ဝန်ပိန်စွမ်း လွတ်ကင်းပြီး ရှောင်ထွက်ပြေးသွားနိုင်မည် ဖြစ်သည်။

ထက်ဝင်းရွဲ့ကမူ ချီဟန်စန်းနှင့် ဝန်ပိန်စွမ်းတို့ နှစ်ယောက်အကြားသို့ ဝင်ကာ တားဆီးပြီး ချီဟန်စန်းကို ပွေ့ဖက်ရန် ဟန်ပြင်သည်။

သို့သော် ချီဟန်စန်းက နယ်နယ်ရရ ပုဂ္ဂိုလ်တယောက် မဟုတ်။ သူ့တကိုယ်လုံး ဓားအသွားကြီးများ ဖြစ်ရာ မည်သို့လျှင် ပွေ့ဖက်ထိတွေ့နိုင်မည်နည်း။

ဝန်ပိန်စွမ်းကလည်း ဘယ်ဘက်ခြေထောက်၌ ဒဏ်ရာရထားသော်လည်း ချီဟန်စန်း၏ ရင်ဝသို့ ညာခြေဖြင့် အပြင်းအထန် ကန်ကျောက်သည်။

လမ်းခုလတ်တွင်ပင် ကန်ချက်ပြောင်းကာ စူကျွီသွေးကြောကွက်ကို ဦးတည်ကန်သည်။

ခြောက်ယောက်တယောက် တိုက်ပွဲ။

လူခြောက်ယောက်က အကြမ်းဆုံး အရမ်းဆုံး တိုက်ကွက်များဖြင့် ချီဟန်စန်းကို တိုက်ခိုက်ကြပြီ။

တော်ရုံတန်ရုံ အဆင့်မြင့် သိုင်းသမားပင် အကြီးအကျယ် အကျဉ်းအကျပ်တွေ့ ဒုက္ခရောက်ရမည့် အခြေအနေ။

သို့သော် ချီဟန်စန်းကမူ စိုစဉ်းမျှ ထိတ်လန့်တုန်လှုပ်ဟန် မရှိ။

သူ့ခန္ဓာကိုယ်မှ ရုတ်ခြည်းပင် ဓားခြောက်စင်း ထွက်ပေါ်လာသည်။

ဓားတချောင်းက ရှောက်ချူးရွှေ၏ လက်ချောင်းနှစ်ချောင်းကို ခုတ်ဖြတ်၍ ဓားတချောင်းက ထန်ဖန်း၏ ဓားပျံနှစ်စင်းကို ဖယ်ရှားသည်။

ဓားတချောင်းက ကျိုချူးချောက်လန်၏ လက်ကောက်ဝတ်ကို ကလော်၍ ဓားတချောင်းက မာကျင်ကျုံး၏ လက်မောင်းနှစ်ဘက်ကို ခုတ်သည်။

ဓားတချောင်းက ထက်ဝင်းရွှဲ့၏ မျက်ခုံးနှစ်ဘက်ကြားသို့ ထိုးသွင်း၍ ဓားတချောင်းက ဝန်ပိန်စွမ်း၏ ညာခြေထောက်ကို ခုတ်ဖြတ်သည်။

လူတယောက်ထဲက လက်ခြောက်ဘက်နှင့် တိုက်ခိုက်နေသည့်အလား၊ ဓားနှစ်လက်တည်းနှင့် ဓားခြောက်ချောင်း အသွင် ထင်မှတ်နေရသည့်အလား ရှောက်ချူးရွှေတို့ ခြောက်ယောက်၏ တိုက်ကွက်ကို ပိတ်ဆို့ချေဖျက်လိုက်သည်။ ခြောက်ယောက်စလုံး တိုက်ကွက်ကို ရုပ်သိမ်းလိုက်ကြ၏။

ဝန်ပိန်စွမ်းလည်း လွတ်ကင်းပြီ။

ထွက်ခွါသွားရုံမှတပါး ဘာမျှ မရှိတော့။

သို့သော် ယီခုယီ၊ ခန်းချွတ်ယီ၊ ကျန်းယိဟိုင်၊ ဖိန်ကျုံနှင့် လျှိုချန်းပြင်တို့က အရပ်ငါးမျက်နှာတွင် ပိတ်ဆို့ထားလိုက်ကြပြီး နောက်ဆုတ်လမ်း မရှိတော့။

ချီဟန်စန်းကို မသတ်ဖြတ်နိုင်သဖြင့် ရှေ့သို့ တိုးစရာလမ်းလည်း မမြင်။

ရှေ့တွင် ချီဟန်စန်းနှင့်တကွ ဟူကွန်က တားဆီးလျက်။

ဘယ်ကို ပြေးမလဲ။

ချီဟန်စန်း လက်ထဲတွင် ဓားမရှိတော့။

စောစောက မြင်ခဲ့ရသည့် ဓားရိပ် ခြောက်ခုတို့လည်း တမုဟုတ်ချင်း မျက်လှည့်ပြသလို ပျောက်ကွယ်သွားသည်။

နောက်ဘက်မှ လူငါးယောက်ကလည်း တဖြည်းဖြည်းခြင်း စည်းဝိုင်းကို ချုံ့လာကြပြီ။

ထိုအချိန်တွင် ရှောက်ချူးရွှေ ခေါင်းထဲ အကြံတခု လက်ခနဲ တိုးဝင်လာသည်။

"သွားကြစို့"

သတိပေးစကား ပြောပြီးသည်နှင့် စတင် လှုပ်ရှားသည်။

သူသွားသည့်နေရာက ဇရပ်အပြင်ဘက်သို့ မဟုတ်။ ဇရပ်အတွင်းပိုင်းဆီသို့။

မာကျင်ကျုံးတို့ ငါးယောက်စလုံး သူ့နောက်မှ လိုက်၏။

အတွင်းဘက်တွင် စောင့်ဆိုင်းနေသည့် ရန်သူ ဘယ်လောက်များများ ရှိနေမည်ကို သူတို့မသိ၊ ရှောက်ချူးရွှေ သွားရာဆီသို့သာ အလျင်အမြန် လိုက်သည်။

လူခြောက်ယောက်နှင့် ဝိုင်းဝန်းတိုက်ခိုက်စဉ်က တချက်မလေး မျက်နှာမပျက်ခဲ့သော ချီဟန်စန်းမှာ ရှောက်ချူးရွှေ ဦးတည်ရာသို့ ကြည့်ပြီး ထိန်းမရနိုင်အောင် မျက်နှာ ပျက်သွားတော့သည်။

"လိုက်ကြ.."

ချီဟန်စန်း အော်ဟစ် အမိန့်ပေးလိုက်သည်။

ထိုအချိန်မှာပင် ရှောက်ချူးရွှေတို့ အပေါက်တခုထဲသို့ တိုးဝင်သွားတော့သည်။

စောစောက ယီခုယီ ခုန်ထွက်ခဲ့သော ကြမ်းပြင်ပေါ်မှ အပေါက်။

ရှောက်ချူးရွှေ ခုန်ချလိုက်သလို လူအားလုံးလည်း လိုက်၍ ခုန်ချသည်။

အပေါက်ဝက ကျဉ်းကျဉ်းကလေး။

လူတယောက်စာ ဝင်နိုင်ရုံသာ။

အပေါက်ဝတွင် အဆင်းအတက် လှေကားမရှိ။

ကြမ်းပြင်နှင့်အမိုးက လူတရပ်ခန့်သာ မြင့်သည်။

လှိုဏ်ခေါင်းမြေအောက် လိုဏ်ဂူဖြစ်ဟန်တူသည်။

ရှောက်ချူးရွှေ အလျင်အမြန်ပင် အထဲသို့ စူးစိုက်စွာ အကဲခတ်ကြည့်သည်။

မှောင်နေသော်လည်း ကွေ့ကောက်သော သွားလမ်းကို တွေ့ရသည်။

"အပေါက်ဝကို အစောင့်ထားရင် လွတ်လမ်းရှိချင်မှ ရှိမယ်"

မာကျင်ကျုံးက အကြံပြုသည်။

ထိုအချိန်တွင် ဂူပေါက်ဝမှ လူတယောက်ထွက်လာသည်။

လက်တထောင်နတ်ဆိုး ဟူကွန်ပင်တည်း။

ဟူကွန်သည် ဂူပေါက်ဝရောက်သည်နှင့် အမည်းရောင် ကြယ်ပျံလက်နက်ပုန်း သုံးခု ပစ်လွှတ်လိုက်သည်။

တပြိုင်တည်းပင် အောက်သို့ ခုန်ချဟန်ပြင်သည်။

ထန်ဖန်းက လက်မနှေး။

ပုစဉ်းနီလက်နက်ပုန်းသုံးခုဖြင့် ဟူကွန်၏ လက်နက်ပုန်းများကို ခြေဖျက်သည်။

ဟူကွန်ကိုကား တားဆီးနိုင်ရန် အချိန်မရတော့။

ဟူကွန်ကို မတားဆီးနိုင်ဘဲ မြေပြင်ဂူထဲသို့ ရောက်လာလျှင် အခြေအနေ ကောင်းမည် မဟုတ်တော့။

ဟူကွန်၏ လက်နက်ပုန်းများအောက်တွင် အသက်ပျောက်ကြရတော့မည်။

ထိုအချိန်မှာပင် တယောက်က ခုန်ထပြီး ဟူကွန်၏ နဖူးတည့်တည့်သို့ ခြေထောက်ဖြင့် လှမ်းကန်သည်။

ဟူကွန်၏ ပခုံးနှစ်ဖက်မှာ အပေါက်ဝတွင် တစ်ဆို့နေသည့်အချိန် ဖြစ်ရာ ထိုခြေကန်ချက် ရောက်လာသည်နှင့် ထိတ်လန့်စွာပင် နောက်သို့ အလျင်အမြန် ဆုတ်ပေးလိုက်ရသည်။

ဆုတ်ခွာမှု လျင်မြန်သော်လည်း ဘယ်ဘက်ပခုံးကို ခြေကန်ချက်ထိမှန်ကာ အတော်ပင် နာကျင်သွားသည်။

သူနောက်ဆုတ်သွားလျှင် ကျန်းယိဟိုင် ဝင်လာသည်။

ဟူကွန် ရှုံးနိမ့်ချိန်တွင် ဝင်လာခြင်းက ရှောက်ချူးရှွေတို့ အမှတ်မထင်ချိန်တွင် ဝင်ရောက်လာခြင်း ဖြစ်သည်။

သူဂူပေါက်ဝသို့ တိုးဝင်လာသည်နှင့် ရှောက်ချူးရှွေကို မျက်နှာချင်းဆိုင် တွေ့ရသည်။

ရှောက်ချူးရှွေက နတ်လက်ချောင်း သိုင်းကွက်ဖြင့် ဆီးကြိုတိုက်ခိုက်သည်။

ကျန်းယိဟိုင် အကြီးအကျယ် ထိတ်လန့်သွားသည်။

လက်ဖြင့်ခုခံ၏။

ထိုအချိန်တွင် ကျိုချူးချောက်လန်က ဝင်ရောက်လာပြီး ခပ်စောင်းစောင်းမှ လက်နှစ်ဘက်ဖြင့် သူ့လက်တဘက်ကို ဖမ်းချုပ်လိုက်သည်။

ကျန်းယိဟိုင် နောက်ထပ်လက်တဘက် ဆန့်တန်းထုတ်ရန် ဟန်ပြင်သည်။

ခန္ဓာကိုယ်က ဝလွန်းသဖြင့် တိုးမဝင်နိုင်။ ကျိုချူးချောက်လန်ကို လက်တဘက်တည်းဖြင့် ရင်ဆိုင်ရသဖြင့် အခြေအနေမကောင်း။

ထိုစဉ်မှာပင် ရှောက်ချူးရှွေ၏ နတ်လက်ချောင်းသိုင်းကွက်က သူ့မျက်ခုံးအစုံကြားမှ မေရှင်း သွေးကြောကွက်ကို ထိုးမိသွားသည်။

သူ့တခေါင်းလုံး ချာလပတ်ယမ်းသွားသည်။

သူ့အခြေအနေ မကောင်းချိန်မှာပင် ထက်ဝင်းရွှဲ၏ လက်သီးတလုံးက ဝင်ရောက်လာပြန်သည်။

ကျန်းယိဟိုင်၏ မျက်နှာတွင် သွေးမရှိတော့။

ထက်ဝင်းရွှဲ၏ လက်သီးတချက်မိလျှင် သက်သာမည် မဟုတ်။

ထိုစဉ် သူ့ခြေထောက်နှစ်ချောင်းကို တစုံတယောက်က ဆွဲထုတ်သွားသဖြင့် ထက်ဝင်းရွှဲ လက်သီးချက်မှ ကင်းလွတ်သွားရသည်။

"အတင်းဝင်ဖို့ မကြိုးစားကြနဲ့တော့၊ သူတို့ထွက်မလာလဲ သေရမှာပဲ၊ ထွက်ပေါက်ကိုသာ အသေအချာ စောင့်ကြပ်ထားကြ"

ချီဟန်စန်းက အမိန့်ချမှတ်သည်။

---

## အခန်း (၅)

ညမိုးချုပ်သွားပြီ။

အမှောင်က သိသိသာသာ ကြီးစိုးလာသည်။

ဂူပေါက်ဝမှ လှမ်းကြည့်လျှင် ကြယ်ပြောင်လက်လက် တချို့ကို လှမ်းတွေ့နိုင်သည်။

ရှောက်ချူးရွှေတို့ ခြောက်ယောက်မှာ ထောင်ချောက်ထဲ ရောက်နေသည်ဟု သူတို့ကိုယ်သူတို့ မခံစားမိ။

ရှေ့သို့လည်း ဆက်မတက်နိုင်သေး။ ဂူပေါက်ဝကိုလည်း အစောင့်အကြပ်မရှိဘဲ ထားခဲ့၍မဖြစ်။

"ဟင်း..."

ထက်ဝင်းရွှဲက သက်ပြင်းတချက် ချလိုက်သည်။

"ဘာလို့ ဒီလောက်တောင် သက်ပြင်းတွေ ချနေရတာလဲ"

ထန်ဖန်းက မေးသည်။ ထက်ဝင်းရွှဲက မျက်နှာ ရှုံ့မဲ့ကာ...

"ဆာလို့..ငါဗိုက်ထဲမှာ အစာမရှိတော့ဘဲ တဂွီဂွီ မြည်နေပြီ၊ နေ့လယ်ကလဲ နောင်ကြီးမာကျင်ကျုံးက အစာထဲမှာ မူးမေ့ဆေးတွေ ခတ်ထားလို့ ဘာမှ မစားခဲ့ရဘူး၊ အခုလဲ ဒီမှာ ရောက်နေရတော့ ဘာမှမစားရဘဲ သိပ်ဆာနေပြီ"

ထန်ဖန်းနှင့် ရှောက်ချူးရွှေတို့ တိုးတိုးကလေး ရယ်လိုက်မိကြသည်။

ထက်ဝင်းရွှဲက စိတ်တိုသည့် လေသံဖြင့်..

"ရယ်မနေကြနဲ့၊ စားစရာတခုခု သွားရှာကြရအောင်"

"ဆာရင်လဲ ခဏလောက် သည်းခံလိုက်ပါဦး၊ တို့ဒီဂူပေါက်ဝက ထွက်သွားရင် ဘယ်သူစောင့်နေခဲ့မလဲ၊ တို့သွားနေတုန်း သူတို့ ထိုးဖောက်ဝင်လာခဲ့ရင် မခက်ပေဘူးလား"

ရှောက်ချူးရွှေက ဖျောင်းဖျောင်းဖျဖျ ပြောသည်။

ထက်ဝင်းရွှဲက ဘာမျှမပြောသာဘဲ နှာခေါင်းရှုံ့သွားရ၏။

ဝန်ပိန်စွမ်းက အလျင်အမြန်ပင် ဝင်ပြောသည်။

"မင်းတို့ သွားစုံစမ်းရင် စုံစမ်းကြည့်ကြ၊ ငါတယောက်တည်း ဒီနေရာကို စောင့်ကြည့်နေမယ်၊ ဂူထဲကို တခြားဝင်ပေါက် ရှိမရှိ သတိထားကြည့်ဦးနော်၊ ဒါမှ သူတို့ ထောင်ချောက်ထဲက လွတ်ကင်းနိုင်မယ်"

ဤလူခြောက်ယောက်ထဲတွင် ဝန်ပိန်စွမ်း၏ သိုင်းပညာက အမြင့်မားဆုံး ဖြစ်ပေသည်။

အသက်အရွယ် ကြီးရင့်သလို၊ စိတ်ဓာတ်ကလည်း တည်ငြိမ်ရင့်ကျက်သဖြင့် ဤနေရာတွင် စောင့်ကျပ်နေခြင်းက သူ့အတွက် အသင့်တော်ဆုံး တာဝန် ဖြစ်ပေသည်။

ရောက်ချူးရွှေက ဝန်ပိန်စွမ်းကို ကြည့်လိုက်သည်။

ဝန်ပိန်စွမ်း၏ မျက်လုံးအစုံက ဂူပေါက်ဝကိုသာ တစူးတစိုက် ကြည့်နေသည်။

မျက်နှာအသွင်အပြင်က မုန်းတီးနာကျည်းမှုတို့ဖြင့် ပြည့်လျှမ်းနေသည်။

အသက်ရှင်သန်လိုသော မျှော်လင့်ချက်ရောင်ခြည် တမြူမှုန်မျှ မသမ်း။

"လူကြီးမင်း ခင်ဗျား"

ဝန်ပိန်စွမ်းက စကားမပြောလိုသဖြင့် လက်ဝါးခါပြသောကြောင့် ရောက်ချူးရွှေ စကားပင် မဆက်ရဲ။

မာကျင်ကျုံးကသာ ရောက်ချူးရွှေကို ပြောသည်။

"ကျုပ်လဲ ဒီမှာပဲ စောင့်ကြည့်နေမယ် ကိုယ်တော်လေးရောက်၊ လူကြီးမင်း ဝန်ပိန်စွမ်း တယောက်တည်း စောင့်ကြပ်လို့ မလုံလောက်ဘူး၊ လူတယောက်ပိုရင် အဖော်အဖြစ် ပိုပြီး အသုံးဝင်မယ်"

ရောက်ချူးရွှေနှင့် ကျိုချူးချောက်လန်တို့ စကားပြောရန် နှုတ်ရေးပြင်ကြသည်။ မာကျင်ကျုံးက ယတိပြတ်ပင်...

"ကျုပ်ဆုံးဖြတ်ပြီးပြီ၊ ကျုပ်အတွက်ကြောင့် မဟုတ်ရင် ကိုယ်တော်လေးတို့ ဒီနေရာမှာ ပိတ်လှောင်ခံရမှာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်ဒီနေရာမှာ စောင့်နေခဲ့မယ်"

"ဒီလိုတော့ မပြောပါနဲ့၊ ကျနော်တို့ကသာ ခင်ဗျားကို အတင်းအကျပ် ခေါ်လာခဲ့တာပဲ၊ ကျနော်တို့ကသာ ခင်ဗျားကို ဒုက္ခပေးတာ"

"အပိုတွေ ဘာမှ ပြောမနေပါနဲ့၊ ကျုပ်ကို ကျေးဇူးဆပ်ဖို့ အခွင့်အရေးတခုတော့ ပေးသင့်တယ်၊ ကျုပ်ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူး၊ ခင်ဗျားတို့ စောစောသာသွားပြီး စောစောသာ ပြန်လာခဲ့ကြပါ"

"ကောင်းပြီ"

ရောက်ချူးရွှေတို့လည်း ဆက်ပြောနေလျှင် အကြောင်းထူးမည် မဟုတ်သဖြင့် စကားစဖြတ်ကာ လေးယောက်သား လျှို့ဝှက်လိုဏ်ဂူ အတွင်းဘက်သို့ တိုးဝင်လာခဲ့ကြတော့သည်။

လိုဏ်ဂူလမ်းက အောက်သို့ တဖြည်းဖြည်း နက်ရှိုင်းစွာ ဆင်းသွားသည်။

သွားလမ်းသည် တဖြည်းဖြည်း ပို၍ ကျဉ်းမြောင်းလာသည်။

အလင်းရောင်က မရှိ။

ခြေလှမ်း ခြောက်ဆယ် ခုနစ်ဆယ်လောက်လှမ်းမှ မီးတိုင်တတိုင်ကို တွေ့ရသည်။

မီးတောက်အားက မပြင်းသလို အလင်းရောင်အားကလည်း မကောင်း။

ချိန့်နဲ့နဲ့ မီးညွှန့်မီးတောက်ကလေး တချက် ယိမ်းသမလို ကွေးကနေတတ်သေးသည်။

မြေအောက်ပိုင်းသို့ ရောက်လာသဖြင့် ထိုင်းမှိုင်းစွတ်စိုမှုက ပိုကဲလာသည်။

ညှီစို့စို့ အောက်သိုးသိုး အနံ့လည်း ထွက်လာသည်။

အတော်ကလေး လျှောက်လှမ်းလျှင် နာကျင်စွာ ညည်းညူသံတသံကို ခပ်သဲ့သဲ့ ကြားရသည်။

ထိုအသံနှင့်အတူ သံကြိုးချင်းထိခတ်သံ တချွင်ချွင်လည်း တိုးတိုးညင်းညင်း ထွက်ပေါ်လာသည်။

ရောက်ချူးရွှေတို့ လေးယောက်သား အချင်းချင်း ကြည့်မိသည်။

ရှေ့ဆီတွင် အမှောင်က သိပ်သည်းနေသည်။

မီးတုတ်ကလည်း ညီစော်နံသောလေတချက် တိုက်ခတ်မှုကြောင့် အပြာရောင် အလင်းစက် တစက်သာ ကျန်တော့သည်။

ထိုအချိန်မှာပင် အတွင်းဘက်ဆီမှ ဟိန်းဟောက်သံတသံ ထွက်ပေါ်လာသည်။

ကျားဟိန်းသံလို၊ ခြင်္သေ့ဟိန်းသံလို အသံမျိုး။

ထန်ဖန်းစိတ်မထိန်းနိုင်ဘဲ ရောက်ချူးရွှေ အနီးသို့ တိုးကပ်သည်။

သိုင်းသမား အကျော်အမော်ပင် ဖြစ်သော်လည်း မိန်းမသားဆိုသည့် အားငယ်စိတ်က အလိုအလျောက် ပေါ်ပေါက်လာတတ်သည် မဟုတ်ပါလား။

“သတိထား၊ ထူးဆန်းတဲ့ သတ္တဝါတကောင်ကောင် ရှိချင်ရှိလိမ့်မယ်”

ရောက်ချူးရွှေက လေသံဖြင့် သတိပေးသည်။

ကျိုချူးချောက်လန်ကလည်း ဂရုတစိုက်ဟန်ဖြင့်...

“အသံနားထောင်ရတာ သိပ်တော့ မနီးနိုင်ဘူး”

“ဘာပဲဖြစ်ဖြစ် သတိကြီးကြီးထားပြီး ကာကွယ်ဖို့ အသင့်ပြင်ထားတာ အကောင်းဆုံးပဲ”

ထန်ဖန်း အသံက မသိမသာ တုန်ယင်နေသည်။

ထက်ဝင်းရွှဲက ရယ်မောကာ ရင်ဘတ်ကိုပုတ်လျက်...

“ဘာကြောက်စရာ ရှိသလဲ”

ပြောပြောဆိုဆိုပင် အောက်သို့ လျှောဆင်းသွားသော မြေအောက်ဂူလမ်းအတိုင်း ရှေ့မှ လှမ်းဝင်သွားသည်။

ထိုအချိန်မှာပင် အေးစိမ့်သော ဓားအလင်းတန်းတခုက မှုန်ဝါးဝါး ပြက်လက်လာသည်။

ဓားချက်က ပြင်းထန်သည်။ တိုက်ခိုက်မှု အဆင့်အတန်းက ခန်းချွတ်ယီအောက်တွင် မရှိ။

ထိုးခုတ်ပုံက လျင်မြန်သည်။ ဓားရှည်နတ်ဆိုး စွန်းလင်းတု၏ အထက်မှာရှိသည်။

ဟိန်းဟောက်သံက ခပ်လှမ်းလှမ်းဆီမှ။ ဓားခုတ်ချက်က နီးနီးနားနာတွင်။

ထက်ဝင်းရွှဲ၏ ဦးခေါင်းကို နှစ်ခြမ်းခွဲမည့် ဓားသွား။

ရုတ်တရက် တုံ့ပြန်ဖြေရှင်းရန် အချိန်မရှိ။

ရှောင်တိမ်းရန် အခွင့်အရေးမသာ။ ဖယ်ကာရန်လည်း အခါမသင့်။

ထက်ဝင်းရွှဲ ဦးခေါင်းကို မော့လိုက်သည်။

ခုတ်ချလာသော ဓားသွားကို ဆတ်ခနဲ ပါးစပ်ဟကာ သွားဖြင့်ကိုက်ချသည်။

အသက်စွန့် ခုခံကာကွယ်ခြင်းပင်တည်း။

တချက်ကလေး ပါးစပ်အဟ သွားအကိုက် နောက်ကျလျှင် ဦးခေါင်းထက်ပိုင်း ပြတ်သွားနိုင်ပေသည်။

လျင်မြန်မှုနှင့် သတ္တိတို့ကြောင့် ဓားသွားကို ထက်ဝင်းရွှဲ ဖမ်းကိုက်ထားလိုက်နိုင်သည်။

သူ့သွားများကြားမှလည်း သွေးများ စီးယိုစိမ့် ထွက်ကျလာသည်။

ထိုအချိန်မှာပင် ထန်ဖန်းက ဓားပျံတလက် ပစ်လွှတ်လိုက်သည်။

ဓားအလင်းတန်း ရုတ်ချည်းကွယ်ပျောက်ကာ လက်နက်ပုန်း ဓားပျံကို ဖယ်ရှားသည်။ ထက်ဝင်းရွှဲ အသက်အန္တရာယ်မှ ကင်းလွတ်သွားပြီ။

မှောင်ရိပ်မှ လုပ်ကြံသူ ဓားသမားက ဓားပျံကို ဖယ်ရှားရင်း နောက်သို့ဆုတ်သည်။

ထက်ဝင်းရွှဲ အလွတ်မပေး။

ရှေ့သို့ တိုးဝင်ခုန်အုပ်ကာ ထိုသူ၏ ခါးကိုပွေ့ဖက်လိုက်သည်။

ထိုသူက ကျယ်လောင်စွာ အော်ဟစ်ကာ ဓားရှည်ကို လက်နှစ်ဖက်ဖြင့် ပူးကိုင်ပြီး ထက်ဝင်းရွှဲ၏ ကျောပြင်ကို အားကုန် ထိုးစိုက်ချသည်။

သို့သော် သူ့ဓားရှည်က ထက်ဝင်းရွှဲ ကျောပြင်သို့ မရောက်လိုက်။

ကျိုချူးချောက်လန်က အလျင်အမြန်ပင် ထိုသူ၏ လည်ပင်းကို ဖမ်းညှစ်လိုက်သည်။

“ထောက် ...”

ထန်ဖန်းက မီးခတ်ဖြင့် မီးခြစ်သည်။ အလင်းရောင်က တဒင်္ဂမျှသာ ဖြစ်ပေါ်လာ၏။

ထိုတဒင်္ဂအတွင်း တဖက်လူ၏ ဆိုးသွမ်းကြမ်းတမ်းလှသော မျက်နှာသွင်ပြင်ကို တွေ့လိုက်ရသည်။

“ဟူး...”

ထိုသူက ပါးစပ်ဟကာ မီးတောက်ကို မှုတ်ထုတ်သည်။

မီးတောက်ရှည်တခုက မီးခတ်ကို ဖြတ်သန်းပြီး ထန်ဖန်းမျက်နှာဆီသို့ တိုးဝင်သည်။

“အို ...”

ထန်ဖန်း အလန့်တကြားဖြစ်ကာ မီးခတ်ကို လွှင့်ပစ်လိုက်သည်။

အခြေအနေက ရှုပ်ရှုပ်ထွေးထွေး။

ထိုအချိန်မှာပင် တဖက်လူက ထက်ဝင်းရွှဲ လွင့်ထွက်သွားအောင် ကန်ပစ်လိုက်သည်။

တဆက်တည်းပင် ဓားရှည်ကို လွှင့်ပစ်ကာ ကျိုချူးချောက်လန်ကို တံတောင်ဖြင့် နောက်ပြန်တွတ်သည်။

"အွတ် ..."

ကျိုချူးချောက်လန် လက်လွှတ်ပေးလိုက်ရသည်။

ထိုအချိန်တွင် ရှောက်ချူးရွှေက ဓားရှည်ဖြင့် ဝင်ပိုင်းသည်။

ထိုသူ ပခုံးကို ရှပ်ကာ ရွှတ်ခနဲ ထိမိသည်။

သို့သော် ထိုသူ၏ အရိပ်အယောင်က ဖျတ်ခနဲ ပျောက်ကွယ်သွားတော့သည်။

"ဒီမြေအောက် လိုဏ်ဂူလမ်းထဲမှာ သြဇာအာဏာဂိုဏ်းက လူတွေ ရှိနိုင်သေးတယ်၊ ဒီလူတွေဟာ မိုးမြေနတ်ဆိုး ဆယ့်ကိုးပါးထဲက ဓားမြန်နတ်ဆိုး တုကျွဲပဲ"

ရှောက်ချူးရွှေက ဖြည်းညင်းစွာ မှတ်ချက်ချသည်။

တုကျွဲသည် ရက်စက်မှု၌ ကမ်းကုန်သူတယောက် ဖြစ်ပေတော့သည်။

ငယ်စဉ်ကပင် မိဘနှင့် အိမ်သူအိမ်သားများအား ရန်သူက သတ်ဖြတ်ခြင်း ခံရသဖြင့် လောကကြီးတွင် တကောင်ကြွက် ဖြစ်ခဲ့ရ၏။

သနားစရာကောင်းသော သူ့ဘဝကို ကျေးဇူးရှင်တယောက်က ကယ်တင်ကျွေးမွေး စောင့်ရှောက်ခဲ့သည်။

ကြီးပြင်းလာသောအခါ သိုင်းပညာကို အထူးတလည် လေ့လာလိုက်စားသဖြင့် ထက်မြက်သော သိုင်းသမားတယောက် ဖြစ်လာ၏။

ထိုအချိန်မှာပင် ကျေးဇူးရှင်၏သမီးကို ချစ်ကြိုက်မိလာ၏။

သူကချစ်ကြိုက်သော်လည်း မိန်းကလေးကမူ တုန့်ပြန်ချက် မပေး။

ထို့အတူ ကျေးဇူးရှင်ကလည်း သဘောမတူ။ မကျေနပ်။

တုကျွဲက ချစ်ရေးကိစ္စကို လက်မလျှော့။

မိန်းကလေးအား မရမနေ ချဉ်းကပ်ကြိုးစားသည်။

သူ့ကြိုးစားမှုက ရိုးသားဖြူစင်ခြင်းမရှိ။ အကောက်ဉာဏ်ဖြင့် စော်ကားခြင်း ဖြစ်၏။

ထိုစော်ကားမှု နောက်ဆက်တွဲက ရက်စက်ယုတ်မာခြင်းများပင်တည်း။

ဤသည်မှ စ၍ တုကျွဲ၏ ရက်စက်ခြင်းက သတင်းကြီးလာ၏။

ရန်သူကို အမြစ်ပါမကျန် ရှင်းလင်းတတ်သည့် ရက်စက်မှုက ကျော်ကြားလာသည်။

သို့နှင့် သိုင်းလောကတွင် သူ့ကို ပြဿနာ မရှာရဲကြ။

ကိုယ့်အသက်ထက် ဘာမျှမဆိုင်သော အိမ်သူအိမ်သား ဆွေမျိုးသားချင်းတို့၏ အသက်ကို ငဲ့ကာ ရှောင်ရှားကြ၏။

သို့သော် တုကျွဲလည်း သိုင်းလောကတွင် ကြာကြာ မဆိုးသွမ်းရဲ။

သိုင်းလောက သစ္စာဘက်တော်သားများ၏ ရှာကြံတိုက်ခိုက်မှုကြောင့် အလူးအလဲ ပြေးလွှားရှောင်တိမ်းရ၏။ နောက်ဆုံးတွင် သြဇာအာဏာဂိုဏ်းထဲသို့ ဝင်ရောက်ခိုလှုံခဲ့တော့သည်။

ကျောထောက်နောက်ခံ အင်အားရှိလာတော့ တုကျွဲမှာ ပို၍ သောင်းကျန်းရမ်းကားလာတော့သည်။

လက်ရဲဇက်ရဲ နိုင်လာ၏။ သြဇာအာဏာဂိုဏ်းထဲရောက်ပြီး မကြာခင်မှာပင် ဓားထုတ်ဓားသွင်း လျင်မြန်သဖြင့် ဓားမြန်နတ်ဆိုးဘွဲ့ကို ခံယူရရှိ၏။

သူ့ဓားတချက် ထိုးသွင်းပြီးလျှင် နောက်ထပ် ဒုတိယဓားချက် ထုတ်စရာမလိုတော့။

တဘက်လူ၏ အသက်ဝိဉာဉ်ကို နုတ်ခြွေပြီး ဖြစ်နေပေ၏။

ယခုမူကား ဓားမြန်နတ်ဆိုး တုကျွဲသည် မြေပြင်ပေါ်သို့ ကျသွားသော ဓားကိုပင် ဂရုမစိုက်နိုင်တော့။ လှစ်ခနဲ ပျောက်ကွယ်သွားရချေပြီ။

ရှောက်ချူးရွှေ၏ လက်ဝါးတွင် ချွေးစေးများ ထွက်လာ၏။

ဒေါ်ပွစွာ အော်ငေါက်သံ၊ ညည်းညူသံ၊ သံကြိုးချင်း ထိခိုက်သံတို့က မြေအောက်လိုဏ်ဂူ၏ နက်ရှိုင်းရာဘက်ဆီမှ ထွက်ပေါ်လာခြင်း ဖြစ်၏။

တုကျွဲ ပေါ်ထွက်လာသည့်နေရာနှင့်က အလှမ်းဝေးသေး၏။

"မြေအောက်လမ်းထဲမှာ လူရှိသေးတယ်၊ တို့သွားကြည့်ကြမယ်၊ သွားရင်နဲ့ အန္တရာယ်ကိုလည်း သတိထား"

ရောက်ချူးရွှေက စိတ်ကို တည်ငြိမ်အောင် ထိန်းပြီး ပြော၏။

တုကျဲ့ အချိန်မရွေး ပေါ်ထွက်လာနိုင်၏။

အမှောင်ထဲမှ လုပ်ကြံမည့်သူက သူတို့ထက် အမြတမ်း အခွင့်အရေးသာနေ၏။

ထို့ကြောင့် နှစ်သုတ်ခွဲကာ ရှေ့သို့ တိုးဝင်ကြရသည်။

ကျိုချူးချောက်လန်နှင့် ထက်ဝင်းရွှဲတို့က ရှေ့မှ၊ ရောက်ချူးရွှေနှင့် ထန်ဖန်းတို့က နောက်မှ လိုက်ရ၏။

မှောင်နှင့် မည်းမည်းတွင် ပခုံးချင်းယှဉ်ကာ စမ်းတဝါးဝါးပင် ရှေ့သို့ တိုးလျှောက်ကြ၏။

ထိတ်လန့်နေရချိန်တွင် ရောက်ချူးရွှေနှင့် ထန်ဖန်းတို့မှာ အမှောင်ထဲ၌ ရင်သိမ့်သိမ့်ကလေး ခုန်နေရပေသေး၏။

ရေနွေးအိုးတအိုး ကျက်စာလောက်အချိန်ခန့် ရှေ့သို့လျှောက်မိကြလျှင် လမ်းကရုတ်တရက် ကျယ်ပြန့်လာသည်။

အကွေ့တခုကို ကွေ့လိုက်လျှင် မီးအိမ်အလင်းရောင်လဲ့လဲ့ကို တွေ့ရ၏။

ရောက်ချူးရွှေတို့ အသေအချာပင် အာရုံစူးစိုက်ကြည့်လိုက်မိကြ၏။

အလင်းရောင် ပျပျအောက်တွင် ကျောက်သားပြင်ကြီးတချပ်။

ကျောက်သားပြင်က ငါးပေပတ်လည်ခန့် ကျယ်ဝန်းသည်။

ထိုကျောက်ပြားပေါ်တွင်ကား လူတယောက် ရှိနေ၏။

ရိုးရိုးသားသား ရှိနေသည်တော့မဟုတ်။

ငွေရောင်တလက်လက် တောက်ပနေသော သံကြိုးက ကျောက်ဂူနံရံတွင် ချိတ်ဆွဲချည်နှောင်ထားသည်။

ရောက်ချူးရွှေတို့မှာ အံ့အားအသင့်ကြီးသင့်ကာ ငေးကြောင်ကြည့်နေမိတော့၏။

အချုပ်အနှောင်ခံထားရသူမှာ အဘိုးအိုတယောက် ဖြစ်ပေသည်။

ဆံပင်၊ မုတ်ဆိတ်မွှေးများက ဆွတ်ဆွတ်ဖြူဖွေးနေပြီး ဥပဓိရုပ်ကလည်း တည်ကြည်ခန့်ညားလှ၏။

သို့သော် မျက်နှာအမူအရာမှု စိတ်ဓာတ်ကျသလို နွမ်းနေ၏။

ပိန်ပါးလွန်းသည်မှာ မေးရိုးပင် ငေါထွက်နေ၏။

မျက်လုံးအစုံက မျက်ကွင်းထဲတွင် မြုပ်ဝင်နေ၏။

အဘိုးအခု ရုန်းထွက်မပြေးနိုင်အောင် ခိုင်မာတင်းကြပ်စွာ ချည်နှောင်ထား၏။ ရက်စက်လွန်းစွာ နှိပ်စက်ချုပ်နှောင်ထား၏။

ထက်ဝင်းရွှဲမှာ အဘိုးအို၏ အဖြစ်ကိုကြည့်ပြီး ခံပြင်းဒေါသထွက်မိ၏။

"ခွေးမသားတွေ၊ ဒီလောက်အဘိုးကြီးကိုတောင် ရက်ရက်စက်စက် ညှဥ်းပန်းနှိပ်စက်ထားတယ်"

ပြောပြောဆိုဆိုပင် ရှေ့သို့လှမ်းတက်ကာ အဘိုးကြီးအား ကယ်တင်ရင် ဟန်ပြင်၏။

သူ့စကားသံကြောင့် အဘိုးကြီးမှာ မျက်လုံးဖွင့်ကြည့်၏။

မျက်ရိုးနှစ်ခုကြားမှာ ချိုင့်ဝင်နေသော သူ့မျက်လုံးများက ပတ္တမြားကြီးနှစ်လုံးပမာ ကြောက်စရာ ကောင်းလောက်အောင် ဒေါသရောင်များ တောက်လက်နေသည်။

"ဘယ်သူလဲ၊ ငါ့ကိုအဘိုးကြီးလို့ ပြောတာ"

အသံက မိုးခြိမ်းလိုက်သကဲ့သို့ ဟိန်းလွင့်ကာ ဩဇာအာဏာသံ ပြင်းထန်သည်။

ထက်ဝင်းရွှဲလို အကြောက်တရား မရှိသူပင် ကျောချမ်းသွားမိသည်။

"ဒါဖြင့် ခင်ဗျားက အဘိုးကြီးမဟုတ်ဘူးလား"

ထက်ဝင်းရွှဲမှာ ကျောချမ်းသွားသော်လည်း ဗီဇဝါသနာအရ နောက်ပြောင်ဖြစ်အောင် နောက်ပြောင်ကျီစယ်လိုက်သေးသည်။

အဘိုးကြီးမှာ ဒေါသထွက်ကာ ကျယ်လောင်စွာ တချက်အော်လိုက်သည်။

သူ့အော်သံက ဂူတခုလုံး ပြိုကျမတတ် ပဲ့ထင်ထပ်နေသည်။

"ခင်ဗျား အစွမ်းအစက ထက်မြက်ပါပေတယ်ဗျာ၊ ခင်ဗျားကို အရင်ဆုံး ကယ်ထုတ်လိုက်ဦးမယ်၊ ပြီးမှ စကားဆက်ပြောကြတာပေါ့"

ထက်ဝင်းရွှဲ ကျောက်ပြားပေါ်သို့ ပြောပြောဆိုဆို ခုန်တက်ပြီး သံကြိုးကို ဆွဲဖြုတ်တော့သည်။

သံကြိုးက အထူးပြုလုပ်ထားသော သံကြိုးဖြစ်သဖြင့် ဆွဲဖြုတ်၍ မရ။

အဘိုးကြီး၏ နံဘေးနှင့် ခြေမျက်စိတို့တွင် သံကြိုးများ စိုက်သွင်းထားသဖြင့် အတော်ပင် ပုပ်ဟောင် နံစော်နေသည်။

ဤအခန်းထဲတွင် အချိန်မည်မျှ ကြာကြာ ပိတ်လှောင်ဖမ်းချုပ်ထားသည် မသိ။

အင်္ကျီအဝတ်အစားများကလည်း မြင်မကောင်းအောင် ညစ်ပတ်ပေရေနေကာ သွေးညှီနံ့များ တထောင်းထောင်းထနေ၏။

ရောက်ချူးရွှေက ထူးဆန်းသော အချုပ်ခံအဘိုးအိုကို ခါးညွတ်အရိုအသေပေးကာ…

"ဦးရီးတော်ခင်ဗျာ…ကျနော်တခုလောက် မေးပါရစေ"

"ခွေးမသား…ငါ့ကိုလာပြီး ဟန်ဆောင်မနေနဲ့"

အဘိုးအို ဒေါသတကြီး ဆဲဆိုရေရွတ်သည်။

ရောက်ချူးရွှေမှာ စကားမဆက်နိုင်ဘဲ တုန့်ခနဲ ဖြစ်သွားရသည်။

ထန်ဖန်းက အခြေအနေကို အကဲခတ်ကြည့်လိုက်ပြီး ရောက်ချူးရွှေအား တီးတိုးလေသံဖြင့်…

"ဒီအဘိုးကြီး ဒီမှာ အချုပ်နှောင်ခံနေရတာ သြဇာအာဏာဂိုဏ်းကို ရန်မူလို့ဖြစ်လိမ့်မယ်၊ သူ့သိုင်းပညာအစွမ်းအစကလဲ ပေါ့သေးသေး မဟုတ်နိုင်ဘူး၊ နို့မဟုတ်ရင် သူ့ကို ဒီလောက်အထိ ချုပ်နှောင်ထားမှာ မဟုတ်ဘူး၊ ကျမတို့ သူ့ကို အရင်ဆုံး ကယ်တင်ပြီးမှ စကားပြောကြရင် ကောင်းလိမ့်မယ်"

ရောက်ချူးရွှေ၊ ထန်ဖန်းနှင့် ကျိုချူးချောက်လန်တို့ ရှေ့သို့ တိုးတက်ပြီး သံကြိုးကို ဖြတ်တောက်ကြသည်။

အားကုန်အင်ကုန် ထုတ်သုံး ဖြတ်တောက်သော်လည်း မပြတ်။

အဘိုးအိုမှာ ရောက်ချူးရွှေတို့ လေးယောက် သံကြိုးကို ကျားကုတ်ကျားခဲ ဖြတ်တောက်နေသဖြင့် စိတ်ထဲတွင် အထူးအဆန်း ဖြစ်လာဟန်တူသည်။

"မင်းတို့ ဘယ်သူတွေလဲ"

အဘိုးအိုက တည်ငြိမ်သော လေသံဖြင့် မေးသည်။

ရောက်ချူးရွှေ ခါးညွတ်လိုက်ကာ…

"ကျနော်က ပန်းချောင်းဓားဂိုဏ်းရဲ့ နောင်လာနောင်သား ရောက်ချူးရွှေပါ"

အဘိုးအို တအောင့်မျှ ငေးကြောင်သွားပြီး သက်ပြင်းတချက်ချသည်။

"သြော်…စီးလိုသားတောင် ဒီလောက်ကြီးလာပြီကိုး"

အဘိုးအိုက ဆွေးဆွေးမြည့်မြည့်လေး ရေရွတ်သည်။

ပါးပြင်တွင် မျက်ရည်စီးကြောင်းများ ကျဆင်းလာသည်။

တအံ့တသြရေရွတ်သံကို နားထောင်ခြင်းဖြင့် အဘိုးအိုမှာ ဤမြေအောင်လိုဏ်ဂူထဲတွင် မည်မျှကြာအောင် ချုပ်နှောင်ထားခြင်း ခံနေရသည်ကို မှန်းဆသိရှိနိုင်ပေသည်။

"တောက်…ချီဟန်စန်း…ခွေးအိုကြီး…ဒီကောင် ငါ့ကို ဒီမှာ ပိတ်လှောင်ထားခဲ့တာ ဘယ်လောက်ကြာပြီလဲ"

အဘိုးအိုက ဒေါသတကြီး အော်ဟစ် ဟိန်းဟောက်သည်။

ထန်ဖန်းက ကရုဏာသက်သော လေသံဖြင့်…

"ဘဘ..ကျမသဘောကတော့ ဘဘရဲ့ ကိုယ်ပေါ်က သံကြိုးတွေကို အရင်ဆုံး ဖြေပေးချင်ပါတယ်၊ ပြီးတော့မှ ဘဘပြောချင်တာကို ပြောနိုင်ပါတယ်၊ ဒီသံကြိုးတွေကို ဖြေဖို့ ဘဘမှာ နည်းလမ်းများ သိရှိထားပါသလားရှင်"

"ဒီသံကြိုးဟာ ဆွဲဖြုတ်နိုင်လို့ရရင် အစောကြီးကတည်းက ငါ့ရဲ့ ခန္ဓာကိုယ်တုန်ခါမှုနဲ့ ပြတ်တောက်ကြေမွသွားတာ ကြာလှပြီ၊ မင်းတို့ ကူညီဖို့ လိုပါ့ဦးမလား၊ ဒီသံကြိုးက ငါ့အရိုးထဲအထိ ဖောက်ဝင်သွားပြီး ဆွဲနုတ်လို့ မရတော့ဘူး၊ ဒါပေမယ့် ကျောက်နံရံထဲက သံကြိုးတွေကတော့ ညှပ်ထားတာ အရှင်တွေပဲ၊ အဖွင့်အပိတ်ခလုတ်ရှိတယ်"

"ခလုတ်က ဘယ်မှာ ရှိပါသလဲခင်ဗျာ"

ကျိုချူးချောက်လန်က ကမန်းကတန်းမေးသည်။

အဘိုးကြီးက…

"ဒီအခန်းထဲဝင်တဲ့ ထောင့်ကွေး ကျောက်နံရံပေါ်မှာ…"

"ဒါဆို ကျနော်သွားဖွင့်မယ်"

ရောက်ချူးရွှေ ပြောလိုက်ပြီး ချက်ချင်းပင် ထောင့်ကွေးနေရာလေးဆီသို့ ခုန်လွှားသွားသည်။

ကျောက်သားနံရံရှိ ခလုတ်ကို ရှာပြီး နှိပ်ဖွင့်ရန် ကြိုးစားသည်။

ထိုစဉ် သူ့စိတ်အာရုံထဲတွင် ထင့်ခနဲ တချက် ဖြစ်သွား၏။

"သတိထား"

တချိန်တည်းလိုလိုပင် အဘိုးကြီး၏ အော်ဟစ်သတိပေးသံက ထွက်ပေါ်လာသည်။

ပြင်းထန်လျင်မြန်လှသော ဓားသွားတခုက ရောက်ချူးရွှေ ခေါင်းပေါ်မှ ဖြတ်ခုတ်ချလာသည်။

ရောက်ချူးရွှေ ရှောင်ရန် အချိန်မမီတော့။

ကိုယ်လုံးကို နောက်သို့လှန်ကာ ပွတ်ကာသီကာလေး ရှောင်ရှားလိုက်ရသည်။

ဓားချက်က မခုတ်မိတော့။ သို့သော် တုကျွဲသည် ဓားချက်တချက် မခုတ်မိသည်နှင့် လက်ကောက်ဝတ်ကို နှိမ့်ချကာ အောက်အထိ လိုက်ခုတ်သည်။

သည်တချက်ကိုတော့ ရောက်ချူးရွှေ မည်သို့မျှ မရှောင်ရှားနိုင်တော့။ တုကျွဲ၏ ဓားချက်အောက်တွင် အသက်ပျောက်ရပေတော့မည်။

တုကျွဲ၏ လက်ကောက်ဝတ် နှိမ့်ချလိုက်သည်နှင့် အဘိုးကြီးက ပါးစပ်ဟကာ တံတွေးတချက် ပျစ်ခနဲ ထွေးထုတ်လိုက်သည်။

တံတွေးက အစုအဝေးဖြစ်ကာ တုကျွဲ၏ ဓားကိုယ်ထည်ကို ထိမှန်သည်။

တုကျွဲ လက်တချက်တုန်ခါသွားကာ ဓားချက်တုန့်နှေးသွား၏။

ထိုအချိန်မှာပင် ထန်ဖန်း၏ လက်နက်ပုန်းက ဝှစ်ခနဲ တိုးဝင်လာတော့သည်။

အခြေအနေက သူသေကိုယ်သေ အခြေအနေ။

ဓားရှည်ကို ဆက်လက်ထိုးသွင်းလျှင် ထန်ဖန်း၏ လက်နက်ပုန်းများက သူ့အသက်ကို နုတ်ခြွေသွားတော့မည်။

ရောက်ချူးရွှေ၏ အသက်သည်လည်း သူ့ဓားသွားများနှင့်အတူ ပျောက်ဆုံးသွားတော့မည်။

သို့သော်...

တုကျွဲ ကိုယ့်ကိုကိုယ် အသေမခံနိုင်။

ဓားချက်ကို ရုပ်သိမ်းကာ ခုန်ပျံရှောင်တိမ်းလိုက်၏။

ထို့နောက် အမှောင်ထဲသို့ တိုးဝင် ပျောက်ကွယ်သွားတော့သည်။

ရောက်ချူးရွှေက တုံ့ဆိုင်းလက်ရွံ့ခြင်း မရှိဘဲ ကျောက်ဂူနံရံရှိ ခလုတ်ကို နှိပ်ချလိုက်သည်။

"ကလစ်..."

ကျောက်ဂူနံရံတဖက် ကွဲဟသွားပြီးနောက် ကျောက်နံရံတွင် နစ်ဝင်နေသော သံကြိုးက လျှောကျလာသည်။

အဘိုးကြီးသည် လက်တချက် ခြေတချက် လှုပ်ရှားလိုက်၏။

သံကြိုးက နံရံမှ ပြုတ်ထွက်ကာ ကြိုးအစများက သူ့လက်တွင်းသို့ ကျရောက်လာသည်။

"ချွမ်း..."

အဘိုးအိုမှာ ဝမ်းသာသောကြောင့်လား၊ ဝမ်းနည်းသောကြောင့်လားမသိ၊ မျက်ရည်များ ယိုစီးကျလာသည်။

ရောက်ချူးရွှေတို့မှာလည်း မှင်တက်ငေးကြောင်ကြည့်နေမိကြသည်။

"ဟား...ဟား..ဟား"

အဘိုးအိုက သူရူးတယောက်ပမာ အော်ဟစ်ရယ်မောလိုက်ပြန်သည်။

သံကြိုးများကို ဝှေ့ယမ်းကာ နံရံကို ပစ်လိုက်သည်။

သံကြိုးနှင့် နံရံထိခတ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာပြီး မီးပွင့်ကလေးများပင် တဖွားဖွား လွင့်ထွက်လာသည်။

ရယ်မောခြင်းကို အဆက်မပြတ် ပြုလုပ်နေသဖြင့် တအုန်းအုန်း မြည်သံများက နားကွဲလုမတတ် ပဲ့ထင်ထပ်နေသည်။

ထိုအချိန်မှာပင် ကျောက်ဂူအချုပ်ခန်း၏ အရှေ့ဘက်ဆီမှ တည်ငြိမ်အေးဆေးသော စကားသံတသံ ရုတ်တရက် ပေါ်ထွက်လာသည်။

"တုရှဲ့စန်း...ခင်ဗျား လွတ်လပ်သွားပြီလို့ ထင်သလား"

စကားသံက တည်ငြိမ်အေးဆေးသော်လည်း အဘိုးအို၏ ရယ်မောသံကို ထိုးဖောက်ထွက်လာသည်။

ချီဟန်စန်း၏ စကားသံပင်တည်း။

ရောက်ချူးရွှေတို့ အကြီးအကျယ်ပင် တုန်လှုပ်အံ့အားသင့်သွားမိသည်။

သူတို့ အံ့အားသင့်သည်က ချီဟန်စန်းကို မဟုတ်။

ဤအဘိုးအိုသည် ကွမ်စီးနယ် စန်းသုံးစန်းထဲမှ မုံကျန်းမြစ်ဓားသမားကြီး တုရှဲ့စန်း ဖြစ်နေသောကြောင့်ပင်တည်း။ တုရှဲ့စန်းက ရယ်မောခြင်းကို ရပ်တန့်လိုက်သည်။

အံကို တင်းတင်းကြိတ်ကာ...

"ချီဟန်စန်း...သေချင်းဆိုး...ခွေးမသား"

အဆက်မပြတ်ပင် ဒေါသတကြီး အော်ဟစ်ဆဲဆိုတော့သည်။

တဘက်မှ ချီဟန်စန်းကမူ တည်ငြိမ်စွာပင်...

"တုရှဲ့စန်း...ခင်ဗျား ကြိုက်သလောက် ဆဲဆိုလိုက်စမ်းပါ၊ ကျုပ်ဂရုမစိုက်ဘူး၊ ခင်ဗျားရဲ့ ဓားသိုင်းကျမ်း ကျုပ်ကို ပေးရင် ခင်ဗျားကို အသက်ချမ်းသာခွင့် ပေးလိုက်မယ်"

"ဟား..ဟား...ဟား...မင်းကငါ့ကို ဒီလောက်ကြာကြာ နှိပ်စက် ညှင်းပန်းထားခဲ့တာတောင်မှ ဓားသိုင်းကျမ်းကို ပြမပေးခဲ့သေးတာ၊ ခုချိန်မှာ ငါကမင်းကို ကြောက်နေရဦးမှာတဲ့လား"

ချီဟန်စန်းက တိုးညှင်းစွာပင် ရယ်မောလိုက်သည်။

"လွတ်လပ်မှုရဲ့ အရသာကို ခင်ဗျား မခံစားချင်ဘူးလား၊ ကျုပ်နဲ့ထပ်ပြီး ယှဉ်ပြိုင်ဖို့ မကြိုးစားချင်နဲတော့၊ လွန်ခဲ့တဲ့ သုံးနှစ်က ခင်ဗျားဟာ ကျုပ်ရဲ့ ဓားချက်အောက်မှာ ရှုံးနိမ့်ပြီး အေးစိမ့်အမြိုက်နက်ကြိုးနဲ့ ချည်နှောင်ခံခဲ့ရတာကို မေ့နေပြီလား၊ ကျုပ်စိတ်ရှည်သီးခံခဲ့တာကို ခင်ဗျားက အကောင်းမှတ်နေလို့လား"

"ခွေးမသား၊ မင်းကို ငါသတ်မယ်"

အဘိုးအိုက ဒေါသတကြီး အော်ဟစ်ပြန်သည်။

ချီဟန်စန်းက ရယ်မောလျက်ကပင်..

"ကျုပ်ကိုသတ်ချင်ရင် ခင်ဗျား တက်လာခဲ့လေ"

"တက်ဆိုတက်လာခဲ့တာပေါ့၊ ငါကမင်းကို ကြောက်နေမယ် ထင်လို့လား"

တုရှဲ့စန်းက အံကြိတ်ကာ အော်ဟစ်ပြောလိုက်ပြီးလျှင် ရောက်ချူးရွှေဘက်သို့ လှည့်ပြီး ကမန်းကတန်း ပြောသည်။

"ငါ..မင်းတို့ ဝင်လာတဲ့ ဂူပေါက်ကနေ တက်သွားမယ်၊ ငါတက်သွားတာနဲ့ မင်းတို့ နောက်ဘက်ကိုပြေး၊ ကျောက်ခန်းအဆုံးမှာ ခလုတ်အရှင်တခုရှိတယ်၊ ခလုတ်ကို လှန်လိုက်ရင် ဂူပေါက်ဝတခုရှိတယ်၊ အဲဒီအပေါက်ဝက ချီဟန်စန်းရဲ့ အိပ်ခန်းပဲ အဲဒီကနေ အပြင်ကို ထွက်သွားပေတော့"

ရောက်ချူးရွှေ တခဏမျှ ငေးကြောင်ကြောင် ဖြစ်သွားမိသည်။

နောက်မှ အလျင်အမြန်ပင် စိုးရိပ်တကြီးလေသံဖြင့်...

"မဖြစ်ဘူး၊ ချီဟန်စန်းရဲ့ သိုင်းပညာက သိပ်ထက်မြက်မြင့်မားတယ်၊ ဘဘဂူပေါက်ဝကနေ ကုန်းတက်သွားတာနဲ့ သူက အလစ်ဖမ်း သတ်ဖြတ်လိုက်မှာပဲ"

"ငါသူ့ကို အနိုင်တိုက်ခိုက်ဖို့ မဟုတ်ဘူး၊ သူ့ကို အချိန်ဆွဲထားပြီး မင်းတို့ကို လွတ်အောင် ထွက်ပြေးခိုင်းတာ၊ ဒါမှ ဒီငနဲရဲ့ လုပ်ရပ်တွေကို မင်းတို့ ဖော်ထုတ်နိုင်မယ်၊ အားလုံး ဒီအခန်းထဲမှာ စုပြီးအသေခံလို့ ဘာအဓိပ္ပာယ်မှ မရှိဘူး"

ရောက်ချူးရွှေ ရင်ထဲ တုန်ခါသွားမိသည်။

"ဒီနေရာမှာ စုပြီး အသေခံလို့ ဘာအဓိပ္ပာယ်ရှိမှာလဲ၊ ဒီကလွတ်အောင် ထွက်ပြေးပြီးတဲ့နောက် ဒီငနဲကြီးရဲ့ လုပ်ရပ်တွေကို ဖော်ထုတ်ရမယ်"

ထိုအတွေးများကြောင့် ခေါင်းကို ဆတ်ခနဲ ညိတ်ကာ လက်ခံလိုက်ရသည်။

အဘိုးအိုက ရောက်ချူးရွှေက စူးနစ်နက်ရှိုင်းစွာကြည့်၍...

"မင်းဟာ အလုပ်လုပ်တဲ့နေရာမှာ ပြတ်သားတယ်၊ ဉာဏ်ရည်ဉာဏ်စွမ်းလဲ ထူးချွန်ထက်မြက်တယ်၊ မင်းရဲ့ ဉပဓိရုပ်နဲ့ ကိုယ်ခန္ဓာ အချိုးအဆစ်ကို ကြည့်ရတာ တနေ့ကျရင် သိုင်းလောကမှာ ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်တယောက် ဖြစ်လာနိုင်တယ်"

စကားဆုံးသည်နှင့် အဘိုးအိုက ရုတ်တရက် ခြေထောက်တဘက် ကန်ထုတ်လိုက်သည်။

ခြေထောက်အောက်မှ ဖိနပ်တရံက ရောက်ချူးရွှေထံသို့ လှစ်ခနဲ ပြေးဝင်လာသည်။

ရောက်ချူးရွှေလည်း အမှတ်မထင်ပင် လက်ဖြင့် ဖမ်းယူလိုက်မိသည်။

ဘာအဓိပ္ပာယ်နှင့် အဘိုးအိုက ဖိနပ်ကို ချွတ်ကာ ပစ်ပေါက်လိုက်သည်မသိ။ ဖိနပ်မှ ပုပ်ဟောင်ညှီစို့သော အနံ့ဆိုးများကို ခံစားလိုက်ရသည်။

"အတွင်းအားအရ ပြောရမယ်ဆိုရင် ငါ့အနေနဲ့ ချီဟန်စန်းကို မမှီနိုင်ဘူး၊ ဓားသိုင်းပညာအရ ပြောရမယ်ဆိုရင်တော့ ငါ့သူ့ကို မရှုံးနိုင်ဘူး၊ သူငါ့ရဲ့ မုံကျန်းမြစ်သိုင်းကျမ်းကို လိုချင်နေတာ ကြာလှပြီ။ သူက ဓားသိုင်းပညာနဲ့ ပတ်သက်ရင် သိပ်ကို အလိုလောဘကြီးတယ်၊ ဂိုဏ်းအသီးသီးရဲ့ ထူးချွန်ထက်မြက်တဲ့ပညာတွေကို တယောက်တည်း အရယူချင်တယ်၊ သူငါ့ကို မသတ်ပဲ ချန်ထားတာကလဲ ငါ့ဆီက သိုင်းကျမ်းကို နှိပ်စက်ညှင်းပန်းပြီး တောင်းယူချင်လို့၊ ငါက ငါ့ဓားသိုင်းကျမ်းကို ဖိနပ်ထဲ ထည့်ဝှက်ထားတာ သူမသိဘူး"

တုရှဲ့စန်းက စကားကို ခဏဖြတ်ထားလိုက်သည်။

ရှောက်ချူးရွှေလည်း စိတ်လှုပ်ရှားကာ ရင်တထိတ်ထိတ် ခုန်လာသည်။

တုရှုံ့စန်းက ဆွေးဆွေးမြည့်မြည့်လေး ရယ်မောလိုက်ပြီးမှ စကားဆက်ပြောပြန်သည်။

"ငါဓားမကိုင်ခဲ့တာ သုံးနှစ်တောင် ကြာခဲ့ပြီ၊ ဒီ့အပြင် ငါ့အရိုးအကြောတွေလဲ ပြတ်တောက်ကုန်ပြီ၊ သုံးနှစ်ကြာအောင် အနှိပ်စက် အညှင်းဆဲ ခံရတာ လူနဲ့တောင် မတူတော့ဘူး၊ သူတို့က လူဦးရေ အင်အား များပြားလွန်းတယ်၊ ချီဟန်စန်း တယောက်တည်းတောင် ငါမနိုင်နိုင်ဘူး၊ ဒီဓားသိုင်းကျမ်း မင်းကို လက်ဆောင်အဖြစ် ပေးလိုက်တယ်၊ မင်းလဲ ဓားသိုင်းလေ့ကျင့်နေတဲ့သူပဲ၊ ပန်းချောင်းဓားသိုင်းဟာ မုံကျမ်းမြစ်ဓားသိုင်းရဲ့ ကူညီထောက်ပံ့မှု လိုအပ်တယ်၊ ဒီဓားသိုင်းကို ချီဟန်စန်းလက်ထဲ လုံးဝ မရောက်စေရဘူး"

ရှောက်ချူးရွှေမှာ အံ့အားတသင့် ငေးကြောင်ကြည့်နေမိတော့သည်။ သူ့လက်ထဲသို့ ရောက်ရှိနေသည်မှာ ဖိနပ်စုတ်တရံမဟုတ်။ အဖိုးထိုက်တန်လှသော ထက်မြက်ထူးချွန်သည့် ဓားသိုင်းကျမ်းတစောင် ဖြစ်နေသည် မဟုတ်ပါလား။

"တုရှုံ့စန်း...ခင်ဗျားကြောက်လို့ ပုန်းနေတာလား၊ အပေါ်ကို တက်မလာရဲဘူး မဟုတ်လား"

ဂူဝဆီမှ ချီဟန်စန်း၏အသံက မိုးခြိမ်းသံလို ကျယ်လောင်စွာ ထွက်ပေါ်လာပြန်သည်။ ရှောက်ချူးရွှေ ပျာပျာသလဲ ဖြစ်ကာ....

"ဘဘ..ကျ..ကျနော်...."

"လျှာမရှည်နဲ့၊ မြန်မြန် သိမ်းထားလိုက်"

တုရှုံ့စန်းက ရှောက်ချူးရွှေကို တိုးတိုး ငေါက်ငမ်းသည်။

တဘက်မှ ချီဟန်စန်းဘက်သို့ ဒေါသတကြီးလေသံဖြင့် ဟိန်းဟောက်ပြန်သည်။

"မင်းစောင့်နေပါ၊ ငါအပေါ်တက်လာပြီး မင်းကို ရှင်းပစ်မယ်ကွ"

ပြောပြောဆိုဆိုပင် ရှေ့သို့ တက်လှမ်းသွားဟန်ပြင်သည်။

ထန်ဖန်းက မျက်မှောင်တချက် ကြုတ်ကာ....

"ဘဘ...အခုအချိန်မှာ ဘဘထွက်သွားလို့ မသင့်တော်သေးဘူးလို့ ကျမထင်ပါတယ်၊ ဘာဖြစ်လို့ သူ့ကို အောက်ဆင်းလာဖို့ မခေါ်ဘဲ ကိုယ်က အပေါ်ကိုတက်ပြီး အသက်သေနိုင်တဲ့ တိုက်ခိုက်မှုမျိုးကို ပြုရတာလဲ"

တုရှုံ့စန်း ချီတုံချတုံ ဖြစ်ကာ တခဏမျှ ငေးကြောင်သွားသည်။

ကျိုချူးချောက်လန်က...

"ရှေ့ဘက်မှာ ကျုပ်တို့အကို မာကျင်ကျုံးနဲ့ ဦးရီးတော် ဝန်ပိန်စွမ်းတို့ စောင့်နေကြတယ်၊ ဟန်ဆောင်ပြီး နောက်ကို အတူတူ ဆုတ်ကြရင် မကောင်းဘူးလား"

ထန်ဖန်းက စဉ်းစားတွေးခေါ်လိုက်ပြီးလျှင် ...

"နောက်ဘက်မှာ ထွက်လမ်းရှိရဲ့သားနဲ့ ချီဟန်စန်းက ဘာဖြစ်လို့ ရှေ့နောက်နှစ်ဖက်ညှပ်ပြီး မတိုက်ရတာလဲ"

တုရှုံ့စန်း သဘောကျစွာ ရယ်မောလိုက်သည်။

"မိန်းကလေးက တော်တော် သတိကြီးတာပဲ၊ နောက်ဘက်က ထွက်ပေါက်က ဒီအတွင်းကပဲ ဖွင့်ပေးလို့ရတယ်၊ အပေါ်ဘက်က ဖွင့်လို့ မရဘူး၊ ရှေ့ဘက်က မင်းတို့ ဝင်လာတဲ့ ဂူပေါက်ဝကျတော့ အထဲကနေ ဖွင့်လို့ ပိတ်လို့ မရနိုင်ဘူး"

တုရှုံ့စန်းက ပြောရင်းမှ သက်ပြင်းရှည်တချက် ချလိုက်သည်။

သူ့စကားသံက ဝမ်းနည်းကြေကွဲကာ လှုပ်ခပ်နေသည်။

"ငါဒီနေရာမှာ အချုပ်အနှောင်ခံရတာ သုံးနှစ်ရှိခဲ့ပြီ၊ သုံးနှစ်အတွင်း ဒီနေရာရဲ့ အခြေအနေအားလုံးကို သိထားခဲ့ရတယ်"

ရှောက်ချူးရွှေ မျက်မှောင်ကြုတ်လိုက်သည်။

ရုတ်ခြည်းပင် အလန့်တကြား အော်ဟစ်သည်။

"အခြေအနေ မကောင်းတော့ဘူး"

"ဘာမကောင်းတာလဲ"

ရှောက်ချူးရွှေက လျှင်မြန်စွာပင်...

"ခုနက တုကျဲ့ နှစ်ခါလုပ်ကြိတာ မအောင်မြင်ခဲ့ဘူး၊ အတွင်းဘက်ကို ထွက်ပြေးသွားတယ်၊ ဒီအချိန်လောက်ဆို သြဇာအာဏာဂိုဏ်းကလူတွေကို ပေးဝင်ပြီးလောက်ပြီ"

တုရှုံ့စန်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဟုတ်တယ်၊ အပေါက်ဝကို မြန်မြန်သွားပိတ်ကြစို့"

ကိုယ်လှည့်၍ ခုန်လွှားဟန်ပြင်စဉ် အသံတသံက အမှတ်မထင် ပေါ်လာတော့သည်။

"မင်းတို့ အသိနောက်ကျသွားပြီ"

ရောက်ချူးရွှေ စိတ်ထဲ လှုပ်ရှားသွားတော့သည်။

နောက်ဘက်တွင် လူငါးယောက် ရောက်ရှိလာ၏။

အလယ်မှတယောက်မှာ ဓားဘုရင် ချီဟန်စန်း ဖြစ်နေလေသတည်း။

ချီဟန်စန်း အတွင်းဘက်သို့ တလှမ်းချင်း တလှမ်းချင်း ဝံ့ကြွားစွာ လျှောက်ဝင်လာသည်။

တုရှဲ့စန်းကို ကြည့်ပြီး မခိုးမခန့်လေး ပြုံးသည်။

"နောင်ကြီး တုရှဲ့စန်း…ကျုပ်တောင်းဆိုတဲ့ ကိစ္စနှစ်ခုကို ခင်ဗျားသဘောတူရင် ဟောဒီ မဟာအမှန်တရားဇရပ်မှာ နောင်ကြီးတုရှဲ့စန်း စိတ်တိုင်းကျ ဝင်လိုဝင် ထွက်လိုထွက် သွားလာနိုင်တယ်၊ ကျုပ်ခင်ဗျားကို တချက်ကလေးမှ တားခြင်းဆီးခြင်းလည်း လုပ်မှာမဟုတ်ဘူး၊ ကျုပ်တောင်းဆိုချက်ကတော့ ဟောဒီကောင်လေးတွေရဲ့ ကိစ္စမှာ ခင်ဗျားဝင်ပြီး မစွက်ဖက်ပါနဲ့၊ ပြီးတော့ မုံကျမ်းမြစ်ဓားသိုင်းကျမ်း ကျုပ်ကို ပေးရလိမ့်မယ်"

တုရှဲ့စန်း စကားပြန်မပြော။

ချီဟန်စန်းကိုသာ မလွတ်တမ်း စူးစိုက်ကြည့်နေသည်။

ချီဟန်စန်းက ရယ်မောကာ ဆက်ပြောပြန်သည်။

"တကယ်လို့ ခင်ဗျား ကျုပ်တို့ဂိုဏ်းထဲ ဝင်ချင်တယ်ဆိုရင်လဲ ကျုပ်က သေအတူ ရှင်အတူ လက်တွဲခေါ်သွားမယ်၊ ဩဇာအာဏာဂိုဏ်းဟာ ဒီကနေ့ သိုင်းလောကကို လွှမ်းမိုးတော့မယ်၊ စည်းစိမ်ဥစ္စာတွေ၊ ရာထူးဂုဏ်ထူးတွေ မကုန်နိုင်အောင် ခံစားရမယ်"

တုရှဲ့စန်းက အေးတိအေးစက် အမူအရာဖြင့်…

"မင်းငါ့ကို ချုပ်နှောင်ထားတဲ့ သုံးနှစ်အတွင်း မင်းရဲ့လူတွေက ငါ့ကို ဒီစကားမျိုး အကြိမ်ပေါင်းများစွာ ပြောခဲ့ဖူးတာပဲ၊ ဒီကနေ့ မင်းထပ်ပြောပြန်တော့ ရီစရာ မကောင်းဘူးလား"

"ဒီကနေ့ ကျုပ်ထပ်ပြောတာက အရင်ပြောခဲ့တဲ့ စကားတွေနဲ့ မတူဘူး"

"ဘယ်လိုမတူတာလဲ"

"အရင်တုံးက ခင်ဗျားကို ကျုပ်တောင်းဆိုတာ၊ အခုဟာက တောင်းဆိုတာ မဟုတ်ဘူး၊ အခွင့်အရေးပေးနေတာ"

"ငါ့ဆီက ငါ့အသက်လောက် မြတ်နိုးတဲ့ ဓားသိုင်းကျမ်းကိုလဲ လိုချင်သေးရဲ့၊ ငါ့ကိုလဲ အခွင့်အရေးပေးနေတာလို့ မင်းပြောဝံ့သလား"

"ဟား..ဟား..ဟား…ခင်ဗျားမှားသွားပြီ၊ ဒီကနေ့ ကျုပ်က ခင်ဗျားဆီက ဓားသိုင်းကျမ်းကို ယူမှာ မဟုတ်ဘူး"

"ဩော်…"

တုရှဲ့စန်း အံ့အားသင့်သလို ဖြစ်သွားသည်။

ချီဟန်စန်းက မျက်နှာထား တင်းမာလာကာ…

"အရင်တုံးက မုံကျမ်းမြစ်ဓားသိုင်းကို ခင်ဗျားတယောက်တည်း တတ်ကျွမ်းတယ်လို့ ထင်ခဲ့တယ်၊ သိုင်းကျမ်းအဖြစ် ရေးမှတ်ပြီး ဖိနပ်ထဲ ထည့်ထားတယ်လို့ မထင်မိဘူး၊ အခုခင်ဗျားက အဲဒီဖိနပ်ကို တခြားလူကို ပေးလိုက်ပြီ မဟုတ်လား၊ မုံကျမ်းမြစ်ဓားသိုင်းကျမ်းကို လိုချင်ရင် ခင်ဗျားရဲ့ သဘောတူညီချက် တောင်းခံနေစရာ မလိုတော့ဘူး"

တုရှဲ့စန်းမှာ ဒဲ့ဒိုးပြောမှ သဘောပေါက်သွားတော့သည်။

"မင်းက လုယူလို့ ရမယ် ထင်နေသလား"

ချီဟန်စန်းမှာ ရယ်ပြီးရင်း ရယ်နေတော့သည်။

"လွန်ခဲ့တဲ့ သုံးနှစ်တုံးက ဓားတလက်တည်းနဲ့ ခင်ဗျားကို အနိုင်ယူခဲ့တာကို သတိမရတော့ဘူးလား၊ ကနေ့ခင်ဗျားက ထပ်ပြီး အစွမ်းပြချင်သေးလို့လား"

"မင်းရဲ့ ဓားသိုင်းပညာ ဒီလောက်တောင် ကောင်းနေတယ်ဆိုရင် ဘာဖြစ်လို့ ငါ့ရဲ့ ဓားသိုင်းကို မရမက လိုချင်နေရတာလဲ"

"ကျုပ်က ဓားဘုရင်ပဲ၊ ဓားဘုရင်ဆိုတာ ပြောင်မြောက်တဲ့ ဓားသိုင်းပညာအားလုံးကို တတ်ကျွမ်းရမယ်၊ ခင်ဗျားရဲ့ မုံကျမ်းမြစ် ဓားသိုင်းပညာက ကျုပ်ကို မမီပေမယ့် ပြောင်မြောက်ထက်မြက်တဲ့ ဓားသိုင်းပညာတမျိုးပဲ၊ အရင်တုံးက ခင်ဗျားကို ကျုပ်တိုက်ကွက် တရာကျော်အောင် တိုက်ခိုက်ပြီးမှ အနိုင်အရှုံး ပေါ်ခဲ့ရတာ မဟုတ်လား"

တုရှဲ့စန်းမှာ ဒေါသထွက်ပြီးရင် ထွက်နေတော့သည်။

"ဒါဆို ဒီချာတိတ်တွေ အောက်ဆင်းလာတာကို မင်းချက်ချင်းလိုက်ပြီး မသတ်ဖြတ်တာ တမင်သက်သက် ငါ့ရဲ့ ဓားသိုင်းကျမ်းကို နိုက်ထုတ်ယူချင်လို့ပဲပေါ့"

"ဟုတ်တယ်၊ နို့မဟုတ်ရင် ကျုပ်အစောကြီးကတည်းက အပြင်ဘက်ကနေ တုက္ကွဲကို ဂူပေါက်ဝဖွင့်ဖို့ အချက်ပြလိုက်ရင် သူတို့ ခင်ဗျားကို လွှတ်ပေးဖို့ အချိန်မမှီနိုင်ပါဘူး"

ချီဟန်စန်း နံဘေးတွင် ရပ်နေသော တုက္ကွဲကလည်း အေးတိအေးစက်ပြုံးကာ...

"မင်းတို့ ဒီအထဲကို ဝင်လာတာနဲ့ ငါတားဆီးခဲ့တယ်၊ အဲဒီနောက် ဂူပေါက်ဝတံခါးကို သွားဖွင့်ပေးခဲ့တယ်၊ ဓားဘုရင်ချီရဲ့ ညွှန်ကြားချက်အတိုင်း နောက်ပိုင်းမှ ငါလှုပ်ရှားခဲ့ရတာပဲ၊ ဒါကြောင့် မင်းတို့ သူ့ကို လွယ်လွယ်နဲ့ ကယ်တင်နိုင်ခဲ့တာ"

ဟုတ်ပေမည်။

မြေအောက်ခန်းထဲတွင် ထက်ဝင်းရွှဲအား တုက္ကွဲလက်ထုတ်သတ်ဖြတ်ရန် ဓားချက်ထွက်ပြီးနောက် အချိန်အတော်ကြာမှ ပေါ်လာပြီး ရှောက်ချူးရွှေ ခလုတ်နှိပ်ရန် ကြိုးစားစဉ် ဓားတချက် ထွက်လာသည်။

ထိုအချိန် ကွာဟနေသော ကာလအတွင်း တုက္ကွဲသည် ချီဟန်စန်းနှင့် ဆက်သွယ်မှု ယူနေပေလိမ့်မည်။

သည့်နောက် အမှောင်ထဲမှ စောင့်ကြည့်ကာ တုရှဲ့စန်းက ရှောက်ချူးရွှေအား ဖိနပ်ပစ်ပေးသည်ကို မြင်မည်။

ထိုနံစော်ညစ်ပတ်နေသော ဖိနပ်ထဲတွင် သိုင်းကျမ်းစာအုပ် ရှိနေလိမ့်မည်ဟု သူတို့လုံးဝ မတွေးမိခဲ့ချေ။

ချီဟန်စန်းက အောင်နိုင်သော လေသံဖြင့် ဆက်ပြော၏။

"ဒါကြောင့် ဒီကနေ့ ကျုပ်ပြောတဲ့စကားက ခင်ဗျားကို အခွင့်အရေးပေးနေတာ၊ ခင်ဗျားရဲ့ သဘောတူညီချက်ကို တောင်းဆိုနေတာ မဟုတ်တော့ဘူးလို့ ပြောတာပေါ့၊ ပြီးတော့ ခင်ဗျား ဒီတခါထပ်ရှုံးရင် နောက်ဆုံးအကြိမ် ရှုံးနိမ့်ခြင်းလည်း ဖြစ်လိမ့်မယ်"

ဓားသိုင်းကျမ်း ထွက်ပေါ်လာပြီမို့ တုရှဲ့စန်း အသက်ရှင်နေဖို့ ချီဟန်စန်းအတွက် မလိုအပ်တော့ပေ။

"မင်းတို့လဲ အားအင်ကို အလဟဿ မဖြုန်းတီးကြနဲ့တော့၊ အထဲဘက်ကို သွားတဲ့မြေအောက် လိုဏ်ဂူလမ်းမှာ ကျန်းယိဟိုင် နဲ့ ယီခုယီတို့ စောင့်ကြပ်နေကြတယ်၊ အပြင်ကို သွားတဲ့လမ်းမှာတော့ ဟူကွန်နဲ့ဖိန်ကျူက စောင့်ကြပ်နေတယ်၊ မင်းတို့အတွက် လွတ်လမ်း မရှိတော့ဘူး"

ဘေးဘက်တွင် ရပ်နေသော လျှိုချန်းပြင်က လှောင်ပြုံး ပြုံးကာပြောသည်။ ရှောက်ချူးရွှေ စိတ်မထိန်းနိုင်ဘဲ...

"ဒါဆို ခုနက ဓားဘုရင် ချီဟန်စန်းရဲ့ အပြင်ဘက်က ထွက်လာတဲ့ စကားသံကကော"

"ဓားဘုရင် ချီဟန်စန်းရဲ့ အတွင်းအားက ဒီဘက်မှာ စကားပြောနေတာကို ဟိုဘက်က အသံထွက်အောင် စွမ်းဆောင်နိုင်တယ်လေ၊ ဒါကို မင်းတို့ချာတိတ်တွေ ဘယ်သိပါ့မလဲ"

ခန်းချွတ်ယီက မခိုးမခန့် ရယ်ကာ ဝင်ပြောသည်။

သူ့အသွင်က တဖြည်းဖြည်း ချီဟန်စန်း၏ ကျေးကျွန်တယောက်နှင့် တူတူလာသည်။

တုရှဲ့စန်းက ချီဟန်စန်းကို မျက်လုံးမှေးကြည့်ကာ...

"မင်းရဲ့ အတွင်းအားက အများကြီး တိုးတက်လာတာပဲ"

"နောင်ကြီးတုကလဲ ဒီအထဲမှာ သုံးနှစ်လုံးလုံး အချုပ်အနှောင်ခံထားရတော့ အတွင်းအားတွေ အများကြီး ယုတ်လျော့သွားတာပဲ"

ချီဟန်စန်း မျက်နှာတချက်မပျက်ပဲ ပြန်ပြောသည်။

အတွင်းအားများစွာ ယုတ်လျော့သွားသူက တံတွေးတလုတ်နှင့် တုက္ကွဲ၏ဓားသွားကို တိုက်ဆောင့် တိမ်းစောင်းသွားနိုင်ပေရာ ကွမ်စီးနယ် စန်းသုံးစန်း၏ အဆင့်မြင့် အတွင်းအားက တကယ်ပင် အံ့သြချီးကျူးစရာ ကောင်းနေတော့သည်။

တုရှဲ့စန်းက ချီဟန်စန်းကို ကြည့်ရာမှ သူ့ညာဘက်နဘေးတွင် ကပ်လျက်ရပ်နေသော လူငယ်တယောက်ထံသို့ အကြည့်ရောက်သည်။ ချီဟန်စန်းက တုရှဲ့စန်း၏ အကြည့်ကို အကဲခတ်မိကာ....

"သူက ကျုပ်တို့ ဂိုဏ်းစောင့်ဆရာ လျှိုဂူက အထူးအရေးပေး ဆက်ဆံထားတဲ့ လူငယ်အဆင့်မြင့် သိုင်းသမားတယောက်ပဲ၊ ဟန်စဲ့ဟိုင်လို့ ခေါ်တယ်၊ ကိုယ်တော်လေးဟန်ရဲ့ လက်နက်ပုန်းက ဂိုဏ်းခွဲမှူး ဟူကွန်ရဲ့အောက်မှာ မရှိဘူး၊ တော်တော်ကြာကျရင် မိန်းကလေးထန် အမြင်ကျယ်သွားစေရမယ်"

ဟန်စဲ့ဟိုင်ဆိုသော လူငယ်၏ မျက်နှာမှာ ဆွတ်ဆွတ်ဖြူဖွေးနေပြီး ပုလဲလုံးများလို ညီညာသန့်စင်သည့် သွားများကို ဖြဲကာ ရှောက်ချူးရွှေအား ပြုံးပြ၏။

သူ့အပြုံးက နှစ်လိုခင်မင်တတ်သော အပြုံးမျိုး။

"ဟန်စဲ့ဟိုင် ဟုတ်လား"

ထန်ဖန်းက ရုတ်တရက် ဝင်ပြောသည်။

ဟန်စဲ့ဟိုင်က နှစ်လိုဖွယ်အပြုံးကို ပြုံးလျက်ပင်...

"ဟုတ်ပါတယ်၊ ကျနော် ဟန်စဲ့ဟိုင်ပါပဲ၊ မိန်းကလေးထန် နေကောင်းတယ်နော်"

ဟန်စဲ့ဟိုင်၏ အပြောအဆို အမူအရာက လွန်စွာမှပင် သိမ်မွေ့လွန်းနေသည်။

သြဇာအာဏာဂိုဏ်းသား တယောက်နှင့်ပင် မတူ။

သူက သိမ်မွေ့ယဉ်ကျေးလေလေ ထက်ဝင်းရွှဲလို ကြမ်းကြမ်းတမ်းတမ်း တဇောက်ကမ်းတယောက်၏ မျက်လုံးထဲတွင် ကြည့်မရလေလေ ဖြစ်နေတော့၏။

တုရှဲ့စန်း မျက်နှာထား ရုတ်ခြည်းပင် တည်ကြည်လေးနက်သွားသည်။

"ချီဟန်စန်း....မင်းဟာ မကောင်းမှု ဒုစရိုက်တွေလုပ်တဲ့ သြဇာအာဏာဂိုဏ်းက လူတွေကို အားပေး အားမြှောက်လုပ်နေတာ ကိုယ်တော်ကြီးယန်တိုနဲ့ ကုကြွင်းစန်းတို့ သိရင် မင်းကို သက်ညှာမှာ မဟုတ်ဘူး"

ကုကြွင်းစန်းတယောက် ချီဟန်စန်း လက်ချက်ဖြင့် အသက်သေဆုံးခဲ့ရပြီကို တုရှဲ့စန်း မသိပေ။

ထို့ကြောင့် ချီဟန်စန်းအား ခြိမ်းခြောက်လိုက်ခြင်းဖြစ်၏။

ချီဟန်စန်းမျာမူ ထိုစကားကို ကြားရသောအခါ မစိုးရိမ် မထိတ်လန့်သည့်အပြင် ပြက်လုံးတခုပမာ အားပါးတရ ရယ်မောတော့သည်။

"ယန်တိုက ကွမ်တုံးမှာပဲ ရှိနေတဲ့ဟာကို ဘယ်လိုလုပ်ပြီး ကျုပ်ကိစ္စ ဝင်စွက်ဖက်နိုင်မှာလဲ၊ ကုကြွင်းစန်း ကတော့....ဟား..ဟား...ဟား"

ချီဟန်စန်း အဆက်မပြတ်ပင် ရယ်မောပြန်သည်။

ရယ်လျက်မှ ရောက်ချူးရွှေတို့ကို လက်ညှိုးညွှန်ကာ...

"ကုကြွင်းစန်း ဘယ်လိုသေသွားရတယ်ဆိုတာ ခင်ဗျား သူတို့ကို မေးကြည့်ရင် သိလိမ့်မယ်၊ တကယ်လို့သာ ထူးချွန် လေးယောက်ဆိုတဲ့ ငနဲအိုတွေ မရှိရင် သူ့ကိုလဲ ကျုပ်အစောကြီးကထဲက ဖမ်းဆီးချုပ်နှောင်ထားပြီးပြီ၊ သူ့ရဲ့ သံပေတံသိုင်းက ပြောင်မြောက်ထူးဆန်းပါပေတယ်၊ ဒါပေမယ့် အခုတော့ သိုင်းလောကမှာ တိမ်ကော ပပျောက်သွားပြီလေ"

တုရှဲ့စန်းမှာ ထိုစကားများကို ကြားလိုက်ရလျှင် အသားတဆတ်ဆတ် တုန်လာသည်။

မျက်ရိုးအချိုင့်အတွင်းမှ မျက်လုံးနှစ်လုံးလည်း ပြူးကျယ်ထွက်လာသည်။

"ကုကြွင်းစန်း သေပြီ ဟုတ်လား၊ မင်း...မင်း ယုတ်မာရက်စက်လှချည်လား"

ပြောပြောဆိုဆိုပင် ကျယ်လောင်စွာ တချက်အော်ဟစ်လိုက်ခုန်ထွက်လာသည်။

ခြေနှင့် လက်တို့မှ ငွေချိန်းကြိုးမှာ တချွင်ချွင်မြည်ကာ လှုပ်ရှားနေ၏။

"မင်းတို့ မြန်မြန် ထွက်ပြေးကြ"

တုရှဲ့စန်းက ရောက်ချူးရွှေတို့အား အော်ဟစ်သတိပေးပြီးသည်နှင့် ငွေချိန်းကြိုးကို ဝှေ့ယမ်းကာ တိုက်ခိုက်တော့သည်။

တုရှဲ့စန်း ခန္ဓာကိုယ် ခုန်ထလာသည်နှင့် ချီဟန်စန်းကလည်း ကပျာကယာပင်...

"တု၊ လျှို၊ ခန်း ဂိုဏ်းခွဲမှူးသုံးယောက် ဓားကျမ်းကို တားဆီးကြ"

တုကျဲ၊ လျှိုချန်းပြင်နှင့် ခန်းချွတ်ယီတို့အား အမိန့်ပေး ခိုင်းစေလိုက်တော့သည်။

---

## အခန်း (၆)

ချီဟန်စန်း၏ အမိန့်ပေးသံအဆုံးတွင် တုကျွဲ၊ လျှိုချုန်းပြင်နှင့် ခန်းချွတ်ယီတို့ စတင်လှုပ်ရှားလာကြသည်။

ထိုသုံးယောက်ထဲတွင် လျှိုချုန်းပြင်က အမြန်ဆုံးဖြစ်သည်။

သူ၏ မိုးမြင်းမိုးပေါ်ပြေး ကိုယ်ဖော့ပညာဖြင့် ခြင်တကောင်အလား ပျံဝဲလာသည်။

လျှိုချုန်းပြင်၏ သံခေါက်ယပ်တောင် အရိုက်ခံရလျှင် ချက်ချင်းလက်ငင်းပင် သေဆုံးသွားနိုင်ပေသည်။

လျှိုချုန်းပြင်၏ ဘယ်ဘက်မှ လှုပ်ရှားသူက တုကျွဲ။

တုကျွဲ၏ ဓားထွက်မြန်ဆန်မှုက စံတင်လောက်သည်။

သူ့ဓားချက်ထွက်လျှင် အကွက်စိပ်မြန်ဆန်သောကြောင့် ပိုင်နိုင်မှုမလိုပေ။

ဤမျှ ဓားချက်မြန်ဆန်သော တုကျွဲမှာ ဓားချက်တချက်သာ ခုတ်နိုင်သည်။

သူခုတ်ရသူက တုရှဲ့စန်း။

ရောက်ချူးရွှေတို့အား တုရှဲ့စန်းက ရှေ့မှ ဆီးကာပေးထားသောကြောင့် ဖြစ်ပေသည်။

တုကျွဲသည် ထိုဓားချက်တချက်ကို အားမာန်အပြည့်အဝ ထည့်သွင်းထားသည်။

တုရှဲ့စန်းသည် ကွမ်စီးနယ် စန်းသုံးစန်းတွင် အပါအဝင်ဖြစ်သည်မို့ မပေါ့ဆရဲ။

အချုပ်အနှောင်၊ ညှင်းပန်းနှိပ်စက်ခြင်းခံရသဖြင့် အတွင်းအား ယုတ်လျော့နေခြင်း ရှိသော်လည်း အထင်မသေးဝံ့။

သို့အတွက် ဓားချက်ကို အပြင်းထန်ဆုံး ခုတ်ချလိုက်ခြင်း ဖြစ်ပေသည်။

လျှိုချုန်းပြင်၏ အခြားတဖက်မှ လှုပ်ရှားသူမှာ ခန်းချွတ်ယီ ဖြစ်ပေသည်။

သူသည် ဆယ်နှစ်လုံးလုံး နေရောင်ခြည်ကို ကြည့်ကာ ဓားသိုင်းပညာကို လေ့ကျင့်ခဲ့သည်။

သူ၏ နေရောင်ခြည်ဓားမှာ ဆယ်နှစ်လုံးလုံး နေရောင်ခြည် ဝနေသဖြင့် အလင်းဓာတ်နှင့် အပူဓာတ်များ ရရှိနေသည်။

သူနှင့် တိုက်ခိုက်သူသည် နေမင်းကို မျက်နှာချင်းဆိုင် တွေ့ဆုံလိုက်ရသလို နေလောင်ပြီး ဓားချက်အောက်တွင် အသက်ပျောက်ရမည် ဖြစ်ပေသည်။

ထို့ကြောင့်လည်း မျက်မှောက်ခေတ် မဟာဓားသိုင်းပညာရှင် ခုနစ်ယောက်ဖြစ်ကြသော ရောက်စီးလို၊ စင့်ဟူချူး၊ ခုံယန်ချင်၊ ရှီးကျန့်ချီ၊ မုံရှမ်းဖုန်၊ တိန်ယိဖိန်တို့နှင့် တန်းတူ စာရင်းဝင် နေခြင်းဖြစ်၏။

ရောက်ဂေဟာနှင့် တိုက်ခိုက်သောပွဲတွင် ဩဇာအာဏာဂိုဏ်းမှ လူအတော်များများ ကျဆုံးသွားခဲ့ရသည်။

ဂုဏ်ကူးဖန်၊ စင့်ဟူချူး၊ ဆားချန်သိန်း၊ ခုံယန်ချင်နှင့် ယန်ကွေကွေတို့ သေဆုံးကြပြီး ကျိချန်စင်းလည်း အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။

ခန်းချွတ်ယီတယောက်သာ ဘာမှမဖြစ်ဘဲ ကျန်နေခဲ့သည့်အပြင် ပိပိရိရိ ဟန်ဆောင်ကာ စင့်ဟူချူးနှင့် ပူးပေါင်းပြီး အဖိုအမနတ်ဓား ကျန်လိန်ယိ၊ ထန်တာ့နှင့် ဓားလက်ဝါး ရောက်တုံးကွမ်းတို့ကို သတ်ဖြတ်နိုင်ခဲ့သည်။

သူ့လက်တွင် သစ္စာဘက်တော်သားများ၊ သိုင်းလောက၏ အမှန်တရား မြတ်နိုးသူများ၏ သွေးညှီနံ့များ စွန်းပေခဲ့ရသည်။

သို့သော သူသည်လည်း ရောက်စီးလိုနှင့် ကျူးရှာဂူတို့၏ ထိန်းချုပ်ခြင်း ခံရကာ သေမတတ် ဖြစ်ခဲ့ရသည်။

အပေါက်တခုနတ်ဆိုး ကျိချန်စင်းကသာ ကယ်တင်ခြင်း မပြုခဲ့လျှင် အခုလောက်ဆိုပါက သူ့အလောင်းမှာ မြင်မကောင်းနိုင်တော့။

သည့်နောက်ပိုင်း သူသည် ပို၍ ပါးနပ်လာသည်။

ပို၍ ကြမ်းတမ်းရက်စက်လာသည်။

ဓားထွက်သည်နှင့် ရန်သူကို အသက်ရှင်စရာ အခွင့်အလမ်း မပေးတော့။

သူတို့ သုံးယောက်၏ ရှေ့တွင် တုရှဲ့စန်းက ဆီးခံနေသည်။

ငွေသံကြိုးကို အဆက်မပြတ် ဝှေ့ယမ်းကာ သူတို့၏ တိုက်ခိုက်မှုကို ခုခံသည်။

ခြေလက်တို့မှ ငွေသံကြိုးလေးစသည် တခုနှင့်တခု ထိမိခိုက်မိခြင်း မရှိဘဲ ဓားရှည်များသဖွယ် အကွက်ကျကျ လှုပ်ရှားနေပေရာ တုကျဲ၏ ဓားသည်လည်းကောင်း၊ လျှို့ချန်းပြင်၏ သံခေါက်ယပ်တောင်သည်လည်းကောင်း၊ ခန်းချွတ်ယီ၏ နေရောင်ခြည်ဓားသည် လည်းကောင်း လှိုင်းလုံးထဲတွင် ပိသကဲ့သို့ ဖြစ်သွားကြသည်။

"တယ်ကောင်းတဲ့ ဓားသိုင်းပါလား"

ချီဟန်စန်းက တုရှဲ့စန်း တိုက်ခိုက်နေပုံကို ကြည့်ပြီး မှတ်ချက်ချသည်။

ဟန်စဲ့ဟိုင်က နှာခေါင်းရှုံ့ကာ...

"ဆရာချီနဲ့ ယှဉ်ရင် အများကြီး ညံ့ပါသေးတယ်"

ချီဟန်စန်း သဘောကျစွာ ပြုံးလိုက်သည်။

"ဒီနေရာမှာ ချာတိတ်လေးကောင် ရှိသေးတယ်၊ သိုင်းပညာ မဆိုးကြဘူး၊ အချိန်တန်ရင် ညီလေးဟန် လှုပ်ရှားသင့် လှုပ်ရှားဖို့ လိုလိမ့်မယ်"

"ဓားဘုရင်ကသာ အမိန့်ရှိရင် အရိုးကြေကြေ အရေခန်းခန်း ဆောင်ရွက်ပေးရမှာပေါ့"

ဟန်စဲ့ဟိုင်က ချီဟန်စန်း အကြိုက်လိုက်ပြောသည်။

ချီဟန်စန်းမှာ သဘောမနောခွေ့ကာ အကျေနပ်ကြီး ကျေနပ်နေမိတော့သည်။

တုရှဲ့စန်းသည် ကျောက်ဂူ၏ ဗဟိုမှနေ၍ ပိတ်ဆို့ကာဆီးထားသည်။

အဝင်အထွက်လမ်းက ကျဉ်းမြောင်းသလို ငွေရောင်သံကြိုးလေးခုက အကွက်ကျကျ ဝှေ့ယမ်းနေသဖြင့် ခြင်တကောင်ပင် ပျံသန်းဝင်ရောက်ဖို့ မလွယ်ကူချေ။

"ချာတိတ်တွေ...မင်းတို့ မြန်မြန် ထွက်ပြေးကြတော့လေ"

တုရှဲ့စန်းက အော်ငေါက်လျက် ရောက်ချူးရွှေတို့ကို ပြောသည်။

ထက်ဝင်းရွှဲ့က ပြန်လည်၍...

"ခင်ဗျားကို ထားခဲ့ပြီး ကျုပ်တို့ ထွက်ပြေးလို့ ဘယ်ဖြစ်မလဲဗျ"

"မင်းဘာမှ အပိုတွေ လျှောက်ပြောမနေနဲ့၊ ငါစောင့်ပြီး ထိန်းထားတုန်း မင်းတို့ လွတ်အောင်ပြေး၊ ထွက်မပြေးရင် အားလုံးသေကုန်ကြလိမ့်မယ်...နားလည်လား"

ထက်ဝင်းရွှဲ့တို့ မလှုပ်။

ရောက်ချူးရွှေက အားတင်းကာ...

"ကျနော်တို့ ဘဘနဲ့ ပူးပေါင်းပြီး တိုက်ခိုက်ချင်သေးတယ်"

တုရှဲ့စန်း ဒေါသထွက်သွားသည်။

"မဖြစ်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ ငါချီဟန်စန်းကို ဘယ်လိုမှ မယှဉ်နိုင်ဘူး"

"ထွက်ပြေးရင်လဲ သေမှာပဲ၊ ဘာမှမထူးတဲ့အတူတူ သူသေကိုယ်သေ တိုက်ခိုက်ကြတာပဲ ကောင်းတယ်"

ကျိုချူးချောက်လန်က ဝင်ပြောသည်။

တုရှဲ့စန်းက တိုက်ရှိန်ကို ပိုမြှင့်လိုက်ပြီး...

"ငါဒီမှာ စောင့်ကြပ်ထားမယ်၊ သူတို့ ရှတ်တရက် ဝင်လာနိုင်ကြဦးမှာ မဟုတ်ဘူး၊ လာလမ်းကသာ အမြန်ဆုံး ဖောက်ထွက်သွား၊ မုံကျန်းမြစ်ဓားသိုင်းကျမ်းကို သူတို့လက်ထဲ မရောက်စေရဘူး"

ရှောက်ချူးရွှေ စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။

သူ့အသက်သေဆုံးခြင်းထက် မုံကျမ်းမြစ်ဓားသိုင်းကျမ်း ချီဟန်စန်းတို့လက်ထဲ မကျရောက်စေရေးက ပို၍ အရေးကြီးလာချေပြီ။

"ညီလေးဟန်...တို့ကြာကြာ မစောင့်သင့်တော့ဘူး၊ မင်းလှုပ်ရှားဖို့ လိုလာပြီ"

ချီဟန်စန်းက ဟန်စဲ့ဟိုင်ကို အလောတကြီးပြောသည်။

ဟန်စဲ့ဟိုင်က ခေါင်းညိတ်လိုက်ကာ...

"စိတ်ချပါ၊ ဒီအဘိုးကြီး ပိတ်ဆို့ထားတဲ့လမ်းကို ကျနော် ထိုးဖောက်ထွက်နိုင်ပါတယ်"

ဟန်စဲ့ဟိုင် ရိုးရိုးတန်းတန်း ပြောလိုက်သော စကားက ရှောက်ချူးရွှေတို့ကို ကြက်သီးမွေးညှင်း ထသွားစေသည်။

"ကျမတို့ ထွက်သွားကြစို့"

ထန်ဖန်းက ရှောက်ချူးရွှေကို တီးတိုးပြောဆိုသည်။

ရှောက်ချူးရွှေ ကြံရာမရနှင့် ဇဝေဇဝါ ဖြစ်နေမိသည်။

"သွားကြမလား"

"သွားကြမယ်၊ ဘဘတုရှဲ့စန်း စကားကို နားထောင်ရမယ်၊ ကျမတို့ ထွက်ပြေးကြမှ ဖြစ်လိမ့်မယ်"

"ကောင်းပြီ"

ရှောက်ချူးရွှေသည် သူတို့အဖွဲ့တွင် အကိုကြီးအရာ၊ ခေါင်းဆောင်အရာ ရောက်သူ ဖြစ်သည်။

သူ့စကားကို အားလုံး လေးစားလိုက်နာကြရသည်။

သူက ကောင်းပြီဟု ပြောလိုက်သည်နှင့် ထက်ဝင်းရွှဲ့နှင့် ကျိုချူးချောက်လန်တို့လည်း ဘာမျှ စောဒက မတက်တော့။ လာလမ်းအတိုင်း နောက်ဆုတ် ထွက်ပြေးတော့သည်။

သူတို့လေးယောက် ထွက်ပြေးကြသည်နှင့် လျှို့ချန်းပြင်၊ ခန်းချွတ်ယီနှင့် တုကျွဲတို့ အပြင်းအထန်ပင် တိုက်စစ်ဆင်လာကြတော့သည်။

တုရှဲ့စန်း၏ ခြေနှင့်လက်တို့အပေါ်ရှိ ငွေချိန်းကြိုးလေးချောင်းကလည်း ရေပက်မဝင်အောင် အကွက်စိပ်စိပ် ဝှေ့ယမ်းနေလေတော့သည်။

ရှောက်ချူးရွှေတို့ လေးယောက်မှာ နောက်သို့လှည့်မကြည့်စတမ်း အပြေးအလွှားပင် ဆုတ်ခွာလာခဲ့ကြသည်။

အကွေ့တခုသို့အရောက်တွင် ထက်ဝင်းရွှဲ့က ပြေးလွှားရင်းမှ မကျေမနပ်နှင့် ရေရွတ်တော့သည်။

"ခွေးမသား ဟန်စဲ့ဟိုင်ဆိုတဲ့ကောင်က ဘယ်သူလဲတော့မသိဘူး၊ ကိုယ့်ကိုကိုယ် သိပ်ဟုတ်လှပြီထင်ပြီး ဘဝင်မြင့်နေတာ"

ကျိုချူးချောက်လန်က ကြားဖြတ်ကာ...

"ဟန်စဲ့ဟိုင်က လျှို့ဂူရဲ့ လူရင်းတယောက်ပဲ၊ လျှို့ဂူဆိုတာ ဩဇာအာဏာဂိုဏ်းချုပ်ကြီး လီချိန်ကြိုးရဲ့ အကြံပေးပုဂ္ဂိုလ် လျှို့ရွှေဖုန်းပဲ၊ ဟန်စဲ့ဟိုင်ရဲ့ အရည်အချင်းက ပေါ့သေးသေးတော့ မဟုတ်နိုင်ဘူး"

ထက်ဝင်းရွှဲ့ မကျေမနပ် ပို၍ ဖြစ်သွားသည်။

"မင်းက ရန်သူ့ဘက်လိုက်ပြီး ပြောနေတာလား"

ကျိုချူးချောက်လန် ပြန်မဖြေ။

စိတ်ကြမ်းဒေါသကြီးသူ ထက်ဝင်းရွှဲ့ကို ဒီအတိုင်းလွှတ်ထားပေးလိုက်သည်။

မကြာခင်မှာပင် သူတို့ဝင်လာခဲ့သော ဂူပေါက်ဝဆီသို့ ပြန်လည်ရောက်ရှိလာကြသည်။

ဝန်ပိန်စွမ်းနှင့် မာကျင်ကျုံးတို့က အေးဆေးတည်ငြိမ်စွာပင် ဂူပေါက်ဝကို စောင့်ကြပ်နေကြသည်။

သူတို့လေးယောက် ဘာမျှမဖြစ်ဘဲ ပြန်ရောက်လာကြသည်ကို တွေ့ရလျှင် မာကျင်ကျုံးက ဝမ်းသာအားရ အမူအရာဖြင့်...

"မင်းတို့ ပြန်လာကြပြီလား၊ ဟိုဘက်မှာ ဘယ်လိုအခြေအနေ ရှိသလဲ"

အတွင်းဘက်မှ တိုက်ခိုက်သံများ အခုထက်ထိ ကြားနေရပြီး ရောက်ချူးရွှေတို့ လေးယောက် အန္တရယ်ကင်းစွာ ပြန်ရောက်လာကြသဖြင့် မေးလိုက်ခြင်း ဖြစ်၏။

"အခုရှင်းပြဖို့ အချိန်မရှိဘူး၊ ဒီနေရာမှာကော ဘာတွေဖြစ်ကြသေးလဲ"

ရောက်ချူးရွှေက အလျင်စလိုပင် ပြောသည်။

"ကိုယ်တော်လေးတို့ ထွက်သွားပြီးတာနဲ့ နစ်ကြီမ်လာတိုက်တယ်၊ ပထမတခေါက်ဖိန်ကျုံ ကျုပ်က သူ့ကို နောက်ဆုတ်သွားအောင် ထိန်းထားနိုင်ခဲ့တယ်၊ ဒုတိယအခေါက်ကျတော့ ဟူကွန်ရောက်လာတယ်၊ သူ့လက်နက်ပုန်းက သိပ်ကို အစွမ်းထက်တယ်၊ ဦးလေးဝန်ပိန်စွမ်း အချိန်မှီ ဝင်တိုက်ခိုက်မှ သူတို့ဖောက်မဝင်လာနိုင်တော့ပဲ နောက်ဆုတ်သွားတယ်၊ နောက်တော့ ထပ်ပြီး မတိုက်ခိုက်ကြတော့ဘူး၊ ဘာသံမှလဲ မကြားရဘူး"

"အား..."

ထိုအချိန်မှာပင် ဂူအတွင်းပိုင်းဆီမှ တစုံတယောက် ဆွေးဆွေးမြည့်မြည့် အော်ဟစ်သံ တသံ ထွက်ပေါ်လာသည်။

"ဟာ ...ဘာဘတုရှဲ့စန်းရဲ့ အသံပဲ"

ထန်ဖန်း လွှတ်ခနဲ ပြောလိုက်မိသည်။

တိုက်ခိုက်သံများက အဆက်မပြတ်သေး။

တုရှဲ့စန်းတယောက် ဒဏ်ရာရရှိသွားသည်မှာ သေချာတော့သည်။

ရောက်ချူးရွှေက အနည်းငယ် စဉ်းစားဟန်ပြုလိုက်ပြီး...

"ကျုပ်တို့ ဒီဂူပေါက်ထဲက အမှတ်မထင် ပြန်တိုက်ခိုက်ပြီး ထွက်သွားကြမယ်"

မထင်မှတ်သော စစ်ဗျူဟာပင်တည်း။

ဂူပြင်မှ စောင့်ကြပ်နေသူသည် ဂူတွင်းမှလူ ပြန်လည်ထိုးဖောက်လာလိမ့်မည်ဟု ထင်မှတ်မည်မဟုတ်။

အစောင့်အကြပ်ကိုလည်း အပြည့်အဝ ချထားမည်မဟုတ်။

အချိန်ကောင်း အခွင့်ကောင်းတခု ဖြစ်နိုင်ပေသည်။

သို့သော် ကျဉ်းမြောင်းသော ဂူပေါက်ဝမှ အပြင်သို့ ခုန်ထွက်သွားလျှင် တိုက်ခိုက်ဖို့ မလွယ်ကူ။

အသက်ကို အလောင်းအစား သဘောထားကာ စွန့်စားရမည့် ကိစ္စဖြစ်ပေသည်။

နောက်ဆုတ်လျှင်ကား ရှင်စရာလွတ်လမ်းက မည်သို့မျှ မရှိ။

ထို့ကြောင့် အလောင်းအစားသဘောမျိုး စွန့်စားရန်သာ ဆုံးဖြတ်ကြတော့သည်။

ပထမဆုံး ထိုးဖောက်ထွက်သွားသူက ထက်ဝင်းရွှဲ။

သူသည် ဂုဏ်ယူဝင့်ကြွားလို၍ ပထမဆုံး ထိုးဖောက်ထွက်သွားခြင်းမဟုတ်။

ကြီးမားသော အန္တရယ်ကို ရင်ဆိုင်ရမည် ဖြစ်သောကြောင့် သူငယ်ချင်းများကို အန္တရယ်အတွင်းသို့ ပေးမစွန့်စားစေလိုသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ရောက်ချူးရွှေတို့၏ သဘောတူညီချက်ကို တောင်းခံမနေတော့ဘဲ တမုဟုတ်ချင်းပင် အပေါ်သို့ ခုန်တက်သွားသည်။

ရောက်ချူးရွှေတို့ ရင်တထိတ်ထိတ်ဖြင့် စောင့်နေခဲ့ကြသည်။

အပေါ်မှ အသံတသံမျှ ထပ်မကြားရ။

တခဏကြာမျှ ထက်ဝင်းရွှဲ အသံပေါ်လာသည်။

"တက်လာခဲ့ကြ၊ အပေါ်မှာ လူမရှိဘူး"

လက်တထောင်ဟူကွန်နှင့် ခြေတဖက်ဖိန်ကျုံတို့ ဘယ်ရောက်နေကြပြီလဲ။

ရောက်ချူးရွှေ မယုံကြည်နိုင်အောင် ဖြစ်သွား၏။

သို့သော် ထက်ဝင်းရွှဲ မလိမ်ညာတတ်ကြောင်း သူသိထားသည်။

အပေါ်သို့ ခုန်တက်လိုက်သည်။

အပေါ်တွင် လူရှိပြီး ထက်ဝင်းရွှဲနှင့် တိုက်ခိုက်နေလျှင် ပို၍ပင် အလျင်အမြန် ခုန်တက်သွားရပေဦးမည်။

အပေါ်သို့ သူတို့အားလုံးရောက်လာကြသည်။

အမှန်တကယ်ပင် မည်သူမျှ မရှိကြ။

မဟာအမုန်တရားဇရပ်ထဲတွင် လဲကျနေသော အရက်စားပွဲ၊ ပြန့်ကျဲနေသော ဟင်းလျာပန်းကန်များ၊ တိုက်ပွဲအကြွင်းအကျန် ခြေရာလက်ရာများ၊ ကုကြွင်းစန်း၊ ဟွမ်ယင်တု၊ ပိထင်းတုံးနှင့် ယောင်တုအုတို့ အလောင်းများကသာ ရှိနေသည်။

ဝန်ပိန်စွမ်းမှာ သူ့ညီတော်နောင်တော်များ၏ အလောင်းများကို ငိုင်တွေကြည့်နေမိသည်။

"သွားကြစို့"

ရောက်ချူးရွှေက အခြေအနေကို ထိန်းသိမ်းသည့်ဟန်ဖြင့် ပြောသည်။

ထိုစဉ်မှာပင်...

"ဂျိမ်း..."

မြေပြင်ပေါ်မှ ဂူပေါက်ဝတွင် သံပြားတချပ် ကန့်လန့်ဖြတ်ကာ ရုတ်တရက် ပိတ်ဆို့လိုက်သံ ထွက်လာသည်။

လူအားလုံး ထိတ်လန့်တုန်လှုပ်သွားကြသည်။

"ဟာ...အခြေအနေ မကောင်းတော့ဘူး"

မာကျင်ကျုံးက လွတ်ခနဲ ရေရွတ်သည်။

ထိုအချိန်မှာပင် မဟာအမုန်တရားဇရပ်၏ ထောင့်ရှစ်ထောင့် တံစက်မြိတ်ဆီမှ သံတန်းများ ရုတ်တရက် ကျဆင်းလာသည်။

ပတ်ပတ်လည်ကို ချုပ်ထိန်းထားသဖြင့် သံလှောင်အိမ်ကြီးတခုလို ဖြစ်သွားခဲ့ပြီ။

ဝန်ပိန်စွမ်းက သံတိုင်တတိုင်ကို ခြေထောက်ဖြင့် ကန်ကျောက်သည်။

ဖိန်ကျုံ၏ သံချိုင်းထောက်ကို ကွေးအောင် ကန်နိုင်သော သူ့ခြေထောက်က ဤသံတိုင်ကိုတော့ ကွေးအောင် မကန်နိုင်ခဲ့။

နောက်ဆုတ်လမ်း မြေအောက်လိုဏ်ဂူ ဝင်ပေါက်က ပိတ်ဆို့ထားပြီး ရှေ့မှလည်း သံကန့်လန့်ကာများ ကာဆီးထားသည်။

ရောက်ချူးရွှေတို့ ခြောက်ယောက်မှာ လှောင်ချိုင့်တွင်းသို့ ကျရောက်နေသော ငှက်ကလေးများပမာ ရုန်းဖောက်ထွက်၍ မရနိုင်တော့။

သေခြင်းတရားကို ငံ့လင့်စောင့်စားနေရုံမှတပါး အခြားမရှိတော့။

"ဟား..ဟား..ဟား"

ရယ်မောသံတသံက ညာဘက်မှ ထွက်ပေါ်လာသည်။

ရယ်မောသံနှင့်အတူ လူနှစ်ယောက်က လရောင်အောက်တွင် ဝင့်ကြွားစွာ လျှောက်လှမ်းလာသည်။

ဟူကွန်နှင့် ဖိန်ကျုံတို့ ဖြစ်ကြသည်။

သူတို့နှစ်ယောက်သည် တောင်တုကလေးအနီးရှိ သစ်ပင်ချုံပုတ်ဘေးမှ လျှောက်ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

"ဟား..ဟား..ဟား...မင်းတို့ ဘာတတ်နိုင်သေးလဲ၊ တို့ပြုသမျှ မင်းတို့ ခံရတော့မယ်၊ ဟီး..ဟီး..ငါ့အတွက် လက်နက်ပုန်း အပစ်လေ့ကျင့်ဖို့ ပစ်မှတ်ရတာပေါ့"

ဟူကွန်က အူမြူးသည့်လေသံဖြင့် ဝမ်းသာအားရ ပြောသည်။

ဖိန်ကျုံကလည်း ကျယ်လောင်စွာ ရယ်မောလိုက်ကာ...

"စားဘုရင်က မင်းတို့ဘာမှ ဂရုမစိုက်ဘဲ ထိုးဖောက်ထွက်လာမယ်ဆိုတာ တွက်ပြီးသားပဲ၊ ဒါကြောင့် တို့ကအပြင်မှာ စောင့်ဆိုင်းနေပြီး မင်းတို့ထွက်လာတာနဲ့ ဂူပေါက်ဝတံခါးကို ခလုတ်နှိပ်ပြီး ပိတ်လိုက်တာပဲ၊ အခုမင်းတို့ လှောင်အိမ်ထဲက ငှက်ကလေးတွေ ဖြစ်နေကြပြီ၊ ဘယ်နှယ့်လဲ တိုက်ခိုက်ချင်ကြသေးသလား"

ရောက်ချူးရွှေ ဂူပေါက်ဝကို တချက်နင်းကြည့်သည်။

တချက်ကလေးမျှ မလှုပ်။

ထက်ဝင်းရွှဲ အကြီးအကျယ် ဒေါပွကာ သံတိုင်ကို လှုပ်ယမ်းအော်ဟစ်တော့သည်။

"လူယုတ်မာတွေ ခင်ဗျားတို့ဟာ သိုင်းလောကမှာ နာမည်ကျော်ကြားတဲ့လူတွေ ဖြစ်လျက်နဲ့ ဒီလောက် အောက်တန်းကျ ယုတ်ညံ့တဲ့ နည်းလမ်းကို သုံးရသလား"

"ဒီချာတိတ်ပါးစပ်က ညစ်ပတ်တယ်၊ အရင်ဆုံး ခင်ဗျားသူ့ကို လက်နက်ပုန်းနဲ့ ပါးစပ်ပိတ်လိုက်ရင် ကောင်းမယ်"

ဖိန်ကျုံက ဟူကွန်ကို မြှောက်ပင့်ပေးသည်။

ဟူကွန်က သံသေးသံကြောင်ဖြင့် ရယ်လိုက်ကာ…

"သူက အကောင်ကြီးတယ်၊ ကျုပ်လက်နက်ပုန်း ပစ်မှတ်လုပ်ဖို့ ကောင်းတယ်၊ ခင်ဗျား စိတ်ချလက်ချသာ နေစမ်းပါ၊ ဟီး…ဟီး…ဟိုကောင်မလေးကိုတော့ ကျုပ်အရှင်ဖမ်းရလိမ့်မယ်၊ ပြီးတော့…"

ဟူကွန် စကားဆုံးအောင် ဆက်မပြောနိုင်။

မျက်နှာကွက်ခနဲ ပျက်ကာ ရုတ်တရက် ဆယ်ပေခန့် နောက်ဆုတ်ခုန်ပျံလိုက်သည်။

အောက်သို့ ပြန်ကျလာလျှင် သူ့တကိုယ်လုံး တုန်ယင်ဒေါပွနေတော့သည်။

သူ၏ ဘယ်ဘက်လက်မောင်းတွင် ရွှေအပ်တချောင်းက သုံးလက်မခန့် စိုက်ဝင်နေသောကြောင့်ပင်တည်း။

ထိုရွှေအပ်မှာ သူအသားယူပြောနေစဉ် ထန်ဖန်းက အသံမထွက်စေပဲ ပစ်လွှတ်လိုက်ခြင်းဖြစ်၏။

ပစ်လွှတ်လိုက်စဉ်က ရွှေအပ် ဆယ့်နှစ်ချောင်းဖြစ်၏။

ဟူကွန်က ချက်ချင်းရှောင်ရှားလိုက်နိုင်သဖြင့် ရွှေအပ်တချောင်းထဲ စိုက်ဝင်ခံရခြင်း ဖြစ်ပေသည်။

ဟူကွန် ကစဉ့်ကလျား ဖြစ်သွားသောပုံစံကို ကြည့်ကာ ဖိန်ကျုံက ရယ်မောလိုက်မိသည်။

"ကံကောင်းလို့ နောင်ကြီး ဟူကွန်၊ မျိုင်းဖြူသားမစားရခင် နှုတ်သီးနဲ့ အပေါက်ခံရတော့မလို့"

ဖိန်ကျုံ၏စကားက ဟူကွန်၏ ဒေါသကို နှိုးဆွလိုက်ခြင်း ဖြစ်ပေတော့သည်။

ဟူကွန် မျက်နှာထားတင်းမာကာ ရှူးရှူးရှားရှား ဖြစ်နေတော့သည်။

"တောက်…ဒီလောက်တောင် အလိုက်ကန်းဆိုးမသိတာတွေ သိရသေးတာပေါ့"

စကားဆုံးသည်နှင့် လက်တဖက်မြှောက်ကာ ကြယ်ပျံလက်နက်ပုန်း ကိုးခု ပစ်လွှတ်လိုက်သည်။

ထန်ဖန်း၏ လက်နက်ပုန်းတွင် အဆိပ်မရှိသော်လည်း ဟူကွန်၏ လက်နက်ပုန်းကား ထိပင်မထိရဲ။ ဖမ်းပင်မဖမ်းရဲ။ ရှောင်ရှားမှုသာ အန္တရယ်ကင်းနိုင်ပေသည်။

သံလှောင်အိမ်က ဆယ်ပေပတ်လည်ခန့်။ အတွင်း၌ရှိနေသူက ခြောက်ယောက်။ လက်နက်ပုန်းကို အတော်ကလေး ဂရုစိုက်ရှောင်ရှားရသည်။

ပထမလက်နက်ပုန်း မထိသဖြင့် ဒုတိယအသုတ် လက်နက်ပုန်းကို ထပ်လွှတ်ပြန်သည်။

လခြမ်းဓားကွေး လက်နက်ပုန်း ခုနစ်ခုဖြစ်သည်။

ထိုလက်နက်ပုန်းများကိုလည်း ရောက်ချူးရွှေတို့ အသေအလဲပင် ရှောင်တိမ်းနိုင်သဖြင့် ဟူကွန် အကြီးအကျယ်ပင် ဒေါသထွက်သွားရတော့သည်။

"ဟား..ဟား…မင်းတို့ ဘယ်လောက်အထိ အရှောင်အတိမ်းကောင်းသလဲဆိုတာ ကြည့်ရသေးတာပေါ့"

ပြောပြောဆိုဆို လက်အိပ်စွပ်ထားသော ညာလက်ဖြင့် တတိယလက်နက်ပုန်းတမျိုးကို ထုတ်ယူလိုက်သည်။

အဆိပ်သဲမှုန့် လက်တဆုပ်။

ထိုသဲမှုန့်တွင် အဆိပ်ပြင်းများရှိသည်။

ရှောင်ရှားရ အခက်ဆုံးသော လက်နက်ပုန်းလည်း ဖြစ်သည်။

လူတွေကလည်း လှောင်အိမ်ထဲမှာ။

သဲမှုန့်ကို ဖမ်းဆုပ်၍လည်း မရ။ ရှောင်တိမ်းလို့လည်း မရ။

သည်တခါတော့ ရောက်ချူးရွှေတို့ ခြောက်ယောက် အကြီးအကျယ် ဒုက္ခတွေ့ရပေတော့မည်။

ဟူကွန်က အဆိပ်မှုန့်လက်တဆုပ်ကို နိုက်ယူပြီး ပစ်လွှတ်ရန် လက်ရွယ်လိုက်သည်။

ထိုစဉ်မှာပင်…

"ငါလာပြီဟေ့"

အော်ဟစ်သံတသံနှင့်အတူ လူရိပ်တရိပ်က ခုန်ပျံဝင်ရောက်လာပြီး ဟူကွန်ကို တွန်းထုတ်လိုက်သည်။

လက်ဝါးရိုက်ချက်ကိုလည်း ဆင့်ကဲရိုက်ချသည်။

မထင်မှတ်သော ရန်သူ။

မထင်မှတ်သော အချိန်တွင် ရောက်လာခြင်း။

ဟူကွန်နှင့် ဖိန်ကျုံတို့ ပြင်ဆင်ဖို့ အချိန်မရလိုက်ကြ။

ဟူကွန်မှာ လက်ဝါးရိုက်ချက်တချက်ထိခံရကာ ခုနစ်ပေခန့် လွင့်စင်သွားသည်။

ပစ်လွှတ်မည့်ဆဲဆဲ အဆိပ်သဲမှုန့်များလည်း လက်ထဲမှ လွတ်ထွက်သွားတော့သည်။

ရောက်ချူးရွှေတို့ ရှိနေရာ သံလှောင်ချိုင့်ထဲသို့ မဟုတ်။

ဦးတည်ချက်လွဲကာ ဖိန်ကျုံ၏ မျက်နှာဆီသို့ တန်းဝင်လာသည်။

ဖိန်ကျုံ အကြီးအကျယ်ပင် ထိတ်လန့်သွားသည်။

ကမန်းကတန်းပင် သံချိုင်းထောက်ကို ရေပက်မဝင်အောင် ဝှေ့ယမ်းပြီး ခြေထောက်တဖက်တည်းဖြင့် နောက်သို့ အလျင်အမြန် ဆုတ်ပေးလိုက်ရတော့သည်။

ထိုအချိန်မှာပင် သံလှောင်ချိုင့်ကလည်း ထူးဆန်းစွာပင် ရုတ်တရက် ပွင့်ဟသွားသည်။

လူတယောက်လည်း မီးခိုးရောင်ဝတ်စုံဖြင့် ဇရပ်ဘေးမှ လျှောက်ထွက်လာသည်။

"စန်းယိ"

မာကျင်ကျုံး ဝမ်းသာအားရ အော်ဟစ်လိုက်မိသည်။

မီးခိုးရောင်ဝတ်စုံဖြင့် လျှောက်လှမ်းလာသူမှာ အိုရန်စန်းယိ ဖြစ်ပေသည်။

စောစောက ဟူကွန်ကို လက်ဝါးဖြင့် ရိုက်ချခဲ့သူမှာ ချူးနန်းကု ဖြစ်ပေတော့သည်။

ချူးနန်းကုသည် အိုရန်စန်းယိအား စောင့်ရှောက်ရန်အတွက် ရှောက်ချူးရွှေက ဇရပ်အပြင်ဘက်တွင် ထားခဲ့သည်။

အသက်အန္တရယ်နှင့် ရင်ဆိုင်ရမည့် နောက်ဆုံးအချိန်မှ ထွက်လာရမည်ဟုလည်း ရှောက်ချူးရွှေက မှာကြားထားခဲ့သည်။

ယခုရှောက်ချူးရွှေတို့ နောက်ဆုံးအခြေအနေ ရောက်ရှိသည့်အခါမှ ချူးနန်းကု ထွက်လာခဲ့ခြင်းဖြစ်သည်။

ထွက်လာလာချင်းပင် အလစ်ဖမ်းမလုပ်ကြဘဲ ငါလာပြီဟေ့ ဟူသော အသံပြုကာ လက်ဝါးဖြင့် ဝင်ရိုက်ခဲ့သည်။

အိုရန်စန်းယိမှမူ ရှောက်ချူးရွှေတို့အား လှောင်ပိတ်ထားသည့် သံလှောင်အိမ်ခလုတ်ကို သွားရောက်ဖွင့်ပေးခဲ့သည်။

ဟူကွန်သည် ချူးနန်းကု၏ လက်ဝါးရိုက်ချက်တချက်မိကာ ဒယီးဒယိုင်ဖြင့် လွင့်စင်ထွက်သွားသည်။

ဖိန်ကျုံသည်လည်း အတော်ကလေးကြိုးစားကာ သံချိုင်းထောက်ကို ဝှေ့ယမ်းနောက်ဆုတ်မှ အဆိပ်သဲမှုန့်များကို ရှောင်ရှားနိုင်သည်။

သို့သော် သူတို့ နှစ်ယောက် နောက်ဆုတ်သွားရသည့်နေရာက ရှောက်ချူးရွှေတို့ ရှိသည့်နေရာ။

ဝန်ပိန်စွမ်းသည် ခြေတဖက်မကာ ဟူကွန်ကို ကန်ကျောက်သည်။

ထန်ဖန်းက လက်တဖက်ဝှေ့ယမ်းလျက် ဓားပျံနှစ်စင်း ပစ်လွှတ်သည်။

ကျိုချူးချောက်လန်က လက်ထုတ်သည်နှင့် နံကောင်လည်ပင်းညှစ်သိုင်းကွက်ဖြင့် အစွမ်းကုန် တိုက်ခိုက်သည်။

ဟူကွန် အကြီးအကျယ် ကြောက်ရွံ့သွားသည်။

ကျယ်လောင်စွာ တချက်အော်ဟစ်လျက် မြေပေါ်တွင် လိမ့်လိုက်သည်။

ဓားပျံ ခေါင်းပေါ်မှ ဖြတ်ကျော်သွားသည်။

လိမ့်ပြီးသည်နှင့် ပြန်ထလိုက်လျှင် ကျိုချူးချောက်လန်၏ ဖမ်းချုပ်လက်ကွက်နှင့် ဆုံသည်။

အနည်းငယ် တိမ်းပေးလိုက်လျှင် အကျီသာ အနည်းငယ် ဆုတ်ပြဲသွား၏။

သို့သော် ဝန်ပိန်စွမ်း၏ ခြေထောက်ကန်ချက်ကိုကား မရှောင်တိမ်းနိုင်။

"ဗုန်း..."

ဟူကွန် လိမ့်ထွက်သွားတော့သည်။

သူလိမ့်ထွက်သွားရာတလျှောက်တွင် သွေးစသွေးနများ ကျန်ရစ်သည်။

သို့တိုင် တမဟုတ်ချင်း သူ့အရိပ်အယောင် ပျောက်ကွယ်သွားတော့သည်။

ဇရပ်အောက်သို့ရောက်သည်နှင့် သူ၏ကင်းပုန်း သုံးဆယ့်ခြောက်ကွက် နည်းလမ်းဖြင့် ရှောင်တိမ်းထွက်သွားတော့သည်။

ဖိန်ကျုံမှာကား ကံမကောင်း။

အိုရန်စန်းယိ၏ ပုလွေနှင့် ဆုံသည်။

ဖိန်ကျုံသည် ဟူကွန်ထက် တိုက်ခိုက်မှု အတွေ့အကြုံပို၍ ကြွယ်ဝသည်။

လွန်ခဲ့သော ခြောက်နှစ်ခန့်က သူ့ခြေထောက်တဖက်ကို မိုးဘုရင်ကြီးကျူးစွန့်ရွှေက ခုတ်ဖြတ်ခဲ့သည်။

သူမသေခဲ့။

ခြေတဖက်ပြတ်ပြီးမှ ပို၍တိုက်ရည်ခိုက်ရည်၊ သိုင်းပညာ ပြည့်ဝကောင်းမွန်လာသည်။

အိုရန်စန်းယိ၏ ပုလွေကို ကောင်းမွန်စွာ ရှောင်ရှားနိုင်သည်။

ထို့နောက် ထွက်ပြေးရန် ကြိုးစားသည်။

သံချိုင်းထောက်ကို မြေပြင်တွင် ဆောင့်ချကာ ခုန်ပျံရန် ကြိုးစားသည်။

သူလေဟာပြင်ထဲသို့ ရောက်နေစဉ်မှာပင် သံချိုင်းထောက်ကို တစုံတယောက်က ဆွဲယူဖမ်းထားခြင်းခံရသည်။

တချက်ရုန်း၍ ဆွဲနုတ်သည်မရ။

တဘက်လူက တင်းကျပ်ခိုင်မြဲစွာပင် ကိုင်ထားသည်။

ထိုသူကို သူဖျတ်ခနဲ လှည့်ကြည့်သည်။

မြေပေါက်အမြစ်ကျ ရေသောက်မြစ်မြေမကွာ မာကျင်ကျုံး။

မာကျင်ကျုံးသည် ဖိန်ကျုံက အို့ရန်စန်းယိနှင့် ရင်ဆိုင်တွေ့နေစဉ် အပြေးအလွှား ရောက်ရှိလာခြင်းဖြစ်၏။

သူ့အနေနှင့် ကိုယ်ဝန်ဆောင် ဇနီးသည်ကို စွန့်စားခြင်း မပြုလုပ်စေလိုပေ။

ဖိန်ကျုံတကိုယ်လုံးရှိ သိုင်းပညာမှာ သံချိုင်းထောက်တွင်တည်နေသည်မို့ ထိုချိုင်းထောက်ကို အမိအရ ဖမ်းဆွဲထားခြင်းဖြစ်သည်။

"ဖုန်း..."

ဖိန်ကျုံက လေထဲမှပင် မာကျင်ကျုံးကို ခြေထောက်ဖြင့် ဖြတ်ကန်သည်။

မာကျင်ကျုံး နှုတ်ခမ်းထောင့်မှ သွေးစသွေးနများ စီးကျလာသည်။

လက်လွှတ်လိုက်လျှင် အခြေအနေ မကောင်းနိုင်သည်မို့ တောင့်ခံကာ သံချိုင်းထောက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားသည်။

"အကို ကျင်ကျုံး.."

အို့ရန်စန်းယိက အထိတ်တလန့် အော်ဟစ်လိုက်သည်။

ထိုအချိန်မှာပင် လူရိပ်တရိပ်က ခုန်ဝင်လာပြီး ဖိန်ကျုံကို ပွေ့ဖက်လိုက်သည်။

ဖိန်ကျုံမလှုပ်နိုင်။

ဖမ်းချုပ်ထားသူမှာ ထက်ဝင်းရွှဲဖြစ်သည်။

ထက်ဝင်းရွှဲမှာ ဖိန်ကျုံကို အလွန်ပင် မုန်းတီးနေသည်ဖြစ်ရာ လက်တဖက်ထုတ်ပြီး ဖိန်ကျုံ၏ ဝမ်းဗိုက်ကို ထိုးထည့်လိုက်ပြန်သည်။

"ဖုန်း..."

ဖိန်ကျုံမှာ နာကျင်လွန်းသဖြင့် ခါးကွေးညွတ်လုမတတ် ဖြစ်သွားသည်။

သို့သော် သူခါးမကွေးညွတ်နိုင်။

ဓားတလက်၏ ဦးချွန်က သူ့လည်ပင်းတွင် တေ့ထောက်ထားသောကြောင့် ဖြစ်ပေသည်။

ဓားက တုက္ကျဲ၏ဓား။

ထက်ဝင်းရွှဲကို လုပ်ကြံစဉ်က တုက္ကျဲ ထားရစ်ခဲ့သောဓား။

ဓားကိုင်ဆောင်ထားသူက ရောက်ချူးရွှေ။

ရောက်ချူးရွှေသည် ပန်းချောင်းဓားဂိုဏ်း၏ သက်တန့်ရှည်နေဖောက်ဓားသိုင်းကွက်ဖြင့် ဖိန်ကျုံ၏ လည်မျိုကို တေ့ထောက်ထားခြင်း ဖြစ်သည်။

ရောက်ချူးရွှေ ဓားကို ပြန်ရုပ်သိမ်းပြီး ခေါင်းခါယမ်းလိုက်မိသည်။

သူ့မျက်လုံးအိမ်တွင် ကရုဏာအပြည့်ရှိကာ သူ့စကားသံက တည်ငြိမ်နေသည်။

"ကျုပ်...ခင်ဗျားကို မသတ်ဘူး"

ဖိန်ကျုံသည် ခြေထောက်တဖက်တည်းသာ ရှိသော ဒုက္ခိတတယောက်ဖြစ်သည်။

ဝန်းရံတိုက်ခိုက်ခြင်း ခံရသည့်အပြင် သူအဓိကအားကိုးသော သံချိုင်းထောက်ကိုလည်း ထိန်းချုပ်ခြင်းခံနေရသည်။

ရောက်ချူးရွှေသည် ဖိန်ကျုံကို မသတ်ရဲ၍ မဟုတ်။

မသတ်လိုခြင်းသာ ဖြစ်ပေသည်။

"ဘာကြောင့် မသတ်ရတာလဲ"

ထက်ဝင်းရွှဲ ဒေါသတကြီးအော်ဟစ်သည်။

အော်ဟစ်လိုက်စဉ် အတွင်းအား ပျံ့လွင့်ထွက်သွားသဖြင့် ဖိန်ကျုံက တချက်ရုန်းကန်ကာ တံတောင်ဆစ်ဖြင့် တချက် တိုက်လွှတ်သည်။

ထက်ဝင်းရွှဲ ခြေလှမ်းလေးလှမ်းခန့် ယိမ်းယိုင်နောက်ဆုတ်သွားရသည်။

ထက်ဝင်းရွှဲ ကွာသွားသည်နှင့် ဖိန်ကျုံက မာကျင်ကျုံးအား လက်ဝါးဖြင့် ရိုက်ချသည်။

မာကျင်ကျုံး အထိတ်တလန့်ပင် သံချိုင်းထောက်ကို လက်လွှတ်ပြီး နောက်သို့ ခုန်ရှောင်ပေးလိုက်ရသည်။

ထိုအချိန်မှာ ဖိန်ကျုံက သံချိုင်းထောက်ကို အားပြုကာ မဟာအမုန်တရားဇရပ်နံရံကို ကျော်လွှားထွက်သွားတော့သည်။

ချူးနန်းကု စိတ်ထဲတွင် မကျေမချမ်း ဖြစ်နေမိသည်။

စိတ်မထိန်းနိုင်ဘဲ...

"အကိုကြီး...ဘာကြောင့် သူ့ကို မသတ်လိုက်ရတာလဲ"

ရှောက်ချူးရွှေ ဘာမျှ ပြန်မပြော။ နှုတ်ဆိတ်နေသည်။

ဝန်ပိန်စွမ်းကသာ ဝင်ပြောသည်။

"ငါသိတယ်"

"ခင်ဗျားသိတယ် ဟုတ်လား"

ကျိုချူးချောက်လန်က အံ့အားသင့်ဟန်ဖြင့် မေးသည်။

ဝန်ပိန်စွမ်းက သက်ပြင်းတချက် ခပ်ပေါ့ပေါ့ပင် ချလိုက်သည်။

"လူသတ်တဲ့သူဟာ လူသတ်သမားပဲ ဖြစ်တယ်၊ လူဆိုးကို သတ်တဲ့သူက လူကောင်းဖြစ်တယ်၊ ဒါပေမယ့် လူဆိုးကို မသတ်ပဲ ချမ်းသာပေးတဲ့သူဟာ ကိုယ်တော်ကြီးဖြစ်တယ်၊ သူရဲကောင်းဖြစ်တယ်၊ ကိုယ်တော်လေးရှောက်ရဲ့ သိုင်းပညာ၊ ဗဟုသုတ အတွေ့အကြုံနဲ့ ဘွဲ့နာမည်က ထိပ်တန်းမရောက်ပေမယ့် အကျင့်စာရိတ္တနဲ့ စိတ်နေစိတ်ထားကတော့ ကိုယ်တော်ကြီးတယောက်လို ဖြစ်နေပြီ"

ဝန်ပိန်စွမ်း ဦးခေါင်းကို မော့လိုက်သည်။

ကောင်းကင်တွင် ငှက်ကြယ်ပွင့်တို့ တဖိတ်ဖိတ်တလက်လက် တောက်ပနေကြသည်။

ချူးနန်းကု၊ ကျိုချူးချောက်လန်၊ ထက်ဝင်းရွှဲနှင့် ထန်ဖန်းတို့မှာ ရှောက်ချူးရွှေအား လေးစားပြီးရင်းလေးစားရင်း ဖြစ်နေမိကြတော့သည်။

ညလေအေးက တန့်နွဲ့နွဲ့ နှော့နေဆဲ။

"ဒုန်း..ဒုန်း..ဒုန်း"

မဟာအမုန်တရားဇရပ်၏ လိုဏ်ဂူပေါက်ဝအတွင်းမှ ထုရိုက်သံများ ပေါ်ထွက်လာသည်။

"ဟာ...ဒုက္ခပဲ၊ ဟိုလူတွေ လိုက်လာကြပြီ"

ကျိုချူးချောက်လန်က အလန့်တကြားရေရွတ်သည်။

ရှောက်ချူးရွှေက တည်ငြိမ်စွာပင်...

"ကိစ္စမရှိပါဘူး၊ ဒီဂူပေါက်ဝက အထဲကနေ ဖွင့်လို့ရဟန်မတူဘူး၊ ဒါကြောင့် သူတို့ ထုရိုက်အချက်ပေးနေတာ၊ အဖွင့်အပိတ်ခလုတ်က အပြင်မှာပဲ ရှိလိမ့်မယ်"

မှန်ပေသည်။

ထိုဂူပေါက်တံခါး၏ အဖွင့်အပိတ်ခလုတ်သည် မဟာအမုန်တရားဇရပ်၏ နံရံတခုပေါ်တွင်သာ ရှိသည်။

ယီခုယီ ထိုအပေါက်မှ ထွက်လာနိုင်ခြင်းမှာ ချီဟန်စန်းက ခလုတ်ဖွင့်ပေးလိုက်သောကြောင့် ဖြစ်ပေသည်။

"ဒါပေမယ့် တို့ဒီမှာ ကြာကြာနေဖို့ အချိန်မရှိဘူး၊ တဘက်ထွက်ပေါက်တံခါးခလုတ်က ဂူထဲမှာ ရှိတယ်၊ ဒီဘက်က ဖွင့်ထွက်မလာနိုင်ပေမယ့် ဟိုဖက်က ဖွင့်ထွက်လာနိုင်တယ်၊ ပြီတော့ အဲဒီနေရာက ချီဟန်စန်းရဲ့ အိပ်ခန်း၊ အိပ်ခန်းထဲမှာ ယီခုယီနဲ့ ကျန်းယိဟိုင်တို့ ရှိနေကြတယ်၊ အချက်ပေးလိုက်ရင် သူတို့ ထွက်လာကြမှာပဲ၊ ဒီတော့ ဒီနေရာက မြန်မြန် သွားမှ ဖြစ်မယ်"

ရှောက်ချူးရွှေက တွေးတွေးဆဆ အမူအရာဖြင့် ပြောသည်။

မာကျင်ကျုံးက အလျင်အမြန်ပင်..

"ဒါဆို သွားကြစို့"

"ဘယ်ကိုသွားမှာလဲ"

ကျိုချူးချောက်လန်က မေးသည်။

"ဦးလေးမုံကို သွားရှာကြမယ်"

မုံရှမ်းယုန်သည် ရှောက်စီးလို၏ သိုင်းပညာသင်ဖက် ဆရာတူညီတယောက်ဖြစ်ပြီး သိုင်းလောက မဟာဓားသိုင်းပညာရှင် ခုနစ်ယောက်တွင် တဦးအပါအဝင် ဖြစ်လေသည်။

ပန်းချောင်းဓားဂိုဏ်း၏ ကွေးလင်ဂိုဏ်းခွဲမှူးလည်းဖြစ်သည်။

ကွေးလင်တွင် မုံရှမ်းယုန်အပြင် ရှောက်ယိလင်၊ ရှောက်ခိုက်ယန်၊ တောင်ပင်လယ်ဟိုင်နန်ဓားဂိုဏ်းချုပ် တိန်ယိဖိန်၊ ထန်ကန်းနှင့် ထန်းမုံတို့လည်း ရှိကြသည်။

ချန်တူးမြို့ပန်းချောင်းဓားဂိုဏ်း ဗဟိုဌာနချုပ်ကို ကယ်တင်လိုလျှင် ပန်းချောင်းဓားဂိုဏ်းခွဲ၏ ထက်မြက်သော လူတော်များ၏ အကူအညီကို မလွဲမသွေ လိုအပ်ပေသည်။

ရှောက်ချူးရွှေတို့သည် စဲ့ချွမ်းနယ်မှ ထိုးဖောက်၍ ကွေ့ကျိုးနယ်ကို ဖြတ်ကျော်လာခဲ့ကြရာ ယခင်က လူခြောက်ယောက်သာ ရှိခဲ့ရာမှ တိန်ယိဟန် ကျဆုံးသွားသဖြင့် ငါးယောက်သာ ကျန်တော့သည်။

သို့သော် ကွမ်စီးနယ်ထဲသို့ ဝင်မိသည်နှင့် အဆင့်မြင့်သိုင်းသမားသုံးယောက် တိုးလာခဲ့သည်။

ဝန်ပိန်စွမ်း၊ မာကျင်ကျုံးနှင့် အို့ရန်စန်းယိတို့ ဖြစ်ကြသည်။

သူတို့သည် လင်ကွေ့မှ လီကျန်းမြစ်အတိုင်းတက်ကာ ကွေးလင်သို့အရောက် သွားကြရမည် ဖြစ်သည်။

ရှောက်ချူးရွှေ၏ စကားဆုံးသွားသည်နှင့် လူရှစ်ယောက်မှာ တုံ့နှေးဆိုင်းဖင့်ခြင်း မရှိဘဲ မဟာအမှန်တရားဇရပ်မှ ထွက်လာခဲ့ကြတော့သည်။

# အခန်း (၇)

လီကျန်းမြစ်သည် တငြိမ့်ငြိမ့် တသွင်သွင် စီးဆင်းနေ၏။

ရာသီဥတု ဆိုးဝါးသော ဒေသဖြစ်သည်မို့ သဘာဝပေါက်ပင်များက တရုတ်ပြည်မကြီးနှင့်မတူ။

ချုံစပ်စပ်၊ မြက်စပ်စပ် အပင်များသာ ပေါက်ရောက်ကြ၏။

ရှောက်ချူးရွှေတို့သည် မိုင်တသောင်းတံတားသို့ ရောက်လာကြသည်။

မဟာအမှန်တရားဇရပ်ထဲမှ ထွက်လာခဲ့ကြသည်မှာ ယနေ့ထိဆိုလျှင် နှစ်ရက်ခန့် ရှိပေပြီ။

တလမ်းလုံးတွင် ဩဇာအာဏာဂိုဏ်းမှ လူများကို ရှောင်တိမ်းပြေးလွှားခဲ့ရသဖြင့် ကောင်းကောင်းအနားမယူနိုင်ခဲ့။

ဝန်ပိန်စွမ်း၏ ဘယ်ဘက်ခြေထောက်မှာ ချီဟန်စန်း၏ ဓားချက်တချက် အထိခံထားရသည်မို့ ရောင်ကိုင်းကာ နာကျင်လာသည်။

လမ်းတလျှောက်တွင် အောင့်အည်းသည်းခံလာခဲ့သော်လည်း ရှောက်ချူးရွှေမှာ မကြည့်ရက်တော့။

မိုင်တသောင်းတံတားသို့ ရောက်လျှင် အနားယူစေကာ ထက်ဝင်းရွှဲနှင့် မာကျင်ကျုံးတို့အား စားသောက်ဖွယ်များ သွားရောက်ဝယ်ယူစေသည်။

ကျိုချူးချောက်လန်နှင့် ချူးနန်းကုတို့ နှစ်ယောက်ကိုမူ ဒဏ်ရာလိမ်းဆေးများ ဝယ်ခိုင်းသည်။

မိုင်တသောင်းတံတား၏ တဘက်တွင် လီကျန်းမြစ်က လဲလျောင်းစီးဆင်းနေသည်။

ခပ်လှမ်းလှမ်း တနေရာတွင် လူတသိုက် သိုင်းလေ့ကျင့်ကစားနေကြသည်။

ရိုးရိုးသာမာန် သိုင်းကွက်များ လေ့ကျင့်နေကြသည်မို့ ရှောက်ချူးရွှေ သတိထားမကြည့်မိ။

ဝန်ပိန်စွမ်းကို အရိပ်ကောင်းကောင်း တနေရာတွင် အနားယူစေပြီး သူကိုယ်တိုင်က ခပ်လှမ်းလှမ်းတွင် တယောက်တည်း ထိုင်နေသည်။

ယခုအချိန်တွင် ဝန်ပိန်စွမ်း၏ စိတ်အတွေးအာရုံကို အနှောင့်အယှက် မပေးသင့်ကြောင်း သူနားလည်သည်။

ဝန်ပိန်စွမ်းသည် နှစ်ကာလ ရှည်လျားစွာ လက်တွဲလာခဲ့သော သူ့ညီတော်နောင်တော်များအတွက် ဝမ်းနည်းကြေကွဲနေပေမည်။

အထီးကျန်ဆန်စွာ အားငယ်စိုးထိတ်နေပေမည်။

လွတ်လွတ်လပ်လပ် တွေးနိုင်ရန် ရှောက်ချူးရှွေ အခွင့်အရေးပေးထားသည်။

ကျိုချူးချောက်လန်၊ ထက်ဝင်းရွဲ့၊ ချူးနန်းကုနှင့် မာကျင်ကျုံးတို့ ထွက်ခွာသွားကြသည်မှာ အချိန်အတော်ကြာသွားခဲ့ပြီ။

နေမင်းသည်ပင် ဦးခေါင်းထိပ်တည့်တည့်သို့ ရောက်ရှိနေပေပြီ။

ပြန်ရောက်မလာနိုင်သေး။

ထန်ဖန်းနှင့် အိုရန်စန်းယိတို့နှစ်ယောက်မှာ တံတား၏ တဘက်သို့သွားကာ စကားစမြည် ပြောဆိုနေကြသည်။

ရှောက်ချူးရှွေသည် ဖြစ်စဉ်အားလုံးကို တသီတတန်းကြီး လျှောက်တွေးနေမိသည်။

တိန်ယိဟန်၏ ဓားသိုင်းပညာ၊ ခန်းချွတ်ယီ၏ ထူးဆန်းထက်မြက်သော ဓားကွက် ဓားဟန်၊ ခုံယန်ချင်၏ သုံးမျိုးထူးချွန် ဓားကွက်၊ စင့်ဟူချူး၏ ပန်းချူးနတ်ဓား၊ အားလုံးကို အစဉ်တစိုက် လျှောက်တွေးနေမိသည်။

ထို့ပြင် ဆားချန်သိန်း၏ တပည့်လေးယောက်၏ ဓားကွက် အရှိန်အဟုန်၊ ဓားရှည်ကို အရောင်ပြပြီး ဓားပျံနှင့် ဝိညာဉ်ရွှေနတ်ပုံများ၊ ကုကြွင်းစန်း၏ သံပေတံကောက်၊ ဓားထက်ပင်ပို၍ ပြင်းထန်ထက်မြက်သော သံပေတံကောက်၏ အစွမ်း၊ ချီဟန်စန်း၏ လက်ထဲတွင် ဓားမရှိဘဲ ရုတ်တရက် ဓားထွက်လာပုံ၊ ဓားထွက်သည်နှင့် အသက်ခြွေယူပုံ၊ တုရှဲ့စန်း၏ ခြေလက်များမှ ငွေချိန်းကြိုးလေးချောင်းက ဓားထက်ပင် အစွမ်းထက်အောင် တိုက်ခိုက်နိုင်ပုံတို့ကို သူ့မြင်ကွင်းထဲသို့ ပီပြင်ထင်ရှားစွာ မြင်ယောင်လာသည်။

သူ့စိတ်ထဲတွင်ဓား၊ ဓားသိုင်းပညာ အသုံးချပုံတို့ကို လေးလေးနက်နက်ပင် စဉ်းစားတွေးတောနေမိသည်။

ထိုစဉ်မှာပင်...

"ဗွမ်း..."

ရေသံတသံကို ရုတ်တရက် ကြားလိုက်ရသည်။

ရေမှုန်၊ ရေမွှား၊ ရေလုံးကလေးများက တကိုယ်လုံးဆီသို့ တိုးဝင်လာသည်။ တဆက်တည်းပင် အော်ငေါက်သံများ၊ ဝန်ပိန်စွမ်း၏ အော်ငေါက်သံဟု သူနားလည်လိုက်သည်။

နေရောင်အလင်းတန်းတခု ပို၍ လင်းလက်လာသည်ဟုလည်း သတိပြုမိသည်။

သြဇာအာဏာဂိုဏ်းကလူတွေ လိုက်လာကြပြီ။

ထိုအသိက သူ့စိတ်ကို ဖျတ်ခနဲ နိုးကြားလာစေသည်။

နေအလင်းတန်းက ခန်းချွတ်ယီ၏ နေရောင်ခြည်ဓားဖြစ်မည်ကို စဉ်းစားစရာ မလို။

ရေလုံး၊ ရေမှုန်များက မိုင်တသောင်းတံတားအောက်ဘက်မှ ပန်းထွက်လာခြင်း ဖြစ်သည်။

ထိုရေမှုန်တို့ နောက်ကွယ်တွင် ဘာရှိမည်နည်း။

ခန်းချွတ်ယီ၏ ဓားသွား ရှိနေမည်ကို ရှောက်ချူးရှွေသိ၏။

ရေမှုန်ရေမွှားများက သူ့အမြင်အာရုံ မကွဲပြားအောင် ပိတ်ဆို့ထားလိုက်ခြင်း။

ထို့နောက်မှ ဓားသွား။ အသွားက သူ့ခန္ဓာကိုယ်ကို ထိုးဖောက်မည်။ ရေမှုန်ရေမွှားက မိမိအမြင် အာရုံကို ရှုပ်ထွေးစေလျှင် ရေမှုန်ရေမွှား ပက်လိုက်သူ၏ အမြင်အာရုံကရော ကြည်လင်ပါ့မလား။

ထိုသူသည်လည်း မိမိနှင့် ထိုင်နေရာသို့ ဓားသွားဖြင့် ထိုးသွင်းမည်။

သို့ဆိုလျှင် မိမိဘာလုပ်ရမလဲ။

ရှောက်ချူးရှွေသည် လျှပ်တပျက် အချိန်ကလေးအတွင်း စဉ်းစားတွေးတောကာ ဖျတ်ခနဲ နေရာ ပြောင်းရွှေ့လိုက်၏။

"ရှပ်..."

ဓားဦးချွန်က စောစောက ရှောက်ချူးရှွေ ထိုင်နေသည့်နေရာသို့ တိုးဝင်လာသည်။

ရှောက်ချူးရှွေကို မထိ။

လေဟာနယ်ကို ထိုးသွင်းမိလိုက်သဖြင့် တဖက်ရန်သူသည် တန်ပြန်တိုက်ခိုက်မှု ရောက်ရှိလာမည်ကို စိုးရိမ်ကာ ချက်ချင်းပင် ဓားရုပ်သိမ်းပြီး ကာကွယ်မှု အသင့်ပြင်လျက် နောက်သို့ သုံးပေခန့် ခုန်ဆုတ်သည်။

"ခန်းချွတ်ယီ"

ရောက်ချူးရွှေ ဒေါသတကြီး ရေရွတ်လိုက်မိတော့သည်။

အခြားတဖက်တွင်ကား ဝန်ပိန်စွမ်းသည် ကျန်းယိဟိုင်၊ တုကျွဲတို့နှင့် တိုက်ခိုက်နေရာ အောက်စည်းသို့ လုံးဝကျရောက်နေသည်။

အို့ရန်စန်းယိနှင့် ထန်ဖန်းတို့နှစ်ယောက်မှာ ဟူကွန်နှင့် တိုက်ခိုက်နေကြရသည်။

သြဇာအာဏာဂိုဏ်း၏ အင်အားကြီးရန်သူ လေးယောက် ရောက်ရှိလာခဲ့ချေပြီတကား။

ရောက်ချူးရွှေသည် အခြေအနေကို သုံးသပ်ကြည့်လိုက်သည်။

ဝန်ပိန်စွမ်းသည် ခြေထောက်တဖက်တွင် ဒဏ်ရာရထားသဖြင့် တယောက်ချင်း တိုက်ခိုက်လျှင်တောင် အနိုင်ရဖို့ အလွန်ခဲယဉ်းသည်။

ကျန်းယိဟိုင်နှင့် တုကျွဲတို့ နှစ်ယောက်ပေါင်း တိုက်ခိုက်သောအခါ အသတ်ခံရတော့မည့် ဆိတ်၊ နွား တကောင်ကဲ့သို့။ ဝန်ပိန်စွမ်းမှာ ဆိတ်တကောင်၊ နွားတကောင်မဟုတ်သလို ခြေသိုင်းထူးချွန် ပညာရှင် တယောက်ဖြစ်နေပြန်ရာ တုကျွဲနှင့် ကျန်းယိဟိုင်တို့ အလွယ်နှင့် မသတ်နိုင်ကြသေး။

ဟူကွန်၏ လက်နက်ပုန်းမှာ ယခင်ကတည်းကပင် ထန်ဖန်းကို အနိုင်ရနိုင်သည်။

ထန်ဖန်းဘက်မှ အို့ရန်စန်းယိ ပါလာသောအခါ သိပ်မလွယ်ကူတော့။

ဟူကွန်မှာ မဟာအမှန်တရားဇရပ်တွင် ချူးနန်းကု၏ လက်ဝါးတချက်၊ ဝန်ပိန်စွမ်း၏ ခြေကန်ချက်တချက် ထိမိထားကာ အတွင်းဒဏ် မပျောက်သေး။

အတွင်းအားများစွာ ယုတ်လျော့နေသဖြင့် တဒင်္ဂအတွင်း အနိုင်မရသေး။

ခန်းချွတ်ယီက သူ့စိတ်ထဲမှ အတွေးကို သိရှိနေသည့်အလား လှောင်ရယ် ရယ်မောလိုက်သည်။

"မင်းက ကယ်တင်ကူညီမယ့်သူကို စောင့်နေတာ မဟုတ်လား၊ စောင့်မနေနဲ့၊ မင်းရဲ့ သေမိန့်ကိုသာ စောင့်တော့၊ ချူးနန်းကု၊ ကျိုချူးချောက်လန်တို့ကို အစောကြီးကတည်းက ဖိန်ကျုံ ခြေရာခံလိုက်နေတယ်၊ ထက်ဝင်းရွှဲ့နဲ့ မာကျင်ကျုံးတို့နှစ်ယောက်လဲ ဒီအချိန်လောက်ဆိုရင် လျှိုချုန်းပြင်ရဲ့ သံခေါက်ယပ်တောင်အောက်မှာ အသက်ပျောက်လောက်ပြီ၊ ဟန်စဲ့ဟိုင်ကလဲ ဘေးနားက စောင့်ကြည့်နေသေးတယ်၊ သူတို့အတွက် မျှော်လင့်ချက် မရှိတော့ဘူး၊ မင်းလဲ ဆုသာတောင်းထားပေတော့"

ရောက်ချူးရွှေ နားထောင်နေရသည်မှာ နားခါးလာသည်။

နလုံးသွေးများ ဆူကြွကာ ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ရှေ့သို့ တိုးတက်သွားတော့၏။

ခန်းချွတ်ယီ စိတ်ထဲကျိတ်၍ ဝမ်းသာသွားသည်။

သူသည် ရောက်ချူးရွှေကို အကြိမ်ကြိမ် သတ်ဖြတ်နိုင်ရန် ကြိုးစားခဲ့ရာ တကြိမ်တခါမျှ အောင်မြင်မှု မရရှိခဲ့။

ရောက်ချူးရွှေ ဒေါသဖြစ်ကာ မြန်မြန်ရှေ့တိုးလာလေ မြန်မြန်သေဖို့ အချိန်နီးလာလေဟု သဘောပေါက်ထားတော့သည်။

"အား..."

ထိုအချိန်တွင် ဝန်ပိန်စွမ်း၏ နာနာကျင်ကျင် အော်ဟစ်သံကြောင့် ရောက်ချူးရွှေ တုံ့ခနဲ ခြေလှမ်းရပ်ကာ ကြည့်မိသည်။

ဝန်ပိန်စွမ်း၏ ညာဘက်ပေါင်တွင် တုကျွဲ၏ ဓားချက်တချက် ထပ်မံအထိခံရပြီး လက်ကောက်ဝတ် သွေးကြောကို ကျန်းယိဟိုင်က ဖမ်းချုပ်ထားရာ အလူးအလဲ ရုန်းကန်နေရပေသည်။

ရောက်ချူးရွှေ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

တဘက်က ခန်းချွတ်ယီကို ရင်ဆိုင်နေရသလို ဝန်ပိန်စွမ်းအတွက်လည်း စိုးရိမ်ပူပန်မိလေသည်။

ရောက်ချူးရွှေ စိတ်အကျဉ်းအကျပ်ကျနေစဉ် နောက်ထပ် အော်ဟစ်သံများ ထွက်ပေါ်လာပြန်သည်။

ထက်ဝင်းရွှဲ့၊ ချူးနန်းကု၊ မာကျင်ကျုံးနှင့် ကျိုချူးချောက်လန်တို့ ထွက်ပြေးလာကြခြင်း ဖြစ်၏။

သူတို့နောက်တွင် ဖိန်ကျုံနှင့် လျှိုချုန်းပြင်တို့က ထပ်ကြပ်မကွာ လိုက်ပါလာကြသည်။

မိမိလူများ တစုတဝေးတည်း ပြန်ဆုံကြပြီမို့ ရောက်ချူးရွှေ အားတက်သွားသည်။

သေလိုကသေစေတော့ အစွမ်းကုန် ရင်ဆိုင်တော့မည်ဟု စိတ်တုံးတုံး ချလိုက်စဉ်မှာပင် အားအင် ပြည့်ဝသော အသံရုတ်တရက် ပေါ်ထွက်လာပြန်သည်။

"မိတ်ဆွေတို့ တိုက်ခိုက်တာကို ခဏရပ်ပြီး စကားနဲ့ ဖြေရှင်းကြပါ"

စကားသံထွက်လာသော်လည်း နှစ်ဖက်တိုက်ခိုက်မှုက မရပ်။

အကြိတ်အနယ် တိုက်ခိုက်နေစဉ်တွင် မည်သူမျှ အရင်ဆုံး လက်မရပ်ရဲ။

"စကားပြောစရာ ရှိရင် ကောင်းကောင်းမွန်မွန် ပြောပါ၊ ဘာဖြစ်လို့ တိုက်ခိုက်နေကြတာလဲ"

လူလတ်ပိုင်း မိန်းမတယောက်၏ အေးမြကြည်လင်သော စကားသံတသံ ထပ်၍ ထွက်ပေါ်လာပြန်သည်။

ထိုစကားသံများက ကွမ်စီးနယ်သား လေသံပါ၏။

ထို့ပြင် သိုင်းလောက အသုံးအနှုန်း စကားလုံးများ ဖြစ်ပြီး ရှိသေယဉ်ကျေးမှုရှိသည့် ကျောင်းတော်သားကြီး တယောက်က ရန်ဖြစ်နေသော ကလေးများကို ဖျန်ဖြေစကား ဆိုသည့်အလားလည်း ရှိသည်။

"ဆက်တိုက်ကြရင် လူသေမှုတွေ ဖြစ်ပေါ်ကုန်ကြလိမ့်မယ်၊ ကြည့်ရတာ ခင်ဗျားတို့ဟာ သိုင်းလောကထဲက နာမည်ကြီးပုဂ္ဂိုလ်တွေပဲ၊ ဘာဖြစ်လို့ ချာတိတ်လေးတွေကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေရတာလဲ"

အိုမင်းသော စကားသံတသံ ထွက်လာသောလည်း ခန်းချွတ်ယီတို့ အတိုက်အခိုက် မရပ်ကြသေး။

သူတပါး နှောင့်ယှက်ဝင်ရောက်လာမည်စိုးသဖြင့် တိုက်ကွက်ကပို၍ပင် ကြမ်းတမ်းရက်စက် နေပေသည်။

ပထမဦးဆုံး ဟန့်တားခဲ့သူ၏ စကားသံ ထပ်ထွက်လာပြန်လေသည်။

"ဒီလူတွေရဲ့ လက်ကွက်တွေကို ကြည့်ရတာ နာမည်ကျော်ကြားနေတဲ့ နေရောင်ခြည်ဓားသမား ခန်းချွတ်ယီ၊ လက်ကိုးချောင်း နဂါးဖမ်း ကျန်းယိဟိုင်၊ လက်နက်ပုန်း သုံးဆယ့်ခြောက်ကွက် ကင်းပုန်း သုံးဆယ့်ခြောက်ကွက် ဟူကွန်နဲ့ ဓားမြန်နတ်ဆိုးတုကျဲ့ မဟုတ်လား၊ နောက်တယောက်က ခြေသိုင်းထူးချွန် ဝန်ပိန်စွမ်း ဖြစ်လိမ့်မယ်"

ထိုသူ၏ စကားလုံးထဲတွင် ခန်းချွတ်ယီ၊ ကျန်းယိဟိုင်၊ ဟူကွန်နှင့် ဝန်ပိန်စွမ်းတို့ကို လေးစားသမှုရှိပြီး တုကျဲ့ကိုကား သာမာန်မျှသာ ရှိသည်။

သူတို့သည် ခန်းချွတ်ယီ၊ ကျန်းယိဟိုင်နှင့် ဟူကွန်တို့ကို ဩဇာအာဏာဂိုဏ်း၏ နတ်ဆိုးဆယ့်ကိုးပါးထဲမှ ပုဂ္ဂိုလ်များ ဖြစ်ကြောင်း သိရှိမထားပဲ တုကျဲ့တယောက်တည်းကိုသာ နတ်ဆိုးဖြစ်ကြောင်း သိရှိထားသောကြောင့် ဖြစ်ပေမည်။

ထိုလူသည် တဖက်လူ လက်ကွက်အနည်းငယ် ထုတ်သည်နှင့် မည်သည့်သိုင်းကွက်နှင့် ဘွဲ့နာမည် မည်သူမည်ဝါ ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုနိုင်သည်မှာ မျက်စိအမြင်အားကောင်းခြင်း၊ အတွေ့အကြုံ ဗဟုသုတ ကြွယ်ဝခြင်းနှင့် ပြည့်စုံကြောင်းသိသာနိုင်ပေသည်။

ခန်းချွတ်ယီတို့လည်း ထိုသူ၏ စကားသံကြောင့် စိတ်ထဲတွင် တုန်လှုပ်ကာ ရန်သူလား မိတ်ဆွေလား မခွဲခြားနိုင်ခဲ့။

"ခင်ဗျားတို့ ရန်သူဖြစ်ကြတယ်ဆိုလဲ ကွမ်စီးနယ်ကို ရောက်လာရင် ကွမ်စီးနယ်ကျားငါးကောင်ကို အရင်ဆုံး သိထားမှ ဖြစ်လိမ့်မယ်"

အေးစက်တည်ငြိမ်သော စကားသံတသံက စိတ်မရှည်စွာ ပြောလာသောအခါမှ လူအားလုံး လက်ရပ်လိုက်ကြတော့သည်။

ကွမ်ကျိုးပြည်နယ် သိုင်းလောကတွင် ကွမ်တုံးမှ ယန်တို၊ ကွမ်စီးမှ ချီဟန်စန်းတို့သည် ထိပ်သီး ခေါင်းဆောင်များ ဖြစ်ကြ၏။

ထို့ပြင် ကွမ်ကျိုးပြည်နယ်တွင် ကျားဆယ်ကောင် ရှိသည်။

ကွမ်တုံးတွင် ငါးကောင်၊ ကွမ်စီးတွင် ငါးကောင်။

ထိုကျားဆယ်ကောင်သည် ကွမ်ကျိုး၏ သူရဲကောင်းများဟုလည်း ခေါ်ဆိုနိုင်ပေသည်။

သူတို့၏ သိုင်းပညာ သိပ်မမြင့်မားသော်လည်း အမှန်တရားဘက်မှ အမြဲတမ်း ရပ်တည်ခဲ့သည်။

အားနည်းသူဘက်မှ အကူအညီ ပေးခဲ့သည်။

သူတို့၏ ဂုဏ်ပုဒ်က ယန်တိုနှင့် ချီဟန်စန်းတို့ အောက်တွင် ရှိသော်လည်း လူတိုင်းက ကြည်ညိုလေးစားခြင်းကိုကား ခံရသည်။

ရောက်ချူးရွှေသည် လက်ရပ်တန့်ပြီးသည်နှင့် ကွမ်းစီးနယ် ကျားငါးကောင်ကို လှမ်းကြည့်မိလိုက်သည်။

စောစောက မိုင်တသောင်းတံတားနှင့် ခပ်လှမ်းလှမ်းတွင် သိုင်းလေ့ကျင့်ကစားနေခဲ့ကြသော ယောကျ်ားလေးယောက်နှင့် မိန်းမတယောက်တို့ ဖြစ်နေကြလေသည်။

သူတို့၏ အဝတ်အစားများက သာမာန် သိုင်းလောကသားတို့၏ ဝတ်စုံပုံစံဖြစ်သည်။

အသက်အရွယ်က လေးဆယ်ကျော်နေကြပြီ။

"ကွမ်စီးနယ် ကျားငါးကောင်ဆိုတာ ခင်ဗျားတို့လား"

ခန်းချွတ်ယီက ဖြည်းညှင်းစွာ ကိုယ်လုံးလှည့်၍ မေးသည်။

ရုပ်ရည်ခံ့ညားသော လံကြီးက လက်သီးဆုပ် အရိုအသေပြုကာ...

“ကျနော်က ဟုန်ဂုံပါ၊ သိုင်းလောကသားတွေက ရှောင်လင်အားဟုန်လို့ ခေါ်ကြပါတယ်၊ ရှောက်လင်ဂိုဏ်းက ထွက်လာတာပါ”

“ကျုပ်က လောင်ကျို၊ သိုင်းလောကသားတွေကတော့ ခါးကုန်းခွေးအိုလို့ ခေါ်ကြပါတယ်၊ လမ်းတေလေဂိုဏ်းထဲမှာ နှစ်ပေါင်းနှစ်ဆယ်လောက် ဝင်ခဲ့ဖူးပါတယ်”

ခါးကုန်းကုန်း အရုပ်ဆိုးဆိုး အဘိုးကြီးက တိမ်ဝင်သော လေသံဖြင့် သူ့ကိုယ်သူ မိတ်ဆက်သည်။

ပါးပြင်မို့မို့ နဖူးမြင့်မြင့် လူလတ်ပိုင်း အမျိုးသမီးက တည်ငြိမ်အေးဆေးသော အမူအရာဖြင့်...

“ကျမက စက်ယွင်ပါ၊ ဘွဲ့အမည်ကတော့ ဗျိုင်းဖြူလို့ ခေါ်ပါတယ်၊ လေ့ကျင့်တာကတော့ ဗျိုင်းလက်သီးသိုင်းပါ”

“ကျနော်က ဟူဖုပါ၊ ရွှေဓားမကြီးသိုင်း လေ့ကျင့်တယ်၊ ဘွဲ့ကတော့ လူကောင်းသက်ရှည်လို့ ခေါ်တယ်”

နောက်ဆုံးတယောက်မှာ အသံစူးရှသလို အသားအရောင်က မည်းနက်နေသည်။

“ကျနော်က လီမဲပါ”

သူ့လေသံက အင်အားအပြည့် ပါရှိနေသည်။

---

# အခန်း (၈)

ရှောင်လင်ဟုန်ဗှာက...

"ခင်ဗျားတို့ အေးအေးဆေးဆေး မဖြေရှင်းဘဲ အင်အားနဲတဲ့ နောက်ပေါက်လူငယ်တွေကို တိုက်ခိုက်အနိုင်ယူချင်နေကြတာလား"

လျှိုချန်းပြင်က..

"ဒါခင်ဗျားတို့နဲ့ မဆိုင်ပါဘူး"

ဟုန်ဗှာက...

"ကွမ်စီးကျားငါးကောင်ဟာ မတရားတာကိုတော့ လက်ပိုက်ကြည့်မနေနိုင်ဘူး"

လျှိုချန်းပြင်က ဟုန်ဗှာအား စူးစိုက်ကြည့်လျက်...

"ဒါဆို ကျုပ် ခင်ဗျားရဲ့ ရှောင်လင်လက်သီးသိုင်းနဲ့ ကွမ်စီးနယ် တိုက်ခိုက်နည်းကို တကွက်လောက် စမ်းကြည့်ချင်တယ်"

"ရပါတယ်"

ရှောက်ချူးရွှေမှာ ကွမ်စီးနယ် ကျားငါးကောင်သည် မိမိတို့ ကျန်ကျန်းမြစ် ညီနောင်လေးဖော်နှင့် တူညီသည်ဟု ခံစားရကာ ကျေနပ်ပီတိဖြစ်သွားမိသည်။

ရှောင်လင်ဟုန်နှင့် လျှိုချန်းပြင်တို့ ရင်ဆိုင်ရန် ပြင်ဆင်စဉ်မှာပင် ရုတ်တရက် ကြယ်ပျံလက်နက်ပုန်း သုံးခုက ထွက်လာသည်။

ဟူကွန်က ပစ်လွှတ်လိုက်ခြင်းပင်တည်း။

ဟုန်ဗှာသည် ထိတ်လန့်တကြား အော်ဟစ်ကာ နောက်ဆုတ်ရှောင်ရှားသည်။ လက်နက်ပုန်းတခုက သူ့အင်္ကျီစကို ထိုးဖောက် စုတ်ပြဲသွားစေသည်။

ဟူကွန်၏ လက်နက်ပုန်းတချက် အထိခံလိုက်ရလျှင် ဟုန်ဗှာအဖို့ စဉ်းပင်မစဉ်းစားရဲ။

ကြယ်ပျံသုံးစင်းကို ကစဥ့်ကလျား ရှောင်တိမ်းနေစဉ်မှာပင် တုကျွဲက ရုတ်တရက် ခုန်ထလာပြီး ဟုန်ဗှာ၏ နောက်ကျောကို ဓားရှည်ဖြင့် ထိုးချသည်။

ခုတ်ချက်က မြန်ဆန်လှသည်။

ရပ်ကြည့်နေမိသော ထန်ဖန်းသည်ပင် အာမေဋိတ်သံ ထွက်သွား၏။

ဟုန်ဗှာအဖို့ ရှောင်တိမ်းရန် အခွင့်မသာ။

ခြေလှမ်းသုံးလှမ်းခန့် လွင့်စဉ်ထွက်သွားရသည်။

သို့သော် ဘာမျှ မဖြစ်။

တုကျွဲကိုပင် ပြုံးပြလိုက်ချေသေးသည်။

တုကျွဲ အကြီးအကျယ် အံ့အားသင့်သွားသည်။

"ရွှေခေါင်းလောင်းအုပ်ဆောင်း ကိုယ်ခံပညာလား"

တုက္ကျဲ လွှတ်ခနဲ မေးလိုက်သည်။

လျှို့ချန်းပြင်ကလည်း မျက်လုံးမှေးစင်းကာ...

"သံအင်္ကျီ ကိုယ်ခံပညာလား"

ထိုပညာရပ်များသည် ဓားချက်ကို ခုခံနိုင်စွမ်း ရှိပေသည်။

ရှောင်လင်ဟုန်က စပ်ဖြဲဖြဲ အမူအရာဖြင့်...

"နံပတ်ဆယ့်သုံး ထိုက်ပေါင်ကန့်လန့်ဖြတ် ကိုယ်ခံပညာပါ"

သည်တော့မှ လျှို့ချန်းပြင်မှာ လေပူတချက် မှုတ်ထုတ်လိုက်နိုင်တော့သည်။

နံပါတ်ဆယ့်သုံး ထိုက်ပေါင်ကန့်လန့်ဖြတ် ကိုယ်ခံပညာမှာ အဆင့်နိမ့် အပြင်အား ကိုယ်ခံပညာတရပ် ဖြစ်ပေသည်။ လမ်းဆုံလမ်းခွတွင် ဆေးလိပ်ရောင်းသော သိုင်းဆရာက ပရိသတ်ကို သံတူဖြင့် ထုခိုင်းခြင်း၊ လည်ပင်းကို လှံထောက်ကာ ကွေးညွတ်ပြခြင်းကဲ့သို့သော အောက်တန်းစား မျက်လှည့်တရပ်သာ ဖြစ်ပေသည်။

ရှောင်လင်ဟုန်က သူ့အသက် လွတ်မြောက်ရေးအတွက် ထိုပညာကို အသုံးချလိုက်ခြင်း ဖြစ်ပေသည်။

ရှောင်လင်ဟုန် ရှက်ရွံ့စွာ ရယ်မောလိုက်သည်။

"နောက်ပြီး လူပျိုစင်သိုင်းလဲ ပါပါတယ်"

ခန်းချွတ်ယီက အေးစက်တင်းမာစွာ ရယ်မောလိုက်ကာ...

"ကွမ်စီးနယ် ကျားငါးကောင်ထဲမှာ ကလေးကြက်လဲ ရှိသေးတာကိုး"

ထိုစကားကြောင့် ကွမ်စီးနယ်ကျားငါးကောင်သာမက ရှောက်ချူးရွှေတို့သည်ပင် မျက်နှာပျက်သွားရသည်။

ဗျိုင်းဖြူစက်ယွင်က ရှေ့သို့ ခြေလှမ်းတလှမ်း တိုးတက်လိုက်ကာ....

"ဆရာခန်း...ရှင်ဟာ တခေတ်တယောက် ထွန်းတောက်တဲ့ အဆင့်မြင့်သိုင်းသမားကြီး တယောက်ဖြစ်လျက်နဲ့ ဒီလိုယုတ်ညံ့တဲ့ စကားမျိုးပြောထွက်တာ ကျမရှင့်ရဲ့ အဆင့်မြင့်ပညာကို ခံယူကြည့်ချင်ပါတယ်"

ခန်းချွတ်ယီမှာ ကွမ်စီးကျားငါးကောင်ကို အထင်သေးပြီး ကိုယ့်ကိုကိုယ် ဝင့်ကြွားသော အမူအရာဖြင့်...

"ကောင်းသားပဲ၊ ဗဟုသုတ ပေးရတာပေါ့"

စက်ယွင်က ရုတ်တရက် လက်နှစ်ဖက်ကို ဖြန့်ကာ ဗျိုင်းနှုတ်သီးပုံစံဖြင့် ခန်းချွတ်ယီအား တိုက်ခိုက်တော့သည်။

ခန်းချွတ်ယီ ဘယ်ဘက်လက်တချက် တုန်ခါလိုက်လျှင် ညာလက်လက်၌ ရုတ်တရက် ဓားအလင်းတန်းက စက်ယွင်ကို ဖုံးလွှမ်းနေတော့သည်။

"ဟိတ် ..."

အော်ဟစ်သံတသံနှင့်အတူ စက်ယွင် နောက်ဆုတ်လာသည်။

ဒဏ်ရာတော့မရ။

ဆံပင်ပေါ်မှ ပုလဲပန်းများ ဖြာခနဲ ကျလာသည်။

ဆံညှပ်ကလစ် ပြုတ်ထွက်သွားသဖြင့် ဆံပင်ရှည်သည်လည်း ဖွားခနဲ လွင့်ပျံကုန်၏။

စက်ယွင် အနည်းငယ် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

ထပ်၍ ဗျိုင်းဖြူတောင်ပံဖြန့် တိုက်ကွက်ဖြင့် တိုက်ခိုက်ပြန်သည်။

ခန်းချွတ်ယီ၏ ဓားအလင်းတန်းထဲသို့ စက်ယွင်တယောက် နစ်မြုပ်သွားရပြန်သည်။

တခဏသာကြာပြီး နောက်ဆုတ်ရပြန်သည်။

ခန်းချွတ်ယီ၏ ဓားအားလိုင်းထဲသို့ တိုးမဝင်နိုင်။

သို့သော် စက်ယွင်မာန်မချ။

ခန်းချွတ်ယီ၏ ဓားအလင်းတန်း မှေးမှိန်သွားစဉ် ထိုးဖောက်တက်၏။

သူ၏ ထက်မြက်သော ဗျိုင်းဖြူလေဟုန်စီးတိုက်ကွက်ဖြင့် တရကြမ်း ဝင်ရောက်တိုက်ခိုက်နေသဖြင့် စက်ယွင်၏ ကိုယ်ရိပ်မှာ ဗျိုင်းတကောင် ပျံသန်းနေသည့်နှယ် လှပသွက်လက်နေတော့သည်။

သို့သော် ခန်းချွတ်ယီကလည်း သာမာန်ပုဂ္ဂိုလ်မဟုတ်၊ နေရောင်ခြည်ဓား၏ အလင်းတန်းများက မှေးမှိန်လိုက် လင်းပြက်လိုက်နှင့် တိုက်ပွဲက ပြင်းထန်လာသည်။

စက်ယွင်တောင့်မခံနိုင်။

လေပြင်ထဲသို့ ခုန်တက်၍ ဆယ်ပေခန့် အကွာသို့ ရိပ်ခနဲ ရှောင်ထွက်သည်။

သူ့ပခုံးနှစ်ဘက်တွင် ဓားဒဏ်ရာ နှစ်ခုဖြင့် သွေးများ ယိုစီးကျနေသည်။

မျက်နှာတဝက်ခန့်ကို ဆံပင်က ဖုံးနေပြီး အတော်ပင် မောဟိုက်ပင်ပန်းနေသည်။

တိုက်ကွက်သုံးကွက်သာ တိုက်ခိုက်ယှဉ်ပြိုင်ရသေးသော်လည်း အရှုံးအနိုင်က ပေါ်သွားပြီ။

ခန်းချွတ်ယီ၏ လက်ထဲမှ ဓားဦးထိပ်က တုန်ခါလာပြီး အလင်းရောင် ထွက်လာပြန်သည်။ စက်ယွင်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"လီမဲ...လီမဲ"

အလောတကြီးပင် စစ်ကူခေါ်သည်။

လီမဲ ဟူးခနဲပင် ခုန်ဝင်ရောက်ရှိလာသည်။

လီမဲက ဝင်ရောက်သည်နှင့် ဘယ်လက်က လက်ကောက်ဝတ်ကို ဖမ်းချုပ်၍ ညာလက်က လက်ချောင်းကို ဖမ်းချုပ်ကာ ခန်းချွတ်ယီ၏ နေရောင်ခြည်ဓားကို ဖမ်းချုပ်လိုက်သည်။

ခန်းချွတ်ယီ မျက်နှာတချက် ကွက်ခနဲ ပျက်သွားသည်။

လီမဲက ဓားကို ဖမ်းချုပ်မိသည်နှင့် ကျယ်လောင်စွာ ရယ်မောသည်။

ရှောက်ချူးရွှေ၊ ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ သံပြိုင်ပင် ဩဘာပေးလိုက်မိကြသည်။

"ကောင်းလိုက်တဲ့ တိုက်ကွက်"

လီမဲ အလွန်သဘောကျ ကျေနပ်သွားသည်။

ထိုအချိန်မှာပင် ခန်းချွတ်ယီ၏ ဓားရှည်သည် ရွှေရောင်သက်တန့်တခုပမာ ပြောင်းလဲသွားပြီး လီမဲ၏ ဝမ်းဗိုက်ကို ထိုးသွင်းလိုက်သည်။

လီမဲမှာ ကိုယ်ကိုတချက်တွန့်လိမ်ပြီး ခုန်ထလိုက်သည်။

သူ့အကျီၤဘေးနှစ်ဘက်၌ အပေါက်နှစ်ပေါက် ကျန်ရစ်ပြီး ခန်းချွတ်ယီ၏ ဓားချက်ကို ပွတ်ကာသီကာ ရှောင်တိမ်းလိုက်နိုင်ခြင်းပင်။

လီမဲသွားဖြဲကာ မရယ်နိုင်တော့။

ထိတ်လန့်စိတ်ဖြင့် သူ့မျက်နှာမှာ မည်းရာမှ မှောင်သွားသည်။

"တယ်ကောင်းတဲ့ ဓားသိုင်းပါလား၊ ကျုပ်မှာက မြွေလို ကျောနဲ့ခါးရှိလို့ တော်သေးတာပေါ့"

"ဒါဆို ငါက မြွေကို ခုတ်သတ်ပြီး လမ်းဖွင့်မယ်"

ခန်းချွတ်ယီက အော်ငေါက်ကာ ဓားတချက် ကန့်လန့်ဖြတ်ခုတ်ချလိုက်သည်။

လီမဲ ခုန်ပျံရှောင်တိမ်းလိုက်သော်လည်း ဖိနပ်အောက်ခံ ပြတ်ထွက်သွားသည်။

လီမဲ အကြီးအကျယ် ထိတ်လန့်ကာ လေထဲတွင်ပင် ခန်းချွတ်ယီ၏ ခေါင်းကို ဖမ်းကုတ်ဆွဲသည်။

ခန်းချွတ်ယီ ရှောင်ရှားသည်။ မရ။ သူ့ခေါင်းပေါ်မှ ရွှေဆံထိုးနှင့် ဆံပင် အနည်းငယ် ဖမ်းကုတ်ခံလိုက်ရသည်။

"အလာ...လာ"

ခန်းချွတ်ယီ နာကျင်စွာ ရေရွတ်လိုက်မိသည်။

လီမဲက လေပြင်ထဲတွင် ကိုယ်လုံးလှည့်၍ သဘောကျစွာ ရယ်မောလိုက်သည်။

"ညီမစက်ယွင်..ငါမင်းအတွက် ကလဲ့စားချေလိုက်ပြီ။ ငါ့ရဲ့ နဂါးလက်သည်းသိုင်း ဘယ်လိုနေလဲ"

လီမဲက ဝင့်ကြွားစွာ ပြောနေစဉ် စက်ယွင်က အလောတကြီး အော်ဟစ်သတိပေးသည်။

"လီမဲ သတိထား"

လီမဲ ခေါင်းလှည့်ကြည့်လိုက်ရာ ပြင်းထန်သော ဓားအလင်းတန်းတခု သူ့ထံသို့ တိုးဝင်လာသည်ကို တွေ့လိုက်ရသည်။

ခန်းချွတ်ယီ၏ ဓားအလင်းရောင်မှာ နေမွန်းတည့်ချိန်ကဲ့သို့ ပြင်းထန်လာသည်။

ဓားရိပ်ဓားကွက်များက တလက်လက် ယှက်ဖြာနေသည်။

လီမဲ အကျဉ်းအကျပ် တွေ့ရပြီ။ လေထဲတွင် ခုန်ပျံပြီး လေဦးသိမ်းငှက် တိုက်ကွက်ဖြင့် ကိုယ်ကိုလှည့်သည်။ ခါးကုန်းခွေးအို နံဘေးသို့ ခုန်ဝင်လာသည်။

ခန်းချွတ်ယီသည် ကွမ်စီးကျားငါးကောင်ထဲမှ လီမဲကို သတ်ပစ်ရန် ဆုံးဖြတ်ထားခဲ့သည်။

ထိုစဉ်မှာပင်...

"အား..အမယ်လေး.."

ခန်းချွတ်ယီ ခြေထောက်ကိုကိုင်ကာ ခုန်ဆွခုန်ဆွဖြင့် နာကျင်စွာ အော်ဟစ်သည်။ ခန်းချွတ်ယီ၏ ခြေဖဝါးအောက်တွင် သံချောင်းတချောင်း စိုက်ဝင်နေသည်ကို တွေ့လိုက်ရသည်။

လီမဲက ရယ်ပြီး...

"ကျုပ်ရဲ့ နောက်ထပ်နာမည်တမျိုးက သံချောင်းလို့ ခေါ်တယ်"

လီမဲသည် နောက်သို့ဆုတ်စဉ် သံတချောင်းချထားကာ ခန်းချွတ်ယီ နင်းမိစေရန် ဆွဲဆောင်ခဲ့သည်။

ခန်းချွတ်ယီသည် နာကျင်လွန်းသဖြင့် ဒေါသအကြီးအကျယ်ထွက်ကာ ဓားထဲသို့ အတွင်းအားအပြည့်ထည့်ကာ လီမဲအား သတ်ဖြတ်ရန် ကြိုးစားတော့သည်။

လီမဲ ရင်မဆိုင်ဝံ့တော့။

"ခွေးအို...ခွေးအို...ဒီလူကို ကျုပ်မတတ်နိုင်တော့ဘူး။ ခင်ဗျားဝင်တော့"

ခါးကုန်းခွေးအို လောင်ကျိုက အသံဝင်စွာ ရယ်မောပြီး မည်းနက်သော တုတ်တချောင်း ဆွဲထုတ်ကာ ခန်းချွတ်ယီအား ရိုက်ချသည်။

"ထန်း.."

ခန်းချွတ်ယီသည် ဓားကိုယ်ထည်တွင် အတွင်းအားအပြည့်ထည့်ထားသော်လည်း လောင်ကျို၏ တုတ်ချက် အရိုက်ခံရသဖြင့် လက်ခွကြား၌ ထုံကျင်သွားပြီး ဓားကို ညာလက်မှ ဘယ်လက်သို့ ပြောင်းကိုင်လိုက်ရသည်။

ဒေါသလဲ အကြီးအကျယ်ထွက်သွားရသည်။

ရောက်ချူးရွှေလည်း ယခုမှပင် ခန်းချွတ်ယီ၏ သိုင်းပညာအစွမ်း မည်မျှ မြင့်မားသည်ကို နားလည် သဘောပေါက်လာသည်။

ကွမ်စီးကျားငါးကောင်အနက်မှ သုံးယောက်နှင့် ဆက်တိုက် တိုက်ခိုက်ခဲ့ရာ လက်ထဲမှ ဓားလွတ်ထွက်မသွားခဲ့။ မိမိ၏ဖခင် ရောက်စီးလိုသည် ဟိုးယခင်အချိန်များက ခန်းချွတ်ယီအပေါ် အလေးထားအားကိုးသည့်အချက်ကို ရောက်ချူးရွှေ နားလည်သိရှိလာတော့သည်။

ခွေးအိုလောင်ကျိုက တိမ်ဝင်သောအသံဖြင့် အော်ကာ ခန်းချွတ်ယီ၏ ဦးခေါင်းတည့်တည့်သို့ တုတ်မည်းဖြင့် ရိုက်ချသည်။

"လာပြီ ကြည့်ရှောင်ပေတော့"

ထိုအချိန်မှာပင် လေပြင်းတချက် ဟူးခနဲထကာ တုတ်မည်းကို ဖိန်ကျုံ၏ ချိုင်းထောက်က ဝင်ရောက်ခံဆောင်ပေးလိုက်သည်။

သံချိုင်းထောက်နှင့် တုတ်မည်းတို့ ပြင်းထန်စွာ တွေ့ဆုံပြီး ထိစပ်ကာ ပူးကပ်နေကြသည်။

တိုက်ခိုက်ခြင်းမှ အတွင်းအားချင်း ယှဉ်ပြိုင်သည့် အနေအထားသို့ ရောက်ရှိသွားခဲ့ပြီ။

လောင်ကျို၏ နဖူးပြင်တွင် ချွေးသီးချွေးပေါက်များ စိမ့်ထွက်လာသည်။ ဖိန်ကျုံမှာ ခြေထောက်တဖက်တည်းနှင့် မြေကြီးပေါ်တွင် ကြိုးစားရပ်နေရာ သူ့ကိုယ်ပေါ်တွင်လည်း ချွေးများ ရွှဲနစ်လာသည်။

ရောက်ချူးရွှေတို့မှာ အတွင်းအား ယှဉ်ပြိုင်ပွဲကို ကြည့်၍အသက်ပင် မရှူမိအောင်ပင် ဖြစ်နေကြသည်။

ထိုအချိန်မှာပင် လျှိုချန်းပြင်က ခေါက်ယပ်တောင်ကို ဝှေ့ယမ်းလိုက်သည်။

လက်နက်ပုန်းတခုက ခါးကုန်းခွေးအိုထံသို့ ပြေးဝင်သွားသည်။

"ယုတ်ညံ့လှချည်လား"

ထန်ဖန်းက အော်ငေါက်ကာ လက်နက်ပုန်းဖြင့် ပစ်ခတ်ဖယ်ရှားရန် ပြင်စဉ်...

ရွှေဓားတလက်က လျှိုချန်းပြင်၏ လက်နက်ပုန်းကို ဖယ်ထုတ်လိုက်သည်။

"အားလုံးဟာ သိုင်းလောကသားတွေပဲ၊ ရိုးရိုးသားသား မယှဉ်ပြိုင်ဘဲ ဘာလို့ ထိခိုက်နစ်နာအောင် လုပ်ရတာလဲ"

ထိုသူက ပြောပြောဆိုဆိုပင် ချိုင်းထောက်နှင့်တုတ်မည်း ဆုံရာနေရာကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"ဝုန်း..."

လောင်ကျိုနှင့် ဖိန်ကျုံတို့မှာ အင်အားကြီးမားသော လှိုင်းကြီးတခု ဝင်ရောက်လာသည်ကို ခံစားလိုက်ရပြီး နောက်သို့ ဆုတ်ပေးလိုက်ရသည်။

လက်ဝါးရိုက်ချက် ရိုက်ချလိုက်သူမှာ ရွှေဓားရှင်ဟူဖု ဖြစ်နေလေသည်။

ဟူဖု၏ လက်ဝါးရိုက်ချက်က လောင်ကျိုနှင့် ဖိန်ကျုံတို့ ဒဏ်ရာရောက်မည့်အရေးမှ ကယ်တင်လိုက်သလို အဆင့်မြင့်သိုင်းသမား နှစ်ယောက်ကို ဖျန်ဖြေခွဲထုတ်နိုင်သဖြင့် ဟူဖု၏ အတွင်းအား နက်ရှိုင်းမှုကို သိသာနိုင်ပေသည်။

လောင်ကျို၏ စိတ်ထဲတွင်ကား...

"တော်သေးတယ်..ဟူဖုဝင်ခွဲလို့၊ ဟိုခြေထောက်တဖက်နဲ့ကောင် အခုတလော အတွင်းဒဏ်ရာ ရထားလို့ အတွင်းအား ယုတ်လျော့သွားပုံရတယ်၊ မဟုတ်ရင် ငါဘယ်လိုမှ ယှဉ်နိုင်မှာ မဟုတ်ဘူး" ဟုတွေးမိသည်။

ခါးကုန်းခွေးအိုလောင်ကျိုမှာ လွန်ခဲ့သော နှစ်ရက်ခန့်က ဖိန်ကျုံတယောက် ထက်ဝင်းရွှဲ၏ လက်ဝါးတချက် အထိခိုက်ခံခဲ့ရသည်ကို မသိရှိပါချေတကား။

"တယ်ကောင်းတဲ့ အတွင်းအားပါလား"

လျှိုချုန်းပြင်က မျက်လုံးမှေးစင်း၍ ပြောကာ..

"အတွင်းအားကောင်းပေမယ့် သိုင်းပညာ ဘယ်လိုနေမလဲဆိုတာတော့ သိချင်သေးတယ်"

လျှိုချုန်းပြင်က စကားဆုံးသည်နှင့် တိုက်ကွက်ထုတ်သည်။

တိုက်ကွက်က စသည်နှင့် အဟုတ်ပြင်းထန်ကာ လျင်မြန်သွက်လက်သည်။

တမုဟုတ်ချင်းမှာပင် တိုက်ကွက်နှစ်ဆယ့်တစ်ကွက် ထုတ်ဖော်တိုက်ခိုက်ပြီး ဖြစ်နေသည်။

ရွှေဓားဟူဖုကလည်း လျှိုချုန်းပြင်၏ တိုက်ကွက်ကို အေးဆေးစွာ ရင်ဆိုင်သည်။

လျှိုချုန်းပြင်၏ တိုက်ကွက်ကို ဓားချက် နှစ်ဆယ့်တစ်ချက်ထွက်ကာ ရင်ဆိုင်ရာ လျှိုချုန်းပြင်မှာ တိုက်ကွက်ကို အလျင်အမြန် ရုပ်သိမ်း၍ လက်ရုပ်ကာ မူလနေရာသို့ ခုန်ဆုတ်သွားသည်။

မရုပ်သိမ်းလျှင် သူ့လက်တဖက် ပြတ်ထွက်သွားမည် ဖြစ်သည်။

လျှိုချုန်းပြင်က ခါးညွှတ်ကာ...

"ခင်ဗျားရဲ့ ဓားသိုင်းကို လေးစားပါတယ်"

ဟူဖုက ပြန်လည် အရိုအသေပေးကာ..

"ကျနော့်ကို သက်ညှာတာ ကျေးဇူးတင်ပါတယ်"

ဟူဖု ဓားရုပ်သိမ်းစကားပြောနေစဉ်မှာပင် လျှိုချုန်းပြင်က သံခေါက်ယပ်တောင်ဖြင့် ဟူဖု၏ ဓားကိုင်လက်ကို ရိုက်ချသည်။

ဟူဖု၏ဓားမှာ ဓားအိမ်ထဲရောက်သွားပြီဖြစ်ရာ ပြန်ဆွဲထုတ်ရန် အချိန်မမှီသဖြင့် သံယပ်တောင်ကို လက်တဖက်ဖြင့် လှမ်းဖမ်းသည်။

"ဖတ်.."

"ဝှစ်.."

ယပ်တောင်မှ အပ်တချောင်း ပြေးထွက်လာကာ ဟူဖု၏ လက်ကောက်ဝတ်ကို စိုက်ဝင်တော့မည်။

ထိုစဉ်မှာပင် ကျောက်ခဲတလုံးက အရှိန်ပြင်းစွာ ပြေးထွက်လာပြီး လျှိုချုန်းပြင်၏ အပ်ကို ထိမှန်သည်။

ဟူဖုသေတွင်းမှ လက်မတင်လေး လွတ်ကင်းခဲ့ရတော့သည်။

ဟူဖုကို ကယ်တင်လိုက်သူမှာ ထန်ဖန်းပင်တည်း။

ထန်မျိုးဆက်မိသားစုမှလူသာလျှင် ဤမျှ တိုတောင်းသော အချိန်အတွင်း ကယ်တင်ခြင်းအမှုကို ပြုနိုင်ပေသည်။

ဟူဖုသည် ထန်ဖန်းဘက်သို့ ခေါင်းလှည့် ခါးညွှတ်ကာ...

"ကျေးဇူးတင်ပါတယ် မိန်းကလေး"

လျှိုချုန်းပြင်က နှာခေါင်းရှုံ့လိုက်ကာ ခါးညွှတ်အရိုအသေပေးနေသော ဟူဖု၏ နောက်ကျောပြင်ကို ယပ်တောင်ဖြန့်ကာ ရိုက်ချသည်။

"နောက်ကျော သတိထား"

ထန်ဖန်း ထိတ်လန့်တကြီး အော်ဟစ်သည်။

ဝန်ပိန်စွမ်း ဒေါသကို မချုပ်တီးနိုင်ပဲ ခြေပုံတချက်ဖြင့် လျှိုချုန်းပြင်ကို ကန်ကျောက်ရာ လျှိုချုန်းပြင် နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

သူနောက်ဆုတ်သွားလျှင် ကျန်းယိဟိုင်က ရှေ့သို့ခုန်တက်ပြီး ဝန်ပိန်စွမ်း၏ ခြေထောက်နှစ်ဖက်အား ဖမ်းချုပ်ကွက်ဖြင့် ထိန်းချုပ်ထားတော့သည်။

လီမဲသည် လျှိုချုန်းပြင်တို့ အလစ်တိုက်ခိုက်သည်ကို ဒေါသအကြီးအကျယ်ထွက်ကာ...

"အောက်တန်းစားတွေ...မင်းတို့ကို အသေတိုက်မယ်"

ဟူဖုက တည်ငြိမ်စွာပင် လက်ကို ခါယမ်းလိုက်ပြီး...

"နေကြဦး...နေကြဦး...အကြောင်းကိစ္စ စုံစုံလင်လင် မသိရသေးဘဲ အသေအကြေ မတိုက်ခိုက်သင့်ဘူး"

ဟူဖု၏ ဆင်ဆင်ခြင်ခြင်စကားကြောင့် ကွမ်စီးကျားငါးကောင်တို့ တွေဝေသွားကြသည်။

ထိုအချိန်မှာပင် အားမာန်အပြည့်ပါသော ရယ်မောသံနှင့်အတူ စကားသံတသံ ရုတ်ချည်းထွက်ပေါ်လာသည်။

"ဟား..ဟား..ဟား...ဟုတ်တယ်၊ ဒီလိုအရမ်းကာရော မတိုက်ခိုက်သင့်ကြဘူး၊ ဒါဟာ အထင်လွဲမှားနေတာပဲ"

ထိုအသံကို ကြားလိုက်သည်နှင့် ရှောက်ချူးရွှေတို့ ရင်ထိတ်တုန်လှုပ်သွားကြသည်။

နောက်ဘက်သို့ လှည့်ကြည့်လိုက်လျှင် မုတ်ဆိတ်ကျင်စွယ်များနှင့် လူတယောက်ကို တွေ့လိုက်ရသည်။

သူ၏မျက်နှာအမူအရာက တည်ကြည်ခန့်ညားသည်ဟု ထင်ရသော်လည်း မျက်လုံးများကမူ အေးစိမ့်ရက်စက်သည့် အငွေ့အသက်များ ထွက်ပေါ်နေသည်။

ထိုသူကား ယန်စို့နယ်ကို တုန်လှုပ်စေသူ ချီဟန်စန်း ဖြစ်သည်။

ရှောက်ချူးရွှေတို့သည် ဓားဘုရင် ချီဟန်စန်း ရောက်ရှိလာသဖြင့် စိတ်ထဲတွင် လေးလံသွားကြသည်။

တဖက်က ကွမ်စီးနယ်ကျားငါးကောင် ရှိနေသေးသည်ဆိုသော အတွေးကြောင့် အားတက်လာပြန်သည်။

သို့သော် ကွမ်စီးနယ်ကျားငါးကောင်ကို ကြည့်လိုက်သောအခါတွင်ကား သူတို့၏ တင်းထားသော စိတ်ဓာတ်များ ပြုတ်ကျသွားရတော့သည်။

ကွမ်စီးနယ် ကျားငါးကောင်စလုံး ချီဟန်စန်းအား ဦးညွှတ်ကာ အရိုအသေပေး ဂါရဝ ပြုနေသောကြောင့်ပင်တည်း။

---

## အခန်း (၉)

"ဘယ်လိုဖြစ်လို့ တိုက်ခိုက်နေကြတာလဲ၊ ကျုပ်နားမလည်ဘူး"

ချီဟန်စန်းက ကွမ်စီးနယ်ကျားငါးကောင်အား တည်တည်ငြိမ်ငြိမ်ပင် မေးသည်။

ရွှေဓားဟူဖုက လေးစားသော အမူအရာဖြင့်...

"ကျနော်တို့လဲ သိပ်တော့ မရှင်းလင်းပါဘူး၊ ဒီက ဆရာခန်းချွတ်ယီ၊ ဆရာကျန်းယိဟိုင်နဲ့ တုကျွဲတို့လူစုက ဒဏ်ရာရထားတဲ့ သူရဲကောင်း ဝန်ပိန်စွမ်းတို့လူစုကို တိုက်ခိုက်နေတာတွေ့လို့ ကျနော်တို့လဲ ဖျန်ဖြေချင်တာနဲ့ လက်တွဲကူညီမိတာပါပဲ"

ချီဟန်စန်း ခေါင်းမော့ကာ ရယ်မောလိုက်သည်။

သူ့ရယ်သံက အားလုံးကို ချောက်ချားစေသည်။

"အဲဒါအထင်လွဲတာပဲ"

"ဘယ်လိုအထင်လွဲတာလဲခင်ဗျာ"

"သူက ဘယ်လိုလုပ်ပြီး ဝန်ပိန်စွမ်း ဖြစ်ရမှာလဲ"

ဟူဖုတို့လူစုမှာ မျက်နှာပျက်သွားကြသည်။

"သူက ခြေသိုင်းထူးချွန် ဝန်ပိန်စွမ်း မဟုတ်ဘူး...ဟုတ်လား"

"မဟုတ်ဘူး၊ ကိုယ်တော်ကြီးတပါးနဲ့ ထူးချွန်လေးယောက်ဟာ ဘယ်တုံးက သိုင်းလောကထဲမှာ တယောက်တည်း သွားလာလှုပ်ရှားတာ ရှိခဲ့ဖူးလို့လဲ"

ဟူဖုမှာ ငေးငိုင်တွေဝေသွားတော့သည်။

သိုင်းလောကထဲသို့ ထူးချွန်လေးယောက်နှင့် ကိုယ်တော်ကြီးတပါး ဝင်ရောက်ခဲ့သည်မှာ ဆယ်နှစ်ပင် ကျော်ခဲ့ပြီ။

တခါမျှ လူချင်းခွဲကာ တယောက်ချင်း လှုပ်ရှားသည် မရှိခဲ့စဖူး။

ထို့ကြောင့် ချီဟန်စန်း၏ စကားများ မှန်နေပြီဟု မှတ်ထင်မိသည်။

"ညီလေးဝန်နဲ့ ကျုပ်ဆက်ဆံမှုက သာမာန်ထက်ပိုကဲတာ ကျုပ်က သူ့ကို မသိဘဲ နေပါ့မလား"

ဝန်ပိန်စွမ်းမှာ မိမိကို ရှေ့မှာထားလျက် လုပ်ကြံလီဆယ်နေသည့် စကားကို ကြားလျှင် ဒေါသထွက်ကာ..

"ဒါဖြင့် ငါကဘယ်သူလဲ"

ဝန်ပိန်စွမ်းက ခက်ထန်စွာမေးသည်။

ချီဟန်စန်း မျက်နှာထားတင်းမာလာသည်။

လူသတ်လိုသည့် အငွေ့အသက်များ မျက်လုံးထဲတွင် ထွက်ပေါ်လာသဖြင့် ဟူဖုတို့ပင် ကျောချမ်းလာမိသည်။

"မင်းဟာ ဝန်ပိန်စွမ်းဟန်ဆောင်ပြီး နေရာတကာ လျှောက်လိမ်ညာနေတဲ့ သြဇာအာဏာဂိုဏ်းက ခြေပုံနတ်ဆိုး ကုကွမ်းချင်းပဲ"

ကွမ်စီးကျားငါးကောင်မှာ အကြီးအကျယ် ထိတ်လန့်ကာ အမူအရာ ပျက်သွားကြသည်။

ဝန်ပိန်စွမ်းက ခြေသိုင်းထူးချွန်သလို ကုကွမ်းချင်းကလဲ ခြေသိုင်းပညာ ထက်မြက်သည်မို့ သူတို့ မဝေခွဲနိုင်ကြ။

"သူက နတ်ဆိုးလား"

"ကုကွမ်းချင်းဆိုတာ သူလား"

"ဒါဆို ကျုပ်တို့ ကူညီတာ မှားပြီ"

ကွမ်စီးကျားငါးကောင် တယောက်ပြီးတယောက် ရေရွတ်နေကြသည်။

ချီဟန်စန်းက ဂရုမထားဟန်ဖြင့်...

"ခင်ဗျားတို့ကို ကျုပ်ဘာမှ အပြစ်မတင်ပါဘူး၊ မကျေနပ်တာတွေ့လို့ ဝင်စွက်ဖက်တာ သူရဲကောင်းတွေရဲ့ အလုပ်ပဲ၊ ဒီနတ်ဆိုးဟာ ခင်ဗျားတို့ကို လိမ်ညာရုံတင်မကဘူး၊ သစ္စာဘက်တော်သား တော်တော်များများကိုလည်း သတ်ဖြတ်ခဲ့တယ်၊ ဒီနတ်ဆိုးကို မသုတ်သင်ရင် သိုင်းလောကမှာ အေးချမ်းတဲ့နေရက်ဆိုတာ ရှိတော့မှာ မဟုတ်ဘူး"

ဝန်ပိန်စွမ်းသည် သူခိုးက လူလိုဟစ်နေသဖြင့် စိတ်မထိန်းနိုင်လောက်အောင် ဒေါသဖြစ်သွားသည်။

"ဟား..ဟား..ငါက ကုကွမ်းချင်းတဲ့လား၊ ဝန်ပိန်စွမ်း စစ်စစ်က ကုကွမ်းချင်း ဖြစ်ရရောတဲ့လား"

ချီဟန်စန်းက ကျားငါးကောင်ကိုသာ ဆက်၍ စကားပြောသည်။

"ခင်ဗျားတို့နဲ့ ကျုပ်ပေါင်းလာခဲ့တာ ကြာပြီ၊ ကျုပ်စကားကို ယုံကြည်ဖို့ကောင်းတယ်၊ ခန်းချွတ်ယီ၊ ဖိန်ကျုံ၊ ဟူကွန်နဲ့ လျှိုချန်းပြင်တို့ကလည်း သိုင်းလောကမှာ ထင်ရှားကျော်ကြားတဲ့လူတွေပဲ၊ သူတို့က ကျုပ်စကားကို ထောက်ခံနိုင်ကြတယ်၊ သူတို့က ခင်ဗျားတို့ကို ကုကွမ်းချင်းဘက်က ဝင်ကူတာပဲ ဆိုပြီး မညှာမတာတိုက်ခိုက်တယ်၊ ဒါဟာ သိုင်းလောက အမှန်တရားအတွက် လုပ်ဆောင်ခဲ့ကြတာပဲ၊ သူတို့ကိုယ်စား ကျုပ်တောင်းပန်ပါတယ်"

ချီဟန်စန်း စကားက အကျိုးအကြောင်း ဆီလျော်နေသဖြင့် ကွမ်စီးကျားငါးကောင်မှာ တဒင်္ဂမျှ ငြိမ်သက်နေကြပြီး...

ဟူဖုက အားနာပြုံးပြုံးကာ...

"ကျနော်တို့ တကယ်ပဲ အထင်လွဲမိပါတယ်၊ အခုလို ကိုယ်တော်ကြီးချီ အချိန်မီ လာရောက်ကယ်တင်ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ကျနော်တို့ မှားမိတာကို ခွင့်လွှတ်ပါ"

ခန်းချွတ်ယီက အေးတိအေးစက် ရယ်မောကာ...

"ခင်ဗျားတို့ ငါးယောက် နောင်အခါကျရင် အကြောင်းကိစ္စ စုံစုံလင်လင် သိမှ လက်ထွက်လှုပ်ရှားရင် ကောင်းလိမ့်မယ်"

လီမဲ မခံမရပ်နိုင် ဖြစ်သွားသည်။

"ကျုပ်တို့ ကွမ်စီးကျားငါးကောင်က ဘာကိုမှ အရေးစိုက်တာ မဟုတ်ဘူး၊ ကျုပ်တို့ ရှိသေလေးစားတာ နှစ်ယောက်ပဲ ရှိတယ်၊ ကွမ်တုံးမှာဆိုရင် ကိုယ်တော်ကြီး ယန်တို၊ ကွမ်စီးမှာဆိုရင် ကိုယ်တော်ကြီးချီပဲ၊ ဆရာခန်းစကားက ကိုယ့်ကိုကိုယ် အထင်ကြီးရာ မရောက်နေဘူးလား"

ခန်းချွတ်ယီ အလွန်ပင် ဒေါသဖြစ်လာသည်။

ချီဟန်စန်းက လက်တဖက်မြှောက်ကာ စကားဆက်ပြောသောကြောင့် သူ့ဒေါသကို ထိန်းချုပ်ကာ အသာငြိမ်နေလိုက်ရသည်။

"အဖြစ်အပျက်အားလုံးကို ကျုပ်ကတာဝန်ယူ အာမခံပါတယ်၊ ဒီလူဆိုးတသိုက်ကို ခင်ဗျားတို့ ကာကွယ်စောင့်ရှောက်ဖို့ မထိုက်တန်ဘူး၊ ဖြစ်ခဲ့တာတွေအားလုံးကို ကျုပ်က ဆရာခန်းတို့ ကိုယ်စား တောင်းပန်ပါတယ်"

ချီဟန်စန်းက စကားဆုံးသည်နှင့် ခါးညွတ်အရိုအသေပေးသည်။

ကွမ်စီးကျားငါးကောင်လည်း အလျင်အမြန်ပင် ပြန်လည်ဂါရဝပြုကြသည်။

"ကိုယ်တော်ကြီးချီကို ကျနော်တို့ စိတ်ချပါတယ်"

"ကိုယ်တော်ကြီးချီ ရှိနေရင် ကျနော်တို့ ဒီလောက်နဲ့ပဲ လက်လျှော့လိုက်ပါပြီ"

ရောက်ချူးရွှေမှာ ချီဟန်စန်း၏ စကားများကို နားကြားပြင်းကတ်လာကာ ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ခင်ဗျားတို့ သူ့စကားကို ယုံကြသလား"

ကွမ်စီးကျားငါးကောင်က ရောက်ချူးရွှေကို ပြိုင်တူလှည့်ကြည့်ကြသည်။

လီမဲက ညင်သာသောလေသံဖြင့်...

"ကိုယ်တော်ကြီးချီဟာ ကွမ်စီးနယ်သူရဲကောင်းတွေရဲ့ ခေါင်းဆောင်တယောက်ပဲ၊ လူတွေကို မလိမ်ညာနိုင်ဘူး"

"ကျမနာမည် ထန်ဖန်း၊ ကျမအကို ထန်တာ့ဟာ ခန်းချွတ်ယီလက်ချက်နဲ့ သေသွားခဲ့ရတယ်"

ထန်ဖန်း ကမန်းကတန်း ဝင်ပြောသည်။

ပြောရင်းမှ ဝန်ပိန်စွမ်းကို လက်ညှိုးညွှန်ကာ...

"သူဟာ တကယ်ပဲ ဝန်ပိန်စွမ်း ဖြစ်ပါတယ်၊ ထူးချွန်သုံးယောက်နဲ့ ကိုယ်တော်ကြီးတပါးဟာ ချီဟန်စန်း လက်ထဲမှာ သေသွားခဲ့ရတယ်"

ကွမ်စီးကျားငါးကောင်တို့ မျက်လုံးများ ပြူးထွက်လာသည်။

ရွှေဓားဟူဖုက သိမ်မွေ့စွာပင်...

"မိန်းကလေးက ကျုပ်အသက်တချောင်းကို ကယ်တင်ခဲ့တာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မိန်းကလေးပြောသလို ကိုယ်တော်ကြီးထန်တာ့ သေသွားခဲ့တာကို သံသယ ဖြစ်မိတယ်၊ လွန်ခဲ့တဲ့ဆယ်ရက်လောက်တုံးက ကျုပ်ကိုယ်တော်ကြီး ထန်တာ့နဲ့ တွေ့ဆုံခဲ့ရသေးတယ်၊ မိန်းကလေးပြောတဲ့ စကားတွေက..."

ဟူဖုဆက်မပြောပဲ စကားကို ရပ်ထားလိုက်သည်။

ထန်ဖန်းကို မိန်းကလေးဟုသာ ခေါ်ပြီး မိန်းကလေးထန်ဟု မခေါ်။

ထန်တာ့ကို ကိုယ်တော်ကြီးထန်တာ့ဟုသာ သုံးနှုန်းပြီး ခင်ဗျားအကိုဟု မသုံးနှုန်း။

ဤသည်ကပင် ထန်ဖန်းအား ထန်မိသားစုမှလူဟု မယုံကြည်သည်မှာ ထင်ရှားနေသည်။

ချီဟန်စန်း ခေါင်းမော့ကာ ရယ်လိုက်ပြန်သည်။

ဗျိုင်းဖြူစက်ယွင်က ထန်ဖန်းက စူးစိုက်ကြည့်သည်။

သူမအကြည့်က အားနာစိတ်မကောင်းသည့်ဟန် ပေါ်လွင်နေသည်။

"တို့က နင့်ကို မယုံလို့ မဟုတ်ဘူး၊ သိုင်းလောကရဲ့ အဖြစ်အပျက်တွေက အများကြီး ဆန်းကြယ်တယ်၊ မယုံကြည်စရာတွေလဲ ပေါ်လာတတ်တယ်၊ အဖြစ်နိုင်ဆုံးကိုပဲ စဉ်းစားဆောင်ရွက်ကြရလိမ့်မယ်"

ရောက်ချူးရွှေ သက်ပြင်းတချက်ချလိုက်သည်။

"ကဲ..ခင်ဗျားတို့ သွားကြပါတော့၊ ခင်ဗျားတို့ကို အပြစ်မတင်ပါဘူး"

ရောက်ချူးရွှေ၏ စကားအဆုံးတွင် ကွမ်စီးကျားငါးကောင်မှာ အလျိုလျို ထွက်ခွာသွားကြတော့သည်။

ရောက်ချူးရွှေ၊ ထန်ဖန်း၊ ကျိုချူးချောက်လန်၊ ဝန်ပိန်စွမ်း၊ ချူးနန်းကု၊ ထက်ဝင်းရွှဲ၊ မာကျင်ကျုံးနှင့် အို့ရန်စန်းယိတို့က တဖက်။

သြဇာအာဏာဂိုဏ်းမှ ချီဟန်စန်း၊ ခန်းချွတ်ယီ၊ ဖိန်ကျုံ၊ ဟူကွန်၊ တုကျွဲ၊ ကျန်းယိဟိုင်နှင့် လျှိုချန်းပြင်တို့က တဖက် မျက်နှာချင်းဆိုင်ရပ်လျက် ကျန်ရစ်ခဲ့ကြတော့သည်။

မာကျင်ကျုံးသည် အို့ရန်စန်းယိ၏ လက်ဖဝါးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"ကဲ...မင်းတို့ ကိုယ့်ကိုကိုယ်ပဲ သတ်သေမလား၊ တို့က မင်းတို့အသက်ကို နတ်ပေးရမလား၊ ကြိုက်တဲ့လမ်းကို ရွေးကြပေတော့"

ချီဟန်စန်းက အောင်နိုင်သူ လေသံဖြင့် ရယ်၍ပြောသည်။

သူ့လက်ထဲတွင် ဓားတလက်မျှ မရှိ။

ရောက်ချူးရွှေတို့ မလှုပ်။

ချီဟန်စန်းကိုသာ အာရုံစူးစိုက်နေသည်။

"မင်းတို့ကို သတ်ချင်ရင် လွယ်လွယ်လေးပဲ၊ ရှေ့ဘက်မှာ ဟန်စဲ့ဟိုင်က စောင့်နေတယ်၊ နောက်ဖက်မှာလဲ ယီခုယီ လိုက်လာနေသေးတယ်၊ မင်းတို့ အသက်ရှင်ဖို့ အခွင့်အလမ်း နည်းနည်းမှ မရှိတော့ဘူး"

ချီဟန်စန်းတယောက်ထဲကိုပင် သူတို့ရှစ်ယောက်ပူးပေါင်း တိုက်ခိုက်လျှင်ပင် အနိုင်ရဖို့ အကြောင်းမရှိ။

ခန်းချွတ်ယီ၊ ကျန်းယိဟိုင်၊ ဖိန်ကျုံ၊ လျှိုချန်းပြင်၊ ဟူကွန်နှင့် တုကျွဲတို့အပြင် နောက်ဖက်မှာ ယီခုယီ၊ ရှေ့ဘက်မှာ ဟန်စဲ့ဟိုင်။

သူတို့အတွက် ထွက်ရပ်လမ်းက မရဏလမ်းတခုသာ။

သေလမ်းကို လျှောက်ရတော့မည်မှန်း သိလျက်ပင် မတုန်လှုပ်ကြ။

ရဲဝံ့စွာပင် သေခြင်းတရားကို စောင့်စားနေကြသည်။

"တို့ရဲ့ ဒီလောက်များပြားတဲ့ လျှို့ဝှက်ချက်တွေကို သိနေပြီဆိုတော့ မင်းတို့ကို အသက်ပေးရှင်ဖို့ မဖြစ်နိုင်တော့ဘူး၊ မင်းတို့က ကိုယ့်ကိုကိုယ် သတ်မသေချင်ဘူးဆိုရင် တို့က သတ်ပေးရလိမ့်မယ်"

ချီဟန်စန်းက လှောင်ပြုံးပြုံးကာ ပြောသည်။

ရောက်ချူးရွှေက တည်ငြိမ်စွာပင်...

"ခင်ဗျားတို့ သတ်နိုင်ရင်သတ်ကြ၊ ကျုပ်တို့ကတော့ လောကကြီးကို အရှုံးပေးပြီး ဘယ်တော့မှ ကိုယ့်ကိုကိုယ် သတ်မသေဘူး"

ချီဟန်စန်း မျက်နှာထား တင်းမာ ခက်ထန်သွားသည်။

'ကောင်းပြီ၊ ဒီလောက်သူရဲကောင်းဆန်တာ မင်းကိုငါ အရင်သတ်ပေးမယ်"

ရောက်ချူးရွှေ ရင်ဆိုင်ရန် အသင့်ပင်ရှိနေသည်။

တုန်လှုပ်မှုတချက်မရှိ။

ထန်ဖန်းတို့လူစုသည်လည်း ဖြစ်လာမည့် ပြဿနာကို ကြံ့ကြံ့ခံ ရင်ဆိုင်ရန် အသင့်ပင် ရှိနေကြသည်။

ချီဟန်စန်း လှုပ်ရှားဟန်ပြင်သည်။

ကျန်းယိဟိုင်က လျင်မြန်စွာပင်...

"ကျေးဇူးပြုပြီး ကျနော့်ကို အရင်ဆုံး သတ်ခွင့်ပေးပါ"

"ကောင်းပြီ"

ကျန်းယိဟိုင်၏ တောင်းဆိုချက်ကို ချီဟန်စန်း ပြုံးရယ်ကာ ခွင့်ပြုလိုက်သည်။

သူ့အပြုံးက ကြာရှည်မတည်မြဲလိုက်။

ချက်ချင်း ပျောက်ကွယ်သွားသည်။

သူ့တကိုယ်လုံး တောင့်တင်းကာ ကြွက်သားများလည်း မာကျောလာသည်။

ကျန်းယိဟိုင်က ချက်ချင်းပင် သူ့သေကွင်းသေကွက် သွေးကြောကြီးသုံးနေရာ၌ တင်းကျပ်စွာ ဖမ်းကုတ် ချုပ်နှောင်ထားလိုက်သောကြောင့်ပင်တည်း။

မထင်မှတ်သော အပြောင်းအလဲ အခြေအနေ။

ကြိုတင်ပြင်ဆင်မှုရှိမထားပဲ ကျန်းယိဟိုင်အား ယုံကြည်ခဲ့မိသောကြောင့် ကာကွယ်တုံ့ပြန်ခြင်း မပြုနိုင်။

ခန်းချွတ်ယီတို့လူသိုက်အံ့အားသင့် မှင်တက်နေမိကြသည်။

ချီဟန်စန်း တစက်ကလေးမျှ လှုပ်၍ မရတော့။

သူ့မျက်လုံးများက ဒေါသနှင့်မထင်မှတ်မှုကြောင့် တလက်လက် အရောင်စူးရှနေသည်။

စကားတခွန်းမျှ မပြောပဲ အတွင်းအားလည်ပတ်ကာ အစွမ်းကုန် ခုခံနေသည်။

ကျန်းယိဟိုင်၏ ညှိမျှ ပြင်းထန်သော ဖမ်းချုပ်လက်ကွက်ကိုခံရလျှင် တခြားလူဆိုပါက စေားစီးစွာပင် လဲကျသေဆုံးသွားပေမည်။

ချီဟန်စန်းက လဲကျမသွား။

ကျန်းယိဟိုင်စိတ်ထဲ တုန်လှုပ်သွားမိသည်။

ချီဟန်စန်း လဲကျမသွားသည့်အပြင် အတွင်းအားလည်ပတ်၍ တွန်းလှန်ခုခံနေသည်ကို သူသိသောကြောင့်ပင်တည်း။

သူသည် ချီဟန်စန်းကို အလစ်ဖမ်း သတ်ဖြတ်ပြီး ရောက်ချူးရွှေတို့နှင့် ပူးပေါင်းကာ ကျန်လူများကို တိုက်ခိုက်ဖို့ စိတ်ကူးခဲ့သည်။

ယခုသူ့အကြံ မအောင်မြင်။

ချီဟန်စန်း မသေသည့်အပြင် အတွင်းအားဖြင့် ခုခံတွန်းလှန်နေသည်ကို သူခံစားနေရသည်။

သို့သော် အောင်မြင်သည့်အသွင် သူဟန်ဆောင်နေလိုက်သည်။

ဟူကွန်နှင့် တုကျွဲတို့က ကယ်တင်ရန် ခုန်ဝင်လာကြသော်လည်း လမ်းတဝက်တွင် ရပ်တန့်သွားကြသည်။

ကျန်းယိဟိုင်လက်ထဲ ချီဟန်စန်းရှိနေသဖြင့် အဓိပ္ပာယ်မဲ့ မစွန့်စားဝံ့ကြ။

ကျန်းယိဟိုင်ကလည်း သူ့လက်အနည်းငယ် ရွှေလျားသည်နှင့် ချီဟန်စန်း လွတ်ထွက်သွားမည်ကို သူသိနေသည်။

"ဓားဘုရင်ရဲ့အသက်ကို လိုချင်ရင် တယောက်မှ မလှုပ်ကြနဲ့"

ခန်းချွတ်ယီတို့ စိုက်ကြည့်နေကြသည်။

မလှုပ်ရဲ။

ကျန်းယိဟိုင်က ဆက်ပြောသည်။

"ဂိုဏ်းချုပ်က ခင်ဗျားတို့ကို တာဝန်ပျက်ကွက်တယ်လို့ အပြစ်တင်မခံချင်ရင် ကျုပ်စကားကို နားထောင်ရမယ်၊ ဓားဘုရင် ဆုံးရှုံးသွားရင် ဂိုဏ်းချုပ်က ဘယ်လိုအပြစ်ဒဏ်ခတ်မလဲဆိုတာ ခင်ဗျားတို့ သိပါလိမ့်မယ်"

ခန်းချွတ်ယီတို့ ခြေဖျားလက်ဖျား အေးစက်သွားကြ၏။

သူတို့အနေနှင့် ကျန်းယိဟိုင်ကို ဖမ်းနိုင်သည်ဖြစ်စေ၊ မဖမ်းနိုင်သည်ဖြစ်စေ ကျန်းယိဟိုင်ကသာ ချီဟန်စန်းအား သတ်ဖြတ်လိုက်ပါက သူတို့၏အပြစ်က ကြီးမားပေတော့မည်။

ရောက်ချူးရွှေတို့မှာမူ ကျန်းယိဟိုင်က မိမိတို့ဘက်မှ ဝင်ရောက်ကူညီသူအဖြစ် သိရကာ ဝမ်းသာအားတက် မိကြတော့သည်။

အပြောင်းအလဲက မထင်မှတ်နိုင်လောက်အောင်ပင် အရှိန်အဟုန် ကြီးမားနေသဖြင့် ရောက်ချူးရွှေ စိတ်လှုပ်ရှားကာ...

"ခင်ဗျား ဘယ်သူလဲ"

"ငါ လက်ကိုးချောင်း နဂါးဖမ်း ကျန်းယိဟိုင်လေ"

ကျန်းယိဟိုင် တည်ငြိမ်စွာပင် ပြောသည်။

ကျိုချူးချောက်လန်မှာ တစုံတရာကို တွေးမိသဖြင့် လွှတ်ခနဲ ပြောချလိုက်မိတော့သည်။

"ဟင်...ခင်...ခင်ဗျား..ရှာပေနယ် လမ်းမကြီးပေါ်မှာတုန်းက ကျုပ်ကို ဖမ်းမိပေမယ့် မသတ်ခဲ့ဘူး။ ဒါ..ဒါဆို ခင်ဗျားက ဟူစုံ့စက်..ဟူစုံ့စက် ဖြစ်မယ်"

ကျန်းယိဟိုင် သဘောကျစွာ ရယ်မောလိုက်သည်။

"ငါသာ မင်းဦးလေး မဟုတ်ရင် မင်းအီးပေါက်တာနဲ့ နံပြီး ထွက်ပြေးပါ့မလား"

ကျိုချူးချောက်လန် ကြက်သီးမွေးညှင်း ထအောင်ပင် အံ့ဩဝမ်းသာသွားမိသည်။

သူသည် သိုင်းလောက၏ နံပါတ်တစ် ဖမ်းချုပ်လက်သိုင်းပညာရှင် ရှမ့်စုံ့လူထံတွင် ပထမဦးစွာ ပညာဆည်းပူးခဲ့သည်။

နောက်ပိုင်းတွင်မှ သိမ်းငှက်လက်သည်းဘုရင် လေ့ဖုန်း၏ သွန်သင်ညွှန်ကြားမှုကို နာခံခဲ့သည်။

သူ့ဖမ်းချုပ်လက်သိုင်းပညာသည် သိုင်းလောကတွင် အနိုင်ယူနိုင်သူမရှိလောက်အောင်ပင် ထက်မြက်လှသည်။

သို့သော် ရှမ့်စုံ့လူ၏ညီတော် ဟူစုံ့စက်နှင့် နှိုင်းယှဉ်လျှင်ကား များစွာ ကွာဟနေပေသေးသည်။

သို့အတွက် ကျန်းယိဟိုင်ကို သူရှုံးနိမ့်ခြင်း ဖြစ်သည်။

ကျန်းယိဟိုင်က ဟူစုံ့စက် ဖြစ်နေသည်ကိုး။

ကျန်းယိဟိုင် မဲ့ပြုံးပြုံးလိုက်သည်။

"ငါ့ရဲ့ လက်ကိုးချောင်းက တခြားလူတွေနဲ့ မတူညီလို့ ဂိုဏ်းစောင့် လျှိုရွှေဖုန်းက ငါ့ကို မယုံသင်္ကာ ဖြစ်ခဲ့တယ်၊ လီချိန်ကြိုးဆီကို ချဉ်းကပ်ခွင့် မပေးခဲ့ဘူး၊ မိုးမြေနတ်ဆိုး ဆယ့်ကိုးပါးရဲ့ တာဝန်ယူသူ ရာထူးလဲ မပေးခဲ့ဘူး၊ ဒါကြောင့် ခုနှစ်နှစ်လုံးလုံး အချိန်တွေ ဖြုန်းတီးခဲ့ရပေမယ့် ဩဇာအာဏာဂိုဏ်းရဲ့ အဓိကရေသောက်မြစ်ကို ရှာမတွေ့နိုင်ခဲ့ဘူး၊ အခုတော့...အခုတော့ ငါ့မှာ ဆက်ပြီး သည်းခံစောင့်ဆိုင်းနိုင်တဲ့ စွမ်းအား မရှိတော့ဘူး၊ ပြီတော့ မင်းတို့တတွေ သေဆုံးသွားရမှာကိုလဲ ခွင့်မပြုနိုင်ဘူး၊ ဒါကြောင့် လီချိန်ကြိုးရဲ့ အားကိုးရလောက်တဲ့ လက်ရုံးတဆူ ဓားဘုရင်ကို သတ်ဖို့ ကြိုးစားလိုက်ရတာပဲ"

ခန်းချွတ်ယီ၏ မျက်လုံးအလင်းရောင်က ဓားသွားထက်ပင် စူးရှထက်မြက်နေသည်။

"မင်းက ဟူစဲ့စက်လား"

"ခင်ဗျားရဲ့ လှုပ်ရှားမှု ဟန်ပန်တွေအားလုံး ကျုပ်လက်ထဲရောက်နေတာနဲ့ ခင်ဗျား သိပ်ဒေါသထွက်နေပြီ မဟုတ်လား"

ခန်းချွတ်ယီ ရှေ့သို့ ခြေလှမ်းတလှမ်း တိုးတက်လိုက်သည်။

"ဩဇာအာဏာဂိုဏ်းအတွက် ငါမင်းတို့ကို အသက်ရှင်လျက် ပေးမပြန်နိုင်ဘူး"

"လာခဲ့လေ၊ ခင်ဗျား ရှေ့ကို တလှမ်းတိုးတက်လာတာနဲ့ ဓားဘုရင်ကို ကျုပ်သတ်ပစ်လိုက်မယ်"

ခန်းချွတ်ယီ ခြေလှမ်းတန့်သွား၏။

ဟူစဲ့စက်က ရောက်ချူးရွှေတို့ဘက်သို့ လှည့်ကာ...

"မင်းတို့ အရင်သွားနှင့်ကြ၊ ငါနောက်ကလိုက်လာခဲ့မယ်"

ဟူစဲ့စက် သူ၏လက်ချောင်းများဆီသို့ ချီဟန်စန်း၏ အတွင်းအားဖြင့် တွန်းထုတ်ခုခံမှုက တဖြည်းဖြည်း ကြီးမားလာသည်ဟု ခံစားလာရသည်။

ချီဟန်စန်အား ထိန်းချုပ်မထားနိုင်မှာကို သူစိုးရိမ်လာသည်။

ထို့ကြောင့် ရောက်ချူးရွှေတို့အား အလျင်အမြန် ထွက်ခွာသွားစေခြင်း ဖြစ်၏။

"ဦးလေးဟူ.."

ကျိုချူးချောက်လန်က စိတ်မချသောလေသံဖြင့် ပြော၏။

ဟူစဲ့စက် အော်ငေါက်လျက်...

"မင်းငါ့ကို ဦးလေးလို့ အသိအမှတ်ပြုရင် မင်းလူတွေကို ခေါ်ပြီး ဒီနေရာက ထွက်ပြေး၊ မြန်မြန်ထွက်ပြေးစမ်း"

ကျိုချူးချောက်လန် ငေးကြောင်ကြည့်နေသေးသည်။

ဟူစဲ့စက်က ဆက်လက်၍...

"ရောက်ချူးရွှေ...မင်းတို့ မြန်မြန် ထွက်သွားကြစမ်း၊ ပန်းချောင်းဓားဂိုဏ်းနဲ့ သိုင်းလောကတခုလုံးရဲ့ ကံကြမ္မာဟာ မင်းတို့ပေးပို့ရမယ့် သတင်းအပေါ်မှာ မူတည်နေတယ်၊ မင်းတို့ရဲ့ ကြီးလေးတဲ့ တာဝန်တွေကို မမေ့ကြနဲ့"

ရောက်ချူးရေမှာ သူ့တာဝန်ကို သတိရကာ စိတ်ထဲတွင် လှုပ်ခတ်သွားမိသည်။

"ခင်ဗျား...ခင်ဗျားကကော"

"ငါ့လက်ထဲမှာ ဓားဘုရင် ရှိနေတယ်၊ သူတို့ ငါ့ကို ဘာမှ မလုပ်ရကြသေးဘူး၊ ပြီးတော့ ငါတယောက်တည်းဆိုရင် ထွက်ပြေးလွတ်မြောက်ဖို့ ပိုပြီး လွယ်ကူတယ်၊ မင်းတို့ ငါနဲ့ လိုက်နေရင် ငါ့အတွက် ဝန်ထုပ်ဝန်ပိုးတောင် ဖြစ်နေဦးမယ်၊ သွား...မြန်မြန်ထွက်ပြေး"

ရောက်ချူးရွှေတို့ တုံ့ဆိုင်းမနေကြတော့။

အလျင်အမြန်ပင် ပြေးထွက်သွားကြတော့သည်။

ရောက်ချူးရွှေတို့ ထွက်ပြေးလွတ်မြောက်သွားကြပြီး ရေနွေးအိုးတကရား ဆူချိန်လောက်ရောက်မှ ဟူစဲ့စက်က သက်ပြင်းလေပူကို မှုတ်ထုတ်လိုက်သည်။

ချီဟန်စန်း၏ ခန္ဓာကိုယ်အတွင်းမှ တွန်းလှန်ခုခံသော အတွင်းအားအရှိန်က စောစောပိုင်းကလောက် အားအင်တောင့်တင်း ပြည့်ဝမှုမရှိတော့။

ဟူစဲ့စက်၏လက်ကိုးချောင်း တဖြည်းဖြည်း ထုံကျင်လာသော်လည်း သူ့အနေနှင့် ချီဟန်စန်းအား အသေသတ်နိုင်လိမ့်မည်ဟု ယုံကြည်နေသည်။

"ကဲ...ကျုပ်လဲ သွားချင်ပြီ၊ ခင်ဗျားတို့ ဘာပြောချင်သလဲ"

ခန်းချွတ်ယီက တအောင့်မျှ စဉ်းစားပြီး...

"မင်းက ဓားဘုရင်ကို အရင်ဆုံးလွှတ်လိုက်၊ မင်းကို ကွမ်စီးနယ်က အသက်ရှင်လျက် ထွက်သွားနိုင်ဖို့ ငါ့ဘွဲ့နာမည်နဲ့ အာမခံတယ်"

"ဟား..ဟား..ဟား...ခင်ဗျားက ခင်ဗျားရဲ့ ဘွဲ့နာမည်နဲ့ အာမခံတယ် ဟုတ်လား၊ ချီဟန်စန်းက ကွမ်စီးကျားငါးကောင်ကို ပေးတဲ့ အာမခံချက်အတိုင်းပါပဲလား၊ ဟား..ဟား..ဟား"

ခန်းချွတ်ယီမှာ ဒေါသထွက်နေသော်လည်း ဘာမျှမလုပ်ဝံ့ဘဲ ရပ်ကြည့်နေရ၏။ ဟူစဲ့စက်က တည်ငြိမ်စွာပင် ပြော၏။

"ကျုပ်ကသာ ချီဟန်စန်းကို လွှတ်ပေးလိုက်ရင် ကွမ်စီးနယ်က အသက်ရှင်လျက် ထွက်ဖို့နေနေသာသာ မိုင်တသောင်းတံတားကိုတောင် ဖြတ်ကျော်နိုင်မှာ မဟုတ်ဘူး"

"ဒါဆို မင်းဘယ်လို လုပ်ချင်သလဲ"

လျှိုချုန်းပြင် ဒေါသတကြီး ဝင်ပြောသည်။

"ကျုပ်တွေးမိတာက..."

ဟူစဲ့စက် စကားဆက်မပြောနိုင်။ အံ့သြထိန်လန့်လွန်းသဖြင့် မျက်လုံးပြူးလာသည်။

သူ့လက်ကိုးချောင်းအောက်မှ ချီဟန်စန်း၏ အတွင်းအားက ရုတ်တရက် တိုးပွားပြင်းထန်စွာ ဆောင့်တွန်းလာသည်။

ဟူစဲ့စက်၏ လက်ကိုးချောင်းမှာ လေလျော့နေသော ဘောလုံးကို ဖိထားရာမှ ဘောလုံးထဲသို့ လေများတဖြည်းဖြည်း တိုးဝင်ရောက်ရှိလာသည့်အလား ကန်တက်လာသည်။

တုန်ယင်သော လက်ချောင်းများက ချီဟန်စန်း၏ အဓိကသွေးကြောများကို မဖမ်းကုတ်နိုင်တော့။

ထိုစဉ်မှာပင် ချီဟန်စန်း၏ ခန္ဓာကိုယ်က ရုတ်တရက် ကျုံ့သွားကာ သူ့ထိန်းချုပ်မှုအောက်မှ လွတ်မြောက်လာသည်။

ခန္ဓာကိုယ် လွတ်မြောက်သည်နှင့် ဓားတစင်းက အလိုအလျောက် ထွက်ပေါ်လာကာ ဟူစဲ့စက်၏ ခါးမှ ပိုင်းဖြတ်ချလိုက်တော့သည်။

ဟူစဲ့စက် အော်ဟစ်ရန်ပင် အချိန်မရလိုက်။

ချီဟန်စန်း၏ ဓားချက်အောက်တွင် အသက်ပျောက်သွားခဲ့ရလေပြီ။

ချီဟန်စန်းက ဓားကို မြေပြင်ပေါ်တွင် ပစ်ချလိုက်ပြီး...

"မြန်မြန်လိုက်ကြ"

ခန်းချွတ်ယီတို့ကို အော်ဟစ် အမိန့်ပေးသည်။

ခန်းချွတ်ယီတို့ အလျင်အမြန်ပင် ရောက်ချူးရွှေတို့နောက်သို့ ပြေးလိုက်ကြသည်။

ချီဟန်စန်းမှာ ခြေလှမ်းယိမ်းယိုင်သွားကာ ပါးစပ်တွင်းမှ သွေးတလုတ်စာ အန်ထုတ်လိုက်ရ၏။

ဟူစဲ့စက်၏ ကာကွယ်မှု ပြေလျော့နေစဉ် ဖမ်းကုတ်ခံရသော သွေးကြောကွက်ကို အတွင်းအားဖြင့် အတင်းဆောင့်ရုန်းထွက်ရခြင်း၊ လွတ်မြောက်သည်နှင့် ဓားထုတ်ကာ အားကုန်အင်ကုန် အလျင်အမြန် ခုတ်ပိုင်းချရခြင်းတို့ကြောင့် အတွင်းအား လမ်းကြောင်း လွဲချော်ကာ အတွင်းဒဏ်ရာရသွားသောကြောင့် ဖြစ်သည်။

မည်သို့ဆိုစေ ချီဟန်စန်းကား သေတွင်းထဲ ရောက်နေစဉ်မှာပင် ကိုယ်ပိုင်စွမ်းအားနှင့် အလွတ်ရုန်းပြီး သေမင်းကိုစစ်ခင်းနိုင်သည့် အာဂသိုင်းသမားကြီး ဖြစ်တော့သတည်း။

# အခန်း (၁၀)

ဆည်းဆာ၏ နေခြည်က မှိန်မှိန်ပါးပါးလေး ဖြာကျနေသည်။

ရောက်ချူးရွှေတို့ လူသိုက်သည် နောက်မှလိုက်လာမည့် ရန်သူကြီးများကြောင့် မနားတမ်း ပြေးလွှားနေခဲ့ကြသည်။

ဝန်ပိန်စွမ်းမှာ ခြေထောက်ဒဏ်ရာကြောင့် လမ်းလျှောက်ဖို့ အဆင်မပြေ။

မာကျင်ကျုံးနှင့် ထက်ဝင်းရွှဲတို့က အလှည့်ကျ ထမ်းပိုး၍ ပြေးလွှားခဲ့ရသည်။

ပြေးရင်းလွှားရင်းမှ စင့်အန်းမြို့နယ် အနောက်ဘက် မိုင်ငါးဆယ်ခန့်အကွာရှိ ကူယန်ကွမ်းခံတပ်သို့ ရောက်ရှိလာကြသည်။

ကူယန်ကွမ်းခံတပ်မှာ စီးစန်တောင်ကြားတွင် တည်ဆောက်ထားပြီး လမ်း၏ ပိတ်ဆို့ခံတပ်တခုလည်း ဖြစ်ပေသည်။

ခံတပ်တံခါးကို ထိုးဖောက်ကျော်လွှားနိုင်မှသာ ရောက်ချူးရွှေတို့မှာ ကွေးလင်သို့သွားရာ လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်မည် ဖြစ်ပေသည်။

တောထဲတောင်ထဲတွင်ဆောက်လုပ်ထားပေမယ့် ခံတပ်ကြီးမှာ ထည်ဝါခန့်ညားလှပေသည်။

ယခင်က ခံတပ်အဖြစ် ဆောက်လုပ်ခဲ့သော်လည်း ယခုတွင်မူ နယ်စပ်ဝင်ပေါက် တံခါးတခုသဖွယ် ဖြစ်နေလေပြီ။

ခံတပ်အနီးသို့ရောက်လျှင် ထင်းခုတ်သမားများ၊ တံငါသည်များ လုပ်ငန်းခွင်သိမ်းကာ အိမ်ပြန်နေကြသည်ကို တွေ့ရသည်။

ရောက်ချူးရွှေတို့မှာ ကူယန်ကွမ်းကို ဖြတ်ကျော်ရန် ဟန်ပြင်စဉ် နောက်ဘက်မှ ထင်းခုတ်သမား နှစ်ယောက်၏ အပြန်အလှန် ပြောဆိုနေကြသော စကားကြောင့် ခြေလှမ်းတန့်သွားကြသည်။

"စုံချွမ်းနယ် သိုင်းလောကထဲမှာ လူသတ်မှုကြီးတခု ဖြစ်တယ်လို့ ကြားတယ်၊ လူတော်တော် များများလဲ သေတယ်တဲ့၊ အဲဒါ မင်းသိသလား"

"ဩ..ဟို..ဘာစားဂိုဏ်းလဲ၊ အဲဒီစားဂိုဏ်းလဲ သူတပါးက ဖြိုခွဲတာ ခံရတယ်ဆိုပဲ"

ရောက်ချူးရွှေ စိတ်ထဲ ထင့်ခနဲ ဖြစ်သွား၏။

ထင်းခုတ်သမား နှစ်ယောက်ကမူ သူတို့၏ စကားများကို ဆက်ပြောနေကြဆဲ။

"ဟုတ်တာပေါ့၊ ဩဇာအာဏာဂိုဏ်းနဲ့ ရန်မူလာတဲ့သူဟာ အသက်မရှင်တော့ဘူး"

"အဲဒီဂိုဏ်းကလဲ ဩဇာအာဏာဂိုဏ်းကို ရန်မူတာကိုး၊ မသေတာတောင်မှ ဩဇာအာဏာဂိုဏ်းက ရင်ဆိုင်ဖို့ လွယ်ကူတာမှ မဟုတ်ပဲ"

ရောက်ချူးရွှေ စိတ်မထိန်းနိုင်ဘဲ နောက်သို့ လှည့်ကြည့်မိသည်။

ထင်းခုတ်သမား နှစ်ယောက်ကိုလဲ သူတို့ကြားသိခဲ့ရသည့် သတင်းများကို မေးစမ်းရန် ပြင်သည်။

ရုတ်တရက် ထန်ဖန်းက သူ့အကျီစကို ဆွဲထားသဖြင့် ရှေ့သို့ ပြန်ကြည့်မိသည်။

ဝင်လုဆဲဆဲ နေရောက်အောက်တွင်ရှိသည့် ကူယန်ကွမ်းခံတပ် ဘေးနားတွင် ထင်းခုတ်သမား အဝတ်အစား ဝတ်ဆင်ထားသည့် လူငါးယောက် လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရတော့သည်။

အလောင်းကောင်များ၏ ဘေးနားတွင် ထင်းစည်းများ၊ ထမ်းပိုးများ၊ ပုဆိန်များက မြေပြင်ပေါ်တွင် ဖရိုဖရဲ ပြန့်ကျဲနေသည်။

သေဆုံးသူတို့၏ မျက်နှာများက မည်းနက်နေကာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့မှ သွေးများ ယိုစီးကျနေသည်။

"အဆိပ်ခတ်ခံရပြီး သေသွားကြတာပဲ"

ထန်ဖန်းက တီးတိုးမှတ်ချက်ချသည်။

မာကျင်ကျုံးက သက်ပြင်းချကာ...

"ဒါ ရိုးရိုးသားသား ထင်းခုတ်စားတဲ့ သာမာန်လူတွေပဲ"

"အဆိပ်ရောဂါပိုးနတ်ဆိုး ယီခုယီဟာ အစောကြီးကတည်းက အဆိပ်တွေ ချထားတာ ဖြစ်မယ်၊ ဒါပေမယ့် မသက်ဆိုင်တဲ့လူတွေကို လွဲမှားပြီး အဆိပ်ခတ်သတ်ခံရတာကတော့ ရင်နာစရာ ကောင်းလှတယ်"

အို့ရန်စန်းယိက ဝမ်းနည်းကြေကွဲသည့် လေသံဖြင့် ပြောသည်။

ရောက်ချူးရွှေ၊ ထက်ဝင်းရွဲ၊ ချူးနန်းကုနှင့် ကျိုချူးချောက်လန်တို့ ဒေါသထွက်သွားကြသည်။

သူတို့ကိုယ်တိုင် သေချင်သေပါစေ၊ အပြစ်မဲ့သော မသက်ဆိုင်သူများ သေဆုံးရသည်ကိုမူ သူတို့မလိုလား။

ရောက်ချူးရွှေတို့ လဲကျနေသူများအား ကယ်တင်ရန် ဖြစ်နိုင်ဦးမလားဟု ရှေ့တက်သွားကြည့်ရန် ဟန်ပြင်စဉ် နောက်ဖက်မှ ထင်းခုတ်သမား နှစ်ယောက်ကလည်း ရှေ့မှ အဖြစ်ဆိုးကို လှမ်းတွေ့လိုက်ကြသည်။

"ဟာ..ဟိုမှာ အားကင် မဟုတ်လား"

"သူက ဘယ်လိုလုပ်ပြီး ဒီမှာ ရောက်နေရတာလဲ၊ သူ့ကို ဘယ်သူက သတ်လိုက်တာလဲ၊ အကုသိုလ် ဝင်တာပဲ၊ ဟာ..အားတိလဲ သေနေပါလား"

ထင်းခုတ်သမား နှစ်ယောက်မှာ သူတို့၏ အသိအကျွမ်းများ တွေ့ရှိသဖြင့် ရောက်ချူးရွှေတို့ကို ကျော်တက်ကာ အလောင်းကောင်များဆီသို့ ပြေးသွားကြသည်။

ထင်းစည်းများကို ပစ်ချကာ မြေပြင်တွင် ဆောင့်ကြောင့်ထိုင်ပြီး သေသူ၏ ပါးပြင်ကို လက်ဖြင့် ပုတ်နိုးသည်။

"အားတိ..အားတိ ...မင်းဘယ်လို ဖြစ်တာလဲ"

ကျိုချူးချောက်လန်နှင့် ရောက်ချူးရွှေတို့ နှစ်ယောက် အချင်းချင်း ကြည့်လိုက်ကြပြီး သက်ပြင်းတချက်ချကာ ထင်းခုတ်သမား နှစ်ယောက်အား သွားရောက်ထူမပေးရန် ဟန်ပြင်သည်။

"ခဏနေဦး"

ဝန်ပိန်စွမ်းက အော်ဟစ်တားဆီးသဖြင့် ရောက်ချူးရွှေတို့ ရပ်လိုက်ကြသည်။

သူတို့ ရပ်လိုက်စဉ်မှာပင် စောစောက ထင်းခုတ်သမား နှစ်ယောက်မှာ ခန္ဓာကိုယ် ဒယီးဒယိုင် ဖြစ်ကာ ခြေလှမ်းနောက်ကို ဆုတ်လိုက်ကြပြီး လည်ပင်းကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ လဲကျသွားကြသည်။

ပါးစပ်မှ အဖြူရောင် အမြှုပ်များ ဖြာထွက်ပြီး မျက်လုံးပြူးထွက်ကာ မလှုပ်နိုင်ကြတော့။

လူသေပေါ်မှ အဆိပ်က နောက်ထပ်လူ နှစ်ယောက်ကို အဆိပ်သင့်လိုက်စေခြင်းပင်။

ရောက်ချူးရွှေ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဆင်းလာခဲ့စမ်း"

ဝန်ပိန်စွမ်းက အော်ငေါက်ကာ ကူယမ်ကွမ်းခံတပ်၏ ကျောက်နံရံကို တချက် ကန်ကျောက်လိုက်သည်။

ကျောက်နံရံ တုန်ခါသွားကာ အပေါ်ဘက်မှ လူသုံးယောက် ပေါ့ပါးစွာ ခုန်ဆင်းလာကြသည်။

ထိုသုံးယောက်၏ အရွယ်က တညီတည်း၊ အဖြူရောင် ဝတ်စုံများ ဝတ်ဆင်ထားကြသည်။

သူတို့၏ မျက်နှာသည် ပေါင်မုန့်ကို ရေစိမ်ထားသလို ပွပွရောင်းရောင်း။

မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့က တနေရာတည်းတွင် စုစည်းနေကြသဖြင့် ပြိတ္တာမျက်နှာမျိုး ဖြစ်နေ၏။

အကြီးဆုံး ဖြစ်ဟန်တူသူက...

"ကျုပ်နာမည် ယီရောက်ပို့၊ သူကယီပွတ်ရောက်၊ နောက်တယောက်က ယီငေါ်အူလို့ ခေါ်တယ်"

ယီပွတ်ရောက်ဆိုသူက မျက်နှာ ရှုံ့မဲ့ကာ...

"ကျုပ်တို့အားလုံး ယီခုယီရဲ့ တပည့်တွေပဲ၊ အစကတော့ ခင်ဗျားတို့ကို အဆိပ်ခတ် သတ်မလို့ပဲ၊ အခုတော့ တခြားလူတွေကို အဆိပ်ခတ် သတ်လိုက်မိပြီ၊ ဟီး..ဟီး..ဒါလဲကောင်းတာပဲ၊ လူများများ သေလေ ကောင်းလေပဲ"

ယီခုယီတပည့် သုံးယောက်က ရွံရှာစက်ဆုပ်ဖွယ် ကောင်းလောက်အောင် ရယ်မောပြောဆိုနေသည်။

ရောက်ချူးရွှေသည် ထန်ဖန်းအနီးသို့ တိုးကပ်သွားပြီး စကားအနည်းငယ် ပြောသည်။

ယီရောက်ပို့က မျက်လုံးနှစ်ပေါက် ပိတ်လုမတတ် ရယ်လိုက်ပြီး...

"ခဏနေရင် ကျုပ်ဆရာ ရောက်လာတော့မယ်"

"သူမရောက်ခင် ခင်ဗျားတို့ကို ရှင်းလင်းပစ်ရမယ်"

"ကဲ...ခင်ဗျားတို့ထဲက ဘယ်သူ အရင်ဆုံး အသတ်ခံမလဲ"

ယီပွတ်ရောက်နှင့် ယီငေါ်အူတို့ကပါ ဆက်တိုက် ပြောဆိုလာသည်။

ရောက်ချူးရွှေ ရုတ်တရက် မာန်သွင်းအော်ဟစ်ကာ ဓားရှည်ကို ဝှေ့ယမ်းလျက် ခုန်ဝင်လိုက်သည်။

"မင်းတို့ အပြစ်မဲ့တဲ့ သူတွေကို ရက်ရက်စက်စက် သတ်လို့ ငါအရင်ဆုံး လာပြီဟေ့"

ယီပွတ်ရောက်တို့ သုံးယောက် ရုတ်တရက် ဘယ်ဘက်လက်တချက် ဝှေ့ယမ်းလိုက်သည်။

လက်နက်ပုန်း သုံးခုက ရောက်ချူးရွှေထံသို့ တန်းခနဲ ဝင်ရောက်လာသည်။

ရောက်ချူးရွှေသည် တခုကို ရှောင်တိမ်း၊ တခုကို ဓားရှည်ဖြင့် ပက်ထုတ်ပြီး ကျန်တခုကို ဘယ်လက်ဖြင့် ဖမ်းယူလိုက်သည်။

"ဒီလို ပါမွှားပစ္စည်းကလေးနဲ့များ ငါ့ကို..."

ရောက်ချူးရွှေ စကားကို ဆုံးအောင် ဆက်မပြောနိုင်တော့။

မျက်နှာ ကွက်ခနဲ ပျက်သွားပြီး လက်တဖက်က လည်ပင်းကို ဆုပ်ကိုင်ကာ တအစ်အစ် အသံထွက်လျက် လဲကျသွားလေသည်။

"အကိုကြီးရောက်..."

ထက်ဝင်းရွှဲ အသံကုန် အော်ဟစ်လိုက်မိသည်။

ချူးနန်းကုက ရောက်ချူးရွှေကို အလောတကြီး ထူမပေးရန် ခြေလှမ်းပြင်သည်။

"မသွားနဲ့"

ဝန်ပိန်စွမ်း၏ ဟန့်တားချက်ကြောင့် သူခြေလှမ်း ရပ်တန့်လိုက်ရသည်။

ယီပွတ်ရောက် အားပါးတရ ရယ်မောလိုက်သည်။

"အဆိပ်ရောဂါပိုးနတ်ဆိုးရဲ့ ပစ္စည်းကို ဖမ်းရဲတယ်ဆိုတော့ ဟဲ..ဟဲ မြန်မြန်သေရတာပေါ့၊ ကဲ..ခင်ဗျားတို့ထဲက သူ့နောက်ကို ဘယ်သူလိုက်ချင်သေးလဲ"

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့က စူးရဲသော မျက်လုံးများနှင့်သာ စိုက်ကြည့်နေကြသည်။

မလှုပ်ရှားကြသေး။

ယီငေါ်အူ ဂုဏ်ယူဝင့်ကြွားသည့် လေသံဖြင့်...

"အဆိပ်ရောဂါပိုး ရောက်လာရင် သရဲလဲ ငိုရမယ်၊ အဆိပ်ရောဂါပိုး ဖြတ်ကျော်ရင် အရာအားလုံး အသက်မရှိနိုင်တော့ဘူး"

သူ့စကားက လူအားလုံးကို ခြိမ်းခြောက်သည့် ဟန်ပန် အပြည့်ရှိနေသည်။

စကားကို တမင်ပင် လေသံရှည် ဆွဲကာ ပြော၏။

သို့သော် သူ၏ နောက်ဆုံး စကားလုံးတလုံးကိုမူ အသံရှည်ရှည် မဆွဲနိုင်ခဲ့။

ရုတ်တရက် ကြားထဲတွင် ပြတ်တောက်သွားခဲ့ရသည်။

အကြောင်းမူကား ရောက်ချူးရွှေသည် လဲကျနေရာမှ ရိပ်ခနဲ ခုန်ထလာပြီး သူ့ဝမ်းဗိုက်အတွင်းသို့ ဓားရှည် ထိုးသွင်းလိုက်သောကြောင့်ပင်တည်း။

ရောက်ချူးရွှေသည် တဒင်္ဂအတွင်း ယီငေါ်အူ၏ ဝမ်းဗိုက်အတွင်းသို့ ဓားရှည်ထိုးသွင်းပြီး ယီငေါ်အူ၏ နောက်ကျောဖြင့် ယီရောက်ပို့အား တိုက်ဆောင့်သည်။

ယီရောက်ပို့ ရှောင်ရှားလိုသော်လည်း မထင်မှတ်ဘဲ လျှပ်တပြက် ဖြစ်ပွားခဲ့သော အခြေအနေကြောင့် ရှောင်တိမ်းရန် အချိန်မရလိုက်။

ယီငေါ်အူ၏ နောက်ကျော သူ့ကို ဝင်တိုက်လာသောအခါ လက်နှစ်ဖက်ဖြင့် အလိုက်သင့် ဖမ်းထားလိုက်မိသည်။

ရောက်ချူးရွှေက ဓားရိုးအထိ ယီငေါ်အူ၏ ဝမ်းဗိုက်ထဲသို့ အဆုံးထိုးသွင်းလိုက်ရာ ဓားဦးချွန်က ယီငေါ်အူ၏ နောက်ကျောမှ ထိုးဖောက်ထွက်ကာ ယီရောက်ပို့၏ ဝမ်းဗိုက်အတွင်းသို့ စိုက်ဝင်သွားတော့သည်။

ယီငေါ်အူနှင့် ယီရောက်ပို့တို့ နှစ်ယောက်အား ဓားတစင်းတည်းဖြင့် သတ်ဖြတ်ပြီးသည်နှင့် ခြေထောက်နှင့် ယီပွတ်ရောက်အား ဝုန်းခနဲ ကန်လွှတ်လိုက်သည်။

ယီပွတ်ရောက်မှာ အံ့အားအသင့်ကြီးသင့်ကာ ဘာလုပ်ရမည်မှန်း မသိတော့ပဲ ယီငေါ်အူနှင့် ယီရောက်ပို့တို့အား ဖမ်းထားလိုက်သည်။

ထိုအချိန်မှာပင် ရောက်ချူးရွှေသည် ယီငေါ်အူ၏ ဝမ်းဗိုက်ထဲတွင် စိုက်ဝင်နေသည့် ဓားရှည်ကို ဆွဲနုတ်ပြီး ယီပွတ်ရောက်၏ လည်မျိုသို့ လျှပ်ပြက်သလို ထိုးသွင်းလိုက်တော့သည်။

အဖြစ်အပျက်က တဒင်္ဂမျှသာ။

ယီပွတ်ရောက်မှာ သေသည့်တိုင် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ပြူးကျယ်ပွင့်ဟလျက် လဲကျသွားတော့သည်။

ယီခုယီ၏ သားတပည့် သုံးယောက်ကား ရောက်ချူးရွှေတို့ကို လုပ်ကြံဖို့ မဆိုထားနှင့်၊ သူတို့အသက်ကိုပင် မကာကွယ်နိုင်ကြပဲ သေဆုံးကုန်ကြတော့သည်။

"ကိုယ်တော်လေးရောက်ဟာ မဟာအမှန်တရားဇရပ်မှာ ခြေတဖက်ပြတ်တဲ့ ဖိန်ကျုံကို မသတ်ပဲ အသက်ချမ်းသာခွင့် ပေးခဲ့တာ သူ့ရဲ့ ကြင်နာမှုပဲ၊ အခုကျတော့ ဒီလူသုံးယောက်ကို တဒင်္ဂအတွင်း သတ်ပစ်လိုက်တယ်၊ အပြစ်မဲ့တဲ့သူတွေကို အဆိပ်ခတ်သတ်တဲ့ ဒီလူတွေကို အကြင်နာတရား မထားဘဲ သတ်ပစ်လိုက်တာဟာ မှန်ကန်တဲ့ လုပ်ရပ်ပဲ၊ သူရဲကောင်းတို့ရဲ့ အကျင့်စရိုက်ပဲ"

ဝန်ပိန်စွမ်းက ထန်ဖန်းအား တီးတိုးပြောသည်။

ပြီးနောက် သက်ပြင်းဖွဖွချကာ...

"ကိုယ်တော်လေးရောက်ရဲ့ အသက်အရွယ်ဟာ ငယ်သေးပေမယ့် ကိုယ်တော်ကြီး စရိုက်ရှိပြီး ပြတ်သားတယ်၊ သတ္တိကောင်းပြီး သတိကြီးတယ်၊ အမြော်အမြင်ဉာဏ် ထက်မြက်ပြီး အကင်းပါးတယ်၊ နောင်အခါ သိုင်းလောကမှာ တခေတ်တယောက်ဆိုလောက်တဲ့ သိုင်းဉကင် ဖြစ်လာနိုင်မှာ မလွဲဘူး"

ထန်ဖန်းမှာ ဝန်ပိန်စွမ်း၏ စကားကြောင့် ရင်ထဲတွင် ကျေနပ်ပီတိ တစိမ့်စိမ့် ဖြစ်ပေါ်နေမိတော့သည်။

ရောက်ချူးရွှေသည် စောစောက အဆိပ်သင့် လဲကျခဲ့ခြင်း မဖြစ်ခဲ့။

ထန်ဖန်းနှင့် တီးတိုးစကားပြောပြီး လက်အိတ်တောင်းယူခဲ့သည်။

ယီခုယီ၏ တပည့်သုံးယောက်က အဆိပ်လက်နက်ဖြင့် ပစ်ခတ်စဉ် ထိုလက်အိတ် စွပ်ထားသော လက်ဖြင့် ဖမ်းယူပြီးမှ လက်အိတ်ကို ရုတ်ချည်း ချွတ်ချခဲ့သည်။

ထို့နောက် ပရိယာယ်ဖြင့် ဟန်ဆောင် လဲကျသွားခြင်း ဖြစ်သည်။

ထက်ဝင်းရွဲ့မှာ ရောက်ချူးရွှေက လက်ဖျစ်တတွတ် အချိန်အတွင်း ဆိုးသွမ်းရမ်းကားသည့် လူသုံးယောက်ကို သတ်လိုက်နိုင်သဖြင့် ဝမ်းသာအားရ ဖြစ်နေမိသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

ထက်ဝင်းရွဲ့ အားပါးတရ ချီးကျူးနေစဉ် ရုတ်တရက် အေးစက်စူရှသည့် အသံတသံ ထွက်ပေါ်လာသည်။

"လူသတ်တာ မကောင်းပါဘူး"

အသံက ဟောင်းနွမ်းနေပြီ ဖြစ်သော ကူယန်ကွမ်းခံတပ်၏ နောက်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

နေအလင်းရောင်က ပျောက်လုတတဲ။

ညီအကို မသိတသိ အချိန်ဟု ဆိုရမည်လား မသိ။

ထိုမသဲမကွဲ အလင်းရောင်ထဲတွင်ပင် ဝတ်စုံဖြူတခုက လေထဲတွင် တဖျပ်ဖျပ် လှုပ်ရှားနေသည်။

ခံတပ်နောက်ဖက် သူရဲခို စင်ကလေးပေါ်မှလူ။

"ခင်ဗျားက ဘယ်သူလဲ"

ချူးနန်းက လှမ်းမေးသည်။

ထိုဝတ်စုံဖြူလူက အေးစက်စက် လေသံဖြင့်...

"မင်းတို့ရဲ့ သေမင်း၊ ငါဟာ အဆိပ်ရောဂါပိုး ဖြစ်တယ်၊ ငါရှိတဲ့နေရာကို အဆိပ်ရောဂါတွေ သယ်ဆောင်လာတယ်"

ဝန်ပိန်စွမ်း မျက်လုံးသူငယ်အိမ် ကျုံ့သွားသည်။

"အဆိပ်ရောဂါပိုး နတ်ဆိုးလား"

ဝန်ပိန်စွမ်း နှလုံးသားများ ပွက်ပွက်ဆူလာသည်။

မဟာအမှန်တရား ဇရပ်ပေါ်တွင် လက်ဝါးသိုင်းထူးချွတ် ဟွမ်ယင်တုံအား ယီခုယီက အဆိပ်ဖြင့် သတ်ဖြတ်ခဲ့သည်။

ဟွမ်ယင်တုံသည် သူ၏ ညီနောင်တယောက်။

သူ့ညီနောင်တယောက်အား သတ်ဖြတ်ခဲ့သူကို လက်တုံ့ပြန်ရပေမည်။

ဤလောကတွင် သူပထမ အမုန်းတီးဆုံးသူက ချီဟန်စန်း။

ဒုတိယ အမုန်းတီးဆုံးသူက ယီခုယီ။

ယီခုယီနှင့် ရင်ဆိုင်တွေ့သည်မို့ ဝန်ပိန်စွမ်း အပြတ်ရှင်းချင်လာသည်။

သွေးကြွေးဆပ်ချင်လာသည်။

ရုတ်ခြည်းပင် ကူယန်ကွမ်းခံတပ်ထဲသို့ မြှားတစင်းအလား ကျွမ်းထိုးဝင်လိုက်သည်။

သူ့ခန္ဓာကိုယ် အုတ်နံရံနှင့် ထိတွေ့စဉ်မှာပင် အမှောင်ရိပ်တရိပ်က သူ့ကိုယ်ပေါ် လွှမ်းသွားသည်။

ချက်ချင်းပင် သူ့ကိုယ်က ဒယီးဒယိုင် ဖြစ်လာသည်။

ခြေလှမ်းနှစ်လှမ်းမျှပင် ပြည့်အောင် မလှမ်းလိုက်ရ။

ယီခုယီ၏ ရှေ့ဘက်တွင် မျက်လုံးအပြူးသားဖြင့် လဲကျသေဆုံးသွားရသည်။

"လူကြီးမင်း ဝန်ပိန်စွမ်း"

ရောက်ချူးရွှေ စိတ်မထိန်းနိုင်ဘဲ လွှတ်ခနဲ အော်လိုက်မိသည်။

ယီခုယီ အေးစက်စက်ပင် ရယ်မောလျက်...

"ဟဲ..ဟဲ..မင်းတို့နဲ့ ငါက အခြေအနေခြင်း မတူဘူး၊ မင်းတို့က ဓားလုံကိုင်ပြီး တိုက်ခိုက်ရတယ်၊ ငါကတော့ မင်းတို့နဲ့ တိုက်ခိုက်ဖို့ အဆိပ်ရှိတယ်၊ ကူယန်ကွမ်းမှာ အဆိပ်တွေ ချထားတယ်၊ မင်းတို့ ဖြတ်ကျော်လာနိုင်မယ်ဆိုရင် ငါ့ကို လာသတ်လှည့်ကြ"

အလင်းရောင်က စုပ်စမြုပ်စ ပျောက်ကွယ်သွားတော့သည်။

ပျပျမှိန်မှိန်ကလေးသာရှိသော ညဆည်းဆာအောက်တွင် ကူယန်ကွမ်း ခံတပ်က ခန့်ညားနေသည်။

သေသေချာချာ ကြည့်လေ ရောက်ချူးရွှေ၏ စိတ်ထဲတွင် မိစ္ဆာဂူကြီးအဖြစ် ထင်မှတ်လာတော့သည်။

ခံတပ်ကြီးက ချောက်ချားစရာ ကောင်းသလို ခံတပ်နောက်ကွယ်မှ ယီခုယီက ပို၍ပင် ကြက်သီးမွေးညင်း ထလောက်အောင် မကောင်းဆိုးဝါး ဆန်နေသည်။

"ဘယ်လို ကျော်ဖြတ်မလဲ"

ရောက်ချူးရွှေ၏ ရင်ထဲတွင် ဆို့နစ်လာသည်။

မိမိတို့နှင့် နှစ်ရက်ခန့် အတူတူ လှုပ်ရှားသွားလာခဲ့သော သူရဲကောင်းကြီး ဝန်ပိန်စွမ်း ဤနေရာတွင် သေဆုံးခဲ့ရပြီ။

အားလုံးအတွက် ထွက်လမ်းကို သူရှာရမည်။

ဝန်ပိန်စွမ်းအတွက် သွေးကြွေးကလဲ့စားချေရမည်။

ကူယန်ကွမ်းခံတပ်ကို ထိုးဖောက်ကျော်ဖြတ်ရန် ရောက်ချူးရွှေ ဆုံးဖြတ်ချက် ချလိုက်သည်။

သူခြေလှမ်းပြင်ဟန် ပြုစဉ်မှာပင်....

"ခင်ဗျားတို့ ထိုးဖောက်ကျော်ဖြတ်သွားလဲ အသုံးမကျတော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ထိုးဖောက်ဖို့ မလိုတော့လို့ဘဲ"

ရောက်ချူးရွှေတို့နောက်သို့ ဖျတ်ခနဲ ခေါင်းလှည့်ကြည့်မိကြသည်။

မျက်နှာဖြူဖြူဖွေးဖွေး ရုပ်ရည်ချောမောသော လူငယ်တယောက်က အောင်မြင်ဝင့်ကြွားစွာ ရပ်လျက် လှောင်ရယ်ကလေး ရယ်နေသည်။

ထိုသူကို တွေ့သည်နှင့် ထန်ဖန်း မျက်နှာတချက် ပျက်သွားသည်။

မျက်လုံးအလင်းရောင် လင်းလက်လာသည်။

"ဟန်စဲ့ဟိုင်လား"

ထိုလူငယ်က ခါးညွတ်လိုက်ကာ…

"ဟုတ်ပါတယ်၊ ကျနော် ဟန်စဲ့ဟိုင်ပါ"

"ငါလဲ ရှိသေးတယ်"

"ငါပါ ပါတယ်ဟေ့"

နောက်ထပ် အသံနှစ်သံကလည်း တဆက်တည်းပင် ထွက်ပေါ်လာခဲ့သည်။

ရန်သူများ လိုက်မှီလာချေပြီတကား။

ဟန်စဲ့ဟိုင်နောက်မှ ပါလာကြသူ နှစ်ယောက်က လျှိုချန်းပြင်နှင့် ဟူကွန်တို့ ဖြစ်သည်။

သူတို့၏ နောက်ဘက်တွင် လူတရာနီးပါးခန့် ပါရှိလာသည်။

ထိုသူများ၏ မျက်လုံးများက အစာတော်နေသည့် မြေခွေးများ၏ မျက်လုံးများပမာ တောက်လက်နေကြသည်။

တစုတဝေးတည်း မနေဘဲ စနစ်ကျစွာ နှစ်သုတ်ခွဲ၍ ရပ်နေကြသည်။

လူအုပ်နှစ်အုပ်၏ အသွင်အပြင်က မတူညီကြ။

တအုပ်က သာမာန်ရိုးရိုး အဝတ်အစားများ ဝတ်ဆင်လျက်…

ကြည့်ရုံနှင့်ပင် ဩဇာအာဏာဂိုဏ်း၏ ပုံစံဖျက် ဂိုဏ်းသားများ ဖြစ်ကြောင်း သိသာနိုင်သည်။

လူပေါင်း ခြောက်ဆယ်ကျော် ရှိသည်။

အခြားတအုပ်ကမူ အနက်ရောင် သိုင်းဝတ်စုံများ ဝတ်ဆင်ကာ နောက်ကျောတွင် ဓားရှည်များ ကိုယ်စီ ချိတ်ဆွဲထားကြသည်။

ရိုးရိုးသားမာန် ဝတ်စားထားသော လူအုပ်၏ ရှေ့တွင် ခေါင်းဆောင်ဖြစ်သူ လူငါးယောက် ရပ်နေကြသည်။

မီးခိုးရောင် ဝတ်ရုံရှည်ကြီးများ ဝတ်ဆင်ထားကြပြီး နောက်ကျောတွင် ဓားရှည် ချိတ်ဆွဲထားသည်။

ရုပ်ရည်အမူအရာများက အေးတိအေးစက် တပုံစံထဲ။

အရပ်အမောင်းက အတိုအရှည် စီထားသည့် တိုင်များအလား။

ထိုလူငါးယောက်ကာ လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ကျော်ခန့်က ရှောက်တုံးကွမ်း တယောက်တည်းနှင့် အောင်မြင်အနိုင်ယူခဲ့သော မိုးပျံဓားငါးလက် ဖြစ်ပေသည်။

ထိုမိုးပျံဓားငါးလက်၏ သိုင်းပညာမှာ မျက်မှောက်ခေတ် မဟာဓားသိုင်းပညာရှင် ခုနှစ်ယောက်၏ အောက်တွင် မရှိပေ။

အခြားဝတ်ရုံနက်ဝတ် လူများ၏ ခေါင်းဆောင်ကိုကား ရှောက်ချူးရွှေ အတိအကျပင် သိသည်။

ယောကျ်ားတယောက်၊ မိန်းမတယောက်။

ယောကျ်ား၏ ဆံပင်များက ရွှေဝါရောင်တောက်ကာ မျက်လုံးများက ပုဇွန်မျက်လုံးလို ပြူးကျယ်သည်။

မျက်ခုံးမွှေးများက အပေါ်သို့ ထောင်တက်နေသည်။

ခြသေ့်ကြီးတကောင် ကဲ့သို့အသွင်။

အမျိုးသမီး၏ ပါးစပ်က ဖလုံကြီးတလုံကဲ့သို့ ကြီးမား ကျယ်ပြန့်သည်။

မျက်လုံးများက ဖန်ဂေါ်လီလို အလင်းရောင်တောက်ကာ မာန်ဖီနေသော ကျားတကောင်ကဲ့သို့။

ထိုနှစ်ယောက်ကာ ခြသေ့်ထီးနှင့် ကျားမ ဘွဲ့အမည် ရသူတို့ ဖြစ်ကြလေသည်။

ခြသေ့်ထီးနှင့် ကျားမတို့သည် ရှောက်ချူးရွှေနှင့် ရန်ငြိုးရန်စ ရှိခဲ့ကြသူများ ဖြစ်သည်။

ရှေ့မှာက ကူယန်ကွမ်၊ အဆိပ်ဖြန့်ထားသော ကူယန်ကွမ်းခံတပ် နောက်ကွယ်မှာက အဆိပ်ရောဂါပိုးနတ်ဆိုး ယီခုယီ။

နောက်ဘက်တွင်ကား ဟူကွန်၊ လျှိုချန်းပြင်၊ မိုးပျံဓားငါးလက်၊ ခြသေ့်ထီး၊ ကျားမနှင့် အဆင့်မြင့်သိုင်းသမားများ။

သူတို့ထက် ပို၍ ကြောက်စရာကောင်းသည်က သိုင်းပညာ အဆင့်အတန်း ခန့်မှန်းရခက်သော ဩဇာအာဏာဂိုဏ်းတွင် မည်သည့်အဆင့်အတန်း ရှိသည်ကို မသိရသေးသော ဟန်စဲ့ဟိုင်။

ထိုလူအုပ်၊ ထိုအန္တရယ်များကို ရှောက်ချူးရွှေတို့ ဘယ်လို ဖြတ်ကျော်ကြမည်လဲ။

ပြေးလမ်းမသာ၊ အခွင့်အရေး မရှိနိုင်တော့။

ဟန်စဲ့ဟိုင် လှောင်ရယ်ကလေး ရယ်လိုက်သည်။

"ခင်ဗျားတို့ အခု ရှေ့မှာလဲ လမ်းမရှိ၊ နောက်မှာကလဲ ရန်သူတွေ လိုက်လာနေကြပြီ၊ ခင်ဗျားတို့အတွက် လမ်းမရှိတော့ဘူး"

ထန်ဖန်းက မာန်စွယ်ငေါငေါ လေသံဖြင့်...

"မိုးဘုရားက သူတော်ကောင်းအတွက် လမ်းပိတ်ဆို့မထားဘူးဆိုတာ မကြားဖူးဘူးလား"

"ဒါဆို လျှောက်ကြည့်လေ"

ထန်ဖန်း လက်တချက် မြှောက်လိုက်သည်။ အဖြူ၊ အနီ၊ အပြာ ပုဇဉ်းပျံ လက်နက်ပုန်း သုံးခုက လုစ်ခနဲ ပြေးထွက်သွားသည်။

မြန်ဆန်သည်။

တိကျသည်။

ဟန်စဲ့ဟိုင်ထံသို့ တန်တန်းမတ်မတ် ဝင်သည်။

ဟန်စဲ့ဟိုင်ကလည်း သွက်လက်သည်။

တည်ငြိမ်အေးဆေးသည်။

လက်နှစ်ဖက် လှုပ်သည်နှင့်ပင် ထန်ဖန်း၏ လက်နက်ပုန်းများ သူ့လက်ထဲတွင် ပျောက်ဆုံးကုန်သည်။

ရောက်ချူးရွှေမှာ ဟန်စဲ့ဟိုင်၏ ပညာကို လေးစားသွားမိတော့သည်။

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ နှစ်ယောက်ကမူ မာန်သွင်းအော်ဟစ်လျက် ဟန်စဲ့ဟိုင်ထံသို့ ဘယ်ညာနှစ်ဖက်ခွဲလျက် ခုန်ဝင်သည်။

ဟန်စဲ့ဟိုင်ကို အသေအကြေ တိုက်ခိုက်ရန် ကြိုးစားသည်။

သူတို့ ခုန်ထွက်လိုက်သောအချိန်မှာပင် ဟန်စဲ့ဟိုင် ကိုယ်ပေါ်တွင် အလင်းရောင်ကွင်းတခု တိုးလာသည်။

ထိုအလင်းတန်းက နှစ်ခုခွဲကာ ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ ထံသို့ အုပ်မိုးသွားသည်။

ထိုအလင်းရောင်ကွင်းထဲတွင် လက်နက်ပုန်း ဆယ့်နှစ်မျိုးစီ ရှိနေသည်။

မတူညီသော လက်နက်ပုန်းများကို တော်ရုံတန်ရုံ အဆင့်မြင့် လက်နက်ပုန်းသမားများ မပစ်လွှတ်နိုင်ကြ၊ လူဆယ်ယောက်ခန့်က ပစ်လွှတ်ရမည့် လက်နက်ပုန်းများ။

ယခု ထိုလက်နက်ပုန်းများကို ဟန်စဲ့ဟိုင်က ပစ်လွှတ်သည်။

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ နှစ်ယောက်မှာ ကစဉ့်ကလျား ဖရိုဖရဲ ဖြစ်ကာ နောက်သို့ ပြန်ဆုတ်လာကြသည်။

ရောက်ချူးရွှေ၏ မျက်စိထဲတွင်မူ ထိုလက်နက်ပုန်း ပစ်လွှတ်နည်းကို ရင်းရင်းနှီးနှီး တွေ့ဖူးသလို ထင်မှတ်နေသည်။

သူ့စိတ်ထဲ အေးစိမ့်သည့် ခံစားချက်တမျိုး ခံစားလိုက်ရသည်။

ဟန်စဲ့ဟိုင်၏ သိုင်းပညာသည် မိုးမြေနတ်ဆိုး ဆယ့်ကိုးပါး၏ အထက်တွင် ရှိရမည်ဟု ခန့်မှန်းလိုက်မိသည်။

သို့ဆိုလျှင် ဟန်စဲ့ဟိုင်သည် ဩဇာအာဏာဂိုဏ်းထဲတွင် မည်သည့် အဆင့်အတန်း ဘွဲ့ရာထူးများ ရရှိထားသနည်း။

ဟန်စဲ့ဟိုင် ခနဲ့ပြုံး ပြုံးလိုက်သည်။

"နောက်ဆုတ်ဖို့ မျှော်လင့်ချက် မရှိတော့ဘူး ဆိုတော့ ခင်ဗျားတို့ ရှေ့ကိုပဲ ထိုးဖောက်တက် ရတော့မှာပေါ့"

အမှောင်က သိပ်သည်းစပြုလာသည်။

အခြေအနေက ခြောက်ခြားစရာ ကောင်းသည့် အခြေအနေ။

ကူယန်ကွမ်း ခံတပ် တံခါးဝမှ ယီခယီ၏ ဝတ်ရုံဖြူက ညအမှောင်ထဲတွင် အလင်းရောင် တခုလို။

"ရှေ့တိုးလာရင်တော့ ကူယန်ကွမ်းကို ဖြတ်ကျော်ရလိမ့်မယ်"

ယီခယီက ခြိမ်းခြောက်သည်။

ဟူကွန်က အမြင်ကတ်စရာကောင်းလောက်အောင် ရယ်မောကာ ချူးနန်းကုအား လက်ညှိုးထိုးလျက်...

"သူ့ကိုတော့ ကျုပ်အတွက် ချန်ထားရလိမ့်မယ်၊ သူက ကျုပ်ကို လက်ဝါးတချက်နဲ့ လုပ်ကြံခဲ့ဖူးတယ်၊ သူနောင်တရအောင် ဆုံးမပေးရလိမ့်မယ်"

အရိပ်မဲ့နတ်ဆိုး လျှိုချန်းပြင်က ခေါက်ယပ်တောင်ကို ဖျတ်ခနဲ ဖွင့်လိုက်သည်။

"ဟိုကောင်မလေးကိုတော့ ငါ့အတွက် ချန်ထားရလိမ့်မယ်"

ထန်ဖန်းကို လက်ညှိုးညွှန်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

ခြသေ့်ထီးကလည်း ဒေါသသံဖြင့်..

"ရောက်ချူးရွှေကို ကျုပ်အတွက် ပေးရမယ်"

ကျားမက ကြီးမားသော ပါးစပ်ကြီးကို ဖြဲကာ...

"တို့က သူ့အသားကို အစိမ်းလိုက် ဝါးစားမယ်"

အသီးသီး ခွဲတမ်းချ နေကြသည်။ မိုးပျံဓားငါးလက်ကမူ ဘာမျှ အသံမပြု။ ဓားအိမ်အတွင်းမှ ဓားရှည်များကိုသာ ဖြေးညှင်းစွာ ဆွဲထုတ်လိုက်ကြသည်။

ဟန်စဲ့ဟိုင်က သက်ပြင်းတချက်ချကာ...

"ခင်ဗျားတို့ အသက်တွေ ဒီလောက် ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက် လူအများကြီးက အရိုးစွဲအောင် မုန်းတီး နေကြတာကတော့ ကျုပ်လဲ မတတ်နိုင်တော့ဘူး"

"ခွေးမသား တတ်နိုင်တယ် မတတ်နိုင်ဘူး ပြောရအောင် မင်းက ဘာကောင်မို့လို့လဲ"

ကျိုချူးချောက်လန် ငေါက်ငမ်းသည်။

ဟန်စဲ့ဟိုင် ဘာမှ ပြန်မပြောမနေတော့။ ယီခုယီဘက်သို့ လှည့်ကာ အသံကျယ်ကျယ်ဖြင့် အော်ပြောသည်။

"နောင်ကြီးယီ ကြည့်ရတာ ဒီလူတသိုက်က ခင်ဗျားဘက်ကို ထိုးဖောက်ထွက်မယ်နဲ့ တူတယ်၊ ခင်ဗျားတယောက်တည်း အဲဒီမှာ ရှိနေတော့ ဖြစ်ပါ့မလား၊ ကျုပ်ခင်ဗျားနဲ့ လာပြီး အဖော်ပြုပေးရရင် ကောင်းမယ်ထင်တယ်"

ယီခုယီက တည်ငြိမ်အေးစက်စွာဖြင့်...

"ညီလေးဟန် လာမယ်ဆိုရင်တော့ ကျုပ်က ကြိုဆိုပါတယ်၊ ဒါပေမယ့် ကူယန်ကွမ်းကို ကျော်ဖြတ်ဖို့က မလွယ်ဘူးနော်"

"အဲဒါ ဘာမှ ကိစ္စမရှိပါဘူး"

ဟန်စဲ့ဟိုင်က ယီခုယီကို ပြောရင်းမှ လျှိုချုန်းပြင်ဘက်သို့ လှည့်ကာ...

"ဒီနေရာမှာတော့ ခင်ဗျားတို့ကိုပဲ အားကိုးရတော့မယ်"

လျှိုချုန်းပြင်မှာ ဟန်စဲ့ဟိုင်၏ မာန်မာန ထောင်လွှားမှုကို ကြည့်မရခဲ့ပေ။ သို့သော် သြဇာအာဏာဂိုဏ်း၏ တတိယခေါင်းဆောင် လျှိုရွှေဖုန်း၏ လူရင်းတယောက် ဖြစ်နေသဖြင့် အတိုက်အခံ မလုပ်ဝံ့။ မပြစ်မှားဝံ့။ အလိုက်အထိုက်သာ ဆက်ဆံ ပြောဆိုနေရပေသည်။

"စိတ်သာချပါ၊ တယောက်မှ ပြေးမလွတ်နိုင်ဘူးဆိုတာ အာမခံပါတယ်"

လျှိုချုန်းပြင် ကိုယ့်ကိုကိုယ် ယုံကြည်မှု ပြည့်ဝစွာဖြင့် ပြောသည်။

"ကောင်းပြီလေ၊ အားတော့နာပါတယ်၊ ခင်ဗျားတို့ကိုပဲ တာဝန်ပေးရမှာပဲ"

ဟန်စဲ့ဟိုင်က စကားဆုံးသည်နှင့် နောက်ပြန်ခုန်ထွက်ပြီး တပတ်ကျွမ်းထိုးလိုက်သည်။ ကူယန်ကွမ်း အုတ်နံရံကို ကျော်လွန်ကာ သူ့ကိုယ်ရိပ်က ယီခုယီနံဘေးသို့ ကျရောက်သွားသည်။

ဆယ့်ငါးပေကျော် အကွာအဝေးကို တချက်တည်း ခုန်ပျံလိုက်သည်နှင့် နံရံကို ကျော်ဖြတ်ဝင်ရောက်သွားသည်မှာ ရောက်ချူးရွှေ အဖို့ အံ့ဖွယ်ပင် ဖြစ်နေသည်။

ဟန်စဲ့ဟိုင်၏ သိုင်းပညာသည် ချီဟန်စန်းနှင့် ရင်ဘောင်တန်းနိုင်သည်ဟုပင် ရောက်ချူးရွှေ ထင်မှတ်နေမိပြန်သည်။

"တယ်ကောင်းတဲ့ ကိုယ်ဖော့ပညာပါလား"

ယီခုယီက ဟန်စဲ့ဟိုင်အား ချီးကျူးစကားဆိုသည်။

ဟန်စဲ့ဟိုင်က မခိုးမခန့် ရယ်ကာ...

"တကယ်ကောင်းရဲ့လား"

"တကယ်ကောင်းတာပေါ့"

"တကယ်တော့ ကျနော် အုတ်နံရံကို ကျော်ဖြတ်တဲ့ အချိန်မှာ ခင်ဗျားစိတ်ထဲ ဒီကောင်လေး သိပ်ထောင်လွှားတာပဲ၊ သူနဲ့ လျှိုရွှေဖုန်းသာ ခင်မင်ရင်းနှီးမှု မရှိရင်၊ ဓားဘုရင်ကိုယ်တိုင်က ငါတို့နဲ့ မိတ်ဆက်ပေးခဲ့တာ မဟုတ်ရင် ငါသူ့ကို အဆိပ်ခတ် အစွမ်းပြလိုက်ချင်ပါရဲ့လို့ စိတ်ကူးနေတယ် မဟုတ်လား"

ဟန်စဲ့ဟိုင်၏ ကောက်ချက်ချ စကားကြောင့် ယီခုယီ မျက်နှာ ကွက်ခနဲ ပျက်သွား၏။ အလျင်အမြန်ပင် ဣန္ဒြေပြန်ဆယ်လိုက်ကာ...

"ညီလေးဟန်က မယုံသင်္ကာစိတ် တယ်များတာကိုး"

ဟန်စဲ့ဟိုင် သဘောကျစွာ ရယ်ပစ်လိုက်သည်။

"ဒီလိုလုပ်ပါလား၊ အကိုကြီးယီ စိတ်ကျေနပ်အောင် ကျနော်တို့ အလောင်းအစား တခုလုပ်ကြမယ်"

"ဘာကို လောင်းမှာလဲ"

"လူသတ်ကြေး လောင်းမယ်"

"ဩော်.."

ဟန်စဲ့ဟိုင်က လေသံတိုးတိုးဖြင့်...

"ဟိုလူတသိုက်ကို သတ်မယ်၊ ခင်ဗျားက အဆိပ်သုံး၊ ကျနော်က လက်နက်ပုန်း သုံးမယ်"

ယီခုယီ စိတ်ထဲတွင်...

"ငါက အဆိပ်သုံးတာ လူကို အသံမထွက်ပဲ သတ်နိုင်တယ်၊ များများလဲ ပိုသတ်နိုင်တယ်၊ မင်းလိုကောင်က ငါ့ကို နိုင်မယ်တဲ့လား"

ထိုသို့ တွေးလိုက်သော်လည်း နှုတ်ဖျားကမူ အေးတိအေးစက် အသံဖြင့်...

"ဒီလိုဆို ကောင်းပြီလေ၊ ဘယ်လိုလောင်းကြမလဲ"

"လူသတ်တာ လောင်းမယ်လေ၊ ဘယ်သူသတ်တာက ပိုမြန်သလဲ၊ ပိုများများ သတ်နိုင်သလဲ ဆိုတာကို ကြည့်မယ်"

"ဘယ်တော့စမလဲ"

"အခုစမယ်"

ဟန်စဲ့ဟိုင်၏ စကားဆုံးသည်နှင့် ယီခုယီ၏ လက်နှစ်ဖက် ဆန့်တန်းထွက်လာသည်။ သူလက်ထွက်သည်နှင့် အလွန်ဆန်းကြယ်သော အဖြစ်တခု ဖြစ်ပေါ်လာသည်။

ကူယန်ကွမ်း ခံတပ်၏ ဟောင်းနွမ်းသော အုတ်နံရံများပေါ်မှ အုတ်ခဲများသည် ပါးလွှာသော အစိမ်းပုတ်ရောင်ကဲ့သို့ ရုတ်တရက် ပြောင်းလဲသွားပြီး ရှေ့သို့လျင်မြန်စွာ တိုးဝင်ရွေ့လျားလာသည်။

အမှတ်တမဲ့ ကြည့်လျှင် ပါးလွှာသော မြူနှင့်တထပ် ကျဆင်းနေသကဲ့သို့ ထင်မှတ်ရသည်။

အသေအချာ ကြည့်ပါမူ အထောင်အသောင်းသော ပိုးကောင်များ ပြိုင်တူ ရှေ့သို့ တိုးလာသည်ကို တွေ့နိုင်သည်။

ထန်ဖန်းမှာ စိတ်မထိန်းချုပ်နိုင်ဘဲ နှုတ်ဖျားမှာ အာမေဋိတ်သံ ထွက်သည်။

မာကျင်ကျုံးလည်း မျက်နှာပျက်ပျက်ဖြင့်...

"အဆိပ်ပြုစားပိုး"

အဆိပ်ပြုစားပိုးသည် သတ်၍မသေ။

ခေါင်းအခဲရဆုံးသော အဆိပ်ပိုး ဖြစ်ပေသည်။

ရောက်ချူးရွှေတို့မှာ အရှူးမီးဝိုင်း ခံရသည့် အဖြစ်မျိုး။

ရှေ့မှာက အဆိပ်ပြုစားပိုး။

နောက်မှာက အင်အားကြီး ရန်သူ။

ပြေးပေါက်မရှိ။

အဆိပ်ရောဂါပိုးနတ်ဆိုး ယီခုယီမှာ အဝေးရောက် ပြုစားပိုးကို ထိန်းချုပ်နိုင်သော မခန့်မှန်းနိုင်သည့် အဆင့်သို့ ရောက်ရှိနေပေရာ ကြောက်စရာ ပိုကောင်းတော့သည်။

ပြုစားပိုးများ လှုပ်ရှားလာစဉ်မှာပင် ယီခုယီသည် လူစင်စစ်က သင်းခွေချပ်တကောင် ဖြစ်သွားသည်။

သူ့ကိုယ်ပေါ်တွင် ရာပေါင်းများစွာသော လက်နက်ပုန်းအပ်များက စိုက်ဝင်နေသည်။

အပ်ဆူးများက ဖြူးကဲ့သို့။

"ကျုပ်နိုင်ပြီ၊ ကျုပ်အရင်ဆုံး လူတယောက်ကို သတ်လိုက်နိုင်ပြီ"

ဟန်စဲ့ဟိုင် စကားအဆုံးတွင် ယီခုယီမှာ ဝန်ပိန်စွမ်း၏ အလောင်းနံဘေးသို့ လဲကျသွားတော့သည်။

ဝန်ပိန်စွမ်း၏ ပြူးထွက်နေသော မျက်လုံးအစုံက သူ့ကို လှောင်ပြောင်နေသည့် အလား ရှိတော့သည်။

ယီခုယီ သေဆုံးသွားသည်နှင့် အဆိပ်ပြုစားပိုးကောင်များလည်း ထူးဆန်းစွာ ပျောက်ကွယ်သွားသည်။

ဟန်စဲ့ဟိုင်သည် ကူယန်ကွမ်းမှ ခုန်ပျံကာ ရောက်ချူးရွှေတို့ ရှေ့သို့ ရောက်ရှိလာခဲ့ပြီ။

"အခု ရှေ့မှာ လမ်းရှိပြီ"

ပြောပြောဆိုဆိုပင် လျှိုချုန်းပြင်တို့ ရှေ့သို့ ခုန်ဝင်သွား၏။

လျှိုချုန်းပြင်မှာ ထိတ်လန့်ကာ နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်လိုက်သည်။

ဟန်စဲ့ဟိုင်ကား ရယ်မြဲရယ်နေလျက်။

"ဟန်စဲ့ဟိုင်...မင်း..မင်း"

ဟူကွန်က ဒေါသဖြင့် ရေရွတ်သည်။

ဟန်စဲ့ဟိုင်က သရော်ပြုံးကလေးပြုံးကာ...

"ကျုပ်နာမည် ဟန်စဲ့ဟိုင်လို့ မခေါ်ဘူး"

လျှိုချုန်းပြင် မျက်နှာပျက်သွားသည်။

ထစ်ထစ်ငေါ့ငေါ့ မေးသည်။

"ဒါ..ဒါဖြင့်..မင်းက"

"ကျုပ်က ဟန်အမျိုး မဟုတ်ဘူး၊ ထန်အမျိုးပဲ"

ဟူကွန်နှင့် လျှိုချုန်းပြင်တို့ တအံ့တသြဖြစ်ကာ မျက်လုံးများ ဝိုင်းစက်ကုန်ကြသည်။

"ဟုတ်တယ်၊ သူ့နာမည် ဟန်စဲ့ဟိုင် မဟုတ်ဘူး၊ ထန်ဖိန်"

ထန်ဖန်းက ဝင့်ဝင့်ကြွားကြွားကလေး ဝင်ပြောလိုက်ခြင်း ဖြစ်ပေသည်။

ထန်ဖိန်။

ထန်မျိုးဆက် မိသားစုထဲတွင် အပေါင်းအသင်း ဆန့်လွန်းသော ထန်ဖိန်။

ရောက်ချူးရွှေ တဖြည်းဖြည်း သဘောပေါက်လာသည်။

ဟန်စဲ့ဟိုင် လက်နက်ပုန်း ပစ်စဉ် လက်လုပ်ရှားပုံ ဟန်ပန် မြင်ဖူးသလို ရှိခဲ့ခြင်းမှာ ထန်မျိုးဆက် မိသားစု၏ လက်နက်ပုန်း ပစ်ခတ်နည်း ဖြစ်နေသောကြောင့်ပင်တည်း။

ယီခုယီ သေဆုံးပြီး ဟန်စဲ့ဟိုင်က ထန်ဖိန်ဖြစ်ကာ သူတို့ဘက်မှ ပါနေပြီ ဖြစ်သဖြင့် ရောက်ချူးရွှေတို့ ဝမ်းသာသွားကြသည်။

ဘာပဲဖြစ်ဖြစ် စောစောကထက်စာရင် လမ်းစပွင့်လာပြီ မဟုတ်ပါလား။

ဟန်စဲ့ဟိုင်က သူ့ကိုယ်သူ ထန်ဖိန်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည့်တိုင် ခြသေ့်ထီးနှင့် ကျားမတို့က မလှုပ်။

မိုးပျံခားငါးလက်တို့က ဖြစ်ပျက်ပြောင်းလဲပုံကို အေးတိအေးစက်ပင် ကြည့်နေသည်။

ဟူကွန်မှာမူ ဒေါသအကြီးအကျယ်ထွက်ကာ ထခုန်တော့သည်။

"မင်းက သူလျှိုလား"

ထန်ဖိန်က တဟင်းဟင်း ရယ်လိုက်သည်။

"သြဇာအာဏာဂိုဏ်းက ထန်မျိုးဆက် ရဲတိုက်ကို သိမ်းပြီး ဖြိုခွဲချင်နေတယ်၊ ဒီတော့ ကျုပ်တို့ ထန်မျိုးဆက် မိသားစုကလဲ ကိုယ့်ရဲတိုက် လုံခြုံရေးအတွက် မကာကွယ်ဘဲ နေပါ့မလား"

ဟူကွန်၏ မျက်နှာအရောင် အမျိုးမျိုး ပြောင်းလဲလာသည်။

"စဲ့ချွမ်းနယ် ထန်မျိုးဆက်မိသားစုရဲ့ လက်နက်ပုန်းပညာက သိုင်းလောကမှာ ပြိုင်စံရှားတယ်လို့ ကြားခဲ့တာ ကြာပြီ၊ ဒီကနေ့ တို့ ဆုံးမဖို့ အခွင့်သာတာပဲ"

ဟူကွန်က "တို့" ဟူသော စကားအပြီးတွင် နောက်လှည့်ကြည့်သည်။

လျှိုချုန်းပြင် အမူအရာက အေးတိအေးစက်မို့ သူ့ရင်ထဲ တချက်ထိတ်သွား၏။

"မင်းတို့ ဘာလုပ်နေကြတာလဲ၊ ဘာလို့ မတိုက်ကြသေးတာလဲ၊ တိုက်ကြပါတော့လား"

ဟူကွန် ဒေါသတကြီး အော်ဟစ်သည်။

လျှိုချုန်းပြင် ပါးစပ်ဟလိုက်ပြီးမှ ပြန်ပိတ်သွားရသည်။

ထန်ဖိန်က...

"ကဲ..ခင်ဗျား မတိုက်ရင် ကျုပ်အရင်ဆုံး စတော့မယ်"

ဟူကွန်က ရုတ်တရက် ကိုယ်လှည့်ကာ လှုပ်ရှားသည်။

လက်ဦးမှုကို အပြည့်အဝ ယူသည်။

ဘယ်ညာ တံတောင်ဆစ်မှ ဝှစ်ခနဲ အသံနှစ်သံ မြည်ပြီး ထန်ဖိန်ထံသို့ ပြေးဝင်သွားသည်။

ထန်ဖိန် မရှောင်ရှား။

ဘယ်ညာ လက်နှစ်ဖက် လက်ချောင်းဖြင့် နှစ်ချက်တောက်ထုတ် ဖယ်ရှားသည်။

လက်နက်ပုန်း နှစ်ခု တိမ်းစောင်းသွားစဉ်မှာ ထန်ဖိန် မျက်နှာ တချက်ပျက်သွားသည်။

ရုတ်တရက် ဆယ်ပေကျော်ခန့် ခုန်ပျံလိုက်သည်။

ရောက်ချူးရွှေမှာ ထန်ဖိန် လှုပ်ရှားပုံကို ကြည့်ပြီး သဘောမပေါက်။

ဟူကွန် လက်နက်ပုန်း ပစ်လွှတ်စဉ်က မရှောင်ရှား။

လက်နက်ပုန်းကို တောက်ထုတ် ဖယ်ရှားပြီးကာမှ ထန်ဖိန်က အဘယ့်ကြောင့် ရှောင်ရှားရသနည်း။

လေပြင်ထဲတွင် ခုန်ပျံနေစဉ် တဖက်ရန်သူက လက်နက်ပုန်းနှင့် ထပ်မံပစ်ခတ်လျှင် ရှောင်တိမ်းရခက်မည်ကို ထန်ဖိန် မတွေးမိဘူးလား။

"ရှပ်..ရှပ်"

စောစောက ထန်ဖိန်ရပ်နေခဲ့သော နေရာမှ တိုးညှင်းလွန်းသော အသံနှစ်သံ ထွက်ပေါ်လာသည်။

လက်နက်ပုန်း လေတိုးသံ။

ထို့နောက် လက်နက်ပုန်းနှစ်ခု မြေပြင်ထဲသို့ စိုက်ဝင်သွားသည်။

ရောက်ချူးရွှေ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

ဟူကွန်သည် အသံထက်လျင်မြန်သော လက်နက်ပုန်းကို ဟန်ပြ ပစ်လွှတ်တိုက်ခိုက်ခဲ့ပြီး တိုးညှင်းငြင်သာသော လက်နက်ပုန်းကသာ ရက်စက်စွာ ဝိဉာဉ်ခြွေမည့် အဓိကလက်နက်ပုန်းအဖြစ် ပစ်လွှတ်ခဲ့ခြင်း ဖြစ်ပေသည်။

ထန်ဖိန်နေရာတွင် မိမိသာ ရောက်နေပါက အသက်ရှင်လျက် မရှိနိုင်တော့ ဟူ၍လည်း ရောက်ချူးရွှေ တွေးလိုက်မိသည်။

ဟူကွန်၏ တိုက်ခိုက်မှုအားလုံးကို ထန်ဖိန်က အသေပိတ်ဆို့ ချေဖျက်သည်။

ထို့နောက် သံမဏိမြား ခုနစ်စင်းဖြင့် ပြန်လည် တိုက်စစ်ဆင်သည်။

မြားတံများက ထွက်သွားစတွင် အရှိန်နှေးသော်လည်း ဟူကွန်အနီး ရောက်သည်နှင့် အရှိန်က မြန်လာသည်။

ဟူကွန်၏ ကိုယ်ခန္ဓာပေါ်မှ အဓိကသွေးကြော ခုနစ်ကွက်နေရာကို တစိုက်မတ်မတ် တိုးဝင်သည်။

"ခုနစ်စင်ကြယ်နတ်မြား"

ဟူကွန် အထိတ်တလန့်ပင် အော်ဟစ်လိုက်မိသည်။

ထိုခုနစ်စင်ကြယ်နတ်မြားသည် ပန်းချောင်းဓားဂိုဏ်း၏ တံခါးမကြီးရှေ့တွင် ထန်တာ့က အဆိပ်တရာနတ်ဆိုး ဗာကူးဖန့်အား သတ်ဖြတ်အနိုင်ယူခဲ့သော အကွေ့တထောင် ခုနစ်စင်ကြယ် သံမဏိမြားပင် ဖြစ်ပေသည်။

ဗာကူးဖန့်လို ကောက်ကျစ်ယုတ်မာသူ တယောက်ပင် ထိုခုနစ်စင်ကြယ်နတ်မြား လက်နက်ပုန်းကို ရှောင်တိမ်းမရခဲ့။

ဟူကွန်လို လက်နက်ပုန်းပညာရှင် တယောက်အဖို့ ပို၍ပင် နားလည် ကြောက်ရွံ့မိပေသည်။

ရုတ်ချည်းပင် မြေပေါ်တချက် လှိမ့်လိုက်သည်။

ပေနှစ်ဆယ်အကွာသို့ လှစ်ခနဲ ရောက်သည်။

ခုနစ်စင်ကြယ်နတ်မြား လက်နက်ပုန်း အန္တရာယ်မှလည်း လွတ်ကင်းသွားသည်။

သူသည် ထိုရှောင်ရှားခြင်းမျိုးဖြင့် ချူးနန်းကုနှင့် ဝန်ပိန်စွမ်းတို့၏ တိုက်ခိုက်မှုမှလည်း ရှောင်တိမ်းခဲ့ဖူးသည်။

ရောက်ချူးရွှေ စိတ်ထဲက ထိုမြေလှိမ့်ကွက်လေးကို သဘောကျစွာ မှတ်ထားလိုက်မိသည်။

ထန်ဖိန်မှာမူ တိုက်ကွက်သုံးကွက် ထုတ်ပြီးသည့်တိုင် တဖက်ရန်သူကို အနိုင်မယူနိုင်သဖြင့် မျက်မှောင်ကြီး ကြုတ်သွားမိသည်။

ဟူကွန်ကို မသတ်နိုင်လျှင် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ အကျိုးဆက်က ကောင်းမည့် အနေအထားမရှိ။

ထို့ကြောင့် မိုးနှင်းမြူလက်နက်ပုန်းကို နောက်ဆုံး ပစ်လွှတ်လိုက်ရတော့သည်။

ထိုမိုးနှင်းမြူသည် သုံးမျိုးထူးချွန်နတ်ဆိုး ခုံယန်ချင်အား ထန်ဖန်းက ပစ်ခတ်ခဲ့ပြီး အနိုင်ယူ သတ်ဖြတ်ခဲ့သည့် လက်နက်ပုန်းတမျိုး ဖြစ်ပေသည်။

မိုးနှင်းမြူ ပျံ့လွင့်လာသည်ကို တွေ့သည်နှင့် ဟူကွန်မှာ နှင်းမြူထဲသို့ ရောက်သည့်အလား လက်နက်ပုန်းများ အကြားတွင် နစ်သွား၏။

ဆွေးဆွေးမြည့်မြည့် အော်ဟစ်သံပြုသည်။

သို့သော် ထိုမိုးနှင်းမြူလက်နက်ပုန်း ထုထည်များ အကြားမှ ဟူကွန် ဖောက်ထွက်လာနိုင်သေးသည်။

သူ့တကိုယ်လုံး သွေးများ စွန်းပေနေသော်လည်း အသက်မသေသေး။

ကိုယ်ကို တချက်ငုံ့လိုက်သည်နှင့် မြင်ကွင်းမှ လှစ်ခနဲ ပျောက်သွားသည်။

သို့သော် မာကျင်ကျုံးက မျက်စိကစားကြည့်ပြီး လှစ်ခနဲ ပြေးသွားကာ မြေပြင်တနေရာသို့ လက်သီးဖြင့် အစွမ်းကုန် ထိုးချလိုက်သည်။

"ဘုန်း..."

"အွတ်..."

ဟူကွန်၏ ခါးရိုးများ ကြေမွကာ အတွင်းအားများ ပျံ့ပြယ်သေဆုံးသွားတော့သည်။

"နောင်ကြီးရဲ့ မြင်းထိုင်ခြေလှမ်းက တယ်ခိုင်မာပါလား"

ထန်ဖိန်က ချီးကျူးစကားဆိုသည်။

ရောက်ချူးရွှေက မာကျင်ကျုံးကိုယ်စား ဝင်ဖြေ၏။

"သူ့နာမည်က မြေကျအမြစ်ပေါက်လို့ ခေါ်တယ်"

"လက်စသတ်တော့ အကိုမာကိုး၊ ဒါကြောင့် ဟူကွန်ရဲ့ အမြစ်ကို တခါတည်း ရှာထုတ်နိုင်တာပဲ၊ တော်သေးတာပေါ့၊ သူ့အကိုမှာ မျက်စိအောက်က မပုန်းမရှောင်နိုင်လို့၊ သူသာ ထွက်ပြေးသွားရင် အားလုံးအတွက် မကောင်းဘူး"

ထန်ဖိန်က ထိုစကားကို လျှိုချုန်းပြင်၏ မျက်နှာကို ကြည့်ပြီး ပြောနေခြင်း ဖြစ်သည်။

လျှိုချုန်းပြင်၏ မျက်နှာအမူအရာက အနည်းငယ် သဘောမကျ မကျေနပ်သည့်အသွင် ဆောင်နေသည်။

သို့သော် ဟန်ဆောင်ထိန်းချုပ်ကာ မထီတရီလေး ပြုံးရယ်လိုက်သည်။

"မင်းတို့ ဟူကွန်ကို သတ်လိုက်တော့ မင်းတို့လဲ ပိုပြီး စောစောစီးစီး သေကြရုံပဲပေါ့"

ထန်ဖိန်က လျှိုချုန်းပြင်၏ မျက်နှာကို စေ့စေ့ကြည့်ကာ...

"ခင်ဗျားက သူ့အတွက် ကလဲ့စားချေမလို့လား"

လျှိုချုန်းပြင် စကားမပြန်။

ထန်ဖိန်ကသာ လှောင်ပြုံးကလေး ပြုံးလိုက်သည်။

"အဟင်း..ဟင်း..စိတ်ချ၊ ဒီညကိစ္စကို ခင်ဗျားကသာ ထုတ်မပြောနဲ့၊ ဘယ်သူကမှ ထုတ်ပြောကြမှာ မဟုတ်ဘူး"

လျှိုချုန်းပြင်က ဩဇာအာဏာဂိုဏ်းမှ လူများဘက်သို့ မျက်ရိပ်ပြကာ...

"သူတို့ကရော"

"ဒါကို မပူပါနဲ့၊ ခြသေ့်ထီးနဲ့ ကျားမ...ခင်ဗျားတို့ရဲ့ ခလေးတွေ ကျုပ်တို့ ထန်မိသားစု ရဲတိုက်မှာ ရှိနေသေးတယ်၊ ဘာမှ စိတ်မပူနဲ့၊ ကျုပ်တို့ ကောင်းကောင်းမွန်မွန် ထိန်းသိမ်းစောင့်ရှောက်ထားတယ်"

ထို့နောက် မိုးပျံဓားငါးလက်ဘက်သို့ လှည့်ကာ...

"ခင်ဗျားတို့ ငါးယောက်ဟာ တခါတုံးက ရန်ငြိုးနဲ့ လျှိုရွှေဖုန်ရဲ့ ဝမ်းကွဲညီ လျှိုဖေးချီကို သတ်ခဲ့တယ်၊ အဲဒီတုံးက ခင်ဗျားတို့ဟာ လျှိုဖေးချီကို လျှိုရွှေဖုန်းရဲ့ ဆွေမျိုးဖြစ်တယ်ဆိုတာ မသိခဲ့ပေမယ့် လျှိုရွှေဖုန်းကသာ ဒီအကြောင်းတွေကို သိသွားမယ်ဆိုရင်..ဟင်း..ဟင်း..ခင်ဗျားတို့ သေရတာထက် ဘဝဆိုးသွားလိမ့်မယ်၊ ဒီကနေ့ ကျုပ်ဟူကွန်ကို သတ်တာ နောင်ကြီးလျှိုချုန်ပြင် အနေနဲ့ ကြည့်မယ်ဆိုရင် သူတို့ငါးယောက် လျှိုဖေးချီကို သတ်တာလောက်တော့ မဆိုးဘူး"

ထန်ဖိန် ကိုယ်လုံးကို ဆန့်ထုတ်လိုက်သည်။

သူ့အသွင်က အားလုံးကို ပိုင်နိုင် လွှမ်းမိုးသည့် သွင်ပြင် အမူအရာ အပြည့်ရှိသည်။

လူအားလုံးမှာ သူ့ထံသို့ အာရုံရောက်နေကြသည်။

"ဒီတော့ ခင်ဗျားတို့ ငါးယောက် ကျုပ်နဲ့တူတူ ကောင်းကောင်းမွန်မွန် အသက်ဆက်ရှင်ချင်သေးတယ်ဆိုရင်..."

ထန်ဖိန် မိုးပျံဓားငါးလက်ဘက်သို့ လှည့်ကာ သဘောထား တောင်းခံသည်။

မိုးပျံဓားငါးလက်က အစီအစဉ်တကျပင်...

"ကောင်းကောင်းမွန်မွန် ဆက်အသက်ရှင်ချင်ရင်..."

"ပါးစပ်ပေါက် ပိတ်ရမယ်"

"ဒီအချက်ကို တို့နားလည်ပါတယ်"

"ညီလေးထန်လဲ နားလည်မှာပေါ့"

"ဒါကြောင့် တို့အားလုံး ဘာမှမပြောဘူး"

မိုးပျံဓားငါးလက်၏ အသံမှာ သံချပ်တိုက်နေသလိုပင် ထင်ရသည်။

ထန်ဖိန်က သဘောကျလွန်းသဖြင့် လက်ခုပ်လက်ဝါး တီးလိုက်သည်။

"ခင်ဗျားတို့ ငါးယောက်က တော်တော် သဘောပေါက်လွယ်တဲ့ လူတွေပဲ၊ ခင်ဗျားတို့ နှုတ်လုံရင် ခင်ဗျားတို့ လက်အောက်က လူတွေကိုတော့ ပြောစရာ မလိုတော့ဘူး"

ထန်ဖိန် လျှိုချုန်းပြင်ဘက်သို့ လှည့်လိုက်ပြန်သည်။

"ကဲ..အခု ခင်ဗျားစိတ်ချပြီ မဟုတ်လား"

လျှို့ချန်းပြင် သက်ပြင်းတချက်ချကာ...

"ငါစိတ်မချဘူးလို့ ပြောနိုင်မလား၊ စိတ်မချဘူးလို့ ပြောတဲ့ ယီခုယီဟာ သင်းခွေချပ်တကောင် ဖြစ်သွားပြီ၊ ဟူကွန်ဟာလဲ မြေကြီး ညြဇာဖြစ်ပြီ"

"ခင်ဗျား စိတ်မချဘူးလို့ ပြောတာက သူတို့ရဲ့ သေခြင်းတရား မဟုတ်ဘူး၊ ကိုယ့်အတွက်ပဲ ဖြစ်တယ်၊ ခင်ဗျားဟာ အရင်က ဂိုဏ်းချုပ်ကြီး လီချိန်ကြိုးရဲ့ အမိန့်အရ ယန်စီကျန်မြစ် ရေလမ်းမှာ သောင်းကျန်းနေတဲ့ မိုးဘုရင်ကြီးကျူးကို စုံစမ်းခဲ့ရတယ်၊ ကျူးစွန့်ရွှေဆိုတာ မိုးဘုရင်ကြီးကျူး ဟုတ်မဟုတ် ဖော်ထုတ်ပေးရမယ်၊ ဒီအချက်ကို စုံစမ်းဖို့ ဆိုတာက လွယ်တာမဟုတ်ဘူး၊ အသက်အန္တရာယ်နဲ့ သိပ်ကို နီးစပ်လွန်းတယ်၊ ခင်ဗျားက ကိုယ့်အသက်ကို သိပ်ကို ခင်တွယ်လွန်းတဲ့လူဆိုတော့ အသေအချာ မစုံစမ်းဘူး၊ သက်သေအထောက်အထား အတုအပတွေလုပ်ပြီး မိုးဘုရင်ကြီးကျူးဟာ ကျူးစွန့်ရွှေ ဟုတ်မှန်ကြောင်း ပြန်ကြားလိုက်တယ်၊ ဟဲ..ဟဲ...ဒီကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျား ကိုယ်တိုင်ကိုယ်ကျ သွားမစုံစမ်းခဲ့တဲ့ အထောက်အထားတွေ ကျုပ်မှာ အပြည့်အစုံ ရှိနေတယ်"

လျှို့ချန်းပြင်၏ မျက်နှာမှာ သွေးပင် မရှိတော့။

"ဂိုဏ်းထဲက ဒဏ်ခတ်တာကို ညီ...ညီလေး သိပါတယ်နော်"

"သေတာထက် ရှင်တာမှ ပိုကောင်းဦးမယ်"

"ငါ..ငါ ဒီကိစ္စကို ဝင်မစွက်ဖက်တော့ဘူး၊ မင်း..မင်းလဲ ငါ့ကိစ္စကို ဝင်မစွက်ဖက်ပါနဲ့"

လျှို့ချန်းပြင် နဖူးမှ ချွေးစေးတို့ မတိတ်သေး။

စိတ်မတည်ငြိမ်စွာဖြင့် ခြသေ့်ထီး၊ ကျားမနှင့် မိုးပျံဓားငါးလက်တို့ဘက်သို့ မျက်လုံး ကလယ်ကလယ်ဖြင့် ကြည့်သည်။

ထန်ဖိန်က...

"ကျုပ်တို့အားလုံးဟာ လျှို့ဝှက်ချက်တွေ ရှိကြသူချည်းပဲ၊ တခုခု ပေါက်ကြားသွားရင် အားလုံး ထုတ်ဖော်ခံရမှာပဲ၊ ကိုယ့်လျှို့ဝှက်ချက်တွေ မပေါ်ချင်ရင် ဘယ်သူ့လျှို့ဝှက်ချက်ကိုမှ ထုတ်မပြောနဲ့၊ ကဲ...ခင်ဗျားတို့ သွားကြပေတော့"

ထန်ဖိန်က အမိန့်ပေးသလို ပြောသည်။

အားလုံးမှာ အသံမကြားရအောင် ထွက်ခွာသွားကြတော့သည်။

## အခန်း (၁၁)

သတ်ဖြတ်ငွေ့များ၊ တိုက်ပွဲခေါ်သံများနှင့် ပြည့်မွမ်းခဲ့သော ကူယန်ကွမ်းခံတပ်နေရာလေးမှာ ငြိမ်းချမ်းမှုတို့ဖြင့် အေးမြနေသည်။

သော်တာငွေလဝန်းက ရွှန်းရွှန်းမြမြ သာနေသည်။

ညဥ့်လေပြည်က တသုန်သုန် တညင်းညင်း တိုက်ခတ်နေ၏။

ထန်ဖန်း၏ မျက်နှာကလေးမှာ ကြည်စင်ဝင်းလက်ကာ အပြုံးမြမြ ဖူးပွင့်လာသည်။

"ဟန်စဲ့ဟိုင်ဆိုတာ နင်ဖြစ်မယ်လို့ အစောကြီးကတည်းက ငါသိနေခဲ့တယ်၊ ဒါနဲ့ အားမုံကော.."

ထန်ဖိန်သည် ထန်ဖန်းထက် အသက်ငယ်သည်။

အပေါင်းအသင်းဆန့်ပြီး သိုင်းပညာ၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ခြင်း၊ အရွယ် အရပ်အမောင်း ကောင်းခြင်းတို့ကြောင့် ထန်ဖန်းထက် အသက်ကြီးသည်ဟု ထင်မှတ်နိုင်ပေသည်။

ထန်ဖန်း၏ အမေးစကားကို ထန်ဖိန်က ပြုံးလျက်...

"အကိုမုံ ပန်းချောင်းဓားဂိုဏ်းခွဲမှာ ရှိနေလိမ့်မယ်"

"အကိုကြီး ထန်ကန်းလဲ ပါသလား"

"ဟင့်အင်း၊ သူတော့ ထွက်မလာသေးဘူး၊ သူနဲ့ အားဆုန့်ကို မိုးဘုရင်ကြီးကျူးဆီ မယ်တော်ကြီးက သွားစုံစမ်းခိုင်းထားတယ်"

မယ်တော်ကြီးဆိုသည်မှာ ထန်မိသားစုမျိုးဆက်တွင် ဩဇာအာဏာ အကြီးဆုံးနှင့် မျက်မှောက်ခေတ် သိုင်းလောကတွင် အလျှို့ဝှက်ဆုံးသော အမျိုးသမီးကြီး တယောက်ဖြစ်သည်။

အာဆုန့်ဆိုသည်မှာ ထန်ဆုန့်ဖြစ်ပြီး သိုင်းပညာ လှုပ်ရှားမှုနှင့် ရပ်တည်ရာနေရာတို့ ခန့်မှန်းရအခက်ဆုံး ဖြစ်သည်။

"ငါနင့်ကို သူတို့နဲ့ မိတ်ဆက်ပေးရမယ်"

ထန်ဖန်းက ရောက်ချူးရွှေတို့ကို ကြည့်ပြီး ထန်ဖိန်အား ပြောသည်။

"မလိုတော့ပါဘူး၊ ကျနော့်ကို အစောကြီးကတည်းက ချီဟန်စန်းတို့ ပြောပြတာ ကြားခဲ့ပြီးပါပြီ၊ ရန်သူက မိတ်ဆက်ပေးတာ ပိုပြီး တိကျစုံလင်တာပေါ့"

ထန်ဖန်း ဘာမျှ ပြန်မပြော။

ထန်ဖိန်ကသာ တဟေးဟေး ရယ်လျက်...

"အခု ခင်ဗျားတို့ အကြီးအကျယ် နာမည်ကျော်ကြားသွားကြပြီ။ ပိုးထင်းယိ၊ ခုံယန်ချင်၊ ဆားချန်သိန်းနဲ့ ယန်ကွေကွေတို့ကို ခင်ဗျားတို့က သတ်လိုက်တဲ့သတင်း ပျံ့နှံ့သွားခဲ့ပြီ၊ ဩဇာအာဏာဂိုဏ်းကလဲ ခင်ဗျားတို့ကို နံပါတ်တစ် ရန်သူကြီးလို့ သဘောထားလိုက်ကြပြီ၊ ဩဇာအာဏာဂိုဏ်းရဲ့ ရန်ဘက်တွေကတော့ ခင်ဗျားတို့အပေါ် လေးလေးနက်နက်ကို မျှော်လင့်အားထားနေကြတယ်"

ရောက်ချူးရွှေတို့ စိတ်ထဲတွင် တဖျဉ်းဖျဉ်း ဖြစ်အောင် ပီတိဝေသွားရသည်။

မိမိတို့၏ ဂုဏ်သတင်း ကျော်စောခြင်းထက် မိမိတို့ အမှန်တရားဘက်မှ ရပ်တည်ကာ ဩဇာအာဏာဂိုဏ်းကို မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်နေသည်ဆိုသည့် ဂုဏ်သတင်း ပျံ့နှံ့မှုက ကျေနပ်အားတက်စရာ ကောင်းနေသည် မဟုတ်ပါလား။

"ကျနော်က ဩဇာအာဏာဂိုဏ်းထဲမှာ ရောက်နေလို့ ဒီအကြောင်းတွေကို သိရတာပါ၊ ခင်ဗျားတို့ကြောင့် မိုးဘုရင် ရှစ်ပါးထဲက ချီဟန်စန်း ရုပ်လုံး ပေါ်လာတာ သိုင်းလောကသားတွေက ခင်ဗျားတို့ကို အံ့အားသင့် ဂရုစိုက်ကြမှာ အမှန်ပဲ၊ အခု ယီခုယီနဲ့ ဟူကွန်တို့လဲ သေသွားကြပြန်တော့ သိုင်းလောကထဲမှာ ခင်ဗျားတို့သတင်း ပိုပြီး ပျံ့နှံ့လိမ့်ဦးမယ်၊ လျှို့ရွှေဖုန်းတောင်မှ ခင်ဗျားတို့ကြောင့် ဦးနှောက်ခဲချင်ခဲနေလိမ့်မယ်"

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့ အားမာန်တက်လာသည်။

မာကျင်ကျုံးပင် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိ၏။

ရောက်ချူးရွှေက ကျေနပ်စွာပင် ပြုံးနေ၏။

"ယီခုယီနဲ့ ဟူကွန်ကို ညီလေးထန် သတ်လိုက်တာပါ"

ရောက်ချူးရွှေက ပြောသည်။

ထန်ဖိန်က ခေါင်းကို ခါယမ်းလိုက်ကာ....

"ဟင့်အင်း...ယီခုယီနဲ့ ဟူကွန်ကို ခင်ဗျားတို့ သတ်လိုက်ကြတာပဲ ဖြစ်တယ်၊ ကျနော် သတ်တာဆိုရင် ဩဇာအာဏာဂိုဏ်း ထဲမှာ ကျနော် ဆက်နေလို့ မရတော့ဘူး၊ ခင်ဗျားတို့ အနေနဲ့ ယီခုယီကို အမထန်ဖန်းက သတ်တာလို့ ပြောနိုင်တယ်၊ ဟူကွန်ကိုလဲ အကိုမာကျင်ကျုံး သတ်တာလို့ ပြောနိုင်တယ်၊ သူလဲတကယ်ပဲ အကိုမာကျင်ကျုံးရဲ့ လက်သီးချက်အောက်မှာ သေခဲ့ရတာပဲ၊ ဒါကြောင့် ဒီကိစ္စဟာ ကျနော်နဲ့ မပတ်သက်ဘူး"

"ငါသဘောပေါက်ပြီ"

မာကျင်ကျုံးက ဝင်ပြောသည်။

ရောက်ချူးရွှေ ရင်ထဲ အေးခနဲ ခံစားလိုက်ရသည်။

ထန်ဖိန်အပေါ်တွင်လည်း အလွန်ပင် ချီးကျူးနေမိတော့သည်။

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် သိုင်းပညာက မိမိတို့ထက် မြင့်မားထက်မြက်နေသည်။

ဉာဏ်စွမ်းဉာဏ်စကလည်း သူ့အသက်နှင့် မမျှ။ ရောက်ချူးရွှေမှာ ဖော်မပြတတ်သော ကြည်နူးစိတ်များ ဖိတ်လျှံနေတော့သည်။

ထန်ဖိန်က ရောက်ချူးရွှေကို တည်ငြိမ်စွာ စူးစိုက်ကြည့်လျက်။

"အကိုရောက်...ဘယ်လိုသဘောရသလဲ"

ရောက်ချူးရွှေ ပြန်ဖြေရင် ဟန်ပြင်၏။

သို့သော် တစုံတယောက်က သူ့ထက် အလျင်ဦးစွာပင် လက်ခုပ်တီး ရယ်မောလျက် အဖြေပေးလာသည်။

"မိုးမြေနတ်ဆိုး ဆယ့်ကိုးပါးကို သတ်နိုင်တာ သိုင်းလောကမှာ နာမည်ကျော်ကြားမယ့် ကိစ္စပဲ၊ သူဘယ်နည်းနဲ့မှ ငြင်းမှာ မဟုတ်ပါဘူး၊ အဲဒီ အကြံပေးတဲ့ ထန်ဖိန်အတွက်လဲ လက်ခုပ်တီး ဂုဏ်ပြုသင့်တယ်"

ထန်ဖိန်၏မျက်နှာ ရုတ်တရက် တင်းမာသွားသည်။

ပြည့်ရွှမ်းသော လရောင်အောက်တွင် ကူယန်ကွမ်းခံတပ်နောက်မှ လူတယောက် လျှောက်လာသည်ကို တွေ့ရ၏။

ခြေလှမ်းက ယိုင်တိယိုင်တိုင်။

လက်နှစ်ဖက်က ရင်ဘတ်ကို ပိုက်ထားသည်။

အင်္ကျီဖြူတခုလုံး သွေးရည်တို့ဖြင့် နီရဲနေသည်။

"လျှိုချန်းပြင်"

ထန်ဖိန်မျက်မှောင်ကုတ်ကာ လွတ်ခနဲ ရေရွတ်မိသည်။

လျှိုချန်းပြင် ကိုယ်လုံးလှည့်လာသည်။ ပါးစပ်ကြီး ဟကာ မျက်လုံးပြူး နေသည်မှာ ဘီလူးသဘက်အလား။

မျက်နှာ၏ ဆွတ်ဆွတ်ဖြူခြင်းက ဟိုဘက်ဒီဘက် အတွင်းဖောက်မြင်ရမတတ်။

ရင်ဘတ်မှ ဓားပေါက်ကလည်း ထုတ်ချင်းခတ်လုနီးပါး။

ထန်ဖိန်ဘက်ကို တချက်လှည့်ကြည့်ပြီး မြေပြင်တွင် ဘုန်းခနဲ လဲကျသေဆုံးသွားတော့သည်။

ရောက်ချူးရွှေ လေအေးတချက် ရှူရှိုက်လိုက်မိသည်။

စောစောက ဒီရေအလား ဆုတ်ခွာသွားသော လူတသိုက်သည် ဒီရေအလားပင် ပြန်တက်လာသည်။

နဂိုရပ်နေသော နေရာတွင် ငြိမ်သက်စွာ ပြန်ရပ်နေကြသည်။

ခြသေ့်ထီး၊ ကျားမ၊ မိုးပျံဓားငါးလက်တို့၏ အသွင်က အေးတိအေးစက်။

မျက်နှာအမူအရာကတော့ တမျိုး ပြောင်းလဲလာသည်။

ကြောက်ရွံ့ထိတ်လန့်သည့် အမူအရာ။

သူတို့အလယ်မှ လူတယောက်က ဝင့်ထည်စွာပင် လက်ခုပ်လက်ဝါးတီးပြီး လျှောက်လာသည်။

ဝတ်ရုံရှည်ကြီး တလွင့်လွင့်ယမ်းကာ လျှောက်လှမ်းလာပုံက လရောင်အောက်တွင် ချောက်ချားစရာပင် ကောင်း၏။

ရယ်မောနေသော်လည်း ဒေါသရောင် တောက်နေသည့် မျက်လုံး၊ မုတ်ဆိတ် ကျင်စွယ်များအောက်မှ တင်းအစ်နေသော မေးရိုးတို့က ပို၍ပင် ထိတ်လန့်ဖွယ်ကောင်း၏။

ထိုသူကား ယန်စိုနယ်ကို တုန်လှုပ်စေသူ ဓားဘုရင် ချီဟန်စန်းပင် ဖြစ်တော့သည်။

ချီဟန်စန်း၏ နောက်ကျောဘက်တွင် လူသုံးယောက် ပါလာခဲ့သည်။

ခြေတဖက်နတ်ဆိုး ဖိန်ကျုံ၊ ဓားမြန်နတ်ဆိုး တုကွဲနှင့် ဝတ်ရုံနီညိုရောင်ကြီး ဝတ်ဆင်ထားသည့် လူတယောက်တို့ ဖြစ်ကြ၏။

ချီဟန်စန်းသည် ထန်ဖိန်တို့နှင့် မလှမ်းမကမ်းတွင် ရပ်လိုက်ပြီး တညင်းညင်း ရယ်လိုက်သည်။

ရယ်သံကို တိခနဲ ဖြတ်ပြီးမှ....

"သူတို့ ဘာကြောင့် တမုဟုတ်ချင်း ရပ်တည်ချက် ပြောင်းလဲသွားရသလဲ ဆိုပြီး မင်းစိတ်ထဲမှာ ထူးဆန်းနေတယ် မဟုတ်လား၊ အေး...မင်းထူးဆန်းမယ်ဆိုလဲ သဘာဝကျပါတယ်၊ ငါလာလုပ်လိုက်သလဲ သိလား၊ အရင်ဆုံး ခေါင်းမာတဲ့ လူတယောက်ကို သတ်ပစ်လိုက်တယ်၊ ဒီတော့ တခြားလူတွေ ငါ့စကား နားထောင်ရတော့တာပေါ့၊ တခြားလူတွေကိုကော ငါဘာကြောင့် မသတ်လဲဆိုပြီး မင်းစိတ်ထဲ သံသယ ဖြစ်မနေဘူးလား"

ထန်ဖိန်က ခေါင်းကို တွင်တွင် ခါယမ်းလိုက်သည်။

"ဘာမှ အံ့ဩစရာ သံသယ ဖြစ်စရာ မရှိဘူး၊ သူတို့ကို သတ်မယ့်အစား သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို ကိုင်ထားတော့ ခင်ဗျားအတွက် ပိုပြီး အသုံးချလို့ ကောင်းတာပေါ့"

ချီဟန်စန်း ခေါင်းမော့ကာ ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်သည်။

"ကောင်းရုံတင် မကဘူး၊ ပိုပြီး ပြောင်ပြောင်မြောက်မြောက်တောင် ရှိဦးမယ်၊ မင်းဟာ တကယ့်ကို ဉာဏ်ကောင်းတဲ့ ကောင်ပဲ၊ ဒါပေမယ့် မင်းဦးနှောက်က အကြံပေးပုဂ္ဂိုလ် ဂိုဏ်းထိန်းကြီး လျှို့ရွှေဖုန်းကိုတော့ မမီသေးပါဘူး"

ထန်ဖိန် မျက်နှာ ဖြူရော်သွား၏။

"လျှို့ရွှေဖုန်း သိသလား"

"သူမသိတဲ့ ကိစ္စရှိသေးလို့လား"

ထန်ဖိန် မဲ့ပြုံးကလေး ပြုံးလိုက်သည်။

"ဒါဆိုရင် ကျုပ်က ဒီဇာတ်လမ်းကို အလကားသက်သက် ကပြခဲ့ရတာပဲ"

"အလကားတော့ မဟုတ်ဘူး၊ ဒီအထိ ကပြရုံလောက်ပါပဲ"

ချီဟန်စန်း၏ စကားအဓိပ္ပါယ်က ထန်ဖိန်၏ ဇာတ်လမ်း ပြီးဆုံးပြီ။

ဒီနေ့ ဒီနေရမှာပဲ သေတော့မည်ဟူသည့် သဘောပင်။

"ခင်ဗျားရဲ့ ဓားသိုင်းအစွမ်းကို ကျုပ်သိပါတယ်၊ ခြသေ့်ထီးနဲ့ ကျားမတို့ရဲ့ ပူးပေါင်းတိုက်ကွက်ကလဲ မခေဘူး၊ မိုးပျံဓားငါးလက်ရဲ့ တိမ်ဖြိုဓားငါးချောင်း တိုက်ကွက်ကလဲ နှစ်ကာလ ရှည်ရှည် နာမည်ကျော်ခဲ့တာပဲ၊ နောက်ပြီး တုကျွဲရဲ့ဓားမြန်၊ ဖိန်ကျုံရဲ့ သံချိုင်းထောက်၊ နတ်ဆိုးဘုန်းကြီးရဲ့ ကျောက်ပြားခွဲလက်ဝါးနဲ့ သွေးရိပ်လက်ဝါးသိုင်း"

"အေး အဲဒါကြောင့် မင်းမှာ အခွင့်အရေး နည်းနည်းကလေးမှ မရှိဘူး"

"ကျုပ်မှာ အခွင့်အရေး တစက်ကလေးမှ မရှိဘူးဆိုတော့ ကျုပ်နောင်ရေး ကိစ္စကို ကျုပ်သူငယ်ချင်းတွေနဲ့ မှာကြားခွင့်ပေးမလား"

ထန်ဖိန်က ထန်ဖန်းတို့ကို လက်ညှိုးညွှန်ပြပြီး ပြောလိုက်ခြင်း ဖြစ်ပေသည်။

ချီဟန်စန်းက အရယ်မပျက် ရယ်လျက်...

"မရဘူး...မင်းက ဉာဏ်နီဉာဏ်နက် များတယ်၊ ဒါ့အပြင် မင်းတို့အားလုံးလဲ သေကြရမယ်၊ အသက်ရှင်ဖို့ အခွင့်အလမ်း တယောက်မှာမှ မရှိဘူး၊ အားလုံး သေလူချည်းပဲ၊ သေလူတွေကို မှာနေလို့ကော ဘာထူးမှာလဲ"

ထန်ဖိန်က အံ့အားသင့်ကာ လှောင်ရယ်ကလေး ရယ်လိုက်သည်။

"ဒီလောက်ပဲ ရက်စက်ပြီး ဒီလောက်ပဲ ပြတ်သားနိုင်ပါ့မလား"

"ငါတယောက်တည်းက မရက်စက်နိုင်ဦးတော့၊ ဒီ့ပြင်လူတွေကလဲ မင်းတို့ကို လက်လွှတ်ပေးမှာ မဟုတ်ဘူး"

ချီဟန်စန်း၏ စကားဆုံးသည်နှင့် သူ့နောက်ကျောဘက်မှ နီညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတယောက် ရှေ့သို့ တိုးထွက်လာသည်။

"ရောက်ချူးရွှေဆိုတာ ဘယ်သူလဲ"

သူ့အသံက တိုးညင်းသော်လည်း ဒေါသသံကြောင့် မာထန်နေသည်။

ရောက်ချူးရွှေ ရုတ်တရက် ကြောင်စီစီ ဖြစ်သွား၏။

ထိုသူ၏ ခေါင်းတခုလုံး ပြောင်နေပြီး အမွေးအမှင် ကျဲကျဲပါးပါး စိမ်းစိမ်းကလေးများ ပေါက်နေသည်။

ပါးပြင်နှင့် မေးစေ့တလျှောက်တွင်လည်း အမွေးအမှင်များ ခပ်ကျဲကျဲ ပေါက်နေသည်။

မျက်လုံးက ကြေးခေါင်းလောင်းသဏ္ဌာန်ရှိကာ နှုတ်ခမ်းက သွေးရောင်နီရဲနေ၏။

ရောက်ချူးရွှေ တကြိမ်တခါမျှ မတွေ့ဖူးသော ပုဂ္ဂိုလ်။

"ရောက်ချူးရွှေဆိုတာ ကျနော်ပါပဲ"

ရောက်ချူးရွှေက ဇဝေဇဝါဖြင့် ပြောသည်။

ထိုသူ၏ မျက်လုံးများ မီးဝင်းဝင်းတောက်လာ၏။

"ယင်းကျန်းပိုးကို မင်းသတ်လိုက်တာ မဟုတ်လား"

ရောက်ချူးရွှေ အံ့သြစိတ်က ထိန်းမရတော့။

"ကျနော် အဲဒီလူကို မသိရပါလား"

"မင်းငါ့တပည့်ကို သတ်တုံးက သတ်ပြီး အခုမှ ဘာလို့ ဝန်မခံရတာလဲ"

ရောက်ချူးရွှေ မျက်ခုံးကြုတ်ကာ စဉ်းစားလိုက်သည်။

ဘယ်သူတွေကို ငါသတ်ခဲ့ဖူးသလဲ။

သူ့ဦးနှောက်ထဲတွင် တစုံတယောက်ကို ဖျတ်ခနဲ သတိရ လိုက်မိသည်။

လူသတ်သမား လူငယ်။

သံမဏိလက်ကောက်နတ်ဆိုး ပိုးထင်ယိလက်အောက်မှ လူသတ်သမားလူငယ်ကို ကျယ်ကွေးမြို့ ကျက်စင်းလို ပျော်ပွဲစားရုံ အပေါ်ထပ်တွင် တိုက်ခိုက်သတ်ဖြတ်ဖူးသည်ကို ပြန်သတိရလာသည်။

ထိုလူငယ်သည် ရှောင်လင်ဂိုဏ်း၏ သစ္စာဖောက်ဂိုဏ်းသား နတ်ဆိုးဘုန်းကြီး သွေးရိပ်ဆရာတော်၏ တပည့်ဖြစ်လိမ့်မည်ဟု သူတို့ခန့်မှန်းခဲ့ကြသည်။

သို့ဆိုလျှင် ယခုလူသည် သြဇာအာဏာဂိုဏ်း၏ မိုးမြေနတ်ဆိုး ဆယ့်ကိုးပါးထဲမှ သွေးရိပ်ဆရာတော် ဖြစ်ရမည်ဟု ရောက်ချူးရွှေ တွေးလိုက်မိသည်။

"သြ...လက်စသတ်တော့ သူ့နာမည်က ယင်းကျန်းပိုးကိုး"

ရောက်ချူးရွှေ ရေရွတ်လိုက်မိသည်။

သွေးရိပ်ဆရာတော်ကမူ ဒေါသတကြီးဖြင့်...

"ငါ့တပည့်ကို သတ်တဲ့အတွက် မင်းအသက် လျော်ပေးစမ်း"

ရောက်ချူးရွှေအား တိုက်ခိုက်ရန် ဟန်ပြင်သည်။

ချီဟန်စန်းက တည်ငြိမ်စွာပင် လက်ဝါးကာပြလျက်...

"သိပ်ဆန္ဒမစောစမ်းပါနဲ့၊ သူတို့ စောစောစီးစီးပဲ သေသေ နောက်ကျမှပဲ သေသေ၊ ကျုပ်တို့ လက်ခုပ်ထဲက ပြေးမလွတ်နိုင်ပါဘူး"

သွေးရိပ်ဆရာတော်သည် ဓားဘုရင်ချီအား အလွန်ပင် ရိုသေကိုင်းညွှတ်သည့်အလား နောက်သို့ဆုတ်ပြီး ဘေးတွင် ငြိမ်သက်စွာ ရပ်နေလိုက်သည်။

"ကျုပ်သူလျှိုအဖြစ် ဝင်လာတာကို ခင်ဗျားတို့ ဘယ်လိုလုပ်ပြီး ရိပ်မိသိရှိကြသလဲ"

ထန်ဖိန်က ချီဟန်စန်းကို မေးသည်။

ချီဟန်စန်းက...

"မင်းရဲ့ လက်ကွက်လှုပ်ရှားတာကို ကြည့်ပြီး သိတာ၊ မင်းသရုပ်ဆောင်တာ မဆိုးဘူး၊ စစချင်း လျှို့ရွှေဖုန်းတောင် မရိပ်မိနိုင်သေးဘူး၊ ဒါပေမယ့် မင်းလက်ကွက်က ထန်မျိုးဆက်မိသားစုနဲ့ သိပ်နီးစပ်တယ်၊ လွန်ခဲ့တဲ့ရက်တုန်းက ချန်တူးမြို့ ပန်းချောင်းဓားဂိုဏ်းမှာ ထန်ဖန်းက ခုံယန်ချင်ကို ထန်မျိုးဆက်က သြဇာအာဏာဂိုဏ်းကို ရန်မူရင်ဆိုင်မယ်လို့ ထုတ်ဖော်ပြောဆိုခဲ့တယ်၊ အဲဒီနောက်ပိုင်း လျှို့ရွှေဖုန်း သံသယဝင်ပြီး မင်းကို အထူးသတိထားရမယ်လို့ ငါ့ကို မှာခဲ့တာပဲ"

ထန်ဖိန် မဲ့ပြုံးပြုံးလိုက်သည်။

ထန်ဖန်းမှာ စိတ်မထိန်းနိုင်တော့ဘဲ....

"မောင်လေးဖိန်....ဒါ..ဒါ...ငါအသုံးမကျတာ၊ ငါစကားပြော မှားသွားလို့ အခုလိုဖြစ်ရတာ"

ထန်ဖိန်က ကျယ်လောင်စွာပင် ရယ်မောလိုက်သည်။

"ဒီကိစ္စက ဒီလိုတောင် ဖြစ်နေပြီဆိုမှတော့ ထပ်ပြီး အပိုစကားတွေ ပြောနေလို့ အလကားပဲ"

ချီဟန်စန်းက...

"အဲဒါမှန်တယ်၊ လည်စင်းခံရင် နာတာကျင်တာ သက်သာမယ်"

"ဘယ်သူက လည်စင်းခံမယ် ပြောလို့လဲ"

"မင်းက တကယ့်ကိုပဲ ငါ့ကို လက်ထွက်စေချင်သေးလို့လား"

"ကျုပ်ကတော့ ခင်ဗျားကို လက်ထွက်စေချင်သေးတယ်"

စကားဆုံးသည်နှင့် ထန်ဖိန်က သံမဏိပြားနှစ်စင်းကို ပစ်လွှတ်လိုက်၏။

ချီဟန်စန်းလက်ထဲတွင် ဓားတချောင်းမှ မရှိပါဘဲလျက် ရုတ်တရက် ဓားနှစ်စင်း တိုးလာသည်။

ဓားချက်တိုင်းက ထန်ဖိန်၏ သံမဏိပြား လက်နက်ပုန်း တိုးဝင်ရာ လမ်းကြောင်းကို သိနေသည့်အလား ရိုက်ခတ်ဖယ်ရှားလိုက်သည်။

လက်နက်ပုန်းများကို ဖယ်ရှားပြီးသည်နှင့် ချီဟန်စန်း ဓားကို ရုပ်သိမ်းသည်။

ပကတိအတိုင်း ဓားတလက်မျှ မရှိတော့။

ထန်ဖိန်သည် ရုတ်ချည်းပင် မိုးနှင်းမြူလက်နက်ပုန်းကို ပစ်လွှတ်လိုက်ပြန်သည်။

လက်နက်ပုန်းများက မိုးရွာသကဲ့သို့ နှင်းမြူများ အုံ့ဆိုင်းလာသကဲ့သို့ ပတ်ဝန်းကျင်တခုလုံး လွှမ်းခြုံသွားတော့သည်။

"သွားကြစို့"

ထန်ဖိန်က ခေါင်းလှည့်ကာ ရောက်ချူးရွှေတို့အား သတိပေးအော်ဟစ်သည်။

ထိုအချိန်မှာပင် ဓားအလင်းတန်းတခုက ရုတ်တရက် ပေါ်ထွက်လာပြီး ထန်ဖိန်၏ ရင်ဝသို့ တိုးဝင်သည်။

"ဗွပ်..."

ထန်ဖိန် ကမန်းကတန်း ခုန်ထလိုက်၏။

သူ့အကျီရင်ဘတ်တွင် သွေးတကွက် စွန်းထင်းသွားသည်။

သြဇာအာဏာဂိုဏ်းသားများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

တချို့ မိုးနှင်းမြူ ထိမှန်ခံရသည်။

တချို့ ရှောင်ရှားကြသည်။

ဖရိုဖရဲ ဖြစ်သွားသော်လည်း ထိတ်ပျာ ရှုပ်ထွေးခြင်း မရှိကြ။

ထိတ်လန့် အော်ဟစ်ခြင်း မရှိကြ။

ထန်ဖန်းသည် ထန်ဖိန်အား ကူညီရန်ဟန်ပြင်သည်။

ထိုစဉ်မှာပင် တုက္ကျဲ၏ ဓားအလင်းတန်းက သူ့ထံသို့ တိုးဝင်လာပြီး ထိန်းချုပ်ထားလိုက်၏။
ရှောက်ချျုးရွှေမှာ ထန်ဖိန်၏ ဒဏ်ရာ ပေါ့သေးသေးမဟုတ်မှန်း သိသည်။
သို့သော် သွားရောက်မကူညီနိုင်။
သွေးရိပ်ဆရာတော်၏ ဒေါသတကြီး အော်ဟစ်သံနှင့် လက်ဝါးရိပ်များက သူ့ကို အရှူးအမူးပင် တိုက်ခိုက်လာသည်။
ကျိုချျုးချောက်လန်က ဓားပင်လယ်ထဲတွင် ကျရောက်နေသည်။
ဓားငါးလက်က အကွက်စိပ်စိပ်ဖြင့် သူ့ကို ဖမ်းချုပ်ထားသည်။
ဓားရိပ်များက စကြာရဟတ်လို မွှတ်နေသည်။
ခြင်တကောင်ပင် ဖြတ်ပျံသန်းနိုင်စွမ်း မရှိ။
မိုးပျံဓားငါးလက်၏ ဓားသိုင်းကွက်က ကျိုချျုးချောက်လန် ဖမ်းချုပ်လက်ကွက် ထုတ်ရန်ပင် နေရာလွတ်မရှိ။
မာကျင်ကျုံးနှင့် အို့ရန်စန်းယိတို့က ခြသေ့်ထီးနှင့် ကျားမကို ရင်ဆိုင်နေရသည်။
တိုက်ကွက်များက ကြမ်းသလောက် ရက်စက်သည်။
မာကျင်ကျုံးလို စိတ်ဓာတ်ခိုင်မာ တည်ငြိမ်သူပင် စိတ်ရှုပ်ထွေးသွားရ၏။
နံဘေးတွင် ကိုယ်ဝန်ဆောင် ဇနီးသည် အို့ရန်စန်းယိက ရှိနေသဖြင့် နောက်ဆံတင်းနေရသည်။
စိတ်ထင်တိုင်း မတိုက်ခိုက်နိုင်။
ထက်ဝင်းရွှဲ့နှင့် ချျုးနန်းကုတို့ နှစ်ယောက်မှာ လူလိုင်းလုံးကြားထဲတွင် နစ်မွန်းနေကြသည်။
ဩဇာအာဏာဂိုဏ်း၏ အမျိုးမျိုးသော လက်နက်များ၊ အမျိုးမျိုးသော တိုက်ကွက်များကို ရင်ဆိုင်နေရသည်။
ထက်ဝင်းရွှဲ့၏ လက်သီးက ဇယ်ဆက်သလို ထိုးသွင်းနေသည်။
ချျုးနန်းကု၏ ခြေလက်နှစ်ဖက်စလုံးက အနားမနေရ။
ဩဇာအာဏာဂိုဏ်းသားများက တယောက်ကျလျှင် နှစ်ယောက်တက်လာကြသည်။
နှစ်ယောက်လဲလျှင် လေးယောက် အစားထိုးဝင်သည်။
သူတို့နှစ်ယောက်၏ ခန္ဓာကိုယ်များတွင် သွေးများ စွန်းပေလာကြသည်။
သွေးစွန်းများမှာ ရန်သူ့သွေးလား ကိုယ့်သွေးလား ခွဲခြားမရနိုင်အောင်ပင် ဖြစ်နေတော့သည်။
ကူယန်ကွမ်းခံတပ်က လရောင်အောက်တွင် နဂါးကြီးတကောင် ဝပ်နေသည့်အလား ငြိမ်သက်နေ၏။
ရက်စက်လှသော တိုက်ပွဲကြီး၏ နိဂုံးအဆုံးသတ်ကို လက်ပိုက်စောင့်ကြည့်နေသည့်အလား။
လီကျန်းမြစ်က ခပ်လှမ်းလှမ်းတွင် စီးဆင်းနေသည်။
မြစ်ရေက လရောင်တွင် ငါးအကြေးခွံကဲ့သို့ တဖျပ်ဖျပ်။
သွေးလူးစွန်းပေမည့် တိုက်ပွဲကို လီကျန်းမြစ်ရေက ဆေးကြောသန့်စင်ပေးနိုင်ပါမည်လား။

---

# အခန်း (၁၂)

လီကျန်းမြစ်သည် ကွေ့လင်မြို့ အရှေ့ဘက်တွင် မြောက်ဘက်မှ တောင်ဘက်သို့ တငြိမ့်ငြိမ့် တညင်ညင် စီးဆင်းသွားသည်။

ရေစီးက ကွေ့လင်အရောက်တွင် အားပျော့ကာ တနွဲ့နွဲ့ပင် ပြေး၏။

လီကျန်းမြစ်ကမ်း နံဘေးတွင် ပန်းချောင်းဓားဂိုဏ်း ဌာနခွဲ အဆောက်အအုံက ခံ့ညားထည်ဝါစွာ တည်ရှိသည်။

အဆောင်ဆောင် အခန်းခန်းတို့၏ နောက်တွင် လီကျန်းမြစ်ကို ဖြတ်ဆောက်ထားသော လေညင်းခံ တံတားလေးတခု ရှိသည်။

လေညင်းခံတံတားဟု ဆိုသော်လည်း ခနော်နီ ခနော်နဲ့ မဟုတ်။

သစ်၊ ဝါးများဖြင့် အကျအန ဆောက်လုပ်ထားခြင်း ဖြစ်၏။

ထိုတံတားလေးပေါ်တွင် လူတယောက် လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

လူပုံက ပါးပါးလုပ်လုပ်။

ထူထပ်မည်းနက်သော နှုတ်ခမ်းမွေးများက သူ့ဥပဓိရုပ်ကို ရင့်ကျက်ခန့်ညားစေသည်။

အသွင်က ပါးပါးလုပ်လုပ်ကလေး ရှိသော်လည်း စိတ်ဓာတ်ခိုင်မာ တိကျပြတ်သားမည့်သူ တယောက်ဖြစ်ကြောင်း မေးရိုးများ၊ မျက်လုံးမျက်ဖန်များက သက်သေခံနေသည်။

သူ့အသက်အရွယ်က သုံးဆယ့်ငါးနှစ်ခန့် ရှိပြီ။

ထိုသူကား ပန်းချောင်းဓားဂိုဏ်းချုပ် ရှောက်စီးလို၏ သားအကြီး ရှောက်ယိလင် ဖြစ်ပေသည်။

တံတားတဖက်ထိပ်တွင် လူနှစ်ယောက် ရပ်လျက် ရောက်ယိလင်ကို ကြည့်နေသည်။

တယောက်က အရပ်အမောင်း ကောင်းကောင်း၊ ရုပ်လက္ခဏာက ခပ်ကြမ်းကြမ်း။

ပြဿနာတခုကို တုံးတိုက်တိုက် ကမ်းဆိုက်ဆိုက် မကြောက်မလန့် ရင်ဆိုင်မည့်အသွင်။

တယောက်ကမူ ကိုယ်ခန္ဓာ ကြံ့ခိုင်သလောက် တည်ငြိမ်သည်။

နှုတ်နည်းသည်။

ရိုးသားဖြောင့်မတ်ပြီး မဟုတ်မခံလုပ်မည့်အသွင် ရှိသည်။

ရောက်ယိလင်သည် လက်နှစ်ဖက်နောက်ပစ်ကာ တံတားပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေဆဲ။

ပြည့်ရွှမ်းသော လမင်း၏ အလင်းရောင်။

လီကျန်းမြစ်၏ ဂီတသံ။

မြစ်ရေပြင်ကို ဖြတ်တိုက်လာသည့် လေပြည်ထု၏ အယုအယ။

ရောက်ယိလင် ဘာကိုမျှ စိတ်မဝင်စား။

သူ့အသွင်က စိတ်နောက်ကျိနေသည့်ဟန်။

သူ့ခေါင်းထဲတွင် စဉ်းစားစရာတို့ ပြည့်နှက်နေသည်။

"ဗဟိုဌာနချုပ်နဲ့ ဆက်သွယ်ဖို့ လွှတ်လိုက်တဲ့ အုပ်စုသုံးစု ဘာဖြစ်လို့ ခုထိ သတင်း မပြန်သေးတာလဲ၊ ဖေဖေကကော ဘာဖြစ်လို့ သတင်းတခုမှ မပေးပို့ရတာလဲ၊ ဖေဖေ့လုပ်ရပ်တွေက ခါတိုင်းနဲ့ မတူသလိုပဲ၊ ငါကိုယ်တိုင် သွားစုံစမ်းရင် ကောင်းမလား၊ ငါလိုက်သွားလို့ ဒီဘက်မှာ အကြောင်းကိစ္စပေါ်ရင် ဦးလေးမုံကို ဘယ်သူက ကူညီပြီး ဂိုဏ်းခွဲကိစ္စ ဖြေရှင်းမလဲ၊ ဩဇာအာဏာဂိုဏ်းက ဗဟိုဌာနချုပ်ကို ရန်မူပြီလို့တော့ သတင်းကြားရတာပဲ၊ ဘာတွေများ ဖြစ်နေကြပါလိမ့်"

ရောက်ယိလင် သက်ပြင်းလေပူများ တဟူးဟူး မှုတ်ထုတ်လေသည်။

တဘက်တံတားဘက်ရှိ လူနှစ်ယောက်ထံသို့ နေးကွေးစွာ လျှောက်လာပြီး...

"ကြည့်ရတာကတော့ မနက်ဖြန်ကျရင် ဒုတိယညီလေး ချန်တူးမြို့ကို တခေါက်သွားရလိမ့်မယ်"

ကိုယ်ခန္ဓာကြံ့ခိုင်ပြီး တည်ငြိမ်ရိုးသားသည့်သူကို ပြော၏။

ထိုသူမှာ ရောက်စီးလို၏ ဒုတိယသား ရောက်ခိုက်ယန် ဖြစ်၏။

ရောက်ခိုက်ယန်က တည်ငြိမ်အေးဆေးစွာပင်....

"ကျနော်လဲ အဲဒီလိုပဲ စိတ်ကူးမိတယ်"

"ကျနော် သူနဲ့ အဖော်အဖြစ် လိုက်သွားပေးမယ်"

အရပ်အမောင်းကောင်းကောင်း ရုပ်ရည်ကြမ်းကြမ်းလူက ဝင်ပြောသည်။

ထိုသူမှာ ထန်မျိုးဆက် မိသားစုမှ ထန်မုံ ဖြစ်ပေသည်။

ရောက်ယိလင် ဘာမျှ ပြန်မပြောသေး။

တခဏမျှ တွေငိုင်စဉ်းစားနေသည်။

ရောက်ခိုက်ယန်နှင့် ထန်မုံတို့နှစ်ယောက်ကို ချန်တူးမြို့ ပန်းချောင်းဓားဂိုဏ်း ဌာနချုပ်သို့ လွှတ်ပေးလိုက်လျှင် ကျားကို အတောင်တပ်ပေးလိုက်သလို ဖြစ်သွားမည်။

ပန်းချောင်းဓားဂိုဏ်း ဌာနချုပ်အတွက် အတော်ပင် စိတ်ချလက်ချ ဖြစ်သွားနိုင်မည်ကို ရောက်ယိလင်သိသည်။

သို့သော် နှစ်ယောက်စလုံး လွှတ်လိုက်ရလျှင် ကောင်းမလား၊ တယောက်တည်းပဲ လွှတ်လိုက်ရလျှင် ကောင်းမလား ဟူ၍ ဝေခွဲမစဉ်းစားနိုင်သေး။

ထိုအချိန်မှာပင်....

"ဟင်..."

ထန်မုံက တအံ့တဩ ရေရွတ်သံနှင့်အတူ ရိပ်ခနဲ ခုန်လွှားကာ မြစ်ရေနှင့်အတူ စီးမျောလာသော ပစ္စည်းတခုကို ရုတ်တရက် ကောက်ယူလိုက်သည်။

ထို့နောက် တံတားပေါ်သို့ ပြန်ခုန်တက်လိုက်သည်။

သူ့လက်ထဲမှာ ပစ္စည်းတခု ပါလာသည်။

လရောင်တွင် ထိုပစ္စည်းကို မြင်လိုက်ရလျှင် ရောက်ခိုက်ယန် အလန့်တကြား အော်ဟစ်လိုက်သည်။

"ဟင်...တတိယညီလေး"

ရောက်ယိလင်က ထန်မုံလက်ထဲမှ ပစ္စည်းကို လှမ်းယူကြည့်လိုက်သည်။

အင်္ကျီပိတ်စလေး တစ။

အကောင်းပကတိတော့ မဟုတ်။

တစုံတယောက်က အားဖြင့် ဆောင့်ဖြုတ် ဆွဲဖြဲလိုက်သဖြင့် စုတ်ပြဲထွက်ခဲ့ရသည့် ပိတ်စအစုတ်အပြဲကလေး။

လက်ကိုင်ပဝါတထည်စာလောက် ပမာဏရှိသည်။

ထူးခြားသည်က အင်္ကျီပိတ်သားစနှင့် ပိတ်သားပေါ်တွင် ချည်ဖြင့် ပုံဖော်ထိုးထားသည့် အရုပ်ကလေး တရုပ်။

အရုပ်ကလည်း ထူးထူးခြားခြား။

ဓားရှည်တလက်နှင့် စကြာပန်းပွင့်ကလေးများ ရောထွေးနေသည့်ပုံ။

ရောက်ယိလင် အထိတ်တလန့် ဖြစ်သွားမိသည်။

"ဒီအင်္ကျီက တတိယညီလေးကို မေမေကိုယ်တိုင် ပန်းထိုးချုပ်ပေးထားတဲ့ အင်္ကျီစပဲ"

ရောက်ယိလင်သည ‌အင်္ကျီအစုတ်အပြဲကလေးကို သူ့အင်္ကျီအိတ်ထောင်ထဲသို့ ထိုးသွင်းလိုက်သည်။

ထို့နောက် ရောက်ခိုက်ယန်နှင့် ထန်မုံတို့ဘက်သို့ ခေါင်းလှည့်ကြည့်လိုက်သည်။

သူ့မျက်လုံးများထဲ၌ အဓိပ္ပာယ်များစွာပါသော စကားလုံးများ ပြည့်နှက်နေသည်။

ချူးရွှေ..ညီလေး..မင်းဘယ်ကို ရောက်နေသလဲ။

မင်းမှာ အန္တရယ်တွေနဲ့ ရင်ဆိုင်နေရပြီလား။

ချန်တူးမြို့ ပန်းချောင်းဓားဂိုဏ်း ဇဟိဋ္ဌာနချုပ်ရဲ့ လုံခြုံရေးကော အခြေအနေ ကောင်းရဲ့လား။

လီကျန်းမြစ်က ဝေးလံသော အရပ်ဆီမှ တံတားအောက်တွင် တသွင်သွင် စီးဆင်းနေဆဲ။

လီကျန်းမြစ်က တသွင်သွင် စီးဆင်းနေသည်။

ရောက်ချူးရွှေသည် မာန်သွင်းအော်ဟစ်လျက် လေပြင်ထဲသို့ ခုန်ထွက်လိုက်သည်။

သူ့နောက်ဘက်တွင် နက်ရှိုင်းသော ချောက်ကမ်းပါး။

ချောက်ကမ်းပါးအောက်တွင် လီကျန်းမြစ်က တသွင်သွင် စီးလျက်။

ရှေ့တွင် အင်အားကြီးမားသော ရန်သူကြီး။

ပြေးလမ်းပိတ်နေပြီ။

စိတ်ထဲ တချက်တုန်လှုပ်သွားသဖြင့် ကိုယ်ဟန်အနည်းငယ် နှေးကွေးသွားသည်။

"ဗြဲ..."

သူ့ဘယ်ဘက်ရင်အုံတွင် အေးခနဲ ဖြစ်သွားသည်။

သွေးရိပ်ဆရာတော်၏ လက်ဝါးစောင်းက သူ့အင်္ကျီရင်ဘတ်ကို ဆွဲဖြဲခြင်း ခံလိုက်ရသည်။

သူတို့နှစ်ယောက်သည် အကျိတ်အနယ် တိုက်ခိုက်နေကြရင်းမှ တောင်ကုန်းလေးပေါ်သို့ ရောက်လာကြခြင်း ဖြစ်ပေသည်။

ရောက်ချူးရွှေသည် ကျယ်ကွေးမြို့ ကျက်စင်းလို ပျော်ပွဲစားရုံတွင် လူသတ်သမား အမည်ခံ ယင်းကျန်းပိုးနှင့် တိုက်ခိုက်ခဲ့ဖူးသဖြင့် သွေးရိပ်ဆရာတော်၏ လက်သီးတိုက်ကွက်လမ်းကြောင်းကို သိနေခဲ့သည်။

သို့အတွက် အတွေ့အကြုံနှင့် တောင့်ခံထိန်းထားနိုင်ခြင်း ဖြစ်သည်။

သို့သော် သွေးရိပ်ဆရာတော်၏ တိုက်ကွက် ရုတ်ချည်းပင် ပြောင်းလဲလာသည်။

လက်သီးမှ လက်ဝါးဖြစ်လာသည်။

လက်ဝါးရိုက်ချက် ထုတ်လိုက်တိုင်း တဂိုဂို အသံမည်နေသည်။

အပူမီးလှိုင်းလုံးများက လက်ဝါးရိုက်ချက် ထုတ်တိုင်း ထွက်ပေါ်လာသည်။

လျှို့ဝှက်သွေးရိပ်လက်ဝါးသိုင်း။

ရောက်ချူးရွှေတို့မှာ ထိုလက်ဝါးသိုင်းကို ကြားဖူးသော်လည်း မတွေ့မမြင်ဖူး။

အံ့ဩထိတ်လန့်ကာ သတိတချက် လွတ်မိသဖြင့် ပြင်းထန်သော လက်ဝါးရိုက်ချက် လေလှိုင်းအားက မျက်နှာမှ ပွတ်ကာသီကာ ဖြတ်ကျော်သွား၏။

ရောက်ချူးရွှေ အလျင်အမြန်ပင် ခြေသိုင်းကွက်နှင့် ရှောင်ရှား၏။

မရ။

နဖူးစပ်တွင် ပူစပ်ပူလောင် ခံစားလိုက်ရပြီး ပိုးကောင်များ မျက်နှာပေါ်သို့ လိမ့်ဆင်းကျလာသည်ဟု ထင်မှတ်လိုက်ရ၏။

နဖူးကို လက်ဝါးဖြင့် ပွတ်ပြီး လက်ဝါးဖြန့်လိုက်လျှင် လက်ဝါးတခုလုံး ရဲရဲနီနေသည်ကို တွေ့ရ၏။

သွေးတွေ။

"သွေးရိပ်လက်ဝါးအစွမ်း ဘယ်လောက်ထက်တယ်ဆိုတာ မင်းကို ပြရမယ်"

သွေးရိပ်ဆရာတော်က ပြောပြောဆိုဆိုပင် လက်ဝါးရိုက်ချက်နှစ်ချက် ရိုက်ထုတ်ပြန်သည်။

ရောက်ချူးရွှေ အစွမ်းကုန် ရှောင်၏။

သတိတချက် အလွတ်တွင် ချောက်ကမ်းပါးအောက်သို့ ပြုတ်ကျမတတ် ဖြစ်ခဲ့ရ၏။

သွေးရိပ်နတ်ဆိုးသည် ဩဇာအာဏာဂိုဏ်း၏ မိုးမြေနတ်ဆိုးဆယ့်ကိုးပါးထဲတွင် အလျှို့ဝှက်ဆုံးနှင့် သိုင်းပညာအထက်မြက်ဆုံး ဖြစ်သဖြင့် ရောက်ချူးရွှေ သေလုမျောပါးပင် ရင်ဆိုင်နေရသည်။

ရောက်ချူးရွှေသာ မဟုတ်၊ ကျိုချူးချောက်လန်သည်လည်း မိုးပျံဓားငါးလက်ကို အစွမ်းကုန် ရင်ဆိုင်နေရ၏။

တယောက်ချင်းဆိုလျှင် သိုင်းပညာ အဆင့်ချင်း တူနိုင်သော်လည်း ငါးယောက်တယောက် တိုက်လိုက်ရသောအခါ မည်သို့မျှ အသာစီးမရနိုင်။

စေ့စပ်ညီညာသော တိုက်ကွက်များကို ကြုံတွေ့ရပြန်သောအခါ အောက်စည်းသို့ လုံးလုံးလျားလျား ရောက်နေတော့၏။

သူ့အခြေအနေက မာကျင်ကျုံးနှင့် အို့ရန်စန်းယိတို့ထက်စာလျှင် တော်ပေသေးသည်။

မာကျင်ကျုံး၏ သိုင်းပညာက ခြသေ့်ထီးကို မမှီသော်လည်း သိပ်တော့ မကွာ။

အို့ရန်စန်းယိမှာမူ ကျားမကို မည်သို့မျှ မယှဉ်နိုင်။

အဆင့်ခြင်း ကွာလှမ်းလွန်းနေသည်။

တဖန် သူမမှာ ကိုယ်ဝန်ရှိနေသဖြင့် မာကျင်ကျုံးက ပြန်၍ အကာအကွယ် ပေးနေရပြန်ရာ မည်သို့မျှ မတတ်သာ။

အားလုံးအထဲတွင် ထန်ဖန်း၏ သိုင်းပညာက ပိုမြင့်သော်လည်း ဓားမြန်နတ်ဆိုး တုကျွဲနှင့် ရင်ဆိုင်ရာတွင် တုကျွဲ၏ဓားပိုက်ကွန်အတွင်းသို့ သူ့လက်နက်ပုန်းများက ထိုးမဖေါက်သာ။

ထက်ဝင်းရွှဲနှင့် ချူးနန်းကုတို့မှာ လူလိုင်းလုံးကြီးများကို အတင်းထိုးဖောက်နေရာ ကြာလာသောအခါ အင်အားကို မခံနိုင်တော့။

တိုက်စစ်ထက် ခံစစ်ကိုသာ အဓိက ထားနေရတော့သည်။

မည်သူက မည်မျှ အကျဉ်းအကျပ်ထဲတွင် ရင်ဆိုင်နေရ ရင်ဆိုင်နေရ အဓိကကျသည်မှာ ထန်ဖိန်နှင့် ချီဟန်စန်းတို့၏ တိုက်ပွဲပင် ဖြစ်ပေသည်။

ချီဟန်စန်း၏ဓားသည် ထန်ဖိန်ကို တရံမလပ် ချောက်ချားစေ၏။

ဓားကို မမြင်ရသော်လည်း လိုအပ်သည့်အချိန်တွင် အမြဲတမ်း ဓားရှည်က အလိုက်သင့် ထွက်လာတတ်သည်။

ကျန်းယိဟိုင် (ဟူစဲ့စက်) ၏ သွေးကြောဖမ်းချုပ်ကွက်ကို ခုခံတွန်းလှန်ရသဖြင့် အတွင်းအားများ မပြုန်းတီးခဲ့လျှင် ချီဟန်စန်း၏ သိုင်းပညာက သတ်၍မသေနိုင်သော နတ်နဂါးကြီး တကောင်ကဲ့သို့ပင် ရှိနေတော့သည်။

ရုတ်တရက် ချီဟန်စန်း၏ ဓားအလင်းရောင်တချက် လက်လာသည်။

ထန်ဖိန်မျက်နှာ သွေးဆုတ်ဖြူရော်သွားသည်။

ဆုံးဖြတ်ချိန်သို့ ရောက်ပြီ။

ချီဟန်စန်းကို သူမသတ်နိုင်လျှင် ချီဟန်စန်းက သူ့ကို သတ်ပေတော့မည်။

ထန်ဖန်းသည် တုကျွဲထံသို့ မိုးနှင်းမြူ လက်နက်ပုန်းဖြင့် ပစ်လွှတ်နေသည်။

တုကျွဲ၏ ဓားကွန်ခြာကို တဒင်္ဂတော့ အုပ်မိုးထားနိုင်ပေသည်။

ထန်ဖန်းသည် ထန်ဖိန်ဘက်သို့ လှည့်ကြည့်မိသည်။

ထန်ဖိန်၏ မျက်နှာ အမူအရာကို တွေ့ရလျှင် အကြီးအကျယ် ထိတ်လန့်သွားတော့သည်။

"မောင်လေးဖိန် ဒီလို မလုပ်နဲ့"

ထန်ဖန်း၏ အော်ဟစ်လိုက်သံက ချီဟန်စန်းအား သတိပေးလိုက်သလို ဖြစ်သွားသည်။

ထန်ဖိန်၏ ထူးခြားစွာ ပြောင်းလဲသွားသော မျက်နှာအမူအရာကြောင့် ဓားကို ပြန်ရုပ်သိမ်းသည်။

ဤတကြိမ် တိုက်ခိုက်မှုသည် ထန်ဖိန်၏ အကြီးမားဆုံးသော အပြင်းထန်ဆုံးသော တိုက်ခိုက်မှု ဖြစ်လိမ့်မည်ဟု သူတွေးမိသည်။

လေတချက်ကို အားပါးတရ ရှူသွင်းကာ အာရုံစိုက်လျက် အသင့်စောင့်ဆိုင်းနေတော့သည်။

ထန်ဖန်း၏ စကားသံမဆုံးခင်မှာပင် ထန်ဖိန် လှုပ်ရှားလာ၏။

သူ့လက်ထဲမှ အလင်းတန်းနှစ်တန်းက အပေါ်အောက်နှစ်ခုခွဲကာ ထိုးထွက်လာသည်။

ချီဟန်စန်းမျက်နှာ ကွက်ခနဲ ပျက်သွား၏။ အလင်းတန်းက တဖြည်းဖြည်း တောက်ပလာသည်။

တိုက်ခိုက်နေသူအားလုံးမှာ ထိုအလင်းတန်းကြောင့် ရုတ်တရက် လက်ရပ်တန့်မိကြသည်။

"သားအမိ ဝိဥာဉ်ခွဲမြား"

ဖိန်ကျုံ စိတ်မထိန်းနိုင်ဘဲ အမှတ်တမဲ့ အော်ဟစ်လိုက်၏။

ထိုသားအမိ ဝိဥာဉ်ခွဲမြား လက်နက်ပုန်းမှာ ထန်မျိုးဆက်မိသားစု၏ အထက်မြက်ဆုံးသော လက်နက်ပုန်းဟု ခေါ်နိုင်ပေသည်။

ထိုလက်နက်ပုန်းကို ပစ်ခတ်အသုံးပြုလျှင် ပစ်ခတ်သူ၏ ကိုယ်ခန္ဓာ အင်အားများ များစွာ ပြုန်းတီးသွားပေသည်။

အနည်းဆုံး နှစ်ပေါင်း သုံးဆယ်ကျော်ခန့် အတွင်းအား လေ့ကျင့်မှု ပြုခဲ့ပြီးသည့် အဆင့်မြင့်သိုင်းသမားမှ သာလျှင် ပစ်ခတ်နိုင်ပေသည်။

ယခုထန်ဖိန်က ပစ်ခတ်အသုံးပြုလာသည် ဆိုသောအခါ ချီဟန်စန်းမှာ အရိုးစိမ့်လောက်အောင် ချောက်ချားသွားတော့သည်။

ဤမျှ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ထက်မြက်သောလူတယောက်ကို စောစီးစွာ မသုတ်သင်နိုင်လျှင် နောင်တွင် အခက်ကြီး ခက်ရပေတော့မည်။

ထန်ဖိန်၏လက်ထဲမှ ပြင်းထန်သော အလင်းတန်းက စွပ်ခနဲ ပျံသန်းဝင်လာသည်။

အလင်းရောင်၏ စူးရှမှုက ချီဟန်စန်း၏ မျက်လုံးများကို ပြာဝေသွားစေသည်။

ဓားတချက် ကမန်းကတန်း ထိုးထုတ်လိုက်၏။

"ထန်း..."

လက်နက်ပုန်း လွင့်စဉ်သွားသည်။

ချီဟန်စန်းလက်ထဲမှ ဓားလည်း ထက်ပိုင်းကျိုးပြတ်သွားတော့၏။

တချိန်တည်းမှာပင် ထန်ဖိန်၏ လက်ထဲမှ အခြား အလင်းတန်းတခုက ထပ်၍ဖောင်းကားလာသည်။

အလင်းရောင်အားကလည်း ပို၍ပင် စူးရှတောက်လောင်လာပြီး ဟူးခနဲ ပျံသန်းသွား၏။

သားအမိဝိဥာဉ်ခွဲမြား၏ အဓိကအားအင် အမိမြား။

သားမြားက ထိမှန်ပြီး ရန်သူကို သတ်ဖြတ်နိုင်လျှင် အမိမြားကို ပစ်လွှတ်စရာမလိုတော့။

အမိမြားကို ပစ်လွှတ်ရာတွင် သားမြားကို ပစ်လွှတ်စဉ်က အသုံးပြုသည့်အားထက် အားအင်ဆယ်ဆခန့် ပိုကုန်ဆုံးသည်။

အမိမြား၏ အစွမ်းအစ အရှိန်အဟုန်ကလည်း သားမြားထက် ဆယ်ဆကျော် ပြင်းထန်လှပေသည်။

ချီဟန်စန်း၏ လက်ထဲတွင် ရုတ်တရက် ဓားခြောက်လက် ရောက်ရှိလာသည်။

လက်ချောင်းနှစ်ချောင်းစီတွင် ဓားတလက်စီကို ညှပ်ပြီး လက်ခွကြားတွင် ဓားတလက်စီကို ညှပ်၏။

လက်ဆယ်ချောင်းတွင် ဓားခြောက်ချောင်းက အံဝင်ခွင်ကျ ရှိနေသည်။

ထန်ဖိန်က အမိမြားကို ပစ်လွှတ်လိုက်သည်နှင့် ဓားခြောက်လက်ကို ပြိုင်တူတွန်းထုတ်လှုပ်ရှားလိုက်သည်။

"ထန်း...ထန်း...ထန်း"

"ထန်း...ထန်း...ထန်း"

ဓားခြောက်စင်းလုံး ထက်ပိုင်းကျိုးပြတ်ကုန်သည်။

ချီဟန်စန်း လက်ထဲမှလည်း အသီးသီး လွင့်စဉ်ထွက်သွား၏။

ချီဟန်စန်းကိုယ်တိုင်သည်လည်း လက်တဖက်က မျက်နှာကို အုပ်လျက် လက်တဖက်က ရင်ဘတ်ကို ဖိလျက် နောက်သို့ လွင့်ပျံထွက်သွားတော့သည်။

မြားအလင်းရောင်အောက်တွင် ဓားမြန်နတ်ဆိုး တုကျွဲ၏ ထိတ်လန့်တကြားမျက်နှာကြီး ထင်းခနဲ ပေါ်ထွက်လာသည်။

"ဓားဘုရင်"

တုကျွဲ အသံကုန် ဟစ်အော်လိုက်မိသည်။

သူ့အော်သံအဆုံးတွင် မြားအလင်းတန်းက ပျောက်ဆုံးသွားသည်။

အလင်းရောင်ရှိနေသော်လည်း လူအားလုံး၏ မျက်လုံးထဲတွင် တဒင်္ဂမျှ မှောင်အတိကျသွား၏။

ထန်ဖိန်၏ မျက်နှာမှာ သွေးမရှိတော့သလို ဆွတ်ဆွတ်ဖြူဖွေးလာသည်။

ခန္ဓာကိုယ်က အရက်မူးသမားတယောက်သဖွယ် ဒယီးဒယိုင် ဖြစ်လာသည်။

ထို့နောက် ကြိုးလျော့ချလိုက်သော ရုပ်သေးရုပ်ပမာ ပျော့ခွေကျလျက် နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာတော့သည်။

အတွင်းအား ကုန်ခမ်းသည့် သားအမိဝိဥာဉ်ခွဲမြား ထုတ်သုံးရခြင်းအတွက် သူရရှိလိုက်သော လက်ငင်းအကျိုးအမြတ်ပင်တည်း။

ချီဟန်စန်းကမူ လွင့်ပျံသွားရာမှ ခုန်ထလာခဲ့၏။

သူ့ဝမ်းဗိုက်တွင် သွေးကွက်ကြီးက စွန်းထင်းနေသည်။

လက်နက်ပုန်း တစွန်းတစ ထိမှန်သော်လည်း သူ့အတွက် ကြီးမားသော ဒဏ်ရာကား မဟုတ်။

သို့သော် သူ့လိုအထင်ကရ ဓားဘုရင်တယောက်ကို လူငယ်တယောက်က ထိခိုက်ဒဏ်ရာရအောင် တိုက်ခိုက်စေခဲ့ခြင်းက သူ့အသည်းပြင်ကို ပြင်းထန်စွာ ဒဏ်ရာရစေသည်။

ချီဟန်စန်း၏ မျက်နှာကား တင်းမာခက်ထန်လွန်းနေသည်။

ဒေါသအလင်းတန်းများ မျက်လုံးမှ ထွက်ပေါ်နေသည်မှာ ကြယ်ပြောင်ထက်ပင် စူးရှလှ၏။

ထိုအလင်းတန်းများထဲမှ သတ်ဖြတ်လိုသည့် အငွေ့အသက်များက တဟူးဟူး ထွက်နေသည်။

သူ့ခြေလှမ်းများက လဲကျနေသော ထန်ဖိန်ဆီသို့ တလှမ်းချင်း လှမ်းလာသည်။

ထန်ဖိန်မှာ အားအင်အကုန်လုံး ဖြုန်းတီးခဲ့ပြီမို့ မတ်မတ်ပင် မရပ်နိုင်တော့။

ချီဟန်စန်း၏ အငြိုးကြီးကြီး တိုက်ခိုက်မှုကို မည်သို့လျှင် ရှောင်တိမ်းနိုင်ပါမည်နည်း။

ကျန်လူအသီးသီးကလည်း ဘက်မညီလက်မမျှသော ရန်သူတော်ကြီးများနှင့် တိုက်ခိုက်နေရသဖြင့် သူ့ကို ကယ်တင်နိုင်မည် မဟုတ်။

ချီဟန်စန်းက ရက်စက်စွာ ပြုံးလိုက်သည်။

"မင်းဟာမင်း ထန်ဖိန်ပဲဖြစ်ဖြစ်၊ ဟန်စဲ့ဟိုင်ပဲဖြစ်ဖြစ်၊ မင်းကို ငါဒီနေ့ မသတ်ရရင် ငါ့နာမည် ဓားဘုရင် ချီဟန်စန်း မဟုတ်တော့ဘူး"

ပြောပြောဆိုဆိုပင် ချွမ်းခနဲ အသံတချက် ထွက်ပေါ်လာ၏။

ဓား...။

ဓားရှည်တလက်က ချီဟန်စန်း၏ လက်တွင်းသို့ အလိုလို ရောက်ရှိလာပြန်သည်။

ဓားကိုင်ပြီးသည်နှင့် ရှေ့သို့ တလှမ်းချင်း လျှောက်လှမ်းလာပြန်သည်။

သူ့ခြေလှမ်းတလှမ်း လှမ်းတိုင်း ထန်ဖိန်၏ ရင်ခုန်သံက ဒိန်းခနဲတချက် ထိုးဆောင့်လာသည်။

မရဏတမာန်တော်ကြီး လာချေပြီ။

ချီဟန်စန်း၏ ခြေလှမ်းက ထန်ဖိန်အနီးသို့ ရောက်ရှိလာပြီ။

လက်ထဲမှ ဓားရှည်ကလည်း အဆိပ်ရှိသော မြွေတကောင် လျှာထုတ်လိုက်သကဲ့သို့ပင် ထန်ဖိန်၏ ရင်ဝဆီ တန်းခနဲ တိုးဝင်သွားလေတော့သည်။

---

စာစဉ် (၃) ပြီး။

မြန်မာ့မျှားနတ်မောင်
COMMUNITY FORUMS

http://myanmarcupid.net



# ပန်းစကြာ ဓားသမား

## တက္ကသိုလ် ဝင်းကြွယ်

## Proudly Presented by



### MoeLayy

Member ID : 23657
Member Since : 04/11/2007

## PDF Makers



### Venus000006

Member ID : 4161
Member Since : 06/08/2006

Venus သိုင်းလောက၏ နတ်သမီး




### nchertz

Member ID : 22632
Member Since : 03/16/2007



# ပန်းစကြာ ဓားသမား

တက္ကသိုလ် ဝင်းကြွယ်